နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ကိုကြီးရွှေပါ ၂ (အယူခံတရားလိုများ) + ၁၉၆၆ ဒွေလိုင်လ ၂၈ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)

ရာဇသတ်ကြီး ပုဒ်မ ၃၀၄/၃၀၅ အရ ပြစ်မှု ထင်ရှား စီရင်ခြင်း-ရာဇဝတ်မှု တစ်ခုတွင် တရားခံတစ်ဦး အပေါ် အခင်းဖြစ်ပွားပြီးနောက် ချက်ချင်းစွပ်စွဲခြင်းမပြုခြင်း-အချိန်ကြာမြင့်ပြီးမှ စွပ်စွဲလာလျှင် ထိုစွပ်စွဲချက်မျိုးကို သာမန်အားဖြင့် လက်ခံရန် သင့်မသင့်- နစ်နာသူများသည် အမှုန်ကို ရုတ်တရက် ဖွင့်ပြောရန် ခဲယဉ်းသည့် အကြောင်း ရှိနေခြင်း-စွပ်စွဲရန် နောင့်နေးသည်ဆိုသော အကြောင်း ကြောင့် ၎င်းတို့၏ စွပ်စွဲချက်များအား မယုံကြည်ထိုက်ဟု ပယ်ချခြင်းပြုသင့်မပြုသင့်။

ဆုံးဖြတ်ချက် ။ ။ရာဇဝတ်မှုတစ်ခုတွင် တရားခံတစ်ဦးအပေါ် အခင်းဖြစ်ပွားပြီးနောက် ချက်ချင်းစွပ်စွဲခြင်း မပြုဘဲ၊ အချိန်အလွန်ကြာမြင့်ပြီးမှ စွပ်စွဲလာလျှင် ထိုစွပ်စွဲချက်မျိုးကို သာမန်အားဖြင့် လက်ခံရန် မသင့်ပေ။ နစ်နာသူများအနေနှင့် အကြောင်းထူးမရှိလျှင် ပြစ်မှုကျူးလွန်သူ၏ နာမည်ကို ထုတ်ဖော်တိုင်ကြားမည်ဆိုခြင်းမှာ သဘာဝပင် ဖြစ်သည်။ သို့ရာတွင် အကယ်၍ နစ်နာသူများသည်အမှုန်ကို ရုတ်တရက် ဖွင့်ပြောရန် ခဲယဉ်းသည့် အကြောင်းများ ရှိနေပါမူ။ စွပ်စွဲရန် နောင့်နေးသည်ဆိုသော အကြောင်းကြောင့် ၎င်းတို့၏ စွပ်စွဲချက်များအား မယုံကြည်ထိုက်ဟု ပယ်ချခြင်း မပြုသင့်ပေ။

အယူခံတရားလိုအတွက် ။ ။ မရှိ။

အယူခံတရားခံအတွက် ။ ။ အစိုးရရှေ့နေကြီး ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဖေ ။ ။အယူခံတရားလို မောင်ကြီးရွှေအပေါ် ရာဇသတ်ပုဒ်မခုဖြင့်အရ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်၊ အယူခံတရားလို မောင်အုန်းအပေါ် ရာဇသတ်ပုဒ်မ ၃၀၅ အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်စီ အသီးသီး ကျခံစေရန်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၂၂၄။

+ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၂၆ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့စွဲပါ သာယာဝတီမြို့ ဒုတိယအထူး (ရာဘာက်စက်ရှင်) တရားသူကြီး၏အမိန့်ကို အယူခံမှု။

အမိန့်ချမှတ်ခဲ့သော သာယာဝတီပြို့ ဒုတိယအထူး (ရာဘက်စက်ရုံ) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ၊ ၁၂ ရက်နေ့သည် ၉ နာရီခန့်အချိန်တွင် သာယာဝတီခရိုင် သစ်ပြုံပင်ရွာနေ မောင်အောင်ရိုန်သည် အိမ်နီးချင်း မောင်ခင် (လိုပြ-၅) နှင့်အတူ မိမိ၏ အိမ်ပေါ်၌ စကားပြောနေသေည်။ မောင်အောင်ရိုန်၏ သမီး မခင်အေး (လိုပြ-၃) သည် ၎င်းတို့အနီးတွင် ရှိသည်။ မောင်အောင်ရိုန်၏ ဇနီး မစောမြ (လိုပြ-၂) မှာ မောင်ခင်၏ သားငယ်ဖောနေ၍ သတင်းမေးသွားနေသည်။ ထိုစဉ် သေနတ်ကိုင် လူ ၃ ယောက်သည် မောင်အောင်ရိုန်၏ အိမ်ပေါ်သို့ တက်လာပြီး မောင်အောင်ရိုန်အား စစ်ပြေးအောင်ရွှေ ဖြစ်သလားဟုမေးရာ မဟုတ်ကြောင်း ပြောသော်လည်း မရဘဲ မောင်အောင်ရိုန်ကို ကြိုးနှင့်တုပ်ကာ လူကြီးအိမ်တွင် လိုက်ရှင်းပါဟု ပြော၍ ဖမ်းခေါ်သွားကြသည်။ ယင်းသို့ မောင်အောင်ရိုန် အား လက်နက်ကိုင်လူများက လာဖမ်းစဉ် အယူခံတရားလိုနှစ်ဦးသည် မောင်အောင်ရိုန်၏ အိမ်အောက်တွင် စောင့်နေကြပြီး မောင်အောင်ရိုန်အား ဖမ်းခေါ်သွားသည့် လူများနှင့်အတူ လိုက်ပါသွားကြသည်ကို မောင်ခင်၊ မစောမြနှင့် မခင်အေးတို့က တွေ့ မြင်လိုက်ရလေသည်။

ထို့နောက် မစောမြသည် လူကြီးတစ်ဦးဖြစ်သူ ဦးပေါ်ဦး (လိုပြ-၇) ထံသို့ သွားရောက်ပြီး မိမိ၏ လင်ယောကျ်ားကို လက်နက်ကိုင် လူ ၃ ဦးနှင့် အယူခံတရားလိုတို့က စစ်ပြေးအောင်ရွှေ မဟုတ်ကြောင်း ဖြေရှင်းရန် အယူခံတရားလို မောင်အုန်း အိမ်သို့ ခေါ်သွားကြောင်း တိုင်ပြောကာ ဦးပေါ်ဦးကို ရွာအနောက်ပိုင်းနေ မောင်အောင်ရိုန်၏ အစ်ကို မောင်အောင်ခ (လိုပြ-၆) အိမ်သို့ ခေါ်သွား၏။ ဦးပေါ်ဦးမှာ အသက်လည်း ကြီးပြီး မျက်စိလည်း မှုံသဖြင့် မောင်အောင်ခသည် အယူခံတရားလို မောင်အုန်း၏ အိမ်အထိ ခေါ်မသွားဘဲ ပြန်လွှတ်လိုက်သည်။

မောင်အောင်ခနှင့် မစောမြတို့သည် မောင်အောင်ရိုန်၏ အစ်မ မဝိုင်းစိန် (လိုပြ-၄) ထံသို့ အကျိုးအကြောင်း ပြောပြပြီးနောက် ၎င်းတို့ သုံးဦးသည် အယူခံတရားလို မောင်အုန်း၏ အိမ်သို့ သွားကြသည်။ အိမ်တွင် မောင်အုန်းကို မတွေ့ သဖြင့် မောင်အုန်း၏ ဇနီး မကျင် (ခံပြ-၉) အား မေးရာ ရဲဘော်များနှင့် မောင်အုန်း ထွက်သွားကြောင်း ပြောသည်ဟု အဆို ရှိသည်။ ထို့ကြောင့် မစောမြနှင့် မဝိုင်းစိန်တို့သည် မစောမြအိမ်ဘက်သို့ လည်းကောင်း၊ မောင်အောင်ခက ရွာအနောက်ဘက်သို့ လည်းကောင်း ထွက်လာကြရာ ရွာအရှေ့ဘက်ထိပ်မှ လူတစ်ယောက်က လက်နှိပ်ဓာတ်မီးထိုး၍ မောင်အောင်ရိုန်ကို ရွှေ အစိတ်သား။ ငွေ ၁,၅၀၀/-နှင့် လာရွေးရန် အော်ပြောပြီး သေနတ်တစ်ချက် ဖောက်လေသည်။

ထို့ကြောင့် မစောမြနှင့် ဦးခွေးကြီးတို့က တစ်ကြိမ်၊ မဝိုင်းစိန်နှင့် ဦးခွေးကြီးတို့က သုံးကြိမ်တိုင်တိုင် ရွှေထည်ပစ္စည်း အမျိုးမျိုးနှင့် ငွေများကို လူဆိုးများရှိရာ ရွာပြင် ပြည်တော်သာလမ်းအနီးသို့ သွားရောက်၍ ပေးရလေသည်။ ယင်းသို့ သွားပေးသော အခါငွေနှင့်ပစ္စည်းများကိုလက်ခံသည့် လူဆိုးများအနက်၊ အယူခံတရားလို မောင်ကြီးရွှေကို အကြိမ်တိုင်း၌ တွေ့ မြင်ခဲ့ရကြောင်း။ မစောမြနှင့် မဝိုင်းစိန်တို့က စွပ်စွဲသွားလေသည်။

လူဆိုးများသည် ရွှေငွေများကို လက်ခံလိုက်သော်လည်း မောင်အောင်ရိန်ကို ပြန်မလွှတ်သဖြင့် မောင်အောင်ခသည် ရွာသားများကို စုရုံး၍ လိုက်လံရှာဖွေကြရာ၊ ပြည်တော်သာလမ်းဘေးတွင် မောင်အောင်ရိန်အား ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရလေသည်။ အလောင်းတွေ့သည့်ညက အယူခံတရားလို မောင်အုန်းမှာ ရွာ၌ မရှိသဖြင့် ရွာသားများသည် မောင်အောင်ရိန်၏ အလောင်းကို မသွေးရဲကြဘဲ စောင့်နေကြ၏။ အယူခံတရားလို မောင်အုန်းမှာ သစ်ဖြူပင်ရွာသူကြီးပင် ဖြစ်လေသည်။ နံနက်မိုးလင်းမှ အယူခံတရားလို မောင်အုန်းရောက်လာပြီး၊ အလောင်းကို ရဲစခန်းသို့ ပို့ကာ ၎င်းကပင် ရဲစခန်း၌ ပဋိညာဉ်ချက်ကို တိုင်တန်းခဲ့လေသည်။

မောင်အောင်ရိန်၏ အလောင်းကို ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍ ဆရာဝန်ဒေါ်ခင်ခင်ကလေး (လိုပြ-၉)က စစ်ဆေးကြည့်ရှုရာ၊ ဦးခေါင်းတွင် ဓားခုတ်ဒဏ်ရာ ၂ ချက်၊ လက်ဝဲဘက်မျက်နှာတွင် တစ်ချက်၊ လက်ဝဲဘက်လည်ပင်းတွင် တစ်ချက်၊ လက်ဝဲပခုံးတွင်တစ်ချက်၊ လက်ဝဲနှင့် လက်ယာရင်ဘတ်တို့တွင် တစ်ချက်စီ၊ လက်ယာဘက်ခါးတွင် တစ်ချက်၊ လက်ယာဘက်ဒူးတွင် တစ်ချက်၊ ပေါင်းဒဏ်ရာ ၉ ချက်တွေ့ရ၏။ လည်ပင်းတွင် ရရှိသောဒဏ်ရာကြောင့် လည်ပင်းပြတ်လုမတတ် ဖြစ်နေသည်ကို တွေ့ရှိသည်။ ထိုဒဏ်ရာမှာ မုချသေစေမည့်ဒဏ်ရာဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက် ပေးသွားသည်။

မူလာက မောင်အုန်းသည် သက်သေတစ်ယောက် ဖြစ်သော်လည်း၊ မစောမြက ရုံးတွင် အစစ်ခံစဉ်၊ ၎င်း၏ ယောကျ်ား အား ပြန်ပေးဆွဲရာ၌ မောင်အုန်းလည်း ပါကြောင်း စွပ်စွဲသဖြင့် မောင်အုန်းကိုပါ တရားခံအဖြစ် ထည့်သွင်းခဲ့လေသည်။

အထက်ပါ သက်သေအထောက်အထားများအရ ၊အယူခံတရားလိုတို့အပေါ် မောင်အောင်ရိန် သေဆုံးရခြင်းနှင့် ပတ်သက်၍ အရေးယူရာ အယူခံတရားလို မောင်အုန်းက ၎င်းသည် အခင်းဖြစ်သည့် ညက အိမ်၌ ရှိနေစဉ်၊ အိမ်ရှေ့မှ ဆဲဆိုသံများ ကြားရပြီးနောက် အိမ်ထဲသို့ လက်နှိပ်ဓာတ်မီးထိုးကာ ဝင်လာသော လူများကို တွေ့ရသဖြင့် အိမ်နောက်ဘေးမှ ထွက်ပြေးပြီး၊ ထန်းတစ်ပင်ရွာသူကြီး ဦးထွန်းတင် (ခံပြ-၁၀) ၏ အိမ်တွင် သွားအိပ်နေကြောင်း နံနက်ကျမှ ပြန်လာရာ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် မောင်အောင်ရိန်၏ အလောင်းကို တွေ့ရကြောင်း ထုချေသည်။ အယူခံတရားလို

မောင်ကြီးရွှေ ကမ္ဘ အခင်းဖြစ်ပွားစဉ် အချိန်က ၎င်းသည်မောင်ခင်မောင် (ခံပြ-၃) အိမ်၌ ရှိနေကြောင်း၊ လူသံစဲ၍ မောင်ခင်မောင်နှင့်အတူ အယူခံတရားလို မောင်အုန်းအိမ်သို့ သွားရောက်စုံစမ်းရာ မောင်အုန်း၏ ဇနီးမကျင်က လူဆိုးများလာ၍မောင်အုန်း ထွက်ပြေးသွားပြီ ဟု ပြောကြောင်းထုချေ၏။ သို့ရာတွင် ပညာရှိအောက်ရုံး တရားသူကြီးသည် ၎င်းတို့ထုချေချက်များကို လက်မခံဘဲ ပယ်ချကာ၊အထက်၌ ဖော်ပြခဲ့ သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။

ယခုအမှုတွင် မောင်အောင်ရိန်အား စစ်ပြေးအောင်ရွှေ ဟုတ်-မဟုတ် စစ်ဆေးရန် ရှိသည်ဟု အကြောင်းပြကာ၊ ပြန်ပေးဆွဲသွားသည့် လူဆိုးများတွင် အယူခံတရားလိုတို့ ပါသည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ အဓိက သက်သေများ ဖြစ်ကြသည့် မစောမြ၊ မခင်အေးနှင့် မောင်ခင်တို့သည် အခင်းဖြစ်ပွား ပြီးနောက်၊ ရဲကစစ်ဆေးသောအခါ ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ကြပေ။ ရဲကသုံးကြိမ်ခန့် စစ်ဆေးတော့မှ အယူခံတရားလို မောင်ကြီးရွှေအပေါ် စွပ်စွဲကြသဖြင့် မောင်ကြီးရွှေကို ရုံးတင်တရားစွဲသောအခါ၊ အယူခံတရားလို မောင်အုန်းအပေါ် ထပ်မံ စွပ်စွဲခဲ့ခြင်း ဖြစ်ပေသည်။

ရာဇဝတ်မူတစ်ခုတွင် တရားခံတစ်ဦးအပေါ် အခင်းဖြစ်ပွားပြီးနောက် ချက်ချင်းစွပ်စွဲခြင်းမပြုဘဲ ၊အချိန်အလွန်ကြာမြင့်ပြီးမှ စွပ်စွဲလာလျှင် ထိုစွပ်စွဲချက်မျိုးကို သာမန်အားဖြင့် လက်ခံရန် မသင့်ပေ။ နစ်နာသူများအနေဖြင့် အကြောင်းထူးမရှိလျှင် ပြစ်မှုကျူးလွန်သူ၏ နာမည်ကို ထုတ်ဖော်တိုင်ကြားမည်ဆိုခြင်းမှာ သဘာဝပင် ဖြစ်သည်။ သို့ရာတွင် အကယ်၍ နစ်နာသူများသည် အမှန်ကို ရုတ်တရက် ဖွင့်ပြောရန် ခဲယဉ်းသည့် အကြောင်းများ ရှိနေပါမူ စွပ်စွဲရန် နောင့်နေးသည်ဆိုသော အကြောင်း ကြောင့် ၎င်းတို့၏ စွပ်စွဲချက်များအား မယုံကြည်ထိုက်ဟု ပယ်ချခြင်းမပြုသင့်ပေ။

ယခုအမှုတွင် အယူခံတရားလို မောင်အုန်းသည် ရွာသူကြီးတစ်ယောက် ဖြစ်၍ ၊ရွာ၌ သြဇာအာဏာရှိသည်ဆိုခြင်းမှာ မငြင်းနိုင်၊ တစ်ကြိမ်က မောင်အောင်ရိန်၏ အစ်ကိုမောင်အောင်ခအားသတ်မှုဖြင့် အယူခံတရားလို မောင်အုန်းအား ရုံးတင် တရားစွဲဆိုရာ အပြစ်မကျသဖြင့်၊ မောင်အောင်ရိန်၏ မိခင်က နောက်ရန်ကို ကြောက်၍ နာမည်မဖော်ရန် တားမြစ်ခဲ့သည်။ သို့ဖြစ်ရာ အယူခံတရားလိုအပေါ် ရဲထံ၌ မစွပ်စွဲရဲဘဲ၊ ရုံးရောက်မှ ထုတ်ဖော်တိုင်တန်းပြောဆိုံသည်ဆိုသော မစောမြ၊ မောင်ခင်၊ မဝိုင်းစိန်နှင့် မောင်အောင်ခတို့၏ ရှင်းလင်းချက်များမှာ ယုတ္တိမရှိဟု မဆိုနိုင်ချေ။ ထို့ကြောင့် ၎င်းတို့၏ စွပ်စွဲခဲ့ချက်များသည် နောင့်နေးသည့် စွပ်စွဲချက်များ ဖြစ်ငြားသော်လည်း လက်မခံနိုင်စရာ အကြောင်းမရှိချေ။ ထို့ပြင် ပညာရှိ အောက်ရုံးတရားသူကြီး ဝေဖန်ထားသည့် အတိုင်း သေသူ မောင်အောင်ရိန်တွင် ဇနီး၊ အစ်ကို၊ အစ်မများ ရှိပါလျက် ၎င်း တို့အား တိုင်ချက် မပေး စေဘဲ၊ အယူခံ တရားလို မောင်အုန်း ကသာ

တိုင်ချက်ပေးခဲ့သည်ကို ထောက်ရှုလျှင် ၎င်းသည် မည်မျှ ပါးနပ်လည်ပတ်သည်ကို ခန့်မှန်းနိုင်ပေသည်။ ဦးပေါ်ဦး (လိုပြ-၇) က မစောမြသည် အခင်းဖြစ်ပွားပြီးနောက် ချက်ချင်းပင် ရောက်လာပြီး မောင်အောင်ရှိန်ကို အယူခံတရားလိုတို့နှင့် အခြားလူ ၃ ယောက်က စစ်ပြေးအောင်ရွေ ဟုတ်မဟုတ် စစ်ဆေးရန် ခေါ်သွားကြောင်း တိုင်ပြောခဲ့ကြောင်း ထွက်ဆိုချက်လည်း ရှိနေသည်။ ထိုသက်သေမှာ အယူခံတရားလိုတို့အပေါ် မဟုတ်မတရား ထွက်ဆိုရန် အကြောင်းမရှိသဖြင့်၊ ၎င်း၏ ထွက်ချက်ကို လက်ခံရပေမည်။ ဦးပေါ်ဦး၏ ထွက်ချက်ကို လက်ခံလျှင် မစောမြ၊ မောင်ခင်၊ မောင်အောင်ခနှင့် မဝိုင်းစိန်တို့၏ ထွက်ဆိုချက်များမှာ နောက်မှ လုပ်ကြံပြောဆိုသည့် ထွက်ချက်များ မဟုတ်ကြောင်း ပေါ်လွင်သည်။

အထက်ပါ အကြောင်းရပ်များကြောင့် အယူခံတရားလိုတို့သည် မောင်အောင်ရှိန်အား ပြန်ပေးဆွဲရာတွင် ပါဝင်ခဲ့သည် ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်ဟု အဆုံးအဖြတ် ပြုရပေမည်။ ၎င်းတို့အပေါ် ချမှတ်ထားသော ပြစ်ဒဏ်များမှာလည်း ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးသည်ဟု မဆိုနိုင်၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ကိုကြွယ် ပါ၂ (ပြင်ဆင်ရန် လျှောက်ထားသူများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးဖူးညို) (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

+ ၁၉၆၆

ဇူလိုင်လ ၂၉ရက်၊

ရာဇသတ်ကြီး ပုဒ်မ ၄၄၈ အရ မူပြစ်ထင်ရှား စီရင်ခြင်း--- လူနေအိမ်ကို ဝင်ရောက်ရာ၌ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှုသာအိမ်ကျော်နင်းမှု ကျူးလွန်ခြင်း--- ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် ငြိုငြင်စေရန်အကြံဖြင့် ဝင်ရောက်ခြင်းကိုဆိုခြင်း--- ပစ္စည်းပေါ်သို့ တရားဝင်ဖြင့်ဝင်ရောက်ပြီးနောက် လက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် ငြိုငြင်စေရန်အကြံဖြင့်ဆက်လက်နေထိုင်ခြင်းကို ဆိုခြင်း--- ပိုင်ဆိုင်ခွင့်ကို ထည့်သွင်း စဉ်းစားရန် လိုမလို။

ဆုံးဖြတ်ချက် ။ ။တရားခံတစ်ဦးသည် လူနေအိမ်ကို ဝင်ရောက်ရာ၌ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှုသာ အိမ်ကျော်နင်းမှု ကျူးလွန်သည်ဟု ဆိုရမည် ဖြစ်သည်။ ရာဇဝတ်မကင်းသော ကျော်နင်းမှုဆိုသည်မှာ ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် ငြိုငြင်စေရန် အကြံဖြင့် ဝင်ရောက်ခြင်း ဖြစ်သည်။ သို့တည်းမဟုတ် ပစ္စည်းပေါ်သို့တရားသဖြင့်ဝင်ရောက်ပြီး နောက်ကိုပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် ငြိုငြင်စေရန် အကြံဖြင့်ဆက်လက်နေထိုင်ခြင်းသာ ဖြစ်သည်။ အဓိက အရေးကြီးသည့်အချက်မှာ ပစ္စည်းအား လက်ရှိဖြစ်သူကို အဆိုပါ အကြံတစ်ခုခုဖြင့် နောင့်ယှက်ရန် ဝင်ရောက်ခြင်း ဖြစ်ပေသည်။ ယင်းအမှုများ၌ ပိုင်ဆိုင်ခွင့်ကို ထည့်သွင်းစဉ်းစားရန် မလိုချေ။

တုတ်ကြီးနှင့် နိုင်ငံတော် ။ ။အတွဲ ဂ၊ အောက်မြန်မာပြည်စီရင်ထုံး။ **ကိုသန်းမောင်နှင့် ပြည်ထောင်စု** ၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၈၃ ရည်ညွှန်းသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၁ (ခ)။

\+ ၁၉၆၅ ခုနှစ်၊ ရာဇသတ်ကြီးမူအမှတ် ၁၃၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ၊ ၁၁ ရက်နေ့စွဲပါ ညောင်လေးပင်မြို့ တွဲဘက်မြို့မှ တရားသူကြီး၏ အမိန့်ကို အယူခံမှု။

မြင်ဆင်ရန် လျှောက်ထားသူအတွက် ။ ။

မြင်ဆင်ရန် လျှောက်ထားခံရသူအတွက် ။ ။ အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးသက်ဖေ ။ ။လျှောက်ထားသူ ကိုကြွယ်နှင့် မစိန်ကြည်တို့အပေါ် ရာဇသတ်ပုဒ်မ ၄၄၀ အိမ်ကျော်နင်းမှုအရ ဒဏ်ငွေ ၃၀ ကျပ် ပေးဆောင်ရန်နှင့် မဆောင်ပါက အလုပ်နှင့် ထောင်ဒဏ်တစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ပဲခူးခရိုင်၊ ညောင်လေးပင်မြို့ တွဲဖက်မြို့မရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၅ အရ ဤရုံးမှ စိစစ်သောအမှု ဖြစ်သည်။

ညောင်လေးပင်မြို့ ချမ်းမြသာစည်ရပ်နေ ဦးဖူးညိုက ၎င်းသည် မန္တလေးရှိ အိမ်တစ်ဆောင်ကို ဦးထွန်းစိန်နှင့် နှမ ဒေါ်သိန်းတင်တို့ထံမှ အဘိုးငွေ ၁,၁၀၀ ကျပ်ဖြင့် ၁၉၆၃ ခု၊ ဇူလိုင်လ၊ ၁၁ ရက်နေ့တွင် ဝယ်ယူခဲ့ကြောင်း။ ထိုနေ့ဦးပင် လျှောက်ထားသူတို့၏ လင်မယားအား အိမ်ကို အစောင့်အဖြစ် နေထိုင်ရန် ခွင့်ပြုခဲ့ကြောင်း။ ၁၃၂၇ ခုနှစ်၊ တန်ခူးလ (၁၉၆၅ ခုနှစ်၊ ဧပြီလ) အတွင်းက ထိုအိမ်ကို ပြန်လိုချ် ဖယ်ပေးရန် ပြောသောအခါ လျှောက်ထားသူများသည် ထွက်ခွာပေးရန် ငြင်းဆိုကြပြီး ၄၄၀ ကျပ်ပေးမှ ထွက်ခွာမည်ဟုပြော၍ စိတ်ဖြိုခြင်စေကြောင်း ဦးတိုက်လျှောက်ထားခဲ့၏။ လျှောက်ထားသူတို့က အခင်းဖြစ်အိမ်ကို လျှောက်ထားသူ ကိုကြွယ်၏အစ်ကို ဦးထွန်းစိန်က ကိုအောင်စိန်ဆိုသူထံမှ ဝယ်ပြီး မိမိတို့အား ပေးထားသဖြင့် မိမိတို့သည် အိမ်ပိုင်ရှင်အဖြစ် နေထိုင်လျက်ရှိကြောင်း။ အိမ်စောင့်အဖြစ် နေထိုင်ရန် ဦးဖူးညိုက ခွင့်ပြုထားသည်မှာ မဟုတ်ကြောင်း ထုချေကြ၏။ ပညာရှိတွဲတက် မြို့မ ရာဇဝတ်တရားသူကြီးသည် သက်သေများကို စစ်ဆေးပြီးနောက် ဦးတိုက်လျှောက်ထားသူ ဦးဖူးညို၏ စွပ်စွဲချက်ကို လက်ခံကာ လျှောက်ထားသူတို့သည် အိမ်ကျော်နင်းမှု ကျူးလွန်ခဲ့သည်ဟု ကောက်ယူ၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

ပညာရှိ အောက်ရုံးတရားသူကြီးသည် ရာဇသတ်ပုဒ်မ ၄၄၂ တွင် ပြဋ္ဌာန်းထားသည့် အိမ်ကျော်နင်းမှု အဓိပ္ပာယ်ကို ကောင်းစွာ သဘောပေါက်နားလည်ဟန် မတူပေ။ တရားခံတစ်ဦးသည် လူနေအိမ်ကို ဝင်ရောက်ရာ၌ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှသာ အိမ်ကျော်နင်းမှု ကျူးလွန်သည် ဆိုရမည် ဖြစ်သည်။ ရာဇဝတ်မကင်းသော ကျော်နင်းမှုဆိုသည်မှာ ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့်ရန် စော်ကားရန် သို့မဟုတ်ငြိုငြင်စေရန် အကြံဖြင့် ဝင်ရောက်ခြင်း ဖြစ်သည်။ သို့တည်း မဟုတ်ပစ္စည်း ပေါ်သို့ တရားသဖြင့် ဝင်ရောက် ပြီးနောက် ထိုပစ္စည်း အားလက်ရှိ

၁၉၆၆

ကိုကြွေယ် ပါ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးဖူးညို)။

ဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် ငြိုငြင်စေရန် အကြံဖြင့် ဆက်လက် နေထိုင်ခြင်းသာဖြစ်သည်။ အဓိက အရေးကြီးသည့် အချက်မှာ ပစ္စည်းအား လက်ရှိ ဖြစ်သူကို အဆိုပါ အကြံတခုခုဖြင့် နှောက်ယှက်ရန် ဝင်ရောက်ခြင်း ဖြစ်ပေသည်။ ယင်းအမှုများ၌ ပိုင်ဆိုင်ခွင့်ကို ထည့်သွင်း စဉ်းစားရန် မလိုပေ။ **တုတ်ကြီးနှင့် နိုင်ငံတော်** (၁)။ **ကိုသန်းမောင်နှင့် ပြည်ထောင်စု** (၂)။

ယခုအမှုတွင် ဦးတိုက်လျှောက်ထားသူ ဦးဖူးညိုသည်၊ အခင်းဖြစ်အိမ်ကို လက်ရှိ မဟုတ်ချေ။ လက်ရှိဖြစ်သူများမှာ လျှောက်ထားသူများသာ ဖြစ်သည်။ ဦးဖူးညို သည် ထိုအိမ်ကို မည်သည့်အခါကမှ လက်ရှိရခဲ့ဟန် မတူချေ။ အကယ်၍ လက်ရှိ ရခဲ့ပြီးနောက် လျှောက်ထားသူတို့အား နေထိုင်ခွင့် ပြုခဲ့သည်ဟု ဆိုစေကာမူ၊ အိမ်မှ ဖယ်ပေးရန် တောင်းဆိုသော အချိန်၌၊ လျှောက်ထားသူတို့သာလျှင် လက်ရှိဖြစ်သည်။ ဦးဖူးညိုမှာ လက်ရှိမဟုတ်ပေ။ သို့ဖြစ်ရာ အိမ်ပေါ်မှ ဆင်းပေးရန် ငြင်းဆန်နေသည့် လျှောက်ထားသူတို့၏ ပြုမူချက်သည်၊ အိမ်ကျော်နင်းမှု ဖြစ်သည်ဟု မဆိုနိုင်ပေ။ အခြား ရာဇဝတ်မှုလည်း မမြောက်ချေ။ တရားမကြောင်းဖြင့်သာ အိမ်မှ နှင်ထုတ်လို မှု စွဲဆိုရမည်ဖြစ်သည်။ ယင်းသို့ တရားမကြောင်းဖြင့် တရားစွဲဆိုရမည့် ကိစ္စမျိုး၌၊ တရားစရိတ် အကုန်အကျ သက်သာစေအောင် ဖြတ်လမ်းလိုက်၍ ရာဇဝတ်ကြောင်း ဖြင့် တရားစွဲဆိုခြင်းမျိုးကို အားမပေးသင့်ပေ။ ရာဇဝတ် တရားသူကြီးတိုင်း အထူး သတိချပ်ရမည့် ကိစ္စတရပ် ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့် ညောင်လေးပင်မြို့၊ တွဲဘက် မြို့မ ရာဇဝတ် တရားသူကြီး၏ အမိန့်စီရင်ချက်ကို ပယ်ဖျက်ကာ၊ လျှောက်ထားသူတို့အား ဤအမှုနှင့် ပတ်သက်၍ တရားသေလွှတ်လိုက်သည်။ ပေးဆောင်ပြီးသည့် ဒဏ်ငွေများကိုငင်းတို့ အား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) အတွဲ (၈) အောက်မြန်မာပြည် စီရင်ထုံး ။

(၂) ၁၉၅၄ ခုနှစ် ၊ မြန်မာပြည် စီရင်ထုံး ၊ စာ ၂၈၃ ။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပထမအယူခံမှု

တရားသူကြီး ဦးထွန်းတင်ရှေ့တွင်

ကိုသိန်း ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးသိန်းပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၆ ဩဂုတ်လ ၁၂ ရက်။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၃၉ နှင့် ၄၂ မျှားအရတရားစွဲဆိုမှု—တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇ အရမူလအဆိုလွှာကိုပြင်ဆင်ခွင့်ပြုရန် လျှောက်ထားခြင်း—မူလအမှုကို စွဲဆိုရာတွင် တောင်းဆိုသည့် သက်သာခွင့်များနှင့် ပြင်ဆင်လွှာတွင် တောင်းဆိုသည့်သက်သာခွင့်များ ခြားနားနေခြင်း—ပစ္စည်းလွဲပြောင်းရေး ဥပဒေပုဒ်မ ၅၈ (၈) အရ ပြင်ဆင်သည့် အဆိုလွှာတွင် တောင်းဆိုသည့်သက်သာခွင့်ကို ရရှိနိုင်ရန် ဥပဒေက တားမြစ်ထားခြင်းရှိမရှိ—တရားမကျင့်ထုံးအမိန့် ၆၊နည်းဥပဒေ ၁၇ အရပြင်ဆင်ရန်လိုအပ်သည့် အချက်ဖြစ်သည်ဟု ယူဆနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ပြင်ဆင်လိုသည့် အဆိုလွှာအရ တရားလိုဖြစ်သူ အယူခံတရားလိုများက မူလအမှုစွဲဆိုရာတွင် တောင်းဆိုခဲ့သည့် သက်သာခွင့်များနှင့် ပြင်ဆင်လွှာတွင် တောင်းဆိုသည့် သက်သာခွင့်များမှာ ခြားနားနေကြောင်းမှာ ထင်ရှားပေသည်။ ပြင်ဆင်လိုသည့် အဆိုလွှာအရ တရားလိုဖြစ်သူ အယူခံတရားလိုများက သက်သေခံ အမှတ် (က) စာချုပ်မှာ အပေါင် စာချုပ်သာဖြစ်သည်ဟု မြွက်ဖော်ပေးရန် တောင်းဆိုခဲ့သော်လည်း ၎င်းစာချုပ်တွင် အယူခံတရားခံများက ၃ နှစ်အတွင်း ငွေရင်း ၄,၀၀၀ကို ပြန်ဆပ်လျှင် အယူခံတရားလိုတို့သို့ ပစ္စည်းများကိုပြန်လွှဲပေးပါမည်ဟု ပဋိညာဉ်ပြုလုပ်ခြင်းကိုတပါတည်း သက်သေခံအမှတ် (က)စာချုပ်တွင် ရေးသွင်းထားခြင်းမရှိဘဲ သီးခြားစာချုပ်တခု သက်သေခံအမှတ် (ဂ)အရ ချုပ်ဆိုပေးခဲ့ရကား၊ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၅၈ (၈) အရ တရားလိုများသည် ပြင်ဆင်သည့်အဆိုလွှာတွင် တောင်းဆိုသည့် သက်သာခွင့်ကိုမည်သို့မျှရနိုင်ရန်မရှိကြောင်း ဥပဒေကတားမြစ်ထားသည်။ သို့ဖြစ်ရကား၊ တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇ အရပြင်ဆင်ရန်လိုအပ်သည့်အချက်ဖြစ်သည်ဟု မယူဆနိုင်။**

ဇော်ကျင်ပု နှင့် ဦးအုန်းခင် ပါ ၁၊ ၁၉၆၃ ခု၊ ဘီ၊ အယ်၊ အာ(ရှ်)၊ စာ ၃၂၀။ တိုရပ်အလီ နှင့် မဟာမက်အယ္ဘတ် ပါ ၁၊ ၁၉၅၀ ခု၊ ဘီ၊ အယ်၊ အာ(ရှ်)၊ စာ ၃၆၁ ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊တရားမ ပထမ အယူခံမှုအမှတ် ၂၂။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် ၁၉၆၅ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့စွဲပါ၊ ဆာယာဝတီမြို့၊ ရာဘက်ခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

အယူခံတရားလိုများအတွက် ။ ။ ဦးမောင်။

အယူခံတရားခံများအတွက် ။ ။ ဦးမောင်မောင်ခင်။

ကိုသိန်း ပါ၂ နှင့် ဦးသိန်း ပါ၂။

တရားသူကြီး ဦးထွန်းတင် ။ ။ယခုအမှုတွင် အယူခံတရားလိုဖြစ်သူ ကိုသိန်း၊ မစိန်ဥတို့ကဘဂဖခုနှစ်၊ဇန်နဝါရီလ၊၁၉ ရက်နေ့စွဲပါလျှောက်လွှာကျမ်းကျိန်ချက်နှင့် ပူးတွဲတင်သွင်းသည့် ပြင်ဆင်ထားသော အဆိုလွှာအရ ယခုအမှုမှ မူလအဆိုလွှာကို ပြင်ဆင်ခွင့်ပြုပါရန် တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇ အရ လျှောက်ထားခဲ့လေသည်။

ယခုအယူခံမူပေါ်ပေါက်လာသည့် အမှုမှာ သာယာဝတီမြို့ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံး၁၉၆၃ ခုနှစ်၊ တရားမမူအမှတ်၅ ဖြစ်လေသည်။ ထိုအမှုတွင် တရားလိုဖြစ်သူ အယူခံတရားလိုများကတရားခံများဖြစ်သူ အယူခံတရားခံတို့အား သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၂ များအရ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

အကြောင်းခြင်းရာအတိုချုပ်မှာ အယူခံတရားလိုများက ၁၉၅၆ ခုနှစ်လောက်က အယူခံတရားခံများထံမှ ငွေ ၂,၀၀၀ ကျပ်ကို စပါးပေးအဖြစ် ချေးယူခဲ့ရာ စပါးပေါ်ခြိုန်တွင် မပေးဆပ်နိုင်သဖြင့် ၁၉၅၇ ခုနှစ်၊ ဇွန်လ၊ ၂၁ ရက်နေ့ စာရင်းရှင်းသောအခါ တိုးရင်းငွေပေါင်း ၄,၀၀၀ ကျပ် ပေးဆပ်ရန်ရှိကြောင်း တွေ့ရှိရသည်။ ထိုငွေ ၄,၀၀၀ ကျပ်အတွက် အယူခံတရားလိုများက ၎င်းတို့ပိုင်မြေကွက်တစ်ဝက်နှင့် အိမ်တစ်ဝက်ကို အယူခံတရားခံတို့သို့ သက်သေခံအမှတ် (က) မှတ်ပုံတင်စာချုပ်အရ ဟန်ဆောင်အပိုင် စာချုပ်ပြုလုပ်ပေးခဲ့ရကြောင်း။ ထိုနေ့တွင်ပင် အယူခံတရားခံများက ၎င်းပစ္စည်းများကို ၃ နှစ်အတွင်း ငွေရင်း ၄,၀၀၀ ကျပ်ပြန်ဆပ်ပါက အယူခံတရားလိုများသို့ ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သက်သေခံအမှတ် (ဂ) ပဋိညာဉ်စာချုပ်ကို ချုပ်ပေးခဲ့သည်ဆိုကြောင်း။ အယူခံတရားလိုများက သက်သေခံအမှတ် (က) စာချုပ်မှာ ဟန်ဆောင်စာချုပ် ဖြစ်သဖြင့် ထိုစာချုပ်မှ ပယ်ဖျက်ကြောင်း မြွက်ဆိုချက် ဒီကရီချမှတ်ပေးရန်နှင့် အယူခံတရားလိုများက ငွေ၄၀၀၀ကျပ်ကိုဘဝဝကျပ်လျှင် တလ ၁ ကျပ်တိုးနှုန်းနှင့် အတိုးကျန်ငွေ ၁၂၀၀ကျပ်ကိုပါ မြီစားဖြစ်သူ အယူခံတရားခံတို့သို့ ပေးဆပ်ခြင်းကို လက်ခံစေရန် မြွက်ဆိုချက် ဒီကရီများ ချမှတ်ပေးရန် လျှောက်ထားစွဲဆိုခဲ့သည်။

ယခုအယူခံတရားလိုများက ပြင်ဆင်လိုသည့် အဆိုလွှာအရမှာ မူလအဆိုလွှာ၏ အပိုဒ် ၁၀ နှင့် ၁၁ တို့ကို အနည်းငယ် ပြင်ဆင်ထားရာ ထိုပြင်ဆင်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

အပိုဒ် ၁၀ တွင် ၄,၀၀၀ ကျပ်တန် စာချုပ်တွင် အပေါင်စာချုပ် ဖြစ်သည်ဟု မြွက်ဖော်ပေးစေလိုကြောင်း ဒီဂရီ ရလိုမှု ဖြစ်ပြီး အပေါင်ရွေးနှတ်ရာတွင် အရင်း ၄,၀၀၀ ကျပ်နှင့် အတိုးသင့်ငွေ ၁,၂၀၀ ကျပ်တို့ကို အယူခံတရားလိုတို့က ပေးဆပ်ပါက အယူခံတရားခံက အပေါင်ရွေးနှတ်ခွင့် ပြုစေရန် ဒီကရီတောင်းဆိုကြောင်း ပြဆိုပြီး သက်သာခွင့်များအဖြစ် သက်သေခံအမှတ်(က) စာချုပ်ကိုမှတ်ပုံတင်အပေါင် စာချုပ်ဖြစ်ကြောင်း မြွက်ဖော်ပေးရန်နှင့် အချင်းဖြစ်မြေနှင့် အိမ်ကို အရင်းငွေ ၄,၀၀၀ ကျပ် အတိုးကျန်ငွေ ၁,၂၀၀ ကျပ်ပေါင်းငွေ ၅,၂၀၀ ကျပ်ဖြင့် ရွေးနှတ်ခွင့် ပြုစေဟူသော အမိန့်ဒီကရီကို ချမှတ်ပေးရန် လျှောက်ထားခြင်း ဖြစ်သည်။

တရားခံများဖြစ်သူ အယူခံတရားခံတို့က ယခုကဲ့သို့ နောက်ကျမှ အယူခံတရားလိုများက အဆိုလွှာကို ပြင်ဆင်ရန် လျှောက်ထားခြင်းမှာ ဥပဒေအရ ခွင့်ပြုနိုင်ရန် မရှိ၊ ပြင်ဆင်သည့် အဆိုလွှာမှာလည်း မူလစွဲ ဆိုသည့် အကြောင်းခြင်းရာကို ပြောင်းလဲခြင်း ဖြစ်နေသဖြင့် ထိုကဲ့သို့ အဆိုလွှာမျိုးကို ပြင်ဆင်ခွင့်ပြုရန် မသင့်ကြောင်းကန့်ကွက်လေသည်။

ပြင်ဆင် လိုသည့်အဆိုလွှာအရ တရားလိုဖြစ်သူ အယူခံတရားလိုများက မူလ အမှုစွဲဆိုရာတွင် တောင်းဆိုခဲ့သည့် သက်သာခွင့်များနှင့် ယခု ပြင်ဆင်လွှာတွင် တောင်းဆိုသည့် သက်သာခွင့်များမှာ ခြားနားနေကြောင်းမှာ ထင်ရှားပေသည်။ ယခုပြင်ဆင်လိုသည့် အဆိုလွှာအရ တရားလိုဖြစ်သူ အယူခံတရားလိုများက သက်သေခံအမှတ် (က) စာချုပ်မှာ အပေါင်စာချုပ် သာ ဖြစ်သည်ဟု မြွက်ဖော်ပေးရန် တောင်းဆိုခဲ့သော်လည်း ၎င်းစာချုပ်တွင် အယူခံတရားခံများက ၃ နှစ်အတွင်း ငွေရင်း ၄,၀၀၀ ကျပ်ကို ပြန်ဆပ်လျှင် အယူခံတရားလိုတို့သို့ ပစ္စည်းများကို ပြန်လွှဲပေးပါမည်ဟု ပဋိညာဉ်ပြုလုပ်ခြင်းကို တစ်ပါတည်း သက်သေခံ အမှတ် (က) စာချုပ်တွင် ရေးသွင်းထား ခြင်းမရှိဘဲ သီးခြား စာချုပ်တစ်ခု သက်သေခံ အမှတ် (ဂ) အရ ချုပ်ဆို ပေးခဲ့ရကား ပစ္စည်း လွှဲပြောင်းရေး ဥပဒေ ပုဒ်မ ၅၈ (ဂ) အရ တရားလို များသည် ယခု ပြင်ဆင်သည့် အဆိုလွှာကို တောင်းဆိုသည့် သက်သာခွင့်ကို မည်သို့မျှ ရရှိနိုင်ရန် မရှိကြောင်း ဥပဒေက တားမြစ် ထားသည်ကို **ဒေါ်ကျင်ပု နှင့် ဦးအုန်းခင် ပါ ၁ အမှု** (၁) စီရင်ထုံးတွင် အတိအလင်း ပြဆို ထားပေသည်။ သို့ဖြစ်ရကား အယူခံ တရားလိုများ လျှောက်ထား သည့်အတိုင်း ၎င်းတို့ တင်သွင်းခဲ့သည့် ပြင်ဆင်သည့် အဆိုလွှာ အရ မူလ အဆိုလွှာကို ပြင်ဆင်ခွင့် ပြုလင့်ကစား ထိုပြင်ဆင်သည့် အဆိုလွှာကို တောင်းဆိုသည့် သက်သာခွင့်ကို ဥပဒေ တားမြစ်ချက် ရှိနေသဖြင့် ဤရုံးမှ မည်သို့မျှပေးစွမ်းနိုင် မည်မဟုတ်ပေ။ သို့ဖြစ်ရကား

(၁) ၁၉၆၃ ခု ၊ ဘီ ၊ အယ်(လ်)၊ အာ(ရ်) ၊စာ ၃၂၀ ။

ကိုသိန်း ပါ၂ နှင့် ဦးသိန်း ပါ၂။

တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇ ၏ လိုအပ်ချက်များကို **ကိုရပ်အလီနှင့် မဟာမက်အယ္ဂတ်ပါ ၁ အမှု** (၂) စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း အယူခံတရားလိုများက ပြင်ဆင်လိုသည့် အဓိကအချက်ကို ဤရုံးမှ ပြင်ဆင်ရန် ခွင့်ပြုလွှတ်ကစား၊ ထိုပြင်ဆင်ချက်အရ တောင်းဆိုသည့် သက်သာခွင့်ကို မည်သို့မျှ ရနိုင်မည် မဟုတ်သဖြင့် အဆိုလွှာ ပြင်ဆင်ခြင်းဖြင့် အချည်းနှီးသာ ရှိတော့မည် ဖြစ်သောကြောင့် ရည်ညွှန်းသည့် စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း ၎င်းပြင်ဆင်မှုမျိုးကို တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇အရ ပြင်ဆင်ရန် လိုအပ်သည့် အချက် ဖြစ်သည်ဟု မယူဆနိုင်ကြောင်း ထင်ရှားနေသဖြင့် အယူခံတရားလို လျှောက်ထား တောင်းဆိုသည့်အတိုင်း ပြင်ဆင်ခွင့်ပြုရန် အကြောင်းမရှိပေ။

ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားလိုများ၏ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၉ ရက်နေ့စွဲပါ လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိ ရှေ့နေကြီးစရိတ်အဖြစ် ၅၁ ကျပ် သတ်မှတ်လိုက်သည်။

---

(၂) ၁၉၅၀ ခု ၊ ဘီ၊ အယ်(လ်)၊ အာ(ရ်)၊ စာ ၃၆၁။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ကြက်ဖ (ခေါ်) မောင်တင်မြင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

+ ၁၉၆၆

ဇူလိုင်လ ၁၈ရက်။

ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ မှုပြစ် ထင်ရှား စီရင်ခြင်း-- အသက် ၁၄ နှစ်အောက် အမျိုးသမီးကို ၎င်း၏ သဘောတူညီချက် နှင့်ကာမစပ်ယှက်ခြင်း --ရာဇသတ်ကြီးပုဒ်မ ၃၇၅ အရ စပ်ယှက်သူသည် မုဒိမ်းမှုကို ကျူးလွန်သည်ဟု ယူဆရမည်ဟု ပြဋ္ဌာန်းထားခြင်း။

ဆုံးဖြတ်ချက် ။ ။အသက်အရွယ် နုနယ်သည့် အမျိုးသမီးအား ကာကွယ်ရန်အလို့ငှာ ရာဇသတ်ကြီးပုဒ်မ ၃၇၅ အရ အသက် ၁၄ နှစ်အောက် အမျိုးသမီးကို ကာမစပ်ယှက်လျှင် ၎င်း၏ သဘောတူညီချက်နှင့် ဖြစ်စေကာမူ စပ်ယှက်သူသည် မုဒိမ်းမှုကို ကျူးလွန်ခဲ့သည်ဟု ယူဆရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် အယူခံတရားလိုသည် အသက် ၈ နှစ်အရွယ်ရှိ မဝင်းမြင့်အား အတင်းအဓမ္မ စပ်ယှက်ခဲ့ခြင်း မဟုတ်သော်လည်း ၎င်း၏ ပြုမူချက်မှာမုဒိမ်းမှု မြောက်သည်ဟု ဆိုရမည် ဖြစ်သည်။

အယူခံတရားလိုအတွက် ။ ။ ဦးခင်မောင်ကြီး

အယူခံတရားခံအတွက် ။ ။ အစိုးရရှေ့နေကြီး ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဖေ ။ ။ အယူခံတရားလိုအပေါ် အသက် ၈ နှစ်သာ ရှိသေးသည့် ကလေးမတစ်ဦးအား မုဒိမ်းကျင့်ခဲ့သည်ဟုဆိုကာ၊ ရာဇသတ် ပုဒ်မ ၃၇၆ အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သော မြောင်းမြမြို့ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့ နံနက် (၇) နာရီခန့်အချိန်တွင် မြောင်းမြမြို့ အောင်ဆန်းကွက်သစ်နေ၊ မောင်ဘိုချုပ် (လိုပြ-၃) သည် အကောက်ဆိပ်သို့ သစ်ထမ်းရန်ထွက်သွားပြီး၊ ၎င်း၏ ဇနီး မစန်းမြင့်သည် စျေးသွားသဖြင့် အိမ်၌ အသက်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်မှုအယူခံအမှတ် ၃။

+ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိဝင်ဘာလ၊ ၂၃ ရက်နေ့စွဲပါ မြောင်းမြမြို့ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို အယူခံမှု။

ဂ နှစ်အရွယ်ရှိ သမီးမဝင်းမြင့် (လိုပြ-၁) တစ်ဦးတည်းသာ ရှိသည်။ ထိုအချိန်တွင် အယူခံတရားလိုသည် အိမ်ပေါ်သို့ တက်လာပြီး မဝင်းမြင့်အား အိပ်ခန်းထဲသို့ ခေါ်၍ ခြင်ထောင်ထဲ၌သားမယားအဖြစ် ပြုကျင့်လေသည်။ယင်းသို့ပြုကျင့်နေခိုက် မောင်ဘိုချုပ်၏ အစ်ကို ဦးမျက်လုံး (လိုပြ-၂) သည် မဒမခေါက်ပြုတ်ရန် သံပုံးယူရန် ရောက်လာရာ အိမ်ရှေ့ ၌ ယောကျ်ားစီးဖိနပ်တစ်ရံကို တွေ့ရပြီး အိမ်ပေါ်တွင် လူမမြင်သဖြင့် မသင်္ကာ၍ မဝင်းမြင့်အား ခေါ်လိုက်၏။ ထိုအခါ မဝင်းမြင့်သည် ခြင်ထောင်ထဲမှ ထွက်လာသောကြောင့် ဦးမျက်လုံးက ခြင်ထောင်တင်ခိုင်းသည်။ မဝင်းမြင့်က ခြင်ထောင် တင်လိုက်သောအခါ အယူခံတရားလိုကိုပက်ပင်းပါ တွေ့ရလေသည်။

ဦးမျက်လုံးသည် မဝင်းမြင့်အား အိမ်သို့ခေါ်သွားပြီး မေးရာ မဝင်းမြင့်က ၎င်းအား အယူခံတရားလိုက သားမယားအဖြစ် ပြုကျင့်ကြောင်း ပြန်ပြောပြသည်။ ဦးမျက်လုံးသည် ညီဖြစ်သူ မောင်ဘိုချုပ်အား အခေါ်ခိုင်းပြီး အကျိုးအကြောင်း ပြောပြ၏။ ထို့နောက် ၎င်းတို့သည် ရာအိမ်မှူး ဦးထွန်းကြိုင် (လိုပြ-၇) ထံသို့ သွားရောက်တိုင်တန်းရာ ဦးထွန်းကြိုင်က ၎င်းတို့အား ရဲစခန်းသို့ ခေါ်သွားကာ၊ ရဲစခန်း၌ မဝင်းမြင့်က တိုင်ချက်ပေးလေသည်။ မဝင်းမြင့်အား မြောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍ ဆရာဝန် ဒေါ်ဝင်းမေ (လိုပြ-၆) က စစ်ဆေးရာ ကညာမှေး စုတ်ပြတ်ကာ ရောင်နေသည်ကို တွေ့ရလေသည်။ မဝင်းမြင့်အား ကညာမှေးအတွင်းဘက်အထိ ကာယမစပ်ယှက်ခဲ့ဟန် လက္ခဏာရှိကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးသွား၏။

အထက်ပါ သက်သေအထောက်အထားများအရ၊ အယူခံတရားလိုအပေါ် မုဒိမ်းမှုဖြင့် တရားစွဲဆိုရာ အယူခံ တရားလိုက မုဒိမ်းမှု မကျူးလွန်ခဲ့ရကြောင်း ငြင်းဆိုကာ၊ မိမိသည် မဝင်းမြင့် အိမ်သို့ သွားရောက်၍ မဝင်းမြင့်အား အနှင်းခိုင်းခြင်းသာ ဖြစ်ကြောင်း။ မိမိသည် ဦးထွန်းကြိုင်က မဝင်းမြင့်အား မတရားစွပ်စွဲခိုင်းခြင်းသာ ဖြစ်ကြောင်း ထုချေသော်လည်း ပညာရှိ အောက်ရုံးတရားသူကြီးသည် ၎င်း၏ ထုချေချက်ကို လက်မခံဘဲ အထက်တွင် ဖော်ပြထားသည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက မဝင်းမြင့်အား အယူခံတရားလိုသည် ပါးစပ်ပိတ်ပြီး အတင်းအဓမ္မ ကာမစပ်ယှက်သည်ဆိုခြင်းမှာ မဖြစ်နိုင်ကြောင်း၊ အယူခံတရားလို၏ လက်များမှာ မီးလောင်ထား၍ကုတ်နေသည့်အလျောက် ပါးစပ်မပိတ်နိုင်သဖြင့် မဝင်းမြင့်သည် သဘောမတူလျှင် အော်ဟစ်နိုင်မည်ဖြစ်ကြောင်း လျှောက်လဲသွား၏။ မဝင်းမြင့်၏ထွက်ချက်များကို ထောက်ရှုလျှင် အယူခံ တရားလိုသည် မဝင်းမြင့်အား မဝင်းမြင့်၏ သဘောတူညီချက်အရ ကာမစပ်ယှက်ခဲ့ဟန် ရှိ၏။ သို့ရာတွင် အသက် အရွယ် နှနယ်သည့် အမျိုးသမီးအား ကာကွယ်ရန် အလို့ငှာ ရာဇဝတ်ပုဒ်မ ၃၇၅ အရ အသက်၁၄နှစ်အောက် အမျိုးသမီးကို ကာမ စပ်ယှက်လျှင် ၎င်း၏ သဘော

တူညီချက်နှင့် ဖြစ်စေကာမူ၊ စပ်ယှက်သူသည် မုဒိမ်းမှုကို ကျူးလွန်ခဲ့သည်ဟု ယူဆရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် ယခုအမှုတွင် အယူခံတရားလိုသည် မင်းမြင့်အား အတင်းအဓမ္မ စပ်ယှက်ခဲ့ခြင်းမဟုတ်သော်လည်း ၎င်း၏ပြုမူချက်မှာ မုဒိမ်းမှုမြောက်သည်ဟု ဆိုရမည်ဖြစ်သည်။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက တစ်ဖန်၊ ဦးမျက်လုံးသည် မင်းမြင့်အား အယူခံတရားလိုက မုဒိမ်းကျင့်သည်ဟု ရိုက်ပြီး အပြောခိုင်းသည့်အပြင်၊ ရာအိမ်မှူး ဦးထွန်းကြိုင်သည် အယူခံတရားလိုနှင့် မသင့်မြတ်သည့်အလျောက် အယူခံတရားလိုအပေါ် မတရား စွပ်စွဲခိုင်းသည်ဟုယူဆရန်အကြောင်းရှိနေ၍၊ အပြစ်ပေးခဲ့သော အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်သင့်ကြောင်း တင်ပြလာ၏။ ဦးမျက်လုံးသည် မင်းမြင့်၏ ဘကြီးဖြစ်သည့် အလျောက် အယူခံတရားလိုနှင့် ခြင်ထောင်ထဲတွင် ပက်ပင်းပါ တွေ့ပြီးနောက် မေးမြန်းရာ မင်းမြင့်သည် ချက်ချင်း ထုတ်ဖော် မပြောသဖြင့်၊ ကရဏာဒေါသနှင့် ရိုက်မိခြင်းသာ ဖြစ်သည်။ မင်းမြင့်အနေဖြင့် ရှက်နေ၍ ချက်ချင်း ထုတ်ဖော်မပြောဘဲ နေမိဟန် ရှိသည်။ ဘကြီးက ရိုက်၍ မင်းမြင့်က ထုတ်ဖော်ပြောဆိုခြင်းသာ ဖြစ်ရာ၊ ဘကြီးဖြစ်သူ ဦးမျက်လုံးက မင်းမြင့်အား အစွပ်စွဲခိုင်းသည်ဆိုခြင်းမှာ လုံးဝမဟုတ်ပေ။ အယူခံတရားလိုက ဦးမျက်လုံးသည် မင်းမြင့်အား မတရား စွပ်စွဲခိုင်းသည်ဟု ထင်ရှားအောင်ကျမ်းကျိန်လွှာ သုံးခုကိုတင်ခဲ့၏။ ထိုကျမ်းကျိန်လွှာပြုလုပ်သည့်ပုဂ္ဂိုလ်များကို အောက်ရုံး၌ သက်သေအဖြစ် စစ်ဆေးခဲ့ခြင်း မရှိ။ တစ်ဖက်မှ မေးခွန်း ထုတ်ခွင့်မရှိသည့် ထိုကျမ်းကျိန်လွှာများမှာ တန်ဖိုးမရှိပေ။ ဦးမျက်လုံးနှင့် ရန်ငြိုးရန်စမရှိကြောင်း အယူခံတရားလို ကိုယ်တိုင် ဝန်ခံထားသဖြင့် ဦးမျက်လုံးကအယူခံတရားလိုအပေါ် ၎င်း၏ တူမအား မတရားစွပ်စွဲစေရန် အကြောင်းမရှိနိုင်ပေ။ ရာအိမ်မှူး ဦးထွန်းကြိုင်က ၎င်းသည် အယူခံတရားလိုနှင့် မသင့်မြတ်ဟုဆိုသော စွပ်စွဲချက်ကို ဝန်မခံ။ အကယ်၍ မသင့်မြတ်ဟု ဆိုစေကာမူ ဦးထွန်းကြိုင်သည် မင်းမြင့်နှင့် လုံးဝဆွေမျိုးတော်စပ်သူမဟုတ်၍ ၎င်းက ခိုင်းသည့်အတိုင်း မင်းမြင့်က မဟုတ်မတရား စွပ်စွဲလိမ့်မည်မဟုတ်ပေ။ ဤမျှ ရှက်ဖွယ်ကောင်းသည့် စွပ်စွဲချက်မျိုးကို တစိမ်းဟုရဲလူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်အရ ပြုလုပ်သည်ဆိုသော ဆင်ခြေမှာ အလျှင်းသဘာဝမကျခေ။

မင်းမြင့်သည် အသက်ငယ်ရွယ်သူတစ်ဦး ဖြစ်သော်လည်း၊ မေးခွန်းများကို ရေလည်စွာ ပြန်လည် ပြောကြားနိုင်သည်ကို ထောက်ရှုလျှင် အသိဉာဏ်နှင့် ပြည့်စုံသည့် သူငယ်မတစ်ယောက်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိ။ ၎င်းအားအယူခံတရားလိုက ကာမစပ်ယှက်ကြောင်းစွပ်စွဲချက်ကိုဆရာဝန်ဒေါ်ဝင်းမေ၏ထွက်ဆိုချက်အပြင် ဦးမျက်လုံးက အယူခံတရားလိုနှင့် မင်းမြင့်တို့ နှစ်ဦးကို ခြင်ထောင်ထဲ၌ ပက်ပင်းပါ တွေ့ရှိခဲ့သည်ဆို

သော အချက်တို့ကထောက်ခံနေသည်။ အကယ်၍ အယူခံတရားလို တင်ပြသည့်အတိုင်း အနှင်းခံနေသည်ဆိုပါက မဝင်းမြင့်နှင့် ဦးမျက်လုံးတို့သည် အယူခံတရားလိုနှင့် ရန်ပြိုးရန်စရှိသူများ မဟုတ်၍ မဟုတ်မတရား စွပ်စွဲလိမ့်မည် မဟုတ်ပေ။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက နောက်ဆုံးအနေဖြင့် အယူခံတရားလိုသည် ဒုက္ခိတတစ်ဦးဖြစ်၍ ကျခံပြီး အပြစ်ဒဏ်လောက်သာ ချမှတ်ပြီး လွှတ်ပစ်သင့်ကြောင်း လျှောက်လဲသွား၏။ အယူခံတရားလိုသည် လက်မီးလောင်၍ လက်နှစ်ဖက် ကုပ်နေသည်ဆိုခြင်းမှအပ အခြားကိုယ်အင်္ဂါချို့ယွင်းနေသည်ဆိုသော အထောက်အထားမရှိ။ ၎င်းသည် အိမ်ထောင် သုံးဆက်ကျွေးသူတစ်ဦးဖြစ်၍ လိင်ကိစ္စ၌ အတွေ့အကြုံ မရှိသဖြင့် မှားယွင်းမိသည်ဟုလည်း မဆိုနိုင်။ သားသမီးခြင်းမစာနာသည့် အယူခံတရားလို၏ ပြုမူချက်ကို ခွင့်လွှတ်ရန် အကြောင်းမမြင်။

အထက်ပါ အကြောင်းများကြောင့် အောက်ရုံးစီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်၍ အယူခံလွှာကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ချီချီမြင့် (ခေါ်) ဦးချင်းမြင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

+ ၁၉၆၆

ဩဂုတ်လ ၂၀ ရက်။

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်းဥပဒေ ၂၇--နောက်ထပ်ပြ သက်သေအဖြစ် စစ်ဆေးခွင့်ပြုရန် လျှောက်ထားခြင်း-- အယူခံကြားနာသည့် ရုံးမှ လိုအပ်သည် ထင်မြင်ပါက ခွင့်ပြု နိုင်ခြင်း--သက်သေခံ စာရွက် စာတမ်း များ နှင့် ပတ်သက် ၍ အမှု မစစ်ဆေးမီ အချိန် အတော်ကြာကပင် သိရှိခြင်း။

ဆုံးဖြတ်ချက် ။ ။ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ အယူခံမှုများတွင် အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် နောက်ထပ်သက်သေပေးပြရန် မည်သို့မျှ အခွင့်အရေးမရှိ။ အယူခံကြားနာသည့် ရုံးမှ လိုအပ်သည် ထင်မြင်ပါက နောက်ထပ် သက်သေအစစ်ခံချက်၊ သို့မဟုတ် လိုအပ်သည့် စာရွက်စာတမ်းများကို တင်သွင်းရန် ခွင့်ပြုနိုင်သည့် အခွင့်အရေးသာ ရှိပေသည်။

အယူခံတရားလိုသည် အောက်ရုံး၌ မိမိအမှုစစ်ဆေးစဉ်အခါက ထပ်မံ စစ်ဆေးလိုသည့် သက်သေများကို စစ်ဆေးရန် အခွင့်အရေးမရရှိခဲ့ဟု မည်သို့မျှ ပေါ်လွင်ခြင်းမရှိ။ သက်သေခံစာရွက်စာတမ်းများနှင့် ပတ်သက်၍လည်း အမှုမစစ်ဆေးမီ အချိန်အတော်ကြာကပင် သိရှိခဲ့ကြောင်း အမှုတွဲတွင်ထင်ရှားနေသဖြင့် အယူခံတရားလိုက ၎င်း၏ချွတ်ယွင်းချက်များကို ဖြည့်စွက်နိုင်ရန် သက်သေထပ်မံ စစ်ဆေးပေးရန် ခွင့်တောင်းသည်မှာ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ ၌ အကျုံးဝင်သည်ဟု မည်သို့မျှ မတွေ့ရှိရချေ။

အန်ဘူဂျာအမ္မား(လ) နှင့် အပါဒုရေမူဒလီ၊ အိုင်၊ အယ်(လ်)၊ အာ(ရ်)၊ ၃၈ မဒရပ် ၄၁၄။

ပရာမူလန်ပါအများနှင့် ဂိဇာရီများ(လ်)ပါအများ၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၃၊ လာဟို ၅၀၄။

အီးလစ်မော်တော်ကား ကုမ္ပဏီနှင့် မစ္စတာဝါဘာတန် အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၆၊ လာဟို ၂၀ ခြားနားပြသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၅၉။

+ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁၂ တွင် ရန်ကုန်ပြိုတော် တရားမတရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော ၁၉၆၃ ခုနှစ်၊ မေလ ၉ ရက် နေ့စွဲပါ ဒီကရီကို အယူခံဝင်မှု။

၁၉၆၆

ချီချီမြင့် (ခေါ်) ဦးချင်းမြင့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုအတွက် ။ ။ ဦးဘဆွေ။

အယူခံတရားခံအတွက် ။ ။ အစိုးရရှေ့နေကြီး ဒေါ်မြသန်း။

တရားသူကြီးဦးထွန်းတင် ။ ။ ယခုအမှုမှ အယူခံတရားလိုဖြစ်သူ ချီချီမြင့် (ခေါ်) ဦးချင်းမြင့်က ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက် နေ့စွဲပါ လျှောက်လွှာအရ ထိုလျှောက်လွှာတွင် ဖော်ပြထားသော သက်သေ ၅ ဦးကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ နောက်ထပ်ပြ သက်သေအဖြစ် စစ်ဆေးခွင့်ပြုရန် ကျမ်းကျိန်စာများနှင့် ပူးတွဲ၍ လျှောက်ထားခဲ့လေသည်။ ထိုလျှောက်လွှာ ကို အယူခံတရားခံဖြစ်သူ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက လေးနက်စွာ ကန့်ကွက်ရာ၌ ၎င်းလျှောက်လွှာမှာ ဥပဒေနှင့် ဆန့်ကျင်နေသဖြင့် ခွင့်ပြုရန် မသင့်ကြောင်း ဖော်ပြထားလေသည်။

အယူခံတရားလို နောက်ထပ် စစ်ဆေးလိုသည်ဆိုသည့် သက်သေ ၅ ဦးအနက် တစ်ဦးမှာ အယူခံတရားလိုပင် ဖြစ်သည်။ နောက်တစ်ဦးမှာမူ ၎င်း၏ သမီးအရင်း ဖြစ်သည်။ (သက်သေအမှတ် ၂) ဆမားဒူဝါဆင်ဝါနောင်နှင့် (သက်သေအမှတ် ၄) ဦးစောရီတို့မှာ မူလအောက်ရုံး၌ အမှုစစ်ဆေးစဉ် အယူခံတရားလိုက ၎င်း၏ သက်သေများအဖြစ် စာရင်းတင်သွင်းခဲ့ပြီးနောက်မှ ထိုသက်သေများကို မစစ်ဆေးဘဲ ပယ်ခဲ့လေသည်။ ထို့ပြင် ၎င်းသက်သေများကို စစ်ဆေးခွင့်ပြုရန် လျှောက်ထားရာ၌ အယူခံတရား လို၊က အမှုတွင် အယူခံတရားခံဘက်မှ တင်သွင်းခဲ့သည့် (သက်သေခံအမှတ် ၁ နှင့် ၂) စာရွက်စာတမ်းများနှင့် ပတ်သက်၍ ၎င်းက အောက်ရုံး တွင် ချေပလွှာတင်ရန် အခွင့်အရေး မရရှိခဲ့ကြောင်းနှင့် ထိုစာရွက်စာတမ်းများ နှင့်ပတ်သက်၍ ထိုစဉ် အခါက၎င်းအတွက် လိုက်ပါဆောင်ရွက်သည့်ပညာရှိ ရှေ့နေကြီးက နားလည်သိရှိအောင် ပြောပြခြင်း မပြုသဖြင့် ၎င်းစာရွက် စာတမ်း များနှင့် ပတ်သက်၍ မရှင်းလင်းခဲ့ရပါသောကြောင့် ယခု ရှင်းလင်းခွင့် ပြုနိုင်ရန် သက်သေများကို ထပ်မံစစ်ဆေးခွင့် ပြုရန်အကြောင်း ပြလေသည်။

အောက်ရုံးအမှုတွဲကို လေ့လာသောအခါ တရားခံဖြစ်သူ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရကချေပလွှာတင်သွင်းသောအခါ ပူးတွဲတင်သွင်းခဲ့သည့် စာရွက်စာတမ်း များနှင့် ပတ်သက်သော ကျမ်းကျိန်ဆိုချက်တွင် ရည်ညွှန်းသည့် (သက်သေခံ အမှတ် ၁ နှင့် ၂) စာရွက်စာတမ်းများစာရင်းအမှတ်၃ နှင့်၇တွင်အတိအလင်း ဖော်ပြထားပြီး ထိုစာရွက်စာတမ်းများနှင့် ပတ်သက်၍ အယူခံတရားလိုကိုပင် စစ်ဆေး မေးမြန်း ထားခဲ့ပြီးဖြစ်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် အယူခံတရားလိုက၎င်းစာရွက်စာတမ်း များကို အယူခံတရားခံဘက်မှ ရုတ်တရက်တင်သွင်းသဖြင့်၊ မိမိကချေပခွင့် မရရှိကြောင်း

နှင့် ထိုစာရွက်စာတမ်းများနှင့် ပတ်သက်၍ ၎င်း၏ ပညာရှိရှေ့နေကြီးက သိရှိအောင် ပြောပြခဲ့ခြင်းမရှိပါဟုဆိုသောအချက်များမှာအခြေအမြစ်ရှိသည်ဟု လက်ခံရန် ခဲယဉ်းသည်။

မည်သို့ပင်ဖြစ်စေ ယခုအမှုတွင် အဓိကစဉ်းစားရန်မှာ အယူခံတရားလို လျှောက်ထားတောင်းဆိုသည့် သက်သာခွင့်သည် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၇ အတွင်း အကျုံးဝင်ခြင်း ရှိမရှိ စိစစ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် လျှောက်လွှာမှာ ထိုအမိန့် ၄၁၊ နည်းဥပဒေ ၂၇ သို့ အကျုံးမဝင်ပါက ဤရုံးမှ တောင်းဆိုသည့် သက်သာခွင့်ကို ပေးနိုင်ရန် မရှိသောကြောင့် ဖြစ်ပေသည်။ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"27. *(I)* The parties to an appealshall not be entitled to produce additional evidence, whether oral or documentary, in the appellate Court. But if _

(a) the Court from whose decree the appeal preferred has refused to admit evidence which ought to have been admitted, or

(b) the appellate Court requires any document to be produced or any witness to be examined to enable it to pronounce judgment, or for any other substantial cause, the appellate Court may allow such evidence or document to be produced, or witness to be examined."

အထက်ပါ အမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ အယူခံမှုများတွင် အယူခံတရားလိုနှင့် အယူခံတို့သည် နောက်ထပ် သက်သေပေးပြရန် မည်သို့မျှ အခွင့်အရေးမရှိ။ အယူခံ ကြားနာသည့် ရုံးမှ လိုအပ်သည် ထင်မြင်ပါက နောက်ထပ် သက်သေအစစ်ခံချက် သို့မဟုတ် လိုအပ်သည့် စာရွက်စာတမ်းများကို တင်သွင်းရန် ခွင့်ပြုနိုင်သည့် အခွင့်အရေးသာ ရှိပေသည်။ သို့ရာတွင် အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရှေ့နေကြီးက နည်းဥပဒေ ၂၇(၁)(ခ)၏ နောက်ဆုံးစာကြောင်းတွင် လုံလောက်သည့် အကြောင်းရှိပါက ခွင့်ပြုနိုင်ကြောင်းဆိုသည့် အချက်ပေါ် မူတည်၍ ယခုအမှုတွင် အယူခံ တရားလို လျှောက်ထားသည့်အတိုင်း သက်သေများကို စစ်ဆေးခွင့်ပြုရန် လုံလောက်သည့် အကြောင်းများ ရှိပါသည်ဟု ပြဆိုလေသည်။ ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက၊ **အန်ဘူဂျာအမ္မား(လ်)** နှင့် **အပါဒူရေမူဒလီ** (1)စီရင်ထုံးနှင့် **ပရာမူလန်ပါအမျာ်းနှင့် ကိုဇာရီမား(လ်)ပါအမျာ်း**(2)စီရင်ထုံးများပါပြဆိုချက်ကို ကိုးကား လေသည်။ သို့ရာတွင်ထိုစီရင်ထုံးပါ

---

(1) I.L.R. 38 Mad. 414. (2) A.I.R. 1923. Lahore 584.

အကြောင်းခြင်းရာများသည် ယခုအမှုမှာကဲ့သို့ မဟုတ်၊ များစွာ ကွဲပြားခြားနားနေကြောင်း တွေ့ရှိရ သည်။ အဘယ်ကြောင့်ဆိုသော် ထိုအမှုများမှာ ပဋ္ဌမအယူခံရုံးမှ သက်သေအစစ်ခံချက် ထပ်မံလိုအပ်သည်ဟု ယူဆကာ အောက်ရုံးသို့ ထိုသက်သေ အစစ်ခံချက်များအရယူရန် အမိန့်ချမှတ်ပေးလိုက်ခြင်းကို ဒုတိယအယူခံမှဋ္ဌ အယူခံတရားလိုများက ထိုကဲ့သို့ ချမှတ်သည့် အမိန့်မှာ တရားဝင်ခြင်းမရှိပါဟု ကန့်ကွက်ထားခြင်းသာ ဖြစ်သည်။ ထို့အတွက် ၎င်းအမှုစီရင်ထုံးများတွင် နောက်ထပ် သက်သေအစစ်ခံချက်များ ရယူခဲ့ခြင်းမှာ ယခုအမှုမှာကဲ့သို့ အယူခံသူများက လျှောက်ထားသဖြင့် ရုံးမှ ခွင့်ပြုခဲ့ခြင်း မဟုတ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် အယူခံတရားလို၏ ပညာရှိရှေ့နေကြီး ရည်ညွှန်းသည့် **အီးလစ်မော်တော်ကားကုမ္ပဏီ** နှင့် **မစ္စတာ ဝါဘာတန်** (3) စီရင်ထုံးပါ ပြဆိုချက်မှာမူ ယခုအမှုနှင့်အလားတူ အမှုမျိုးမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအမှု၌ မူလရုံး၌တွင် စစ်ဆေးစဉ်အခါကပင် အယူခံတရားလိုက တရားလိုတစ်ဦးအား ထပ်မံစစ်ဆေးရန် လျှောက်ထားခဲ့သည်ကို ရုံးက ပယ်လိုက်ရာ အယူခံဝင်သောအခါ ထိုကဲ့သို့ပယ်ခြင်းမှာ လုံလောက်သော အကြောင်းရှိလျက် ခွင့်မပြုဘဲ ပယ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဆိုပြီး အယူခံရုံးမှ အောက်ရုံးသို့ ၎င်းသက်သေများ ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ပေးခဲ့ခြင်းသာ ဖြစ်ပေသည်။

ယခုအမှုတွင်မူ အထက်ပြဆိုထားခဲ့သည့်အတိုင်း အောက်ရုံး၌ မိမိအမှု စစ်ဆေးစဉ်အခါက ယခုထပ်မံစစ်ဆေးလိုသည့် သက်သေများကို စစ်ဆေးရန် အခွင့်အရေး မရရှိခဲ့ပါဟု မည်သို့မျှ ပေါ်လွင်ခြင်း မရှိ။ ရည်ညွှန်းသည့် (သက်သေခံအမှတ် ၁ နှင့် ၂) စာရွက်စာတမ်းများနှင့် ပတ်သက်၍ အယူခံတရားလိုသည် အမှုမစစ်ဆေးမီ အချိန်အတော်ကြာကပင် သိရှိခဲ့ကြောင်း အမှုတွဲတွင် ထင်ရှားနေသဖြင့် ယခုမှ အယူခံတရားလိုက ၎င်း၏ ချွတ်ယွင်းချက်များကို ဖြည့်စွက်နိုင်ရန် သက်သေထပ်မံ စစ်ဆေးပေးရန် ခွင့်တောင်းသည်မှာ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ နှင့် အကျုံးဝင်သည်ဟု မည်သို့မျှ မတွေ့ရှိရချေ။ သို့ဖြစ်ရကား အယူခံတရားလို လျှောက်ထားသည့်အတိုင်း ၎င်း၏ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက်နေ့စွဲပါ လျှောက်လွှာကို အခွင့်ပြုရန် လုံလောက်သည့်အကြောင်း ရှိသည်ဟု ရုံးတော်က မတွေ့ရှိရသဖြင့် လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိရှေ့နေကြီး စရိတ်အဖြစ် ကျပ် ၅၁ သတ်မှတ်လိုက်သည်။

(3) A.I.R. 1926 Lahore 20.

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးဦးချစ်ရှေ့တွင်

ဆာ(လ်)မာခါတွန် (ခေါ်) မစောရင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးမြ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

+ ၁၉၆၆

ဇူလိုင်လ
၃၀ရက်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၁)အရ လျှောက်ထားခြင်း--ရာဇဝတ်ကျင့်ထုံးပုဒ်မ၄၈၈(၈)တွင် ပြဋ္ဌာန်းထားသော နယ်နိမိတ် စီရင်ပိုင်ခွင့် အာဏာရှိသောရုံး၌သာလျှင် လျှောက်ထားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈(၁)အရ၊ လျှောက်ထားရာ၌ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၈)တွင် ပြဋ္ဌာန်းထားသော နယ်နိမိတ်စီရင်ပိုင်ခွင့် အာဏာရှိသောရုံး၌သာလျှင် လျှောက်ထားနိုင်သည်။ ၎င်းအရဆိုလျှင် လျှောက်ထားခံရသူ နေထိုင် သော၊ သို့မဟုတ် ရှိသော၊ သို့မဟုတ် လျှောက်ထားသူနှင့် ယခင်က အတူတကွ နေထိုင်ဖူးသော ခရိုင်အတွင်းရှိ တရားရုံးတွင်သာလျှင် လျှောက်ထားနိုင်သည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် မည်သည့်အခါမှ ရန်ကုန်၌ လာရောက်နေထိုင်ခြင်းမရှိပေ။ လျှောက်ထားခံရသူသည် ယခုအခါ စစ်တွေခရိုင်၊ ဘူးသီးတောင်၊ ညောင်ချောင်းတွင် ရှိသည်။ ၎င်းအရပ်တွင် နေထိုင်သည်။ ၎င်းပြင် လင်မယားမကွာရှင်းစဉ်အခါက စစ်တွေခရိုင် ကျောက်တော်ကြီးတွင် နေထိုင်ခဲ့သည်။ ထို့ကြောင့် လျှောက်ထားသူက မယားစရိတ်နှင့် ကလေးစရိတ်များကို လျှောက်ထားခံ ရသူထံမှ စွဲဆိုရာတွင် ဥပဒေအရ နယ်နိမိတ်နှင့် စီရင်ပိုင်ခွင့်အာဏာရှိသောရုံးမှာ စစ်တွေခရိုင်အတွင်းရှိ ရုံးတစ်ရုံးသာလျှင် ဖြစ်ရပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ ဦးကျော်ငံ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ ဦးဘကျော်။

တရားသူကြီးဦးချစ်။ ။လျှောက်ထားသူ ဆာ(လ်)မာခါတွန် (ခေါ်) မစောရင် က လျှောက်ထားခံရသူ ဦးမြအပေါ် မယားစရိတ်နှင့် ကလေးနှစ်ယောက် ရလိုမှု၊

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၄ (ခ)။

\+ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၄၃ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့စွဲပါ ရန်ကုန်မြို့ (၁၀)ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

ရန်ကုန်မြို့ (၁၀) ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၄ ခု၊ ရာဇဝတ်သေးမှု အမှတ် ၄၃ တွင် လျှောက်ထားခဲ့သည်။ ပညာရှိတရားသူကြီးက လျှောက်ထားသူ မစောရင်၏ လျှောက်လွှာကို နယ်နိမိတ်နှင့် ပတ်သက်၍ စီရင်ပိုင်ခွင့် အာဏာမရှိဟု ယူဆပြီး ပလပ်လိုက်သည်။ ထိုသို့ ပလပ်လိုက်သည်ကို မစောရင်က မကျေနပ်သဖြင့် ဟံသာဝတီ- ရန်ကုန်စက်ရှင် ခရိုင်ရာဘက်စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်အယူခံမှု အမှတ် ၅၀တွင် အယူခံဝင်လာရာ ပညာရှိ ရာဘက်စက်ရှင် တရားသူကြီးက မစောရင်၏ လျှောက်လွှာသည် ရန်ကုန်မြို့ရှိ တရားရုံး၌ လက်ခံစစ်ဆေးနိုင်ရန် နယ်နိမိတ် စီရင်ပိုင်ခွင့် အာဏာမရှိကြောင်းအောက်ရုံးက ယူဆဘိသကဲ့သို့ ယူဆပြီးလျှင် ၎င်း၏ အယူခံကို ပလပ်လိုက်ပြန်သည်။ ထိုအမိန့်ကို မစောရင်က မကျေနပ်ပြန်သဖြင့်၊ ၎ရုံးသို့ရာဇဝတ်ပြင်ဆင်မှု လျှောက်ထား တင်သွင်းခဲ့သည်။

မစောရင်နှင့် ဦးမြတို့သည် မူဆလင်ဘာသာဝင်များ ဖြစ်ကြသည့်အားလျော်စွာ၊မူစလင်ဘာသာ ထုံးတမ်းစဉ်လာအရ စစ်တွေခရိုင်၊ ကျောက်တော်မြို့တွင် ၁၉၅၉ ခု၊ မေလ၊ ၁ ရက်နေ့က လက်ထပ်ကြသည်။ မစိန်စိန် အမည်ရှိ သမီးတစ်ယောက် ရရှိခဲ့သည်။ ၁၉၆၂ ခု၊ ဇွန်လ၊ ၃ ရက်နေ့တွင် ကျောက်တော်၌ လူကြီးများစုံရာ ရှေ့တွင် နှစ်ဦးသဘောတူ လင်မယားကွာရှင်း ကြသည်။ ထိုသို့ ကွာရှင်းစဉ်အခါက မစောရင်တွင် ဦးမြနှင့်ရသော ကိုယ်ဝန် ၅ လ ရှိနေသည်။ လင်မယား ကွာရှင်းပြီးသည့် နောက် မစောရင်သည် ရန်ကုန်သို့ လာ၍ ရန်ကုန်မြို့ တရားရုံးမှ စစ်တွေခရိုင်၊ ကျောက်တော်တွင် ကျန်းမာရေးအရာရှိ လုပ်ကိုင်နေသော မိမိ၏ ယခင်ယောက်ျား ဦးမြထံမှ ၎င်း၏အတွက် တစ်လငွေ ၅၀ ကျပ် ကိုယ်ဝန်နှင့် ကွဲကွာနေသည့် အချိန်မှစ၍ ကလေးမွေးသည့်ကာလဖြစ်သော ၅ လအတွက် ငွေ ၂၅၀ ကျပ်နှင့် သမီးမစိန်စိန်အတွက် တစ်လ ၂၅ ကျပ် ကွာရှင်းပြီးမှ မွေးသော သမီးကလေး လှလှအတွက် တစ်လ ၂၀ ကျပ် ထောက်ပံ့ကြေးရလိုကြောင်း ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၀ (၁) အရ လျှောက်ထားခြင်း ဖြစ်သည်။ ယင်းကဲ့သို့ လျှောက်ထားရာ၌ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၀ (၈) တွင် ပြဋ္ဌာန်း ထားသော နယ် နိမိတ်စီရင်ပိုင်ခွင့်အာဏာရှိသော ရုံး၌ သာလျှင် လျှောက်ထားနိုင်သည်။ ၎င်းအရဆိုလျှင် လျှောက်ထားခံရသူ နေထိုင်သော သို့မဟုတ်ရှိသော သို့မဟုတ် လျှောက်ထားသူနှင့် ယခင်က အတူတကွ နေထိုင်ဖူးသော ခရိုင်အတွင်းရှိ တရားရုံးတွင်သာလျှင် လျှောက်ထားနိုင်သည်။ အမှုတွဲတွင် ပေါ်လွင်သည်မှာ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် မည်သည့်အခါမှ ရန်ကုန်၌ လာရောက်နေထိုင်ခြင်းမရှိပေ။ လျှောက်ထားခံရသူသည် ယခုအခါ စစ်တွေခရိုင်၊ ဘူးသီးတောင်၊ ညောင်ချောင်းတွင် ရှိသည်။ ၎င်းအရပ်တွင် နေထိုင်သည်။ ၎င်းပြင် လင်မယား မကွာရှင်းစဉ်အခါက စစ်တွေခရိုင်၊

ကျောက်တော် ကြီးတွင် နေထိုင်ခဲ့သည်။ ထို့ကြောင့် လျှောက်ထားသူ မစောရင်က မယားစရိတ်နှင့် ကလေးစရိတ်များကို လျှောက်ထားခံရသူထံမှ စွဲဆိုရာတွင် ဥပဒေအရ နယ်နိမိတ်နှင့် စီရင်ပိုင်ခွင့်အာဏာရှိသော ရုံးမှာ စစ်တွေခရိုင်အတွင်းရှိ ရုံးတစ်ရုံးသာလျှင် ဖြစ်ရပေမည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကျမ်းပြုဆရာကြီး ပီ၊ ပီ၊ မစ်တရား ရေးသားသော ရာဇဝတ်ကျင့်ထုံး ကိုဥပဒေအတွဲ ၂ ၁၉၆၀ ပြည့်နှစ်၊ ၁၃ ကြိမ် ပုံနှိပ်ခြင်း။ စာမျက်နှာ ဂ၅၅၊ အမှတ်စဉ် ၁၂၀၀ တွင် အကျယ်တဝင့် ဝေဖန်သုံးသပ်၍ စီရင်ထုံး အကိုးအကားများ ပြထားသည်ကို ကြည့်လေ။ ဤနေရာတွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၁ နှင့် ခြားနားသော်လည်း ဖော်ပြရန် လိုအပ်ပေသည်။ ပုဒ်မ ၅၁၁ မှာ နယ်နိမိတ်စီရင်ပိုင်ခွင့် အာဏာကို မှားယွင်း၍ ဆုံးဖြတ်ပေးခဲ့သော အမှုတွင်၊ နယ်နမိတ် စီရင်ပိုင်ခွင့် အာဏာများယွင်းစေကာမူ ထိုမှားယွင်းချက်ကြောင့် တရားမျှတမှု ဆုံးရှုံးခြင်း မရှိလျှင် ထိုကဲ့သို့သော ရုံးက ချမှတ်သော အဆုံးအဖြတ်ကို မပယ်ဖျက်ရဟူသော ခုစားသည့် ပုဒ်မ ဖြစ်လေသည်။

ယခုအမှုတွင် နယ်နိမိတ်အရ စီရင်ပိုင်ခွင့်အာဏာ မရှိသော ရုံးက အမှုကို လက်ခံ၍ အဆုံးအဖြတ်ပေးထားသည် မဟုတ်။ ထိုအမှုကို လက်မခံဘဲ ပယ်လိုက်ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ ပယ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့်ပင်လျှင် အောက်ရုံးနှစ်ရုံးစလုံးက ဤအမှုတွင်တစ်သဘောတည်း လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်လိုက်သော အမိန့်ချမှတ်ခြင်း ဖြစ်သည်။ ထိုသို့ တစ်သဘောတည်းချမှတ်သော အမိန့်မှာ မှားယွင်းသွတ်ချော်မှု မရှိသဖြင့် ဝင်ရောက် စွက်ဖက်ရန် အကြောင်းမပြင်ပေ။

ထို့ကြောင့် အောက်ရုံးအမိန့်များကို အတည်ပြုပြီး ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးစိန်သင်းရွှေတင်

† ၁၉၆၆
ဇူလိုင်လ
၂၇ ရက်။

ဒေါ်ကြည်ကြည် (အယူခံတရားလို)

နှင့်

နိုင်ငံတော်သမ်ဆုတ်လုပ်ရေးအဖွဲ့ ၎င်း၏ကိုယ်စား ချယ်ယာမင်ပါ ၂ (အယူခံတရားခံများ)*

အချင်းဖြစ်ပစ္စည်းများသည် မိမိပိုင်ပစ္စည်းများ ဖြစ်ကြောင်း အတိအလင်း ကျေညာပေးရန်တရားစွဲဆိုမှု—စွန့်လွှတ်စာချုပ်စာတမ်း ဖြစ်ခြင်း—ဥပဒေအရ ခိုင်လုံသည့် စာချုပ်စာတမ်းဖြင့် ပဋိညာဉ်ထဲပြောင်းပေးခြင်းဖြစ် မဖြစ်။

အယူခံထရားခံ (၂) ပိုင်မြေနှင့် အဆောက်အဦကို အယူခံတရားခံ (၁)က ဇာရီပြုလုပ်၍ ဝါရမ်းဖမ်းဆီးရာ အယူခံတရားခံ (၂)၏ ဇနီးဖြစ်သူ အယူခံတရားလိုက၊ ဝါရမ်းခွါလိုမှုလျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ထိုပစ္စည်းများသည် မိမိပိုင်ပစ္စည်းများ ဖြစ်ကြောင်း အတိအလင်း ကျေညာပေးရန် တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် သက်သေခံအမှတ် (ခ) အဖြစ်တင်သွင်းထားသည့် စာချုပ်စာတမ်းကို အားကိုးအားထားပြုလေသည်။ ထိုစာချုပ်စာတမ်း၏ ခေါင်းစဉ်မှာ စွန့်လွှတ်စာတမ်းဖြစ်သည့်အလျောက် အယူခံတရားခံ (၂)က အချင်းဖြစ်ပစ္စည်းများကို ဒယူခံတရားလိုသို့ စွန့်လွှတ်သည်ဟူသော အချက်ဖြစ်သည်။ သို့ဖြစ်ရကား ပစ္စည်းများကို ဥပဒေအရ ခိုင်လုံသည့် စာချုပ်စာတမ်းများဖြင့် အယူခံ တရားလိုအား လွှဲပေးခြင်း ဖြစ်သည်ဟုမယူဆနိုင်။

ဗျာဒူနသ်ပေါ့ဒါ နှင့် ရာင်လာ(လ်)ပေါ့ဒါ၊ အိုင်၊ အယ်၊ အာ(ရ်)၊ ၃၃၊ ကလကတ္တား၊ ၉၆၇—၉၈၃။

နရာက်လာ(လ်) နှင့် သာသူလာ(လ်)၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၁၅ ခုနှစ်၊ ကလကတ္တား ၈၁၉ ရည်ညွှန်းသည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၄။

† ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့စွဲပါ၊ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် မန္တလေးမြို့၊ ခရိုင်တရားမရုံး၏ ချမှတ်သော ဒီကရီကို အယူခံမှု။

အယူခံတရားလိုအတွက် ။ ။ ဦးမြစိန်

အယူခံတရားခံ (၁) အတွက် ။ ။ မစွတာဗားမား။

တရားသူကြီး ဦးစိန်သင်း ။ ။မန္တလေးမြို့၊ ခရိုင်တရားမရုံး၊ ၁၉၅၁ ခုနှစ်၊ တရားမကြီးမူ အမှတ် ဂ တွင် တရားလိုပြည်ထောင်စု မြန်မာနိုင်ငံသစ်ထုတ်လုပ်ရေးအဖွဲ့က တရားခံဦးဘချစ်အပေါ်၌ ငွေကျပ် ၁,၇၂,၃၄၀·၉၄ ရလိုမှု တရားစွဲဆိုခဲ့ရာတွင် တရားလိုသည် စရိတ်နှင့်တကွ အနိုင်ဒီကရီ ရရှိလေသည်။ ထိုဒီကရီကို ဇာရီမူအမှတ် ၁၀/၅၈ တွင် ဇာရီပြုလုပ်၍ ဦးဘချစ်ပိုင် မြေနှင့် အဆောက်အဦကို ဝရမ်းဖမ်းခဲ့သည်။ ထိုအခါ ယခုကျွန်ုပ်ရှေ့ရှိ အယူခံတရားလို ဒေါ်ကြည်ကြည်က ထိုပစ္စည်းများသည် ဦးဘချစ်ပိုင် ပစ္စည်းမဟုတ်၊ မိမိတစ်ဦးတည်းပိုင် ပစ္စည်းများ ဖြစ်သည်ဟု အဆိုပြုကာ ဝရမ်းခွာလိုမှု လျှောက်ထားခဲ့သည်။ သို့ရာတွင် အယူခံတရားလို၏ လျှောက်ထားချက်သည် မအောင်မြင်ခဲ့ချေ။ ထိုကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ အယူခံမှု ပေါ်ပေါက်လာရသည့် ၁၉၆၀ ခုနှစ်၊ တရားမကြီးမူအမှတ် ၅ တွင် အယူခံတရားလို ဒေါ်ကြည်ကြည်က ထိုပစ္စည်းများသည် မိမိပိုင် ပစ္စည်းများဖြစ်ကြောင်း အတိအလင်း ကြေညာပေးပါရန် ပြည်ထောင်စု မြန်မာနိုင်ငံသစ်ထုတ်လုပ်ရေးအဖွဲ့နှင့် ဦးဘချစ်တို့အပေါ်၌ တရားစွဲဆိုခဲ့သည်။ တရားလို ဒေါ်ကြည်ကြည်က ထိုပစ္စည်းများသည် မိမိပိုင် စိန်ရွှေများကို ရောင်းချပြီး ဆောက်လုပ်ခဲ့သည့် ပစ္စည်းများ ဖြစ်ပါသည်။ တရားခံ ဦးဘချစ်သည် မိမိ၏ ခင်ပွန်းဖြစ်၍ ထိုပစ္စည်းများပေါ်တွင် မိမိနှင့် အတူနေထိုင်ခြင်းမျှသာ ဖြစ်ပါသည်။ ထိုပစ္စည်းများ၌ ဦးဘချစ်သည် တစ်စုံတစ်ရာ ပိုင်ရေးပိုင်ခွင့်မရှိပါဟု အဆိုပြုထားသည်။ ထို့ပြင် ဒေါ်ကြည်ကြည်က ထပ်မံအဆိုပြုသည်မှာ ဦးဘချစ်သည် မိမိအား လက်ထပ်စဉ်က မဟာရံရွှေအဖြစ် ပေးရန် ရွှေချိန် ၅၀ သားအတွက် တင်ရှိနေသည့်အကြွေးကြောင့် အခင်းဖြစ် ပစ္စည်းများတွင် ၎င်း၏ ပိုင်ရေးပိုင်ခွင့်များကို စာချုပ်ဖြင့် စွန့်လွှတ်ခဲ့ပြီး ဖြစ်ကြောင်းပင် ဖြစ်သည်။

ပညာရှိ အောက်ရုံးတရားသူကြီးက အခင်းဖြစ်ပစ္စည်းများသည် တရားလို ဒေါ်ကြည်ကြည်ပိုင် ပစ္စည်း မဟုတ်၊ ဦးဘချစ် တစ်ဦးတည်းပိုင် ပစ္စည်းများ ဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည်။ သို့နှင့် တရားလို၏ အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။

ယခုကျွန်ုပ်ရှေ့ရှိအယူခံမှုတွင် အယူခံတရားလိုအတွက်လိုက်ပါဆောင်ရွက်သည့် ပညာရှိဝတ်လုံတော်ရ ရှေ့နေကြီး ဦးမြစိန်က အခင်းဖြစ်ပစ္စည်းများသည် မူလက ဦးဘချစ်ပိုင်သော ပစ္စည်းများ ဖြစ်သည်ဆိုသော အချက်ကို ဝန်ခံထားသည်။ သို့ရာတွင် ဦးဘချစ်နှင့် ဒေါ်ကြည်ကြည်တို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်၍ လက်ထပ်စဉ်က ကတိပြုခဲ့သည့် မဟာရံရွှေ အတွက် ခင်ပွန်းလုပ်သူက ၎င်း၏ ကိုယ်ပိုင်ပစ္စည်းများကို

ဇနီးသည်ထံသို့ လွှဲပြောင်းခွင့် ရှိသည်ဆိုသည့် ဥပဒေအချက်ကိုပညာရှိအောက်ရုံး တရားသူကြီးသည် ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ပါဟု လျှောက်လဲလေသည်။ တစ်နည်းအားဖြင့်ဆိုသော် ဤအမှုတွင် အယူခံတရားလိုသည် သက်သေခံ အမှတ် (၁) အဖြစ် တင်သွင်းထားသည့် စာချုပ်စာတမ်းကို အားကိုးအားထား ပြုထားလေသည်။ ထိုစာချုပ်စာတမ်း၏ ခေါင်းစဉ်မှာ စွန့်လွှတ်စာတမ်းဖြစ်သော်လည်း ၊ထိုစာချုပ်၏သဘောမှာ ပစ္စည်းလွှဲပြောင်းသည့် စာချုပ်ဖြစ်သည်ဟုဦးမြစိန်ကတင်ပြထားသည်။သို့ရာတွင် ထိုအချက်ကို လက်ခံနိုင်ရန် ခဲယဉ်းလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာချုပ်၌ အခင်းဖြစ် ပစ္စည်းများသည် ဦးဘချစ်နှင့် ဒေါ်ကြည်ကြည်တို့နှစ်ဦးပိုင် ပစ္စည်းများ ဖြစ်သည်ဟု ဖော်ပြထားသည်။ ထိုစာချုပ်ပါ အချက်အလက် များနှင့်တကွ ထိုစာချုပ် အတွက် ထမ်းဆောင်ထားသည့် အခွန်တော် တံဆိပ်ခေါင်း အစရှိသည်တို့ကို သေချာစွာ လေ့လာကြည့်ရှု သောအခါ ထိုစာချုပ်သည် တပ်ထားသည့် ခေါင်းစဉ်အတိုင်း ပစ္စည်းမှ စွန့်လွှတ်သည့် စာချုပ်မျှသာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် စာချုပ်တွင် အောက်ပါ အတိုင်း ဖော်ပြထားသည်။

"ဆိုခဲ့သော ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့်အရေပ်ရပ်ကို ယနေ့မှစ၍ ကျွန်တော်၏ ဇနီး ဒေါ်ကြည်ကြည်သို့ ခြွင်းချက်မရှိ စွန့်လွှတ်ပြီးကြောင်း ဤစာတမ်းအရ အောက်တွင် သက်သေလူကြီးများရှေ့ ကိုယ်တိုင်ဝန်ခံ လက်မှတ်ရေးထိုးထားပါသည်"

ထို့ကြောင့် စာချုပ်တစ်နေရာတွင် ဒေါ်ကြည်ကြည်အား ပစ္စည်းများကို လွှဲအပ်ပေးလိုက်ပါသည်ဟု ဖော်ပြထားသော်လည်း စာချုပ်၏ အဓိက သက်သေခံချက်မှာ ထိုပစ္စည်းများကို ဦးဘချစ်က ဒေါ်ကြည်ကြည်သို့ စွန့်လွှတ်ခဲ့သည် ဟူသော အချက်ဖြစ်သည်။ ထိုကဲ့သို့ စွန့်လွှတ်သည့် စာချုပ်များ၌ မည်ကဲ့သို့သော အကျိုးအာနိသင်ရှိကြောင်း စီရင်ထုံး အများအပြား ရှိသည်။ **ဂျာဒူနသ်ပေါ်ဒွါ** နှင့် **ရာင်လာ(လ်)ပေါ်ဒွါ** (၁) အမှုစီရင်ထုံးနှင့် **နရာက်လာ(လ်)** နှင့် **သာသူလာ(လ်)** (၂) အမှုစီရင်ထုံးများကို ကြည့်ပါ။ ဂျာဒူနသ်ပေါ်ဒွါ အမှုစီရင်ထုံးတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"The plaintiff did not execute a conveyance in favour of the defendant, but gave him a deed of relinquishment. Now it is well settled that title to land cannot pass by admission, when a statute requires a deed: See *Weldron* v. *Harvey (5)* and *Mc Ne ily* v. *S.R.O. Coy (6)*. It is obvious therefore that

(၁) အိုင်၊ အယ်(လ်)၊ အာ(ရ်)၊ ၃၃၊ ကာလကတ္တား၊ ၉၆၇-၉၈၃။
(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၁၅ ခုနှစ်၊ ကာလကတ္တား၊ ၈၁၉။

the mere execution of release deed did not create any title in the defendant."

နာရက်လာ(လ်)အမှုစီရင်ထုံးတွင်လည်း အောက်ပါအတိုင်း ပြဆိုထားသည်။

"A release deed does not operate as conveyance: it is at the most an admission by the party executing the release that he has no interest in the property."

ဒီအဲ့(ဖ်)မူလာ ပြုစုသည့် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ၁၉၅၆ ခုနှစ်၊ ၄ ကြိမ်မြောက်တည်းဖြတ်ခြင်း စာမျက်နှာ ၂၅၂ တွင် ဖော်ပြ ထားသည့် အောက်ပါ မှတ်ချက်များကို အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ဝတ်လုံတော်ရ ရှေ့နေကြီးက အလွန်အားကိုးအားထား ပြုထားလေသည်။

"(3) A creditor obtained a money decree against a holder the judgment -debtor transferred his property to his wife for her dower. As a dower debt was due to the wife at the time of the transfer the case was one of preference and the transfer was not voidable."

သို့ရာတွင် အထက်ပါ ရေးသားချက်များ၌ တရားရုံး၏ပစ္စည်းများကို မယားအား လွှဲပြောင်းပေးလိုက်ခြင်း ဖြစ်သည်။ ထို့ပြင် တရားရုံးသည် မိမိ၏ မယားအား မဟာရှွေအတွက် အကြွေးတင်နေကြောင်းမှာလည်း ထင်ရှားပေါ်လွင်သည်။ ယခု ကျွန်ုပ်ရှေ့ရှိ အမှုတွင်မူကား ဦးဘချစ်သည် မိမိ၏ ပစ္စည်းများကို ဥပဒေအရ ခိုင်လုံသည့် စာချုပ်စာတမ်းများဖြင့် မိမိ၏ မယားအား လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်ဟု မယူဆ နိုင်ချေ။ မိမိသည် မိမိမယားအပေါ်၌ မဟာရှွေအတွက် အကြွေးတင်နေ ကြောင်းမှာလည်း လုံလောက်သည့် သက်သေခံအထောက်အထားများ မရရှိခဲ့ချေ။ ထို့ကြောင့် သက်သေခံအမှတ် (ခ) ဖြစ်သည့် စွန့်လွှတ်စာတမ်းအရ အယူခံ တရားလိုသည် ထိုပစ္စည်းများ၏ ပိုင်ရှင် ဖြစ်သည်ဟု ယူဆ နိုင်ရန် အကြောင်း မရှိ ချေ။

အောက်ရုံးအမှုတွဲတွင် တင်သွင်းထားသည့် အယူခံတရားလို၏ အဆိုလွှာကို သေချာစွာ လေ့လာကြည့်ရှုသောအခါ၌ လည်း ၎င်း၏ အဆိုလွှာတွင် ဖော်ပြထား သော အချက်အလက်များသည် ရှေ့နောက်မညီဖြစ်နေသည်ကို တွေ့ရှိရသည်။ ၎င်း၏ ဆိုလွှာအရ အခင်းဖြစ်ပစ္စည်းများသည် မိမိ၏ကိုယ်ပိုင် ရွှေငွေများဖြင့် ဝယ်ယူ ခဲ့သည့် ပစ္စည်းများ ဖြစ်ပါမူ မိမိ၏ ယောကျ်ားက မိမိထံတွင် တင်ရှိနေသည့် မဟာရှွေ အကြွေးအတွက် ထိုပစ္စည်းများတွင်၎င်း၏ ပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်သည် ဟူသောအချက်မှာ အလျဉ်းပင် ယုတ္တိမရှိ။ ထို့ကြောင့် အယူခံတရားလို အားကိုး

၁၉၆၆

ဒေါ်ကြည်ကြည်နှင့် နိုင်ငံတော်သစ်ထုတ်လုပ်ရေးအဖွဲ့၄င်း၏ ကိုယ်စား ချယ်ယာမင်ပါ ၂။

အားထားပြုထားသည့် သက်သေခံအမှတ် (ခ) စာချုပ်သည် လိမ်လည်၍ ပြုလုပ်သည့် စာချုပ်ဖြစ်ကြောင်း ထင်ရှားလေသည်။ မည်သို့ပင် ဖြစ်စေကာမူ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ထိုစာချုပ်အရဖြင့်သာလျှင် ဆိုပါမူ အယူခံတရားလိုသည် အခင်းဖြစ် ပစ္စည်း မျှားခွဲ ပိုင်ဆိုင်ခွင့်ရရှိနိုင်ရန် အကြောင်းမရှိ။ ထိုကြောင့် ယခုကျွန်ုပ် ရှေ့ရှိ အယူခံလွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ငွေကျပ် ၅၀/-တိတိ ဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရှေ့တွင်

ဒေါ်ငွေရင် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

+ ၁၉၆၆

ဩဂုတ်လ ၉ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေ (၁၉၆၂) ပုဒ်မ ၃၅ (၁) (ဂ)အရမူပြစ် ထင်ရှားစီရင်ခြင်း-- ပုဒ်မ ၃၅ (၂) အရ သက်သေခံ ဇာတ်ထုပ်ကား ဖလင်နှင့် သေတ္တာ ကို အစိုးရဘဏ္ဍာတော်အဖြစ်သိမ်းဆည်းခြင်း-- ရုပ်ရှင်ကားပြသခွင့် သက်သေခံလက်မှတ် အသစ် မလဲယူခြင်း-- မသိနားမလည်၍ တစ်ကြိမ်တစ်ခါ ကျူးလွန်ခြင်း-- အစိုးရ ချမှတ်သော မူဝါဒ လမ်းစဉ်ကို ဖျက်လိုဖျက်ဆီး ပြုလုပ်ကာဆန့်ကျင်ခြင်း ဟုတ်မဟုတ်--အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရန် အမိန့်မှာပြင်းထန်ခြင်း ဖြစ်မဖြစ်။

ဆုံးဖြတ်ချက် ။ ။လျှောက်သူသည် ရုပ်ရှင်ကားပြသခွင့် သက်သေခံလက်မှတ်အသစ်ကို မလဲယူဘဲ မြို့တစ်မြို့တည်း၌သာလျှင် ပြသသည်။ မသိနားမလည်၍ တစ်ကြိမ်တစ်ခါ ကျူးလွန်မိကြောင်း ဝန်ခံထားရာ လျှောက်သူ၏ အပြုအမူမှာ အစိုးရ၏ မူဝါဒလမ်းစဉ်များကို ထိခိုက်စရာ အခြားလက္ခဏာများ ရှိနိုင်မည်မဟုတ်သည့်အပြင် အစိုးရက ချမှတ်သော မူဝါဒလမ်းစဉ်တို့ကို ဖျက်လိုဖျက်ဆီး ပြုလုပ်ကာ ဆန့်ကျင်ခြင်း မဟုတ်ဟု ယူဆသည်။ လျှောက်သူ၏ ပေါ့လျော့မှုကြောင့် ရုပ်ရှင်ကားပြသခွင့် သက်သေခံလက်မှတ်အသစ်ကို မလဲယူမိခြင်း၏ အပြုအမူနှင့် ၁,၅၀,၀၀၀ ကျပ်တန် ဇာတ်ထုပ်ကားကို သိမ်းဆည်းစေဟူသော ချမှတ်သည့် အပြစ်ဒဏ်တို့ကို နှိုင်းယှဉ်လျှင် အပြစ်ဒဏ်မှာ အလွန်အလွန် ပြင်းထန်သည်။ သို့ဖြစ်၍ အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရန် အမိန့်ကို ပယ်ဖျက်လိုက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက် ။ ။ ဦးထွန်းအောင် (၂)။
ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက် ။ ။ အစိုးရရှေ့နေကြီး ဦးခင်မောင်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၀ (ခ)။

+ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၆၈၇ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် နေ့စွဲပါ ရန်ကုန်မြို့ (၁) ရာဘက် (အထူး)ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

တရားသူကြီး ဦးချစ် ။ ။လျှောက်ထားသူ ဒေါ်ငွေရင်အပေါ် ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေပုဒ်မ ၃၅ (၁) (ဂ) အရ အပြစ်ဒဏ် ထိုက်သင့်သည့် ပြစ်မှုကို ကျူးလွန်သည်ဟု တွေ့ရှိရသဖြင့် ဒဏ်ငွေ ၂၀၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်ပါက အလုပ်နှင့် ထောင်ဒဏ် ၁ လ ကျခံစေ။ ၎င်းပြင် ၎င်းဥပဒေပုဒ်မ ၃၅ (၂) အရ သက်သေခံ လူမော်ဇာတ်ထုပ်ကားဖလင်နှင့် သေတ္တာကို အစိုးရဘဏ္ဍာတော်အဖြစ်သိမ်းဆည်းစေဟု ရန်ကုန်မြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီး (အထူး) ရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၆၀၇ တွင် အမိန့်ချမှတ်ခဲ့သည်။

ထိုအမှုတွင် လျှောက်ထားသူ (မူလတရားခံ) ဒေါ်ငွေရင်က ၁၉၆၂ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေပုဒ်မ ၁၀ (၃) တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ မဆောင်ရွက်မိပါဟု ဝန်ခံထားသည်။ အချင်းဖြစ် လူမော်ရုပ်ရှင်ဇာတ်ထုပ်ဖလင်ကို ပြသရန် မူလက ပြခွင့်လက်မှတ် ရရှိပြန်သော်ငြားလည်း ယင်းပုဒ်မအရ ၁၉၆၃ ခု၊ မတ်လ၊ ၃၁ ရက်နေ့တွင် ရုပ်ရှင်ကားပြခွင့် သက်သေခံလက်မှတ်သည် အတည်ဖြစ်ခြင်းမရှိတော့ပဲ သက်တမ်းကုန်ဆုံးသွားသည်။ သို့သော် လျှောက်ထားသူ ဒေါ်ငွေရင်က ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေပြဋ္ဌာန်းခြင်းကို မသိရှိသဖြင့် အချင်းဖြစ် ရုပ်ရှင်ကားနှင့် ပတ်သက်၍ နောက်ထပ်ပြသခွင့် သက်သေခံလက်မှတ် မယူမိပါဟု ဝန်ခံသွားသည်။ ထို့နောက်အဆိုပါ ရုပ်ရှင်ဇာတ်ကားကို စစ်တွေခရိုင်၊ မင်းပြားမြို့နယ်တွင် ၁၉၆၅ ခု၊ မေလ၊ ၁၆ ရက်နေ့မှ ၁၉၆၅ ခု၊ မေလ ၁၉ ရက်နေ့အထိသာလျှင် ပြသခဲ့ဖူးပါသည်။ ယင်းသို့ ပြသခွင့် လက်မှတ်မရှိဘဲ ပြသခဲ့ခြင်းကြောင့် အဆိုပါ ပုဒ်မနှင့် တရားစွဲဆိုခံရလေသည်။

လျှောက်ထားသူ ဒေါ်ငွေရင်က မိမိမသိ နားမလည်ဘဲ ပေါ့ဆမှုကြောင့် ဥပဒေပါ ပြဋ္ဌာန်းချက်ကို မလိုက်နာမိဘဲ အဆိုပါ ရုပ်ရှင်ကား ပြသခွင့် သက်သေခံလက်မှတ် မယူမိခြင်း ဖြစ်ပါသည်။ အစိုးရက ရုပ်ရှင်လုပ်ငန်းနှင့် ချမှတ်ထားသော မူဝါဒတို့နှင့် ဆန့်ကျင်၍ ဖျက်လိုဖျက်ဆီးကြောင်း ပြုလုပ်ခြင်းမျိုးမဟုတ်ပါ။ သဘောရိုးနှင့် မေ့လျော့ပြီး ရုပ်ရှင်ကား ပြသခွင့် သက်သေခံလက်မှတ် မယူမိခြင်းသာ ဖြစ်ပါသည်။ ပြသရာ၌လည်း မင်းပြားမြို့၌သာလျှင် ပြသခဲ့ပါသည်။ ထို့ကြောင့် မိမိမှာ ယင်းကားပြသခွင့် သက်သေခံလက်မှတ် မယူမိသည့်အတွက် အပြစ်ရှိပါသည်ဟု မူလရုံးတွင် ဝန်ခံသွားသည်။ သို့ဝန်ခံသည့်အတိုင်း မူလရုံးတရားသူကြီးက ပုဒ်မ ၃၅ (၁) (ဂ) အရ လျှောက်ထားသူ ဒေါ်ငွေရင်အပေါ် ဒဏ်ငွေ ၂၀၀/-ကျပ် တပ်ရိုက်ခြင်းကို မည်သို့မျှ စောဒက မတက်လိုသော်လည်း ၎င်းပုဒ်မခွဲ (၂) အရ လူမော်ရုပ်ရှင်ဇာတ်ကားနှင့် သေတ္တာတို့ကို အစိုးရဘဏ္ဍာတော် အဖြစ် သိမ်းယူစေရန် နောက်ထပ် ညွှန်ကြားသော အမိန့် မှာ မိမိ ပြုမူခဲ့ ပြီးသော ပြစ်မှု ကလေး နှင့် စာလျှင် အလွန်မှ ပြင်းထန်လှပါသည် ဆို၍

ရန်ကုန်မြို့ ရာဘက်စက်ရှင်တရားသူကြီးရုံး ၁၉၆၅ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် (၁) တွင် ယင်းအမိန့်ကို ပယ်ဖျက်ပေးပါရန် ပြင်ဆင်လွှာ တင်သွင်းခဲ့သည်။

ပညာရှိ ရာဘက်စက်ရှင် တရားသူကြီးသည် အမှု အသွားအလာတို့ကို သေချာကျနစွာ ဝေဖန်သုံးသပ်ပြီးလျှင် လျှောက်ထားသူ ဒေါ်ငွေရင်၏ ပေါ့လျော့မှုကြောင့် အချင်းဖြစ် ဇာတ်ထုပ်ကားနှင့် ပတ်သက်၍ ပြသခွင့် သက်သေခံလက်မှတ် မယူမိခဲ့ရုံမျှနှင့် ၎င်းကို အပြစ်ပေးရာ၌ မူလရုံးတရားသူကြီးသည် အချင်းဖြစ် ဇာတ်ထုပ်ကားနှင့် သေတ္တာတို့ကို အစိုးရ ဘဏ္ဍာတော် အဖြစ် သိမ်းဆည်းစေရန် ချမှတ်သောအမိန့်မှာ ပြင်းထန်လွန်းလှပါသည်ဟု ယူဆပြီးလျှင် ထိုအမိန့်ကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ ထောက်ခံတင်ဆက်ထားသည်။

ကျွန်ုပ်သည် လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး ဦးထွန်းအောင် (၂) နှင့် လျှောက်ထားခံရသူ ပြည်ထောင်စုမြန်မာနိုင်ငံ အတွက် ပညာရှိအစိုးရရှေ့နေကြီး ဦးခင်မောင်တို့ကို ကြားနာသည်။

အထက်တွင် မြွက်ဟခဲ့သည့်အတိုင်း လျှောက်ထားသူ ဒေါ်ငွေရင်က အချင်းဖြစ်ကား ပြသရေးနှင့် ပတ်သက်၍ သက်သေခံလက်မှတ် မယူမိခဲ့ပါဟု ဝန်ခံသည်။ သက်သေခံလက်မှတ် မပါဘဲ မင်းပြားမြို့ တစ်မြို့တည်း၌သာလျှင် ပြသခဲ့သည်။ အခြားမြို့များတွင် လှည့်လည်၍ အကြိမ်ကြိမ်အဖန်ဖန် သက်သေခံလက်မှတ် မရှိဘဲ ပြသခဲ့ခြင်းမျိုး မပြုလုပ်ခဲ့ပေ။ လျှောက်ထားသူ ဒေါ်ငွေရင်ကလည်း သက်သေခံလက်မှတ် မယူမိခြင်းမှာ မသိနားမလည်၍ ဖြစ်သည့် အတွက်ကြောင့် မိမိ၏ ပေါ့ဆမှုကို ဝန်ခံလေသည်။ အစိုးရက ချမှတ်သော မူဝါဒလမ်းစဉ်တို့ကို ဖျက်လိုဖျက်ဆီးပြုလုပ်ကာ ဆန့်ကျင်ခြင်း မဟုတ်ပါဟု ယူဆသည်။ အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းသော လူမော် ရုပ်ရှင်ဇာတ်ကားမှာ တန်ဖိုးငွေ ၁,၅၀,၀၀၀ ကျပ် ရှိသည်ဟု သိရှိရသည်။ မသိ နားမလည်၍ တစ်ကြိမ်တစ်ခါ ကျူးလွန်မိသော ပြစ်မှုအတွက် ကြီးကျယ်လှ၍ အစိုးရ၏ မူဝါဒလမ်းစဉ်များကို ထိခိုက်စရာ အခြားလက္ခဏာများ ရှိနိုင်မည် မဟုတ်ဟုလည်း ယူဆသည်။ လျှောက်ထားသူ ဒေါ်ငွေရင်၏ ပေါ့လျော့မှုကြောင့် ရုပ်ရှင်ကားပြသခွင့် သက်သေခံလက်မှတ်အသစ်ကို မလဲယူခဲ့မိခြင်း၏ အပြုအမူနှင့် ယခုကဲ့သို့ ငွေ ၁,၅၀,၀၀၀ ကျပ်တန် ဇာတ်ထုပ်ကားကို သိမ်းဆည်းစေဟူသော ချမှတ်သည့်အပြစ်ဒဏ်နှင့် နှိုင်းယှဉ်လျှင် အပြစ်ဒဏ်မှာ အလွန်အလွန် ပြင်းထန်သည့်အပြင် လျှောက်ထား သူ ဒေါ်ငွေရင်မှာ မိမိ၌ ရှိသမျှသော စီးပွားရေးများကို ထိုဇာတ်ကားတွင် ထည့်ထားပြီး ဖြစ်သဖြင့် ထို ဇာတ်ကားကို ၎င်းအား ပြန်မပေးဘဲ အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူလိုက်လျှင် ၎င်း၏ စီးပွားရေးမှာ မပြောပလောက်အောင် ထိခိုက်မည့်အပြင် နောက်ထပ်၍ လူ

မွေးလူတောင်ပင် မပြောင်မြောက်စရာ အကြောင်းရှိသဖြင့် ပညာရှိရာဘက် စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို အတည်ပြုလက်ခံသည်။

ပညာရှိ အစိုးရရှေ့နေကြီးကလည်း အဆိုပါ ရုပ်ရှင်ဇာတ်ကားထုပ်ကို အစိုးရဘာဏ္ဍာတော်အဖြစ် သိမ်းဆည်းခြင်းမှာ ပြင်းထန်သော အမိန့်တစ်ရပ် ဖြစ်ပါသည်ဟု ဝန်ခံသွားသည်။

အထက်တွင် ဖော်ပြသော အကြောင်းအရာများကြောင့် လျှောက်ထားသူ ဒေါ်ငွေရင်အပေါ် မူလက ချမှတ်ထားသော ပဋ္ဌမပိုင်းဖြစ်သည့် ဒဏ်ငွေ ၂၀၀ ကျပ်နှင့်ပင် သင့်တော်လောက်ပြီဟု ယူဆ၍ ချမှတ်ထားသော ဒုတိယအပိုင်းဖြစ်သည့် အဆိုပါ လူမော်ဇာတ်ကားထုပ်နှင့် သေတ္တာတို့ကို အစိုးရဘာဏ္ဍာတော်အဖြစ် သိမ်းဆည်းရန် အမိန့်ကို ပယ်ဖျက်လိုက်သည်။ အဆိုပါ ရုပ်ရှင်ဇာတ်ကားနှင့် သေတ္တာတို့ကို လျှောက်ထားသူ ဒေါ်ငွေရင်အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးခွန်ရွှေတင်

ဒေါ်တင်လှ (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ရှိတ်(ခ်)ဒါဝတ် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဩဂုတ်လ ၃ ရက်။

အိမ်လခကျန်ငွေ ရလိုကြောင်း စွဲဆိုမှု—စမော်ကော်မှူ ဖြစ်ခြင်း—အမိန့်တရပ် ချမှတ်ခြင်း—နောက်တဖန် အမိန့်တရပ်ချမှတ်ပြန်ခြင်း —မူလ အမိန့်ကို ပြင်ဆင်ထားသော အမိန့်ဖြစ်ခြင်း—မိမိအမိန့်ကို မိမိမပြင်ဆင်နိုင် —ပြင်ဆင်လိုက ရန်ကုန်မြို့တော် တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၅ အရ တရားရုံးချုပ်သို့ တင်သွင်းရခြင်း —စမော်ကော်မှူ စစ်ဆေးရာ၌ စမော်ကော်မှူ စစ်ဆေးရန်ပြဋ္ဌာန်းထားသော ဥပဒေနည်းကျင့်ထုံးဖျား အရသာ ပြုလုပ်ရခြင်း။

ဆုံးဖြတ်ချက်။ ။အိမ်လခငွေ ၃၃၀ ကျပ်ကို ရလိုမှုစွဲဆိုသော အမှုမှာ စမော်ကော်မှုဖြစ်သဖြင့် အောက်ရုံးတရားသူကြီးသည် အမှုကို မည်သို့မည်ပုံ သုံးသပ်မည်ဆိုသည့် အကြောင်းနှင့် ပတ်သက်၍ အမိန့်တရပ်ချမှတ်သည်။ ထိုသို့ချမှတ်သော အမိန့်အတိုင်း မဆောင်ရွက်ဘဲ နောက်ထပ်တဖန် အမိန့်တရပ် ချမှတ်ပြန်သည်။ ဆိုအမိန့်သည် မူလအမိန့်ကိုပြင်ဆင်သော အမိန့်ဖြစ်ရကား မိမိအမိန့်ကို မိမိသည် မပြင်ဆင်နိုင်။ မိမိအမိန့်ကို ပြင်ဆင်လိုပါက တရားရုံးချုပ်သို့ ရန်ကုန်မြို့တော် တရားမရုံး အက်ဥပဒေပုဒ်မ ၂၅ အရတင်သွင်းရန်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။စမော်ကော်မှုဖြစ်သည်နှင့်လျော်စွာ အမှုစစ်ဆေးရာ၌ စမော်ကော်မှု စစ်ဆေးရန်ပြဋ္ဌာန်းထားသော ဥပဒေနည်းကျင့်ထုံးဖျား အရသာလျှင် ပြုလုပ်ရပေမည်။ တရားမကျင့်ထုံးဥာမိန့် ၅၃ (ရန်ကုန်မြို့တော် တရားမရုံးနည်းဥပဒေ)၊နည်း ၉၄ နှင့်အမိန့် ၅၀၊နည်း ၁(က)(iii) အရဆောင်ရွက်ရမည်ဖြစ်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။မစ္စတာ ကို၊ အင်၊ ဘနာဂျီ။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။မစ္စတာ စီ၊ အေ၊ ရူးမား။

တရားသူကြီး ဦးခွန်။ ။ လျှောက်ထားသူ (တရားလို) ဒေါ်တင်လှသည် ၊ အချင်းဖြစ် အိမ်၏ အိမ်ရှင်ဖြစ်၍ ၊လျှောက်ထားခံရသူ (တရားခံ) ရှိတ်(ခ်)ဒါဝတ်သည်၊ ထို

* ၁၉၆၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၄။

† ၁၉၆၄ ခုနှစ်၊ တရားမစမော်ကော်မှုအမှတ် ၃၉၉ တွင် ရန်ကုန်မြို့တော် တရားမရုံး တတိယ တရားသူကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

အိမ်အောက်ထပ်အခန်းတွင် ငှားနေသော အိမ်ငှားဖြစ်သည်။ အငြင်းမထွက်။ ထိုအခန်းငါးခမှာတလ ငွေ ၅၅ ဖြစ်သည်မှာလည်း အငြင်းမထွက်။ ထိုအိမ်သည် ၁၉၆၁ ခုနှစ်လောက်က ဆောက်လုပ်သော အိမ်ဖြစ်သဖြင့်၊ မြို့ ပြဆိုင်ရာ ငါးရမ်းခကြီးကြပ် ရေးအက်ဥပဒေနှင့် အကျုံးဝင်ခြင်းနှင့် ပတ်သက်၍လည်း အငြင်းမထွက်။ အချင်းဖြစ်အခန်းခဖြစ်သော ၁၉၆၄ ခု ဧပြီလ ၁ ရက်နေ့မှ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ တရားစွဲသည့်နေ့အထိ ၆ လအတွက် စုစုပေါင်း အိမ်လခ ကျန်ငွေ ၃၃၀/- ကိုရလိုကြောင်းဖြင့်၊ ဒေါ်တင်လှက ရှိတ်(ခ်)ဒါဝတ်အပေါ် တရားစွဲဆိုရာ၊ ရန်ကုန်မြို့တော် တရားမ တရားရုံး၊ ၁၉၆၄ခု၊ စမော်ကော်မူအမှတ် ၃၉၉ တွင် လက်ခံလေသည်။ ရှိတ်(ခ်)ဒါဝတ်က အိမ်လခအကြွေးကျန်သည်ကို ဝန်ခံသည်။ သို့ရာတွင် ၎င်းသည် အိမ်ရှင်ဒေါ်တင်လှအား၊ အိမ်ငှါးစဉ်အခါက၊ စောင်ငွေ ၅,၅၀၀/- နှင့် အိမ်ခန်းခစရံငွေ ၅၅/- ပေးထားပြီးဖြစ်သဖြင့်၊ မိမိအိမ်လခကျန်ရှိသော ငွေများကို၊ ထိုပေးထားသောငွေများမှ နှတ်ယူရန်ကတိရှိခဲ့သည်ဟု ထုချေသည်။ ဒေါ်တင်လှက စောင်ငွေရရှိသည်နှင့် ပတ်သက်၍ ငြင်းဆိုသည်။ အခန်းခစရံငွေ ၅၅/- ရရှိသည်ကို မငြင်းဆိုပေ။

ဤအမှုကို မည်သို့မည်ပုံသုံးသပ်ရန် ရှိကြောင်းနှင့် ပတ်သက်၍၊ အောက်ရုံးတရားသူကြီးက ၁၉၆၅ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့စွဲဖြင့် အမိန့်တစ်ရပ် ချမှတ်ခဲ့သည်။ ထိုအမိန့်တွင် ဤအမှုသည် အိမ်လခလက်ကျန်ငွေကို ရလိုကြောင်းစွဲသော အမှုဖြစ်သည်။ တရားခံရှိတ်(ခ်)ဒါဝတ်က ချေပရာတွင် စောင်ငွေ ၅,၅၀၀ ပေးထားပြီးဖြစ်သဖြင့် မိမိအပေါ် အိမ်လခကျန်ငွေကို စောင်ငွေမှ အိမ်ရှင်က နှိမ်ယူရန်ဖြစ်သည်။ မိမိသည် ထိုအိမ်မှပြောင်းရွှေ့သွားမည် ဖြစ်ကြောင်းကို အိမ်ရှင် အားအကြောင်း ကြားပြီးဖြစ်သဖြင့် အိမ်ရှင် ဒေါ်တင်လှက၊ မိမိလက်ကျန် အိမ်လခငွေများကို မိမိပေးထားသည့် စောင်ငွေများမှ နှတ်ပြီးလျှင် ကျန်ရှိသော စောင်ငွေများကို မိမိအား ပြန်ပေးရန်ရှိသည်။ ထိုကျန်ရှိသော စောင်ငွေကို တောင်းဆိုသော်ငြားလည်း အိမ်ရှင် ဒေါ်တင်လှက မပေးဘဲ နေသဖြင့် လက်ရှိအခန်းမှ မိမိသည် ထွက်မသွားနိုင်သေးပေ၊ ဤကဲ့သို့ စောင်ငွေနှင့် ခုနှိမ်ပြီး လက်ကျန်ရှိသောငွေကို အိမ်ရှင်ထံမှ ပြန်တောင်း ယူခြင်းနှင့် ပတ်သက်၍ ကျရှိသင့်သော တံဆိပ်တော်ခေါင်းကိုလည်း ပေးဆောင်ခြင်း မပြုသည့်အပြင်၊ ရုံးတော်၌ ပြန်လှန် တောင်းဆိုခြင်း လည်းမပြုသဖြင့် ၎င်း၏ ချေပချက်များ ကိုထည့် မစဉ်းစားဘဲ ဆက်လက်၍ အမှုကို စစ်ဆေးကြားနာရန် ဆောင်ရွက် နေမည် ဟုပါရှိသည်။ ဤကဲ့သို့ အမိန့်ချမှတ်ပြီးနောက်၊ တဖန်အောက်ရုံး တရားသူကြီးက ၁၉၆၅ ခုနှစ်၊ နိဝင်ဘာလ ၂၂ ရက်နေ့တွင် အမိန့်တရပ် ချမှတ်ပြန်သည်။ ထို အမိန့်တွင် တရားခံ၏ ချေပလွှာ ၅ မှ ၁၀ တွင်ပါရှိသော အချက်အလက်များ ကို

သုံးသပ်ရန်လိုသဖြင့် ယခင်ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်၍ အမှုစစ်ဆေးရန် ကောက်ချက် ၃ ခုကို ပြုလုပ်ခဲ့လေသည်။

၁၉၆၅ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်တွင် ဤအမှုမှာ ရိုးရိုး စမော်ကော်မှုဖြစ်သည်။ အိမ်လခကျန်ငွေ ၃၃၀ ကိုတောင်းဆိုသော အမှုဖြစ်သည်။ တရားခံက တင်ပြသော အကြောင်းခြင်းရာများကို စဉ်းစားရန် အကြောင်းမရှိဟူ၍ ဖေါ်ပြထားသည်။ သို့ရာတွင်၁၉၆၅ ခု၊ နိဝင်ဘာလ ၂၂ ရက်နေ့တွင် ချမှတ်သောအမိန့်၌ ပဌမ အမိန့်ကို ဆန့်ကျင်ဘက်ပြုလုပ်ပြီး ပြင်ဆင်ပြီးသကာလ၊ တရားခံတင်ပြသော ထုချေချက်များနှင့် အညီ၊ ဤစမော်ကော်မှုကို စစ်ဆေးရန် ကောက်ချက် ၃ ခုထုတ်လိုက်လေသည်။

ထိုဒုတိယ အမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူ (တရားလို) ဒေါ်တင်လှက၊ ရန်ကုန်မြို့တော် တရားမရုံး အက်ဥပဒေပုဒ်မ ၂၅ အရ၊ ဤရုံးသို့တရားမ ပြင်ဆင်လွှာ တင်သွင်းသည်။

ဤအမှုသည် အိမ်လခငွေ ၃၃၀ ကိုရလိုမှု စွဲဆိုသောအမှုဖြစ်သည့် စမော်ကော်မှု ဖြစ်သည်၊ အောက်ရုံးတရားသူကြီးသည် ဤအမှုကို မည်သို့မည်ပုံ သုံးသပ်မည် ဆိုသည့်အကြောင်းနှင့် ပတ်သက်၍၊ ၁၉၆၅ ခု၊ အောက်တိုဘာ ၂၉ ရက်နေ့က အမိန့်တရပ်ချမှတ်ပြီးဖြစ်သည်။ ထိုသို့ ချမှတ်သော အမိန့်အတိုင်းမဆောင်ရွက်ဘဲ၊ တဖန် ၁၉၆၅ ခု၊ နိဝင်ဘာလ ၂၂ ရက်နေ့တွင် အမိန့်တရပ် ချမှတ်ပြန်သည်။ ထို အမိန့်သည် မူလအမိန့်ကိုပြင်ဆင်သော အမိန့်ဖြစ်သည်။ မိမိအမိန့်ကို မိမိသည် မပြင်ဆင်နိုင် ၊ အောက်ရုံးတရားသူကြီးသည် ပြင်ဆင်သောရုံးမဟုတ်၊ ပြင်ဆင်လိုပါက တရားရုံးချုပ်သို့ ဆိုခဲ့ပြီးသော အက်ဥပဒေ ပုဒ်မ ၂၅ အရ၊ တင်သွင်းရန်ဖြစ်သည်။ ထိုသို့ မပြုမူဘဲ၊ နောက်ထပ်အမိန့်တရပ် ချမှတ်ခြင်းမှာ အောက်ရုံးတရားသူကြီးသည် ဥပဒေအရ၊ လွန်စွာမှားယွင်း ချွတ်ချော်ပြီး မိမိ၌ပေးထားသော စီရင်ပိုင်ခွင့် အာဏာကို မတရားဆောင်ရွက်ခြင်းမျိုး ဖြစ်နေသည်။

ထို့ပြင်၊ ဤအမှုသည် စမော်ကော်မှုဖြစ်သည်။ ဤသို့ စမော်ကော်မှုဖြစ်သည် နှင့် လျှော်ညီစွာ အမှုစစ်ဆေးရာ၌ စမော်ကော် မှုစစ်ဆေးရန် ပြဋ္ဌာန်းထားသော ဥပဒေ နည်းကျင့်ထုံးများအရ သာလျှင်ပြုလုပ်ရပေမည်။ တရားမကျင့်ထုံး အမိန့် ဥပဒေ ၅၃ (ရန်ကုန်မြို့တော်၊ တရားမတရားရုံး နည်းဥပဒေ) နည်း ၉၄ နှင့် အမိန့် ၅၀ နည်း ၁ (က) (iii)အရ၊ ဆောင်ရွက်ရမည် ဖြစ်သည်။ ယခုပြင်ဆင်မှုတင်သော အောက်ရုံးအမိန့်မှာ ဆိုခဲ့ပြီးသော အမိန့်များနှင့် နည်းများကို ဆန့်ကျင့်၍ ပြုလုပ်ထားသည်ဟု တွေ့ရှိသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းမှာအောက်ရုံးတရားသူကြီးသည်

၈၆၈

၁၉၆၆

ဒေါ်တင်လှ
နှင့်
ရှိတ်(ခ်)ဒါဝတ်း

ဥပဒေအရ ၊ လွန်စွာများယွင်း ချွတ်ချော်ပြီး မိမိ၏ စီရင်ပိုင်ခွင့် အာဏာကို မတရား သုံးစွဲကာ ပြုလုပ်ထားခြင်းမျိုး ဖြစ်သဖြင့်၊ လက်ခံ နိုင်ဘွယ်ရာ အကြောင်းမရှိပေ၊ ထို့ကြောင့် အောက်ရုံးက ၁၉၆၅ ခု၊ နိဝင်ဘာလ ၂၂ ရက်နေ့စွဲဖြင့် ချမှတ်ထားသော အမိန့်ကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံး ရှေ့နေကြီးစရိတ်မှာကျပ် ၃၄ ဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

ဒေါ်တင့်(ခေါ်)ဒေါ်စိန်တင် ပါ ၂ (အယူခံတရားလို) † ၁၉၆၆ ဇူလိုင်လ ၁၅ ရက်။

နှင့်

ဦးဘသောင်းပါ ၆ (အယူခံတရားခံ)*

အမွေစုကို ရုံးတော်မှ အုပ်ထိန်းပြီး ခွဲဝေပေးရန် တရားစွဲဆိုမှု — အချင်းဖြစ်ပစ္စည်းကို မူလက ကွယ်လွန်သူပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ကြောင်း ဝန်ခံခြင်း — ကွယ်လွန်သူ ပိုင်ဆိုင်ခြင်း မရှိဟု ငြင်းဆိုပြန်ခြင်း — ငြင်းဆိုသူက ထင်ရှားအောင် ပြသရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကွယ်လွန်သူအဖို့၏ အမွေပစ္စည်းမှ အမွေစုကိုခွဲဝေပေးရန် တရားစွဲဆိုသော အမှုမျိုးတွင် အချင်းဖြစ်ပစ္စည်းမှာ မူလက ကွယ်လွန်သူ ပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ကြောင်းဝန်ခံထားပါက၊ ထိုပစ္စည်းမှာ ကွယ်လွန်သူ ပိုင်ဆိုင်ခြင်းမရှိတော့ကြောင်းကို ငြင်းပါမူ ငြင်းဆိုသူကသာ ထင်ရှားအောင်ပြသရန်တာဝန်ရှိပေသည်။

အယူခံတရားလိုအတွက်။ ။ဦးအောင်မျိုး။

အယူခံတရားခံအတွက်။ ။ဦးဘအုန်း။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ၊ ဟသ်ာတမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင်၊ ပဌမအယူခံတရားခံဖြစ်သူ ဦးဘသောင်းက၊ အယူခံတရားလိုများနှင့် ကျန်အယူခံတရားခံများ အပေါ်တွင်၊ ၎င်း၏ အဖို့း ကွယ်လွန်သူ ဦးဖိုးရ၊ ဟသ်ာတမြို့၊ တာကလေးရပ်ကွက်ရှိ မြေတကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်တလုံးတွင်၊ ၎င်းရရှိရှိသည့် အမွေစုကို ရုံးတော်မှ အုပ်ထိန်းပြီး ခွဲဝေပေးရန် တရားစွဲဆိုသည့်အတိုင်း၊ ရုံးမှပဏာမ ဒီကရီ ချမှတ်ပေးလိုက်သည်ကို အမှတ် ၆ နှင့် ၇ တရားခံများဖြစ်သူ အယူခံတရားလို ဒေါ်တင့် (ခေါ်) ဒေါ်စိန်တင်နှင့် သမီး မမြင့်မြင့်တို့က မကျေနပ်၍ တင်သွင်းသည့် အယူခံမှုဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမပဌမ အယူခံမှုအမှတ် ၅၁။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် ဟသ်ာတမြို့၊ ခရိုင်တရားမတရားသူကြီး၏ ရုံးတော်မှ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အမှုတွင် တရားလို၏ စွဲလွှာအရ၊ အချင်းဖြစ်သည့် မြေနှင့်အိမ်ကို ကွယ်လွန်သူ ဦးဖိုးရန့်ဇနီး ဒေါ်မျှားတို့ ပိုင်ဆိုင်၍၊ ဒေါ်မျှားမှာ ဦးဖိုးရ မသေဆုံးမီ အနီစွာရောက်ကြောင်း၊ ဦးဖိုးရမှာမူ ၁၉၅၄ ခုနှစ်တွင် သေဆုံးကြောင်း၊ ဦးဖိုးရ၌ သားသမီး လေးယောက်ရှိရာ၊ ၄င်းတို့မှာ (၁) ဦးကံစ၊ (၂) ဒေါ်အေးမေ၊ (၃) ဒေါ်တင်အိနှင့် (၄) ဦးထွန်းရင်တို့ ဖြစ်လေသည်။ တရားလို ဦးဘသောင်းမှာ ဦးကံစ၏သားဖြစ်၍ အမှတ် (၁) တရားခံ မခင်စိန်မှာ ဒေါ်အေးမေ၏ သမီး ဖြစ်လေသည်။ အမှတ် (၂) မှ (၅) တရားခံများ ဖြစ်ကြသည့် မခင်ဆွေ၊ မတင်ရွှေ၊ မမြင့်နှင့် ကိုဝင်းတို့မှာ ဒေါ်တင့်၏ သားသမီးများ ဖြစ်ကြ၍၊ အမှတ် (၆) တရားခံ ဒေါ်တင့် (ခေါ်) ဒေါ်စိန်တင်မှာ ဦးထွန်းရင်၏ ဇနီး ဖြစ်သည်။ မမြင့်မြင့်မှာ ၄င်းတို့၏သမီး ဖြစ်လေသည်။ ဦးဖိုးရ၏ သားသမီးများအနက်၊ ဦးကံစသည် ဦးဖိုးရသေဆုံးပြီး ၇ နှစ်ခန့်အကြာ ၁၉၆၁ ခုနှစ်တွင်မှ သေဆုံးသဖြင့်၊ ၄င်းတို့၏သား တရားလို ဦးဘသောင်းမှာ ကွယ်လွန်သူ ဦးဖိုးရ၏ အမွေမှီသော မြေဖြစ်၍၊ ဦးထွန်းရင်မှာမူ ဦးဖိုးရသေဆုံးပြီးနောက်မှ သေဆုံးသဖြင့်၊ အမှတ် (၇)တရားခံ မမြင့်မြင့်မှာ ဦးဖိုးရ၏ အမွေမှီသော မြေးတစ်ယောက်ဖြစ်သည်။ ဒေါ်အေးမေနှင့် ဒေါ်တင်အိတို့မှာမူ ဦးဖိုးရမသေဆုံးမီ ကွယ်လွန်သွားကြသဖြင့်၊ အမှတ် (၁) မှ (၅)တရားခံများဖြစ်သူ မခင်စိန်၊ မခင်ဆွေ၊ မတင်ရွှေ၊ မမြင့်နှင့် ကိုဝင်းတို့မှာ ဦးဖိုးရ၏ အမွေမမှီသော မြေးများဖြစ်ကြသည်။ တရားလိုအဆိုအရ ဦးဖိုးရသည် မသေဆုံးမီ နှစ်နှစ် ခန့်ဖြစ်သော ၁၉၅၂ ခုနှစ်တွင် အချင်းဖြစ်မြေပေါ်ရှိအိမ်ဟောင်းကို ပြန်လည်ဆောက်လုပ်ရာ၊ အိမ်ဟောင်းမှ ပစ္စည်းများနှင့် ပစ္စည်းအသစ် အနည်းငယ်ထည့်သွင်းဆောက်လုပ်ပြီး၊ ထိုအိမ်တွင်ပင် နေထိုင်သေဆုံးခဲ့ကြောင်း၊ ၎င်းအိမ်တွင် ဦးဖိုးရအား ကြည့်ရှုစောင့်ရှောက်ရန် ဦးထွန်းရင်၏ ပထမ ဇနီးဖြစ်သူ တရားခံ ဒေါ်တင့် (ခေါ်) ဒေါ်စိန်တင်နှင့် သမီး မမြင့်မြင့်တို့အတူ နေထိုင်ကြကြောင်း၊ ထို့အတွက် အချင်းဖြစ် မြေနှင့်အိမ်မှာ ကွယ်လွန်သူဦးဖိုးရပိုင် ပစ္စည်းဖြစ်သဖြင့် ထိုပစ္စည်းမှ တရားလို ဦးဘသောင်းက ၎င်းမှာ ဦးဖိုးရ၏ အမွေမှီသော မြေးဖြစ်သည့်အတိုင်း၊ မိမိ၏ဝေစုဖြစ်သည့် ၇/၁၆ ကို ရရှိရန် တရားစွဲဆိုရကြောင်း ဖော်ပြထားသည်။ ထိုစွဲဆိုလွှာနှင့် ပတ်သက်၍ (၁)မှ (၅) အထိတရားခံများ ဖြစ်သူ မခင်စိန်၊ မခင်ဆွေ၊ မတင်ရွှေ၊ မမြင့်နှင့် မောင်ဝင်းတို့က တရားလိုစွဲဆိုသည့်အတိုင်း မှန်ကန်ကြောင်း ဝန်ခံချက် တင်သွင်းလေသည်။ (၆) တရားခံဖြစ်သူ ဦးထွန်းရင်၏ ဇနီး ဒေါ်တင့် (ခေါ်) ဒေါ်စိန်တင်နှင့် သမီး ဖြစ်သူ (၇) တရားခံ မမြင့်မြင့်တို့က အချင်းဖြစ်မြေမှာ ဦးဖိုးရပိုင် မြေ ဖြစ်ကြောင်း ဝန်ခံသော်လည်း၊ ထိုမြေပေါ်တွင် ယခုဆောက်လုပ်ထားသည့် အိမ်မှာ ဦးထွန်းရင် ဆောက်လုပ် ခဲ့သည့် အိမ် ဖြစ်၍ ဦးဖိုးရ ပိုင်ဆိုင် သည့် အိမ်

မဟုတ်ကြောင်း ငြင်းဆိုချေပသည့်အပြင်၊ ၎င်းပစ္စည်းများပေါ်တွင်နေထိုင်လာခဲ့သည်မှာအနှစ် ၂၀ ကျော်လွန်နေပြီဖြစ်၍ မိမိတို့က ဆန့်ကျင်ပိုင်ဆိုင်ခွင့်ရှိကြောင်း ပြဆိုချေပလေသည်။

ထို့ကြောင့်၊ အောက်ရုံးမှ ၎င်း၏စီရင်ချက်တွင် ဖော်ပြထားသည့်အတိုင်း ကောက်ချက်လေးခု ထုတ်နှတ်၍ အမှုကို စစ်ဆေးခဲ့ရာ၊ ပထမ ကောက်ချက်ဖြစ်သည့် အချင်းဖြစ်အိမ်နှင့် ပတ်သက်၍၊ ၎င်းအိမ်ကို ကွယ်လွန်သူ ဦးဖိုးရပိုင်သည့် အိမ်ဖြစ်သည်ဟု လည်းကောင်း၊ အမှတ် ၂ ကောက်ချက်နှင့် ပတ်သက်၍ ၊အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိ။ အမှတ် ၃ ကောက်ချက်နှင့် ပတ်သက်၍ တရားလိုဘက်မှ ဦးဘသောင်းနှင့် (၇) တရားခံဖြစ်သူ မမြင့်မြင့်တို့သည် ဦးဖိုးရ၏ ပစ္စည်းများတွင် ၇/၁၆ အမွေရထိုက်ကြောင်းနှင့် ကျန်တရားခံများဖြစ်သူ မခင်စိန်၊ မခင်ဆွေ၊ မတင်ရွှေ၊ မမြင်ွေနှင့် ကိုဝင်းတို့မှာ ၁/၁၆ ရထိုက်ကြောင်းတွေ့ရှိရပြီး အမှုတွင် ပဏာမဒီကရီကို ချမှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ယခု အယူခံမှုကို တင်သွင်းရာဝယ်၊ အယူခံတရားလိုများဖြစ်သူ ဒေါ်တင့်နှင့် မမြင့်မြင့်တို့က၊ အချင်းဖြစ်မြေမှာ ကွယ်လွန်သူ ဦးဖိုးရပိုင်မြေ ဖြစ်ကြောင်း မငြင်းဆို၊ ၎င်းမြေပေါ် ရှိအိမ်သည်သာ ဒေါ်တင့်၏ ခင်ပွန်းဦးထွန်းရင် ပြန်လည် ဆောက်လုပ်၍၊ ၎င်းတို့ပိုင်သည့် အိမ်ဖြစ်ပါသည်ဟု ကန့်ကွက်တင်ပြသည်မှ အပ၊ ယခုအမှုမှာ စည်းကမ်းသတ်ကျော်လွန်ခြင်း ဖြစ်နေသည်ဟု ဆိုခြင်းကိုလည်း စွန့်လွှတ်ကြောင်း ဝန်ခံပေသည်။ ထို့ကြောင့် ယခုအမှုတွင် အချင်းဖြစ်မြေပေါ် ရှိအိမ်မှာ အယူခံတရားလိုများပိုင် အိမ်ဖြစ်ပါသလား ဆိုသည်ကို သက်သေခံချက်များအရ စီစစ်ရန် ရှိပေသည်။ ၎င်းအချက်နှင့် ပတ်သက်၍ တရားလိုဘက်မှ ဦးဖိုးရသည် ၁၉၅၂ ခုနှစ်၌ အချင်းဖြစ်မြေပေါ် ရှိ အိမ်ဟောင်းကို ပြင်ဆင်၍ အိမ်သစ်ဆောက်လိုသဖြင့် တရားလိုဘက်မှ ဦးဘသောင်း၏ ဖခင် ဦးက်စ က ငွေ ၂၀၀ ဦးဖိုးရ၏ သမီးများဖြစ်သူ ဒေါ်အေးမေ၊ ဒေါ်တင်အိတို့၏ ခင်ပွန်း ဦးမာဒင် (လိုပြ-၁)က ငွေ ၅၀၀ ဦးဖိုးရကို ပေးခဲ့ကြောင်းနှင့်၊ ၎င်းငွေများနှင့် ဦးဖိုးရက အိမ်ကိုပြင်ဆင်ဆောက်လုပ်ပါသည်ဟု ထွက်ဆိုထားသည်ကို သက်သေ ဦးမာဒင်က ထောက်ခံသွားသည်။ ဦးမာဒင်မှာ အသက် ၆၉ နှစ်ခန့်ရှိပြီး ဆန်စက်ငါးလုံးနှင့်ဆီစက်တလုံးပိုင်၍ အတော်အတန်ကြွယ်ဝချမ်းသာသူဖြစ်ကြောင်း၊ ၎င်း၏ထွက်ချက်အရတွေ့ရှိရသည်။ ဦးမာဒင် အားလည်းတဘက်မှ မည်သို့မျှ ပြန်လှန် မေးခွန်း မေးမြန်းထားခြင်း မရှိသဖြင့်၊ အောက်ရုံးမှငင်းသက်သေမှာဂုဏ်သရေရှိ၍ မှန်ကန်စွာ ထွက်ဆိုသည့်သက်သေတဦးဖြစ်သည်ဟုလက်ခံထားခဲ့သည်မှာ မသင့်လျော်ဟု မည်သို့မျှ မဆိုနိုင်ပေ။ထို့ပြင်၊ ဦးဘဂျမ်းနှင့်

၁၉၆၆

ဒေါ်တင့် (ခေါ်) ဒေါ်စိန်တင် ပါ၂ နှင့် ဦးဘသောင်း ပါ ၆။

ဦးညီ (လိုပြ-၂ နှင့် ၄) တို့ကလည်း ဦးဖိုးရအိမ်ကို ပြန်လည်ပြင်ဆောက်သောအခါ ဦးကံစန့်၌ ၎င်း၏သားမက် ဦးမာဒင်တို့က ငွေများထည့်ဝင်၍ ဆောက်လုပ်ကြောင်း ထောက်ခံထွက်ဆိုထားကြသည်။ ထိုသက်သေများမှာမူ၊ အသက်အရွယ် အတော်အတန်ကြီးရင့်၍ အမှန်အကန် ထွက်ဆိုခဲ့သူများ ဖြစ်ကြောင်း အောက်ရုံးမှ ယုံကြည်လက်ခံခဲ့ပေသည်။ တရားခံများ ဖြစ်ကြသော (၆) တရားခံဖြစ်သူ ဦးထွန်းရင်၏ ဇနီးဒေါ်တင့် (ခေါ်) ဒေါ်စိန်တင်ကမူ၊ ရုံးရှေ့တွင် ကျမ်းကျိန်အစစ်ခံခြင်းမပြု၊ ၎င်း၏သမီး မမြင့်မြင့်ကသာ ယခုအမှုနှင့် ပတ်သက်၍ အစစ်ခံလေသည်။ မမြင့်မြင့်ထွက်ဆိုချက်အရလည်း၊ အချင်းဖြစ် အိမ်မှာ လုံးဝအသစ် ပြန်ဆောက်ခြင်းမဟုတ်၊ အိမ်ဟောင်းမှ ပစ္စည်းအများအပြားကို ထည့်သွင်း၍၊ ပစ္စည်းအသစ် အနည်းငယ်ဝယ်ခြမ်း ဆောက်လုပ်ကြောင်း ပေါ်လွင်ထင်ရှားနေသဖြင့်၊ အယူခံ တရားလိုများ ပြဆိုသည့်အတိုင်း အချင်းဖြစ်နေသည့်အိမ်မှာ၊ ဦးထွန်းရင်က အသစ်တဖန် လုံးဝ တည်ဆောက်ခဲ့သည့်အိမ်ဖြစ်ခြင်း မဟုတ်ကြောင်းမှာ ပေါ်လွင် နေပေသည်။ ထိုအိမ်ကို ဆောက်လုပ်ရာတွင်၊ အယူခံ တရားလိုများက လက်သမားအဖြစ် ဦးဘသော် (ခံပြ-၂) က ဆောက်လုပ်ပေးကြောင်း ထွက်ဆိုသည်ကို ဦးဘသော်က လာရောက်ထောက်ခံသော်လည်း၊ အိမ်ဆောက်စဉ်အခါက ထိုအိမ်တွင် ကွယ်လွန်သူ ဦးဖိုးရရှိကြောင်း ၎င်းက ဝန်ခံပေသည်။ သက်သေခံချက်များအရ၊ ဦးဖိုးရမှာ ထိုအခါက အသက် ၈၂ နှစ်ခန့် ရှိနေသဖြင့်၊ အိမ်ဆောက်လုပ်သည်နှင့် ပတ်သက်၍ အတူနေခြေးမဖြစ်သူ ဒေါ်တင့် (ခေါ်) ဒေါ်စိန်တင်ကပင် လက်သမားများ ငှါးရမ်း၍ ငွေများထုတ်ပေးပြီး ဆောက်လုပ်ခဲ့ခြင်းမှာ၊ ဦးဖိုးရအတွက် ကြည့်ရှုလုပ်ကိုင်ပေးခြင်းမဟုတ်ပါဟု ဆိုနိုင်ရန် ခဲယဉ်းပေသည်။ တဖန်၊ အထက်က ပြဆိုထားသည့်အတိုင်း၊ အချင်းဖြစ်အိမ်မှာ ယခင်အိမ်ဟောင်းမှ ပစ္စည်း အများအပြားပါဝင် ဆောက်လုပ်ခဲ့သည့်အိမ်ဖြစ်ရကား၊ အယူခံတရားလိုများက ထိုအိမ်ဆောက်လုပ်ရာတွင်၊ ဦးထွန်းရင်က မည်ရွေမည်မျှ အကုန်အကျခံ၍ ပါဝင်ဆောက်လုပ်ခဲ့ကြောင်း ပြသရန် တာဝန်ရှိပေသည်။ သက်သေခံချက်များကို လေ့လာလျှင်၊ တရားခံဖြစ်သူ ပြခဲ့သည့်မည်သည့်သက်သေကမျှ အိမ်ဆောက်လုပ်ရာတွင်၊ ပစ္စည်းအသစ်များ မည်ရွေမည်မျှ ငယ်၍မည်မျှကုန်ကျကြောင်း အထောက်အထား အနည်းငယ်မျှ မတွေ့ရပေ။

မည်သို့ပင်ဖြစ်စေ၊ ယခုကဲ့သို့သော အမှုမျိုးတွင်၊ အချင်းဖြစ် ပစ္စည်းမှာ မူလက ကွယ်လွန်သူပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ကြောင်း ဝန်ခံထားပါက၊ ထိုပစ္စည်းမှာ ကွယ်လွန်သူပိုင်ဆိုင်ခြင်း မရှိတော့ကြောင်းကို ငြင်းဆိုပါမူ၊ ငြင်းဆိုသူကသာ ထင်ရှားအောင်ပြသရန် တာဝန်ရှိပေသည်။ သို့ပင်ဖြစ်လင့်ကစား၊ ယခုအမှုတွင် တရားခံများဖြစ်သူ အယူခံတရားလို ဒေါ်တင့်နှင့် မမြင့်မြင့်တို့က အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူ

ဦးထွန်းရင် ဆောက်ခဲ့သည့် အိမ်သာဖြစ်ကြောင်း၊ မည်သို့မျှ ထင်ရှားပေါ်လွင်အောင်သက်သေခံ အထောက်အထားပြသနိုင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထို့အတွက် ကောက်ချက်အမှတ် ၁ နှင့်ပတ်သက်၍ အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူ ဦးဖိုးရပိုင်ပစ္စည်းသာ ဖြစ်သည်ဟု အောက်ရုံးမှ ယူဆဆုံးဖြတ်ထားခြင်းမှာ သက်သေခံချက်များ အရ တဘက်စီးနင်း ခွဲတမ်းချော်ခြင်း ဖြစ်နေသည်ဟု မတွေ့ရှိရသည့် အပြင်၊ အခြေခံ အထောက်အထားများ လုံလောက်ခြင်း ရှိကြောင်း ထင်ရှားပေသည်။ ၎င်းအချက်မှအပ၊ ယခုအမှုတွင် အယူခံ တရားလိုက အခြားအကြောင်းပြချက် မည်သို့မျှ တင်သွင်းပြဆိုနိုင်ခြင်း မရှိရကား၊ ယခုအယူခံမှုကိုခွင့်ပြုနိုင်ရန် အကြောင်းမရှိ သောကြောင့် ပလပ်ရမည်သာဖြစ်သည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခုအယူခံမှုကို စရိတ်နှင့် တကွပလပ်လိုက်သည်။

၁၉၆၆
ခေါ်တင့်(ခေါ်)
ဒေါ်စိန်တင်
ပါ ၂
နှင့်
ဦးဘသောင်း
ပါ ၆။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတင်

† ၁၉၆၆ ခုနှစ်

ဩဂုတ်လ ၉ ရက်။

ဒေါ်ဘဲကွစ် (အယူခံတရားလို)

နှင့်

ချောင်ဒရီဘာသားသားစ် (ငင်း၏တဦးတည်းပိုင် ရှင်တီချောင်ဒရီ) (အယူခံတရားခံ) *

အယူခံကြားနာရန် နောက်ဆုံးချိန်းဆိုခြင်း —အယူခံတရားလို၏ ရွှေနေကြီးသော်ငင်း အယူခံတရားလိုသော်ငင်းရုံးရွှေသို့မရောက်ခြင်း —တရားမကျင့်ထုံးအမိန့် ၄၁၊နည်းဥပဒေ ၁၇ အရ၊ အယူခံကိုပလပ်လိုက်ခြင်း —အယူခံမှုကိုမပျက်မကွက် ကြားနာရန် နောက်ဆုံးချိန်းဆိုထားခြင်းကို သိခြင်း —သိရှိနားလည်ပါလျက် ကြားနာရန် ကိစ္စ၌ ကြိုတင်စီမံမှုပြုလုပ်ခြင်းမရှိခြင်း—ရွှေနေတဦး၏အလွန်ပေါ့လျော့လစ်ဟင်းမှု—တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁၉ တွင်ပြဋ္ဌာန်းထားသည့်လုံလောက်သော အကြောင်းပြချက်ဖြစ်သည်ဟု ဆိုနိုင် မဆိုနိုင်—မိမိအမှုကို လိုက်ပါဆောင်ရွက်ရန်ရွှေနေတဦးအား ခန့်ထားပါက ရွှေနေ၏ လစ်ဟင်းမှုသည် အမှုသည်၏ လစ်ဟင်းမှုပင် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို၏ ရွှေနေကြီးသည် ချိန်းဆိုသည့်နေ့တွင် အယူခံမှုကို မပျက်မကွက်ကြားနာရန် နောက်ဆုံးချိန်းဆိုထားသည်ကို သိသည်။ နောက်ထပ် အချိန်တောင်း၍ ပေးမည်မဟုတ်ကြောင်းကိုလည်း ၎င်းအား အသိပေးထားပြီး ဖြစ်သည်။ ယင်းသို့ သိရှိနားလည်ပါလျက် ကြားနာရန် ကိစ္စ၌ ကြိုတင်စီမံမှု ပြုလုပ်ခဲ့ခြင်းမရှိသဖြင့် ၎င်း၏ ပြုမူချက်မှာ အလွန်ပေါ့လျော့လစ်ဟင်းကြောင်း ပေါ်လွင်သည်။ ရွှေနေတဦး၏ အလွန်ပေါ့လျော့ လစ်ဟင်းမှုသည် တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁၉ တွင် ပြဋ္ဌာန်းထားသည့် လုံလောက်သော အကြောင်းပြချက်ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။

ဆေအလီ နှင့် ချီဈာအလီရှား၊အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၂၃၊ လာဟို ၉၇။

အမင်း လာ(လ်) နှင့်ရှီခါရယ်၊အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၂၉၊လာဟို ၁၄၀ ကိုရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၃၇။

†၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၄၃ တွင် ရန်ကုန်မြို့၊ တရားမရုံး ဒုတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ရွှေနေ၏ ပြုမူချက်ကြောင့် အမှုသည်တစ်ဦး နစ်နာရခြင်းနှင့်ပတ်သက်၍ အမှုသည်သည် ရွှေနေအပေါ် လိုအပ်သည့် သက်သာခွင့် တောင်းဆိုနိုင်ပေသည်။ အမှုသည် တဦးသည် မိမိ၏ အမှုကို လိုက်ပါဆောင်ရွက်ရန် ရွှေနေတဦးအား ခန့်ထားပါက ထိုရွှေနေ၏ လစ်ဟင်းမှုသည် အမှုသည်၏ လစ်ဟင်းမှုပင် ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ထို့ကြောင့် အမှုသည်သည်၊ ထိုလစ်ဟင်းမှုအတွက် အနစ်နာခံရမည် ဖြစ်သည်။

ဂိုပေါပဏ္ဍိုနှင့် ဒီဂန်ဘားဆင်း၊ အော၊ အိုင်၊ အာ(ရ)၊ ၁၉၂၇၊ ပဏ္ဏာ ၂၃၂ ရည်ညွှန်းသည်။

အယူခံ တရားလိုအတွက် ။ ။ ဦးသန်းအောင်။

အယူခံ တရားခံအတွက် ။ ။ မစ္စတာ အာ(ရ)၊ ချော်ဘေး။

တရားသူကြီး ဦးသက်ဖေ ။ ။ အယူခံ တရားခံက အယူခံတရားလိုအပေါ် ငွေ ၁၃,၄၄၆.၅၀ ရလိုကြောင်း ရန်ကုန်မြို့ တရားမရုံး၌ တရားစွဲဆိုရာ ငွေ ၁၁,၀၀၀ အပေါ် အချိုးကျ တရားစရိတ်နှင့်တကွ အနိုင်ဒီကရီ ချပေးလိုက်သည်။ ထိုဒီကရီကို မကျေနပ်သဖြင့် အယူခံဝင်ရာ၊ အယူခံကြားနာရန် နောက်ဆုံးချိန်းဆိုသည့် ၁၉၆၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့ တွင် အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးလည်းမလာ၊ အယူခံ တရားလိုလည်း ရုံးရှေ့သို့ မရောက်သဖြင့်၊ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၇ အရ၊ အယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်ခဲ့၏။ ထို့ကြောင့် အမိန့် ၄၁ နည်းဥပဒေ ၁၉ အရ၊ တဘက်သတ် ပလပ်ခဲ့သောအမိန့်ကို ပယ်ဖျက်ပြီး အယူခံမှုကို ကြားနာပေးရန် အယူခံတရားလိုက လျှောက်ထားခြင်း ဖြစ်သည်။ ထိုလျှောက်ထားချက်ကို အယူခံတရားခံက အပြင်းအထန် ကန့်ကွက်ခဲ့သည်။

ဤအမှုကို တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၇ အရ၊ ပလပ်ခဲ့ရသည့် နောက်ကြောင်းရာဇဝင် အနည်းငယ်ဖော် ပြရန်လိုပေမည်။ အယူခံ တရားလိုအတွက် ပညာရှိရွှေနေကြီး ဦးစံသိန်းက လိုက်ပါဆောင်ရွက်ခဲ့ရာ ၁၉၆၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင်တစ်ကြိမ်၊ ၁၉၆၆ ခု၊ ဧပြီလ ၁၁ ရက်နေ့တွင်တစ်ကြိမ်၊ ၁၉၆၆ ခု၊မေလ ၆ ရက်နေ့တွင်တစ်ကြိမ်၊ ရက်ချိန်းတောင်းဆိုသဖြင့် ၁၉၆၆ ခု၊ မေလ ၁၁ ရက်နေ့၌ မပျက်မကွက် ကြားနာရန် နောက်ဆုံးအနေဖြင့် ရက်ချိန်းပေးခဲ့သည်၊ ထိုနေ့ ၁၁ နာရီမထိုးမီ ပညာရှိရွှေနေကြီး ဦးစံသိန်းသည် စဉ်းစားခန်းသို့ တဦးတည်းဝင်လာကာ၊ တရားသူကြီး ဦးစိန်သင်း ရှေ့တွင် ကြားနာရန် အမှုတမှုပေါ်နေပြီး ဦးစိန်သင်းထံ၌ ထိုတမှု တည်းသာရှိသဖြင့် အချိန်ပေးရန်တောင်းသည်၊ ပညာရှိ ရွှေနေကြီး ဦးစံသိန်းအား ဤရုံးတွင်ရှိသော အမှုမှာ မပျက်မကွက်ကြားနာရန် ချိန်းဆိုထားသည့် အမှုဖြစ်၍၊ အချိန်ပေးနိုင်မည် မဟုတ်ကြောင်း အသိပေးလိုက်သည်၊ သို့ရာတွင် အမှုခေါ်သော အချိန်၌ ပညာရှိ ရွှေနေကြီး ဦးစံသိန်းသည် လာရောက်ခြင်းမရှိ၊ ပညာရှိရွှေနေကြီး

မစ္စတာ အမ်၊ အေ၊ ပီလေးက ၎င်းကိုယ်စား ညနေပိုင်းတွင်ထားရန်လျှောက်ရာ သဘောမတူနိုင်ကြောင်း သိစေပြီး၊ ၁၀ မိနစ်စောင့်မည်ဟုပြောကာ စောင့်ခဲ့သည်၊ သို့ရာတွင် ပညာရှိရှေ့နေကြီး ဦးစံသိန်း ရောက်လာခြင်း မရှိ၍၊ အမှုကို ပလပ်လိုက်ရခြင်းဖြစ်သည်။ အထက်ပါအကျိုးအကြောင်းကို ဆင်ခြင်လျှင် ပညာရှိရှေ့နေကြီး ဦးစံသိန်းသည် အချိန်တောင်း၍ ရမည်မဟုတ်ကြောင်း ကြိုတင်သိရှိပါလျက်၊ မိမိအမှုကို ကြားနာရေးအတွက် အစီအစဉ်မပြုလုပ်ခဲ့သည့်အတွက် အလွန်ပေါ့လျော့လစ်ဟင်းမှုရှိကြောင်း ထင်ရှားသည်။

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၉ အရ၊ အယူခံတရားလိုမလာ၍ တဘက်သတ် ပလပ်ခဲ့သော အမိန့် ကို လုံလောက်သော အကြောင်းရှိမှသာ အယူခံရုံးအနေဖြင့် ပယ်ဖျက်နိုင်မည်ဖြစ်သည်။ အယူခံတရားလိုလာရောက်ရန် ပျက်ကွက်ခြင်းနှင့် ပတ်သက်၍ လုံလောက်သော အကြောင်းမပြနိုင်လျှင် အဆိုပါနည်းဥပဒေ ၁၉ ၌အကျုံးဝင်မည်မဟုတ်၍၊ တဘက်သတ် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ခြင်း မပြုနိုင်ပေ၊ ထိုကိစ္စမျိုးတွင် အယူခံရုံးအနေဖြင့် လုံလောက်သော အကြောင်းမရှိလျှင် မူလဘူတအာဏာကို အသုံးပြုကာ ပယ်ဖျက်ခြင်း မပြုနိုင်ချေ။ **ဦးအောင်ကြီးနှင့် မြန်မာနိုင်ငံအစိုးရ (၁)။**

ယခုအမှုတွင် ပညာရှိရှေ့နေကြီး ဦးစံသိန်းသည် ချိန်းဆိုသည့်နေ့တွင် အယူခံမှုကိုမပျက်မကွက်ကြားနာရန် နောက်ဆုံး ချိန်းဆိုထားသည်ကို သိသည်၊ နောက်ထပ်အချိန်တောင်း၍ ပေးမည်မဟုတ်ကြောင်းကိုလည်း ၎င်းအားအသိပေးထားပြီးဖြစ်သည်။ ယင်းသို့သိရှိနားလည်ပါလျက်၊ ကြားနာရန် ကိစ္စ၌ ကြိုတင်စီမံမှုပြုလုပ်ခဲ့ခြင်းမရှိသဖြင့် ၎င်း၏ပြုမူချက်မှာ အလွန်ပေါ့လျော့ လစ်ဟင်းကြောင်း ပေါ်လွင်သည်၊ ရှေ့နေတစ်ဦး၏ အလွန်ပေါ့လျော့လစ်ဟင်းမှုသည် တရားမ ကျင့်ထုံးအမိန့် ၄၁ ၊ နည်းဥပဒေ ၁၉ တွင်ပြဋ္ဌာန်းထားသည့် လုံလောက်သော အကြောင်းပြချက်ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ **ဆေ့အလီနှင့် ချီရာအလီရှား(၂)။ အမင်းလာ(လ်)နှင့် ရှီဒါရယ်(၃)။**

အယူခံတရားလို၏ လက်ရှိ ပညာရှိရှေ့နေကြီး ဦးသန်းအောင်က မူလရှေ့နေ၏ အလွန်ပေါ့လျော့လစ်ဟင်းမှုကြောင့် အမှုသည်အား ထိခိုက်နစ်နာစေခြင်း မဖြစ်သင့်သည့်အတွက် တဘက်သတ်အမိန့်ကို ပယ်ဖျက်သင့်သည်ဟု တင်ပြလာသည်။ ရှေ့နေ၏ ပြုမူချက်ြ့ငင့် အမှုသည်တစ်ဦး နစ်နာခြင်းနှင့် ပတ်သက်၍ အမှုသည်သည် ရှေ့နေအပေါ် လိုအပ်သည့် သက်သာခွင့် တောင်းဆိုနိုင်ပေသည်၊ အမှုသည်တစ်ဦးသည် မိမိ၏အမှုကို လိုက်ပါဆောင်ရွက်ရန် ရှေ့နေတစ်ဦးအား ခန့်ထားပါက၊ ထိုရှေ့နေ၏

(၁) (၁၉၄၀) ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၅၁၂။
(၂) အေ၊ အိုင်၊ အာရ်(၁၉၂၃)ခုနှစ်၊ လာဟို ၉၇။
(၃) အေ၊ အိုင်၊ အာရ်(၁၉၂၉)ခုနှစ်၊ လာဟို ၁၄၈။

လစ်ဟင်းမှုသည် အမှုသည်၏ လစ်ဟင်းမှုပင် ဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။ ထို့ကြောင့် အမှုသည်သည် ထိုလစ်ဟင်းမှုအတွက် အနစ်နာခံရမည် ဖြစ်သည်၊ **ဂိုပေါ်ပတ္ထဝိုးနှင့် ဒီဂန်ဘားဆင်း (၄)။**

အထက်ပါ အကြောင်းရပ်များကြောင့် အယူခံမှုကို တဘက်သတ် ပလပ်ခဲ့သော အမိန့်ကို တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၉ အရ၊ ပယ်ဖျက်ပေးရန် လျှောက်ထားသည့် အယူခံတရားလို၏ လျှောက်လွှာကို ခွင့်မပြုနိုင်၍ ပလပ်လိုက်သည်၊ ဤလျှောက်လွှာအတွက် တရားစရိတ် ချမှတ်ခြင်းမပြု။

---

(၄) အေ၊ အိုင်၊ အာ(ရ်) (၁၉၂၇)ခုနှစ်၊ ပတ္တနား ၂၃၂။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရွှေတွင်

† ၁၉၆၆
ဇူလိုင်လ ၂၅ ရက်။

ဒေါ်မိ (သေသူ) ၎င်းတရားဝင်ကိုယ်စားလှယ်များ ၁။ မပု၊ ၂။ မအရွှာဘီ၊ ၃။ မကြေည်၊ ၄။ မဘီ၊ ၅။ မလတ်၊ (အယူခံတရားလို)

နှင့်

မူ(ရ်)တီး (အယူခံတရားခံ)*

အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၉ (က)—အမွေထိန်းစာထုတ်ပေးရန်လျှောက်ထားခြင်း—ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၂၁—အမှု အတောအတွင်းအငြင်းပွါးနေသည့်ကိစ္စများကိုခုံလှုကြီး ကဆုံးဖြတ်ရန်လွှဲအပ်လိုကြောင်း လျှောက်ထားခြင်း—မည်သူအမွေဆက်ခံသင့်သည် ဟူသော ပြဿနာကို ဆုံးဖြတ်ချက်ချမှတ်ခြင်း—ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၀ (ဂ)—ခုံလှုကြီး၏စီရင်ချက်ကိုပယ်ဖျက်နိုင်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အမွေထိန်း စာထုတ်ပေးရန် လျှောက်ထားသည့်အမှုမျိုးတွင် အခင်းဖြစ်ပစ္စည်းများကို မည်သူကအမွေဆက်ခံသင့်သည် ဟူသော ပြဿနာသည်ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် ပြဿနာမဟုတ်ချေ။ ခုံသမာဓိ အက်ဥပဒေ ပုဒ်မ ၂၁ တွင် ခုံလှုကြီးများ ဆုံးဖြတ်ပေးရန် လွှဲပြောင်းပေးနိုင်သည့် ကိစ္စများသည် အမှုတွင် အမှုသည်များ အငြင်းပွါးနေသည့် ကိစ္စရပ်များကိုသာ ဆိုလိုသည်။ အမှုတွင် ဆုံးဖြတ်ချက် မချမှတ်နိုင်သည့် ကိစ္စမျိုး မပါချေ။

ခုံလှုကြီး ချမှတ်သည့် စီရင်ချက်သည် အမှုတွင် ရုံးတော်၌ ရှိသည့် စီရင်ပိုင်ခွင့်ကို ကျော်လွန်၍ ချမှတ်သည့် အမိန့်ဖြစ်သဖြင့် ခုံသမာဓိ အက်ဥပဒေပုဒ်မ ၃၀ (ဂ) တွင် ပြဋ္ဌာန်းထားသည့် အချက်နှင့်ညီစွန်းနေသောကြောင့်၎င်းကိုပယ်ဖျက်နိုင်သည်။

ဦးလှဖေ နှင့် ဦးမောင်မောင်၊ မြန်မာပြည်စီရင်ထုံး ၁၉၆၂ စာမျက်နှာ ၅၅၆။

မတုတ် နှင့် မသီ၊ အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၅၊ ၁၉၀၉-၁၀ စာ ၇၈။

မကြည်ကြည် နှင့် မရွှေ ပါ ၂၊ အောက်မြန်မာပြည် စီရင်ထုံး အတွဲ ၁၊ ၁၉၀၂၊ စာ ၁၅၄ ရည်ညွှန်းသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဋမ အယူခံမှုအမှတ် ၂၆။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၏ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက် နေ့စွဲပါ ဒီကရီကို အယူခံမှု။

အယူခံ တရားလိုမျှားအတွက်။ ။ဦးလှညွှန့်နှင့် ဦးတင်မောင်။

အယူခံ တရားခံအတွက်။ ။ဦးမြစိန်။

၁၉၆၆

ဒေါ်မိ(သေသူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ် မျှား ၁။ မပု၊ ၂။ မအရွာဘီ၊ ၃။ မကြေည်၊ ၄။ မဘီ၊ ၅။ မလတ်၊ နှင့် မူ(ရ)တီး။

တရားသူကြီး ဦးစိန်သင်း။ ။မန္တလေးမြို့၊ ခရိုင်တရားမရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၃ တွင်၊ အယူခံတရားခံ မူ(ရ)တီးက၊ ကွယ်လွန်သူ အဘဒူ(လ်) ကရင်(မ်)၏ ကျန်ရစ်သော ပစ္စည်းမျှားနှင့် ပတ်သက်၍ အမွေထိန်းစာ ထုတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၉ (က)အရ၊ လျှောက်ထားသည်၊ မူ(ရ)တီး၏ လျှောက်လွှာကို ဒေါ်မိဆိုသူက ကန့်ကွက်သဖြင့် ထိုအမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲပြီး အဆိုပါရုံး ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင်၊ ဆက်လက်ဆောင်ရွက်ခဲ့သည်၊ ဒေါ်မိ ကန့်ကွက်လွှာတွင် အခင်းဖြစ် ပစ္စည်းများသည် အတဒူ(လ်) ကရင်(မ်)၏ပစ္စည်းမျှားမဟုတ်၊ မိမိ၏အစ်မ ဒေါ်ညိမ်းပိုင်ဆိုင်ခဲ့ရာဒေါ်ညိမ်း သေဆုံးသွားပြီးနောက်၊ ထိုပစ္စည်းမျှားကို မိမိသာလျှင် ပိုင်ဆိုင်ထိုက်ကြောင်းဖြင့် ဖေါ်ပြထားသည်၊ ပညာရှိမူလရုံး တရားသူကြီးသည် အောက်ပါကောက်ချက် ၃ ခုကို ထုတ်ပေးခဲ့သည်။

(၁) တရားလို မူ(ရ)တီးသည် အဂဒူ(လ်)ကရင်(မ်)၏ ဇနီးဟုတ် မဟုတ်၊

(၂) အခင်းဖြစ် ပစ္စည်းမျှားသည် ဒေါ်ညိမ်းပိုင်ဖြစ်ရာ ဒေါ်ညိမ်း သေသည့် အခါ၊ ဒေါ်ညိမ်း၏ယောကျ်ား အဘဒူ(လ်)ကရင်(မ်) သော်၎င်း၊ ဒေါ်ညိမ်း၏ ညီမအရင်းဖြစ်သူ ဒေါ်မိကသော်၎င်း ကျွန်စ်ယောက်အနက်မှ မည်သူဆက်ခံထိုက်ပါသနည်း။

(၃) လျှောက်ထားသူသည် လျှောက်ထားသည့်အတိုင်း အမွေထိန်းစာ ရ ထိုက်သလား။

အမှုအတောအတွင်းတွင် အမှုသည်မျှားက ခုံသမာဒိ အက်ဥပဒေ ပုဒ်မ ၂၁ အရ၊ ဦးကျော်ထွန်းဆိုသူအား ခုံလှုကြီးအဖြစ် ခန့်အပ်၍ မိမိတို့ အငြင်းပွါးနေသည့် ကိစ္စမျှားကို ဆုံးဖြတ်ရန် လွှဲအပ်လိုကြောင်းဖြင့် လျှောက်ထားသောကြောင့်၊ ရုံးတော်က ခွင့်ပြုလိုက်ပြီး ဦးကျော်ထွန်းအား ခုံလှုကြီးအဖြစ် ခန့်အပ်လိုက်သည်၊ ဦးကျော်ထွန်းအား ခန့်အပ်သည့် အမိန့်ဖြစ်သော တရားမ ပုံစံအမှတ် ၁၂၁ ၌ အခြားစကားရပ်မျှားအပြင်၊ အောက်ပါအတိုင်း ဖေါ်ပြထားသည်။

"တရားလို၊ တရားခံတို့က အထက်အမှုတွင် မိမိတို့သဘော ကွဲလွဲကြသည့် အကြောင်းအရာမျှားကို သင်စီရင်ဆုံးဖြတ် စေခြင်းငှါ လွှဲအပ်ရန် သဘောတူညီကြသည်ဖြစ်၍၊ ၎င်းအမှုသည်တို့ သဘောကွဲလွဲကြသည့် အကြောင်းအရာမျှားကို စီရင်ဆုံးဖြတ်ရန်"

၁၉၆၆

ခေါ်မိ(ဆေးဆူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ
၁။ မပု၊
၂။ မအရွှာဘီ၊
၃။ မကြေည်၊
၄။ မဘီ၊
၅။ မလတ်၊ နှင့်
မူ(ရ်)တီး။

ထို့ကြောင့် ဦးကျော်ထွန်းသည် မိမိအား ခုံလူကြီးအဖြစ် ခန့်အပ်ခဲ့သည့်အတိုင်း စုံစမ်း စစ်ဆေးခြင်းမျာ၊ ပြုလုပ်ပြီး ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့စွဲပါ မိမိ၏ စီရင်ချက်ကို ရုံးတော်သို့ တင်သွင်းခဲ့သည်။ ဦးကျော်ထွန်း၏ ဆုံးဖြတ်ချက်တွင် အောက်ပါ အချက်အလက်မျာ၊ ပါဝင်သည်။ တရားလို မူ(ရ်)တီးသည် အဘူ(လ်)ကရင်(မ်)၏ ဇနီးဖြစ်ကြောင်း ထင်ရှားသည်၊ အမှတ် ၂ ကောက်ချက်နှင့် ပတ်သက်၍ အဘူ(လ်)ကရင်(မ်)သည်၊ နိုင်ငံခြားသား ဖြစ်ခြင်းကြောင့် ဒေါ်ညိမ်း၏ ပစ္စည်းမျာ၊ ကို ပိုင်ဆိုင်ခွင့်မရှိ၊ ထို့ပြင် တရားလို မူ(ရ်)တီးမှာလည်း မြန်မာနိုင်ငံ တိုင်းရင်းသူ အမျိုးသမီး မဟုတ်သောကြောင့် အခင်းဖြစ်ပစ္စည်းကို မရနိုင်ပေ၊ အခင်းဖြစ် ပစ္စည်း၏ တန်ဘိုးမှာ ငွေကျပ် ၂၁,၅၀၀ဖြစ်သောကြောင့် ထိုငွေ၏ $\frac{2}{6}$ ဖြစ်သောငွေကျပ် ၂,၆၉၀ ကို တရားခံက ပေးရန်နှင့် အခင်းဖြစ်ပစ္စည်း မြေနှင့် အိမ်တို့ကို တရားခံက ရယူစေရန် အမိန့်ချမှတ်လိုက်သည်။

အထက်ဖော်ပြပါ ခုံသမာဓိလူကြီး၏ အမိန့်ကို မကျေနပ်သဖြင့် ထိုအမိန့်ကို ပယ်ဖျက်ပေးရန် တရားလို မူ(ရ်)တီးက လျှောက်ထားလေသည်။ ထို့ကြောင့် ပညာရှိ အောက်ရုံး တရားသူကြီးက မိမိ၏ရုံး ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ စီရင်ချက်အရ၊ ခုံလူကြီး ချမှတ်သည့် အမိန့်သည် ခုံသမာဓိ အက်ဥပဒေပုဒ်မ ၃၀ (ဂ) ၏ နောက်ဆုံး စကားရပ်မျာ၊ဖြစ်သည့် (other wise invalid) ဆိုသည့်အချက်နှင့် ညီနေသောကြောင့် ၎င်း၏အမိန့်ကို လက်မခံနိုင်ဟု ဖော်ပြထားသည်၊ ထို့ကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် အဓိကစဉ်းစားရန် အချက်မှာ ခုံသမာဓိလူကြီး ချမှတ်သည့် စီရင်ချက်သည် ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၃၀ တွင် အကျုံးဝင် မဝင်ဟူသည့် ပြဿနာဖြစ်သည်၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤအမှုမှာ ကွယ်လွန်သူ အဘူ(လ်)ကရင်(မ်)၏ ကျန်ရစ်သော ပစ္စည်းမျာ၊နှင့် ပတ်သက်၍၊ အမွေထိန်းစာလက်မှတ် ထုတ်ပေးရန် လျှောက်ထားသော အမှုဖြစ်သည်၊ ပညာရှိ အောက်ရုံး တရားသူကြီး ထုတ်ပေးခဲ့သည့် ကောက်ချက်အမှတ် (၃)တွင်လည်း လျှောက်ထားသူသည် လျှောက်ထားသည့် အတိုင်း အမွေထိန်းစာ ရထိုက်ပါသလားဟု ပါရှိသည်၊ အခင်းဖြစ် ပစ္စည်းမျာ၊ကို မည်သူ အမွေဆက်ံသင့်သည်ဟူသော ပြဿနာသည် ဤအမှုမျိုးတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် ပြဿနာမဟုတ်ခြေ၊ ခုံသမာဓိ အက်ဥပဒေပုဒ်မ ၂၁ တွင် ခုံလူကြီးအား ဆုံးဖြတ်ရန် လွှဲပြောင်းပေးနိုင်သည့် ကိစ္စမျာ၊သည် အမှုတွင် အမှုသည်မျာ၊ အငြင်းပွါး နေသည့် ကိစ္စရပ်မျာ၊ကိုသာ ဆိုလိုသည်။ အမှုတွင် ဆုံးဖြတ်ချက် မချမှတ်နိုင်သည့် ကိစ္စမျိုး မပါခြေ၊ အမွေထိန်းစာ လျှောက်ထားသည့် အမှုမျာ၊တွင် ပစ္စည်းကို မည်သူ

၁၉၆၆

ဖေါ်မိ(သေသူ) ၎င်း၏တရားဝင် ကိုယ်စားလှယ်များ ၁။ မပု၊ ၂။ မအရွာဘီ၊ ၃။ မကြေည့် ၄။ မဘီ၊ ၅။ မလတ်၊ နှင့် မူ(၆)တီး။

မည်ဝါပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ခွင့် မရှိချေ၊ ထိုအချက်နှင့် ပတ်သက်၍ **ဦးလှဖေ** နှင့် **ဦးမောင်မောင်**(၁) အမှုစီရင်ထုံးတွင် သေသူ၏ပစ္စည်းကို အုပ်ထိန်းရန် လျှောက်ထားရာ၌ ပစ္စည်းကို မည်သူ့မည်ဝါပိုင်ကြောင်း ဆုံးဖြတ်ခွင့် မရှိဟုဆိုထားသည်၊ အလားတူ စီရင်ထုံးအများအပြားရှိလေသည်၊ **မတုတ်** နှင့် **မသီ**(၂)၊ **မကြည်ကြည်** နှင့် **မရွှေ ပါ ၂** (၃) အမှုစီရင်ထုံးများကိုကြည့်ပါ။ ထိုကြောင့် ယခုကျွန်ုပ်ရှေ့ရှိ အမှုတွင် ခုံလူကြီး ချမှတ်သည့် စီရင်ချက်သည် အမှုတွင် ရုံးတော်၌ရှိသည့် စီရင်ပိုင်ခွင့်ကို ကျော်လွန်၍ ချမှတ်သည့် အမိန့်ဖြစ်သည်။

ခုံလူကြီးခန့်အပ်ရန် လျှောက်ထားသည့် လျှောက်လွှာ၌ အခင်းဖြစ် ပစ္စည်းများကို ပိုင်ဆိုင်လိုကြောင်းဖြင့် တရားစွဲဆို ထားပါသည်ဟု ဖေါ်ပြထားသည်၊ အမှုသည်များ အချင်းချင်း သဘောတူ ချုပ်ဆိုခဲ့သည့် စာချုပ်၌လည်း ဦးကျော်ထွန်းအား မိမိ သဘောအတိုင်း သင့်လျော်သလို ၎င်းတို့ရထိုက်သော အခွင့်အရေးကို စီမံခွဲဝေ ပေးပါရန် သဘောတူညီကြောင်း ဖေါ်ပြထားသည်။ သို့ရာတွင် ထိုကဲ့သို့အမှု၌ အဆုံး အဖြတ်မပေးနိုင်သည့် ပြဿနာကို ခုံလူကြီးအား ဆုံးဖြတ်စေခြင်းဖြင့် လိုအပ်သလို ရုံးခွန်တော် ထမ်းဆောင်ကာ တရားမကြီးမှု စွဲဆိုခြင်းမ ရှောင်ကွင်းရာရောက်သော ကိစ္စမျိုးကို ရုံးတော်က ခွင့်ပြုနိုင်မည် မဟုတ်ချေ။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ဦးကျော်ထွန်းအား ခုံလူကြီးအဖြစ် ခန့်အပ် သည့်အမိန့်စာ၌လည်း ဤအမှုတွင် အမှုသည်များ သဘောကွဲလွဲကြသည့်အကြောင်း အရာတို့ကိုသာလျှင် စီရင်ဆုံးဖြတ်ရန် လွှဲပြောင်းလိုက်ခြင်းဖြစ်သည်။ ဤအမှုကို ကျော် လွန်၍ အမှုသည်များ ကွဲလွဲနေသည့် အခြား အကြောင်းအရာများကို စီရင်ဆုံးဖြတ်ရန် မဟုတ်၊ အမွေထိန်းစာ လျှောက်ထားသည့် အမှုတွင် မည်သူအား အမွေထိန်း**စာ** ထုတ်ပေးရန် သင့်သည်ဟူသော အချက်မှာ အဓိကအချက်ဖြစ်သည်၊ ထိုအမှုမျိုး၌ ပစ္စည်းကို မည်သူပိုင်ဆိုင်ကြောင်း စဉ်းစား ဆင်ခြင်ရန်မဟုတ်၊ ထို့ကြောင့် ခုံလူကြီး ဦးကျော်ထွန်း ချမှတ်သည့် စီရင်ချက်သည် ရုံးတော်၏ စီရင်ပိုင်ခွင့် အာဏာကို ကျော်လွန်ကာ ချမှတ်သည့် အမိန့်ဖြစ်ကြောင်း ထင်ရှားလေသည်။ ခုံသမာဓိ အက် ဥပဒေ ပုဒ်မ ၃၀ (ဂ)တွင် ခုံလူကြီး၏ စီရင်ချက်သည် အခြားသော အကြောင်းများ ကြောင့် တည်မြဲခိုင်မာခြင်း မရှိလျှင်၊ ထိုစီရင်ချက်ကို ပယ်ဖျက်နိုင်ကြောင်း ပြဋ္ဌာန်း ထားသည်။ ထို့ကြောင့် ပညာရှိအောက်ရုံး တရားသူကြီးက ထိုစီရင်ချက်ကို ပယ်ဖျက် ခြင်းမှာ မှန်ကန်သဖြင့် ယခုကျွန်ုပ်ရှေ့ရှိ အယူခံလွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဤရုံးရှေ့နေခမှာငွေကျပ် ၅၁ တိတိ ဖြစ်ပေရမည်။

---

(၂) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၅၊ ၁၉၀၉-၁၀၊ စာ ၇၀။

(၃) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၁၊ ၁၉၀၂ ခု၊ စာ ၁၅၄။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

† ၁၉၆၆ ဒေါ်အေးစိန် ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူများ)

ခြဂုတ်လ ၂၉ ရက်။ နှင့်

ဦးနေဝင်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

တရားမကျင့်ထုံးအမိန့် ၃၃ နည်း ၂ (၁)—ပစ္စည်းကို လူမဲ့လျှောက်လွှာ စာရင်းတွင်ဖေါ်မပြထားဘဲ နေခြင်း—မရိုးဖြောင့်သောသဘောဖြင့် ထိန်ချန်၍ဖေါ်မပြထားခြင်း—လူမဲ့ဓလျှောက်လွှာကို လက်မခံနိုင်။

ဆုံးဖြတ်ချက်။ ။လူမဲ့လျှောက်ထားသူသည်၊ ပစ္စည်းကို လူမဲ့လျှောက်လွှာစာရင်းတွင်ဖေါ်မပြဘဲ နေခြင်းမှာ မရိုးဖြောင့်သောသဘောဖြင့် ထိန်ချန်၍ ဖေါ်မပြထားခြင်းမှ သာလျှင် ၎င်း၏လူမဲ့ လျှောက်လွှာကို လက်မခံနိုင်ဘဲ ပယ်နိုင်သည်။

လျှောက်ထားခံရသူသည်၊ မိမိဖေါ်ပြထားသော စာရင်း၌ ပစ္စည်းသုံးမျိုးကို ဖေါ်ပြမထားမိခြင်းမှာ သဘောမိုးဖြင့် ဖေါ်ပြမထားမိခြင်း ဖြစ်သည် ဟု တွေ့မှိရသဖြင့် မရိုးသားသော သဘော နှင့် ထိန်ချန်သည့် အခြေအနေမျိုး ဖြစ်သည်ဟု မယူဆနိုင်ပေ။

မဟာရာ (ဂျ) ဘာလီနှင့် အမျာ ၃နှင့် မာ့ (လ်) ဆေရတ်(ချ်) ဒီဗွီ နှင့်အမျာ၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၂၊ အလဟာဘတ်၊ စာ ၆၀၈။

ကူပူဆွာမိနိုင်ဂူး နှင့် ဗာရာဒတ် (ပ်)နိုင်ဂူးနှင့် အများ၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၃၊ မဒရပ် (စ်)၊ စာ ၁၁။

မော့ကာမာ (လ်) လာဗင်ကတာဆပ်ဘာရက်ဒီ နှင့် မော့ကာမာ (လ်) ကီဆာဆာရက်ဒီး၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၀၊ မဒရပ် (စ်)၊ စာ ၂၉၇။

လက် (ချ်) မီနာရန်း နှင့် ဘဟာဂူးလာ (လ်) နှင့် အများ၊ အေ၊ အိုင်၊ အာ (ရ်) ၁၉၄၂၊ အုပ် (ခ်)၊ စာ ၂၃၉။

ပရာပူး (လ်)ဒက် (မ်) နှင့် ရွန်လာ (လ်) နှင့် အများ၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၂၊ လာဟို၊ စာ ၃၂၀။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၉။

† ၁၉၆၅ ခုနှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၁၉ တွင်ပုသိမ်မြို့၊ခရိုင်တရားမ တရားသူကြီး ရုံးတော်၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

ဒေါ်အေးစိန် ပါ၂ နှင့် ဦးနေဝင်း။

မောင့်ချန်မိလားကူအားနှင့် ပါစွမ်တန်ခတ် (စ်) နှင့်အများ။ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၂၊ ပတ္တနာ၊ စာ ၃၀၈။

မောင်ကျော့နေ၁တွန်နစ်ဆာဘီဘီ နှင့်အများ နှင့် မောင့်အိုင်ဇာကွန်နစ်ဆာ၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၁၊ ပဌာနာ၊ စာ ၆၃၈ ရည်ညွှန်းသည်။

ဦးထွန်းမောင် နှင့် မကြောင်ထယ်၊ ၁၉၆၂ ခုနှစ်၊ မြန်မာပြည်ခရိုင်ထုံး၊ တရားလွှတ်တော်၊ စာ ၂၂၁၊ ခြားနားပြသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မင္းတာ အင်(နှ်)စီဆင်း။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဦးမောင်မောင်ခင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ ဦးနေဝင်းက၊ လျှောက်ထားသူများ ဖြစ်ကြသော ဒေါ်အေးစိန်နှင့် မခင်ရွှေတို့အား၊ အချင်းဖြစ် ဆန်စက်၏ တန်ဘိုးတဝက်နှင့် ၁၉၆၂ ခု၊ ဒီဇင်ဘာလမှစ၍ ယနေ့အထိ ဆန်စက်၏ အသားတင်ငွေများ၏ တဝက် အဘိုးငွေ ၄၀,၀၀၀ ကျပ်ထား၍ ရလိုကြောင်း တရားစွဲဆိုသည်။ ထိုအမှု တန်ဘိုးအတွက် တံဆိပ်တော်ခေါင်းခွန်မှာ ကျပ်ငွေ ၂,၁၅၀ ဖြစ်သည်။ ထိုတံဆိပ်တော်ခေါင်းခွန်ကို တရားစွဲဆိုချိန် ပေးဆောင်နိုင်စွမ်း မရှိသဖြင့် လူမဲ့အဖြစ် တရားစွဲဆိုခွင့် ရလိုမှု လျှောက်ထားခဲ့လေသည်။ ၎င်း၏ လျှောက်လွှာနှင့်အတူတကွ ဖေါ်ပြထားသော ပစ္စည်းစာရင်း၌ မရွှေမပြောင်းနိုင်သော ပစ္စည်းမရှိ။ ရွှေပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍၊ အမျိုးအမည် ၈ မျိုးပြထားရာ၊ အမှတ် (၁) မှ (၇)တို့သည် အဝတ်အစားများ ဖြစ်ကြပြီး၊ အမှတ် (၈)မှာ ရွှေကြယ်သီးတစုံတန်ဘိုး ငွေ ၂၅၀ ကျပ် ဖြစ်သည်။

လျှောက်ထားသူများက လျှောက်ထားခံရသူ ဦးနေဝင်းသည် လူမဲ့မဟုတ်ပါ။ တံဆိပ်တော်ခေါင်းခွန်ဘိုး ပေးနိုင်သော ပစ္စည်းအခြေအနေ အင်အားရှိပါသည်။ လျှောက်ထားခံရသူ ဦးနေဝင်း တင်ပြသော ပစ္စည်းစာရင်းများအပြင်၊ နောက်ထပ် စိန်ရွှေပစ္စည်းများ ၈ မျိုး ရှိပါသေးသည်ဟု တင်ပြသွားသည်။ လျှောက်ထားခံရသူ ဦးနေဝင်းက၊ လျှောက်ထားသူများ တင်ပြသော စာရင်းမှ အမှတ် (၁)မှ (၅)တို့သည် အချင်းဖြစ် ဆန်စက်လုပ်ငန်းတွင် အစုရှယ်ယာအတွက် ထုခွဲရောင်းချပြီး ဖြစ်ပါသည်။ အမှတ် (၆)တွင် ဖေါ်ပြထားသော စိန်နားကပ်တရံမှာ သမီး မင်္ဂလာဆောင်စဉ်က လက်ဖွဲ့ပြီးဖြစ်ပါသည်။ အမှတ် (၇) ကျောက်ဖြူ နားပန်တရံနှင့် အမှတ် (၈) ရွှေကြယ်သီး ငါးလုံးတို့မှာ မိမိပိုင်မဟုတ်ပါ၊ မိမိ၏ဇနီး ဒေါ်ကွန်ပိုင် ပစ္စည်းဖြစ်သဖြင့် မိမိဖေါ်ပြခဲ့သော ပစ္စည်းစာရင်းထဲတွင် မထည့်သွင်းခဲ့ပါ။

၁၉၆၆

ဒေါ်အေးစိန် ပါ ၂ နှင့် ဦးနေဝင်း။

လျှောက်ထားခံရသူ ဦးနေဝင်း၏ ပစ္စည်းအင်အားနှင့် ပတ်သက်၍၊ ရုံးမှ စုံစမ်းစစ်ဆေးရာတွင် သက်သေများ၏ထွက်ချက်အရ၊ လျှောက်ထားခံရသူ ဦးနေဝင်းပိုင် ပစ္စည်းများမှာ ရွှေကြေးသီးတစုံ တန်ဘိုးငွေ ၂၅၀ ကျပ်၊ မိမိပိုင်မဟုတ်စေကာမူ၊ မိမိ၏ဇနီး ဒေါ်ကွန်ပိုင်ဖြစ်သော ကျောက်ဖြူ နားကပ်တရံ တန်ဘိုးငွေ ၆၀ ကျပ်နှင့် ရွှေကြေးသီးတစုံ တန်ဘိုး ငွေ ၅၀၀ ကျပ်အပြင်၊ လျှောက်ထားသူများနှင့် အငြင်းပွါး၍ မိမိလက်ဝယ်တွင် ရောက်ရှိနေသော ပတ္တမြားလက်စွပ်တကွင်း တန်ဘိုးငွေ ၃၀၀ ကျပ် စုစုပေါင်း တန်ဘိုးငွေ ၁,၁၁၀ ကျပ် ဖြစ်သဖြင့် လျှောက်ထားခံရသူ ဦးနေဝင်းသည် တံဆိပ်တော် ခေါင်းခွန်ကို ကပ်နိုင်သော ဓနအင်အား မရှိသဖြင့် လူမဲ့ဟု ယူဆနိုင်သောကြောင့်၊ ၎င်း၏ လူမဲ့လျှောက်လွှာကို ခွင့်ပြုလိုက်သည်။ အမှုကြီးကို ဆက်လက်စစ်ဆေးသွားရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူများ ဖြစ်ကြသော ဒေါ်အေးစိန်နှင့် မခင်ရွှေတို့က တရားမကျင့်ထုံး ပုဒ်မ ၁၁၅ အရ၊ ဤရုံးသို့ ပြင်ဆင်လွှာ တင်သွင်းလေသည်။

လျှောက်ထားသူများ၏ ပညာရှိရှေ့နေကြီး မစ္စတာ အင်(နှ)စီဆင်းက၊ လျှောက်ထားခံရသူ ဦးနေဝင်းသည် အမှုစွဲဆိုရာ၌ လူမဲ့အဖြစ် လျှောက်ထားရာတွင် ၎င်းတွင်ရှိသော ပစ္စည်းအားလုံးတို့ကို ဖော်ပြရန်ရှိသော်လည်း၊ ဖော်ပြခြင်းမပြုဘဲ ထိန်ချန်ထားသဖြင့် ယင်းသို့ ထိန်ချန်ခြင်းမှာ မရိုးသားသော ထိန်ချန်ခြင်းမျိုး ဖြစ်သည်ဟု ယူဆရန်ရှိသောကြောင့် တရားမကျင့်ထုံး ပုဒ်မအမိန့် ၃၃၊နည်း ၂ (၁) နှင့်အညီဆောင်ရွက်ခြင်းမရှိသဖြင့်၊ ၎င်း၏ လူမဲ့လျှောက်လွှာကို အောက်ရုံးက ပယ်သင့်ပါသည်ဟု တင်ပြသွားပြီးနောက်၊ အောက်ပါ စီရင်ထုံးများကို ညွှန်ပြသွားလေသည်။

မဟာရာ(ဂျ်)ဘာလီနှင့် အမျှားနှင့် မဒ္(လ်)ထေရတ်(ချ်) ဒီဗို့နှင့် အမျှား (၁) အမှုတွင် အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားသည်။

> "Rule 2 of Order 33 is mandatory. In an application for leave to sue in *forma pauperis* the utmost *bona fide* is required for the petitioner in the matter of disclosure of his assets and any intentional departure from good faith whatever the motive might be, must attract the consequence of a dismissal of the petition. The fact that even if the suppressed assets were disclosed it would not affect the question of pauperism, is not relevant."

---

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၂၊ အလဟာဘတ်၊ စာ ၆၀၈။

၁၉၆၆

ဒေါ်အေးစိန် ပါ ၂ နှင့် ဦးနေဝင်း။

ငင်းပြင်၊ ကုဋ္ဌဆွာမိနိုင်ဒူးနှင့် ဗာရာဒတ် (ပ) နိုင်ဦးနှင့်အမျှား (၂) အမှုတွင် အောက်ပါ အဆုံးအဖြတ်ကို ပေးထားသည်၊

> "In an application for leave to sue in *forma pauperis*, the utmost *bona fide* is required of the petitioner in the matter of the disclosure of his or her assets and any intentional departure from good faith whatever the motive might be, must attract the consequence of a dismissal of the petition, because under Order 33, Rule 2 read with Order 33, Rule 5 (*a*) it is the bounden duty of the petitioner to make a full and accurate verified statement about his properties. The fact, that even if the suppressed assets were disclosed, it would not affect the question of pauperism, is not relevant."

ထို့ပြင်၊ မောကာမာ(လ်)လာဗင်ကတာဆပ်ဘာရက်ဒီ နှင့် မေ့ကာမာ(လ်)ကီဆာဘာရက်ဒီ (၃) အမှုတွင်—

> "The petitioner for leave to sue in *forma pauperis* is expected to disclose whatever property he is actually possessed of but also whatever property he is entitled to, apart from the subject-matter of the suit."

ဟု အဆုံးအဖြတ်ပေးထားသည်။

လျှောက်ထားခံရသူ၏ ပညာရှိ ရှေနေကြီး ဦးမောင်မောင်ခင်က လျှောက်ထားခံရသူသည် တင်ပြသော ပစ္စည်းစာရင်းတွင် ကျောက်ဖြူ နားကပ်တရုံနှင့် ရွှေကြယ်သီးတစုံကို တင်မပြခြင်းမှာ ထိုပစ္စည်းများသည် ၎င်းပိုင်ပစ္စည်းများမဟုတ်၊၎င်း၏ ဇနီးပိုင်ပစ္စည်းများ ဖြစ်သောကြောင့် မိမိနှင့် မည်သို့မျှမပတ်သက်ဟု ယူဆပြီး သဘောရိုးဖြင့် တင်မပြခြင်း ဖြစ်ပါသည်။ ၎င်းပြင် အမှုတွင် စုံစမ်းတွေ့ရှိရသော ပတ္ထမြားလက်စွပ်မှာလည်း၊ လျှောက်ထားသူမျှားနှင့် အငြင်းပွါးနေသော ပစ္စည်းမျှား ဖြစ်သဖြင့် ပိုင်ဆိုင်မှုမသေချာသောကြောင့်၊ စာရင်းတွင် ဖော်ပြထားခြင်း မရှိပါ။ ယင်းသို့ ဖော်မပြထားခြင်းမှာ ထိန်ချန်သော သဘောမျိုး မဟုတ်ပါ။ ထိန်ချန်သည်ဟု ဆိုစေကာမူဦး၊ မရိုးသားသော သဘောဖြင့် ထိန်ချန်သည်ဟု မဆိုနိုင်ပါ။ အောက်ရုံးက တွေ့ရှိသည့် အတိုင်း၊ လျှောက်ထား ခံရသူ၏ ဓနအင်အားမှာ စုစုပေါင်း ၁,၁၁၀ ကျပ်သာလျှင်

---

(၂) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၄၃၊ မဒရပ်(စ်)၊ စာ ၁၁။

(၃) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၅၀၊ မဒရပ်(စ်)၊ စာ ၂၉၇။

၁၉၆၆

ခေါ်အေးစိန်
ပါ ၂
နှင့်
ဦးနေဝင်း။

ဖြစ်သောကြောင့် တံဆိတ်တော်ခေါင်းခွန်ဖြစ်သော ကျပ်ငွေ ၂၁၅၀ကို မမှီခြင်းကြောင့်၊လျော်ထားခံရသူသည်လူမွဲတဦးဖြစ်ပါသည်ဟုအောက်ရုံးတရားသူကြီး၏အဆုံးအဖြတ်မှာ မှန်ကန်ပါသည်ဟုတင်ပြပြီးလျှင်၊ အောက်ဖေါ်ပြပါ စီရင်ထုံးများကိုအကိုးအကားပြုလုပ်၍ ညွှန်ပြသွားသည်။

လက်(ချ်)ဗီနာရန်း နှင့် ဘဟာဒူးလာ(လ်) နှင့်အများ(၄) အမှုတွင်---

"Substantial compliance with the provisions of Rule 2 is sufficient.

Where an applicant seeking leave to sue in *forma pauperis* had given particulars of all the property he possessed and claimed in the plaint, and he did not attach a separate schedule to his application showing that his immoveable property was nil apart from that claimed by him:

Held that all facts respecting his moveable and immoveable property, so far as could be seen were placed before the Court by the applicant. If he had no immoveable property, apart from that which was the subject of the suit, it was only necessary for him to say so, as he did. Therefore there was a substantial and sufficient compliance with the requirements of Rule 2."

ဟုအဆုံးအဖြတ်ပေးထားသည်။

၄င်းပြင်၊ပရာပူး(လ်) ဒက်(ဖ်)နှင့်ရုန်လာ(လ်)နှင့်အများ(၅)အမှုတွင်အောက်ပါအတိုင်းအဆုံးအဖြတ်ပေးထားသည်။

"It is true that under Order 33, Rule 5, the Court is bound to reject an application which is not framed and presented in the manner prescribed by Rules 2 and 3, but from this it does not follow that Rule 2 is to be meticulously interpreted against the petitioner. After all, the Code is not designed as a trap which a litigant must try to avoid by all means in his power but is designed to enable the Court to ascertain the real points in issue between the parties and come to a speedy and clear determination of those points."

---

(၄) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၂၊ အုပ်(ခ်)၊ စာ ၂၃၉။
(၅) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၂၊ လာဟိုး၊ စာ ၃၂၀။

၁၉၆၆

ဖေါ်အေးဆိန်
ပါ ၂
နှင့်
ဦးနေဝင်း။

ထို့ပြင်၊ မောင့်ချန်မီလားကူအားနှင့် ပါစွတ်တန် ဒတ်(စ်)နှင့်အများ(၆)အမှုတွင်၊ အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားသည်ကိုတွေ့ရှိရသည်။

"The object of prescribing that the pauper should set out a list of his properties is to help the Government in ascertaining whether the applicant is in a position to pay the court-fee payable on the plaint. It cannot be said that the omission of a few articles worth a few rupees which could in no way affect the decision of the Court on the question of pauperism has the affect of throwing out the application on the ground that it does not contain a list of all the properties held by the petitioner. Where there is nothing to show that the omission of moveables of small value was an act of bad faith on the part of the petitioner, the application cannot be rejected on that ground."

ဂင်းပြင်၊မောင့်ဂျေ့နော့တွန်နစ်ဆာဘီဘီနှင့် အများနှင့်မောင့်အိုင်ဒရာကွန်နစ်ဆာ (၇)အမှုတွင်၊ အောက်ပါအတိုင်း အဆုံးအဖြတ် ပေးထားသည်ကိုလည်း တွေ့ရှိရသည်။

"Omissions from the schedule of properties of some items need not by themselves be fatal unless they are *mala fide*."

ကျွန်ုပ်သည်၊ ဤအမှုကို အသေးစိတ် ဝေဘန်သုံးသပ်ရာတွင် တွေ့ရှိရသည်မှာ လျှောက်ထားခံရသူ ဦးနေဝင်းသည်၊ လူမဲ့လျှောက်လွှာနှင့် ပူးတွဲ၍တင်သော မိမိပိုင် ပစ္စည်းစာရင်းတွင် လျှောက်ထားသူများက တင်ပြသော စာရင်းကို ဖေါ်ပြထားခြင်း မရှိသည့်အပြင်၊ လျှောက်ထားသူများနှင့် အငြင်းပွါးနေသော ပတ္တမြားလက်စွပ် တကွင်းကိုလည်း ဖေါ်ပြထားခြင်းမရှိပေ။ ဤကဲ့သို့ ဖေါ်ပြထားခြင်းမရှိခြင်းသည် ထိန်ချန်ထားခြင်းမျိုးလော၊ ထိန်ချန်ထားသည်ဟု ဆိုလျှင်လည်း၊ မရိုးဖြောင့်သော သဘောနှင့် ထိန်ချန်ထားခြင်းမျိုးလောဟု စဉ်းစားရန်ရှိသည်။

ပညာရှိ ခရိုင်တရားမ တရားသူကြီးက လူမဲ့လျှောက်လွှာနှင့် ပတ်သက်၍ သက်သေ များကို အသေးစိတ် စုံစမ်းစစ်ဆေးပြီး၊ မိမိတွေ့ရှိရသော ဦးနေဝင်းပိုင် ပစ္စည်းများကို ဖေါ်ပြထားခြင်းပင် ဖြစ်ပေသည်။ ထိုပစ္စည်းများအရဆိုလျှင်၊ တန်ဘိုးမှာ ကျပ် ၁,၁၀၀ သာလျှင် ဖြစ်သဖြင့် တံဆိပ်တော်ခေါင်းဘိုးကို မမှီသောကြောင့်၊ ဦးနေဝင်းသည် လူမဲ့တဦး ဖြစ်သည်ဟု ယူဆပြီး၊ ၎င်း၏လူမဲ့လျှောက်လွှာကို လက်ခံလိုက်ခြင်း ဖြစ်ပေ

(၆) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၂၊ ပတ္တနာ၊ စာ ၃၀၈။

(၇) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၁၊ ပတ္တနာ၊ စာ ၆၃၈။

၁၉၆၄
ဖေါ်အောစိန်
ပါ၂
နှင့်
ဦးနေဝင်း။

သည်။ လျှောက်ထားသူများကတင်ပြသော စာရင်းတွင်အမျိုးအမည် ၈ မျိုးရှိရာ ပဌမ အမှတ် (၁)မှ (၅)အထိ ပစ္စည်းများမှာ ဦးနေဝင်းထံတွင် မရှိတော့ပေ။ ဦးနေဝင်းက ထိုပစ္စည်းများကို ထုခွဲ၍၊ အချင်းဖြစ် ဆန်စက်တွင် အစုရှယ်ယာ ဝင်လိုက်ခြင်း ဖြစ်သည်ဟူသော အဆိုကို လျှောက်ထားသူများက တိုက်ပြတ်သားစွာ မငြင်းနိုင်။ ပညာရှိ တရားသူကြီးကလည်း လက်ခံထားပြီးဖြစ်သည်။ ထို့နည်းအတူ အမှတ် (၆) တွင် ဖေါ်ပြထားသော စိန်နားကပ်တရံကိုလည်း၊ ဦးနေဝင်း၏ သမီး မင်္ဂလာ ဆောင်စဉ်က လက်ဖွဲ့လိုက်ပြီး ဖြစ်သည်နှင့်ပတ်သက်၍ မငြင်းမထွက်ပေ။ သို့ရာတွင် အမှတ် (၇)နှင့် (၈)တို့ကို ဖေါ်ပြထားသည့် ပစ္စည်းနှစ်ခုနှင့် စပ်လျဉ်း၍ ၎င်းတို့မှာ ဦးနေဝင်း၏ ကိုယ်ပိုင်ပစ္စည်းများ မဟုတ်၊ ၎င်း၏ဇနီး ဒေါ်ကွန်ပိုင် ပစ္စည်း များ ဖြစ်နေသဖြင့် ဦးနေဝင်း၏ စာရင်းတွင် ဖေါ်ပြထားခြင်း မရှိသည်မှာ ဦးနေဝင်း သည် မရိုးသားသော သဘောနှင့် ထိန်ချန်ထားသည်ဟု မဆိုနိုင်ပေ။ အောက်ရုံးတွင် ဦးနေဝင်း၏ ရှေ့နေကြီးက တင်ပြသော **ဦးထွန်းမောင်**နှင့် **မကြောင်ထယ်** (၈) အမှုနှင့် မသက်ဆိုင်ပေ။ ထိုအမှုတွင် အမှုသည်များတို့မှာ တရုပ် ဘရင်ဂျီဝင် ခရစ်ယန် လူမျိုးများ\ဖြစ်ကြသည့် အားလျော်စွာ မယားပစ္စည်းကို လင်က ပိုင်ဆိုင်ခြင်း မရှိပေ။ ယခု အမှုတွင် ဦးနေဝင်းနှင့် ဒေါ်ကွန်တို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသဖြင့် ဒေါ်ကွန်ပိုင် ပစ္စည်းဖြစ်သည့် ဖေါ်ပြထားသော ပစ္စည်း နှစ်မျိုးမှာ ဦးနေဝင်း၌ တဝက်သာ ပိုင်ဆိုင်ခွင့် ရှိပေသည်။ ထို့ကြောင့်ပင်လျှင် အောက်ရုံး ပညာရှိ တရား သူကြီးက ရှေ့နေကြီး တင်ပြသော စီရင်ထုံးကို လက်မခံဘဲ ငြင်းပယ်လိုက်ခြင်း ဖြစ် သည်။

အထက်တွင် ဖေါ်ပြခဲ့ပြီးသော နှစ်ဘက်သော ရှေ့နေကြီးများ ကိုးကားထားသော စီရင်ထုံးများကို ကျွန်ုပ်သည် အသေးစိတ် စီစစ်ဝေဘန်သုံးသပ်သည်။ ယင်းသို့ စီစစ် ဝေဘန်သုံးသပ်ရာ၌ တွေ့ရှိရသော အဓိကအချက်မှာ လူမဲ့လျှောက်ထားသူသည် ပစ္စည်း ကို လူမဲ့လျှောက်လွှာ စာရင်းတွင် ဖေါ်မပြထားဘဲ နေခြင်းမှာ၊ မရိုးဖြောင့်သော သဘောဖြင့် ထိန်ချန်၍ ဖေါ်မပြထားခြင်းမှသာလျှင် ၎င်း၏ လူမဲ့လျှောက်လွှာကို လက်မခံနိုင်ဘဲ ပယ်နိုင်သည်။

ယခု အမှုတွင် ဦးနေဝင်းသည် မိမိဇနီးဒေါ်ကွန်ပိုင် ကျောက်ဖြူ နားကပ်တရံနှင့် ရှေ့ကြယ်သီး တစုံကို မိမိတင်ပြသော စာရင်းတွင် ဖေါ်ပြထားခြင်း မရှိသည်မှာ ထို ပစ္စည်းများသည် မိမိကိုယ်ပိုင်ပစ္စည်းများမဟုတ်ကြောင်းရိုးသားစွာ တွေ့မြင်ယူဆသည့် အတွက် ဖေါ်မပြထားခြင်း ဖြစ်ပေသည်ဟု ယူဆသည်။ ထို့ပြင် လျှောက်ထားသူများ

(၈) ၁၉၆၂ ခု၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၂၂၁။

နှင့် အငြင်းပွားနေသော ပတ္တမြားလက်စွပ်တစ်ကွင်းကို ဖော်မပြထားခြင်းမှာလည်း ထိုပစ္စည်းသည် အငြင်းပွားနေသော ပစ္စည်းဖြစ်နေသဖြင့် မိမိကိုယ်တိုင် ပိုင်ဆိုင်ခွင့် အတိအကျ အခြေအနေမျိုး မရောက်ရှိသောကြောင့် မိမိ၏ စာရင်းတွင် ဖော်မပြခြင်းမှာ မရိုးသားသောသဘောဖြင့် ထိန်ချန်ထားသည်ဟု ဆိုနိုင်ရန်ခဲယဉ်းပေသည်။

အမှုတခုလုံးကိုချုံ့၍ လိုရင်းအချက်ကို သတ္တုချရလျှင် လျှောက်ထားခံရသူ ဦးနေဝင်းသည် မိမိဖော်ပြထားသော စာရင်း၌ ပစ္စည်းသုံးမျိုးကို ဖော်ပြ မထားမိခြင်းမှာ၊ သဘောရှိ၍ဖြင့် ဖော်ပြမထားမိခြင်း ဖြစ်သည်ဟု တွေ့ရှိရသဖြင့် မရိုးသားသော သဘောနှင့် ထိန်ချန်သည့် အခြေအနေမျိုး ဖြစ်သည်ဟု မယူဆ နိုင်ပေ။

ထို့ကြောင့် အောက်ရုံးပညာရှိ တရားသူကြီး တွေ့ရှိချက်မှာ မှားယွင်းသည်ဟု မဆိုနိုင် သောကြောင့် ၎င်း၏ အမိန့်ကို အတည်ပြုပြီး လျှောက်ထားသူများ လျှောက်လွှာ ကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံး ရေ့နေကြီး စရိတ်မှာ ကျပ် ၃၄ သတ်မှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲလျှောက်လွှာ

နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ဦးဘိုကြီး တို့ရှေ့တွင်

၁၉၅၈ ခု

ဇူလိုင်လ ၁၄ ရက်။

ဒေါ်အေးဆင့် (လျှောက်ထားသူ)

နှင့်

တွဲဘက်အမြတ်တော်ခွန်မင်းကြီး (လျှောက်ထားခံရသူ) *

အမြတ်တော်ခွန် အက်ဥပဒေ ၃၃(၂)—၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ခြင်း—အမြတ်တော်ခွန်မင်းကြီး သည် အမြတ်တော်ခွန်စည်းကြပ်သည့် အမှုများကို ခေါ်ယူ စစ်ဆေးပြီးနောက် သင့်တော်သည် ထင်မြင်သည့်အတိုင်း လိုအပ်သည့်အမိန့်များ ချမှတ်နိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၃(၂) ကို ၁၉၅၃ ခုနှစ် အမြတ်တော်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေအရ ပြင်ဆင်ပြီးဖြစ်သဖြင့်၊ အမြတ်တော်ခွန်မင်းကြီးသည် အမြတ်တော်ခွန် စည်းကြပ်သည့်အမှုများကို ခေါ်ယူစစ်ဆေးပြီးနောက် မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း လိုအပ်သည့်အမိန့်များကို ချမှတ်နိုင်ခွင့်မရှိ။

လျှောက်ထားသူအတွက်။ ။ဦးပိုင်နှင့် ဦးသန်းစိန်။

လျှောက်ထားခံရသူအတွက်။ ။(အစိုးရရှေ့နေကြီး) ဦးလှမောင်။

တရားသူကြီး ဦးဘိုကြီး။ ။ဤအမှုတွင်၊ လျှောက်ထားသူ ဒေါ်အေးဆင့်အပေါ် ၌ ၁၉၅၃-၅၄ ခုနှစ်အတွက်၊ အမြတ်ဟော်ခွန် ၁,၀၃၄ ကျပ်၊ ၄ ပြားစည်းကြပ်ခဲ့သည်ကို လျှောက်ထားခံရသူ တွဲဘက် အမြတ်ဟော်ခွန် မင်းကြီးက စည်းကြပ်နည်းပုဒ် ၃၂ တွင် ယင်းချက်ရှိသည်ဟုထင်မြင်သဖြင့်၊ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၃ အရ၊ ပြင်ဆင်မှုဖွင့်ပြီးလျှင်၊ သက်ဆိုင်ရာအမှုတွဲကို ခေါ်ယူစစ်ဆေးပြီး၊ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့စွဲပါအမိန့်ဖြင့်၊ မူလစည်းကြပ်ခဲ့သော အမိန့်ကို ပယ်ဖျက်သည့်အတွက် ယင်းပယ်ဖျက်သောအမိန့်ကို အမှုခေါ်စာခွန်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန်၊ ဤရုံးတော်သို့လျှောက်ထားလေသည်။

---

* ၁၉၅၇ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၂၄။

အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၃ (၂)ကို၊ ပြင်ဆင်ခြင်းမပြုမီက၊ အမြတ်တော်ခွန်မင်းကြီးသည် အမြတ်တော်စည်းကြပ်သည့် အမှုများကို ခေါ်ယူစစ်ဆေးပြီးနောက် မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း လိုအပ်သည့် အမိန့်များကို ချမှတ်နိုင်ခွင့်ရှိသည်။ သို့သော် ပါလီမန်လွှတ်တော်သည် ထိုပုဒ်မ ၃၃(၂)ကို ၁၉၅၃ ခုနှစ်၊ အမြတ်တော်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေအရ ပြင်ဆင်ရာတွင်၊ ယင်းသို့ အမြတ်တော်ခွန်မင်းကြီး ချမှတ်သောအမိန့်သည် အမြတ်တော်ခွန်ပေးဆောင်ရသည့်သူအား မနစ်နာစေရဟု အတိအလင်းပြဋ္ဌာန်းလိုက်သည်။ သို့ဖြစ်၍ ဤအမှုတွင် အမြတ်တော်ခွန်မင်းကြီးသည် မူလစည်းကြပ်နည်းမှာ ချွတ်ယွင်းချက်များရှိသည်ဟု ဆုံးဖြတ်ပြီးလျှင် ထိုစည်းကြပ်သည့်အမိန့်ကို ပယ်ဖျက်ပြီး အသစ်ထပ်မံစည်းကြပ်စေရမည်ဟု အမိန့်ချမှတ်ခြင်းသည် လျှောက်ထားသူအား နစ်နာစေသည့် အမိန့်ဖြစ်သည်ဟု ယူဆရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုပုဒ်မ ၃၃ ရှင်းလင်းချက်တွင်၊ ယင်းသို့သော ပြင်ဆင်မှုတွင် အမြတ်တော်ခွန်မင်းကြီးက စွက်ဖက်ခြင်းမပြုဟု ချမှတ်လျှင် ထိအမိန့်သည် အခွန်စည်းကြပ်ခြင်းခံရသူအား နစ်နာစေသည့် အမိန့်မဟုတ်ဟု ဖော်ပြထားသောကြောင့် ဖြစ်လေသည်။

လျှောက်ထားခံရသူအတွက် အစိုးရရှေ့နေကြီးက ပြင်ဆင်ထားသော ပုဒ်မ ၃၃ (၂)ကို လေ့လာသုံးသပ်ရာ၌ အခွန်စည်းကြပ်ခြင်း ခံရသူအား မနစ်နာစေရဟူသော အပိုဒ်ကို စကားခွင်းအဖြစ် ဖတ်ရှုရန် လျှောက်ထားလေသည်။ သို့သော် ယင်းသို့ စကားခွင်းအဖြစ် ဖတ်ရှုခြင်းမပြုနိုင်ကြောင်း ထင်ရှင်းသည့်အချက်ကား၊ ထိုအခွန်စည်းကြပ်ခြင်းခံရသူအား မနစ်နာစေရဆိုသော အပိုဒ်သည် အမြတ်တော်ခွန်မင်းကြီးချမှတ်သည့်အမိန့်ကို နာမဝိသေသနအဖြစ်ဖြင့် အထူးပြုထားသည်ဖြစ်သဖြင့် အမြတ်တော်ခွန်မင်းကြီး ချမှတ်သည့်အမိန့်သည် အခွန်စည်းကြပ်ခြင်း ခံရသူအား မနစ်နာစေသော အမိန့်မျိုးသာဖြစ်ရမည်မှာ ထင်ရှားလေသည်။

ထို့နောက်တဖန် အစိုးရရှေ့နေကြီးက ပုဒ်မ ၃၃ ခွင်းချက်ကို အထောက်အထားအကိုးအကား ပြုပြီးလျှင် ထိုခွင်းချက်အရ အမြတ်တော်ခွန်မင်းကြီးသည် စည်းကြပ်ခြင်းခံရသူအား ကြားနာခြင်း၊ သို့တည်းမဟုတ် ကြားနာခွင့်ပေးခြင်းမပြုဘဲ နစ်နာစေသည့် အမိန့်ကို မချမှတ်ရဟု ပြဋ္ဌာန်းထားသဖြင့် ယခုအမှုတွင် လျှောက်ထားသူအားကြားနာပြီးမှ အမိန့်ချမှတ်သောကြောင့်၊ ၎င်းအား နစ်နာစေသည့်အမိန့်မျိုးကို ချမှတ်နိုင်ကြောင်းဖြင့် လျှောက်ထားလေသည်။

ယင်းသို့ လျှောက်ထားသည်ကို ဤရုံးတော်က သဘောမတူနိုင်။ ခွင်းချက်သည် ခွင်းချက်သာဖြစ်သည်။ ပုဒ်မကြီး၊ ပုဒ်မငယ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များကို လွှမ်းမိုးခြင်းမပြုနိုင်ပေ။ အထူးသဖြင့် ပုဒ်မကြီး၊ ပုဒ်မငယ်တွင် အခွန်စည်းကြပ်ခြင်းခံရ

၁၉၅၈

ဗေါ်အေးဆင့်နှင့် ထွဲဘက်အမြထ်တော်ခွန်မင်းကြီး။

သူအား၊ နစ်နာစေသည့်အမိန့်ကို ချမှတ်ခြင်းမပြုနိုင်ဟု၊ ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားပါလျက်နှင့် ခြွင်းချက်တွင်အကျုံးဝင်သည်ဆိုသောစကားရိပ်စကား မြှက်အားဖြင့်၊ အကယ်၍ အခွန်စည်းကြပ်ခံရသူအား၊ ကြားနာခွဲလျှင် ၎င်းအား နစ်နာစေသည့် အမိန့်ကိုချမှတ်နိုင်သည်ဟု မယူဆနိုင်ခေါ။ ယင်းသို့ မယူဆနိုင်ကြောင်းကို၊ အောက်ပါ စီရင်ထုံးများတွင်လည်း အတိအလင်း ဆုံးဖြတ်ခဲ့ဘူးလေသည်။

The Guardians of the Poor of the West Derby Union v. *The Metropolitan Life Assurance Society and others* (1); *Madras and Southern Mahratta Railway Co., Ltd.* v. *Bezwada Municipality* (2); and *Governor-General in Council* v. *Madura Municipality* (3).

အထက်ဖော်ပြပါအကြောင်းများကြောင့်၊ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့စွဲဖြင့် လျှောက်ထားသူအပေါ်၌ တွဲဘက်အမြတ်တော်ခွန်မင်းကြီး ချမှတ်သော အမိန့်ကိုပယ်ဖျက်လိုက်သည်။ ဤရုံးတော်ရှေ့နေခမှာ ၁၅ ဖြစ်စေရမည်။

(1) (1897) Appeal Cases Page 647.
(2) A.I.R. (1944) Privy Council Page 71.
(3) A.I.R. (1949) Privy Council Page 39.

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဒေါ်အုန်းရင် (အယူခံတရားလို)

နှင့်

ဒေါ်ငွေချို (အယူခံတရားခံ) *

† ၁၉၆၆ ဩဂုတ်လ ၃၁ ရက်။

ဓမ္မိကဓက်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကျေညာပေးရန်နှင့် လက်ရောက်အပ်ပေးရန် တရားစွဲဆို မှု—ကောက်ချက်အားလုံးအပေါ် ဖြေဆိုခြင်းမရှိခြင်း—အငြင်းပွါး နေသော အချက်ကို တရားရုံးအနေနှင့် ဆုံးဖြတ်ပေးခြင်း—ဆုံးဖြတ်ချက်သည် ပျက်ပြယ်ခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားရုံးအနေဖြင့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော အဓိက ပြဿနာကို ဖြေရှင်းရာ အဆုံးအဖြတ်ပြုခဲ့လျှင် ထုတ်နုတ်ခဲ့သော ကောက်ချက်အားလုံးအပေါ် ဖြေဆိုခြင်း မရှိစေကာမူ၊ ၎င်း၏စီရင်ချက်သည် တရားဥပဒေအရ မှားယွင်းချုတ်ချော်သည်ဟု မဆိုနိုင်ချေ။ အမှန်အားဖြင့်ဆိုလျှင် နှစ်ဖက်အမှုသည်များသည် မိမိတို့ အငြင်းပွါးနေသော အချက်ကိုကောင်းစွာ သဘောပေါက်ကြသဖြင့်၊ ထိုအငြင်းပွါးနေသော အချက်နှင့် ပတ်သက်၍ သက်သေထူခဲ့ကြပြီး၊ တရားရုံးအနေနှင့်လည်း၊ ထိုအချက်ကိုပင် အဆုံးအဖြတ်ပြုခဲ့လျှင်၊ အမှုဌ ကောက်ချက် မရှိစေကာမူ၊ တရားရုံး၏ ဆုံးဖြတ်ချက်သည် ပျက်ပြယ်ခြင်းမရှိပေ။

အယူခံတရားလိုအတွက်။ ။ဦးထွန်းအောင် (၂)။
အယူခံတရားခံအတွက်။ ။ဦးဘတင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ဒေါ်အုန်းရင်က အယူခံတရားခံ ဒေါ်ငွေချိုအပေါ်၊ ရန်ကုန်မြို့ တရားမ ရုံးတွင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပ ရွှေဘိုလမ်း၊ အိမ်အမှတ် ၃၇၂ နှင့် ထိုအိမ်ဆောက်ထားသော၊ မြေကွက်သည် မိမိ တဦးတည်းပိုင်ဆိုင်ကြောင်း မြွက်ဟကျေညာပေးရန်နှင့် လက်ရောက် အပ်ပေးရန် တရားစွဲဆိုရာ၊ ၎င်းစွဲဆိုသော အမှုကိုပလပ်လိုက်သဖြင့်၊ ဤအယူခံမှု ပေါ်ပေါက် လာရခြင်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမပဌမ အယူခံမှုအမှတ် ၃။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇၄ တွင် ရန်ကုန်မြို့တော် တရားမရုံး စတုတ္ထတရားသူကြီး ရုံးတော်၏ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ယခုအမှုတွင် အငြင်းမပွါးသည့် အချက်များကို ပေါ်ပြရမည်ဆိုသော်၊ ဒေါ်လှခင်ဆိုသည့်အမျိုးသမီးသည် ဦးဘိုးခွေးနှင့် အိမ်ထောင်ကျ၍၊ အယူခံတရားလို ဒေါ်အုန်းရင်အား ထွန်းကားသည်။ ဦးဘိုးခွေး သေဆုံးပြီးနောက်၊ ဒေါ်လှခင်သည် ဦးထွန်းတင်ဆိုသူနှင့် နောက်အိမ်ထောင်ပြုသည်။

ဒေါ်လှခင်နှင့် ဦးထွန်းတင်တို့သည် ရွှေတိဂုံစေတီတော်အနီး သံပုံချိုင့်တွင်နေထိုင်ကြသည်။ အယူခံ တရားလိုသည် မိမိအိမ်ထောင်နှင့် သီးသန့်နေသည်။ သံပုံချိုင့်ရှိ အိမ်များကို ဖျက်သိမ်းသောအခါ၊ ဒေါ်လှခင်နှင့် ဦးထွန်းတင်တို့သည် အခင်းဖြစ် မြေကွက်ကို အစားရရှိကြသည်။ ဦးထွန်းတင်မှာ ဆိုင်းသမားဖြစ်၍ နယ်ထွက်နေရသောကြောင့်၊ မြေကွက်ကို ဒေါ်လှခင် တဦးတည်း နာမည်နှင့် ထုတ်ပေးခဲ့ဟန် လက္ခဏာရှိသည်။ ထိုမြေကွက်ပေါ်၌ ဦးထွန်းတင်နှင့် ဒေါ်လှခင်တို့သည် အခင်းဖြစ် အိမ်ကိုဆောက်ပြီး အတူနေထိုင်ခဲ့ကြသည်။ ၁၉၅၉ ခုနှစ် လောက်တွင် ဒေါ်လှခင် ကွယ်လွန်အနိစ္စရောက်သည်။ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ဦးထွန်းတင်သည် အယူခံတရားခံ ဒေါ်ငွေချိနှင့် နောက်ထပ် အိမ်ထောင်ပြုသည်။ ထိုနောက် ဦးထွန်းတင်သည် ၁၉၆၄ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် သေဆုံးသွားသည်။

အယူခံတရားလိုက အခင်းဖြစ်အိမ်နှင့်မြေမှာ ကွယ်လွန်သူ ဒေါ်လှခင်၏ တဦးတည်း ပိုင်ပစ္စည်းဖြစ်၍၊ ဒေါ်လှခင် သေဆုံးပြီးနောက်၊ မိမိသားလျှင် ဒေါ်လှခင်၏ တဦးတည်း သော အမွေစားအမွေခံ ဖြစ်သည့်အလျောက်၊ ပိုင်ဆိုင်ခွင့်ရှိသည်ဟု အဆိုပြုလာသည်။ အယူခံ တရားခံကလည်း အခင်းဖြစ် ပစ္စည်းသည် ကွယ်လွန်သူ ဦးထွန်းတင် တဦးတည်း ပိုင်ပစ္စည်းဖြစ်၍၊ အယူခံ တရားလို စွဲဆိုသော အမှုကိုပလပ်သင့်သည်ဟု ထုချေသည်။ ပညာရှိအောက်ရုံး တရားသူကြီးက အခင်းဖြစ် ပစ္စည်းကို ဦးထွန်းတင်နှင့် ဒေါ်လှခင်တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ် ရရှိခဲ့ခြင်းဖြစ်၍၊ ၎င်းတို့၏ နှစ်ပါးစုံ ပစ္စည်းဖြစ်ကြောင်း၊ ထို့ကြောင့် အယူခံတရားလို၏ အမှုစွဲဆိုပုံ မှားယွင်းနေကြောင်း ကောက်ယူကာ အမှုကို ပလပ်ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက၊ အောက်ရုံး ပညာရှိ တရားသူကြီးသည်၊ ကောက်ချက်လေးခု ထုတ်နှုတ်ခဲ့သော်လည်း၊ ထိုကောက်ချက် အားလုံးအပေါ်၌ အဖြေပေးခဲ့ခြင်းမရှိသ[illegible]ဖြင့်၊ ၎င်း၏စီရင်ချက်မှာ ဥပဒေနှင့် ကိုက်ညီခြင်း မရှိဟုတင်ပြလာသည်။ တရားမမှုတခုခုကို စီရင်ဆုံးဖြတ်ရာ၌ ကောက်ချက်မှာ အရေးကြီးသည့် အမှု၏ အစိတ်အပိုင်း ဖြစ်ယည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ အမှုသည်များ အနေဖြင့် ကောက်ချက်များ အပေါ်မူတည်၍ ဆက်သော အထောက်အထား တင်ပြကြရမည် ဖြစ်ပြီး၊ တများရုံး အနေဖြင့်လည်း ထိုကောက်ချက်များ အပေါ်၌ပင် မှီငြမ်း၍ အဆုံးအဖြတ်ပြုမည်ဖြစ်သည်။ သို့ဆုတွင် တရားရုံး အနေဖြင့် အမှုတွင် ပေါ်ပေါက်

လျက်ရှိသော အဓိကပြဿနာကို ဖြေရှင်းကာ အဆုံးအဖြတ် ပြုခဲ့လျှင် ထုတ်နုတ်ခဲ့သောကောက်ချက် အားလုံးအပေါ် ဖြေဆိုခြင်း မရှိစေကာမူ၊ ၎င်း၏စီရင်ချက်သည် တရားဥပဒေအရ မှားယွင်းချုတ်ချော်သည်ဟု မဆိုနိုင်ချေ။ အမှန်အားဖြင့်ဆိုလျှင် နှစ်ဘက်အမှုသည်များသည် မိမိတို့ အငြင်းပွါးနေသော အချက်ကို ကောင်းစွာသဘောပေါက်ကြသဖြင့်၊ ထိုအငြင်းပွါးနေသော အချက်နှင့် ပတ်သက်၍ သက်သေထူခဲ့ကြပြီး၊ တရားရုံး အနေနှင့်လည်း ထိုအချက်ကိုပင် အဆုံးအဖြတ် ပြုခဲ့လျှင်၊ အမှုဥ ကောက်ချက် မရှိစေကာမူ၊ တရားရုံး၏ ဆုံးဖြတ်ချက်သည်ပျက်ပြယ်ခြင်းမရှိပေ။ ယခုအမှုတွင် အဓိက အငြင်းပွါးနေသော အချက်မှာ အခင်းဖြစ် ပစ္စည်းသည် ကွယ်လွန်သူ ဒေါ် လှခင်၏ ပစ္စည်းဖြစ်သလော၊ သို့တည်းမဟုတ် ကွယ်လွန်သူ ဦးထွန်းတင်၏ ပစ္စည်းဖြစ်သလော ဆိုခြင်းပင်ဖြစ်၏။ ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် သက်သေများကို အသီးသီး တင်ပြခဲ့ကြသည်။ အောက်ရုံး ပညာရှိ တရားသူကြီးသည် ထိုသက်သေထွက်ချက်တို့အား ဝေဘန်သုံးသပ်ပြီးနောက်၊ အခင်းဖြစ် ပစ္စည်းသည် ဒေါ် လှခင်နှင့် ဦးထွန်းတင်တို့၏ နှစ်ပါးစုံ ပစ္စည်းဖြစ်သည်ဟု အဆုံးအဖြတ်ပြုခဲ့သည်။ သို့ဖြစ်ရာ အောက်ရုံးပညာရှိ တရားသူကြီးသည် ကောက်ချက်အားလုံးကို ဖြေကြားခဲ့ခြင်း မရှိစေကာမူ၊ ၎င်း၏ စီရင်ချက်သည် ပျက်ပြယ်အောင် မှားယွင်း ချုတ်ချော်သည်ဟု မဆိုနိုင်ပေ။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးကတဖန်၊ အခင်းဖြစ် ပစ္စည်းသည် ကွယ်လွန်သူ ဒေါ် လှခင်နှင့် ဦးထွန်းတင်တို့၏ နှစ်ပါးစုံ ယှဉ်းဖြစ်သည်ဟု အောက်ရုံးက ကောက်ယူခဲ့ပြီးဖြစ်ရာ၊ အောက်ရုံးပညာရှိ တရားသူကြီးသည် အယူခံတရားလို၏ အမှုကို လုံးဝပလပ်လိုက်မည့်အစား၊ ပစ္စည်းကို အုပ်ထိန်းစီရင် ခန့်ခဲ့သည့် ဒီကရီ ချမှတ်ပေးခဲ့သင့်ကြောင်း လျှောက်လဲတင်ပြလာသည်။ အယူခံ တရားလိုသည် ဒေါ် လှခင်၏ သမီးဖြစ်ကြောင်း အငြင်းမထ,က်သဖြင့်၊ ဒေါ် လှခင်နှင့် ဦးထွန်းတင်တို့၏ နှစ်ပါးစုံ ပစ္စည်းတွင် အယူခံ တရားလို၏ ပိုင်ဆိုင်ခွင့် ရှိနေရာ နောက်ထပ် အမှုတိုးပွါးခြင်းကို ပိတ်ပင်ကာကွယ်သည့် အနေနှင့်၊ ပစ္စည်းကို ရုံးတော်မှ အုပ်ထိန်းစီရင်ခန့်ခဲ့သည့် ဒီကရီကို ချမှတ်သင့်ကြောင်း ထိုကဲ့သို့ ချမှတ်ရန် အောက်ရုံးမှ ပျက်ကွက်ခဲ့ခြင်းကို၊ ဤအယူခံခုံရုံးမှ တရားမျှတရေးကို ရှေ့ရှုလျက် ပြင်ဆင်ကာ အဆိုပါ ဒီကရီမျိုး ချမှတ်မေးသင့်ကြောင်း အကြောင်းပြလာ၏။

မြန်မာဗုဒ္ဓဘာသာဥပဒေအရ၊ သားသမီးများသည် မိဘနှစ်ပါးအနက် တဦးဦး သေဆုံး၍ ကျန်ရစ်သူမိဘက နောက်အိမ်ထောင်ပြုချိန်၌ ဖြစ်စေ၊ ကျန်ရစ်သူမိဘ သေဆုံးချိန်၌ဖြစ်စေ၊ အမွေပစ္စည်း ခွဲဝေပေးရန် တောင်းဆိုခြင်း မပြုခဲ့ပါက၊ ပထွေး၊ သို့မဟုတ် မိထွေး သေဆုံးချိန်တွင် အမွေခွဲဝေပေးရန် တောင်းဆိုနိုင်ပေသည်။

၁၉၆၆ ဒေါ်အုန်းရင် နှင့် ဒေါ်ဒွေချို။

မောင်ဘိုးအောင် နှင့် **မောင်ခ** (၁) ယခုအမှုတွင် အယူခံတရားလိုသည် မိခင် ဒေါ်လှခင် နောက်အိမ်ထောင်ပြုချိန်၌သော်၎င်း၊ မိခင် သေဆုံးချိန်၌သော်၎င်း၊ အမွေ တောင်းဆိုခဲ့ခြင်းမရှိ၊ သို့ဖြစ်ရာ ပထွေး ဦးထွန်းတင် သေဆုံးချိန်တွင် အမွေပစ္စည်း ခွဲဝေပေးရန် တောင်းဆိုနိုင်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိပေ။

မြန်မာဗုဒ္ဓဘာသာ အမွေပိုင်တဦး သေဆုံးလျှင်၊ ၎င်း၏ အမွေပုံ ပစ္စည်းများကို ခွဲဝေရန်အလို့ငှါ၊ အမွေပုံပစ္စည်းများကို ရုံးတော်မှ အုပ်ထိန်း စီရင်ခန့်ခဲ့ ပေးစေလိုမှု စွဲဆိုရမည်ဖြစ်သည်။ ထိုကဲ့သို့ စွဲဆိုရာတွင် သေဆုံးသူ အမွေပိုင်၏ သားချင်းအားလုံးတို့ အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရန်လိုသည်။ သားချင်းဆိုသည်မှာ အမွေစားအမွေခံ များကိုဆိုလိုပေသည်။ သက်ဆိုင်သည့် အမွေစား အမွေခံမပါဘဲ ထိုကဲ့သို့ အမှုမျိုး မစွဲဆိုနိုင်ခေ။ **ဒေါ်သိန်း** နှင့် **ဒေါ်ထွေး** (၂)။

ဤအမှုတွင် အယူခံ တရားလိုတို့၏ သက်သေတဦးဖြစ်သူ ဦးလှမောင်၏ ထွက်ချက် အရ ကွယ်လွန်သူ ဦးထွန်းတင်သည် ဒေါ်လှခင် သေဆုံးပြီးနောက်၊ အယူခံတရားခံ ဒေါ်ဒွေချိုကို မယူမီ၊ မိန်းမတယောက် ယူသေးကြောင်း ပေါ်ပေါက်နေသဖြင့်၊ ဒေါ်လှခင်နှင့် ဦးထွန်းတင်တို့၏ အမွေပုံ ပစ္စည်းနှင့် ပတ်သက်၍၊ အယူခံတရားလိုနှင့် အယူခံတရားခံနှစ်ဦးသာ အမွေစား အမွေခံ ဖြစ်သည်ဟု လက်ရှိအခြေအနေအရ ယူဆရန် မဖြစ်နိုင်ပေ။ ဦးထွန်းတင်၏ ဒုတိယဇနီးမှာ သေသည် ရှင်သည်ဆိုသော အချက်နှင့်ပတ်သက်၍ သက်သေ အထောက်အထား မရှိသေးပေ။ အကယ်၍အသက် ရှင်လျက်ရှိနေပါလျှင်၊ ၎င်းသည် အခင်းဖြစ် ပစ္စည်းနှင့် ပတ်သက်၍ အမွေစား အမွေခံ တယောက် ဖြစ်မည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ ယင်းသို့ အမွေစားအမွေခံ စုံလင်အောင်ပါဝင်ခြင်း မရှိသည့် အမှုမျိုးတွင် အမွေပစ္စည်းကို ရုံးတော်မှ အုပ်ထိန်း စီရင်ခန့်ခဲ့သည့် ဒီကရီကို ချမှတ်ခြင်း မပြုနိုင်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုက အောက်ရုံး၌ အမွေပစ္စည်းကို ရုံးတော်မှ အုပ်ထိန်းစီရင် ခန့်ခဲ့ပေးရန် လျှောက်ထား ခဲ့ခြင်းမရှိစေကာမူ၊ ဤအယူခံ ရုံးအနေဖြင့် ခွင့်ပြုနိုင်သည်ဆိုသော ပညာရှိ ရှေနေ ကြီး၏တင်ပြချက်မှာ မှန်ကန်သည်ဟု ဆိုစေကာမူ၊ ယခုအမှုတွင် ပေါ်ပေါက်လျက် ရှိသောအကြောင်းခြင်းရာများအရ၊ အဆိုပါ သက်သာခွင့်ကို ကျွန်ုပ်အနေဖြင့်ခွင့်ပြုရန် အာဏာမရှိခေ။ ဤအမှုကို အောက်ရုံးသို့ ပြန်ပို့လျှင်လည်း အဆိုလွှာ၊ ထုချေလွှာမှ

(၁) အတွဲ (၆) ရန်ကုန်စီရင်ထုံး၊ ၄၂၇ (စုံညီခံ)။

(၂) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ ၄၁၀ (ဇရားလွှတ်တော်)။

အစပြန်လည်ပြင်ဆင်ကာ အောက်ခြေမှအစ ပြန်လည် စစ်ဆေးရမည်ဖြစ်သောကြောင့် သင့်လျော်မည် မဟုတ်ခေ။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံမှုကို ခွင့်ပြုရန် အကြောင်းမမြင်သည့်အလျောက် တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၆ ပီ၊အယ်(လ်)ကော၊ဒီးယားပါ ၄ (လျှောက်ထားသူများ)

ဇူလိုင်လ ၂ ရက်။

နှင့်

ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်း၀ယ်ရေး) ရန်ကုန်မြို့ (လျှောက်ထားခံရသူ)*

အမှုခေါ်စာချုပ်တော်အမိန့် ထုတ်ဆင့်ရန် လျှောက်ထားခြင်း—ပင်လယ် ရေကြောင်း အကောက် ခွန်အက်ဥပဒေပုဒ်မ ၁၆၇-ဂ နှင့် ၁၆၇ (ခ)—ပြည်ပသို့ပစ္စည်းထုတ်ခြင်းကိုတားမြစ်ခြင်း—ကြီးကြပ်ကွပ်ကဲခြင်း—အစိုးရသည် နိုင်ငံ၏ စီးပွါးရေးကိုခြုံ၍ ကြည့်ကာသတ်မှတ် ဆုံးဖြတ်ရခြင်း—နိုင်ငံခြားသို့ ထုတ်ခွါသွားသူများက နည်းသည်ဖြစ်စေ များသည်ဖြစ်စေ ခွင့်မပြုတားမြစ်ထားသော ပစ္စည်းများကို ထုတ်ယူခြင်း—ဥပဒေအရ အရေးယူ၍ အစိုးရဘဏ္ဍာအဖြစ် ပစ္စည်းများကို သိမ်းရခြင်း—ပစ္စည်းများကို ကွယ်ဝှက်ခြင်း မရှိဘဲယူခြင်း —သိမ်းဆည်းခြင်းမှ ကင်းလွတ်နိုင် မနိုင်—လိုအပ်သော ခွင့်ပြုချက် မပါဘဲ ကန့်သတ်တားမြစ်ထားသော ပစ္စည်းများကို ပြည်ပသို့ ထုတ်ခြင်း—ထိုသို့ ထုတ်ရန် ကြံဆောင်ခြင်းသည်သာပဓါနဖြစ်သည်—မည်သည့်ပစ္စည်းကို မည်မျှသယ်ဆောင် ခွင့်ပြုမည်ဆိုခြင်း—သက်ဆိုင်ရာအစိုးရဌာနထို့က အုပ်ချုပ်ရေးကိစ္စအနေနှင့် သတ်မှတ်ဆောင်ရွက်ရခြင်း—ရုံးကဝင်ရောက်စွက်ဖက်၍ ဆုံးဖြတ်ပေးမည်ဆိုလျှင် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ကျူးလွန် ဝင်ရောက်ရာကျခြင်း။

ဆုံးဖြတ်ချက်။ ။ပြည်ပသို့ ပစ္စည်းထုတ်ခြင်းကို တားမြစ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းပြုလုပ်ရာ၌ **အစိုးရသည်နိုင်ငံ၏ စီးပွါးရေးကိုခြုံ၍** ကြည့်ကာ သတ်မှတ်ဆုံးဖြတ်ရသည်။ ပြည်တွင်းသို့ အထိုးအကန်ရှိရှားပါးသော နိုင်ငံခြားငွေဖြင့် ပြည်သူပြည်သားများ သုံးစွဲရန် ဝယ်ယူထားသော ပစ္စည်းတို့ကို အစိုးရကထိန်းသိမ်းသည်။ ထိုပစ္စည်းများကို ခွင့်ပြုခြင်းမရှိဘဲ ဥပဒေနှင့်ဆန့်ကျင်၍ ပြည်ပသို့ ထုတ်ယူခြင်းပြုကြမည်ဆိုလျှင်၊ ပြည်သူပြည်သားများလည်း သုံးစွဲခြင်းမပြုရ၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလည်း ယိုဖိတ်ဆုံးရှုံးရမည်။ ထို့ကြောင့်နိုင်ငံခြားသို့ ထုတ်ခွါသွားများက

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆။

† ရန်ကုန်မြို့၊ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်း၀ယ်ရေး) ၏ ၁၉၆၅ ခုနှစ်၊ ပြင်ဆင်မှုအမှတ် ၄-အက-၂၅၊ ၆၅၊ ၂၃၊ ၂၆ နှင့် အယူခံမှုအမှတ် ၄-အက-၄၃ တွင်ချမှတ်သော အမိန့်ကို မကျေနပ်၍ အမှုခေါ်စာချုပ်တော်အမိန့်ထုတ်ဆင့်ရန် လျှောက်လွှာ။

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ခွင့်မပြုတားမြစ်ထားသော ပစ္စည်းများကို ထုတ်ယူခြင်းမှ ပိတ်ပင်ရသည်။ ထုတ်ယူရန် ကြံဆောင်အားထုတ်လျှင် ဥပဒေအရ အရေးယူ၍ အစိုးရဘဏ္ဍာထော် အဖြစ် ပစ္စည်းများကိုသိမ်းရသည်။

ပစ္စည်းများကိုကွယ်ဝှက်ခြင်း မရှိဘဲယူသည်ဆိုကာမျှနှင့် သိမ်းဆည်းခြင်းမှ ကင်းလွှတ်နိုင်သည် မဟုတ်ပေ။ ပြည်ပသို့ရောက်လျှင် တဆင့်အပြောင်းစား၍ ရောင်းချမည်ဆိုသော ရည်ရွယ်ချက်ရှိသည် မရှိသည်ကား ပခါနမဟုတ်၊ လိုအပ်သောခွင့်ပြုချက် မပါဘဲ ကန့်သတ်တားမြစ်ထားသေးသပစ္စည်း များကို ပြည်ပသို့ထုတ်ခြင်း၊ ထိုသို့ ထုတ်ရန်ကြံဆောင်ခြင်းကသာ ပခါနဖြစ်သည်။

မည်သည့်ပစ္စည်းကို မည်မျှသယ်ဆောင်ခွင့် ပြုမည်ဆိုသည်ကို သက်ဆိုင်ရာ အစိုးရဌာန တို့က အုပ်ချုပ်ရေးကိစ္စအနေနှင့် သတ်မှတ်၍ ဆောင်ရွက်ကြရသည်။ ဤရုံးကဝင်ရောက်စွက်ဖက်၍ ဆုံးဖြတ်ပေးမည်ဆိုလျှင် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ကျူးလွန်ဝင်ရောက်ရာကျမည်။ အုပ်ချုပ် ရေးနှင့် တရားရေးတို့သည် အာဏာပြိုင်၍ သူသာ ငါသာအနိုင်လုနေကြသည်မဟုတ်။ နိုင်ငံ၏ မူဝါဒများကိုအောင်မြင်အောင် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ကြရသည်။ ဥပဒေနှင့်မညီ၊ ချွတ် ချော်လွဲမှားနေခြင်းများ၊ တရားမဲ့ဖြစ်နေခြင်းများကို ထင်ရှားတွေ့ရှိမှသာ အပြုသဘော စေတနာ နှင့် ပြင်ဆင်ပေးရသည်။

လျှောက်ထားသူအတွက်။ ။ဒေါ်ကြည်ကြည်ဝင်း။

လျှောက်ထားခံရသူအတွက်။ ။ဦးကျော်မင်း၊ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီးချုပ် ဦးမောင်မောင်။ ။ဤစာချုန်တော် အမှုများတွင်အကြောင်း ခြင်းရာများသည် ဆင်တူ၍ အခြေခံဥပဒေပြဿနာများသည်ကား တထပ်တည်းဖြစ် သည်။ ထို့ကြောင့် ပညာရှိရှေ့နေကြီးများနှင့် အစိုးရအတွက် လိုက်ပါဆောင်ရွက် သော လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်တို့က အမှုအားလုံးအတွက် စုပေါင်းလျှောက်လဲကြသဖြင့် ဤအမိန့်ဖြင့် အမှုအားလုံးကို ဆုံးဖြတ်လိုက်သည်။

၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၁၆ တွင် ပညာရှိရှေ့နေကြီး ဦးကျော်မင်း၏ အမှုသည် မစ္စဖာဆွာနီသည် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အိန္ဒိယပြည်သို့ ထွက်ခွါသွားရန် ဆိုက်ကပ်ထားသော သင်္ဘောသို့ခရီးသည်တဦးအဖြစ် တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်ရာတွင် ၎င်းကခရီးသည်ဆောင်ဝန်စည်အဖြစ် အထုပ်အပိုးများကို ယူဆောင်ခဲ့သည်။ ထိုအထုပ်အပိုးများကို အကောက်တော်ခွန် အရာရှိများက စစ်ဆေးသောအခါ အိုးခွက်ဘိန်ပ်၊ လျှပ်စစ်မီးဖိုစသည်တို့အပြင် နှုတ်ခမ်း နီဆိုးဆေးစသည့် အလှကုန်ပစ္စည်းများပါရှိသည်ကို တွေ့ရှိရသဖြင့်၊ ခရီးသည်ဆောင် ကုန်စည်အဖြစ် ယူသွားပိုင်ခွင့်ရှိသော ပစ္စည်းများမှအပ အခြားပစ္စည်းတို့ကို အကောက်

၁၉၆၆ ပီးအယ်(လ်)၊ ကေဒီ ယား ပါ ၄ နှင့် ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ရန်ကုန်မြို့။

တော်ခွန် အရာရှိများက ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇-ဂ နှင့် ၁၆၇ (ခ) တို့အရ အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆီးခဲ့သည်။ မစ္စယာဆွာနိုသည် ထိုသင်္ဘောဖြင့် လိုက်ပါသွားခြင်းမပြုခဲ့ပေ။ ၎င်း၏ပစ္စည်းများကိုပြန်မေးရန်လျှောက်ထားသောအခါ မအောင်မြင်ခဲ့ချေ။ ဘဏ္ဍာတော်မင်းကြီးထံ အယူခံဝင်ရာ သုံးစွဲလက်စပစ္စည်းဟောင်းများဖြစ်သည်ဟု ဘဏ္ဍာတော်မင်းကြီးက ယူဆသော လျှပ်စစ်မီးဖို၊ ကင်မရာ၊ ဓါတ်ပြား စသည်တို့နှင့် ဘာသာရေးအတွက် အသုံးပြုသည်ဟု ယူဆရသော ဌေးကရား တို့ကိုလျှောက်ထားသူအား ပြန်ပေးစေခဲ့သည်။ ကျန်ပစ္စည်းများကို သိမ်းဆီးသောအမိန့်ကိုမူကား ဘဏ္ဍာတော်မင်းကြီးက အတည်ပြုခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် မစ္စယာဆွာနိုက ဤခုံးသို့လာရောက်၍ စာချုပ်တော်လျှောက်ထားခြင်းဖြစ်သည်။

၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၂ တွင် လျှောက်ထားသူသည် ကေဒီးယာဆိုသူ၏ ဘဏ်ဖြစ်သည်၊ ကေဒီးယာနှင့် ၎င်း၏ဇနီးတို့သည် အိန္ဒိယပြည်သို့ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့က ယူ-ဘီ-အေ လေယာဉ်ပျံဖြင့် ထွက်ခွါသွားကြသည်။ လေဆိပ်သို့ ခရီးသည်ဆောင် ဝန်စည်အဖြစ် ဖန်ခွက်၊ နှုတ်ခမ်းဆိုးဆေး၊ မုတ်ဆိပ်ရိတ်ခါးစသော ပစ္စည်းအမျိုးအမည်များစွာကို ကေဒီးယာနှင့် ဇနီးတို့က ယူဆောင်လာကာ ၎င်းတို့နှင့် ထုတ်ယူသွားရန် ကြိုးစားခဲ့ကြသည်။ ထိုပစ္စည်းများအနက် ၂၃၅ တန်သောပစ္စည်းအချို့ကို ခရီးသည်ဆောင် ဝန်စည်အဖြစ် ခွင့်ပြု၍ ၂၆၅ တန်သော ပစ္စည်းများကိုမူ ခွင့်မပြုဘဲ အကောက်တော်ခွန်ဌာနက သိမ်းဆည်းခဲ့သည်။ ထိုသို့ သိမ်းဆည်းခြင်းကို မကျေနပ်သဖြင့် လျှောက်ထားသူက အကောက်တော်မင်းကြီးထံ အယူခံဝင်ရာ မအောင်မြင်ခဲ့ပေ။ ဘဏ္ဍာတော်မင်းကြီးထံတဆင့် အယူခံတက်ရောက်ခဲ့ရာ ဘဏ္ဍာတော်မင်းကြီးက သိမ်းဆည်းထားသော ပစ္စည်းများကို စီစစ်ကြည့်သောအခါ အသုံးပြုပြီး ပစ္စည်းဟောင်းမှာ လျှပ်စစ်နာရီ တလုံးသာဖြစ်၍ ထိုနာရီကို ပြန်ပေးစေသည်။ ကျန်ပစ္စည်းများကို သိမ်းဆည်းသည့် အမိန့်ကိုမူကား အတည်ပြုခဲ့သည်။ ထိုအမိန့်ကို စာချုပ်တော်ဖြင့် ပယ်ဖျက်ပေးရန် ဤလျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၃ တွင် လျှောက်ထားသူ၏သားဖြစ်သူ ဂိုအင်ကာသည် မြန်မာနိုင်ငံမှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ယူ-ဘီ-အေ လေယာဉ်ပျံဖြင့် ထွက်ခွါသွားခဲ့သည်။ ထိုသို့ ထွက်ခွါရာတွင် ခါတ်ခဲ၊ ပရုပ်ဆီဘူး၊ ရေမွှေး၊ ကလေးကစားစရာ အရုပ်များ စသည်ဖြင့် အထွေထွေပစ္စည်းများကို ခရီးသည်ဆောင် ဝန်စည်အဖြစ် ထုတ်ယူရန် ကြိုးစားခဲ့သည်။ အကောက်တော်ခွန် အရာရှိများက ထိုပစ္စည်းများအနက် ၁၂၉ တန်သော ပစ္စည်းတို့ကို ခွင့်မပြုသော

ပီ၊ အယ်(လ်)။ ကေဒီယား ပါ ၄ နှင့် ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်ဝယ်ရေး) ရန်ကုန်ပြို့။

ပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့သည်။ လျှောက်ထားသူက ပစ္စည်းသိမ်းဆည်းခြင်း ကို မကျေနပ်သဖြင့် အကောက်တော်မင်းကြီးထံ အယူခံဝင်ခဲ့ရာ မအောင်မြင်ခဲ့ ချေ။ ဘဏ္ဍာတော်မင်းကြီးထံတဆင့် အယူခံရာ ဘဏ္ဍာတော်မင်းကြီးက ဂိုအင်ကာသည် စုစုပေါင်း ၁,၂၀၀ တန်သော ပစ္စည်းများကို သယ်ဆောင်သွား ရာမှ ၁၂၉ တန်သော ပစ္စည်းများကိုသာ အကောက်တော်ခွန် ဌာနက သိမ်းဆည်း လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဥပဒေအရ ခွင့်မပြု သိမ်းသင့်သိမ်းထိုက်သော ပစ္စည်းများဖြစ်သည်ဟု ယူဆကာ အယူခံကို ပလပ်ခဲ့သည်။ ထို့ကြောင့် ဤရုံးတော် သို့ စာချွန်တော်အမိန့် လာရောက် လျှောက်ထားကြခြင်းဖြစ်သည်။

၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၄ တွင် အဂါဝါလာ ဆိုသူသည် ယူ-ဘီ-အေ လေယာဉ်ပျံဖြင့် နိုင်ငံခြားသို့ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထွက်ခွာသွားခဲ့ရာ ခရီးသည်ဆောင် ဝန်စည်အဖြစ် ထုတ်ယူရန် ကြိုးစားသော ပစ္စည်းများအနက်မှ ခွင့်မပြုနိုင်သောပစ္စည်း ၅၀ ဘိုးခန့်ကို အကောက်တော်ခွန်ဌာနက သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ အဂါဝါလာ၏ ဆွေမျိုး တော်သူ လျှောက်ထားသူက တွဲဘက်အကောက်တော်မင်းကြီးထံ အယူခံဝင်ခဲ့ရာ မအောင်မြင်ခဲ့ချေ။ ဘဏ္ဍာတော် မင်းကြီးကလည်း သိမ်းဆည်းထားသော ပစ္စည်းများကို စိစစ်ပြီးနောက် အချို့သော ပစ္စည်းတို့ကို အသုံးပြုပြီးသော ပစ္စည်းဟောင်းများဖြစ်ကြောင်း တွေ့ရှိ၍ ပြန်ပေးစေ ခဲ့သည်။ ကျန်ပစ္စည်းများကို သိမ်းသော အမိန့်ကိုမူကား အတည်ပြုခဲ့သည်။

၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၅ တွင် ဒီနာနတ် ဆိုသူသည် ယူ-ဘီ-အေ လေယာဉ်ပျံဖြင့် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့သည်။ ၎င်း၏ ခရီးသည်ဆောင် ဝန်စည်ဖြစ်သည့် ဆိုသော ပစ္စည်းများအနက်မှ ထိုသို့ ခွင့်မပြုနိုင်သော ပစ္စည်း ၁၅၀ ဖိုးခန့်ကို အကောက် တော်ခွန်ဌာနက သိမ်းဆည်းခဲ့သည်။ ဒီနာနတ်၏ ဦးလေးဖြစ်သူ လျှောက်ထားသူက အဆင့်ဆင့်အယူခံဝင်ခဲ့ရာ ဘဏ္ဍာတော်မင်းကြီးက ပစ္စည်းများ ကို စစ်ဆေးပြီး အချို့သောပစ္စည်းဟောင်းများကို ပြန်ပေးခဲ့သည်။ သို့ရာတွင် လျှောက်ထားသူတို့က မကျေနပ်သေးသဖြင့် ဤရုံးသို့ လာရောက်၍ စာချွန်တော် တောင်းခံကြသည်။

ပညာရှိရှေ့နေကြီး ဦးကျော်မင်းက ၎င်း၏အမူသည် မစွယာဆွာနိသည် ပစ္စည်းချမ်းသာကြွယ်ဝသူ၏ သမီးဖြစ်ပါသည်။ အိန္ဒိယသို့ အပြီးပြန်သည်ဖြစ်ရာ ၎င်း၏ အဆင့်အတန်းနှင့် ထိုက်တန်သောပစ္စည်းအချို့ကို သယ်ဆောင်သွားခြင်းမျိုးသာ ဖြစ်ပါသည်။ နှုတ်ခမ်းနီဆိုးဆေး စသည်တို့မှာလည်း ကိုယ်တိုင်သုံးစွဲရန် ဖြစ်ပါသည်။ တဆင့်အမြတ်ကြီးစား၍ ရောင်းချရန်မဟုတ်ပါ။ ပစ္စည်းများကို အကောက်တော်ခွန် ဌာနတွင် သေချာစွာ ရှာဖွေမည်ကို မစွယာဆွာနိက သိပါသည်။ ထို့ကြောင့် သိုဝှက်

ခေ၆၆

ဦးအေယ်(လ)၊ ကေဖီးယား ပါ ၄ နှင့် ဘဘွာစတော် မင်းကြီး (ကူးသန်းရောင်း ဝယ်ရေး) ရန်ကုန်မြို့။

ထားခြင်း မရှိခဲ့ပါ။ ပစ္စည်းများကို ခိုးထုတ်သည်၊ သို့မဟုတ် ခိုးထုတ်ရန် ကြံရွယ်သည်ဟု ယူဆခြင်းသည် မှားယွင်းပါသည်ဟုလျှောက်လဲသည်။ သို့ရာတွင် ဦးကျော်မင်းက မစ္စတာဆွာနီ ယူသွားရန် ကြံရွယ်ခဲ့သော ပစ္စည်းများအနက် ၂,၀၀၀ ခန့်တန်ဘိုးမှာ နှုတ်ခမ်းနီဆိုးဆေးနှင့် အလှကုန် ပစ္စည်းများ ဖြစ်သည်၊ဆိုသောအချက်ကို ဝန်ခံသည်။ ထိုပစ္စည်းများကို ၎င်း၏အမှုသည်ကိုယ်တိုင် သုံးစွဲရန်ဖြစ်၍ ခရီးသည်ဆောင် ဝန်စည်အဖြစ် ခွင့်ပြုသင့်ပါသည်ဟုသာ တင်ပြခြင်းဖြစ်သည်။

ပညာရှိ ရှေ့နေကြီး ဒေါ်ကြည်ကြည်ဝင်းက ကျန်သော လျှောက်ထားသူများ အတွက်တင်ပြရာတွင်၊ ၎င်း၏အမှုသည်များသည် ပစ္စည်းတန်ဘိုး အမြောက်အမြား ယူဆောင်ရန် ကြိုးစားခဲ့ခြင်းမဟုတ်ပါ။ ထိုပစ္စည်းများကို သိုဝှက်ခြင်းလည်း မရှိခဲ့ပါ။ ထိုကြောင့် ခိုးထုတ်ရန်ကြံရွယ်သည်ဟူသော စွပ်စွဲချက်မှာ မမှန်ပါ။ ၎င်း၏အမှုသည်များသည် ကျောင်းသားများနှင့် အိမ်ထောင်သည်များ ဖြစ်ကြ၍၊ အိမ်သုံးပစ္စည်း၊ ကျောင်းသုံးပစ္စည်းအချို့ကို သဘောရိုးနှင့် သယ်ဆောင်ခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ပစ္စည်းသိမ်းမှုကို ပယ်ဖျက်ပေးသင့်ပါသည်ဟု လျှောက်လဲခြင်းဖြစ်သည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်က စာချုပ်တော်အမိန့်လျှောက်လွှာများကို စဉ်းစားရာတွင် အမိန့်ထုတ်ခဲ့သော အစိုးရအာဏာပိုင်သည် ၎င်းအား အပ်နှင်းထားသောအာဏာအတွင်းက ဆောင်ရွက်ခဲ့ခြင်း ဟုတ်မဟုတ်ကိုသာအဓိကထား၍ စစ်ဆေးရပါသည်။ ဤအမှုများတွင် အာဏာအတွင်း ထမ်းဆောင်ခဲ့ခြင်းများကိုသာ တွေ့ရမည်ဖြစ်၍၊ စာချုပ်တော်ထုတ်၍ စွက်ဖက်ရန် အကြောင်းမရှိပါဟု တင်ပြ သည်။

ထို့ပြင်ပစ္စည်းများကို နိုင်ငံခြားသို့ထုတ်ခြင်း၊ နိုင်ငံခြားမှ သွင်းခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစိုးရဌာနက ရံဖန်ရံခါကြီးကြပ်ကွပ်ကဲခဲ့သော အမိန့်များ ထုတ်ဆင့် ပါသည်။ ခရီးသည်များသည် ကိုယ်တိုင်သယ်ဆောင်ရန် ဝန်စည်အဖြစ် မည်သည့် ပစ္စည်းများကို သယ်ဆောင်ခွင့်ရှိသည် အမိန့်ထုတ်ပြီး ဖြစ်ပါသည်။ ထောက်ပံ့ရေးနှင့် ကုန်သွယ်ရေးဌာန၏ **၁၉၄၇ ခုနှစ်၊ သတင်းကျည်ဆန်အမှတ် ၁၆** တွင် အများပြည်သူသိစေရန်အတွက် ခရီးသည်ဆောင် ဝန်စည်ကို မည်မျှခွင့်ပြုမည်ဟု ကျည်ပြီး ဖြစ်ပါသည်။ ထိုဝန်စည်သည် အဝတ်အစားနှင့် အချို့သော လူသုံးပစ္စည်းများ၊ သုံးစွဲပြီးသော အိမ်သုံးပစ္စည်းအချို့ စသည်တို့ ပါဝင်ပါသည်။ မည်သည့်ပစ္စည်းသည် အိမ်သုံးပစ္စည်းဖြစ်သည်။ မည်မျှသယ်ယူခွင့်ပြုမည် စသည်တို့ကို အကောက်တော်ခွန်မင်းကြီးက မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန် ဆုံးဖြတ်ရန် ဖြစ်သည်။ ပစ္စည်းကို ခရီးသည်ဆောင် ဝန်စည်အဖြစ်သယ်ယူလိုသောသူတဦးဦးသည် ဒို့ဟဖြစ်လျှင်အကောက်တော်ခွန်

(မြန်မာနိုင်ငံပြန်တမ်း ၁-၃-၄၇ အိုစာမျက်နှာ ၉၇)။

၁၉၆၆
ပီးအယ်(လ်)၊
ကေဗီးယား
ပါ ၄
နှင့်
ဘဏ္ဍာစတော်
မင်းကြီး
(ကူးသန်းဆောင်း
ဝယ်ရေး)
ရန်ကုန်မြို့။

မင်းကြီးထံမှစုံစမ်းနိုင်သည်ဟု ထိုကျေညာချက်တွင် ဖော်ပြထားပါသည်။ အလားတူပင် တော်လှန်ရေးအစိုးရက ၁၉၆၄ ခုနှစ်၊ မေလ ၂ ရက်နေ့တွဲဖြင့် မြန်မာပြည်မှ အပြီးအပိုင် ပြည်ပသို့ထွက်ခွါသူများနှင့် ပတ်သက်၍ ပစ္စည်းသယ်ယူနိုင်ခွင့် ပါမစ်များ ထုတ်ပေးရန် အမှဲ့ငယ် ဖွဲ့စည်းကြောင်း ကျေညာခဲ့ပြီး ဖြစ်ပါသည်။ ထိုအဖွဲ့ငယ်က ပေးသောပါမစ်လည်းမပါ။ အကောက်တော်ခွန် ဌာနက သတ်မှတ်ခွင့်ပြုထားသည် ထက်လည်း ပိုသောပစ္စည်းများကို ခရီးသည်ဆောင် ဝန်စည်အဖြစ် ထုတ်ယူခွင့်မရှိပါ။ ထိုသို့ ဥပဒေ အမိန့်တို့နှင့် ဆန့်ကျင်၍ ထုတ်ယူခြင်း၊ သို့မဟုတ် ထုတ်ယူရန်ကြိုးစား အားထုတ်ခြင်းကြောင့် ဤအမှုများတွင် ပစ္စည်းများကို အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ သိမ်းဆီးခဲ့ခြင်းသည် ဥပဒေနှင့်ညီပါသည်။ သိမ်းဆီး မိန့်များကို စာချုန်တော်ဖြင့် ပယ်ဖျက်ရန် မဟုတ်ပါဟူ၍ ဦးဘကျော်က တင်ပြသည်။

ဘဏ္ဍာတော်မင်းကြီးက သိမ်းဆီးထားသော ပစ္စည်းများကို စီစစ်ကြည့်ရှု၍ အမှုသည်များအား အချို့သော သုံးစွဲလက်စ ပစ္စည်းဟောင်းများကို ပြန်ပေးပြီးဖြစ်သည်။ ဘာသာရေးအတွက် သုံးစွဲသည်ဟု ယူဆသော ငွေကျား၊ ဟိန္ဒူဘုရားဆင်းတု စသည် တို့ကိုလည်း အမှုသည်များအား ပြန်ပေးလိုက်သည်ကို တွေ့ရသည်။ ကျန်ရှိသော အခြားပစ္စည်းများမှာမူကား ခရီးသည်ဆောင် ဝန်စည်မဟုတ်။ အချို့ကား ပစ္စည်း အသစ်ကို အဟောင်းထင်မှတ်အောင် ပြုလုပ်ဆားသည်ကိုပင်တွေ့ခဲ့ရသည်။ ထို့ကြောင့် ခွင့်ပြုမိန့်မပါ။ တားမြစ်မိန့်များနှင့် ဥပဒေကို ဆန့်ကျင်၍ အမှုသည်များက ထိုပစ္စည်း တို့ကို ပြည်ပသို့ထုတ်ရန် ကြံဆောင်အားထုတ်ခဲ့ကြသည်ဟု အကောက်တော်ခွန်ဌာန ကဆုံးဖြတ်ခဲ့ခြင်းကို ဘဏ္ဍာတော်မင်းကြီးက အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ပြည်ပသို့ ပစ္စည်းထုတ်ခြင်းကို တားမြစ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ပြုလုပ်ရာ၌ အစိုးရသည် နိုင်ငံ၏ စီးပွါးရေးကို ခြုံ၍ကြည့်ကာ သတ်မှတ်ဆုံးဖြတ်ရသည်။ ပြည်တွင်း သို့အဘိုးတန်ရှားပါးသော နိုင်ငံခြားငွေဖြင့် ပြည်သူပြည်သားများ သုံးစွဲရန်ဝယ်ယူ ထားသောပစ္စည်းတို့ကို အစိုးရကသွင်းရသည်။ ထိုပစ္စည်းများကို ခွင့်ပြုခြင်းမရှိဘဲ ဥပဒေနှင့် ဆန့်ကျင်၍ ပြည်ပသို့ ထုတ်ယူခြင်းပြုကြမည်ဆိုလျှင်၊ ပြည်သူပြည်သား များလည်းသုံးစွဲခြင်းမပြုရ။ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလည်း ယိုဖိတ်ဆုံးရှုံးရမည်။ ထို့ကြောင့် နိုင်ငံခြားသို့ ထွက်ခွါသူများက နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ခွင့်မပြု တားမြစ်ထားသောပစ္စည်းများကို ထုတ်ယူခြင်းမှပိတ်ပင်ရသည်။ ထုတ်ယူရန် ကြံဆောင်အားထုတ်လျှင် ဥပဒေအရ အရေးယူ၍အစိုးရဘဏ္ဍာတော်အဖြစ်ပစ္စည်း များကိုသိမ်းရသည်။

ပစ္စည်းများကို ကွယ်ဝှက်ခြင်းမရှိဘဲ ယူသည်ဆိုကာမျှနှင့် သိမ်းဆီးခြင်းမှ ကင်း လွှတ်နိုင်သည်မဟုတ်ပေ။ ပြည်ပသို့ရောက်လျှင် တဆင့်အမြတ်စား၍ ဆောင်းချမည်

၁၉၆၆

ဒီးအယ်(လ်)။
ကေဒီးယား
ပါ ၄
နှင့်
ဘဏ္ဍာတော်
မင်းကြီး
(ကူးသန်းရောင်း
ဝယ်ရေး)
ရန်ကုန်ပြီး

ဆိုသော ရည်ရွယ်ချက်ရှိသည်-မရှိသည်ကား ပဓာနမဟုတ်။ လိုအပ်သော ခွင့်ပြုချက်မပါဘဲ ကန့်သတ် တားမြစ်ထားသော ပစ္စည်းများကို ပြည်ပသို့ ထုတ်ခြင်း၊ ထိုသို့ထုတ်ရန် ကြံဆောင်ခြင်းကသာ ပဓာနဖြစ်သည်။

မည်သည့်ပစ္စည်းကို မည်မျှသယ်ဆောင်ခွင့် ပြုမည်ဆိုသည်ကို သက်ဆိုင်ရာ အစိုးရဌာနတို့က အုပ်ချုပ်ရေး ကိစ္စအနေနှင့် သတ်မှတ်၍ ဆောင်ရွက်ကြရသည်။ ဤရုံးက ဝင်ရောက်စွက်ဖက်၍ ဆုံးဖြတ်ပေးမည်ဆိုလျှင် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ကျူးလွန်ဝင်ရောက်ရာကျမည်။ အုပ်ချုပ်ရေးနှင့် တရားရေးတို့သည် အာဏာပြိုင် ၍ သူသာငါသာ အနိုင်လုနေကြသည်မဟုတ်။ နိုင်ငံ၏ မူဝါဒများကို အောင်မြင်အောင် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ကြရသည်။ ဥပဒေနှင့်မညီ၊ ချွတ်ခြော်လွဲမှားနေခြင်းများ၊ တရားမဲ့ဖြစ်နေခြင်းများကို ထင်ရှားတွေ့ ရှိမှသာ ကွန်ပ်တို့က အပြုသဘော စေတနာနှင့် ပြင်ဆင်ပေးရသည်။

အထက်ပါ အကြောင်းတို့ကြောင့် ဘဏ္ဍာတော်မင်းကြီး ချမှတ်ထားသော အမိန့်တို့ကို ပြင်ဆင်ရန် အကြောင်းမမြင်သဖြင့် လျှောက်လွှာများကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရှေတွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးမျိုးသိမ်း) (ပြင်ဆင်ရန်လျှောက်ထားသူ) † ၁၉၆၆ ဩဂုတ်လ ၁၂ ရက်။

နှင့်

ကိုဝမ်တင် (ခေါ်) စိန်ဝင်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

အစားအစာနှင့် ဘယဆေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၄၉ ခုနှစ်) ပုဒ်မ ၇ (၃) အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—များပြားလှသော ဘယဆေးများကို ကိုင်ဆောင်ခွင့် မရှိဘဲ လက်ဝယ်ထားခြင်း—စီးပွါးရေးလမ်းစဉ် ကျန်းမာရေးလမ်းစဉ်များ အပြင် တိုင်းပြည်၏ လုံခြုံမှုကို ထိခိုက်နိုင်ခြင်း—အပြစ်ပေးရာ၌ ၎င်းအတွက်သာမဟုတ် တိုင်းပြည်အကျိုးကို ထိခိုက်အောင် မတရား ပြုလုပ်သူများအတွက် နောင်ကြဉ်စေ၍၊ မှတ်လောက်သားလောက် ဖြစ်စေရန် အပြစ်ဒဏ်ပေးသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။များပြားလှသော ဘယဆေးများကို ကိုင်ဆောင်ခွင့်မရှိဘဲ လက်ဝယ်ထား၍၊ ခရီးသွားဆုဘွဲ့ ယူဆောင်လာခြင်းမှာ၊ အစိုးရက ချမှတ်သော စီးပွါးရေး လမ်းစဉ်နှင့် ကျန်းမာရေးလမ်းစဉ်များအပြင် တိုင်းပြည်၏ လုံခြုံမှုကိုပင် ထိခိုက်နိုင်သည်ဟု ယူဆသည်။ တိုင်းပြည်၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဆိုရာ၌၊ ထိုဆေးများကို သောင်းကျန်းသူများ လက်ဝယ်သို့ ရောက်သွားမည်ဆိုလျှင်လည်း ရောက်သွားနိုင်စရာ အကြောင်းရှိသည်။

လျှောက်ထားခံရသူ၏ အပြုအမူမှာ နိုင်ငံတော်အတွက် ထိခိုက်စရာ ဖြစ်နိုင်သော အလွန်ကြီးကျယ်သည့် အပြုအမူမျိုး ဖြစ်သဖြင့်၊ ၎င်းကိုအပြစ်ပေးရာ၌၊ ၎င်းအတွက်သာမဟုတ် နောက်နောင် ဤကဲ့သို့ တိုင်းပြည်အကျိုးကို ထိခိုက်အောင် မတရားပြုလုပ်သူများအတွက် နောင်ကျင့်စေ၍၊ မှတ်လောက်သားလောက် ဖြစ်စေရန် အပြစ်ဒဏ်ကို ပေးသင့်သည်ဟု ယူဆသည်။

လှစန်း နှင့် အစိုးရ၊ ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၉၅ ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ အစိုးရလွှဲနေကြီးဦးနှစ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအထွက်။ ။

တရားသူကြီးဦးချစ်။ ။လျှောက်ထား ခံရသူ ကိုဝမ်တင် (ခေါ်) စိန်ဝင်း အပေါ် ၁၉၄၉ ခုနှစ်၊ အစားအစာနှင့် ဘယဆေး (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ

---

*၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂၈ (ခ)။

†၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၃၁၁ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့စွဲပါ၊ မြောင်းမြမြို့၊ ၁ ရာဘက် ရာဇဝတ် တရားသူကြီးဏအမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးမျိုးသိမ်း) နှင့် ကိုဝမ်ထင် (ခေါ်) စိန်ဝင်း။

၇(၃)အရ၊ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသဖြင့်၊ ဒဏ်ငွေ ၂၀ ကျပ် ပေးဆောင်စေ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် နှစ်ပတ်ကျခံစေရန် မြောင်းမြမြို့ ၁ ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၁၁ တွင် အမိန့်ချမှတ် ခဲ့သည်။

ယင်းကဲ့သို့ ပေးသော အပြစ်ဒဏ်မှာ ပြစ်မှုနှင့်စာလျှင် အလွန်အလွန် နည်းလွန်း နေသဖြင့်၊ ပြစ်ဒဏ်တိုးမြှင့်ပေးပါရန် မြောင်းမြမြို့ ပြည်သူ့ရဲတပ်ဖွဲ့ ကြီးကြပ်ရေးမှူးက လျှောက်ထားသဖြင့် မြောင်းမြမြို့၊ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် (၁)ကို ဖွင့်၍၊ အောက်ရုံးအမှုတွဲကို ခေါ်ယူပြီး သုံးသပ် ရာတွင်၊ ပညာရှိ တွဲဘက် ခရိုင် ရာဇဝတ် တရားသူကြီးက အောက်ရုံးမှ ချမှတ်သော အမိန့်မှာ အလွန် အလွန်နည်းလွန်းနေပါသဖြင့် လျှောက်ထားခံရသူအပေါ် မူလရုံးက ချမှတ်ထားသော အပြစ်ဒဏ်များအပြင် ဒဏ်ငွေ ၅၀၀ ကျပ် ပေးဆောင်စေရန်၊ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် ၆ လကျခံစေရန်၊ အပြစ်ဒဏ် တိုးမြှင့်ပေးပါရန်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၈ (၁) အရ၊ ဤရုံးသို့ ထောက်ခံတင်ပို့ထားသည်။

ဤရုံးက လျှောက်ထားခံရသူ ကိုဝမ်တင်သို့ အကြောင်းကြားစာ ထုတ်ပြီးဖြစ် သည်။ကိုဝမ်တင်ကလည်း လက်ခံပြီးဖြစ်သည်။ သို့သော် ရုံးချိန်း၌ မလာရောက်ပေ။အ စိုးရဘက်မှ လိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရရှေ့နေကြီး ဦးနှစ်ကို ကြားနာသည်။

၁၉၆၆ ခု၊ ဇန္နဝါရီလ ၁၆ ရက်နေ့ နံနက်ပိုင်းက ဝါးခယ်မမြို့မှ ထွက်ခွါလာသော (မြဝတီ) မော်တော်ပေါ်တွင်ရှိ ခရီးသည်များကို ရဲအဖွဲ့က စစ်ဆေးရှာဖွေရာတွင် လျှောက်ထားခံရသူ မောင်ဝမ်တင် (ခေါ်) စိန်ဝင်းထံမှ အောက်ပါပစ္စည်းများကို တွေ့ရှိသည်။

(၁)	ပရိုမိုင်ဆလင်	....	၅၇ လုံး။
(၂)	ဘယ်ဇယ်ပင်နယ်စလင်	....	၁၀၀ ပုလင်း။
(၃)	စထရက်ဘိုမိုင်ဇင်	....	၃၀ ပုလင်း။
(၄)	ဘရိုမလာတင်တိတေနစ်	....	၁၀ လုံး ၀င်ဘူး ၂ ဘူး။
(၅)	နော်မက်စလိုင်း	....	၁၀ စီစီ ၃၀ ပုလင်း။
(၆)	ဘား ပလက်	....	၂ စီစီ ၁၃၆ ပုလင်း။
(၇)	ပရိုကိန်း ပနယ်စလင်	....	၁၃၇ ပုလင်း။
(၈)	ဆားရေအိတ်	....	၁ အိတ်
(၉)	ခေါ်ကြည်ကြည် အားတိုးဆေးသေတ္တာ	....	၁ ခု။

အထက်ဖေါ်ပြပါ ဘယဆေးပစ္စည်းများကို ကိုင်ဆောင်ခွင့် လက်မှတ် လျှောက် ထား:ခံရသူတွင် မရှိခေျ။ လျှောက်ထားခံရသူနှင့် ဘမ်းဆီး ရမိသော ဆေးပစ္စည်း

များကို ရုံးသို့ပို့၍ မူလရုံးက လျှောက်ထားခံရသူအပေါ် ၁၉၄၉ ခုနှစ် ၊ အစားအစာနှင့် ဘယဆေး (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၇ (၃)အရ စွဲချက်တင်ရာတွင် လျှောက်ထားခံရသူ (တရားခံ)က အပြစ်ရှိပါသည်ဟု ဝန်ခံသွားသည်။ အပြစ်ပေးရာ၌ မူလရုံးတရားသူကြီးက လျှောက်ထားခံရသူအပေါ် ညှာတာစွာဖြင့်ဒဏ်ငွေ ၂၀ ကျပ်ကို သာလျှင် တပ်ရိုက်လိုက်ပြီး ဖမ်းဆီးရမိသော ပစ္စည်းများကို အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆည်း ရန် အမိန့်ထုတ်လိုက်သည်။ အထက်ဖော်ပြပါ ပုဒ်မအရ အပြစ်ဒဏ် ချမှတ်ရာတွင် ထောင်ဒဏ် ၂ နှစ်အထိ သို့မဟုတ် ငွေဒဏ်၊ သို့မဟုတ် ဒဏ်နှစ်ရပ် စလုံးကို ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် မူလရုံး တရားသူကြီးက လျှောက်ထားခံရသူအပေါ် ဒဏ်ငွေ ၂၀ ကျပ်သာလျှင် တပ်ရိုက်ထားသည်။ ထိုသို့ ညှာတာစွာ ဒဏ်တပ်ထားခြင်းနှင့်ပတ်သက်၍ အကြောင်းပြချက်ကိုဖော်ပြထားခြင်းမရှိ။

ပညာရှိ တွဲဖက်ခရိုင်ရာဇဝတ် တရားသူကြီးသည် ဤအမှုတွင် ပြန်လည် သုံးသပ်ရာတွင် တွေ့ရှိ ရသည်မှာ အောက်ရုံးမှ ချမှတ်သော အပြစ်ဒဏ်မှာ အလွန်အလွန် နည်းလွန်းနေသဖြင့် အစိုးဘ၏ စီးပွားရေး ဝါဒနှင့် စနစ်ကိုသော်၄င်း၊ အစိုးဘ၏ ကျန်းမာရေးမှု ကိုသော်လည်းကောင်း ဆန့်ကျင်ထိခိုက်နေသဖြင့် လျှောက်ထားခံရသူ အားမှတ်သား လောက်အောင် အပြစ်ဒဏ်ပေးသင့်ပါသည်ဟု တင်ဆက်ထားသည်။ ပညာရှိတွဲဖက်ခရိုင်ရာဇဝတ် တရားသူကြီး၏ တင်ပြချက်မူကို ကျွန်ုပ်တို့ ကျေနပ်စွာ လက်ခံသည်။ ဤမျှ များပြားလှသော ဘယဆေးများကို ကိုင်ဆောင်ခွင့်မရှိဘဲ လက်ဝယ်ထား၍ ခရီးသွားရာ၌ ယူဆောင်လာခြင်းမှာ အစိုးရက ချမှတ်သော စီးပွားရေးလမ်းစဉ်နှင့် ကျန်းမာရေးလမ်းစဉ်များအပြင် တိုင်းပြည်၏ လုံခြုံမှုကို ပင် ထိခိုက်နိုင်သည်ဟု ယူဆသည်။ တိုင်းပြည်၏ လုံခြုံမှု ထိခိုက်နိုင်သည်ဆိုရာ၌ ထိုဆေးများကို သောင်းကျန်းသူများလက်ဝယ်သို့ ရောက်သွားမည်ဆိုလျှင်လည်း ရောက်သွားနိုင်စရာအကြောင်းရှိသည်။

လျှောက်ထားခံရသူ၏ အပြုအမူမှာ နိုင်ငံတော်အတွက် ထိခိုက်စရာ ဖြစ်နိုင်သော အလွန်ကြီးကျယ်သည့် အပြုအမူမျိုးဖြစ်သဖြင့်၊ ၎င်းကို အပြစ်ပေးရာ၌ ၎င်းအတွက်သာမဟုတ်။ နောက်နောင် ဤကဲ့သို့ တိုင်းပြည်အကျိုးကို ထိခိုက်အောင် မတရား ပြုလုပ်သူများအတွက် နောင်ကျဉ်စေ၍ မှတ်လောက်သားလောက် ဖြစ်စေရန် အပြစ်ဒဏ်ကို ပေးသင့်သည်ဟု ယူဆသည်။

မူလရုံးက လျှောက်ထားခံရသူအပေါ် ပစ္စည်းများကို သိမ်းဆည်း၍ ဒဏ်ငွေ ၂၀ ကျပ်တည်း တပ်ရိုက်ခြင်းမှာ မြွက်ဟခဲ့သည့်အတိုင်း အမှုနှင့်စာလျှင် အလွန်အလွန် နည်းလွန်းသည်ဟု တွေ့ရှိရသဖြင့် တရားမျှတရေး၌ ချွတ်ချော် တိမ်းပါးသွားနိုင်စရာ

အကြောင်းရှိသဖြင့် ဤရုံးက နောင်ကျဉ်စေမည့် အပြစ်ဒဏ်ကိုပေးရန် အာဏာရှိသည်။ **လုစန်း**နှင့် **အစိုး**ရ(၁) အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်။

"The fact that a lenient sentence has been passed is not a sufficient ground on which this Court will in revision exercise its powers to enhance the sentence, unless it is such a manifestly inadequate punishment for the offence committed as to amount to a miscarriage of justice."

ပညာရှိတွဲဖက်ခရိုင်ရာဇဝတ်တရားသူကြီးက လျော့ကျထားခံရသူ အပေါ် ပြစ်ဒဏ်တိုးမြှင့်ပေးပါရန် ဆိုသော အကြောင်းပြချက်မူကို လက်ခံသည်။ သို့ရာတွင် ၎င်းက ထောက်ခံထားသော မူလချမှတ်ခဲ့သည့် အမိန့်များအပြင်၊ နောက်ထပ်၍ ဒဏ်ငွေ ၅၀၀ ကျပ်ပေးဆောင်စေရန် ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် ၆ လ ကျခံစေရန် ဆိုသည့်အဆိုကို ကျွန်ုပ်အတည်မပြုနိုင်။

အထက်တွင် မြွက်ဟခဲ့သည့်အတိုင်း ဤကဲ့သို့ ကြီးကျယ်သောပြစ်မှုကို မကျူးလွန်ရအောင် ဟန့်တားသည့်အနေနှင့် ပြစ်ဒဏ်ပေးရာ၌ အလုပ်နှင့် ထောင်ဒဏ်ပေးရန် လိုအပ်သည်ဟု ယူဆသည်။ ပညာရှိ တွဲဖက်ခရိုင်ရာဇဝတ် တရားသူကြီး ထောက်ခံသည့်အတိုင်း မည်မျှများပြားသော ဒဏ်ငွေကိုနောက်ထပ် ထပ်ရိုက်စေကာမူ လျော့ကျထားခံရသူသည် ပေးစွမ်းနိုင်စရာ အကြောင်းရှိ၍ ယင်းဒဏ်ငွေကို ပေးလိုက်လျှင် ဤကဲ့သို့ အမှုမျိုးနှင့်ပတ်သက်၍ နောက်ထပ် ကျူးလွန်သည့်သူများအား ပညာပေးသည့် အနေမျိုး အဓိပ္ပာယ် မသက်ရောက်နိုင်ပေ။

ထို့ကြောင့် ပညာရှိတွဲဖက်ခရိုင်ရာဇဝတ် တရားသူကြီးက နောက်ထပ် ဒဏ်ငွေ ၅၀၀ ကျပ်ပေး ဆောင်စေရန်နှင့် ပျက်ကွက်က ထောင်ဒဏ် ၆ လ ကျခံစေရန် ထောက်ခံတင်ပြချက်ကို အတည်ပြု လက်မခံနိုင်ဘဲ၊ လျော့ကျထားခံရသူ ကိုဝမ်တင် (ခေါ်) စိန်ဝင်းသည် မူလအောက်ရုံးက ချမှတ်ထားသော အပြစ်ဒဏ်များအပြင် နောက်ထပ်၍ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်တိုးမြှင့်၍ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၉၅။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးဦးသက်ဖေရွှေတွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

ကေ၊ စီ၊ ကိုတက် (အယူခံတရားခံ)*

† ၁၉၆၆ ဩဂုတ်လ ၂၄ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၄၂၀/၃၄/၄၆၈ အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—လက်မှတ်တုများကို အပေါင်ထားကာ ငွေချေးသူမဟုတ်—ဘဏ်လက်မှတ်ထိုးထားသည့် အပေါင် ထားသော အစုရှယ်ယာများစာရင်းနှင့် ချေးငွေ အပေါ် ကျသင့်သည့် အတိုးငွေများပေးခြင်း—ဘဏ်ကခိုင်းရှိသဘောရိုးနှင့် လာပေးခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်ခြင်း—အစုရှယ်ယာ လက်မှတ်တုများကို ပုံနှိပ်ထုတ်တွင် သူ့ဘဏ်ကို ရှိက်နှိပ်သည်ဆိုသော အထောက် အထား မရှိခြင်း—လက်ရေးပါရဂူ၏ ထွက်ချက် တခုတည်းဖြင့် အပြစ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။လက်မှတ်တုများကို အပေါင်ထားကာ ငွေချေးသောသူမှာ အယူခံ တရားခံ မဟုတ် ၎င်း၏ ဘဏ်သာဖြစ်သည်။ အစုရှယ်ယာ လက်မှတ်တုများကို အပေါင်ထားပြီး၊ ငွေချေး စဉ်က အယူခံတရားခံသည် ရန်ကုန်မြို့ဥမရှိ အိန္ဒိယပြည်၌ ရှိနေသည်။ ဘဏ်လက်မှတ် ထိုးထား သည့် အပေါင်ထားသော အစုရှယ်ယာများ စာရင်းနှင့် ချေးငွေအပေါ် ကျသင့်သည့် အတိုးငွေ များကို အယူခံတရားခံက ယူလာပြီး တရားလိုအား ပေးခြင်းမှာ ဘဏ်က ခိုင်းရှိ သဘောရိုးနှင့် လာပေးခြင်းဖြစ်သည်ဟု ကောက်ယူနိုင်သည်။ ဘဏ်နှင့် ပူးပေါင်း ကြံစည်ကာ တရားလိုအား လိမ်လည်ရန်ပေးခြင်းသာ ဖြစ်သည်ဟု တထစ်ချယူဆရန် လုံလောက်သော သက်သေ အထောက် အထားမရှိပေ။ သို့ဖြစ်ရာ အယူခံတရားခံသည် ၎င်း၏ ဘဏ်နှင့် ပူးပေါင်းကြံစည်ကာ တရားလို အား လိမ်လည်ခဲ့ခြင်းမရှိဟု ဆိုသော အောက်အယူခံ ရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ခေ့။

မောင်အေး နှင့် နိုင်ငံတော်၊ ၁၉၄၆ ခု၊ ရန်ကုန်စီရင်ထုံး ၂၄၆။

မောင်မြင့် နှင့် ပြည်ထောင်စု၊ ၁၉၄၈ ခု၊ မြန်မာပြည်စီရင်ထုံး ၃၇၉။

ရာမရား နှင့် ဘုံဘိုင်ပြည်နယ်၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၅၅၊ တရားလွှတ်တော်ချုပ် ၂၈၇ ရည်ညွှန်းသည်။

---

*၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၉၂။

†၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၃၀ ရက် နေ့စွဲပါ၊ ဟံသာဝတီ နှင့် ရန်ကုန် စက်ရှင် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၆

ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
ကေ၊စီ၊
ကိုတက်။

ထပ်မံဆုံးဖြတ်ချက်။ ။အစုရှယ်ယာ လက်မှတ်တုများကို အယူခံ တရားခံက ယူလာ၍ ပေါင်နှံခဲ့ခြင်းမဟုတ်။ ထိုလက်မှတ်စာရွက်များကို ပုံနှိပ်တိုက် တခုတွင် အယူခံတရားခံ သွားရောက် ရိုက်နှိပ်ခဲ့သည်ဆိုသော အထောက်အထားလည်း **မရှိ**။ သို့ဖြစ်ရာ လက်ရေးပါရဂူ၏ ထွက်ချက် တခုတည်းဖြင့် အယူခံတရားခံ အပေါ် လိမ်လည်ရန် အကြံဖြင့် စာချုပ် စာဖမ်း အတု ပြုလုပ်ခဲ့မှု အရာ၊ အပြစ်မပေးနိုင်ဆိုသော အောက်အယူခံ **ရုံး**၏ ကောက်ယူချက်မှာလည်း တရားဥပဒေ အရ မှားယွင်းချွတ်ချော်သည်ဟု မဆိုသာချေ။

မောင်တင်ရွှေ နှင့် **ပြည်ထောင်စု**၊ ၁၉၅၄၊ မြန်မာပြည် **စီရင်ထုံး**၊ ၃၅၈ (တရားလွှတ်တော်) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးကျော်မင်း။

အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

အယူခံတရားခံအတွက်။ ။ ဦးသန်းအောင်။

ဦးမောင်မောင် (၁၀)။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံ ကေ၊စီ၊ကိုတက်နှင့် ၎င်း၏ဘခင် စီ၊အယ်၊ကိုတက်တို့အား၊ ရန်ကုန်မြို့ အင်္ဂမရာဘက် ရာဇဝတ်တရားသူကြီးရုံး၏ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၃၆ တွင်ရာဇသတ်ပုဒ်မ ၄၂၀/၄၆၈/၁၄ အရတရား စွဲဆိုရာ၊ စီ၊အယ်၊ကိုတက်မှာ အိန္ဒိယပြည်သို့ ထွက်ပြေးတိမ်းရှောင်သွားသဖြင့်၊ အယူခံ တရားခံတဦးတည်းအပေါ် အရေးယူခဲ့ပြီးနောက်၊ ရာဇသတ်ပုဒ်မ ၄၂၀/၁၄ စွဲချက်အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်၊ ရာဇသတ်ပုဒ်မ ၄၆၈ စွဲချက်အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်၊ တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့၏။ ထိုအမိန့်ကို အယူခံတရားခံက မကျေနပ်၍ ရန်ကုန်မြို့စက်ရှင်ရုံးသို့ အယူခံဝင်ရာ၊ ပညာရှိစက်ရှင်တရားသူကြီးက သက်သေအထောက်အထား မခိုင်လုံဟု အဆုံးအဖြတ်ပြုကာ အယူခံတရားခံအား တရားသေလွှတ်ခဲ့သည်။ ယင်းသို့တရားသေလွှတ်သောအမိန့်ကို ပယ်ဖျက်ပေးရန် ၎င်း အယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားခံ၏ဘခင် စီ၊အယ်၊ကိုတက်သည် ကုမ္ပဏီ**အစုရှယ်ယာ**များကို အရောင်း အဝယ်ပြုလုပ်သည့် ပွဲစားတဦးဖြစ်သည်။ ၎င်းသည် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ တွင်၊ ရန်ကုန်မြို့ကုန်သည်လမ်း၊ အမှတ် ၆၃၆ ၌ကုန်အရောင်းအဝယ်ပြုလုပ်သည့် ကုန်သည် ဂျနူးဝါလား (လိုပြ-၄) ထံသို့လာ၍ ငွေတသိန်းကိုချေးသည်။ ကတန်ကျန်း ရော်ဘာကုမ္ပဏီလိမိတက်၏ အစုရှယ်ယာ ၁၈ စောင်၊ တာတာလျှပ်စစ်ကုမ္ပဏီ၏ အစုရှယ်ယာ ၁၁ စောင်နှင့် သံစွေးမှ အစုရှယ်ယာအချို့ကို အပေါင်ထားကာ ငွေချေး ခြင်းဖြစ်သည်။ ဂျနူးဝါလားက အဆိုပါအစုရှယ်ယာများကို အပေါင်ပစ္စည်းအဖြစ်

လက်ခံကာ၊ လာချေးသည့်နေ့က စီ၊အယ်၊ ကိုတက်အား ငွေငါးသောင်းကိုငင်း၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အယူခံတရား**ခံ**ဟု အာ၊စီ၊ကိုတက်အား ငွေငါးသောင်း ကိုငင်း ထုတ်ပေးခဲ့၏။

ယင်းသို့ငွေချေးပြီးနောက် တနှစ်ခန့်ကြာသောအခါ၊ အပေါင်ထားသော ကတန် ကျန်း ရော်ဘာကုမ္ပဏီလိမိတက်၏ အစုရှယ်ယာများမှာ အတုများဖြစ်သည်ဟု ယူဆစရာ အကြောင်းပေါ်၊ ပေါက်လာသဖြင့်၊ ကတန်ကျန်း ရော်ဘာကုမ္ပဏီလိမိတက်၏ကိုယ်စား လှယ် ဖဲယာဝယ်သာရစ်ချက်ကုမ္ပဏီသို့ သွားရောက်ပြီး၊ မန်နေဂျာဖရန်စစ် (လို့ပြ-၁) နှင့်စာရေးကြီး ဦးအိန်ဆန်း (လို့ပြ-၃) တို့ထံ၌ စုံစမ်းသောအခါ၊ စီ၊အယ်၊ကိုတက် အပေါင်ထားသွားသည့် ရော်ဘာကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ် ၁၆ စောင်မှာ အစစ်မဟုတ်ဘဲ အတုများဖြစ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ဂျနူးဝါလားက စီ၊အယ်၊ကိုတက်အား ချေးငွေကို ပြန်ဆပ်ရန်ပြောသော်လည်း၊ စီ၊အယ်၊ကိုတက်သည် ပြန်မဆပ်ဘဲ အိန္ဒိယပြည် ထို့ ထွက်ပြေးတိမ်းရှောင်သွားသည်။ ထိုအခါ ဂျနူးဝါလားက ပန်းဘဲတန်း ရဲတပ် စခန်း၌ တိုင်တန်းသဖြင့်၊ ရဲက အယူခံတရားခံအား ဘမ်းဆီးလိုက်၏။ အယူခံတရား**ခံ**၏ နမူနာလက်ရေးနှင့်အတူ အစုရှယ်ယာလက်မှတ်များကို လက်ရေးပါရဂူ ဦးထွန်းမြင့် (လို့ပြ-၆) ကစစ်ဆေးကြည့်ရှုပြီး လက်မှတ် ၁၆ စောင်အနက် ၁၀ စောင်မှာ အယူခံ တရား**ခံ**၏ လက်ရေးဖြင့်ငင်း၊ ကျန် ၆ စောင်မှာ စီ၊အယ်၊ကိုတက်၏ လက်ရေးဖြင့်ငင်း ရေးသားထားသည်ဟု ထင်မြင်ချက်ပေးခဲ့သည်။

မူလရုံး ပညာရှိတရားသူကြီးက၊ အယူခံတရားလိုသည် ငွေကျပ်တသိန်းကို ဂျနူး ပါလားထံမှ ကိုယ်တိုင်ချေးယူခြင်းမပြုသော်လည်း အစုရှယ်ယာလက်မှတ် အတုများနှင့် ငွေချေးရာတွင် လက်မှတ်အတုအချို့ကိုပြုလုပ် လက်မှတ်ထိုးပေးခဲ့သည့်အပြင်၊ ချေးငွေ အပေါ် ကျသင့်သည့်ငွေတိုးများကို ကိုယ်တိုင်ပေးခဲ့သောကြောင့်၊ ဘခင်စီ၊အယ်၊ကိုတက် နှင့်ပူးပေါင်းကြံစည်ကာလိမ်လည်ခဲ့သည်ဟု ကောက်ယူလျက်၊ အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း အယူခံတရားခံအား အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ပညာရှိစက်ရှင်တရားသူကြီးက၊ ငွေကျပ်တသိန်းကို ချေးယူသည့် ၁၉၆၁ -ခုနှစ်၊ မတ်လ ၂၉ ရက်နေ့နှင့် ၁၉၆၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့များ၌၊ အယူခံ တရားခံသည် မြန်မာပြည်တွင်မရှိဘဲ အိန္ဒိယပြည်သို့ရောက်နေသဖြင့်၊ ဘခင်စီ၊အယ်၊ ကိုတက် ငွေချေးသောကိစ္စတွင် ကိုယ်ထိလက်ရောက်မပါခဲ့ကြောင်း၊ ချေးငွေနှင့်ပတ် သက်သည့် ငွေတိုးများကို ကိုယ်တိုင်လာရောက်ပေးဆပ်သည်ဆိုကာမျှဖြင့် ၎င်းသည် ဘခင်စီ၊အယ်၊ကိုတက်နှင့် ပူးပေါင်းကြံစည်ကာ လိမ်လည်သည်ဟု မဆိုနိုင်ကြောင်း၊ အစုရှယ်ယာလက်မှတ်တုများကို ပြုလုပ်သည်ဆိုခြင်းနှင့်ပတ်သက်၍ လက်ရေးပါရဂူ တဦးတည်း၏ ထွက်ချက်သာရှိသဖြင့်၊ ၎င်းအပေါ် လိမ်လည်ရန်အကြံဖြင့် စာချုပ်

စာတမ်းအတုပြုလုပ်မှုအရ အပြစ်မပေးနိုင်ကြောင်း အဆုံးအဖြတ်ပြုကာ၊ မူလရုံး၏ စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ဖယ်ဖျက်၍ တရားသေလွှတ်ခဲ့ခြင်းဖြစ်လေသည်။

အလိမ်ခံရသူ ဂျနူးဝါလားအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရွှေနေကြီး ဦးကျော်မင်းက၊ အခင်းဖြစ်ငွေတသိန်းကို ထုတ်မချေးမီ ၃ လခန့်က အယူခံတရားခံသည် ဂျနူးဝါလားထံသို့လာပြီး ၃-၄ လအတွင်း ငွေတသိန်းချေးမည်ဖြစ်၍၊ မိမိမလာနိုင်က ဘခင်စီ၊အယ်၊ကိုတက်ကိုပေးရန် ပြောသွားသည်ဆိုသောအချက်၊ ချေးငွေတသိန်းအတွက် အတိုးငွေများကို အယူခံတရားခံကိုယ်တိုင် လာပေးသည်ဆိုသောအချက်နှင့် အပေါင်ထားသည့် အစုရှယ်ယာစာရင်းကို အယူခံကိုယ်တိုင် ယူလာသည်ဆိုသောအချက်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အယူခံတရားခံသည်၊ ကိုယ်တိုင် ငွေချေးယူခြင်းမပြုသော်လည်း ၎င်း၏ဘခင် စီ၊အယ်၊ကိုတက်နှင့် ပူးပေါင်းကြံစည်ကာ ဂျနူးဝါလားအား လိမ်လည်ခဲ့သည်ဟု ကောက်ယူသင့်ကြောင်းတင်ပြလာ၏။

ငွေတသိန်းကို စီ၊အယ်၊ကိုတက်လာ၍ မချေးမီ ၃ လအရင်က အယူခံတရားခံသည် ဂျနူးဝါလားထံသို့လာပြီး၊ ၃ လအတွင်း ငွေတသိန်းလိုကြောင်း ပြောသည်ဆိုသော အချက်နှင့်ပတ်သက်၍ ဂျနူးဝါလားနှင့် ကိုသောင်းကျော် (ခေါ်) ဂျဖါးတို့အဆိုသာ ရှိ၏။ ကိုသောင်းကျော် (ခေါ်) ဂျဖါးမှာ ဂျနူးဝါလား၏အလုပ်သမားဖြစ်ပြီး၊ ၎င်း၏ထွက်ချက်မှာ မူလရုံးတရားသူကြီး၏မှတ်ချက် (စာမျက်နှာ ၂၃ နောက်ကျော) အရ၊ စိတ်ချလက်ချလက်ခံရန်မဖြစ်နိုင်ချေ။ ချေးငွေအပေါ် ကျသင့်သော အတိုးငွေများကို အယူခံတရားခံကလာပေးသည်မှာ မှန်သည်ဟုဆိုစေကာမူ၊ ထိုကဲ့သို့လာပေးခြင်းမှာ ၎င်း၏ဘခင် စီ၊အယ်၊ကိုတက်ကခိုင်းရ၍လာပေးခြင်းလည်းဖြစ်နိုင်သည်။ ယင်းသို့ငွေတိုးလာပေးမိရုံဖြင့်၊ ၎င်းသည် ၎င်း၏ဘခင်နှင့် လိမ်လည်ရာ၌ ပူးပေါင်းကြံစည်ခဲ့သည်ဟုတထစ်ချယူဆရန်မဖြစ်နိုင်ချေ။ အပေါင်ထားသည့်အစုရှယ်ယာများစာရင်းကို အယူခံတရားခံကလာရောက်ပေးအပ်သည်ဆိုသော အချက်မှာလည်း ထိုအတိုင်းပင်ဖြစ်သည်။ ထိုစာရင်းကို ၎င်း၏ဘခင်စီ၊အယ်၊ကိုတက်က လက်မှတ်ထိုးထား သည်။ အဆိုပါ စာရင်းအား အယူခံတရားခံသည် ၎င်း၏ဘခင်နှင့် ပူးပေါင်းပြုလုပ်ခဲ့သည်ဆိုသော သက်သေအထောက်အထား စိုးစဉ်းမျှမရှိ။

တဦးထက်များသောတရားခံတို့သည် အကြံတခုကို အထမြောက်အောင် ပူးပေါင်း၍ ပြုလုပ်ခဲ့ခြင်း ရှိမရှိဆိုခြင်းနှင့် ပတ်သက်၍ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအပေါ် မှီငြမ်းကာ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။ တရားခံတို့၏ ပြုမူချက်သည် ပူးပေါင်းကြံစည်၍ လုပ်ဆောင်ခဲ့ကြောင်း တထစ်ချယူဆရန် အကြောင်းပေါ် ပေါက်နေမှသာ အကြံတူဥာဏ်တူ ပြုလုပ်ခဲ့သည်ဟု ဓကာက်ယူရမည်။ ယင်းသို့တထစ်ချယူဆရန် အကြောင်းမရှိဘဲ၊ အခြားကောက်ယူချက်တခုခုကို ပြုလုပ်

နိုင်လျှင်၊ ရာဇသတ်ပုဒ်မ ၃၄ အရ ပူးပေါင်းကြံစည်၍ ဆောင်ရွက်ခဲ့သည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။ **မောင်အေး** နှင့် **နိုင်ငံတော်** (၁)၊ **မောင်မြင့်** နှင့် **ပြည်ထောင်စု** (၂) ထို့ပြင်၊ တရားခံများသည် အကြံတူတခုကို အထမြောက်စေရန်ရည်ရွယ်၍၊ ပြစ်မှုကျူးလွန်မှုသာ ရာဇသတ်ပုဒ်မ ၃၄ ကို အသုံးချနိုင်မည်ဖြစ်သည်။ တနည်းဆိုသော် တူညီသောရည်ရွယ်ချက်နှင့် ပြစ်မှုကျူးလွန်မှုသာ ထိုပုဒ်မနှင့် အကျုံးဝင်မည်၊ ပြစ်မှုကျူးလွန်သည်ဆိုရာ၌ ကိုယ်တိုင်ရှိရန်လိုပေသည်။ ကိုယ်ထိလက်ရောက်ကျူးလွန်ရန် မလိုသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ရှိမှသာတူညီသော ရည်ရွယ်ချက်ဖြင့် ပြစ်မှုကျူးလွန်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ထိုအတိုင်းပင်လည်း **ရာမရား** နှင့် **ဘုံဘိုင်ပြည်နယ်** (၃) တွင် အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်သည်။

ယခုအမှုတွင် လက်မှတ်တမျှားကို အပေါင်ထားကာ၊ ငွေချေးသောသူမှာ အယူခံတရားခံမဟုတ်၊ ၎င်း၏ဘဏ် စီ၊အယ်၊ကိုတက်သာဖြစ်သည်။ အစုရှယ်ယာ လက်မှတ်တမျှားကို အပေါင်ထားပြီး ငွေချေးစဉ်က အယူခံတရားခံသည် ရန်ကုန်မြို့၌မရှိ၊ အိန္ဒိယပြည်၌ရှိနေသည်။ ဘဏ်လက်မှတ်ထိုးထားသည့် အပေါင်ထားသော အစုရှယ်ယာမျှားစာရင်းနှင့် ချေးငွေအပေါ် ကျသင့်သည့် အတိုးငွေများကို အယူခံတရားခံက ယူလာပြီး ဂျနူးဝါလားအား ပေးခဲ့ခြင်းမှာ၊ ဘဏ်ကခိုင်း၍ သဘောရိုးနှင့်လာပေးခြင်းဖြစ်သည်ဟု ကောက်ယူနိုင်သည်။ ဘဏ်နှင့်ပူးပေါင်းကြံစည်ကာ ဂျနူးဝါလားအား လိမ်လည်ရန် ပေးခြင်းသာဖြစ်သည်ဟု တထစ်ချယူဆရန် လုံလောက်သော သက်သေအထောက်အထားမရှိပေ။ သို့ဖြစ်ရာ၊ အယူခံတရားခံသည် **၎င်း၏**ဘဏ် စီ၊အယ်၊ကိုတက်နှင့် ပူးပေါင်းကြံစည်ကာ ဂျနူးဝါလားအား လိမ်လည်ခဲ့ခြင်းမရှိဟု ဆိုသော အောက်အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ချေးငွေတသိန်းအတွက် အပေါင်ထားသည့် ကတန်ကျိန်း ရော်ဘာကုမ္ပဏီလိမိတက်၏အစုရှယ်ယာအတု ၁၆ ခုအနက်၊ ၁၀ ခုပေါ်ရှိ လက်ရေးလက်သားများအား၊ အယူခံတရားခံ ရေးသားသည်ဟုထင်မြင်ကြောင်း၊ လက်ရေးပါရဂူ ဦးထွန်းမြင့်က ထွက်ဆိုထားသည်မှာမှန်၏။ ဦးထွန်းမြင့်သည် အယူခံတရားခံ၏ နမူနာလက်ရေးများအား အစုရှယ်ယာလက်မှတ်တမျှားပေါ်ရှိ ရေးသားချက်တို့နှင့် တိုက်ဆိုင်ကြည့်ရှုပြီး ထင်မြင်ချက် ပေးခဲ့ခြင်းဖြစ်သည်။ လက်ရေးလက်သားများကိုဖျက်၍ ရေးနိုင်သည်။ ပြုပြင်ပြီးရေးလျှင်လည်း ရနိုင်သည်။ လူတဦး၏လက်ရေးသည် တသမတ်တည်းအမြဲမရှိ၊ ပြောင်းလဲလျက်ရှိသည်။ လက်ရေးလက်သားများကို တိုက်ဆိုင်ကြည့်ရှုသည့်အတတ်

(၁) ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၂၄၆။
(၂) ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၃၇၉။
(၃) အေးအိုင်၊အာ(ရ်)၊ ၁၉၅၅၊ တရားလွှတ်တော်ချုပ်၊ ၂၈၇။

A

ပညာမှာ လယ်ဗွေများအား တိုက်ဆိုင်ကြည့်ရှုသည့် အတတ်ပညာလောက် တိကျမှန်ကန်ခြင်း မရှိသေးသဖြင့် လက်ရေးပါရဂူ၏ ထွက်ချက်မှုတခုတည်းဖြင့် တရားခံတစ်ဦးအပေါ် အပြစ်ပေးရန်မလုံလောက်ပေ။ လက်ရေးပါရဂူအားထောက်ခံသည့် အခြားသက်သေအထောက်အထား ရှိရန်လိုပေသည်။ **မောင်တင်ရွှေ** နှင့် **ပြည်ထောင်စု**(၄)။

ဤအမှုတွင် အစုရှယ်ယာလက်မှတ်တုများကို အယူခံတရားခံက ယူလာ၍ ပေါင်ခဲ့ခြင်းမဟုတ်။ ထိုလက်မှတ် စာရွက်များကို ပုံနှိပ်တိုက်တခုခုတွင် အယူခံတရားခံသွားရောက်ရိုက်နှိပ်ခဲ့သည်ဆိုသော အထောက်အထားလည်းမရှိ။ သို့ဖြစ်ရာ လက်ရေးပါရဂူ၏ ထွက်ချက်တခုတည်းဖြင့် အယူခံတရားခံအပေါ် လိမ်လည်ရန်အကြံဖြင့် စာချုပ်စာတမ်းအတု ပြုလုပ်ခဲ့မှုအရ အပြစ်မပေးနိုင်ဆိုသော အောက်အယူခံရုံး၏ ကောက်ယူချက်မှာလည်း တရားဥပဒေအရ မှားယွင်းချွတ်ချော်သည်ဟု မဆိုသာချေ။

ပညာရှိအောက်အယူခံရုံး တရားသူကြီးသည် သက်သေများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်စစ်ဆေးခဲ့ရ သူမဟုတ်၍ သက်သေများအား ယုံသင့်မယုံသင့်ဆိုသော ပြဿနာကိုစဉ်းစားရာတွင် သက်သေများအား ကိုယ်တိုင်တွေ့မြင်စစ်ဆေးခဲ့ရသည့် မူလရုံးတရားသူကြီးကဲ့သို့ ဝေဖန်ဆန်းစစ်ရန်အခွင့်အရေးမရှိသည် ကို မငြင်းနိုင်။ သို့ရာတွင် ဤအမှုဌ အယူခံတရားခံအား အပြစ်ပေးခဲ့သည့် မူလရုံးတရားသူကြီးအမှုကို စတင်စစ်ဆေးခဲ့သော တရားသူကြီးမဟုတ်သဖြင့်၊ ၎င်းသည် အောက်အယူခံရုံး တရားသူကြီးထက်များစွာ ပို၍ သက်သေများအပေါ် ချင့်ချိန်ရန် အခွင့်အရေးရရှိခဲ့သည်ဟု မဆိုသာချေ။ ၎င်းပြင် အောက်အယူခံရုံးသည် ထိုကိစ္စနှင့်ပတ်သက်၍ မူလရုံးနှင့် သဘောကွဲလွဲပြီး အဆုံးအဖြတ်ပေးခဲ့သောကိစ္စတွင် ဒုတိယအယူခံရုံးဖြစ်သည့် ကျွန်ုပ်အနေနှင့် အောက်အယူခံရုံး၏ ဆုံးဖြတ်ချက်ကို သဘောမတူရုံဖြင့် တရားခံတစ်ဦးအပေါ်တရားသေလွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန်အကြောင်း လုံလောက်သည်ဟု မယူဆနိုင်၊ ပင်ရောက်စွက်ဖက် ရန် လုံလောက်သော အကြောင်းရှိမှသာ တရားသေလွှတ်သည့်အမိန့်ကို ပယ်ဖျက်နိုင်မည်ဖြစ်သည်။ **မောင်ထွန်းမြင့်**နှင့် **ပြည်ထောင်စု** (၅)၊ **နိုင်ငံတော်**နှင့် **ဟာဂျီဂုလပ်ရွား** (၆)။

ယခုအမှုတွင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အောက်ရုံးအယူခံရုံး၏ အမိန့်မှာ ပယ်ဖျက်လောက်အောင် မှားယွင်းတိမ်းစောင်းနေသည်ဟု မဆိုနိုင်သဖြင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

---

(၄) ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၃၅၈ (တရားလွှတ်တော်)။
(၅) တရားရုံးချုပ်၏ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၂။
(၆) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၈၊ ဆင်း ၈၀။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားသူ) † ၁၉၆၆
ဇူလိုင်လ
နှင့်
မောင်ထွန်းမြင့် (ပြင်ဆင်ရန် လျှောက်ထားခံရသူ) •

ရာဇသတ်ကြီး ပုဒ်မ ၉၇ အရ၊လျှောက်ထားစွဲဆိုမှု—ခရိုင်အတွင်းရှိ ရာဇဝတ် တရားသူကြီးများ၏ အာဏာ—ခရိုင်တခုလုံးအထိ ပြန့်နှံ့ခြင်း—ဖြစ်ပွါးရာ ဒေသရှိ တရားရုံးတွင် မစွဲဆိုခြင်း—ခရိုင်ရုံးစိုက်ရာ မြို့ရှိ ထရားရုံး၌ လာရောက် စွဲဆိုခြင်း—စီရင်ပိုင်ခွင့် အာဏာအပြင် အပသို့ ကျဈရောက်သည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။ခရိုင်အတွင်းရှိ ရာဇဝတ်တရားသူကြီးများ၏ အာဏာသည် ခရိုင်တခုလုံး အထိ ပြန့်နှံ့ကြောင်း။ ထို့ကြောင့် ဒေးဒရဲမြို့တွင် ဖြစ်ပွါးခဲ့သော မယားခိုးမှုကို ဖျာပုံမြို့တွင် လာရောက်စွဲဆိုခြင်းသည် စီရင်ပိုင်ခွင့်အာဏာ အပြင် အပသို့ ကျရောက်သည်ဟု မဆိုနိုင်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးတိုးမောင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။မရှိ။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။လျှောက်ထားသူ မောင်ကျော်ရှိန်က လျှောက်ထားခံရသူ မောင်ထွန်းမြင့်အပေါ် မယားခိုးမှုဖြင့် ဖျာပုံမြို့ရာဇဝတ်တရားသူကြီးရုံးတွင် ဦးတိုက်လျှောက်ထား စွဲဆိုခဲ့သည်။ အမှုသည် ဒေးဒရဲမြို့တွင် ဖြစ်ပွါး၍ တရားသူကြီးက ၎င်းတွင် စီရင်ပိုင်ခွင့်အာဏာ မရှိဟု ယခင်က ဖျာပုံခရိုင် စက်ရှင် တရားသူကြီးရုံးတွင် ချမှတ်ခဲ့သော အယူခံမှု တမှုကို ကိုးကား၍ ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် မောင်ထွန်းမြင့်အား တရားသေ လွှတ်ခဲ့လေသည်။

မောင်ကျော်ရှိန်က ထိုအမိန့်ကို မကျေနပ်သဖြင့် ဖျာပုံခရိုင်၊ စက်ရှင်ရုံးသို့ ပြင်ဆင်

• ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၉ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၅၃ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲပါ၊ ဖျာပုံမြို့၊မြို့မ (အထူး) ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၆၆ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ထွန်းမြင့်။

မှုဖွင့်လှစ်၍ တက်ရောက်ခဲ့သည်၊ စက်ရှင်တရားသူကြီးက ဖျာပုံခရိုင်အတွင်းရှိ ရာဇဝတ် တရားသူကြီးများ၏ အာဏာသည် ခရိုင်တခုလုံးအထိ ပြန့်နှံ့ကြောင်း၊ ထို့ကြောင့် ဒေးဒရဲမြို့တွင် ဖြစ်ပွါးခဲ့သော မယားခိုးမှုကို ဖျာပုံမြို့တွင် လာရောက်စွဲဆိုခြင်းသည် စီရင်ပိုင်ခွင့်အာဏာအပြင်အပသို့ ကျရောက်သည်ဟု မဆိုနိုင်ကြောင်း။ ထို့ကြောင့် မူလရုံး၏အမိန့်ကို သင့်တော်သလို ပြင်ဆင်ပေးသင့်ကြောင်း ထောက်ခံ၍ အမှုတွဲများကို ဤရုံးသို့ ပေးပို့ခဲ့သည်။

ပညာရှိ စက်ရှင်တရားသူကြီးက မောင်ကျော်ရှိန်သည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အစိုးရက မောင်ထွန်းမြင့်အား တရားသေလွတ်မိန့်မှာ အယူခံဝင်ရန် လျှောက်ထား ဆောင်ရွက်ခဲ့ခြင်းမရှိ၊ စက်ရှင်ရုံးသို့သာ ပုဂ္ဂိုလ်အနေနှင့် လာရောက် ပြင်ဆင်မှု ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်၊ တရားသေလွတ်မိန့်ကို အထူးစဉ်းစား ချင့်ချိန်၍ လက်ခံစဉ်းစားရကြောင်း၊ ဥပဒေအရ များစွာမှားယွင်း ချွတ်ချော်ခြင်းများ၊ တရား မျှတမှု ကင်းမဲ့ခဲ့ခြင်းများ တွေ့ရှိမှသာ အောက်ရုံးအမိန့်ကို ပြင်ဆင်ပေးရကြောင်းကို စက်ရှင် တရားသူကြီးက ညွှန်ပြသည်။ သို့ရာတွင် ဤအမှုဌာနား စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်၍ ရုံးကမှားယွင်း ဆုံးဖြတ်ခဲ့ခြင်းကြောင့် တရားသေ လွတ်မိန့်ကို ပြင်ဆင် ပေးသင့်ပါသည်ဟု ထောက်ခံသည်။

နစ်နာသော ပုဂ္ဂိုလ်တဦးက တရားသေလွတ်မိန့် တရပ်ကို မကျေနပ်သဖြင့် တရား ရုံးချုပ်သို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ခြင်းမှီ မရှိနှင့် ပတ်သက်၍ ကျွန်ုပ်တို့ သည် **ဦးဘမောင်နှင့် မောင်စိန်ရ ပါ ၂ အမှု** (၁) တွင် အကျယ်တဝင့် သုံးသပ်ခဲ့ကြ သည်။ ထိုအမှုတွင် ကျွန်ုပ်တို့ က ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊အစိုးရက အယူခံ ဝင်ရန် သင့်တော်သော တရားသေလွတ်မိန့်ကို နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တဦးက လာရောက်လျှောက်ထား ရုံမျှနှင့် တရားရုံးချုပ်က လွယ်လွယ်လက်ခံ၍ စဉ်းစားရန် မဟုတ်ဟု ဆုံးဖြတ်ခဲ့ကြသည်။ အထူးသဖြင့် ခရိုင်ရာဇဝတ် တရားသူကြီးရုံး၊ သို့မဟုတ် စက်ရှင်ရုံးသို့ ပြင်ဆင်မှုဖြင့် သွားရောက်ခြင်း မပြုဘဲ ၎င်းရုံးများကို ကျော်လွှန်၍ တရားရုံးချုပ်သို့ တိုက်ရိုက် လာရောက် လျှောက်ထားခြင်းများကို သာမန်အားဖြင့် လက်ခံရန် မဟုတ်ကြောင်း မှတ်ချက်ပြုခဲ့ကြသည်။

ဤအမှုတွင်ကား တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ ရှိလျက်နှင့် ဥပဒေကို အဓိပ္ပါယ် ကောက်ယူရာတွင် မှားယွင်းသဖြင့် ထိုအာဏာကို သုံးစွဲခြင်း မပြုခဲ့ခြင်းကို တွေ့ရသည်။ ထို့ပြင် နစ်နာသည်ဆိုသော ပုဂ္ဂိုလ်သည် စက်ရှင်ရုံးသို့ ဦးစွာသွားရောက်၍ ပြင်ဆင်မှု ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်၊ စက်ရှင် တရားသူကြီးက နှစ်ဘက်ကို ကြားနာပြီး နောက်၊ သင့်လျော်သော အမှုဖြစ်သဖြင့် ပြင်ဆင်ပေးရန် ထောက်ခံ၍ အမှုတွဲများကို

(၁) တရားရုံးချုပ်၊ ၁၉၆၆ ခု၊ ရာဇဝတ်စောဒကမူအမှတ် ၁။

ဤရုံးသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အထက်တွင် ရည်ညွှန်းသော စီရင်ထုံးအရ လည်း လက်ခံ စဉ်းစားသင့်သော အမှုဖြစ်ပေသည်။

ပညာရှိ အစိုးရရွေးနေကြီး ဦးတိုးမောင်က စက်ရှင် တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံသင့်ပါသည်။ ရုံးက စီရင်ပိုင်ခွင့်အာဏာ မရှိဟု သဘောရကာမျှနှင့် တရားခံအား တရားသေလွှတ်ရန် မဟုတ်ပါ၊ အမှုကို အပြည့်အစုံ စစ်ဆေးပြီးနောက် အမှုမှန်လျှင် မှန်သလို၊ မှားလျှင်မှားသလို သင့်လျော်သော အမိန့်ကို ချမှတ်ရန် ဖြစ်ပါသည်ဟု လျောက်ထားသည်။

စက်ရှင်ရုံး၏ ထောက်ခံချက်ကို လက်ခံ၍ မူလရုံး၏ တရားသေလွှတ်မိန့်ကို ပယ်ဖျက်လိုက်သည်။ ဖျာပုံခရိုင် ရုဇဝတ် တရားသူကြီးက သင့်လျော်သည်ထင်သော ရုဇဝတ် တရားသူကြီး တဦးဦးအား အမှုကို ပြန်လည်စစ်ဆေးစေရန်ကိုလည်း ညွှန်ကြားလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆ ဇူလိုင်လ ၂ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံ
(မန်းဘစိန်) (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်ရွှေဝင်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ၊ မူပြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။ယခုအခါ မော်တော်ကားများကို အရမ်းမောင်းမှုကြောင့် လမ်းအန္တရာယ် အများအပြား ရှိနေသည်မှာ မငြင်းနိုင်ပေ။ မြို့ကြီးများတွင်သာမက မြို့ပြင်လမ်းမများပေါ်၌ လည်း၊ မော်တော်ကားမောင်းသူများသည် **မော်တော်ကားကို မောင်းရာ၌ မစူးစမ်း မဆင်** ခြင်ဘဲ အရမ်းမောင်းလေ့မောင်းထ ရှိသည်မှာ အများအပြား ဖြစ်နေသည်ကို တွေ့ရှိရသည်။ ယင်းကဲ့သို့ **မစူးစမ်း** မဆင်ခြင်ဘဲ အရမ်းမောင်းနှင်မှုကြောင့် လူမသေသင့်ဘဲ သေရခြင်း၊ အနာ တရ မရသင့်ဘဲ ရရှိခြင်းမျိုးများ ခဏခဏ တွေ့ကြုံနေရသဖြင့် အပြစ်ဒဏ် ချမှတ်ရာတွင် ပြစ်မှု ကျူးလွန်ခြင်းနှင့် ကိုက်ညီသော အပြစ်ဒဏ်တို့ ချမှတ်ရန် ရှိပေသည်။ ယင်းကိုက်ညီသော အပြစ် ဒဏ် **ချမှတ်ခြင်းသည်၊ နောက်နောင် မော်တော်ကား မောင်းသူများ** ဆင်ခြင်တုံတရား ရှိလာပြီး **မစူးစမ်း** မဆင်ခြင်ဘဲ **အရမ်းမောင်းနှင်ခြင်းကို** ဟန့်တားဘယ်ရာ ဖြစ်နိုင်ပေသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။
ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။မရှိ။

တရားသူကြီး ဦးချစ်။ ။ဘားအံမြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီး (အထူး) ရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင်၊ လျှောက်ထားခံရသူ တရားခံ အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ၊ အပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ကျူးလွန် သည်ဟု တွေ့ရှိရသဖြင့် ရုံးတက်ရုံးဆင်း ထောင်ဒဏ်နှင့် ဒဏ်ငွေ ၆၅၀ ပေးဆောင်စေ၊ ပျက်ကွက်ပါက အလုပ်နှင့်ထောင်ဒဏ် ၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၄ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့စွဲပါ၊ ဘားအံမြို့၊ ပဌမရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

ယင်းကဲ့သို့ ချမှတ်သော အပြစ်ဒဏ်မှာ အလွန့်အလွန် နည်းလွန်းသည်ဟု ယူဆသဖြင့် မြန်မာနိုင်ငံ အစိုးရကိုယ်စား အမှုလိုက်ရဲမှူး မန်းဘစိန်က အပြစ်ဒဏ် တိုးမြှင့်ပေးပါရန် မော်လမြိုင်မြို့၊ စက်ရှင်တရားသူကြီးရုံးတွင် ပြင်ဆင်လွှာ တင်သွင်းခဲ့ရာ၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လပြင်ဆင်မှုအမှတ် ၄ (က)တွင် လက်ခံ၍ သုံးသပ်သည်။

အမှုအကြောင်းခြင်းရာနှင့်ပတ်သက်၍ မူလရုံး၏စီရင်ချက်တွင် ပြည့်စုံစွာပေါ်ပြထားပြီးဖြစ်ရကား၊ ထပ်လောင်း၍ ပေါ်ပြရန်မလိုပေ။ ပညာရှိ စက်ရှင်တရားသူကြီးက၊ လျှောက်ထားခံရသူ မောင်ရွှေဝင်းသည်၊ မော်တော်ကားကို **အရမ်းမောင်း**၍ ရှေ့က သွားနေသော မြင်းလှည်းကို ကျော်တက်ရာတွင် မြင်းလှည်းမှာ လွှင့်သွားပြီး၊ မြင်းလှည်းပေါ်တွင်စီးလာကြသော ခရီးသည်များဖြစ်ကြသည့် ဇော်မီးလာ၊ ဦးသော်မဲနှင့် ဦးအောင်ခင်တို့မှာ၊ လမ်းပေါ်တွင်လွှင့် စင်ကာ၊ ဇော်မီးလာမှာ ထိုနေရာတွင် ပွဲချင်းပြီး သေဆုံးသွား၍၊ ဦးသော်မဲနှင့် ဦးအောင်ခင်တို့မှာ မသေသော်လည်း၊ အောင့်၍ သတိများပင် လစ်သွားရသည်။ ထိုကဲ့သို့ လျှောက်ထားခံရသူ မောင်ရွှေဝင်းက (ပ၊ပ၊က) ကုန်များအပြည့်နှင့်ပါလာသောဘတ်(စ်)ကားကို တောင်ကုန်းအဆင်းတွင် **အရမ်းမောင်း**နှင့်၍ ရှေ့ကသွားနေသောမြင်းလှည်းကိုကျော်တက်ရာ၊ မြင်းလှည်းကလည်း လက်ဝဲဘက်သို့ ဖယ်ပေးသော်လည်း၊ မော်တော်ဘေးရှိ ခွံကာနှင့် မြင်းလှည်း၏ညာဘက် ပဒေါင်းတိုက်မိသဖြင့်၊ မြင်းလှည်းမှာလွှင့်စင်ပြီး မြင်းလှည်းပေါ်တွင် စီးလာကြသူများ ကစင့်ကလျားလဲကျသွားခြင်းမှာ လျှောက်ထားခံရသူ မောင်ရွှေဝင်း၏ **မစူးစမ်းမဆင်**ခြင်ဘဲ ပေါ့ဆစွာဖြင့် **အရမ်းမောင်းနှင်မှု**ကြောင့် ဖြစ်သည်မှာ မငြင်းနိုင်ပေ။ ထို့အတူက် မူလရုံးက ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က)ဖြင့် ပြစ်မှုမြောက်သည်ဟု ယူဆခြင်းမှာ၊ ပညာရှိစက်ရှင်တရားသူကြီး လက်ခံထားသည့်အတိုင်း မှန်ကန်ပေသည်။ သို့သော် **အပြစ်ဒဏ်** ချမှတ်ရာ၌၊ ရုံးတက်ရုံးဆင်းထောင်ဒဏ်နှင့်ဒဏ်ငွေ ဖြ၅၀ တပ်ရိုက်ခြင်းတို့မှာ လျှောက်ထားခံရသူ၏ **မစူးစမ်းမဆင်ခြင်** **အရမ်းမောင်းနှင်မှုကြောင့်**၊ လူတယောက်သေ၍ နှစ်ယောက်မှာ သတိလစ်ပြီး ဘေးများအောင့်ဆွဲခြင်းတို့နှင့် နှိုင်းစာလျှင် အလွန့်အလွန်နည်းလွန်းသည်ဟု တွေ့ရှိရသည်။ ယခုအခါ မော်တော်ကားများကို **အရမ်းမောင်းမှုကြောင့်** လမ်းအန္တရာယ်အများအပြားရှိနေသည်မှာ မငြင်းနိုင်ပေ။ မြို့ကြီးများတွင်သာမက၊ မြို့ပြင် လမ်းမများပေါ်၌လည်း မော်တော်ကားမောင်းဆုများသည်၊ မော်တော်ကားကို **မောင်းဆု၌ မစူးစမ်းမဆင်ခြင်**ဘဲ **အရမ်းမောင်း**လေ့ မောင်းထရှိသည်မှာ အများအပြား ဖြစ်နေသည်ကို တွေ့ရှိရသည်။ ယင်းကဲ့သို့ **မစူးစမ်းမဆင်ခြင်**ဘဲ **အရမ်းမောင်းနှင်မှုကြောင့်** လူမသေသင့်ဘဲ သေရခြင်း၊ အနာတရ မရသင့်ဘဲ ရရှိခြင်းမျိုးများ ခဏခဏတွေ့ကြုံ နေရသဖြင့် အပြစ်ဒဏ် ချမှတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့် ကိုက်ညီသော အပြစ်ဒဏ်တို့ ချမှတ်ရန်ရှိပေသည်။

ယင်းကိုက်ညီသော အပြစ်ဒဏ် ချမှတ်ခြင်းသည် နောက်နောင် မော်တော်ကား မောင်းသူများဆင်ခြင်တုံတရား ရှိလာပြီး မစူးစမ်း မဆင်ခြင်ဘဲ အရမ်းမောင်းနှင်ခြင်းကို ဟန့်တားဘွယ်ရာ ဖြစ်နိုင်ပေသည်။ ယခုအမှုတွင် ယခုကဲ့သို့ အပြစ်ဒဏ်နှင့် စာလျှင် ပေါ့ဆသော အပြစ်ဒဏ်မျိုးကို ပေးထားခြင်းမှာ မော်တော်ကား မောင်းသူများများစွာ ထိရောက်နိုင်စရာ အကြောင်းမရှိပေ။ နောင်ကျဉ်သော အပြစ်ဒဏ်မျိုး မဟုတ်သဖြင့် နောက်နောင် အလေးကျပြုမည် မဟုတ်ဟု ယူဆသည်။

ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) ကို ဖေါ်ထုတ်ပြလိုသည်။ ၎င်းက ဤသို့ဆိုသည်။

> ၃၀၄ (က)။ ။မည်သူမဆို ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု အဖြစ်ဖြင့်သော်၎င်း၊ လူသတ်မှု အဖြစ်ဖြင့်သော်၎င်း ပြစ်ဒဏ်ချမှတ်ခြင်း မခံထိုက်သော အရမ်းပြုလုပ်မှုကို၊ သို့တည်းမဟုတ် ပေါ့လျော့သော ပြုလုပ်မှုကိုပြု၍၊ လူကို သေစေလျှင်၊ ထိုသူကို ခုနစ်နှစ်ထိထောင်ဒဏ် တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ သို့ရာတွင် အဆိုပါပြုလုပ်မှုကို သေစေတန်ရာသည်ဟု သိလျက်နှင့် ပြုလျှင်၊ ထောင်ဒဏ်ကိုတိုး၍ ဆယ်နှစ်ထိ ချမှတ်နိုင်သည်။

ယခုအမှုတွင် လျှောက်ထားခံရသူ မောင်ရွှေဝင်းသည် မော်တော်ကားကို မစူးစမ်း မဆင်ခြင်ဘဲ အရမ်းမောင်း၍ ရှေ့ကဆွဲးနေသော မြင်းလှည်းကို ကျော်တက်ရာတွင် တိုက်မိရာ ယင်းသို့တိုက်မိခြင်းမှာ လူကိုသေစေ ဒဏ်ရာရသည်ဟု သိလျက်နှင့် ပြုလုပ်ခြင်းမျိုး ဖြစ်သဖြင့် ၎င်းကို အပြစ်ပေးသောအခါ ဆိုခဲ့ပြီးသော ပုဒ်မ ဒုတိယပိုင်းနှင့် ကိုက်ညီအောင် အပြစ်ပေးရန်ရှိသည်။ အမိပ္ပါယ်မှာ ထောင်ဒဏ်ကိုတိုး၍ ၁၀ နှစ်အထိ ပေးနိုင်သည်ဟူ၍ ဖြစ်သည်။

ထို့ကြောင့် နောက်နောင်ကို မော်တော်ကား မောင်းသူများအား ယင်းကဲ့သို့ မစူးစမ်းမဆင်ခြင်ဘဲ အရမ်းမောင်းနှင်မှုမျိုး မလုပ်နိုင်အောင် ဟန့်တားသော အနေဖြင့် ပညာပေး သင်ခန်းစာတခု ပြုလုပ်သင့်သည်ဟု ယူဆသည်။ သို့ဖြစ်၍ ပညာရှိစက်ရှင်တရားသူကြီးက အပြစ်ဒဏ်ကို တိုးမြှင့်ပေးပါရန် ဤရုံးသို့ ထောက်ခံ တင်ဆက်ထားသည့်အတိုင်း လျှောက်ထားခံရသူ မောင်ရွှေဝင်းအပေါ် မူလထုံးက ချမှတ်ထားတော အပြစ်ဒဏ်အပြင် တိုးမြှင့်၍ ပေးသင့်သည်ဟု ယူဆသည်။

ထို့ကြောင့် လျှောက်ထားခံရသူ မောင်ရွှေဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၄(က) အရ၊ ပြစ်မှုမြောက်သည်ဟု ယူဆခြင်းကို အတည်ပြု၍ အပြစ်ဒဏ် ချမှတ်ရာတွင် ၎င်းပုဒ်မ ဒုတိယအပိုင်းနှင့် အညီ၊ မူလထုံးက ချမှတ်ထားသော အပြစ်ဒဏ်များအပြင် အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် တိုးမြှင့်၍ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးခွန် ရွှေတွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

အွန်ချင်ရင်(ခေါ်)ဦးဘိုးရင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဒုလိုင်လ ၃၀ ရက်။

တရားရှင် လွှတ်လိုက်သည်ကို မကျေနပ်၍ ရာဇဝတ်ပြင်ဆင်မှု လျှောက်လွှာ—ပြင်ဆင်မှုတွင် စည်းကမ်းသတ်ရက် ၆၀ သတ်မှတ်ခြင်းမှာ ဥပဒေအရ၊ သတ်မှတ်ခြင်း ဟုတ်မဟုတ်—သတ်မှတ်ထားသည့် ရက်ကျော်မှ ပြင်ဆင်လွှာကို တင်သွင်းလျှင် နှောင့်နှေး ကြန့်ကြာရကြောင်း နှင့် ပတ်သက်၍၊ ကျမ်းကျိန်လွှာ တင်သွင်းပြီး ထုချေရခြင်း—အကြောင်းပြ အချက်အလက်များ ဆီလျော်သင့်မြတ်သည်ဟု ယူဆက ခွင့်ပြုနိုင်ခြင်း –တရားခံတဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက်နှင့် ပတ်သက်သော စဉ်းစားရန်ရှိသော အချက်အလက်—တရားခံအား၊ အပြစ်ပေးထိုက် မပေးထိုက် စသည့် စဉ်းစားရန် ရှိသော အချက် အလက်များနှင့် ဥပဒေအရ၊ တူညီ မတူညီ—တရားခံအပေါ် သက်သေ ထွက်ချက်များအရနှင့် စွဲချက်တင်နိုင်လောက်သော အကြောင်းခြင်းရာများ ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပြင်ဆင်မှုတွင် စည်းကမ်းသက်ရက် ၆၁ သတ်မှတ်ခြင်းမှာ ဥပဒေ အရ၊ သတ်မှတ်ခြင်းလည်းမဟုက်၊ တရားရုံးချုပ်က ဘာမန်အားဖြင့် စည်းကမ်းသတ်ရက် ၆၀ ဟု သတ်မှတ်၍၊ ညွှန်ကြားချက်ပေးထားခြင်းသာလျှင် ဖြစ်သည်။ ထိုသို့ ရက်ပေါင်း ၆၀ ကျော်မှ ပြင်ဆင်လွှာကို တင်သွင်းလျှင် အဘယ်ကြောင့် နှောင့်နှေး ကြန့်ကြာမှုကြောင်းနှင့် ပတ်သက်၍ ကျမ်းကျိန်လွှာတင်သွင်းပြီး ထုချေလျှင်၊ တရားရုံးက ထိုကျမ်းကျိန်လွှာပါ အကြောင်းပြ အချက် အလက်များသည် ဆီလျော် သင့်မြတ်သည်ဟုယူဆပါက ခွင့်ပြုနိုင်သည်။

အိန္ဒိယပြည်တာဝန်ခံ နှင့် ဂိုမုတ်ဒတ်(စ်)၊ အေ၊အိုင်၊အာ(ရှ်) ၁၉၂၉ ဆင်း၊ စာ ၂၁၁ ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂၀၀ (ခ) နှင့် ၂၀၁ (ခ)။

† သာယာဝတီမြို့၊ တွဲဘက်ခရိုင်ရာဇဝတ် တရားသူကြီး၊ ရာကြီးမှုအမှတ် ၂၃/၆၄ နှင့် ၂၄/၆၄ တို့တွင် ဘိန်းအက်ဥပဒေ ပုဒ်မ ၉ (ခ) (ဂ) နှင့် ဘေးဖြစ်စေတတ်သော ဆေး အက် ဥပဒေ ပုဒ်မ ၁၀ (ခ) တို့အရ၊ လျှောက်ထားသူအပေါ် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့၌ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၂၅၃ (၁) အရ၊ တရားရှင် လွှတ်လိုက်သည်ကို မကျေနပ်၍၊ နိုင်ငံတော် ရှေ့နေချုပ်မှ တင်သွင်းသော ရာဇဝတ် ပြင်ဆင်မှုလျှောက်လွှာ။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် အွန်ချင်ရင် (ခေါ်) ဦးဘိုးရင်။

ရန်ကုန်မြို့၊ တရားရုံးချုပ်၏ ၁၉၆၄ ခု၊တရားမ ပဌမ အယူခံမှု အမှတ် ၈၁၊ ၈၂၊ ၈၃၊ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံတဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက်နှင့် ပတ်သက်သော စဉ်းစားရန်ရှိသော အချက်အလက်မျိုးသည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက် စသည့် စဉ်းစားရန်ရှိသော အချက်အလက်မျိုးနှင့် ဥပဒေအရ မတူညီပေ။ တရားခံအပေါ်၌ ယစ်မျိုးအရာရှိများ၏ ထွက်ချက်အရ နှင့် စွဲချက်တင်နိုင်လောက်သော အကြောင်းခြင်းရာ အချက် အလက်များ ရှိနေသည်။ ထို့ကြောင့်လျှောက်ထားခံရသူ တရားခံအပေါ် စွဲချက်မတင်ဘဲ တရားရှင် လွှတ်လိုက်သော အမိန့်ကို ဥပဒေအရ မှားယွင်းနေသဖြင့် ထိုအမိန့်များကို ပယ်ဖျက်သည်။

အောင်ခင်စိန် နှင့် အစိုးရ၊ ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၅၂။

မောင်စံမြင့် နှင့် အစိုးရ၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၇၊ စာ ၇၇၁ ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးဘသင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ (တရားခံ) အွန်ချင်ရင် (ခ) ဦးဘိုးရင်အပေါ် ဘေးဖြစ်စေတတ်သောဆေး အက်ဥပဒေပုဒ်မ ၁၀ (ခ) အရ၊ အရေးယူ၍ တရားစွဲဆိုရာ၊ သာယာဝတီမြို့၊ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၄ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၃ ဖြင့် လက်ခံစစ်ဆေးခဲ့သည်။ တချိန်တည်းတွင် ၎င်းလျှောက်ထားခံရသူက (တရားခံ) အပေါ် ဘိန်းအက်ဥပဒေ ပုဒ်မ ၉ (ခ) (က) အရ အရေးယူ တရားစွဲဆိုခဲ့ရာ၊ ယင်းတွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးကပင်၊ ၎င်းရုံး ၁၉၆၄ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၄ တွင် လက်ခံစစ်ဆေးခဲ့သည်။

ထိုအမှုနှစ်မှုစလုံး၌ တရားလိုပြ သက်သေများကို စစ်ဆေးပြီး၊ တရားခံအပေါ် စွဲတင်ထားသော ပုဒ်မများဖြင့် စွဲချက်တင်လောက်အောင် သက်သေခံချက် မရှိဟု ယူဆကာ၊ ယင်းအမှုနှစ်မှုစလုံးနှင့် ပတ်သက်၍၊ တရားခံအား တရားရှင် လွှတ်လိုက်လေသည်။

ထိုအမိန့်များကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက မကျေနပ်သဖြင့်၊ နိုင်ငံတော် ရှေ့နေချုပ်မှတဆင့်၊ ပြင်ဆင်ပေးပါရန်၊ ဤရုံးသို့ ရာဇဝတ်ပြင်ဆင်လွှာများ တင်သွင်းသည်။

ဤရုံးက၊ အောက်ရုံး ၁၉၆၄ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၃ နှင့် ပတ်သက်၍၊ ဤရုံး ၁၉၆၅ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၁ (ခ) ဖြင့်၎င်း၊ အောက်ရုံး ၁၉၆၄ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၄ နှင့် ပတ်သက်၍၊ ဤရုံး ၁၉၆၅ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၈ (ခ) အရဖြင့် လက်ခံ၍၊ အမှုများကို ကြားနာသည်။ ၎င်းအမှုနှစ်မှုစလုံး

အတွက်၊ ဤအမှု [ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၁ (ခ)/၆၅] တွင် ပေါင်း၍ အမိန့်ချမှတ်သည်။ ဤပြင်ဆင်မှုများ၌ ပဌမစဉ်းစားရန်ရှိသော အချက်မှာ၊ သာမန်အားဖြင့် ပြင်ဆင်မှု လျှောက်လွှာ စည်းကမ်းသတ်ရက် အပိုင်းအခြားမှာ ရက်ပေါင်း ၆၀ ဖြစ်သဖြင့် ယခုပြင်ဆင်မှုနှစ်မှုစလုံးကို၊ နိုင်ငံတော် ရှေ့နေချုပ်က တင်သွင်းရာ၌ သာမန်စည်းကမ်း သတ်ရက် ၆၀ ထက် ရက်ပေါင်း ၁၀၀ ကျော်လွန်နေသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ရက်ပေါင်း ၁၀၀ ကျော်လွန်ကြောင်းနှင့် ပတ်သက်၍ လက်ထောက် ယစ်မျိုးမင်းကြီး (အုပ်ချုပ်ရေး) က၊ ကျမ်းကျိန်စာဖြင့် နောင့်နေး ကြန့်ကြာရပုံ အကြောင်း တို့ကို အပြည့်အစုံ ဖော်ပြထားသည်။ လျှောက်ထားခံရသူ ဘက်မှလည်း ထိုကျမ်းကျိန်လွှာကို ကန့်ကွက်ပြီး၊ အပြန်အလှန် ကျမ်းကျိန်လွှာ တင်သွင်းခဲ့သည်။ ဤရုံးအနေနှင့် ပဌမစဉ်းစားရန်ရှိသော အချက်မှာ၊ ဤမျှရက်ပေါင်းစွာ ကျော်လွန်ပြီးမှ တင်သွင်းသော ပြင်ဆင်မှု လျှောက်လွှာများကို လက်ခံရန် အကြောင်းရှိ မရှိဖြစ်သည်။ လျှောက်ထားသူ ဘက်မှ တင်သွင်းသော ကျမ်းကျိန်လွှာတွင် ပါရှိသော အချက် အလက်များမှာ တွဲဘက် ခရိုင် ရာဇဝတ် တရားသူကြီးရုံးက၊ ယင်းအမှုများနှင့် ပတ်သက်၍ အမိန့်ချမှတ်ပြီး သည့်နောက်၊ စီရင်ချက် အမိန့်မိတ္တူကော်ပီကူးရန် အစီအစဉ်လုပ်ရာမှ ထိုမှတဆင့် မိတ္တူခများ ကိုပေးရန် သက်ဆိုင်ရာတို့ထံ ငွေတောင်းခံရခြင်း။ မိတ္တူများ ရရှိပြီးနောက်၊ နိုင်ငံတော် ရှေ့နေချုပ်ရုံးသို့ အကြံဉာ ဏ်များ တောင်းခံရခြင်းများကို တဆင့်ပြီးတဆင့် လုပ်နေရပါသဖြင့် မလွှဲမရှောင်သာသောကြောင့် ဤမျှရက်ပေါင်းများစွာ စည်းကမ်း သတ်ရက် ကျော်လွန်ပြီး ကြားနာရခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ တဆင့်ပြီးတဆင့် လုပ်ကိုင်ဆောင်ရွက်ရာ၌ လုလွဉ်ဿဟ ပေါ့လျော့မှု မရှိပါဟု အဆိုပြုထားသည်။ ပြင်ဆင်မှုတွင် စည်းကမ်းသတ်ရက် ၆၀ သတ်မှတ်ခြင်းမှာ၊ ဥပဒေအရ သတ်မှတ်ခြင်း လည်း မဟုတ်။ တရားရုံးချုပ်ကသာမန်အားဖြင့် စည်းကမ်းသတ်ရက် ၆၀ဟု သတ်မှတ် ၍၊ ညွှန်ကြားချက် ပေးထားခြင်းသာလျှင် ဖြစ်သည်။ ထိုသို့ရက်ပေါင်း ၆၀ ကျော်မှ ပြင်ဆင်လွှာကို တင်သွင်းလျှင်၊ အဘယ်ကြောင့် နောင့်နေး ကြန့်ကြာရကြောင်းနှင့် ပတ်သက်၍ ကျမ်းကျိန်လွှာ တင်သွင်းပြီးထုချေလျှင်၊ တရားရုံးက ထိုကျမ်းကျိန်လွှာပါ အကြောင်းပြ အချက်အလက်များသည် ဆီလျော်သင့်မြတ်သည်ဟု ယူဆပါက ခွင့်ပြုနိုင်သည်။ အိန္ဒိယပြည်တာဝန်ခံနှင့် ဂိုမုတ်ဒတ်(စ်) (၁) အမှုတွင် အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားသည်။

" The Act mkes no distinction between Government and a private individual but it is obvious that

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၉ ခု၊ ဆင်း၊ စာ ၂၁၁။ ရန်ကုန်မြို့၊ တရားရုံးချုပ်။ ၁၉၆၄ ခု၊ တရားမ ပဌမအယူ ခံမှုအမှတ် ၈၁၊ ၈၂ နှင့် ၈၃။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် အွန်ချင်ရင် (ခေါ်) ဦးဘိုးရင်။

considering an application under section 5 a distinction must be made. A private person has only himself to consider and must be presumed to be familiar with every aspect of his case. Government has to consider the public interest and cannot be expected to know the fact of each individual case. They require time for inquiry and consideration before taking action and must consult the local officers, to whom they cannot delegate their powers."

ထိုဆုံးဖြတ်ချက်ကို၊ ဤရုံး နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် နှင့် မက်ဆား(စ်) ရွှေနှင်းဆီ အင်တာပရိုက်(စ်)လီမိတက်။ ပြည်သူ့ဘဏ်အမှတ် (၉) နှင့် မက်ဆား(စ်) ရီး(စ) စီးကရက် ကုမ္ပဏီ လီမိတက်။ ပြည်သူ့ဘဏ် အမှတ် (၉) နှင့် မက်ဆား(စ်) နေရှင်နယ် စီးကရက်ကုမ္ပဏီပါ ၁၆ အမှုတို့တွင် လက်ခံ အတည်ပြု ထားသည်။

ထိုအထက်ပေါ်ပြပါ စီရင်ထုံးများကို အထောက်အထားပြု၍ ပြင်ဆင်မှုရက် စည်းကမ်းသတ် ကျော်လွန်ပြီးမှ လျောက်ထားသော ပြင်ဆင်လွှာများကို ခွင့်ပြု လိုက်သည်။

အမှုများအကြောင်းနှင့်ပတ်သက်၍၊ အမှုတွဲများကို လေ့လာသုံးသပ်ရာတွင် တွေ့ရှိရသည်မှာ၊ တရားခံ ဦးဘိုးရင် လက်ဝယ်တွင် ဘေးဖြစ်စေတတ်သော ဆေး အက်ဥပဒေ ပုဒ်မ ၁၀ (ခ) အရ ငြိစွန်းသော ပစ္စည်းများနှင့် ဘိန်းအက်ဥပဒေ ပုဒ်မ ၉ (၁) (က) နှင့် ငြိစွန်းသော ပစ္စည်းများကို၊ လျောက်ထားခံရသူ (တရားခံ) ဦးဘိုးရင် လက်ဝယ်တွင် တွေ့ရှိရကြောင်းမှာ ထင်ရှားပေသည်။ ရှာဖွေသက်သေ နှစ်ဦးဖြစ်သော ကိုတင်မောင်နှင့် ကိုချစ်စိန်တို့က၊ တရားခံအိမ်သို့ ယစ်မျိုးအရာရှိများ ရှာဖွေပြီးမှ ရောက်သွားကြောင်း ထွက်ချက်ရှိသော်လည်း၊ ယခုအမှုများတွင် စဉ်းစား ရာ၌၊ တရားခံ အပေါ် စွဲချက်တင်နိုင်လောက်သော သက်သေခံချက်ရှိ မရှိမှာ အဓိကအချက်ဖြစ်သည်။ တရားခံ တဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက်နှင့် ပတ်သက်သော်၊ စဉ်းစားရန်ရှိသော အချက်အလက်မျိုးသည် တရားခံအား အပြစ် ပေးထိုက် မပေးထိုက် စသည် စဉ်းစားရန် ရှိသော အချက်အလက်မျိုးနှင့် ဥပဒေအရ မတူညီပေ။ (ယခုအမှုများတွင်) တရားခံအပေါ်၌ ယစ်မျိုးအရာရှိများ၏ ထွက်ချက် အရနှင့် စွဲချက်တင်နိုင်လောက်သော အကြောင်းခြင်းရာ အချက်အလက်များရှိနေ သည်။ ရှာဖွေသောနေရာတွင် နည်းလမ်းမကျစေကာမူ၊ ဥပဒေနှင့် ငြိစွန်းသော

ပစ္စည်းများ တွေ့ရှိသဖြင့်၊ အပြစ်ပေးခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ဟု အောင်ခင်စိန် နှင့် အစိုးရ (၂) အမှုတွင်၊ ဤကဲ့သို့ စီရင်ထုံးဖွဲ့ထားသည်။

> ". . . Irregularity in the search does not necessarily invalidate the proceedings. It affords grounds for scrutiny and if, after scrutiny, the Court comes to the conclusion that an excisable article was recovered from the possession of the accused, then the conviction is a sound one. . ."

ထင်းပြင်၊ မောင်စံမြင့် နှင့် အစိုးရ (၃) အမှုတွင်

> "Although a search made in a person's house may be illegal rendering the person who made such search to be sued for damages, still if some property is actually found during the search whose possession constitutes an offence, then the person in unlawful possession is liable to be convicted."

ဟုစီရင်ထုံးဖွဲ့ထားသည်။

အထက်တွင် ဖော်ပြထားသော စီရင်ထုံးများ၏မူကိုညှိ၍ ဤအမှုများတွင်ချင့်ချိန်ဝေဘန်သုံးသပ်ရာ၌၊ လျှောက်ထားခံရသူ (တရားခံ) ဦးဘိုးရင် အပေါ် စွဲချက်တင်ထားသော ပုဒ်မများနှင့် စွဲချက်များ ထင်နိုင်လောက်အောင်၊ တရားဝင်သော သက်သေခံချက်များရှိသည်ဟု ယူဆရန် အကြောင်းရှိသည်။ ဦးဘိုးရင်က ထင်းအိမ် ထင်းလက်ဝယ်၌ တွေ့ရှိရသော ဥပဒေနှင့် ငြိစွန်းသည့် ပစ္စည်းများနှင့် ပတ်သက်၍ ထုချေပြောဆိုရန်နှင့် သက်သေထူရန် အကြောင်း ဖြစ်ပေါ်လာသဖြင့်၊ ထိုအခွင့်အရေးကို ထင်းကယူ၍ အသုံးပြုရပေမည်။ ထို့ကြောင့် ထင်းအပေါ် ရည်ညွှန်းမှုနှစ်မှုတွင်ရည်ညွှန်းသော ပုဒ်မများနှင့် စွဲချက်တင်ရန် အကြောင်းရှိသည်ဟုယူဆသည်။

သို့ဖြစ်၍၊ ပညာရှိ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးက၊ ဆိုခဲ့သော အမှုနှစ်မှု၌ လျှောက်ထားခံရသူ (တရားခံ) ဦးဘိုးရင် အပေါ် စွဲချက်မတင်ဘဲ တရားရှင်လွှတ်လိုက်သော အမိန့်ကို၊ ဥပဒေအရ မှားယွင်းနေသဖြင့်၊ ထိုအမိန့်များကို ပယ်ဖျက်လိုက်သည်။

ဤအမှုနှစ်မှုကို၊ သဃာဇတီမြို့၊ တွဲဘက်ခရိုင် ရာဇဝတ် တရားသူကြီးမှအပ၊ အခြားအာဏာရ တရားသူကြီး တဦးဦးက၊ အသစ်တဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

ဤအမှုတွဲများကို ပြန်လည်ပေးပို့လိုက်သည်။

---

(၂) ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၅၂။
(၃) ရန်ကုန်စီရင်ထုံး၊ အတွဲ ၇၊ စာ ၇၇၁။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋိမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

† ၁၉၆၆ ဒီလိုင်လ ၁၅ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ (အယူခံတရားလို)

နှင့်

ဦးစံဝင်း (အယူခံတရားခံ) *

မော်တော်ချင်းတိုက်ခိုက်သည့်အတွက် ပျက်စီး ဆုံးရှုံးရသည့်နစ်နာကြေး ရရှိစေရန် တရားစွဲဆိုမှု—တရားမကျင့်ထုံးအမိန့် ၂၇ နည်းဥပဒေ ၁—ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက တင်သွင်းသည့် စွဲလှောမျှားနှင့် ပတ်သက်၍ အစိုးရကိုယ်စား လက်မှတ်ရေးထိုးရုန်နှင့် မှန်ကန်ကြောင်း ဝန်ခံခြင်းပြုလုပ်နိုင်သူ—အစိုးရက အမျှားနှင့် သက်ဆိုင်သည့် အမိန့်၊ သို့မဟုတ် အထူးအမိန့်အရ ခန့်အပ်နိုင်ခြင်း—တရားရေး ဌာနကျေညာချက် အမှတ် ၂၀၀—အစိုးရနှင့် ပတ်သက်သည့်အမှုမျှားတွင် ခရိုင်၌ သမ္မာန်စာမျှားကို လက်ခံနိုင်ခွင့် ရှိသူ—ခရိုင်၏ ခရိုင်ဝန်ဖြစ်ရမည်ဟု ဆိုတ်မှတ်ခြင်း—နိုင်ငံတော် အစိုးရက တရားမ ကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ အရ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဌာနအတွင်းဝန်က စွဲလှောကို လက်မှတ်ရေးထိုးရန်အမိန့်ချမှတ်ခြင်း—ဥပဒေအရမှန်ကန်သည်ဟုယူဆရန်ဖြစ် မဖြစ်—လက်မှတ်ရေးထိုးခြင်းနှင့် ခံဝန်ပြုလုပ်သူမှာ ဥပဒေအရ အခွင့်အရေးရှိသူ မဟုတ်ဟုယူဆခြင်း—ဥပဒေအရ စွဲလှောပြင်ဆင်ခွင့် ပေးသင့်မပေးသင့်၊ အမှုတမှုလုံးကို ပလပ်နိုင်ခွင့်ရှိပရှိ။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကအစိုးရပိုင်သဘော်ဘကို တိုက်ခိုက်သည့်အတွက် ပျက်စီးဆုံးရှုံးရသည့်နစ်နာကြေးရရှိစေရန်တရားစွဲဆိုရာ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဌာနအတွင်းဝန်က စွဲလှောကိုလက်မှတ်ရေးထိုးခံဝန်ချက် ပြုလုပ်ခြင်းကိုဥပဒေအရ လုပ်ခွင့်မရှိဟု ယူဆငြိုးအမှုကိုပလပ်လိုက်၏။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက တင်သွင်းသည့် စွဲလှောမျှားနှင့် ပတ်သက်၍ အစိုးရကိုယ်စားလက်မှတ်ရေးထိုးရုန်နှင့် မှန်ကန်ကြောင်းဝန်ခံခြင်း ပြုလုပ်နိုင်သူမှာ အစိုးရကဌာနအတွက် အမျှားနှင့် သက်ဆိုင်သည့်အမိန့် (General Order)၊ သို့မဟုတ်အထူးအမိန့် (Special Order) အရ ခန့်အပ်နိုင်ကြောင်း အတိအလင်း ပြဆိုထားသည့်အပြင် ထိုသို့ဝန်ခံခြင်း ပြုလုပ်နိုင်သူမှာ အမှု အကြောင်းအရာကို သိရှိသူဖြစ်ရမည်ဟု သေချာစွာ ဖော်ပြထားလေသည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမပဋိမအယူခံမှုအမှတ် ၁၁၁။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးအမှုမှတ် ၆ တွင် ဖျာပုံမြို့၊ ခရိုင်တရားမတရားသူကြီး ရုံးတော်၏ စုမှတ်သော်ဒီကရီကို အယူခံဝင်မှု။

အောက်ရုံးက ရည်ညွှန်းသည့် တရားရေးဌာန ကျေညာချက်အမှတ် ၂၀၀ မှာ တရားမကျင့်ထုံး အမိန့် ၂၇၊ နည်းဥပဒေ ၁ နှင့် ၄ တို့ကိုခြုံ၍ထုတ်နှုတ်ခဲ့သည့် ကျေညာချက်ဖြစ်သဖြင့်၊ ၎င်းကျေညာချက်မှာ ယေဘုယျအားဖြင့်၊ အစိုးရနှင့်ပတ်သက်သည့်အမှုများဘွင် ခရိုင်ဥ့ သမ္မာန်စာများကို လက်ခံနိုင်ခွင့် ရှိသူမှာ ၎င်းခရိုင်၏ အခွန်ဝန်ဖြစ်ရမည်ဟု သတ်မှတ်ခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ အရ နိုင်ငံတော်အစိုးရက မည်သူမည်ဝါသည် အစိုးရ ကိုယ်စား လက်မှတ်ရေးထိုးပြီး မှန်ကန်ကြောင်း ဝန်ခံခြင်း ပြုလုပ်ရမည်ဟု အမိန့်ပေးခံရသူမှာ ထိုစွဲလှာနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးရန်အခွင့်အရေး ရှိရမည်ဖြစ်သဖြင့်၊ နိုင်ငံတော်အစိုးရက တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ အရသယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေး ဌာနအတွင်းဝန်က စွဲလှာကိုလက်မှတ်ရေးထိုးရန် အမိန့်ချမှတ်ခဲ့သည်ကို လက်ခံရန်ခဲယဉ်းပါသည်ဟု ပြဆိုချက်မှာ ဥပဒေအရ မှန်ကန် သည်ဟု ဟူဆရန်မဖြစ်နိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အောက်ရုံးက စွဲလှာများတွင် လက်မှတ် ရေးထိုးခြင်းနှင့် ခံဝန်ပြုလုပ်ခဲ့သူမှာ ဥပဒေအရ အခွင့်အရေးရှိသူ မဟုတ်ဟု ယူဆခဲ့စေကာမူ တရားလိုအား ဥပဒေအရ စွဲလှာ ပြင်ဆင်ခွင့်ပေးသင့်ပြီး၊ အမှုကိုတပါတည်း ပလပ်ရန် မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် စွဲလှာကို အခွင့်အရေးမရှိသူက လက်မှတ်ရေးထိုးပြီး ခံဝန်ပြုလုပ်ထားရှုနှင့် အမှုတမှုလုံးကို ပလပ်နိုင်ခွင့် ရှိကြောင်း တရားမကျင့်ထုံးတွင် မည်သို့မျှ အခွင့်အရေး ပေးထားခြင်း မရှိသောကြောင့်ဖြစ်သည်။

မသိန်းရွှေ ပါ ၄ နှင့် တန်ကီခိုင်ပါ ၁၊ ၁၉၅၅ ခုနှစ်၊ မြန်မာ့ပြည်စီရင်ထုံးများ (တရားလွှတ် တော်ချုပ်) စာ ၅၅ ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

အယူခံတရားခံအတွက်။ ။ဦးသက်ဖေ။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ ဖျာပုံမြို့၊ ခရိုင်တရားမ တရားသူကြီး ရုံး၊ ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန် ရေးအစိုးရ၊ အောင်သုခမော်တော် သဘော်ပိုင်ရှင်ဖြစ်သူ အယူခံ တရားခံ ဦးစံဝင်း အပေါ် အောင်သုခမော်တော်သဘော်ဘ အစိုးရပိုင်သဘော် ဘီ-၉ ကို တိုက်ခိုက် သည့်အတွက် ပျက်စီးဆုံးရှုံးရသည့် နစ်နာဘကြေးအဖြစ်ငွေ ၁၅,၆၅၀ ရရှိစေမှုန် တရားစွဲ ဆိုခဲ့သည်ကို ရုံးမှစရိတ်နှင့်တကွ ပလပ်လိုက်သည်ကို မကျေနပ်၍ တင်သွင်းခဲ့သည့် အယူခံမှုဖြစ်သည်။

အယူခံတရားလို၏ စွဲလှာကို တရားခံဖြစ်သူ အယူခံတရားခံက ချေပရာတွင်၊ အခြားအကြောင်းပြချက်များအပြင် အသေးစိတ် နည်းဥပဒေကန့်ကွက်ချက်များဖော် ပြတင်သွင်း ချေပခဲ့သည်။ **ရုံးတော်မှ ဥပဒေ ပရာဘ** ကောက်ချက်အဖြစ် အောက်ပါ

ခန့်ဖြေ

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှုပ်ရေးအစိုးရနှင့် ဦးစံဝင်း။

ကောက်ချက် သုံးခုကို ထုတ်နုတ်၍ နှစ်ဦးနှစ်ဘက် ပညာရှိ ရှေ့နေကြီးများအား ကြားနာခဲ့သည်။

1. Is the suit premature as per averment made in paragraph 8 of written statement?

2. Can the suit be filed in the name of the Union of Burma Revolutionary Council or in the name of the Secretary of the Ministry for Transport and Communications of the Union of Burma Revolutionary Council?

3. Can the plaint and the verification be signed by the Secretary for Transport and Communications of the Union of Burma Revolutionary Council?

အထက်ပါ ကောက်ချက်များနှင့် ပတ်သက်၍ အောက်ရုံးမှ ကောက်ချက် အမှတ် ၁ နှင့် ၂ ကို အယူခံ တရားလိုအတွက် အသာပေး ဖြေဆိုခဲ့သည်။ ကောက်ချက်အမှတ် ၃ နှင့် ပတ်သက်၍ စွဲလွှာကို ယခုကဲ့သို့ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဌာနအတွင်းဝန်က လက်မှတ်ရေးထိုး ခံဝန်ချက် ပြုလုပ်သူများအား၊ ဥပဒေအရ လုပ်ခွင့် မရှိဟုယူဆပြီး အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက၊ ယခုအယူခံမှုကို တင်သွင်းခဲ့ရာ အောက်ရုံးမှ စွဲလွှာကို ယခုကဲ့သို့ အတွင်းဝန်က လက်မှတ်ရေးထိုး ခံဝန်ချက် မပြုလုပ်နိုင်ပါဟူသော ယူဆချက်ကို ဥပဒေ ပြဋ္ဌာန်းချက်များအရ၊ များစွာလွဲမှား ချုတ်ချော်နေ၍ အောက်ရုံးမှချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်သင့်ကြောင်း ပြဆိုလေသည်။

ယခုကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက စွဲဆိုသည့် အမှုမျိုးနှင့် ပတ်သက်၍ စွဲလွှာတွင် မည်သူက လက်မှတ်ရေးထိုး၍ ခံဝန်ပြုလုပ်ရမည် ဆိုသည်နှင့် ပတ်သက်၍ သက်ဆိုင်သည့် တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ မှ၁၊ အောက်ပါ အတိုင်းဖြစ်သည်။

Order XXVII, Rule 1 —

1. In any suit by or against the Government, the plaint or written statement shall be signed by such person as the President of the Union may, by general or special order, appoint in this behalf, and shall be verified by any person whom the President of the Union may so appoint and who is acquainted with the facts of the case.

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ နှင့် ဦးစံဝင်း။

ထို့ပြင် နည်းဥပဒေ ၄ မှာ အောက်ပါအတိုင်းဖြစ်သည်။

4. The (Government pleader) in any Court shall be the agent of the Government for the purpose of receiving processes against the Government issued by such Court.

အထက်ပါ တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ နှင့် ၄ ပါပြဋ္ဌာန်းချက်များ နှင့် ပတ်သက်၍ တရားရေးဌာနမှ ထုတ်ပြန်ထား၍ အောက်ဖော်မှ ရည်ညွှန်းခဲ့သည့် Judicial (1) Branch Notification No. 200, dated the 24th May 1955 မှာ အောက်ပါအတိုင်းဖြစ်သည်။

299. With reference to Order XXVII, Rules 1 and 4 of the First Schedule to the Code of Civil Procedure, His Excellency the President of the Union of Burma appoints the under-mentioned officers to be the recognized agents by whom appearances, acts and applications under the said Code may be made or done on behalf of the Government of the Union of Burma and to be the agents of the Government of the Union of Burma for the purpose of receiving processes against the Government of the Union of Burma :—

(1) * * * *
(2) * * * *
(3) * * * *

(4) For all other Courts, the *Akunwun* of the districts in which they are situated.

အောက်ဖော်မှ အထက်ပါ တရားရေးဌာန ထုတ်ပြန်သည့် ကျေညာချက်အမှတ် ၂၀၀ ကို ပေါက်သိမ်းပြီးပြီဟူ၍ဖြင့်၊ ပြင်ဆင်ထားသည်ဟူ၍ဖြင့် မတွေ့ရှိရသဖြင့် ယခုအမှုကို စွဲဆိုနိုင်ရန် သက်ဆိုင်သည့် ဌာနမှ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့က စွဲလှန်ဘဝင် တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ အရ၊ အစိုးရကိုယ်စား လက်မှတ်ရေးထိုးပြီး မှန်ကန်ကြောင်း ခံဝန်ခြင်း ပြုလုပ်နိုင်ရန် အတွင်းဝန်အား ခန့်အပ်ခဲ့သည့် အမိန့်ကို လက်ခံနိုင်ရန် မရှိဟုဆို၍ အယူခံဘာသာလိုမျာ့ စွဲဆိုသည့်အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။

သို့ဆုတ်ငင် အထက်က ပြဆိုခဲ့သည့်အတိုင်း တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက တင်သွင်းသည့် စွဲလှာမျာ့နှင့် ပတ်သက်၍ အစိုးရကိုယ်စား လက်မှတ်ရေးထိုးရန်နှင့် မှန်ကန်ကြောင်း ဝန်ခံခြင်း ပြုလုပ်နိုင်သူမှာ အစိုးရက ၎င်းအတွက် အမျာ့နှင့် သက်ဆိုင်သည့်အမိန့် (General Order)၊ သို့မဟုတ် အထူးအမိန့် (Special Order) အရ၊ ခန့်အပ်နိုင်ကြောင်း

7A

အတိအလင်း ပြဆိုထားသည့်အပြင် ထိုသို့ဝန်ခံခြင်း ပြုလုပ်နိုင်သူမှာ အမှုအကြောင်းအရာကို သိရှိသူ ဖြစ်ရမည်ဟု သေချာစွာ ဖော်ပြထားလေသည်။

ထို့ပြင်၊ တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၅တွင်၊ စွဲလွှာများနှင့် ပတ်သက်၍ မှန်ကန်ကြောင်း ဝန်ခံခြင်းပြုလုပ်သူမှာ အမှုအကြောင်းအရာကို ကောင်းစွာသိရမည့်သူဖြစ်ကြောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် ယခုကဲ့သို့ အမှုမျိုးတွင် အမှုအကြောင်းချင်းရာများကို သိရှိသူမဟုတ်သူတစ်ဦးသည် စွဲလွှာကို လက်မှတ်ရေးထိုးခြင်းသော်၎င်း၊ မှန်ကန်ကြောင်း ခံဝန်ခြင်းသော်၎င်း ပြုလုပ်နိုင်စွမ်း ရှိမည်မဟုတ်ပေ။ အမှန်မှာ အောက်ရုံးက ရည်ညွှန်းသည့် တရားရေးဌာန ကျေညာချက်အမှတ် ၂၀၀ မှာ တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ နှင့် ၄ တို့ကိုခြုံ၍ ထုတ်နှတ်ခဲ့သည့် ကျေညာချက် ဖြစ်သဖြင့် ၎င်းကျေညာချက်မှာ ယေဘုယျအားဖြင့် အစိုးရနှင့်ပတ်သက်သည့် အမှုများတွင် ခရိုင်၌ သမ္မာန်စာများကို လက်ခံနိုင်ခွင့်ရှိသူမှာ ၎င်းခရိုင်၏ အခွန်ဝန်ဖြစ်ရမည်ဟု သတ်မှတ်ခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး အမိန်း ၂၇၊ နည်းဥပဒေ ၁ အရ၊ နိုင်ငံတော်အစိုးရက ယခုကဲ့သို့သော အမှုမျိုးတွင် မည်သူမည်ဝါသည် အစိုးရကိုယ်စား လက်မှတ်ရေးထိုးပြီး မှန်ကန်ကြောင်း ဝန်ခံခြင်း ပြုလုပ်ရမည်ဟု အမိန့်ပေးခံရသူမှာ ထိုစွဲလွှာနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးရန် အခွင့်အရေးကို ရရှိမည်ဖြစ်သဖြင့် အောက်ရုံးမှ ယခုအမှုအတွက် နိုင်ငံတော်အစိုးရက ကျင့်ထုံး ပုဒ်မ အမိန့် ၂၇၊ နည်းဥပဒေ ၁ အရ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန အတွင်းဝန်က စွဲလွှာကိုလက်မှတ်ရေးထိုးရန် အမိန့်ချမှတ်ခဲ့သည်ကို လက်ခံရန် ခဲယဉ်းပါသည်ဟု ပြဆိုချက်မှာ ဥပဒေအရ မှန်ကန်သည်ဟု ယူဆရန် မဖြစ်နိုင်ပေ။

အယူခံ တရားခံများအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရှေ့နေကြီးကမူ အစိုးရကထုတ်ထားသည့် ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့စွဲပါ အမိန့်ကို ဒုတိယအတွင်းဝန်က လက်မှတ်ရေးထိုးထားပြီး ထိုအမိန့်စာသည် သက်ဆိုင်သည့် တာဝန်ခံ၏ အမိန့်အရ၊ ထုတ်ဆင့်သည့် အမိန့်ဖြစ်ကြောင်း မပေါ်လွင်သဖြင့် ၎င်းအမိန့်မှာ တရားမဝင်ပါ ဟု ဆိုလေသည်။ သို့ရာတွင် ထိုအချက်ကို ထင်ရှားအောင် မည်သို့မျှ ကိုးကားပြဆိုနိုင်ခြင်း မရှိပေ။ ထိုမှတဆင့်အယူခံတရားခံ၏ ပညာရှိရှေ့နေကြီးကယခင် တရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်ခဲ့သည့် **မသိန်းရှင်ပါ ၄** နှင့်**တန်ကိုခိုင် ပါ ၁** (၁) စီရင်ထုံးကို ရည်ညွှန်း၍၊ ယခုအမှုတွင် အောက်ရုံးမှ ပဏာမကောက်ချက်၁နှင့်၂ ကို ၎င်းအား ဆန့်ကျင်၍ ဖြေဆိုခဲ့သည်နှင့် ပတ်သက်၍ ဥပဒေအရ မှန်ကန်ခြင်း မရှိ

(၁) ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်) ၊ စာ ၅၅။

ကြောင်း လျှောက်လဲပြဆိုသေးသည်။ သို့ရာတွင် ထိုကောက်ချက်နှစ်ခုနှင့် ပတ်သက်၍ အောက်ရုံးမှ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ လက်ခံနိုင်စရာ မရှိကြောင်း မည်သည့် သာဓကကိုမျှ တင်ပြနိုင်ခြင်း မရှိသဖြင့် ၎င်း၏ပြဆိုချက်များကို လက်ခံနိုင်ရန်မရှိပေ။

မည်သို့ပင်ဖြစ်စေ၊ အောက်ရုံးက ယခုကဲ့သို့ စွဲလှာများတွင် လက်မှတ်ရေးထိုးခြင်းနှင့် ခံဝန်ပြုလုပ်ခဲ့သူမှာ ဥပဒေအရ အခွင့်အရေး ရှိသူမဟုတ်ဟု ယူဆခဲ့စေကာမူ၊ တရားလိုအား ဥပဒေအရ စွဲလှာပြင်ဆင်ခွင့် ပေးသင့်ပြီး အမှုကို တပါတည်းပလပ်ရန် မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် စွဲလှာကို အခွင့်အရေး မရှိသူက လက်မှတ်ရေးထိုးပြီး ခံဝန်ပြုလုပ်ထားရုံနှင့် အမှုတမှုလုံးကို ပလပ်နိုင်ခွင့်ရှိကြောင်း တရားမကျင့်ထုံးတွင် မည်သို့မျှ အခွင့်အရေးပေးထားခြင်း မရှိသောကြောင့်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ယခုအယူခံမှုကို ခွင့်ပြု၍ အောက်ရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်ပြီး တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း၁၀ခ ၂၃ အရ၊ ယခုအမှုကို အောက်ရုံးက မူလနံပါတ်ကို မှတ်ပုံတင်စာအုပ်တွင် ပြန်လည်ထည့်သွင်းပြီး အမှုကို ဥပဒေအရ၊ ဆက်လက်ကြားနာရန် အမိန့်ချမှတ်လိုက်သည်။ ယခုအယူခံမှု၏ စရိတ်မှာ အောက်ရုံးတွင် အမှုကြီး ပြီးဆုံးသည့်အပေါ် မူတည်၍ ကျခံစေရမည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆ ခု ဇူလိုင်လ ၂ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးဇော်တောင်) (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးစံသိန်း ပါ ၃ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၂၀/၁၀၉ အရ၊ တရားစွဲဆိုခြင်း—တရားရှင် လှတ်သဖြင့် ပြင်ဆင်မှုလျှောက်ထားခြင်း—ဆီလျော်မည့် ဥပဒေပုဒ်မအရ တရားစွဲဆိုခြင်း မပြုကာ မျှဖြင့် စွဲချက်တင်ထိုက် မတင်ထိုက် မတင်နိုင်ဆိုသော အကြောင်းပြချက်ကိုလက်ခံသင့် မခံသင့်—သက်သေထွက်ချက် အထောက်အထား ပေါ် မူတည်၍ တရားသူကြီးသည် ဥပဒေအရ၊ စီရင်ဆုံးဖြတ်နိုင်ခြင်း—တရားစွဲဆိုသူကသော်၎င်း၊ အစွဲခံရသူကသော်၎င်း၊ မည်သည့် ဥပဒေ ပုဒ်မ အရ စွဲချက်တင်ရမည်ဟု သတ်မှတ်ခြင်း၊ ညွှန်ကြားခြင်းမပြုနိုင်။

ဆုံးဖြတ်ချက်။ ။တရားရုံးအနေဖြင့် အမှန်တရားကို ရှာဖွေရမည် ဖြစ်ရာ၊ နားမလည်၍ သော်၎င်း၊ သတိလစ်၍သော်၎င်း ဆီလျော်မည့် ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခြင်း မပြုကာမျှဖြင့် တရားခံအပေါ် မှုံမှဆီလျော်သည့် ဥပဒေပုဒ်မ အရ စွဲချက်မတင်ထိုက်၊ မတင်နိုင်ဆိုသော အကြောင်းပြချက်ကို သဘောမတူနိုင်၊ **အမှုတခုရုံးရှေ့သို့ ရောက်လာသောအခါ သက်သေထွက်ချက် အထောက်အထားပေါ်တွင် မူတည်၍၊ ကရားသူကြီးသည် ဥပဒေအရ စီရင်ဆုံးဖြတ်နိုင်သည်။** ဆုံးဖြတ်ရန် တာဝန်လည်း ရှိသည်။ မည်သည့်ဥပဒေသည် မည်သည့် ပုဒ်မ အရသော် စွဲချက်တင်ရမည်။ အပြစ်ပေးရမည်ဟု တရား စွဲဆိုသူကသော်၎င်း၊ **အစွဲခံရသူကသော်၎င်း** သတ်မှတ်ခြင်း၊ ညွှန်ကြားခြင်း၊ **မပြုနိုင်ပေ**။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။(အစိုးရရှေ့နေကြီး) ဦးမျိုးထွန်းလင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးမြင့်စိုး၊ ဦးမောင်မောင်၊ ဦးမွန်ဖိုးချို။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၀၅ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ မတ်လ ၁၉ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့၊ ပဌမ အထူးတရားသူကြီး (အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေရုံး) အမိန့်ကိုပြန်၍ဆင်ခြင်မှု။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ ပဌမ အထူးတရားသူကြီး (အထူး စုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေရုံး) ၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် လျှောက်ထား ခံရသူများအပေါ် ရာဇသတ်ပုဒ်မ ၄၂၀၊ ၄၂၀/၁၀၉ အရ တရားစွဲဆိုရာ၊ ပညာရှိ အထူးတရားသူကြီးက ၎င်းတို့အား တရားရှင်လွှတ်ခဲ့၍၊ နိုင်ငံတော် အစိုးရက မကျေနပ်သဖြင့် ဤပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားခံရသူ ဦးစံသိန်းသည်၊ ရန်ကုန်မြို့၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ နိုင်ငံခြား ငွေလဲဌာနတွင် လက်ထောက် မန်နေဂျာဖြစ်သည်။ လျှောက်ထားခံရသူ ဦးမြကြိုင်နှင့် မောင်ကျော်ဦးတို့မှာ ထိုဌာန၌ ကြီးကြပ်ရေးမှူးနှင့် အထက်တန်းစာရေး အသီးသီးဖြစ်ကြသည်။ လွန်ခဲ့သည့် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက နိုင်ငံတော်/ ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ဦးစံသိန်း အပါအဝင် ဘဏ်အရာရှိငါးဦးသည်၊ ချက်ကိုစလိုဗေးကီးယား နိုင်ငံသို့ ဘဏ်လုပ်ငန်းနှင့် ပတ်သက်၍ ပညာတော်သင် အဖြစ် စေလွှတ်ခြင်း ခံရသည်။ တချိန်တည်း၌ပင် ချက်ကိုစလိုဗေးကီးယားနိုင်ငံသို့၊ ပြည်ထောင်စုအစိုးရက၊ အခြား ပညာတော်သင်များကိုလည်း စေလွှတ်ခဲ့ရာ၊ ထိုပညာတော်သင်များ အနက် မောင်မြင့်လွင်နှင့် မောင်မြသန်း ဆိုသူတို့လည်း ပါကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ဤအမှုတွင် စွပ်စွဲလာသည်မှာ ဦးစံသိန်းသည် နိုင်ငံခြားတွင် သုံးစွဲရန် စတာလင်ပေါင် ၁၇၅ ပေါင် လျှောက်ထားရာ၊ ၈၅ ပေါင်သာ ယူခွင့်ရကြောင်း၊ မောင်မြင့်လွင်နှင့် မောင်မြသန်းတို့သည် တဦးလျှင် ပေါင် ၂၀၀ စီ လျှောက်ထားရာ၊ ပေါင် ၁၀၀ စီ ယူခွင့်ရကြကြောင်း၊ မောင်မြင့်လွင်နှင့် မောင်မြသန်းတို့သည် ပေါင် ၁၀၀ စီ ယူခွင့်ရကြသော်လည်း၊ တဦးလျှင် ပေါင် ၅၀ စီသာယူကြသဖြင့် ၎င်းတို့ မယူသဖြင့် ကျန်နေသည့် ပေါင် ၁၀၀ ကို ဦးစံသိန်းက ထုတ်ယူသွားကြောင်း၊ ယင်းသို့ ဦးစံသိန်းက မိမိအား ထုတ်ပေးခဲ့ခြင်း မရှိသည့် ပေါင် ၁၀၀ ကို ထုတ်ယူရာ၌ ဦးမြကြိုင်နှင့် မောင်ကျော်ဦးတို့က အားပေး ကူညီခဲ့ကြောင်းပင် ဖြစ်လေသည်။

ဤအမှု၏ ယခုအခြေတွင် တရားလို အစိုးရဘက်မှ တင်ပြခဲ့သည့် သက်သေထွက်ချက်များအား အသေးစိတ် ဝေဘန်ဆန်းစစ်ခြင်း မပြုလိုပေ။ သို့ရာတွင် အောက်ရုံး၌ တင်ပြခဲ့သည့် စာရွက်စာတမ်းများနှင့် အငြင်းမပွါးသည့် အချက်အလက်များကို အတို ချုပ်၍ ဖော်ပြရန် လိုပေသည်။ နိုင်ငံခြား သွားသောသူများသည် နိုင်ငံခြားငွေလိုလျှင် သက်သေခံ "စျ" လျှောက်လွှာ ပုံစံမျိုးဖြင့် ပြည်ထောင်စုဘဏ်သို့ လျှောက်ထားကြရ၏။ ပြည်ထောင်စုဘဏ်ရှိ သက်ဆိုင်ရာငွေကြေးကော်မီတီက ခွင့်ပြုသင့်သောငွေကို ဆုံးဖြတ်ပြီး နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ အကြောင်းကြားသည်။ ယင်းသို့ ခွင့်ပြုကြောင်းကို သိရှိသောအခါ၊ လျှောက်ထားသူသည် တန်ဘိုး တူညီသော

မြန်မာငွေကို ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် သွင်းရသည်။ သက်သေခံ "ဋ"၊ "ပ"၊ "နှ" ကဲ့သို့သော ဖြတ်ပိုင်းမျိုးဖြင့် ငွေသွင်းရသည်။ ဖြတ်ပိုင်းမိတ္တူများကို ခရီးသွား ချက်လက်မှတ် ထုတ်ပေးသည့် နိုင်ငံခြားငွေလဲဌာနသို့ ပို့ပေးသည်။ ထို့နောက် ငွေသွင်းပြီးသူသည် ခရီးသွားချက်လက်မှတ်များကို သက်သေခံ "က"၊ "ခ"၊ "ဂ" ကဲ့သို့သော ပုံစံများတွင် လက်မှတ်ထိုးပြီး ဝယ်ယူကြရသည်။ ထို့နောက် ထုတ်ရောင်းခဲ့သည့် ခရီးသွား ချက်လက်မှတ်များ၏ စာရင်းကို သက်သေခံ "ငံ" စာရင်းစာအုပ်များတွင် ရေးမှတ်ထားရသည်။

ဦးစံသိန်းသည် သက်သေခံ "စျ" အရ နိုင်ငံခြား ငွေ စတာလင်ပေါင် ၇၅ ပေါင် ယူခွင့် ရသည်။ မောင်မြင့်လွင်နှင့် မောင်မြသန်းတို့သည် သက်သေခံ "စျ-၂" နှင့် "စျ-၄" အရ တယောက်လျှင် ပေါင် ၁၀၀ စီယူခွင့်ရကြသည်။ ထိုနောက် ဦးစံသိန်းသည် "ဌ" အရ ၇၅ ပေါင်နှင့် တူညီသော မြန်မာငွေ ၁,၁၃၃ ကျပ် ၃၃ ပြားကို သွင်းသည်။ မောင်မြင့်လွင်နှင့် မောင်မြသန်းတို့သည် ပေါင် ၁၀၀ စီ ရကြသော်လည်း တဦးလျှင် ပေါင် ၅၀ စီနှင့်ညီမျှသောမြန်မာငွေ ၆၇၅ ကျပ် ၅၂ ပြား စီကို သာ သက်သေခံ "နှ" နှင့် "ဋ" အရ သွင်းကြသည်။ ယင်းသို့ငွေသွင်းကြပြီးနောက်၊ ဦးစံသိန်းသည် သက်သေခံ "ဂ" ပုံစံတွင် လက်မှတ်ရေးထိုးကာ ခရီးသွား ချက်လက်မှတ် ၇၅ ပေါင်ကို ဝယ်ယူသည်။ မောင်မြင့်လွင်သည် သက်သေခံ "က" ပုံစံတွင်၎င်း၊ မောင်မြသန်းသည် သက်သေခံ "ည" ပုံစံတွင်၎င်း လက်မှတ်ရေးထိုးပြီး ခရီးသွား ချက်လက်မှတ် ပေါင် ၅၀ စီ ဝယ်ယူကြသည်။

မောင်မြင့်လွင်နှင့် မောင်မြသန်းတို့ မယူသည့် ပေါင် ၁၀၀ နှင့် ပတ်သက်၍ သက်သေခံ "ဃ" ဖြတ်ပိုင်းဖြင့်မြန်မာငွေ ၁,၃၄၉ ကျပ် ၅၁ ပြားကို ဘဏ်သို့သွင်းပြီး၊ ခရီးသွားချက်လက်မှတ် ပေါင် ၁၀၀ ကို သက်သေခံ ပုံစံ "ခ" ဖြင့် ဝယ်ယူသွားသည်။ သက်သေခံ ပုံစံ "ခ" တွင် မောင်မြင့်လွင်ဟု လက်မှတ်ရေးထိုးထားသော်လည်း ထိုလက်မှတ်မှာ မောင်မြင့်လွင်၏ လက်မှတ် မဟုတ်ကြောင်း မောင်မြင့်လွင်၏အစ်ကို ဦးဘရဲ့ (လိုပြ-၂) က ထွက်ဆိုထားသည်။ မောင်မြင့်လွင်ဟု ထိုးထားသော လက်မှတ်မှာ လျှောက်ထားခံရသူ မောင်ကျော်ဦးက ရေးသားထားကြောင်း လက်ရေးပါရဂူ ဦးစိုးညွှန့် (လိုပြ-၁၃) က ထင်မြင်ချက်ပေးထားသည်။

ခရီးသွား ချက်လက်မှတ်များ ပေါ်တွင် ဝယ်ယူသူက လက်မှတ်ထိုးရသည့် ထုံးစံရှိရာ၊ ဦးစံသိန်းသည် မိမိအတွက် အစိုးရက ခွင့်ပြုထားသည့် ၇၅ ပေါင်တန် ခရီးသွား ချက်လက်မှတ် အစောင် ၂၀ ("မ"မှ "မ-၁၉"ထိ) ၌ လက်မှတ်ထိုးထားသည်။ ထို့ပြင်

မောင်မြင့်လွင် အမည်ဖြင့် ထုတ်ဝေခဲ့သည့် ပေါင် ၁၀၀ တန် ခရီးသွား ချက်လက်မှတ် ၅ ဆောင် (“ဗ”မှ “ဗ၄”ထိ) တွင်လည်း ဦးစံသိန်း၏ လက်မှတ်များ ရှိနေလေသည်။ မောင်မြင့်လွင်၏ လက်မှတ် မရှိချေ။

ဦးစံသိန်းတို့လူစု ထွက်သွားကြပြီးနောက်၊ နိုင်ငံခြားငွေ ပိုထုတ်သွားသည်ဆို သော သတင်းမှာ ပေါက်ကြားသွားသဖြင့် ဘဏ်ခွဲများ စစ်ဆေးရေးဌာန လက်ထောက် မန်နေဂျာ ဦးစံသိန်း (၂) အား၊ ကူးသန်းရောင်းဝယ်ရေးဘဏ် အထွေထွေ မန်နေဂျာက တာဝန်ပေး၍ စုံစမ်းစေခဲ့၏။ ၎င်း၏ အစီရင်ခံချက် အရ အထွေထွေ မန်နေဂျာက လျှောက်ထားခံရသူများအပေါ် ထုချေလွှာများ တောင်းဆိုရာ၊ ဦးစံသိန်းက “ဋ” ထုချေချက်ကိုငင်း၊ ဦးမြကြိုင်က “ခ” ထုချေချက်ကိုငင်း၊ မောင်ကျော်ဦးက “ဏ” ထုချေချက်ကိုငင်း အသီးသီးတင်သွင်းခဲ့ကြသည်။ “ဋ” ထုချေချက်တွင် ဦးစံသိန်းက မြန်မာငွေ ပေးသွင်းရန် အင်အားမရှိသည့် ကျောင်းသားများ၏ နိုင်ငံခြားငွေများကို ယူမိကြောင်း ဝန်ခံထားသည်။ “ခ” ထုချေချက်တွင် ဦးမြကြိုင်က ဦးစံသိန်းသည် မိမိအထက်အရာရှိဖြစ်၍ ထိုကိစ္စကိုခွင့်ပြုခဲ့ကြောင်း၊ နောက်နောင် အကြောင်းပေါ် ပေါက်လာပါက ဖြေရှင်းနိုင်ရန် မြန်မာငွေ သွင်းသော ဖြတ်ပိုင်း “ဃ”တွင် မှတ်သား ထားကြောင်း ဖေါ်ပြခဲ့၏။ “ဏ” ထုချေချက်၌ မောင်ကျော်ဦးက ဦးမြကြိုင်၏ ညွှန်ကြားချက်အရ ခရီးသွား ချက်လက်မှတ် ဝယ်သည့်ပုံစံ “ခ”ကို ရေးသားခဲ့ရ ကြောင်း ဝန်ခံသွားသည်။

ပညာရှိ အောက်ရုံး တရားသူကြီးက၊ မောင်မြင့်လွင်နှင့် မောင်မြသန်းတို့အား ခွင့်ပြုထားသည့် စတာလင်ပေါင် ၂၀၀ အနက်၊ ၎င်းတို့ မယူသည့် စတာလင်ပေါင် ၁၀၀ ကို ဦးစံသိန်းက ထုတ်ယူခဲ့သည်ဟု ဆိုစေကာမူ၊ ထိုကဲ့သို့ ထုတ်ယူခြင်းအားဖြင့် မည်သူ တဦးတယောက်ကိုမျှ နစ်နာစေသည်ဟု မဆိုနိုင်၍၊ ရာဇသတ်ပုဒ်မ ၄၂၀ အရ စွဲချက် မတင်နိုင်ဟု ဝေဘန်ထားသည်။ နိုင်ငံခြားငွေကို နိုင်ငံတော်အစိုးရ အနေဖြင့် ခက်ခက် ခဲခဲရှာဖွေထားရသည့်အားလျော်စွာ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရဘဲ ထုတ်ယူ လျှင် နိုင်ငံတော်အစိုးရအနေဖြင့် နစ်နာမည် မနစ်နာမည် ဆိုသောအချက်ကို စဉ်းစား သင့်သည်။ အကယ်၍ မည်သူ့တွင်မျှ နစ်နာမှု မရှိဟု ဆိုစေကာမူ မောင်မြင့်လွင် နှင့် မောင်မြသန်းတို့ အမှန်တကယ် ထုတ်ယူခြင်းမရှိဘဲ၊ ၎င်းတို့ထုတ်ယူဟန် ပြုလုပ်ကာ ထုတ်ယူပိုင်ခွင့် မရှိသူက ထုတ်ယူခဲ့သဖြင့် ထိုကဲ့သို့ ထုတ်ယူခြင်းသည် လိမ်လည်မှုနှင့် အကျုံးဝင်သည် မဝင်သည် ဆိုခြင်းကိုလည်း ထည့်သွင်းစဉ်းစားရန် လိုသည်။ ထို့ပြင် ဦးစံသိန်းသည် မိမိထုတ်ယူပိုင်ခွင့်မရှိသော နိုင်ငံခြားငွေများကို ထုတ်ယူသွားခြင်း အားဖြင့် နိုင်ငံခြားငွေ လဲလှယ်မှု အက်ဥပဒေအရသော်ငင်း၊ အခြား ဥပဒေတခုခု အရသော်ငင်း ပြစ်မှုမြောက် မမြောက်ဆိုသော အချက်ကိုလည်း ထပ်လောင်း စဉ်းစား

သင့်သည်။ မည်သည့်ဥပဒေအရ အရေးယူရမည်ဟု ကျွန်ုပ်အနေဖြင့် ကန့်သတ်မပေးလို ပေ။ ထိုကဲ့သို့ ကန့်သတ်ပေးလိုက်လျှင်၊ နောင် ဆက်လက် စစ်ဆေးမည့် တရားသူကြီး၏ ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ကို ချုတ်ချယ်ရာ ရောက်နေမည်ဖြစ်သည်။

ထို့နောက် အောက်ခုံး ပညာရှိတရားသူကြီးက ဦးစံသိန်း၏လေယာဉ်ပျံလက်မှတ်ပေါ်တွင် ၈၅ ပေါင်သာ ပြည်ပသို့ထုတ်ယူသွားကြောင်းရေးမှတ်ထားသဖြင့် ပေါင် ၁၀၀ ပို၍ ထုတ်ယူသွားသည်ဆိုသော အထောက်အထား မရှိဟု အကြောင်းပြထား၏။ ဦးစံသိန်းသည် မိမိအား ခွင့်ပြုထားသည့် ၈၅ ပေါင်တန် ခရီးသွား ချက်လက်မှတ်များအပေါ်၌ လက်မှတ် ထိုးထားသည့်အပြင်၊ ပို၍ယူသွားသည်ဆိုသော ပေါင် ၁၀၀ တန် ခရီးသွား ချက်လက်မှတ်များ (သက်သေခံ "ဗ" မှ "ဗ-၄") တို့တွင်လည်း လက်မှတ်ထိုးထားသောကြောင့် ဦးစံသိန်းအနေဖြင့် ထိုအချက်ကို ဖြေရှင်းရန်လိုနေပေသည်။ ၎င်း၏ထုခွေချက် "ဒု" အရဆိုလျှင်လည်း နိုင်ငံခြားငွေ ပို၍ထုတ်ယူခဲ့ကြောင်း ယူဆစရာဖြစ်နေ၍ ၎င်းအား ထိုအချက်နှင့် ပတ်သက်၍ မဖြေရှင်းခိုင်းဘဲ တရားရှင် လွှတ်ခဲ့ခြင်းမှာ မှားယွင်းနေကြောင်း ပေါ်လွင်သည်။

ထို့ပြင်၊ ပညာရှိ အောက်ခုံး တရားသူကြီးက၊ ဦးစံသိန်းသည် ပေါင် ၁၀၀ ကို မောင်မြင့်လွင်နှင့် မောင်မြသန်းတို့၏ သဘောတူညီချက်အရ ထုတ်ယူသွားခြင်း ဖြစ်နိုင်သည်ဟု ဆိုထားပြန်သည်။ မောင်မြင့်လွင်နှင့် မောင်မြသန်းတို့၏ သဘောတူညီချက်အရ ဦးစံသိန်းသည် ထိုပေါင် ၁၀၀ ကို ထုတ်ယူခဲ့သည်ဆိုသော သက်သေအထောက်အထားမှာ ယခု အခြေအနေအထိ လုံးဝမရှိသေးပေ။ မောင်မြင့်လွင်နှင့် မောင်မြသန်းထို့ အနေဖြင့် ယင်းသို့ သဘောတူညီချက်ကို ဥပဒေအရ ပေးနိုင် မနိုင်ဆိုသော ပြဿနာမှာလည်း တဆက်တည်း ပေါ်ပေါက်နေ၍ ဖြေရှင်းရန် လိုပြန်သည်။

လျှောက်ထားခံရသူ ဦးမြကြိုင်သည်၊ နိုင်ငံခြားဌာနစိတ်တွင် ခရီးသွား ချက်လက်မှတ်များကို ထုတ်ပေးရာ၌ ကြီးကြပ်ရသူ ဖြစ်သည်။ ၎င်း၏ထုခွေလွှာ "ခ" အရငင်း၊ ငွေသွင်းပုံစံ "ဃ" အရငင်း၊ ပေါင် ၁၀၀ တန် ခရီးသွား ချက်လက်မှတ်များမှာ ဥပဒေအရ ထုတ်ယူနိုင်ခွင့် မရှိကြောင်း၊ ၎င်းအနေဖြင့် ကောင်းစွာသိနိုင်ပါလျက် ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းတွင် ဖြေရှင်းရန် တာဝန်ရှိပေသည်။

လျှောက်ထားခံရသူ မောင်ကျော်ဦးနှင့် ပတ်သက်၍မူ၊ ၎င်းသည် သက်သေခံ "ခ" ပုံစံတွင် မောင်မြင့်လွင်၏လက်မှတ်ကို အတုထိုးထားကြောင်း လက်ရေး ပါရဂူ၏ ထွက်ချက်ရှိနေသဖြင့် ၎င်းတွင်လည်း ဖြေရှင်းရန် ဝတ်တရားရှိနေသည်။

လျှောက်ထား ခံရသူများ၏ ပညာရှိ ရှေ့နေကြီးများက ဤအမှုတွင် မောင်မြင့်လွင်နှင့် မောင်မြသန်းတို့ကို တရားလို အစိုးရဘက်မှ စစ်ဆေးခြင်းမပြုနိုင်၍၊ ပညာရှိ

အောက်ရုံး တရားသူကြီးက လျှောက်ထားခံရသူများအပေါ် စွဲချက်မတင်နိုင်ဟု ကောက်ယူကာ၊ တရားရှင်လွှတ်ခဲ့ခြင်းဖြစ် ရာ၊ ထိုအမိန့်ကို ပယ်ဖျက်ပါကလည်း နောက်ထပ် သက်သေစစ်ဆေးရန်မရှိ၍ အကျိုးမျှားဘွယ်ရာမရှိဟု တင်ပြသွားကြ သည်။ တရားလို အစိုးရအနေနှင့် မောင်မြင့်လွင်နှင့် မောင်မြသန်းတို့ကို မစစ်ဆေးခဲ့စေကာမူ အထက်တွင် ဖော်ပြခဲ့သည့် ပြဿနာများကို အလေးအနက် စဉ်းစားဆုံးဖြတ်ရန် လိုနေသည်ဖြင့်၊ လျှောက်ထားခံရသူများ အနေနှင့်လည်း ၎င်းတို့အပေါ် ပေါ်ပေါက် လျက်ရှိသည့် သက်သေအထောက်အထားများကို ဖြေရှင်းရန် ရှိနေသည့် အလျောက် လျှောက်ထားခံရသူတို့၏ ပညာရှိရှေ့နေကြီးများ၏ လျှောက်လဲတင်ပြချက်ကို လက်မခံနိုင်ပေ။ အလျဉ်းသင့်၍ ဖော်ပြရလျှင် တရားလိုအစိုးရအနေဖြင့် လျှောက်ထား ခံရသူတို့၏ ထုချေလွှာများနှင့် ပတ်သက်၍ ထုချေလွှာခေါ်သည့် သက်ဆိုင်ရာအရာရှိကို စစ်ဆေးရန် လိုကောင်းလိုမည်ဖြစ်ရာ၊ နောက်ထပ် သက်သေစစ်ဆေးရန် မရှိဟု ကြိုတင်၍ မပြောနိုင်ပေ။

အမှတ် (၁) လျှောက်ထားခံရသူ၏ ပညာရှိရှေ့နေကြီး ဦးမြင့်စိုးက အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဝါရင့်သည့် အစိုးရရှေ့နေကြီးများ၏ အကြံဉာဏ်ကိုယူ၍ လျှောက်ထားခံရသူများအပေါ် ရာဇသတ်ပုဒ်မ ၄၂၀ အရ တရားစွဲဆိုခဲ့ခြင်း ဖြစ်ရာ ၎င်းတို့အပေါ် အခြားဥပဒေအရ တရားစွဲဆိုရန် အကြောင်းမရှိ၍သာ ဖြစ်သည်ဟု ယူဆသင့်ကြောင်း ဆင်ခြေလဲသွားသည်။ တရားရုံးအနေဖြင့် အမှန်တရားကို ရှာဖွေရမည်ဖြစ်ရာ၊ နားမလည်၍သော်၎င်း၊ သတိလစ်၍သော်၎င်း ဆီလျော်သည့် ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခြင်း မပြုကာမျှဖြင့်၊ တရားခံအပေါ် ရုံးမှ ဆီလျော်မည့် ဥပဒေပုဒ်မအရ စွဲချက်မတင်ထိုက်၊ မတင်နိုင်ဆိုသော အကြောင်းပြချက် ကို ကျွန်ုပ် သဘောမတူနိုင်၊ အမှုတခု ရုံးရှေ့သို့ ရောက်လာသောအခါ သက်သေထွက်ချက် အထောက်အထားပေါ် မူတည်၍ တရားသူကြီးသည် ဥပဒေအရ စီရင်ဆုံးဖြတ်နိုင်သည်။ ဆုံးဖြတ်ရန် တာဝန်လည်းရှိသည်။ မည်သည့် ဥပဒေ၊ မည်သည့်ပုဒ်မအရသာ စွဲချက်တင်ရမည်၊ အပြစ်ပေးရမည်ဟု တရားစွဲဆိုသူကသော်၎င်း၊ အစွဲခံရသူကသော်၎င်း သတ်မှတ် ခြင်း၊ ညွှန်ကြားခြင်း မပြုနိုင်ပေ။

အထက်ပါ အကြောင်းရင်းများကြောင့် လျှောက်ထားခံရသူများအပေါ် တရားရှင် လွှတ်ခဲ့သော ပဌမအထူး တရားသူကြီး (အထူးစုံစမ်း စစ်ဆေးရေး အက်ဥပဒေ)၏အမိန့် ကို ပယ်ဖျက်ကာ၊ ၎င်းတို့အပေါ် ရန်ကုန်မြို့ ဒုတိယအထူး တရားသူကြီး (အထူးစုံစမ်း စစ်ဆေး အက်ဥပဒေ) က တရားဥပဒေအတိုင်း ဆက်လက်စုံစမ်း စစ်ဆေး ကြားနာ

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နိုင် ဦးစံသိန်း ပါ ၃။

ဆုံးဖြတ်ရန် ပေးပို့လိုက်သည်။ ဤပြင်ဆင်မှုကို ဝေဘန်သုံးသပ်ရာ၌၊ ကျွန်ုပ်သည် သက်သေ ထွက်ချက် အထောက်အထားများနှင့် ပတ်သက်၍ ယုံကြည်ထိုက် မဆိုက်၊ လက်ခံသင့် မသင့်ဆိုသော အချက်များကို လုံးဝထည့်သွင်းစဉ်းစားခဲ့ခြင်း မပြုခဲ့ပေ။

ထို့ကြောင့် ဤအမှုကို ဆက်လက်စစ်ဆေးရမည့် ပညာရှိတရားသူကြီး အနေဖြင့် လျှောက်ထားခံရသူများအပေါ် အပြစ်ရှိ မရှိဆိုသော ပြဿနာကို လွှတ်လပ်စွာအဆုံးအဖြတ်ပြုနိုင်ကြောင်း သံသယမရှိပေလိုပါပေ။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီး ဦးမျစ်တို့ရှေ့တွင်

ဗိုလ်မှူး ခင်မောင်ကြီး
ဗိုလ်မှူး ဇော်ထွန်း } (လျှောက်ထားသူများ)*

† ၁၉၆၆ ဇူလိုင်လ ၁၅ ရက်။

လွှတ်တော်ရွေးနေကြီးများ လက်ခံခြင်း နည်းဥပဒေ (၁၉၅၄ ခုနှစ်) နည်းဥပဒေအပိုဒ် ၇ အရ တရားရုံးချုပ် ဓရွေးနေကြီးအဖြစ် စာရင်းတင်သွင်းခွင့် ပြုရန် လျှောက်ထားခြင်း—လျှောက်ထားသူတဦးသည် ပညာအရည်အချင်းနှင့် လိုအပ်သော လုပ်သက် ဗဟုသုတ အပြည့်အဝရှိရန် အရေးကြီးခြင်း —ပြည်သူ့အကျိုး ပြုမည့် တရားစီရင်ရေးတွင် ကျွမ်းကျင်အောင်မြင်စွာ ပါဝင် ကူညီဆောင်ရွက်နိုင်မည်ဖြစ်ခြင်း—ရွေးနေကြီးများ၏ အရည်အချင်း ပြည့်ဝမှုကို နိမ့်ကျမသွားစေရန် ထိန်းသိမ်းရခြင်း—ရွေးနေကြီးများ၏ အင်အား ဆုတ်ယုတ် နည်းပါးသွားခြင်း မရှိစေရန် အမြဲဘစေအားသစ်ဖြည့်တင်းပေးရခြင်း။

ဆုံးဖြတ်ချက်။ ။နိုင်ငံတော်တရားရုံးချုပ် ရွေးနေကြီးအဖြစ် လက်ခံခွင့်ကို လျှောက်ထားသူ ဖဦးသည် ပညာအရည်အချင်းနှင့် လိုအပ်သောလုပ်သက်ဗဟုသုတ အပြည့်အဝရှိရန်အရေးကြီးသည်။ ထိုသို့ပြည့်ဝမှသာ ရွေးနေကြီးတဦးအဖြစ် ပြည်သူ့အကျိုးပြုမည့် တရားစီရင်ရေးတွင် ကျွမ်းကျင်အောင်မြင်စွာ ပါဝင်ကူညီ ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် တဖက်တွင် ရွေးနေကြီးများ၏ အရည်အချင်းပြည့်ဝမှုကို နိမ့်ကျမသွားစေရန် ထိန်းသိမ်းရသည်။ တဖက်တွင်လည်း တရားရုံးများ၏ အရာရှိများဖြစ်ကြသော ရွေးနေကြီးများအင်အား ဆုတ်ယုတ်နည်းပါးသွားခြင်းမရှိစေရန် အမြဲတစေ အားသစ်ဖြည့်ပေးနေရသည်။ ထိုကဲ့သို့ ထောက်ထားစဉ်းစားရသော် အချက် နှစ်ရပ်နှင့် ဆက်စပ်ကြသ့်လျှင် လျှောက်ထားသူများသည် အရည်အချင်းပြည့်ဝသူများဖြစ်သည်။ ၎င်းတို့အားရွေးနေကြီးများအဖြစ် လက်ခံခြင်းအားဖြင့်၊ ရွေးနေကြီးများ၏ အင်အားကို ဖြည့်တင်းပေးရာရောက်ပေသည်။ ထို့ကြောင့် လျှောက်ထားသူများအား တရားရုံးချုပ်ရွေးနေကြီးများအဖြစ်စာရင်းတင်သွင်းခွင့်ပြုလိုက်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၄ နှင့် ၁၅။

† ၁၉၅၄ ခုနှစ်၊ လွှတ်တော်ရွေးနေကြီးများ လက်ခံခြင်း နည်းဥပဒေအပိုဒ် (၇) အရ ရွေးနေ ဗိုလ်မှူး ခင်မောင်ကြီးနှင့် ဗိုလ်မှူး ဇော်ထွန်းတို့၏ ရွေးနေကြီးအဖြစ်သို့ စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်လွှာ။

လျှောက်ထားသူများအတွက် ။ ။ ကိုယ်တိုင်။

ဘားကောင်စီအတွက် ။ ။ ဦးမွန်စံလှိုင်။

ရုံးတော်သဟာယအတွက် ။ ။ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးဘကြူ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ။ ။ နိုင်ငံတော်အစိုးရ ကာကွယ်ရေးဌာနမှ လက်ထောက် စစ်ဥပဒေချုပ်များ ဖြစ်ကြသော ဗိုလ်မှူး ကော်ထွန်း နှင့် ဗိုလ်မှူး ခင်မောင်ကြီး တို့က ဤရုံး၏ ရှေ့နေကြီးများအဖြစ် စာရင်း တင်သွင်းခွင့်ပြုရန် လျှောက်ထား ကြသည်။

လျှောက်ထားသူနှစ်ဦးဝလုံးသည် ရန်ကုန်ဘက္ကသိုလ်မှ ဥပဒေဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြီးသူများ ဖြစ်ကြသည်။ ဗိုလ်မှူး ကော်ထွန်းသည် အထက်တန်းရှေ့နေအဖြစ်ကို ရရှိပြီးနောက်၊ ၁၉၅၂ ခုနှစ်တွင် စစ်ဥပဒေချုပ်ဌာနတွင် ပြန်တမ်းဝင်အရာ ရှိတစ်ဦး အဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ဗိုလ်မှူး ခင်မောင်ကြီးသည် ၁၉၅၈ ခုနှစ်တွင် စစ်ဥပဒေချုပ်ဌာနတွင် အလားတူ ဝင်ရောက်အမှုထမ်းခဲ့၍ ၁၉၆၀ ခုနှစ်တွင် အထက်တန်းရှေ့နေအဖြစ် စာရင်းသွင်းခဲ့သည်။ လျှောက်ထားသူ တို့က ၎င်းတို့စစ်ဥပဒေချုပ်ဌာနတွင် ထမ်းဆောင်ရသော လုပ်ငန်းတာဝန်များသည် တရားရေးဌာနဝန်ထမ်းများ ထမ်းဆောင်ရ သောလုပ်ငန်းတာဝန်များနှင့် တသဘောတည်းဖြစ်ပါသည်။ ထို့ကြောင့် တရားရုံးချုပ် ရှေ့နေကြီးများ လက်ခံရေးဆိုင်ရာ နည်းဥပဒေ ၁ (ခ) ပါ ပြဋ္ဌာန်းချက်အရ ၎င်းတို့တွင် ရှေ့နေကြီးများဖြစ်ရန် အရည်အချင်း ပြည့်စုံပါပြီဟု ပြောဆိုသည်။

စစ်ဥပဒေချုပ် ဗိုလ်မှူးချုပ် ဆော်လမွန်ကလည်း လျှောက်လွှာများကို ထောက်ခံသည်။ စစ်ဥပဒေချုပ်ဌာနတွင် အမှုထမ်းကြသော အရာရှိများ၏ လုပ်ငန်းတာဝန်များကို ဖော်ပြရာတွင် ဗိုလ်မှူးချုပ် ဆော်လမွန်က ထိုလုပ်ငန်းတာဝန်များသည် တရားရေးဝန်ထမ်း ပုဂ္ဂိုလ်များ ထမ်းဆောင်ရသော လုပ်ငန်းတာဝန်များနှင့် တသဘောတည်းပင် ဖြစ်ပါသည်။ စစ်ဥပဒေချုပ်ဌာနသည် ကာကွယ်ရေးဌာနမှ ဌာနခွဲအသီးသီးကို ဥပဒေအကြံဉာဏ်များလည်း ပေးရပါသည်။ ဥပဒေရေး ရာနှင့် ပတ်သက်သမျှကိစ္စတို့ကိုလည်း ဆောင်ရွက်ရပါသည်။ စစ်ဘက်ဆိုင်ရာ တရားရုံးများ၏ ဥပဒေအရာရှိအဖြစ်လည်း ဆောင်ရွက် ရပါသည်။ ထိုရုံးများတွင် သက်သေခံ ဥပဒေကို ကျင့်သုံးလာပါသည်။ စစ်တရားရုံးတွင် အမှန်ဆုံးဖြတ်နိုင်ရန်အတွက် စစ်ဥပဒေချုပ်ဌာနမှ လိုက်ပါ ဆောင်ရွက်သော အရာရှိက စီရင်ထုံးများ၊ ကျင့်ထုံးများကို ကိုးကား၍ အမှုတလျှောက်လုံးတွင် ကူညီဆောင်ရွက်ရပါသည် စသည်ဖြင့် ဗိုလ်မှူးချုပ် ဆော်လမွန်က ထောက်ခံရေးသားထားသည်။

ရွှေနေကြီးမျိုး ကောင်စီက လျှောက်ထားသူ နှစ်ဦးထို့၏ လျှောက်လွှာများကို စဉ်းစားပြီးနောက်၊ စစ်ဥပဒေချုပ်ဌာန၏ လုပ်ငန်းတာဝန်များသည် အုပ်ချုပ်ရေး ဆန်ပါသည်။ ဥပဒေရေးဆွဲရေးနှင့်ပို၍ ပတ်သက်ဟန်တူပါသည်။ ထို့ကြောင့် တရားရေး ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များနှင့် တသဘောတည်း ဖြစ်သည်ဟူ၍ မယူဆ နိုင်ကြောင်း မှတ်ချက်ပြုကာ လျှောက်လွှာများကို ကန့်ကွက်သည်။ လျှောက်ထား သူများက ခုံရုံးသို့တင်၍ ၎င်းတို့၏ လျှောက်လွှာများကို အပြီးအပြတ် အဆုံး အဖြတ် ပေးပါဟု တောင်းခံကြသဖြင့် ကျွန်ုပ်တို့က ခုံရုံးဖွဲ့၍ လျှောက်ထားသူ များကိုငင်း၊ ရွှေနေကြီးများ ကောင်စီ၏ ကိုယ်စားလှယ်ကိုငင်း၊ ရုံးတော် သဟာယ အဖြစ် လက်ထောက် နိုင်ငံတော် ရွှေနေချုပ်ကိုငင်း ကြားနာခဲ့ကြသည်။

ရွှေနေကြီးများ ကောင်စီ၏ကိုယ်စား ပညာရှိရွှေနေကြီး ဦးမွန်စံလှိုင်က ကောင်စီအနေနှင့် ရွှေနေကြီးများ လက်ခံရေးဆိုင်ရာ နည်းဥပဒေအတိုင်း တိကျစွာ အဓိပ္ပါယ်ကောက်ယူ၍ လျှောက်လွှာများကို ကန့်ကွက်ရခြင်း ဖြစ်ပါသည်။ ထိုနည်း ဥပဒေတွင် တရားရေးဝန်ထမ်းဟုသာ ဆိုပါသည်။ လျှောက်ထားသူတို့သည် ဥပဒေ ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်ကို မငြင်းဆိုခသော်လည်း တရားရေးဝန်ထမ်း များကား မဟုတ်ကြပါ။ တရားသူကြီးဆိုသည်မှာ ရုံးထိုင်၍ အမှုစစ်ဆေး စီရင် ရပါသည်။ ထိုလုပ်ငန်းများကိုမူကား လျှောက်ထားသူတို့ ဆောင်ရွက်ခဲ့ခြင်းမရှိကြပါ။ ထို့ကြောင့် တရားရုံးချုပ်က လိုအပ်သော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပေးနိုင်ရန် ကောင် စီက လျှောက်လွှာများကို ကန့်ကွက်ရခြင်း ဖြစ်ပါသည်ဟု တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရွှေနေချုပ် ဦးဘကျော်က လျှောက်လွှာများကို ခွင့်ပြုသင့်ကြောင်း။ စစ်ဥပဒေချုပ်ဌာန၏ လုပ်ငန်းတာဝန်များကို ကြည့်ရှုလျှင် လျှောက်ထားသူများသည် ဥပဒေရေးရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ကြ ရသည်မှာ ထင်ရှားကြောင်း။ အမှုထမ်းသက်အားဖြင့်လည်း ကြာမြင့်ခဲ့ကြပြီဖြစ်၍၊ တရားရုံးချုပ် ရွှေနေကြီးများ အဖြစ် လက်ခံနိုင်သော အရည်အချင်း ပြည့်စုံမည်ဟု ယူဆသင့်ကြောင်း လျှောက်လဲသည်။

လျှောက်ထားသူများကိုယ်တိုင် ရုံးသို့လာရောက်ကြ၍ ၎င်းတို့ထမ်းဆောင် ကြရသော ဝတ္တရားများ အကြောင်းကို တင်ပြကြသည်။ စစ်ဘက် တရားရုံးတွင် လိုက်ပါဆောင်ရွက်လျှင်၊ တရားလို တရားခံများကို ဥပဒေ ပြဿနာများနှင့် ပတ် သက်၍၊ အကြံပေး ကူညီရွက်ဆွဲအပြင် ရုံးကိုလည်း အမှုန်တရား ရမစရန် ကူညီ ရကြောင်း။ အမှုစစ်ဆေးပြီးလျှင် သက်သေခံချက်များကို စုပေါင်း၍ ရုံးသို့တင်ပြရ ကြောင်း။ ရုံးကအလိုရှိပါက အဆုံးအဖြတ်ပေးရန် ဆွေးနွေးနေစဉ် အတွင်း၌လည်း၊ ဥပဒေ ပြဿနာများပေါ်တွင် အကြံဉာဏ်ပေးရကြောင်း။ ထို့ကြောင့် လုပ်ငန်း

ခေတ်
ဗိုလ်မှူး
ခင်မောင်ကြီး
နှင့်
ဗိုလ်မှူး
ဇော်ထွန်း။

တာဝန်တို့သည် ရွှေနေရွှေရပ်များ၊ တရားသူကြီးများ၏ လုပ်ငန်း တာဝန်များကဲ့သို့ပင် ဖြစ်ပါသည်ဟု လျှောက်ထားသူများက တင်ပြကြသည်။

လျှောက်ထားသူတို့သည် ပညာအရည်အချင်းအားဖြင့် ပြည့်စုံသည့် အထက်တန်း ရွှေနေအဖြစ်လည်း နှစ်အတန်ကြာကပင် စာရင်းတင်သွင်းပြီး ဖြစ်ခဲ့ကြသည်။ စစ်ဥပဒေချုပ်ဌာနတွင် လုပ်ကိုင် ဆောင်ရွက်ခဲ့ကြရသည်မှာလည်း ဥပဒေရေးရာများအပြင်၊ တရား စစ်ဆေး စီရင်ရာတွင် ထိရောက်စွာ ဆောင်ရွက်ရခြင်းလည်းပါကြသည်။ ဗိုလ်မှူး ဇော်ထွန်းသည် ထိုကဲ့သို့ စစ်ဥပဒေချုပ်ဌာနဌ ၁၉၅၂ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်လာခဲ့သည်။ ဗိုလ်မှူး ခင်မောင်ကြီးသည် ထိုဌာနဌ် ၁၉၅၈ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်လာခဲ့သည်။ ထို့ကြောင့် လုပ်သက်ရင့်၍ ဗဟုသုတပြည့်ဝပြီး ဖြစ်သော အရာရှိများ ဖြစ်ကြပေသည်။

နိုင်ငံတော် ရွှေနေချုပ်ရုံးမှ ဥပဒေ ရေးဆွဲရေး အရာရှိများ၏ လုပ်သက်ကို တရားရေး ဝန်ထမ်းများ၏ လုပ်သက်နှင့် ညီမျှသည်ဟု ယခင် တရားလွှတ်တော်က ဆုံးဖြတ်ခဲ့ဘူးသော သာဓကများရှိပေသည်။ ၁၉၅၀ ခုနှစ်တွင် ဥပဒေရေးဆွဲရေး အရာရှိ တဦးကိုငင်း၊ ၁၉၅၁ ခုနှစ်တွင် လက်ထောက် ဥပဒေ ရေးဆွဲရေး အရာရှိ တဦးကိုငင်း ထိုသို့ယူဆ၍ တရားရေး ဝန်ထမ်း လုပ်သက် မရှိစေကာမူ၊ ဥပဒေ ရေးဆွဲရေး အရာရှိ လုပ်သက်ကို လက်ခံ၍ လွှတ်တော် ရွှေနေကြီးများအဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့သည်။ ထိုကဲ့သို့ သာဓကများရှိလျှင် ရွှေနေကြီးများ ကောင်စီက ဤလျှောက်လွှာများပေါ်တွင် ကန့်ကွက်ရန်ရှိမည်မဟုတ်ပါဟု ဦးမွန်စံလှိုင်က တင်ပြသည်။ စစ်ဥပဒေချုပ်ဌာနမှ အရာရှိတဦးအား တရားရေး ဝန်ထမ်းသက် ၃ နှစ် မပြည့်ခဲ့စေကာမူ စစ်ဥပဒေချုပ်ဌာနတွင် ရရှိခဲ့သော လုပ်သက်နှင့်ပေါင်း၍ လွှတ်တော်ရွှေနေကြီးအဖြစ် လက်ခံခဲ့ဘူးသော သာဓကတရပ်လည်း ၁၉၅၀ ခုနှစ်တွင် ရှိခဲ့သည်။

နိုင်ငံတော် တရားရုံးချုပ် ရွှေနေကြီးအဖြစ် လက်ခံခွင့်ကို လျှောက်ထားသူ တဦးသည်၊ ပညာအရည်အချင်းနှင့် လိုအပ်သော လုပ်သက်ဗဟုသုတ အပြည့်အဝရှိရန် အရေးကြီးသည်။ ထိုသို့ ပြည့်ဝမှသာ ရွှေနေကြီး တဦးအဖြစ် ပြည်သူ့ အကျိုးပြုမည့် တရားစီရင်ရေးတွင် ကျွမ်းကျင် အောင်မြင်စွာ ပါဝင် ကူညီဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တဘက်တွင် ရွှေနေကြီးများ၏ အရည်အချင်းပြည့်ဝမှုကို နိမ့်ကျမသွားစေရန် ထိန်းသိမ်းရသည်။ တဘက်တွင်လည်း တရားရုံးများ၏ အရာရှိများ ဖြစ်ကြသော ရွှေနေကြီးများ၏ အင်အား ဆုတ်ယုတ်နည်းပါးသွားခြင်း မရှိစေရန် အမြဲတစေ အားသစ်ဖြည့်တင်း ပေးနေရသည်။ ထိုကဲ့သို့ ထောက်ထား စဉ်းစားရသော် အချက်နှစ်ရပ်နှင့် ဆက်စပ်ကြည့်လျှင်

လျှောက်ထားသူများသည် အရည်အချင်း ပြည့်ဝကြသူများဖြစ်သည်။ ၎င်းတို့အား ရွေနေကြီးများအဖြစ် လက်ခံခြင်းအားဖြင့်၊ ရွေနေကြီးများ၏ အင်အားကို ဖြည့်တင်းပေးရာရောက်ပေသည်။ ထို့ကြောင့် လျှောက်လွှာများကို ခွင့်ပြုရှိ ဗိုလ်မှူး ဇော်ထွန်းနှင့် ဗိုလ်မှူး ခင်မောင်ကြီးတို့အား၊ တရားရုံးချုပ် ရွေနေကြီးများ အဖြစ် စာရင်းတင်သွင်းခွင့်ပြုလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ဘနာစရီးလာလတ်ဆာရီးယား (အယူခံတရားလို)

နှင့်

ဦးစံတင့် (အယူခံတရားခံ) *

† ၁၉၆၆ ခြဂုတ်လ ၃၀ ရက်။

အပြီးသတ်အပေါင်ဒီကရီကို ဇာရီ ပြုလုပ်ရန် လျှောက်ထားခြင်း—ငွေချေးငှါးသူများအက် ဥပဒေပုဒ်မ ၉—ဇာရီလျှောက်ထားသည့်နေ့တွင်မှတ်ပုံတင်ငွေချေးငှါးသူတယောက် မထုတ်ခြင်း—ဇာရီလျှောက်လွှာကိုပလပ်သင့်မသင့်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် အယူခံတရားခံပေါ်၌ အပြီးသတ် အပေါင်ဒီကရီကို ရထားပြီးဖြစ်သော်လည်း အပေါင်ပစ္စည်းကိုမိမိသဘောအတိုင်း မရောင်းချနိုင်၊ သို့ဖြစ်ရာ အပြီးသတ် အပေါင် ဒီကရီအရ အပေါင်ပစ္စည်းကို ရောင်းချပေးရန် တရားမရုံးအား အကူအညီတောင်းကာ လျှောက်ထားခြင်းမှာ ဇာရီပြုလုပ်သည်ဟု ယူဆရမည်။ ယင်းသို့ ဇာရီ လျှောက်ထားသည့်နေ့တွင် မှတ်ပုံတင်ငွေချေးငှါးသူ တယောက်မဟုတ်၍ ငွေချေးငှါးသူများ အက်ဥပဒေပုဒ်မ ၉ အရ ဇာရီ လျှောက်လွှာကို ပလပ်ရမည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။ဦးမြင့်စိုး။

တရားသူကြီး ဦးသက်ဖေ။ ။ယခုအမှုတွင် အငြင်းမပွါးသည့် အချက်အလက်များကို ပေါ်ပြရမည်ဆိုသော် အယူခံတရားလိုသည် ငွေချေးငှါးသူတယောက် ဖြစ်သည်၊ ၎င်းသည် အယူခံ တရားခံအပေါ် ချေးငွေကျပ် ၁၇,၄၉၃.၅၀ အတွက် ပဏာမအပေါင်ဒီကရီကို ရန်ကုန်မြို့၊ တရားမရုံး၏ တရားမကြီးမှုအမှတ် ၁၆၇/၆၃ တွင်၊ ၁၉၆၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့က ရရှိခဲ့သည်။ ၁၉၆၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ရုံးတော်မှ အပြီး

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၁။

† ၁၉၆၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၄၆ တွင်၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ ထရားမရုံး တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော အဓိန္ဓိကို အယူခံဝင်မှု။

သတ်အပေါင်ဒီကရီ ချမှတ်ခဲ့သည်။ အယူခံတရားလိုသည် ဒွေချေးငှါးသူများ အက်ဥပဒေ အရ မှာဘုံတင်ခဲ့ရာ၊ ၎င်း၏ မှတ်ပုံတင်လက်မှတ်သည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ တွင် သက်တမ်းကုန်ဆုံးခဲ့သည်။ နောက်ထပ် အသစ်လဲလှယ်ခြင်း မရှိပေ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အယူခံတရားလိုသည် ရန်ကုန်မြို့၊ တရားမရုံး၏ ဇာရီမှု အမှတ် ၃ ၄၆/၆၅ ၌ အပေါင်ပစ္စည်းကို လေလံတင် ရောင်းချပေးရန် လျှောက်ထားသည်။ အယူခံတရားခံက အယူခံတရားလိုသည် ယင်းသို့ ဇာရီလျှောက်ထားသည့်နေ့ တွင် မှတ်ပုံတင် ဒွေချေးငှါးသူတယောက် မဟုတ်၍ ဒွေချေးငှါးသူများ အက်ဥပဒေ ပုဒ်မ ၉ အရ၊ ဇာရီလျှောက်လွှာကို ပလပ်သင့်ကြောင်း လျှောက်ထားရာ ရန်ကုန်မြို့၊ တရားမရုံး၏ ပညာရှိ တရားသူကြီးချုပ်က ထိုလျှောက်ထားချက်ကို လက်ခံပြီး ဇာရီ လျှောက်လွှာကို ပလပ်ခဲ့သည်။ ယင်းသို့ပလပ်ခဲ့သော အမိန့်ကို မကျေနပ်သဖြင့် ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

ဒွေချေးငှါးသူများ အက်ဥပဒေပုဒ်မ ၉ အရ၊ ချေးငွေအပေါ် ချမှတ်သော ဒီကရီ၊ သို့မဟုတ် ချေးငွေအတွက် ချမှတ်ထားသော ပစ္စည်းအပေါင် ဒီကရီတခုခုကို ဇာရီပြုလုပ်ရန် ဒွေချေးငှါးသူဘယောက်ယောက်က၊ တရားရုံး၌လျှောက်ထားသောအခါ၊ ထိုဒွေချေးငှါးသူသည် ဒွေချေးငှါးသူများ အက်ဥပဒေအရ မှတ်ပုံတင်ထားပြီး ဖြစ်ရမည့်အပြင်၊ ယင်းသို့လျှောက်ထားသောအချိန်၌ ၎င်း၏မှတ်ပုံတင်သည်အတည်ဖြစ်နေမှသာတရားရုံး အနေဖြင့် ၎င်း၏လျှောက်ထားချက်ကို ခွင့်ပြုရမည်ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုက အယူခံတရားခံအပေါ် ရရှိခဲ့သည့်ပစ္စည်း အပေါင် ဒီကရီကို ဇာရီပြုလုပ်ပေးရန် လျှောက်ထားသည့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၌၊ အယူခံဘုရားလို၏ ဒွေချေးငှါးသူများအက်ဥပဒေအရမှတ်ပုံတင်လက်မှတ်မှာသက်တမ်း ကုန်ဆုံးနေပြီဖြစ်၍၊ အောက်ရုံးအနေဖြင့် ၎င်း၏ လျှောက်လွှာအား ခွင့်ပြုရန် အာဏာ မပိုတော့ချေ။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီး ဦးသန်းအောင်က ယခုအမှုတွင် အယူခံ တရားလိုရရှိထားသော ဒီကရီမှာ အပြီးသတ် အပေါင်ဒီကရီဖြစ်ရာ၊ ထိုအပြီးသတ် အပေါင်ဒီကရီအရ၊ အပေါင်ပစ္စည်းကို လေလံတင်ရောင်းချရန် အမိန့်ချမှတ်ထားပြီး ဖြစ်သည့်အလျောက်၊ ရုံးတော်၏အကူအညီနှင့် ပစ္စည်းရောင်းချသောကိစ္စသည် ဇာရီမှု ပြုလုပ်သည်ဟု မဆိုနိုင်ကြောင်း။ ထို့ကြောင့် ဒွေချေးငှါးသူများ အက်ဥပဒေပုဒ်မ ၉ နှင့် ငြိစွန်းခြင်းမရှိကြောင်း လျှောက်လဲတင်ပြသွားသည်။

တရားရုံးမှ ဒီကရီတခုခုကိုချမှတ်ခဲ့စေကာမူ၊ တရားရုံးက ထိုဒီကရီအတိုင်းလိုက်နာ ဆောင်ရွက်ခြင်းမပြုပါက၊ တရားနိုင်အနေဖြင့် ထိုဒီကရီနှင့်ပတ်သက်၍ အကျိုးခံစားခွင့် ရနိုင်မည်မဟုတ်ပေ။ ထိုအခါမျိုးတွင် တရားနိုင်သည် မိမိရရှိခဲ့သော ဒီကရီ အကျိုး

သက်ရောက်အောင် တရားရုံး၏ အကူအညီတောင်းခံရပေမည်။ ယင်းသို့ ဒီကရီကို အကျိုးသက်ရောက်အောင် တရားရုံး၏ အကူအညီရယူခြင်းသည် ဇာရီပြုလုပ်ခြင်းပင် ဖြစ်၏။

ဤအမှုတွင် အယူခံတရားလိုသည် အယူခံတရားခံအပေါ် ၌ အပြီးသတ် အပေါင် ဒီကရီကိုရထားပြီးဖြစ်သော်လည်း အပေါင်ပစ္စည်းကို မိမိသဘောအတိုင်း မရောင်းချနိုင်။ တရားမရုံး၏ အကူအညီကို မရရှိပါက၊ ထိုဒီကရီအား အကျိုးသက်ရောက်အောင် ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အပြီးသတ်အပေါင် ဒီကရီအရ အပေါင်ပစ္စည်းကိုရောင်းချပေးရန် တရားမရုံးအား အကူအညီတောင်းကာ လျှောက်ထားခြင်းမှာ ဇာရီပြုလုပ်သည်ဟု ယူဆရမည်ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့်၊ ဌေးချေးငှါးသူများအက်ဥပဒေ ပုဒ်မ ၉ အရ၊ အပေါင်ပစ္စည်းကိုရောင်းချရန်အမိန့်ချမှတ်ခြင်း မပြုနိုင်ဆိုသောဇာရီရုံး၏အမိန့်မှာမှန်ကန်သည်။ သို့ဖြစ်၍ ဤအယူခံကိုပလပ်လိုက်သည်။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအရ အမှုသည်တို့သည် မိမိတို့တရားစရိတ်ကို မိမိတို့ကိုယ်တိုင် ကျခံရမည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဇေ ရွှေတွင်

ဘမောင်(ခေါ်)ဘီမော (အယူခံတရားလို) † ၁၉၆၆

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) * ဇူလိုင်လ ၁၅ ရက်။

လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁)(က)အရ မူပြစ်ထင်ရှားစီရင်ခြင်း ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည်ရဲတပ်သားတယောက်ဖြစ်သည်။သောင်းကျန်းသူများအား တိုတ်ခိုက်ရန် ၎င်းအားခဲယမ်းမီးကျောက်နှင့် လက်နက်များကိုထုတ်ပေးသားခြင်းဖြစ်သည်။ လုပ်သားပြည်သူဘို့အပေါ် ဒုက္ခအမျိုးမျိုးပေးနေသည့် သောင်းကျန်းသူများ၏ ဘေးရန်မှကာကွယ်ရန် အလို့ငှါ၊ နိုင်ငံတော်အစိုးရက ၎င်းအား လက်နက်များ ထုတ်ပေးသော်လည်း၊ ထိုဘေးရန်ကို ကာကွယ်ရမည့်အစား၊ သူပုန်များဖြင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရ၏ လက်နက်များကိုခိုးယူ ကြောင်းပေါ် လွင်နေသဖြင့်၊ ၎င်းအပေါ် ချမှတ်ထားသော ပြစ်ဒဏ်အား သက်သာရန်အကြောင်း မရှိ။

အယူခံတရားလိုအတွက်။ ။မရှိ။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေကြီး ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဇေ။ ။အယူခံတရားလိုအပေါ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂(၁) (က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ဘားအံမြို့၊ အထူးတရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုသည် ဘားအံခရိုင် ကတိုင်တိရဲစခန်းမှ ရဲတပ်သားတယောက်ဖြစ်သည်။ လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ညအချိန်တွင်၊ ရဲတပ်ကြပ်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၈။

† ၁၉၆၅ ခုနှစ်၊ရာဇဝတ်ကြီးမှုအမှတ် ၃ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့စွဲပါ၊ အထူးတရားသူကြီး (ဘားအံမြို့)၏ အမိန့်ကိုအယူခံမှု။

မဓ္ဓိဇ

ဘမောင်(ခေါ်)
ဘီမော
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မောင်မြင့်ဆွေ (လိုပြ-၁)၊ ရဲတပ်သား မောင်ရွှေဒိုက် (လိုပြ-၂)၊ ရဲတပ်သားမောင်သိန်းကြည်နှင့် အယူခံတရားလိုတို့သည် ကတိုင်တိရဲစခန်းဝင်းအတွင်း၌ ကင်းတာဝန် ကျကြသည်။ ည ၆ နာရီမှ ဂ နာရီအထိ ရဲတပ်သား မောင်ရွှေဒိုက်၏ တာဝန်ဖြစ်ပြီး၊ ည ဂ နာရီမှ ၁၀ နာရီအထိ အယူခံတရားလို၏ အလှည့်ဖြစ်သည်။ ရဲတပ်သား မောင်ရွှေဒိုက်သည် ၎င်း၏တာဝန်ပြီးဆုံးသည့်ည ဂ နာရီအချိန်တွင် ၎င်းအားထုတ်ပေးထားသော အမေရိကန်ရိုင်ဖယ်အမှတ် ဂ၀ စီ ၉၁၄၇ နှင့် ၃၀၃ ယမ်းတောင့် ၆၀ တို့ကို အယူခံတရားလိုအား ပေးအပ်ကာ တာဝန်လွှဲခဲ့သည်။ ထိုအချိန်က အယူခံတရားလို ထံ၌၊ ရဲတပ်ကြပ်ကြီး စောလှထွေး (လိုပြ-၅) က တာဝန်ကျသောအခါ ကိုင်စွဲနိုင်ရန် ထုတ်ပေးထားသော အမေရိကန်ရိုင်ဖယ်အမှတ် ဂ၃ စီ ၀၀၀၆ နှင့် ၃၁၃ ကျည်ဆံ ၅၀ တောင့်တို့သည် ၎င်းထံတွင်ရှိနေသည်။

ည ဂ နာရီခွဲအချိန်တွင်၊ ရဲတပ်ကြပ် မောင်သိန်း (လိုပြ-၃) က လမ်းဘက်မှ ဓါတ်မီးရောင်တွေ့ကြောင်းပြော၍၊ မောင်မြင့်ဆွေသည် အခြား ရဲသားများနှင့်အတူ လိုက်လံကြည့်ရှုသောအခါတွင်၊ အယူခံတရားလိုအား ရဲတပ်စခန်းဝင်းအတွင်း၌ မတွေ့ရတော့ပေ။ လိုက်လံစုံစမ်းသောအခါ၊ အယူခံတရားလိုသည် သေနတ်နှစ်လက်အပြင်၊ ယမ်းတောင့် ၁၁၀ နှင့်အတူ တောခိုသွားကြောင်းတွေ့ရသည်။

၁၉၆၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင်၊ အထူးခြေမြန်တပ်ရင်း ၁၀၈ သည် တိုက်ကင်းထွက်ရင်း အယူခံတရားလိုအား လယ်တဲတခုမှ ဖမ်းဆီးရမိလေသည်။ ထိုစဉ်က အယူခံတရားလို၌ သေနတ်လက်နက်များမရှိတော့ချေ။ အယူခံတရားလိုကငင်းသည် အရက်မူးပြီး ရဲတပ်စခန်းမှ ထွက်သွားမိကြောင်း။ လူမရှိသည့်တဲတခုသို့ ဝင်ရောက်ခိုနားနေစဉ် သေနတ်များသူများ လာရောက်ပြီး လက်နက်များကိုလုယူသွားကြောင်း ထုချေလေသည်။

အထက်ပါသက်သေအထောက်အထားများအရ၊ အယူခံတရားလိုအပေါ် လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က) အရ တရားစွဲဆိုရာ၊ အယူခံတရားလိုက အပြစ်ရှိကြောင်း ဖြောင့်ဆိုဝင်ခံလေသည်။ ထို့ကြောင့်၊ အောက်ခုံးပညာရှိ တရားသူကြီးက ၎င်းအပေါ် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

အယူခံတရားလိုသည် အောက်ခုံး၌ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံဖြောင့်ဆိုထားသဖြင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၂ အရ၊ ၎င်းအပေါ် လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က) အရ အပြစ်ရှိသည်ဆိုသော ကောက်ယူချက်ကို အယူခံမဝင်နိုင်တော့ချေ။ ၎င်းအပေါ် ချမှတ်ထားသော အပြစ်ဒဏ်နှင့်ပတ်သက်၍ စဉ်းစားရန်သာရှိတော့သည်။

အယူခံတရားလိုသည် ရဲတပ်သားတစ်ယောက်ဖြစ်သည်။ သောင်းကျန်းသူများအား တိုက်ခိုက်ရန် ၎င်းအား ခဲယမ်း မီးကျောက်နှင့် လက်နက်များကို ထုတ်ပေးထားခြင်းဖြစ်သည်။ လုပ်သားပြည်သူတို့အပေါ် ဒုက္ခအမျိုးမျိုးပေးနေသည့် သောင်းကျန်းသူများ၏ ဘေးရန်မှ ကာကွယ်ရန်အလို့ငှါ။ နိုင်ငံတော်အစိုးရက ၎င်းအား လက်နက်များထုတ်ပေးသော်လည်း ထိုဘေးရန်ကို ကာကွယ်ရမည့်အစား၊ သူပုန်များဖြင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရ၏ လက်နက်များကို ခိုးယူကြောင်း ပေါ်လွင်နေသဖြင့်၊ ၎င်းအပေါ်ချမှတ်ထားသော ပြစ်ဒဏ်အား သက်သာရန် အကြောင်းမရှိ။ ထို့ကြောင့် အယူခံတရားလို၏ အယူခံလွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

† ၁၉၆၆ ခြုတ်ထ ၂၆ ရက်၊

ဘာဘူဘာဂန်ဒတ်(စ်) (အယူခံတရားလို)

နှင့်

ဦးချန်နား (အယူခံတရားခံ)*

အာမခံအဖြစ် တင်သွင်းထားသည့် ငွေကို ပြန်လည်ရရှိရန် တရားစွဲဆိုမှု—တင်သွင်းထားသည့် ငွေမှာ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၀ အရ ဌားရမ်းသူက တောင်းဆိုနိုင်သည့် တလအတွက် ဌားရမ်းခဖြစ်ရခြင်း—ကာလစည်းကမ်းသတ် အက်ဥပဒေ အပိုင်း (၁) အပိုဒ် (၁၂၀) သို့သာ အကျုံးဝင်ခြင်း—၆ နှစ်အတွင်း တရားစွဲဆို နိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားလိုဖြစ်သူက အယူခံ တရားခံက တင်သွင်းထားသည့် ငွေမှာ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၀ အရ ဌားရမ်းသူက တောင်းဆိုနိုင်သည့် တလအတွက် ဌားရမ်းခ ဖြစ်ပေသည်။ တလအတွက် ဌားရမ်းခငွေမှာ စက်ဌားရုံမ်းခ အာမခံအဖြစ်တင်သွင်းထားသည့် ငွေဖြစ်သဖြင့် ကာလ စည်းကမ်းသတ် အက်ဥပဒေအပိုင်း (၁) အပိုဒ် (၁၂၀) သို့သာ အကျုံးဝင်ရာ၊ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ ၆ နှစ် အတွင်း တရားစွဲဆိုနိုင်ခွင့်ပြုထားပေသည်။

Abasbhai Shaikh Abdul Hussein v. *Bhimji Malji Choksey*, A.I.R. 1932 Bom. 86 ခြားနားပြသည်။

Sakhawat Ali v. *Baldeo Sai*, 8 Indian Cases 1910 p. 370; *Upendra Lal Mukhopadya* v. *The Collector*, I.L.R. 12 Cal. p, 113 ရည်ညွှန်းဖွဲ့လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ရီရှီရမ်။

အယူခံတရားခံအတွက်။ ။ဦးလှဖေ (၁)။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၅၃။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄၁ တွင် ရန်ကုန်မြို့တော်၊ တရားမရုံး တတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားခံဖြစ်သူ ဦးချုန်နားက တရားလိုအဖြစ်၊ ရန်ကုန်မြို့ တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမမှုအမှတ် ၃၄၁ တွင် တရားခံဖြစ်သူ အယူခံတရားလိုဘာဘူဘာဂဝမ်ဒတ် (စ်) အပေါ် အာမခံအဖြစ်ပေးထားသည့် ငွေ ၂,၀၀၀ ကို ပြန်လည်ရရှိရန် တရားစွဲဆိုခဲ့အည့်အတိုင်း၊ ရုံးမှတရားစရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်ကို မကျေနပ်၍ တရားခံဖြစ်သူ အယူခံတရားလိုက တင်သွင်းခဲ့သည့် အယူခံမှုဖြစ်သည်။

အောက်ရုံးတွင် အယူခံတရားခံ၏ စွဲဆိုလွှာအရ ၎င်းပိုင်ဆန်စက်ကို ရှေးဦးစွာ မစ္စစ်ကောက်ဟောင်လျောက် ကုမ္ပဏီသို့ ငှါးရမ်းထားရာမှ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်အရ ထိုစက်ကို မစ္စစ်ကောက်ဟောင်လျောက် ကုမ္ပဏီ၏ အစုစပ်တဦးဖြစ်သူ အယူခံတရားခံသို့ လွှဲပြောင်း ပေးလိုက်သဖြင့် တရားလိုဖြစ်သူ အယူခံတရားခံသည်ထိုစက်၏တရားဝင်စက်ငှါးသူ ဖြစ်လာကြောင်း ထိုသို့စက်ကို လွှဲပြောင်း ပေးလိုက်သဖြင့် ယခင်က မစ္စစ်ကောက်ဟောင်လျောက် ကုမ္ပဏီမှ စက်ပိုင်ရှင် အယူခံတရားလိုများထံ စက်ခအတွက် တံငွင်းထားသည့်ငွေ ၂,၀၀၀ ကိုစက်ရှင်၊ အယူခံ တရားလိုနှင့် ငှါးရမ်းသူ အယူခံတရားခံတို့ သဘောတူညီချက်အရ ငှါးရမ်းသူ အယူခံတရားခံ၏ အမည်သို့ လွှဲပြောင်း ပေးခဲ့ကြောင်းကို အယူခံတရားလိုက ပေးခဲ့သည့် ၁၉၅၀ ခုနှစ်၊ ဇန္နဝါရီလ ၁၆ ရက်နေ့စွဲပါစာအရ၊ ထင်ရှားနေကြောင်း ဆန်စက်ကိုပိုင်ရှင် အယူခံတရားလိုက ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပြန်လည်လက်ရှိ ရယူပြီးဖြစ်သဖြင့် အယူခံတရားခံမှာ စက်၏ ငှါးရမ်းသူ အဖြစ်မှ ထိုနေ့တွင် ရပ်စဲခဲ့ကြောင်း၊ ထို့ကြောင့် တရားလိုဖြစ်သူ အယူခံတရားခံက စက်ခ အတွက် အာမခံအဖြစ် တင်သွင်းထားသည့်ငွေ ၂,၀၀၀ ကိုပြန်လည် ပေးဆပ်ရန် တောင်းဆိုခဲ့သော်လည်း မရရှိသဖြင့် အမှုကို စွဲဆိုရပါသည်ဟု ပြဆိုလေသည်။

တရားခံဖြစ်သူ အယူခံတရားလိုက စွဲလွှာပါ အချက်အလက်များကို မငြင်းဆိုသော်လည်း တရားလို၏အမှုမှာ စည်းကမ်းသတ်အချိန် ကျော်လွန်နေသဖြင့် တောင်းဆိုသည့်ငွေကို မရထိုက်ပါဟု ချေပသည်။ ထို့အတွက် အောက်ရုံးမ ပဏာမ ကောက်ချက်အနေဖြင့် အမှုမှာ ကာလစည်းကမ်းသတ်အချိန် ကျော်လွန်နေပြီလားဟု ထုတ်နုတ်၍၊ နှစ်ဦးနှစ်ဘက် ကြားနာပြီး ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲပါ အမိန့်အရ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိဟု အဆုံးအဖြတ်ပေးလိုက်သည်။ ထိုနောက် တရားလိုဖြစ်သူ အယူခံတရားခံ တင်သွင်းခဲ့သည့် ၁၉၅၀ ခုနှစ်၊ ဇန္နဝါရီလ ၁၆ ရက်နေ့စွဲပါ စာနှင့်ပတ်သက်၍ အယူခံတရားခံက ထိုစာကို မိမိပေးခဲ့ကြောင်း ဝန်ခံသဖြင့် အမှုကို ဆက်လက်စစ်ဆေးရန် မလိုတော့ဘဲ နှစ်ဦးနှစ်ဘက် ကြားနာပြီး

၁၉၆၆

ဘာဘူဘဂန် ဒဆ်(စ်) နှင့် ဦးချွန်နှင်း။

တရားလိုဖြစ်သူ အယူခံတရားခံ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးလိုက်ခြင်းဖြစ်သည်။

တရားခံဖြစ်သူ အယူခံတရားလိုက ယခုအယူခံမှု တင်သွင်းသောအခါ၊ အဓိက ပြဆိုချက်အနေဖြင့် တရားလို၏အမှုမှာ ကာလစည်းကမ်းသတ်အခွင့် ကျော်လွန်နေပြီဖြစ်သဖြင့် အောက်ရုံးမှအယူခံတရားခံ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးလိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းနေပါသည်ဟု အကြောင်းပြလေသည်၊ ထို့ကြောင့် ယခုအမှုတွင် စဉ်းစားရန်မှာ တရားလိုဖြစ်သူ အယူခံတရားခံ စွဲဆိုခဲ့သည့်အမှုမှာ ကာလစည်းကမ်းသတ်အခွင့် ကျော်လွန်ခြင်းဖြစ် မဖြစ်ပင် ဖြစ်ပေသည်၊ ၎င်းအချက်နှင့် ပတ်သက်၍ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက အမှုတွင် တင်သွင်းထားသည့်ငွေ ၂,၀၀၀ မှာစည်းကမ်းသတ် အက်ဥပဒေ ပဌမအပိုင်း၊ အပိုဒ် (၆၂)သို့အကျုံးဝင်သဖြင့် ထိုငွေရရှိရန် ၃ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်သော်လည်း ယခုအမှုတွင် တရားလိုဖြစ်သူ အယူခံတရားခံက ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စက်ကိုပြန်အပ်ပြီး၊ ၆ နှစ်ခန့်အကြာ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင်မှ တရားစွဲဆိုခဲ့သဖြင့် စည်းကမ်းသတ်အခွင့် ကျော်လွန်နေပါသည်ဟု ဆိုလေသည်။ ထို့ပြဆိုချက်ကို ထောက်ခံရန် အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက ***Abasbhai Shaikh Abdul Hussein*** **v.** ***Bhimji Malji Choksey*** (၁) စီရင်ထုံးပါ ပြဆိုချက်ကို ကိုးကားလေသည်။ သို့ရာတွင် ထိုစီရင်ထုံးကို ကြည့်ရှုမှု အိမ်ငှါးဖြစ်သူက အိမ်ရှင်အား အိမ်လခအပြင် ပရိမိယံကို တောင်းဆိုသည့်အတိုင်း ပေးခဲ့ရရာ၊ ဘုံဘောမြို့၊ အိမ်ငှါး ဥပဒေအရ ပရိမိယံမှာ တောင်းဆိုခွင့် မရှိသဖြင့် ပေးခဲ့သည့် ပရိမိယံငွေမှာ တရားခံ၏ ငွေသာဖြစ်ပြီး တရားလိုက တရားခံအတွက် ရယူထားသည်ဟု ယူဆရမည် ဖြစ်သောကြောင့် စည်းကမ်းသတ် အက်ဥပဒေ အပိုင်း (၁) အပိုဒ် (၆၂) သို့ အကျုံးဝင်သည်ပြဆိုထားခြင်းဖြစ်သည်။ ယခုအမှုတွင်မူ ထိုစီရင်ထုံးပါ ပြဆိုချက်များကဲ့သို့မဟုတ် တရားလိုဖြစ်သူ အယူခံတရားခံက တင်သွင်းထားသည့်ငွေ ၂,၀၀၀ မှာ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၀ အရ၊ ငှါးရမ်းသူက တောင်းဆိုနိုင်သည့် တရားတွက် ငှါးရမ်းခဖြစ်ပေသည်။ ထို့ပြင်၎င်းတရားတွက်ငှါးရမ်းခငွေမှာ စက်ငှါးရမ်းခအာမခံအဖြစ် တင်သွင်းထားသည့်ငွေ ဖြစ်သဖြင့် အယူခံတရားလို၏ ပညာရှိရွှေနေကြီးရည်ညွှန်းသည့် ကာလစည်းကမ်းသတ် ဥပဒေအပိုဒ် (၆၀)သို့လည်း အကျုံးဝင်ခြင်းမရှိပေ။

---

(၁) A.I.R. (1932) Bombay p. 86.

အမှုသွားအမှုလာကို လေ့လာမှု ရည်ညွှန်းသည့်ဒေ ၂၀၀၀ မှာအောက်ရုံးမှ ၎င်း၏စီရင်ချက်တွင် ဖေါ်ပြခဲ့သည့် ***Sakawat Ali*** **v.** ***Baldeo Sahai*** (၂) စီရင်ထုံးတွင် ပြဆိုထားသည့် အကြောင်းခြင်းရာများနှင့် ထပ်တူညီမှု ဖြစ်သည့်အပြင်၊ အလားတူ အမှုမျိုးဖြစ်သည့် ***Upendra Lal Mukhopadhya*** **v.** ***The Collector*** စီရင်ထုံးတွင်လည်းယခုကဲ့သို့ အမှုမျိုးသည် ကာလစည်းကမ်းသတ် အက်ဥပဒေ အပိုင်း (၁) အပိုဒ် (၁၂၀)သို့သာ အကျုံးဝင်သဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ ၆ နှစ်အတွင်း တရားစွဲဆိုနိုင်ခွင့် ပြုထားပေသည်။ ယခုအမှုတွင် တရားလို ဖြစ်သူ အယူခံတရားခံက ငှါးရမ်းသည့်စက်ကို ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ပြန်လည်ပေးအပ်လိုက်သဖြင့် ထိုနေ့မှစ၍ ၆ နှစ်အတွင်း တရားစွဲဆိုရန် အခွင့်အရေး ရှိရကား ယခုအမှုကို ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် စွဲဆိုခဲ့သည်မှာ စည်းကမ်းသတ်အချိန် ၆ နှစ်မကျော်လွန်သေးသဖြင့် အောက်ရုံးမှ ယခုအမှုမှာ စည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု လက်ခံအတည်ပြုရပေမည်။

ဖေါ်ပြပါ အကြောင်းများကြောင့် ယခုအယူခံမှုကို ခွင့်ပြုရန် မရှိသောကြောင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

---

(2) 8 Indian Cases (1910) p. 370.

(3) I.L.R. 12 Calcutta p. 113.

နိုင်ငံတော် တရားရုံးချုပ်

ဂုဇဝတ်အယူခံမှု

တရားသူကြီးဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆

မရွက် ခေါ် မက္ကက် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ဇူလိုင်လ ၂၀ ရက်။

ထက်နက် (အရေးပေါ်စီရင်မှု) (ယာယီ)အက်ဥပဒေ ပုဒ်မ ၂ (ခ) (ဃ)/၂ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်း—လက်နက်ဥပဒေပုဒ်မ ၁၉ (စ)အရ၊ အခြားအမှုတွင် ပြစ်ဒဏ်ပေးခြင်း—ယေဘူယျစကားရပ်များအက်ဥပဒေ ပုဒ်မ ၂၆—တရားခံထဲဦး၏ ပြုမူချက်သည် ဥပဒေ တရပ်အရ၊ ပြစ်မှုမြောက်သည်သာမက အခြား ဥပဒေတရပ်အောက်၌လည်း ပြစ်မှုမြောက်ခြင်း—ပြုမူချက်အတွက် အပြစ်ကို နှစ်ခါမပေးရဟုဆိုလိုခြင်း—ပြုမူချက်အတွက် ဥပဒေ တရပ်အရ၊ တရားစွဲဆိုပြီးဖြစ်လျှင် အခြား ဥပဒေတရပ်အရ တရားစွဲဆိုခြင်း မပြုနိုင်ဟု ပြဋ္ဌာန်းထားခြင်းမရှိခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား ယမ်းထောင့်များ တွေ့ရှိခြင်းကြောင့် မအူပင်မြို့၊ တတိယ ရာဘက်ရာဇဝတ်တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂ တွင်လက်နက် ဥပဒေပုဒ်မ ၁၉ (စ) အရ၊ ပြစ်ဒဏ်ပေးခြင်းခံရပြီး ဖြစ်၍ယေဘူယျစကားရပ်များ အက်ဥပဒေ ပုဒ်မ ၂၆ အရ၊ ယခုအမှုတွင် အပြစ်မပေးသင့်ကြောင်း တင်ပြသွားသည်။ ယေဘူယျစကားရပ်များ အက်ဥပဒေပုဒ်မ ၂၆ ၏ အဓိပ္ပါယ်မှာ တရားခံတဦး၏ ပြုမူချက်သည် ဥပဒေတရပ်အရ၊ ပြစ်မှုမြောက်သည်သာမက၊ အခြား ဥပဒေတရပ်အောက်၌လည်း ပြစ်မှုမြောက်နေပါက မည်သည့် ဥပဒေအရ မဆို တရားစွဲဆိုနိုင်သော်လည်း ထိုပြုမူချက်အတွက်အပြစ်ကိုနှစ်ခါမပေးရဟုဆိုလိုခြင်း ဖြစ်သည်။ တရားခံ၏ ပြုမူချက်အတွက် ဥပဒေတရပ်အရ၊ တရားစွဲဆိုပြီး ဖြစ်လျှင် အခြား ဥပဒေ တရပ်အရ တရားစွဲဆိုခြင်း မပြုနိုင်ဟု ပြဋ္ဌာန်းထားခြင်း မရှိ။ အပြစ်ဒဏ်ကို နှစ်ခါ မပေးရဟု သာ ထားမြစ်ထားသည်။ အောက်ရုံးတရားသူကြီးသည် အယူခံ တရားလိုအပေါ် ချမှတ်ထားသော

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၆။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၈ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် နေ့စွဲပါ၊ မအူပင်မြို့၊ ပဌမ အထူးစစ်ရှင် ထရားသူကြီး၏အမိန့်ကို အယူခံမှု။

အပြစ်ဒဏ်ကို မအူပင်မြို့၊ ထတီယ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၌ ချမှတ်ထားသော အပြစ်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ထားသောကြောင့် ၎င်းအမိန့်သည် ယေဘူယျစကားရပ်များ အက်ဥပဒေပုဒ်မ ၂၆ ကိုဆန့်ကျင်သည်ဟုမဆိုနိုင်ခဲ့။

အယူခံတရားလိုအတွက်။ ။ဦးထွန်းတင်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားထိုု မသန်းမြင့် အပေါ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (ဃ) အရင်း။ အယူခံတရားလို မဂ္ဂက် အပေါ် ထိုဥပဒေပုဒ်မ ၂ (၁) (ဃ)/၂ အရင်း အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်ခွဲစီကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ မအူပင်မြို့ ပဌမအထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့်၊ အယူခံဝင်ခြင်း ဖြစ်သည်။

၁၉၆၄ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင်၊ ဓနုဖြူမြို့၊ ခလရ ၂၇ တပ်ခွဲ ၄ မှ ကိုယ်ပိုင်အမှတ် (၁၀၄၀၃၉)တပ်သားဂျင်ခန်ပေါင်သည်၊ ၎င်းအား တပ်မှထုတ်ပေးထားသည့်၊ ၃၀၃ ယမ်းတောင့် ၂၀၀ အနက်၊ ၁၀၂ ခုပျောက်ဆုံးသွားသဖြင့် တပ်ခွဲတပ်ထောက် ကိုညိမ်းလွင် (လိုပြ-၆) အားတိုင်တန်းခဲ့သည့် အလျောက် ကိုညိမ်းလွင်က တပ်ကြပ်ချစ်ထွေး (လိုပြ-၇) နှင့် တပ်သား ချစ်လှကြီး (လိုပြ-၉) တို့အား ထိုကိစ္စကို တိတ်တဆိတ် စုံစမ်းရန်မှာကြားထား၏။

၁၉၆၄ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့ညနေတွင်၊ တပ်သား ဂျင်ခန်ပေါင်၏ အခန်းနှင့် ကပ်လျက်အခန်းတွင် နေထိုင်သည့် တပ်သား သိန်းအောင်၏ ဇနီး၊ အယူခံတရားလို မသန်းမြင့်သည် ဂျိုင့်တခုကိုဆွဲ၍ တပ်လိုင်းထဲမှ ထွက်သွားသည်ကို တွေ့ရသဖြင့်၊ တပ်သား ချစ်လှကြီးသည် တပ်ကြပ် ချစ်ထွေးနှင့် တပ်ထောက် ကိုညိမ်းလွင်တို့ထံသို့ သွားရောက် သတင်းပေးသည်။ တပ်ကြပ် ချစ်ထွေးသည် မသန်းမြင့်နောက်သို့ နောက်ရောင်ခံလိုက်သွားရာ၊ မသန်းမြင့်အား အယူခံ တရားလို မဂ္ဂက်၏ အိမ်ရှေ့တွင် မဂ္ဂက်ထံမှ ဒေါင်းဂမုန်း တောင်းနေသည်ကို တွေ့ရ၏။ မသန်းမြင့်သည် တပ်ကြပ် ချစ်ထွေးကို မြင်သောအခါ၊ ဘာလာလုပ်သလဲဟု ၂ ခါ ၃ ခါ မေးပြီး ဂျိုင့်ဆွဲ၍ ထွက်သွားလေသည်။

တပ်ကြပ် ချစ်ထွေးက၊ မဂ္ဂက်အား မသန်းမြင့် ဘာလာပေးသလဲဟုမေးရာ မဂ္ဂက်ကဘာမျှမပေးကြောင်း ပြောသည်။ တပ်ကြပ် ချစ်ထွေးက မဂ္ဂက်အားဘယ်မှ မသွားရန် တားသော်လည်း၊ မဂ္ဂက်သည် မီးဖိုထဲသို့ နှစ်ခါဝင်သဖြင့်၊ သင်္ကာမကင်းဖြစ်ကာ တပ်ထောက် ကိုညိမ်းလွင်၊ တပ်သား ချစ်လှကြီးတို့အား အကြောင်းကြားလိုက်ပြီးနောက်၊ သက်သေလူကြီး မောင်သန်းထွန်း (လိုပြ-၃) နှင့် ကိုသိန်းဟန်တို့

၁၉၆၆ မွန်(ခေါ်) မဂ္ဂက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရွှေဥဒ္ဓာဖေရာ၊ မဂ္ဂက်၏ မီးဖိုခန်းထဲရှိ ထင်းရှူးသေတ္တာထဲမှ ၃၀၁ ယမ်းတောင့် ၁၀၁ တောင့်ကို အဝတ်ဖြင့် ထုပ်ထားသည်ကို တွေ့ရလေသည်။ မဂ္ဂက်က ထို ယမ်းတောင့်များကို မသန်းမြင့် လာထားသွားကြောင်း၊ လူကြီးများရွှေ့ ပြောပြ လေသည်။

ထိုနောက် မဂ္ဂက်ထွက်ဆိုချက်အရ၊ တပ်သား စိန်အောင်၏ ဇနီး မအည္ဇန္နှင့် မသန်းညွန့်ဆိုသူတို့ကိုပါ တပ်မှ အရေးယူ စစ်ဆေးပြီး၊ ခနေဖြူ ရဲတပ်စခန်းသို့ ၁၉၆၄ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် လွှဲအပ်ပေးလိုက်လေသည်။ ၁၉၆၄ ခု၊ နိုဝင်ဘာလ မဂ္ဂက်သည် နေဖြူမြို့ ပဌမ ရာဇဝတ် ရာဇဝတ်တရားသူကြီး ဦးဘတင့် (လိုပြ-၂) ရွှေ့ ဖြောင့်ချက်ပေးခဲ့၏၊ မသန်းမြင့်၊ မအည္ဇန္နှင့် မသန်းညွန့်တို့ကို တပ်မှရဲအဖွဲ့သို့ ၁၉၆၄ ခု၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် အပ်ပေးသဖြင့်၊ ရဲကၚင်းတို့အား ဘမ်းဆီး လိုက်၏။ ထိုနောက် ၁၉၆၄ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ၎င်းတို့သည် ပဌမရာဇဝတ် ရာဇဝတ်တရားသူကြီး ဦးဘတင့်ရွှေ့ပင် ဖြောင့်ချက်အသီးသီး ပေးခဲ့ကြလေသည်။

မဂ္ဂက်ထံမှရမိသော ၃၀၃ ယမ်းတောင့် ၁၀၁ တောင့်အနက်၊ ၅ တောင့်မှာ ၁၉၆၃ ခုနှစ်မှစ၍ စစ်တပ်၌မသုံးတော့သည့် ယမ်းတောင့်များဖြစ်ပြီး၊ ကျန် ၉၆ တောင့်မှာ ကေ ၅၅ တံဆိပ်ပါသည့်၊ တပ်မတော်သုံး ယမ်းတောင့်များ ဖြစ်သည်ကို တွေ့ရလေသည်။

အထက်ပါ သက်သေ အထောက်အထားများအရ၊ အယူခံတရားလို နှစ်ယောက် အပြင်၊ မအည္ဇန္နှင့် မသန်းညွန့်တို့ကိုပါ လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က) အရ တရားစွဲဆိုရာ၊ မအည္ဇန္နှင့် မသန်းညွန့်တို့ အပေါ် စွဲချက်တင်ရန်ပင် သက်သေ မခိုင်လုံသဖြင့်၊ ပညာရှိ အောက်ရုံး တရား သူကြီးက ၎င်းတို့အား တရားရှင်လွှတ်ခဲ့၏။ အယူခံတရားလိုတို့က အခင်းဖြစ် ယမ်း တောင့်များနှင့် ပတ်သက်၍၊ မိမိတို့ဘာမျှ မသိကြောင်း ဖြောင့်ချက်များကိုလည်း ချိမ်းခြောက်ပြီး ပေးခိုင်း၍ ပေးခဲ့ရကြောင်း ထုချေကြသော်လည်း၊ ၎င်းတို့၏ ထုချေချက်များကို ပညာရှိ အောက်ရုံး တရားသူကြီးသည် လက်မခံဘဲ ပယ်ချကာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလို မသန်းမြင့်သည် အခင်းဖြစ်နေ့ညနေက ဂျိုင့် ဆွဲကာ တပ်လိုင်းမှ ထွက်သွားပြီး၊ မဂ္ဂက်အိမ်သို့ သွားခဲ့သည်ဆိုခြင်းမှာ အငြင်း မထွက်၊ ချက်ခြင်းပင် မဂ္ဂက်အိမ်တွင် လူကြီးများရွှေ့ ရှာဖွေရာ တပ်မတော်သုံး ယမ်းတောင့်များကို မဂ္ဂက်၏ မီးဖိုခန်းထဲမှတွေ့ရှိပြီး၊ မဂ္ဂက်က ထိုယမ်းတောင့်များကို မသန်းမြင့် လာထားသွားကြောင်း၊ ပြောပြချက်ရှိသည်။ ထို့ပြင် မသန်းမြင့်ကိုယ်တိုင် က အဆိုပါ ယမ်းတောင့်များကို မိမိကိုယ်တိုင် မဂ္ဂက်အိမ်သို့ ယူသွားကြောင်း၊

တရားသူကြီးချွေ၌ ဖြောင့်ချက်ပေးခဲ့လေသည်။ ထိုဖြောင့်ချက်မှာ ၎င်း၏အလိုအ လျောက်ပေးခဲ့သော ဖြောင့်ချက် ဖြစ်ကြောင်း တရားသူကြီး ဦးဘတင့်၏ ထွက်ဆို ချက်အရထင်ရှားသည်။ သို့ဖြစ်ရာ မသန်းမြင့်သည် တပ်မတော်သုံး အစိုးရပိုင် ယမ်းတော်များကို အခင်းဖြစ်နေက မဂ္ဂက်၏ နေအိမ်သို့ ယူဆောင်ကာ မီးဖို ခန်းထဲ၌ ထားခဲ့သည်ဆိုခြင်းမှာ ယုံမှားဘွယ် မရှိနိုင်တော့ပေ။ တပ်သား ဂျင်ခန်ပေါင် သည်၊ ၁၉၆၄ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ယမ်းတော်များ ပျောက် ဆုံးသွားပြီးနောက်နေ့ဖြစ်သည့် ၁၉၆၄ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့၌ ဂျင်ခန်ပေါင်နှင့် အခန်းခြင်းကပ်လျက်နေထိုင်သူ မသန်းမြင့်ထံမှ ယမ်းတော် ၉၆ တောင့်ကိုတွေ့ရှိ သဖြင့်၊ သက်သေခံ ဥပဒေ ပုဒ်မ ၁၁၄ ၏ ဥပမာ (က) အရ၊ မသန်းမြင့်သည် ထိုယမ်းတော်များအား ခိုးယူသောသူ ဖြစ်သည်ဟု ယူဆရပေမည်။

အယူခံတရားလို မဂ္ဂက်၏ ပညာရှိရွှေနေကြီးက မသန်းမြင့် ယူလာသည်ဆိုသော ယမ်းတော်များမှာ တပ်သား ဂျင်ခန်ပေါင်၏ ယမ်းတော်များ ဖြစ်သည်ဟူ၍ငင်း၊ တပ်မတော်သုံး အစိုးရပိုင် ယမ်းတော်များ ဖြစ်သည်ဟူ၍ငင်း၊ သက်သေအထောက် အထားမရှိ၍ လက်နက် (အရေးပေါ် ပြစ်ဒဏ် စီရင်မှု) (ယာယီ) အက်ဥပဒေအရ၊ အယူခံတရားလိုတို့အပေါ် အပြစ်မပေးသင့်ကြောင်း လျှောက်လဲသွား၏။ တပ်ထောက် ကိုညိမ်းလွင်က အခင်းဖြစ် ယမ်းတော် ၉၆ တောင့်၌ ကေ ၅၅ တံဆိပ်ပါပြီး၊ ထိုယမ်းတော်မျိုးကို တပ်မတော်က တပ်သားများအား ထုတ်ပေးသည့် ယမ်း တော်များ ဖြစ်ကြောင်း တိကျစွာ ထွက်ဆိုထားသည်။ ထိုယမ်းတော်များကို သာမန်သူတဦးက သုံးစွဲကိုင်ဆောင် ရောင်းချနိုင်သည်ဆိုသော သက်သေ အထောက် အထား လုံးဝတင်ပြနိုင်ခြင်း မရှိပေ။ အခင်းဖြစ် ယမ်းတော်များကို မတွေ့မီ တပ်သား ဂျင်ခန်ပေါင်၏ ယမ်းတော်များသာ ပျောက်ဆုံးခဲ့၏။ အခြား တပ်သား များတွင် ယမ်းတော်များ ပျောက်ဆုံးသည်ဆိုသော သက်သေထွက်ချက် မရှိချေ။ ထို့ကြောင့် အခင်းဖြစ် ယမ်းတော်များသည် ဂျင်ခန်ပေါင်ထံမှ ပျောက်ဆုံးသွားသည့် ယမ်းတော်များသာ ဖြစ်ရပေမည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ အယူခံ တရားလို မသန်းမြင့်သည် တပ်သား ဂျင်ခန်ပေါင်၏ ယမ်းတော်များကို ခိုးယူသည့်အတွက်၊ လက်နက် (အရေး ပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) ဥပဒေ ပုဒ်မ ၂ (၁) (က) အရ၊ အပြစ်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အယူခံတရားလို မဂ္ဂက်နှင့် ပတ်သက်၍၊ ၎င်း၏ မီးဖိုထဲမှ ယမ်းတော်များကို လက်ပူးလက်ကြပ် ဘမ်းဆီးရမိခဲ့သည်ဆိုသော အချက်နှင့် ၎င်းကိုယ်တိုင် ပဌမဏာဘက်

ရာဇဝတ်တရားသူကြီး ဦးဘတင့်ထံ၌ ဖြောင့်ချက်ပေးခဲ့သည်ဆိုသော အချက်တို့ရှိနေသည်။ ယမ်းတောင့်များကိုင်း၏အိမ်ဘေးမှ တွေ့ခြင်းမဟုတ်ဟုဆိုသော အယူခံတရားလို၏ ငြင်းဆိုချက်မှာ၊ တပ်ကြပ် ချစ်ထွေးနှင့် ရှာဖွေစဉ်ရှိသည့် သက်သေမောင်သန်းထွန်းတို့၏ထွက်ဆိုချက်များအရ လုံးဝယုတ္တိမရှိ။ ဖြောင့်ချက်ကို အယူခံတရားလိုကရုံး၌ ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း၊ ထိုဖြောင့်ချက်ကို ၎င်းအလိုအလျောက်ပေးခဲ့သည်ဟု ယူဆရန် အကြောင်းရှိသဖြင့် ထိုဖြောင့်ချက်ကို ၎င်းအပေါ်၌ အသုံးချနိုင်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ သို့ဖြစ်ရာ အယူခံတရားလို မဂ္ဂက်အပေါ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) ဥပဒေ ပုဒ်မ ၂ (၁) (က) ပါ (၂) အရ၊ အပြစ်ရှိသည်ဟု ကောက်ယူရမည်ဖြစ်သည်။

အယူခံတရားလို မဂ္ဂက်၏ ပညာရှိရွှေနေကြီးက ထိုယမ်းတောင့်များ တွေ့ရှိခြင်းကြောင့်၊ မအူပင်မြို့ တတိယရာဘက် ရာဇဝတ်တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂ တွင်၊ လက်နက်ဥပဒေပုဒ်မ ၁၉ (စ) အရ၊ အလုပ်နှင့် ထောင်ဒဏ်တနှစ် အပြစ်ဒဏ်ပေးခြင်း ခံရပြီးဖြစ်၍၊ ယေဘူယျစကားရပ်များ အက်ဥပဒေပုဒ်မ ၂၆ အရ၊ ယခုအမှုတွင် အပြစ်မပေးသင့်ကြောင်း လျှောက်လဲတင်ပြသွားသည်။ ယေဘူယျစကားရပ်များ အက်ဥပဒေ ပုဒ်မ ၂၆ ၏ အဓိပ္ပါယ်မှာ၊ တရားခံတဦး၏ ပြုမူချက်သည် ဥပဒေတရပ်အရ ပြစ်မှုမြောက်သည်သာမက၊ အခြားဥပဒေတရပ်အောက်၌လည်း ပြစ်မှုမြောက်နေပါက၊ မည်သည့် ဥပဒေအရမဆို တရားစွဲဆိုနိုင်သော်လည်း၊ ထိုပြုမူချက်အတွက် အပြစ်ကို နှစ်ခါမပေးရဟု ဆိုလိုခြင်းဖြစ်သည်။ တရားခံ၏ ပြုမူချက်အတွက် ဥပဒေတရပ်အရတရားစွဲဆိုပြီးဖြစ်လျှင်၊ အခြားဥပဒေတရပ်အရ တရားစွဲဆိုခြင်း မပြုနိုင်ဟု ပြဋ္ဌာန်းထားခြင်းမရှိ။ အပြစ်ဒဏ်ကို နှစ်ခါမပေးရဟုသာ တားမြစ်ထားသည်။ ယခုအမှုတွင် အောက်ရုံး တရားသူကြီးသည် အယူခံ တရားလို မဂ္ဂက် အပေါ် ချမှတ်ထားသော အပြစ်ဒဏ်ကို၊ မအူပင်မြို့ တတိယရာဘက် ရာဇဝတ် တရားသူကြီးရုံး၌ ချမှတ်ထားသော အပြစ်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ထားသောကြောင့်၊ ၎င်း၏အမိန့်သည် ယေဘူယျ စကားရပ်များ အက်ဥပဒေ ပုဒ်မ ၂၆ ကို ဆန့်ကျင်သည်ဟု မဆိုနိုင်ချေ။

ယခုအမှုမှာ ယမ်းတောင့် ခိုးရောင်းသည့် ကိစ္စဖြစ်သည်။ ယမ်းတောင့် တတောင့်သည် လုပ်သားပြည်သူ တယောက်၏ အသက်တချောင်း၊ တပ်မတော်သား တယောက်၏ အသက်တချောင်းကို ဆုံးရှုံးနိုင်သည့် ကိစ္စဖြစ်သည်။ သောင်းကျန်းသူတို့၏ သက်ဆိုးရှည်စေနိုင်သည့် ကိစ္စလည်း ဖြစ်သည်။ ထို့ကြောင့် အယူခံ တရားလိုတို့ အပေါ် ချမှတ်ထားသောအပြစ်ဒဏ်ကို သက်သာရန် အကြောင်းမရှိပေ။

အတက်ပါ အကြောင်းများကြောင့်၊ အယူခံ တရားလို မသန်းမြင့် အပေါ် လက်နက် (အာဒေးရေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) ဥပဒေပုဒ်မ ၂ (၁) (က) အရင်း၊ အယူခံတရားလို မဂ္ဂင်အပေါ် ၂ (၁) (က)/(၂)၊ အရင်း အောက်ရုံးမှ ချမှတ်ထားသည့် အပြစ်ဒဏ်များအတိုင်း အတည်ပြုကာ ၎င်းတို့၏ အယူခံများကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အသေးအဖွဲလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ် တို့ရှေ့တွင်

† ၁၉၆၆ ဇူလိုင်လ ၁၅ ရက်။

မသန်းသန်းမြင့် (လျှောက်ထားသူ)

နှင့်

ရှိတ်အာရဖါအလီ (လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ပုဒ်မ ၃၆၆/၃၇၆ အရ တရားစွဲဆိုသောအမှု—ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ အရေးယူခြင်း—တရားခံအား ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၇ (၂) အရ အာမခံပေးခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၇ (၅)အရပယ်ဖျက်ပေးရန် လျှောက်ထားခြင်း—ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရအရေးယူထားသည့်အပေါ်တွင် အာမခံပေးခြင်းသည် မှန် မမှန်—အမှုသွားအမှုလာနှင့် ရဲစစ်ချက်မှုားအပြင် ရဲအစီရင်ခံစာကိုပါ ကြည့်ရှုခြင်း—ချင့်ချိန်ဝေဖန်သုံးသပ်သောအခွင့်အရေးရရှိခြင်း—မိမိ ကိုယ်ပိုင်ဥာဏ်ဖြင့် သုံးသပ်ပြီးမှအာမခံပေးခြင်း—တရားခံအား အာမခံပေးထားခြင်းမှာ မှားယွင်းသည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အမှုတွင် ကြည့်ရှုရမည်ဖြစ်သော ရှုထောင့်မှာ မူအားဖြင့်ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ အရေးယူထားသည့် အပေါ်တွင် အာမခံပေးထားခြင်းသည် မှန် မမှန်ဖြစ်သည်။ အောက်ရုံး တရားသူကြီးသည် အမှုသွားအမှုလာနှင့် ရဲစစ်ချက်မှုားအပြင် ရဲအစီရင်ခံစာကိုပါ ကြည့်ရှုပြီး၊ ချင့်ချိန်ဝေဖန်သုံးသပ်သော အခွင့်အရေးရရှိခဲ့သည်။ ၎င်းသည် မိမိကိုယ်ပိုင်ဥာဏ်ဖြင့် အမှုတွင်တရားခံအားအာမခံပေးလျှင် သင့်မည်ဟု ထင်မြင်ယူဆခြင်းကြောင့် အာမခံပေးလိုက်ခြင်းဖြစ်သည်။ ထို့ပြင် အထက်ရာဘက် စက်ရှင်တရားသူကြီးကလည်း ရှေ့နေကြီးမျှား တင်ပြချက်နှင့် တကူ အမှုတွဲမျှားကိုလေ့လာပြီး၊ကိုယ်ပိုင်ဥာဏ်ကို အသုံးပြုလျက် တရားခံအား ယခုအခြေအနေအရ အာမခံပေးထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်လိုက်ခြင်းဖြစ်သည်။ ဤရုံးအနေနှင့်လည်း တွေ့ရှိသည်မှာ အောက်ရုံးမျှားကအမှုအသွားအမှုလာပေါ်တွင် အခြေပြု၍ ကိုယ်ပိုင်ဥာဏ်အသုံးပြုပြီး တရားခံအား အာမခံပေးထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲလျှောက်လွှာအမှတ် ၁၂။

† လျှောက်ထားသူက ရန်ကုန်မြို့၊ တတိယရာဘက် ရာဇဝတ်တရားသူကြီးရုံး ရာကြီးမှူ ဂဂ၆/၆၅ တွင်၊ ရာဇသတ်ကြီးပုဒ်မ ၃၆၆/၃၇၆ အရစွဲဆိုထားခြင်းကို ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့စွဲပြင့် ချမှတ်သောအမိန့်နှင့် ရန်ကုန်မြို့၊ ရာဘက်စက်ရှင်တရားသူကြီး၏ရုံး ရာသေးမှု ၄/၆၅၊ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့စွဲပါ၊ အမိန့်ကိုပယ်ဖျက်ပေးရန် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၇ (၅) အရ လျှောက်ထားသောလျှောက်လွှာ။

လျောက်ထားသူမျှားအတွက်။ ။မရှိ။

လျောက်ထားခံရသူအတွက်။ ။မရှိ။

တရားသူကြီး ဦးချစ်။ ။လျောက်ထားသူ (တရားလို) မသန်းသန်းမြင့်က၊ လျောက်ထားခံရသူ (တရားခံ) ရှိတ်အာရဖါအလီအပေါ်၊ ရာဇသတ်ကြီးပုဒ်မ ၃၆၆/၃၇၆ အရ၊ အရေးယူတရားစွဲသောအမှုကို၊ ရန်ကုန်မြို့ တတိယရာဘက် ရာဇသတ်တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၈၇၆ တွင်လက်ခံ၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရ၊ မသန်းသန်းမြင့်ကို စစ်ဆေးလေသည်။ ထို့နောက်ပုဒ်မ ၂၀၂ အရ၊ ရဲဇာအစီရင်ခံစာကို တောင်းယူ၍ရရှိသောအခါ၊ ရုံးက ရှိတ်အာရဖါအလီ အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ အရေးယူပြီးလျှင်၊ ငင်းအား အမှုစစ်ဆေးနေခိုက် အလွတ်ထုချေနိုင်ရန် ငွေ ၅၀၀ ကျပ်တန် ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ် ချုပ်ဆို၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၇ (၂) နှင့်အညီ အာမခံပေးလေသည်။ ထိုကဲ့သို့ရှိတ်အာရဖါအလီအပေါ် အာမခံပေးထားခြင်းကို မကျေနပ်သဖြင့်၊ ရန်ကုန်မြို့ ရာဘက်စက်ရုံးတွင် ပေးထားသော အာမခံကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၇ (၅) အရ ပယ်ဖျက်ပေးပါရန် လျောက်ထားရာ၊ ငင်းရုံးက ၁၉၆၅ ခု၊ ရာဇဝတ်အသေးအဖွဲမှုအမှတ် ၄ ဖြင့်လက်ခံ၍ နှစ်ဘက်သောရှေနေကြီးမျှားနှင့်တကွ၊ အစိုးရရှေနေကြီးကိုပါ ကြားနာပြီး၊ အောက်ရုံးအမိန့်ကို အတည်ပြု၍၊ မသန်းသန်းမြင့်၏ လျောက်လွှာကို ပယ်လိုက်သည်။

ထိုအမိန့်ကို လျောက်ထားသူ မသန်းသန်းမြင့်က မကျေနပ်ပြန်သဖြင့်၊ ရှိတ်အာရဖါအလီအား ပြန်လည်ဖမ်းဆီးစေရန်၊ ဤရုံးသို့ ရာဇဝတ်အသေးအဖွဲ လျောက်လွှာတင်သွင်းလေသည်။ အမှုအဖြစ်အပျက် အတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ရန်ကုန်မြို့၊ အင်းစိန်လမ်း၊ အမှတ် ၇၀ နေ အသက် ၁၇ နှစ်အရွယ်ရှိ မသန်းသန်းမြင့်သည်၊ ၁၉၆၅ ခု၊ ဖေဖြေလ ၁၇ ရက်နေ့ ညနေ ၃ နာရီလောက်တွင် ကမာရွတ်စျေးသို့သွား အင်္ကျီကြယ်သီးဝယ်ရန်သွားရာ၊ စျေးအနီးသို့ရောက်ရှိသောအခါ၊ ရှိတ်အာရဖါအလီနှင့် ကိုပုတင်ဆိုသူတို့က သူမအားညှပ်၍ လက်ကိုချုပ်ကိုင်ပြီး အသင့်စောင့်ဆိုင်းနေသော သုံးဘီးကားဖြင့် ဆွဲတင်လေသည်။ ထိုကားနှင့် ရန်ကုန်မြို့၊ လွယ်လမ်း၊ အမှတ် ၁၁၆ တိုက် ၄ ထပ်အပေါ်သို့ သူမကို ခေတ္တထား၍ ည ၉ နာရီအချိန်လောက်အချိန်တွင် သူမအားတဖန် ကမာရွတ် ကိုပုတင်အိမ်သို့ ပြန်ခေါ်လာပြီး၊ ထိုညတွင် ကိုပုတင်အိမ်၌အိပ်ရာ၊ ရှိတ်အာရဖါအလီက မသန်းသန်းမြင့်အား အလိုမတူဘဲ အကြိမ်ကြိမ် သားမယား ပြုကျင့်ပါသည်ဟုဆိုသည်။ ထို့နောက် နံနက်မိုးလင်းသောအချိန်တွင်၊ လွယ်လမ်းတိုက်သို့ ပြန်ခေါ်လာပြီး၊ ထိုတိုက်၌ပင်လျှင် ရှိတ်အာရဖါအလီက

၁၉၆၆ မသန်းသန်းမြင့်နှင့် ရှိတ်အာရဖါအလီ။

မသန်းသန်းမြင့်အား၊ ၎င်းအလိုမတူဘဲ အကြိမ်ကြိမ်အခါခါ သားမယားပြုကျင့်ရန် ကြံပါသည်ဟုအဆိုရှိသည်။ ၁၉၆၅ ခု၊ မေလ ၁၃ ရက်နေ့ည သန်းခေါင်ကျော်အချိန်တွင်၊ ထိုတိုက်ခန်းသို့ ဓဲအရာရှိများရောက်ရှိလာပြီး ရှိတ်အာရဖါအလီနှင့် မသန်းသန်းမြင့်တို့ကို၊ လိုင်ဓဲဌာနသို့ ခေါ်ဆောင်သွားကာ၊ ထိုဓဲဌာနတွင် မသန်းသန်းမြင့်က၊ ၎င်းအား ရှိတ်အာရဖါအလီက အတင်းအဓမ္မခိုးယူ၍ အလိုမတူဘဲ၊ သူ့အားအကြိမ်ပေါင်းများစွာ သားမယားပြုကျင့်သဖြင့် ရှိတ်အာရဖါအလီအပေါ် အရေးယူပါရန် တိုင်ချက်ဖွင့်လေသည်။ ဓဲဌာနဘက ရာဇသတ် ပုဒ်မ ၃၆၆/၃၇၆ အရ အမှုဖွင့်၍၊ ရှိတ်အာရဖါအလီကို ဘမ်းဆီးပြီး၊ မသန်းသန်းမြင့်ကို ဆေးစစ်ဆေးရန်အတွက်၊ ရန်ကုန် ဆေးရုံကြီးသို့ပို့လေသည်။ ၎င်းပြင် ၎င်းဝတ်ထားသော ထမီကိုလည်း စစ်ဆေးရန် ဓါတုဗေဒဌာနသို့ပို့လေသည်။

ရဲက ထိုအမှုကို စုံစမ်းစစ်ဆေးနေစဉ် တရားခံ ရှိတ်အာရဖါအလီကို အာမခံနှင့် လွှတ်ထားလေသည်။ ရဲ၏ဆောင်ရွက်ပုံ၊ စစ်ဆေးပုံတို့ကို မကျေနပ်သဖြင့် ရဲစုံစမ်းစစ်ဆေးချက်ပြီးဆုံးရန် မရောက်သေးမီ၊ မသန်းသန်းမြင့်က၊ ရန်ကုန်မြို့ တတိယ ရာဘက် ရာဇဝတ်တရားသူကြီးရုံးတွင်၊ ရှိတ်အာရဖါအလီအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၆၆/၃၇၆ အရ အရေးယူပါရန် တရားစွဲဆိုလေသည်။ ရုံးက မသန်းသန်းမြင့်အား သစ္စာပြု၍ စစ်ဆေးပြီးနောက်၊ ရဲမှတ်ချက်ကိုတောင်းသည်။ ရှိတ်အာရဖါအလီအပေါ်၊ ရာဇသတ်ကြီး ပုဒ်မ ၃၆၆ အရအရေးယူ၍၊ ၎င်းအား အာမခံပေးနိုင်သော ဝရမ်းထုတ်၍ ဖမ်းဆီးလေသည်။ ၎င်းကရုံးတွင် အာမခံလျှောက်ထားသဖြင့် ရုံးက ငွေ ၅၀၀ ကျပ်တန် ခံဝန်သူ နှစ်ဦးဖြင့် အာမခံချုပ်ဆို၍၊ အမှုစစ်ဆေးနေခိုက် အလွတ်ထုချေရန် ခွင့်ပြုလိုက်သည်။ ထိုအမိန့်ကိုမကျေနပ်သဖြင့် ပယ်ဖျက်၍ ရှိတ်အာရဖါအလီအား ပြန်လည်ဖမ်းဆီးပါရန် ရန်ကုန်မြို့ ရာဘက်စက်ရှင်ရုံးတွင် လျှောက်ထားရာ၊ အရေးနိမ့်ခဲ့လေသည်။

လျှောက်ထားသူ၏ ပညာရှိဖွေနေကြီး ဦးစိုးအောင်က ယခုအမှုတွင် ရှိတ်အာရဖါအလီသည် လူနေမှုဘဝလုံခြုံရေး ပျက်ပြားစေနိုင်သည့် အမှုကြီးကို ကျူးလွန်သူတဦးဖြစ်သဖြင့်၊ ၎င်းအား အာမခံပေးထားခြင်းမှာ မှားယွင်းပါသည်။ မသန်းသန်းမြင့်ကဲ့သို့သော အမျိုးသမီးကလေးအား၊ ရှိတ်အာရဖါအလီက အတင်းအဓမ္မမတရား ချုပ်နှောင်၍ကားပေါ် တင်ပြီး၊ လွှစွလမ်းရှိ တိုက်တတိုက်အပေါ် ဆုံးထပ်တွင် ထိန်းသိမ်း၍ မိန်းကလေးအလိုမတူဘဲ သားမယားပြုကျင့်ခြင်းမှာ၊ အလွန်ကြီးလေးသောဖြစ်မှုကြီး ဟုဆိုဖြစ်သဖြင့် အောက်ရုံးများက ၎င်းကို အာမခံနှင့် အလွတ်ထုချေရန် ပေးထားသော အမိန့်များကို ပယ်ဖျက်၍၊ ၎င်းအားပြန်လည်ဖမ်းဆီးပါရန် အကျယ်တဝင့်လျှောက်လဲသွားလေသည်။

လျှောက်ထားခဲ့ရသူ၏ ပညာရှိရွေးနေကြီး ဒေါ်သိန်းချစ်က ယခုအမှုတွင် ရှိတ်အာရဖါအလီအပေါ် အောက်ရုံးက ရာဇသတ်ကြီး ပုဒ်မ ၃၀၇ ဖြင့်သာ အရေးယူထားပါသည်။ ၎င်းပုဒ်မအရ အပြစ်ဒဏ်မှာ သေဒဏ်၊ သို့မဟုတ် တသက်တကျွန်းဒဏ်မဟုတ်ပါ၊ ထောင်ဒဏ် ၁၀ နှစ်အထိပေးနိုင်သော အပြစ်ဒဏ်ဖြစ်သဖြစ့်၊ အာမခံမပေးနိုင်သောပြစ်မှုဖြစ်မေ့ကာမူ၊ တရားသူကြီးက ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍အာမခံပေးလိုက်ပေးနိုင်ပါသည်။ ယခုအမှုတွင် တရားသူကြီးသည် အမှုအသွားအလာကိုချုပ်ချိန်ဝေဘန်သုံးသပ်ပြီး၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၇ (၂) နှင့်အညီ အာမခံပေးထားခြင်းဖြစ်ပါသည်ဟုတင်ပြသွားသည်။

ရုံး၏ သဟာယအဖြစ် အကူအညီပေးသော ပညာရှိ အစိုးရရွှေနေကြီး ဒေါ်မြသန်းနု က ယခုအမှုတွင် အောက်ရုံးတရားသူကြီးက၊ အမှုအဖြစ်အပျက်နှင့်တကွ ရဲစစ်ချက်တို့ကိုပါ သုံးသပ်ပြီး အမှုအသွားအလာ အခြေအနေအပေါ်တွင် ဝေဘန်သုံးသပ်ပြီး ကာလရှိတ်အာရဖါအလီအား အာမခံ ပေးထားခြင်းသည် မှားယွင်း ၍ဟု မဆိုနိုင်ပါ၊ အောက်ရုံးက ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုပြီး အာမခံ ပေးထားသူကို အထူးအကြောင်းခြင်းရာ အချက်အလက်များ မရှိပါဘဲလျက် ပြန်လည်၍ချုပ်ပြီး အကျဉ်းထားလိုက်ပါလျှင် လူမှုအခွင့်အရေးကို ထိခိုက်စရာအကြောင်း ရှိပါသည်၊ ထို့ကြောင့် အောက်ရုံးက အာမခံ ပေးထားခြင်းကို ဤရုံးက ယခုအခြေအနေအရ ဝင်ရောက် မစွက်ဖက်သင့်ပါဟု တင်ပြသွားသည်။

ကျွန်ုပ်တို့သည်၊ ဤအမှုကိုအသေးစိတ်သုံးသပ်သည်၊ ကျွန်ုပ်တို့ချင့်ချိန်ဝေဖန်သုံးသပ်ရန်ရှိသည်မှာ ရှိတ်အာရဖါအလီအပေါ် စွဲတင်ထားသောပုဒ်မသည်၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၇ ဖြစ်သဖြင့် အာမခံမပေးနိုင်သောပြစ်မှု ဖြစ်သော်လည်း၊ တရားသူကြီးများက အမှု အကျိုးအကြောင်း အခြင်းအရာများအပေါ်တွင် ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်ဝေဖန်သုံးသပ်ပြီး အာမခံပေးလိုက် ပေးနိုင်ကြောင်းကို ဤရုံးညွှန်ကြားလွှာ အမှတ် (၇) တွင် အတိအလင်း ပေါ်ပြထားပြီးဖြစ်သည်။ မသန်းသန်းမြင့်ဘက်က သူ့အား၊ ရှိတ်အာရဖါအလီက အတင်းအဓမ္မချုပ်နှောင်၍ ကားပေါ် တင်ပြီး ခိုးယူပါသည်၊ တိုက်ပေါ် တင်ပြီးထိန်းသိမ်းထား၍ ရဲကလာဖမ်းသည့်အချိန်အထိ ထိန်းသိမ်းထားပြီး၊ ညစဉ်ရက်စက်စွာ အကြိမ်ကြိမ်အဖန်ဖန် အလိုမတူဘဲ၊ ဆားမယားပြုကျင့်ပါသည်၊ သဘောမတူရပါ စသည်ဖြင့် စွပ်စွဲချက်ရှိ၏။ လှိုင်ရဲဌာနက အမှုကိုင်ပုံကို မကျေနပ်သဖြင့် ရုံးသို့ဦးတိုက်လျှောက်ရပါသည်ဟု ဆို၏။ ရှိတ်အာရဖါအလီဘက်က နေကြည့်မည်ဆိုလျှင် မသန်းသန်းမြင့်နှင့် သူသည်ယခင်က လူကြီးမျှားသဘောတူ ပေးစားရန်စီစဉ်ပြီးဖြစ်သည်။ မသန်းသန်းမြင့်က ခွါန်းဆိုစာပေးသဖြင့် ထိုစာအရ မသန်းသန်းမြင့်ကိုစောင့်၍ ကားပေါ် တင်ပြီး ၎င်းကလည်း အလိုတူအလိုပါလိုက်လာ၍

၁၉၆၆ မသန်းသန်းမြင့်နှင့် ရှိတ်အာရဖါ အလီ။

လွှစွလမ်းရှိ တိုက်ပေါ် တွင်အတူတကွ နေထိုင်ကြပါသည်။ မူစလင်ဘာသာဝင်များဖြစ်သည့်အားလျော်စွာ၊ မော်လဝီများနှင့် လက်ထပ်ထိမ်းမြားခြင်း လက်ထပ်ထိမ်းမြားခြင်း စာတွင်ပင်၊ မသန်းသန်းမြင့်က လက်မှတ်ရေးထိုးထားပါသည်။ ယခုမှ ၎င်းအပေါ် မတရားစွပ်စွဲခြင်းဖြစ်ပါသည်။ ဆရာဝန်အစစ်ခံချက်မှာလည်း မသန်းသန်းမြင့်အပေါ် သားမယားပြုကျင့်ထားသည်ကို မတွေ့ရ။ ဓါတုဗေဒဌာန၏ အစီရင်ခံစာ၌လည်း မင်းသန်းမြင့်ဝတ်ထားသော ထမီ၌ သုတ်ပိုးမတွေ့ရ။ ၎င်းပြင် မသန်းသန်းမြင့်ရေးသောစာနှင့် ၎င်း၏နှမနှစ်သမျှကို သက်ဆိုင်ရာ လက်ရေးပါရဂူက တိုက်ဆိုင်စစ်ဆေးကြည့်ရှုသောအခါ၊ တဦးတည်းရေးပါသည်ဟု အစီရင်ခံချက်များလည်း ရှိနေသည်။

ယင်းကဲ့သို့ အမှုသွားအမှုလာနှင့်ပတ်သက်၍ မည်သည့်ဘက်က မှန်သည်၊ မည်သည့်ဘက်ကမှားသည် စသည်တို့ကို ဤရုံးအနေဖြင့် ယခုအာမခံယပ်ဖျက်ရေး ကိစ္စ၌ဝေဖန်သုံးသပ်ရန်ဝတ္တရားမဟုတ်ပေ။ ဝေဖန်သုံးသပ်လိုက်ပါက၊ အောက်ရုံး၏ အမှုစစ်ဆေးရေးလုပ်ငန်းတွင် ချုတ်ချယ်ဘွယ်ရာ အကြောင်းရှိပေသည်။

ကျွန်ုပ်တို့ ယခုအမှုတွင် ကြည့်ရှုရမည်ဖြစ်သော ရှုဒေါင့်မှာ မူအားဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ၊ အရေးယူထားသည့်အပေါ် တွင် အာမခံပေးထားခြင်းသည် မှန်မမှန်ဖြစ်သည်။ အောက်ရုံးတရားသူကြီးသည် အမှုအသွားအလာနှင့် ရဲစစ်ချက်မှုများအပြင် ရဲအစီရင်ခံစာကိုပါ ကြည့်ရှုပြီး၊ ချင့်ချိန်ဝေဖန်သုံးသပ်သော အခင့်အရေး ရရှိခဲ့သည်။ ၎င်းသည် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ယခုအမှုတွင် တရားခံအား အာမခံပေးလျှင် ထင်မည်ဟုထင်မြင်ယူဆခြင်းကြောင့် အာမခံပေးလိုက်ခြင်း ဖြစ်သည်။ ထို့ပြင် အထက်ရာဘက် စက်ရှင်တရားသူကြီးကလည်း၊ ရှေနေကြီးများတင်ပြချက်နှင့်တကွ၊ အမှုတွဲများကို လေ့လာပြီး၊ ကိုယ်ပိုင်ဉာဏ်ကိုအသုံးပြုလျက်၊ တရားခံအားယခုအခြေအနေအရ အာမခံပေးထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့်၊ မသန်းသန်းမြင့်၏ လျှောက်လွှာကို ပယ်လိုက်ခြင်း ဖြစ်သည်။ ဤရုံးအနေနှင့်လည်း တွေ့ရှိသည်မှာ အောက်ရုံးများက၊ အမှုအသွားအလာအပေါ် တွင် အခြေပြု၍ ကိုယ်ပိုင်ဉာဏ်အသုံးပြုပြီး တရားခံအား အာမခံပေးထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် အမှုတွင် လက်ရှိ အခြေအနေအရဆိုလျှင် တရားခံအား အာမခံပေးထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သောကြောင့် ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။ အောက်ရုံးတရားသူကြီးများ တွေ့မြင်တိသကဲ့သို့၊ ကျွန်ုပ်တို့ကလည်း တွေ့မြင်ရသည်။

သို့ဖြစ်၍၊ မသန်းသန်းမြင့်၏ လျှောက်လွှာကို ပယ်လိုက်သည်။

ယခုအမှုတွင်၊ မသန်းသန်းမြင့်က လှိုင်ရဲဌာနာတွင် ၁၉၆၅ ခုနှစ်၊ မေလ ၃ ရက်နေ့က တိုင်ချက်ဖွင့်သည်။ ၁၉၆၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် မသန်းသန်းမြင့်က ရုံးသို့ဦးတိုက်လျှောက်ထားသည်။ ထိုအချိန်အခါကစ၍ ယခုအထိ ဤအမှုကို စစ်ဆေးကြည့်ရှုသောအခါ၊ မသန်းသန်းမြင့် တဦးထည်းကိုသာ စစ်ဆေးထားသည်ကိုသာ တွေ့ရှိရသည်။ ဤအမှုမှာစပြီး အရေးယူတရားစွဲဆိုသည့် အချိန်မှစ၍ ယနေ့အထိဆိုလျှင်၊ တနှစ်ကျော်သွားပြီ။ ဤကဲ့သို့အမှု ကြန့်ကြာခြင်းအကြောင်းမှာ ရှိတ်အာရဖါအလီအပေါ် အာမခံပေးထားခြင်းကို မကျေနပ်သဖြင့် မသန်းသန်းမြင့်က တဆင့်ပြီး တဆင့် ရုံးမျှားတွင် အရေးဆိုနေသောကြောင့်ပင် ဖြစ်သည်။ ယခုအမှု အောက်ရုံးပြန်ရောက်သောအခါ၊ ဆိုခဲ့သည့်အတိုင်း အမှုမှာလည်း ကြန့်ကြာနေပြီဖြစ်သဖြင့်၊ ဦးစားပေး၍ လျင်မြန်စွာ စစ်ဆေးရန်လိုအပ်သည်။ တရားလိုနှင့်ဝင်း၏ သက်သေမျှားကိုစစ်ဆေးပြီး၍ စွဲချက်အတိုင်း၊ တရားခံအပေါ် စွဲချက်တင်ရန်အကြောင်းရှိပါက၊ စွဲချက်တင်ပြီးလျှင်၊ တရားခံ၏အာမခံကို ပယ်ဖျက်၍ ပြန်လည်ချုပ်လိုပါက ချုပ်နိုင်သည်ကို ဖော်ပြအပ်ပေသည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

မူစတာဖါ (လျှောက်ထားသူ)

နှင့်

ကူလ်စွန်းဘီဘီ (လျှောက်ထားခံရသူ)*

၁၉၆၆ ခု ဇူလိုင်လ ၁ ရက်။

ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ မူလရုံး၏ အမိန့်ကို ဖီဆန်ခြင်း—တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ (၃) အရစုံစမ်းအရေးယူသင့်သည်ဟူ၍ ညွှန်ကြားခြင်း—အရေးယူခြင်း မပြုရဟုတားမြစ်လျှင် အမှုတရားကိုဖုံးကွယ်ရာ ရောက်ခြင်း—တားမိန့်ကို မြင်သိလိုက်ရပါလျက်နှင့် အမှေပစ္စည်း အချို့ကို ရောင်းချပစ်ခြင်းသည် လုံးဝထောဝန်ကင်းသည်ဟု ဆိုသော မဆိုသော—တရားရုံး၏အမိန့်ကို မြင်သိလျက်နှင့်လေးစားလိုက်နာခြင်းမပြုလျှင် တရားရုံးများ၏ ဆောင်ရွက်ချက်များ ပေါ်ပျက်လာဘွယ်ရာ ရှိခြင်း— တရားစီရင်ရာတွင် စာသဘောထက် ဥပဒေအနှစ်သာရကပို၍ အရေးကြီးခြင်း။

လျှောက်ထားသူအပေါ် ရုံး၏အမိန့်ကိုဆန့်ကျင်၍ ရုံးကိုမထီမဲ့မြင် ပြုသည့်အတွက် တရားမကျင့်ထုံးအမိန့် ၃၉၊နည်းဥပဒေ ၂(၃) အရအရေးယူရန် ညွှန်ကြားခဲ့သဖြင့်၊ အယူခံဝင်ရန်အခွင့်ထူးတောင်းခံရာ—

ဆုံးဖြတ်ချက်။ ။မူလရုံး၏ အမိန့်ကိုဖီဆန်သဖြင့် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ (၃) အရ လျှောက်ထားသူအပေါ် စုံစမ်းအရေးယူသင့်သည်ဟူ၍သာ ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ထိုသို့စုံစမ်းအရေးယူသောအခါ လျှောက်ထားသူက အကျိုးအကြောင်း ရှင်းလင်းထင်ပြ၍ ခုခံနိုင်သေးသည်။ ယခုအခြေအနေ၌ ၎င်းအပေါ် လုံးဝအရေးယူခြင်း မပြုရဟုတားမြစ်လျှင် အမှုနှိုတရားကို ဖုံးကွယ်ရာ ရောက်ပေလိမ့်မည်။ မူလရုံးတွင်တရားခံအဖြစ် မျိုင်းဒင်ဘီဘီ သာပါဝင်ခွင့်ရခဲ့ရာ ၎င်း၏ချေလွှာတွင် အမွေပစ္စည်းများကို လျှောက်ထားသူက ထိန်းသိမ်းအုပ်ချုပ်နေပါသည်ဟု မြွက်ဆိုထားသည်။ ထိုသို့ မြွက်ဆိုခြင်းခံရသူတဦးသည် တားမိန့်ကိုမြင်သိလိုက်ရပါလျက်နှင့် အမွေပစ္စည်းအချို့ကို ရောင်းချပစ်ခြင်းသည် လုံးဝတာဝန်ကင်းသည်ဟု မဆိုသာချေ။ တရားရုံး၏အမိန့်ကို ဤသို့ မြင်သိလျက်နှင့် လေးစားလိုက်နာခြင်းမပြုလျှင်၊ တရားရုံးများ၏ ဆောင်ရွက်ချက်များသည်

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမအထွေထွေလျှောက်လွှာအမှတ် ၉။

† ၁၉၆၅ ခုနှစ်၊ တရားမအသေးအဖွဲအယူခံအမှုအမှတ် ၂၀ တွင်၊ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့စွဲဖြင့်၊ ရန်ကုန်မြို့ တရားရုံးချုပ် ရုံးတော်၏ချမှတ်သောအမိန့်ကို မကျေနပ်သဖြင့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ တင်သွင်းသည့် အထူးအယူခံ ဝင်ခွင့်လျှောက်လွှာ။

ပေါ့ပျက်လာဘွယ်ရာသာရှိသည်။ တရားစီရင်ရာတွင် စာသင်ဘောဃက် ဥပဒေ၏အနှစ်သာရက ပိုမို အရေးကြီးသည်။

လျှောက်ထားသူအတွက်။ ။ဦးတင်။

လျှောက်ထား ခံရသူအတွက်။ ။ဦးလှဖေ (၁)။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူ မူစတာဖါသည်၊ ကွယ်လွန်သူ ပီးယားမိုဟာမက်၏ ပစ္စည်းများကို အုပ်ထိန်းသူ ဖြစ်သည်ဟု အဆိုရှိသည်။ ပီးယားမိုဟာမက်က သေတမ်းစာဖြင့် ထိုသို့ မူစတာဖါအား ခန့်အပ်ခဲ့သည်ဟုဆိုသည်။ ဟံသာဝတီခရိုင် တရားမရုံးတွင် ကူလ်စွန်းဘီဘီဆိုသူက မှိုင်းဒင်ဘီဘီဆိုသူကို၊ ပီးယားမိုဟာမက်၏ အမွေပစ္စည်းများကို ခွဲဝေ၍ အစုရလိုမှု စွဲဆိုခဲ့သည်။ မူစတာဖါ ကိုမူကားတရားခံဘဦး အဖြစ်နှင့် ထည့်သွင်းစွဲဆိုခြင်း မပြုခဲ့ပေ။ မှိုင်းဒင်ဘီဘီက ထိုအမှုကို အကြောင်းအမျိုးမျိုးပြု၍ ခုခံချေပရာတွင် ကွယ်လွန်သူ၏ အမွေပစ္စည်းများကို မူစတာဖါက သေတမ်းစာအရ အုပ်ထိန်းနေသည်ဟူ၍ မြွက်ဆိုခဲ့သည်။

အမှုစစ်ဆေးနေစဉ်အတွင်း တရားလို ကူလ်စွန်းဘီဘီက ပစ္စည်းများနှင့် ပတ်သက်၍ ရုံး၏တားမိန့်ကို လျှောက်တောင်းယူခဲ့သည်။ ထိုအမိန့်ထုတ်ပြီး နောက်ပိုင်းတွင် မူစတာဖါသည် အမွေစုထဲမှ ပစ္စည်းအချို့ကို ရောင်းချခဲ့သည်။ ထိုသို့ရောင်းချခြင်းသည် ရုံး၏တားမိန့်ကို လွန်ဆန်ခြင်း ဖြစ်သလောဟူ၍ ပြဿနာပေါ် ခဲ့သည်။ ခရိုင်တရားမ တရားသူကြီးက မူစတာဖါသည် သေတမ်းစာအရ အုပ်ထိန်းသူ ဖြစ်နေသောကြောင့် သဘောရိုးနှင့် ပစ္စည်းများကို ရောင်းချခဲ့ခြင်းသာဖြစ်သည်။ တားမိန့်မှာ မှိုင်းဒင်ဘီဘီနှင့်သာဆိုင်သည်။ မူစတာဖါအပေါ် ထုတ်ဆင့်ခဲ့ခြင်းမဟုတ်၊ ထို့ကြောင့် မူစတာဖါသည် ရုံး၏အမိန့်ကို ဆန့်ကျင်ရာမရောက်ဟု ဆုံးဖြတ်ခဲ့သည်။ ကူလ်စွန်းဘီဘီက မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်ရာ မူစတာဖါအပေါ် ရုံး၏အမိန့်ကို ဆန့်ကျင်၍ ရုံးကိုမထိမဲ့မြင် ပြုသည့်အတွက် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ (၃) အရ၊ အရေးယူရန် ညွှန်ကြားခဲ့သည်။

မူစတာဖါက တရားရုံးချုပ်၏အမိန့်မှ အယူခံဝင်ရန် အခွင့်ထူး တောင်းခံသည်။ ၎င်း၏ ပညာရှိရွှေနေကြီး ဦးတင်က မူစတာဖါသည် မူလရုံးတွင် အမှုသည်တဦးမဟုတ်ပါ၊ တစိမ်းတရံဆံသာ ဖြစ်ပါသည်၊ ၎င်းအပေါ် မူလရုံးက ချမှတ်သော တားမိန့်သည် မတည်ပါ။ အမှုတွင် တရားခံဖြစ်နေသော မှိုင်းဒင်ဘီဘီ အပေါ် ၌သာ တားမိန့်တည်ပါသည်။ ထို့ကြောင့် မူစတာဖါသည် ရုံး၏အမိန့်ကို ဆန့်ကျင်ရာမရောက်ပါ အမွေပစ္စည်းများကို အုပ်ထိန်းသူ ဖြစ်နေသည်မှာလည်း မဟာဓမ္မင် ထုံးတမ်း

စဉ်လာ တရားဥပဒေအရ ထင်ရှားပါသည်။ ထို့ကြောင့်အုပ်ထိန်းသူတစ်ဦးက မိမိ၏ တာဝန်ကို သဘောရိုးနှင့် ဆောင်ရွက်ခြင်းသာ ဖြစ်ရာ၊ တားမိန့်ထုတ်ပြီးနောက်မှ ပစ္စည်းအချို့ကို ရောင်းချသည့်အတွက် မူစတာဖါအပေါ် အရေးယူသင့်ပါဟု လျှောက်ထားသည်။

ကူလ်စွန်းဘီဘီ၏ ပညာရှိ ရှေ့နေကြီး ဦးလှဖေက အရေးကြီးသောအချက်မှာ တားမိန့်ကို မူစတာဖါသိခြင်းပင် ဖြစ်ကြောင်း၊ အမွေပစ္စည်းများနှင့်ပတ်သက်၍ ရုံးကတားမိန့် ထုတ်ထားသည်ကို သိလျက်နှင့် လက်တလုံးခြား ဤသို့ ရောင်းချပစ်ခြင်းကို ဥပဒေ အရစစ်ဆေး အရေးယူသင့်ကြောင်း အယူခံဝင်ရန် အခွင့်ထူး ပေးသင့်ခြင်းမရှိကြောင်း ဖြင့် လျှောက်လဲတင်ပြသည်။

မူစတာဖါသည် မူလရုံး၏အမိန့်ကို ဖီဆန်သည်၊ ၎င်းတွင် အပြစ်ရှိသည်ဟူ၍ တရားရုံးချုပ်ကယတိပြတ် ဆုံးဖြတ် ရသေးသည် မဟုတ်ချေ။ မူလရုံးက တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ (၃) အရ၊ ၎င်းအပေါ် စုံစမ်းအရေးယူသင့် သည်ဟူ၍သာ ညွှန်ကြားခဲ့ခြင်း ဖြစ်သည်။ ထိုသို့ စုံစမ်းအရေးယူသောအခါ၊ မူစတာဖါက အကျိုး အကြောင်းရှင်းလင်း တင်ပြ၍ ခုခံနိုင်သေးသည်။ ယခုအခြေအနေ၌ ၎င်းအပေါ် လုံးဝ အရေးယူခြင်းမပြုရဟု တားမြစ်လျှင်၊ အမှန်တရားကို ဖုံးကွယ်ရာရောက်ပေလိမ့် မည်။ မူလရုံးတွင် တရားခံအဖြစ် မွိုင်းဒင်ဘီဘီသာ ပါဝင်ခဲ့သည်မှာမှန်၏။ သို့ရာတွင် မွိုင်းဒင်ဘီဘီက ၎င်း၏ချေလွှာတွင် အမွေပစ္စည်းများကို မူစတာဖါက ထိန်းသိမ်း အုပ်ချုပ်နေပါသည်ဟု မြွက်ဆိုထားသည်။ ထိုသို့ မြွက်ဆိုခြင်း ခံရသူတစ်ဦးသည် တားမိန့်ကို မြင်သိလိုက်ရပါလျက်နှင့် အမွေပစ္စည်းအချို့ကို ရောင်းချပစ်ခြင်းသည် လုံးဝ တာဝန်ကင်းသည်ဟု မဆိုသာချေ။ တရားရုံး၏အမိန့်ကို ဤသို့ မြင်သိလျက်နှင့် လေးစား လိုက်နာခြင်း မပြုလျှင်တရားရုံးများ၏ ဆောင်ရွက်ချက်များ သည်ပေါ့ပျက်လာဘွယ် ရာသာရှိသည်။တရားစီရင်ရာတွင်စာသဘောထက်ဥပဒေ၏အနှစ်သာရကိုပို၍ အရေး ကြီးသည်။

အထက်ပါအကြောင်းတို့ကြောင့်၊ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားခြင်းကို ကျွန်ုပ်တို့ ငြင်းပယ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

မစ္စက်ဘာရာဝါဂျာကုမ္ပဏီ (လျှောက်ထားသူ)

နှင့်

တွဲဘက်အမြတ်ခွန်မင်းကြီး၊ ရန်ကုန် (လျှောက်ထားခံရသူ)*

† ၁၉၆၆ ဩဂုတ်လ ၆ ရက်။

အမှုခေါ်စာချုန်တော် —အမြတ်ခွန် အက်ဥပဒေ ပုဒ်မ ၃၃—အမြတ်ခွန်မင်းကြီးထံလက်ထောက်မင်းကြီး (အယူခံ) ၏ အမိန့်နှင့် စပ်လျဉ်း၍ ပြင်ဆင်မှုတင်ခြင်း—ဥပဒေက အယူခံခံရုံးဖွဲ့စည်းတည်ထောင်ထားခြင်း—အယူခံ ခုံရုံးကိုသာ တက်ရောက်ရန် အတိအလင်း ပြဋ္ဌာန်းပြီး ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။လက်ထောက်မင်းကြီး (အယူခံ) ၏ အမိန့်ကို ပြင်ဆင်ပိုင်ခွင့်မရှိပါဘဲနှင့် မင်းကြီးထံ ပြင်ဆင်မှုဖြင့် တက်ရောက်ခဲ့ခြင်းက အခွန်ထမ်း၏ အမှားပင် ဖြစ်ပေသည်။ အာဏာကို ဥပဒေကအပ်နှင်းခြင်း မပြုပါဘဲနှင့် အခွန်ထမ်းကမိမိသဘောအရ မင်းကြီးအား အပ်နှင်းခြင်း မပြုနိုင်ပေ။ အမြတ်တော်ခွန် ဥပဒေကို တိတိကျကျ အဓိပ္ပါယ်ကောက်ယူ ကျင့်သုံးရသည်။ **ဥပဒေက** အယူခံခံရုံးကို ဖွဲ့စည်းတည်ထောင်ထားခြင်းက လက်ထောက်မင်းကြီး (အယူခံ) ၏ အမိန့်ကို မကျေနပ်သော အခွန်ထမ်းက ဖြစ်စေ၊ မင်းကြီးကဖြစ်စေ၊ ထိုအယူခံခံရုံးသို့သာ တက်ရောက်ရန် အတိအလင်း ပြဋ္ဌာန်းပြီးဖြစ်သည်။ ပုဒ်မ ၃၃ က အသံနဲ့သော ပြင်ဆင်မှုအာဏာကို ထိုပြဋ္ဌာန်းချက်နှင့်အညီသာလျှင် သုံးစွဲရန် ဖြစ်ပေသည်။ သို့ဖြစ်၍ အမှုတွင် ချမှတ်သော မင်းကြီး၏ အမိန့်များသည် ဥပဒေအရ ချမှတ်ပိုင်ခွင့် မရှိသော အမိန့်များ ဖြစ်နေသဖြင့် ၎င်းတို့ကို ပယ်ဖျက်လိုက်သည်။

Anantha Mallan v. *Commissioner of Agricultural Income-tax*, (1963) 47 I.T.R. 93 ; *George Commen* v. *Commissioner of Agricultural Income-tax*, (1964) 52 I.T.R. 977 ; In re *the Income-tax Commissioner of Burma* v. *Ved Nath Singh*, (1940) R.L.R. 426 ; *Commissioner of Income-tax, Bombay* v.

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၂။

† ရန်ကုန်မြို့၊ တွဲဘက်အမြတ်ခွန်မင်းကြီး၏ အမှုတွဲအမှတ် ပဆ ၂၇၁/၆၂ တွင် ၁၉၆၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်နှင့် ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်စာအမှတ် ၁၄၀၈/ပဆ၊ ၂၇၁/၆၂-၆၃ တို့ကို ပယ်ဖျက်စေရန်အတွက် အမှုခေါ်စာချုန်တော် အမိန့်ထုတ်ဆင့်ရန် လျှောက်ထားသော လျှောက်လွှာ။

Mangaldas Motilal and Co., (1944) 12 I.T.R. 89 ; Commissioner of Income-tax Bombay North v. Tejaji Farassam Kavawala, (1953) 23 I.T.R. 412 ; Commissioner of Income-tax, Bombay North v. Amritlal Bhogilal & Co., (1953) 23 I.T.R 420, referred to.

လျှောက်ထားသူအတွက် ။ ။ ဦးချန်ထွန်းအောင်။

လျှောက်ထားခံရသူအတွက် ။ ။ လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ။ ။ လျှောက်ထားသူ (အခွန်ထမ်း) သည်၊ ၎င်းအပေါ် ၁၉၆၁-၆၂ ခုနှစ် အတွက် အမြတ်ခွန်ဝန်ထောက် ချမှတ်ခဲ့သည့် အခွန်စည်းကြပ်မိန့်ကို မကျေနပ်သဖြင့်၊ တွဲဘက်လက်ထောက် အမြတ်ခွန် မင်းကြီး (အယူခံ) ထံ အယူခံဝင်ခဲ့သည်။ အလုပ်သမားများဆုတွေ့ ကြွေးဆုံးနှင့် တရားစရိတ်တို့ကို ပြန်မပေါင်းအပ် ခွင့်ပြုသင့်ပါလျက်၊ အမြတ်တော်ခွန် ဝန်ထောက်က ခွင့်မပြု၊ ပြန်ပေါင်းခြင်းကို အယူခံတွင် ပယ်ဖျက်ပေးသင့်ကြောင်း အကြောင်းပြခဲ့လေသည်။

အခွန်ထမ်းသည် ကြွေးဆုံးနှင့် တရားစရိတ်တို့နှင့် ပတ်သက်၍၊ အယူခံတွင် မေ့ဓောင်မြင်ခဲ့သည်။ ဆုတွေနှင့်ပတ်သက် ၎င်းကား တွဲဘက်လက်ထောက် အမြတ်ခွန် မင်းကြီး (အယူခံ)က အယူခံကိုပယ်ခဲ့သည်။ ထိုသို့ ပယ်ခြင်းကို မကျေနပ်သဖြင့်၊ အခွန်ထမ်းသည် တွဲဘက်အမြတ်ခွန်မင်းကြီးထံ ပြင်ဆင်မှုဖွင့်လှစ် တက်ရောက်ခဲ့လေသည်။ မင်းကြီးက ဆုတွေကို ခွင့်ပြု၍ ပြန်ပေါင်းခြင်းကို ပယ်ဖျက်သည်။ ကြွေးဆုံးနှင့် ပတ်သက်၍ အမြတ်ခွန်ဝန်ထောက်၏ ဆုံးဖြတ်ချက်ကိုလက်ခံသည်။ တရားစရိတ်နှင့် ပတ်သက်၍လည်း ဝေဘန် သုံးသပ်ကာ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေပုဒ်မ ၂၂ အရ တင်သွင်းသည့် စုစုပေါင်း ဝင်ငွေ အစီရင်ခံစာတင်သွင်းပြီးသည့်အခြေမှစ၍၊ ပုဒ်မ ၃၃ အရ၊ အမြတ်ခွန်ဝန်ထောက်၏ စည်းကြပ်မှုအမိန့်ကို ပယ်ဖျက် လိုက်လေသည်။ အမြတ်ခွန် ဝန်ထောက်အား တရားဥပဒေနှင့်အညီ ပြန်စုံလုံလောက်စွာ စုံစမ်းစစ်ဆေး၍ တရားမျှတသော စည်းကြပ်မှုကိုရရှိအောင် ပြန်လည်ဆောင်ရွက်ရန်ကို လည်း အမိန့်ချမှတ်လေသည်။

ထိုအမိန့်ကို ပြန်လည်ပြင်ဆင်ပေးရန် တွဲဘက်အမြတ်ခွန်မင်းကြီးထံသို့ပင် အခွန်ထမ်းက လျှောက်ထားခဲ့လေသည် မင်းကြီးက ကြွေးဆုံးနှင့် တရားစရိတ်များနှင့် ပတ်သက်၍လက်ထောက်အမြတ်ခွန်မင်းကြီး (အယူခံ)က ခွင့်ပြုပြီးကို ပြန်လည်စိစစ်ကာပယ်ဖျက်၍ ထပ်မံစုံစမ်းစည်းကြပ်စေရန် အမိန့်ချမှတ်ခြင်းသည်၊ မင်းကြီး၏ ပြင်ဆင်မှုအာဏာကို ကျူးလွန်ရာ ရောက်ကြောင်း။ ထိုခွင့်ပြုခြင်းများ ကိုမကျေနပ်

ပါက အယူခံရွဲ့သိုသာ ပုဒ်မ ၃၃ (က) အရ အယူခံဝင်စေရမည်ဖြစ်ကြောင်းဖြင့် အခွန်ထမ်းက တင်ပြခဲ့သည်။ မင်းကြီးသည် ပြန်လည်ပြင်ဆင်မှုကို နှစ်ဘက်အကျိုးဆောင်မျှားကို ကြားနာပြီးနောက်၊ စီရင်ထုံးမျှားကို ကိုးကားကာ ပလပ်ခဲ့သည်။

အခွန်ထမ်းက ဤရွဲ့သိုလာရောက်၍ မင်းကြီး၏အမိန့်တို့ကို စာချုန်တော်ဖြင့် ပယ်ဖျက်ပေးပါရန် လျှောက်ထားပြန်သည်။ မင်းကြီးက ပြင်ဆင်မှုအာဏာကို ဥပဒေအပ်နှင်းထားသည်ထက်ပို၍ သုံးစွဲခဲ့ပါသည်ဟုဆိုကာ၊ အခွန်ထမ်းက မိမိတွင် အခြားသက်သာခွင့်ရရန် နည်းလမ်းမရှိသဖြင့်၊ စာချုန်တော် လျှောက်ရပါသည်ဟု မြွက်ဆိုသည်။

သုခမိန်ကြီး ဦးချုန်ထွန်းအောင်က ပဌမ တင်ပြသည်မှာ၊ တွဲဘက်လက်ထောက် အမြတ်ခွန်မင်းကြီး (အယူခံ)၏ ပုဒ်မ ၃၁ နှင့်အညီ ချမှတ်ထားသော အယူခံမိန့်ကို တွဲဘက် အမြတ်ခွန်မင်းကြီးက ပုဒ်မ ၃၃ အရ ပြင်ဆင်ခြင်းမပြုနိုင်။ မကျေနပ်က ပုဒ်မ ၃၃ (က) အရ၊ အယူခံရွဲ့သို အယူခံဝင်ရန် ဆောင်ရွက်တို့သာရှိကြောင်း ဖြစ်လေသည်။ မကျေနပ်သည်ကို မိမိကိုယ်တိုင် ပြင်ဆင်မှုဖွင့်၍ ဆုံးဖြတ်လျှင်၊ ကိုယ်တရားကိုယ်စီရင်ရာကျ၍ မျှတမှုမရှိနိုင်ကြောင်း လျှောက်လဲပြီး ***Anantha Mallan*** **v.** ***Commissioner of Agricultural Income-tax*** (1) နှင့် ***George Commen*** **v.** ***Commissioner of Agricultural Income-tax*** (2) တို့ကိုကိုးကားသည်။

ဒုတိယ လျှောက်လဲချက်အပြင်၊ ဦးချုန်ထွန်းအောင်က တင်ပြသည်မှာ၊ ထိုပုဒ်မ ၃၃ ကအပ်နှင်းသော ပြင်ဆင်မှုအာဏာကို၊ အမြတ်ခွန်အက်ဥပဒေ၏ အခြားသောပြဋ္ဌာန်းချက်များကိုကျော်လွန်ဖိဆန်၍ သုံးစွဲခြင်းမပြုနိုင်ပါ အခြားပြဋ္ဌာန်းချက်များနှင့်အညီသာ သုံးစွဲရပါမည်။ တွဲဘက်လက်ထောက် အမြတ်ခွန် မင်းကြီး (အယူခံ)၏ အမိန့်ကို မကျေနပ်လျှင် မင်းကြီးသည် ပုဒ်မ ၃၃ (က) (၂) အရအယူခံခုံရွဲ့သို တက်ရောက်ရန် အမြတ်ခွန်ဝန်ထောက်အား ညွှန်ကြားရပါမည်။ ကိုယ်တိုင်ပြင်ဆင်မှုအာဏာကိုသုံး၍ အမိန့်ချမှတ်လျှင်၊ ပုဒ်မ ၃၃ (က) (၂) ကိုဆန့်ကျင် စေပါသည်။ ထို့ဘို့ဆန့်ကျင်ခြင်းဖြင့် ပုဒ်မ ၃၃ (က)"ဤဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ" ဟုအတိအလင်း အာဏာကို ကန့်သတ်ထားခြင်းကို ကျူးလွန်ပါသည်ဟု လျှောက်လဲသည်။ အကိုးအကားမှာ **In re** ***the Income-tax Commissioner of Burma*** **v.** ***Ved Nath Singh*** (3) ***Commissioner of Income-tax, Bombay*** **v.** ***Mangaldas Motilal & Co.*** (4) နှင့်အခြားစီရင်ထုံးမျှားဖြစ်သည်။ မင်းကြီးသည် ပြင်ဆင်မှုအာဏာကို သုံးစွဲလေဟန်ပြု၍ အမြတ်တော်ခွန်တို့၍ စည်းကြပ်ခြင်းမပြုသင့်ကြောင်း၊ အခွန်ထမ်း၏ အယူခံဝင်ခွင့်

(1) (1963) (47 I.T.R.) 93.
(2) (1964) (52 I.T.R.) 977.
(3) (1940) R.L.R. 426.
(4) (1944) (12 I.T.R.) 89.

၁၉၆၆ မစ္စက်ဘာဆုဝါ ဂျာကဲ့မွေးဆီ နှင့် ထွဲဘက်အမြေထံ ခွန်မင်းကြီး၊ ရန်ကုန်။

ပြင်ဆင်မှုဖွင့်လှစ်ခွင့်တို့ကို သွယ်ဝိုက်သောနည်းလမ်းဖြင့် ပိတ်ပင်ခြင်း မပြုအပ်ကြောင်း ဆုံးဖြတ်ထားသော စီရင်ထုံးများဖြစ်ပေသည်။

သုခမိန်ကြီး ဦ ချန်ထွန်းအောင်က ပုဒ်မ ၃၃ က အပ်နှင်းထားသော အာဏာကို ပြင်ဆင်မှု ဖွင့်ရသော ပြဿနာရပ်နှင့် ပတ်သက်၍သာ မင်းကြီးက သုံးစွဲရပါမည်။ အကျယ်ချဲ့၍ ပြဿနာများကို ဖော်ရန်မဟုတ် စည်းကြပ်မှုတခုလုံး ပြန်လည်ဖွင့်လှစ်ရန် မဟုတ်ပါ။ ထိုသို့ချဲ့ခြင်း ဖွင့်ခြင်းသည် အာဏာကျူးရောကျပါသည်ဟု လျှောက်လဲသည်။ ထိုပြင်တွဲဘက်လက်ထောက် အမြော်ခွန်မင်းကြီး (အယူခံ)က အယူခံတွင် ကြားနာဆုံးဖြတ်ခဲ့ပြီးသည်ကို မင်းကြီးကပြင်ဆင်ခြင်း မပြုနိုင်ပါ။ အယူခံခုံရုံးသို့ သာအယူခံ ဝင်နိုင်ပါသည်ဟုတင်ပြသည်။

ပညာရှိလက်ထောက် နိုင်ငံတော်ရှေနေချုပ် ဦးဘကျော်က၊ အခွန်ထမ်းသည် မိမိအလိုအလျောက် မင်းကြီးထံသွားရောက်၍ ပြင်ဆင်မှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း၊ တွဲဘက်လက်ထောက်မင်းကြီး (အယူခံ)၏ အမိန့်ကို မကျေနပ်လျှင်၊ အယူခံခုံရုံးသို့ အယူခံနိုင်ပါလျက်၊ ထိုသို့ အယူခံခြင်းမပြု၊ မင်းကြီးထံသို့သာ ပြင်ဆင်မှုလျှောက်လွှာတင်သွင်းခဲ့ကြောင်း။ ထိုသို့ အခွန်ထမ်းကိုယ်တိုင် လာရောက်ပြင်ဆင်မှုဖွင့်သဖြင့်၊ မင်းကြီးသည် ပြင်ဆင်မှုအာဏာကို သုံးစွဲရခြင်းဖြစ်ကြောင်း။ အခွန်ထမ်းက ၎င်းအား အနိုင်ပေး၍ ဆုံးဖြတ်သမျှ မင်းကြီးသည် အာဏာကို မှန်ကန်စွာသုံးစွဲသည်၊ ၎င်းအား အရှုံးပေးသမျှကား၊ မင်းကြီးသည် အာဏာကို ကျူးလွန်၍ မှားယွင်းစွာ သုံးစွဲသည်ဟုဆိုခွင့် မရှိကြောင်း၊ ၎င်းကလျှောက်ထား၍ သုံးစွဲစေသော ပြင်ဆင်မှုအာဏာကို မင်းကြီးက မျှတစွာ သုံးစွဲခြင်းသာဖြစ်ကြောင်း။ သုခမိန် ဦးချန်ထွန်းအောင် ကိုးကားသွားသော စီရင်ထုံးများသည်၊ မင်းကြီးက မိမိကိုယ်တိုင် မကျေနပ်၍ ပြစ်ဆင်မှုဖွင့်လှစ်ကာ ဆုံးဖြတ်ခြင်းမျှားနှင့်သာ သက်ဆိုင်ကြောင်း။ ယခုအမှုကိုမူ မင်းကြီးက ကိုယ်တိုင် ခေါ်ယူဖွင့်လှစ်သည်မဟုတ်။ အခွန်ထမ်းက လာရောက်အမှုဖွင့်လှစ်၍ ဆုံးဖြတ်စေခြင်းဖြစ်ကြောင်း။ အခွန်ထမ်းက ထိုသို့ပြင်ဆင်မှု ဖွင့်လှစ်တက်ရောက်ခဲ့ခြင်းသည် ဥပဒေနှင့်မညီကြောင်းကို ဦးချန်ထွန်းအောင်က လက်ခံလျှင်၊ မိမိကလည်း မင်းကြီးက ပြင်ဆင်မှုအာဏာကို သုံးစွဲခဲ့ခြင်းသည် မှားယွင်းကြောင်း ဝန်ခံရန်အသင့်ရှိကြောင်း၊ သို့ရာတွင် အခွန်ထမ်းက ၎င်းအား အနိုင်ပေးသမျှ မှန်သည်၊ အရှုံးပေးသမျှ မှားသည်ဟု ဆိုသည်ကိုမူ လက်မခံနိုင်ကြောင်းဖြင့် ဦးဘကျော်က လျှောက်လဲသည်။

အခွန်ထမ်းက စာချုပ်တော်လျှောက်လွှာတွင် ၎င်းသည် အယူခံခုံရုံးသို့ သွားရောက်နိုင်ပါလျက်၊ မင်းကြီးထံသို့သာ ပြင်ဆင်မှုဖွင့်လှစ် တက်ရောက်ခဲ့ခြင်းသည် အငြင်းပွါးသော အခွန်တော်ငွေမှာ မများလှ၍ ဖြစ်ပါသည်ဟု မြွက်ဆိုခဲ့သည်။ မင်းကြီး၏ ပြင်ဆင်မှုအာဏာကို အခွန်ထမ်းကပင် သွားရောက်၍ ဖိတ်ခေါ်ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပေ

သည်။ အခွန်ထမ်းက အယူခံခဲ့ရုံးသို့ တက်နိုင်ခွင့်ရှိသည်ကို မင်းကြီးက ပြင်ဆင်မှုဖွင့်ခြင်းဖြင့် သွယ်ဝိုက်ကာ ပိတ်ပင်ခဲ့ခြင်းမဟုတ်ချေ။ အခွန်ထမ်းက လာဆောက်ဖွင့်လှစ်သော ပြင်ဆင်မှုတွင် ကြွေးဆုံးနှင့် တရားစရိတ်တို့နှင့်လည်း ပတ်သက်၍ သုံးသပ်ရန် လိုသည်ဟု မြင်သောအခါ၊ အခွန်ထမ်းအား အကြောင်းကြား၍ ကြားနာခဲ့ပြီးမှ မင်းကြီးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ တဘက်သတ် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်။ မင်းကြီးသည် အမြတ်ခွန်ဝန်ထောက်၊ တွဲဘက်လက်ထောက်မင်းကြီး (အယူခံ) တို့၏အမိန့်ကို မကျေနပ်၍ မိမိကိုယ်တိုင် အမှုတွဲများကိုခေါ်ယူကာ ပြင်ဆင်မှုအာဏာကိုသုံးစွဲ၍ ကိုယ်စီရင်ခဲ့ခြင်းဖြစ်သည်ဟု မဆိုသာ။ အမှုကို ဆုံးဖြတ်ရာတွင် မျှတမှုမရှိဟုလည်း ကျွန်ုပ်တို့မမြင်။ အခွန်ထမ်းကို အသာပေးသည်လည်းရှိ၊ အရှုံးပေးသည်လည်းရှိခဲ့သည်။

သို့ရာတွင် ကျွန်ုပ်တို့ ဆုံးဖြတ်ရမည်မှာ တွဲဘက်လက်အောက် အမြတ်ခွန်မင်းကြီး (အယူခံ)က ပုဒ်မ ၃၁ အရချမှတ်ခဲ့သော အမိန့်ကို မင်းကြီးကပုဒ်မ ၃၃ အရပြင်ဆင်ပိုင်ခွင့်ရှိ မရှိဟူသော ဥပဒေပြဿနာဖြစ်သည်။ ဦးချန်ထွန်းအောင်ကပင် ထိုသို့ပြင်ဆင်ပိုင်ခွင့်မရှိပါဟု လျှောက်လဲ၍ ***Commissioner of Income-tax, Bombay North*** v. ***Tejaji Farasram Khavawala*** (5), ***Commissioner of Income-tax, Bombay North*** v. ***Amritlal Bhogilal & Co.*** (6) တို့ကို ကိုးကားခဲ့ပြီးဖြစ်သည်။ လက်ထောက်မင်းကြီး (အယူခံ)၏အမိန့်ကို ပြင်ဆင်ပိုင်ခွင့်မရှိပါဘဲနှင့် မင်းကြီးထံ ပြင်ဆင်မှုဖွင့် တက်ရောက်ခဲ့ခြင်းက အခွန်ထမ်း၏ အမှားပင်ဖြစ်ပေသည်။ အာဏာကို ဥပဒေကအပ်နှင်းခြင်းမပြုပါဘဲနှင့် အခွန်ထမ်းက မိမိသဘောအရ မင်းကြီးအား အပ်နှင်းခြင်းမပြုနိုင်ပေ။ အမြတ်တော်ခွန် ဥပဒေကို တိတိကျကျ အဓိပ္ပါယ်ကောက်ယူကျင့်သုံးရသည်။ ဥပဒေက အယူခံခဲ့ရုံးကို ဖွဲ့စည်းတည်ထောင်ထားရှိကာ၊ လက်ထောက်မင်းကြီး (အယူခံ)၏ အမိန့်ကို မကျေနပ်သော အခွန်ထမ်းကဖြစ်စေ၊ မင်းကြီးကဖြစ်စေ၊ ထိုအယူခံခဲ့ရုံးသို့သာ တက်ရောက်ရန် အတိအလင်းပြဋ္ဌာန်းပြီးဖြစ်သည်။ ပုဒ်မ ၃၃ ကအပ်နှင်းသော ပြင်ဆင်မှုအာဏာကို ထိုပြဋ္ဌာန်းချက်နှင့်အညီသာလျှင် သုံးစွဲရန်ဖြစ်မေသည်။

လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်ကလည်း ထိုသို့အဓိပ္ပါယ်ကောက်ယူခြင်းသည် မှန်ကန်ပါသည်ဟု သဘောတူသည်။

ထို့ကြောင့် အခွန်ထမ်းက ပြင်ဆင်မှုဖွင့်လှစ်ခဲ့ခြင်းသည် ဥပဒေအရ အခြေခံကပင် မှားယွင်းခဲ့သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။ ထိုအမှုတွင် ချမှတ်ခဲ့သော **မင်းကြီး၏**

(5) (1953)23 I.T.R. 412.

(6) (1953) 23 I.T.R. 420.

အမိန့်များသည်လည်း ဥပဒေအရ ချမှတ်ပိုင်ခွင့်မရှိသော အမိန့်များဖြစ်နေသဖြင့် ၎င်းအမိန့်တို့ကို ကျွန်ုပ်တို့က ပယ်ဖျက် လိုက်သည်။

အခွန်ထမ်းက အမိန့်များကို ပယ်ဖျက်ပြီးသောအခါ မင်းကြီးအား ကျွန်ုပ်တို့က ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားပါရန် တောင်းခံသည်။ အခြေခံ က မှားယွင်း၍ ဥပဒေနှင့်ကင်းလွတ်စွာ အခွန်ထမ်းကတင်သွင်း ခဲ့သော အမှုတွင် ကျွန်ုပ် တို့က ထိုသို့ ညွှန်ကြားရန် မရှိချေ။ ထို့ကြောင့် အခွန်ထမ်း၏ ထိုတောင်းခံချက် ကိုလည်း ကျွန်ုပ်တို့က ငြင်းပယ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

မစ္စတာ ဂျေ၊ ဘီ၊ အိုက်(စ်) (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မစိန်စိန် (ပြင်ဆင်မှန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ရွှေလိုင်လ ၂၃ ရက်။

မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြီးကြပ်ရေး အက်ဥပဒေ (၁၉၆၀ ခုနှစ်) ပုဒ်မ ၁၂ (၁) (က) နှင့် (ဂ)—အိမ်မှထွက်ခွါသွားရန်တားမြစ်ခဲ့ဆို်မှု—နောက်ထပ်ကောက်ခွက်ထုတ်ပေးရန် လျှောက်ထားခြင်း—အမှုတခု၏ မှန်ကန်သော အဆုံးအဖြတ် ပြုရာ၌ ကောက်ခွက်သည် အရေးပါအရာရောက်ခြင်း—တရားလို၏ အဆိုလွှာနှင့် တရားခံ၏ ထုခွေလွှာတို့အပေါ် မှီငြမ်းပြု၍ ဆောင်ရွက်ရခြင်း—အိမ်ရှင် အိမ်ငှါး ဆက်သွယ်မှုရှိကြောင်း ဝန်ခံသည့် အမှုမျိုးတွင် ပိုင်ဆိုင်ခွင့် ပြဿနာကို စီစစ်ရန်လို မလို—တောင်းဆိုထားသည့် ကောက်ခွက်များမှာ အမှုအား မှန်ကန်စွာ ဆုံးဖြတ်ရာ၌ လို မလို။

ဆုံးဖြတ်ချက်။ ။အမှုတခု၏ မှန်ကန်သော အဆုံးအဖြတ်ပြုရာ၌ ကောက်ခွက်သည် အရေးပါအရာရောက်ကြောင်း ယုံမှားဘွယ် မရှိနိုင်ပေ။ ယင်းသို့အမှုအတွက် အရေးကြီးသည့် ကောက်ခွက်ကို ထုတ်နုတ်ရာ၌ တရားလို၏အဆိုလွှာနှင့် တရားခံ၏ထုခွေလွှာတို့ အပေါ်မှီငြမ်းပြု၍ ဆောင်ရွက်ရမည် ဖြစ်သည်။ တရားလိုက စွပ်စွဲလာသည်ကို တရားခံက ငြင်းဆိုမှုသာ ကောက်ခွက်အဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။ တရားလို၏ စွပ်စွဲချက်ကို ထရားခံက ငြင်းဆိုခြင်းမပြုက ထိုစွပ်စွဲချက်နှင့်ပတ်သက်၍၊ ကောက်ခွက်မဖြစ်လာနိုင်တော့ပေ။

အိမ်ရှင် အိမ်ငှါးဆက်သွယ်မှုရှိကြောင်း ဝန်ခံသည့် အမှုမျိုးတွင် ပိုင်ဆိုင်ခွင့် ပြဿနာကို စီစစ်ရန်မလိုပေ။

လက်ရှိအဆိုလွှာနှင့် ထုခွေလွှာများအရဆိုလျှင်၊ လျှောက်ထားသူ တင်ပြတောင်းဆိုထားသည့် (၁) တရားလိုသည်၊ အခင်းဖြစ် ဥပစာ၏ ပိုင်ဆိုင်သူတယောက် ဟုတ် မဟုတ်၊

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၅။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၉၅ တွင် ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့စွဲဖြင့်၊ ရန်ကုန်မြို့တော်၊ တရားမရုံး၊ စတုတ္ထတရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

၁၉၆၆

မစ္စတာ ဂျေဘီ၊ အိုက်(စ်) နှင့် မစ်နိုစ်နှ၊

(၂) တရားခံသည် တရားလို၏ပိုင်ဆိုင်ခွင့်ကို ငြင်းဆိုခြင်းမှပိတ်ပင်ပြီးဖြစ်ပါသလားဆိုသည့် ကောက်ချက်များမှာ အမှုအားမှန်ကန်စွာ ဆုံးဖြတ်ရာ၌လိုအပ်သည့် ကောက်ချက်များဖြစ်သည်ဟု မဆိုနိုင်ချေ။

ပြင်ဆင်ရန် လျှောက်ထားသူအတွက် ။ ။ ပစ္စတာ အမ်၊ အေ၊ ဆူးဘန်း။

ပြင်ဆင်ရန်လျှောက်ထား ခံရသူအတွက် ။ ။ ဦးတင်ရီ။

တရားသူကြီး ဦးသက်ဖေ ။ ။ လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် ရန်ကုန်ပြို့ မြေနီကုန်း၊ ဘားဂရာလမ်း၊ အိမ်အမှတ် ၂၅၇ မှ ထွက်ခွာသွားရန် ရန်ကုန်ပြို့ တရားမရုံးတွင် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) နှင့် (ဂ) အရ၊ တရားစွဲဆိုရာ၊ လျှောက်ထားသူက ထုချေလွှာတင်သွင်းသဖြင့် ပညာရှိ စတုတ္ထတရားသူကြီးသည် အဆိုနှင့် ထုချေလွှာများအပေါ် မူတည်လျက်၊ ကောက်ချက်သုံးခု ထုတ်ခဲ့၏။ လျှောက်ထားသူက နောက်ထပ် ကောက်ချက်နှစ်ခုထုတ်ပေးရန် လျှောက်ထားရာ ပညာရှိတရားသူကြီးက နောက်ထပ် အဆိုပြုလာသည့် ကောက်ချက်များမှာ အမှုစစ်ဆေးရာတွင် လိုအပ်သည့် ကောက်ချက်များမဟုတ်၍ ထုတ်ပေးရန်မလိုဟု အဆုံးအဖြတ်ပြုခဲ့၏၊ ထိုအဆုံးအဖြတ်ကို လျှောက်ထားသူက မကျေနပ်သဖြင့် ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

တရားမမှုများတွင် တရားရုံးအနေဖြင့် လျော်ကန်သင့်မြတ်သည့် ကောက်ချက် များထုတ်ပေးရန် အလွန်ပင် အရေးကြီးသည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ နှစ်ဘက်အမှုသည်တို့ အနေဖြင့် ကောက်ချက်များနှင့် ပတ်သက်သော သက်သေ အထောက်အထားများသာ တင်ပြကြရပေမည်။ တရားရုံး အနေနှင့်လည်း ကောက်ချက်များအပေါ် မူတည်၍ အမှုကို အနိုင်အရှုံး ဆုံးဖြတ်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ အမှုတခု၏ မှန်ကန်သောအဆုံးအဖြတ်ပြုရာ၌ ကောက်ချက်သည် အရေးပါ အရာရောက်ကြောင်း ယုံမှားဘွယ်မရှိနိုင်ပေ။ ယင်းသို့အမှုအတွက် အရေးကြီးသည့် ကောက်ချက်ကို ထုတ်နတ်ရာ၌ တရားလို၏ အဆိုလွှာနှင့် တရားခံ၏ ထုချေလွှာတို့အပေါ် မှီငြမ်း၍ ဆောင်ရွက်ရမည်ဖြစ်သည်။ တရားလိုက စွပ်စွဲ လာသည်ကို တရားခံက ငြင်းဆိုမှသာ ကောက်ချက်အဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။ တရားလို၏ စွပ်စွဲချက်ကို တရားခံက ငြင်းဆိုခြင်းမပြုက ထိုစွပ်စွဲချက်နှင့် ပတ်သက်၍ ကောက်ချက် မဖြစ်လာနိုင်တော့ပေ။

အထက်ပါမူကို စိတ်ဝယ်ထားလျက်၊ ယခုအမှုတွင် လျှောက်ထားသူ တောင်းဆိုခဲ့သည့်အတိုင်း နောက်ထပ် ကောက်ချက်များ ထုတ်ပေးရန် အကြောင်းရှိမရှိဆို သော အချက်ကို ဆန်းစစ်ရပေမည်။ လျှောက်ထားခံရသူက ၎င်း၏ အဆိုလွှာအပိုဒ် ၁၊ ၂ နှင့် ၃ တို့တွင် ၎င်းသည် အခင်းဖြစ် ဥပစာ၏ အိမ်ရှင်ဖြစ်ကြောင်း ထိုဥပစာ၏အရှေ့

ခန်း ၂ ခန်းကို လျှောက်ထားသူအား တလလျှင်ငှါးရမ်းခ ၅၀ ဖြင့်ငှါးရမ်းထားကြောင်း။ လျှောက်ထားသူသည် ငှါးရမ်းခ ၃၁ လအတွက် ပေးရန် ပျက်ကွက်ခဲ့ကြောင်း စွပ်စွဲခဲ့၏။ ထိုစွပ်စွဲချက်နှင့် ပတ်သက်၍ လျှောက်ထားသူက ၎င်း၏ ထုချေလွှာ အပိုဒ် ၁ တွင် လျှောက်ထား ခံရသူသည် အခင်းဖြစ်ဥပစာကို မည်ကဲ့သို့ ပိုင်ဆိုင်လာသည်ကို မသိကြောင်း၊ လျှောက်ထား ခံရသူက ငှါးရမ်းခ တလ ၁၀၀ တောင်းဆိုသဖြင့် သက်ဆိုင်ရာဒေသစိတ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ၏ ဖြန်ဖြေညှိနှိုင်းချက် အရ၊ ငှါးရမ်းခတလ ၅၀ ကို ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလကစ၍ ပေးခဲ့ကြောင်းချေပထားသည်ကို တွေ့ရ၏။

လျှောက်ထားသူ၏ ချေပချက်တွင် အခင်းဖြစ် ဥပစာကို တလလျှင် ငှါးရမ်းခ ၅၀ နှုန်းဖြင့် ငှါးရမ်းထားသည် ဆိုခြင်းကို အတိအလင်း ငြင်းဆိုထားခြင်း မရှိချေ။ ထိုကဲ့သို့ ငြင်းဆိုထားခြင်း မရှိသည့်အတွက် လျှောက်ထားသူသည် လျှောက်ထား ခံရသူ၏ အိမ်ငှါးတယောက် ဖြစ်သည်ဟု ဝန်ခံရာ ကျရောက်နေ၏။ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုရှိကြောင်း ဝန်ခံသည့် အမှုမျိုးတွင် ပိုင်ဆိုင်ခွင့် ပြဿနာကို စီစစ်ရန် မလိုပေ။

လက်ရှိအဆိုလွှာနှင့် ထုချေလွှာများ အရဆိုလျှင် လျှောက်ထားသူ တင်ပြတောင်းဆိုထားသည့် (၁)တရားလိုသည် အခင်းဖြစ်ဥပစာ၏ ပိုင်ဆိုင်သူတယောက် ဟုတ်မဟုတ်နှင့် (၂)တရားခံသည် တရားလို၏ ပိုင်ဆိုင်ခွင့်ကို ငြင်းဆိုခြင်းမှ ပိတ်ပင်ပြီး ဖြစ်ပါသလားဆိုသည့် ကောက်ချက်များမှာ အမှုအား မှန်ကန်စွာ ဆုံးဖြတ်ရာ၌ လိုအပ်သည့် ကောက်ချက်များ ဖြစ်သည်ဟု မဆိုနိုင်ချေ။ သို့ဖြစ်ရာ ပညာရှိ အောက်ရုံး တရားသူကြီးသည် လျှောက်ထားသူ တောင်းဆိုသည့်အတိုင်း နောက်ထပ် ကောက်ချက်များ ထုတ်ပေးရန် ငြင်းဆိုခဲ့ခြင်းနှင့် ပတ်သက်၍ ၎င်း၏ပြုမှု ဆောင်ရွက်ချက်မှာ တရားဥပဒေအရ ချွတ်ချော်မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ဤပြင်ဆင်လွှာကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေ စရိတ်ငွေ ၃၄၀ သတ်မှတ်လိုက်သည်။

A

နိုင်ငံတော် တရားရုံးချုပ်

အထူးရာဇဝတ်ရုံးအယူခံမှု

† ၁၉၆၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်ချစ်လှ ပါ ၆၊ ထောင်ကျအကျဉ်းသားများ၊ စံပြအချုပ်ထောင်၊ မန္တလေးမြို့ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ (အယူခံတရားခံ) *

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆—ရာဇဝတ်မှုမျှားတွင် သက်သေများ စုပ်စဲ့သူနှင့်ဆွေမျိုးတော်စပ်ခြင်း—ယုံကြည်သင့်မသင့်ဆိုသော ပြဿနာ—အချက်အလက်များ အပေါ် မူတည်၍ အဆုံးအဖြတ် ပြုရခြင်း—ပြစ်ဒဏ်။

ဆုံးမြတ်ချက်။ ။ရာဇဝတ်မှုမျှားတွင် သက်သေများသည် စုပ်စဲ့သူနှင့် ဆွေမျိုးတော်စပ်သည့်အကြောင်းကြောင့်၊ သက်သေတို့၏ ထုတ်ချက်ကို လက်မခံရဆိုသော တားမြစ်သည့် ဥပဒေ မရှိချေ။ သက်သေ တဦးဦးအား ယုံကြည်သင့်မသင့် ဆိုသော ပြဿနာနှင့် ပတ်သက်၍ ထိုသက်သေသည် အမှုဖြစ်ပွါးပုံကို တွေ့မြင်နိုင်ရန် အကြောင်းရှိမရှိ၊ ကုယ်ထောင့်လိမ်လည်၍ ထုတ်ဆို ရန် အကြောင်းရှိမရှိ၊ ၎င်း၏ ထုတ်ချက်သည် အမှုဖြစ် အကြောင်းခြင်းရာများနှင့် ဆီလျော်အပ်စပ်ခြင်း ရှိ မရှိ ဆိုသည့် အချက်အလက်များ အပေါ် မူတည်၍၊ အဆုံးအဖြတ် ပြုရမည်ဖြစ်သည်။

အယူခံတရားလိုတို့သည်၊ မင်းမဲ့တိုင်းပြည်ပမာ နိုင်ထက် စီးနင်း ပြုကျင့်ခဲ့ကြသည့်အပြင်၊ ယဉ်ကျေးသောလူသားတို့ စောင့်ထိန်းအပ်သည့် လူ့ကျင့်ဝတ်ကိုလည်း ဖေါက်ဖျက်ခဲ့ကြ၍၊ ၎င်းတို့အပေါ် **ဩော**က်အယူခံရုံးမှ ချမှတ်ခဲ့သော အပြစ်ဒဏ်တို့ကို သက်ညှာရန် အကြောင်း မရှိပေ။

အယူခံတရားလိုအတွက်။ ။ဦးတင့်။

အယူခံတရားခံအတွက်။ ။အစိုးရဖွဲ့နေကြိုး ဦးတိုးမောင်။

---

* ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၂။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၂ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့စွဲပါ၊ မန္တလေးမြို့၊ တရားရုံးချုပ်၊ တရားသူကြီး၏ အမိန့်ကို အယူခံဝင်မှု။

တရားသူကြီ ဦးသက်ဖေ။ ။စစ်ကိုင်းခရိုင်၊ မြင်းမူမြို့ ပဌမရာဘက် ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၁ တွင်အယူခံတရားလိုတို့အား၊ ရာဇသတ်ပုဒ်မ ၃၆၆(၁)/၁၁၄ အရ တရားစွဲဆိုရာ၊ ပညာရှိ ရာဘက်ရာဇဝတ် တရားသူကြီးသည်၊ သက်သေများကို ကြားနာစစ်ဆေးပြီးနောက်၊ အယူခံတရားလိုတို့အား တရားသေ လှတ်ခဲ့၏။ ထိုသို့တရားသေလှတ်သော အမိန့်ကို အစိုးရက မကျေနပ်သဖြင့် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ရာ၊ မန္တလေးမြို့ ရုံးထိုင်တရားရုံးချုပ်၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၂ တွင် မူလရုံးမှ တရားသေလှတ်သော အမိန့်ကိုပယ်ဖျက်ကာ၊ အယူခံတရားလို မောင်ချစ်လှအား၊ ရာဇသတ်ပုဒ်မ ၃၆၆(၁) အရ၊ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်၊ ကျန်အယူခံ တရားလိုတို့အပေါ် ရာဇသတ်ပုဒ်မ ၃၆၆(၁)/၁၁၄ အရ၊ အလုပ်နှင့် ထောင်ဒဏ် ၄ နှစ်စီ အသီးသီးကျခံစေရန် အမိန့် ချမှတ်လိုက်လေသည်။ ယင်းအမိန့်ကို အယူခံတရားလိုတို့က မကျေနပ်ကြသဖြင့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ ဤအထူးအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

တရားခံဘဦးအား၊ တရားသေလှတ်သည့် အမိန့်ကို မကျေနပ်၍ အယူခံဝင်သော အမှုများတွင်၊ လိုက်နာကျင့်သုံးရမည့်မူကို **မောင်ထွန်းမြင့် နှင့် ပြည်ထောင်စု**(၁) တို့ အမှုဌ အောက်ပါ အတိုင်းချမှတ်ထားပြီး ဖြစ်သည်။

> " တရားခံ တဦးအား တရားသေလှတ်သည့် အမိန့်ကို၊ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်သောအခါ တရားခံဘဦးအား အပြစ်ပေးသဖြင့်၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၂၃ အရ၊ အယူခံဝင်သည့် အမှုနည်းတူ၊ အယူခံရုံးသည် သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ကာ အမိန့်ချမှတ်နိုင်သော အာဏာရှိသည်ဆိုခြင်းကို စောဒကမတက်နိုင်ပေ။ သို့ရာတွင် ယင်းသို့ သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ပြီး အမိန့်ချမှတ်ရာ၌၊ သက်သေတို့အား ယုံထိုက် မယုံထိုက် ဆိုသော ကိစ္စနှင့်ပတ်သက်၍ အောက်ရုံး တရားသူကြီး၏ ထင်မြင်ချက်၊ အပြစ်ရှိကြောင်း ထင်ရှားအောင် မပြသနိုင်သရွေ့၊ တရားခံသည် အပြစ်မရှိဟု တောက်ယူရမည့် ကနဦးယူဆချက်မှာ တရားသေလှတ်သည့် အမိန့်က ပိုမဲ့ခိုင်လုံနေစေသည်ဆိုခြင်း၊ သံသယအကျိုးကို တရားခံက ခံစားခွင့်ရှိခြင်းနှင့် သက်သေများအား ကိုယ်တိုင်တွေ့မြင်ခဲ့ရသည့် အောက်ရုံးတရားသူကြီး၏ အကြောင်းခြင်းရာဆုံးဖြတ်ချက်ကို အယူခံရုံးအနေနှင့် လွယ်လင့်တကူ ပယ်ဖျက်ခြင်းမပြုရဆိုသော အချက်ကြီး လေးချက်ကို မျက်ခြေမပြတ်သင့်ပေ။ တနည်းဆိုသော် သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ရာ၌၊ အယူခံရုံးသည် မူလရုံးနှင့် သဘော

(၁) တရားရုံးချုပ်၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၂။

၁၉၆၆

မောင်ချစ်ထူပါ ၆၊ ထောင်ကျအကျဉ်းသားများစီပြုအချုပ်ထောင်၊ မန္တလေးမြို့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ။

ကဲ့လွဲရုံမျှဖြင့် မူလရုံး၏အမိန့်ကို ပယ်ဖျက်ရန် အကြောင်း မလုံလောက်ပေ။ ဝင်ရောက် စွက်ဖက်ရန် လုံလောက်သော အကြောင်းရှိရန် လိုပေသည်။ မည်သည့်အတွက် ဝင်ရောက်စွက်ဖက်ရကြောင်း ဖော်ပြရန်လည်း လိုပေသည်။"

သို့ဖြစ်ရာ အယူခံတရားလိုတို့အား တရားသေလွှတ်သည့် အမိန့်ကို ပယ်ဖျက်ခဲ့သော အောက်အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ အဆိုပါမူနှင့် ကိုက်ညီခြင်း ရှိ မရှိဆိုခြင်းကို ဝေဖန်ဆန်းစစ်ရန် လိုပေသည်။

အမှု ဖြစ်ပွါးပုံ အကြောင်းခြင်းရာများကို အောက်ရုံးများက အသေးစိတ် ဖော်ပြထားကြပြီးဖြစ်၍၊ ကျွန်ုပ်တို့အနေဖြင့် လိုရင်းကိုသာ ဖော်ပြရန်လိုပေသည်။

လွှန်ခဲ့သည့် ၁၃၂၅ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက် (၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့) စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ရသစ်ရွာနေ မောင်ကြည်မောင် (လိုပြ-၁)နှင့် ၎င်း၏နှစ်မ မစု (လိုပြ-၃)တို့သည်၊ သာဒွန်းရွာသို့ ပွဲကြည့်ရန် သွားကြသည်။ ထိုနေ့၌ ပွဲမကဖြစ်ဘဲ လဆုတ် ၄ ရက်နှင့် ၅ ရက်နေ့များတွင် ကပြမည်ဟုသိရသဖြင့် မောင်ကြည်မောင်သည် မစုအား မကြင် (လိုပြ-၄)၏အိမ်၌ ထားခဲ့ပြီး ရွာသို့ ပြန်သွားသည်။ လဆုတ် ၆ ရက်နေ့တွင် လာခေါ်မည်ဟု နှစ်မဖြစ်သူအား မှာထားခဲ့သည်။

လဆုတ် ၆ ရက်နေ့ ညနေ ၃ နာရီခန့်အချိန်တွင် မစုသည် မကြင်၏ အိမ်ပေါ်၌ အိပ်နေသည်။ အိမ်အောက်၌ မကြင်နှင့် ၎င်း၏ထူမ မမြကြင် (လိုပြ-၅) တို့အတူ ရှိနေကြသည်။ ထိုအချိန်တွင် အယူခံတရားလို မောင်တင်ဦး၊ မောင်သူငယ်နှင့် မောင်ကျော်ရှိန်တို့သည် မကြင်၏အိမ်အောက်သို့ ရောက်လာကြသည်။ မောင်တင်ဦးသည် ခါးကြားမှ ဒါးမျောင်ကိုထုတ်၍ ၎င်း၏ဘဝမ်းကွဲနှစ်မ မစုကို စကားပြောလိုသည် ထုတ်ပေးပါဟုပြောသည်။ ထိုစဉ်က မောင်တင်ဦးမှာ အရက်မူးနေပုံရသည်။ မကြင်က ထုတ်မပေးနိုင်ကြောင်း ပြောသဖြင့် မောင်တင်ဦးသည် အိမ်ပေါ်သို့ တက်ရန် ဟန်ပြင်ပြင်လုပ်သည်။

ထိုကဲ့သို့ အကြောင်းခြင်းရာများကို အိမ်ပေါ် ကြမ်းပေါက်မှ ချောင်းကြည့်နေသည့် မစုက တွေ့မြင်ရသဖြင့် ကြောက်ရွံ့ကာ၊ မကြင်အိမ်အနီးရှိ မအေး၏ အိမ်သို့ ထွက်ပြေးပြီး၊ မအေးအိမ်အောက်ထပ်ရှိ ခုံတန်းလျားပေါ်တွင် သွားထိုင်နေသည်။ ယင်းသို့ မစုဆင်းပြေးသွားသည်ကို တွေ့မြင်သဖြင့် မောင်တင်ဦး၊ မောင်ကျော်ရှိန်နှင့် မောင်သူငယ်တို့က အတင်းလိုက်ဆွဲမှဘဲဟု ပြောဆိုကာ မစု၏ နောက်သို့ လိုက်သွားကြသည်။ မကြင်နှင့် မမြကြင်တို့ကလည်း မစုအား အတင်းဆွဲသွားမည်ကို စိုးရိမ်၍ မစုထိုင်သော တန်းလျားပေါ်၌ မစုအား တဖက်တချက်ညှပ်ကာ ထိုင်နေကြသည်။ ထိုအချိန်တွင် လက်ခေါက်မှုတ်သံ ကြားလိုက်ရပြီးနောက်၊ အယူခံတရားလို မောင်ချစ်လှနှင့် မောင်

ကျော်စိန်တို့ ရောက်လာကာ၊ မစုအား ၎င်းတို့အားလုံး ဝိုင်း၍ဆွဲကြသည်။ မကြင်နှင့် မမြကြင်တို့က မစုအား မဆွဲနိုင်အောင် ဝိုင်း၍ဖက်ထားကြသည်။ ကျောင်းမှ ပြန်လာသည့် မောင်သန်းထွန်း (လို့ပြ-၆)ကလည်း မိခင်ဖြစ်သူ မကြင်ဘက်မှ မစုအား ဝင်ဆွဲသည်။ သို့ရာတွင် အင်အားခြင်းမမျှသဖြင့် မစုသည် အယူခံတရားလိုတို့၏ နောက်သို့ ပါသွားသည်။ မစုက အော်ဟစ်ပြီး ရုန်းကန်သော်လည်း မရချေ။

အယူခံတရားလိုတို့သည် မစုအား ဝင်းဝဋ်ရပ်ထားသော လှည်းဆီသို့ ဆွဲခေါ်သွားကြသည်။ လှည်းပေါ်တွင် အယူခံတရားလို မောင်ချစ်လွန်း ရှိနေပြီး ၎င်းက မစုအား လှည်းပေါ်သို့ ဆွဲတင်သည်။ ကျန်အယူခံတရားလိုများက မစုအား အတင်းတွန်း၍ တင်ကြသဖြင့် လှည်းပေါ်သို့ မစုရောက်သွားသည်။ မစု လှည်းပေါ်သို့ ရောက်သည်နှင့် တပြိုင်နက်၊ လှည်းကို ဒုံးစိုင်း၍ ရွာ၏မြောက်ဘက်သို့ မောင်းသွားသည်။ မစုသည် ကယ်ပါ ယူပါ တစာစာဖြင့် ငိုကြွေးအော်ဟစ်လျက် ပါသွားသည်။

မောင်သန်းထွန်းသည်၊ မစုအား အယူခံတရားလိုတို့က အတင်းဝိုင်းဆွဲနေကြစဉ် ဦးထွန်းဆင့် (လို့ပြ-၇)ထံသို့ ပြေးကာ၊ အကျိုးအကြောင်း တိုင်ပြောသဖြင့် ဦးထွန်းဆင့်သည် မောင်ကံအေး (လို့ပြ-၈)အပြင်၊ အခြားရွာသား ၁၅ ယောက်တို့နှင့်အတူ မစုအား ခိုးပြေးသည့် လှည်းနောက်သို့ ဝိုင်းလိုက်ကြသည်။ လှည်းပေါ်မှ အယူခံတရားလိုတို့က မဆိုင်သူ မကပ်နှင့်ဟုပြောဆိုကာ၊ ဒါးများကို ပြသဖြင့် ရွာသားများသည် ဆက်၍ မလိုက်ကြတော့ဘဲ ပြန်လာကြသည်။

ထိုကဲ့သို့ မစုအား အယူခံတရားလိုတို့က ဆွဲခေါ်သွားကြပြီးနောက် ချက်ခြင်းပင် မကြင်သည် သာဒွန်းရွာသူကြီး ဦးကျော်စိန် (လို့ပြ-၉)ထံသို့ သွားရောက်ကာ၊ အကျိုးအကြောင်း တိုင်ပြောသည်။ ဦးကျော်စိန်က မကြင်၏ တိုင်ကြားချက်ကို သက်သေခံ (စ)တွင် ရေးသားထားလိုက်သည်။ မကြင်သည် ဘူမဖြစ်သူ မမြကြင်အား၊ ရသစ်ရွာရှိ မောင်ကြည်မောင်အား အကြောင်းကြားရန် လွှတ်လိုက်သည်။ သို့ရာတွင် ထိုအချိန်၌ မောင်ကြည်မောင်သည် ရွာမှထွက်လာပြီဖြစ်၍၊မမြကြင်နှင့် မတွေ့လိုက်ရဘဲ သာဒွန်းရွာသို့ နေဝင်ရီသရောအချိန်၌ ရောက်သွားသည်။ မကြင်က ၎င်းအား အကျိုးအကြောင်းကို ဆီးပြောသဖြင့် ရသစ်ရွာသို့ ညတွင်းချင်းပင် လှည်းနှင့် ပြန်လာသည်။ ရွာသို့မရောက်မီ နဂါးပေါက် ရဲတောင်းစခန်းသို့ ဝင်ရောက်တိုင်တန်းခဲ့သည်။ သို့ရာတွင် ၎င်း၏ တိုင်တန်းချက်ကို ရေးမှတ်ထားခဲ့ဟန် မတူပေ။

အယူခံတရားလိုတို့သည် မစုအား ပေါက်တောချောင်ရွာသို့ ခေါ်သွားကြသည်။ နေ့အချိန်တွင် မစုအား တောထဲတွင်ထားပြီး၊ ညအချိန်မှ သာ ရွာသို့ပြန်ခေါ်လာသည်။ ထိုကဲ့သို့ ပေါက်တောချောင်ရွာတွင် နေရသည့် နေ့နှင့်ညအချိန်များတွင် မစုအား အယူခံတရားလို မောင်ချစ်လှက သားမယားအဖြစ် ပေါင်းသင်းခဲ့သည်။

၁၉၆၆

မောင်ချစ်လှ ပါ ၆၊ ထောင်ကျ အကျဉ်းသားများ၊ စံပြအချုပ်ထောင်၊ မန္တလေးမြို့နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရ။

ထို့နောက် အယူခံတရားလို မောင်ချစ်လှနှင့် မောင်ကျော်ရှိန်တို့၏ ခိုင်းစေချက်အရ၊ တပို့တွဲလဆုတ် ၇ ရက်နေ့၌ မစုသည်၊ ပေါက်တောချောင်ရွာနေ ဦးအုံးခင် (ခံပြ-၇) နှင့် ဦးတင့် (ခံပြ-၈)တို့ရွှေတွင် မောင်ချစ်လှ၏ နောက်သို့ မိမိအလိုအတိုင်း လိုက်လာကြောင်း လက်မှတ်ရေးထိုးလိုက်ရသည်။ အလားတူပင် လဆုတ် ၁၂ ရက်နေ့၌ သောင်ကြီးရွာသူကြီး ဦးဘတုပ် (ခံပြ-၄) ရွှေတွင် လက်မှတ်ထိုးခဲ့ရ၏။ ထိုကဲ့သို့ လက်မှတ် ထိုးလိုက်ရပြီးနောက်၊ မြောင်ရဲတပ်စခန်းသို့ မစုအား ခေါ်သွားသည်။ ရဲစခန်း ဆောက်ကာလ၊ မစုက ရဲအဆုရှိအား မချစ်ကြိုက် မနှစ်သက်ဘဲ အတင်းအဓမ္မ ဆွဲခေါ်၍လိုက်လာခဲ့ကြောင်း တိုင်တန်းသဖြင့်၊ အယူခံတရားလိုတို့အား ဘမ်းဆီးကာ၊ ရုံးတင် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို မောင်ချစ်လှက၊ မိမိသည် မစုနှင့် ချစ်ကြိုက်နေသည့်အလျောက်၊ မစုက ချိန်းဆိုထားသည့်အတိုင်း သာဒွန်းရွာသို့ သွားရောက် ခိုးယူခြင်းသာ ဖြစ်ကြောင်း ထုချေပြီး၊ ကျန်အယူခံတရားလိုတို့ကမူ မောင်ချစ်လှခေါ်၍ လိုက်သွားရကြောင်း တင်ပြလာကြသည်။ မူလပညာရှိ တရားသူကြီးက ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့၌ အခင်းဖြစ်ပွါးသော်လည်း၊ ပဌမသတင်းချက်ကို ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၇ ရက်တွင်သာ တိုင်တန်းခဲ့သဖြင့် လုပ်ကြံ တိုင်တန်းချက် ဖြစ်သည်ဟုဆိုင်း၊ မစုသည် မကြင်၏ အိမ်ခေါ်တွင် တံခါးပိတ်၍ အော်ဟစ် အကူအညီ တောင်းပါက အယူခံတရားလိုတို့၏ နောက်သို့ ပါသွားရန် အကြောင်းမရှိပါဘဲလျက် မအေး၏ အိမ်အောက်သို့ ဆင်းပြေးသွားခြင်းမှာ ကိုယ်ဆောင်ပြသည့် သဘော သက်ဆောက်နေသည်ဟုဆင်း၊ မစုအား အယူခံတရားလိုတို့က အတင်းအဓမ္မ ဆွဲခေါ်သွားသည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍။ လွတ်လပ်သည့် သက်သေဖြစ်သော မအေးအား မစစ်ဆေးဘဲ၊ မစုနှင့် ဆွေမျိုးတော်စပ်သူတို့ကိုသာ စစ်ဆေးခဲ့သဖြင့် သံသယဖြစ်စရာအကြောင်း ပေါ်ပေါက်နေသည်ဟုဆင်း၊ မစုသည် ပေါက်တောချောင်ရွာမှ သူကြီးများနှင့် သောင်ကြီး ရွာသူကြီး၏ရွှေ၌ အယူခံတရားလို မောင်ချစ်လှအား၊ ချစ်ကြိုက်၍ လိုက်လာသည်ဟု ဝန်ခံခဲ့၍၊ အတင်းအဓမ္မ ဆွဲလာသည်ဆိုသော စွပ်စွဲချက်မှာ ဒို့ဟာ ဖြစ်စရာအကြောင်း ရှိသည်ဟုဆင်း ကောက်ယူကာ၊ အယူခံတရားလိုတို့အား တရားသေ လွှတ်ခဲ့ခြင်းဖြစ်သည်။

၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ညနေတွင် အခင်းဖြစ်ပွါးခဲ့ပြီး၊ မစု၏အစ်ကို မောင်ကြည်မောင်က ၁၉၆၄ ခု၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့၌သာ မြောင်ရဲတပ်စခန်းတွင် တိုင်ချက်ပေးခဲ့သည်မှာ မှန်၏။ သို့ရာတွင် မောင်ကြည်မောင်သည်၊ အခင်းဖြစ်နေ့ညကပင် နဂါးပေါက် ရဲကင်းစခန်း၌ တိုင်တန်းခဲ့ကြောင်း ထွက်ဆိုချက်ရှိနေသည်။ အမှန်အားဖြင့်ဆိုလျှင် မောင်ကြည်မောင်သည်၊ အခင်းဖြစ်ပွါးစဉ်က သာဒွန်းရွာ၌

F-

မရှိခဲ့ချေ။ မည်သို့မည်ပုံဖြစ်ပါးသည်ကို မကြင်က ဆီးပြောရှိသော သိရှိခဲ့ရခြင်းဖြစ်သည်။ အခင်းဖြစ်ပွါးရာ၌ ရှိနေသည့် မကြင်က မစုအား အယူခံတရားလိုတို့က ဆွဲခေါ် သွားကြပြီးနောက်၊ သာဒွန်းရွာသူကြီး ဦးကျော်စိန်အား ချက်ခြင်း သွားရောက်တိုင်တန်းခဲ့သဖြင့် တိုင်ချက် (သက်သေခံ-စ)ကို ရေးသားထားခဲ့သည်။ ထိုတိုင်ချက်တွင် မစုအား အယူခံတရားလိုတို့က အတင်းအဓမ္မ ဆွဲခေါ် သွားကြကြောင်း ဖော်ပြထားရာ မကြင်အနေဖြင့် အချိန်ယူစဉ်းစား၍ လုပ်ကြံတိုင်တန်းခဲ့ခြင်း မဟုတ်ကြောင်း ထင်ရှားသည်။

ထို့ပြင် မစုအား အယူခံ တရားလိုတို့က အတင်းအဓမ္မဆွဲကာ လှည်းပေါ် တင်၍ ခေါ် သွားကြသည်ဆိုသော စွပ်စွဲခဲ့သည့် မကြင်၊ မမြကြင်နှင့် မောင်သန်းထွန်းတို့၏ ထွက်ချက်များကို သာဒွန်းရွာသား ဦးထွန်းဆင့်နှင့် မောင်ကံအေးတို့က ထောက်ခံထွက်ဆိုထားသည်ကို သတိချပ်ရပေမည်။ ဦးထွန်းဆင့်က လှည်းပေါ် တွင် ပါသွားသော ကလေးမသည်၊ ၎င်းမည်သည့်နည်းနှင့်မျှ မကြိုက်နိုင်ကြောင်းနှင့် ကယ်ကြပါရန် တစာစာ အော်ဟစ်သွားကြောင်း ထွက်ဆိုသွားရာ၊ မစုသည် ခိုးရာလိုက်ပြေးရန် ချိန်းဆိုထားသည့် မိန်းလေးတဦးဖြစ်သည် ဆိုသော မူလချုံး၏ ထင်မြင်ချက်မှာ စိတ်ကူးယဉ် ထင်မြင်ချက်သာဖြစ်ကြောင်း ယုံမှားဘွယ်မရှိ။ သို့ဖြစ်ရာ မစုအား လိုက်ရှာရသော ကြောင့် မောင်ကြည်မောင်အနေဖြင့် ရဲတပ်စခန်း၌ တိုင်ရန် နောက်ကျသွားရသည် ဆိုသောအကြောင်းကြောင့်၊ မစုအား အယူခံ တရားလိုတို့ အတင်းဆွဲခေါ် သည် ဆိုသော စွပ်စွဲချက်အား လက်မခံခဲ့သည့် မူလချုံး ပညာရှိတရားသူကြီး၏ ယူဆချက်သည် မှားယွင်း ချွတ်ချာနေကြောင်း ထင်ရှားသည်။

ထို့မနောက်၊ မူလချုံး ပညာရှိတရားသူကြီးက၊ လွတ်လပ်သည့် သက်သေဖြစ်သော မအေးအား သက်သေအဖြစ် မစစ်ဆေးဘဲ၊ ဆွေမျိုးမျာဖြစ်ကြသည့် မကြင်၊ မမြကြင်နှင့် မောင်သန်းထွန်း တို့ကိုသာ စစ်ဆေးခဲ့သဖြင့် ၎င်းတို့၏ ထွက်ချက်များမှာ ဒဋ္ဌိဟ ဖြစ်စရာ အကြောင်းရှိနေသည်ဟု ဝေဖန်ထားသည်။ ယခုအမှုတွင် မုဂ်မြင် သက်သေအဖြစ် မကြင်၊ မမြကြင်၊ မောင်သန်းထွန်းနှင့် မအေးတို့ လေးယောက် ရှိနေသည်။ တရားလိုအစိုးရဘက်မှ သုံးဦးကို စစ်ဆေးပြီးနောက် သက်သေ အထောက် အထား လုံလောက်ပြီဟုယူဆကာ မအေးအား ပယ်ခဲ့ဟန် လက္ခဏာရှိသည်။ တရားလို အစိုးရအနေဖြင့် မျက်မြင်သက်သေအား လုံးကို စစ်ဆေးရန် မလိုချေ။ မစစ်ဆေးဘဲ ပယ်ခဲ့သော သက်သေမှာ အယူခံတရားလိုတို့ အကျိုးအတွက် ထွက်ဆိုလိမ့်မည်ဟု ယူဆလျှင် ၎င်းတို့၏ သက်သေအဖြစ် စစ်ဆေးခဲ့သင့်ပေသည်။

ရာဇဝတ်မှုမျာတွင် သက်သေများသည် စွပ်စွဲသူနှင့် ဆွေမျိုးတော်စပ်သည့် အကြောင်းကြောင့် သက်သေတို့၏ထွက်ချက်ကို လက်မခံရဆိုသော တားမြစ်ထား

၁၉၆၆

မောင်ချစ်လှ ပါ ၆၊ ထောင်ကျ အကျဉ်းသားများ၊ စံပြအချုပ်ထောင်၊ မန္တလေးမြို့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရ။

သည့် ဥပဒေမရှိချေ။ သက်သေတဦးဦးအား ယုံကြည်သင့် မသင့် ဆိုသောပြဿနာနှင့် ပတ်သက်၍၊ ထိုသက်သေသည် အမှုဖြစ်ပွါးပုံကို တွေ့မြင်နိုင်ရန်အကြောင်း ရှိ မရှိ၊ ကွယ်ထောင့် လိမ်လည်၍ ထွက်ဆိုရန်အကြောင်း ရှိ မရှိ၊ ၎င်း၏ထွက်ချက်သည် မှုပြစ်အကြောင်းခြင်းရာများနှင့် ဆီလျော်အပ်စပ်ခြင်း ရှိ မရှိဆိုသည့် အချက်အလက်များအပေါ် မူတည်၍ အဆုံးအဖြတ် ပြုရမည်ဖြစ်သည်။ ယခုအမှုတွင် မစုအား အယူခံတရားလိုတို့က အတင်းအဓမ္မ ဆွဲခေါ်သွားကြသည်ဆိုသော မကြင်၊ မမြကြင်နှင့် မောင်သန်းထွန်းတို့၏ ထွက်ချက်များကို သူကြီး ဦးကျော်စိန်ထံတွင် ချက်ခြင်း တိုင်ကြားခဲ့သည့် မကြင်၏ တိုင်ချက်နှင့် မစု၏လှည်းနောက်သို့ လိုက်ကြသည့် သာဒွန်းရွာသားများ ဖြစ်ကြသည့် ဦးထွန်းဆင့်နှင့် မောင်ကံအေးတို့က ထောက်ခံထားကြသဖြင့် ၎င်းတို့သည် မစုနှင့် ဆွေမျိုးတော်စပ်ကြသော်လည်း ၎င်းတို့၏ ထွက်ချက်များကို ဒို့ဟရှိရန် လုံးဝ အကြောင်း မပေါ် ပေါက်နိုင်ပေ။

မူလရုံး ပညာရှိတရားသူကြီးက တဖန်၊ မစုသည် မကြင်၏ အိမ်ပေါ် ၌ တံခါးပိတ်နေကာ၊ အော်ဟစ်ခြင်းမပြုဘဲ မအေး၏အိမ်ဘက်သို့ ဆင်းပြေးသွားခြင်းသည် ကိုယ်ရောင်ပြသည့်သဘော သက်ရောက်နေသဖြင့်ခိုန်းဆိုထားသည့်အတိုင်း လာခိုးသည်ဟု ယူဆဘွယ်ရှိကြောင်း မှတ်ချက်ပြုထား၏။ အယူခံတရားလို မောင်တင်ဦးနှင့် ၎မောင်ကျော်ရှိန်တို့သည်၊ မကြင်၏ အိမ်အောက်သို့ရောက်လာကာ၊ မစုအားထုတ်ပေးရန် ပြောသည့်အပြင် ဒါးမျောင်ထုတ်၍ အိမ်ပေါ် သို့တက်ရန် ဟန်ပြင်နေကြသည်ကို မစု တွေ့မြင်ရသဖြင့် ကြောက်အားလန့်အားနှင့် မအေးအိမ်ဘက်သို့ ဆင်းပြေးခြင်းသာ ဖြစ်သည်။ ကိုယ်ရောင်ပြသည်ဟု မဆိုနိုင်ချေ။ မစုမှာ မသွားတတ် မလာတတ်သည့် ကလေးသူငယ်တယောက် မဟုတ်သည့်အပြင်၊ ၎င်းအား မကြင်၏ အိမ်ပေါ် ၌ တခြားသို့ မသွားမလာနိုင်အောင် ချုပ်ချယ်ထားခြင်းလည်း မရှိသဖြင့် အကယ်၍ မစုက အယူခံတရားလို မောင်ချစ်လှအား လာခိုးရန်ခိုန်းဆိုထားပါမူ၊ မောင်ချစ်လှ၏ နောက်သို့ အေးအေးဆေးဆေးနှင့် လိုက်သွားရန် အလွန်ပင် လွယ်ကူသောကိစ္စဖြစ်သည်။ မကြင် အနေဖြင့် မစုအား အခြိန်ရှိသရွေ့ လိုက်ကြည့်နေနိုင်လိမ့်မည် မဟုတ်ပေ။ ယခုကဲ့သို့ အမှုဖြစ်ပွါးရန်လည်း အကြောင်းမရှိနိုင်ပေ။

အခင်း ဖြစ်ပွါးပြီးနောက် မစုက ပေါက်တောချောင်နှင့် သောင်ကြီးရွာမှ လူကြီးများရွေတွင် အယူခံတရားလို မောင်ချစ်လှကို ချစ်ကြိုက်၍ လိုက်လာကြောင်း လက်မှတ်ထိုးခဲ့သည်မှာ မှန်၏။ သို့ရာတွင် ထိုစဉ်က မစုသည် အယူခံတရားလိုတို့၏ လက်ခုပ်ထဲမှ ရေဖြစ်နေ၍၊ ထိုကဲ့သို့ လက်မှတ်ထိုးခဲ့ရခြင်းမှာ ဖြစ်ရပ်အမှန်ကို ဖော်ပြခဲ့သည်ဟု ဆိုရန် ခဲယဉ်းသည်။ သောင်ကြီးရွာသို့ ရောက်လာကြသည့် ရဲအရာရှိများကို မစုက မတိုင်ခဲ့ရခြင်းမှာလည်း အယူခံတရားလိုနှင့် မိတ်ဆွေများက ထိုရဲအရာရှိများကို ခေါ်

လာကြသောကြောင့်ပင် ဖြစ်သည်။ မစုသည် မြောင်ရဲတပ်စခန်းသို့ ရောက်လျှင် ရောက်ခြင်း၊ အယူခံတရားလိုတို့အပေါ် ၎င်းသဘောမတူဘဲ ဆွဲခေါ်သွားကြောင်း တိုင်တန်းခဲ့သည်ကို ထောက်ရှုလျှင် အယူခံတရားလိုတို့၏ ခြိမ်းခြောက်မှု ကင်းဝေးသည်နှင့် တပြိုင်နက် ဖြစ်ရပ်အမှန်ကို ထုတ်ဖော်ခဲ့ကြောင်း ပေါ်လွင်နေသည်။

အထက်ပါ အကြောင်းရပ်များကြောင့် မူလရုံး၏ ဆုံးဖြတ်ချက်မှာ သက်သေထွက်ချက်များအရသော်၎င်း၊ တရားဥပဒေအရသော်၎င်း မှန်ကန်ခြင်း မရှိဘဲ၊ ချုတ်ချော် တိမ်းစောင်းနေသဖြင့် အောက်အယူခံရုံးက ယင်းသို့ တရားမျှတမှုမရှိဘဲ၊ ချုတ်ချော် တိမ်းစောင်းနေသည့် အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ ဤရုံးမှ ချမှတ်ထားသော တရားသေလွှတ်သည့် အမိန့်ကို ပယ်ဖျက်ရာ၌ လိုက်နာရမည့် မူများနှင့်လည်း ကိုက်ညီခြင်းမရှိဘဲ၊ လွဲမှားနေသည်ဟု မဆိုသာပေ။ အယူခံ တရားလိုတို့သည်၊ မင်းမဲ့တိုင်းပြည်ပမာ နိုင်ထက်စီးနင်း ပြုကျင့်ခဲ့ကြသည့် အပြင်၊ ယဉ်ကျေးသောလူသားတို့ စောင့်ထိန်းအပ်သည့် လူ့ကျင့်ဝတ်ကိုလည်း ဖေါက်ဖျက်ခဲ့ကြ၍၊ ၎င်းတို့အပေါ် အောက်အယူခံရုံးမှ ချမှတ်ခဲ့သော အပြစ်ဒဏ်တို့ကို သက်ညှာရန် အကြောင်းမ ရှိပေ။

သို့ပါ၍၊ ဤအထူး ရာဇဝတ်အယူခံမှုကို ကျွန်ုပ်တို့ခွင့်ပြုရန် အကြောင်း မပြင်သဖြင့် ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆ ခု၊ ဇွန်လိုင်လ ၂ ရက်။

မောင်ခွေး (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးကောင်းဝါ) (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ပုဒ်မ ၃၂၃ အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—ကျောင်းဆရာကြီးက တပည့်အား နာကျင်စေမှုဖြစ်စေခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။ကျောင်းဆရာကြီး ဦးကောင်းဝါ၏ မောင်ကျော်ဆွေ အပေါ် အပြုအမူမှာ လုပ်သင့်လုပ်ထိုက်သည်ထက် ပို၍ ဒေါသကြီးသဖြင့် ပြုလုပ်ကြောင်း အမှုတွဲတွင် ပေါ်လွင်သည်။ ထိုကဲ့သို့ ကာယကံမြောက် ပြုလုပ်ခြင်းသည် နာကျင်မှုဖြစ်စေသဖြင့် နာကျင်မှု ပြုလုပ်သူအား ရာဇသတ်ကြီးပုဒ်မ ၃၂၃ ပြဋ္ဌာန်းချက်အရ ထောင်ဒဏ် အမျိုးမျိုးဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။ ဦးကောင်းဝါသည်၊ ကျောင်းဆရာ အလုပ်သုပ်ခဲ့သည်မှာ ၁၉ နှစ်မျှရှိပြီး၊ ၎င်းသည် ယခင်အခါများက ကျောင်းသား တဦးဦးကို ဒေါသအလျှောက် ကာယကံမြောက် ရက်စက်စွာ ရိုက်နှက်ခဲ့သည်ဟူ၍ အမှုတွဲတွင်မပေါ်လွင်၊ ၎င်းအား ပညာရေးဘက်ကလည်း ထိုက်သင့်သော အပြစ်ပေးပြီး ဖြစ်၍ ကျောင်းသားများအား စာသင်ခြင်း ပျက်ဆုံးမှာလည်း စိုးရိမ်ရသဖြင့် ထောင်ဒဏ် အပြစ်မပေးဘဲ နေ့ဝက်ထပ် ဒဏ်ငွေ ၂၀၀ ကျပ် တပ်ရိုက်က သင့်တော်လောက်ပြီ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မရှိ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးခင်မောင်ကြီး။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၀ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၂၉ တွင် ၁၉၆၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့စွဲပါ၊ အောင်လံမြို့၊ နယ်ပိုင် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ အောင်လံမြို့နယ်၊ ပြလို့ရွာအလယ် တန်းကျောင်း၊ ဆရာအုပ်ဆရာကြီး ဦးကောင်းဝါ အပေါ်၊ ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ၊ အပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်သည်ဟု တွေ့ရှိရသဖြင့်၊ ၎င်းအား ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၂ (၁) (က) အရ၊ ရုံးမှသတိပေးဆုံးမ၍ လွှတ်လိုက်သည့်အပြင်၊ ပုဒ်မ ၅၄၆ (က) (၁) အရ၊ လျှောက်ထားသူ မောင်ခွေး ရုံးကုန်ကျစရိတ်များကို ပေးစေရန် ပျက်ကွက်ပါက အလုပ်မဲ့ ထောင်ဒဏ် ၁ ရက်ကျခံစေရန်၊ အောင်လံမြို့၊ နယ်ပိုင်ရာဇဝတ် တရားသူကြီး (၁) ရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၉ တွင် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်တွင်ပါသောအပြစ်ဒဏ်မှာအလွန်အလွန်မှ နည်းလွန်းပါသည်ဟုဆိုကာ၊ ယင်းအပြစ်ဒဏ်ကို တိုးမြှင့်ပေးပါရန်၊ လျှောက်ထားသူ မောင်ခွေးက၊ သရက်မြို့ ရာဘက်စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် (၁) တွင် လျှောက်ထားခဲ့သည်။

ပညာရှိ ရာဘက်စက်ရှင် တရားသူကြီးက၊ အမှုကို လေ့လာ သုံးသပ်ပြီးလျှင်၊ လျှောက်ထားခံရသူ ဦးကောင်းဝါ အပေါ် ချမှတ်ထားသော အပြစ်ဒဏ်မှာ၊ အမှုအဖြစ်အပျက်နှင့် စာလျှင်၊ အလွန်အလွန် နည်းလွန်းသည်ဟု ယူဆသဖြင့်၊ ၎င်းအား အလုပ်နှင့် ထောင်ဒဏ် ၃ လနှင့် ဒဏ်ငွေ ၂၀၀ ကျပ် ထမ်းဆောင်စေရန်၊ ပျက်ကွက်ပါက၊ နောက်ထပ် ထောင်ဒဏ် ၁ လကျခံစေရန်နှင့် ဒဏ်ငွေ ရရှိပါက၊ လျှောက်ထားသူ မောင်ခွေး၏သား ကျောင်းသား မောင်ကျော်ဆွေအား၊ နစ်နာကြေးအဖြစ် ပေးပါရန်၊ ဤရုံးသို့ ထောက်ခံတင်ဆက်ထားသည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ အောက်ရုံးအမိန့်မျှားတွင် ပြည့်စုံစွာ ဖေါ်ပြထားပြီး ဖြစ်သည်။ ယခု ဤရုံးအနေနှင့် စဉ်းစားရန်ရှိသော ပြဿနာမှာ၊ လျှောက်ထားခံရသူ ဦးကောင်းဝါ အပေါ်၊ အောက်ရုံးက ပေးထားသောအပြစ်ဒဏ်နှင့် လုံလောက်သည်လော၊ သို့မဟုတ် ပညာရှိ ရာဘက်စက်ရှင် တရားသူကြီး ထောက်ခံထားသည့် တိုးမြှင့်သော အပြစ်ဒဏ်ကို ပေးချမည်သော ဟူ၍ဖြစ်သည်။

ကျောင်းဆရာကြီး ဦးကောင်းဝါသည်၊ လျှောက်ထားသူ မောင်ခွေး၏ သား ဆဋ္ဌမတန်းကျောင်းသား မောင်ကျော်ဆွေ အား၊ ဝါးခြမ်းပြားနှင့် ရိုက်၍ဆုံးမ ရာတွင်၊ ကျောင်းဆရာ တယောက် အနေဖြင့် ပြုလုပ်သင့် ပြုလုပ်ထိုက်သည်ထက် ပို၍ပြုလုပ်သည် မပြုလုပ်သည်ကို ချင့်ချိန် သုံးသပ်ရန် လိုအပ်ပေသည်။ ကျောင်းသား မောင်ကျော်ဆွေသည်၊ ပြလို့ရွာ အလယ်တန်းကျောင်းတွင် ဆဋ္ဌမတန်းကျောင်းသား တဦးဖြစ်သည်။ အမှုတွဲတွင် ပေါ်လွင်သည်မှာ၊ ထိုကျောင်းသားသည် ကျောင်းစည်းကမ်းကို မလိုက်နာဘဲ ဟာသရမ်းသူလေးတဦး ဖြစ်နေသည်ကို တွေ့ရှိ

ရသည်။ ၁၉၆၆ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင်၊ ကျောင်းဆရာကြီး အိမ်သာတက်နေစဉ်၊ မောင်ကျော်ဆွေသည် အပြင်ပမှနေ၍ အိမ်သာထဲသို့ သဲများ ပက်သွင်းရာ၊ ကျောင်းဆရာကြီး အပေါ် ကျသဖြင့် ဆရာကြီးသည် အိမ်သာကို ဖွင့်ပြီးထွက်ကြည့်ရာ၊ မောင်ကျော်ဆွေကို တွေ့ရ၍ မေးမြန်းရာ၊ ငဲ့ငဲ့၏ သူငယ်ချင်း မောင်ဦးထင်၍ လုပ်မိပါသည်ဟုဝန်ခံသည်။သို့ရာတွင် ဆရာကြီးမှာ အမျက်မပြေဘဲ၊ မောင်ကျော်ဆွေအား ရုံးခန်းသို့ခေါ် သွားပြီးဝါးခြမ်းပြားဖြင့်ရိုက်လေသည်။ ဤတွင် မပြီးသေးဘဲ၊ မောင်ကျော်ဆွေအား၊ ၎င်း၏သတ္တမတန်းအခန်းထဲသို့ခေါ် သွား၍ ကျောင်း သားများရှေ့တွင်၊ အချက်ပေါင်းများစွာ မောင်ကျော်ဆွေ၏ ခြေထောက်၊ ပေါင်၊ တင်ပါးနှင့် ကျောကုန်းများကို ရိုက်လေသည်။ တရားလိုပြ သက်သေများ၏ ထွက်ချက်အရ ဆိုလျှင်၊ ရိုက်သော အချက်များမှာ ၃၀၊၄၀ လောက်ရှိသည်ဟုဆိုသည်။ ဆရာကြီး က သူသည် ၉၊၁၀ ချက်လောက် ရိုက်မိပါသည်ဟုဆိုသည်။ သို့ရာတွင်၊ ဆရာဝန် ဦးမောင်မောင်စိန် (လိုပြ-၇) ၏ ထွက်ချက်အရဆိုလျှင်၊ လက်မောင်းများ၊ ပေါင် များ၊ ခြေသလုံးများတွင် ဖူးယောင်နေသော ဒဏ်ရာများတွေ့ရှိရ၍၊ အချက်ပေါင်းမှာ ၁၄၊၁၅ ချက်လောက် ဖြစ်တန်ရာသည်ဟု ဒဏ်ဆိုရှိသည်။ မောင်ကျော်ဆွေမှာ ထို ဒဏ်ရာများကြောင့်၊ ဆေးရုံတွင် ၉ ရက် အတွင်းလူနာအဖြစ် ကုသနေရသည်။ ဤတွင်မကသေး၊ ထိုဒဏ်ရာ၏အရှိန်ကြောင့် ကျောင်းကိုပင် မတက်နိုင်ရုံမျှမက၊ ကျောင်းစာမေးပွဲကြီးကိုလည်း ဝင်ရောက် မဖြေဆိုနိုင်ဟု သိရှိရသည်။

ကျောင်းသား မောင်ကျော်ဆွေက၊ ဆရာကြီးအား အိမ်သာတွင် သဲနှင့်ပက်မိ သည်မှာ မငြင်းနိုင်ပေ။ သို့သော် ထိုသို့ပြုလုပ်ခြင်းမှာ၊ ဆရာကြီး အိမ်သာတွင် ရှိနေကြောင်း သိခဲ့လျှင် လုပ်မည့်လက္ခဏာမဟုတ်။ မောင်ကျော်ဆွေက သူ၏သူငယ် ချင်း မောင်ဦး ထင်မှတ်ကာ ဟက်မိကြောင်းကို၊ ဆရာကြီးက လက်မခံဘဲ ဒေါသ ထွက်ပြီး၊ ကျောင်းသားက ဝန်ခံပါလျက်၊ အချက်ပေါင်းများစွာရိုက်၍ ဒဏ်ရာများ ရပြီး၊ ဆေးရုံတွင်ပင်လျှင် ၉ ရက်မျှ ဆေးကုသရခြင်းတို့မှာ၊ ဆရာကြီး အနေဖြင့် လက်လွန်သွားသည်ဟု တွေ့ရှိရသည်။ မောင်ကျော်ဆွေသည် အတန်းထဲ၌ လူစွာ ကလေး တယောက်ဖြစ်၍ ဟောရမ်းနေသည်မှာ မငြင်းနိုင်ပေ။ သို့သော် ကျောင်း သားအချင်းချင်း အပေါ်၌သာလျှင်၊ ကျီစယ်ခြင်းမျိုးသာ လုပ်လေ့လုပ်ထရှိသည်။ ဆရာကြီးကိုသော်၎င်း၊ အခြားဆရာများကိုသော်၎င်း၊ ရိုင်းရိုင်းပြပြ စော်စော်ကားကား လုပ်ခဲ့သည်ဟု အမှုတွဲတွင် မတွေ့ရှိရပေ။ ကျောင်းဆရာကြီး ဦးကောင်းဝါ၏ မောင်ကျော်ဆွေ အပေါ် အပြုအမူမှာ လုပ်သင့် လုပ်ထိုက်သည်ထက် ပိုမို၍ဒေါသ ကြီးသဖြင့် ပြုလုပ်ကြောင်း အမှုတွဲတွင် ပေါ်လွင်သည်။ ထိုကဲ့သို့ ကာယကံမြောက် ပြုလုပ်ခြင်းသည်၊ မောင်ကျော်ဆွေတွင် ဆိုခဲ့ပြီးသည့်အတိုင်း၊ နာကျင်မှု ဖြစ်စေ

သဖြင့်၊ ထိုနှာကျင်မှု ပြုလုပ်သူအား၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၃ ပြဋ္ဌာန်းချက်အရ ၁ နှစ်အထိ ထောင်ဒဏ် အမျိုးမျိုးဖြစ်စေ၊ ၁,၀၀၀ ကျပ် ဒဏထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်။

ဆရာကြီး ဦးကောင်းဝါက၊ မိမိသည် ကျောင်းသား မောင်ကျော်ဆွေ အား စေတနာကောင်းနှင့် ဆုံးမပါသည်ဟုဆို၏။ သို့ရာတွင်၊ ၎င်း၏ ကာယကံမြောက် ရိုက်နှက်သည့် အခြေအနေမျိုးကို သေချာစွာ သုံးသပ်လျှင်၊ ဆရာကြီး ဦးကောင်းဝါ သည် ပါးစပ်က စေတနာနှင့် စေတနာနှင့် ပြုလုပ်ပါသည်ဟု ဆိုသော်ငြားလည်း၊ ၎င်း၏အပြုအမူမှာ စေတနာနှင့် လုပ်သည့် အပြုအမူမျိုး မဟုတ်၊ သဲပက်ခံရသဖြင့်၊ ရှက်၍ဒေါသကြီးစွာနှင့် ကသဲစားခြေလိုသော သဘောနှင့် ပြုလုပ်ခြင်းမျိုး ဖြစ်သည်ဟု ယူဆရန်ရှိသည်။ ထို့ကြောင့် ၎င်းပြုလုပ်ခဲ့သော အပြုအမူနှင့် အောက်ရုံးကပေး ထားသော အပြစ်ဒဏ်တို့ကို နှိုင်းစာကြည့်လျှင် အလွန်အလွန် နည်းသွန်းသည်ဟု ပညာရှိ ရာဘက်စက်ရှင် တရားသူကြီး တွေ့ရှိရသည့်အတိုင်း၊ ကျန်ုပ်ယူဆသည်။ သို့ရာတွင် မည်ကဲ့သို့သော အပြစ်ဒဏ်ကို မည်မျှတိုးမြှင့်ပေးရန်မှာ စဉ်းစားရန်လို ပေသည်။ ဦးကောင်းဝါသည် ကျောင်းဆရာ အလုပ်လုပ်ခဲ့သည်မှာ ၁၉ နှစ်မျှ ရှိပြီး၊ ၎င်းသည် ယခင်အခါမျှားက၊ ကျောင်းသား တဦးဦးကို ဤကဲ့သို့ဒေါသ အလျောက် ကာရကံမြောက် ရက်စက်စွာ ရိုက်နှက်ခဲ့သည်ဟူ၍ အမှုတွဲတွင် မပေါ် လွင်ပေ။ ၎င်းအား ပညာရေးဌာန ညွှန်ကြားရေးဝန်ကလည်း၊ ၎င်းအားပြင်းထန်စွာ သတိပေးပြီးဖြစ်သည်။ ၎င်းပြင် ၎င်းအား ပြလို့ကျောင်းမှ မင်းတုံးမြို့နယ်၊ ကပိုင်ရွာ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ပြီး ဖြစ်သည်။ ဤသို့အားဖြင့် ပညာရေး ဘက်ကလည်း၊ ထိုက်သင့်သော အပြစ်ပေးပြီး ဖြစ်သည်။ တဘက်တွင်လည်း ကျောင်း သားနှင့်တကွ ကျောင်းသားမိဘများမှာ အတော့်ကိုပင် နစ်နာခံနေရသည်။ ကျောင်း သားမိဘလည်း မနစ်နာရအောင် ဆရာကြီး ဦးကောင်းဝါ အပေါ် တွင်လည်း ဥပဒေနှင့် အညီ အပြစ်ဒဏ်ကို ရရှိလေအောင်၊ ချင့်ချိန်ဇေဖန် သုံးသပ်ရာ၌၊ အောက်မူလရုံးက ဦးကောင်းဝါ အပေါ် ချမှတ်ခဲ့သော အပြစ်ဒဏ်မှာ အလွန်အလွန် နည်းလွန်းသည်ဟု ယူဆသည်။ သို့သော် ပညာရှိ ရာဘက်စက်ရှင် တရားသူကြီး ထောက်ခံထားသော ထောင်ဒဏ် ၃ လနှင့် ဒဏ်ငွေ ၂၀၀ ကျပ်မှာလည်း၊ အလွန်မျှားလွန်းသည်ဟု ယူဆသည်။ ပညာရှိ ရာဘက် စက်ရှင် တရားသူကြီး ထောက်ခံ ထားသည့်အတိုင်း ထောင်ဒဏ် ၃ လပေးလိုက်ပါက၊ ယခုပညာရေးဌာနက သတိပေးခံထားနေရသော ဆရာကြီး ဦးကောင်းဝါမှာ အတော်ပင် နစ်နာသွားစရာ အကြောင်းရှိသည့်ပြင်၊ ကျောင်း သားမျှားအား စာသင်ခြင်း ပျက်သွားမှာလည်း စိုးရိမ်ရသည်။ သို့အတွက် နှစ်ဘက် မနစ်နာစေလိုသော သဘောဖြင့်၊ ဆရာကြီး ဦးကောင်းဝါအား ထောင်ဒဏ် အပြစ်

မောင်ခွေးနှင့် မြည်ထောင်စု မြန်မာနိုင်ငံ (ဦးကောင်းဝါ)။

မပေးဘဲ၊ နောက်ထပ် ဒဏ်ငွေ ၂၀၀ကျပ် တပ်ရိုက်က သင့်တော် လောက်ပြီဟုတွေ့မြင်ယူဆသည်။

ထို့ကြောင့်၊ လျှောက်ထားခံရသူ ဦးကောင်းဝါ အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၂၃ အရ၊ တွေ့ရှိရသော ပြစ်မှုကို အတည်ပြု၍၊ အပြစ်ဒဏ်ချမှတ်ရာ၌ မူလရုံးက ချမှတ်ထားသော အပြစ်ဒဏ်အပြင်၊ ဒဏ်ငွေ ၂၀၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်ပါက၊ အလုပ်နှင့် ထောင်ဒဏ် ၃ လကျခံစေ။ ဒဏ်ငွေ ၂၀၀ ကျပ်ရရှိပါက၊ ကျောင်းသားမောင်ကျော်ဆွေ၏ အဘော လျှောက်ထားသူ မောင်ခွေးအား ၎င်း၏နစ်နာကြေးအနေဖြင့် ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအခွင့်ထူးအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ်တီ ရွှေတွင်

မောင်ညွှန့်စိန် (အယူခံတရားလို)

နှင့်

ဦးရှိန်ကြီး (အယူခံတရားခံ)*

† ၁၉၆၆ သြဂုတ်လ ၂၅ ရက်။

ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆—လျော်ကြေးတောင်းရန် အချိန် သတ်မှတ်ခြင်းသည် အလုပ်သမားက အလုပ်ရှင်ထံမှ တောင်းခြင်းနှင့်သက်ဆိုင်ခြင်း—လျော်ကြေးမင်းကြီးထံ နောက်တဆင့် တက်ရောက်ခြင်းနှင့် မသက်ဆိုင်—အလုပ်ရှင်က လျော်ကြေး ပြဿနာ ပြီးပြတ်လိုလျှင် လျော်ကြေးမင်းကြီးထံ ပုဒ်မ ၁၉ အရ၊ ဆုံးဖြတ်ပေးရန် တောင်းခံနိုင်ခြင်း—လျော်ကြေးမင်းကြီးသည် အနုညာတ ခုံ သဘော ဖြန့်ဖြေပေးခြင်း ဥပဒေ တရားမျှတမှုတို့နှင့် အညီဖြစ်စေခြင်းတို့ကို ဆောင်ရွက်ခြင်း—အလုပ်သမားသည် အချိန်ကြာမြင့်စွာ ဆေးကုသလောက်အောင် ပြင်းထန်သော ဒဏ်ရာရရှိခြင်း—အချိန်လွန်မှ လျော်ကြေးတောင်းရန် လုံလောက်သောအကြောင်း—ဆရာဝန်အား အလုပ်သမား အလုပ်ရှင်တို့ကဌင်း၊ လျော်ကြေးမင်းကြီးကဌင်း၊ မေးမြန်းနိုင်ရန် သက်သေ အဖြစ်ခေါ်ယူဘို့လိုခြင်း—ဒဏ်ရာရပြီး ၁၂ လ အတွင်း အလုပ်ရှင်ထံမှ လျော်ကြေး တောင်းခံသည်ဟူ၍၊ ယူဆရန်ရှိခြင်း—ပြင်းထန်သော ဒဏ်ရာများ ရရှိခဲ့၍ ဆေးရုံများ၌ ကြာမြင့်စွာ တက်ရောက် ကုသရခြင်း—လျော်ကြေးမှုကို လုံလောက်သော အကြောင်းကြောင့် အချိန်လွန်မှ စွဲဆိုရသည်ဟု ယူဆနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး ဥပဒေ ပုဒ်မ ၁၀ ကို အခိုပါယ်ဖွင့်ဆိုထုတ်ဝင် လျော်ကြေးတောင်းရန် အချိန်သတ်မှတ်ခြင်းသည် အလုပ်သမားက အလုပ်ရှင်ထံမှ တောင်းခြင်းနှင့် သက်ဆိုင်သည်။ သတ်မှတ်ထားသည့် အချိန်အတွင်း တောင်းခံပြီ.နောက် ကြေနပ်မှု မရ၍ လျော်ကြေးမင်းကြီးထံ နောက်တဆင့်တက်၍ ရောက်ရလျှင် ပုဒ်မ ၁၀ က သတ်မှတ်သော ကာလ စည်းကမ်းသတ်နှင့် သက်ဆိုင်ခြင်း မရှိတော့ချေ။ သတ်မှတ်သည့် အချိန်အတွင်း လျော်ကြေး တောင်းကာ နှစ်ဖက်ကြေအေးကြလျှင် လျော်ကြေးမှု ဖွင့်ရန် မလိုတော့ချေ။ ကြေနပ်မှု မရလျှင်

* ၁၉၆၆ ခုနှစ်၊ တရားမ အခွင့်ထူး အယူခံမှုအမှတ် ၁။

† ၁၉၆၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၂၆ တွင် ရန်ကုန်မြို့၊ တရားရုံးချုပ်မှ ချမှတ်သော အဓိန့်ကို အယူခံဝင်မှု။

ကား ထိခိုက် ဒဏ်ရာရသည်မှာ ၁၂ လ အတွင်း၌ပင် အလုပ်သမားက လျော်ကြေးမှု ဖွင့်လိုက ဖွင့်မည်။ ၁၂ လ ကျော်လွန် မှဖွင့်လျှင်လည်း ကာလ စည်းကမ်းသတ် အတား အဆီး မရှိတော့ချေ။ ၁၂ လ အတွင်း အလုပ်ရှင်ထံမှ လျော်ကြေး တောင်းခံခြင်း မပြုခဲ့ဘဲ၊ ထိုအချိန် ကျော်လွန်မှ လျော်ကြေးမှု စွဲဆိုလျှင်မူကား လျော်ကြေးမင်းကြီးက ထိုသို့ အချိန်လွန်ခြင်း အတွက် အလုပ်သမားဖက်မှ လုံလောက်သော အကြောင်းရှိမရှိ စဉ်းစားနိုင်သည်။ အကြောင်းလုံလောက် သည်ဟု တွေ့ရှိလျှင် အချိန်လွန်ခြင်းကိုခွင့်လွှတ်၍ အမှုကို လက်ခံ၍ ဆုံးဖြတ်နိုင် သည်။

အကယ်၍ အလုပ်သမားက၊ အလုပ်ရှင်ထံမှ ၁၂ လ အတွင်း လျော်ကြေး တောင်းခံခဲ့သော်လည်း နှစ်ဖက်ကြေနပ်မှု မရှိကြ၊ မပြီးမပြတ်ရှိနေပါလျက်၊ ဆက်လက်၍ အလုပ်သမားက လျော်ကြေးမှု စွဲဆိုခြင်း မပြုဘဲနေလျှင် အလုပ်ရှင်က လျော်ကြေး ပြဿနာ ပြီးပြတ်စေလိုလျှင်၊ လျော်ကြေးမင်းကြီးထံ ပုဒ်မ ၁၉ အရ၊ သက်ဆောက်၍ ဆုံးဖြတ်ပေးပါရန် တောင်းခံနိုင်မည် ဖြစ်ပေသည်။

လျော်ကြေးမင်းကြီးသည် လျော်ကြေးမှုကို စစ်ဆေး ဆုံးဖြတ်ရာ၌၊ အနုညာခံ သဘော ဖြန့်ဖြေပေးခြင်း ဥပဒေ၊ တရားမျှမှုတို့နှင့် အညီ ဖြစ်စေခြင်းတို့ကို ဆောင်ရွက်သည်။ တရားမ ရုံးသဖွယ်၊ တရားမ ကျင့်ထုံး စသည့် ထုံး ဥပဒေများ အတိုင်း အတိအကျ လိုက်နာ ဆောင်ရွက် ရသည် မဟုတ်ပေ။

အမှုပါ အချက်အလက်တို့ကို ထောက်ရှုလျှင်၊ ဒဏ်ရာရသည်မှ ၁၂ လ ကာလအတွင်း အယူခံ တရားလိုက အယူခံတရားခံထံမှ ရထိုက်သော လျော်ကြေးများကို တောင်းခံခဲ့သည်သာ ဖြစ်သည်။ ထိုက်သင့်သောလျော်ကြေးကို မပေးဘဲ ဆေးဘိုးဝါးခ ဒေ့အနည်းငယ်သာ ပေးချေမှုနှင့် အလုပ်ရှင်၏ တာဝန်သည် ကျေပွန်ပြီမဆိုသာ၊ အလုပ်သမား၏ ရပိုင်ခွင့်သည်လည်း ကုန်ဆုံးပြီ မဆိုသာချေ။

Bhagwati v. *G.I.P. Railway* (1939) I.L.R. Nag. 466 ; *Powell* v. *Main Colliery Co. Ltd.* (1900), A.C. 366 ; *M'Cafferty* v. *Mac Andrews & Co.* (1930), A.C. 599 ; *Makhan Lal* v. *Audh Behari* A.I.R. (1959) All. 586, ရည်ညွှန်းသည်။ *The Consolidated Tin Mines of Burma Ltd.* v. *Maung Tun E* I.L.R. Ran. Vol. IX (1931), p. 118 သဘောကဲ့လဲ့သည်။

အလုပ်သမားသည် အချိန်ကြာမြင့်စွာ ဆေးကုသလောက်အောင် မြင်းထန်သော ဒဏ်ရာရှိခဲ့လျှင်၊ လျော်ကြေးတောင်းရာ၌ အချိန်လွန်စေကာမူ ထိုသို့ အချိန်လွန်ရန် လုံလောက်သော အကြောင်းရှိသည် ဟု ယူဆရမည် ဖြစ်ပေသည်။

Pollachi Transport Ltd., Coimbatore v. *Arumuga Kounder* A.I.R. (1938) Mad. 485, ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဆရာဝန်ကြီး ကိုယ်တိုင် လျော်ကြေးမှု၌ သက်သေခံခြင်း မရှိခဲ့ပေ၊ လုပ်အား ဆုံးရှုံးမှု ရာနှုန်းတွက်ချက်ရသည့် အခါများ၌ ဆရာဝန်အာ၊ အလုပ်သမား၊ အလုပ်ရှင် တို့က ငှင်း၊ လျော်ကြေးမင်းကြီးကငှင်း မေးမြန်းနိုင်ရန် သက်သေအဖြစ်ခေါ်ယူရန် လိုပေသည်။ အကယ်၍ အလုပ်သမားအလုပ်ရှင် နှစ်ဦးနှစ်ဖက်က ဆရာဝန်၏ ဆေးလက်မှတ်များကို ကြေနပ်၍

ထင်မြင်ချက်ကိုလည်း လက်ခံပါသည်ဆိုလျှင်၊ သို့မဟုတ်လုပ်အားဆုံးရှုံးမှု ရာခိုင်နှုန်းသည်၊ အထင်အရှား ပေါ်လွင်နေလျှင် မှုကား ဆရာဝန်အား သက်သေအဖြစ် ခေါ်ယူရန်လိုမည် မဟုတ်ပေ။

ဆရာဝန်ကြီး၏ ထွက်ချက်နှင့် လျော်ကြေးမှုတွင် ပေါ်လွင်သော အချက်အလက်များအရ၊ အယူခံတရားလိုသည် ပြင်းထန်သော မီးလောင်ဒဏ်ရာများ အလုပ်ခွင်၌ ရရှိခဲ့သည်။ ထိုဒဏ်ရာများကို ဆေးရုံများ၌ တက်ရောက်၍ ကြာမြင့် စွာ ကုသခဲ့ရသည်။ အဖြစ်အပျက်များအရ၊ ၎င်းသည် ဒဏ်ရာရပြီး ၁၂ လ အတွင်း အလုပ်ရှင်ထံမှ လျော်ကြေး တောင်းခံခဲ့သည်ဟူ၍ ယူဆရန်ရှိသည်။ ထိုသို့ တောင်းခံခြင်း မပြုခဲ့စေဦး ၎င်းတွင် ပြင်းထန်သော ဒဏ်ရာများ ရရှိခဲ့၍ ဆေးရုံများ၌ ကြာမြင့်စွာ တက်ရောက်ကုသခဲ့ရခြင်းမှာ ထင်ရှားသဖြင့် လျော်ကြေးမှုကို လုံလောက်သော အကြောင်းကြောင့် အချိန်လွန်မှု စွဲဆိုရသည်ဟု ယူဆသည်။

အယူခံတရားလိုအတွက် ။ ။ ဦးဘရွှန်း။

အယူခံတရားအတွက် ။ ။ ဦးချိုန်ဖိုး။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ။ ။ အယူခံတရားလို မောင်ညွန့်စိန်သည် ဦးရှိန်ကြီးပိုင်ဆိုင်သော မော်တော်လော်လီကားကို မောင်းနှင်သော အလုပ်သမား တဦးဖြစ်ခဲ့သည်။ ထိုသို့လုပ်ကိုင်နေစဉ် ၁၉၆၂ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင် မတော်တဆ ကားမီးလောင်ရာ မောင်ညွန့်စိန်တွင် ဒဏ်ရာများရရှိခဲ့လေသည်။

မောင်ညွန့်စိန်သည် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြည်ခရိုင်အလုပ်သမားလျော်ကြေးမင်းကြီးထံ သွားရောက်၍၊ အလုပ်ရှင်ဦးရှိန်ကြီးထံမှ လျော်ကြေးရလိုကြောင်း လျှောက်ထားသည်။ လျော်ကြေးမင်းကြီးက အလုပ်ရှင်၊ အလုပ်သမားနှင့် သက်သေတို့ကို စစ်ဆေးကာ မောင်ညွန့်စိန်သည် အလုပ်ခွင်၌ ထိခိုက်ဒဏ်ရာ ရခဲ့ကြောင်း၊ ဆရာဝန်၏ ဆေးလက်မှတ်အရ လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းမှာ ၇၀ ဖြစ်ကြောင်း ၊ ထို့ကြောင့် အလုပ်သမား၏ လစာနှင့်သတ်မှတ်ထားသည့်အတိုင်း တွက်ချက်လျှင် လျော်ကြေးငွေ ၅,၂၉၂ ကို ဦးရှိန်ကြီးက မောင်ညွန့်စိန်အား ပေးရမည် ဖြစ်ကြောင်းဖြင့် အမိန့်ချမှတ်ခဲ့သည်။

အလုပ်ရှင်က မကျေနပ်၍ ဤရုံးသို့အယူခံဝင်ခဲ့သည်။ မောင်ညွန့်စိန်သည် လျော်ကြေးရလိုကြောင်း လျှောက်လွှာကို ထိခိုက်ဒဏ်ရာရပြီး ၂ နှစ်ခွဲကျော် ကြာပြီးမှသာ တင်သွင်းခဲ့ကြောင်း၊ အလုပ်သမားအက်ဥပဒေပုဒ်မ ၁၀ က ထိခိုက်ဒဏ်ရာရသည်မှ ၁၂ လ အတွင်း လျော်ကြေးတောင်းရမည်ဟု အတိအလင်း သတ်မှတ်ထားရာ၊ မောင်ညွန့်စိန်၏ လျော်ကြေးမှုသည် များစွာနောက်ကျနေသဖြင့် တရားမဝင်ကြောင်း၊ ထို့ပြင် ဆရာဝန်ကို ခေါ်ယူစစ်ဆေးခြင်း မပြုဘဲ ဆေးလက်မှတ်ကို အခြေခံ၍

ဆုံးဖြတ်ခြင်းသည်လည်း တရားမဝင်ကြောင်းဟူ၍ အယူခံတွင် ဦးရိန်ကြီးက အကြောင်းနှစ်ရပ်တင်ပြခဲ့သည်။

အယူခံကိုကြားနာစစ်ဆေးခဲ့သော ပညာရှိတရားသူကြီး ဦးစိန်သင်းက မောင်ညွန့်စိန်၏ လျော်ကြေးမှုသည် အချိန်များစွာနောင်းနေ၍ ပုဒ်မ ၁၀ နှင့် ဆန့်ကျင်နေသည်ဟု ဆုံးဖြတ်သည်။ လျော်ကြေးမင်းကြီးက အကြောင်းလုံလောက် လျှင် ထိုသို့အချိန်နောင်းခြင်းကို ခွင့်လွှတ်နိုင်သော်လည်း၊ လုံလောက်သော အကြောင်း တွေ့ ၍ ခွင့်လွှတ်ကြောင်း ဆုံးဖြတ် ထားခြင်းမရှိသည်ကို ဦးစိန်သင်းက ဖော်ပြ၍ အလုပ်သမား အက်ဥပဒေသည် တော်လှန်ရေးကောင်စီ၏ ၁၉၆၄ ခုနှစ်၊ ပြည်သူ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေတွင် အကျုံးဝင်ရပ်တည်လျက်ရှိနေသည်။ ထို့ကြောင့် အလုပ်သမားအက်ဥပဒေပုဒ်မ ၁၀ ကို ဆက်လက်ကျင့်သုံးရဦးမည်။ ***In the Consolidated Tim Mines of Burma Ltd. v. Maung Tun E*** (၁) စီရင်ထုံးတွင်လည်း အလုပ်သမားတဦးသည် ထိခိုက်ဒဏ်ရာရသည်မှ သတ်မှတ်ထားသည့် ကာလအတွင်း လျော်ကြေးမင်းကြီးထံ လျှောက်ထားရမည်။ ဥပဒေကို တတ်သိနားလည်ခြင်း မရှိ၍ အချိန်နောက်ကျ ရပါသည်ဆိုခြင်းသည် ပုဒ်မ ၁၀ အရ အကြောင်းလုံလောက်သည်ဟု မဆိုနိုင်ဟု ဆုံးဖြတ်ထားသည်ကို တရားသူကြီး ဦးစိန်သင်းက ရည်ညွှန်းခဲ့လေသည်။

ဆေးလက်မှတ်များကို အခြေခံ၍သာ လျော်ကြေးမှုကို ဆုံးဖြတ်ရန်မဟုတ်၊ ဆရာဝန်ကို စစ်ဆေးရမည်ဟူ၍လည်း ဦးစိန်သင်းက သဘောရရှိလေသည်။ သို့ရာတွင် လျော်ကြေးမှုသည် ကာလစည်းကမ်းသတ်လွန်၍ ပယ်ရမည်ဟုဆုံးဖြတ် သဖြင့်၊ ဆရာဝန်ကို အမှုတွင်စစ်ဆေးရန် ပျက်ကွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ယတိပြတ်ဆုံးဖြတ် ခြင်းမပြုခဲ့ပေ။

မောင်ညွန့်စိန်က ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်အထူး အယူခံဝင်ခွင့်တောင်းခံ ခဲ့သည်။ အရေးကြီးသော ဥပဒေ ပြဿနာများကို ဆုံးဖြတ်ရန်လိုသည်။ ထိုပြဿနာများသည် အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့်လည်း ပတ်သက်နေသည်ဟု ကျွန်ုပ်တို့ကွေ့ရှိကြ၍ အယူခံဝင်ရန် အခွင့်ထူးပေးခဲ့သည်။ အယူခံကို ကြားနာ ရာ၌ လိုက်ပါကူညီရန် လက်ထောက် နိုင်ငံတော်ရှေ့နေချုပ်ကိုလည်း ဖိတ်ကြားခဲ့သည်။

ကာလစည်းကမ်းသတ်နှင့် ပတ်သက်၍ မောင်ညွန့်စိန်၏ ပညာရှိ ရှေ့နေကြီး ဦးဘရှန်းက ပုဒ်မ ၁၀ အရ အလုပ်သမားသည် ထိခိုက်ဒဏ်ရာရသည်မှ ၁၂လအတွင်း အလုပ်ရှင်ထံမှ လျော်ကြေးတောင်းရန်သာ ဖြစ်ပါသည်။ ထို ၁၂ လအတွင်း လျော်ကြေး

(၁) I.L.R. Ran. Vol. IX (1931), P.118.

မင်းကြီးထံ သွားရောက် လျှောက်ထားရမည်မဆိုပါ။ အလုပ်ရှင်ထံမှ လျော်ကြေး တောင်းခံရရှိ၍ နှစ်ဘက်ကျေနပ်ကြလျှင်၊ လျော်ကြေးမှုဖွင့်ရန်မလိုပါ။ အလုပ်ရှင်ထံမှ တောင်းခံသော်လည်းမရ၊ သို့မဟုတ် ကြေအေခြင်းမရှိမှ လျော်ကြေးမှု ဖွင့်လေ့ ရှိသဖြင့် ကာလစည်းကမ်းသတ်မှာ အလုပ်ရှင်ထံမှ လျော်ကြေးတောင်းခြင်းနှင့်သာ ဆိုင်ပါသည်။ ထိုအချိန်အတွင်း တောင်းခဲ့ပြီးဖြစ်လျှင်၊ လျော်ကြေးမှုဖွင့်သောအခါ ၁၂လပင် ကျော်လွန်စေကာမူ အချိန်မလွန်ပါ။ အလုပ်သမားက ၁၂ လအတွင်း အလုပ်ရှင်ထံမှလည်း လျော်ကြေးမတောင်းခဲ့။ လျော်ကြေးမှုလည်း မဖွင့်ခဲ့စေဦး လျော်ကြေးမင်းကြီးက အကြောင်း လုံလောက်က လျော်ကြေးမှုကို လက်ခံဆုံးဖြတ်နိုင်ကြောင်းကို ပုဒ်မ ၁၀ ခြွင်းချက်က ပြဋ္ဌာန်းခြင်းဖြစ်ပါသည်ဟု ဦးဘရွှန်းက လျှောက်လဲသည်။

Bhagwati v. G.I.P. Railway (၂) တွင် ပုဒ်မ ၁၀ က သတ်မှတ်ထားသော ကာလစည်းကမ်းသတ်များနှင့် ပတ်သက်၍ အိန္ဒိယ တရားလွှတ်တော်တခုက အထက်ပါကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုသည်ကို ဦးဘရွှန်းက ရည်ညွှန်းသည်။ အလုပ်သမားလျော်ကြေး အက်ဥပဒေကို အင်္ဂလန်နိုင်ငံမှ နမူနာယူ၍ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံတို့၌ စကားအသုံးအနှုံး ထပ်တူရေးဆွဲခဲ့ခြင်း ဖြစ်ပေသည်။ ထိုအိန္ဒိယ စီရင်ထုံးတွင် ၊ အင်္ဂလန်နိုင်ငံ တရားလွှတ်တော်ချုပ်တို့၏ စီရင်ထုံးများကို လည်း ကိုးကားထားလေသည်။ ***Powell v. Main - colliery Co., Ltd.*** (၃) တွင် အလုပ်သမားလျော်ကြေး အက်ဥပဒေ တွင် ဖော်ပြထားသော ကာလ စည်းကမ်းသတ်နှင့် သက်ဆိုင်သည့် လျော်ကြေးတောင်းခံခြင်းသည် အလုပ်ရှင်ထံမှ တောင်း ခံခြင်းကို ဆိုလိုသည်။ လျော်ကြေးမှုဖွင့်ခြင်းကို မဆိုဟု ဆုံးဖြတ်ထားသည်ကိုဂင်း။

> "The claim for 'compensation' means, not the initiation of proceedings before the tribunal by which the compensat ion is to be assessed, but a notice of a claim for compens ation sent to the workman's employer."

M' Cafferty v. Mac Andrews & Co.(၄)တွင်လည်း ထိုသဘော ဆုံးဖြတ်ထားသည်ကိုဂင်း ဦးဘရွှန်းက ညွှန်ပြသည်။

Makkan Lal v. Audh Behari (၅)တွင်လည်းပုဒ်မ၁၀တွင်ထိုခိုက်ဒဏ်ရာ ရသောအလုပ်သမားက အလုပ်ရှင်အား သတ်မှတ်ထားသည့်အချိန် အတွင်း၌ အကြောင်း

(၂) (1939) I.L.R Nagpur 46. (၃) (1900) A.C. 366
(၄) (1930) A.C. 599. (၅) A.I.R (1559) Allahabad586.

၁၉၆၆
—
ဦးညွန့်စိန်
နှင့်
ဦးရှိန်ကြီး။

ကြားရမည်ဟု ဆိုထားသော်လည်း၊ အလုပ်ရှင်က အလုပ်ဆမား ထိခိုက်ဒဏ်ရာရ ကြောင်းကို အလုပ်ဆမားမပြောဘဲ ကြားသိသည်ဆိုလျှင်၊ အလုပ်ဆမားက အကြောင်း ကြားခြင်းမပြုသော်လည်း လျော်ကြေးမှု စွဲဆိုနိုင်သည်ဟု ဆုံးဖြတ်ထားသည်ကို ဦးဘရွှန်းက ရည်ညွှန်းသည်။

> "The scheme of section 10, is that a notice of the accident to the employer is necessary before a claim for compensation can be entertained by the Commissioner. But there are exceptions to this general rule. These exceptions are where the employer had knowledge of the accident from any other source at or about the time when it occurred, want of notice will not obstruct the entertainment of a claim. Another exception is where the Commissioner is satisfied that the failure to give notice was due to sufficient cause."

ထိုအမှုများအရ၊ ဤအမှုတွင်၊ မောင်ညွန့်စိန် မီးလောင်ဒဏ်ရာများရကြောင်း ဦးရှိန်ကြီးက ဖြစ်ပါးပြီး မကြာမီပင် ကြားသိရသည်။ မောင်ညွန့်စိန်အား ဆေးရုံ၌ သွားရောက်တွေ့ဆုံ၍ ဆေးဘိုးဝါးခ အနည်းငယ်ပင်ပေးသေးသည်ဟု ထွက်ဆိုချက်များ ရှိသဖြင့်၊ ပုဒ်မ ၁၀ အရ အလုပ်ရှင်အား အထူးအကြောင်းကြားရန်လည်း မလိုပါ။ လျော်ကြေးတောင်းခံကြောင်း၊ ထိုက်သင့်သလိုမရကြောင်းလည်း ပေါ်လွင်သဖြင့်၊ လျော်ကြေးမှုကို ထိခိုက်ဒဏ်ရာရပြီး ၂ နှစ်ခွဲကျော်မှ ဖွင့်လှစ်သော်လည်း အချိန်မလွန်ပါဟု ဦးဘရွှန်းက လျောက်လဲသည်။

ဦးရှိန်ကြီး၏ ပညာရှိရွှေနေကြီး ဦးချိန်ဖုံးက၊ ထိခိုက်ဒဏ်ရာရသူ အလုပ်သမား တဦးသည် အလုပ်ရှင်ထံမှ ၁၂ လအတွင်း လျော်ကြေးတောင်းလျှင်၊ ပုဒ်မ ၁၀ အရ ကာလစည်းကမ်းသတ်နှင့် ကိုက်ညီသည်ဆိုသည့် ဥပဒေ အဓိပ္ပါယ် ဖွင့်ဆိုချက်ကို မငြင်းလိုပါ။ သို့ရာတွင် ဤအမှုဌ အလုပ်သမားက ထိုကဲ့သို့သတ်မှတ်သည့်အချိန် အတွင်း အလုပ်ရှင်ထံမှ လျော်ကြေးတောင်းခဲ့သည်ဟု မထင်ရှားပါ။ အခွင့်ထူး အယူခံကြားနာသောအခါမှ မောင်ညွန့်စိန်က ကျမ်းကျိန်စာများ တင်သွင်း၍ အလုပ် ရှင်ထံမှ လျော်ကြေးကို အချိန်အတွင်း တောင်းသော်လည်း မရကြောင်း မြွက်ဆို ခြင်းသည် တရားမဝင်ပါဟု လျောက်လဲသည်။

လက်ထောက် နိုင်ငံတော်ရှေနေချုပ် ဦးဘကျော်က လျော်ကြေးမင်းကြီးတွင် အကြောင်းလုံလောက်က အချိန်နှောင်းသော လျောက်လွှာကို လက်ခံစဉ်းစားခွင့် ရှိကြောင်း၊ အကြောင်းလုံလောက်၍ ထိုသို့လက်ခံခဲ့သည်ဟု လျော်ကြေးမှုအမိန့်တွင် အတိအလင်းဖော်ပြခြင်း မပြုသော်လည်း လိုအပ်ပါက ထိုအချက်ကို ပြန်လည်စဉ်းစား

နိုင်ရန် အမှုကို လျော်ကြေးမင်းကြီးထံသို့ ပေးပို့နိုင်ကြောင်း။ ကာလစည်းကမ်းသတ်အတွင်း အလုပ်သမားက အလုပ်ရှင် ထံမှ လျော်ကြေးတောင်းခဲ့သည်ဟု တွေ့ရှိပါမူ၊ လျော်ကြေးမူသည် အချိန်လွန်ခဲ့ပြီဟု တွေ့ရှိပါမူ ၊ လျော်ကြေးမူသည် အချိန်လွန်ခဲ့ပြီဟု မဆိုနိုင်ကြောင်း တင်ပြသည်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၁၀ ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင်၊ လျော်ကြေးတောင်းရန် အချိန်သတ်မှတ်ခြင်းသည် အလုပ်သမားက အလုပ်ရှင်ထံမှ တောင်ခြင်းနှင့် သက်ဆိုင်သည်။ သတ်မှတ်ထားသည့် အချိန်အတွင်း တောင်းခံပြီးနောက် ကျေနပ်မှုမရ၍ လျော်ကြေးမင်းကြီးထံ နောက်တဆင့် တက်ရောက်ရလျှင်၊ ပုဒ်မ ၁၀က သတ်မှတ်သော ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်ခြင်းမရှိတော့ချေ။ သတ်မှတ်သည့် အချိန်အတွင်း လျော်ကြေးတောင်းကာ နစ်ဘက် ကြေအေးကြလျှင်၊ လျော်ကြေးမူဖွင့်ရန်မလိုတော့။ ကျေနပ်မှုမရလျှင်ကား ထိခိုက်ဒဏ်ရာရသည်မှ ၁၂ လအတွင်း၌ပင် အလုပ်သမားက လျော်ကြေးမူဖွင့်လိုက ဖွင့်မည်။ ၁၂ လ ကျော်လွန်မှ ဖွင့်လျှင်လည်း ကာလစည်းကမ်းသတ် အတား အဆီးမရှိတော့ချေ။ ၁၂ လအတွင်း အလုပ်ရှင်ထံမှ လျော်ကြေးတောင်းခံခြင်း မပြုခဲ့ဘဲ၊ ထိုအချိန်ကျော်လွန်မှ လျော်ကြေးမစွဲဆိုလျှင်မူကား လျော်ကြေးမင်းကြီးက ထိုသို့အချိန်လွန်ခြင်းအတွက် အလုပ်သမားဘက်မှ လုံလောက်သောအကြောင်း ရှိမရှိ စဉ်းစားနိုင်သည်။ အကြောင်းလုံလောက်သည်ဟု တွေ့ရှိလျှင် အချိန်လွန်ခြင်းကို ခွင့်လွှတ်၍ အမှုကို လက်ခံ၍ ဆုံးဖြတ်နိုင်သည်။

အကယ်၍ အလုပ်သမားက အလုပ်ရှင်ထံမှ ၁၂ လ အတွင်း လျော်ကြေးတောင်းခံခဲ့သော်လည်း | နစ်ဘက် ကျေနပ်မှုမရရှိကြ၊ မပြီးမပြတ်ရှိနေပါလျက်၊ ဆက်လက်၍ အလုပ်သမားက လျော်ကြေးမူ စွဲဆိုခြင်းမပြုဘဲနေလျှင်၊ အလုပ်ရှင်က ကာလအကန့်အသတ်မရှိဘဲ စောင့်ဆိုင်းရမည်လောဟု စောဒကတက်ဖွယ်ရှိသည်။ အလုပ်ရှင်က လျော်ကြေးပြဿနာ ပြီးပြတ်စေလျှင် လျော်ကြေးမင်းကြီးထံ ပုဒ်မ ၁၉ အရ တက်ရောက်၍ ဆုံးဖြတ်ပေးပါရန် တောင်းခံနိုင်မည်ဖြစ်ပေသည်။ လက်တွေ့အားဖြင့်ကား ထိခိုက်ဒဏ်ရာရသော အလုပ်သမား တဦးသည် ရသင့်ရထိုက်သော လျော်ကြေးငွေကို ဝိရိယ စိုက်ထုတ်၍ တောင်းခံမည်သာ ဖြစ်ပေသည်။အလုပ်ရှင်ထံမှ မရလျှင် လျော်ကြေးမူစွဲဆိုမည်သာ ဖြစ်ပေသည်။ လျော်ကြေးမင်းကြီးသည် လျော်ကြေးမူကို စစ်ဆေးဆုံးဖြတ် ရာ၌ အနုညာတ ခုံသဘော ဖြန့်ဖြေပေးခြင်းဥပဒေ၊ တရားမျှတမှုတို့နှင့်အညီ ဖြစ်စေခြင်းတို့ကို ဆောင်ရွက်သည်။ တရားမရုံးသဖွယ် တရားမကျင့်ထုံးစသည် ထုံးဥပဒေများအတိုင်း အတိအကျ လိုက်နာ ဆောင်ရွက် ရသည် မဟုတ်ပေ။

မောင်ညွန့်စိန်က မီးလောင်ဒဏ်ရာရပြီးသည်မှ ၁၂ လအတွင်း ဦးရှိန်ကြီးထံမှ လျော်ကြေးတောင်းခဲ့ခြင်း ရှိမရှိကို နောက်တဆင့် ကျွန်ုပ်တို့စဉ်းစားရပေမည်။ ထိုအချက်ပေါ်တွင် အတိအကျလျော်ကြေးမူဘွဲ့ ထွက်ဆိုခြင်း မေးမြန်းခြင်းမရှိပေ။ သို့ရာတွင် မောင်ညွန့်စိန်က ၎င်းထိခိုက်ဒဏ်ရာရသည်ကို ကိုရှိန်ကြီးသိကြောင်း၊ ဆေးဘိုးဝါးခ ငွေတရာကျော်ခန့်နှင့် ဆန်နှစ်တင်းခွဲ ထောက်ပံ့ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ လျော်ကြေးလျှောက်လွှာဘွဲ့ ၎င်းသည် ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ မှ ဇူလိုင်လ ၃၀ ရက်နေ့အထိ ပြည်ဆေးရုံတွင်၊ ထို့နောက်ရှစ်လခန့် တောင်ကြီးဆေးရုံတွင် ဆေးကုသနေခဲ့ရကြောင်းလည်း အစစ်ခံသည်။ ဦးရှိန်ကြီးကလည်း မောင်ညွန့်စိန် မီးလောင်ဒဏ်ရာရသည်မှာ အလုပ်နှင့်ပတ်သက်၍ ဖြစ်ကြောင်းကို ဝန်ခံ၍၎င်း အားဆေးဘိုးဝါးခ၊ ငွေထောက်ပံ့ခဲ့ကြောင်း။ လုပ်အားဆုံးရှုံးခြင်းအတွက် လျော်ကြေးပေးရမည်ကို မသိကြောင်း ထွက်ဆိုခဲ့သည်။ ပြည်ဆေးရုံတွင် မောင်ညွန့်စိန် ဆေးကုသရခြင်း၊ တောင်ကြီးဆေးရုံသို့ သွားရောက်ကုသရခြင်းတို့ကို လည်း ဦးရှိန်ကြီးက ၎င်း၏ဖြေလွှာတွင် ဖော်ပြထားသည်။

အထက်ပါ အချက်အလက်တို့ကို ထောက်ရှုလျှင် ဒဏ်ရာရသည်မှ ၁၂ လ ကာလအတွင်း မောင်ညွန့်စိန်က ဦးရှိန်ကြီးထံမှ ရထိုက်သောလျော်ကြေးများကို တောင်းခဲ့သည်သာဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆနိုင်ပေသည်။ ထိုကဲ့သို့သော လျော်ကြေးကို မပေးဘဲ ဆေးဘိုးဝါးခငွေ အနည်းငယ်ပေးရုံမျှနှင့် အလုပ်ရှင်၏ တာဝန်သည် ကျေပွန်ပြီမဆိုသာ။ အလုပ်သမား၏ ရပိုင်ခွင့်သည်လည်း ကုန်ဆုံးပြီ မဆိုသာချေ။

ထို့ပြင် အလုပ်သမားသည် အချိန်ကြာမြင့်စွာ ဆေးကုသလောက်အောင် ပြင်းထန်သောဒဏ်ရာ ရရှိခဲ့လျှင်၊ လျော်ကြေးတောင်းရာ၌ အချိန်လွန်စေကာမူ ထိုသို့ အချိန်လွန်ရန် လုံလောက်သောအကြောင်းရှိသည်ဟု ယူဆရမည် ဖြစ်ပေသည်။ ***Pollachi Transport Ltd., Coimbatore v. Arumuga Kounde*** (၆) တွင် ထိုသို့ပင် ဖွင့်ဆိုထားသည်။

> "The fact that the man had been ill and was a complete wreck after his discharge from the hospital is a sufficient cause within the meaning of Proviso 3 to section 10 (1)"

မောင်ညွန့်စိန်သည် ပြင်းထန်စွာ မီးလောင်ဒဏ်ရာရခဲ့ မရခဲ့ဆက်လက်၍ ကျွန်ုပ်တို့ စဉ်းစားဆုံးဖြတ်ရပေမည်။ လျော်ကြေးမူဘွဲ့ ဆရာဝန်ကြီးပရာကာပ်(ရှ)ကကိုယ်တိုင် နှစ်ကြိမ် မောင်ညွန့်စိန်အားစစ်ဆေးပြီးနောက် ၁၉၆၅ ခုနှစ်၊ မတ်လ ၄ ရက် နေ့စွဲဖြင့်

(၆) A.I.R (1938) Mad. 485.

အလုပ်သမားအဆုရှိထံ ပေးပို့သောစာတွင် တကိုယ်လုံး မီးလောင်ထားသော ဒဏ်ရာများမှာ ပျောက်ကင်းပြီဖြစ်သော်လည်း ထိုဒဏ်ရာများကြောင့် လုပ်အားရာခိုင်နှုန်း ပြည့်မပေးနိုင်ကြောင်း၊ ထင်မြင်ချက်ပေးထားသည်။ နောက်တကြိမ် ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့စွဲပါစာဖြင့်၊ လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းကို အသေးစိတ်တွက်ချက်၍ ၇၀ ရာခိုင်နှုန်းသတ်မှတ်ကြောင်း ဆရာဝန်ကြီးက ဖေါ်ပြခဲ့လေသည်။

ဆရာဝန်ကြီးကိုယ်တိုင် လျော်ကြေးမှုဥ သက်သေခံခြင်းမရှိခဲ့ပေ။ လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်း တွက်ချက်ရသည့်အခါများဥ ဆရာဝန်အား အလုပ်သမား၊ အလုပ်ရှင်တို့ကငင်း၊ လျော်ကြေးမင်းကြီးကငင်း မေးမြန်းနိုင်ရန် သက်သေအဖြစ် ခေါ်ယူဘို့လို ပေသည်။ အကယ်၍ အလုပ်သမား၊ အလုပ်ရှင် နှစ်ဦးနှစ်ဘက်က ဆရာဝန်၏ ဆေးလက်မှတ်များကို ကြေနပ်၍ ထင်မြင်ချက်ကိုလည်း လက်ခံပါသည်ဆိုလျှင်၊ သို့မဟုတ် လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းသည်၊ အထင်အရှားပေါ် လွင်နေလျှင်မူကား ဆရာဝန်အား သက်သေအဖြစ် ခေါ်ယူရန် လိုမည်မဟုတ်ပေ။ ဤအချက်ကို လျော်ကြေးမင်းကြီးများက အထူးသတိပြုသင့်ကြသည်။

ဤအမှုတွင် အလုပ်ရှင်က လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းကိုငင်း၊ ဆေးလက်မှတ်များကိုငင်း လက်ခံခြင်းမပြု၊ အလုပ်သမား၏ ရှေ့နေကြီး ဦးဘရှန်းကလည်း အထူးအယူခံကို ကာလစည်းကမ်းသတ် ပြဿနာနှင့်ပတ်သက်၍သာ လက်ခံခဲ့ခြင်းဖြစ်ရာ၊ ဆေးလက်မှတ်နှင့် လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းကို စဉ်းစားရန်မလိုပါဟု လျှောက်လဲသည်။ သို့ရာတွင် နှစ်ဦးနှစ်ဘက်ပေါ်တွင် တရားမျှတခြင်းဖြစ်သောဘုံရင်း၊ အယူခံကို ပြည့်လည်းပြည့်စုံ မြန်လည်းမြန်ဆန်စွာ ဆုံးဖြတ်နိုင်ရန်ငင်း ကျွန်ုပ်တို့ကပင်ဒေါက်တာပရာကပ်(ရှ်)အား ဖိတ်ခေါ်စစ်ဆေးခဲ့သည်။

ဒေါက်တာပရာကပ်(ရှ်)က ဆေးလက်မှတ် ၂ စောင်ကိုငင်းရေးသားပေးကြောင်း ပြောဆို၍ ဆေးလက်မှတ်များကို သက်သေခံအမှတ် "က" နှင့် "ခ" အဖြစ် လက်ခံသည်။ ပြည်မြို့ဆေးရုံကြီး မှတ်တမ်းများမှ၊ မောင်ညွန့်စိန်သည် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှ ဇူလိုင်လအထိ အတွင်းလူနာအဖြစ် တက်ရောက်ကုသခဲ့ကြောင်း ထို့နောက် လျော်ကြေးမှုအတွက် မိမိက မောင်ညွန့်စိန်အား ၁၉၆၅ ခုနှစ်တွင် စစ်ဆေးကာ လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်း ၇၀ အဖြစ် သတ်မှတ်ပေးကြောင်း၊ အသားများကို ထပ်ဖြည့်၍ ကုသထားသည်များကို တွေ့ရပြီးလျှင်၊ မောင်ညွန့်စိန်သည် တောင်ကြီးဆေးရုံ၌ တက်ရောက်ကုသခဲ့ရကြောင်းကိုလည်း သိရကြောင်းဖြင့် ဆရာဝန်ကြီးက ထွက်ဆိုသည်။ ဦးချိန်ဖိုးမေး၍ ဆရာဝန်ကြီးက၊ မောင်ညွန့်စိန်တွင် ကိုယ်အပေါ်ပိုင်း အားလုံးလိုလို၊ ရာခိုင်နှုန်းနှင့်ဆိုလျှင် တကိုယ်လုံး၏ သုံးပုံနှစ်ပုံလောက် မီးလောင်ဒဏ်ရာရခဲ့ပါသည်။ မျက်နှာအခြေအနေမှာ နဂိုရုပ်အတိုင်း မဖြစ်နိုင်တော့ပါ။ ညာဘက်

လက်လှုပ်ရှားမှု အသင့်အတင့်သာရှိပါသည်။ ကားမောင်းနိုင် မမောင်းနိုင် မပြော နိုင်ပါ။ ထုခိုင်နွန်းသတ်မှတ်ခြင်းမှာ အလုပ်သမားဌာနက ပေးထားသော ဇယား အတိုင်းဖြစ်ပါသည် စသည်ဖြင့် ဖြေဆိုသည်။ ထိုဇယားမှာ ပယ်ဖျက်ပြီးသော အလုပ်သမား လျော်ကြေးအက်ဥပဒေဇယား ၂ ဖြစ်သလောဟု ဦးချိန်ဖိုးက မေးမြန်းရာ၊ ဆရာဝန်ကြီးက အတိအကျဖြေဆိုခြင်းမပြုနိုင်ပေ။ သို့ရာတွင် ထိုပြဿနာမှာ ဥပဒေပြဿနာဖြစ်၍ ဆရာဝန်ကြီးက ဖြေဆိုရန်ခဲယဉ်းမည်သာ ဖြစ်ပေသည်။ ကျွန်ုပ်တို့က ဥပဒေကို ပြန်လည်လေ့လာသောအခါ၌ ပယ်ဖျက်ထားသောဇယား ၂ သည် "အလုပ်သမား" ဆိုသောစကားရပ်ကို အဓိပ္ပါယ်ဖွင့်ခြင်းမျှသာ ဖြစ်ခဲ့သည်။ လုပ်အားဆုံးရှုံးမှုထုခိုင်နွန်း တိုင်းထွာသတ်မှတ်နည်းနှင့် ပုံစံကို ပြင်ဆင်ခြင်းမဟုတ်ပေ။

ဆရာဝန်ကြီး၏ ထွက်ဆိုချက်နှင့် လျော်ကြေးမှုတွင် ပေါ်လွင်သောအချက်အလက်များအရ မောင်ညွန့်စိန်သည် ပြင်းထန်သော မီးလောင်ဒဏ်ရာများ အလုပ်ခွင်၌ ရရှိခဲ့ရသည်။ ထိုဒဏ်ရာများကို ဆေးရုံများ၌ တက်ရောက်၍ ကြာမြင့်စွာကုသခဲ့ရသည်။ အဖြစ်အပျက်များအရ ၎င်းသည် ဒဏ်ရာရပြီး ၁၂ လအတွင်း အလုပ်ရှင်ထံမှ လျော်ကြေး တောင်းခံခဲ့သည်ဟူ၍ ယူဆရန်ရှိသည်။ ထိုသို့ တောင်းခံခြင်းမပြုခဲ့စေဦး၊ ၎င်းတွင်ပြင်းထန်သော ဒဏ်ရာများရရှိခဲ့၍ ဆေးရုံများ၌ ကြာမြင့်စွာ တက်ရောက် ကုသခဲ့ရခြင်းမှာ ထင်ရှားသဖြင့် လျော်ကြေးမှုကို လုံလောက်သောအကြောင်းကြောင့် အချိန်လွန်မှ စွဲဆိုရသည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။

ထို့ကြောင့်အယူခံကို စရိတ်နှင့်တကွ ခွင့်ပြု၍ ဤရုံး၏တရားမအထွေထွေ အယူခံမှုတွင် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်လိုက်သည်။ ရွှေနေကြီးစရိတ် ဂျီ။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်တင်ဖေ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ ဩဂုတ်လ ၁၆ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ မူပြစ်ထင်ရှားစီရင်ခြင်း—ပစ္စည်း ကာကွယ်ခုခံပိုင်ခွင့်သည် မည်သည့်အခါတွင်လူကိုသေစေသည်အထိ ရာဇသတ်ကြီးပုဒ်မ ၃၀၃ အရ ပြုလုပ်ပိုင်ခွင့်ရှိခြင်း—ရာဇသတ်ကြီးပုဒ်မ ၉၉ အရကာကွယ်ခုခံပိုင်ခွင့် မရှိသည်ဟုပြုလုပ်မှု။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၃၀၃ အရ လူဘဦးသည် ညှဉ့်အခါ အိမ်ဖေါက်ထွင်းမှုကျူးလွန်သူကို သေစေသည်အထိ ပြုလုပ်ပိုင်ခွင့်ရှိသည်။ ထိုပြုလုပ်ပိုင်ခွင့်မှာ ပစ္စည်းကိုခုခံကာကွယ်ပိုင်ခွင့်ကျရောက်သည်။ သို့ရာတွင် ထိုခုခံကာကွယ်ပိုင်ခွင့်မှာ ရာဇသတ်ကြီး ပုဒ်မ ၉၉ တွင်ပြဋ္ဌာန်းထားသည့်အတိုင်း၊ လိုသည်ထက်ပို၍ အသုံးပြုနိုင်ခွင့်မရှိချေ။

အယူခံတရားလိုသည် သေသူအား ဒါးကိုင်၍ ရပ်နေသည်ကို တွေ့၍ မည်သူလဲဟု မေးရာ ပြန်မဖြေသဖြင့်၊ သေနတ်နှင့်ပစ်လိုက်ခြင်းဖြစ်သည်။ သေနတ်နှင့် ပစ်စဉ် အချိန်က ၎င်းတို့သည် လေးလံခန့် ဝေးသည့်အပြင်၊ သေသူမှာရွှေတိုက်ခြင်း မပြုဘဲရပ်နေရာ၊ အယူခံတရားလို အနေနှင့် သေသူအား သေနတ်နှင့် ပစ်ရန် အကြောင်းမပေါ်ပေါက်ပေ။ လက်နှိပ်ခါတ်မီးဖြင့်ထိုးထားသဖြင့်၊ သေသူကိုတွေ့မြင်နေရပြီဖြစ်ရာ၊ ဒါးကိုချ၍ အဖမ်းခံရန် ပြောဆိုမည်ဆိုက သေသူအနေနှင့် ထွက်ပြေးနိုင်လိမ့်မည် မဟုတ်ပေ။ ထိုကဲ့သို့အခြေတွင် သေနတ်နှင့်ပစ်ခတ်ခဲ့သည့် အယူခံတရားလို၏ ပြုမူချက်မှာ လိုအပ်သည့်ဘေးအန္တရာယ်ထက် ပို၍ ပြုလုပ်ခဲ့ကြောင်း ထင်ရှားသည်။

အယူခံတရားလိုအတွက်။ ။မရှိ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၀၃။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၁ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်ဘာဘ်လ ၂၀ ရက်နေ့စွဲပါ၊ မြိဘ်မြို့၊ ပဌမ အထူးတရားသူကြီးအမိန့်ကို အယူခံမှု။

၁၉၆၆

မောင်တင်ဖေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၇ အရ၊ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ မြိတ်မြို့၊ ပဌမ အထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့်၊ အယူခံဝင်ခြင်းဖြစ်သည်။

မြိတ်ခရိုင်၊ ကံမော်ရဲတပ်စခန်းအပိုင်၊ ရေစိမ်းချောင်းရွာနေ ဒေါ်ရွှေ (လိုပြ-၂) သည် မုဆိုးမတယောက်ဖြစ်ပြီး၊ မွေးစားသား မောင်သန်းတင် (လိုပြ-၁) နှင့်အတူ နေသည်။ ဒေါ်ရွှေတွင် ရော်ဘာခြံတခုရှိရာ၊ လွန်ခဲ့သည့် ၆ နှစ်ခန့်ကစ၍၊ သေသူ ဦးရွှေထူးသည် ဒေါ်ရွှေ၏ ရော်ဘာခြံအလုပ်သမားတယောက်အဖြစ်၊ တနှစ်လျင် လုပ်ခ၄၄ ၄၀၀ ကျပ်ဖြင့် အလုပ်လုပ်ခဲ့၏။ ဦးရွှေထူးသည် သားမယားများကို မော်လမြိုင်၌ထားကာ၊ ဒေါ်ရွှေ၏အိမ်၌ နေထိုင်၍ ဒေါ်ရွှေ၏အလုပ်ကို လုပ်ကိုင်ခဲ့သည်။ အခင်းမဖြစ်မီတနှစ်လောက်က၊ အယူခံတရားလိုသည် ၎င်း၏ဇနီးနှင့်ကွဲပြီး၊ ဒေါ်ရွှေ အိမ်သို့ရောက်လာ၏။ အယူခံတရားလိုသည် ဒေါ်ရွှေ၏အလုပ်များကို အခကြေးငွေ မယူဘဲ လုပ်ကိုင်ပေးကာ၊ ဒေါ်ရွှေအိမ်၌ပင် နေထိုင်ခဲ့လေသည်။ ယင်းသို့ အယူခံတရားလိုရောက်လာသဖြင့်၊ ဦးရွှေထူးအနေနှင့် ဒေါ်ရွှေထံ၌ အလုပ်လုပ်ရန် အဆင်မပြေဖြစ်ကာ၊ အယူခံတရားလိုရောက်လာပြီးနောက် ၆ လလောက်အကြာတွင်၊ ဦးရွှေထူးသည် ဒေါ်ရွှေထံမှ အလုပ်ထွက်သွားပြီး၊ ရေအေးရွာနေ မောင်သန်း (လိုပြ-၄) ထံ၌ ရေအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်လျက်ရှိသည်။ ရေအေးရွာနှင့် ရေစိမ်းချောင်းရွာမှာ လေဖြင့်သာသွားနိုင်ပြီး၊ ၂ နာရီခန့်သွားရသည့်ခရီးဖြစ်သည်။ ဦးရွှေထူးသည် မောင်သန်းထံ၌ သွားရောက်အလုပ်လုပ်နေရသော်လည်း၊ ၎င်း၏စိတ်မှာ ဒေါ်ရွှေထံသို့ရောက်နေဟန်တူသည်။ အခင်းမဖြစ်မီ၊ ၎င်းသည် ဒေါ်ရွှေ၏အိမ်သို့ ညအချိန်တွင် ၂ ကြိမ်ခန့်လာသော်လည်း၊ အခြားသူများတွေ့သွားသဖြင့်၊ ဒေါ်ရွှေနှင့် မတွေ့လိုက်ရပေ။ ထို့ကြောင့် ဒေါ်ရွှေက မောင်သန်းအား၊ ဦးရွှေထူးကို ညအချိန်မလာရန် တားဆေးရန်ပြောသဖြင့်၊ မောင်သန်းကမေးကြည့်ရာ၊ ဦးရွှေထူးက မဟုတ်ကြောင်း ငြင်းဆိုဘူးသည်။

အခင်းဖြစ်သည့် ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ညက၊ ဒေါ်ရွှေသည် အိမ်ရှေ့ဧည့်ခန်းအပြင်ဘက်အစွန်တွင်အိပ်သည်။ မောင်သန်းတင်က အလယ်တွင်အိပ်ပြီး အယူခံတရားလိုက အတွင်းဘက်အစွန် နံရံအနီးတွင် ခေါက်ကုတင်ဖြင့် အိပ်သည်။ မီးခွက်မှုတ်ပြီး အိပ်ကြရှိ အလင်းရောင်မရှိချေ။ ထိုညက မောင်သန်းတင်မှာ ခြေထောက်တွင် အနာပေါက်နေ၍၊ အနာကိုက်သဖြင့် နှစ်နှစ် ချိုက်ချိုက် အိပ်မပျော်ဘဲ ရှိရာ၊ သန်းခေါင်အချိန်လောက်တွင် အိပ်ခန်းနောက်ဘက်မှ ခြေသံကြားသဖြင့် နိုးလာသည်။ နိုးရှိကြည့်ရာ၊ အိပ်ခန်း ၂ ခုကြားဘက်မှ လက်နှိပ်ခါတ်မီးရောင် လက်ကနဲ့ တွေ့လိုက်သဖြင့်၊ အနီးဘ်အိပ်နေသည့် အယူခံတရားလိုအား "လူလူ အမြန်ထပါ" ဟု

အော်ပြီးနှိုးကာ၊ လက်နှိပ်ဓါတ်မီးဖြင့် အသံကြားရာသို့ ထိုးလိုက်၏။ ဓါတ်မီးရောင်ဖြင့် လူတယောက်ကို ဒါးကိုင်လျက် အိပ်ခန်း ၂ ခုကြားတွင်ရပ်နေသည်ကို မြင်ရ၍၊ အာယုခံတရားလိုက "ဟေ့-ဘယ်သူလဲ" ဟုမေးသော်လည်း၊ ထိုလူက မဖြေသဖြင့်၊ ၎င်း၏လုပ်သေနတ်နှင့်ပစ်လိုက်ရာ၊ ထိုသူအားထိမှန်သွားလေသည်။ သေနတ်မှန်သူသည်၊ ထိုနေရာတွင်ပင် လဲသွားသည်။ ထိုနောက် မီးခွက်ထွန်းပြီးကြည့်ရာ၊ သေနတ်မှန်သူမှာ ဦးရွှေထူးဖြစ်နေသည်ကို တွေ့ရ၏။ ဦးရွှေထူးသည် သေနတ်ဒဏ်ရာဖြင့် ပွဲခြင်းပြီး သေဆုံးသွားသည်။ ၎င်း၏အနီးတွင် ဒါးတချောင်းနှင့် လက်နှိပ်ဓါတ်မီးတလုံးကို တွေ့ရသည်။

ထိုနေ့ည က မောင်သန်းတင်နှင့် အာယုခံတရားလိုတို့သည်၊ ရေအေးရွာရှိ ဆယ်အိမ်ခေါင်း ဦးအောင်သိန်း(လိုပြ-၃)အား၊ အကျိုးအကြောင်းသွားရောက်တိုင်ကြားသည်။ ၎င်းတို့သည် ကံမော်ရဲတပ်စခန်းသို့သွားရောက်ကြပြီး၊ စခန်းမှူးဦးသန်းထွန်း (လိုပြ-၆) အား တိုင်ကြားရာ၊ ဦးသန်းထွန်းက ဦးရွှေထူး၏အလောင်းကို တပါတည်း၊ မြိတ်ရဲစခန်းသို့ယူသွားကာ ထပ်မံတိုင်ကြားရန် ညွှန်ကြားလိုက်သည်။ ရေစိမ်းချောင်းရွာမှာ မြိတ်မြို့မှ ၆၅ မိုင်ကွာဝေးပြီး၊ ရေလမ်းခရီးသာရှိသဖြင့်၊ ဦးရွှေထူး၏အလောင်းကို ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကမှ မြိတ်မြို့ ပြည်သူ့ဆေးရုံသို့ပို့ပေးနိုင်လေသည်။ ဆေးရုံရောက်သောအခါနှိပ်တွင် အလောင်းမှာ ပုပ်ပွနေသည်။ ဆရာဝန် မစ္စကျေဟိန်စွန်း (လိုပြ-၅) က စစ်ဆေးကြည့်ရှုရာ၊ အရွှေ့နံရိုး အဆက်နေရာ စတုတ္ထနံရိုးကျိုးနေသည်ကိုသာတွေ့ရပြီး၊ သေနတ်ဒဏ်ရာ အနေအထားကို ခန့်မှန်းခြင်းမပြုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ၊ ဦးရွှေထူးသည် သေနတ်မှန်ပြီး ပွဲခြင်းပြီးသေဆုံးသွားကြောင်း ပေါ်ပေါက်နေ၍၊ ၎င်းတွင်ရရှိခဲ့သော ဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာ၊ သို့မဟုတ် သဘာဝအားဖြင့် သေစေမည့်ဒဏ်ရာတခုဖြစ်ကြောင်း ယုံမှားဘွယ်မရှိနိုင်ပေ။

အထက်ပါ သက်သေအထောက်အထားများအရ၊ အယူခံတရားလိုအပေါ် လူသတ်မှုဖြင့် တရားစွဲဆိုရာ၊ အယူခံတရားလိုက မောင်သန်းတင်အော်၍ နိုးလာရာ၊ အိပ်ခန်း ၂ ခုကြားတွင် ဒါးကိုင်ပြီးရပ်နေသည့် လူတယောက်တွေ့၍၊ မည်သူလဲဟုအော်မေးသော်လည်း ပြန်မဖြေသဖြင့်၊ ရန်မူမည်စိုးရိမ်သည့်အလျောက်၊ သေနတ်နှင့်တချက်ပစ်လိုက်မိကြောင်း ထုချေသည်။ ပညာရှိ အကောက်ချုံးတရားသူကြီးက၊ အယူခံတရားလိုသည် အိမ်ကျော်နှင်းမှု ကျူးလွန်သူ ဦးရွှေထူးအား သေနတ်နှင့်ပစ်ရာတွင်၊ ခုခံကာကွယ်ပိုင်ခွင့်ကိုလိုသည်ထက်ပို၍သုံးခဲ့သည်ဟု ကောက်ယူ၊ အထက်တွင်ဖော်ပြခဲ့သည့် အတိုင်းအပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင်၊ အယူခံတရားလို၏ လက်ချက်ကြောင့်၊ ဦးရွှေထူးသေဆုံးခဲ့ရသည်ဆိုခြင်းမှာ အငြင်းမပွားပေ။ သို့ဖြစ်ရာ၊ ခုခံကာကွယ်ပိုင်ခွင့်အရ ဦးရွှေထူးအား

သေစေခဲ့ခြင်းဖြစ်သည်ဆိုသော ထုချေချက်မှာ၊ မည်မျှအခြေအမြစ်ရှိသည်ဆိုခြင်းကို ဆန်းစစ်ရပေမည်။ အခင်းဖြစ်ပွါးသည့် ဒေါ်ရွှေအိမ်ပေါ်သို့ တက်ရန်လှေခါးနှစ်ခု ရှိသည်။ တခုမှာ အိမ်ရှေ့တွင်ရှိပြီး၊ ကျန်တခုမှာ အိမ်နောက် မီးဖိုတက်ဘွင်ရှိသည်။ လှေခါးတက်သောအပေါက်များတွင်ပိတ်သည့် တခါးရွက်များမရှိချေ။ မောင်သန်းတင်နှင့် ဒေါ်ရွှေတို့က ညအချိန်တွင် ခွေးများအိမ်ပေါ်သို့ မတက်နိုင်ရန်၊ အိမ်ရှေ့လှေခါးဝင် စားပွဲ ကုလားထိုင်များချပြီး ပိတ်ထားကြောင်း။ အိမ်နောက်လှေခါးပေါက်ဝတွင်ဝါးကပ်ကိုချိတ်နှင့်ချိတ်၍ပိတ်ထားကြောင်းထွက်ဆိုသွားကြသည်။ ပညာရှိအောက်ရုံး တရားသူကြီးက၊ ထိုအချက်နှင့်ပတ်သက်၍ သက်သေများသည် မူလစစ်ဆေးစဉ်က ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိဘဲ၊ ပြန်ခေါ်စစ်ဆေးသောအခါမှ ထွက်ဆိုခဲ့ကြ၍၊ နောက်မှလုပ်ကြံ တင်ပြချက်သာဖြစ်၍ လက်မခံခဲ့ချေ။ ထိုသက်သေများသည် တရားလိုဘက်မှ တင်ပြသည့် သက်သေများဖြစ်ကြပြီး၊ ဆန့်ကျင်ဘက်ထွက်ဆိုသူများဖြစ်သည်ဟု ကျေညာထားခြင်းမရှိ၍၊ ၎င်းတို့၏ထွက်ချက်များကို လုံးဝလျစ်လျူရှုမထားနိုင်ပေ။ ထို့ပြင် ဤအချက်နှင့်ပတ်သက်၍ မောင်သန်းတင်နှင့် ဒေါ်ရွှေတို့ကို မူလစစ်ဆေးစဉ်က၊ သေချာနစ္စာ မေးမြန်းထားခြင်းမရှိသည်သာမက၊ ခွေးမတက်နိုင်အောင် ကာရံထားသည်ဆိုခြင်းမှာလည်း၊ သဘာဝမကျဟု မဆိုနိုင်ပေ။ ဒေါ်ရွှေက တံခါးမရှိ၍ လူတက်နိုင်ကြောင်း ထွက်ဆိုထားသော်လည်း၊ ခွေးမတက်နိုင်အောင် ကာရံထားခြင်းမရှိဟု ဝန်ခံခဲ့ခြင်းမပြုခဲ့ပေ။ သို့ဖြစ်ရာ၊ နောက်ဖေးလှေခါးပေါက်တွင် ညအချိန်၌ဝါးကပ်ကိုချိတ်၍ ကာထားသည်ဆိုသောအချက်ကို လက်ခံရမည်ဖြစ်သည်။ အခင်းဖြစ်ညက သေသူ ဦးရွှေထူးသည်၊ မောင်သန်းတင်၏ ထွက်ဆိုချက်အရ၊ နောက်ဖေးလှေခါးမှ အိမ်ပေါ်သို့တက်လာကြောင်း ပေါ်ပေါက်သည်။ ယင်းသို့ တက်ရာတွင်၊ ကာထားသောဝါးကပ်ကို ဖယ်ပြီးမှသာ ဝင်လာနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ကာထားသောဝါးကပ်ကို ဖယ်ပြီးတက်လာလျှင်၊ ၎င်း၏ပြုမူချက်သည် ညအချိန်အိမ်ဖေါက်ထွင်းမှု ကျူးလွန်ရာရောက်သည်။ သာမန်အိမ်ကျော်နင်းမှု မဟုတ်ချေ။

ရာဇသတ်ပုဒ်မ ၁၀၃ အရ၊ လူတဦးသည် ညဉ့်အခါ အိမ်ဖေါက်ထွင်းမှု ကျူးလွန်သူကို၊ သေစေသည်အထိ ပြုလုပ်ပိုင်ခွင့်ရှိသည်။ ထိုပြုလုပ်ပိုင်ခွင့်မှာ၊ ပစ္စည်းကို ခုခံကာကွယ်ပိုင်ခွင့် ကျရောက်သည်။ သို့ရာတွင်၊ ထိုခုခံကာကွယ်ပိုင်ခွင့်မှာ၊ ရာဇသတ်ပုဒ်မ ၉၉ တွင်ပြဋ္ဌာန်းထားသည့်အတိုင်း၊ လိုသည်ထက်ပို၍ အသုံးပြုနိုင်ခွင့်မရှိပေ။ တနည်းဆိုသော်၊ ခုံကာကွယ်ရာတွင် လိုအပ်သည့်ဘေးအန္တရာယ်ထက်ပို၍ ပြုလုပ်ပိုင်ခွင့်မရှိချေ။

ယခုအမှုတွင် အယူခံတရားလိုသည်။ သေသူအား ဒါးကိုင်၍ ရပ်နေသည်ကိုတွေ့၍ မည်သူလဲဟုမေးရာ ပြန်မဖြေသဖြင့်၊ သေနတ်နှင့်ပစ်လိုက်ခြင်းဖြစ်သည်။ သေနတ်နှင့်

ပစ်စဉ်အချိန်က၊ ၎င်းတို့သည် လေးလံခန့်ဝေးသည့်အပြင် သေသူမှာ ရှေ့သို့တိုးလာခြင်းမပြုဘဲ ရပ်နေရာ၊ အယူခံတရားလိုအနေနှင့် သေသူအား သေနတ်ဖြင့်ပစ်ရန် အကြောင်း မပေါ်ပေါက်ပေ။ လက်နှိပ်ခါတ်မီးဖြင့်ထိုးထားသဖြင့်၊ သေသူကိုတွေ့မြင်နေရပြီဖြစ်ရာ၊ ဒါးကိုချ၍ အဘမ်းခံရန်ပြောမည်ဆိုက၊ သေသူအနေနှင့် ထွက်ပြေးနိုင်လိမ့်မည်မဟုတ်ပေ။ ထိုကဲ့သို့ အခြေတွင် သေနတ်နှင့်ပစ်ခတ်ခဲ့သည့် အယူခံတရားလို၏ ပြုမူချက်မှာ၊ လိုအပ်သည့်ဘေးအန္တရာယ်ထက်ပို၍ ပြုလုပ်ခဲ့ကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ၊ အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ ၃၀၄ အရ အပြစ်ရှိသည်ဆိုသော အောက်ခုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

ဤအမှုဖြစ်ပွါးရခြင်းမှာ၊ သေသူက ညအချိန်အိမ်ဖေါက်ထွင်းမှု ကျူးလွန်ခဲ့ခြင်းကြောင့်ဖြစ်ရာ၊ အယူခံတရားလိုအပေါ် ချမှတ်ထားသော အပြစ်ဒဏ်မှာ ကြီးလေးလွန်းသည်ဟုယူဆသည်။ ထို့ကြောင့်၊ အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၄ အရ အပြစ်ရှိသည်ဆိုသော အောက်ခုံး၏ဆုံးဖြတ်ချက်ကို အတည်ပြုပြီး၊ ၎င်းအား အလုပ်နှင့်ထောင်သုံးနှစ်သာ ကျခံစေရန် ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

A

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ၌တွင်

† ၁၉၆၆ — ဇူလိုင်လ ၁၄ ရက်။

မောင်တင်အောင် ပါ ၃ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီးပုဒ်မ ၃၆၆(က)/ ၃၆၆/ ၁၁၄ အရမှုပြစ်ထင်ရှား စီရင်ခြင်း—မိန်းကလေးတဦးအား သာမန်ဆွဲခေါ်ခြင်း၊ သို့တည်းမဟုတ် ခိုးယူခြင်း၊ သို့တည်းမဟုတ် သွေးဆောင်ခြင်းဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရပြစ်မှု မမြောက်ခြင်း—ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရပြစ်မှုမြောက်သော အင်္ဂါရပ်များ—ခိုးယူဆွဲခေါ်သွေးဆောင်စဉ် တရားခံ၏ ပြုမူချက်ပေါ် မူတည်မှီငြမ်းပြုလျက် တရားခံသည် မည်သည့်အကြံနှင့် ပြုလုပ်သည်ဟု ဆုံးဖြတ်ရခြင်း—သူပျိုတယောက်က အပျိုတဦးအား အတင်း ဆွဲခေါ်လျှင် ဖြစ်တတ်သော ဓမ္မတာသဘောအရ မတရားသဖြင့် ကာမစပ်ယှက်ရန်အကြံနှင့် ပြုလုပ်သည်ဟု ယူဆရခြင်း—ကြဲရွယ်ချက် မရှိကြောင်း ထင်ရှားအောင် မြရန်တဝန်မှာ သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၆ ၏ ဥပမာ(ဘေ) အရ တရားခံအပေါ် ကျရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။မိန်းကလေးတဦးအား သာမန် ဆွဲခေါ်ကာမျှဖြင့်၊ သို့တည်းမဟုတ် ခိုးယူကာမျှဖြင့်၊ သို့တည်းမဟုတ် သွေးဆောင်ကာမျှဖြင့်၊ ရာဇသတ်ပုဒ်မ ၃၆၆ အရပြစ်မှု မမြောက်။ ထိမ်းမြားပေးစားခြင်းငှါ အတင်းအဓမ္မပြုရန် အကြံနှင့်သော်၎င်း၊ သို့တည်းမဟုတ် အနိုင်အထက်ပြုကာ မတရားသဖြင့်ကာမစပ်ယှက်ရန် အကြံနှင့် သော်၎င်း၊ ခိုးယူဆွဲခေါ်၊ သွေးဆောင်မှသာ ပုဒ်မ ၃၆၆ နှင့်အကျုံးဝင်မည်ဖြစ်သည်။ သို့ရာတွင် ယင်းသို့မိန်းကလေးတဦးအား ခိုးယူစဉ်၊ ဆွဲခေါ်စဉ်၊ သွေးဆောင်စဉ် တရားခံ၏စိတ်၌ မည်သည့်အကြံ ရှိသည်ဆိုခြင်းကို မည်သူကမှ တပ်အပ်ပြောနိုင်မည် မဟုတ်၍၊ တရားလိုအစိုးရအနေနှင့် တရားခံသည် မည်သည့်အကြံနှင့် ပြုလုပ်သည်ဟု သက်သေတင်ပြနိုင်လိမ့်မဟုတ်ပေ။ သို့ဖြစ်ရာ ထိုကဲ့သို့ ခိုးယူဆွဲခေါ် သွေးဆောင်စဉ် တရားခံ၏ ပြုမူချက်အပေါ် မူတည်မှီငြမ်း ပြုလျက် တရားခံသည် မည်သည့်အကြံနှင့် ပြုလုပ်ခဲ့သည်ဟု ဆုံးဖြတ်ရပေမည်။

လူပျိုတယောက်က အပျိုတဦးအား အတင်းဆွဲခေါ်လျှင် ဖြစ်တတ်သော ဓမ္မတာသဘောအရ၊ မတရားသဖြင့် ကာမစပ်ယှက်ရန် အကြံနှင့် ပြုလုပ်သည်ဟု ယူဆရမည်သာ ဖြစ်သည်။

● ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၆၀။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့စွဲပါ၊ အင်းစိန်မြို့၊ ပဉ္စမရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုအယူခံဝင်မှု။

ဆိုကဲ့သို့သော ကြံရွယ်ချက်မရှိဟု ဆိုလျှင် မည်သည့်ကြံရွယ်ချက်နှင့် ဆွဲခေါ်သည်ဟု ထင်ရှားအောင်ပြရန် တာဝန်မှာ သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၆ ၏ ဥပမာ (အေ)အရ၊ တရားခံအပေါ် ဥက္ကရောက်လျက်ရှိသည်။

ဟိုင်ဒါရှား နှင့် **နိုင်ငံတော်**၊ အေ၊အိုင်၊အာ(ရှ်)၊၁၉၃၀၊ လာဟို ၅၂။

ကျိုက္ခါဝါယား နှင့်**နိုင်ငံတော်**၊ အေ၊အိုင်၊ အာ(ရှ်)၊ ၁၉၃၀၊ လာဟို ၁၆၃။

မဟာမက်ဆာခန်နှင့်**နိုင်ငံတော်**၊ အေ၊အိုင်၊အာ(ရှ်)၊ ၁၉၃၀၊ လာဟို ၄၇၄ ရည်ညွှန်းသည်။

အ့လီအူရာမန် နှင့် **နိုင်ငံတော်**၊ အဝဲ့ ၁၁၊ ခုနှစ်စီရင်ထုံး၊ ၂၁၃ ခွဲခြားပြသည်။

ကပ်မ်ဆုံးဖြတ်ချက်။ ။အယူခံဘရားလိုသည် မိမိထက် အသက်ကြီးသည့် အပျိုကြီးအား တဖက်သတ် မေတ္တာရှိနေပြီး အပျိုကြီးက မေတ္တာတုံ့ပြန်ခြင်း မပြုသဖြင့်၊ အကြမ်းနည်းဖြင့် မေတ္တာကို ရသူရန်ကြံစည်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ပြုမူချက်မှာ ရာဇဝတ်မှုကျူးလွန်ရန်ကြံရွယ်သည်ထက် မှားယွင်းသော စွန့်စားမှုမျိုးကို ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ဆိုရန် အကြောင်းပေါ်ပေါက်စေ၍၊ အပြစ်ဒဏ် သတ်မှတ်ရာ၌ သက်ညှာသင့်သည်ဟု ယူဆသည်။

အယူခံတရားလိုမျာ်းအတွက်။ ။ဦးပိ မြမောင်။

အယူခံတရားခံအတွက်။ ။အုပ်ိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်တင်အောင်အပေါ် ရာဇသတ်ပုဒ်မ ၃၆၆ (က) အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်၊ အယူခံတရားလို မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့အပေါ် ရာဇသတ် ပုဒ်မ ၃၆၆/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သော အင်းစိန်မြို့ ပဋမရာဘက်ရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

မှော်ဘီမြို့နေ မခင်ညိမ်း (လိုပြ-၁) သည် အသက် ၃၈ နှစ်ရှိ အပျိုကြီးဖြစ်ပြီး မှော်ဘီဇေးထဲ၌ အထည်ဆိုင် တည်ခင်း ရောင်းချကာ မိခင်နှင့် တူမလေး ၂ ယောက်ကို လုပ်ကျွေးနေသူဖြစ်သည်။ အယူခံတရားလို မောင်တင်အောင်မှာ ၂၇ နှစ်အရွယ်လူပျို တဦးဖြစ်သည်။ ၎င်းသည် မှော်ဘီဈေးထဲတွင် အပ်ချုပ်ဆိုင် ဖွင့်လှစ်ထားပြီး အပ်ချုပ်စားသူဖြစ်သည်။ အယူခံ တရားလို မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့မှာ မောင်တင်အောင်၏ မိတ်ဆွေများ ဖြစ်ကြပြီး နှောကုန်းရွာသားများ ဖြစ်သည်။

လွန်ခဲ့သည့် ၁၃၂၇ ခုနှစ်၊ ကဆုန်လပြည့်။ ၁၉၆၅ ခု၊ မေလ ၁၅ ရက်နေ့တွင် မခင်ညိမ်းသည် နှောကုန်းရွာ၊ သဲအင်းဂူ ဘုန်းကြီးကျောင်းသို့ သွားရောက်၍ ဥပုသ်စောင့်သည်။ ညနေ ၄ နာရီခန့် အချိန်တွင် မခင်ညိမ်းသည် မလှမြင့် (လိုပြ-၂)၊ မခင်မြင့် (လိုပြ-၃) တို့နှင့်အတူ ဥပုသ်စောင့်ရာ ဘုန်းကြီးကျောင်းမှ မှော်ဘီမြို့သို့ ခြေလျင်ပြန်လာကြရာ ဦးစုရ (လိုပြ-၄) က အမျိုးသမီးများနောက်မှ စက်ဘီး

၁၉၆၆

မောင်တင်အောင်ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

တွန်းချလိုက်ခဲ့သည်။ ဘုန်းကြီးကျောင်းနှင့် မလှမ်းမကမ်းရှိ လမ်းဘေးတဲတခုမှ မောင်တင်အောင် ထွက်လာပြီး မခင်ညိမ်းတို့နှင့်အတူ လိုက်မည်ဟု ပြောရာ မခင်ညိမ်းက မလိုက်ရန် တားသည်။ ထိုအခါ မောင်တင်အောင်သည် ဦးစုရထဲမှ စက်ဘီးငှါးရမ်းပြီးထွက်သွားသည်။ ခဏကြာကာလ မောင်တင်အောင်သည် စက်ဘီးနှင့် ပြန်လာရာ ၎င်းနှင့်အတူ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့ ပါလာသည်။ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့မှာ မောင်တင်အောင် စီးလာသော စက်ဘီးဘေးမှ လမ်းလျှောက်လာကြသည်။

မောင်တင်အောင်သည် မခင်ညိမ်း အနီးသို့ ရောက်သောအခါ စက်ဘီးကို ထောင်ထားလိုက်ပြီး မခင်ညိမ်းအား အတင်းလက်ဆွဲခေါ်သည်။ မခင်ညိမ်းကရုန်းကန်ပြီး ဘိန်ပခွတ်ကာ မောင်တင်အောင်အား ရိုက်သည်။ မောင်တင်အောင်က အတင်းဆွဲပြီး မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့ကလည်း ဝိုင်းကူ၍ ဆွဲသဖြင့် မခင်ညိမ်းမှာ ရုန်းကန်ရင်း လမ်းဘေး လယ်ကွက်ထဲသို့ ဒရွတ်တိုက်ပြီး ပါသွားသည်။ မခင်မြင့်က မခင်ညိမ်း၏ လက်တဘက်ကို ဆွဲထားသော်လည်း အားချင်း မမျှသဖြင့် မခင်ညိမ်းသည် မောင်တင်အောင်တို့ လူစုဆွဲရာသို့ ပါသွားခြင်း ဖြစ်သည်။ လယ်ကွက်ထဲသို့ ရောက်သောအခါ မောင်တင်အောင်သည် မခင်ညိမ်းအား ပခုံးပေါ်တင်ပြီး အတင်းထမ်းပြေးသည်။ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့လည်း အနားမှ ကပ်ပြီးလိုက်သွားကြသည်။

ထိုအချိန်တွင် မခင်ညိမ်း၊ မခင်မြင့်နှင့် မလှမြင့်တို့ အော်ဟစ်သဖြင့် ဘုရားလမ်းရှေ့မှ ရွာသားပေါင်း ၂၀ ကျော် ထွက်လာကာ၊ မခင်ညိမ်းကိုလွှတ်ရန်ဝိုင်းအော်သောကြောင့်၊ မောင်တင်အောင်သည် ပခုံးပေါ်မှ အောက်သို့ ချလိုက်ရသည်။ မခင်ညိမ်းသည် သူကြီးထံတွင် တိုင်ရန်သွားရာ၊ သူကြီးမရှိသဖြင့် မှော်ဘီရဲစခန်း၌ ချက်ခြင်းသွားရောက်တိုင်တန်းသည်။ အယူခံ တရားလို သုံးဦးကို ရွာသားများက ဘမ်းဆီးပြီး၊ ရဲစခန်း၌ အပ်ပေးလိုက်သဖြင့်၊ ၎င်းတို့အပေါ် ရုံးတင်တရားစွဲဆိုခဲ့ခြင်း ဖြစ်လေသည်။

အယူခံ တရားလို မောင်တင်အောင်က၊ မိမိသည် မခင်ညိမ်းအား အလုပ်နှင့် ပတ်သက်၍၊ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြောင်း၊ ချစ်ခင်လည်း ဆိုဘူးကြောင်း၊ သို့ရာတွင် မခင်ညိမ်းက ချစ်ရေး မတို့ပြန်ဘဲ၊ ယောကျ်ားဖြစ်ပြီး သတ္တိမရှိဘူးလား ဟုပြောဘူးကြောင်း၊ ကဆုန်လပြည့်နေ့တွင် ခိုးမည်ဟု မခင်ညိမ်းအား ပြောပြီး ငွေ ၅၀ တောင်းရာ၊ ထိုငွေကို မခင်ညိမ်းက ပေးကြောင်း၊ ကဆုန်လပြည့်နေ့တွင် မောင်အောင်သန်း (ခံပြ-၆) ၏ မော်တော်ကားကို ငှါးပြီး၊ ဘုရားလမ်းထိပ်တွင် ထားကာ၊ ဘုန်းကြီးကျောင်းအနီးတွင် သွားစောင့်နေကြောင်း၊ မခင်ညိမ်းတို့ ထွက်

လာသဖြင့်၊ ဦးစုရထံမှ စက်ဘီးငှါးပြီး ကားသွားကြည့်ရာ၊ ကားကို မတွေ့သဖြင့် ပြန်လာသောအခါ၊ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့ကိုတွေ့၍၊ ၎င်းတို့အား မိန်းမခိုးရန် အကူအညီတောင်းကာ ပြန်လာကြောင်း၊ အနီးရောက်ကာလ မခင်ညိမ်းအား ပွေ့၍ဆွဲကြောင်း၊ မခင်ညိမ်းက ခြေထောက်နာသည် ပြောရှိ ပခုံးပေါ် တင်၍ ထမ်းငင်ကြောင်း ထုချေပြီး၊ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့ ကမူ၊ ၎င်းတို့အား မောင်တင်အောင်က မိန်းမခိုးရန် ခေါ်၍ လိုက်လာရာ၊ မောင်တင်အောင်က မခင်ညိမ်းကိုဆွဲခေါ်နေစဉ် မိန်းကလေးများ အော်သဖြင့်၊ ရွာသားများ ထွက်လာပြီး၊ မိမိနှင့် မောင်တင်အောင်ကို ဘမ်းဆီးလိုက်ကြောင်း၊ မခင်ညိမ်းအား ဆွဲရာတွင် မိမိတို့ မပါကြကြောင်း ထုချေသော်လည်း၊ ၎င်းတို့၏ ထုချေချက်များကို ပညာရှိအောက် ရုံးတရားသူကြီးသည် လက်မခံဘဲ၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် ကာယကံရှင် မခင်ညိမ်း၊ မျက်မြင်သက်သေများ ဖြစ်ကြသည့် မလှမြင့်၊ မခင်မြင့်နှင့် ဦးစုရတို့၏ ထွက်ဆိုချက်များအရ၊ အယူခံ တရားလို မောင်တင်အောင်သည် မခင်ညိမ်းအား သဘောမတူဘဲ၊ အတင်းဆွဲခေါ်ထမ်းပြေးကြောင်း ယုံမှားဘွယ် မရှိနိုင်ပေ။ အကယ်၍ မခင်ညိမ်းက ၎င်းအား ခိုးရန် ချိန်းဆိုထားရိုးမန့်ပါမူ၊ မခင်ညိမ်းသည် ၎င်းအား ဘိန်ပ်ခွက်ပြီး ရိုက်ရန် အကြောင်းမရှိချေ။ ယင်းသို့ အတင်း အဓမ္မဆွဲခေါ်ထမ်းပြေးရာတွင်၊ အယူခံ တရားလို မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့က အားပေးကူညီခဲ့ကြသည် ဆိုခြင်းမှာလည်း ထင်ရှားသည်။ သို့ဖြစ်ရာ၊ အယူခံ တရားလိုတို့သည်၊ မည်သည့် ပြစ်မှုကို ကျူးလွန်ခဲ့သနည်းဆိုသော ပြဿနာကို ဆန်းစစ်ရပေမည်။

အယူခံ တရားလိုတို့၏ ပညာရှိရှေ့နေကြီး ဦးပိမြမောင်က၊ တရားလို မောင်တင်အောင်သည် မခင်ညိမ်းအား ဆွဲခေါ်ထမ်းပြေးရာတွင် မည်သည့် အကြံနှင့် ဆွဲခေါ်သည်ဟု တရားလို အစိုးရဘက်မှ သက်သေအထောက်အထား မတင်ပြခဲ့သဖြင့်၊ ရာဇသတ်ပုဒ်မ ၃၆၆ (၁) အရ၊ ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်းတင်ပြသွား၏။ မိန်းကလေး တဦးအား သာမန်ဆွဲခေါ်ကာမျှဖြင့်၊ သို့တည်းမဟုတ် ခိုးယူကာမျှဖြင့်၊ သို့တည်းမဟုတ် သွေးဆောင်ကာမျှဖြင့်၊ ရာဇသတ် ပုဒ်မ ၃၆၆ အရ၊ ပြစ်မှုမမြောက်ဟုဆိုသော ဥပဒေအချက်ကို လက်ခံသည်။ ထိမ်းမြား ပေးစားခြင်းဌာနအတင်းအဓမ္မပြုရန် အကြံနှင့်သော်၎င်း၊ သို့တည်းမဟုတ် အနိုင်အထက်ပြုကာ မတရားသဖြင့် ကာမစပ်ယှက်ရန် အကြံနှင့်သော်၎င်း၊ ခိုးယူဆွဲခေါ်၊ သွေးဆောင်မှသာ ပုဒ်မ ၃၆၆ နှင့်အကျုံးဝင်မည် ဖြစ်သည်။ သို့ရာတွင် ယင်းသို့ မိန်းကလေးတဦးအား ခိုးယူစဉ်၊ ဆွဲခေါ်စဉ်၊ သွေးဆောင်စဉ် တရား၏စိတ်၌ မည်သည့် အကြံရှိသည်

ဆိုခြင်းကို မည်သူကမှ တပ်အပ်ပြောနိုင်မည် မဟုတ်၍၊ တရားလို အစိုးရ အနေနှင့် တရားခံသည် မည်သည့်အကြောင်းနှင့် ပြုလုပ်သည်ဟု သက်သေတင်ပြနိုင်လိမ့်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ထိုကဲ့သို့ ခိုးယူဆွဲခေါ် သွေးဆောင်စဉ် တရားခံ၏ ပြုမူချက် အပေါ်မူတည် မှီငြမ်းလျက် တရားခံသည် မည်သည့် အကြောင်းနှင့် ပြုလုပ်ခဲ့သည် ဟု ဆုံးဖြတ်ရပေမည်။

လူဖျိုတယောက်က အပျိုတဦးအား အတင်းဆွဲခေါ်လျှင် ဖြစ်တတ်သော ဓမ္မတာသဘောအရ၊ မတရားသဖြင့် ကာမစပ်ယှက်ရန် အကြံနှင့် ပြုလုပ်သည်ဟု ယူဆရမည်သာ ဖြစ်သည်။ ထိုကဲ့သို့ သော ကြံရွယ်ချက် မရှိဟု ဆိုလျင်၊ မည်သည့် ကြံရွယ်ချက်နှင့် ဆွဲခေါ်သည်ဟု ထင်ရှားအောင် ပြရန်တာဝန်မှာ သက်သေခံ ဥပဒေ ပုဒ်မ ၁၀၆ ၏ ဥပမာ (အေ) အရ၊ တရားခံအပေါ်၌ ကျရောက်လျက် ရှိသည်။ ထိုအတိုင်းပင် **ဟိုင်ဒါရှား** နှင့် **နိုင်ငံတော်** (၁)၊ **ဂျိုဂျိုဝါယား** နှင့် **နိုင်ငံတော်** (၂)၊ **မဟာမက်ဆာဒန်** နှင့် **နိုင်ငံတော်** (၃) တို့အမှုများ၌ အဆုံးအဖြတ် ပေးထားသည်ကို တွေ့မြင်နိုင်ပေသည်။

ယခုအမှုတွင် ဦးစုရက အယူခံ တရားလိုသည် အခင်းမဖြစ်မီက မခင်ညိမ်းအား ချစ်ရေးဆိုရာ မခင်ညိမ်းက မလိုက်လျောကြောင်း ပြောဘူးသည်ဟု ထွက်ဆိုထားသည့် အပြင်၊ အယူခံ တရားလို ကိုယ်တိုင်ကလည်း မခင်ညိမ်းအား ဇနီးအဖြစ် ပေါင်းသင်းရန်ခိုးကြောင်း ဝန်ခံထားသဖြင့်၊ အယူခံ တရားလိုသည် မခင်ညိမ်းအား မတရားကာမစပ်ယှက်ရန် အကြံဖြင့် ဆွဲခေါ်ကြောင်း ထင်ရှားသည်။ အယူခံ တရားလိုက အခြားကြံရွယ်ချက်ဖြင့် ဆွဲခေါ်သည်ဟု တင်ပြနိုင်ခဲ့ခြင်း မရှိချေ။ အယူခံ တရားလို၏ ပညာရှိရှေ့နေကြီး တင်ပြသော **အလီအူရာမန်** နှင့် **နိုင်ငံတော်** (၄) အမှုမှာ၊ အတင်းအဓမ္မ ထိမ်းမြားပေးစားရန် ကိစ္စနှင့်သာ သက်ဆိုင်သောကြောင့်၊ ဤအမှုတွင် အသုံးမပြုနိုင်ပေ။

အထက်ပါ အကြောင်းမျှားကြောင့်၊ အယူခံ တရားလို မောင်တင်အောင်သည် ရာဇသတ်ပုဒ်မ ၃၆၆ (၁) အရငင်း၊ အယူခံ တရားလို မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့သည် ပုဒ်မ ၃၆၆ (၁)/၁၁၄ အရငင်း၊ အပြစ်ရှိသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

---

(၁) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၀၊ လာဟို ၅၂။
(၂) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၀၊ လာဟို ၁၆၃။
(၃) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၇၊ လာဟို ၄၇၄။
(၄) အတွဲ ၁၁၊ ရန်ကုန်စီရင်ထုံး ၂၁၃။

ဤအမှုတွင် အယူခံ တရားလိုသည် မိမိထက် အသက် ကြီးသည့် အပျိုကြီး မခင်ညိမ်းအား တဘက်သတ် မေတ္တာရှိနေပြီး မခင်ညိမ်းက မေတ္တာတုံ့ပြန်ခြင်း မပြုသဖြင့် အကြမ်းနည်းဖြင့် မေတ္တာကို ရယူရန် ကြံစည်ခဲ့ခြင်း ဖြစ်သည်။ ၄င်း၏ ပြုမူချက်မှာ ရာဇဝတ်မှု ကျူးလွန်ရန် ကြံရွယ်သည်ထက် မှားယွင်းသော စွန့်စားမှုမျိုးကို ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ဆိုရန် အကြောင်း ပေါ်ပေါက်နေ၍၊ အပြစ် ဒဏ် သတ်မှတ်ရာ၌ သက်ညှာသင့်သည်ဟု ယူဆသည်။ ဤအယူခံတရားလိုများမှာလည်း အယူခံတရားလို မောင်တင်အောင်နှင့် ကြိုတင် ကြံစည်ကြသူများ မဟုတ်ဘဲ၊ မခင်ညိမ်းအား ဆွဲခေါ်သည့် နေ့ကမှ မောင်တင်အောင်သည် မော်တော်ကား မရသဖြင့်၊ ၄င်းတို့အား ရွာမှခေါ်၍ လိုက်ပါခြင်းသာ ဖြစ်သည်။

ထို့ကြောင့် အောက်ရုံးမှ ချမှတ်ထားသော အပြစ် ဒဏ် တို့ကို ပယ်ဖျက်ကာ အယူခံ တရားလို မောင်တင်အောင် အပေါ် ရာဇသတ် ပုဒ်မ ၃၀၆ (၁) အရ၊ အလုပ်နှင့် ထောင် သုံးနှစ် ကျခံစေရန် နှင့် အယူခံ တရားလို မောင်တင်စိန် နှင့် မောင်တင်ထွန်း တို့အပေါ် ရာဇသတ် ပုဒ်မ ၃၀၆ (၁) / ၁၁၄ အရ၊ အလုပ် နှင့် ထောင်ဒဏ် တနှစ်စီသာ ကျခံကြစေရန် ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီးဦးထွန်းတင် ရှေ့တွင်

မောင်ပါပိန် (အယူခံတရားလို)

နှင့်

ဒေါ်သင်းကြိုင် (အယူခံတရားခံ)*

စာရင်းရှင်းပြီး ကတိအရ ပေးရန်ငွေကို ရလိုမှုတရားစွဲဆိုခြင်း—၉ ဦးကော်မီတီမှ အစုစပ် လုပ်ငန်းအတွက် စာရင်းများကို ၂ ဦး နှစ်ဘက် ကြေလည်ရန် ရှင်းလင်းပေးပြီး ဖြစ်ကြောင်း ယူဆနိုင်၊ မယူဆနိုင်—လူကြီးများ၏ ဖြန်ဖြေချက်အပေါ် မူတည်၍ တရားစွဲဆိုရန် ဥပဒေအရ အခွင့်အရေး ရှိ မရှိ—၉ ဦးကော်မီတီ၏ ဆုံးဖြတ်ချက်မှာ ခုံသမာဓိရုံးမှ ဆုံးဖြတ်ချက် ဖြစ်သည်ဟု ယူဆနိုင်ရန် အကြောင်းရှိမရှိ—ခုံသမာဓိရုံး အက်ဥပဒေအရ၊ တရားစွဲဆိုခြင်း၊ ပြုလုပ်နိုင် မလုပ်နိုင်။

အယူခံတရားလိုနှင့် အယူခံ တရားခံတို့ အရောင်းအဝယ် အလုပ်ကို စပ်တူ လုပ်ကိုင်ကြရာ အချိန်စေ့သောအခါ စာရင်းမရှင်းသဖြင့် အယူခံ တရားခံက ၉ ဦး ကော်မီတီသို့ တင်ပြသည်။ အယူခံ တရားလိုက လူကြီးများဆုံးဖြတ်ချက် ချသည့်အတိုင်း မလိုက်နာ၍၊ လူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး အယူခံတရားခံက တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။အမှု၏ အကြောင်းအချက်များအရ၊ အထက်အယူခံရုံးမှ ပြဆိုသကဲ့သို့ ၉ ဦးကော်မီတီမှ တရားလိုနှင့် တရားခံတို့၏ အစုစပ် လုပငန်းအတွက် စာရင်းများကို နှစ်ဦးနှစ်ဖက် ကြေကြေလည်လည် ရှင်းလင်းပေးခဲ့ပြီး ဖြစ်ကြောင်း မည်သို့မျှ ယူဆနိုင်စွမ်း မရှိပေ။ စာရင်းမရှင်းရသဖြင့် နှစ်ဦးနှစ်ဖက်အား လူကြီးများ ဆုံးဖြတ်ပေးသည်ကို နာခံပါမည်လားဟု မေးမြန်းခဲ့ကြောင်း၊ တရားလို တရားခံတို့က နာခံမည်ဖြစ်ကြောင်း သဘောတူညီကြသဖြင့် ဆုံးဖြတ်ပေးလိုက်ခြင်းသာ ဖြစ်ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်၍၊ အယူခံ တရားခံက ထိုလူကြီးများ၏ ဖြန်ဖြေချက်အပေါ် မူတည်၍ တရားစွဲဆိုရန် ဥပဒေအရ အခွင့်အရေး မရှိကြောင်းထင်ရှားပေသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၁၁။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် သဆို့မြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

†၁၉၆၆
ဩဂုတ်လ
၁၂ ရက်။

Biswanath Chowby and one v. *Janaw*, (1951) B.L.R. p. 219 (H.C.)ရည်ညွှန်းသည်။
ဦးထွန်းအေးနှင့် ဦးထွန်းမောင်ပါ ၂၊ ၁၉၆၂ ခု၊ မြန်မာပြည် စီရင်ထုံး ၅၂၆ (တရားရုံးချုပ်)။
မောင်ချစ်ဦးနှင့် မောင်ပြား၊ ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၆ စာ ၅၃၀။
ကန်ကာနီ နှင့် မောင်ဖိုးရင်၊ အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ ၁၊ စာ ၁၉၀၊ ခြားနား ပြသည်။

အမှုမှာ ၉ ဦးကော်မိတီမှ ဖြန်ဖြေချက်အပေါ် မူတည်၍ တရားစွဲဆိုခြင်း ဖြစ်သဖြင့် ၉ ဦး ကော်မိတီ၏ဆုံးဖြတ်ချက်မှာ ခုံသမာဓိရုံးမှ ဆုံးဖြတ်ချက် ဖြစ်သည်ဟု ယူဆနိုင်ရန် အကြောင်းရှိပေသည်။ သို့ရာတွင် ခုံသမာဓိရုံးမှ ဆုံးဖြတ်ချက်အပေါ် မူတည်၍ တရားစွဲဆိုရန် ခုံသမာဓိရုံး အက်ဥပဒေအရ မပြုလုပ်နိုင်။ ဆုံးဖြတ်ချက်ကို ရုံးတွင်းသာ အရေးယူပေးရန် လျှောက်ထားခွင့် ရှိသည်။

Maung Ohn Maung and one v. *Ma Net Pon and three others*, (1956) B.L.R. 469 (H.C.) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘိုးသာ။

အယူခံတရားခံအတွက်။ ။မစ္စတာ စံစီပိုး။

ရုံးတော်သဟာယအဖြစ်။ ။(အစိုးရရှေ့နေကြီး) မစ္စတာ အက်(စ်)ကော့ရီ(ရှ်) ။

တရားသူကြီး ဦးထွန်းတင်။ ။ဤအမှုမှာ အယူခံတရားခံ ဖြစ်သူ ဒေါ်သင်းကြိုင်က၊ သထုံမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမမှုအမှတ် (၂) တွင် တရားခံဖြစ်သူ အယူခံတရားလို မောင်ပါဝိန်အပေါ် စာရင်းရှင်းပြီး ကတိအရ ပေးရန် ငွေကျပ် ၁,၉၂၀ ရလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ၊ ရုံးမှအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်ကို ဒေါ်သင်းကြိုင်က သထုံမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၁ တွင် အယူခံဝင်ရောက်ခဲ့ရာ၊ အောက်ရုံးမှ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍၊ တရားလိုဖြစ်သူ ဒေါ်သင်းကြိုင် တရားစွဲဆိုသည့် အတိုင်း စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်လေသည်။ ထိုသို့ဒီကရီ ချမှတ်ပေးသည်ကို မကျေနပ် သဖြင့် တရားခံဖြစ်သူ အယူခံတရားလို မောင်ပါဝိန်က ယခု ဒုတိယအယူခံမှုကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။

အမှုအကြောင်းအရာ အတိုချုပ်မှာ တရားလိုဖြစ်သူ ဒေါ်သင်းကြိုင်နှင့် မောင်ပါဝိန်၊ မောင်ခင်မြဆိုသူတို့သည်၊ ဝါးနှင့်ဖက် အရောင်းအဝယ်အလုပ်ကို စပ်တူလုပ်ကိုင်ကြ၍ ထိုအလုပ်အတွက် တရားလိုဖြစ်သူ ဒေါ်သင်းကြိုင်က ငွေစိုက်ထုတ်ပေးပြီး၊ တရားခံ မောင်ပါဝိန်နှင့် မောင်ခင်မြတို့က လူစိုက်အဖြစ် လုပ်ကိုင်ကြရာ၊ အမြတ်ငွေများကို ညီတူညီမျှ ခွဲဝေယူကြရန် သဘောတူသည်ဆိုကြောင်း၊ ၎င်းအစုစပ် လုပ်ငန်းနှင့်

ပတ်သက်၍ တစ်နှစ်စေ့ရောက်က စာရင်းရှင်းရန် သဘောတူညီမှု ရှိခဲ့သော်လည်း အချိန်စေ့ရောက်သည့်အခါ ဒေါ်သင်းကြိုင်က စာရင်းရှင်းရန် ပြောဆိုသည်ကို တရားခံဖြစ်သူ မောင်ပါဝိန်က စာရင်းများမရှင်းလင်းပေးနိုင်သဖြင့် ဒေါ်သင်းကြိုင်က ၁၉၆၃ ခု၊ မေလ ဂ ရက်နေ့တွင်၊ သထုံမြို့(၉)ဦး ကော်မတီထံ၌ အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ စာရင်းများရှင်းလင်း ပေးရန် ပြောကြားသည်တွင်၊ (၉)ဦးကော်မတီက တရားလို တရားခံများအား ခေါ်ပြီး၊ တရားခံဖြစ်သူ မောင်ပါဝိန်က တရားလို ဒေါ်သင်းကြိုင်သို့ ငွေ ၁၉၂၀ ကျပ်ကို ပေးရမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချသည်ကို တရားခံဖြစ်သူ မောင်ပါဝိန်က သဘောတူညီ၍ ထိုငွေများကို တစ်လလျှင် ငွေ၃၀၀ ကျပ်စီပေးပါမည်ဟု ကတိပေးပြီး လက်မှတ်ရေးထိုးခဲ့လေသည်။ ထိုနောက် မောင်ပါဝိန်က ငွေများကို တစ်ပြားတစ်ချပ်မှ ပေးဆပ်ခြင်းမပြုသဖြင့် တရားလိုဖြစ်သူ ဒေါ်သင်းကြိုင်က လူကြီးများ ဆုံးဖြတ်သည့်အတိုင်း ငွေ ၁၉၂၀ ကျပ်ကို ရလိုမှုဖြင့် တရားစွဲဆိုခြင်းဖြစ်သည်။

တရားခံဖြစ်သူ မောင်ပါဝိန်ကမူ စပ်တူလုပ်ငန်းအတွက် စာရင်းများကို ယနေ့အထိ မရှင်းလင်းရသေးကြောင်း ငြင်းဆို၍ လူကြီးများက ဆုံးဖြတ်ပေးသည်ကိုလည်း စစ်တပ်ကအရေးယူပြီး အပြစ်ပေးမည်ကို ကြောက်သဖြင့် လက်မှတ်ရေးထိုးခဲ့ခြင်းသာဖြစ်သောကြောင့် ထိုငွေများကို ပေးဆပ်ရန်အတွက် ၎င်း၌ တာဝန်မရှိပါဟု ကန့်ကွက်ချေပလေသည်။

တရားလို၏ စွဲဆိုလွှာနှင့် တရားခံ၏ ချေပလွှာများအရ၊ မူလရုံးမှ အမှုတွင် ကောက်ချက် (၆) ခု ထုတ်နှုတ်၍ စစ်ဆေးခဲ့ရာ၊ ပထမကောက်ချက်နှင့် ပတ်သက်၍ တရားလို တရားခံတို့သည် ဖက်နှင့်ဝါး အရောင်းအဝယ် စပ်တူလုပ်ခြင်းနှင့် ပတ်သက်၍ စာရင်းရှင်းလင်းကြပြီးသည်ဆိုခြင်းမှာ မမှန်ဘဲ စာရင်းမရှင်းလင်းနိုင်၍ (၉) ဦးကော်မတီက တရားခံအား ငွေ ၁၉၂၀ ကျပ်ကို တရားလိုသို့ ပေးရန်သာ ဖြန်ဖြေပေးပြီး ထိုဖြန်ဖြေချက်ကို တရားခံက သဘောတူခဲ့ခြင်းဖြစ်သည်ဟု ဖြေဆိုသည်။ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ နှင့် ပဉ္စမ ကောက်ချက်များနှင့် ပတ်သက်၍လည်း တရားလိုဖြစ်သူ အယူခံ တရားခံ အတွက် အသာပေး ဖြေဆိုခဲ့လေသည်။ ကောက်ချက် အမှတ်(၆)နှင့် ပတ်သက်၍မူ၊ ယခုအမှုမှာ စပ်တူလုပ်ငန်းအတွက် စာရင်းများကို နှစ်ဦးနှစ်ဖက် ပြေလည်စွာ ရှင်းလင်းခဲ့ပြီး တရားခံဖြစ်သူ အယူခံတရားလိုက ငွေမည်ရွေမည်မှု ပေးရန် ကျန်ရှိကြောင်း တွေ့ရှိသည့်အတိုင်း တရားခံက သဘောတူ ဝန်ခံခဲ့ကြောင်း မဟုတ်သဖြင့် ယခင် တရားလွှတ်တော်တွင် ဆုံးဖြတ်ခဲ့သည့် ***Biswanath Chowby and one v.fanaw*** (1) စီရင်ထုံးတွင် ပြဆို ကိုးကားခဲ့သည့် စီရင်ထုံးများအရ ယခုအမှုတွင် တရားလိုဖြစ်သူ အယူခံတရားခံက လူကြီးများ၏ ဆုံးဖြတ်ချက်အပေါ်

(1) (1951) B.L.R. p. 219 (H.C.).

မူတည်၍ တရားစွဲဆိုရန် အခွင့်အရေးမရှိဆိုပြီး တရားလိုဖြစ်သူ ဒေါ်သင်းကြိုင်၏ အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်း ဖြစ်သည်။

အယူခံဝင်သောအခါ အယူခံမှုကို ကြားနာသည့် ပညာရှိခရိုင်တရားမ တရားသူကြီးက (၉) ဦး ကော်မီတီက စာရင်းရှင်းပေးခဲ့ခြင်းမှာ နှစ်ဦးနှစ်ဖက် အပြန်အလှန် အပေးအယူတို့ကို စုံစမ်းပြီးမှ ဖြန်ဖြေပေးခြင်းသာ ဖြစ်ပေလိမ့်မည်ဟု ယူဆရန်ရှိသည်တစ်ကြောင်း၊ ထိုသို့ဖြန်ဖြေဆုံးဖြတ်ပေးသည့် ငွေများကို တရားခံဖြစ်သူ မောင်ပါပိန်က ပေးဆပ်ရန် ကတိပြုခဲ့ပြီး ဖြစ်သည်ကတစ်ကြောင်း၊ ထို့ကြောင့် စာရင်းများကို ဥပဒေအရ ရှင်းလင်းသည်ဟု ယူဆနိုင်စွမ်းရှိသည်ဆိုပြီး နောက်ထပ် အမှုမပွားစေရန် တရားလို ဒေါ်သင်းကြိုင် စွဲဆိုခဲ့သည့်အတိုင်း၊ ဥပဒေအရ မဟုတ်သော်လည်း အမှန်တရား (**Equity**) သဘောအရ ဆုံးဖြတ်ပေးသင့်သည်ဟု ပြဆို၍ အောက်ရုံးမှ စီရင်ချက်နှင့် ဒီဂရီကို ပယ်ဖျက်ပြီး ဒေါ်သင်းကြိုင်၏ အယူခံကို ခွင့်ပြု၍ ၎င်းစွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ ဒီဂရီချမှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုအယူခံမှုတွင်လည်း အဓိကစဉ်းစားရန် အချက်မှာ (၉) ဦး ကော်မီတီမှ ဆုံးဖြတ်ပေးခြင်းမှာ မူလရုံးမှ ရည်ညွှန်းသည့် စီရင်ထုံးများကို ခံ၍ ၎င်တရားရုံးချုပ်မှ ဆုံးဖြတ်ခဲ့သည့် **ဦးထွန်းအေး နှင့် ဦးထွန်းမောင်ပါ ၂(၂)** စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း နှစ်ဦးနှစ်ဖက် စာရင်းများကို အကြေအလည် ရှင်းလင်းပြီး တွေ့ရှိရသည့်ငွေ ဖြစ်သည်ဟုယူဆနိုင်စွမ်းရှိမရှိ ဖြစ်ပေသည်။အဘယ်ကြောင့် ဆိုသော် ၎င်းစီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း ဝရားလိုက စွဲဆိုခဲ့သည့် ငွေမှာ နှစ်ဦးနှစ်ဖက် အကြေအလည် စာရင်းရှင်းပြီး တွေ့ရှိသည့်ငွေ ဖြစ်သည်။ ထိုငွေကို ပေးဆပ်ရန်ရှိကြောင်း၊ တရားခံက ဝန်ခံခဲ့ခြင်း ရှိမှသာ တရားလိုက ထိုစာရင်းရှင်းတမ်းအပေါ်၌ မူတည်၍ ဥပဒေအရ တရားစွဲဆိုခွင့် ရှိမည်ဟု ဆုံးဖြတ်ထားသောကြောင့် ဖြစ်ပေသည်။ ၎င်းအချက်နှင့် ပတ်သက်၍ သက်သေခံချက်များကို လေ့လာသောအခါ စာရင်းရှင်းပေးသည့် (၉) ဦး ကော်မီတီ၏ ဥက္ကဋ္ဌဖြစ်သူဦးထွန်းလှိုင် (လို၌-၁)၏ ၏ ထွက်ဆိုချက်အရတွင် ဒေါ်သင်းကြိုင်နှင့် မောင်ပါပိန်တို့ တင်ပြကြသည့် စာရင်းများကို ကော်မီတီက ကြည့်ရှုရာ စာရင်းတွင် ပစ္စည်းရောင်းသည့် စာရင်းသာရှိ၍ ငွေမရှိသောကြောင့် စာရင်းများကို မည်သို့မျှ ရှင်း၍ မရသောကြောင့် နှစ်ဦး နှစ်ဖက် သဘောတူညီချက်ကို ရယူပြီး တရားခံဖြစ်သူ မောင်ပါပိန်က ဒေါ်သင်းကြိုင်သို့ ငွေ ၁,၉၂၀ကျပ်ကိုတစ်လလျှင် ငွေ ၃၀၀ ကျပ်ပေးဆပ်စေရမည်ဟု ဖြန်ဖြေဆုံးဖြတ်

(2) 1962 B.L.R p.526 (C.C).

ပေးလိုက်ကြောင်းသာ တွေ့ရှိရလေသည်။ သို့ဖြစ်ရကား အထက်အယူခံရုံးမှ ပြဆိုသကဲ့သို့ (၉) ဦးကော်မတီမှ တရားလိုနှင့် တရားခံတို့၏ အစုစပ်လုပ်ငန်းအတွက် စာရင်းများကို နှစ်ဦးနှစ်ဖက် ကြေကြေလည်လည် ရှင်းလင်းပေးခဲ့ပြီးဖြစ်ကြောင်း မည်သို့မျှ ယူဆနိုင်စွမ်းမရှိပေ။ ဦးထွန်းလှိုင်၏ ထွက်ဆိုချက်အရသာ စာရင်းရှင်း၍ မရသဖြင့် နှစ်ဦးနှစ်ဖက်အား လူကြီးများ ဆုံးဖြတ်ပေးသည်ကို နာခံပါမည်လားဟု မေးမြန်းခဲ့ကြောင်း၊ တရားလို တရားခံတို့က နာခံမည်ဖြစ်ကြောင်း သဘောတူညီကြသဖြင့် ဆုံးဖြတ်ပေးလိုက်ခြင်းသာဖြစ်ကြောင်း ထွက်ဆိုထားသဖြင့် အထက်က ရည်ညွှန်းခဲ့သည့် ဦးထွန်းအေး စီရင်ထုံးတွင် ဖော်ပြထားသည့် **မောင်ချစ်ဦးနှင့် မောင်ပြား** (၃) ၏ စီရင်ထုံးနှင့် **ကန်ကာနီနှင့် မောင်ဖိုးရင်** (၄) တို့၏ စီရင်ထုံးများတွင် ချမှတ်ခဲ့သည့် မူများနှင့် လုံးဝကိုက်ညီခြင်း မရှိသဖြင့် တရားလိုဖြစ်သူ ဒေါ်သင်းကြိုင်က ထိုလူကြီးများ၏ ဖြန်ဖြေချက်အပေါ် မူတည်၍ တရားစွဲဆိုရန် ဥပဒေအရ အခွင့် အရေး မရှိကြောင်းမှာ ထင်ရှားပေသည်။ တရားလို၏ စွဲလှာကို ကြည့်ရှုမည်ဆိုလျှင် အပိုဒ် ၄ တွင် အခင်းဖြစ်အကြောင်းအရာ ပေါ်ပေါက်သည့်နေ့တွင် ကော်မီတီလူကြီးများ ဆုံးဖြတ်သည်ဆိုသည့် ၁၉၆၃ ခု၊ မေလ၊ ဂ ရက်နေ့မှစ၍ တရားစွဲဆိုရန် ပေါ်ပေါက်ပါသည်ဟု ပြဆိုထားသဖြင့် ထို (၉) ဦးကော်မီတီက ထိုဆုံးဖြတ်ချက်အပေါ် မူတည်၍ တရားလိုက ယခုအမှုကို စွဲဆိုခဲ့ကြောင်းမှာ ပေါ်လွင်နေပေသည်။ ထို့ကြောင့် အောက်အယူခံရုံးမှ ဥပဒေအရ မဟုတ်ဘဲ တရားမျှတမှုအပေါ် မူတည်၍ အယူခံတရားခံ၏ အယူခံကို ခွင့်ပြုခဲ့ခြင်းမှာ လက်ခံအတည်ပြုနိုင်ရန် အကြောင်းမရှိသောကြောင့် ပယ်ဖျက်ရမည် ဖြစ်ပေသည်။

ထို့မှတစ်ဆင့် ယခုအမှုမှာ (၉) ဦး ကော်မီတီမှ ဖြန်ဖြေချက်အပေါ် မူတည်၍ တရားစွဲဆိုခြင်း ဖြစ်သဖြင့် (၉) ဦး ကော်မီတီ၏ ဆုံးဖြတ်ချက်မှာခုံသမာဓိရုံးမှ ဆုံးဖြတ်ချက်ဖြစ်သည်ဟု ယူဆနိုင်ရန် အကြောင်းရှိပေသည်။ သို့ရာတွင် ခုံသမာဓိရုံးမှ ဆုံးဖြတ်ချက်အပေါ် မူတည်၍ တရားစွဲဆိုရန် ခုံသမာဓိရုံး အက်ဥပဒေအရ မပြုလုပ်နိုင်ကြောင်းကို ***Maung Ohn Maung and One v. Ma Net Pon and three others*** (5) ၏ စီရင်ထုံးတွင် အတိအလင်းပြဆိုထားရာ၌ ဆုံးဖြတ်ချက်ကို ရုံးတွင်သာ အရေးယူပေးရန် လျှောက်ထားခွင့်ရှိကြောင်း ပြဆိုထားသောကြောင့် ဖြစ်ပေသည်။ ထို့အတွက်တရားလိုဖြစ်သူ အယူခံတရားခံကပင်(၉)ဦးကော်မတီ၏ ဆုံးဖြတ်ချက်

(၃) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၆၊ စာ ၅၃၈။
(၄) အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ ၁၊ စာ ၁၉၀။
(5) 1956 B.L.R.p.469 (H.C)

အပေါ် မူတည်၍ ဆုံးဖြတ်ချက်အရ မိမိအား ခွင့်ပြုထားသည့် ငွေများကို တရားခံဖြစ်သူ အယူခံတရားလိုထံမှ ရရှိရန် တရားစွဲဆိုပိုင်ခွင့် မရှိပေ။

ဖော်ပြပါ အကြောင်းများကြောင့် ယခုအယူခံမှုကို ခွင့်ပြုပြီး သထုံမြို့ ခရိုင်တရားမတရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ် တရားမ အယူခံမှုအမှတ် ၁၁ တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီဂရီကို ပယ်ဖျက်၍ တရားလိုဖြစ်သူ အယူခံတရားခံ ဒေါ်သင်းကြိုင်က စွဲဆိုသည့်အမှုကို ရုံးများအားလုံးတွင် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ် အထွေထွေလျှောက်လွှာ

တရားသူကြီး ဦးချစ် ရှေတွင်

† ၁၉၆၆

ဩဂုတ်လ
၁၉ ရက်၊

မောင်မောင်တင် (လျှောက်ထားသူ)

နှင့်

မောင်အုံးချို (လျှောက်ထားခံရသူ) *

ရာဇသတ်ကြီး ပုဒ်မ ၄၉၇ အရ၊ တရားစွဲဆိုခြင်း—ရာဇဝတ် ကျင့်ထုံးပုဒ်မ ၁၀၅ ရုံးတရုံးက အမှု တမှုကို စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာရှိသည်ဟု လက်ခံစစ်ဆေးခြင်း—အခြားတရုံးကလည်း ၎င်း၌ပင် စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာရှိသည်ဟု ယူဆပြီး လက်ခံစစ်ဆေးခြင်း—မည်သည့် ရုံးက စစ်ဆေးနိုင်သည်ဟု ဒို့ဟ သံသယ ဖြစ်ခြင်း—တရားရုံးချုပ်အနေနှင့် အဆုံးအဖြတ် ပေးနိုင်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။မယားခိုးမှုဖြစ်သော ရာဇသတ်ကြီးပုဒ်မ ၄၉၇ အရ၊ စွဲဆိုသောအမှု၏ ဦးတိုက်လျှောက်လွှာနှင့် ၎င်းကတင်ပြသော သက်သေခံစာရွက်စာတမ်းများကို မူလရုံးက လေ့လာကြည့်ရှုပြီး မိမိ၌ စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာရှိ မရှိကို ဆုံးဖြတ်ရန် ဖြစ်ပေသည်။ရုံးတရုံးက အမှုတခုကို စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာရှိသည်ဟု လက်ခံစစ်ဆေး၍ နောက်အခြား တရုံးကလည်း ၎င်း၌ပင် စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာရှိသည်ဟု ယူဆပြီး လက်ခံစစ်ဆေးရာတွင် မည်သည့်ရုံးက စစ်ဆေးနိုင်သည်ဟု ဒို့ဟ သံသယဖြစ်ပေါ်လာမှသာလျှင် တရားရုံးချုပ်အနေနှင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၅ အရ အဆုံးအဖြတ်ပေးနိုင်သည်။

၁နှ၀မ်ထရီဍူ (ရ်) ဂါဒတ် (စ်) နှင့် အစိုးရ၊ အေ၊ အိုင်၊ အာ (ရ်) ၁၉၃၃ လာဟို၊ စာ ၇၅၂ ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးသန်းအောင်။

လျှောက်ထားခံရသူအ(၁)ွက်။ ။ဦးသက်ငွေ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာအမှတ် ၄၆။

† ဖျာပုံမြို့၊ မြို့မရာဇဝတ်တရားသူကြီးရုံး ရာဇဝတ်ကြီးမှုအမှတ် ၉၇/၆၆ ကို၊သုံးခွမြို့၌သာ တရားစွဲဆိုသင့်ကြောင်းဖြင့် တင်သွင်းသော လျှောက်လွှာ။

တရားသူကြီး ဦးချစ် ။ ။လျှောက်ထားခံရသူ (တရားလို) မောင်အုံးချိုက လျှောက်ထားသူ (တရားခံ) မောင်မောင်တင်အပေါ် မိမိ၏ လက်ထပ်မယားဖြစ်သော မမြမြ (ခေါ်) မမြတုတ်ကို မတရားခိုးယူပေါင်းသင်းသည်ဟုဆိုကာ ရာဇသတ်ပုဒ်မ ၄၉၇ အရ ဖျာပုံမြို့၊ မြို့မရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမူ အမှတ် ၉၇ တွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုသည်။ ရုံးက ထိုအမှုကို လက်ခံပြီး ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရ မောင်အုံးချိုကို စစ်ဆေးလေသည်။ ထိုကဲ့သို့ စစ်ဆေးပြီးနောက် တရားခံ မောင်မောင်တင်အား ရုံးသို့ အမှုလာဆိုင်ရန် သမ္မာန်စာ ထုတ်လိုက်သည်။

လျှောက်ထားသူ မောင်မောင်တင်က ယခု ဖျာပုံမြို့တွင် စစ်ဆေးနေသော အမှုကို သုံးခွမြို့ ၌ စစ်ဆေးရန် အမိန့်ချမှတ်ပေးပါမည့်အကြောင်း ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၅ အရ ဤရုံးသို့ လျှောက်ထားသည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး ဦးသန်းအောင်က ဤရုံးသို့ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၅ အရ လျှောက်ထားရခြင်းမှာ လျှောက်ထားခံရသူ မောင်အုံးချိုက စွပ်စွဲထားသည့်အတိုင်း မယားခိုးသည်ဆိုသည့် အမှုအဖြစ်အပျက် အကြောင်းခြင်းရာမှာ ဖျာပုံမြို့တွင် မဟုတ်ပါ။ သုံးခွမြို့ ၌ ဖြစ်သဖြင့် ဖျာပုံမြို့ ရှိရုံးသည် စစ်ဆေးနိုင်သော နယ်နိမိတ် အာဏာမရှိပါ။ စစ်ဆေးနိုင်သောရုံးမှာ သုံးခွမြို့ ရှိရုံး သာလျှင်ဖြစ်ပါသည်။ ထို့ကြောင့် ဤအမှုကို သုံးခွမြို့ရှိရုံး၌ စစ်ဆေးစေရန် အမိန့် ချမှတ်ပေးပါမည့်အကြောင်း လျှောက်ထားသွားသည်။

လျှောက်ထားခံရသူ၏ ပညာရှိရှေ့နေကြီး ဦးသက်ငွေက လျှောက်ထားသူသည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၅ အရ ဤရုံးသို့ မလျှောက်ထားနိုင်ပါ။ ထိုပုဒ်မကဆိုသည်မှာ စီရင်ပိုင်ခွင့်အာဏာနှင့်ပတ်သက်၍ တရားရုံးချုပ်၏ စီမံခန့်ခွဲခြင်း ခံရသော အောက်ရုံးများတွင် နယ်နိမိတ်အာဏာနှင့်ပတ်သက်၍ ဒွိဟသံသယဖြစ်မှသာလျှင် ဤရုံးသို့ အဆိုပါပုဒ်မနှင့် လျှောက်ထားနိုင်ပါသည်။ ယခုလျှောက်လွှာမှာ အခြေအနေအရ ဆိုလျှင် နယ်နိမိတ်အာဏာနှင့်ပတ်သက်၍ ဒွိဟသံသယဖြစ်နိုင်စရာ အကြောင်းမရှိပါ။ လျှောက်ထားခံရသူ (တရားလို) မောင်အုံးချိုက ၎င်း၏ မယားကို လျှောက်ထားသူ (တရားခံ) မောင်မောင်တင်က သုံးခွမြို့ ၌ လက်ထပ်၍ ၎င်း၏ မယားဖြစ် စေသဖြင့် မယားခိုးမှု အကြောင်းခြင်းရာ အဖြစ်အပျက်မှာ ဖျာပုံမြို့ ၌ မပေါ်လွင်ပါ။ သုံးခွမြို့ ၌သာ ပေါ်လွင်ပါသည်ဟု ရိုးသားစွာဝန်ခံ၍ တင်ပြသွားသည်။ သို့ရာတွင် နယ်နိမိတ် စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်၍ ဒွိဟသံသယဖြစ်ပေါ်ခြင်းမျိုး မရှိ သောကြောင့် ဤရုံးက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၀၅ အရ လျှောက်ထားသော လျှောက်လွှာကို လက်မခံသင့်ပါဟု တင်ပြသွားသည်။

၁၉၆၆

မောင်မောင်တင်
နှင့်
မောင်အုံးချို။

ပညာရှိ အစိုးရရှေ့နေကြီး ဦးတိုးမောင်က၊ ပညာရှိရှေ့နေကြီး ဦးသက်ဒေ၏ တင်ပြချက်ကို ထောက်ခံသွားလေသည်။

မောင်အုံးချိုက မောင်မောင်တင်ကို မယားခိုးမှုဖြစ်သော ရာဇသတ်ပုဒ်မ ၄၉၇ အရစွဲဆိုသော အမှု၏ ဦးတိုက်လျှောက်လွှာနှင့် ၎င်းကတင်ပြသော သက်သေခံစာရွက်စာတမ်းများကို၊ မူလရုံးကလေ့လာကြည့်ရှုပြီး၊ မိမိ၌ စီရင်ပိုင်ခွင့် နယ်နိမိတ်အာဏာရှိမရှိကို ဆုံးဖြတ်ရန်ဖြစ်ပေသည်။ရုံးတရုံးကအမှုတခုကို စီရင်ပိုင်ခွင့်နယ်နိမိတ်အာဏာရှိသည်ဟု လက်ခံစစ်ဆေး၍၊ နောက်အခြားရုံးတရုံးကလည်း၊ ၎င်း၌ပင် စီရင်ပိုင်ခွင့်နယ်နိမိတ်အာဏာရှိသည်ဟု ယူဆပြီး လက်ခံစစ်ဆေးရာတွင်၊ မည်သည့်ရုံးက စစ်ဆေးနိုင်သည်ဟု ဒွိဟသံသယဖြစ်ပေါ်လာမှသာလျှင်၊ ဤရုံးအနေနှင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၅ အရ အဆုံးအဖြတ်ပေးနိုင်သည်။ ယခုအမှုမှာ ဤကဲ့သို့မဟုတ်ပေ။ **ဒန်ဝမ်ထရီဒူ(ရ်)ဂါဒတ် (စ်)** နှင့်**အစိုးရ** (၁) အမှုတွင်၊ ဤကဲ့သို့အဆုံးအဖြတ်ပေးထားသည်။

> **" Where two Courts have concurrent jurisdiction, the mere fact that one has taken cognizance of the case will not preclude the other Court from taking cognizance. In such a case High Court might interfere to declare which Court should continue the proceedings."**

၎င်းပြင် 14 P.R. 1887 Cr. တွင် ဤကဲ့သို့ အဆုံးအဖြတ်ပေးထားသည် ကိုတွေ့ရှိရသည်။

> **" Where no doubt exists as to jurisdiction of the Court, section 185 does not apply."**

အထက်တွင် ဖေါ်ပြပါအကြောင်းများကြောင့် ဤလျှောက်လွှာကိုပယ်လိုက်သည်။

---

(၁) **A.I.R. (1933), Lahore 852.**

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

မောင်သန်းဌေး (အယူခံတရားလို) † ၁၉၆၆

နှင့်

မပု (ခေါ်) မသန်းရင် (အယူခံတရားခံ)* ဇွန်လ ၁၁ ရက်။

ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သဖြင့် လျော်ကြေးရလိုမှု—အရွယ်ရောက်ပြီး ဖြစ်သည့် မြန်မာ ဗုဒ္ဓဘာသာမိန်းကလေးနှင့် ယောကျ်ားကလေး အချင်းချင်း သဘောတူညီမှုဖြင့် ကာမရာဂစပ်ယှက်ကြခြင်း—ပဋိသန္ဓေတည်ရှိခြင်း—လက်ထပ်ထိမ်းမြားရန် ငြင်းဆိုခြင်း—လျော်ကြေးပေးထိုက် မပေးထိုက်။

ဆုံးဖြတ်ချက်။ ။အရွယ်ရောက်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာ မိန်းကလေး တဦးနှင့် ယောကျ်ားကလေးတဦးတို့သည် မိမိတို့ အချင်းချင်း သဘောတူညီမှုဖြင့် ကာမရာဂ စပ်ယှက်ကြသည်တွင် မိန်းကလေး၌ ပဋိသန္ဓေတည်ရှိရာ ယောကျ်ားလုပ်သူက မိန်းကလေးအား လက်ထပ်ထိမ်းမြားရန် ငြင်းဆိုသော်မိန်းကလေးအား ယောကျ်ားလုပ်သူက ရွေးထုံး ဓမ္မသတ်မျှားအရငင်း၊ တရားရုံးချုပ်က ဆုံးဖြတ်ထားသည့် စီရင်ထုံးမျှားအရငင်း လျော်ကြေး မပေးထိုက်။

မခင် နှင့် မောင်မြကြီး၊ ရွေးချယ်ထားသည့် စီရင်ထုံးမျှား၊အတွဲ ၁၊ ၁၀၇၂ —၉၉၊စာ ၁၁၄။

မောင်တိုးတိတ် နှင့် မနှင်းဇံ၊ ရွေးချယ်ထားသည့် စီရင်ထုံးမျှား၊ အတွဲ ၁၊ ၁၀၇၂ —၉၉၊စာ ၂၃၅။

မငွေရီ နှင့် မောင်လှမောင်၊ ၄၂ အိုစီ၊ စာမျက်နှာ ၅၃၉။

မယုံ နှင့် မောင်ဘိုးလူး၊ အထက်မြန်မာပြည် စီရင်ထုံး အတွဲ ၂၊ (၁၀၉၇ —၀၁) စာ ၄၉၉။

မလှဝိုင်း နှင့် မောင်ကံ၊ အထက်မြန်မာပြည်စီရင်ထုံးများ (၁၉၀၇—၀၉)၊ စာ ၁၉ ရည်ညွှန်းသည်။

မောင်ကိုကြီးနှင့် ဒေါ်အုံးခင်၊ နိုင်ငံတော်တရားရုံးချုပ်၊ ၁၉၆၄ ခုနှစ်၊ တရားမ စောဒကမအမှတ် (၁) ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။ဦးထွန်းဝေ။

အယူခံတရားခံအတွက်။ ။ဦးမြစိန်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၃။

† ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇ တွင်၊ မန္တလေးမြို့၊ ရာဘက် ခရိုင် တရားရုံးတော်၏ ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့စွဲပါ ဒီကရီကို အယူခံဝင်မှု။

A

တရားသူကြီးဦးစိန်သင်း။ ။၎င်အမှုတွင် အဓိကဆုံးဖြတ်ရန်အချက်မှာ အရွယ်ရောက်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာ မိန်းကလေးတစ်ဦးနှင့် ယောကျ်ား ကလေးတစ်ဦးတို့သည် မိမိတို့အချင်းချင်း သဘောတူညီမှုဖြင့် ကာမရာဂ စပ်ယှက် ကြသည်တွင် ထိုမိန်းကလေး၌ ပဋိသန္ဓေတည်ရှိခဲ့ရာ ယောကျ်ားလုပ်သူက မိန်းကလေး အား လက်ထပ်ထိမ်းမြားရန် ငြင်းဆိုခဲ့သော် ထိုမိန်းကလေးအား ယောကျ်ားလုပ် သူက လျော်ကြေးပေးထိုက်မပေးထိုက်ဟူသည့် အချက်ဖြစ်သည်။ ထိုပြဿနာပေါ်ပေါက် လာရခြင်းအကြောင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

မန္တလေးမြို့ မြို့နယ်တရားမရုံး၌ အယူခံတရားခံ မသန်းရင်က အယူခံတရားလို မောင်သန်းဌေးအပေါ်တွင် ထိမ်းမြား လက်ထပ်ရန် ကတိပျက်ကွက်သဖြင့် လျော်ကြေးငွေ ၂၀၀ ကျပ် ရလိုမှု၊ တရားစွဲဆိုခဲ့သည်။ မသန်းရင်သည် အသက် ၂၂ နှစ်ကျော်မျှရှိပြီး တစ်လင်ကွာ မိန်းမတစ်ဦး ဖြစ်သည်။ မသန်းရင်၏ အဆိုတွင် မိမိအား မောင်သန်းဌေးက လက်ထပ်ထိမ်းမြားပါမည် ဟု ပြောဆိုသဖြင့် မိမိနှင့် မောင်သန်းဌေးတို့သည် အကြိမ်ကြိမ် ကာမရာဂစပ်ယှက်ခဲ့ရာ နောက်ဆုံးတွင် မိမိ၌ ပဋိသန္ဓေရှိခဲ့ကြောင်း၊ ထိုအခါ မိမိက မောင်သန်းဌေးအား လက်ထပ်ထိမ်းမြားရန် ပြောဆိုသော်လည်း မောင်သန်းဌေးက ငြင်းဆန်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိနှစ်နာမှုအတွက် မောင်သန်းဌေးထံမှ လျော်ကြေးငွေ ၂၀၀ ကျပ် ရထိုက်ကြောင်းဖြင့် အဆိုပြုထားသည်။ တရားခံ မောင်သန်းဌေးက မသန်းရင်၏ စွပ်စွဲခဲ့ချက်များကို လုံးဝငြင်းဆိုထား၏။

ပညာရှိအောက်ရုံးတရားသူကြီးက မောင်သန်းဌေးသည် မသန်းရင်အား လက်ထပ်ထိမ်းမြားရန် ကတိပြုခဲ့ကြောင်း မထင်ရှားဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် မသန်းရင်သည် မောင်သန်းဌေးနှင့် ကာမရာဂစပ်ယှက်သဖြင့် မသန်းရင်တွင် ပဋိသန္ဓေရှိနေခြင်းဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ထားသည်။ ထို့ကြောင့် "တရားမျှ တမှုကို ရေးရှုပြီး တရားလိုသည် မိမိတောင်းဆို သည့်အတိုင်း လျော်ကြေးငွေ မရထိုက်စေ ကာမူ နှစ်ဖက်မျှတ၍ စရိတ်လွှတ် ငွေ ၁၅၀ ကျပ် ပေးစေ" ဟု အမိန့်ချ မှတ်လိုက်သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် မောင်သန်းဌေးက အယူခံဝင်ရာ ထိုအယူခံမှုကို မန္တလေးမြို့ ရာဘက်ခရိုင် တရားမရုံး၊ ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇ တွင် ကြားနာစစ်ဆေးခဲ့သည်။ ပညာရှိရာဘက် ခရိုင်တရားမတရားသူကြီးက မောင်သန်းဌေးသည် မသန်းရင်အား ထိမ်းမြားလက်ထပ်ရန် ကတိမရှိဟု အောက်ရုံး ယူဆခြင်းကို လက်ခံသည်။ သို့ရာတွင် "တရားလိုသည် မိမိကိုယ်ကို တရားခံသို့ အကြိမ်ကြိမ်ပေးအပ်၍ ပဋိသန္ဓေရရှိခဲ့ သည်ဖြစ်ရာ ထိမ်းမြားလက်ထပ်မည်။ တောင်းရမ်းမည် စသည်နှင့် တရားခံက ကတိပြုခဲ့ခြင်း မရှိဟုဆိုလျှင် တရားခံက ဖြားယောင်းသွေးဆောင်သည်ကိုတရားလိုက ယုံကြည်သဖြင့် သဘောတူညီကာ ကာမစပ်ယှက်ခဲ့ခြင်း

ကြောင့် ပဋိသန္ဓေရှိခြင်းဖြစ်သည်" ဟုဆုံးဖြတ်ချက် ချမှတ်လိုက်သည်၊ ထိုကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ပြီးနောက်၊ ယခင် တရားရုံးချုပ်များက ချမှတ်ထားသည့် စီရင်ချက်များတွင် ထိမ်းမြားလက်ထပ်ရန် ယောကျ်ားက ကတိပြုခြင်းမရှိဘဲ ဖြားယောင်းသွေးဆောင်ပြီး ကျူးလွန်မိသောကြောင့် ပဋိသန္ဓေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြန်မာဗုဒ္ဓဘာသာ မိန်းမတယောက်သည် လျော်ကြေး မတောင်းဆိုနိုင်ဟု ပြဆိုထားသော်လည်း၊ ထိုစီရင်ထုံးများသည်၊ ခေတ်နှင့်လျော်ညီသော စီရင်ထုံးများ မဟုတ်ခြင်းကြောင့် မလိုက်နာဘဲ များမကြာမီက ဤရုံးမှဆုံးဖြတ်ခဲ့သည့် **မောင်ကိုကြီး**နှင့် **ဒေါ်အုံးခင်** အမှုစီရင်ထုံးကို ကိုးကားကာမူလရုံးတရားသူကြီး၏ စီရင်ချက်ကိုအတည်ပြုထားလေသည်။

ကာမရာဂ စပ်ယှက်ခြင်းအတွက် မိန်းကလေး၌ လျော်ကြေး တောင်းပိုင်ခွင့် မရှိဟူသည့် ပြဿနာနှင့် ပတ်သက်ပြီး အလွန်ရှေးကျသည့် စီရင်ထုံးမှာ **မခင်**နှင့် **မောင်မြကြီး** (၁)အမှု စီရင်ထုံးဖြစ်သည်၊ ထိုအမှုတွင် တရားလို မိန်းကလေးတွင် ပဋိသန္ဓေရှိခဲ့သဖြင့် မိန်းကလေး၌ လျော်ကြေးတောင်းဆိုနိုင်ခွင့် မရှိဆိုသည့် ပြဿနာသည် ထိမ်းမြားလက်ထပ်မှုနှင့် ပတ်သက်သည့် ပြဿနာ မဟုတ်သောကြောင့် မြန်မာဗုဒ္ဓဘာသာတရားဥပဒေနှင့် မသက်ဆိုင်ဟု စီရင်ထုံး ပြုထားလေသည်။ ထိုအမှုကို စီရင်ဆုံးဖြတ်သည့် တရားဝန်ကြီး ဂျာဒင်းက ထိုကဲ့သို့သော အမှုမျိုးတွင် တရားမျှ တမှုကို ရှေ့ရှု၍ ဆုံးဖြတ်ရန် ဖြစ်သော်လည်း တရားလို၌ ပဋိသန္ဓေရှိခြင်းသည် အခြင်းဖြစ် အကြောင်းအရာ (cause of action) ပေါ်ပေါက်ခြင်း ဖြစ်သည်ဟု မဆိုနိုင်သည့်ပြင် ယင်းကဲ့သို့သောအမှုမျိုး၌ လျော်ကြေးပေးခြင်းသည် အကျင့်စာရိတ္တ ပျက်ပြားမှုကို အားပေးရာရောက်မည် ဖြစ်သောကြောင့် လျော်ကြေးမပေးထိုက်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ အထက်ပါ စီရင်ထုံးကို **မောင်တိုးတိတ်**နှင့် **မနှင်းဇ** (၂) အမှု စီရင်ထုံးတွင် ထပ်မံ ဆွေးနွေးပြီးနောက် ထိမ်းမြား လက်ထပ်ပါမည်ဟု ကတိမပြုလျှင်၊ ဖြားယောင်းသွေးဆောင်ပြီး ကျူးလွန်မှုကြောင့် ပဋိသန္ဓေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြန်မာဗုဒ္ဓဘာသာ မိန်းကလေးတယောက်သည် လျော်ကြေး မတောင်းဆိုနိုင်ဟု စီရင်ထုံး ပဲ့ထားပြန်လေသည်၊ **မဇ္ဈရီ**နှင့် **မောင်လှမောင်** (၃) စီရင်ထုံးတွင်၎င်း၊ **မယုံ**နှင့် **မောင်ဘိုးလူ** (၄) အမှုစီရင်ထုံးတွင်၎င်း၊ အထက်ဖော်ပြပါ စီရင်ထုံးများတွင်

(၁) ရွေးချယ်ထားသည့် စီရင်ထုံးများ၊ အတွဲ (၁)၊ ၁၈၇၂-၉၉၊ စာ ၁၁၄၊
(၂) ရွေးချယ်ထားသည့် စီရင်ထုံးများ၊ အတွဲ (၁)၊ ၁၈၇၂-၉၉၊ စာ ၂၃၅၊
(၃) ၄၂ အိုင်၊ စီ၊ စာမျက်နှာ ၅၃၉၊
(၄) အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂ (၁၈၉၇-၀၁)၊ စာ ၄၉၉၊

၁၉၆၆

မောင်သန်းဌေး နှင့် မပု (ခေါ်) မသန်းရင်း

ပါရှိသည့်အတိုင်း ကျင့်သုံးထားသည်ကို တွေ့နိုင်လေသည်၊ ထိုနောက်တဖန် **မလှဝိုင်း** နှင့် **မောင်ကံ**(၅) အမှုစီရင်ထုံးတွင် ယင်းကဲ့သို့ လျော်ကြေးပေးရန် ကိစ္စသည် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေနှင့် ဆုံးဖြတ်ရမည့် ကိစ္စမဟုတ်ဟု ဆုံးဖြတ်ထားလေသည်။ သို့ရာတွင် ထိုစီရင်ထုံး၌ တရားသူကြီး တူမေးက၊ ရှေးထုံးဓမ္မသတ်မျဉ်းတွင် ဖြားယောင်းသွေးဆောင်ပြီး ကျူးလွန်လျှင် လျော်ကြေးပေးရန် ပြဋ္ဌာန်းထားသည်ကို ရည်ညွှန်း၍ ထိုဓမ္မသတ်မျဉ်းနှင့် အညီခုံလူကြီးများက လျော်ကြေးပေးရန် ဆုံးဖြတ်သည်ကို ငြင်းဆန်လျှင် ထိုလျော်ကြေးကို ရရှိရန်အတွက် တရားရုံးတော်၌ လျှောက်ထားတောင်းဆိုနိုင်သည်ဟု မြွက်ဟထားသည်။

အချုပ်အားဖြင့်ဆိုသော် အထက်ပါ စီရင်ထုံးများ၌ လက်ခံ ကျင့်သုံးထားသည့် မူများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဗုဒ္ဓဘာသာ ရှေးထုံး ဓမ္မသတ်မျဉ်း၌ ဖြားယောင်း သွေးဆောင်ပြီး ကျူးလွန်ခံရသူ မိန်းကလေးတဦးအား လျော်ကြေးပေးရန် ပြဋ္ဌာန်း ထားသည်ကို တရားရုံးက အသိအမှတ်ပြုသည်။

(၂) မိမိတို့ရွေမျှောက်သို့ အမှုသည်များ၏ သဘောတူညီမှုနှင့် ရောက်ရှိလာသော အမှုများတွင် ခုံသမာဓိ လူကြီးများက လျော်ကြေးပေးရန် ဆုံးဖြတ်ထားသည်ကို ငြင်းဆန်လျှင် ထိုလျော်ကြေးကို ရရှိရန်အတွက် တရားရုံးများ၌ လျှောက်ထား တောင်းဆိုနိုင်သည်။

(၃) ဖြားယောင်း သွေးဆောင်ခြင်း ခံရသောကြောင့် လျော်ကြေး ရလိုမှု ကိစ္စများသည် ထိမ်းမြားလက်ထပ်မှုနှင့် ပတ်သက်သည့် ကိစ္စမဟုတ် ခြင်းကြောင့် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ၊ အဆုံးအဖြတ် မပေးနိုင်။

(၄) ယင်းကဲ့သို့သော ကိစ္စများ၌ လျော်ကြေးပေးခြင်းသည် အကျင့်စာရိတ္တ ပျက်ပြားမှုကို အားပေးရာ ရောက်မည်ဖြစ်သောကြောင့် လျော်ကြေး မပေးထိုက်။

ယခုကျွန်ုပ်ရှေ့ရှိ အမှုတွင် အယူခံတရားလို မောင်သန်းဌေးက အယူခံတရားခံ မသန်းရင်အား ဖြားယောင်း သွေးဆောင်ပြီး ကျူးလွန်သည် ဟူ၍ပင်ယူဆစရာ အကြောင်း မရှိခဲ့၊ ပညာရှိ ပဌမအယူခံရုံး တရားသူကြီးက မောင်သန်းဌေးသည် မသန်းရင်အား ထိမ်းမြားလက်ထပ်ရန် ကတိပေးခဲ့ခြင်း မရှိဟုဆိုလျှင် မောင်သန်းဌေးက ဖြားယောင်း သွေးဆောင်သည်ကို မသန်းရင်က ယုံကြည်သောကြောင့် သာလျှင်

(၅) အထက်မြန်မာပြည်စီရင်ထုံး ၊ အတွဲ ၂ ၊ (၁၉၀၇-၀၉) ၊ စာ ၁၉ ။

သဘောတူ ကာမရာဂ စပ်ယှက်ပြီး ပဋိသန္ဓေရှိခြင်း ဖြစ်တန်ရာသည်ဟု ယူဆထားသည်၊ သို့ရာတွင် ထိုသို့ယူဆခြင်းမှာ ၎င်း၏ ခန့်မှန်းချက်မျှသာဖြစ်သည်။ အမှုတွဲတွင် ရရှိသည့် သက်သေခံချက်များအရ အလျဉ်းပင် ပေါ်ပေါက်ခြင်း မရှိချေ၊ ထိုထက်တဆင့်တိုး၍ အယူခံတရားခံအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ဝတ်လုံတော်ရ ရွှေနေကြီး ဦးမြစိန်က မိန်းကလေးတဦးသည် ယောကျ်ားကလေး တဦးအား ကာမရာဂစပ်ယှက်ရန် ခွင့်ပြုခဲ့သော် ထိုယောကျ်း၏ တောင်းရမ်း ထိမ်းမြားပါမည်ဟူသော ကတိရရှိသောကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်ဟု တင်ပြထားသည်၊ ယင်းသို့သော ကိစ္စများတွင် ယောကျ်ားကလေးက ထိုကဲ့သို့သော ကတိပေးကြောင်း သက်သေခံပြရန်၊ တာဝန်၏ အလေးချိန်သည် အခြားအချက်များတွင် သက်သေခံပြရန် တာဝန်၏ အလေးချိန်လောက် မလေးသင့်၊ ထိုကြောင့် ဤအမှုတွင် အယူခံတရားလို မောင်သန်းဌေးနှင့် အယူခံတရားခံ မသန်းရင်တို့သည် တကြိမ်တခါ ကျူးလွန်ကြခြင်းမဟုတ်၊ အဖန်တလဲလဲ ကျူးလွန်ခဲ့ခြင်းဖြစ်ရာ အယူခံတရားလို မောင်သန်းဌေးက လက်ထပ် ထိမ်းမြားပါမည်ဟူသော ကတိပေးခြင်းကြောင့်သာလျှင် အယူခံတရားခံ မသန်းရင်က မိမိအား ကျူးလွန်ခြင်းကို ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်းဖြင့် လျှောက်လဲထားလေသည်၊ သို့ရာတွင် ကိလေသာစိတ် မကုန်ခန်းကြသေးသော ပုထုဇဉ်များအတွက် သေးသားတောင့်တမှုကြောင့် မည်သည့် ရည်ရွယ်ချက်မျိုးမျှမရှိဘဲ ကာမရာဂ စပ်ယှက်ခြင်းသည်လည်း ရှိနိုင်လေရာ၊ ပညာရှိရှေ့နေကြီး၏ လျှောက်လဲချက်များကို လက်ခံနိုင်ရန် ခဲယဉ်းလေသည်၊ ယောကျ်ားနှင့် မိန်းမတို့ကာမစပ်ယှက်သည့် ကိစ္စတိုင်းတွင် ယောကျ်းကလေးက မိန်းမကလေးအား ထိမ်းမြားပါမည်ဟူသော ကတိပေးခဲ့ပြီး ဖြစ်သည်ဟု ယူဆရမည် ဆိုပါက၊ အကျင့်ဖေါက်ပြား မိန်းမသားများ၏ မာယာကျော့ကွင်းသို့ သက်ဆင်းရရှာသည့် ယောကျ်းများအတွက် အခက်ကြုံဘွယ်ရာ ရှိချေမည်။ ထိုကြောင့် အကျင့်စာရိတ္တပျက်ပြားခြင်းကို အားပေးကူညီရာရောက်မည့် အတွေးအခေါ်ယူဆချက်မျိုးများမှ ရှောင်ရှားသင့်လေသည်။ မည်သို့ပင် ဖြစ်စေကာမူ ဤအချက်နှင့်ပတ်သက်၍ အောက်ရုံးနှစ်ရုံးစလုံးက တသဘောတည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ရာ၊ ဤရုံးသည် ဒုတိယအယူခံရုံးအနေဖြင့် ထိုဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

ဤအမှုတွင်၊ အယူခံတရားခံသည် အသက်အရွယ်အားဖြင့်ငင်း၊ အလုပ်အကိုင်အားဖြင့်ငင်း၊ ဘူတဦးတယောက်၏ ဖြားယောင်းသွေးဆောင်ခြင်းကို လွယ်လင့်တကူ လိုက်လျောနိုင်မည့် မိန်းကလေးတဦးမဟုတ်ချေ။ အမှုတွဲတွင်ရရှိသည့် သက်သေခံချက်များကို သေချာစွာ စီစစ်ဝေဖန် ကြည့်ရှုသောအခါ၌လည်း၊ အယူခံတရားလို မောင်သန်းဌေးက အယူခံတရားခံ မသန်းရင်အား ဖြားယောင်းသွေးဆောင်ပြီး ကျူး

လွန်ခဲ့ကြောင်း တစုံတရာ မပေါ်ပေါက်ချေ။ ထို့ကြောင့် မနုကျယ် ဓမ္မသတ်အခဏ်း ၂၆ မှ ၃၀ အထိတွင် ပြဋ္ဌာန်းထားသည့် ထုံးတမ်းစဉ်လာများသည် ဤအမှုနှင့် သက်ဆိုင်ခြင်းမရှိ၊ အဘယ်ကြောင့်ဆိုသော် ထိုအခဏ်းများတွင် ပြဋ္ဌာန်းထားသော ဥပဒေများသည် ယောကျ်ားနှင့် မိန်းမ ကာမစပ်ယှက်ရာ၌ လင်မယားအဖြစ်သို့ ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ကာမစပ်ယှက်သည့်ကိစ္စအပေါ် တွင်မူတည်၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဦးမေအောင်ရေး " မြန်မာ့ဗုဒ္ဓဘာသာတရားဥပဒေနှင့် ပတ်သက်သည့်အရေးကြီးသော အမှုအခင်း " စာမျက်နှာ ၂၆ တွင် မနုကျယ်ဓမ္မသတ်အခဏ်း ၂၆ မှ ၃၀ အထိတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များ၏ အခြေခံသဘောတရားသည် အထက်တွင်ဖေါ်ပြသည့်အတိုင်းဖြစ်ကြောင်း ရေးသားထားသည်။ ထိုကြောင့် ဤအမှုတွင် ပေါ်လွင်သည့်အချက်အလက်များအရဆိုသော်၊ အယူခံတရားခံ မသန်းရင်သည် ရွှေထုံးဓမ္မသတ်များအရငင်း၊ တရားရုံးချုပ်က ဆုံးဖြတ်ထားသည့် စီရင်ထုံးများအရငင်း မိမိတောင်းဆိုသည့်လျော်ကြေးကို မရထိုက်ဟု ယူဆရမည်ဖြစ်သည်။

အကျင့်စာရိတ္တ ပျက်ပြားခြင်းကို အားပေးရာရောက်မည်ဟူသော အချက်နှင့် ပတ်သက်၍၊ အယူခံတရားခံအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရှေ့နေကြီး၊ ဦးမြစိန်က ဤအမှုမျိုးတွင် လျော်ကြေးပေးရန်ပိတ်ပင်ထားပါက၊မသမာသည့်ယောကျ်းများသည်၊ ထိုဥပဒေကိုအကာအကွယ်ယူကာ မလျော်သည့် အခွင့်အရေးကို ရယူခြင်းအားဖြင့် အကျင့်စာရိတ္တပျက်ပြားလာဘွယ်ရှိသည်ဟု တင်ပြထားသည်။ သို့ရာတွင် ဤကိစ္စမျိုးသည် နှစ်ဦးနှစ်ဘက် ကိုယ်ကျင့်တရားပျက်ပြားခြင်းကြောင့် ပေါ်ပေါက်လာသည့်ကိစ္စဖြစ်သည်။ ထိုကြောင့်မိမိကိုယ်တိုင်အကျင့်စာရိတ္တပျက်ပြားသဖြင့် ပေါ်ပေါက်လာသည့်ကိစ္စတွင် တရားဥပဒေ၏ အကူအညီကို တောင်းဆိုရန်မသင့်၊ နှစ်ဦးစလုံး ညီတူညီမျှအပြစ်ရှိသူများ " pari delicto " ဖြစ်ခြင်းကြောင့် ရုံးတော်၏ အကူအညီကို မည်သူမျှမရထိုက်ချေ။ တရားမျှတမှုကိုလိုလားသူသည် မိမိကိုယ်တိုင်သန့်ရှင်းရမည်ဟူသော ဆောမလူမျိုးတို့၏ ဆိုရိုးစကားကိုလည်း သတိချပ်သင့်ပေသည်။

ပညာရှိ ပဌမအယူခံရုံး တရားသူကြီးသည် များမကြာမီက ကျွန်ုပ်ကိုယ်တိုင် ပါဝင်သည့်ခုံရုံးမှ ဆုံးဖြတ်လိုက်သော **မောင်ကိုကြီး** နှင့် **ဒေါ်အုံးခင်** (၆) အမှု စီရင်ထုံးကို ကိုးကားထားလေသည်။ သို့ရာတွင် ထိုအမှုတွင် ပေါ်ပေါက်သည့်ဖြစ်ရပ်များနှင့် ဤအမှုတွင် ပေါ်ပေါက်သည့်ဖြစ်ရပ်များသည် အလွန်ကွာခြားလေသည်။ မောင်ကိုကြီးတို့အမှုတွင် အရွယ်မရောက်သေးသည့် မိန်းကလေးတဦးအား အရွယ်ရောက်ပြီးဖြစ်သည့် ယောကျ်းကလေးက ထိမ်းမြားပါမည်ဟု ကတိပြုပြီး ဖြားယောင်း

(၆) နိုင်ငံတော်တရားရုံးချုပ်၊ ၁၉၆၄ ခုနှစ်၊ တရားမစောဒကမှုအမှတ် (၁)။

သွေးဆောင်ကာ ပေါင်းသင်းဆက်ဆံခဲ့သည့် အမှုဖြစ်သည်။ ထို့ကြောင့်လည်း ထိုအမှုတွင် "ကျွန်ုပ်တို့နိုင်ငံ၌ ကျင့်သုံးနေကြသော လူလူချင်းအနိုင်အထက်မပြု၊ အမြတ်မထုတ်၊ လောကပါလကျင့်ဝတ်တို့နှင့်အညီ ကူးလူးဆက်ဆံကြသည့်တရားကို ထောက်ရှု၍ စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်" ဟု မြွက်ဆိုထားသည်ကို တွေ့ရှိနိုင်သည်။ ယခုကျွန်ုပ် ရှေ့ရှိအမှုတွင်ကား၊ အယူခံတရားခံ မသန်းရင်သည် အတွေ့အကြုံရှိခဲ့ဘူးသည့် တလင်ကွာမိန်းမသားတဦးဖြစ်သည်။ ၎င်းအား အယူခံတရားလိုမောင်သန်းဌေးက လိမ်လည်ဖြားယောင်းသွေးဆောင်ခြင်းပြုခဲ့သည်ဟူ၍လည်း အမှုတွဲတွင်ရရှိသည့် သက်သေခံချက်များအရမပေါ်ပေါက်။ ထို့ကြောင့် အထက်ပါ စီရင်ထုံးတွင် ကျင့်သုံးထားသည့်မူကို ဤအမှုတွင် ထည့်သွင်းစဉ်းစားရန်မဖြစ်နိုင်ချေ။

အောက်ရုံးတရားသူကြီးများသည် တရားရုံးချုပ်များမှ ဆုံးဖြတ်ထားသည့်စီရင်ထုံးများကိုလိုက်နာကျင့်သုံးရန် ဝတ်တရားရှိသည်။ တရားရုံးချုပ် တရားသူကြီးများသော်မှ တဦးကချမှတ်ထားသည့်စီရင်ထုံးကို နောက်တဦးကပယ်ဖျက်နိုင်စွမ်းမရှိ၊ ပယ်ဖျက်လိုက ခုံရုံးဖွဲ့၍ ပယ်ဖျက်ရာ၏။ **မသောင်း** နှင့် **မောင်တင်ဖေ** (၇) အမှုစီရင်ထုံးကိုကြည့်ပါလေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ပညာရှိ အောက်ရုံးတရားသူကြီးများချမှတ်ခဲ့သည့် စီရင်ချက်များနှင့် ဒီကရီ တို့ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ဤရုံးရှေ့နေခမှာ ငွေ ၅၁ ကျပ် တိတိဖြစ်စေရမည်။

---

(၇) မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) ၁၉၅၇ ခုနှစ်၊ စာ ၂၅၉။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးဆက်ဇေ ရွှေတွင်

† ၁၉၆၆

ဇူလိုင်လ ၂၉ ရက်

မောင်အုန်းမောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၅၄ အရ၊ မှုပြစ်ထင်ရှားစီရင်ခြင်း—မွေးနေ့ ခုနှစ် သက္ကရာဇ်ကိုမှတ်ယူထားသည့်မှတ်တမ်း—ဆရာဝန်၏ထင်မြင်ချက်ကမွေးနေ့ မှတ်သားထားသည့် မှတ်တမ်းကို လွှမ်းမိုးနိုင် မနိုင်—လက်ရောက်မှုကျူးလွန်ရာ၌ ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမူလည်း ပါရမည်ဖြစ်ခြင်း—ကာယိန္ဒြေပျက်စီးအောင် ပြုလုပ်ရာ၌ ပြုလုပ်ခြင်းခံရသူ၏ သဘောတူညီချက် မရှိဘဲ အနိုင်အထက် ပြုလုပ်မှုသာ ထိုပြုလုပ်ချက်သည် ရာဇသတ်ကြီး ပုဒ်မ ၃၅၄ တွင် အကျုံးဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။အရာရှိ တပ်သားများ၏ ဇနီးများသားသမီး ဖွါးမြင်သောအခါ တပ်သို့ အကြောင်းကြားပြီး တပ်မှမွေးဖွါးသော ကလေး၏ မွေးနေ့ ခုနှစ် သက္ကရာဇ်ကို မှတ်ယူထားခြင်း ဖြစ်ရာ၊ ထိုမှတ်တမ်းမှ နေ့ကမ်းပြုလုပ်တင်ပြသည့် မှတ်တမ်းမဟုတ်၍ မှတ်တမ်းပါမွေးနေ့ကို အမှန်ရယူပေမည်။ ဆရာဝန်၏ ထင်မြင်ချက်မှာ ထင်မြင်ချက်သာဖြစ်၍ မွေးနေ့မှတ်သားထားသည့် မှတ်တမ်းကိုမလွှမ်းမိုးနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မိန်းကလေးတဦးအား ကာယိန္ဒြေပျက်စီးအောင် ရာဇဝတ် မကင်းသော အနိုင်အထက် ပြုမူကို ပြုလုပ်လျှင်သော်ငင်း၊ လက်ရောက်မှုကျူးလွန်လျှင် သော်ငင်း ရာဇသတ်ကြီးပုဒ်မ ၃၅၄ အရ၊ ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားသည်။ လက်ရောက်မှု ကျူးလွန်ရာ၌ ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမူလည်း ပါရမည်ဖြစ်ရာ၊ ကာယိန္ဒြေပျက်စီးအောင်ပြုလုပ်ရာ၌၊ ပြုလုပ်ခြင်းခံရသူ၏ သဘောတူညီချက်မရရှိဘဲ၊ အနိုင်အထက် ပြုလုပ်မှုသာ ထိုပြုလုပ်ချက်သည် ရာဇသတ်ကြီး ပုဒ်မ ၃၅၄ တွင် အကျုံးဝင်မည်ဖြစ်သည်။ တနည်းဆိုသော် မိန်းကလေးတဦး၏ သဘောတူညီချက် မရဘဲ အနိုင်အထက် ကာယိန္ဒြေပျက်အောင် ပြုလုပ်မှုသာ ရာဇသတ်ကြီးပုဒ်မ ၃၅၄ အရ အပြစ်ပေးနိုင်မည်ဖြစ်သည်။ အနိုင်အထက် မဟုတ်ဘဲ မိန်းကလေးကသဘောတူညီနေလျှင် ရာဇဝတ်ပြစ်မှုမမြောက်ချေ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၉၇။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၈ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဇွန်လ ၁၈ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၂) ၏ အမိန့်ကိုအယူခံမှု။

ဖါတီမာ နှင့် ကမ္ဘတိန်မတ်ကော့မက်၊ အတွဲ ၆၊ ဘီ၊အယ်၊တီ၊ ၂၁ (၃၈)။

မဇရာပရာဇတ်အဝိုးရ နှင့် ဂူဂူဒါရယ်၊ အေးအိုင်၊အာ (ရှ်)၊ ၁၉၅၆ ခုနှစ်၊ နှဂ်ပူ ဂ (၁၀) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးကိုကို။

အယူခံတရားခံအတွက်။ ။အစိုးရလျှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၅၄ အရ၊ အလုပ်နှင့်ထောင်ဒဏ် ၄ လကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၂) ၏ စီရင်ခံချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုသည် မင်္ဂလာဒုံအမှတ် (၁) လေ့ကျင့်ရေးတပ်မှ မော်တော်ယာဉ်မောင်းတပ်သားတဦးဖြစ်သည်။ ကိုထွန်းခင် (လို့ပြ-၆) သည် ထိုတပ်မှတပ်ကြပ်တဦးဖြစ်သည်။ မတင်ကြည် (လို့ပြ-၃) နှင့် မအုံးကြည် (လို့ပြ-၅) တို့မှာ တပ်ကြပ်ကိုထွန်းခင်၏ဇနီးနှင့် သမီးတို့ဖြစ်ကြသည်။ တပ်ကြပ် ကိုထွန်းခင်၏ မိသားစုသည်၊ လေ့ကျင့်ရေးတပ်တွင်းရှိ ၆ ခန်းပါသော အိမ်ထောင်စု လိုင်းတန်းလျားတခု၏ အစွန်ဆုံးအခန်းတွင် နေထိုင်ကြပြီး၊ အယူခံတရားလို၏ မိသားစုသည် ထိုအခန်းနှင့်ကပ်လျက်အခန်း၌နေထိုင်ကြသည်။ ကျန်အခန်းများတွင်အခြားမိသားစုများ နေထိုင်လျက်ရှိကြသည်။ တပ်ကြပ် ကိုထွန်းခင်၏ မိသားစုနေထိုင်သည့် တန်းလျား၏နောက်ဘေးချင်းကပ်လျက် အခြားအိမ်ထောင်စုတန်းလျားတခုရှိရာ၊ ထိုတန်းလျား၏ အခန်းတခန်းတွင် တပ်သား ကိုသန်းညွှန့် (လို့ပြ-၇) နှင့် ၎င်း၏ဇနီး မသန်းရင် (လို့ပြ-၁၂) တို့နေထိုင်လျက်ရှိသည်။

တပ်ကြပ် ကိုထွန်းခင်၏ သမီး မအုံးကြည်မှာ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ကမွေးဖွါးသဖြင့် အခင်းဖြစ်ပွါးသည့် ၁၉၆၅ ခုနှစ်၊ ဧပြီလတွင် ၎င်း၏ အသက်မှာ ၁၃ နှစ်ကျော်ကျော်ခန့်သာရှိသေးပေသည်။ ၁၉၆၅ ခုနှစ်၊ ဧပြီလ ဂ ရက်နေ့တွင် မအုံးကြည်၏ မိခင် မတင်ကြည်မှာ ပဋိသန္ဓေပျက်၍ မင်္ဂလာဒုံ စစ်ဆေးရုံသို့ တက်ရောက်ကုသနေရသဖြင့် အိမ်၌ကို ကိုထွန်းခင်နှင့် သားသမီးများသာရှိသည်။ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် မအုံးကြည်သည် မိန်းမတို့ဓမ္မတာအရ သွေးလာသည်။ နောက် ၆ ရက်အကြာတွင် မတင်ကြည်သည် ဆေးရုံမှဆင်းလာရာ၊ ထိုနေ့အထိ သမီးမအုံးကြည်၏ ဓမ္မတာသွေးမှာရပ်နားခြင်း မရှိသဖြင့် မတင်ကြည်က ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည့် ကိုသန်းညွှန့်နှင့် မသန်းရင်တို့အား ခေါ်၍ တိုင်ပင်သည်။

ယင်းသို့ ခေါ်၍မတိုင်မီပင်၊ ရက်သတ္တတာပတ်ခန့်က နေတနေ့ညနေပိုင်း၌ မသန်းရင်သည် ဧည့်သည် မတင်ကြည် (လိုပြ-၁၁) နှင့်အတူ မိမိအခန်း၌စကားပြောနေခိုက် တန်းလျားနှစ်ခုကြားရှိ အိမ်သာထဲသို့ မအုံးကြည်အရင်ဝင်သွားပြီး၊ ၎င်း၏နောက်မှ အယူခံတရားလို ဝင်လိုက်သွားသည်ကို တွေ့မြင်လိုက်ရ၏။ ထိုနောက် သက်ဒ်ရက်အတွင်း၊ အယူခံတရားလိုက မအုံးကြည်အား တန်းလျားအနီး မြေကြီးပေါ်တွင် ဖက်နမ်းနေသည်ကို မြင်ရပြန်သဖြင့် မသန်းရင်က အိမ်ထောင်စုလိုင်းမှူးဖြစ်သူ တပ်ကြပ်ကိုတင်အောင် (လိုပြ-၈) အား ၎င်းတို့နေပုံထိုင်ပုံ သဘောမကျကြောင်းကို တိုင်တန်းခဲ့လေသည်။

မတင်ကြည်က သမီးဖြစ်သူ ဓမ္မတာ သွေးဆင်းမရပ်သည့်ကိစ္စနှင့် ပတ်သက်၍ ကိုသန်းညွန့်နှင့်မသန်းရင်တို့အား ခေါ်၍တိုင်ပင်သောအခါ၊ ကိုသန်းညွန့်နှင့်မသန်းရင်တို့သည် မအုံးကြည်အား မသက်ာတော့ပေ။ ထိုကြောင့် ကိုသန်းထွန်းက ချော့မော့မေးမြန်းသောအခါ မအုံးကြည်က ၎င်းအား အယူခံတရားလိုသည် အိမ်သာထဲတွင်တကြိမ်၊ အယူခံတရားလို၏ အိပ်ရာထဲတွင်တကြိမ် မုဒိမ်းကျင့်ခဲ့သည်ဟု ပြောပြလေသည်။ ထို့ကြောင့် မအုံးကြည်အား မင်္ဂလာဒုံစစ်ဆေးရုံသို့ ပို့လိုက်ရာ ဆေးရုံမှ ၎င်း၏သားအိမ်ကိုခြစ်ပေးလိုက်ရလေသည်။ သားအိမ်ခြစ်ရသည်ကို စစ်ဆေးကြည့်ရှုရာ၊ သန္ဓေတည်သည့် လက္ခဏာမတွေ့ရပေ။ မအုံးကြည်အား အသက်နှင့်ပတ်သက်၍ ခါတ်မှန်ရိုက်ပြီးစစ်ဆေးကြည့်ရှုခဲ့၏။ ခါတ်မှန်စစ်ချက်အရ မအုံးကြည်၏ အသက်မှာ ၁၅ နှင့်မှ အနှစ် ၂၀ အတွင်းရှိသည်ဟု ဆရာဝန် ဗိုလ်ကြီး လင်ကောဟင်း (လိုပြ-၁) ကထင်မြင်ချက်ပေးထားသည်။

ဆရာဝန် ဗိုလ်ကြီး လင်ကောဟင်းက မအုံးကြည်သည် ဆေးရုံရောက်လာသည့် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့၌ အသက် ၁၅ နှစ်မှ အနှစ် ၂၀ အတွင်းရှိသည်ဟု ဆိုသော်လည်း၊ တပ်တွင်း အမိန့်စာရွက်စာတမ်း (သက်သေခံ-ခ) အရ၊ မအုံးကြည်၏မွေးနေ့မှာ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ဖြစ်၍ အသက် ၁၃ နှစ်ကျော်ရုံသာရှိကြောင်း တွေ့ရလေသည်။ ဒု-အရာခံဗိုလ် ဦးအောင်သိန်း (လိုပြ-၂) ၏ ထွက်ဆိုချက်အရ အရာရှိအကြပ်တပ်သားများ၏ ဇနီးများ သားသမီးဖွါးမြင်သောအခါ တပ်သို့ အကြောင်းကြားပြီး၊ တပ်မှမွေးဖွါးသောဂကလေး၏ မွေးနေ့ခုနှစ်သက္ကရာဇ်ကို မှတ်ယူထားခြင်းဖြစ်ရာ ထိုမှတ်တမ်းမှာ နောက်မှပြုလုပ်တင်ပြသည့် မှတ်တမ်းမဟုတ်၍၊ မှတ်တမ်းပါမွေးနေ့ကို အမှန်ယူရပေမည်။ ဆရာဝန်၏ ထင်မြင်ချက်မှာ ထင်မြင်ချက်သာဖြစ်၍ မွေးနေ့အား မှတ်သားထားသည့်မှတ်ဘမ်းကိုမလွှမ်းမိုးနိုင်ပေ။

မအုံးကြည်၏ ထုတ်ဖော်ပြောဆိုချက်အရ၊ အယူခံတရားလိုအား တပ်မှနယ်ဘက်သို့ လွှဲပေးကာ၊ မုဒိမ်းမှုဖြင့် ရုံးတင်တရားစွဲရာ အယူခံတရားလိုက မအုံးကြည်အား မကျင့်ကြံ

ခဲ့ရကြောင်း ငြင်းဆိုလေသည်။ ပညာရှိအောက်ရုံးတရားသူကြီးက အယူခံတရားလို သည် မအုံးကြည်အား ကာမစပ်ယှက်သည်ဆိုသော သက်သေအထောက်အထား လုံးဝမရှိသဖြင့် မုဒိမ်းမှုဖြင့် အပြစ်မပေးနိုင်ကြောင်း။ သို့ရာတွင် အယူခံတရားလိုက မအုံးကြည်အား ဖက်နမ်းသည်ကို မကြည်နှင့် မသန်းရင်တို့ မြင်ခဲ့ရသဖြင့် မအုံးကြည်၏ ကာယိန္ဒြပျက်ပြားအောင် ဆုဇတ်မကင်းသော အနိုင်အထက် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်၍၊ ရာဇသတ်ပုဒ်မ ၃၅၄ အရ အပြစ်ရှိကြောင်းကောက်ယူကာ၊ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ဤအယူခံမှုတွင် အဓိက စဉ်းစားရမည့် ပြဿနာမှာ၊ အယူခံတရားလိုသည် မအုံးကြည်အား ဖက်နမ်းခဲ့ခြင်းရှိ မရှိ၊ အကယ်၍ဖက်နမ်းခဲ့ပါကရာဇသတ်ပုဒ်မ ၃၅၄ အရ ပြစ်မှုကျူးလွန်ခြင်းရှိ မရှိ ဆိုခြင်းပင်ဖြစ်သည်။ မကြည်နှင့် မသန်းရင်တို့က သက်ဒန် အကြပ်နေ့ညနေတွင်၊ အယူခံတရားလိုက မအုံးကြည်အား တန်းလျားအောက်မြေကြီး ပေါ်၌ ဖက်နမ်းနေသည်ကို တွေ့ရ၍ အိမ်ထောင်စုလိုင်းမူးတပ်ကြပ် ကိုတင်အောင်ကို တိုင်ကြားထားကြောင်း ထွက်ဆိုထားသည်။ ၎င်းတို့ ထွက်ဆိုချက်များအား ကိုတင်အောင်က ထောက်ခံထား၏။ ထိုကြောင့် အယူခံတရားလိုသည် သက်ဒန် အကြပ်နေ့ညနေက မအုံးကြည်အား ဖက်နမ်းသည်ဆိုခြင်းမှာ မှန်ကန်သည်ဟု ဆိုရပေမည်။

ယင်းသို့ အယူခံတရားလိုက မအုံးကြည်အား ဖက်နမ်းခြင်းမှာ သက်သေထွက်ချက်များအရ၊ မအုံးကြည်၏ သဘောတူညီချက်အရဖြစ်ကြောင်း ပေါ်လွင်သည်။ ထိုကဲ့သို့ ဖက်နမ်းသောအချိန်မှာ ညနေဖြစ်ပြီး တန်းလျားအနီး၌ ပြုလုပ်ခဲ့ခြင်းဖြစ်ရာ၊ အကယ်၍ မအုံးကြည် အလိုမတူပါက အော်ဟစ်နိုင်သည်။ လူကြီးများကို တိုင်တန်းနိုင်သည်။ ယခုမူ အော်ဟစ်ခြင်းလည်းမပြု၊ တိုင်တန်းခြင်းလည်း မရှိသဖြင့်၊ မအုံးကြည်ကိုယ်တိုင်က အယူခံတရားလို ဖက်နမ်းခြင်းကို သဘောတူကြောင်း ထင်ရှားသည်။ မကြည်နှင့် မသန်းရင်တို့ကလည်း ၎င်းတို့ နှစ်ဦး နေပုံထိုင်ပုံ မကောင်းကြောင်း၊ တပ်ကြပ်ကိုတင်အောင်အား တိုင်တန်းခဲ့သည်ကိုထောက်လျှင်၊ အယူခံတရားလိုသည်မအုံးကြည်အား အတင်းအဓမ္မနှမ်းရှုပ်ခြင်းမဟုတ်ကြောင်း၊ အလွယ်တကူဖြင့် ကောက်ယူနိုင်ပေသည်။ အမှုရှိသက်သေ ထွက်ချက်အားလုံးကို ခြုံ၍ကြည့်လျှင် မအုံးကြည်သည် သားမယားရှိသူ အယူခံတရားလိုနှင့် ရည်ငံနေကြောင်း ယုံမှားဘွယ်မရှိနိုင်။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မအုံးကြည်အား ဖက်နမ်းရာတွင် အဓမ္မနည်းဖြင့် မဟုတ်ဘဲ မအုံးကြည်၏ သဘောတူညီချက်အရ နမ်းခြင်းသာဖြစ်သည်ဟု ယူဆရပေမည်။ ယင်းသို့ မိန်းကလေးတဦးအား မိန်းကလေး၏ သဘောတူညီချက်အရ နမ်းရှုပ်ခြင်းမှာ ရာဇသတ်ပုဒ်မ ၃၅၄ အရ ပြစ်မှုမြောက် မမြောက်ဆိုသော ကိစ္စကိုတဖန်ဆန်းစစ်ရန်လိုပေသည်။

မိန်းကလေးတဦးအား ကာယိန္ဒြပျက်စီးအောင် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုလုပ်လျှင်သော်၎င်း၊ လက်ရောက်မှု ကျူးလွန်လျှင်သော်၎င်း ရာဇသတ် ပုဒ်မ ၃၅၄ အရ ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားသည်။ လက်ရောက်မှု ကျူးလွန်ရာ၌၊ ရာဇဝတ်မကင်းသောအနိုင်အထက်ပြုမှုလည်း ပါရမည်ဖြစ်ရာ၊ ကာယိန္ဒြပျက်စီးအောင်ပြုလုပ်ရာ၌၊ ပြုလုပ်ခြင်းခံရသူ၏ သဘောတူညီချက်မရရှိဘဲ အနိုင်အထက်ပြုလုပ်မှုသာထိုပြုလုပ်ချက်သည်ရာဇသတ် ပုဒ်မ ၃၅၄ တွင် အကျူးဝင်မည်ဖြစ်သည်။ တနည်းဆိုသော် မိန်းကလေးတဦး၏ သဘောတူညီချက်မရဘဲ၊ အနိုင်အထက် ကာယိန္ဒြပျက်အောင် ပြုလုပ်မှုသာ ရာဇသတ် ပုဒ်မ ၃၅၄ အရ အပြစ်ပေးနိုင်မည်ဖြစ်သည်။ အနိုင်အထက်မဟုတ်ဘဲ၊ မိန်းကလေးက သဘောတူညီနေလျှင် ရာဇဝတ်ပြစ်မှုမမြောက်ချေ။ **ဖါတီမာ** နှင့် **ကပွတိန် မတ်ကော့မက်** (၁)၊ **မဒရာပရာဒတ်၊ အစိုးရ** နှင့် **ဂူဂူဒါရယ်** (၂)။

ယခုအမှုတွင် မအုံးကြည်သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ အယူခံတရားလို နှင့် ရည်ငံနေသဖြင့်၊ အယူခံတရားလိုက ဖက်နမ်းရာတွင် ၎င်းကိုယ်တိုင် သဘောတူကြောင်း ယူဆဘွယ်ရှိသည်။ မအုံးကြည်မှာ အသက် ၁၂ နှစ်ထက်ကျော်လွန်သည့် မိန်းကလေးတယောက်ဖြစ်၍၊ ရာဇသတ် ပုဒ်မ ၉၀ အရ၊ သဘောတူညီချက်ပေးနိုင်သူတဦးဖြစ်သည်၊ သို့ဖြစ်ရာ အယူခံတရားလို၏ ပြုမူချက်မှာ ပြစ်မှုမမြောက်၍ အောက်ရုံး၏ အမိန့်စီရင်ချက်ကို ပယ်ဖျက်ရပေမည်။

အယူခံတရားလိုသည် အိမ်ထောင်ရှင်တဦးအနေဖြင့်၎င်း၊ အိမ်နီချင်းကောင်းတဦးအနေဖြင့်၎င်း စောင့်စည်းရန် ဝတ္တရားရှိသည်။ ထိုဝတ္တရားကို ဖေါက်ဖျက်သည်သာမကဆရာသမား၏ မျက်နှာကိုပင် မထောက်ဘဲ လောက အကြောင်းကို နားမလည်သေးသည့် အမျိုးသမီးငယ်တဦးအပေါ် အခွင့်အရေးယူခဲ့သည့် အယူခံတရားလို၏ ပြုမူချက်မှာ မှန်ကန်သော လူမှုဆက်ဆံရေးအရ အလွန်မလိုလားအပ်သည့် ကိစ္စတရပ်ဖြစ်နေသည်မှာမှန်၏။ သို့ရာတွင် ၎င်း၏ပြုမူချက်သည် ရာဇဝတ် ပြစ်မှုမမြောက်သဖြင့်၊ တရားရုံးအနေနှင့် ၎င်းအပေါ် အပြစ်ဒဏ်ချမှတ်ခြင်းမပြုနိုင်ပေ။

အထက်ပါအကြောင်းရပ်များကြောင့်၊ အောက်ရုံး စီရင်ချက်နှင့် အမိန့်တို့ကို ပယ်ဖျက်ပြီး၊ အယူခံတရားလို မောင်အုန်းမောင်အား၊ ဤအမှုနှင့်နှင့်ပတ်သက်၍ တရားသေလှတ်ရန်အမိန့်ချမှတ်လိုက်သည်။

---

(၁) အတွဲ ၆၊ ဘီ၊ အယ်(လ်)၊ တီ၊ ၂၁ (၃၈)။
(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၆ ခုနှစ်၊ နက်ပူ-၈ (၁၀)။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီးဦးသက်ဇေ ရွှေတွင်

သန်းသန်းဦး ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီ (၎င်းအတွက် ပိုင်ရှင် မသန်းသန်းဦး) (အယူခံတရားလို) † ၁၉၆၆ ဩဂုတ်လ ၃၀ ရက်

နှင့်

ပြည်တော်ညွှန့် ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီ (၎င်းအတွက် ပိုင်ရှင် ဒေါ်ကျင်ဥ) (အယူခံတရားခံ)*

တရားမကျင့်ထုံး အမိန့် ၃၀၊ နည်းဥပဒေ ၅ ပစ္စည်းဘမ်း ဝါးရမ်းထုတ်ဆင့်ခြင်း—အာမခံချုပ်ဆိုမှု ဝါးရမ်းခံ ၂ခြင်း—တရားမကျင့်ထုံး အမိန့် ၃၀၊ နည်းဥပဒေ ၆ (၂) အရ၊ ဖြစ်မဖြစ်—မူလရုံးသည်ကိုယ်ပိုင် ဆင်ခြင်မှုအာဏာကို အသုံးပြုရာတွင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို လစ်လျူရှုခြင်း —အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဘက်ရန် တာဝန် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အောက်ရုံးအနေဖြင့် အယူခံတရားလို၏ ပစ္စည်းအား ဝါးရမ်းဘမ်းဆီးခဲ့၏။ အယူခံ တရားလိုက အာမခံချုပ်ဆိုမှု ဝါးရမ်းကိုခွါ၍၊ ထိုအာမခံအတိုင်း ဆက်လက်ထားရှိရမည်ဟု အမိန့်ချမှတ်ခဲ့သည်။ သာမန်အာမခံတင်ရန် အမိန့်ချခဲ့ခြင်း မဟုတ်ပေ။ သို့ဖြစ်၍၊ အောက်ရုံး၏ အမိန့်မှာ အမှန်အားဖြင့် တရားမကျင့်ထုံးအမိန့် ၃၀၊ နည်းဥပဒေ ၅ အရ၊ မဟုတ်ဘဲ နည်းဥပဒေ ၆ (၂) အရ၊ ဖြစ်သည်။ ထို့ကြောင့်အောက်ရုံး၏ အမိန့်သည် အယူခံဝင်နိုင်သော အမိန့်တခု ဖြစ်သည်ဟု ကောက်ယူသည်။

မင်ဂါးဆင်း နှင့် ဆူချာဆင်း၊ အတွဲ ၃၊ ရန်ကုန်စီရင်ထုံး ၃၀၇၊ ခြားနားပြသည်။

မူလရုံးတရားသူကြီးက ၎င်း၏ ကိုယ်ပိုင်ဆင်ခြင်မှု အာဏာအရချမှတ်ခဲ့သော အမိန့်တရပ်ကို သာမန်အားဖြင့် အယူခံရုံးသည် စွက်ဖက်လေ့မရှိပေ။ သို့ရာတွင် မူလရုံးသည် ကိုယ်ပိုင်ဆင်ခြင်မှု အာဏာကို အသုံးပြုရာတွင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို လျစ်လျူရှုပြီး၊ ထင်ရာစိုင်း

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၆။

† ၁၉၆၅ ခုနှစ်၊ တရားမသေးမှုအမှတ် ၆ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၂၁ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့တော် တရားမရုံး ဒုတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံမှု။

၁၉၆၆

သန်းသန်းဦး ရွှမ်းရှင်ဖြန့်ချီရေး ကုမ္ပဏီ (၎င်း အတွက်ပိုင်ရှင် မသန်းသန်းဦး) နှင့် ပြည်တော်ဦးနွန် ရွှမ်းရှင်ဖြန့်ချီရေး ကုမ္ပဏီ (၎င်း အတွက်ပိုင်ရှင် ဒေါ်ကျင်ဥ)။

ခြင်းမပြုနိုင်ပေ။ ထင်းသို့ ဥပဒေနှင့်ကိုက်ညီခြင်း မရှိဘဲ ကိုယ်ပိုင်ဆင်ခြင်မှု အာဏာကို အသုံးပြုခဲ့သော ကိစ္စမျိုးတွင် အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် တာဝန်ရှိပေသည်။

အယူခံတရားလိုအတွက်။ ။ဒေါ်မြင့်မြင့်ခင်။

အယူခံတရားခံအတွက်။ ။ဦးအေးမောင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားခံ ပြည်တော်ဦးနွန် ရွှမ်းရှင်ဖြန့်ချီရေး ကုမ္ပဏီက၊ အယူခံ တရားလို သန်းသန်းဦး ရွှမ်းရှင်ဖြန့်ချီရေး ကုမ္ပဏီအပေါ်၊ ပဋိညာဉ်အရ ပေးရန်ရှိသောငွေ ၁၄,၁၅၀ ကျပ်ကို ရလိုကြောင်း၊ ရန်ကုန်မြို့၊ တရားမရုံး၌ တရားစွဲဆိုသည်။ ထိုကဲ့သို့ တရားစွဲဆိုသည့် နှောင်္ခပင်၊ အယူခံ တရားခံက အယူခံ တရားလို၏ လက်ဝယ်ရှိသော "ချစ်ပါသည်ဆိုသော်လဲ" ရွှမ်းရှင်ဇာတ်ကား ကိုဇော်မှမပြီးဆုံးမီ အတွင်း ပစ္စည်းဘမ်း ဝါးရမ်းထုတ်ဆင့်ကာ ဘမ်းဆီးပေးရန်နှင့် အာမခံငွေ ၁၆,၀၀၀ ကျပ်တင်ပါက ထိုပစ္စည်းဘမ်းဝါးရမ်းကို ခွါပေးရန်၊ တရားမကျင့်ထုံး အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ လျှောက်လွှာတင်သည်။ တရားမရုံး၏ ပညာရှိ ဒုတိယ တရားသူကြီးသည် အယူခံ တရားခံ၏ လျှောက်လွှာကို တဘက်သတ် ခွင့်ပြုလိုက်သဖြင့်၊ အဆိုပါဇာတ်ကားကို ဝါးရမ်း ဘမ်းဆီးသော အခါ၊ အယူခံ တရားလိုသည် ရုံးသို့ လာရောက်ပြီး ၁၆,၀၀၀ ကျပ်တန် အာမခံ ချုပ်ဆိုတော့မှ ပစ္စည်းဘမ်းဝါးရမ်းကို ခွါပေးလိုက်သည်။ ထိုနောက် အယူခံ တရားလိုက ပစ္စည်းဘမ်း ဝါးရမ်းကို ထုတ်ဆင့်ခြင်းမပြုသင့်သည့်အပြင်၊ အာမခံကိုလည်း ချုပ်ဆိုစေခြင်း မပြုသင့်ကြောင်း လျှောက်ထားသော်လည်း၊ ၎င်း၏ လျှောက်ထားချက်ကို ပညာရှိ ဒုတိယ တရားသူကြီးက လက်မခံဘဲ ပယ်ချခဲ့သဖြင့်၊ ဤအယူခံမှု ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

အယူခံ တရားခံ၏ ပညာရှိရှေ့နေကြီးက အောက်ရုံး၏ အမိန့်မှာ တရားမကျင့်ထုံးအမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ ချမှတ်သော အမိန့်ဖြစ်၍၊ ထိုအမိန့်အား အယူခံဝင်ခွင့် မရှိကြောင်း တင်ပြသွားသည်။ တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ ၁ တွင် အယူခံ ဝင်နိုင်သည့် အမိန့်မျှားကို ဖော်ပြထားရာ၊ အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ တရားရုံးမှ ချမှတ်သော အမိန့်သည် အယူခံဝင်နိုင်သည့် အမိန့်မျှားတွင် မပါဝင်ခေ။ အမိန့် ၄၃၊ နည်းဥပဒေ၏ အမှတ်စဉ် "ထ" တွင် အမိန့် ၃၈၊ နည်းဥပဒေ ၆ အရ၊ အမိန့်ချမှတ်မှသာ အယူခံဝင်ခွင့်ရှိသည်။ နည်းဥပဒေ ၅ အရ၊ အမိန့်ချမှတ်လျှင် အယူခံဝင်နိုင်ခွင့် မရှိပေ။ မင်းဝါးဆင်း နှင့် ဆူချောဆင်း (၁)။

(၁) အတွဲ ၃၊ ရန်ကုန်စီရင်ထုံး၊ ၃၀၇။

ယခုအမှုတွင် အောက်ရုံး၏ အဓိန်သည် တရားမကျင့်ထုံး အဓိန် ၃၈၊ နည်းဥပဒေ ၅ အရ ချမှတ်ခဲ့ခြင်းဟုတ်မဟုတ်ကို စီစစ် ရန် လိုပေသည်။ ထိုနည်းဥပဒေ၏ အပိုဒ်ငယ် ၅ အရဆိုလျှင် တရားရုံးသည် တရားခံအပေါ် ပစ္စည်း သို့မဟုတ် ပစ္စည်း၏ တန်ဖိုးကို ထုတ်ပြရန် အာမခံတောင်းဆိုနိုင်သည်။ အဝိုဒ်ငယ် ၃ အရဆိုလျှင် ယာယီဟာ ဝါးရမ်းထုတ်ဆင့်နိုင်သည်။ အောက်ရုံးအနေဖြင့် အယူခံတရားလို၏ ပစ္စည်းအား ဝါးရမ်းဖမ်းဆီးခဲ့၏။ အယူခံတရားလိုက အာမခံချုပ်ဆိုမှ ဝါးရမ်းကို စွဲ၍ ထိုအာမခံအတိုင်း ဆက်လက်ထားရရှိရမည်ဟု အဓိန်ချမှတ်ခဲ့သည်။ သာမန်အာမခံတင်ရန် အဓိန်ချခဲ့ခြင်း မဟုတ်ပေ။ သို့ဖြစ်၍ အောက်ရုံး၏ အဓိန်မှာ အမှန်အားဖြင့် တရားမကျင့်ထုံးအဓိန် ၃၈၊ နည်းဥပဒေ ၅ အရ မဟုတ်ဘဲ နည်းဥပဒေ ၆ (၂) အရ ဖြစ်သည်။ ထို့ကြောင့် အောက်ရုံး၏ အဓိန်သည် အယူခံဝင်နိုင်သော အဓိန်တစ်ခု ဖြစ်သည်ဟု ကောက်ယူသည်။

တရားမရုံးအနေဖြင့် ဒီကရီမကျမီ ပစ္စည်းဖမ်းဝရမ်းကို အလွန်ပင် လိုအပ်ပြီး လုံလောက်သော အကြောင်းရှိမှသာ ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့် ထုတ်ပေးခြင်း မပြုသင့်ချေ။ လူတစ်ဦးက အခြားလူတစ်ယောက်အပေါ် ငွေရလိုကြောင်း တရားစွဲဆိုထားကာမျှဖြင့် တရားစွဲဆိုခြင်း ခံရသူ၏ ပစ္စည်းကို ရောင်းခြင်း၊ ဝယ်ခြင်း မပြုလုပ်နိုင်အောင် ဝါးရမ်းကပ်ထားမည်ဆိုလျှင် ထိုသူအတွက် များစွာနစ်နာရန် အကြောင်းရှိပေသည်။ ဝါးရမ်းကပ်ရအောင် လုံလောက်သည့် အကြောင်းရပ်များရှိရန် လိုသည်။ လုံလောက်သော အကြောင်းဆိုသည်မှာ တရားမကျင့်ထုံး အဓိန် ၃၈၊ နည်းဥပဒေ ၅ ၏ အဝိုဒ် ၁၊ အဝိုဒ်ခွဲ (က)၊ သို့မဟုတ်(ခ) တစ်ခုခုတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက် နှင့် ကိုက်ညီရမည် ဖြစ်သည်။ အဝိုဒ်ခွဲ (က) အရဆိုလျှင် တရားခံသည် မိမိအပေါ် ချမှတ်မည့် ဒီကရီကို ဇာရီပြုလုပ်သောအခါ နောင့်နေးစေရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ပစ္စည်းအားလုံး၊ သို့မဟုတ် တစိတ်တဒေသကို ပေါင်နှံရောင်းချပေးကမ်းခြင်း ပြုလုပ်ရန် စီစဉ်နေလျှင် ဒီကရီမကျမီ ပစ္စည်းဘမ်းဝါးရမ်းကို ထုတ်ဆင့်နိုင်မည် ဖြစ်သည်။ တရားခံက ၎င်း၏ ပစ္စည်းကို ထုခွဲရန် ပြုလုပ်နေသည်ဆိုခြင်းနှင့် ပတ်သက်၍ မည်သို့မည်ပုံ ထုခွဲမည်။ မည်သူအား ထုခွဲမည်ဟု တိတိကျကျ စွပ်စွဲချက်ရှိရန် လိုပေသည်။ ပစ္စည်းကို ထုခွဲရောင်းချလိမ့်မည်ဆိုသော ယေဘုယျစွပ်စွဲချက်ဖြင့် မလုံလောက်ချေ။

ယခုအမှုတွင် အယူခံတရားခံဘက်မှ တင်ပြခဲ့သည့် ကျမ်းကျိန်လွှာများ အရဆိုလျှင် အယူခံတရားလိုသည် "ချစ်ပါသည် ဆိုသော်လည်း" ဇာတ်ကားကို အထက်မြန်မာပြည်ရှိ ရုပ်ရှင်ပြသနေသော အဖွဲ့တစ်ခုသို့ ရောင်းချရန် စီစဉ်နေသည်ဟု စွပ်စွဲ ချက်သာရှိသည်။ မည်သည့်အဖွဲ့ကို ရောင်းချမည်ဆိုသော တိကျသည့် စွပ်စွဲ

၁၉၆၆

သန်းသန်းဦး ရွှမ်ရွှင်ဖြန့်ချီရေး ကုမ္ပဏီ (၎င်း အတွက်ပိုင်ရှင် မသန်းသန်းဦး) နှင့် ပြည်တော်ဥယျာဉ် ရွှမ်ရွှင်ဖြန့်ချီရေး ကုမ္ပဏီ (၎င်း အတွက်ပိုင်ရှင် ဒေါ်ကျင်ဥ)။

ချက်မဟုတ်ပေ။ ထို့ပြင် အယူခံ တရားလိုက ထိုဇာတ်ကားကို ၎င်း၏ခင်ပွန်း ဦးအေးမောင်အား လွဲပြောင်းပေးရန် ကြံစည်နေသည်ဟု ဆိုထားသည်။ ဦးအေးမောင်က ထိုအချက်ကို ငြင်းဆိုထားသည်။ ထို့ပြင် အယူခံ တရားလို နှင့် ဦးအေးမောင်တို့သည် မြန်မာ ဗဟုဘာသာများ ဖြစ်ကြ၍၊ မယားပစ္စည်းကို လင်သို့လွဲပြောင်းပေးရန် ကြံစည်နေသည်ဆိုခြင်းမှာ အဓိပ္ပါယ် မရှိပေ။ ထို့ကြောင့် အယူခံ တရားခံ၏ အောက်ရုံးရှိ လျှောက်ထားချက်မှာ တရားမကျင့်ထုံး အမိန့် ၃၇၊ နည်းဥပဒေ ၅ ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (က) တွင် အကျုံးမဝင်ကြောင်းထင် ရှားသည်။ အယူခံ တရားခံ၏ ပညာရှိ ရှေနေကြီးကလည်း ထိုအချက်ကို သဘော ပေါက်နားလည်သဖြင့် ၎င်း၏ လျှောက်လွှာသည် အပိုဒ်ခွဲ (က) နှင့် မသက်ဆိုင်ဘဲ အပိုဒ်ခွဲ (ခ) နှင့်သာ သက်ဆိုင်သည်ဟု လျှောက်လဲ တင်ပြသွားသည်။

အပိုဒ်ခွဲ (ခ) အရဆိုလျှင်၊ တရားခံသည် မိမိ၏ ပစ္စည်းအားလုံး၊ သို့မဟုတ် တစိတ်တဒေသကို တရားရုံး၏ ဒေသအလျှောက် စီရင်ပိုင်ခွင့် အတွင်းမှ ထုတ် ယူသွားရန် စီစဉ်နေလျှင်၊ ပစ္စည်းဘဏ် ဝါးရမ်းထုတ်ခွင့် ရှိပေသည်။ ယခုအမှုတွင် အမှုစတင်စွဲဆိုသည့် နေ့၌ပင်လျှင်၊ ဝါးရမ်းဘဏ်းပေးရန် လျှောက်ထားခြင်းခံရသည့် ရွှမ်ရွှင်ဇာတ်ကားမှာ ရန်ကုန်မြို့၊ တရားမရုံး၏ ဒေသအလျှောက် စီရင်ပိုင်ခွင့်အတွင်း၌ မရှိခဲ့။ မန္တလေးမြို့၌ ရှိနေသည်ဆိုခြင်းမှာ အငြင်းမထွက်သော အချက်ဖြစ်သည်။ သို့ဖြစ်ရာ အယူခံ တရားခံ၏ လျှောက်လွှာမှာ အပိုဒ်ခွဲ (ခ) နှင့်လည်း အကျုံးမဝင် ကြောင်းပေါ် လွင်သည်။

အယူခံ တရားခံ၏ ပညာရှိရှေနေကြီးက တဖန်၊ ဒီကရီမကျမီ ပစ္စည်းဘဏ်းဝါးရမ်း ထုတ်ပေးခြင်းသည်။မူလရုံးပညာရှိ တရားသူကြီး၏ ကိုယ်ပိုင် ဆင်ခြင်သုံးသပ်မှုအာဏာ အရပြုလုပ်ခဲ့ခြင်းဖြစ်၍၊ အယူခံရုံးအနေနှင့် ပင်ရောက်မစွက်ဘက်သင့်ကြောင်း တင်ပြ လာသည်မှာမှန်၏။ မူလရုံး၏ ပညာရှိ တရားသူကြီးက ၎င်း၏ကိုယ်ပိုင် ဆင်ခြင်မှု အာဏာအရ ချမှတ်ခဲ့သော အမိန့်တရပ်ကို သာမန်အားဖြင့် အယူခံ ရုံးသည် စွက်ဘက်လေ့ မရှိပေ။ သို့ရာတွင် မူလရုံးသည် ကိုယ်ပိုင်ဆင်ခြင်မှု အာဏာကို အသုံးပြုရာတွင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို လစ်လျူရှုပြီး၊ ထင်ရာစိုင်းခြင်း မပြုနိုင်ပေ။ ယင်းသို့ ဥပဒေနှင့် ကိုက်ညီခြင်း မရှိဘဲ ကိုယ်ပိုင်ဆင်ခြင်မှု အာဏာကို အသုံးပြုခဲ့သော ကိစ္စမျိုးတွင် အယူခံ ရုံးအနေဖြင့် ဝင်ရောက်စွက်ဘက်ရန် တာဝန်ရှိ ပေသည်။

ယခုအမှုတွင် အောက်ရုံးပညာရှိ တရားသူကြီးသည်၊ အထက်၌ ဖော်ပြခဲ့သည့် အတိုင်း တရားမကျင့်ထုံး အမိန့် ၃၇၊ နည်းဥပဒေ ၅၊ အပိုဒ် ၁ ၏ အပိုဒ်ခွဲ (က) နှင့်

(ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်း မရှိသော အမိန့်ကို ချမှတ်ခဲ့ခြင်း ဖြစ်ရာ၊ ထိုအမိန့်အား အတည်ပြုပေးရန် မဖြစ်နိုင်ပေ။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံလွှာကို လက်ခံပြီး၊ အောက်ရုံး၏ ၁၉၆၆ ခု၊ ဇန္နဝါရီလ ၂၁ ရက်နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အယူခံ တရားခံသည် အယူခံ တရားလိုအား တရားစရိတ် ပေးဆောင်ရမည်။ ရွှေနေစရိတ် ကျပ် ၃၄ သတ်မှတ်သည်။

၁၉၆၆

သန်းသန်းဦး ရပ်ရွာဖြန့်ချိရေး ကုမ္ပဏီ (၎င်း အတွက်ပိုင်ရှင် မသန်းသန်းဦး) နှင့် ပြည်တော်ညွှန့် ရပ်ရွာဖြန့်ချိရေး ကုမ္ပဏီ (၎င်း အတွက်ပိုင်ရှင် ဒေါ်ကျင်၃)။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

† ၁၉၆၆ အောင်ဂွမ်းခြမ်း(ခေါ်)အောင်ခြမ်း ပါ ၂ (အယူခံတရားလိုများ)

ခြဂုတ်လ ၂၂ ရက်။ နှင့်

ဘီ၊ဝိုင်၊စီ၊ ဆပ်ပြာအလုပ်ရုံ ၎င်း၏ မန်နေဂျင်း အစုစပ်အောင်ငေါ်ဝီး (အယူခံတရားခံ) *

ဆပ်ပြာလုပ်ငန်းတွင် အသုံးပြုသည့် တံဆိပ်နှင့်ပတ်သက်၍ တရားစွဲဆိုမှု—မိမိ၏ ဆပ်ပြာလုပ်ငန်း၌ အသုံးပြုသော တံဆိပ်ကို မိမိ၏ သဘောတူညီချက်အရ၊ အစုစပ် ကုမ္ပဏီအား အသုံးပြုခွင့် ပေးခြင်း—ကုမ္ပဏီသည် ကုန်အမှတ်တံဆိပ်ကို အသုံးပြုခွင့်ရှိသည့်ပိုင်ရှင်ဖြစ် မဖြစ်—အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၄ အရ၊ အစုစပ် ပစ္စည်း ဖြစ် မဖြစ်။

အယူခံတရားလိုများနှင့် အယူခံ တရားခံများသည် ဆပ်ပြာလုပ်ငန်းတွင် အသုံးပြုသည့် ဗန္ဓုလတံဆိပ်နှင့်ပတ်သက်၍ အပြန်အလှန် တရားစွဲဆိုခြင်း ပြုကြသည်။

ဆုံးဖြတ်ချက်။ ။(၁) အယူခံ တရားလိုသည် အခင်းဖြစ် ကုန်အမှတ်တံဆိပ်ကို ဘီ၊ဝိုင်၊စီ၊ ကုမ္ပဏီမတည်ထောင်မီက မိမိ၏ဆပ်ပြာလုပ်ငန်း၌ အသုံးပြုခဲ့စေကာမူ မိမိ၏ သဘောတူညီချက်အရ၊ ဘီ၊ဝိုင်၊စီ၊ ကုမ္ပဏီပေါ် ပေါက်လာသည့် အခါမှစ၍ အစုစပ်ဖျက်သိမ်းခဲ့သည့်နေ့ အထနှစ်ပေါင်း ၉ နှစ်ကြာမျှ ဘီ၊ဝိုင်၊စီ၊ ကုမ္ပဏီအား အသုံးပြုခွင့် ပေးခဲ့ခြင်းကြောင့် မိမိရရှိပြီး ဖြစ်သည့် အခွင့်အရေးကို စွန့်လွှတ်ခဲ့သည်ဟု ယူဆရမည် ဖြစ်သည်။ ကုန်စည်ရောင်းဝယ်သည့် ထုံးတမ်းလေ့များအရ၊ ဘီ၊ဝိုင်၊စီ၊ ကုမ္ပဏီသည် အခင်းဖြစ် ကုန် အမှတ်တံဆိပ်ကို ၉ နှစ်ခန့်မျှ ဆက်လက် အသုံးပြုခဲ့ခြင်းကြောင့် ထိုကုန် အမှတ်တံဆိပ်ကို အသုံးပြုခွင့် ရှိသည့် ပိုင်ရှင်ဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။

အခင်းဖြစ် ကုန်အမှတ်တံဆိပ်သည် အစုစပ်သို့ ယူလာသည့် ပစ္စည်းဖြစ်ရာ ထိုပစ္စည်းနှင့် ပတ်သက်၍ သီးခြားပဋိညာဉ်မရှိသရွေ့ အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၁၄ အရ၊ အစုစပ် ပစ္စည်း ဖြစ်သည်ဟူ၍ ယူဆရမည်။

တာ့ (၇) မဟာ(လ်)စတေရွှင်နာရီမာတ် နှင့် ကေ၊ အီး၊ အိဘရာဟင် ဗို၊အက်(စ်)၊အလီ ယာ ကုမ္ပဏီ မြန်မာပြည်စီရင်ထုံး၊ ၁၉၅၀ (တရားလွှတ်တော်) စာ ၄၁။

ဦးကျော် နှင့် ဦးဘအေး၊ မြန်မာပြည် စီရင်ထုံး၊ ၁၉၆၂ ခု၊ စာမျက်နှာ ၁၀၇ ရည်ညွှန်းသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၁၇။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂ တွင် မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံတရားလိုမျှားအတွက်။ ။ဦးစံသိန်း။

အယူခံတရားခံအတွက်။ ။ဦးမြစိန်။

တရားသူကြီး ဦးစိန်သင်း။ ။မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၊ ၆ နှင့် ၁၂ တို့တွင် (အယူခံတရားလိုမျှားနှင့် အယူခံတရားခံမျှားသည် ဆပ်ပြာလုပ်ငန်းတွင် အသုံးပြုသည့် ဗန္ဓုလတံဆိပ်နှင့် ပတ်သက်၍ အမျိုးမျိုးသော သက်သာခွင့်မျှားကို တောင်းဆိုကာ၊ အပြန်အလှန် တရားစွဲဆိုခြင်း ပြုခဲ့သည်)။ ထိုအမှုမျှားတွင် အဓိက ဆုံးဖြတ်ရန် အချက်မှာ ဗန္ဓုလ တံဆိပ်၏ ပိုင်ရှင်သည် မည်သူဖြစ်သနည်း၊ ထိုတံဆိပ်ကို မည်သူကသာလျှင် အသုံးပြုခွင့်ရှိသနည်း ဟူသည့် ပြဿနာဖြစ်သည်။ ထိုအမှု ၃ မစလုံးကို ပညာရှိ ခရိုင်တရားမ တရားသူကြီးက၊ တရားမကြီးမှုအမှတ် ၁၂ တွင်၊ တပေါင်းတည်း ကြားနာစစ်ဆေးပြီးနောက်၊ အယူခံတရားခံမျှားအပေါ် ၌ အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။ ထိုစီရင်ချက်နှင့် ဒီကရီတို့ကို မကျေနပ်သောကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုမျှားက မိမိတို့သည် ၁၉၃၄ ခုနှစ် မှစ၍ ဆပ်ပြာမျှားကို ပြုလုပ်ရောင်းချခဲ့ကြောင်း၊ ထိုဆပ်ပြာမျှားတွင် ဗန္ဓုလတံဆိပ်ကို အသုံးပြုခဲ့ကြောင်း၊ ထိုတံဆိပ်မှာ ဒါးနှင့် ဒါးအိမ်ကန့်လန့်ဖြတ်ရွေတွင်၊ ဗန္ဓုလခမောက်တည်ရှိကြောင်း၊ ထိုတံဆိပ်ကို ရန်ကုန်မြို့၊ ရေစစ်ရုံးတွင် ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာ ၅၁ဂ ဖြင့် မှတ်ပုံတင် ပြုလုပ်ခဲ့ကြောင်း၊ ထိုနောက် တဖန် ရန်ကုန်မြို့ ရေစစ်ရုံးဌာပင် ၁၉၆၄ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့က ထိုတံဆိပ်ကို ထပ်မံ မှတ်ပုံတင်ပြုလုပ်ခဲ့ကြောင်း။ ၁၉၅၁ ခုနှစ်၊တွင် ဘီ၊ဝိုင်၊စီ၊ ဆပ်ပြာကုမ္ပဏီအမည်နှင့် အစုစပ်လုပ်ငန်း ပြုလုပ်၍ ထို ဘီ၊ဝိုင်၊စီ၊ တံဆိပ်ကို အသုံးပြုခဲ့ကြောင်း၊ ထိုအစုစပ်လုပ်ငန်းတွင် ၁-အယူခံတရားလိုသည် အုပ်ချုပ်သည့် ပါတနာအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ အစုစပ်လုပ်ရာ၌ အစုရှင်များသည် နှုတ်အားဖြင့် သဘောတူညီခဲ့ကြသည်မှာ ၁-အယူခံတရားလိုသည် ထိုအစုစပ်တွင် အစုစပ်တဦးဖြစ်နေသရွေ့ကာလပတ်လုံး၊ ဗန္ဓုလတံဆိပ်ကို အစုစပ်လုပ်ငန်းတွင် အသုံးပြုရန် ခွင့်ပြုခဲ့၍ အစုစပ် ဖျက်သိမ်းသော အခါတွင်သော်၎င်း၊ အစုစပ်လုပ်ငန်းမှ ၁-အယူခံတရားလိုထွက်သွားသည့် အခါ၌သော်၎င်း၊ ထိုတံဆိပ်ကို ၁- အယူခံတရားလိုက ပြန်လည် ပိုင်ဆိုင်မည်ဖြစ်ကြောင်း။ထိုကဲ့သို့ အစုစပ်လုပ်ငန်းကို လုပ်ကိုင်လာခဲ့ကြရာတွင် ၁၉၅၉ ခု၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့စွဲပါ စာချုပ်အရ အစုစပ်လုပ်ငန်း၌ အခြားအစုရှင်များ ပါဝင်လာကြောင်း၊ ထို့နောက် ၁၉၆၀ ခု၊ ဇန္နဝါရီလ ၂ ရက်နေ့တွင် အစုစပ်ကို ဖျက်သိမ်းလိုက်ကြောင်း၊ ထိုကြောင့် ထိုကဲ့သို့အစုစပ်ကို ဖျက်သိမ်းလိုက်ပြီးသည့် နောက်ပိုင်းတွင် ဗန္ဓုလတံဆိပ်ကို ၁-အယူခံတရားလိုသာလျှင် ပိုင်ဆိုင်ကြောင်း၊

၁၉၆၆

အောင်ဂွမ်းချွမ်း(ခေါ်)အောင်ချွမ်းပါ၂နှင့် ဘီးဝိုင်းစီးဆော်ပြာ အလုပ်ရှင်းဆိုမန်နေဂျင်း အစုစပ်အောင်ငေါ်ဒီး

၁၉၆၀ ခု၊ ဇန္နဝါရီလ ၅ ရက်နေ့စွဲဖြင့် အယူခံတရားခံများသည်၊ ဘီးဝိုင်းစီ၊ ဆပ်ပြာကုမ္ပဏီကို အစုရှင်အသစ်များနှင့် ပြန်လည်ထူထောင်ပြီး၊ ဗန္ဓုလတံဆိပ်ကို လက်ဆက်အသုံးပြုသဖြင့် ၁-အယူခံတရားလိုက ထိုတံဆိပ်ကို အသုံးမပြုရန် နှိုတစ်စာပေးမ့သော်လည်း၊ အချည်းနှီးသာလျှင် ဖြစ်ခဲ့ကြောင်း။ အယူခံတရားခံများသည် ဗိုလ်လရောင်အမည်ဖြင့် ဒါးနှင့် ဒါးအိမ်ကန့်လန့်ဖြတ်ပေါ်တွင် ဗန္ဓုလခမောက်ပါသည့် တံဆိပ်ကို အသုံးပြုခဲ့ကြောင်း၊ထိုတံဆိပ်မှာ မူလ ဗန္ဓုလတံဆိပ်နှင့် ဆင်တူရိုးမှားဖြင့်သောကြောင့် ထိုတံဆိပ်ကို အယူခံတရားခံများသည် အသုံးပြုခွင့်မရှိကြောင်း အစရှိသဖြင့် အခိုလွှဲဖော်ပြထားသည်။

အယူခံတရားခံများ၏ အဓိကချေပချက်မှာ မူလ ဘီးဝိုင်းစီ၊ ဆပ်ပြာကုမ္ပဏီအမည်နှင့် အစုစပ်လုပ်ငန်း တည်ထောင်ခဲ့ရာ၌ ဗန္ဓုလတံဆိပ်ကို ၁-အယူခံတရားလိုသည် ထိုအစုစပ်လုပ်ငန်းတွင် ပါဝင်နေသည့်အချိန်ကာလ အတောအတွင်းသာလျှင် ထိုတံဆိပ်ကို အသုံးပြုရန် နှုတ်ကသိရှိသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ အစုစပ်ဖျက်သိမ်းလိုက်သည့်အခါ စာချုပ်ချုပ်ဆိုပြီး၊ ထိုစာချုပ်တွင် အခင်းဖြစ် အမှတ်အသားတံဆိပ်နှင့် ပတ်သက်၍ အယူခံတရားလိုများ၌ အခွင့်အရေး မရှိဘော့ကြောင်းကို အားလုံးသော အစုရှင်များက သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ ဗိုလ်လရောင် ဆပ်ပြာ တံဆိပ်နှင့် ပတ်သက်၍မှာ၎ငြား၊ ဗန္ဓုလဆပ်ပြာတံဆိပ်နှင့် ဆင်တူရိုးမှား မဟုတ်ကြောင်း များပင် ဖြစ်သည်။

ပညာရှိ အောက်ရုံး တရားသူကြီးက ၁- အယူခံတရားလိုသည် အခင်းဖြစ် တံဆိပ်ကို စဘင်အသုံးပြုကြောင်း ထင်ရှားသော်လည်း၊ ထိုတံဆိပ်ကို ဘီးဝိုင်းစီ၊ ကုမ္ပဏီက အသုံးပြုခဲ့သဖြင့် ဘီးဝိုင်းစီ၊ ကုမ္ပဏီသည် ထိုတံဆိပ်၏ ပိုင်ရှင်ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ ၁-အယူခံဘရားလိုသည် အခင်းဖြစ်တံဆိပ်ကို စတင်တီထွင်သူဖြစ်သော်လည်း၊ ၎င်းတံဆိပ်ကို ဆက်လက် အသုံးပြုခြင်းမရှိသဖြင့်၊ ၎င်း၏အခွင့်အရေး ဆုံးရှုံးခဲ့ပြီး ဖြစ်သည်ဟူ၍လည်း ပညာရှိ အောက်ရုံးတရားသူကြီးက ယူဆခဲ့သည်။ တဖန် အစုစပ်ဖျက်သိမ်းသည့် စာချုပ်အရ အခင်းဖြစ်တံဆိပ်ကို အစုစပ်တွင် ကျန်ရှိနေသူများက ဆက်လက်အသုံးပြုရန် သဘောတူညီခဲ့ပြီး ဖြစ်ခဲ့ကား၊ အယူခံတရားခံများသည် အခင်းဖြစ်တံဆိပ်၏ ပိုင်ရှင်ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်ကာ၊ အယူခံတရားလိုများ၏ အမှုကို ပလပ်ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ သုခမိန်ကြီးက၊ အခင်းဖြစ်တံဆိပ်၏ မူလပိုင်ရှင်သည် ၁-အယူခံတရားလို ဖြစ်သည်ဟု ဆုံးဖြတ်ပြီး ဖြစ်ရကား၊ ၁-အယူခံတရားလိုသည် ထိုတံဆိပ်ကို မိမိကိုယ်တိုင် ပါဝင်သည့် အစုစပ်လုပ်ငန်း၌ အသုံးပြုခဲ့ရုံကာမျှဖြင့် ထိုတံဆိပ်ကို စွန့်လွှတ်ရာရောက်သည်ဟု မူလရုံးက ဆုံးဖြတ်ချက်

ချမှတ်ခဲ့ခြင်းမှာ မှားယွင်းပါသည်ဟု လျောက်လဲလေသည်။ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ ပိုင်ဆိုင်မှုရရှိရန်မှာ ထိုအမှတ်တံဆိပ်ကို အသုံးပြု၍ ကုန်များကို ရောင်းဝယ်ဖေါက်ကား ပြုလုပ်ရမည်ဖြစ်သည်။ တံဆိပ်ကို မှတ်ပုံတင်ရုံကာမျှဖြင့် မှတ်ပုံတင်သူသည် ထိုတံဆိပ်၏ ပိုင်ရှင် ဖြစ်မလာနိုင်၊ ထိုတံဆိပ်ကို မိမိ၏လုပ်ငန်းတွင် အသုံးပြုခြင်းအားဖြင့်၊ အများက ထိုတံဆိပ်သည် တံဆိပ်ပိုင်ရှင်ထုတ်လုပ်သည့် ကုန်များဖြစ်ကြောင်း သိရှိလာသော အခါမှသာလျှင်၊ ထိုတံဆိပ်ရှင်သည် ထိုတံဆိပ်ကို မိမိတဦးတည်း သုံးစွဲပိုင်ခွင့် ရရှိနိုင်လာသည်။ **တာ(ဂျ်)မဟာ(လ်) စတေးရှင်နာရီမာတ် နှင့် ကေ၊ အီး၊ အီဘရာဟင်၊ ဗွီ၊ အက်(စ်) အလီယာအင် ကုမ္ပဏီ** (၁)အမှု စီရင်ထုံးတွင် ကုန်အမှတ်တံဆိပ်ကို တဦးတည်း သုံးစွဲရန် မည်ကဲ့သို့အခွင့်အရေး ဖြစ်ပေါ်လာကြောင်း အောက်ပါအတိုင်း ဖေါ်ပြထားသည်။

> "The right which a manufacturer has in his trade mark is the exclusive right to use it for the purpose of indicating where, or by whom, or at what manufactory, the article to which it is affixed was manufactured. As soon, therefore, as a trade mark has been so employed in the market as to indicate to purchasers that the goods to which it is attached are the manufacture of a particular firm, it becomes, to that extent, the exclusive property of the firm."

ဦးကျော်နှင့် ဦးဘအေး(၂) အမှုစီရင်ထုံးတွင်လည်း၊ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ ထိုကုန်အမှတ်တံဆိပ်ကို အသုံးပြုခြင်းအားဖြင့် သာလျှင်၊ အခွင့်အရေးများ ရရှိနိုင်ကြောင်းဖြင့်ဖေါ်ပြထားသည်။ယခု ကျွန်ုပ်ရှေ့ရှိ အမှုတွင် ၁-အယူခံတရားလိုသည်အခင်းဖြစ် ကုန်အမှတ်တံဆိပ်ကို တီထွင်၍ မှတ်ပုံတင်ပြုလုပ်ခဲ့သည်ကား မှန်၏။ သို့ရာတွင် ထိုတံဆိပ်ကို မိမိ၏ဆပ်ပြာလုပ်ငန်းတွင် အသုံးပြုသဖြင့်၊ ဝယ်ယူသူများက ထိုကုန်အမှတ်တံဆိပ်ပါသည့် ဆပ်ပြာသည် ၁-အယူခံ တရားလို ထုတ်လုပ်သည့် ဆပ်ပြာဖြစ်ကြောင်း သိရှိခဲ့ပြီး ဖြစ်သည်ဟု သက်သေခံ အထောက်အထား တစုံတရာ မရရှိခဲ့ချေ။ ထိုကုန်အမှတ်တံဆိပ်ကို မိမိ၏သဘောတူညီချက်ဖြင့် ဘီ၊ဝိုင်၊စီ၊ ကုမ္ပဏီက၊ ကာလ အတန်ကြာ အသုံးပြုခဲ့ကြောင်းကိုမူမိမိကိုယ်တိုင် ဝန်ခံထားသည်။ ထိုကြောင့် ထိုကဲ့သို့ အခင်းဖြစ် ကုန်အမှတ်တံဆိပ်ကို ဘီ၊ဝိုင်၊စီ၊ ကုမ္ပဏီသည် ကာလအတန်ကြာ အသုံးပြုခဲ့သောကြောင့် ထိုကုန်အမှတ်တံဆိပ် ပိုင်ရှင်ဖြစ်ခဲ့ကြောင်းထင်ရှားလေသည်။ ၁-အယူခံ တရားလိုသည် အခင်းဖြစ် ကုန်အမှတ်တံဆိပ်ကို ဘီ၊ဝိုင်၊စီ၊ကုမ္ပဏီကို မတည်

---

(၁) မြန်မာပြည်စီရင်ထုံး၊ ၁၉၅၀ ခုနှစ်၊ (တရားလွှတ်တော်)၊ စာမျက်နှာ ၄၁။
(၂) မြန်မာပြည်စီရင်ထုံး၊ ၁၉၆၂ ခုနှစ်၊ စာမျက်နှာ ၁၀၇။

ထောင်မိက မိမိတို့ဆပ်ပြာလုပ်ငန်း၌ အသုံးပြုခဲ့စေကာမူ မိမိတို့သဘောတူညီချက်အရ ဘီးဝိုင်းစီ၊ ကုမ္ပဏီ ပေါ် ပေါက်လာသည့် အခါမှစ၍ အစုစပ် ဖျက်သိမ်းခဲ့သည့်နေ့အထိ၊ နှစ်ပေါင်း ၉ နှစ်ကြာမျှ ဘီးဝိုင်းစီ၊ ကုမ္ပဏီအား အသုံးပြုခွင့် ပေးခဲ့ခြင်းကြောင့် မိမိရရှိပြီးဖြစ်သည့် အခွင့်အရေးကို စွန့်လွှတ်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ကုန်စည် ရောင်းဝယ်သည့် ထုံးတမ်းလေ့မျှးအရ၊ ဘီးဝိုင်းစီ၊ ကုမ္ပဏီသည် အခင်းဖြစ် ကုန်အမှတ်တံဆိပ်ကို ၉ နှစ်ခန့်မျှ ဆက်လက် အသုံးပြုခဲ့ခြင်းကြောင့် ထိုကုန်အမှတ်တံဆိပ်ကို အသုံးပြုခွင့်ရှိသည့် ပိုင်ရှင် ဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။

အမှုတွင် အကြောင်းခြင်းရာအရ၊ အဓိကအငြင်းပွါးနေသည့် အချက်မှာ ဘီး၊ ဝိုင်းစီ၊ ကုမ္ပဏီကို တည်ထောင်စဉ်က ထိုကုန်အမှတ်တံဆိပ်ကို ၁-အယူခံတရားလိုသည် အစုစပ်တွင် ပါရှိနေသရွေ့ ကာလတာမျှသာ ဘီးဝိုင်းစီ၊ ကုမ္ပဏီသည် ထိုအမှတ်တံဆိပ်ကို အသုံးပြုခွင့် ရှိသည်ဟူသော အချက်ဖြစ်သည်။ သို့ရာတွင် ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားလိုမျှားသည်၊ သက်သေထူထောင်နိုင်ခြင်း မရှိချေ။ အစုစပ် စာချုပ်တွင်လည်း၊ ထိုအချက်နှင့် ပတ်သက်၍ မည်ကဲ့သို့မျှ ဖော်ပြထားခြင်းမရှိ၊ အစုစပ် ဖျက်သိမ်းသော အခါ၌လည်း စာချုပ်-ချုပ်ဆိုရာတွင် ဘီးဝိုင်းစီ၊ ကုမ္ပဏီအသုံးပြုနေသည့် ကုန်အမှတ်တံဆိပ်တွင် အစုစပ်မှ ထွက်ခွါသွားမည့် အယူခံတရားလိုနှင့် အခြား မောင်ကံဟွန်း ဆိုသူတို့၌ ထိုအမှတ်တံဆိပ်မျှားနှင့် ပတ်သက်၍ မည်သည့်အခွင့်အရေးမျှ မရှိတော့ကြောင်း ဖော်ပြထားသည်။

အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ သုခမိန်ကြီးက အခင်းဖြစ် ကုန်အမှတ်တံဆိပ်သည်အစုစပ်ပစ္စည်းဖြစ်သည်ဟု မယူဆသင့်ကြောင်းဖြင့်လျှောက်လဲ ထားသည်။ သို့ရာတွင် ထိုပစ္စည်းသည် အစုစပ်သို့ ယူလာသည့် ပစ္စည်းဖြစ်ရာ၊ ထိုပစ္စည်းနှင့် ပတ်သက်၍ သီးခြား ပဋိညာဉ်မရှိသရွေ့ အစုစပ် လုပ်ငန်းအက်ဥပဒေ ပုဒ်မ ၁၄ အရ၊ အစုစပ် ပစ္စည်း ဖြစ်သည်ဟူ၍ပင် ယူဆရမည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘီးဝိုင်းစီ၊ ကုမ္ပဏီ အစုစပ်တည်ထောင်စဉ်က ထိုပစ္စည်းကို ၁-အယူခံတရားလို အစုစပ်ဝင်တဦးအဖြစ် တည်ရှိနေသရွေ့သာလျှင်၊ ထိုပစ္စည်းကို ဘီးဝိုင်းစီး ကုမ္ပဏီက အသုံးပြုရန် ကတိကဝတ် ရှိခဲ့ကြောင်း ခိုင်လုံသည့် သက်သေခံအထောက်အထား မရရှိခဲ့ချေ။ ထိုအချက်နှင့် ပတ်သက်၍ စိန်မင်းဆိုသူက ၁-အယူခံတရားလို ထံ ရေးခဲ့ပါသည်ဟူသော စာတစောင်ကို သက်သေခံအဖြစ်တင်ပြထားသည်။ ထိုစာ၌ စိန်မင်းက—

"မင်းနဲ့ငါမူလကတိအတိုင်း အသုံးပြုနေသော ဗန္ဓုလတံဆိပ်ကိုလည်းထဲ့၍ အသုံးပြုရန်သဘောတူပါသည်။ နောင်မင်းအစုစပ်မှ ထွက်သည့်အခါဖြစ်စေ၊

အစုစပ်ဖျက်သိမ်းသည့်အခါဖြစ်စေ၊ မင်းပိုင်သည့်ဗန္ဓုလတံဆိပ်သည် မင်းပိုင်ဘဲ ဖြစ်ပါမည်ဟု သူတို့လဲသဘောတူကြပါသည်။"

ဟု ရေးသားထားသည်။ သို့ရာတွင် ထိုစာမှာ နောက်မှ အကြံရပြီး ရေးသားထားသည့် စာ ဖြစ်ဟန်လက္ခဏာရှိသည်။ ပညာရှိ အောက်ရုံး တရားသူကြီးကလည်း ထိုသက်သေခံ ချက်ကို လက်မခံခဲ့ချေ။ ထိုကြောင့် အယူခံတရားလိုများ တင်ပြသကဲ့သို့ အခင်းဖြစ် ကုန်အမှတ် တံဆိပ်ကို ၁-အယူခံတရားလို အစုစပ်ဝင်တဦးအဖြစ် လုပ်ကိုင်နေစဉ်သာ လျှင်၊ ဘီ၊ဝိုင်း၊စီ၊ ကုမ္ပဏီက အသုံးပြုရမည်ဟု သဘောတူညီချက် မရှိကြောင်း ထင်ရှား လေသည်။ အစုစပ် ဖျက်သိမ်းစဉ်က ချုပ်ဆိုသည့် စာချုပ်ပါ အချက်အလက်များအရ လည်း၊ ထိုကုန်အမှတ်တံဆိပ်ကို ဘီ၊ဝိုင်း၊စီ၊ ကုမ္ပဏီကပင်လျှင် ဆက်လက် အသုံးပြုရန် ဖြစ်ကြောင်း ထင်ရှားသည်။ အထက်ပါ အကြောင်းများကြောင့် အယူခံတရားလိုများ အပေါ်၌ ပညာရှိ အောက်ရုံး တရားသူကြီး ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပြင်ဆင်ပယ်ဖျက်ရန် အကြောင်းမရှိ။ ထိုကြောင့် အယူခံတရားလိုများ၏ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဤရုံး ရှေ့နေခမှာ ငွေ ၅၀ တိတိဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆

ဩဂုတ်လ
၁၈ ရက်

အောင်မြသွင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၉၅ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။စက်မှုလယ်ယာကို နေရာတိုင်း၌ အသုံးမပြုနိုင်မီလယ်ယာလုပ်ငန်းကို အဓိကထားသည့် မြန်မာပြည်၌ ကျွဲ နွားများသည် အလွန်အရေးကြီးသည့် အလျောက် ယင်းကဲ့သို့ကျွဲ နွားများကို ခိုးယူတိုက်ခိုက်သော အမှုမျိုးတွင် မှတ်လောက်သားလောက်သည့် အပြစ်ဒဏ်ကို ချမှတ်သင့်ပေသည်။

အယူခံတရားလိုအတွက်။ ။မရှိ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၉၅ အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ဘားအံမြို့၊ ဒုတိယ ရာဘက်ရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကိုမကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၁၃၂၅ ခုနှစ်၊ ဝါဆိုလဆုတ် ၃ ရက် (၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့) ည ၁၀ နာရီခန့်အချိန်တွင် ဘားအံခရိုင်၊ အုန်းတပင်ကျေးရွာအုပ်စု ကဒိုင်ကကွင်းတွင် လယ်လုပ်နေကြသော ဦးဖေ၊ သန်း၊ ဦးပေါက်ဟီး (လိုပြ-၂)၊ မောင်သန်းစိန် (လိုပြ-၃)၊ မောင်ထွန်းငွေ (လိုပြ-၄)၊ ကိုသာမြိုင် (လိုပြ-၅) နှင့် ဦးကြာမြင် (လိုပြ-၇) တို့၏ တဲအသီးသီးသို့ လူဆိုး ၈ ယောက် ဝင်ရောက်ပြီး နွား ၁၀ ကောင်ကို လုယူသွားကြ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၄၉။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၉ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့စွဲပါ ဘားအံမြို့၊ ဒုတိယ ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

လေသည်။ ဦးဖေ၊ သန်း၊ ဦးပေါက်ဟီး၊ မောင်သန်းစိန်၊ မောင်ထွန်းငွေ၊ ကိုသာမြိုင်နှင့် ဦးကြာမြင့်တို့သည် အဆိုပါ ကဗိုင်ကကွင်း၌ လယ်လုပ်ရင်း တဲများကို တစုတဝေးတည်း ထိုးကာ နေထိုင်လျက်ရှိကြသည်။ လူဆိုးတို့သည် နွား ၁၀ ကောင်ကို လုယူပြီးနောက်၊ ဦးကြာမြင့်အား ခါးစာခံအဖြစ် ခေါ်သွားသည်။ လမ်းတွင် နွားတကောင်လွတ်ပြီး ထွက်ပြေးသွားသည်။ ထိုနွားမှာ ဦးကြာမြင့်၏နွားဖြစ်သည်။ လူဆိုးတို့သည် မိုးမလင်းမီ ဦးကြာမြင့်အား လမ်းမှနေ၍ ပြန်လွှတ်လိုက်သည်။

ထိုကဲ့သို့ နွားများကို လုယူသွားသည့် လူဆိုးများအနက်၊ ဦးပေါက်ဟီး၊ မောင်သန်းစိန်၊ မောင်ထွန်းငွေနှင့် ဦးကြာမြင့်တို့က၊ အယူခံတရားလိုအား မှတ်မိလိုက်သည်။ အခင်းဖြစ်ပွါးသောညမှာ ဝါဆိုလဆုတ် ၃ ရက်နေ့ည ဖြစ်သောကြောင့် လရောင်ရှိနေသည်ကတကြောင်း၊ လူဆိုးအချင်းချင်း လက်နှိပ်ခါတ်မီးများဖြင့်ထိုး၍ ခါတ်မီးရောင်တွင် တွေ့မြင်လိုက်ရသည်ကတကြောင်း၊ ထိုအကြောင်းများကြောင့် အယူခံတရားလိုအား အဆိုပါ သက်သေများက မှတ်မိလိုက်ခြင်းဖြစ်သည်။

နောက်နေ့ နံနက်တွင် အလုခံရသူများသည် အုန်းတပင်ရွာသူကြီး ဦးအတိတ် (လိုပြ-၁) ထံသို့ သွားရောက်တိုင်ကြားသဖြင့်၊ ဦးအတိတ်သည် ဘားအံရဲဌာနာသို့ သွားရောက်ကာ ပဌမသတင်းချက်ကို တိုင်ကြားလေသည်။

အယူခံတရားလိုသည် အခင်းဖြစ်ပွါးပြီးနောက် ရွာမှတိမ်းရှောင်နေသောကြောင့်၊ ဘားအံမြို့ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၏ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၈ တွင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၂ အရ တရားခံပြေးအဖြစ် အရေးယူဆောင်ရွက်ခဲ့ရသည်။ ထို့နောက် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အယူခံတရားလိုအား ဘမ်းဆီးရမိသည့်အလျောက် ၎င်းအပေါ် ခါးပြမှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုက နွားများကို ခါးပြတိုက်ရာ၌ မိမိမပါဝင်ကြောင်း၊ အခင်းဖြစ်ပွါးစဉ်အခါနှင်က ပေါင်စိန်ရွာ၌ လယ်လုပ်ကိုင်နေကြောင်း ထုချေလေသည်။ ပညာရှိ အောက်ရုံးတရားသူကြီးသည် ၎င်း၏ထုချေချက်ကို လက်မခံဘဲ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုသည်၊ ဦးဖေ၊ သန်း၊ ဦးပေါက်ဟီး၊ မောင်သန်းစိန်၊ ဦးထွန်းငွေနှင့် ကိုသာမြိုင် တို့၏ တဲများမှ နွား ၉ ကောင်ကို လုယူသွားကြသည့် လူဆိုး ၈ ယောက်အနက် တယောက်ဖြစ်သည်ဆိုခြင်းကို၊ ဦးပေါက်ဟီး၊ မောင်သန်းစိန်၊ မောင်ထွန်းငွေနှင့် ဦးကြာမြင့်တို့၏ စွပ်စွဲချက်များ ရှိနေသည်။ ထိုသက်သေတို့သည် အယူခံတရားလိုအား လရောင်ဖြင့် ကောင်းမွန်စွာ တွေ့မြင်လိုက်ရသောကြောင့် လူမှားပြီး စွပ်စွဲရန်အကြောင်းမရှိ၊ အယူခံတရားလိုမှာ မျက်စိတဘက်ကမ်းနေသူတယောက်

ဖြစ်ပြီး၊ ၎င်းအား သက်သေများက ကောင်းစွာသိရှိနေကြသည့်အလျောက် လူမှုတ်မိလိုက်သည်ဆိုသော သက်သေတို့၏ စွပ်စွဲချက်မှာ ယုတ္တိရှိသည်။ ထိုသက်သေများသည် အယူခံတရားလိုအပေါ် မဟုတ်မတရား စွပ်စွဲရန်အကြောင်း လုံးဝမရှိချေ။ ထို့ပြင်မှ မက အယူခံတရားလိုသည် အခင်းဖြစ်ပွါးပြီးနောက် ၂ နှစ်ခန့် ထွက်ပြေးတိမ်းရှောင်နေသည်ဆိုသောအချက်လည်း ရှိနေသည်။ အထက်ပါ အကြောင်းမျှားကြောင့် အယူခံတရားလိုသည် နွားမျှားကို ခါးပြတိုက်သွားသည့် လူဆိုးမျှားအနက် တယောက်ဖြစ်သည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

ဘားအံခရိုင်သည် ယိုးဒယားပြည်နှင့် နယ်စပ်ဖြစ်သည့် ခရိုင်တခုဖြစ်သည်။ ထိုခရိုင်မှ ကျွဲ နွားများကို မသမာသူမျှားသည် ခိုးယူ၍သော်ငင်း၊ လုယူ၍သော်ငင်း၊ အခြားနည်းမျှားဖြင့်သော်ငင်း၊ ယိုးဒယားပြည်ဘက်သို့ ထုတ်ယူကာ ရောင်းချလေ့ရှိသည်ဆိုသောအချက်ကို သဘိပြုရမည်ဖြစ်သည်။ စက်မှုလယ်ယာကို နေရာတိုင်း၌ အသုံးမပြုနိုင်မီ လယ်ယာလုပ်ငန်းကို အဓိကထားသည့် မြန်မာပြည်၌ ကျွဲ နွားမျှားသည် အလွန်အရေးကြီးသည့် အလျောက်၊ ယင်းကဲ့သို့ ကျွဲ နွားမျှား ခိုးယူတိုက်ခိုက်သော အမှုမျှားတွင် မှတ်လောက် သားလောက်သည့် အပြစ်ဒဏ်ကို ချမှတ်သင့်ပေသည်။ သို့ဖြစ်ရာ အယူခံတရားလိုအပေါ် အလုပ်နှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် ချမှတ်ထားသော အမိန့်မှာ ကြီးလေးသည်ဟု မဆိုသာချေ။

အထက်ပါ အကြောင်းမျှားကြောင့် အောက်ရုံးစီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို အတည်ပြုပြီး၊ ဤအယူခံလွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ဦးကျော်မြင့် (အယူခံတရားလို) † ၁၉၆၆
ဇူလိုင် လ
၁၃ ရက်။

နှင့်

မစ္စတာရှိတ်မိုဟာမက်(ခေါ်)ဦးဟံသိန်း ပါ ၂ (အယူခံတရားခံများ)*

တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ (၁)—ယာယီတားဝါရမ်း ထုတ်ပေးရန် လျှောက်ထားခြင်း—ယာယီတားဝါရမ်းအမိန့် အမှုတွင် ပါဝင်သူ ဒုါးရမ်းခ ကြီးကြပ်ရေးဝန်အား အမှုမျှားကို ဆက်လက်ဆောင်ရွက်ခြင်းမှ ယာယီတားမြစ်ခြင်း—အစိုးရအရာရှိတဦးဖြစ်သည့် အတိုင်း မိမိ၏ဝတ္တရားများကို ဥပဒေအရ၊ ဆောင်ရွက်ခြင်းသာ ဖြစ်သဖြင့် ဝတ္တရားများကို မဆောင်ရွက်ရန် တားမြစ်သည့် အမိန့်မျိုးကို ထုတ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။ယာယီ တားဝါရမ်းအမိန့်ကို ထုတ်ပေးသော အခါ၌ အမှုတွင် မပါဝင်သူ ဒုါးရမ်းခ ကြီးကြပ်ရေးဝန်အား တရားမကြီးမှုအမှတ် ၁၈၂/၆၆ မှ ပေါ်ပေါက်လာသော ဒုါးရမ်းခကြီးကြပ်ရေးဝန်ရုံး၏ အမှုများကို ဆက်သက်ဆောင်ရွက်ခြင်းမှ ယာယီတားမြစ်သည့် အမိန့်ကို ထုတ်ပေးခဲ့ကြောင်း တွေ့ရလေသည်။ ဒုါးရမ်းခ ကြီးကြပ်ရေးဝန်မှာ အမှုတွင် ပါဝင်ခြင်း **မရှိ** ချေ။ ၎င်းမှာ အစိုးရ အရာရှိတဦးဖြစ်သည့် အတိုင်း **မိမိ၏** ဝတ္တရားများကို ဥပဒေအရ ဆောင်ရွက်ခြင်းသာ ဖြစ်သဖြင့်၊ တရားမ ကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ (၁) အရ၊ ၎င်းအား ဥပဒေအရ၊ ဆောင်ရွက်ရန်ရှိသည့် ဝတ္တရားများကို မဆောင်ရွက်ရန် တားမြစ်သည့် အမိန့်မျိုးကို ထုတ်မပေးနိုင်။ ***Ram Saran Das and others*** **v. *Moulu and others*, A.I.R. 1926, Lahore, p. 284 ရည်ညွှန်းလိုက်နာသည်။**

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ဘတင်။

အယူခံတရားခံ အတွက်။ ။ဦးလှဖေ (၁)။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုတွင် အယူခံတရားလိုဖြစ်သူ ဦးကျော်မြင့်က၊ ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၂ တွင်၊ မြွက်ဖော်

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၂၂။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၂ တွင်၊ ရန်ကုန်မြို့၊ တရားမရုံး၊ စတုတ္ထ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၆

ဦးကျော်မြင့် နှင့် မစ္စတာရှိတ်မို ဟာမက် (ခေါ်) ဦးဟံသိန်း ပါ ၂။

လိုမှုနှင့် အမြဲတမ်းတားမြစ်လိုမှုအတွက် တရားစွဲဆိုခဲ့ရာ အမှုကို အောက်ရုံးမှ ပလပ် လိုက်လေသည်။ ထို့အတွက် ယခုအယူခံမှုကို တင်သွင်းခဲ့ရာ အယူခံတရားလိုက ၎င်း၏ ၁၉၆၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့စွဲပါ လျှောက်လွှာအရအယူခံမှုကို ကြားနာနေစဉ် အတွင်း၊ တရားမကျင့်ထုံးအမိန့် ၃၉ နည်းဥပဒေ (၁) အရ၊ ယာယီတားဝရမ်းကို ထုတ်ပေးပါရန် လျှောက်ထားခဲ့သည့်အတိုင်း၊ ဤရုံးစဉ်းစားခန်းထိုင် တရားသူကြီးက ၁၉၆၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့က ယာယီတားဝရမ်းအမိန့်ကို ချမှတ်ပေးလိုက်လေသည်။ ထိုယာယီတားဝရမ်းအမိန့်ကို အတည်ပြုရန်နှင့်ပတ်သက်၍ တဖက်သို့ နို့တစ်ထုတ်၍ ယခုကြားနာခဲ့ခြင်းဖြစ်သည်။ ယခုအယူခံမှုတွင် အယူခံ တရားလိုများမှာ မစ္စတာ ရှိတ်မိုဟာမက် (ခေါ်) ဦးဟံသိန်းနှင့် ၎င်း၏ဇနီး မခင်ခင်စိန်တို့ဖြစ်လေသည်။ သို့ရာတွင် အယူခံတရားလို၏ ပညာရှိရွှေနေကြီး လျှောက်ထားခဲ့သည့်အတိုင်း ယာယီ တားဝရမ်းအမိန့်ကို ထုတ်ပေးသောအခါ၌၊ အမှုတွင် မပါဝင်သူ ဒုါးရမ်းခကြီးကြပ် ရေးဝန်အား တရားမကြီးမှုအမှတ် ၁၈၂/၆၆ မှပေါ် ပေါက်လာသော ဒုါးရမ်းခ ကြီးကြပ် ရေးဝန်ရုံး၏ အမှုများကို ဆက်လက်ဆောင်ရွက်ခြင်းမှ ယာယီတားမြစ်သည့်အမိန့်ကို ထုတ်ပေးခဲ့ကြောင်း တွေ့ရလေသည်။ ဒုါးရမ်းခ ကြီးကြပ်ရေးဝန်မှာ အမှုတွင်ပါဝင် ခြင်းမရှိချေ။ ၎င်းမှာ အစိုးရအရာရှိတဦးဖြစ်သည့်အတိုင်း၊ မိမိ၏ဝတ္တရားများကို ဥပဒေ အရ ဆောင်ရွက်ခြင်းသာဖြစ်သဖြင့် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ (၁)အရ ၎င်းအား ဥပဒေဆောင်ရွက်ရန်ရှိသည့် ဝတ္တရားများကိုမဆောင်ရွက်ရန် တားမြစ် သည့်အမိန့်မျိုးကို ထုတ်မပေးနိုင်ကြောင်းကို ***Ram Saran Das and others*** v. ***Moulu and others*** (1) အမှု၏ စီရင်ထုံးတွင် အောက်ပါအတိုင်း ပြဆိုခဲ့လေသည်။

> **"Now it is clear that an injunction under Order 39, Rule 1 cannot be granted against a person who is not a party to the suit and that Rule 2 applies to defendants only. As regards section 151 of the Civil Procedure Code there is nothing to show that this Court possesses an inherent power for granting injunctions against Government officers not Subordinate to this Court."**

အယူခံတရားလို၏ ပညာရှိရွှေနေကြီးက ယခုအမှုတွင် ထုတ်ပေးခဲ့သည့် ယာယီ တားဝရမ်းအမိန့်ကို အတည်ပြုသင့်ကြောင်း စီရင်ထုံးအတော်များများပင် ကိုးကား တင်ပြသော်လည်း၊ ၎င်းစီရင်ထုံးများမှာ ယခုအမှုကြောင်းခြင်းရာများနှင့် တူညီခြင်း မရှိ၊ များစွာကွဲပြားခြားနားနေပြီး ယခုကဲ့သို့ အမှုတွင် ပါဝင်ခြင်းမရှိသူ အစိုးရ အရာရှိတဦးအား တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ (၁) အရ၊ တားဝရမ်း

(1) A.I.R. (1926) Lahore, p. 284.

ထုတ်ဆင့်နိုင်ကြောင်း ပြဆိုသည့် စီရင်ထုံးတခုကိုမျှ၊ အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက တင်ပြနိုင်ခြင်းမရှိချေ။ ထို့ကြောင့် ဤရုံးမှ ၁၉၆၆ ခုနှစ်၊ မေလ ၁၃ ရက် နေ့ထုတ်ခဲ့သည့် ယာယီတားမြစ်သည့်အမိန့်ကို အတည်ပြုရန်မဖြစ်နိုင်သောကြောင့် ပယ်ဖျက်ရပေမည်။

ဖေါ်ပြပါ အကြောင်းမျှားကြောင့် ၁၉၆၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့စွဲပါယာယီ တားမြစ်သည့်အမိန့်ကို ပယ်ဖျက်၍၊ အယူခံတရားလိုက ယခုအမှုတွင် တားဝရမ်း ထုတ်ဆင့်ပေးရန်အတွက်၊ ၁၉၆၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့က လျှောက်ထားသည့် လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ပညာရှိ ရှေ့နေကြီး၏စရိတ်ကို ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆ ခြုံကုတ်လ ၂၅ ရက်။

ဦးကျော်မြင့် (အယူခံတရားလို)

နှင့်

မစ္စတာရှိတ်မိုဟာမက်(ခေါ်)ဦးဟံသိန်း ပါ ၂ (အယူခံတရားခံ)*

အိမ်ငှါးတဦးမြစ်ကြောင်း မြွက်ဟော်လိုမှုနှင့် အိမ်ခန်းမှနှင်ထုတ်ခြင်းကို ထာဝစဉ် တားမြစ်ပေးလိုမှု တရားစွဲဆိုခြင်း—ငှါးရမ်းခ ကြိုးကြပ်ရေးဝန်အပေါ် ၎င်းချမှတ်သော အခန်းမှ ဖယ်ရှားပေးရန် အမိန့်ကို ယာယီ တားဝါရမ်း ထုတ်ပေးရန် လျှောက်ထားခြင်း—တရားမကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂—အမှုသည် မဟုတ်သူအပေါ် ထုတ်ဆင့်ရန် အာဏာမရှိ—ရန်ကုန်မြို့၊ တရားမရုံးတရားမျှတမှု စီရင်ပိုင်ခွင့် အာဏာရှိ မရှိ—အယူခံရုံးအနေနှင့် ထိုအာဏာအားဖြည့်စွက်ပေးခြင်း ပြုနိုင် မပြုနိုင်—တရားမ ကျင့်ထုံး ပုဒ်မ ၁၅၁—ထိုအာဏာကို တရားမကျင့်ထုံးတွင် အခြားပြဋ္ဌာန်းချက်မရှိမှသာ အသုံးချနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ တို့ အရ၊ တားဝါရမ်းကို အမှုသည်တဦးဦးထံသို့သာ ထုတ်ဆင့်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်နိုင်သည်။ အမှုသည် မဟုတ်သူ တစိမ်းတရံလူအပေါ် ထုတ်ဆင့်ရန် အာဏာမရှိချေ။

ဖါကီယာမဟာဗါဂျီ နှင့် ရမ်ဆုခီဘိုင်၊ အေ၊အိုင်၊အာ(ရှ်) ၁၉၄၆၊ နဂ်ပူ ၄၂၀။

မက်စတန်ကျောင်းအသင်း နှင့် ကာရှီနတ်၊ အေ၊အိုင်၊အာ(ရှ်) ၁၉၅၁၊ အလာဟာဘတ် ၅၅၀ ရည်ညွှန်းသည်။

နာဆာအာမက် နှင့် လုအာမက်၊ အေ၊အိုင်၊အာ(ရှ်) ၁၉၄၉၊ ပတ္တနား ၄၉၆ ခြားနားပြသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့၊ တရားမရုံးဌာ တရားလွှတ်တော်ကဲ့သို့ပင်း၊ တရားရုံးချုပ်ကဲ့သို့ပင်း တရားမျှတမှု စီရင်ပိုင်ခွင့်အာဏာ မရှိချေ။ တရားမကျင့်ထုံးတွင် ပြဋ္ဌာန်းထားသည့် အတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်ရာ၊ ထိုပြဋ္ဌာန်းချက်များကို ကျော်လွှန်၍ ဆောင်ရွက်ခြင်း

---

* ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၂ တွင် ရန်ကုန်မြို့တော် တရားမရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

† ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၂၂။

မပြုနိုင်ပေ။ ယင်းသို့ ရန်ကုန်မြို့၊ တရားမရုံးက ဆောင်ရွက်ရန် အာဏာမရှိသည့် ကိစ္စတရပ်ကို ဤအယူခံရုံးအနေဖြင့် ထိုအာဏာအား ဖြည့်စွက်ပေးအပ်ခြင်း မပြုနိုင်ပေ။

ဘီဟာရီဒေး နှင့် ဘိုဝန်နီဗျန်ဘို့၊ အတွဲ ၃၄၊ကာလကတ္တား ၉၇။

ကရွပ္ပရား နှင့် ပူနူးဆွာမီ၊ အေ၊ အိုင်၊ အာ(ရ်) ၁၉၃၃၊ မဒရပ် ၅၀၀ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့၊ တရားမရုံး၌ တရားမကျင့်ထုံး ပုဒ်မ ၁၅၁ အရ၊ မူလ ဘူတ အာဏာ (Inherent Powers) ရှိသည်မှာ မှန်၏။ သို့ရာတွင် ထိုအာဏာကို တရားမကျင့်ထုံးတွင် အခြားပြဋ္ဌာန်းချက် မရှိမှသာ အသုံးချနိုင်မည် ဖြစ်သည်။ တားဝါရမ်းကိစ္စ နှင့် ပတ်သက်၍၊ အမိန့် ၃၉ တွင် ပြဋ္ဌာန်းချက်ရှိနေပြီး ဖြစ်ရာ၊ တရားမရုံးအနေနှင့် မူလဘူတ အာဏာကို အသုံးမပြုနိုင်ချေ။ ထို့အပြင် ဒ့ါးရမ်းခ ကြီးကြပ်ရေးဝန်သည် ရန်ကုန်မြို့၊ တရားမရုံး၏ လက်အောက်ခံ အရာရှိမဟုတ်သဖြင့် ၎င်းအပေါ် တားဝါရမ်း ထုတ်ပေးရန် တရားမရုံး၌ မူလ ဘူတ အာဏာမရှိ။

ရမ်ဆရန်ဒတ် နှင့် မော်လူ၊ အေးအိုင်၊အာ(ရ်)၊ ၁၉၂၆၊ လာဟို ၂၈၄ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ဗတင်။

အယူခံတရားခံအတွက်။ ။ဦးလှဖေ (၁)။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံ ရှိတ်မိုဟာမက်နှင့် မခင်ခင်စိန်တို့က အယူခံတရားလို ဦးကျော်မြင့်သည်၊ ရန်ကုန်မြို့၊ လမ်း ၁၃၀၊ အိမ်အမှတ် ၄၂ ရှိ အခန်း နံပါတ် ၄ တွင်ငှါးရမ်းခကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်သဖြင့်၊ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁ (၄) အရ၊ အရေးယူပေးရန်၊ ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်အား လျှောက်ထားခဲ့၏။ အယူခံတရားလိုက အယူခံတရားခံတို့၏ လျှောက်ထားချက်ကို မထုချလိုကြောင်း၊ အခန်းကို အယူခံတရားခံတို့အား အပ်ပေးပြီးကြောင်း စသည်ဖြင့်၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံသို့ အကြောင်းကြားခဲ့သော်လည်း၊ အမှန်မှာ အယူခံတရားလိုသည် ထိုအခန်းမှ ဖယ်ရှားပေးရန် ငြင်းဆိုနေသဖြင့်၊ ငှါးရမ်းခကြီးကြပ်ရေးဝန်က၊ ၎င်းအား ဖယ်ရှားပေးရန် အမိန့် ထုတ်ခဲ့ရသည်။

ယင်းသို့ အမိန့်ထုတ်ခဲ့သဖြင့်၊ အယူခံတရားလိုက၊ ရန်ကုန်မြို့၊ တရားမရုံး၌ အယူခံတရားခံတို့အပေါ် ၎င်းသည်အခင်းဖြစ် ခန်း၏ အိမ်ငှါးတဦးဖြစ်ကြောင်း မြွက်ဖော်လို့မှုနှင့် ထိုအိမ်ခန်းမှ နှင်ထုတ်ခြင်းကို ထာဝစဉ်တားမြစ်ပေးစေလိုမှု တရားစွဲဆိုသည်။ ထိုနောက် အယူခံတရားလိုက အမှုစစ်ဆေးနေစဉ်၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ယာယီတားဝါရမ်းထုတ်ပေးရန် လျှောက်ထားရာ၊ ပညာရှိ စတုတ္ထတရား သူကြီးက၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည်၊ အမှုသည်တဦးမဟုတ်၍ ၎င်းအပေါ်

ယာယီတားဝါရမ်း မထုတ်နိုင်ဟု အဆုံးအဖြတ်ပြုကာ၊ ၎င်း၏လျှောက်ထားချက်ကို ပလပ်လိုက်သည်။ ထိုကဲ့သို့ ပလပ်လိုက်သောအမိန့်ကို မကျေနပ်သဖြင့်၊ ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ တို့ကို၊ သေချာစွာ လေ့လာဖတ်ရှုလျှင် တားဝါရမ်းကို အမှုသည်တဦးဦးထံသို့သာ ထုတ်ဆင့်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်နိုင်သည်။ အမှုသည်မဟုတ်သူ တစိမ်းတရံလူအပေါ် ထုတ်ဆင့်ရန် အာဏာမရှိချေ။ ထိုအတိုင်းပင်လည်း **ဖါကီရာမဟာဒါဂျီနှင့် ရမ်ဆုခီဘိုင်** (၁) နှင့် **မက်စတန်ကျောင်းအသင်း နှင့် ကာရှီနတ်** (၂) တို့အမှုများ၌ အဆုံးအဖြတ်ပြုထားသည်။ အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက တရားမရုံးသည် အမှုသည်မဟုတ်ငြားသော်လည်း၊ တားဝါရမ်းထုတ်ပေးနိုင်ကြောင်း **နာဆာအာမက်** နှင့် **လုအာမက်** (၃) တို့အမှုကို ကိုးကားသွားသည်။ ထိုအမှု၌ အစုစပ် ဖျက်သိမ်းရန် တရားစွဲဆိုရာ၊ အစုစပ်ပိုင်ပစ္စည်းများကို အုပ်ချုပ်ရန် ပစ္စည်းထိန်းအား ရုံးတော်မှ ခန့်ထားခဲ့၏။ ပစ္စည်းထိန်းက လျှောက်ထားသူအား အစုစပ်ပစ္စည်းဖြစ်သည့် သကြားစက်ကို အငှါးချထားရာ၊ ငှါးရမ်းခကိုမပေးသဖြင့်၊ ပစ္စည်းထိန်း၏ လျှောက်ထားချက်အရ၊ လျှောက်ထားသူ၏ ငွေကို ဘဏ်တိုက်မှထုတ်မယူရန် တားဝါရမ်းထုတ်ခဲ့သည်။ လျှောက်ထားသူက မိမိသည် အစုစပ် ဖျက်သိမ်းရန်တရားစွဲဆိုသည့်အမှု၌၊ အမှုသည်မဟုတ်၍၊ မိမိအပေါ် တားဝါရမ်းမထုတ်နိုင်ကြောင်း ထုခြေရာ၊ ၎င်းသည် ရုံးတော်မှ ခန့်ထားသည့် ပစ္စည်းထိန်း၏ စက်ငှါးရမ်းသူဖြစ်သောကြောင့် ၎င်းအပေါ် တားဝါရမ်းထုတ်နိုင်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအမှု၏ အကြောင်းခြင်းရာမှာ ယခုအမှု၏ အကြောင်းခြင်းရာနှင့် လုံးဝကိုက်ညီခြင်းမရှိသည်ကို အလွယ်တကူဖြင့် သိမြင်နိုင်သည်။ ငှါးရမ်းခကြီးကြပ်ရေးဝန်သည် ယခုအမှုတွင် မည်သို့မျှ ဆက်စပ်ပါဝင်ခြင်းမရှိ၍၊ ဖေါ်ပြပါ ပတ္တနာတရားလွှတ်တော်၏ စီရင်ထုံးနှင့် လုံးဝအကျုံးဝင်သည်ဟု မဆိုနိုင်ပေ။

ထို့နောက် အယူခံတရားလို၏ ပညာရှိရှေ့နေကြီးကတဖန် တရားမရုံးအနေဖြင့် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ တို့ကခွင့်မပြုစေကာမူ၊ တရားမျှတမှု စီရင်ပိုင်ခွင့်အာဏာ (**equitable jurisdiction**) တားဝါရမ်းထုတ်ဆင့်ရန် အခွင့်အရေးရှိကြောင်း၊ ထိုအခွင့်အရေးကို သုံးစွဲပြီး၊ တားဝါရမ်းထုတ်ပေးသင့်ကြောင်း တင်ပြလာသည်။ ထိုတင်ပြချက်နှင့်ပတ်သက်၍ **ဘီဟာရီဒေး နှင့် ဘိုဝန်နီချန်ဘို** (၄)

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၆ နဂ်ပူး ၄၂၀။
(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၁၊ အလာဟာဘတ် ၅၅၀။
(၃) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၉၊ ပတ္တနား ၄၉၆။
(၄) အတွဲ ၃၄၊ ကာလကတ္တား ၉၇။

တို့အမှုကို ကိုးကားသွား၏။ ထိုအမှုတွင် ကာလကတ္တား တရားလွှတ်တော်၏ တရားမ မူလဘက်ဌာနရှိ အမှုကိုစစ်ဆေးရာတွင် တရားလွှတ်တော်သည် တားဝါရမ်းထုတ်ဆင့် သည့်ကိစ္စ၌၊ တရားမကျင့်ထုံးတွင် အပ်နှင်းထားသည့် အာဏာများသာမက၊ တရား မျှတမှုစီရင်ပိုင်ခွင့်အာဏာအရလည်း ပြုလုပ်ဆောင်ရွက်နိုင်ကြောင်း အဆုံးအဖြတ်ပြု ထားခြင်းဖြစ်သည်။ ယခုအမှုတွင် တားဝါရမ်းထုတ်ပေးရမည့်ရုံးမှာ ရန်ကုန်မြို့ တရားမ ရုံးသာဖြစ်သည်။ ရန်ကုန်မြို့ တရားမရုံး၌ တရားလွှတ်တော်ကဲ့သို့ငင်း၊ တရားရုံးချုပ် ကဲ့သို့ငင်း တရားမျှတမှု စီရင်ပိုင်ခွင့်အာဏာ မရှိချေ။ တရားမကျင့်ထုံးတွင် ပြဋ္ဌာန်း ထားသည့်အတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ရာ၊ ထိုပြဋ္ဌာန်းချက်များကိုကျော်လွန် ဆောင်ရွက်ခြင်းမပြုနိုင်ပေ။ ယင်းသို့ ရန်ကုန်မြို့ တရားမရုံးက ဆောင်ရွက်ရန် အာဏာ မရှိသည့်ကိစ္စတရပ်ကို၊ ဤအယူခံရုံးအနေဖြင့် ထိုအာဏာအား ဖြည့်စွက်ပေးအပ်ခြင်း မပြု နိုင်ပေ။ **ကရူပရား** နှင့် **ပူန္နးဆွာမီ** (၅) တို့အမှုတွင် ထိုအတိုင်းပင် စီရင်ဆုံးဖြတ်ထား သည်ကို တွေ့မြင်နိုင်ပေသည်။

ရန်ကုန်မြို့၊ တရားမရုံး၌ တရားမကျင့်ထုံး ပုဒ်မ ၁၅၁ အရ မူလဘူတ အာဏာ (**inherent powers**) ရှိသည်မှာမှန်၏။ သို့ရာတွင် ထိုအာဏာကို တရားမ ကျင့်ထုံးတွင် အခြားပြဋ္ဌာန်းချက်မရှိမှသာ အသုံးချနိုင်မည်ဖြစ်သည်။ တား ဝါရမ်းကိစ္စနှင့်ပတ်သက်၍ အမိန့် ၃၉ တွင် ပြဋ္ဌာန်းချက်ရှိနေပြီးဖြစ်ရာ၊ တရားမရုံး အနေနှင့် မူလဘူတ အာဏာကို အသုံးမပြုနိုင်ချေ။ **ရမ်ဆရန်ဒတ်** နှင့် **မော်လူ** (၆) တို့အမှုတွင်၊ တားဝါရမ်းကို အမှုသည်မဟုတ်လျှင် ထုတ်မပေးနိုင်သည့်အပြင်၊ မိမိလက် အောက်အရာရှိမဟုတ်သည့် အစိုးရအမှုထမ်းတဦးအပေါ် တားဝါရမ်းထုတ်ပေးရန် တရားမရုံး၌ မူလဘူတအာဏာမရှိကြောင်း ဆုံးဖြတ်ထားသည်။ ငှါးရမ်းခ ကြိုးကြပ် ရေးဝန်သည် ရန်ကုန်မြို့ တရားမရုံး၏ လက်အောက်ခံ အရာရှိမဟုတ်ပေ။ ထို့ပြင် ၎င်းသည် အမှုသည်လည်းမဟုတ်၍၊ တရားမရုံးအနေဖြင့် ၎င်းအပေါ် ယာယီတားဝါ ရမ်းမထုတ်နိုင်ဆိုသော ကောက်ယူချက်မှာ မှန်ကန်သည်။

အယူခံတရားလို၏ ပညာရှိရွှေနေကြီးက နောက်ဆုံးအနေဖြင့် ဤရုံး၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ စာအမှတ် ၂၃၂/၂၀-၁၅၅ (၆၃) အား ကိုးကားပြီး တားဝါရမ်းထုတ်ပေးသင့်သည်ဟုဆိုလာသည်။ ထိုစာမှာ အောက်ပါအတိုင်းဖြစ်သည်။

"ပြည်ထောင်စုမြန်မာနိုင်ငံ ဘော်လှန်ရေးအစိုးရက၊ ဥပဒေတရပ် ပြုလုပ်မည် ဟု သိရသဖြင့်၊ မှုခင်းများကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ပြီး ဖြစ်သော်လည်း

(၅) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၃၊ မဒရပ် ၅၀၀။
(၆) အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၆၊ လာဟို ၂၀၄။

မိမိ၊ သို့မဟုတ် အခြားတရားရုံးကချမှတ်သည့် မဖွေမပြောင်းနိုင်သော ဟစ္စည်းများမှ နှင်ထုတ်သည့် ဒီကရီကိုသော်၎င်း၊ အမိန့်ကိုသော်၎င်း၊ အကျိုးသက်ရောက်စေရန် အရေးယူဆောင်ရွက်ခြင်းမှ ခေတ္တရပ်ဆိုင်းရန် ညွှန်ကြားပါသည်။"

အထက်ပါစာအရ၊ ရပ်ဆိုင်းထားရမည့်ကိစ္စမှာ တရားရုံးတခုခုမှ ချမှတ်ထားသည့် ဒီကရီ၊ သို့မဟုတ် အမိန့်သာဖြစ်သည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားရန် အမိန့်ထုတ်ခြင်းခံရသူများမှာ တရားမတရားသူကြီးများသာဖြစ်သည်။ ၄၊ ၅ရမ်းခ ကြီးကြပ်ရေးဝန်သည် တရားမ တရားသူကြီးလည်းမဟုတ်၊ ၎င်း၏အမိန့်မှာလည်း တရားရုံး၏ အမိန့်မဟုတ်ချေ။ ထို့ကြောင့် အယူခံတရားလို၏ ပညာရှိရှေ့နေကြီး တင်ပြသောစာမှာ ဤအမှုနှင့် အကဲဖြတ်သက်ဆိုင်ခြင်းမရှိပေ။

အထက်ပါ အကြောင်းရပ်များကြောင့်၊ ဤအယူခံလွှာကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ်သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ်တို ရှေ့တွင်

ဦးစောမောင်ပါ ၂ (အယူခံတရားလိုများ)

နှင့်

အေးကေးအင်(မ်)စူလေမံ(ခေါ်)ဦးအောင်ရွှေ [၎င်း၏ကိုယ်စားလှယ် မိုဟာမက်ဖက်ဖရွတ်(ခေါ်)မောင်မျိုးအောင်] (အယူခံတရားခံ)*

† ၁၉၆၆ ဖေဖော်ဝါရီလ ၉ ရက်။

အော်ဒီမန် စာချုပ်များကို အခြေခံ၍ တရားစွဲဆိုခဲ့ခြင်း—ထပ်မံ၍ ကတိစာချုပ် စာချုပ်တရပ် ချုပ်ဆိုကြခြင်း —နောက် စာချုပ်များ ရေးထိုးခြင်းကြောင့် အော်ဒီမန် စာချုပ်များပျက်ပြယ်သွား မသွား —တရားဝင်ဖြစ် မဖြစ် —မူလအမှုများကို အော်ဒီမန် စာချုပ်များအပေါ် ၌ အခြေခံခြင်းသည် တရားဝင် မဝင်။

အယူခံတရားလိုတို့က အယူခံတရားခံသို့ အော်ဒီမန် စာချုပ်တရပ်စီ ချုပ်ဆိုရေးထိုးပေးကြသည်။ထို့နောက် အယူခံတရားခံနှင့် အယူခံတရားလိုတို့ ထပ်မံ၍ ကတိစာချုပ်တရပ်စီ ချုပ်ဆိုကြပြန်သည်။ အယူခံတရားခံက အယူခံတရားလိုများအပေါ် အော်ဒီမန် စာချုပ်များကို အခြေခံ၍ တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုများသည် စာချုပ်များအပေါ်တွင် အခြေခံ၍ မြွက်ဟဒီကရီရရှိလိုကြောင်း စွဲဆိုကောင်း စွဲဆိုကြပေလိမ့်မည်ဟု သိရှိရသည်။ထို့ကြောင့် အယူခံများကို စဉ်းစား ဆုံးဖြတ်ရာ၌ နောက် စာချုပ်များသည် တရားဝင်မဝင် စာချုပ်၏အင်္ဂါရုပ်များနှင့် ပြည့်စုံသည် မပြည့်စုံသည်စသည်တို့ကိုနက်နဲစွာလေ့လာ၍ဆုံးဖြတ်ရန်မသင့်ချေ။မူလရုံးကထုတ်နုတ်ခဲ့သော ကောက်ချက်ကိုသာ အဓိကထား၍ စဉ်းစားဆုံးဖြတ်သင့်ပေသည်။ ထိုကောက်ချက်မှာ၊အော်ဒီမန် စာချုပ်များသည် နောက်စာချုပ်များ ရေးထိုးခြင်းကြောင့် ပျက်ပြယ်သွား မသွား၊တရားဝင် ဖြစ်မဖြစ်ပင် ဖြစ်ပေသည်။ ထိုအချက်ကို မျက်ခြေမပြတ်ထား၍ အမှုပါအကြောင်းခြင်းရာတို့ကို လေ့လာလျှင်နောက်စာချုပ်များသည် အော်ဒီမန်စာချုပ်များကိုပင် ရည်ညွှန်းကြသည်။ အော်ဒီမန် စာချုပ်များအရ ပေးဆပ်ရန်ရှိသော ကျပ်ငွေတသိန်းစီကိုပင် ရည်ညွှန်းကြသည်။ နောက်စာချုပ်များကြောင့် အော်ဒီမန် စာချုပ်များသည် ပျက်ပြယ်ပြီး၊သို့တည်းမဟုတ် နောက်စာချုပ်များက

---

* ၁၉၆၅ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၃၀ နှင့် ၃၉။

† ၁၉၆၃ ခုနှစ်၊ ဘရားမကြီးမှုအမှတ် ၂၉-၃၀ တွင်၊ ရန်ကုန်မြို့၊ တရားရုံးချုပ် (မူလဘက်) ရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

အော်ဒီမန်စာချုပ်က လွှမ်းခြုံသွားပြီဟူ၍လည်းမဆို ပေးဆပ်ရန်ငွေများကို မည်သို့မည်ပုံ ပေးပါမည်ဟူ၍ နည်းလမ်းကိုသာ ထပ်မံဖော်ပြသည့်သဘော ရှိသည်။

နောက်စာချုပ်များသည် ၎င်းတို့အနေနှင့် သီးခြားမည်၍မည်မျှ ရပ်တည်နိုင်သည်။ မည်သို့တန်ခိုးအာနိသင် ရှိသည်။ တရားဝင်သည် မဝင်သည် စသည်တို့ကို အယူခံများ၌ အသေးစိတ်ဆုံးဖြတ်၍ မဟုတ်။ ၎င်းစာချုပ်များက အော်ဒီမန်စာချုပ်များကို မည်သို့ပြုပြင် ပြောင်းလဲစေသည်။ စာချုပ်များကြောင့် အော်ဒီမန်စာချုပ်များ ဖြစ်သည် မဖြစ်သည်ကိုသာ စဉ်းစားဆုံးဖြတ်ရန် ဖြစ်သည်။ နောက်စာချုပ်များကြောင့် အော်ဒီမန် စာချုပ်များသည် ပျက်ပြယ်ခြင်းမရှိ။ တရားဝင်တည်နေသည်။ ထို့ကြောင့် မူလအမှုများကို အော်ဒီမန် စာချုပ်များ ပေါ်၌ အခြေခံခဲ့ခြင်းသည် တရားဝင်သည်။

အယူခံတရားလိုအတွက် ။ ။ ဦးကျော်မြင့်၊ ဦးလှသိန်း

အယူခံတရားခံအတွက် ။ ။ ဦးမွန်စံလှိုင်

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ။ ။ဤအယူခံ ၂ မှု ပေါက်ဖွားလာခဲ့သော ဤရုံးမူလဘက်တွင် စွဲဆိုခဲ့သည့်အမှု ၂ မှုသည် အကြောင်းခြင်းရာအားဖြင့် အဆင်တူ၍ ကောက်ချက်များမှာလည်း တူညီကြလေသည်။ ဤအယူခံမှုများတွင် အယူခံတရားလိုတို့က တင်ပြသော ပြဿနာ သည် တစ်ထပ်တည်းဖြစ်၍ နှစ်ဖက်ပညာရှိ ရှေ့နေကြီးများက အယူခံ ၂ မှုကို ပူးတွဲကြားနာ ရန် တောင်းဆိုကြသည်။ ထိုသို့ တောင်းဆိုသည့် ကြားနာပြီးနောက် ဤစီရင်ချက် တစ်ခုတည်းဖြင့် အယူခံ ၂ မှုလုံးကို ဆုံးဖြတ်သည်။

အယူခံတရားခံ ဦးအောင်ရွှေက အယူခံတရားလို ဦးဘနှင့် ဦးစောမောင်တို့က ငွေတစ်သိန်းတန် အော်ဒီမန်စာချုပ် တစ်ရပ်စီ ချုပ်ဆိုရေးထိုး၍ ပေးခဲ့သည်။ ထိုငွေတစ်သိန်းကို ပြန်လည်ပေးဆပ်ရန် အကြိမ်ကြိမ်တောင်းသော်လည်း ဦးဘနှင့် ဦးစောမောင်တို့က ပေးရန်ပျက်ကွက်သဖြင့် ဦးအောင်ရွှေက အော်ဒီမန်စာချုပ်များကို အခြေခံ၍ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

အော်ဒီမန်စာချုပ် ချုပ်ဆိုသည်မှာ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ၊ ၂၇ ရက် နေ့တွင် ဖြစ်၍ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ၊ ၉ ရက်နေ့တွင် ဦးအောင်ရွှေနှင့် ဦးဘ၊ ဦးစောမောင်တို့က ဟပ်မံ၍ ကတိစာချုပ်တစ်ရပ်စီ ချုပ်ဆိုကြပြန်သည်။ ထိုစာချုပ်၌ ဦးအောင်ရွှေက လွှဲပြောင်းပေးခဲ့သော ရွှေနီထရေဒင်ကုမ္ပဏီတွင်ရှိသည့် အစုရှယ်ယာ များမှ ဦးဘနှင့် ဦးစောမောင်တို့က အကျိုးခံစားရမည့် အမြတ်ငွေ ၅၀ ရာခိုင်နှုန်းကိုသာ ဦးအောင်ရွှေအား အော်ဒီမန်စာချုပ်တွင် ဖော်ပြသော ငွေတစ်သိန်းပြေလည်သည်အထိ ပေးဆပ်သွားရန် သဘောတူကြသည်။

အမှုများတွင် ဦးဘနှင့် ဦးစောမောင်တို့က အဓိကထား၍ ခုခံခဲ့သည်ကို ကောက်ချက်အမှတ် (၁) တွင် အောက်ပါကဲ့သို့ တွေ့ရှိရသည်။

"အချင်းဖြစ် ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် နေ့စွဲပါ အော်ဒီမန်စာချုပ်မှာ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ၊ ၉ ရက် နေ့တွင် နောက်ထပ်တရားလိုနှင့် တရားခံတို့ ချုပ်ဆိုသည့် ကတိစာချုပ်ကြောင့် ပျက်ပြယ်ခြင်း ဖြစ်နေပြီး တရားဝင်သော စာချုပ် မဟုတ်ပါဆိုသည်မှာ မှန်သလား။"

တရားခံတို့၏ အဆိုမှာ ၁၉၆၀ ခု၊ စက်တင်ဘာလ၊ ၉ ရက်နေ့စွဲပါ စာချုပ်သည် အော်ဒီမန်စာချုပ်ကို လုံးဝအစားထိုးခဲ့ခြင်း ဖြစ်သည်။ အော်ဒီမန်စာချုပ်သည် ပယ်ဖျောက်ပျက်ပြယ်ပြီး ဖြစ်သည်။ နောက်စာချုပ်အရ ကုမ္ပဏီက အစုရှယ်ယာများပေါ်တွင် အမြတ်ငွေပေးဝေမှသာ ထိုအမြတ်ငွေများ၏ တစ်ဝက်ကို ဦးအောင်ရွှေအား ပေးဆပ်ရန် ဖြစ်သည်။ ကုမ္ပဏီက အမြတ်ပေးဝေခြင်း မရှိခဲ့၍ ထိုသို့ ပေးဆပ်ရန် တာဝန်လည်း မရှိသေး။ အချိန်လည်း မတန်သေးဟူ၍ ဖြစ်သည်။

မူလမူကြမ်းများကို စစ်ဆေးခဲ့သော ဌာနံရုံးပညာရှိ တရားသူကြီး ဦးထွန်းတင်က နောက်စာချုပ်သည် အော်ဒီမန်စာချုပ်ကို လုံးဝ ဖျက်သိမ်းသည် မဟုတ်။ ထို အော်ဒီမန်စာချုပ်ကိုပင် ရည်ညွှန်း၍ ငွေများကို မည်သို့မည်ပုံ ပေးဆပ်ရန်ကိုသာ သဘောတူညီထားခြင်း ဖြစ်သည်။ နောက်စာချုပ်သည် အော်ဒီမန်စာချုပ်ကို လုံးဝအစားထိုးသည် မဟုတ်။ ထို့ကြောင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၂ သည် အမှုများပါ အကြောင်းခြင်းရာတို့နှင့် မသက်ဆိုင်။ အော်ဒီမန်စာချုပ်များသည် ပျက်ပြယ် ခြင်းမရှိ။ တရားဝင်သည်။ အမှုများကို ခိုင်လုံစွာ အခြေခံ ပြုနိုင်သည်ဟူ၍ ဆုံးဖြတ်ခဲ့သည်။

အယူခံတရားလို ဦးစောမောင်အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိရှေ့နေကြီး ဦးကျော်မြင့်က မူလရုံး၏ ဆုံးဖြတ်ချက်သည် အကြောင်းအချက်များနှင့် လည်းကောင်း၊ ဥပဒေနှင့် လည်းကောင်း ကိုက်ညီမှုန်ကန်ပါသည်။ မိမိအမြင်အရ အော်ဒီမန်စာချုပ်များသည် ပျက်ပြယ်ခြင်းမရှိ။ တရားဝင်ပါသည်။ ထိုစာချုပ်များပေါ်တွင် အခြေခံ၍ အမှုများကို စွဲဆိုသည်မှာလည်း တရားဝင်ပါသည်။ မိမိ၏ အမှုသည် ရကောင်းရနိုင်မည့် သက်သာခွင့်မှာ ၎င်းအပေါ် ချမှတ်ထားသည့် ဒီကရီကို ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ရန် လျှောက်ထားခြင်းပင် ဖြစ်ပါလိမ့်မည်။ ထိုသို့ ဆိုင်းငံ့စေရန်အတွက် နောက်စာချုပ်ကို အခြေခံ၍ ဦးစောမောင်ကပင် လိုအပ်သလို တရားတထုံးစွဲဆိုရမည် ထင်ပါသည်ဟူ၍လည်း ဦးကျော်မြင့်က တင်ပြသည်။

ဦးစောမောင်နှင့် ဦးဘအတွက်ပါ လိုက်ပါဆောင်ရွက်သော ပညာရှိရှေ့နေကြီး ဦးလှသိန်းကမူ မူလရုံး၏ အဆုံးအဖြတ် သည် ဥပဒေနှင့် ကိုက်ညီသည် မထင်ပါ။

ဦးစောမောင်
ပါ ၂
နှင့်
အေးကေး၊
အင်(မ်)စူလေမံ
(ခေါ်)ဦး
အောင်ရွှေ(၄၄း
ဇင်ကိုယ်စားလှယ်
မိုဟာမက်ဖက်
ဖရွတ်(ခေါ်)
မောင်မျိုး
အောင် ။

နောက်စာချုပ်သည် အော်ဒီစာချုပ်များကို ပျက်ပြယ်စေသည်။ တရားလိုက အော်ဒီမန်စာချုပ်များကို အခြေပြု၍ တရားမစွဲဆိုနိုင်။ နောက်စာချုပ်အရသာ စွဲဆို နိုင်မည်။ စွဲဆိုရန် အကြောင်းလည်း ကုမ္ပဏီက အစုရှယ်ယာများပေါ်တွင် အမြတ်ပေးစေသောအခါမှ ပေါ်ပေါက်မည်။ ထိုသို့ မပေါ်ပေါက်မချင်း စွဲဆိုရန်မဟုတ် စသဖြင့် လျှောက်လဲသည်။ ပညာရှိတရားသူကြီးဦးထွန်းတင် ရည်ညွှန်းသုံးသပ်သွား သောစီရင်ထုံးများကိုပင် ဦးလှသိန်းက ထပ်မံ၍ တင်ပြသည်။

အယူခံတရားလိုများသည် နောက်စာချုပ်များပေါ်တွင် အခြေခံ၍ မြွက်ဟဒီကရီရရှိလိုကြောင်းကို ဦးကျော်မြင့် တင်ပြသည့် အတိုင်း စွဲဆိုကောင်း စွဲဆိုကြပေလိမ့်မည်။ ထို့ကြောင့် ဤအယူခံများကို စဉ်းစားဆုံးဖြတ်ရာ၌ နောက်စာချုပ်များသည် တရားဝင် မဝင်၊ စာချုပ်၏ အင်္ဂါရုပ်များနှင့် ပြည့်စုံသည် မပြည့်စုံသည်စသည်တို့ကို ကျွန်ုပ်တို့က နက်နဲစွာ လေ့လာ၍ ဆုံးဖြတ်ရန် မသင့်ချေ။ မူလရုံးက ထုတ်နုတ်ခဲ့သော ကောက်ချက်ကိုသာ အဓိကထား၍ စဉ်းစား ဆုံးဖြတ် သင့်ပေသည်။ ထိုကောက်ချက်မှာ အော်ဒီမန်စာချုပ်များသည် နောက်စာချုပ်များ ရေးထိုးခြင်းကြောင့် ပျက်ပြယ်သွား မသွား တရားမဝင် ဖြစ် မဖြစ်ပင် ဖြစ်ပေသည်။ ထိုအချက်ကို မျက်ခြည် မပြတ်ထား၍ အမှုပါ အကြောင်းခြင်းရာတို့ကို လေ့လာလျှင် နောက်စာချုပ်များသည် အော်ဒီမန်စာချုပ်များကိုပင် ရည်ညွှန်းကြသည်။ အော်ဒီမန် စာချုပ်များအရ ပေးဆပ်ရန်ရှိသော ကျပ်ငွေတစ်သိန်းစီကိုပင် ရည်ညွှန်း ကြသည်။ နောက်စာချုပ်များကြောင့် အော်ဒီမန်စာချုပ်များသည် ပျက်ပြယ်ပြီ။ သို့တည်းမဟုတ် နောက်စာချုပ်များက အော်ဒီမန်စာချုပ်များကို လွှမ်းခြုံသွားပြီဟု၍လည်း မဆို။ ပေးဆပ်ရန်ငွေများကို မည်သို့မည်ပုံပေးပါမည်ဟူ၍ နည်းလမ်းကိုသာ ထပ်မံဖော်ပြသည့် သဘောရှိသည်။

ပညာရှိရှေ့နေကြီး ဦးလှသိန်းက ထိုသို့မှန်ကြောင်း ဝန်ခံသော်လည်း အော်ဒီမန်စာချုပ်၏ အနှစ်သာရသည် ငွေတောင်းယူ နိုင်ခွင့်ရှိသူက အချိန်မရွေး ပေးဆပ်ရမည့်သူကို ငွေအပြေပေးရန် တောင်းဆိုနိုင်ခြင်း ဖြစ်ပါသည်။ နောက် စာချုပ်များအရ ကုမ္ပဏီက အမြတ်ငွေပေါ်မှ ငွေပေးဆပ်ရန် ဖြစ်သွားပါသည်။ ထို့ကြောင့် အချိန်မရွေး အော်ဒီမန်စာချုပ်ပိုင်ရှင်က ငွေတောင်းနိုင်သော တန်ဖိုးအာနိသင် ပျက်ပြယ် ပါသည်။ ထိုသို့ပျက်ပြယ်လျှင် အော်ဒီမန်စာချုပ်သည်လည်း တရားဝင်အဖြစ်မှ ရပ်စဲသွားပါသည်ဟု လျှောက်လဲသည်။ ထိုလျှောက်လဲချက်ကို ပညာရှိတရားသူကြီး ဦးထွန်းတင်ရှေ့တွင်လည်း တင်ပြခဲ့၍ စီရင်ချက်တွင် ထိုအချက်နှင့် ပတ်သက်၍ အကျယ်တဝင့် သုံးသပ်အဖြေပေးပြီး ဖြစ်သည်။ ကျွန်ုပ်တို့ကလည်း မူလရုံးနှင့် ထပ်တူပင် နောက် စာချုပ်များသည် အော်ဒီမန်စာချုပ်များကို ဖျက်သိမ်းခြင်း၊ လုံးဝ

အစားထိုးခြင်း မပြု။ အော်ဒီမန် စာချုပ်များသည် တရားဝင် အဖြစ်တည်နေကြသည်ဟူ၍ ဆုံးဖြတ်သည်။

အယူခံတရားခံ၏ ပညာရှိရှေ့နေကြီး ဦးမွန်စံလှိုင်က မိမိ၏ အမှုသည်သည် အော်ဒီမန်စာချုပ်များ၊ ကာလစည်းကမ်း သတ်ပြည့်ရန် တစ်ရက်အလိုဌ်သာ တရားစွဲဆိုခြင်း ဖြစ်ပါသည်။ ထိုအတွင်း ငွေအတန်တန် ပြန်တောင်းရာမရသဖြင့် တရားစွဲဆိုရခြင်း ဖြစ်ပါသည်။ အကယ်၍သာ နောက်စာချုပ်များသည် တရားဝင် ဖြစ်နေသည်ဆိုလျှင်ထိုသို့ စွဲဆိုဦးမည်မဟုတ်။ စိတ်ချလက်ချ စောင့်စားဦးမည် ဖြစ်ပါသည်ဟု လျှောက်လဲသည်။

ကျွန်ုပ်တို့သည် အထက်၌ ဖော်ပြပြီး ဖြစ်သည့်အတိုင်း နောက်စာချုပ်များသည် ၎င်းတို့အနေနှင့် သီးခြားမည်ရွေ့မည်မျှ ရပ်တည်နိုင်သည်။ မည်သို့ တန်ခိုးအာနိသင်ရှိသည်။ တရားဝင်သည် မဝင်သည် စသည်တို့ကို ဤအယူခံများ၌ အသေးစိတ် ဆုံးဖြတ်ရန်မဟုတ်။ ၎င်းစာချုပ်များက အော်ဒီမန်စာချုပ်များကို မည်သို့ပြုပြင်ပြောင်းလဲစေသည့် စာချုပ်များကြောင့် အော်ဒီမန်စာချုပ်များ မည်သို့ဖြစ်သည် မဖြစ်သည်ကိုသာ စဉ်းစားဆုံးဖြတ်ရန် ဖြစ်သည်။ နောက်စာချုပ်များကြောင့် အော်ဒီမန် စာချုပ်များသည် ပျက်ပြယ်ခြင်းမရှိ။ တရားဝင်တည်နေသည်။ ထို့ကြောင့် မူလအမှုများကို အော်ဒီမန်စာချုပ်များအပေါ်၌ အခြေခံခဲ့ခြင်းသည်တရားဝင်သည်ဟူ၍ ကျွန်ုပ်တို့ကလည်း မူလရုံးပညာရှိတရားသူကြီးနှင့် ထပ်တူဆုံးဖြတ်ကြသည်။ ထို့ကြောင့် အယူခံများကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

အယူခံမှု ၂ မှုကို ပူးတွဲကြားနာ သဖြင့် ရှေ့နေကြီးစရိတ်ကို တစ်မှုအတွက် သာခွင့်ပြုသည်။ ထိုစရိတ်ကို အယူခံတရားလို တို့သည် အညီအမျှ ကျခံကြစေ။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတင်

ဦးညိုပါ ၄ (အယူခံတရားလိုများ)

နှင့်

† ၁၉၆၆ ဦးအန့်ပါ ၈ (အယူခံတရားခံများ)*

ဇူလိုင်လ ၃၀ ရက်

တရားမကျင့်ထုံးပုဒ်မ ၉၂ အရတရားစွဲဆိုမှု ဂေါပက အဖွဲ့သည် စကင်းဥပဒေအရ စီမံအုပ်ချုပ်ခြင်း မပြုဟုဆိုခြင်း—ဂေါပကအဖွဲ့ဝင်လူကြီးများမှာ အခကြေးငွေဖြင့် ဝင်ရောက်လုပ်ကိုင်ကြသူများမဟုတ်—စေတနာ့ဝန်ထမ်း ဆောင်ရွက်ကြသူများ ဖြစ်ခြင်း—ဝေယျာဝစ္စများဆောင်ရွက်ရာ၌ ချို့ယွင်းချက်များရှိကအလွဲသုံးစားမှု—ဖေါက်လွဲဖေါက်ပြန်လုပ်မှု စသည့် တာဝန်နှင့်အလျဉ်းမလျော်ကန်သော ချို့ယွင်းချက်များမဟုတ်လျှင် ဂေါပကအဖွဲ့ဝင် လူကြီးများအဖြစ်မှ ရပ်စဲရန်သော်၎င်း ထုတ်ပယ်ရန်သော်၎င်း ပြုလုပ်သင့် မသင့်—ဂေါပကအဖွဲ့ကို ဆက်လက် ထားရှိခြင်းအားဖြင့် ဓနဥစ္စာရှိ မရှိကို အဓိကထား၍ စဉ်းစားရခြင်း—စီမံခန့်ခွဲရာ၌ အနည်းငယ် ချို့ယွင်းချက်ရှိသဖြင့် ဂေါပက အဖွဲ့အား ထုတ်ပယ်ရန်ရပ်စဲရန် အကြောင်း လုံလောက်သည်ဟုဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။ဘုရားပုထိုးစသည့် ဘာသာရေးအဆောက်အဦများအား ထိန်းသိမ်းစီမံရသည့် ဂေါပကအဖွဲ့ဝင် လူကြီးများမှာ အခကြေးငွေဖြင့် ဝင်ရောက်လုပ်ကိုင်ကြသူများမဟုတ်ပေ။ သာသနာကြီးအခွန်ရှည်ရန် ရည်ရွယ်ချက်ဖြင့်၊ နောင်တမလွန်ဘဝတွင် အကျိုးခံစားရန် ရည်ရွယ်ချက်ဖြင့်၊ စေတနာ့ဝန်ထမ်း-ဆောင်ရွက်ကြသူများသာဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့ထိန်းသိမ်းရသည့် ဘုရားပုထိုးများ၏ ဝေယျာဝစ္စများ ဆောင်ရွက်ရာ၌၊ ချို့ယွင်းချက်များရှိပင်ရှိကြသော်လည်း ထိုချို့ယွင်းချက်များသည် အလွဲသုံးစားမှု၊ ဖေါက်လွဲဖေါက်ပြန်လုပ်မှု စသည့် တာဝန်နှင့်အလျဉ်း မလျော်ကန်သော ချို့ယွင်းချက်များ မဟုတ်လျှင် ၎င်းတို့အားဂေါပကအဖွဲ့ဝင် လူကြီးများအဖြစ်မှ ရပ်စဲရန်သော်၎င်း ထုတ်ပယ်ရန်သော်၎င်း မပြုလုပ်သင့်ချေ။ ဂေါပကအဖွဲ့ဝင်များအား ရပ်စဲသင့်မသင့် ထုတ်ပယ်သင့်မသင့် ဆိုသောကိစ္စကို စဉ်းစားရာတွင် ထိုဂေါပကအဖွဲ့ကို ဆက်လက်ထားရှိခြင်းအားဖြင့်၊ ထိုဂေါပကအဖွဲ့ စီမံထိန်းသိမ်းရသည့် စေတီပုထိုးများတွင် ကောင်းကျိုးရှိမည် မရှိမည်ဆိုခြင်းကို အဓိကထား၍ စဉ်းစားရမည်ဖြစ်သည်။ အကယ်၍ ဂေါပကအဖွဲ့အနေ

---

* ၁၉၆၄ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၇။

† ၁၉၅၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့စွဲပါ၊ အင်းစိန်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံမှု။

ဖြင့် မိမိတို့စီမံအုပ်ချုပ်ရသည့် စေတီပုထိုးပိုင်ဘဏ္ဍာငွေ၊ သို့မဟုတ် အခြားပစ္စည်းများကို အလွဲသုံးစားပြုလျှင်သော်၎င်း၊ဖေါက်လွဲဖေါက်ပြန်ပြုလျှင်သော်၎င်း ထိုဂေါပကအဖွဲ့ကို ဆက်လက် ထားရှိခြင်းဖြင့် အကျိုးယုတ်စေရန်သာ ရှိမည်ဖြစ်၍ ထုတ်ပယ်ရပ်စဲရန်မှအပ အခြားအကြောင်း မရှိနိုင်ပေ။ ယင်းသို့ ဖေါက်လွဲ ဖေါက်ပြန်မှု၊ အလွဲသုံးစားမှု မရှိပါမူ စီမံခန့်ခွဲရာ၌ အနည်းငယ် ချို့ယွင်းသည်ဆိုသော အကြောင်းပြချက်ဖြင့် ဂေါပကအဖွဲ့အား ထုတ်ပယ်ရပ်စဲရန် အကြောင်းလုံလောက်သည်ဟုမဆိုနိုင်ချေ။

အေ၊ ရာမန်ချောက်ဥရီ နှင့် အေ၊ချောင်ဒူရာနီ၊အေ၊အိုင်၊အာ(ရ်)၊၁၉၂၈ ခု၊ ကာလကတ္တား ၂၂၅ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးကိုကိုကြီး (၂)။

အယူခံတရားခံအတွက်။ ။ဦးတင်နှင့်ဦးထွန်းတင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံတို့သည် ရန်ကုန်မြို့၊ ကျိုက္ကဆံစေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင် လူကြီးများဖြစ်ကြသည်။ အယူခံတရားလိုတို့က ဂေါပက လူကြီးများသည် စေတီတော်ကြီး၏ စကင်းဥပဒေအရ စီမံအုပ်ချုပ်ခြင်းမပြုသဖြင့်၊ ဂေါပကလူကြီးများအဖြစ် ဆောင်ရွက်ခြင်းမှ ရပ်စဲရန် အင်းစိန်မြို့၊ ခရိုင်တရားမရုံး၌ တရားမကျင့်ထုံးဥပဒေ ၉၂ အရ တရားစွဲဆိုရာ၊ ပညာရှိခရိုင်တရားမ တရားသူကြီးသည် နှစ်ဘက်အမှုသည်နှင့် သက်သေတို့ကို စစ်ဆေးကြားနာပြီးနောက်၊ ဂေါပကအဖွဲ့ဝင်လူကြီးများသည် စေတီတော်နှင့်ပတ်သက်၍ စီမံအုပ်ချုပ်ရာ၌ အချို့ကိစ္စများတွင် စေတီတော်၏ စကင်းဥပဒေအရ တိကျစွာ လိုက်နာခြင်းမရှိခဲ့သော်လည်း၊ ဘုရား၏ဘဏ္ဍာတော်နှင့်ပတ်သက်၍ ဖေါက်လွဲဖေါက်ပြန်ပြုလုပ်မှုများ မတွေ့ရှိရသဖြင့် ၎င်းတို့အား ဂေါပကအဖွဲ့ဝင် လူကြီးများအဖြစ် ဆောင်ရွက်ခြင်းမှ ထုတ်ပယ်ရန်သော်၎င်း၊ ရပ်စဲရန်သော်၎င်း အကြောင်းမရှိဟု အဆုံးအဖြတ်ပြုကာ အယူခံတရားလိုတို့၏ အမှုကို တရားစရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ထိုအမိန့်ကို အယူခံတရားလိုတို့က မကျေနပ်သဖြင့် ဤအယူခံမှုတင်သွင်းလာခြင်း ဖြစ်လေသည်။

ကျိုက္ကဆံစေတီတော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ရန် စကင်းဥပဒေတခုကို ဟံသာဝတီခရိုင်တရားမရုံး၏ ၁၀၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅ တွင်အတည်ပြုထားပြီးဖြစ်ရာ၊ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင် လူကြီးများသည် ထိုစကင်းဥပဒေအရ စီမံအုပ်ချုပ်ရန်ဖြစ်ပေသည်။ ဤအယူခံတွင် အယူခံတရားလို၏ ပညာရှိရွှေနေကြီးက ဂေါပကအဖွဲ့ဝင်လူကြီးများသည် စေတီတော်ကြီး၏ စကင်းဥပဒေ အပိုဒ် ၇(၁)၊ ၉၊ ၁၀၊ ၁၄၊ ၁၅ နှင့် ၁၇ တို့ကို လိုက်နာခဲ့ခြင်းမရှိသဖြင့်၊ ၎င်းတို့အား ဂေါပကအဖွဲ့ဝင် လူကြီးများအဖြစ် ရပ်စဲထုတ်ပယ်သင့်ကြောင်း လျှောက်လဲတင်ပြသွား၏။

စကင်းဥပဒေအပိုဒ် ၇(၁) အရဆိုလျှင် စေတီတော်ကြီး၏ပစ္စည်းများကို ခိုးယူခြင်း ဖျက်ဆီးခြင်းမှ ကာကွယ်ရန် အစောင့်ထားရှိရမည်ဖြစ်သည်။ အယူခံတရားလိုတို့က စေတီတော်ကြီး၏ ပစ္စည်းများကို ကြည့်ရှုရန် အစောင့်မထားခဲ့သဖြင့် စေတီတော်ကြီး ပိုင်ပစ္စည်းများ ပျောက်ဆုံးခဲ့ရသည်ဟု စွပ်စွဲခြင်းပြုလာသည်။ တကြိမ်က စေတီတော်ကြီး၏ အလှူခံသေတ္တာတလုံး ပျောက်ဆုံးသွားကြောင်း သက်သေထွက်ချက်ရှိသည်။ ထိုကဲ့သို့ပျောက်ဆုံးရခြင်းမှာ စေတီတော်ကြီး၌ အစောင့်မထား၍မဟုတ်ဘဲ၊ အစောင့်၏အလစ်၌ ခိုးသွားခြင်းသာဖြစ်သည်။ မောင်တက်ခါး (လိုပြ-၈)က ၎င်းသည် စေတီတော်ကြီး၏ ညစောင့်အဖြစ်လုပ်ကိုင်ခဲ့ပြီးအလှူခံသေတ္တာပျောက်၍ ဌာနာတွင် တိုင်ခဲ့ရကြောင်း ထွက်ဆိုခဲ့သည်ကို သတိချပ်ရမည်ဖြစ်သည်။

စကင်းဥပဒေအပိုဒ် ၉ နှင့် ၁၀ တို့တွင် စေတီတော်ကြီး၏ ရသုံးဌေများကို စာရင်းအင်းထားရှိရမည်ဖြစ်ပြီး၊ ၆ လလျှင်တကြိမ် စာရင်းအင်းများကို စေတီတော်ကြီး၏ ရင်ပြင်ပေါ် ရှိကြော်ငြာစာသင်ပုန်းတွင် ကပ်ပြီးမြန်မာသတင်းစာများ၌ ပုံနှိပ်ကြော်ငြာရမည်ဟုပြဋ္ဌာန်းထားသည်။ရသုံးဌေစာရင်းများကိုဂေါပကအဖွဲ့ဝင်လူကြီးများအနေဖြင့် ထားရှိခဲ့သည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ စေတီတော်ကြီး၏ ရင်ပြင်ပေါ်၌ ထိုစာရင်းများကို လုပ်သားပြည်သူအများ သိရှိနိုင်ရန် ကြော်ငြာသင်ပုန်း၌ တနှစ် နှစ်ကြိမ် ကပ်ခဲ့သည်ဆိုခြင်းမှာလည်း အယူခံတရားလိုများအနေဖြင့် လက်ခံခဲ့သည်။ ထိုစာရင်းများအား သတင်းစာများတွင် ကြော်ငြာခဲ့ခြင်း မရှိကြောင်းကိုမူ ဂေါပကအဖွဲ့ဝင်လူကြီးများက ရိုးသားစွာ ဝန်ခံသွားသည်။ စေတီတော်ကြီး၏ ဘဏ္ဍာရေးအခြေအနေအရ ,သတင်းစာများ၌ ကြော်ငြာရန် ငွေကြေးမလုံလောက်သဖြင့်၊ ထိုစကင်းဥပဒေ၏အပိုဒ်ကို တိကျစွာ လိုက်နာခြင်းမပြုခဲ့ရကြောင်း ရှင်းလင်းသွားသည်။ စေတီတော်ကြီး၌ တနှစ်တကြိမ် ပဲတော်ပြုလုပ်သဖြင့် ပဲတော်မှ ရသုံးဌေစာရင်းများကို ရှင်းတမ်းအနေဖြင့် ပုံနှိပ်ဝေငှသည်သာမက သတင်းစာများ၌လည်း ကြော်ငြာခဲ့သဖြင့် စကင်းဥပဒေ အပိုဒ် ၁၀ တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ဂေါပကအဖွဲ့ဝင် လူကြီးများသည် တိကျစွာ မလိုက်နာခဲ့စေကာမူ တတ်အားသရွေ့ လိုက်နာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

စကင်းဥပဒေ အပိုဒ် ၁၂ နှင့် ၁၄ တို့တွင် အလှူခံသေတ္တာကို သော့ခလောက်သုံးလုံးဖြင့် ခတ်ထားရမည်ဖြစ်ပြီး၊ သော့တချောင်းစီယူထားသည့် ဂေါပကအဖွဲ့ဝင်လူကြီး ၃ ဦးရှေ့တွင် တလတကြိမ်ဖွင့်ရမည်ဟု ပြဋ္ဌာန်းထားရာ၊ ထိုပြဋ္ဌာန်းချက်ကို အောက်ရုံး၌ အမှုမစွဲဆိုမီ လိုက်နာခြင်းမပြုဘဲ၊ သော့ခလောက်တလုံးသာ ခတ်ထားကြောင်းပေါ် ပေါက်သည်။ ထိုစကင်းဥပဒေ အပိုဒ်များ၏ ရည်ရွယ်ချက်မှာ အလှူငွေများကို ဂေါပကလူကြီးတဦးဦးက အလွဲသုံးစားမပြုနိုင်အောင် ပြဋ္ဌာန်းထားခြင်းဖြစ်လေသည်။ ယခုအမှုတွင် ဂေါပကအဖွဲ့ဝင် လူကြီးတဦးဦးသည် အလှူငွေများနှင့်

ပတ်သက်၍ ဖေါက်လွဲဖေါက်ပြန်လုပ်သည်။ အလွဲသုံးစားမှု ပြုခဲ့သည်ဆိုသော စွပ်စွဲချက်မရှိသဖြင့်၊ အလှူခံသေတ္တာကို သော့ခလောက်သုံးလုံး ခတ်ရမည့်အစား တလုံးတည်း ခတ်မိရုံဖြင့် ဂေါပကအဖွဲ့ဝင်လူကြီးများသည် အလွန်ကြီးလေးသော ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ဆိုရန်ခဲယဉ်းလေသည်။ ဤအမှုကို စွဲဆိုပြီးနောက် အလှူခံသေတ္တာ၌ သော့ခလောက်သုံးလုံး ခတ်ထားပြီးဖြစ်သည်။

စကင်းဥပဒေအပိုဒ် ၁၅ အရ စေတီတော်၏ ဘဏ္ဍာငွေများကို ဂေါပကအဖွဲ့၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ငွေထိန်းနှင့် အတွင်းရေးမှူးတို့၏ အမည်များဖြင့် ဘဏ်တိုက်၌ အပ်ထားရမည်ဖြစ်သည်။ စေတီတော်ကြီး၏ ဘဏ္ဍာငွေများကို တရားစွဲဆိုသည့် အချိန် အထိဘဏ်တိုက်၌အပ်နှံခဲ့ခြင်းမပြုခဲ့သည်ကိုဂေါပကအဖွဲ့ဝင်လူကြီးများကဝန်ခံသွား၏။ ၎င်းတို့က ကျိုက္ကဆံစေတီတော်ကြီးမှာ မူလက တောဘုရားတဆူသာဖြစ်ပြီး၊ တနှစ်တကြိမ် ပဲတော်ကျင်းပသည့် အချိန်မှအပ ဝင်ငွေမရှိသဖြင့်၊ ဘဏ်တွင်အပ်နှံရန် ဘဏ္ဍာတော်ငွေမရှိကြောင်း ပဲတော်ကျင်းပ၍ရသော အလှူငွေများမှာလည်း စေတီတော်ကြီး၏ဝေယျာဝစ္စများ ဆောင်ရွက်ရာ၌အသုံးပြုလိုက်သဖြင့် လက်ကျန်မရှိသောကြောင့် ဘဏ်တိုက်တွင် မအပ်နှံခဲ့ရကြောင်း ဖွင့်လင်းခဲ့ကြသည်။ ၁၉၅၉ ခုနှစ်၊ ဥက္ကလာပမြို့သစ်များကို မတည်ဆောက်မီကဆိုလျှင် ကျိုက္ကဆံစေတီတော်ကြီးမှာ တောဘုရားတဆူသာဖြစ်၍၊ တနှစ်တကြိမ် ကျင်းပသည့် ဘုရားပဲတော်အချိန်မှအပ၊ အခြားအချိန်များ၌ ဝင်ငွေရှိရန် အကြောင်းမမြင်ပေ။ ပဲတော်ကျင်းပ၍ရသော ငွေများမှာလည်း စေတီတော်ကြီး၏ ဝေယျာဝစ္စများဆောင်ရွက်ရာ၌ အသုံးပြုလိုက်သဖြင့် လက်ကျန်ငွေပင်မကျန်ဆိုသော တင်ပြချက်သည် မဟုတ်မမှန်သော တင်ပြချက်ဖြစ်သည်ဟု အယူခံတရားလိုတို့က အထောက်အထားတင်ပြနိုင်ခြင်း မရှိပေ။ ထို့ကြောင့် အောက်ရုံး၌ ဤအမှုကိုမစွဲဆိုမီက စေတီတော်ကြီး၏ ဘဏ္ဍာတော်ငွေများကို ဘဏ်တိုက်၌ အပ်နှံခဲ့ခြင်းမပြုသည်မှာ လုံလောက်သော အကြောင်းရှိသည်ဟု ဆိုရမည်ဖြစ်သည်။

စကင်းဥပဒေအပိုဒ် ၁၇ တွင် ဂေါပကအဖွဲ့၏အတွင်းရေးမှူးနှင့် ငွေထိန်းတို့ထံမှ ငွေ ၃၀၀ ကျပ်ထက်ပို၍ မထားရဟဲ့၊ ၃၀၀ ကျပ်ထက်ပိုက ဘဏ်တိုက်သို့အပ်နှံထားရန် ပြဋ္ဌာန်းထားသည်။ စေတီတော်ကြီး၏ ဘဏ္ဍာတော် ရသုံးစာရင်းစာအုပ်အမှတ် ၁ တွင်၊ ငွေ ၃၀၀ ကျပ်ထက်ပိုသည့် မှတ်သားချက်များကို အယူခံတရားလိုတို့၏ ပညာရှိရွေးနေကြီးက ထောက်ပြကာ၊ ထိုငွေများကို ဘဏ်တိုက်တွင် ထည့်သွင်းခြင်းမပြုသဖြင့် ဂေါပကအဖွဲ့ဝင်လူကြီးများကို စကင်းစည်းမျဉ်းကို ချိုးဖေါက်ခဲ့ကြသည်ဟုပင် တင်ပြသွားသည်။ ထိုစာရင်းစာအုပ်တွင် ဖေါ်ပြထားသည့် ဘုရားပဲတော်နှင့်ပတ်သက်၍ ရရှိသောအလှူငွေများကို စေတီတော်ကြီး၏ ဝေယျာဝစ္စအတွက် အသုံးပြုရာ၌ အကုန်

ပြန်၍ အသုံးချခဲ့ရသဖြင့် ထိုငွေများကို ဘဏ်တိုက်သို့သွင်းရန် အကြောင်းမပေါ်ပေါက်တော့ပေ။

ကျိုက္ကဆံစေတီတော်ကြီးအား၊ ရွှေသင်္ကန်းကပ်လှူရန် ကိစ္စနှင့်ပတ်သက်၍ ဒေါ်စိန်ညွန့်က အလှူငွေ ၂ သောင်းကျပ်လှူဒါန်းခဲ့ရာ၊ ထိုငွေကိုလည်း ဘဏ်တိုက်၌ အပ်နှံခဲ့ခြင်းမရှိ၍ ဂေါပကအဖွဲ့ဝင်လူကြီးတို့သည် ဘုရားကြီး၏ စကင်းဥပဒေကို ချိုးဖောက်ရာ ရောက်သည်ဟု စွပ်စွဲလာသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်စိန်ညွန့် (ခံပြ-၃) ဦးဘိုးအင် (ခံပြ-၄) နှင့်ဆရာတော် ဦးအေသီ (ခံပြ-၁၅) တို့၏ထွက်ချက်အရ၊ ငွေ ၂ သောင်းကို ဂေါပကအဖွဲ့သို့ တိုက်ရိုက်လှူဒါန်းခြင်းမဟုတ်ဘဲ၊ ဒေါ်စိန်ညွန့်က ငွေ ၂ သောင်းကို မတည်ကာစေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူရန်ဖြစ်ပြီးအလှူဒါယိကာမက ၎င်း၏ကိုယ်စားလှယ် ဦးဘိုးအင်မှတဆင့် ကြီးကြပ်ကာ ရွှေဆိုင်းများဝယ်၍ ရွှေသင်္ကန်းကပ်လှူရန် ဖြစ်ကြောင်းပေါ်လွင်သည်။ ဂေါပကအဖွဲ့ အနေဖြင့် အလှူဒါယကာဒါယိကာမတို့က ပေးအပ်သည့် ကုန်ကျစရိတ် စာရင်းများကို လက်ခံရန်သာဖြစ်သည်။ သို့ဖြစ်ရာ ဂေါပကအဖွဲ့အနေဖြင့် ရွှေသင်္ကန်းကပ်လှူသည့်ကိစ္စတွင် ဘဏ်တိုက်သို့ငွေများအပ်နှံရန်အကြောင်း မပေါ်ပေါက်နိုင်ပေ။

စေတီတော်ကြီး၏ ရသုံးစာရင်းများနှင့်ပတ်သက်၍၊ အစိုးရမှတ်ပုံတင်စာရင်းစစ်များဖြစ်ကြသည့် ကျော်ဇံဘဝင်း ကုမ္ပဏီမှ၊ စာရင်းစစ် ဦးအေးသွင် (လိုပြ-၁၅) ၏ စာရင်းစစ်ဆေးချက်တွင် ရငွေဖြတ်ပိုင်းများနှင့် သုံးငွေပြေစာများကို မတွေ့ရှိဟု ဖေါ်ပြထားသော်လည်း၊ ဂေါပကအဖွဲ့ဝင် လူကြီးများထံမှ ထိုစာရွက်စာတမ်းများကို တင်ပြရန် တောင်းဆိုခဲ့ခြင်းမရှိခဲ့သဖြင့်၊ ထိုကဲ့သို့ တင်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ဂေါပကလူကြီးများအပေါ် ဆန့်ကျင်ဘက်ကောက်ယူခြင်း မပြုနိုင်ပေ။

အမှုတခုလုံးကိုခြုံ၍ကြည့်လျှင်၊ ဂေါပကအဖွဲ့ဝင် လူကြီးများအနေဖြင့် ဘဏ္ဍာတော်ရသုံးစာရင်းများကို သတင်းစာတွင် ၆ လတကြိမ် ကြော်ငြာရန်ပျက်ကွက်ခြင်း၊ အဖွဲ့ဝင်လူကြီးများ၏ လစဉ်အစည်းအဝေးကို လပြည့်နေ့တိုင်း ပြုလုပ်ရမည့်အစား အခြားအာဏာလွှဲသည့်ရက်များ၌ ပြုလုပ်ခြင်း၊ စာရင်းအင်းများ ပြုလုပ်ရာတွင် စနစ်မကျခြင်းစသည့် ချို့ယွင်းချက်များ ရှိနေသော်လည်း၊ ၎င်းတို့သည် စေတီတော်ကြီး၏ ဘဏ္ဍာတော်နှင့်ပတ်သက်၍သော်၎င်း၊ စေတီတော်ကြီး၏ ပစ္စည်းများနှင့် ပတ်သက်၍သော်၎င်း အလွဲသုံးစားပြုလုပ်ခြင်း၊ ဖောက်လွဲဖောက်ပြန်ပြုလုပ်ခြင်း စသည့်မလျော်သော ပြုလုပ်ဆောင်ရွက်ချက် လုံးဝမရှိပေ။ အယူခံတရားလိုတို့ကိုယ်တိုင်ကလည်း ယင်းသို့အလွဲသုံးစားပြုကြောင်း၊ ဖောက်လွဲဖောက်ပြန်လုပ်ကြောင်း၊ ထင်ရှားအောင်သာမက အထောက်အထား မပြနိုင်ပေ။ တပ်အပ်စွပ်စွဲခြင်းလည်း မပြုနိုင်ကြပေ။

ဘုရားပုထိုးစသည့် ဘာသာရေး အဆောက်အဦများအား ထိန်းသိမ်းစီမံရသည့် ဂေါပကအဖွဲ့ဝင် လူကြီးများမှာ အခကြေးငွေအဖြစ် ဝင်ရောက်လုပ်ကိုင်ကြသူများ မဟုတ်ပေ။ သာသနာကြီး အဓွန့်ရှည်ရန် ရည်ရွယ်ချက်ဖြင့်၊ နောင်တမလွန်ဘဝတွင် အကျိုးခံစားရန် ရည်ရွယ်ချက်ဖြင့်၊ စေတနာဝန်ထမ်း ဆောင်ရွက်ကြသူများသာ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့ထိန်းသိမ်းရသည့် ဘုရားပုထိုးများ၏ ဝေယျာဝစ္စများ ဆောင်ရွက်ရာ၌၊ ချို့ယွင်းချက်များ ရှိပင်ရှိကြသော်လည်း၊ ထို ချို့ယွင်းချက်များသည် အလွဲသုံးစားမှု၊ ဖေါက်လွဲဖေါက်ပြန်လုပ်မှု စသည့်တာဝန်နှင့် အလျဉ်း မလျော်ကန်သော ချို့ယွင်းချက်များ မဟုတ်လျှင် ၎င်းတို့အား ဂေါပက အဖွဲ့ဝင် လူကြီးများအဖြစ်မှ ရပ်စဲရန်သော်၎င်း၊ ထုတ်ပယ်ရန်သော်၎င်း မပြုလုပ်သင့်ချေ။ ဂေါပက အဖွဲ့ဝင်များအား ရပ်စဲသင့် မသင့်၊ ထုတ်ပယ်သင့် မသင့်ဆိုသော ကိစ္စကို စဉ်းစားရာတွင် ထိုဂေါပကအဖွဲ့ကို ဆက်လက် ထားရှိခြင်းအားဖြင့် ထိုဂေါပက အဖွဲ့ စီမံထိန်းသိမ်းရသည့် စေတီပုထိုးများတွင် ကောင်းကျိုးရှိမည်၊ မရှိမည် ဆိုခြင်းကို အဓိကထား၍ စဉ်းစားရမည်ဖြစ်သည်။ အကယ်၍ ဂေါပကအဖွဲ့ အနေဖြင့် မိမိတို့စီမံ အုပ်ချုပ်ရသည့်စေတီ ပုထိုးပိုင် ဘဏ္ဍာငွေ၊ သို့မဟုတ်အခြားပစ္စည်းများကိုအလွဲသုံးစား ပြုလျှင်သော်၎င်း၊ ဖေါက်လွဲဖေါက်ပြန် ပြုလျှင်သော်၎င်း၊ ထိုဂေါပကအဖွဲ့ကို ဆက်လက် ထားရှိခြင်းဖြင့် အကျိုးယုတ်စေရန်သာ ရှိမည်ဖြစ်၍၊ ထုတ်ပယ်ရပ်စဲရန်မှအပ အခြား အကြောင်း မရှိနိုင်ပေ။ ယင်းသို့ ဖေါက်လွဲဖေါက်ပြန်မှု၊ အလွဲသုံးစားမှု မရှိပါမူ စီမံခန့်ခွဲရာ၌ အနည်းငယ် ချို့ယွင်းခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့် ဂေါပက အဖွဲ့အား ထုတ်ပယ်ရပ်စဲရန် အကြောင်း လုံလောက်သည်ဟု မဆိုနိုင်ချေ။ **အေ၊ ရာမန်ချောက်ဒူရီ** နှင့် **အေ၊ ချောင်ဒူရာနီ** (၁) တို့စီရင်ထုံးကိုကြည့်ပါ။

ယခုအမှုတွင် ကျိုက္ကဆံ စေတီတော်ကြီး၏ လက်ရှိ ဂေါပက အဖွဲ့ဝင် လူကြီးများသည် စေတီတော်ကြီး၏ ဘဏ္ဍာတော်ငွေကိုငင်း၊ ပစ္စည်းများကိုငင်း၊ အလွဲသုံးစား ပြုသည်၊ ဖေါက်လွဲဖေါက်ပြန် ပြုလုပ်သည်ဆိုသော စွပ်စွဲချက်မရှိ၊ ထိုဂေါပက အဖွဲ့ဝင် လူကြီးများကို ဆက်လက် ထားရှိခြင်းအားဖြင့် စေတီတော်ကြီးတွင် ထိခိုက်နစ်နာစရာ၊ အကျိုးယုတ်စရာ ရှိသည်ဆိုသော သက်သေအထောက်အထား စိုးစဉ်းမျှ မရှိချေ။ သို့ဖြစ်ရာ အယူခံ တရားခံတို့အား ကျိုက္ကဆံ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင် လူကြီးများ၏ အဖြစ် ရပ်စဲရန်၊ ထုတ်ပယ်ရန် လုံလောက်သော အကြောင်းမရှိဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။ ထို့ကြောင့် အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့ကို အတည်ပြုပြီး ဤအယူခံမှုကို တရားစရိတ်နှင့်တကွပလပ် လိုက်သည်။

---

(၁) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၂၈၊ ကာလကတ္တား ၂၂၅။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အသေးအဖွဲလျှောက်လွှာ

တရားသူကြီး ဦးချစ်ရွှေတင်

† ၁၉၆၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်။

ဦးထွန်းစိန် (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (လျှောက်ထားခံရသူ)*

အောက်ရုံး၏ နေ့စဉ်မှတ်စာတမ်း မိုက်မဲစွာ ဟူသော စကားလုံးကို တရားခံရွှေနေကြီးနှင့် စပ်လျဉ်း၍ သုံးနှုန်းထားခြင်း—ရွှေနေကြီးများသည် အမှုစစ်ဆေးရာ၌ အမှုမှန်ရရှိရန် ရုံးများတွင် အကူအညီ ပေးနေသူများ ဖြစ်ခြင်း—အမိန့်တွင် မိုက်မဲစွာဟု ဖော်ပြထားခြင်းမှာ မသင့်လျော်ခြင်း—ရုံး၏ သမာဓိရှိမှုနှင့် ယဉ်ကျေးမှုတို့ကို ထိခိုက်စရာ အကြောင်းရှိခြင်း—မနှစ်မြို့ဘွယ်ရာ ကောင်းသော စကားလုံးများကို တွေ့ရှိက ပယ်ဖျက်နိုင်သော အာဏာရှိခြင်း။

ဆုံးဖြတ်ချက်။ ။ရွှေနေကြီးများသည် အမှုစစ်ဆေးရာ၌ အမှုမှန်ရရှိရန် ရုံးများတွင် အကူအညီ ပေးနေသူများဖြစ်သည်ဟုယူဆသည်။ တရားခံ၏ ရွှေနေကြီးက ရုံးသို့ အချက်အလက်များကို တင်ပြရာ၌ စိတ်လိုက်မာန်ပါတင်ပြချက်ကို ရုံးကအထင်မှားပြီး ၎င်း၏အမိန့်တွင် **မိုက်မဲစွာ**ဟု ဖော်ပြထားခြင်းမှာ ရုံးအနေနှင့် မသင့်လျော်ဟုယူဆသည်။ ထိုကဲ့သို့ မသင့်လျော်သော၊ ရုံးစကားနှင့် မညီသည့် စကားလုံးဖြစ်သော **မိုက်မဲစွာ** ဟူသောစကားလုံးကို အောက်ရုံးအမိန့်တွင် မပယ်ဖျက်ဘဲ ထားရှိပါက ရုံး၏ သမာဓိရှိမှု၊သိက္ခာရှိမှုနှင့် ယဉ်ကျေးမှုတို့ကို ထိခိုက်စရာအကြောင်းရှိသည်ဟုယူဆသည်။ ဤရုံးတွင် ထိုကဲ့သို့ မနှစ်ဘွယ်ရာကောင်းသောစကားလုံးများတွေ့ရှိပါက ပယ်ဖျက်နိုင်သော အာဏာရှိသည်။

ကာတာချမ်းစကာဒတ်(စ်) နှင့်အစိုးရ၊ ၃၉၊ ခရင်မင်နယ်လောဂျာနယ်၊ စာ ၁၉၃၀။

ဘဒူးခန် နှင့် အစိုးရ၊ အေးအိုင်၊ အာ(ရှ်)၊ ၁၉၂၈၊ အလဟာဘတ်၊စာ ၁၀၂တို့ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဒေါက်တာ ဘမော်ကိုယ်စား ဦးစံသိန်း။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရွှေနေကြီး ဦးနှစ်။

---

* ၁၉၆၅ ခုနှစ် ၊ ရာဇဝတ်အသေးအဖွဲ့ လျှောက်လွှာအမှတ် ၂၆ ။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၃၅ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် နေ့စွဲပါ ၊ သံတွဲမြို့ ၊ မြို့မရာဇဝတ်တရားသူကြီး၏ အမိန့်တွင်ပါရှိသော မနှစ်မြို့ဘွယ် အသုံးအနှုန်းကို ပယ်ဖျက်ပေးရန် လျှောက်ထားမှု ။

တရားသူကြီး ဦးချစ်။ ။သံတွဲမြို့၊ မြို့မရာဇဝတ် တရားသူကြီး (အထူး)ရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၃၅၊ ဦးထွန်းရင်နှင့် ဦးနိုဇူပါ၊ ၄ အမှုတွင် ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့စွဲပါ အစဉ်မှတ်စာတမ်းတွင် အမိန့်တရပ် ချမှတ်လေသည်။ ထိုအမိန့်တွင် ဦးနိုဇူသည် တရားလို ဦးထွန်းရင် စွဲဆိုသည့် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ ပြစ်မှုမြောက်ပါသည်ဟု ဝန်ခံသဖြင့် ၎င်းအား ဒဏ်ငွေ ၂၅ ဝေး ဆောင်စေ၊ ပျက်ကွက်က အလုပ်မဲ့ထောင်ဒဏ်တလ ကျခံစေရန်ဟူ၍ ပါရှိသည်။ ကျန်တရားခံ သုံးဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ၊ စွဲချက်တင်ပြီး ၎င်းတို့ကအပြစ်မရှိ ကြောင်း ထုချေကြသဖြင့် ၎င်းတို့အပေါ် ဆက်လက်အမှုစစ်ဆေးရန် ဟူ၍လည်း ပါရှိသည်။

ထိုအမိန့်တွင်၊ "ကျန်တရားခံများသည် အပြစ်မရှိကြောင်း ခုခံသည့်အပြင်၊ ၎င်းတို့ ဝတ်လုံ ဦးထွန်းစိန်က တရားလိုပြသက်သေ အားလုံးကိုလည်း ပြန်လည်စစ်ဆေးလို သည့်အပြင်၊ ရုံးပြောင်းရန်ကိုလည်း လျှောက်လဲမည်ဟု **မိုက်မဲစွာ** တင်ပြသည်။" ဟု ပါရှိသည်။

ဤအမှုတွင် တရားခံများဘက်မှ လွှတ်တော်ရှေ့နေကြီး ဦးထွန်းစိန် လိုက်ပါ ဆောင်ရွက်၍ တရားခံများအတွက် အပတ်တကုတ် ကြိုးစားပြီးလျှင် ဆောင်ရွက်နေ သော ပုဂ္ဂိုလ်ဖြစ်သည်၊ ရှေ့နေကြီးများသည် အမှုစစ်ဆေးရာ၌ အမှုအမှန်ရရန် ရုံးများ တွင် အကူအညီပေးနေသူများ ဖြစ်သည်ဟု ယူဆသည်။ ရှေ့နေကြီး ဦးထွန်းစိန်က ရုံးသို့ အချက်အလက်များကို တင်ပြရာ၌ စိတ်လိုက်မာန်ပါ တင်ပြခဲ့က်ကို ရုံးက အထင်မှားပြီး ၎င်း၏အမိန့်တွင် **မိုက်မဲစွာ**ဟု ဖော်ပြထားခြင်းမှာ ရုံးအနေနှင့် မသင့် လျော်ဟု ယူဆသည်။ ထိုကဲ့သို့ မသင့်လျော်သော ရုံးစကားနှင့် မညီသည့် စကားလုံး ဖြစ်သော **မိုက်မဲစွာ**ဟူသော စကားလုံးကို အောက်ရုံးအမိန့်တွင် မဖယ်ဖျက်ဘဲထားရှိ ပါက၊ ရုံး၏သမာဓိရှိမှု၊ သိက္ခာရှိမှုနှင့် ယဉ်ကျေးမှုတို့ကို ထိခိုက်စရာအကြောင်း ရှိသည် ဟုယူဆသည်။ ဤရုံးတွင် ထိုကဲ့သို့ မနှစ်မြို့ဘွယ်ရာကောင်းသော စကားလုံးများ တွေ့ရှိက ပယ်ဖျက်နိုင်သော အာဏာရှိသည်။ **ကာတာချမ်း စကာဒတ်** (စ) နှင့် **အစိုးရအမှု** (၁)တွင် အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားသည်။

> **"It is a serious matter for the High Court to expunge remarks from a Magistrate's judgment or order. It will interfere to expunge remarks which are libellous and irrelevant."**

---

(၁) 39, Criminal Law Journal p. 1938.

၁၉၆၆

ဦးထွန်းစိန်
နှင့်
ဖြည့်ထောင်စု
မြန်မာနိုင်ငံး

ဂျင်းပြင်၊ ဘဋ္ဌးခန်နှင့် အစိုးရအမှု (၂)တွင်—

"Though the High Court will not entertain any and every application for formally expunging remarks in a judgment made by some person, whether an accused or not an accused, who feels himself aggrieved by remarks made in a judgment, still there are cases in which such action is called for and in such cases the High Court is competent to do so and will do so."

ဟု အဆုံးအဖြတ်ပေးထားသည်။

ဤအမှုတွင် အောက်ရုံးကအမိန့်တွင် ရှေနေကြီး ဦးထွန်းစိန် အား မိုက်မဲစွာ ဟူသော စွပ်စွဲချက်သည် အလွန်မှ မနှစ်မြို့ဘွယ် စကားလုံး ဖြစ်နေသဖြင့် ထိုမနှစ်မြို့ ဘွယ်ဖြစ်သည့် မိုက်မဲစွာဟူသော စကားလုံးကို ဆိုခဲ့ပြီးသော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့စွဲပါ အစဉ်မှတ်စာတမ်း အမိန့်မှ ပယ်ဖျက်လိုက်သည်။

(၂) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၂၈၊ အလဟာဘတ်၊ စာ ၁၀၂။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ဦးဖေတင် (ပြင်ဆင်ရန်လျှောက်ထားသူ) †

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

၁၉၆၆ ခုနှစ် ဩဂုတ်လ ၂၀ ရက်

ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ တရားစွဲဆိုခြင်း—မြို့နယ် သမဝါယမ အရာရှိက ငွေစုငွေချေးသမဝါယမအသင်း စာရင်းရှင်းဖျက်သိမ်းရာတွင် စာရင်းရှင်း အရာရှိအဖြစ် ဆောင်ရွက်ခြင်း—စာရင်းရှင်း အရာရှိ၏ ဆောင်ရွက်ရန်ကိစ္စများ—စာရင်းရှင်း အရာရှိသည် အလွဲသုံးစား ပြုခြင်းခံရသည် ဆိုသော အသင်း၏ငွေများနှင့် ပတ်သက်၍ ၎င်းကိုယ်တိုင် ထိခိုက်နစ်နာသဟုတ် မဟုတ်—ကိုယ်တိုင်နစ်နာသူ မဟုတ်ခဲ့သော်လည်း ၎င်းသည် ကိုယ်တိုင်ထိခိုက် နစ်နာသအသင်းသားများကိုယ်စား ရုံးသို့ သွားရောက်၍ တရားစွဲဆိုခဲ့ခြင်း ဖြစ် မဖြစ်—စာရင်းရှင်း အရာရှိက တိုင်တန်းဖွင့်လှစ်သော အမှုသည် အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝ အကျုံးဝင်သည်ဟုဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။သမဝါယမ အက်ဥပဒေအရ သမဝါယမအသင်းကို ဖျက်သိမ်းလျှင်စာရင်းရှင်း အရာရှိက ဤအသင်း၏ပစ္စည်းများကို ထိန်းသိမ်းအုပ်ချုပ်ရသည်။ အသင်း၏ကိုယ်စား ဆောင်ရွက်ရန် ကိစ္စတို့ကို ဆောင်ရွက်ရသည်။ ကြွေးမြီရရန်ရှိသည်တို့အတွက်လည်း အသင်းကိုယ်စား မိမိက နာမည်ခံ၍ တရားစွဲဆိုခြင်း ဆောင်ရွက်ခြင်းတို့ကိုပြုရသည်။ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးသော အခါ ပစ္စည်းများ၊ ငွေများ၊ ကျန်ရှိနေသေးလျှင် အသင်းသားများ၏ ဝေစုရပိုင်ခွင့်အလိုက်ခွဲဝေ၍ ပေးရသည်။ စာရင်းရှင်းလင်း ဖျက်သိမ်းနေစဉ်အတွင်း အသင်းသားများ၏ လုပ်ပိုင်ခွင့်တို့သည် စာရင်းရှင်းအရာရှိ၌သာတည်သည်။ ထို့ကြောင့် တရားမကြောင်း ရာဇဝတ်ကြောင်းဖြင့် အသင်းကိုယ်စား တရားစွဲဆိုရန်လိုလျှင် စာရင်းရှင်းအရာရှိကသာ ဆောင်ရွက်ရန်ဖြစ်သည်။ထိခိုက်နစ်နာ၍ မကျေနပ်ကြသောအသင်းသားများက စွဲဆိုတော့မည် မဟုတ်ပေ။ ၎င်းတို့၏ကိုယ်စား စာရင်းရှင်း အရာရှိက လိုအပ်သလိုဆောင်ရွက်လိမ့်မည်ဟု အသင်းသားများက မှတ်ယူကြမည်သာဖြစ်သည်။

စာရင်းရှင်းအရာရှိ ဦးအုန်းသည် အလွဲသုံးစား ပြုခြင်းခံရသည်ဆိုသော အသင်း၏ငွေများနှင့်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၃ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၅ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့စွဲပါ သရက်မြို့၊ စက်ရွင်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ပတ်သက်၍ ၎င်းကိုယ်တိုင်ထိခိုက်နစ်နာသူ မဟုတ်ဟု ဆိုနိုင်သည်။ သို့ရာတွင် ထိုငွေများဆုံးရှုံးနစ်နာရသည့်အတွက် ပရားမကြောင်းဖြင့် ဖြစ်စေ၊ ရာဇတ်ကြောင်းဖြင့် ဖြစ်စေ အရေးယူစဲ့ဆို ရန်မှာ ဦးအုန်း၏ တာဝန်သာဖြစ်သည်။ အသင်းသားများ၏ကိုယ်စား ထိုသို့စွဲဆိုနိုင်သည့်ပုဂ္ဂိုလ်မှာ လည်း ဦးအုန်းသာလျှင်ဖြစ်သည်။ ထိုသို့ဦးအုန်းသည် ကိုယ်တိုင်ထိခိုက်နစ်နာသူ မဟုတ်ဟုယူဆစေဦး ၎င်းသည် ကိုယ်တိုင်ထိခိုက်နစ်နာသူ အသင်းသားများကိုယ်စား ရုံးသို့ သွားရောက်၍ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်ဟုယူဆရပေမည်။

သမဝါယမ အရာရှိဦးအုန်းသည် အသင်း၏ စာရင်းရှင်းအရာရှိအဖြစ် အသင်းသားများကို ကိုယ်စားပြုသည်။ ၎င်းတို့၏အကျိုးကိုထိခိုက်နစ်နာမှုကို ၎င်းတို့ကိုယ်စား သွားရောက်တိုင်တန်းခြင်းဖြစ်သည်ဟုယူဆရမည်။ ထို့ကြောင့် စာရင်းရှင်းအရာရှိက ကိုင်တန်းဖွင့်လှစ်ခဲ့သော အမှုသည် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝအကျုံးဝင်သည်ဟု မဆိုနိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် **မောင်ခွေး**၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ် စောဒကမှုအမှတ် ၁၄။

ဦးစန္ဒာသီရိ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၃။

ဖောင်မြဟန်-ပါ ၂ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂။

ဒေါက်တာပြည်စိုး နှင့် **ဒေါ်တင်တင်**၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၁ (ခ)ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးထွန်းရှိန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကြော်။

တရားသူကြီးချုပ် ဒေါက်တာ ဦးမောင်မောင်။ ။လျှောက်ထားသူ ဦးဖေတင်သည်၊ မြို့နယ် သမဝါယမအရာရှိတဦး ဖြစ်ခဲ့သည်။ သရက်ခရိုင် ရဲအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်း စာရင်းရှင်း ဖျက်သိမ်းရာတွင်၊ စာရင်းရှင်းအရာရှိအဖြစ် ဆောင်ရွက်ခဲ့သော ဦးဖေတင်သည်၊ အသင်း၏ ငွေများကို မိမိ၏အကျိုးအတွက် အလွဲသုံးစားပြုလုပ်သည်ဟု ၎င်း၏ရာထူးနှင့် တာဝန်များကို ဆက်ခံရသူ မြို့နယ် သမဝါယမအရာရှိ ဦးအုန်းက တိုင်ကန်းခဲ့သည်။ ထို့ကြောင့် ဦးဖေတင်အပေါ် သရက်မြို့ နယ်ပိုင် ရာဇဝတ်တရားသူကြီးရုံး၌၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ ဖြင့် တရားစွဲဆိုထားသည်။

ဦးဖေတင်က အမှုသည် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝအကျုံးဝင်နေပါသည်။ထို့ကြောင့်အမှုကိုပိတ်ပေးသင့်ပါသည်ဟု လျှောက်ထားခဲ့ရာ၊ ပညာရှိ နယ်ပိုင် ရာဇဝတ်တရားသူကြီးက လျှောက်ထားချက်ကို လက်မခံခဲ့ပေ။ စက်ရှင်ရုံးသို့ ဦးဖေတင်က ရာဇဝတ်ပြင်ဆင်မှုဖြင့် တက်ရောက်ခဲ့သော်လည်း၊ အောင်မြင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့်ဤရုံးသို့ နောက်တဆင့် ဦးဖေတင်က လျှောက်ခြင်းဖြစ်သည်။

ဦးဖေတင်က စက်ရှင်ရုံး၌ တင်ပြသော အချက်တို့မှာ အလွဲသုံးစားပြုလုပ်သည်ဟု စွပ်စွဲသောငွေများသည် စာရင်းရှင်းလင်း နေဆဲ သမဝါယမအသင်း၏ ငွေများဖြစ်သဖြင့် အစိုးရငွေများ ဖြစ်ပါသည်။ ထို့ကြောင့် အမှုသည်အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝအကျုံးဝင်ပါသည်။ ထိုကဲ့သို့ တိုင်တန်းသူပြုနှယ် သမဝါယမအရာရှိ ဦးအုန်းသည် ကိုယ်တိုင်ထိခိုက်နစ်နာသူ မဟုတ်ပါ။ ထို့ကြောင့်လည်း အမှုသည် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် အကျုံးဝင် ပါသည်ဟူ၍ ဖြစ်ခဲ့သည်။ သမဝါယမအသင်း၏ ငွေများသည် အစိုးရဘဏ္ဍာတော်ငွေများ မဟုတ်။ အသင်းပိုင်ဖြစ်၍ ပုဂ္ဂလိက ပစ္စည်းဖြစ်သည်ဟု လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို အဓိပ္ပာယ်ဖွင့်ဆိုရန် ဖွဲ့စည်းခဲ့သော ကော်မီတီက သတ်မှတ်ပြီးဖြစ်ကြောင်း ပညာရှိစက်ရှင် တရားသူကြီးက ညွှန်ပြခဲ့သည်။ စာရင်းရှင်းအရာရှိသည်လည်း အထွေထွေလွတ်ငြိမ်း ချမ်းသာခွင့်အမိန့်သဘောအရ နစ်နာသူဖြစ်သည်။ ထို့ကြောင့် ထိုအရာရှိက တိုင်တန်းခြင်းသည် ကိုယ်တိုင် ထိခိုက်နစ်နာသူက တိုင်တန်းခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍လည်း ဆုံးဖြတ်ခဲ့သည်။

ဤရုံးသို့ လျှောက်ရာ၌ ဦးဖေတင်က စက်ရှင်ရုံးတွင် တင်ပြခဲ့သော အချက်နှစ်ရပ်အနက် စာရင်းရှင်းအရာရှိသည် ကိုယ်တိုင်ထိခိုက်နစ်နာသူ မဟုတ်ပါဟူသော အချက်ကိုသာ အဓိကအားကိုးတော့သည်။ ထိုပြဿနာနှင့် ပတ်သက်၍ ဤရုံးက အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုရသေး။ ပြဿနာသည်လည်း အများနှင့်သက်ဆိုင်၍ အရေးကြီးသော ပြဿနာဖြစ်သည်ဟု ပြင်ဆင်မှုကို စတင်ကြားနာရသော ပညာရှိ တရားသူကြီးဦးချစ်က တွေ့ရှိကာ အမှုကို ခုံရုံးဖွဲ့စည်း၍ ကြားနာစစ်ဆေးသင့်သည်ဟု ထောက်ခံခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤခုံရုံးကို ဖွဲ့စည်း၍ ပညာရှိ လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်ကို ရုံး၏သဟာယအဖြစ် လိုက်ပါဆောင်ရွက်ရန်ကို မေတ္တာရပ်ခံ ခဲ့လေသည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး ဦးထွန်းရှိန်က သမဝါယမအသင်း၏ ငွေများ၊ ပစ္စည်းများသည် စာရင်းရှင်းအရာရှိ၌ တည်ပါသည်။ ထိုအရာရှိသည် သမဝါယမအက်ဥပဒေအရခန့်ထားရသော ပုဂ္ဂိုလ်ဖြစ်သည့်ပြင် အစိုးရအရာရှိ တစ်ဦးလည်း ဖြစ်ပါသည်။ ၎င်းသည် အက်ဥပဒေက အပ်နှင်းသော တာဝန်ဝတ္တရားများကို ထမ်းဆောင် ရွက်သာ ဖြစ်ပါသည်။ အသင်း၏ ငွေများပျောက်ဆုံး လျော့နည်းခြင်း ရှိလျှင် ၎င်းကိုယ်တိုင် ထိခိုက်နစ်နာသည်ဟု မဆိုနိုင်ပါ။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်က ကိုယ်တိုင် ထိခိုက် နစ်နာသူများက တိုင်တန်းသော အမှုများတွင်သာလုံးဝ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို မပေးဘဲ လျော့ပေါ့သော ပြစ်ဒဏ်ကို

ပေးရန် ပြဋ္ဌာန်းထား•ခြင်း ဖြစ်ပါသည်။ အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်ကို တိကျစွာ အဓိပ္ပါယ် ကောက်ယူရပါသည်။ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် ဖြစ်၍ တရားရုံးမျာ်းက အမိန့်၏အနှစ်သာရကို ဖြစ်ထွန်း အောင်မြင်စေအောင် အဓိပ္ပါယ် ကောက်ယူရမည် ဖြစ်ပါသည်ဟု လျှောက်လဲသည်။ သမဝါယမအသင်း စာရင်းရှင်း အရာရှိသည်လည်း၊ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ ကိုယ်တိုင် ထိခိုက်နစ်နာသူ ဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူလျှင် အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်ကို ရည်ရွယ်ချက် စေတနာနှင့် ဆန့်ကျင်၍ ချဲ့ထွင်ရာ ရောက်ပါသည်။ ထို့ကြောင့် အမှုကို တိုင်တန်းသူ သမဝါယမစာရင်းရှင်း အရာရှိ ဦးအုန်းသည်၊ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်သဘောအရ၊ ကိုယ်တိုင် ထိခိုက်နစ်နာသူ မဟုတ်ဟု ကောက်ယူသင့်ပါသည်။ ထိုသို့ ကောက်ယူပြီးလျှင်၊ လျှောက်ထားသူ ဦးဖေတင် အပေါ် အမှုပိတ်ရမည်ဖြစ်ကြောင်း ဤရုံးက ဆုံးဖြတ်သင့်ပါသည်ဟု ဦးထွန်းရှိန်က လျှောက်လဲသည်။

လက်ထောက် နိုင်ငံတော် ရှေနေချုပ် ဦးဘကြော်က၊ စာရင်းရှင်းအရာရှိ ဦးအုန်းသည်၊ ၎င်းကိုယ်တိုင် ထိခိုက်နစ်နာသူ မဟုတ်ဟု ဆိုလျှင်လည်း ဆိုနိုင်ကြောင်း။ သို့ရာဘွင် ဥပဒေက အပ်နှင်းသော တာဝန်အရ၊ အသင်း၏ပစ္စည်းမျာ်းကို အုပ်ထိန်းရသူ ဖြစ်ရာ၊ တာဝန်အရ၊ သို့မဟုတ် ဥပဒေသဘောအရ၊ ထိခိုက်နစ်နာသူ ဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူလျှင်လည်း ဖြစ်နိုင်ကြောင်း။ ဤပြဿနာမျိုး မပေါ်ပေါက်ဘူး သေးသဖြင့် ပြဿနာကိုဖြေရှင်း၍ စီရင်ထုံး ပြုသင့်ကြောင်းဖြင့် လျှောက်လဲသည်။

သမဝါယမ အက်ဥပဒေအရ၊ သမဝါယမ အသင်းကို ဖျက်သိမ်းလျှင် စာရင်းရှင်း အရာရှိက၊ ဤအသင်း၏ ပစ္စည်းမျာ်းကို ထိန်းသိမ်းအုပ်ချုပ်ရသည်။ အသင်း၏ ကိုယ်စား ဆောင်ရွက်ရန် ကိစ္စတို့ကို ဆောင်ရွက်ရသည်။ ကြွေးမြီရရန်ရှိသည်တို့ အတွက်လည်း၊ အသင်းကိုယ်စား မိမိကနာမည်ခံ၍ တရားစွဲဆိုခြင်း၊ ဆောင်ရွက်ခြင်း တို့ကို ပြုရသည်။ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးသောအခါ၊ ပစ္စည်းမျာ်း၊ ငွေမျာ်း ကျန်ရှိနေသေးသျှင် အသင်းသားမျာ်း၏ ဝေစုရပိုင်ခွင့် အလိုက် ခွဲဝေ၍ပေးရသည်။ စာရင်း ရှင်းလင်း ဖျက်သိမ်းနေစဉ်အတွင်း၊ အသင်းသားမျာ်း၏ လုပ်ပိုင်ခွင့် တို့သည် စာရင်းရှင်းအရာရှိ၌သာ တည်သည်။ ထို့ကြောင့်၊ တရားမကြောင်း၊ ရာဇဝတ်ကြောင်းဖြင့် အသင်းကိုယ်စား တရားစွဲဆိုရန်လိုလျှင် စာရင်းရှင်း အရာရှိကသာ ဆောင်ရွက်ရန် ဖြစ်သည်။ ထိခိုက်နစ်နာ၍ မကျေနပ်ကြသော အသင်းသားမျာ်းက စွဲဆိုတော့မည် မဟုတ်ပေ။ ၎င်းတို့၏ ကိုယ်စား စာရင်းရှင်း အရာရှိက လိုအပ်သလို ဆောင်ရွက် လိမ့်မည်ဟု အသင်းသားမျာ်းက မှတ်ယူကြမည်သာ ဖြစ်သည်။

စာရင်းရှင်းအရာရှိ ဦးအုန်းသည် အလွဲသုံးစားပြုခြင်းခံရသည်ဆိုသော အသင်း၏ ငွေများနှင့်ပတ်သက်၍ ၎င်းကိုယ်တိုင် ထိခိုက်နစ်နာသူ မဟုတ်ဟု ဆိုနိုင်သည်။ သို့ရာတွင် ထိုငွေများ ဆုံးရှုံးနစ်နာရသည့်အတွက် တရားမကြောင်းဖြင့် ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့် ဖြစ်စေ၊ အရေးယူခွဲဆိုရန်မှာ ဦးအုန်း၏ တာဝန်သာဖြစ်သည်။ အသင်းသားများ၏ ကိုယ်စား ထိုသို့စွဲဆိုနိုင်သည့် ပုဂ္ဂိုလ်မှာလည်း ဦးအုန်းသာလျှင်ဖြစ်သည်။ ထိုသို့ ဦးအုန်းသည် ကိုယ်တိုင်ထိခိုက်နစ်နာသူမဟုတ်ဟု ကျွန်ုပ်တို့ ယူဆစေဦး၊ ၎င်းသည် ကိုယ်တိုင်ထိခိုက် နစ်နာသူ အသင်းသားများကိုယ်စား ရုံးသို့ သွားရောက်၍ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်ဟု ယူဆရပေမည်။

အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ကျွန်ုပ်နှင့်အထူး ရာဇဝတ်အယူခံအဖွဲ့တို့က အကြိမ်ကြိမ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ **ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ခွေး** (၁)တွင် စုံညီခုံရုံးဖွဲ့၍ ကျွန်ုပ်က ကိုယ်တိုင် ထိခိုက်နစ်နာသူများသည် မည်သည့်ပုဂ္ဂိုလ် များဖြစ်သည်ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ထို့ပြင် ကိုယ်တိုင် ထိခိုက်နစ်နာသူတစ်ဦးအတွက် အခြားသူတစ်ဦးဦးက တိုင်ကြားလျှင်လည်း ထိုထိခိုက်နစ်နာသူကပင် တိုင်ကြားခြင်းမည်သည်ဟု ယူဆရမည်ဖြစ်ကြောင်းကို ဆုံးဖြတ်ခဲ့သည်။

ဦးစန္ဒသီရိနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ(၂)တွင်လည်း နစ်နာသူ၏ စေခိုင်းချက်အရ အခြားသူတစ်ဦးဦးက တိုင်ကြားလျှင် နစ်နာသူကပင် တိုင်ကြားခြင်းမည်သည်ဟု ယူဆရ မည့်ထုံးကို ထပ်မံလက်ခံအတည်ပြုခဲ့သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က **မောင်မြဟန် ပါ(၂)**နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ**(၃)တွင် ကိုယ်တိုင် ထိခိုက်နစ်နာသူဆိုသည့် စကားရပ် ကို ပိုမိုတိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးနောက် နစ်နာသူ၏ ကိုယ်စား၊ အခြားသူ တစ်ဦးဦး က တိုင်းကြားလျှင်လည်း ကိုယ်တိုင်နစ်နာသူကပင် တိုင်ကြားခြင်းဖြစ်သည်ဟု ယူဆရ မည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်။ ကျွန်ုပ်က **ဒေါက်တာပြည်စိုး**နှင့် **ဒေါ်တင်တင်**(၄)တွင် အထူးရာဇဝတ်အယူခံအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စီရင်ထုံးပြုခဲ့သည်။ နစ်နာသူကိုယ်စား တိုင်ကြားခြင်းဖြစ်လျှင်၊ နစ်နာသူက တိုင်ကြားသကဲ့သို့ မှတ်ယူရမည်ဟူ၍လည်း ထပ်မံ ဆုံးဖြတ်ခဲ့သည်။

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ သမဝါယမအရာရှိ ဦးအုန်းသည်၊ အသင်း၏ စာရင်းရှင်း အရာရှိအဖြစ်၊ အသင်းသားများကို ကိုယ်စားပြုသည့် ၎င်းတို့၏ အကျိုးထိခိုက် နစ်နာမှုကို ၎င်းတို့ကိုယ်စား သွားရောက် တိုင်တန်းခြင်းဖြစ်သည်ဟု ယူဆ

---

(၁) ၁၉၆၃ ခုနှစ်၊ ရာဇဝတ်စောဒကမူအမှတ် ၁၄။
(၂) ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ် အယူခံမူအမှတ် ၃။
(၃) ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမူအမှတ် ၂။
(၄) ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မူအမှတ် ၁၅၁ (ခ)။

၁၉၆၆

ဦးဖေတင်နှင့် မြည်ထောင်စု မြန်မာနိုင်ငံ။

ရမည်။ ထို့ကြောင့် စာရင်းရှင်း အရာရှိက တိုင်တန်း ဖွင့်လှစ်ခဲ့သော အမှုသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝအကျုံးဝင်သည်ဟု မဆိုနိုင်။ စက်ရှင်တရားသူကြီးက အမှုကို ပိတ်ရန်မဟုတ်။ ဆက်လက်စစ်ဆေးစီရင်ရမည် ဟုဆုံးဖြတ်ထား ခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် ပြင်ဆင်မှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်စောဒကမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

ဦးဘမောင် (လျှောက်ထားသူ)

နှင့်

၁။ မောင်စိန်ရ၊ ၂။ မတင်လှ (လျှောက်ထားခံရသူများ)*

† ၁၉၆၆ ဇူလိုင်လ ၁ ရက်။

တရားသေလွတ်မိန့်—အစိုးရက အယူခံမဝင်—နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တဦးကပြင်ဆင်မှုဖွင့်လှစ်ခြင်း—တရားရုံးချုပ်၏ ပြင်ဆင်မှုအာဏာသည် အရေးကြီး၍ မျှားစွာအသုံးဝင်သော အာဏာတရပ်ဖြစ်ခြင်း—မှုကနှစ်စွာ သုံးခြင်းဖြင့် တရားစီရင်ရေးကို ညှိနှိုင်းညွှန်ပြပေးနိုင်ခြင်း—အသိန်းအကုန်မရှိဘဲ ပြင်ဆင်မှုအာဏာကို သုံးစွဲခြင်း—အယူခံဝင်သင့်သောအမှုများအဆင့်ဆင့် အယူခံမဝင်ဘဲ ပြင်ဆင်မှုဖြင့်ရုံးသို့ လာရောက်လျှောက်ထားကြဘွယ်ရာရှိခြင်း—တရားဥပဒေဖြင့် အယူခံဝင်ရန် သတ်မှတ်ထားသော ရုံးအဆင့်ဆင့် အလဟဿဖြစ်ဘွယ်ရာရှိခြင်း—ဆုဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ အစိုးရကအယူခံဝင်ရန် သင့်လျော်သော တရားသေလွတ်မိန့်—နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တဦးက လျှောက်ထားရုံမျှနှင့် လွယ်လွယ်လက်ခံ၍ စဉ်းစား.ပေးရန်ဟုတ် မဟုတ်—လိုအပ်သောအခါ၌ ပြင်ဆင်မှုကို အယူခံအမှုအဖြစ်လက်ခံကြားနာခြင်း—ပြင်ဆင်မှုကို ထောက်ခံ တင်သွင်းသူမှာ ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်ခြင်း—နယ်မျှား၌ ရာဇဝတ်တရားစီရင်ရေးကို ခရိုင် ရာဇဝတ်တရားသူကြီး၊ ခရိုင်စက်ရှင်တရားသူကြီး တို့က အုပ်ချုပ် ကွပ်ကဲကြရခြင်း—ပြင်ဆင်ရန်လိုအပ်သောအခါ အမှုတွဲကိုတရားရုံးချုပ်သို့ တင်ပို့ကြရခြင်း—ဥပဒေကပြင်ဆင်မှု တင်သွင်းခြင်းဖြင့် ပတ်သက်သောစည်းကမ်းများကို ပြဋ္ဌာန်းထားခြင်း—နိုင်ငံတော် တရားရုံးချုပ်သည် ပြင်ဆင်မှုများကိုဆောလျင်စွာစစ်ဆေးကြားနာ ဆုံးဖြတ်လျက်ရှိခြင်း—ဥပဒေက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းပြင်ဆင်မှုကို ဖွင့်လှစ်တင်သွင်းခြင်း—တရားစီရင်ရေး အုပ်ချုပ်ကွပ်ကဲမှုကို အထောက်အကူ ပြုစေသည်—အောက်ရုံးတရုံးက တရားသေလွတ်ရန် ချမှတ်ထားသောအမိန့် —သာမန်အားဖြင့် ဆိုလျှင် အစိုးရကသာ အယူခံဝင်ရုံဖြစ်ခြင်း—လုံလောက်သောအကြောင်းကြောင့် အယူခံဝင်ရန်နှောင့်နှေး ကြန့်ကြာရခြင်း—နစ်နာသူက စည်းကမ်းနှင့် အညီခရိုင်စက်ရှင်တရားရုံးသို့

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်စောဒကမှုအမှတ် ၁။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၀ (ခ)တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊မတ်လ ၂၁ ရက်နေ့စွဲပါ မန္တလေးမြို့ တရားရုံးချုပ် တရားသူကြီး ဦးစိန်သင်း၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၆

ဦးဘမောင်နှင့် ၁။ မောင်စိန်ရှ ၂။ မတင်လှ

သော်ရင်း၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့သော်ရင်း သွားရောက်၍ ပြင်ဆင်မှု ဖွင့်လှစ်ရန် လိုအပ်ခြင်း—တရားရုံးချုပ်က ပြင်ဆင်မှုကို လက်ခံကြားနာရန်မမျှား။

ဆုံးဖြတ်ချက်။ ။တရားရုံးချုပ်၏ ပြင်ဆင်မှုအာဏာသည် အရေးကြီး၍မျှားစွာအသုံးဝင်သော အာဏာတရပ်ဖြစ်သည်။ ထိုအာဏာကို မှန်ကန်စွာ သုံးစွဲခြင်းဖြင့်တနိုင်ငံလုံးတွင်တရားစီရင်ရေးကို ညှိနှိုင်းညွှန်ပြပေးနိုင်သည်။ တရားစီရင်ရေးလမ်းကြောင်း တိမ်းစောင်းလျှင်ဖေးမပြင်ဆင်ပေးနိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုအာဏာကို အထိန်းအကွပ်မရှိ သုံးစွဲပြန်လျှင်လည်းအယူခံဝင်သင့်သော အမှုမျှားကို အဆင့်ဆင့် အယူခံမဝင်ကြဘဲ၊ ပြင်ဆင်မှုဖြင့် ဤရုံးသို့လာရောက်လျှောက်ထားကြဘုယ်ရှိသည်။ ထိုသို့လျှောက်ထားကြသျှင်တရားဥပဒေဖြင့်အယူခံဝင်ရန်သတ်မှတ်ထားသော ရုံးအဆင့်ဆင့်သည် အလဟဿ ဖြစ်ပေလိမ့်မည်။ ထိုရုံးမျှားကို ခရိုင်ရုံးမျှားကပြန်လည်ကွပ်ကဲခြင်း၊ အမှုားကိုပြုပြင်ပေးခြင်း၊ ပညာပေးခြင်း စသည်တို့ကိုအောင်မြင်စွာဆောင်ရွက်ရန် ခဲယဉ်းပေလိမ့်မည်။

ထို့ကြောင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ အစိုးရကအယူခံဝင်ရန်သင့်လျော်သော တရားသေလွှတ်မိန့်ကို နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တဦးကလာရောက်လျှောက်ထားရုံမျှနှင့်တရားရုံးချုပ်က လွှယ်လွှယ်လက်ခံ၍ စဉ်းစားပေးရန်မဟုတ်ခေ့။

အီဘရာဟင် နှင့် မြည်ဆောင်စုမြန်မာနိုင်ငံ၊ ၁၉၅၃ ခုနှစ်၊မြန်မာနိုင်ငံစီရင်ဆုံး၊ စာ ၂၂၃ ရည်ညွှန်းသည်။

လိုအပ်သောအခါ၌ ပြင်ဆင်မှုကို အယူခံမှုအဖြစ် လက်ခံကြားနာခြင်း စသည်ကိုပြုလုပ်နိုင်သည်။သို့ရာတွင် တရားရုံးချုပ်သို့ ပြင်ဆင်မှုကို ထောက်ခံတင်သွင်းသူမှာ ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်သည်။

မြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်အေးပါ ခု၊ ၁၉၅၆ ခုနှစ်၊မြန်မာနိုင်ငံစီရင်ဆုံး၊စာ ၁၅၃ ရည်ညွှန်းသည်။

နယ်မျှားရှိ ရာဇဝတ်တရားစီရင်ရေးကို ခရိုင်ရာဇဝတ်တရားသူကြီး၊ ခရိုင်စက်ရှင်တရားသူကြီးထို့က အုပ်ချုပ်ကွပ်ကဲကြရသည်။ ထိုသို့အုပ်ချုပ်ကွပ်ကဲသူမျှားသည် ယက်အောက် ရုံးမျှားက တရားစီရင်ရာတွင် မှားယွင်းနေသည်မျှားကို တွေ့မြင်လျှင်၊ ပြုပြင်ပညာပေးရန်လိုသည်။ အချို့အခက်အခဲရှိနေသော ပြဿနာမျှားကို ညှိနှိုင်း၍ အစိုးရဌာနချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဖြေရှင်းပေးနိုင်သည်။ ပြင်ဆင်ရန်လိုအပ်သောအခါ၌ အမှုတွဲကို တရားရုံးချုပ်သို့ တင်ပို့ပေးကြရသည်။ ထိုအခါ တရားရုံးချုပ်နှင့်တကွ ခရိုင်တွင်အုပ်ချုပ်ကွပ်ကဲရသော ပုဂ္ဂိုလ်မျှားသည် စုံးပါင်း၍အမှုားကိုပြင်ပေးခြင်း အခက်အခဲရှိသော ပြဿနာမျှားကို ဖြေရှင်းပေးခြင်းတို့ကို ပြုလုပ်နိုင်ကြသည်။ထို့ကြောင့် ဥပဒေကပြင်ဆင်မှုတင်သွင်း ခြင်းနှင့် ပတ်သက်သောစည်းကမ်းမျှားကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်သည် ရောက်ရှိလာသော ပြင်ဆင်မှုမျှားကို ဆောလျင်စွာစစ်ဆေးကြားနာ၍ ဆုံးဖြတ်လျက်ရှိသည်။ မိမိအလိုအလျောက်လည်း လိုအပ်သလိုပြင်ဆင်မှုမျှားဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိသည်။ ထို့သို့စစ်ဆေး ကြားနာရာတွင် နိုင်ငံတော် ရှေနေချုပ်နှင့်ရှေနေကြီးမျှား

ထို့ကြောင့် ဥပဒေက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းပြင်ဆင်မှုကို ဖွင့်လှစ်ထင်ရှင်းခြင်းသည် တရားစီရင်ရေး အုပ်ချုပ်ကွပ်ကဲမှုကို အထောက်အကူပြုစေသည်။

သာမန်အားဖြင့်ဆိုလျှင် အောက်ခံရုံးတရုံးက တရားသေလွတ်ရန်ချမှတ်ထားသောအမိန့်တရပ်ကို အစိုးရကသာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ နှင့်အညီအယူခံဝင်ရန်ဖြစ်သည်။ တရားရုံးချုပ်က နှစ်နာသည်ဆိုသော ပုဂ္ဂိုလ်၏ တိုက်ရိုက်လာရောက်ပြင်ဆင်မှုဖွင့်လှစ်ခြင်းကိုလက်ခံရန်မဟုတ်ချေ။ လုံလောက်သော အကြောင်းကြောင့် အယူခံဝင်ရန် နှောင့်နှေးကြန့်ကြာခဲ့ရခြင်းစသည်တို့ရှိလျှင် နှစ်နာသူက စည်းကမ်းနှင့်အညီခရိုင်စက်ရှင်တရုံးသို့သော်၎င်း၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ သော်၎င်း၊ သွားရောက်၍ ပြင်ဆင်မှုဖွင့်လှစ်ကာ ထိုရုံးကစစ်ဆေးကြားနာပြီးနောက်၊ပြင်ဆင်ရန် လိုအပ်လျှင်ထောက်ခံချက်ဖြင့် တရားရုံးချုပ်သို့တင်ပို့ရန် ဖြစ်သည်။ အမျှားပြည့်သူနှင့်ပတ်သက်သော အရေးကြီးသော ဥပဒေပြဿနာ ပေါ်ပေါက်လျှင်၊ သို့မဟုတ်တရားစီရင်ရေးလမ်းကြောင်းအထူးတိမ်းစောင်းခဲ့သည်ကို ဗွေ့ရှိရလျှင် တရားရုံးချုပ်က အမိန့်ကို ပြင်ဆင်ပေးရန်ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဦးမြစိန် ကိုယ်စား ဦးလှညွှန့်။

လျှောက်ထားခံရသူအတွက်။ ။

ရုံးတော်သဟာယအတွက်။ ။အစိုးရရှေ့နေကြီး ဦးလှသင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားခံရသူ မောင်စိန်ရှုနှင့် မတင်လှတို့အပေါ် မန္တလေးမြို့၊ (၇) ရာဘက်ရာဇဝတ်တရားသူကြီးရုံးတွင်၊ အရှယ်မရောက်သူ မသီးဆိုသူအား လှည့်ဖြားသွေးဆောင် ခေါ်ယူခြင်းနှင့် ထိုသို့ခေါ်ယူရာတွင် အားပေးကူညီခြင်းတို့ဖြင့်၊ ရာဇသတ်ပုဒ်မ ၃၆၃ နှင့် ၃၆၃/၁၁၄ တို့အရ တရားစွဲဆိုခဲ့သည်။ နှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက်၊ ပညာရှိ တရားသူကြီးက မသီး၏ အသက်သည် ၁၆ နှစ်ဖြစ်နိုင်သည်။ ထို့ထက်ငယ်ရွယ်ပါသည်ဟု အကြွင်းမဲ့လက်ခံရမည့် သက်သေခံချက်မရှိ။ ၎င်းအား ဖြားယောင်းသွေးကြသည်ဟူ၍လည်း အထောက်အထား မရှိသည့်အပြင်၊ ၎င်းကိုယ်တိုင် သဘောတူ လိုက်သွားသည်ဟူ၍ ယုံမှားဘွယ်ရာ မရှိသောကြောင့်၊ မောင်စိန်ရှုနှင့် မတင်လှတို့သည် စွဲဆိုသော ပြစ်မှုတို့ကို မကျူးလွန်၊ တရားသေလွတ်ရမည်ဟု ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့်၊ လျှောက်ထားသူက မန္တလေးမြို့၊ နိုင်ငံတော် တရားရုံးချုပ်သို့ ပြင်ဆင်မှု ဖွင့်လှစ်၍ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ တရားသေလွတ်မိန့်ကို အစိုးရက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံဝင်ခြင်းမပြုဘဲ၊ နှစ်နာသည်ဆိုသော ပုဂ္ဂိုလ်တဦးက တရားရုံးချုပ်သို့ လာရောက်၍ ပြင်ဆင်မှုဖွင့်လှစ်ခြင်းကို လက်ခံခြင်းပြုနိုင် မပြုနိုင်ဟူသော ပြဿနာနှင့် လက်ခံစဉ်းစားလျှင်၊

အမှုသွား အမှုလာအရ၊ မူလရုံးအမိန့်ကို ပယ်ဖျက်၍၊ အခြားသင့်လျော်သော အမိန့်ကို ချမှတ်ရန်သင့် မသင့်ဟူသော ပြဿနာနှစ်ရပ်ကို ခုံရုံးဖွဲ့စည်း၍ စဉ်းစားဆုံးဖြတ်သင့်ပါသည်ဟု မန္တလေးရုံးထိုင် ပညာရှိ တရားသူကြီး ဦးစိန်သင်းက ထောက်ခံခဲ့သည်။ ထို့ကြောင့် ကျန်ုပ်တို့သည် ခုံရုံးဖွဲ့စည်း၍ နှစ်ဘက်အမှုသည်များအား လျှောက်လဲကြရန် ဘိတ်ခေါ်ခဲ့သည်။ အရေးကြီး၍ အများပြည်သူနှင့် ပတ်သက်သည့် ပြဿနာရပ်များ ပေါ်ပေါက်နိုင်သည်ဟူ၍ ယူဆသဖြင့်လည်း နိုင်ငံတော် ရှေ့နေချုပ်ကို သဟာယအဖြစ် လိုက်ပါကူညီဆောင်ရွက်ရန် ဘိတ်ခေါ်ခဲ့သည်။

တရားသေလွတ်မိန့်ကို အစိုးရက အယူခံမဝင်ဘဲ၊ နစ်နာသူတဦးက ပြင်ဆင်မှုဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ စီရင်ထုံး အမြောက်အများရှိသည်။ ထိုစီရင်ထုံးများကို ပညာရှိ တရားသူကြီး ဦးစိန်သင်းက ခုံရုံးဖွဲ့ရန် ထောက်ခံချက်တွင် ဖော်ပြထားပြီးဖြစ်သည်။ လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီး ဦးမြစိန်က၊ တရားရုံးချုပ်သည် တရားရုံးများကို ကြီးကြပ်ကွပ်ကဲရာတွင်၊ ပြင်ဆင်မှုအာဏာကို ထိရောက်စွာ သုံးစွဲရန် လိုပါကြောင်း၊ တခါတရံ နစ်နာသော ပုဂ္ဂိုလ်က ပြင်ဆင်မှု ဖွင့်လှစ်တင်သွင်း၍၊ တခါတရံတွင် တရားရုံးချုပ်က အောက်ရုံး၏ အမှုတွဲများကို ခေါ်ယူစစ်ဆေးကာ မိမိအလိုအလျောက် ပြင်ဆင်မှု' ဖွင့်လှစ်ကြောင်း။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့်၊ တနိုင်ငံလုံးတွင် တရားစီရင်ရေးစံနစ်သည် ဖြောင့်မတ်မှန်ကန်၍ တညီတညွတ်တည်း ဖြစ်နိုင်ကြောင်း။ ထိုသို့ပြုလုပ်ခြင်းမရှိလျှင်၊ ပြည်သူတို့ နစ်နာဘွယ်တာဘက်တွင်ရှိသည့် အပြင်၊ တရားစီရင်ရေးသည် ဒေသအသီးသီး၌ အကဲကဲ့အလွဲလွဲ ဖြစ်နိုင်ကြောင်း။ ထို့ကြောင့် ဤပြင်ဆင်မှုကို တရားရုံးချုပ်က လက်ခံစစ်ဆေးထိုက်ပါသည်ဟု လျှောက်လဲသည်။

ရုံးတော်သဟာယအဖြစ် ကူညီလိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရရှေ့နေကြီး ဦးလှသင်းက အထူးအရေးကြီးသော ပြဿနာများ ပေါ်ပေါက်လျှင်၊ ဤကဲ့သို့သော ပြင်ဆင်မှုကို တရားရုံးချုပ်က လက်ခံနိုင်ပါသည်။ သို့ရာတွင် သာမန်အားဖြင့်ဆိုလျှင် အစိုးရကသာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၃ အရ၊ အရေးယူရန် ဖြစ်ပါသည်။ နစ်နာသူသည် အစိုးရထံ လျှောက်ထားလျှင်၊ အစိုးရက ပုဒ်မ ၄၁၇ အရ ဆောင်ရွက်ရန် သင့်မသင့်ကို စဉ်းစားဆုံးဖြတ်မည်ဖြစ်ပါသည်။ အချို့သောအမှုများ၌ နိုင်ငံတော် ရှေ့နေချုပ်ကပင် ထောက်ခံ၍ အစိုးရက အယူခံဝင်ပါသည်။ ထိုသို့မပြုလုပ်မှု၍ တိုက်ရိုက်တရားရုံးချုပ်သို့ နစ်နာသည်ဆိုသူတို့ လာရောက်ကြလျှင်၊ တရားသေလွတ်မိန့်များကို ပေါ့ပေါ့လွယ်လွယ်နှင့် စောဒကတက်ဘွယ်လည်းရှိပါသည်။ တရားရုံးချုပ်သို့ မရောက်သင့်သော ပြင်ဆင်မှုလျှောက်လွှာများ အမြောက်အများ ရောက်လာခြင်းဖြင့်၊ အခြားတာဝန်ဝတ္တရားများကို ဖိဖိစီးစီး ဆောင်ရွက်ရန် ခက်ခဲဘွယ်လည်းရှိပါသည်။

ဤအမှုသည် အမျှားပြည်သူနှင့် ပတ်သက်သော ပြဿနာမဟုတ်။ အမှုသည်များ အချင်းချင်း မခံချင်စိတ်ဖြင့် အချင်းဖြစ်နေခြင်းသာဖြစ်ရာ၊ တရားရုံးချုပ်က လက်ခံစဉ်းစားရန်သင့်သော အမှုဟုတ်မဟုတ်ကို လေးနက်စွာ ချင့်ချိန်ရန်လိုပါသည်ဟု လျှောက်လဲတင်ပြသည်။

တရားရုံးချုပ်၏ ပြင်ဆင်မှုအာဏာသည် အရေးကြီး၍ များစွာအသုံးဝင်သော အာဏာတရပ်ဖြစ်သည်။ ထိုအာဏာကို မှန်ကန်စွာသုံးစွဲခြင်းဖြင့်၊ ကျွန်ုပ်တို့သည် တနိုင်ငံလုံးတွင် တရားစီရင်ရေးကို ညှိနှိုင်းညွှန်ပြပေးနိုင်သည်။ တရားစီမံခန့်ရေးလမ်းကြောင်း တိမ်းစောင်းလျှင် ဖေးမပြင်ဆင်ပေးနိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုအာဏာကို အထိန်းအကွပ်မရှိ သုံးစွဲပြန်လျှင်လည်း၊ အယူခံဝင်သင့်သော အမှုများကို အဆင့်ဆင့် အယူခံမဝင်ကြဘဲ၊ ပြင်ဆင်မှုဖြင့် ဤရုံးသို့ လာရောက်လျှောက်ထားကြဘွယ်ရှိသည်။ ထိုသို့လျှောက်ထားကြလျှင်၊ တရားဥပဒေဖြင့် အယူခံဝင်ရန် သတ်မှတ်ထားသော ရုံးအဆင့်ဆင့်သည် အလဟဿ ဖြစ်ပေလိမ့်မည်။ ထိုရုံးများကို ခရိုင်ရုံးများက ပြန်လည်ကွပ်ကဲခြင်း၊ အမှားကိုပြုပြင်ပေးခြင်း၊ ပညာပေးခြင်း စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်ရန် ခဲယဉ်းပေလိမ့်မည်။

ထို့ကြောင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ အစိုးရက အယူခံဝင်ရန် သင့်လျော်သော၊ တရားသေလွတ်မိန့်ကို နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တဦးက လာရောက်လျှောက်ထားရုံမျှနှင့် တရားရုံးချုပ်က လွယ်လွယ်လက်ခံ၍ စဉ်းစားပေးရန် မဟုတ်ခေ။ အီဘရာဟင်နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၁) အမှုတွင်၊ ထိုသို့ပင် စီရင်ထုံးပြုထားသည်။ **ပြည်ထောင်စု မြန်မာနိုင်ငံ** နှင့် **မောင်အေး ပါ ၃** (၂) အမှုတွင်လည်း ထိုကဲ့သို့ပင် မှတ်ချက်ပြု၍ လိုအပ်သောအခါ၌၊ ပြင်ဆင်မှုကို အယူခံမှုအဖြစ် လက်ခံကြားနာခြင်း စသည်ကို ပြုနိုင်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင်၊ **မောင်အေး**တို့အမှုတွင်၊ တရားရုံးချုပ်သို့ ပြင်ဆင်မှုကို ထောက်ခံတင်သွင်းသူမှာ၊ ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်သည်။ ဤအမှုတွင်ကား နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တဦးကိုယ်တိုင်က၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ဖြစ်စေ၊ စက်ရှင်ရာဇဝတ်တရားသူကြီးရုံးသို့ ဖြစ်စေ၊ ပြင်ဆင်မှု လျှောက်ထားခြင်းမပြုခဲ့ဘဲ၊ တရားရုံးချုပ်သို့ တိုက်ရိုက်၊ ၎င်းရုံးများကို ကျော်လွန်၍ လာရောက်လျှောက်ထားခဲ့ခြင်းဖြစ်ပေသည်။

အချို့မနှောင်းဘဲ၊ ပြင်ဆင်သင့်သော အမိန့်တရပ်ကို ပြင်ဆင်ပေးရန်အတွက် နစ်နာသူ တဦးသည်၊ တရားရုံးချုပ်သို့ တိုက်ရိုက်လာရောက် လျှောက်ထားလျှင်၊ သင့်တော်မည်လားဟူသော ပြဿနာပေါ်သည်။ ရံဖန်ရံခါ နစ်နာသူများသည် ထိုသို့

(၁) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၂၃။
(၂) ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၅၇။

လာရောက် လျှောက်ထားကြသည်။ ပညာရှိ ရွှေနေကြီးများကလည်း ထိုသို့လျှောက်ထားခွင့် ပြုသင့်ကြောင်း အကြံဉာဏ်များ ပေးခဲ့ကြဘူးသည်။ သို့ရာတွင် နယ်မျှဉ်း ရာဇဝတ်တရားစီရင်ရေးကို၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ ခရိုင်စက်ရှင်တရားသူကြီးတို့က အုပ်ချုပ်ကွပ်ကဲကြရသည်။ ထိုသို့အုပ်ချုပ်ကွပ်ကဲသူများသည် လက်အောက်ရုံးများက တရားစီရင်ရာဘွဲ့ မှားယွင်းနေသည်များကို တွေ့မြင်လျှင်၊ ပြုပြင်ပညာပေးရန် လိုသည်။ အချို့အခက်အခဲရှိနေသော ပြဿနာများကို ညှိနှိုင်း၍ အစိုးရဌာနခွဲငြင်းခုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းပေးနိုင်သည်။ ပြင်ဆင်ရန်လိုသောအခါ၌ အမှုတွဲကို တရားရုံးချုပ်သို့ တင်ပို့ပေးကြရသည်။ ထိုအခါ တရားရုံးချုပ်နှင့်တကွ၊ ခရိုင်တင် အုပ်ချုပ်ကွပ်ကဲရသော ပုဂ္ဂိုလ်များသည်စုပေါင်း၍အမှားကို ပြင်ပေးခြင်း၊ အခက်အခဲရှိသော ပြဿနာများကို ဖြေရှင်းပေးခြင်းတို့ကို ပြုလုပ်နိုင်ကြသည်။ ထို့ကြောင့် ဥပဒေက ပြင်ဆင်မှု တင်သွင်းခြင်းနှင့် ပတ်သက်သော စည်းကမ်းများကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်သည် ရောက်ရှိလာသော ပြင်ဆင်မှုမျှားကို ဆောလျင်စွာ စစ်ဆေးကြားနာ၍ ဆုံးဖြတ်လျက်ရှိသည်။ မိမိအလိုအလျောက်လည်း လိုအပ်သလို ပြင်ဆင်မှုများ ဖွင့်လှစ်၍၊ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့စစ်ဆေးကြားနာရာတွင် နိုင်ငံတော် ရွှေနေချုပ်နှင့် ရွှေနေကြီးများ၏ အကူအညီဖြင့် ကြန့်ကြာမှုမျှားကို နည်းပါးနိုင်သမျှ နည်းပါးအောင် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဥပဒေက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြင်ဆင်မှုကို ဖွင့်လှစ်တင်သွင်းခြင်းသည် တရားစီရင်ရေး အုပ်ချုပ်ကွပ်ကဲမှုကို အထောက်အကူပြုစေသည်။

ပညာရှိ အစိုးရရွှေနေကြီး ဦးလှသင်း တင်ပြသည့်အတိုင်း၊ သာမန်အားဖြင့် ဆိုလျှင် အောက်ရုံးတရုံးက တရားသေလွှတ်ရန် ချမှတ်ထားသော အမိန့်တရပ်ကို အစိုးရကသာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ နှင့်အညီ အယူခံဝင်ရန်ဖြစ်သည်။ တရားရုံးချုပ်က နစ်နာသည်ဆိုသော ပုဂ္ဂိုလ်၏ တိုက်ရိုက်လာရောက် ပြင်ဆင်မှု ဖွင့်လှစ်ခြင်းကို လက်ခံရန်မဟုတ်ချေ။ လုံလောက်သော အကြောင်းကြောင့် အယူခံဝင်ရန် နှောင့်နှေးကြန့်ကြာခဲ့ရခြင်း စသည်တို့ရှိလျှင် နစ်နာသူက စည်းကမ်းနှင့်အညီ၊ ခရိုင်စက်ရှင်တရားရုံးသို့သော်၎င်း၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့သော်၎င်း သွားရောက်၍ ပြင်ဆင်မှုဖွင့်လှစ်ကာ ထိုရုံးက စစ်ဆေးကြားနာပြီးနောက်၊ ပြင်ဆင်ရန်လိုအပ်လျှင် ထောက်ခံချက်ဖြင့်၊ တရားရုံးချုပ်သို့ တင်ပို့ရန်ဖြစ်သည်။ အမျှားပြည်သူနှင့် ပတ်သက်သော အရေးကြီးသော ဥပဒေပြဿနာပေါ်ပေါက်လျှင်၊ သို့မဟုတ် တရားစီရင်ရေးလမ်းကြောင်း အထူးတိမ်းစောင်းခဲ့သည်ကို တွေ့ရှိရလျှင်၊ တရားရုံးချုပ်က အမိန့်ကို ပြင်ဆင်ပေးရန်ဖြစ်သည်။

အထက်ပါမူများနှင့် ဆန်းစစ်၍ကြည့်လျှင် သာမန်အားဖြင့်ဆိုလျှင် ပြင်ဆင်မှုကို လက်ခံကြားနာရန် မဟုတ်ချေ။ သို့ရာတွင် စွဲချက်သည် အရွယ်မရောက်သေးသော မိန်းကလေးတဦးအား လှည့်ဖြားခေါ်ယူပြီး ပေါင်းသင်းသည်ဟူ၍ဖြစ်သဖြင့်၊ အမှုသည်များသာမက ယေဘုယ်သူ အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဆက်စပ်နေသောကိစ္စဖြစ်သည်ဟူ၍ ကျွန်ုပ်တို့ ကျယ်ပြန့်စွာ စဉ်းစား၍ ကောက်ယူကြသည်။ ထို့ကြောင့် ပြင်ဆင်မှုကို လက်ခံကြားနာရန် အမှုစစ်ရုံးသည် တရားဝင်လက်ခံသင့်ပါလျက်၊ အရေးကြီးသော သက်သေခံ အထောက်အထားများကို လက်ခံရန် ငြင်းပယ်ခဲ့သလော၊ သို့မဟုတ် လက်ခံသော်လည်း သေချာစွာ ချိန်ဆသုံးသပ်ခြင်းပြုရန် ပျက်ကွက်ခဲ့သလောဟူ၍ စစ်ဆေးကြည့်ရှုကြသည်။ ထိုအချက်နှင့်ပတ်သက်၍၊ ပညာရှိ အစိုးရ ရှေ့နေကြီး ဦးလှသင်းက လက်ခံသင့်သော သက်သေခံချက်ကို ငြင်းပယ်ခဲ့ခြင်းလည်းမရှိ၊ လက်ခံပြီးသော သက်သေခံချက်ကို လေးနက်စွာ ချိန်ဆရန် ပျက်ကွက်ခဲ့ခြင်းလည်းမရှိ၊ တချက်စီကောင်းစွာ စဉ်းစား၍ အဆုံးအဖြတ်ကို ပေးခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အမှုစစ်တရားသူကြီး၏ ဆုံးဖြတ်ချက်ကို စွက်ဖက်ပြင်ဆင်ရန် အကြောင်းမရှိပါဟု လျှောက်လဲတင်ပြသည်။ ပညာရှိရှေ့နေကြီး ဦးမြစိန်ကမူ၊ ဆရာဝန်၏ ထင်မြင်ချက်နှင့် မိန်းကလေး၏ဇာတာ၊ အိမ်ထောင်စုသားစာရင်း စသော ခိုင်လုံသော အထောက်အထားများ ရှိနေသည်ကို လက်မခံဘဲ၊ တရားသူကြီးက မိန်းကလေးသည် ၁၆ နှစ်ရှိနိုင်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် အထောက်အထားနှင့် ဆန့်ကျင်နေပါသည်။ ထို့ကြောင့် ပြင်ဆင်ပေးသင့်သည့်အမှု ဖြစ်ပါသည်ဟု လျှောက်လဲသည်။

ပညာရှိ အမှုစစ် တရားသူကြီးသည်၊ အသက်နှင့် ပတ်သက်သော အထောက်အထားများကို တခုစီ သုံးသပ်ချိန်ဆခဲ့ပြီး၊ ဇာတာနှင့် ပတ်သက်၍ ဇာတာတွင် အမည်မှာ မသန်းသန်းအေး ဖြစ်နေခြင်း၊ ထိုဇာတာသည် မသီး၏ဇာတာပင်ဖြစ်သည်ဟု ထွက်ဆိုသော်လည်း ဇာတာပြုလုပ်ပေးသူ သက်သေခံချက်မရှိခြင်း၊ အမြင်အားဖြင့်ဆိုလျှင် ဇာတာသည် များစွာသစ်လွင်နေခြင်း စသည်တို့ကို ထောက်ရှု၍၊ ဇာတာကို ယုံကြည်လက်ခံခြင်း မပြုခဲ့ခြင်းပင်ဖြစ်သည်။ ထို့အတူ အိမ်ထောင်စုသားစာရင်းကိုလည်း၊ တရားသူကြီးက ကောင်းစွာသုံးသပ်၍၊ ထိုစာရင်းမှန်လျှင် ဇာတာပါ မွေးသက္ကရာဇ်မှာ မမှန်နိုင်။ တခုနှင့်တခု ကွဲလွဲနေသည်။ ထို့ပြင် တရားလိုဘက်မှ၊ မသီး၏ အိမ်ထောင်စုစာရင်းဖြစ်ကြောင်း အခိုင်အလုံ သက်သေထူခြင်းမရှိ။ ထို့ကြောင့် လက်ခံယုံကြည်ရန် မသင့်ဟူ၍ ဝေဘန်ဆုံးဖြတ်ခဲ့သည်။ အလားတူပင် ဆရာဝန်က မသီး၏ အသက်သည် ၁၅ နှစ်ခွဲနှင့် ၁၆ နှစ်အကြားတွင် ဖြစ်သည်ဟုဆိုသော်လည်း၊ ပြန်လှန်မေးခွန်းထုတ်ရာတွင် ၁၅ နှစ်ခွဲသော်၎င်း၊ ၁၆ နှစ်သော်၎င်း ဖြစ်နိုင်သည်ဟု ထင်မြင်ကြောင်း ဖြေဆိုသည်ကို တရားသူကြီးက သတိပြုခဲ့လေသည်။ ထို့ကြောင့်

ဘုရား

ဦးဘမောင်နှင့် ၁။ မောင်စိန်ရှု ၂။ မတင်လှ

မသီး၏ အသက်နှင့် ပတ်သက်၍ ၁၆ နှစ်အောက်သာ ဖြစ်သည်ဟူ၍ တရားလို ဘက်မှ ခိုင်ခိုင်လုံလုံ သက်သေမထူနိုင်။ ၁၆ နှစ်လည်း ဖြစ်နိုင်သည်ဟူ၍၊ ပညာရှိ တရားသူကြီးက ဆုံးဖြတ်ခြင်းဖြစ်သည်။ တင်သွင်းထားသော သက်သေခံချက်များကို လုံးဝလျစ်လျူရှု၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု မဆိုသာချေ။

မသီးက သဘောတူ လိုက်ပါသွားခြင်းဖြစ်သည်။ ၎င်းအား သွေးဆောင်ခေါ်ယူ ခြင်းမဟုတ်ဟု အမှုစစ်ရုံးက ဆုံးဖြတ်ထားခြင်းနှင့် ပတ်သက်၍၊ ကျွန်ုပ်တို့ ရှေ့မှောက်၌ လျှောက်ထားသူများဘက်က စောဒကတက်ခြင်း မပြုပေ။

အထက်ပါ အကြောင်းတို့ကြောင့်၊ အမှုစစ်ရုံး၏ အမိန့်ကို စွက်ဖက်ပြင်ဆင်ရန် အကြောင်းမရှိ၊ ပြင်ဆင်မှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားဝဲကြီး ဦးချစ် ရွှေတင်

ဦးမြဘူး ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဒေါ်သန်းကြည် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဇူလိုင်လ ၁၅ ရက်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆/၅၆၁ (က) တို့အရပြင်ဆင်မှုလျှောက်ထားခြင်း—ရာဇဝတ်ဥ ကြောင်းအရ အရေးယူရန် လျှောက်ထားခြင်း—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၀၃ အရဦးထိုက်လျှောက်လွှာကို ပယ်လိုက်ခြင်း—တဖန်ရာဇသတ်ကြီး ပုဒ်မ ၃၀၀ အရ အရေးယူရန်လျှောက်ထားခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၄ အရသမ္မာန်ထုတ်ဆင့်ခြင်း—စစ်ဆေးနေဆဲအမှုတွဲကို လွှဲပြောင်းကူးနှုတ်ပေးနိုင်မနိုင်—မည်သည့်ရာဇဝတ်မှုကိုမျှဖေါ်မပြနိုင်ခြင်း—မတရားသက်သက် စိတ်အနှောင့်အရှက် ပေးရာကျခြင်း— ဝင်ရောက်စွက်ဖက်ရခြင်း။

ဆုံးဖြတ်ချက်။ ။ကျွန်ုပ်ရုံးသည် စစ်ဆေးနေဆဲဖြစ်သော အမှုတွဲတခုကို လွှဲပြောင်းကူးနှုတ်ပေးသော ရုံးမဟုတ်ပေ။ အထူးအကြောင်းရှိမှသာလျှင် ပယ်ဖျက်ပေးနိုင်သည်။ ထိုအထူးအကြောင်းမှာ အဓိကအချက်ဖြစ်သည်။ တရားခံအား မည်သည့် ရာဇဝတ်မှုကိုမျှ တရားလိုက ဖေါ်မပြနိုင်ဘဲလျက် တရားခံအပေါ် ရုံးကဆက်လက်အရေးယူခြင်းသည် တရားလိုကတရားခံအပေါ် မတရားသက်သက် စိတ်အနှောင့်အရှက် ပေးနေရာကျကြောင်း ဖြစ်ပေသည်။

အမှုမှာ မပြီးပြတ်သေးပေ။ သို့သော် မပြီးပြက်သေးဘဲ စစ်ဆေးနေဆဲ အမှုကိုပယ်ဖျက်ခြင်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်သော်လည်း အမှုတွင်တွေ့ရှိရသော အကြောင်းအချက်များကြောင့် ဝင်ရောက်စွက်ဖက်ခြင်း မနေသာသဖြင့် ဝင်ရောက်စွက်ဖက်ရပေမည်။

ခန်းဘဟာသူးဟာဂျီဂူလန်ရွာစောနှင့် အစိုးရ၊ ၁၉၄၁ ခုနှစ်၊ ရန်ကုန် စီရင်ထုံး၊ စ၁၅၉၉(၆၀၁)။
မောင်ဘရဲ့ နှင့် မလှခင်၊ အေးအိုင်းအာ(ရ်)၊ ၁၉၃၃၊ ရန်ကုန်စာ ၂၉၇(၂၉၈)။
ဦးဝကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၆၅၂။
ဦးကျော်ထူး နှင့် ဦးအာလီ၊ ၁၉၆၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးစာ ၆၄၁ ရန်ညွှန်းသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၁(ခ)။

† ပုသိမ်မြို့၊ မြို့မရာဇဝတ်တရားသူကြီးရုံးရာကြီးမှ ၄၆/၆၆ တွင်၊ ၁၉၆၆ ခုနှစ်၊မေလ ၂ ရက်နေ့စွဲဖြင့် ယခုလျှောက်ထားသူ နှစ်ဦးအပေါ် ဆက်လက် အရေးယူရန် အကြောင်းလုံလောက်သည်ကို တွေ့ရှိရသည်ဟု အမိန့်ချမှတ်၍၊ ၎င်းအမှုတွဲကိုပယ်ဖျက်ပေးပါရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၆၆

ဦးမြဘူးပါ ၂ နှင့် ဒေါ်သန်းကြည်၊

ပြင်ဆင်ရန်လျှောက်ထားသူအတွက် ။ ။ မစွတာအင်းစီးဆင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက် ။ ။

ရုံးတော်သဟာယအတွက် ။ ။ အစိုးရရှေ့နေကြီးဒေါ်မြသန်းန။

တရားသူကြီးဦးချစ် ။ ။လျှောက်ထားခံရသူ (တရားလို) ဒေါ်သန်းကြည်က လျှောက်ထားသူ (တရားခံများ) ဦးမြဘူးနှင့် ဘော်ဂနော်တို့အပေါ် ၎င်းလက်ဝယ်ရှိ စားပွဲနှစ်လုံးကို တရားခံများက ၎င်းသဘောမတူဘဲ ယူသွားခြင်းကြောင့်၊ ရုံးတော်မှ အဆုံးအဖြတ်ပေးပါရန် ပုသိမ်မြို့ အသည်ကြီးရဲဌာနတွင် တိုင်တန်းရာ ရဲဌာနက နောက်ဆက်တွဲ (က) နှင့် (ခ) တို့အရ၊ ဒေါ်သန်းကြည်အား ပုသိမ်မြို့ခရိုင် ရာဇဝတ်တရားသူကြီးထံသို့ လျှောက်ထားစေရာ ခရိုင်ရာဇဝတ်တရားသူကြီးက ထိုအမှုကို လက်ခံစစ်ဆေးရန် ပုသိမ်မြို့ (၅) ရာဘတ် ရာဇဝတ်တရားသူကြီးရုံးသို့ ပို့လိုက်လေသည်။ ထိုရုံးမှ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၅၉၁ ဖြင့် လက်ခံ၍ တရားလို ဒေါ်သန်းကြည်အား ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရ စစ်ဆေးလေသည်။ ယင်းသို့ စစ်ဆေးပြီးနောက်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၂ အရ ရဲစစ်ဆေးရေးနှင့် အစီရင်ခံစာတို့ကို တောင်းယူရာ ရရှိသောအခါ၌ တရားခံဦးမြဘူးနှင့် ဘော်ဂနော်တို့အပေါ် မည်သည့်ရာဇဝတ်မှုနှင့်မျှ အရေးယူရန်မရှိဟု ယူဆကာ ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၃ အရ ဒေါ်သန်းကြည်၏ ဦးတိုက်လျှောက်လွှာကို ပယ်လိုက်သည်။

တစ်ဖန် ထိုအမှုနှင့် ပတ်သက်၍ ဒေါ်သန်းကြည်ကပင် ၁၉၆၆ ခုနှစ်၊ မေလ ၉ ရက်နေ့၌ ဦးမြဘူးနှင့် ဘော်ဂနော်တို့အပေါ် မိမိအိမ်မှ စားပွဲနှစ်လုံးကို မိမိမသိရှိရာဘဲ ယူသွားခြင်းကြောင့် ရာဇသတ်ကြီးပုဒ်မ ၃၇၀ အရ အရေးယူပါရန် ပုသိမ်မြို့ ခရိုင်ရာဇဝတ်တရားသူကြီးရုံး၌ တင်ပြလေသည်။ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးက ထိုအမှုကို လက်ခံစစ်ဆေးရန် ပုသိမ်မြို့ မြို့မရာဇဝတ်တရားသူကြီးရုံးသို့ ပို့လိုက်သည်။ မြို့မရာဇဝတ်တရားသူကြီးက ၎င်း၏ရုံး ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၄၉ ဖြင့် လက်ခံသည်။ ယင်းသို့လက်ခံပြီး ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရ တရားလိုအား ကတိသစ္စာပြု၍ စစ်ဆေးသည်။ ထိုသို့စစ်ဆေးပြီးနောက် ဦးမြဘူးနှင့် ဘော်ဂနော်တို့အပေါ် ဆက်လက်အရေးယူရန် အကြောင်းလုံလောက်သည်ကို တွေ့ရှိရသည်ဟု ယူဆကာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၄ အရ ဦးမြဘူးနှင့် ဘော်ဂနော်တို့အား သမ္မာန်ထုတ်ဆင့်သည်။ ဦးမြဘူးပါ ၂ တို့ ရုံးသို့ ရောက်ရှိသောအခါ အမှုအတောအတွင်း အလွတ်ထုချေနိုင်ရန် ကိုယ်တိုင်ခံဝန်ချုပ်ဆိုစေသည်။

ဤကဲ့သို့ ဒုတိယအကြိမ် ဦးမြဘူးပါ ၂ ဦးတို့အပေါ် အရေးယူ၍ စွဲဆိုသော အမှုကို မကျေနပ်သဖြင့် ဦးမြဘူးပါ ၂ ဦးတို့က ဤရုံးသို့ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆/၅၆၁ (က) တို့အရ ပြင်ဆင်မှုလျှောက်လွှာ တင်သွင်းလေသည်။

အမှုအဖြစ်အပျက်အတိုချုပ်မှာ တရားလို ဒေါ်သန်းကြည်နှင့် ၎င်း၏ ဖခင် ဦးတုတ်ကြီးတို့မှာ နေစရာမရှိသဖြင့် ဦးမြဘူးက ၎င်း၏အိမ်တွင် အိမ်ဆောက်လုပ်နေခွင့်ပြုခဲ့သည်။ ဦးမြဘူးပိုင် အချင်းဖြစ် စားပွဲနှစ်လုံးကို ၎င်းတို့အား အသုံးပြုရန် ပေးထားခြင်း ဖြစ်သည်။ ဦးမြဘူး အလိုရှိသောအချိန်တွင် ပြန်ယူမည်ဟုလည်း အဆိုရှိခဲ့သည်။ ဦးတုတ်ကြီး ကွယ်လွန်အနီစွ ရောက်သွားပြီးနောက် ထိုစားပွဲနှစ်လုံးသည် ဒေါ်သန်းကြည်အိမ်၌ပင် ရှိလေသည်။ ဦးမြဘူးက ပြန်၍မယူသေးပေ။ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဦးမြဘူးသည် ၎င်း၏ခြံစောင့် ဘော်ဂနော်ကိုခေါ်၍ ရာအိမ်မှူး ဦးအေးမောင်အိမ်သို့သွားပြီး ၎င်းက ဒေါ်သန်းကြည်ထံတွင် ပေးထားသော မိမိစားပွဲနှစ်လုံးကို ပြန်ယူလိုကြောင်း ပြောလေသည်။ ဤတွင် ဦးမြဘူး၊ ဘော်ဂနော်နှင့် ဦးအေးမောင်တို့သည် ဒေါ်သန်းကြည်အိမ်သို့ သွားရာ ဒေါ်သန်းကြည်အား မတွေ့ရပေ။ ၎င်း၏သား မောင်စိန်ဘက္ကိုသာ တွေ့ရှိ၍ အကျိုးအကြောင်းပြောရာ စားပွဲငယ်တစ်လုံးကို ပေးလိုက်ပြီး စားပွဲအကြီးမှာ လေးလံသဖြင့် ဦးမြဘူးအား ဆိပ်ကမ်းကူလီ အလုပ်သမားနှစ်ယောက်ကို ခေါ်ယူပြီး ထိုစားပွဲကို သယ်ယူသွားလေသည်။ ဒေါ်သန်းကြည်အိမ်သို့ ပြန်ရောက်သောအခါ သားဖြစ်သူ မောင်စိန်ဘက ဦးမြဘူး စားပွဲနှစ်လုံးသယ်ယူသွားသည်ကို ပြောပြရာ၌ ဒေါ်သန်းကြည်မှာ မခံမရပ်နိုင်ဖြစ်ပြီး အသည်းကြီး ရဲဌာနတွင် သွားရောက်တိုင်ကြားခဲ့ရာ ရဲဌာနက နောက်ဆက်တွဲ (က) နှင့် (ခ) တို့အရ ပုသိမ်မြို့ ခရိုင်ရှာဇဝတ်တရားသူကြီးထံတွင် ဦးတိုက်လျှောက်ထားရန် ညွှန်ကြားသည့်အတိုင်း ဦးတိုက် လျှောက်ထားခဲ့လေသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း (၅) ရာဘက်ရာဇဝတ်တရားသူကြီးက ဦးမြဘူးသည် မိမိပိုင်စားပွဲကို ဒေါ်သန်းကြည်အား ပေးထားရာမှ ပြန်ဖျက်ခြင်းခံရခြင်း မည်သည့်ရာဇဝတ်မှုမျှ မမြောက်ဟု ယူဆ၍ ဒေါ်သန်းကြည်၏ ဦးတိုက်လျှောက်လွှာကို ပယ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ဒေါ်သန်းကြည်သည် မကျေနပ်သောကြောင့် နောက်ထပ်တစ်ဖန် ဦးမြဘူး ပါ ၂ ဦးတို့ အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၉ အရ အရေးယူပါရန် တရားစွဲဆိုရာ၌ မြို့မရာဇဝတ်တရားသူကြီးက လက်ခံပြီး ဦးမြဘူးပါ ၂ ဦးတို့အပေါ် ဆက်လက်အရေးယူရန် သမ္မာန်စာ ထုတ်ဆင့်ခြင်း ဖြစ်သည်။

လျှောက်ထားသူများ၏ ပညာရှိရှေ့နေကြီး မစ္စတာအင်(နှ)၊ စီ၊ ခွင်းက ဦးမြဘူးသည် မိမိပိုင်စားပွဲနှစ်လုံးကို ဒေါ်သန်းကြည် ၏အဖေ ဦးတုတ်ကြီးထံတွင် အသုံးပြုရန် ပေးထားရာမှ မိမိအလိုရှိသောအခါ ပြန်လည်၍ ယူခြင်းမှာ ယုတ်ခွင့်ရှိသမျှ မည်သည့်ပြစ်မှုမျှ မမြောက်ပါ။ ထို့ကြောင့်ပင်လျှင် (၅) ရာဘက် ရာဇဝတ် တရားသူကြီးက ဒေါ်သန်းကြည်၏ ဦးတိုက် လျှောက်လွှာကို ပယ်လိုက်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဒေါ်သန်းကြည်က မကျေနပ် သဖြင့် နောက်ထပ် ဦးတိုက် လျှောက်လွှာတွင် ပဌမ

၁၉၆၆

ဦးမြဘူးပါ ၂ နှင့် ဒေါ်သန်းကြည်။

ဦးတိုက်လျှောက်လွှာတွင်ပါသော အကြောင်းအရာမျှားထက် ပိုမိုရှင်ခွဲထွင်ပြီး၊ ဦးမြဘူး ပါ ၂ ဦးအပေါ် စွပ်စွဲထားသော အချက်အလက်မျှားကို ထည့်သွင်းထားကြောင်း တွေ့ရှိရသည်။ အမှုသဘော၏အမှန်မှာ ဦးမြဘူးသည် မိမိပိုင်သော စားပွဲနှစ်လုံးကို၊ မိမိအလိုရှိသဖြင့် ပြန်ယူရုံဥမည်သူ့ကိုမျှ ဆုံးရှုံးနစ်နာစေရန်မရှိသဖြင့် မရိုးသားသော စိတ်သဘောရှိသည်ဟုမဆိုနိုင်ပေ။ ဒေါ်သန်းကြည်သည် ဦးမြဘူးအပေါ် တမင်သက်သက်အမှုစွဲခြင်းအားဖြင့် ဦးမြဘူး၏ စိတ်နှလုံးကို အနှောင့်အရှက်ပေးနေသည် ဖြစ်သောကြောင့် မြို့မ ရာဇဝတ်တရားသူကြီးသည် ၎င်း၏ ဦးတိုက်လျှောက်လွှာကို လက်မခံသင့်ပါ၊ ယခုထိုလျှောက်လွှာကိုလက်ခံ၍၊ ဦးမြဘူး ပါ ၂ ဦးအပေါ် ဆက်လက်အရေးယူခြင်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေပါသဖြင့်၊ ထိုမြို့မ ရာဇဝတ်တရားသူကြီးရွှေတွင် ရောက်ရှိနေသော ဤအမှုတွင် ပယ်သင့်ပါသည်ဟု တင်ပြပြီး စီရင်ထုံးအမျှားအပြားကိုတင်ပြသွားသည်။

ဤအမှုတွင် အမှုဖြစ်ပွါးရာ၌ ပုဂ္ဂလိကအချင်းချင်းဖြစ်သော်ငြားလည်း၊ ဥပဒေအချက်အလက်မျှားနှင့်ပတ်သက်၍ အရေးကြီးသဖြင့်၊ ရုံးမှ နိုင်ငံတော်ရှေနေချုပ်ထံတွင် အကူအညီပေးပါရန် ရုံးသဟာယတောင်းဆိုရာ၌၊ ပညာရှိ အစိုးရရှေနေကြီး ဦးနှစ်က ရုံးသဟာယအနေနှင့် လာရောက်၍အကူအညီပေးလေသည်။ ပညာရှိ အစိုးရရှေနေကြီးက၊ အမှုတွဲမျှားကို စေ့စေ့စပ်စပ် ဝေဖန်သုံးသပ်ရာ၌ ဒုတိယအမှုဖြစ်သော ပုသိမ်မြို့၊ မြို့မ ရာဇဝတ်တရားသူကြီးရုံးရှိအမှုမှာ၊ ဒေါ်သန်းကြည်နှင့် ဦးမြဘူး ပါ ၂ ဦးတို့အပေါ် အမှုမရှိဘဲလျက် ဦးမြဘူး၏ စိတ်နှလုံးကို အနှောင့်အရှက်ပေးသည့် အနေဖြင့်စွဲဆိုသည့်အမှုဖြစ်ကြောင်းမှာ ပေါ်လွင်ပါသဖြင့်၊ တဘက်မှ ပညာရှိရှေနေကြီး တင်ပြသည့်အတိုင်း လက်ခံ၍ ယင်းအမှုတွဲကို ပယ်ဖျက်ပေးသင့်ပါကြောင်း ရိုးသားစွာ ဝန်ခံသွားသည်။

ဤရုံးသည် စစ်ဆေးနေဆဲဖြစ်သော အမှုတွဲတခုကို လွှယ်လွှယ်ကူကူနှင့် ဖျက်ပေးသောရုံးမဟုတ်ပေ။ အထူးအကြောင်းရှိမှသာလျှင်၊ ပယ်ဖျက်ပေးနိုင်သည်။ ထိုအထူးအကြောင်းမှာ အဓိကအချက်ဖြစ်သည်။ တရားခံအား မည်သည့်ရာဇဝတ်မှုကိုမျှ တရားလိုကဖော်မပြနိုင်ဘဲလျက် တရားခံအပေါ် ရုံးက ဆက်လက်အရေးယူခြင်းသည် တရားလိုက တရားခံအပေါ် မတရားသက်သက် စိတ်အနှောင့်အရှက် ပေးနေရာကျကြောင်း ဖြစ်ပေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ အသေးစိတ်ဝေဖန် သုံးသပ်ပြီး အဆုံးအဖြတ်ပေးထားသော **ခန်းဘဟာဒူးဟာဂျီဂူလန်ရွာစာဇီ** နှင့် **အစိုးရ** (၁) အမှု။

(၁) ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး. စာ ၅၉၉ (၆၀၁)။

မောင်ဘချို နှင့် မလှခင် (၂) အမှု၊ ဦးဝကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၃) အမှုတို့ကိုကြည့်ပါ။

အထက်တွင်ဖော်ပြသော စီရင်ထုံးများနှင့် ပာခုဖြစ်ပျက်နေသော အမှုကိုညှိ၍ ကြည့်လျှင်ရာတွေ့ရှိရသည်မှာ၊ ဒေါ်သန်းကြည်သည် ဦးမြဘူး ပါ ၂ ဦးတို့အပေါ် မည်သည့်ရာဇဝတ်မှုဖြစ်ထိုက်သော ပြစ်မှုကိုမျှမတွေ့ရှိရဘဲနှင့် ၎င်းတို့စိတ်အနှောင့်အရှက်ဖြစ်စေရန် ၎င်းတို့အပေါ် တရားစွဲဆိုသည်ဟု ယူဆသည်။ ဤအမှုအဖြစ်အပျက်နှင့် **ဦးကျော်ထူး** နှင့် **ဦးအာလီ** (၄) အမှုနှင့် ဆင်တူနေသည်ကို တွေ့ရှိရသည်။ ထိုအမှုတွင်ဦးအာလီက ရွေ့နေကြီး ဦးကျော်ထူးအပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ အရေးယူပါရန် တရားစွဲဆိုသော အမှုဖြစ်သည်။ ထိုအမှု၌ တရားသူကြီးဟောင်း ဦးစောဘသိန်းက ကြေကြေလည်လည် ချင့်ချိန်ဖေန် သုံးသပ်တားပြီး၊ ဦးကျော်ထူးသည် ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ ပြစ်မှုကို သံသယကင်းရှင်းစွာဖြင့် ကျူးလွန်သည်ဟုမဆိုသာပေဟူ၍ဖြစ်သည်။ ဤအမှုတွင်လည်း ဦးမြဘူးပါ ၂ ဦးတို့သည် ဒေါ်သန်းကြည်ပြောဆိုသားသည့်အတိုင်း၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၀ အရ ပြစ်မှုကျူးလွန်ခြင်းကို သံသယကင်းရှင်းစွာဖြင့် ယူဆရန်မဖြစ်နိုင်ပေ။

ဤအမှုမှာ မပြီးပြတ်သေးပေ။ သို့သော် မပြီးပြတ်သေးဘဲ၊ စစ်ဆေးနေဆဲ အမှုကိုပယ်ဖျက်ခြင်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်သော်လည်း၊ ဤအမှုတွင် အထက်ဖော်ပြပါ အကြောင်းများကြောင့် ဝင်ရောက်စွက်ဖက်ခြင်း မနေသာသဖြင့် ဝင်ရောက်စွက်ဖက်ရပေမည်။ မြို့မ ရာဇဝတ်တရားသူကြီးရုံးတွင် တင်ပြထားသော၊ ဒေါ်သန်းကြည်၏ ဦးတိုက်လျှောက်လွှာမှာ၊ (၅) ရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင် တင်ထားသောလျှောက်လွှာနှင့် မတူပေ။ အလွန်ချွတ်ထွင်၍ ဦးမြဘူး ပါ ၂ ဦးအပေါ် အပြစ်မရ ရအောင်ပြုလုပ်သော အကြံအစည်ဖြင့် ပုံကြီးချဲထားခြင်းပင် ဖြစ်သည်ဟု ယူဆသည်။

သို့ဖြစ်သောကြောင့်၊ ပုသိမ်မြို့၊ မြို့မရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမူအမှတ် ၄၆ တွင် လျှောက်ထားခံရသူ ဒေါ်သန်းကြည်က လျှောက်ထားသူများဖြစ်ကြသော ဦးမြဘူးနှင့် ဘော်ဂနော်တို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၀ အရ စွဲဆိုသောအမှုကို ပယ်ဖျက်ရန်အမိန့်ချမှတ်လိုက်သည်။

---

(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၃၊ ရန်ကုန်၊ စာ ၂၉၇ (၂၉၈)။
(၃) ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ စာ ၆၅၂။
(၄) ၁၉၆၃၊ မြန်မာပြည်စီရင်ထုံး၊ စာ ၆၄၁။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးဦးချစ်ရှေ့တွင်

+ ၁၉၆၆ ဦးရွှေ (ပြင်ဆင်ရန်လျှောက်ထားသူ)

ခြုံကုတ်လ ၁၉ရက်၊

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ(ဒေါ်အေးခင်) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရမှုပြစ်ထင်ရှားစီရင်ခြင်း---အိမ်ကို ကောင်းအောင်ပြုပြင်မွမ်းမံပေးခြင်း မှုသာဖြစ်ခြင်း---ရာဇသတ်ကြီး ပုဒ်မ ၄၂၅ အရ အကျိုးဖျက်ဆီးမှု၏ အဓိပ္ပာယ်နှင့်အကျုံး မဝင်---ပြစ်မှုမမြောက်။

ဆုံးဖြတ်ချက်။ ။ အမှုသွားအမှုလာကို ကြည့်ရှုဝေဖန်သုံးသပ်သည့်အခါ လျှောက်ထားသူ သည် မိမိငှားရမ်းနေထိုင်သည့် အိမ်ကိုဖျက်ဆီးခြင်းမဟုတ်၊ ကောင်းအောင်ပြုပြင် မွမ်းမံပေး ခြင်းမှုသာဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၂၅ အရ အကျိုးဖျက်ဆီးမှု၏ အဓိပ္ပာယ်နှင့် အကျုံး မဝင်သောကြောင့် ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ ပြစ်မှုမမြောက်နိုင်ပေ။

ပြင်ဆင်ရန်လျှောက်ထားသူ။ ။ မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ ဦးထွန်းအောင် (၃)၊ ဦးတိုးမောင်

အစိုးရရှေ့နေကြီး။

တရားသူကြီးဦးချစ်။ ။ လျှောက်ထားသူ ဦးရွှေနှင့် ၎င်း၏ ဇနီး ဒေါ်တင်တင်တို့သည် ဒေါ်အေးခင်ပိုင်အိမ်တွင် ငှားရမ်းနေထိုင်ကြသည်မှာ အငြင်းမထွက်ပေ။ ဦးရွှေသည် ဓာတ်ပုံ ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူဖြစ်သည်။ ၎င်းလုပ်ငန်းနှင့် သင့်တော်ရန် မိမိငှားရမ်းထားသည့် အိမ်ကို ပြုပြင်ရန်လိုအပ်သဖြင့် အိမ်ရှင် ဒေါ်အေးခင်ထံမှ ခွင့်ပြုချက်ရယူခဲ့သည်ဟု အဆိုရှိ သည်။ ဒေါ်အေးခင်သည် ပြုပြင်ခအခကြေးငွေကို အကုန်မခံနိုင်သဖြင့် ဦးရွှေကပင် အကုန် အကျခံ၍ ပြင်ဆင်ခဲ့လေသည်။ ယင်းသို့

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၆ (ခ)။

+ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၆ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့စွဲပါ၊ မင်းဘူးမြို့ မြို့မရာဇဝတ်တရားသူကြီး (ပထမတန်းအာဏာ)၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

ပြင်ဆင်ရာ၌ အိမ်ရှင် ဒေါ်အေးခင်က ကန့်ကွက်ပိတ်ပင် တားမြစ်မှု မပြုလုပ်ပေ။ ထိုကဲ့သို့ပြုလုပ်ပြီးမှ ၂ နှစ်အကြာတွင် ဒေါ်အေးခင်က၊ ဦးရွှေနှင့် ၎င်း၏ဇနီး ဒေါ်တင်တင်တို့ကို၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ၊ မိမိအိမ်ကို အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုလေသည်။

မူလရုံးတရားသူကြီးက၊ ဒေါ်တင်တင်ကို တရားရှင်လွှတ်၍၊ ဦးရွှေအပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ၊ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့်၊ ဒဏ်ငွေ ၂၅၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် ၄ လကျခံစေ၊ ပေးဆောင်သော ဒဏ်ငွေကို ဒေါ်အေးခင်အား လျော်ကြေး အဖြစ်ဖြင့် ပေးစေ၊ ကု အမိန့်ချမှတ်လေသည်။ ထိုအမိန့်ကို လျှောက်ထားသူ ဦးရွှေက မကျေနပ်သဖြင့်၊ မင်းဘူးမြို့၊ ရာဘက်စက်ရှင် တရားသူကြီးရုံးတွင် အယူခံဝင်ခဲ့သည်။ ပညာရှိ ရာဘက်စက်ရှင် တရားသူကြီးက၊ ဦးရွှေ၏ ပြုမူချက်သည် အိမ်ရှင် ဒေါ်အေးခင်၏ ခွင့်ပြုချက်အရ၊ ပြုလုပ်ခြင်းဖြစ်ပေသည်။ ဒေါ်အေးခင်၏အိမ်မှာ ဟောင်းနွမ်းပျက်စီး ချိုယွင်းနေသဖြင့်၊ ဦးရွှေသည် ခါတိုပုံဆိုင် လုပ်ငန်းနှင့် လျော်ညီအောင် ပြုပြင်ရန် အကြောင်းရှိသဖြင့်၊ ဒေါ်အေးခင်ထံမှ ခွင့်ပန်၍ ပြုလုပ်ခြင်းဖြစ်သည်။ ဒေါ်အေးခင်က ပြုပြင်ခငွေကို အကုန်မခံနိုင်သဖြင့်၊ ဦးရွှေကပင် ၎င်း၏ငွေနှင့် ပြုပြင်ခဲ့သည်။ ဒေါ်အေးခင်သည် ဦးရွှေ၏ ပြုမူချက်ကို မကျေနပ်လျှင်၊ ချက်ခြင်းလိုပင် အငြေးယူ၍ ပိတ်ပင်တားမြစ် ကန့်ကွက်ရန် ရှိသော်လည်း၊ ယင်းသို့ မပြုလုပ်ခဲ့ဘဲ၊ ၂ နှစ်ကျော် ကာလရောက်မှသာလျှင်၊ ဦးရွှေနှင့် ၎င်း၏ဇနီး ဒေါ်တင်တင်တို့ကို၊ မိမိအိမ်ကို အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုခြင်း ဖြစ်သည်။

အမှုအသွားအလာကို ကြည့်ရှုဝေဖန်သုံးသပ်သည့်အခါ၊ ဦးရွှေသည် ဒေါ်အေးခင်၏အိမ်ကို ဖျက်ဆီးခြင်းမဟုတ်၊ ကောင်းအောင် ပြုပြင်မွမ်းမံ ပေးခြင်းမျှသာ ဖြစ်သဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ၊ အကျိုးဖျက်ဆီးမှု၏ အဓိပ္ပါယ်နှင့် အကျုံးမဝင်သောကြောင့်၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၇ အရ၊ ပြစ်မှုမမြောက်နိုင်ပေ။ ထို့ကြောင့်၊ မူလရုံးက ဦးရွှေအပေါ် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်ပေးပါရန်၊ ဤရုံးသို့ ထောက်ခံ တင်ဆက်ခြင်း ဖြစ်လေသည်။

လျှောက်ထားခံရသူ ဒေါ်အေးခင်၏ ပညာရှိ ရွှေနေကြီး ဦးထွန်းအောင် (၃) က၊ လျှောက်ထားသူ ဦးရွှေသည် မိမိ၏ အမှုသည်အိမ် မူလပုံသဏ္ဌာန်ကို ပြင်ဆင်ခြင်း အားဖြင့်၊ ပုံပျက်သွားသဖြင့်၊ အိမ်၏ အသုံးဝင်ပုံ၌ ချို့တဲ့သွားသောကြောင့်၊ ဦးရွှေ၏ ပြုမူချက်သည် မိမိအမှုသည်၏ အကျိုးကိုဖျက်ဆီးရာရောက်ပါသဖြင့်၊ မူလရုံးတရားသူကြီးက၊ ဦးရွှေအပေါ်၌ ချမှတ်သော အမိန့်သည် မှန်ကန်ပါသည်ဟု တင်ပြသွားသည်။

ပညာရှိ အစိုးရ ရွှေနေကြီး ဦးတိုးမောင်က၊ ပညာရှ ရာဘက် စက်ရှင်တရာသူကြီး၏ ထောက်ခံတင်ပြချက်ကို ထောက်ခံပါကြောင်း၊ ၎င်း၏ ထောက်ခံတင်ပြချက်ကို အတည်ပြုလက်ခံ၍ မူလရုံး၏ အမိန့်ကို ပယ်ဖျက်သင့်ပါကြောင်းဟု ဖေါ်ပြသွားသည်။

ဤအမှုကိုသေချာကျနစွာ ဆန်းစစ်၍ သုံးသပ်ရာတွင် တွေ့ရှိရသည်မှာ၊ ပညာရှိ ရာဘက်စက်ရှင် တရားသူကြီး တွေ့ရှိရသည့် အတိုင်းပင် ဖြစ်သည်။ လျှောက်ထားသူ ဦးရွှေသည် အိမ်ရှင် ဒေါ်အေးခင်၏ အကျိုးဖျက်ဆီးမှုကို ပြုလုပ်ခြင်းမဟုတ်၊ မိမိ၏ ခါတ်ပုံလုပ်ငန်းနှင့် လျော်ညီအောင် ပျက်စီးနေသော အိမ်ကို မွမ်းမံအသစ်ပြုပြင်ရန် လိုအပ်သဖြင့်၊ ဒေါ်အေးခင်ထံမှ အခွင့်ပန်ကြားပြီးကြောင်း အဆိုရှိသည်။ ထိုအဆိုကို ပညာရှိ ရာဘက်စက်ရှင် တရားသူကြီးက၊ လက်ခံထားပြီး ဖြစ်သည်။ ဦးရွှေက ဒေါ်အေးခင်၏ ခွင့်ပြုချက်အရ၊ ဟောင်းနွမ်းပျက်စီးနေသော အိမ်ကိုအသစ်မွမ်းမံပြုလုပ်ရာ၌၊ အိမ်၏ အခြေအနေမှာမူလ အခြေအနေထက်ပို၍ ကောင်းမွန်လာပေသည်။ ၎င်းအပြင် ဦးရွှေသည် ထိုကဲ့သို့ အသစ်မွမ်းမံ ပြင်ဆင်မှုများ ပြုလုပ်ရာ၌၊ ဒေါ်အေးခင်၏ အကျိုးကို ပျက်စီးစေသော အကြံအစည်ဖြင့် ပြုလုပ်ခြင်း မဟုတ်ပေ။ ဒေါ်အေးခင်သည် ဦးရွှေက အိမ်ပေါ်မှ ဆင်းမပေးသဖြင့်၊ ထိုကဲ့သို့ အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုသည်ဟု ယူဆသည်။ မည်သို့ပင်ဖြစ်စေ၊ ပညာရှိ ရာဘက်စက်ရှင် တရားသူကြီးက၊ အမှုတွဲတွင် ပေါ်လွင်သော အချက်အလက်များကို ချင့်ချိန်ဝေဖန်သုံးသပ်ပြီး၊ ဦးရွှေသည် မူလရုံးက အပြစ်ပေးထားသော ရာဇသတ်ကြီး ပုဒ်မ ၄၂၇ အရ၊ ပြစ်မှုမမြောက်နိုင်ဟု တွေ့ရှိခြင်းမှာ၊ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့်၊ ပညာရှိ ရာဘက်စက်ရှင် တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို အတည်ပြု၍၊ လက်ခံပြီး၊ မူလရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဤအမှုနှင့် ပတ်သက်၍ ဦးရွှေအား တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူ ဦးရွှေသည်၊ဒဏ်ငွေ ၂၅၀ ကျပ်ကိုပေးဆောင်ပြီးဖြစ်က၊ ၎င်းအား ပြန်ပေးစေ။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရှေတွင်

ဦးလှသိန်း (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးကံညောင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဩဂုတ်လ ၃၀ ရက်။

ရာဇသတ်ကြီးပုဒ်မ ၄၄၈ အရမှုပြစ် ထင်ရှားစီရင်ခြင်း—အိမ်အပေါ် ထပ်ကို သော့ခတ်ထား၍ သော့ကို လက်ရှိ ရှိသူ တဦးဖြစ်ခြင်း—အိမ်အပေါ် ထပ်ကို လက်ရှိ ရှိသူထဦးဖြစ်သည်ဟု ယူဆရန်ရှိခြင်း—တရားဝင်ပိုင်ဆိုင်ခြင်း အနေမျိုးမဟုတ်—ကိုယ်ထိလက်ခရောက်ပိုင်ဆိုင်ခြင်း—ပိုင်နက်ကို ကျူးကျော်၍ ဝင်ရောက်နေပြီး ဖယ်မပေးသောကြောင့်အိမ်ကျော်နင်းမှုနှင့် တရားစွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အိမ်အပေါ် ထပ်ကို သော့ခတ်ထား၍ ထိုသော့ကိုလက်ရှိရှိသူတဦးဖြစ်သဖြင့် ထိုကဲ့သို့ သော့ကိုလက်ရှိထားခြင်းအားဖြင့် လျှောက်ထား ခံရသူသည်၊ တရားဝင် ပိုင်ဆိုင်ခြင်း အနေမျိုးမဟုတ်ဘဲ၊ ကိုယ်ထိလက်ရောက် ပိုင်ထားသူ တယောက်ဖြစ်သည်ဟုယူဆရန်အကြောင်း ရှိသည်။ ထိုကဲ့သို့သော အခြေအနေမျိုးဌာ လျှောက်ထားသူကရင်း၏ ပိုင်နက်ကို ကျူးကျော်၍ ဝင်ရောက်နေပြီး ဖယ်မပေးသောကြောင့် ၎င်းမှာ စိတ်အနှောက်အယှက်ဖြစ်မည်ဖြစ်ကြောင်း ပေါ်လွင်သဖြင့်၊ လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် အိမ်ကျော်နင်းမှုနှင့်တရားစွဲဆို နိုင်သည်။

ထုတ်ကြီး နှင့် အစိုးရ အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ဂ၊ (၁၉၁၅-၁၆) စာ ၄၂၆။ **ဖိုးတုတ် နှင့် အစိုးရ၊** အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၃ (၁၉၁၇-၂၀) စာ ၁၁၁။ **ခီးအမ်၊ ဂျီဝါး နှင့် အစိုးရ၊** ၁၉၄၇ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၁၃၇။ **ကိုသန်းမောင် ပါ ၇ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊** ၁၉၅၄ ခု၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်) စာ ၂၃၀ ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးသက်ဌေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးလှသိန်း၊ အစိုးရရွှေနေကြီး ဦးနှစ်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၃(ခ)။

† ၁၉၆၅ ခုနှစ်၊ရာဇဝတ်အယူခံမှုအမှတ် ၈၁ တွင်၊ ချမှတ်သော ၁၉၆၆ ခုနှစ်၊မတ်လ ၁၇ ရက် နေ့စွဲပါ၊ ဖျာပုံမြို့၊ စက်ရှင်တရားသူကြီး၏ အမိန့်ကိုပြန်၍ချဆင်ခြင်မှု။

၁၉၆၆

ဦးလှသိန်း နှင့် ဦးကံညောင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ (တရားခံ) ဦးလှသိန်း အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၄၈ အရ၊ ပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် ဖျာပုံမြို့၊ မြို့မ ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၀၂ တွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၂ (၁)အရ ကျပ် ၅၀၀ တန် ခံဝန်သူ တဦးနှင့် တနှစ်အတွင်း အကျင့်စာရိတ္တ ကောင်းမွန်စွာ နေထိုင်ရန်အတွက် ခံဝန်ချုပ် ဆိုရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို လျှောက်ထားသူက မကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် ဖျာပုံမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၈၁ တွင် အယူခံဝင်ခဲ့သည်။ သို့သော် အောင်မြင်မှု မရရှိခဲ့ပေ။

ယခုတဖန် လျှောက်ထားသူက အောက်ရုံးအမိန့်များကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ ရာဇဝတ်ပြင်ဆင်လွှာ တင်သွင်းလေသည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာနှင့် ပတ်သက်၍ အောက်ရုံးများ၏ စီရင်ချက်များတွင် အပြည့်အစုံ ဖေါ်ပြထားပြီး ဖြစ်သည်။ ယခုပြင်ဆင်မှုကို သုံးသပ်ရာ၌ စဉ်းစားရန်ရှိသော အဓိကအကြောင်းခြင်းရာများကိုသာလျှင် ဖေါ်ပြပေအံ့။ ဖျာပုံမြို့၊ ၅ လမ်း၊ အိမ်နံပါတ် ၂၂၊ နှစ်ထပ်အိမ်ကို အကျင့်ဆိုးသူက ပိုင်ဆိုင်သည်။ ၎င်းက ကံရင် အမည်ရှိသော တရုပ်ဘုံကျောင်းအသင်းသို့ လွှဲအပ်ထားသည်။ ဤအမှုဖြစ်သော အချိန်လောက်တွင် ၎င်းဘုံကျောင်းအသင်း၏ လူကြီးမှာ လျှောက်ထားခံရသူ (တရားလို) ဦးကံညောင်ဖြစ်သည်။ ဦးကံညောင်သည် ၎င်းအိမ်အပေါ် ထပ် တထပ်လုံးကို တရုပ်ဘုံကျောင်း တည်ရာဌာန ပြုလုပ်ထား၍ ဘုံအသင်း၀င်များ ဘုရားရှိခိုးရန် ခန်းမဆောင်အဖြစ် အသုံးပြုထားသည်။ ၎င်းပြင်၊ ၎င်းပိုင် ခုံပိုင်းရှည်တခု၊ မှန်ကား ခြောက်ချပ်နှင့် ကံရင်အသင်းဟု ရေးထားသောဆိုင်းဘုတ်တခုကိုလည်း ထားရှိသည်။ ထိုအိမ်အပေါ် ထပ်၏ သော့ကိုလည်း ၎င်းကပင် ကိုင်ဆောင်ထားရသည်။ ဘုံကျောင်းအသင်း၏ စီမံအုပ်ချုပ်သူ လူကြီးဖြစ်သည်အားလျော်စွာ အောက်ထပ်ကို ငှါးထားသည်။ လျှောက်ထားသူ ဦးလှသိန်းနှင့် ၎င်း၏နှစ်မ မခင်အုန်းတို့ တခြမ်းစီ နေကြသည်။ အိမ်လခမှာ တခြမ်းလျှင် တလ ၃၀ ကျပ်ဖြစ်၍ နှစ်ခြမ်းအတွက် ၆၀ ကျပ် ဖြစ်သည်။ ထိုအိမ်လခများကို လစဉ် ဦးကံညောင်က တရုပ်ဘုံကျောင်းကို စီမံအုပ်ချုပ်သူလူကြီးအနေဖြင့် ကောက်ယူသည်။ အိမ်လခဖြတ်ပိုင်းများတွင်လည်း "ကံရင် ဘုံကျောင်းအသင်းအောက်ထပ်" ဟု ဖေါ်ပြထားသည်။ အထက်က ပြောဆိုခဲ့သည့်အတိုင်း ထိုဘုံကျောင်းအသင်းတည်ရာ အပေါ် ထပ်၏သော့ကို ဦးကံညောင်က သိမ်းဆည်း၍ အသင်းသားများ ဘုရားရှိခိုးရန် လာကြသောအခါ ဦးကံညောင်က သော့ဖွင့်၍ အိမ်ပေါ် ထပ်သို့တက်ပြီး ဘုရားရှိခိုးကြသည်။ အဆိုပါ အိမ်၏ အောက်ထပ်တွင်

နေသော လျှောက်ထားသူ ဦးလှသိန်းမှာ ဦးကံညောင်နှင့် ခင်မင်သော မိတ်ဆွေ ဖြစ်ဟန်တူသည်။ အိမ်အပေါ်ထပ် မိုးယိုသဖြင့် ရေခံရန် ဦးလှသိန်းက ဦးကံညောင် ထံမှ သော့ကို တောင်းယူထားသည်။ ယင်းသို့ တောင်းယူပြီးနောက် ဦးလှသိန်းက ထိုအိမ်၏ အပေါ်ထပ်တွင် ၎င်း၏ သားမျှားကို နေစေသည်။ ဦးကံညောင်က၊ ဦးလှသိန်းထံမှ သော့ကို ပြန်တောင်းသောအခါ ဦးလှသိန်းက မပေးဘဲ ငြင်းဆန်လေသည်။ ဦးကံညောင်သည် မြို့နယ် လအကသို့ တိုင်တန်းရာ လအက ဝင်ရောက် ဖြန်ဖြေသော်ငြားလည်း ဦးလှသိန်းသည် ဦးကံညောင်ကို သော့ ပြန်မပေးဘဲ နေလေသည်။ ဤတွင် ဦးကံညောင်က ဦးလှသိန်း အပေါ် တရာရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၄၄၀ အရ၊ အိမ်ကျော်နှင်းမှုစွဲဆိုသည်။ ဦးလှသိန်းက အိမ်ပေါ်ထပ်ကိုပါ ငှါးနေပါသည်ဟု ထုမျှသော်ငြားလည်း သက်သေထင်ရှားစွာမပြနိုင်။ ၎င်းသည် အိမ်အပေါ်ထပ်အထွက်သော့ကိုင်သူ ဦးကံညောင်ကို သော့ပြန်မပေးသောကြောင့်ထိုကဲ့သို့ သော့ပြန်မပေးခြင်းအားဖြင့် ဦးကံညောင်အား စိတ်ဖြူဖြင့်စေရန် အကြံအစည်ရှိသည်ဟု အဆိုရှိသည်။ အောက်ခံုးများက အမှုအသွားအလာကို အသေးစိတ်ဝေဖန်သုံးသပ်ပြီးလျှင်၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိရွှေနေကြီး ဦးသက်ဌေက လျှောက်ထားသူ ဦးလှသိန်းကို လျှောက်ထားခံရသူ ဦးကံညောင်က အိမ်ကျော်နှင်းမှုနှင့် တရားမစွဲဆိုခိုင်ပါ။ ဦးကံညောင်သည် အိမ်အပေါ်ထပ်ကိုလက်ရှိဖြစ်သူ တယောက် မဟုတ်ပါ။ ဦးကံညောင်သည် အချင်းဖြစ် အိမ်အပေါ်ထပ်ကို ကိုယ်ထိလက်ရောက် ပိုင်ဆိုင်သူ မဟုတ်ပါ။ ထိုပစ္စည်းကို ကိုယ်ထိလက်ရောက် ပိုင်ဆိုင်သူမှာ ဦးလှသိန်းသာဖြစ်ပါသည်။ ထို့ကြောင့် ဦးလှသိန်းအပေါ် ဦးကံညောင်က ပိုင်ဆိုင်မှုကို တရားမမှုဖြင့်သာလျှင် စွဲဆိုရန်ဖြစ်သော်လည်း ယခုကဲ့သို့ တရားစွဲဆိုခွင့် အခြေအနေမရှိဘဲနှင့် ဖြတ်လမ်းမှုနေ၍ ရာဇတ်မှုဖြင့် စွဲဆိုခြင်းမှာ မှားယွင်းပါသည်ဟု တင်ပြသွားသည်။ ထို့နောက် ဦးသက်ဌေက **တုတ်ကြီးနှင့် အစိုးရ** (၁) အမှုကို အကိုးအကားအဖြစ် တင်ပြသွားသည်။ ထိုအမှုတွင် ဤသို့ အဆုံးအဖြတ်ပေးထားသည်။

> **"The possession contemplated in section 441 of the Indian Penal Code in actual physical possession, not mere juridical possession. Where there is a person in actual physical possession of property, he is the only person whose feelings have to be considered under that section."**

---

(၁) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ဂ၊ (၁၉၁၅-၁၆) စာ ၄၂၆။

ငင်းပြင် ဗိုးတုတ်နှင့် အစိုးရ (၂) အမှုကိုလည်း တင်ပြသွားသည်။ ငင်းအမှုတွင် စီရင်ထုံးဖွဲ့ထားသည်မှာ အောက်ပါ အတိုင်းဖြစ်သည်။

> "*Held*: that there is no provision of law in the Indian Penal Code or the Code of Criminal Procedure which restricts the right of a person not in possession to make a complaint to a Magistrate in respect of the offence of trespass even though that offence is alleged to have been committed against a third person, nor does the definition of criminal trespass contained in section 441 of the Indian Penal Code restrict the offence to cases in which the person in actual physical possession is insulted, intimidated or annoyed."

အထက်တွင် ပညာရှိ ရှေနေကြီး တင်ပြသော စီရင်ထုံး နှစ်ခုမှာ မူအားဖြင့် မတူညီကြပေ။ နှစ်နောက်ကျသော အထက်မြန်မာပြည် စီရင်ထုံးက အောက်မြန်မာပြည်စီရင်ထုံး ထက်ပိုမိုကျယ်ပြန့်စွာသုံးသပ်ထားသည်ကို တွေ့ရှိရသည်။

လျှောက်ထားခံရသူ၏ ပညာရှိ ရှေနေကြီး ဦးလှသိန်းက ယခုအမှုတွင် ဥပဒေ အချက်အလက် မပါဝင်ပါ။ အမှုအကြောင်းခြင်းရာ သက်သက်မျှသာလျှင် ဖြစ်ပါသည်။ ထိုအမှုအကြောင်းခြင်းအရာနှင့် ပတ်သက်၍ အောက်ရုံး နှစ်ရုံးစလုံးက တသဘောတည်း၊ တထပ်တည်းတွေ့ရှိထားပြီး ဖြစ်သဖြင့်၊ ယခုပြင်ဆင်မှု ယုံးက ထို တသဘောတည်း၊ တထပ်တည်း တွေ့ရှိသော အမိန့်မျှားကို အလွယ်တကူနှင့် မပယ် နိုင်ပါ။ ထိုတသဘောတည်း၊ တထပ်တည်း ချမှတ်သော အမိန့်မျှားမှာ အလွန်တ ရာမှမှားယွင်းချက်ချော်ပြီး တရားမျှတမှုကင်းမဲ့နေမှသာလျှင် ဤရုံးက ပြင်ဆင်မှုရုံးအ နေဖြင့်ဝင်ရောက်စွက်ဖက်နိုင်ပါသည်။ ယခု အမှုတွင် ဦးကံညောင် ကိုယ်ထိလက်ရောက် ပိုင်ဆိုင်ထားသော တရွာဘုံကျောင်းတည်ရာ အချင်းဖြစ် အိမ်အပေါ်ထပ်ကို လျှောက် ထားသူ ဦးလှသိန်းက မတရားတက်ရောက်ပြီး ကျူးကျော်နေထိုင်သောကြောင့်၊ ဦးကံညောင်မှာ လွန်စွာမှ စိတ်ငြိုငြင်မှု ဖြစ်ရသဖြင့်၊ ဦးလှသိန်းသည်၊ ဆုဇာတ်ကြီး ပုဒ်မ ၄၄၀ အရ၊ အိမ်ကျော်နင်းမှုကို ကျူးလွန်သူတဦး ဖြစ်ပါသည်ဟု တင်ပြသွား သည်။

ပညာရှိ အစိုးရ ရှေနေကြီး ဦးနှစ်က လျှောက်လဲချက်ပေးရာတွင် လျှောက်ထားခံရ သူ၏ ရှေနေကြီး ဦးလှသိန်းကို ထောက်ခံ၍ တင်ပြသွားသည်။

လျှောက်ထားသူ၏ ပညာရှိ ရှေနေကြီး ဦးသက်ငွေ တင်ပြချက်များကို အမှုနှင့် ညှိ၍ ချင့်ချိန်ဝေဖန် သုံးသပ်ရန် လိုအပ်ပေသည်။ ရှေနေကြီးက လျှောက်ထားသူသည်

(၂) အထက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၃၊ (၁၉၁၇-၂၀) စာ ၁၁၁။

အချင်းဖြစ် အိမ်၏ အပေါ်ထပ်ကို ကျော်နင်းသူ တယောက်မဟုတ်ပါ။ ထိုအိမ်အပေါ်ထပ်ကို တရားဝင် ငှါးနေပါသည်ဟု ဆိုသော်ငြားလည်း၊ ခုံးတွင် ထွက်ဆိုကြသော သက်သေထွက်ချက်များနှင့် သက်သေခံအိမ်လခ ဖြတ်ပိုင်းများအရ ဦးလှသိန်းသည် အဆိုပါအိမ်၏ အောက်ထပ်၌သာလျှင် ငှါးနေသူဖြစ်သည်။ ၎င်းနှင့် အိမ်၏အပေါ်ဆပ်မည်သို့မျှမသက်ဆိုင်ပေ။ အမှတ္တင် ပေါ်ပေါက်နေသည်မှာ ဦးလှသိန်းသည် အိမ်အပေါ်ထပ်တွင် မိုးယိုသဖြင့် ရေခံရန် ဦးကံညောင်ထံမှ သော့ကို တောင်းယူခြင်းဖြစ်သည်။ ဦးကံညောင်မှာ ကံရင်ဘုံအသင်း၏ စီမံအုပ်ချုပ်သူ လူကြီးတယောက်ဖြစ်သည်။ ဦးလှသိန်းထံမှ အိမ်လခများကို ကောက်ခံသူလည်း ဖြစ်သည်။ ယင်းသို့ ဦးလှသိန်းက ဦးကံညောင်ထံမှ အိမ်အပေါ်ထပ်၏ သော့ကို တောင်းယူပြီး ရေခံရုံမျှမက မိမိ၏ သားများကို နေစေခြင်းအားဖြင့် ဦးကံညောင်၏ စိတ်ငြိုငြင်စေရန် ဖြစ်သည်ဟု ယူဆသည်။ ပညာရှိ ရွှေနေကြီးက ဦးကံညောင်သည် အချင်းဖြစ် အိမ်အပေါ်ထပ်ကို လက်ရှိဖြစ်သူမဟုတ်ဟု အဆိုရှိသည်။ ဦးလှသိန်း၏ အပြုအမူမှာ ဦးကံညောင်အပေါ် ချောက်လှန့်ရန်သော်၎င်း၊ စော်ကားရန်သော်၎င်း၊ စိတ်ငြိုငြင်စေရန်သော်၎င်း အကြံအစည်မရှိပါ။ ထို့ကြောင့် ရာဇသတ်ကြီး ပုဒ်မ ၄၄၁ အရ ရာဇဝတ်မကင်းသော ကျော်နင်းမှုမျှားဟူသော အဓိပ္ပါယ်တွင် အကျုံးမဝင်ပါဟုသော အဆိုပြုချက်အရ၊ ရာဇဝတ် မကင်းသော ကျော်နင်းမှုမျှား၏ အဓိပ္ပါယ်ကို ဖော်ထုတ်ရန် လိုအပ်ပေသည်။ ရာဇသတ်ကြီး ပုဒ်မ ၄၄၁ က ဤသို့ဆိုသည်။

> "၄၄၁။ ။မည်သူမဆို၊ ပြစ်မှုကိုကျူးလွန်ရန်၊ သို့မဟုတ် ပစ္စည်းလက်ဝှါဖြစ်သူ တဦးတယောက်ကိုချောက်လှန့်ရန်၊ သို့တည်းမဟုတ်စော်ကားရန်၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန်အကြံဖြင့်၊ သူတပါး၏လက်ရှိပစ္စည်းအတွင်းသို့ဖြစ်စေ အပေါ်သို့ဖြစ်စေဝင်ရောက်လျှင်၊ သို့တည်းမဟုတ် ထိုပစ္စည်းအတွင်းသို့ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ တနေရာသဖြင့်ဝင်ရောက်ပြီးသည့်နောက် ပစ္စည်းလက်ရှိဖြစ်သူကိုချောက်လှန့်ရန်၊ သို့တည်းမဟုတ် စော်ကားရန်၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန် သို့တည်းမဟုတ် ပြစ်မှုကိုကျူးလွန်ရန်အကြံဖြင့် ဥပဒေနှင့်ဆန့်ကျင်ကာ၊ ထိုပစ္စည်းတွင်ဆက်လက်၍နေလျှင်၊ ထိုသူသည် 'ရာဇဝတ်မကင်းသောကျော်နင်းမှု' ကိုကျူးလွန်သည်မည်၏။"

အထက်တွင် ပြဆိုခဲ့သော အဓိပ္ပါယ်ဖော်ပြချက်အရ၊ ဤအမှုကို သုံးသပ်ရာ၌ ဦးကံညောင်သည် ပစ္စည်းလက်ရှိဖြစ်သူ ဟုတ်-မဟုတ်စဉ်းစားရန် ရှိပေသည်။ ဦးကံညောင်သည် အချင်းဖြစ် အိမ်အပေါ်ထပ်၏ သော့ကို ကိုင်ဆောင်ထားသူ တဦးဖြစ်

ကြောင်းနှင့် ပတ်သက်၍အခြင်းမပျါးပေ။ ဤနေရာတွင် **ဒီ၊ အမ်၊ ဂျီဝါး**နှင့် **အစိုးရအမှု** (၃) အမှု၏အဆုံးအဖြတ်ကို သုံးသပ်ရန်ရှိပေသည်။ ၎င်းအဆုံးအဖြတ်က ဤသို့ဆိုသည်။

> "If an owner leaves a house empty, even if it is not locked, it is in his possession and the offence of criminal trespass can be committed in respect of such a house."

ယခုအမှုတွင် ဦးကံညောင်မှာ၊ အထက်တွင် ရည်ညွှန်းသော အမှုကဲ့သို့မဟုတ်ဘဲ အိမ်အပေါ် ထပ်ကို သော့ခတ်ထား၍ ထိုသော့ကို လက်ရှိ-ရှိသူတဦးဖြစ်သဖြင့်၊ ၎င်းသည် ထိုအိမ်အပေါ် ထပ်ကို လက်ရှိ ရှိသူတဦးဖြစ်သည်ဟု ယူဆရန်ရှိသည်။ ထိုကဲ့သို့ သော့ကို လက်ရှိထားခြင်းအားဖြင့် ဦးကံညောင်သည် တရားဝင်ပိုင်ဆိုင်ခြင်း အနေမျိုးမဟုတ်ဘဲ ကိုယ်ထိလက်ရောက် ပိုင်ဆိုင်ထားသူတယောက် ဖြစ်သည်ဟု ယူဆရန်အကြောင်းရှိသည်။ ထိုကဲ့သို့သော အခြေအနေမျိုးဌ ဦးလှသိန်းက ၎င်း၏ပိုင်နက်ကို ကျူးကျော်၍ ဝင်ရောက်နေပြီး ဖယ်မပေးသောကြောင့် ၎င်းမှာ စိတ်အနှောက်အယှက် ဖြစ်မည်ဖြစ်ကြောင်း ပေါ်လွင်သဖြင့် ဦးကံညောင်သည် ဦးလှသိန်းအပေါ် အိမ်ကျော်နင်းမှုနှင့် တရားစွဲဆိုနိုင်သည်။ **ကိုသန်းမောင် ပါ ၇ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၄) အမှုသည် အထက်တွင် ဖော်ပြခဲ့ပြီးသော **မောင်တုတ်**နှင့် **အစိုးရအမှု**၏ မှုအတိုင်း ထုံးဖွဲ့ထားသော စီရင်ထုံးဖြစ်သည်။ ၎င်းကဤသို့ဆိုသည်။

> "To establish an offence of criminal trespass under sections 441, 447 of the Penal Code, it must be shown that the complainant is in actual physical possession, and not mere juridical possession of the land; and that the trespassers had the intention to intimidate, insult or annoy the person in possession. Mere knowledge that the trespass is likely to cause insult or annoyance does not amount to an intent to insult or annoy within section 441, Penal Code."

အထက်ဖော်ပြပါ အကြောင်းခြင်းရာများနှင့် ဥပဒေ အချက်အလက်များအရ လျှောက်ထားသူ ဦးလှသိန်းသည် လျှောက်ထားခံရသူ ဦးကံညောင်လက်ရှိဖြစ်သော အချင်းဖြစ် အိမ်အပေါ် ဇယ်ကို ကျူးကျော်ကြောင်းမှာ ပေါ်လွင်သဖြင့် အောက်ရုံးများမှ ချမှတ်သော အမိန့်များသည် မှားယွင်းသည်ဟု မတွေ့ရှိရပေ။

ထို့ကြောင့် အောက်ရုံးအမိန့်များကို အတည်ပြုပြီးလျှင် ဦးလှသိန်း၏ ပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည်။

---

(၃) ၁၉၄၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၁၃၇။

(၄) ၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ (တရားလွှတ်တော်) စာ ၂၈၃။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဦးဝင်းဖေ (အယူခံတရားလို)

နှင့်

မောင်တင်သိန်း (အယူခံတရားခံ)*

† ၁၉၆၆ ခြုတ်လ ၂၇ ရက်။

အလုပ်သမားလျော်ကြေး အက်ဥပဒေ—သစ်စက်မှုမှတ်ပုံတင်ကို ပယ်လိုက်ခြင်း—ဝိုင်းဆရာအနီး၌ မရှိသဖြင့် ပယ်လိုက်ခြင်း —အလုပ်သမားများ မဖယ်ရဟု အတိအလင်း တားမြစ်ထားသည့် ဆိုသောအချက် မပေါ် ပေါက်ခြင်း—အလုပ်ချိန်အတွင်းအလုပ်ဝတ္တရားဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာရသည်ဟု ယူဆသင့်မသင့်- -ဆုံးရှုံးမှု ရာခိုင်နှုန်း မည်မျှရှိသည်ဟု ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားသည့်ကိစ္စတွင် ဆရာဝန်၏ စစ်ဆေးချက်ကို ရယူရန်မလို။

ဆုံးဖြတ်ချက်။ ။သစ်စက်မှ မှတ်ပုံကိုဖယ်ရန် တာဝန်မှာဝိုင်းဆရာ၏တာဝန်ဖြစ်ပြီး၊ အယူခံတရားခံ၏ အလုပ်ဝတ္တရားမဟုတ်သည်မှာ မှန်၏။ သို့ရာတွင် အယူခံတရားခံ အလုပ်လုပ်ရသည့် လွှဲဝိုင်းမှ ဝိုင်းဆရာအလုပ်မဆင်းသဖြင့်ဧောင်းဝိုင်းအမှတ် ၃ ဝိုင်းဆရာက အယူခံတရားခံ အလုပ်လုပ်ရသော လွှဲဝိုင်းဆရာအဖြစ်ပူးတွဲဆောင်ရွက်ရာ၌လည်း ၎င်းသည်အယူခံတရားခံတွန်းပို့ရသည့် ရောင်တုံး(သစ်တုံး) ကြပ်သွားသည့်အချိန်၌ အနီး၌မရှိသဖြင့်၊ အယူခံတရားခံက မှတ်ပုံကိုဖယ်လိုက်ရခြင်းဖြစ်ရာ၊ မှတ်ပုံကို ဝိုင်းဆရာမှအပလွှဲဝိုင်းရှိ အလုပ်သမားများ မဖယ်ရဟု အတိအလင်း တားမြစ်ချက် ထုတ်ပြန်ထားသည်ဆိုသော အချက်လည်း အမှုတွဲ၌ မပေါ် ပေါက်ရကား အယူခံတရားခံသည် အလုပ်ချိန်အတွင်းအလုပ်ဝတ္တရားဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာရခဲ့သည်ဟုကောက်ယူရမည်ဖြစ်သည်။

မောင်ဘထွန်း နှင့် **ဦးအုံးခင်၊** ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၂၉၉ ခြားနားပြသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မည်သည့်ဒဏ်ရာမျိုးရရှိလျှင်လုပ်အား ဆုံးရှုံးမှုရာခိုင်နှုန်းမည်မျှရှိသည်ဟု ဥပဒေက အတိအလင်းပြဋ္ဌာန်းထားသည့်ကိစ္စတွင်ဆရာဝန်၏စစ်ဆေးချက်ကို ရယူရန်မလိုပေ။

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၃။

† ၁၉၆၅ ခုနှစ်၊ တရားမအလုပ်သမားလျော်ကြေးမှုအမှတ် ၁၁ တွင်၊ ၁၉၆၆ ခုနှစ်၊ ပြေလ ၂၀ ရက်နေ့စွဲပါ၊ (ခရိုင်ရာဇဝတ်တရားသူကြီး) ရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၆ — ဦးဝင်းဇေ နှင့် မောင်တင်ဆိန်။

နောက်ဆက်တွဲ (၁)တွင် ဖေါ်ပြထားသည့်ဒဏ်ရာတခုခုမဟုတ်မှသာ လျော်ကြေး တွက်ချက်သည့် ကိစ္စနှင့်ပတ်သက်၍ ဆရာဝန်၏ ထွက်ချက်ကိုရယူရန်လိုပေသည်။

မောင်တင်မောင် နှင့် **မြည်ထောင်စုလေကြောင်းအဖွဲ့**၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၈၀ (တရားလွှတ်တော်) ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။ဦးခင်မောင် (၄)။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။

တရားသူကြီး **ဦးသက်ဖေ**။ ။အယူခံတရားလို ဦးဝင်းဖေသည်၊ တောင်ငူခရိုင်၊ ကျွန်းကုန်းရွာ၊ ဓနသစ်စက်ပိုင်ရှင်ဖြစ်သည်၊ အယူခံတရားခံ မောင်တင်သိန်းမှာ ၎င်း၏ အလုပ်သမားတဦးဖြစ်သည်၊ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အယူခံ တရားခံသည် အယူခံဘရားလို၏ သစ်စက်၌ အလုပ်လုပ်ရင်း သစ်ခွဲသည့်လှေနှင့် ထိခိုက်မိ၍ လက်ဝဲဘက်လက်ကို လက်ကောက်ဝတ်မှ ဖြတ်ပစ်လိုက်ရသည်။ ထိုကြောင့် အလုပ်သမား လျော်ကြေး အက်ဥပဒေအရ လျော်ကြေးတောင်းဆိုရာ၊ တောင်ငူမြို့အလုပ်သမား လျော်ကြေးမင်းကြီးက၊ အယူခံဘရားလိုအား လုပ်အား ဆုံးရှုံးမှုအတွက် လျော်ကြေး ငွေ ၂,၀၆၆ ကျပ် ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် အလုပ်ရှင်က ဤအယူခံမှုဘင်သွင်းလာခြင်းဖြစ်သည်။

အယူခံဘရားခံသည်၊ ဓနသစ်စက်ရှိ အမှတ် ၃ လွှဲပိုင်းဌ သာမန်အလုပ်သမား တဦးဖြစ်သည်။ ၎င်း၏ အလုပ်တတ္တရားမှာ ရောင်တုံး (သစ်တုံး)ကို ဗျဉ်အဖြစ်ခွဲရာဌ တွန်းပေးရန်ဖြစ်သည်။ အခင်းဖြစ်ပွါးသည့် ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အမှတ် ၃ လွှဲပိုင်း၏ ဝိုင်းဆရာမှာ အလုပ်မဆင်းသဖြင့် အယူခံတရားခံနှင့် မောင်စိန်အောင် (လိုပြ-၃) တို့နှစ်ဦးတည်း သစ်ခွဲကြရသည်။ အယူခံတရားခံသည် ရောင်တုံးတဘုံးကို လွှတ်ကြောင်း တိုက်ပြီးနောက်၊ ဒုတိယအကြိမ် ရောင်တုံးကိုပြန်၍ တွန်းပို့သောအခါ၊ ရောင်တုံး ကြပ်သွားသဖြင့် မှတ်ပုံကို ဖယ်လိုက်ရာတွင် လက်ဝဲလက်ကောက်ဝတ်အထက်ကို လွှထိသွားသည်။ ထိုဒဏ်ရာကြောင့် ၎င်း၏လက်ဝဲလက်ကို လက်ကောက်ဝတ်မှဖြတ်ခဲ့ရသည်။

အယူခံဘရားလိုက မှတ်ပုံကိုဖယ်ရန် တာဝန်မှာ ဝိုင်းဆရာ၏ တာဝန်ဖြစ်ပြီး အယူခံတရားခံသည် မိမိ၏တာဝန် မဟုတ်သည့်အလုပ်ကို လုပ်ရင်း ထိခိုက်မိခြင်းဖြစ်၍ လျော်ကြေး မရတိုက်ကြောင်း ထုခုံကာ၊ **မောင်ဘထွန်း**နှင့် **ဦးအုံးခင်** (၁)တို့ အမှုကို ကိုးကားသွားသည်။ ထိုအမှုဘင် အလုပ်သမားဖြစ်သူသည် ၎င်း၏အလုပ်

(၁) ၁၉၃၈၊ ရန်ကုန်စီရင်ထုံး ၂၉၉။

မဟုတ်သည်ကို ဝင်ရောက်လုပ်ကိုင်နေသည့်အပြင်၊ ၎င်းအား မကိုင်မဘွယ်ရန် အတိအလင်း တားမြစ်သားသည့်ဓာတ်ကို ကိုင်တွယ်ခဲ့သည့်အတွက် အလုပ်ရှင်ထံမှ လျော်ကြေး မသိုက်ခြောင်း အဆုံးအဖြတ် ပေးထားခြင်းဖြစ်သည်။

ယခုအမှုတွင် မှတ်ပုံကိုးယ်ရန် တာဝန်မှာ ဝိုင်းဆရာ၏ တာဝန်ဖြစ်ပြီး အယူခံတရားခံ၏ အလုပ်ဝတ္တရားမဟုတ်သည်မှာမှန်၏။ သို့ရာတွင် အခင်းဖြစ်နေ့က အယူခံ တရားခံအလုပ်လုပ်ရသည့် လှဝိုင်းမှ ဝိုင်းဆရာမှာ အလုပ်မဆင်းသဖြင့် ဧောင်းဝိုင်းအမှတ် ၃ ဝိုင်းဆရာ မောင်ထွန်းရွှေ (ခ်ပြ-၃)က၊ အယူခံတရားခံ အလုပ်လုပ်ရသော လှဝိုင်းဆရာအဖြစ် ပူးတွဲဆောင်ရွက်ရသည်။ အယူခံတရားခံ တွန်းပို့ရသည့် ရောင်တုံးကြပ်သွားသည့် အခါန်၌ မောင်ထွန်းရွှေမှာ အနီး၌ မရှိသဖြင့် အယူခံ တရားခံက မှတ်ပုံကို ဖယ်လိုက်ရခြင်းဖြစ်ရာ၊ ထိုပြဿနာကြောင့် အယူခံတရားခံ၏ အလုပ်တာဝန် အပြင်ဘက်သို့ ကျဆောက်သည်ဟု မဆိုနိုင်ခေါ်။ ထို့ပြင် ထိုကဲ့သို့ မှတ်ပုံကို ဝိုင်းဆရာမှ အပ လှဝိုင်းရှိ အလုပ်သမားများ မဖယ်ရှားဟု အတိအလင်း တားမြစ်ချက် ထုတ်ပြန်ထားသည်ဆိုသော အချက်လည်း အမှုဘွဲ့၌ မဒေါ်ပေါက်ခေါ်။ သို့ဖြစ်ရာ အယူခံတရားခံသည် အလုပ်ချိန်အတွင်း အလုပ်ဝတ္တရား ဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာ ရခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးကတဖန်၊ အလုပ်သမား လျော်ကြေးမင်းကြီးသည် လျော်ကြေးငွေ မည်ရွေ့မည်မျှ ပေးဆောင်ရမည်ဆိုခြင်းနှင့် ပတ်သက်၍၊ အယူခံ တရားခံအား၊ ကုသခဲ့ရသည့် ဆရာဝန်အား စစ်ဆေးခဲ့ခြင်း မရှိသဖြင့် အလုပ်သမား၊ လျော်ကြေးမင်းကြီးထံသို့ ပြန်လည်စစ်ဆေးရန် ပေးပို့သင့်ကြောင်း တင်ပြကာ၊ **မောင်တင်မောင်နှင့် ပြည်ထောင်စု လေကြောင်းအဖွဲ့** (၂) စီရင်ထုံးကို အကိုးအကားပြုသွား၏။ ထိုစီရင်ထုံးတွင် အလုပ်သမား လျော်ခကြေးမင်းကြီးသည် ဒဏ်ရာရသူ အလုပ်သမား၏ လုပ်အား ဆုံးရှုံးမှုကို တွက်ချက်ရန် အသောက်အထား မရှိပါက၊ ဆရာဝန်၏ သောက်ခဲ့ချက်လက်မှတ်ကို အကိုးအကားပြုကာ လျော်ခကြေးကို တွက်ချက်ခြင်းမပြုနိုင်ကြောင်း၊ အလုပ်သမားသည် နောက်ဆက်တွဲ အမှတ်(၁)တွင် ဖော်ပြပြထားသည့် ဒဏ်ရာတခုခုကို ရရှိခဲ့ခြင်း မဟုတ်၍၊ ဆရာဝန်အား စစ်ဆေးပြီးမှသာ လျော်ကြေးကို တွက်ချက်နိုင်မည်ဖြစ်ကြောင်း အဆုံးအဖြတ် ထားခြင်းဖြစ်သည်။

ယခုအမှုဘွင် အယူခံတရားလိုသည် ရရှိခဲ့သော ဒဏ်ရာကြောင့် လက်ဝဲလက်ကို လက်ကောက်ဝတ်မှ ဖြတ်ပစ်လိုက်ရသည် ဆိုခြင်းမှာ အငြင်းမပွါးပေ။ ထို့ကြောင့် ၎င်းသည် အလုပ်သမားလျော်ကြေး အက်ဥပဒေ နောက်ဆက်တွဲ (၁)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လက်ဝဲတတောင်ဆစ် အောက်ပိုင်း ဖြတ်ရသည့် ဒဏ်ရာကြောင့်

(၂) ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး ၈၀ (တရားလွှတ်တော်)။

လုပ်အား ဆုံးရှုံးမှုမှာ ရာခိုင်နှုန်း ၅၀ ရှိသည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။ ယင်းသို့ မည်သည့်ဒဏ်ရာမျိုး ရရှိလျှင် လုပ်အား ဆုံးရှုံးမှု ရာခိုင်နှုန်း မည်မျှရှိသည်ဟု ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားသည့် ကိစ္စတွင် ဆရာဝန်၏ စစ်ဆေးချက်ကို ရယူရန်မလို ပေ။ နောက်ဆက်တွဲ (၁)တွင် ဖေါ်ပြထားသည့် ဒဏ်ရာတခုခု မဟုတ်မှသာ လျော်ကြေးတွက်ချက်သည့် ကိစ္စနှင့် ပတ်သက်၍ ဆရာဝန်၏ ထွက်ချက်ကို ရယူရန်လိုပေသည်။ သို့ဖြစ်ရာ အလုပ်သမား လျော်ကြေး မင်းကြီးထံသို့ လျော်ကြေး တွက်ချက်သည့်ကိစ္စနှင့် ပတ်သက်၍ ဆရာဝန်အား စစ်ဆေးရန် အလို့ငှါ၊ အမှုတွဲကို ပြန်ပေးပို့သင့်သည်ဆိုသော အယူခံတရားလိုဘက် တင်ပြချက်ကို လက်မခံနိုင်။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေ လျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

ဦးသန်းညွှန့် (လျှောက်ထားသူ)

နှင့်

ဦးသိန်း ပါ ၂ (လျှောက်ထားခံရသူများ)*

†၁၉၆၆

ဇူလိုင်လ
၁ ရက်။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားခြင်း—အချင်းဖြစ်အိမ်ကို ရောင်းချပြီးနောက်အိမ်ငှါးအဖြစ် ဆက်လက်နေထိုင်ရန် စာချုပ်ချုပ်ဆိုခြင်း—၅ နှစ်အတွင်း တရားရုံးမှသော်၎င်း၊ အခြားနည်းများနှင့်သော်၎င်း နှင်ထုတ်ခြင်းမပြုဟု ချုပ်ဆိုခြင်း—အိမ်ငှါးက ဝယ်ယူနိုင်လျှင် အိမ်ရှင်ထံက အိမ်ကိုပြန်လည်ရောင်းချပါမည်ဟု ချုပ်ဆိုခြင်း—မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂—အိမ်ငှါးအား အိမ်ရှင်၏ နှင်ထုတ်ဖယ်ရှားခြင်းမှာ အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်ဖြစ်ခြင်း—ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ စသည်တို့အရရနိုင်သော အခြားအခွင့်အရေးများကိုလည်း အိမ်ငှါးက ရနိုင်ခြင်း—မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေက အခြားအခွင့်အရေးများကို ဖျက်သိမ်းသည်ဟုတ်မဟုတ် —အိမ်ငှါးအားမနှင့်မူ၍ စာချုပ်အရ ချုပ်ဆိုခဲ့သော ၅ နှစ်အတွင်း တရားစွဲဆိုခြင်း—စာချုပ်ပါ စည်းကမ်းနှင့်ညီမညီ—ပစ္စည်းလွှဲပြောင်းခြင်း ကက်ဥပဒေပုဒ်မ-၅၃ (က) နှင့် ဆန့်ကျင် မဆန့်ကျင်။

လျှောက်ထားခံရသူများတို့က လျှောက်ထားသူအား အချင်းဖြစ်အိမ်ကို ရောင်းချခဲ့ပြီးနောက် အိမ်ငှါးအဖြစ် ဆက်လက်နေထိုင်ရန် စာချုပ်ချုပ်ဆိုခဲ့ရာ၌ ၅ နှစ်ကာလအတွင်း အိမ်ရှင်က အိမ်ငှါးအား တရားရုံးမှသော်၎င်း၊ အခြားနည်းများနှင့်ဟော်၎င်း နှင်ထုတ်ခြင်းမပြုပါ၊ ၅ နှစ်အတွင်းအိမ်ငှါးက ဝယ်ယူနိုင်လျှင်အိမ်ရှင်တို့က အိမ်ကိုပြန်လည်ရောင်းချပါမည်ဟူ၍ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ စာချုပ်ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် လျှောက်ထားသူက ၅ နှစ်မပြည့်မီမြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ အချင်းဖြစ်အိမ်ကို ပြန်လည်ရယူလိုပါသည်ဟု တရားစွဲဆိုခဲ့သည်။ ဒုတိယအယူခံတွင် လျှောက်ထားသူ ရှုံးနိမ့်သဖြင့် အယူခံဝင်ရန် အခွင့်ထူးပေးပါမည်အကြောင်း လျှောက်ထားရာ

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၂၀။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ မန္တလေးမြို့တွင် ရုံးထိုင်သော တရားရုံးချုပ်၏ တရားမဒုတိယအယူခံမှုအမှတ် ၁၀/၆၅ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁၁ ရက်နေ့စွဲပါ၊ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ အထူးအယူခံဝင်ခွင့် ရရန်လျှောက်လွှာ။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည် အဓိကအားဖြင့် အိမ်ဌါးများကို အကာအကွယ်ပေးရန်ပြဋ္ဌာန်းထားသောဥပဒေဖြစ်သည်။ တဘက်သတ် အခွင့်ရေး ပေးရန်မဟုတ်သော်လည်း ပုဒ်မ ၁၂ သည်အိမ်ဌါးအား အိမ်ရှင်၏ နှင်ထုတ်ဖယ်ရှားခြင်းမှ အကာအကွယ်ပေးထားသည့်ပြဋ္ဌာန်းချက်ဖြစ်သည်။ ထိုအကာအကွယ်များထက်လျှော့နည်း၍ အိမ်ဌါးက ရရန်မဟုတ်သော်လည်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ၊ ပဋိညာဉ်ဥပဒေ စသည်တို့အရ၊ ရရှိနိုင်သော အခြားအခွင့်အရေးများကိုလည်း အိမ်ဌါးက ရရှိနိုင်သည်။ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေက ထိုကဲ့သို့သောအခြားအခွင့်အရေးများကို ဖျက်သိမ်းသည်မဟုတ်ချေ။ အိမ်ဌါးအား ကာကွယ်ရန် ပြဋ္ဌာန်းပေးထားသော မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေကြောင့် အိမ်ဌါးတဦးက အိမ်ရှင်နှင့်ချုပ်ဆိုထားသောစာချုပ်အရ ရရှိအပ်သော အခွင့်အရေးများ ဆုံးပါးရမည်ဆိုလျှင် ဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရ ဆုံးရှုံးရမည်သာဖြစ်ပေသည်။

အိမ်ရှင်အိမ်ဌါးစာချုပ်အရ အိမ်ဌါးဖြစ်ကြသောလျှောက်ထားခံရသူတို့သည် အိမ်တွင်နေထိုင်၍ လခပေးဆောင်လျက်ရှိကြသည်။ ထို့ကြောင့်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်လျက်ရှိကြသည်။ လျှောက်ထားသူက ၎င်းဘက်မှလိုက်နာရန်ရှိသော စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန်လိုပါသည်။ ထိုသို့လိုက်နာပြီးမှမြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဇ) အရစွဲဆိုခိုင်သေးလျှင်၊ တရားစွဲဆိုရန်ဖြစ်ပါသည်။ ယခုမူ အိမ်ဌါးအား မနှင်မူ၍ စာချုပ်အရ ချုပ်ဆိုခဲ့သော ၅ နှစ်ကာလအတွင်း တရားစွဲဆိုခြင်းသာဖြစ်သဖြင့် စာချုပ်ပါ စည်းကမ်းနှင့်လည်းမညီ၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃ (က) နှင့်လည်း ဆန့်ကျင်သည်။ **တရားမှုတမှုနှင့်လည်း ဆန့်ကျင်သည်။**

လျှောက်ထားသူအတွက်။ ။ဦးထွန်းဝေ။

လျှောက်ထားခံရသူများအတွက်။ ။ဦးဘိုးသာ။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ဦးသန်းညွှန့်သည် အချင်းဖြစ်အိမ်၏ အိမ်ရှင်ဖြစ်၍၊ လျှောက်ထားခံရသူများဖြစ်ကြသော ဦးသိန်း-ဒေါ်အေးတို့သည်၊ အိမ်ဌါးများဖြစ်ကြသည်။ ဦးသိန်း-ဒေါ်အေးတို့က ဦးသန်းညွှန့်အား၊ အချင်းဖြစ်အိမ်ကို ရောင်းချခဲ့ပြီးနောက်၊ အိမ်ဌါးအဖြစ်ဆက်လက်နေထိုင်ရန် စာချုပ် ချုပ်ဆိုခဲ့ရာ၌ ၅ နှစ်ကာလအတွင်း အိမ်ရှင်က အိမ်ဌါးအား တရားရုံးမှသော်၎င်း၊ အခြားနည်းများနှင့်သော်၎င်း နှင်ထုတ်ခြင်းမပြုပါဟု အိမ်ဌါးကလည်း၊ လခများကို ပြေလည်အောင်ပေးဆောင်ပါမည်။ ချုပ်ဆိုသည့်နေ့မှ ၅ နှစ်ပြည့်သောအခါ အိမ်ဌါးက ထွက်ခွါဖယ်ရှားပေးပါမည်။ ထို ၅ နှစ်အတွင်း အိမ်ဌါးကငယ်ဟူနိုင်လျှင်၊ အိမ်ရှင်တို့က အိမ်ကို ပြန်လည်ရောင်းချပါမည်ဟူ၍၊ ဦးသန်းညွှန့်နှင့် ဦးသိန်း-ဒေါ်အေးတို့ စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ၅ နှစ်မပြည့်မီ အိမ်ရှင်က၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (ဇ)အရ၊ အချင်းဖြစ်အိမ်ကို အကြောင်းအားလျော်စွာ သဘောရိုးဖြင့်

ပြန်လည်ရယူလိုပါသည်ဟု တရားစွဲဆိုခဲ့သည်။ ဦးသိန်း-ဒေါ်အေးတို့က စာချုပ်အရ ၅ နှစ်အတွင်း မိမိတို့အား နှင်ထုတ်ခြင်း တရားစွဲဆိုခြင်းမပြုလုပ်ပါဟု ဦးသန်းညွှန့်က ပြုခဲ့သောကတိကို အားကိုးထုချေသည်။ ထို့ပြင် ၎င်းတို့သည် စာချုပ်ကခွင့်ပြုဘဲ အတိုင်း အိမ်ကိုပြန်လည်ဝယ်ယူမည် ဖြစ်ပါသည်ဟူ၍လည်း အမှုတွင်ချေပသည်။

မူလရုံးက အိမ်ရှင်-အိမ်ငှါး ချုပ်ဆိုခဲ့ကြသည်ဆိုသော အငှါးစာချုပ်သည် သက်သေခံမဝင်။ ထို့ကြောင့် ထိုစာချုပ်ကို ထည့်သွင်းစဉ်းစားရန်မလို၊ အိမ်ရှင်သည် သဘောရိုးဖြင့် အကြောင်းအားလျော်စွာ၊ အဆောက်အဦးကို ပြန်လည်ရရှိလိုသည်ဖြစ်ကြောင်း မှာလည်း ထင်ရှားသည်ဟုဆုံးဖြတ်၍ အိမ်ရှင်အားအနိုင်ပေးခဲ့သည်။ အိမ်ငှါးများဇာမန္တလေးမြို့ ခရိုင်တရားမရုံးသို့ ပဌမအယူခံမှု တင်သွင်းခဲ့ကြရာ မအောင်မြင်ခဲ့ချေ။ ထို့နောက်၊ မန္တလေးရုံးထိုင် နိုင်ငံတော်တရားရုံးချုပ်သို့ ဒုတိယအယူခံတင်သွင်းခဲ့ကြရာ ဥပဒေပြဿနာများဖော်ထုတ်၍ အယူခံကိုလက်ခံကာ အိမ်ငှါးအား အနိုင်ပေးခဲ့သည်။ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းကို မကျေနပ်သဖြင့် အိမ်ရှင်ဦးသန်းညွှန့်က အယူခံဝင်ရန် အခွင့်ထူးပေးပါမည့်အကြောင်း ဤရုံးသို့ လာရောက်လျှောက်ထားခြင်းဖြစ်သည်။

ဒုတိယ အယူခံမှုကို ကြားနာသော ပညာရှိတရားသူကြီး ဦးစိန်သင်းက မြေနှင့် အိမ်ငှါးစာချုပ်သည် သက်သေခံမဝင်ဟုဆိုသော်လည်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃ (က) တွင်၊ ၎င်းစာချုပ်သည် အကျုံးဝင်၍နေသည်။ ထိုစာချုပ်တွင် သဘောတူညီခဲ့သည့်အတိုင်း၊ ဒေါ်အေးတို့သည် အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်လျက်ရှိသည်။ အိမ်လခများကို ပေးသွင်းခြင်းအားဖြင့်- ပဋိညာဉ် စည်းကမ်းများကို ဆောင်ရွက်လျက်ရှိသည်။ အချိန်ကျရောက်သောအခါ အိမ်ကိုပြန်ဝယ်ရန် ရည်ရွယ်သည်ဟူ၍ အဆိုရှိသည်။ ထို့ကြောင့် စာချုပ်နှင့် နှစ်ဘက်အမှုသည်များ ပြုမူဆောင်ရွက်ချက်များသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃ (က) တွင် အကျုံးဝင်၍နေသည်။ ဒေါ်အေးတို့က စာချုပ်ကို ဆောင်ရွက်သလို ဦးသန်းညွှန့်ကလည်း လိုက်နာဆောင်ရွက်ရန်ရှိသည်။ ထို့ကြောင့် စာချုပ်တွင် ဦးသန်းညွှန့်က ၅ နှစ်အတွင်း ဒေါ်အေးတို့အား ဖယ်ရှားရန် တရားမစွဲပါဟု သတ်မှတ်ထားသည့်အတိုင်း၊ ဦးသန်းညွှန့်က တရားစွဲဆိုနိုင်မည်မဟုတ်ဟု ဆုံးဖြတ်ထားလေသည်။

ထိုအချက်နှင့်ပတ်သက်၍၊ လျှောက်သူ၏ပညာရှိရွှေနေကြီး ဦးထွန်းဝေက အမှုကို စွဲဆိုခဲ့သည်မှာ၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရဖြစ်၍၊ ထိုအက်ဥပဒေပုဒ်မ ၁၂(၁) တွင် "ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေတွင်သော်၎င်း၊ ပဋိညာဉ် အက်ဥပဒေတွင်၎င်းရန်ကုန်မြို့တော် တရားမရုံး အက်ဥပဒေတွင်သော်၎င်း၊ မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေနှင့်သက်ဆိုင်သော ဥပစာကိုပြန်လည်သိမ်းပိုက်ရန်အတွက် ဖြစ်စေ၊ ထိုဥပစာမှအိမ်ငှါးများကို နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ မည်သည့်အမိန့်၊ သို့မဟုတ်

ဒီကရီတို့မျှ အောက်ပါကိစ္စမျှားတွင်မှတပါး ချမှတ်ခြင်းမပြုရ" ဟုအတိအလင်းဖော်ပြ ထားပါသည်။ ထိုပုဒ်မတွင် အိမ်ရှင်က အိမ်ငှါးထံမှ အိမ်ကိုပြန်လည်ရနိုင်သည့်ကိစ္စမျှား ကို တပိုဒ်စီသီးခြားရှင်း အတိအလင်းဖော်ပြထားပါသည်။ ထိုပုဒ်မ ၁၂(၁) (၈)အရ၊ အိမ်ရှင်က တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။ထို့ကြောင့်၊ စွဲဆိုသောအမှုနှင့်ပစ္စည်းလွှဲပြောင်း ခြင်းအက်ဥပဒေ မည်သို့မျှမသက်ဆိုင်ပါဟု လျှောက်လဲသည်။ လျှောက်ထားခံရသူ၏ ပညာရှိရွှေနေကြီး ဦးဘိုးသာက မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် ပုဒ်မ ၁၂(၁) တွင် ဖော်ပြသော ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ၊ ပဋိညာဉ် အက်ဥပဒေစသော ဥပဒေတို့ကို ဖျက်သိမ်းသည်လည်းမဟုတ်ပါ။ လွှမ်းခြုံသွားသည်ဟူ၍ မဆိုသာပါ။ ထိုဥပဒေများနှင့်အတူ ရပ်တည်၍ ထိုဥပဒေမျှားက ဖြည့်စွက်သည်တို့ကို သာဖြစ်ပါသည်။ ထို့ကြောင့် ဒုတိယအယူခံမှုတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၃(က)က ဆုံးဖြတ်ထားခြင်းသည် မှားယွင်းသည်ဟု မဆိုသာပါဟု လျှောက်လဲ တင်ပြသည်။

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် အဓိကအားဖြင့် အိမ်ငှါး မျှားကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။ တဘက်သတ် အခွင့်အရေးပေးရန် မဟုတ်သော်လည်း ပုဒ်မ ၁၂ သည် အိမ်ငှါးအား အိမ်ရှင်၏ နှင်ထုတ်ဖယ်ရှားခြင်းမှ အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ ထို အကာအကွယ်မျှားထက် သျှောနည်း၍ အိမ်ငှါးကရရှိန် မဟုတ်သော်လည်း ပစ္စည်း လွှဲပြောင်းခြင်းအက်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ စသည်တို့အရ၊ ရရှိနိုင်သော အခြား အခွင့်အရေးမျှားကိုလည်း အိမ်ငှါးက ရရှိနိုင်သည်။ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေက ထိုကဲ့သို့သော အခြားအခွင့်အရေးမျှားကို ဖျက်သိမ်းသည်မဟုတ်ချေ။ အိမ်ငှါးအား ကာကွယ်ရန် ပြဋ္ဌာန်းပေးထားသော မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေကြောင့် အိမ်ငှါးကဦးတ အိမ်ရှင်နှင့်ချုပ်ဆိုထားသော စာချုပ်အရ ရရှိ အပ်သော အခွင့်အရေးမျှား ဆုံးပါးရမည်ဆိုလျှင် ဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ် သာရ ဆုံးရှုံးရမည်သာ ဖြစ်ပေသည်။

အိမ်ရှင်-အိမ်ငှါး စာချုပ်အရ အိမ်ငှါးဖြစ်ကြသော ဦးသိန်း-ဒေါ်အေးတို့သည် အိမ်တွင်နေထိုင်၍ လခပေးဆောင်လျက်ရှိကြသည်။ ထို့ကြောင့် စာချုပ်ပါစည်းကမ်း ချက်မျှားကို လိုက်နာဆောင်ရွက်လျက်ရှိကြသည်။ ဦးသန်းညွှန့်က ၎င်းဘက်မှ လိုက် နာရန်ရှိသော စာချုပ်ပါ စည်းကမ်းချက်မျှားကို လိုက်နာရန်လိုပါသည်။ ထိုသို့ လိုက်နာပြီးမှ၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁) (၈)အရ စွဲဆိုနိုင်သေးလျှင်၊ တရားစွဲဆိုနိုင်ရန်ဖြစ်ပါသည်။ ယခုမူ အိမ်ငှါးအား မနှင်မူ၍ စာချုပ်၊ အရ ချုပ်ဆိုခဲ့သော ၅ နှစ်ကာလအတွင်း တရားစွဲဆိုခဲ့ခြင်းသာ ဖြစ်သဖြင့်၊ စာချုပ်ပါ

စည်းကမ်းနှင့်လည်းမညီ၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃(က) နှင့်လည်း ဆန့်ကျင်သည်။ တရားမျှတမှုနှင့်လည်း ဆန့်ကျင်သည်။ ထို့ကြောင့် ဦးသန်းညွန့်က အိမ်ငှါးမျှားအား နှင်လိုက်ကြောင်း စွဲဆိုသောအမှုကို ပလပ်ရမည်ဟု တရားရုံးချုပ်က ဒုတိယအယူခံမှုတွင် ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

၁၉၆၆

ဦးသန်းညွန့်. နှင့် ဦးသိန်း ဟ.။

အထက်ပါအကြောင်းမျှားကြောင့်၊ အယူခံဝင်ရန် အခွင့်ထူး လျှောက်ထားခြင်းကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရုံးချေနေခမှာ ငွေ ၃၄ ကျပ်ဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆ ဦးသိန်းဇံ (ပြင်ဆင်ရန်လျှောက်ထားသူ)

ဩဂုတ်လ ၁၉ ရက် ။ နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးသန်းမောင်) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ၊ တရားစွဲဆိုမှု—ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊စွဲချက်တင်ခြင်း—နိုင်ငံခြားမှမှာယူထားသည့်အထည်အလိပ်များရောက်လာကရောင်းမည်ဟုပြောခြင်းယူခြင်း—နှုတ်ဖြင့်ချုပ်ဆိုသည့် ဥပဒေနှင့် ညီသည့်ပဋိညာဉ်အတိုင်း မဆောင်ရွက်ခြင်း—စွဲချက်တင်ထားခြင်းမှာမှားယွင်းသည်ဟုဆိုနိုင်မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။လျှောက်သူက တရားလိုထံတွင် သွားရောက်ပြီး ဂျပန်ပြည်မှမှာယူထားသည့် အထည်အလိပ်များနှင်ပတ်သက်၍၊ မြန်မာပြည်သို့ရောက်လာပါက ရောင်းပါမည်ဟု ပြောဆိုပြီး ငွေကိုတောင်းဆိုရာ၌၊ တရားလိုကလည်း ယုံကြည်၍၊ လျှောက်သူအား ငွေကိုအပ်နှံလိုက်ခြင်းဖြစ်ပေသည်။ ထိုသို့ အပ်နှံပြီးနောက် ပစ္စည်းများရောက်ရှိလာသောအခါ၊ တရားလိုအား လျှောက်သူက နှုတ်ဖြင့်ချုပ်ဆိုသည့် ဥပဒေနှင့်ညီသည့် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ သို့ရာတွင် လျှောက်သူက အထည်အလိပ်များကို တရားလိုအား မပေးဘဲအခြားသူများသို့ မိမိကိုယ်ကျိုးအတွက် မရိုးမဖြောင့်သော သဘောဖြင့် ရောင်းစား၍၊ သုံးစွဲလိုက်ခြင်းဖြစ်ရာ၊လျှောက်သူအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ စွဲချက်တင်ထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးသန်းအောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးသန်းမောင် (ကိုယ်တိုင်)နှင့် အစိုးရ ရွှေနေကြီး ဦးတိုးမောင်။

တရားသူကြီး ဦးချစ်။ ။ရန်ကုန်မြို့၊ အရွှေပိုင်းနယ်ပိုင် ရာဇဝတ် တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၈၀ တွင်၊ လျှောက်ထားခံရသူ ဦးသန်းမောင်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၄၀ (ခ)။

† ၁၉၆၃ ခုနှစ်၊ရာဇဝတ်ကြီးမှုအမှတ် ၄၀၀ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့၊ အရွှေပိုင်း နယ်ပိုင် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

(တရားလို)က၊ လျှောက်ထားသူ ဦးသိန်းဇံ (တရားခံ)အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ၊ တရားစွဲဆိုခဲ့သည်။ မူလရုံးက ထိုအမှုတွင် တရားလိုပြသက်သေ ဂ ယောက်၏ ထွက်ချက်များနှင့် တင်ပြထားသော သက်သေခံ စာရွက်စာတမ်းများတို့ အပေါ်တွင် ချင့်ချိန်ဝေဖန် သုံးသပ်ပြီး တရားခံ ဦးသိန်းဇံအပေါ် စွဲချက်တင်နိုင်လောက်သော သက်သေခံချက်များ ရှိသည်ဟု ယူဆကာ ယင်းကဲ့သို့ ဦးသိန်းဇံအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲချက်တင်လေသည်။

ထိုကဲ့သို့ စွဲချက်တင်သော အမိန့်ကို မကျေနပ်သဖြင့် ပယ်ဖျက်စေခြင်းငှါ၊ တရားရုံးချုပ်သို့ ထောက်ခံပေးပါရန် ဦးသိန်းဇံက ရန်ကုန်မြို့၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၁ တွင် ပြင်ဆင်လွှာ တင်သွင်းခဲ့သည်။

ပညာရှိ စက်ရှင်တရားသူကြီးက အောက်ရုံး အမှုတွဲကို လေ့လာသုံးသပ်၍ နှစ်ဘက်သော ရှေနေကြီးများကို ကြားနာပြီးနောက်၊ မူလရုံးက ဦးသိန်းဇံအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ တင်ထားသော စွဲချက်ကို ပယ်ဖျက်ပေးပါရန် ထောက်ခံတင်ဆက်ထားသည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ အောက်ရုံး စီရင်ချက်တွင် ဖော်ပြထားပြီးဖြစ်သည်။ သို့ရာတွင် ဤအမှုကို သုံးသပ်ရာ၌ အရေးကြီးသော အဓိကအချက်ဖြစ်သည့် အကြောင်းခြင်းရာများကို ဖော်ပြရန် လိုအပ်ပေသည်။ ဦးသိန်းဇံသည် ကြံတိုင်းအောင် ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာဖြစ်သည်၊ ၎င်းကုမ္ပဏီသည် ဂျပန်ပြည်မှ တာစိုနှင့် ဒိုဘီပေါ်ပလင်မျှားကို မှာယူရန် လိုင်စင်ရသော ကုမ္ပဏီဖြစ်သည်။ ထိုကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးသိန်းဇံက ဦးသန်းမောင်ထံသို့ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ဂ ရက်နေ့က လာရောက်ပြီး၊ လိုင်စင်များကို ပြသ၍ ကုမ္ပဏီကမှာယူသော ပစ္စည်းများ ဆိပ်ကမ်းရောက်လျှင် ဦးသန်းမောင်အား ရောင်းမည်ဟုပြော၏။ ဦးသန်းမောင်ကလည်း ယုံကြည်သဖြင့် စရံငွေအဖြစ်ဖြင့် ၇,၈၅၀ ကို ပေးအပ်လိုက်သည်။ ထိုနောက် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့လောက်တွင် ဦးသိန်းဇံသည် ဦးသန်းမောင်ထံသို့ တဖန်လာရောက်ပြီး မှာလိုက်သည့်ပစ္စည်းများ ရောက်လာ၍ ၎င်းပစ္စည်းများကိုရွေးရန် နောက်ထပ် ငွေလိုနေသောကြောင့် ကျပ်ငွေ ၁၇,၅၀၀ ကိုတောင်းရာ ဦးသန်းမောင်က ဦးသိန်းဇံအား ထပ်မံ၍ပေးလိုက်သည်၊ ဦးသန်းမောင်ပေးအပ်သော ငွေများနှင့် ဦးသိန်းဇံသည် ဂျပန်ပြည်မှ ရောက်ရှိလာသော အထည်အလိပ်များကို ရွေးယူပြီး၊ မူလ၊က ဦးသန်းမောင်အား အထည်များ ရောင်းမည်ဟူသော ပဋိညာဉ်ကို ဖေါက်ဖျက်၍ ဦးသန်းမောင်အား အထည်အလိပ်များကိုမပေးဘဲ၊ အခြားသူများသို့ ရောင်းစားလိုက်လေသည်။

လျှောက်ထားသူ၏ ပညာရှိရွှေနေကြီး ဦးသန်းအောင်က ဦးသန်းမောင် စုပ်စွဲသည့်အတိုင်း ဦးသိန်းဇံ၏ ပြုမူချက်သည် ဆဇဝတ်မကင်းသော ယုံကြည် အပ်နှံခြင်း ဖေါက်ဖျက်မှုတွင် အကျုံးမဝင်ပါ၊ အထည်များကို ဆောင်းမည်ဆို၍ မဆောင်းခြင်းကြောင့် ကတိပဋိညာဉ်ကိုသာလျှင် ဖေါက်ဖျက်ရာကျဆောက်သဖြင့် ယခုလို ဦးသိန်းဇံအပေါ် ဆဇဝတ်မကင်းသော ယုံကြည်အပ်နှံခြင်း ဖေါက်ဖျက်မှုဖြင့် ဆဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲချက်ဘင်ထားခြင်းမှာ မှားယွင်းပါသည်ဟုတင်ပြသွားပြီး၊ ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံ တင်ပြချက်ကိုလည်း ထောက်ခံ၍ လျှောက်လဲသွားသည်။

လျှောက်ထားခံရသူ ဦးသန်းမောင်က ရုံးသို့ကိုယ်တိုင် လာရောက်၍ လျှောက်လဲသည်။ ၎င်းက ဦးသိန်းဇံသည် ဂျပန်ပြည်မှမှာသော အထည်အလိပ်များကို မြန်မာပြည်သို့ရောက်လာလျှင်၊ မိမိအားရောင်းမည်ဆိုသဖြင့် မိမိက ဦးသိန်းဇံအား ပဌမအကြိမ် ငွေ ၇,၀၀၀ ကျော်နှင့် ဒုတိယအကြိမ် ငွေ ၁၇,၅၀၀ တို့ကို ၎င်းအားယုံကြည်သဖြင့် ပေးအပ်ခဲ့ပါသည်။ အထည်အလိပ်များရောက်ရှိ၍ မိမိကပေးထားသည့် ငွေများနှင့် ရွှေးယူပြီးသော်လည်း၊ မိမိအား မူလကပဋိညာဉ်ပြုလုပ်ထားသည့်အတိုင်း အထည်အလိပ်များကို မရောင်းဘဲ အခြားသူများကို ရောင်းလိုက်ခြင်းကြောင့် ဦးသိန်းဇံသည် မူလပဋိညာဉ်ကိုဖေါက်ဖျက်ပါသဖြင့် မူလရုံးက ၎င်းအပေါ် ဆဇသတ်ကြီးပုဒ်မ ၄၀၆ အရစွဲချက်တင်ထားခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြထားသည်။

အစိုးရဘက်မှလိုက်ပါဆောင်ရွက်သည့်ပညာရှိရွှေနေကြီးဦးတိုးမောင်က၊ ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို လက်မခံနိုင်ပါ၊ ဤအမှုတွင် ဦးသိန်း သည် ဦးသန်းမောင်က ယုံကြည်အပ်နှံ၍ပေးထားသော ငွေများကို ပဋိညာဉ်အတိုင်း မဆောင်ရွက်ဘဲ ဆန့်ကျင်စွာဆောင်ရွက်သဖြင့် ဆဇသတ်ကြီးပုဒ်မ ၄၀၅ တွင် အကျုံးဝင်နေသောကြောင့် ယခုလို ဆဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ ဦးသိန်းဇံအပေါ် စွဲချက်တင်ခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြသွားသည်။

ဤအမှုကို ကျွန်ုပ်သည် အသေးစိတ်လေ့လာ၍ ဥပဒေ အချက်အလက်များနှင့် ပတ်သက်၍လည်း အသေးစိတ် စီစစ်သုံးသပ်သည်။ ယခုအမှုတွင် ဦးသိန်းဇံအပေါ် မူလရုံးက ဆဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ စွဲချက်တင်ခြင်းဖြစ်သည်၊ ထိုသို့စွဲချက်တင်ခြင်းမှာလည်း တရားလိုပြသက်သေများနှင့် တင်ပြထားသော စာရွက်စာတမ်းများကို ကြည့်ရှုပြီး ဦးသိန်းဇံအပေါ် ယင်းစွဲချက်ဖြင့် တင်နိုင်လောက်အောင် အကြောင်းခြင်းရာများ ပေါ်ပေါက်သည်ဟု ယူဆပြီး တင်ထားသော စွဲချက်ဖြစ်သည်၊ စွဲချက်တင်ထားရုံမျှနှင့် အမှုမှာ အပြီးသတ် မရောက်သေးပေ၊ စွဲချက်တင်ထားရုံမျှနှင့်လည်း တရားခံမှာ အပြစ်ရှိသည်ဟု မဆိုနိုင်ပေ။ ထိုသက်သေများ ထွက်ချက်နှင့် သက်သေခံ စာရွက်စာတမ်းများအရ ဆဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ စွဲချက်တင်ထားခြင်းမှ

မှန် မမှန်ကို ဆန်းစစ်ရန်လိုအပ်ပေသည်။ ယင်းသို့ ဆန်းစစ်ရာ၌ ရာဇသတ်ကြီးပုဒ်မ ၄၀၅ ကို ဖော်ပြသော ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံခြင်း ဖေါက်ဖျက်မှု၏ အဓိပ္ပါယ်ကို ဖော်ပြရန် လိုအပ်ပေသည်။ ၎င်းပုဒ်မက ဤသို့ဆို၏။

ရာဇဝတ် မကင်းသော ယုံကြည် အပ်နှံရေး ဖေါက်ဖျက်မှု။

၄၀၅။ ။မည်သူမဆို၊ ပစ္စည်းကို၊ သို့တည်းမဟုတ် ပစ္စည်းစီမံ ခန့်ခဲ့ပိုင်ခွင့်ကို တနည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်း ခံရသည်တွင် ထို ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုလျှင်၊ သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ် ပြောင်းလဲ လျှင်၊ သို့တည်းမဟုတ် ယုံကြည် အပ်နှံခြင်း ခံရသည့် အတိုင်း ဆောင်ရွက်ရန် နည်းလမ်းကို ပြဋ္ဌာန်းသည့် ဥပဒေ ညွှန်ကြားချက်ကို ကျူးလွန်၍သော်၎င်း၊ ယုံကြည်အပ်နှံခြင်း ခံရသည့်အတိုင်း ဆောင်ရွက်ရန်ကိစ္စ နှင့်စပ်လျဉ်း၍အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်စေခြင်းဖြစ်စေ၊ **မိမိချုပ်ဆိုသော ဥပဒေညီသည့်ပဋိညာဉ်ကို ကျူးလွန်၍သော်၎င်း**၊ ထိုပစ္စည်းကိုမရိုး မဖြောင့်သော သဘောဖြင့်သုံးစွဲခြင်းကို၊ သို့တည်းမဟုတ်စီမံခန့်ခဲ့ခြင်းကိုပြုလျှင်၊ သို့တည်းမဟုတ် အခြားသူကထိုသို့ပြုသည်ကို တမင်ခွင့်ပြုလျှင်၊ ထိုသူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖေါက်ဖျက်မှုကို ကျူးလွန်သည်မည်၏။

ထိုအဓိပ္ပါယ်၏ ဖွင့်လှစ်ချက်တွင် အထူးသဖြင့် ဤအမှုနှင့် သက်ဆိုင်သော **"မိမိချုပ်ဆိုသော ဥပဒေညီသည့် ပဋိညာဉ်ကို ကျူးလွန်၍သော်၎င်း၊"** ဟူသော စကားရပ်ကို လေးနက်စွာ စဉ်းစားရန် လိုအပ်ပေသည်။

ယခုအမှုတွင် ဦးသိန်းဇံက ဦးသန်းမောင်ထံတွင် သွားရောက်ပြီး ဂျပန်ပြည်မှ မာယူဆားသည့် အထည်အလိပ်များနှင့် ပတ်သက်၍ မြန်မာပြည်သို့ ရောက်လာပါက ရောင်းပါမည်ဟု ပြောဆိုပြီး၊ ငွေကိုတောင်းဆိုရာ၌ ဦးသန်းမောင်ကလည်း ယုံကြည်၍ ဦးသိန်းဇံအား ထိုငွေကို အပ်နှံလိုက်ခြင်း ဖြစ်ပေသည်။ ထိုသို့အပ်နှံပြီးနောက် ပစ္စည်းများ ရောက်ရှိလာသောအခါ၊ ဦးသန်းမောင်အား ဦးသိန်းဇံက နှုတ်ဖြင့်ချုပ်ဆိုသည့် ထိုဥပဒေနှင့်ညီသည့် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ဖြစ်ပေသည်။ ယခုအမှုတွင် ပေါ်လွင်နေသည်မှာ ဦးသိန်းဇံသည် ထိုဥပဒေညီသည့် ပဋိညာဉ်ကို ကျူးလွန်၍ ရောက်ရှိလာသော အထည်အလိပ်များကို ဦးသန်းမောင်အား မပေးဘဲ၊ အခြားသူများသို့ မိမိကိုယ်ကျိုးအတွက် မရိုးမဖြောင့်သော သဘောဖြင့် ရောင်းစား၍ သုံးစွဲလိုက်ခြင်းဖြစ်သည်ဟု ပေါ်လွင်လေသည်။

ထို့ကြောင့်ပင်လျှင် မူလရုံးက၊ ဦးသိန်းဇံအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲချက်တင်သည်ဟု ယူဆသည်။ ပညာရှိ စက်ရှင်တရားသူကြီးရှေ့တွင် ဦးသန်းမောင်အတွက် လိုက်ပါဆောင်ရွက်သော အမိန့်တော်ရ ရှေ့နေကြီး ဦးလှမောင်က ယင်းကဲ့သို့

စဲ့ချက်တင်ခြင်းမှာ မှားယွင်းသည်ဟု ဝန်ခံသည် ဆိုသော်ငြားလည်း၊ ကျွန်ုပ်ရွှေထွင် ဦးသန်းမောင် ကိုယ်တိုင်က သော်၎င်း၊ ပညာရှိ အစိုးရရွှေနေကြီးကသော်၎င်း၊ ယင်းကဲ့သို့ စဲ့ချက်တင်ထားခြင်းမှာ မှားယွင်းပါသည်ဟု ဝန်ခံမသွားကြပေ။ ယင်းကဲ့သို့ စဲ့ချက်တင်ခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြသွားသည်။ ထို့ကြောင့် ရွှေနေကြီး ဦးလှမောင်၏ ဝန်ခံချက်ကို ကျွန်ုပ်ထည့်သွင်း မစဉ်းစားနိုင်ပေ။ ဤရုံးအနေနှင့် အမှုမှန်ပေါ် ပေါက်ရေးမှာ အရေးကြီး၍ လိုအပ်သော အချက်ဖြစ်ပေသည်။

အထက်တွင် မြွက်ဟခဲ့သည့်အတိုင်း ဦးသိန်းဇံသည် နှုတ်အားဖြင့် ပြောဆိုသော ဥပဒေနှင့်ညီသည့် ပဋိညာဉ်ကို ကျူးလွန်ရာ ရောက်နေသဖြင့် ၎င်းအပေါ် ဆိုခဲ့ပြီး သော စဲ့ချက်ကို တင်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဦးသိန်းဇံ အဘိမှာလည်း ဤကဲ့သို့ ၎င်းအပေါ် စဲ့ချက်တင်ခြင်းအားဖြင့် ၎င်းမှာ ဤအမှုအမှန် ပေါ်ပေါက်ရေးနှင့် ပတ်သက်၍ ပြောဆိုချေပနိုင်သော အခွင့်အရေးများ ရရှိလေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလရုံးက ဦးသိန်းဇံအပေါ် ရာဇသတ် ပုဒ်မ ၄၀၆ အရ စဲ့ချက်တင်ထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံ တင်ပြချက်ကို အတည်ပြု လက်မခံနိုင်ပေ။ ထို့ကြောင့် မူလရုံးက ဤအမှုကို ဆက်လက်စစ်ဆေးသွားရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးစိန် သင်းရွှေတင်

ဦးသိန်းဟန် (အယူခံတရားလို) †

နှင့်

ဦးဘသိုက်ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၆ ဧပြီလိုင်လ ၁၅ ရက်။

အငှါးစာချုပ်အရ၊ ဆင်ငှါးကျသင့်ငွေ ရသို့မူ —အငှါးစာချုပ်သည် အယောင်ဆောင်စာချုပ် ဟုတ်မဟုတ်—သက်သေခံချက်များနှင့် တကွ ဥပဒေ အချက်အလက်များပါ ယှဉ်တွဲကာ သုံးသပ်ရန်လိုခြင်း—ဟန်ဆောင်စာချုပ်မျှသာ ဖြစ်ကြောင်းသက်သေထူခွင့်ရှိမရှိ—ဇွေတိုး ချသူတို့ အက်ဥပဒေ ပုဒ်မ ၁၀ ကို ကွင်းလှောင် ကျော်နင်းရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည့် ကိစ္စဖြစ်မဖြစ်။

အယူခံ တရားလိုကတဘက် အယူခံ တရားခံကဘဘက် ဆင်အရောင်းအဝယ် စာချုပ်ချုပ်ဆို ဆိုကြသည်။ တချိန်တည်းမှာပင် ဆင်ကိုငှါးသော အငှါးစာချုပ် တခု ချုပ်ဆိုကြပြန်သည်။ အငှါးစာချုပ်အရ၊ အယူခံတရားခံတို့ကအယူခံတရားလိုအပေါ် ဆင်ငှါးခ ကျသင့်ငွေရလိုမှု တရားစွဲဆိုသည်။ အယူခံတရားလိုက အငှါးစာချုပ်မှာအယောင်ဆောင် စာချုပ်ဖြစ်သည်ဟု ချေပထားသည်။

ဆုံးဖြတ်ချက်။ ။အငှါးစာချုပ်သည် အယောင်ဆောင်စာချုပ် ဟုတ်မဟုတ်၊ စာချုပ်ကို ကြည့်ရှုရုံကာမျှနှင့်ဆုံးဖြတ်ချက် ချမှတ်နိုင်မည် မဟုတ်။ ထိုစာချုပ်နှင့် ပတ်သက်၍၊ ရရှိသည့် ပေါ်လွင်ထင်ရှားသော သက်သေခံချက်များနှင့်တကွ၊ ဝန်ခံထားချက်များသည် မည်ကဲ့သို့ သဘော သက်ရောက်ကြောင်း ဥပဒေအချက်အလက်များနှင့် ယှဉ်တွဲကာ သုံးသပ်ရန် လိုပေမည်။ သက်သေခံထင်ရှားသည့် အချက်နှင့် ဝန်ခံချက်များမှ မည်ကဲ့သို့မှန်းဆ ကောက်ယူသင့်သည်ဟူသော ပြဿနာသည် ဥပဒေ ပြဿနာ ရပ်ဖြစ်သည်။

ဆက်ဂါပရာဆတ် နှင့် ဟာနာရိန်ဒတ်။ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၃၂၊ ပရီဗီကောင်စီ၊ စာမျက်နှာ ၁၉။

ဒေါက်တာဂေါ ဒင်ဆီးကရေ့နှင့်ပြည်ဆောင်စုမြန်မာနိုင်ငံတော် မြန်မာပြည် စီရင်ထုံး ၁၉၅၂ ခုနှစ် (တရားလွှတ်တော်) စာ ၄၄ ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၁၃။

† ၁၉၆၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့စွဲပါ၊ ၁၉၆၄ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၇ တွင် ကသာမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆ ဦးသိန်းဟန် နှင့် ဦးဘသိုက် ပါ ၂။

စာချုပ်တခုကိုအကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့ကြလျှင် ထိုစာချုပ်ပါ စကားလုံးနှင့် ကွဲလွဲ၍ ချုပ်ဆိုသူတို့ကသက်သေမထူထောင်နိုင်ခေ။ထိုသို့ပင်သက်သေခံအက်ဥပဒေ ပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက် မရှိ၊ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်းကို သက်သေယူခွင့်ရှိသည်။ ဟန်ဆောင် စာချုပ် ဟုတ်မဟုတ် ဟူသည့် အချက်သည်အရေးကြီးသော ကောက်ချက်တရပ် ဖြစ်သည်။ထို ကောက်ချက်ကို သက်သေအထောက် အထားများနှင့် တကွ ဥပဒေ အချက်အလက်များနှင့် ညှိနှိုင်းသုံးသပ်ပြီးမှသာ ဆုံးဖြတ်ချက် ချမှတ်နိုင်မည်ဖြစ်သည်။

ဦးစိုးမြတ်ထင်ပါ ၃ နှင့် ဒေါ်ကြင်ယုံ ပါ ၃၊ ၁၉၆၃ ခုနှစ်၊ တရားမ၌တိုယအယူခံမှု အမှတ် ၇၊ တရားရုံးချုပ်။

ဒေါ်သောင်းချက်ပါ၅ နှင့် ဦးထွန်းလှိုင်ပါ ၂ ၊ ၁၉၆၄ ခု၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၂၈၊ တရားရုံးချုပ်။

ဒေါ်မြ နှင့် **ဒေါ်ကျင်** ၁၉၆၄ ခု၊ တရားမ ပဌမ အယူခံမှု အမှတ် ၃၁၊ တရားရုံးချုပ် ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အရင်းငွေ ကျပ် ၅,၀၀၀ အတွက် ၈ လ ခန့်မျှသော အချိန်အတွင်း အတိုးငွေကျပ် ၃,၀၀၀ ကျော် ဖြစ်လာခြင်းမှာ တရားမျှတသည့် ရောင့်ဝယ် ဖေါက်ကားမှု မဟုတ်ခေ၊ အယူခံတရားခံများ၏ ပြုလုပ်မှုသည် ငွေတိုးချသူတို့ အက်ဥပဒေ ပုဒ်မ ၁၀ တွင် ပညတ်ထားသည့် ကိစ္စများကို ကွင်းရှောင်ကျော်နင်းရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည့် ကိစ္စ ဖြစ်သည်။ ထို့ကြောင့် ထိုစာချုပ်သည် တရားဥပဒေအရ ပဋိညာဉ်မြောက်သည့် သဘောတူ စာ ချုပ်မဟုတ်ခေ။

အယူခံတရားလိုအတွက်။ ဦးမြစိန်။

အယူခံတရားခံများအတွက်။ ဦးထွန်းဝေ။

တရားသူကြီး ဦးဗိန်သင်း။ ။၁၃၂၅ ခုနှစ်၊ နယုန်လဆုတ် ၁ ရက် (၁၉၆၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့)တွင်၊ ဦးဘသိုက်နှင့် ဒေါ်လှရင်တို့ကတဘက်၊ ဦးသိန်းဟန်ကတဘက် ဆင်အရောင်းအဝယ်စာချုပ်ဘခု ချုပ်ဆိုကြသည်။ ထိုစာချုပ်အရဆိုသော် ဦးသိန်းဟန် ပိုင် ဆင်မတကောင်ကို အဘိုးငွေ ၇,၀၀၀ ဖြင့် ဦးဘသိုက်နှင့် ဒေါ်လှရင်တို့အား ရောင်းလိုက်ခြင်းဖြစ်သည်။ တချိန်တည်းမှာပင် အဋ္ဌားစာချုပ်တခု ချုပ်ကြပြန်သည်။ ထိုအဋ္ဌားစာချုပ်တွင် ဦးဘသိုက်နှင့် ဒေါ်လှရင်ပိုင် ဆင်မကို ဦးသိန်းဟန်အား တလလျှင်ငွေ ၂၀၀ နှုန်းထားဖြင့် ငှါးလိုက်သည်ဟု ဖေါ်ပြထားသည်။ အဆိုပါ အငှါးစာချုပ်အရ ၁၀ လအတွက် ဆင်ငှါးခ ကျသင့်ငွေ ၂,၀၀၀ အနက်၊ ငွေ ၇၀၀ သာလျှင် ရရှိသေးသောကြောင့်၊ ကျန်ငွေ ၁,၃၀၀ အတွက် ဦးဘသိုက်နှင့် ဒေါ်လှရင်တို့က ဦးသိန်းဟန် အပေါ်တွင် ကဘာမြို့၊ နယ်ပိုင်တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမကြီး

မှုအမှတ် ၃ တွင်တရားစွဲဆိုခဲ့သည်။ ထိုအမှုတွင် ဦးသိန်းဟန်က အောက်ပါအတိုင်း ချေပထားသည်။

ဦးသိန်းဟန်သည် ဦးဘသိုက်တို့ထံမှ အလီလီချေးယူငွေ ၅,၀၀၀ တင်ရှိခဲ့သည်။ ထိုငွေ ၅,၀၀၀ အတွက် အတိုးငွေစုစုပေါင်း ၄,၃၀၀ ပေးခဲ့ပြီးဖြစ်သည်။ ထို့နောက် အတိုးများ နောက်ထပ်တက်လာရာ စုစုပေါင်းငွေ ၃,၆၀၀ ဖြစ်သည်တွင် အရင်းငွေ ၅,၀၀၀၊ အတိုးငွေ ၃,၆၀၀ ပေါင်းငွေ ၈,၆၀၀ အနက်၊ အစွန်းတွက်ငွေ ၆၀၀ ကို ပယ်ပြီး၊ ကျန်ငွေ ၈,၀၀၀ အတွက် ဦးသိန်းဟန်ပိုင် ဆင်မကို အဘိုးငွေ ၈,၀၀၀ ထား ကာ၊ အရောင်းအဝယ်စာချုပ် ပြုလုပ်ကြပြီးလျှင်၊ အရင်းငွေ ၅,၀၀၀ အတွက် တလလျှင် ၄° နှုန်းထားဖြင့် အတိုးငွေ ၂၀၀ ရရန်အလိုငှါ၊ ဆင်ငှါးစာချုပ် ချုပ်ဆို ကြခြင်းဖြစ်သည်။ ပညာရှိ မူလရုံး တရားသူကြီးက အောက်ပါအတိုင်း ကောက်ချက် တရပ်ထုတ်ခဲ့သည်။

သက်သေခံအမှတ် (က)သည် ဆင်ငှါးစာချုပ်ဆိုတာ မှန်သလား၊ သို့မဟုတ် တရားခံက တရားလိုများထံမှ တလလျှင် ၄° တိုးအရ၊ သုံးကြိမ်ချေးယူထားသော ငွေရင်း ၅,၀၀၀ နှင့် အတိုးအတွက် တရားလိုများ၏သဘောအရ လိုက်လျောပြီးလျှင်၊ တရားခံကဆင်ကို အငှါးယူသည်ဟု လှည့်စား ချုပ်ဆိုထားသော စာချုပ်ဖြစ်သည် ဆိုတာမှန်သလား၊ အချုပ်အားဖြင့်ဆိုသော် အမှုသည်များ အဓိက အငြင်းပွါးနေသည့် အချက်မှာ၊ သက်သေခံအမှတ် (က)သည် အမှန် အငှါးစာချုပ်၊ သို့တည်းမဟုတ် အယောင်ဆောင် စာချုပ်ဟူသည့် အချက်ဖြစ်သည်၊ တရားလို တရားခံများနှင့်တကွ ငင်းတို့တင်ပြသည့် သက်သေခံချက်များကို ဆင်ခြင်သုံးသပ်ပြီးနောက်၊ ပညာရှိမူလရုံး တရားသူကြီးက သက်သေခံအမှတ် (က) စာချုပ်သည် အမှန်အငှါးစာချုပ် ဖြစ်သည် ဟုယူဆကာ တရားလိုများ၏အမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ်လိုက်သည်။ တရားခံ ဦးသိန်းဟန်က မကျေနပ်သဖြင့် ကသာမြို့၊ ခရိုင်တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၇ တွင်၊ အယူခံဝင်ရာ မအောင်မြင်ခဲ့ချေ။ ထိုကြောင့် ယခုကျွန်ုပ်ရှေ့ရှိ ဒုတိယ အယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

သာမန်အားဖြင့်ဆိုသော်၊ စာချုပ် တခုခုအား လိမ်လည်လှည့်ဖြား မတရား ဩဇာလွှမ်းမိုးစဉ် ချုပ်ဆိုခဲ့ရသဖြင့် ပျက်ပြယ်စေလိုကြောင်း စွဲဆိုသည့် အမှုများတွင် လိမ်လည်လှည့်ဖြား မတရားဩဇာ လွှမ်းမိုးခဲ့ခြင်းရှိ မရှိဆိုသော ကောက်ယူချက်မှာ အကြောင်းခြင်းရာပေါ် တွင် ရှေ့ရှုသည့် ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်၊ တရားဥပဒေ နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် မဟုတ်ချေ။ထိုကိစ္စနှင့် ပတ်သက်၍ ပရီဗီကောင်စီ ၏ စီရင်ဆုံးဖြတ်သော **ဆက်ဂါပရာဆတ်**နှင့် **ဟာနာရိန်ဒတ်** (၁)တို့အမှုကို ရည်ညွှန်းလို

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ ပရီဗီကောင်စီ၊ စာမျက်နှာ ၈၉။

၁၉၆၆

ဦးသိန်းဟန်
နှင့်
ဦးဘသိုက်
ပါ ၂။

သည်။ သို့ရာတွင် ယခုကျွန်ုပ်ရှေ့ရှိ အမှုဌ သက်သေခံအမှတ် (က) စာချုပ်သည် အယောင်ဆောင်စာချုပ်ဟုတ် မဟုတ်ဆိုသည့် အချက်မှာ ဥပဒေပြဿနာနှင့်လည်း ဒွန်တွဲလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုအငှါးစာချုပ်သည် အယောင်ဆောင် စာချုပ်ဟုတ် မဟုတ်စာချုပ်ကို ကြည့်ရှုရုံကာမျှဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်မည် မဟုတ်။ ထိုစာချုပ်နှင့် ပတ်သက်၍ ရရှိသည့် ပေါ်လွင်ထင်ရှားသော သက်သေခံ ချက်များနှင့်တကွ ဝန်ခံထားချက်များသည် မည်ကဲ့သို့ သဘောသက်ရောက်ကြောင်း ဥပဒေ အချက်အလက်များနှင့် ယှဉ်တွဲကာ သုံးသပ်ရန်လိုပေမည်။ သက်သေခံထင်ရှား သည့် အချက်နှင့် ဝန်ခံချက်များမှ မည်ကဲ့သို့ မှန်းဆကောက်ယူသင့်သည်ဟူသော ပြဿနာသည် ဥပဒေ ပြဿနာရပ်ဖြစ်ကြောင်း ဒေါက်တာ **ဂေါ်ဒင်ဆီးဂရေ့** နှင့် **မြည်ထောင်စု မြန်မာနိုင်ငံတော်** (၂) အမှုစီရင်ထုံးတွင် အောက်ပါအတိုင်း ပြဆိုထားသည်။

> **"What inference should be drawn from proved and admitted facts is a question of law."**

ထို့ပြင် ထိုအငှါးစာချုပ်သည် ဥပဒေအရ ခိုင်လုံခြင်းရှိ မရှိဟူသည့် အချက်မှာ ဆင်အရောင်းအဝယ် ပြုလုပ်သည့် စာချုပ်ပေါ် ၌လည်း မူတည်နေသည်။ ထို့ကြောင့် ဤကောက်ချက်နှင့် ပတ်သက်၍ အောက်ရုံး နှစ်ရုံးစလုံးက တသဘောတည်း ဆုံးဖြတ် ချက် ချမှတ်ထားသော်လည်း ဤရုံးက ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

စာချုပ်တခုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့ကြလျှင် ထိုစာချုပ်ပါ စကားတို့နှင့် ကွဲလွဲ၍ ချုပ်ဆိုသူတို့က သက်သေမထူထောင်နိုင်ချေ။ ထိုသို့ပင် သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင် အကျိုး သက်ရောက်စေရန် ရည်ရွယ်ချက်မရှိ၊ ဟန်ဆောင် စာချုပ်မျှသာ ဖြစ်ခဲ့လျှင် ထိုသို့ ဖြစ်ကြောင်းကို သက်သေထူခွင့်ရှိသည်၊ ဟန်ဆောင်စာချုပ်ဟုတ် မဟုတ် ဟူသည့် အချက်သည် အရေးကြီးသော ကောက်ချက်တရပ်ဖြစ်သည်၊ ထိုကောက်ချက်ကို သက်သေ အထောက်အထားများနှင့်တကွ ဥပဒေ အချက်အလက်များနှင့် ညှိနှိုင်း သုံးသပ်ပြီးမှသာ ဆုံးဖြတ်ချက် ချမှတ်နိုင်မည်ဖြစ်သည်။ **ဦးစိုးမြတ်ထင်ပါ ၃ နှင့် ဒေါ်ကြင်ယုံ ပါ ၃ (၃)၊ ဒေါ်သောင်းချက်ပါ ၅ နှင့် ဦးထွန်းလှိုင်ပါ ၂ (၄)၊ ဒေါ်မြနှင့် ဒေါ်ကျင် (၅)** အစရှိသည့် စီရင်ထုံးများကိုကြည့်ပါ။

---

(၂) မြန်မာနိုင်ငံစီရင်ထုံး၊ ၁၉၅၂ ခုနှစ် (တရားလွှတ်တော်)၊ စာ ၄၄။
(၃) ၁၉၆၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၇၊ ဟရုံးရုံးချုပ်။
(၄) ၁၉၆၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၈၊ တရုံးရုံးချုပ်။
(၅) ၁၉၆၄ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၃၁၊ တရုံးရုံးချုပ်။

ယခုကျွန်ုပ်ရှေ့ရှိ အမှု၌ သက်သေခံအမှတ် (ခ)အဖြစ် တင်သွင်းထားသည့် ဆင်အရောင်းအဝယ် စာချုပ်သည် ရိုးရိုးတန်းတန်းပစ္စည်းယူ ငွေချေပြုလုပ်သည့် အရောင်းအဝယ်စာချုပ် မဟုတ်ချေ။ ကြွေးမြားအတွက် ချုပ်ဆိုခဲ့သည့် စာချုပ်ဖြစ်ကြောင်း အလွန်ထင်ရှားလေသည်။ ဦးဘသိုက်၏ အစစ်ခံချက်၌ မိမိသည် ဦးသိန်းဟန်အား ငွေ ၇,၀၀၀ ကိုအတိုးမရှိ ချေးခြင်းဖြစ်ပါသည်ဟု ဖော်ပြထားသည်။ ဦးသိန်းဟန်နှင့် မိမိသည် လွန်ခဲ့သော ၂ နှစ်ခန့်မှစတင် သိရှိခဲ့သူများ ဖြစ်ကြောင်းလည်း ထွက်ဆိုထားသည်၊ထိုမျှလောက်များပြားသောငွေများကို ၂ နှစ်ခန့်ကစ၍သိသည့် မိတ်ဆွေတဦးအား အတိုးမရှိ ချေးလိုက်ပါသည်ဟူသော ထွက်ချက်မှာ သဘာဝယုတ္တိကျသည့် ထွက်ဆိုချက်မဖြစ်နိုင်ပေ။ ဦးလှမောင် (ခံပြ-၁) ၏အစစ်ခံချက်အရ၎င်း၊ ဦးဘကျန် (ခံပြ-၂) ၏ အစစ်ခံချက်အရ၎င်း ထိုစာချုပ် ချုပ်ဆိုခြင်းမှာ ကြွေးဟောင်းများနှင့် ပတ်သက်၍ ချုပ်ဆိုသည့် စာချုပ်ဖြစ်ကြောင်း ထင်ရှားလေသည်။ ဦးလှမောင်က မိမိ၏ရွှေတွင် ဦးဘသိုက်နှင့် ဦးသိန်းဟန်တို့ အတိုးအရင်းများ အကြောင်းကို ပြောပါသည်ဟု ထွက်ဆိုထားသည်။ ဦးဘကျန်၏ အစစ်ခံချက်၌လည်း အတိတ်က ကြွေးဟောင်းများ ပျက်ပြီး၊ သက်သေခံအမှတ် (ခ)စာချုပ် ချုပ်ဆိုသည်ဆိုတာ မှန်ပါသည်ဟု ထွက်ဆိုထားသည်။ ထို့ကြောင့် အဆိုပါစာချုပ် ချုပ်ဆိုသည်ဆိုရာ၌ ချေးယူသည့် ငွေရင်းသက်ဆိုက်ကြောင့်သာလျှင် မဟုတ်ဘဲ အတိုးများအတွက်လည်း ထည့်သွင်းချုပ်ဆိုထားကြောင်း ထင်ရှားလေသည်။

သာမန်အားဖြင့်ဆိုသော် တဦးတယောက်သောသူသည် မိမိပေးရန်ရှိသည့် ငွေများအတွက် အာဘိုးစားနားထား၍ မိမိပစ္စည်းကို သဘောတူ ရောင်းချခဲ့သော်၊ ထိုရောင်းချခြင်းသည် ဥပဒေအရ တည်မြဲခိုင်လုံသည့် ရောင်းချခြင်း ဖြစ်နိုင်လေသည်။ သို့ရာတွင် ယခုကျွန်ုပ်ရှေ့ရှိ အမှု၌ ဦးသိန်းဟန်က မိမိချေးယူသောငွေမှာ ၅,၀၀၀ မျှသာ ဖြစ်ကြောင်းဖြင့် ထွက်ဆိုထားသည်။ အတိုးအဖြစ်ငွေ ၄,၃၀၀ ကိုလည်း ပေးပြီးဖြစ်သည်ဟု ချေပထားသည်။ ထိုအချက် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ အရင်းငွေ ၅,၀၀၀ အတွက် ၈ လခန့်မျှသာ အချိန်အတွင်း၊ အတိုးငွေ ၃,၀၀၀ ကျော် ဖြစ်လာရခြင်းမှာ တရားမျှတသည့် ရောင်းဝယ်ဖေါက်ကားမှု မဟုတ်ချေ။ အယူခံတရားခံများ၏ ပြုလုပ်မှုသည် ငွေတိုးချသူတို့ အက်ဥပဒေပုဒ်မ ၁၀ တွင် ပညတ်ထားသည့် ကိစ္စများကို ကွင်းရှောင်ကျော်နင်းရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် ထိုစာချုပ်သည် တရားဥပဒေအရ ပဋိညာဉ်မြောက်သည့် သဘောတူစာချုပ် မဟုတ်ချေ။ သက်သေခံအမှတ် (က)ဖြစ်သည့် အငှါးစာချုပ်သည် အရောင်းအဝယ် စာချုပ်အပေါ်၌ မူတည်၍ ပြုလုပ်ထားသည့် စာချုပ်မျှသာဖြစ်သည်။ သို့ဖြစ်ရကား ထိုအငှါးစာချုပ်သည် အငှါးစာချုပ် အစစ်အမှန်မဟုတ်၊ အယောင်

၁၉၆၆ ဦးသိန်းဟန်နှင့် ဦးဘသိုက် ပါ ၂။

ဆောင်သာ ဖြစ်ခြင်းကြောင့် အယူခံ တရားခံများ၏ အမှုတွင် ခိုင်လုံသော အခြေခံ မရှိရကား ၎င်းတို့၏အမှုကို ပညာရှိ အောက်ရုံးတရားသူကြီးက ပလပ်ရန်သာ ဖြစ်ခဲ့သည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် အယူခံ တရားလိုအပေါ်၌ ပညာရှိ မူလရုံး တရားသူကြီးနှင့် ပဌမအယူခံရုံး တရားသူကြီးများက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ အမှု၏ အကြောင်းခြင်းရာများကို ပြန်လည်သုံးသပ်ကြည့်ရှုသောအခါ ဤကိစ္စတွင် အယူခံတရားလိုသည်လည်း လုံးဝအပြစ်ကင်းသူမဟုတ်ခေ့။ ထို့ကြောင့် တရားစရိတ်နှင့် ပတ်သက်၍ အမှုသည်များသည် မိမိတို့၏ စရိတ်ကို မိမိတို့အသီးသီး ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီးဦးထွန်းတင် ရှေ့တွင်

ဦးအေးကြီး (အယူခံတရားလို)

နှင့်

ဦးသန်းငွေပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၆

ဩဂုတ်လ ၁၃ ရက်။

အလုပ်သမားလျော်ကြေးပေးရေး အက်ဥပဒေ ပုဒ်မ ၃၀ အရအယူခံမှု—နယ်လှိုင်ရေးနှင့်ကောက်ပဲသီးနှံဈေးဝယ်ရေး အဖွဲ့က ဌါးရမ်းသဖြင့် မော်တော်မှာ အငှါးလိုက်သွားကြောင်း ထင်ရှားခြင်း—လမ်းခရီး၌ သောင်းကျန်းသူများ ချုံခိုတိုက်ခိုက်ခြင်း—မော်တော်ဆလင်သေဆုံးရခြင်းမှာ အလုပ်တွင် လုပ်ကိုင်နေစဉ်ထိခိုက်ဒဏ်ရာရခြင်း ဟုတ်မဟုတ်—အလုပ်သမား လျော်ကြေး အက်ဥပဒေနည်းဥပဒေ ၂၀ အရ၊ အလုပ်သမားမင်းကြီးက လိုအပ်သည့် စုံစမ်းမှုပြုလုပ်ရန်တွဲဘက် အလုပ်သမားမင်းကြီးအားရွှေ့ဆောင်စေရန် အမိန့်ချမှတ်နိုင် မနိုင်—အလုပ်သမား လျော်ကြေး မင်းကြီးက အထုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၂၁ အပိုဒ် ၄ အရ၊ တွဲဘက်အလုပ်သမား လျော်ကြေးမင်းကြီးတင်သွင်းသည့် အစီရင်ခံစာပေါ် မူတည်၍အမိန့်ချမှတ်နိုင် မနိုင် —သက်သေခံချက်များကို တွဲဘက်အလုပ်သမားမင်းကြီးကလက်မှတ်ရေးထိုးခြင်းမရှိခဲ့နှင့်ပုဒ်မ ၂၅ ၏ လိုအပ်ချက်ပြီးမြောက်ခြင်း ရှိမရှိ။

အယူခတရားလို့က မိမိ၏ မော်တော်မှဆလင် ကွယ်လွန်စဉ်အခါ၊ ၎င်းသည် အယူခံတရားလို၏ လုပ်ငန်းကို သုပ်ကိုင်နေစဉ် ကွယ်လွန်ခြင်းမဟုတ်၊ စစ်တပ်မှခိုင်းသဖြင့်စစ်တပ်လုပ်ငန်းကို ရွက်ဆောင်နေစဉ် ဒဏ်ရာရသေဆုံးခြင်းဖြစ်သည်ဟုဎ၎င်း၊ အယူခံတရားလိုအပေါ် ချမှတ်သည့် အမိန့်မှာ ဥပဒေစည်းကမ်းချက်များအရ ဆောင်ရွက်သည့် အမိန့်မဟုတ်ဟု ၎င်းကန့်ကွက်ချက်များ တင်ပြသည်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်နေ့က အယူခံတရားလိုပိုင် မင်္ဂလာဓိန် မော်တော်မှာ နယ်လှိုင်ရေးနှင့် ကောက်ပဲသီးနှံဈေးဝယ်ရေးအဖွဲ့က ဌါးရမ်းသဖြင့်အငှါးလိုက်သွားကြောင်းမှာ ထင်ရှားလေသည်။ တိုသို့အငှါးလိုက်သွားရာတွင် လမ်းခရီး၌ သောင်းကျန်းသူများ ချုံခိုတိုက်ခိုက်သဖြင့် မော်တော်ပေါ်မှ ဆလင် မောင်တင်လှမှာဒဏ်ရာရရှိ သေဆုံးခြင်းဖြစ်ရကား၊ မောင်တင်လှမှာ အချင်းဖြစ်သည့်အခါက အယူခံတရားလို၏ အလုပ်တွင် လုပ်ကိုင်နေစဉ် ထိခိုက်ဒဏ်ရာရခြင်းမဟုတ်ပါဟု ဆိုခြင်းကိုလက်ခံနိုင်ရန်မရှိပေ။

---

*၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၁၄။

†၁၉၆၅ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၁ တွင် မအူပင်မြို့၊ အလုပ်သမားလျော်ကြေးမင်းကြီး (ခရိုင်ဝန်) ရုံးတော်၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၆၆
ဦးအေးကြီး နှင့် ဦးသန်းငွေ ပါ ၂။

ဆပ်မံဆုံးဖြတ်ချက်။ ။လျော်ကြေးမှုမျိုးတွင် အလုပ်သမားမင်းကြီးသည် လိုအပ်သည့် စုံစမ်းမှုများ ပြုလုပ်ရန် တွဲဘက်အလုပ်သမားမင်းကြီးအားဆောင်ရွက်စေရန် အမိန့် ချမှတ်နိုင်ကြောင်း နည်းဥပဒေ ၂၀ တွင် အတိအလင်း အာဏာအပ်နှင်းထားလေသည်။ ၎င်းနည်းဥပဒေ ၂၀ မှာ အလုပ်သမား လျော်ကြေး အက်ဥပဒေအပိုဒ် ၂၁ တွင် ပြဆိုထားသည့် အတိုင်းဖြစ်ပြီး အလုပ်သမားလျော်ကြေးမင်းကြီးသည် ပုဒ်မ ၂၁၊ အပိုဒ် ၄ အရ တွဲဘက်အလုပ်သမား လျော်ကြေးမင်းကြီးတင်သွင်းသည့် အစီရင်ခံစာပေါ် မူတည်၍အမိန့်ချမှတ်ရန် အခွင့်အရေးရှိပေသည်။

အလုပ်သမားလျော်ကြေး နည်းဥပဒေ ၃၀ တွင်စုံစမ်းမှုပြုလုပ်သော အခါ အလုပ်သမား လျော်ကြေးမင်းကြီးသည် တရားမျှတမှုဖြစ်စေရန် လိုအပ်သလိုမိမိထင်မြင်ချက်အရ ရွက်ဆောင်နိုင်ကြောင်း အခွင့်အရေးပေးထားသဖြင့် တွဲဘက် အလုပ်သမားမင်းကြီးက သက်သေများကို စစ်ဆေးခဲ့ခြင်းမှာလည်း တရားမျှတခြင်း မရှိပါဟု မည်သို့မျှမတွေ့ရှိရ၍ သက်သေခံချက်များကို တွဲဘက် အလုပ်သမားမင်းကြီးက လက်မှတ်ရေးထိုးခြင်း မရှိခဲ့နှင့် ပုဒ်မ ၂၅ ၏လိုအပ်ချက် မပြီးမြောက်သောကြောင့် ထိုဆုံးဖြတ်ချက်ကို လက်ခံအတည်ပြုရန် မသင့်ဆိုသည့်ပြဆိုချက်ကို လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် သက်သေများကိုတွဲဘက် အလုပ်သမား မင်းကြီးက ဥပဒေအရ ခေါ်ယူမေးမြန်း စစ်ဆေးခဲ့ကြောင်း အထောက်အထားများ ရှိသည့်အတွက် ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးအေးမောင်။

အယူခံတရားခံ ၁ အတွက်။ ။ဂင်း၏ကိုယ်စားလှယ် ဦးကိုကိုလေး။

အယူခံတရားခံ ၂ အတွက်။ ။အစိုးရရှေ့နေကြီး မစ္စတာ ဂို့(ရှ်)။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ မအူပင်ခရိုင်၊ အလုပ်သမား လျော်ကြေးမင်းကြီး (ခရိုင်ဝန်)ရုံး၊ ၁၉၆၅ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှု အမှတ် ၁ တွင်၊ ချမှတ်သည့် အမိန့်ကို မငြင်းနှုန်း၍၊ အလုပ်သမား လျော်ကြေးပေးရေး အက်ဥပဒေပုဒ်မ ၃၀ အရ၊ တင်သွင်းခဲ့သည့်အယူခံမှုဖြစ်သည်။ အယူခံတရားလို ဦးအေးကြီးမှာ မင်္ဂလာစိန်မော်တော်ပိုင်ရှင်ဖြစ်၍၊ ပဌမ အယူခံတရားခံ ဦးသန်းငွေမှာ သေဆုံးသူ မင်္ဂလာစိန်မော်တော်မှ ဆလင် ဘိုးလက်သန်း (ခေါ်) မောင်တင်လှ၏ ဘခင်ဖြစ်သည်။ မောင်တင်လှသည် မင်္ဂလာစိန် မော်တော်တွင်ဆလင်အဖြစ်တလလျှင် လခ ၄၀ နှင့် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့မှစ၍ အလုပ်လုပ်ကိုင်နေသည်ဆိုသည်။

မင်္ဂလာစိန်မော်တော်မှာ ပန်းတနော်မြို့နှင့် မရမ်းရွာသို့ နေ့စဉ်လူနှင့်ကုန်များကို တင်ပို့ပြေးဆွဲနေသည်ဆိုသည်။ ၁၉၆၄ ခုနှစ်၊ မေလ ၃ ရက်နေ့ နံနက် ၅ နာရီ ခန့်အချိန်တွင် ၎င်းမော်တော်နှင့်ပဘွဲမြားစိန် မော်တော် ၂ စင်းအား စစ်တပ်၏ အမ်နဲ့အရ ကောက်ပဲသီးနှံဆောင်းဝယ်ရေးအဖွဲ့မှ မရမ်းရွာ စပါးဒိုင်သို့ ပဲဘိုးငွေများ

ပေးပို့ရန်၄ါးရမ်းပြီးအစောင့်စစ်သားများနှင့် ရဲသားများပါလိုက်ပါ၍ ထွက်သွားသည်ဆိုသည်။ ထိုနေ့နံနက် ၇ နာရီအချိန်ခန့်တွင် မရမ်းရွာအဝယ်ဖိုင်သို့ဆောက်ရှိ၍ငွေများပေးပြီးနောက်နေ့ တနာရီခွဲအချိန်ခန့်တွင် မော်တော်များသည်ပြန်ထွက်လာရာ၊ ထွန်းပရွာရောက်သောအခါ သောင်းကျန်းသူများက ချုံခိုတိုက်ခိုက်သဖြင့် မင်္ဂလာစိန်မော်တော်ပေါ်ရှိ ဆလင် ဘိုးလက်သန်း (ခေါ်) မောင်တင်လှသေဆုံးသွားပြီး ပတ္တမြားစိန်မော်တော်မှရဲသားများအချို့လည်းဒဏ်ရာရရှိသွားလေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မောင်တင်လှ၏ ဘခင်အယူခံတရားခံ ဦးသန်းငွေက ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တွဲဘက်လျော်ကြေးမင်းကြီးထံ ကရုဏာကြေးတောင်းခံခဲ့သည်ကို တွဲဘက်အလုပ်သမားလျော်ကြေးမင်းကြီးက၊ မအူပင်ခရိုင် အလုပ်သမားလျော်ကြေးမင်းကြီးထံ ပေးပို့ခဲ့သဖြင့် အလုပ်သမားလျော်ကြေး မင်းကြီးက အလုပ်သမား လျော်ကြေးပေးရေး နည်းဥပဒေ ၂၀ အရ၊ အမှုတွဲကို ရန်ကုန်မြို့၊တွဲဘက်အလုပ်သမားလျော်ကြေး မင်းကြီး(မအူပင်ခရိုင်) ထံပေးပို့ပြီး စုံစမ်းခိုင်းခဲ့လေသည်။ တွဲဘက် အလုပ်သမားလျော်ကြေး မင်းကြီးက လိုအပ်သည့် စုံစမ်းမှုများပြုလုပ်ပြီး ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့စွဲပါ ၎င်း၏အစီရင်ခံစာကို အလုပ်သမားလျော်ကြေးမင်းကြီးထံ ပေးပို့ခဲ့ရာ၊အလုပ်သမားလျော်ကြေးမင်းကြီးက ထိုအစီရင်ခံစာပေါ်မူတည်၍ ၁၉၆၆ ခုနှစ်၊ဖေဖော်ဝါရီလ ၁၅ ရက်နေ့စွဲပါ ၎င်း၏အမိန့်အရ၊ မင်္ဂလာစိန်မော်တော်ပိုင်ရှင် အယူခံတရားလို ဦးအေးကြီး အား၊ သေဆုံးသူမောင်တင်လှ၏ဘခင်ဖြစ်သူ အယူခံတရားခံဦးသန်းငွေသို့ လျော်ကြေးအဖြစ်ငွေ ၂,၁၆၀ ပေးစေရန်အမိန့်ချမှတ်ခဲ့လေသည်။ ထိုအမိန့်အရ အယူခံတရားလို ဦးအေးကြီးက ငွေ ၂,၁၆၀ ကို မအူပင်မြို့၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် တင်သွင်းပြီး၊ ၎င်းအမိန့်ကို မကျေနပ်သဖြင့် ပုဒ်မ ၃၀ အရ အယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုအယူခံမှုတင်သွင်းရာဝယ်၊ အယူခံတရားလိုက မောင်တင်လှ ကွယ်လွန်စဉ်အခါ ၎င်းသည်အယူခံတရားလို၏ လုပ်ငန်းကို လုပ်ကိုင်နေစဉ် ကွယ်လွန်ခြင်းမဟုတ်၊ စစ်တပ်မှခိုင်းသဖြင့် စစ်တပ်လုပ်ငန်းကို ရွက်ဆောင်နေစဉ် ဒဏ်ရာရရှိသေဆုံးခြင်းဖြစ်သဖြင့်၊ အယူခံတရားလိုက မောင်တင်လှသေဆုံးသည့်အတွက် လျော်ကြေးငွေကို မပေးထိုက်ပါဟုငြင်း၊ အယူခံတရားလိုအပေါ် ချမှတ်သည့်အမိန့်မှာ ဥပဒေစည်းကမ်းချက်များအရ ရွက်ဆောင်ချမှတ်ခဲ့သည့် အမိန့်မဟုတ်သဖြင့် ထိုအမိန့်ကို ပယ်ဖျက်သင့်ကြောင်းပြဆိုလေသည်။

အလုပ်သမားလျော်ကြေးမင်းကြီး၏ အမှုတွဲကို လေ့လာသောအခါ၊ တွဲဘက်အလုပ်သမားမင်းကြီး စစ်ဆေးထားသည့် သက်သေများအနက် ပကရဖ အငယ်တန်းဇုံမန်နေဂျာ မောင်ဝင်း အစစ်ခံချက်အရ၊ အချင်းဖြစ်နေ့ နံနက်က ဦးအေးကြီးပိုင်

မင်္ဂလာစိန်မော်တော်ကို မရမ်းရွာ စပါးဒိုင်သို့ ပဲဘိုးငွေများပို့ရန်အခ ၂၀ ဖြင့် ငှါးရမ်းသွားကြောင်းထွက်ဆိုချက်ကို အင်စပိတ်တော် ဦးအောင်ထွန်းကလည်းထောက်ခံ၍၊ ၎င်းက ထိုကဲ့သို့ငှါးရမ်းခဲ့ဘူးကြောင်း ထွက်ဆိုလေသည်။ အယူခံတရားလိုဖြစ်သူ ဦးအေးကြီး အစစ်ခံချက်အရမူ၊ မော်တော်ကိုနယ်လှုံခြုံရေးအဖွဲ့ ရဲဘော်ကလာရောက်ပြီး မရမ်းသို့သွားရန် ငှါးရမ်းခဲ့ကြောင်း၊ ယခင်ကလည်း နယ်လှုံခြုံရေးအဖွဲ့မှ ခဏခဏ ခေါ်ဘူးကြောင်း၊ အချင်းဖြစ်သည့်နေ့က မရမ်းသို့ သွားရသည့်အတွက် အခကြေးငွေ ၂၀ ကိုမူ အရက် ၂၀ ရက်ခန့်ကြာသောအခါ ရဲဘော်တယောက်ထံမှရရှိကြောင်းကို ဝန်ခံလေသည်။ သို့ဖြစ်ရာ အချင်းဖြစ်နေ့က အယူခံတရားလိုပိုင် မင်္ဂလာစိန်မော်တော်မှာ နယ်လှုံခြုံရေးနှင့် ကောက်ပဲသီးနှံဈေးဝယ်ရေးအဖွဲ့က ငှါးရမ်းသဖြင့် အငှါးလိုက်သွားကြောင်းမှာထင်ရှားလေသည်။ထိုသို့အငှါးလိုက်သွားရာတွင်လမ်းခရီး၌ သောင်းကျန်းသူများ ချုံခိုတိုက်ခိုက်သဖြင့် မော်တော်ပေါ်မှ ဆလင်မောင်တင်လှမှာ ဒဏ်ရာရရှိသေဆုံးရခြင်းဖြစ်ရကား၊ မောင်တင်လှမှာ အချင်းဖြစ်သည့်အခါက ဦးအေးကြီး၏ အလုပ်တွင် လုပ်ကိုင်နေစဉ် ထိခိုက်ဒဏ်ရာရခြင်းမဟုတ်ပါဟု ဆိုခြင်းကို လက်ခံနိုင်ရန် မရှိပေ။ ယခုအမှု ကြားနာသောအခါ သက်သေခံချက်များအရ မောင်တင်လှ ထိခိုက်ဒဏ်ရာရရှိသေဆုံးသောအခါ ၎င်းမှာ ဦးအေးကြီး၏ အလုပ်ဝတ္တရားကို ဆောင်ရွက်နေရင်း သေဆုံးရခြင်းဖြစ်ကြောင်းပေါ်လွင်နေသဖြင့်၊အယူခံတရားလို၏ပညာရှိရွှေနေကြီးကလည်းထိုအချက်နှင့်ပတ်သက်၍လေးနက်စွာလျောက်ထားခြင်းမပြုပေ။ သို့ရာတွင် အယူခံတရားလို၏ပညာရှိ ရွှေနေကြီးက တွဲဘက်အလုပ်သမားလျော်ကြေးမင်းကြီးက အမှုကို စုံစမ်းစစ်ဆေးခြင်း ပြုခဲ့သည်မှာ အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၂၅ ၏လိုအပ်ချက်အရ၊သက်သေခံချက်များ ရယူသောအခါ၌ ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း မရှိသဖြင့် ထိုသို့ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ခြင်းမှာ ဥပဒေအရ ညီညွတ်ခြင်းမရှိသောကြောင့် ၎င်းစုံစမ်းစစ်ဆေးချက်အပေါ် မူတည်ကာ အလုပ်သမားလျော်ကြေးမင်းကြီးက ချမှတ်သည့်အမိန့်မှာ အတည်မဖြစ်နိုင်ကြောင်း လျောက်ထားလေသည်။

ယခုကဲ့သို့ လျော်ကြေးမှုမျိုးတွင် အလုပ်သမားမင်းကြီးသည်လိုအပ်သည့် စုံစမ်းမှုများပြုလုပ်ရန် တွဲဘက်အလုပ်သမားမင်းကြီးအား ရွက်ဆောင်စေရန် အမိန့်ချမှတ်နိုင်ကြောင်း နည်းဥပဒေ ၂၀ တွင် အတိအလင်း အာဏာအပ်နှင်းထားလေသည်။ ၎င်းနည်းဥပဒေ ၂၀ မှာ အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၂၁ တွင် ပြဆိုထားသည့်အတိုင်းဖြစ်ပြီး၊ အလုပ်သမားလျော်ကြေး မင်းကြီးသည် ပုဒ်မ ၂၁ အပိုဒ် ၄ အရ၊ တွဲဘက် အလုပ်သမားလျော်ကြေးမင်းကြီး တင်သွင်းသည့် အစီရင်ခံစာပေါ် မူတည်၍ အမိန့်ချမှတ်ရန် အခွင့်အရေးရှိပေသည်။ ယခုအမှုတွင်လည်း အလုပ်သမား လျော်ကြေး

မင်းကြီး ချမှတ်ခဲ့သည့် အမိန့်မှာ တွဲဘက်အလုပ်သမားလျော်ကြေးမင်းကြီး တင်သွင်းသည့် အစီရင်ခံစာပေါ်မူတည် ချမှတ်ခဲ့ခြင်း ဖြစ်ရကား၊ အလုပ်သမားလျော်ကြေးဥပဒေ ပုဒ်မ ၂၁၊ အပိုဒ် ၄ လိုအပ်ချက်များနှင့် ပြည့်စုံနေကြောင်းမှာ မငြင်းဆိုနိုင်ချေ။ ထိုမှတဆင့် အလုပ်သမားလျော်ကြေး နည်းဥပဒေ ၃၈ တွင် စုံစမ်းမှုပြုလုပ်သောအခါ အလုပ်သမားလျော်ကြေးမင်းကြီးသည် တရားမျှတမှု ဖြစ်စေရန် လိုအပ်သလို မိမိထင်မြင်ချက်အရ ရွက်ဆောင်နိုင်ကြောင်း အခွင့်အရေးပေးထားသဖြင့် (ယခုအမှုတွင်) တွဲဘက် အလုပ်သမားမင်းကြီးက သက်သေများကို စစ်ဆေးခဲ့ခြင်းမှာလည်း တရားမျှတခြင်းမရှိပါဟု မည်သို့မျှမတွေ့ရှိရသဖြင့်၊ သက်သေခံချက်များကို တွဲဘက်အလုပ်သမား မင်းကြီးက လက်မှတ်ရေးထိုးခြင်း မရှိရုံနှင့် ပုဒ်မ ၂၅ ၏လိုအပ်ချက်မပြီးမြောက်သောကြောင့် ထိုဆုံးဖြတ်ချက်ကို လက်ခံအတည်ပြုရန်မသင့်ဆိုသည့်ပြဆိုချက်ကို လက်ခံနိုင်ရန်ခဲယဉ်းပေသည်။ အဘယ့်ကြောင့်ဆိုသော် သက်သေများကို တွဲဘက် အလုပ်သမားမင်းကြီးက ဥပဒေအရ ခေါ်ယူမေးမြန်းစစ်ဆေးခဲ့ကြောင်း၊ အလုပ်သမားမင်းကြီး၏ အမှုတဲ့တွင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့နှင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ နေ့စဉ်မှတ်တမ်းများအရ ထင်ရှားနေပြီး၊ အယူခံဝရားလို ဦးအေးကြီးကလည်း ထိုကဲ့သို့ အလုပ်သမားလျော်ကြေးမင်းကြီးက ၎င်းအား ခေါ်ယူ စစ်ဆေးခဲ့ပါကြောင်းကို ၎င်း၏ အယူခံလွှာတွင် အတိအလင်း ဖော်ပြထားသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရကား ယခုအမှုတွင် အယူခံ တရားလို ပြဆိုသည့် ဥပဒေ ကန့်ကွက်ချက်များမှာ အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၃၀ ခွင်းချက်တွင် ပြဆိုထားသည့်အတိုင်း လက်ခံခွင့်ပြုနိုင်ရန် အကြောင်းရှိသည်ဟု မတွေ့ရှိရပေ။ ထို့ကြောင့်အလုပ်သမားလျော်ကြေးမင်းကြီးက ယခုအမှုတွင် ချမှတ်ခဲ့သည့်အမိန့်မှာသက်သေခံချက်များအရသော်၎င်း၊ဥပဒေအရသော်၎င်းမှားယွင်း ချွတ်ချော်ခြင်းဖြစ်နေ၍ ဤရုံးမှ ဝင်ရောက်စွက်ဖက်ရန် ရှိကြောင်းမတွေ့ရှိရသောကြောင့်၊ ယခုအယူခံမှုကို ခွင့်ပြုနိုင်ရန် မဖြစ်သောကြောင့် ပလပ်ရမည်သာ ဖြစ်ပေသည်။

ဖော်ပြပါအကြောင်းများကြောင့် အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိရွှေနေကြီးစရိတ်အဖြစ် ၅၀ သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

† ၁၉၆၆

ဦးအောင် (အယူခံတရားလို)

ရုလိုင်ဃ ဂ

ရက် ၊

နှင့်

သာဓုဖလင်ပရိုဒတ်ရှင်း (အယူခံတရားခံ)*

ယာယီထာဝရမ်းထုတ်ပေးရန် လျှောက်ထားခြင်း—အမှုကိုအခြေခံ၍၊ ယာယီတားဝါရမ်းထုတ် ပိုင်ခွင့်ရှိခြင်း—စာချုပ်ပါစကားရပ်များ—ရုပ်ရှင်ရုံတွင် တင်ပြမည်ဟု အမျှားသိရန် ကြော်ငြာထားခြင်းရှိ မရှိ—ရုံပိုင်ရှင်တွင်ဂုဏ်သတင်းနှစ်နာဘွယ်ရာအကြောင်း ရှိ မရှိ—စာ ချုပ်အတိုင်းလိုက်နာဆောင်ရွက်ခြင်းမပြုသောကြောင့်စီးပွါးရေးအားဖြင့် နစ်နာမှုရှိ မရှိ — နစ်နာမှုကိုတိုင်းထွာ၍လျော်ကြေးအဖြစ်သတ်မှတ်နိုင် မနိုင်—တားဝါရမ်းမှာ အကြောင်း အချက်များအရ၊ တရားမျှတမှုနှင့်အညီပေးသင့်မှပေးရသော အခွင့်အရေးမျိုးဖြစ်ခြင်း— အကြောင်းအကျိုးဥပဒေနှင့် စီရင်ထုံးများကိုကောင်းစွာစဉ်းစားပြီးဝနာက် ကိုယ်ပိုင်ဥာဏ် ဖြင့်ချိန်ဆ၍ ဆုံးဖြတ်ထားသော အမိန့်—လေးလေး နက်နက် မစဉ်းစားဘဲ စွက်ဖက်ပြင် ဆင်ရန်မဟုတ်။

အယူခံတရားလိုက ပဋိညာဉ် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်စေရန် ညွှန်ကြားသည့် ဒီကရီချမှတ်ပေးပါဟု တရားစွဲဆို၍ယာယီ တားဝါရမ်း ထုတ် ပေးပါရန် လျှောက်ထားသည်။

ဆုံးဖြတ်ချက်။ ။အမှုကိုအခြေခံ၍ ယာယီတားဝါရမ်းထုတ်ပိုင်ခွင့်ရှိသည် မှန်သော်လည်း၊ ထိုအခြေခံသည် ခိုင် မခိုင်ကို အမှုစစ်ဆေးပြီးမှ မူလ ရုံးကဆုံးဖြတ်ပေလိမ့်မည်။ စာချုပ်တွင် "အဖြေ" ဇာတ်ကားကို တပင်ရှေထီး ရုပ်ရှင်ရုံ၌ တင်ပြရမည်ဟုမဆို၊ သာဓုရုပ်ရှင် ကုမ္ပဏီက စာချုပ် ချုပ်ဆိုသောနေ့မှစ၍၊ ပဌမဆုံးရိုက်ကူးပြီးစီး၍ရုံတင်ပြနိုင်သော မည်သည့် ဇာတ်ကား ကို မဆိုဟုသော ဖေါ်ပြထားသည်။ "အဖြေ" ဇာတ်ကားကိုတပင်ရှေထီး ရုပ်ရှင်ရုံတွင် တင်ပြ မည်ဟူ၍လည်း အမျှားသိရန် ကြော်ငြာထားခြင်းမရှိ။ ထို့ကြောင့် တင်ပြခြင်း မပြုသေး သောကြောင့် တရားလို ရုံပိုင်ရှင်တွင် ဂုဏ်သတင်း နစ်နာဘွယ်ရာ အကြောင်းမရှိ။ စာချုပ်

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၂၀။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇၀ တွင် ရန်ကုန်မြို့၊တရားမရုံး တွဲဘက် တရားသူကြီး ချုပ်ရုံးတော်၏ ချမှတ်သော အမိန့် ကို အယူခံဝင်မှု။

အတိုင်းတရားခံက လိုက်နာဆောင်ရွက်ခြင်း၊ မပြုသောကြောင့် စီးပွားရေးအားဖြင့် နစ်နာမှုရှိလျှင်လည်း ထိုနစ်နာမှုကို တိုင်းထွာ၍ လျော်ကြေးအဖြစ် သတ်မှတ်နိုင်သည်။

တရားလိုက လျှောက်ထားခဲ့သော ယာယီတားဝရမ်းအမိန့်မျိုးကို ထုတ်ပေးရန် သင့်မသင့်ကို မူလရုံးက ကိုယ်ပိုင်ဉာဏ်ဖြင့် ထောက်ချင့်၍ စဉ်းစားဆုံးဖြတ်ရသည်။ အကြောင်းအချက်များအရ တရားမျှတမှုနှင့်အညီ ပေးသင့်မှ ပေးရသောအခွင့်အရေးမျိုး ဖြစ်သည်။ ဥပဒေအရ မပေးမနေရသော အမိန့်မျိုးမဟုတ်ချေ။ ထို့ကြောင့်မူလရုံးက အကြောင်းအကျိုး ဥပဒေနှင့် စီရင်ထုံးများကို ကောင်းစွာ စဉ်းစားပြီးနောက် ကိုယ်ပိုင်ဉာဏ်ဖြင့် ချိန်ဆ၍ ဆုံးဖြတ်ထားသည်ကို ဤရုံးက လေးလေးနက်နက် မစဉ်းစားဘဲ စွက်ဖက် ပြင်ဆင်ရန်မဟုတ်ချေ။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်နှင့် ဦးမောင်မောင်။

အယူခံတရားခံအတွက်။ ။ဦးအုန်းမောင်နှင့် ဦးတင်ရှိ။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ သာခုရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်သော "အဖြေ" ဇာတ်ကားကို တပင်ရွှေထီးရုပ်ရှင်ရုံတွင် အခြားမြို့လယ်ရုံများနှင့် ထိပ်တိုက်၊ သို့မဟုတ် ရုံတစ်ပတ်ဆင်း နစ်ပတ်ဆင်းပြရန်၊ ရုပ်ရှင်ရုံပိုင်ရှင်နှင့် ဇာတ်ကားပိုင်ရှင်တို့ သဘောတူထားပါလျက်၊ ထိုသဘောတူချက်ကို ဇာတ်ကားပိုင်ရှင်က ဖောက်ဖျက်၍ "အဖြေ" ဇာတ်ကားကို မြို့လယ်ရုံများ၌ ရုံတင်ပြသရန် စီစဉ်လျက်၊ တပင်ရွှေထီးရုပ်ရှင်ရုံတွင် တင်ပြရန် ကိုမူကား အတိအလင်းငြင်းဆိုခဲ့ပါသည်။ ထို့ကြောင့် ဇာတ်ကားပိုင်ရှင်အား ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားသည့် ဒီကရီ ချမှတ်ပေးပါဟု တပင်ရွှေထီး ရုပ်ရှင်ရုံပိုင်ရှင်က ရန်ကုန်မြို့ တရားမရုံးတွင် တရားစွဲဆိုခဲ့သည်။

ထိုကဲ့သို့ စွဲဆိုသည်နှင့်အတူ တပင်ရွှေထီးရုပ်ရှင်ရုံ၌ "အဖြေ" ဇာတ်ကားကို ပြသခြင်း မပြုဘဲနှင့် အခြားရုပ်ရှင်ရုံများတွင် ရုံတင်ပြသခြင်းမပြုစေရန် ယာယီတာဝရမ်းထုတ်ပေးပါ မည့်အကြောင်းကိုလည်း တရားလိုက လျှောက်ထားခဲ့သည်။

မူလရုံးပညာရှိ တွဲဖက်တရားသူကြီးချုပ်သည် နစ်ဖက်အမှုသည်များအား ကြေအေးလိုက ကြေအေးစေရန် အချိန်ပေး၍ ကြေအေးမှုမရသောအခါ ယာယီ တားဝရမ်းထုတ်ပေးရန် သင့်မသင့် ပြဿနာပေါ်တွင် အချိန်မဆိုင်းဘဲ နှစ်ဖက်ရှေ့နေကြီးတို့ကို ကြားနာခဲ့သည်။ နေ့ချင်းပြီး ကြားနာ၍ နောက်တစ်နေ့၌ပင် တားမိန့်လျှောက်လွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အမိန့်ချမှတ်သည့်နေ့တွင်ပင် တပင်ရွှေထီးရုပ်ရှင်ရုံပိုင်ရှင်က ဤရုံးသို့လာရောက် အယူခံတင်သွင်းသည်။ နစ်ဖက်အမှုသည်များအဖို့ ဆောလျင်စွာ ဆောင်ရွက်ပေး သင့်သော အမှုဖြစ်၍ ကျွန်ုပ်တို့သည် အယူခံမှု

ကို နှစ်ဘက်သဘောတူလက်ခံ၍ ခုံရုံးဖွဲ့စည်းကာ ရက်အနည်းငယ်အတွင်း၌ နှစ်ဘက်ရှေ့နေကြီးများအား အပြည့်အစုံ အပြီးသတ်ကြားနာခဲ့သည်။

ရန်ကုန်မြို့ တရားမရုံးတွဲဘက်တရားသူကြီးချုပ်က ယာယီတားဝါရမ်း ထုတ်ပေးရန် စဉ်းစားရာတွင် ဥပဒေသ ၃ ရပ်ကိုမူတည်၍ စဉ်းစားခဲ့သည်။ ၎င်းတို့မှာ (၁)တရားစွဲဆိုသောအမှုသည် သာမန်အမြင်အားဖြင့် အခြေခံရှိ မရှိ၊ (၂)အမှုဖြစ်သည့် ပဋိညာဉ်ကို တရားခံက ဖေါက်ဖျက်သောကြောင့် တရားလိုတွင် ကျရောက်အပ်သော ဆုံးရှုံးနစ်နာမှုသည် ငွေကြေးဖြင့်ပေးလျော်၍ မရကောင်းသောအကျိုး ဆုံးရှုံးနစ်နာမှု ဟုတ်မဟုတ်၊ (၃)ယာယီတားဝါရမ်းကိုထုတ်ပေးသောကြောင့်၎င်း၊ ထုတ်မပေးသောကြောင့်၎င်း၊တရားလို တရားခံတို့အနက် မည်သူ့အားပိုမို၍ နစ်နာဆုံးရှုံးစေမည်ကို ချိန်ဆရခြင်းတို့ပင်ဖြစ်သည်။

တရားလိုက ၎င်းနှင့်တရားခံတို့ ချုပ်ဆိုခဲ့ကြသော ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့စွဲပါစာချုပ်ကို အမှုတွင်တင်သွင်းခဲ့သည်။ တရားခံက ထိုစာချုပ်ကို လက်မှတ်ထိုးခဲ့ခြင်းကို မငြင်းချေ။ သို့ရာတွင် စာချုပ်မှာ အယောင်ဆောင်မျှသာ ဖြစ်ပါသည်ဟုဆိုလေသည်။ ထိုအချက်ဘို့ကို ထောက်ရှုလျှင် အမှုတွင် စစ်ဆေးဆုံးဖြတ်ပေးရန် ပြဿနာများရှိသည်ဟု မူလရုံးကတွေ့ရှိသည်။ ထိုပြဿနာများကို အဆုံးအဖြတ်မပေးနိုင်မီအတွင်း တရားလိုတွင် ဆုံးရှုံးနစ်နာမှုမရှိရလေအောင် ယာယီတားဝါရမ်းထုတ်ပေးရန် လျှောက်ထားခွင့်ရှိသည်။ ထို့ကြောင့် တားဝါရမ်းထုတ်ပေးခြင်းနှင့်ပတ်သက်သော ပဌမဥပဒေသနှင့် တရားလို၏လျှောက်လွှာသည် ကိုက်ညီသည်ဟု ဆုံးဖြတ်ခဲ့သည်။

ဒုတိယဥပဒေသနှင့်ပတ်သက်၍ကား တရားလို၏ လျှောက်လွှာသည် ကိုက်ညီခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် တရားခံက ပဋိညာဉ်ကို ဖောက်ဖျက်ခြင်းကြောင့် တရားလိုတွင် ကျရောက်နိုင်သော အကျိုးဆုံးရှုံးနစ်နာမှုသည် ငွေကြေးဖြင့်တိုင်းထွာ၍ လျော်ကြေးပေးစေနိုင်သော နစ်နာမှုဖြစ်သည်။ တရားလိုက ငွေကြေးဖြင့်ထော်မရပါ။ ၎င်းတွင်ဂုဏ်သိက္ခာကို ထိခိုက်နေသော ကိစ္စဖြစ်ပါသည်။ ငွေသည်မဓါနမဟုတ်၊ ဂုဏ်သိက္ခာသာ ပဓါနဖြစ်သည်ဟူသော လျှောက်လဲစာပြချက်ကို မူလရုံးက ကောင်းစွာစဉ်းစားချိန်ဆပြီးနောက်လက်မခံခဲ့ချေ။ ရုပ်ရှင်ထုတ်လုပ်သူနှင့် ရုပ်ရှင်ရုံပိုင်ရှင်တို့သည် အလုပ်သဘောအရ စီးပွါးရေးအတွက် ချုပ်ဆိုသော သာမန်စာချုပ်သာဖြစ်သည်။ ထို့ကြောင့် နစ်နာမှုကို ငွေကြေးဖြင့်လျော်၍ ရနိုင်မည်ဟုဆုံးဖြတ်ခဲ့သည်။

တတိယဥပဒေသနှင့်လည်း တရားလို၏တားဝါရမ်း လျှောက်လွှာသည် ကိုက်ညီခြင်းမရှိသည်ကို မူလရုံးကတွေ့ရှိခဲ့သည်။ တားဝါရမ်းမပေးလျှင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ဒီကရီစွဲဆိုသည့်အမှုသည် အချိန်နှီး အလဟဿ ဖြစ်သွားနိုင်သည်။ သို့ရာတွင် အမှုနိုင်ပါက တရားလိုသည် နစ်နာမှုလျော်ကြေးရနိုင်သည်။ ဒီကရီသည် အသုံးမဝင်

စေကာမူ အဖတ်ဆယ်မရအောင် ဆုံးရှုံးနစ်နာမှုမဖြစ်နိုင်။ တားဝါရမ်းထုတ်ပေးခဲ့လျှင်ကား တရားခံတွင် စီစဉ်ထားသည့်အတိုင်း "အဖြေ" ဇာတ်ကားကို မြို့လည်ရုပ်ရှင်ရုံ ၅ ရုံတွင်တင်မပြနိုင်သည့်အတွက် နစ်နာမည်၊ အမှုနှင့်မပတ်သက်သော ရုပ်ရှင်ရုံ ၅ ရုံတွင်လည်း နစ်နာမည်၊ ရုပ်ရှင်ကြည့် ပရိသတ်အတွက်လည်း ကသိကအောင့်ဖြစ်နိုင်သည့်စသည်ဖြင့် ဝေဖန်သုံးသပ်ကာ တားဝါရမ်းထုတ်ပေးလျှင် တရားခံသာပိုမိုနစ်နာဆုံးရှုံးပေလိမ့်မည်ဟု ပညာရှိတရားသူကြီးက ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် တားဝါရမ်းလျှောက်လွှာသည် ဥပဒေသ ၃ ရပ်အနက်၊ ၂ ရပ်နှင့် မကိုက်ညီဟု မူလရုံးကဆုံးဖြတ်ကာ ပလပ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရွှေနေကြီး ဦးသန်းအောင်က မူလရုံးက လမ်းညွှန်အဖြစ် လက်ခံခဲ့သော ဥပဒေသ ၃ ရပ်သည် မှန်ကန်သော်လည်း၊ ထိုဥပဒေသများနှင့်အမှုပါအဖြစ်အပျက်များကိုစပ်ဟပ်၍ ကျင့်သုံးသော နေရာ၌ မှားယွင်းနေပါသည်။ တရားလိုသည် အမှုကိုစွဲဆိုပိုင်ခွင့်ရှိသည်။ အမှုတွင် စစ်ဆေးဆုံးဖြတ်ပေးရန် ပြဿနာများပေါ်နေသည်ဟု ပညာရှိတရားသူကြီးက တွေ့ရှိပြီး၍ယာယီတားဝါရမ်းလျှောက်ထားရန်လည်းအခြေခံရှိသည်ဟု ဆုံးဖြတ်ပါသည်။ ထို့ပြင်အကယ်၍ တားဝါရမ်းသာမရလျှင် တရားစွဲဆိုရကျိုးပင်နပ်မည်မဟုတ်၊ အချိန်နှိုးအလဟဿ ဖြစ်မည်ဟူ၍လည်း တွေ့ရှိပါသည်။ သို့ပါလျက် တောင်းခံသော ယာယီတားဝါရမ်းကို ထုတ်မပေးခြင်းမှာ၊ တရားသူကြီးကိုယ်တိုင် တွေ့ရှိဆုံးဖြတ်ချက်နှင့် ဆန့်ကျင်နေပါသည်ဟု လျှောက်လဲသည်။

"အဖြေ" ဇာတ်ကားကို တပင်ရွေထီးရုပ်ရှင်ရုံတွင် ပဋိညာဉ်စာချုပ်နှင့်အညီ တင်ပြခြင်းမပြုလျှင်၊ တရားလိုရုံပိုင်ရှင်၌ ငွေနှင့်ထွေ၍ရသော နစ်နာမှုသာဖြစ်စေနိုင်သည်ဟု ပညာရှိတရားသူကြီးက ဆုံးဖြတ်ထားခြင်းမှာလည်း အကြောင်းအချက်နှင့် စစ်ဆေးကြည့်ရှုလျှင် မှားယွင်းနေပါသည်။ ရုပ်ရှင်ရုံပိုင်ရှင်သည် "အဖြေ" ဇာတ်ကားကိုမှ ရလိုပါသည်။ ထိုဇာတ်ကားကို ရုံမတင်ရလျှင် ၎င်းတွင် ဂုဏ်သရေထိခိုက်၍ နာမည်ပျက်နိုင်ပါသည်။ ထိုဂုဏ်သရေမှာ ပကာသနမဟုတ်ပါ။ စီးပွါးရေးလုပ်ငန်းတွင် နာမည်သတင်းသည် အဘိုးတန်သော အင်္ဂါတရပ်ဖြစ်ပါသည်။ ရုံပိုင်ရှင်က အထူးလိုက်လျောသည့် အနေနှင့် သာခုရုပ်ရှင်က "အဖြေ" ဇာတ်ကားကို မြို့လည်ရုံ ၅ ရုံ၌ တင်ပြနေသည်ကို မဘားလိုတော့ကြောင်း၊ ၂ ပတ်ပြပြီးလျှင်သာ တပင်ရွေထီးရုံသို့ လာရောက်ပြပါဟု တထစ်လျှောချ၍ တောင်းခံခဲ့သေးကြောင်း။ သို့ရာတွင် ထိုအချက်ကိုလည်း သာခုရုပ်ရှင်က လိုက်လျောခြင်းမရှိ၊ ပဋိညာဉ်စာချုပ် အထင်အရှားရှိသည်ကို ပြောင်ပြောင်ပင်ဆန့်ကျင်သဖြင့်၊ အယူခံဝင်ရခြင်းဖြစ်ပါသည်ဟု ပညာရှိရွှေနေကြီးက တင်ပြသည်။ စီရင်ထုံး မြောက်မြားစွာကို ကိုးကား၍ နှစ်နာမှုတိုင်းကို ငွေနှင့်ထွေ၍

ရသည်မဟုတ်ကြောင်း၊ အထူးရှားပါး၍ အစားထိုးမရသော ပစ္စည်း၊ ကုမ္ပဏီအစုရှယ်ယာစသည်တို့ကို စာချုပ်ပါစည်းကမ်းအတိုင်း ရောင်းချလွှဲပြောင်းခြင်း မပြုလျှင် သီးခြားသက်သာခွင့် အက်ဥပဒေအရ ရောင်းချလွှဲပြောင်းပေးစေရန် ညွှန်ကြားသည့် နီကရိမ္မိုး ချပေးလေ့ရှိကြောင်းကို လျှောက်လဲသည်။ ဤအမှုဌာနသည် "အဖြေ" ဇာတ်ကားကို အခြားတစ်နေရာဌာနတယ်၍ ဂုဏ်မရပါ။ သာဓုရုပ်ရှင်ဌာန ရှိပါသည်။ ရုံပိုင်ရှင်ကလည်း "အဖြေ" ဇာတ်ကားကိုသာ ရုံတင်လိုသည်ဖြစ်ရာ တရားစွဲဆိုသော သက်သာခွင့်တို့ကို ၎င်းအား မပေးလျှင် ပဋိညာဉ်သည် တန်ဖိုးမရှိသော စက္ကူမှုန်သာ ဖြစ်ပါလိမ့်မည်ဟုလည်း လျှောက်လဲသည်။

အယူခံတရားခံ၏ ပညာရှိရှေ့နေကြီး ဦးတင်ရီက၊ စာချုပ်ကို ညွှန်ပြ၍ ရုံပိုင်ရှင်တောင်းဆိုခဲ့သည်မှာ "အဖြေ" ဇာတ်ကားမဟုတ်ပါ။ သာဓုရုပ်ရှင်က ရိုက်ကူးနေဆဲဖြစ်သော "သို့သော်"၊ "ပဟက" နှင့် "အဖြေ"။ သို့မဟုတ် ယခုစာချုပ်သော နေ့ရက်မှစ၍ ပထမဆုံးရိုက်ကူးပြီးစီး၍ ရုံတင်ပြနိုင်သော မည်သည့်ဇာတ်ကားကိုမဆို တပင်ရွှေထီးရုပ်ရှင်ရုံတွင် တင်ပြရန်သာ ဖြစ်ပါသည်။ ထို့ကြောင့် "အဖြေ" ဇာတ်ကားကိုမှ ရုံတင်ပြလိုသည် ဆိုသည့်အချက်မှာ စာချုပ်စည်းကမ်းတွင်မဝင်သော ရုံပိုင်ရှင်၏ ဆန္ဒမျှသာ ဖြစ်ပါသည်။ ထို့ပြင် စာချုပ်အပိုဒ် (၁) ၌ ဇာတ်ကားကို ရုံတင်ပြသ၍ အသားတင်ဝင်ငွေကို ဇာတ်ကားရှင်နှင့် ရုပ်ရှင်ရုံပိုင်ရှင်တို့ မည်သို့ခွဲဝေယူကြမည်ကို အသေးစိတ် ဖော်ပြထားပါသည်။ ထိုဖော်ပြချက်အရ စာချုပ်သည် စီးပွားရေးစာချုပ်ရိုးရိုးသာဖြစ်ကြောင်း ထင်ရှားပါသည်။ ရုပ်ရှင်ကလည်း ဇာတ်ကားကို ရုံတင်၍ ပြခြင်းဖြင့် အမြတ်ငွေကိုရှာပါသည်။ သာဓုရုပ်ရှင်ကလည်း ဇာတ်ကားကို ထုတ်လုပ်၍ အမြတ်ငွေကိုရှာပါသည်။ ထို့ကြောင့် စာချုပ်ဖောက်ဖျက်သည်ဟု မူလရုံးက အမှုကိုစစ်ဆေးပြီးနောက် တွေ့ရှိရလျှင် ငွေနှင့်ထေ၍ရသော နစ်နာမှုများသာ ပေါ်ပေါက်ပါမည်။ သာဓုရုပ်ရှင်က စာချုပ်ကို လက်မှတ်ထိုးခဲ့သည်ကို ဝန်ခံသော်လည်း အယောင်ဆောင် စာချုပ်မှုသာဖြစ်ကြောင်း တားဝါရမ်းမိန့်ထုတ်ရန် လျှောက်လွှာကို ကန့်ကွက်သည့်အခါ ကျမ်းကျိန်လွှာဖြင့် မြွက်ဟခဲ့ပါ သည်။ ထိုပြဿနာကို အမှုတွင် စစ်ဆေးဆုံးဖြတ်ရဦးမည် ဖြစ်ပါသည်ဟု ဦးတင်ရီက တင်ပြသည်။ "အဖြေ" ဇာတ်ကားကို ရုံမတင်ရသော်လည်း အခြားဇာတ်ကားများကို တပင်ရွှေထီးရုပ်ရှင်ရုံ၌ တင်ပြလျက်ရှိပါသည်။ ထို့ကြောင့် ငွေကြေးအားဖြင့် နစ်နာမှုဟူ၍လည်း ရှိနိုင်မည်မဟုတ်ပါ။ ရှိလျှင်လည်း တပင်ရွှေထီးရုပ်ရှင်ရုံတွင် ပွဲတစ်ပွဲပြလျှင် မည်မျှဝင်ငွေရှိသည်ကို အတိအကျ တွက်၍ရပါသည်။ ထိုသို့ တွက်ချက်ကာ နစ်နာမှုကို ငွေကြေးဖြင့် တိုင်းထွာနိုင်ပါသည်။ ဇာတ်ကားပိုင်ရှင်က စာချုပ်ကို အသိအမှတ်မပြု၊ စာချုပ်နှင့်ပတ်သက်၍ မှုခင်းများလည်း ဖြစ်ပွားနေသောကြောင့်သာ စာချုပ်အရ တပင်ရွှေထီးရုံတွင် "အဖြေ" ဇာတ်ကားကို

ရုံတင်ခြင်းမှရှောင်ရှားလိုခြင်း ဖြစ်ပါသည်။ စာချုပ်အရမဟုတ်ဘဲ နှစ်ဦးသဘောတူအခြားနည်းဖြင့် ရုံတင်ပေးရမည်ဆိုလျှင် အချိန်မရွေး ထိုသို့ရုံတင်ပေးရန် အသင့်ရှိပါသည်ဟု တင်ပြသည်။

စာချုပ်သည် အယောင်ဆောင်မှုသာ ဖြစ်သည်ဟု တစ်ဖက်မှ အဆိုရှိပါသည်။ ထိုအချက်နှင့်ပတ်သက်၍လည်း မှုခင်းများနှစ်ဖက်အမှုသည်များအကြားတွင် ဖြစ်ပွားလျက်ရှိကြသည်။ ထို့ကြောင့် တရားလိုက စာချုပ်နှင့်ပတ်သက်၍ မူလရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ အမှုကို အခြေခံ၍ ယာယီတားဝိုးရမ်း ထုတ်ပိုင်ခွင့်ရှိသည် မှန်သော်လည်း ထိုအခြေခံသည် ခိုင်မခိုင်ကို အမှုစစ်ဆေးပြီးမှ မူလရုံးက ဆုံးဖြတ်နိုင်ပေလိမ့်မည် စာချုပ်တွင် "အဖြေ" ဇာတ်ကားကို တပင်ရွှေထီးရုပ်ရှင်ရုံတွင် တင်ပြရမည် ဟုမဆို သာဓုရုပ်ရှင်ကုမ္ပဏီက စာချုပ်ချုပ်ဆိုသောနေ့မှစ၍ ပထမဆုံးရိုက်ကူး ပြီးစီး၍ ရုံတင်ပြနိုင်သော မည်သည့်ဇာတ်ကားကိုမဆိုဟုသာ ဖော်ပြထားသည်။ "အဖြေ" ဇာတ်ကားကို တပင်ရွှေထီးရုပ်ရှင်ရုံတွင် တင်ပြမည်ဟူ၍လည်း အများသိရန်ကြော်ငြာထားခြင်းမရှိ။ ထို့ကြောင့် တင်ပြခြင်းမပြုသေးသောကြောင့် တရားလိုရုံပိုင်ရှင်တွင် ဂုဏ်သတင်းနစ်နာဖွယ်ရာ အကြောင်းမရှိ။ စာချုပ်အတိုင်း တရားခံက လိုက်နာဆောင်ရွက်ခြင်း မပြုသောကြောင့် စီးပွားရေးအားဖြင့် နစ်နာမှုရှိလျှင် ထိုနစ်နာမှုကို တိုင်းထွာ၍ လျော်ကြေးအဖြစ် သတ်မှတ်နိုင်သည်။

တရားလိုက လျှောက်ထားခဲ့သော ယာယီတားဝိုးရမ်းမိန့်မှိုကို ထုတ်ပေးရန် သင့်မသင့်ကိုမူလရုံးက ကိုယ်ပိုင်ဉာဏ်ဖြင့် ထောက်ချင့်၍ စဉ်းစားဆုံးဖြတ်ရသည်။ အကြောင်းအချက်များအရ တရားမျှတမှုနှင့်အညီ ပေးသင့်မပေးရသော အခွင့်အရေးမျိုးဖြစ်သည်။ ဥပဒေအရ မပေးမနေရသော အမိန့်မျိုးမဟုတ်ချေ။ ထို့ကြောင့် မူလရုံးက အကြောင်းအကျိုး ဥပဒေနှင့် စီရင်ထုံးများကို ကောင်းစွာ စဉ်းစားပြီးနောက် ကိုယ်ပိုင်ဉာဏ်ဖြင့် ချိန်ဆ၍ ဆုံးဖြတ်ထားသည်ကို ဤရုံးက လေးလေးနက်နက် မစဉ်းစားဘဲ စွက်ဖက်ပြင်ဆင်ရန် မဟုတ်ချေ။

အထက်ပါအကြောင်းတို့ကြောင့် အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဤရုံးရှေ့နေခ ၅၁ ကျပ်။

CIVIL REVISION

Before U Chit, J.

† C.C. 1966

Sept. 9

GHANSHAMDAS BILASROY AND THREE OTHERS (APPLICANTS)

v.

MADANLAL SARAF (RESPONDENT).*

Suit for recovery of money due on promissory note—application for dismissa of suit before the conclusion of the trial—Money Lenders Act (1945)*—framing of several issues—neither expedient nor wise to dismiss suit on one issue.*

Application for dismissal of the suit before the conclusion of the Trial as the plaintiff-respondent had stopped carrying on his money-lending business and his money lender's certificate had been cancelled.

Held : As the defendants-applicants have raised several points in their written statement and issues were duly framed, it would neither be expedient nor wise to dismiss the suit considering only the issue whether the plaintiff is entitled to a decree as claimed in view of his money lender's Certificate having been surrendered and cancelled.

U Than Aung for the applicants.

Mr. C. A. Soorma for the respondent.

U CHIT, J.—This application for revision by the applicants, who were the defendants in Civil Regular Suit No. 197 of 1965 of the Rangoon City Civil Court, is against the order of the Chief Judge, dated 13th January 1966, by which the learned Chief Judge refused to dismis the suit before the conclusion of the trial merely because the plaintiff-respondent had stopped carrying on his money-lending business and his money lender's certificate had been cancelled. Therefore, the decision on the issue in question has been deferred until the other issues in the case have been fully considered.

---

* Civil Revision No. 4 of 1966.

† Against the order of the Chief Judge, City Civil Court of Rangoon, dated 13th January 1966 in Civil Regular Suit No. 197 of 1965.

The facts giving rise to the present application are briefly these:—

The plaintiff-respondent being a licensed money lender registered under the Money Lenders Act of 1945, advanced a loan of K 25,000 bearing interest at the rate of ½ per cent per mensem under a promissory note to the defendants-applicants on 12th May 1962. The plaintiff-respondent had received from the defendants-applicants interest up to the 30th September 1963 and therefore, no further payment either towards the principal or interest was received after the said date. Several demands were made from time to time for repayment of principal together with interest due thereon but to no avail. The plaintiff-respondent then filed a suit on the 10th May, 1965, in the City Civil Court of Rangoon for the recovery of K 27,416·07 being the amount due under the said promissory note. The defendants-applicants averred in their written statement that they had fully repaid the said loan to the plaintiff-respondent. In addition, the defendants-applicants raised several points.

On the pleadings the learned Chief Judge after framing 6 issues, proceeded to examine the respondent and his witnesses. Then, after the examination of one of the defence witnesses the learned Counsel for the defendants urged that Issue No. 5 should be treated as a preliminary issue and asked the Court to allow the parties to argue on it. The said issue runs as follows:—

> "(5). Is the plaintiff entitled to a decree for K 25,000 as claimed in the suit in view of his money lender's Certificate having been surrendered and cancelled?"

It transpires from the case that although the plaintiff-respondent held a money lender's Certificate at the time he advanced the loan in suit he had surrendered it to the authorities concerned. In point of fact, at the time of the institution of this suit he had no money lender's

C.C.
1966

GHANSHAM-DAS BILASROY AND THREE OTHERS v. MADANLAL SARAF.

Certificate. The learned Counsel for the defence argued that since the plaintiff-respondent had already surrendered his money lender's Certificate no decree can be passed in this case in view of the provisions of section 9 of the Money Lenders Act, 1945. On the other hand, the learned Counsel for the plaintiff-respondent strenuously contended that this suit cannot be dismissed at this stage because section 9 of the Money Lenders Act only prohibits the passing of a decree. The learned Chief Judge after hearing the arguments of the learned Counsel for both parties passed an order to the effect that the suit cannot be dismissed at this stage because it is not known yet whether the plaintiff will or will not obtain a judgment in his favour. Therefore, he deferred the decision on this issue until the other issues in the suit have been considered.

Being aggrieved by this order the defendants-applicants filed a revision in this Court. U Than Aung, the learned Advocate for the applicants has argued before me with the greatest force that since the plaintiff-respondent had obviously no money lender's Certificate in his possession at the present judgment should be passed, not in favour of the plaintiff-respondent but, in favour of the defendants-applicants. I cannot agree with him because to pronounce a judgment in the suit not only the issue under discussion but also the remaining issues must have been fully considered. Without considering each and every issue framed in the suit it does not appear to be wise to pre-judge it. As the defendants-applicants have raised several points in their written statement and issues were duly framed without a careful consideration of the other issues thereof it would neither be expedient nor wise to consider the issue in question.

In the result this revision application fails and it is dismissed with costs, Advocate's fee being assessed at K 34.

F-

CIVIL REGULAR SUIT

Before U Thet Pe, J.

STATE COMMERCIAL BANK (PLAINTIFF)

v.

THIBAW COMMERCIAL SYNDICATE LTD. AND ONE (RESPONDENT).*

C.C.
1966
Sept. 8.

Union Judiciary Act, s. 15—cause of action—not arising wholly within the local jurisdiction of the Court—leave to sue -the very foundation for exercise of jurisdiction—leave to sue whether a formal matter of procedure—suit based on contract.

Held : Under s. 15 of the Union Judiciary Act where the cause of action has not arisen wholly within the local jurisdiction of this Court leave to sue is the very foundation for the exercise of jurisdiction by this Court. It is not a formal matter of procedure which can be overlooked.

Rampurtab Samruthroy and another v. *Premsukh Chandamal and others* I.L.R. 15 Bom. 93, referred to.

Bepin Behary Law v. *Mohit Kumar Pal and others*, A.I.R. (1942) Cal. 496 referred to.

In a suit based on contract the cause of action consists not only of the making of the contract but also of its breach at the place where it is to be performed.

The contract of guarantee was admittedly executed by defendant No. 2 at Mandalay and its breach took place in Rangoon when they refused to pay the amount for which he stood as a guarantor. Since the plaintiff's cause of action does not wholly arise in Rangoon his suit cannot be entertained without prior leave of the Court.

Mohammed Khalil Khan and others v. *Mahbub Ali Mian and others*, A.I.R. (1949) P.C. 78 ; *Beni Madhab Sikdar and another* v. *Sarat Chandra Jana.* A.I.R. (1937) Cal. 643 ; *Guardian Assurance Co. Ltd.* v. *Thakur Shiva Mangas Singh*, A.I.R. (1937)All. 208 ; *Mahomed Hali Hamed* v. *Jute and Gunny Broker Ltd.*, A.I.R. (1932) Bom. 42; *The Jupiter General Insurance Co. Ltd.*, v. *Abdul Aziz*, 1 Ran. 231 referred to.

Briju Pandy v. *Gangu Ahir* A.I.R. (1939) Pat. 294.

Mr. C. A. Soorma for the plaintiff.

U Tun Tin for the defendant No. 1.

U Than Aung for defendant No. 2.

U THET PE, J.—On the 26th August 1959 the defendant No. 1, Thibaw Commercial Syndicate Limited opened

B

* Civil Regular Suit No. 66 of 1962.

a letter of credit with the plaintiff State Commercial Bank to import menthol making machines which arrived in Rangoon some time in November 1959. The defendant No. 1 was then short of cash and was unable to make payment for the goods. The plaintiff thereupon made arrangements with Messrs. Mackinnon Mackenzie and Co. Ltd. to clear the machines and paid K 22,839·75 to the Collector of Customs as customs duty. The machines were however confiscated by the Customs authorities on failure to pay the penalty of K 99.000 imposed as a result of over-valuation. It appeared that on the 10th March 1961 the defendant No. 2, U Sein Win stood surety for the defendant No. 1 and executed a letter of guarantee at Mandalay for a sum of K 1,50,000 in favour of the plaintiff. The plaintiff thereafter asked for payment of the bills in respect of the imported goods but none of the defendants complied with his request. Hence the present suit.

The defendants resisted the suit on various grounds. One of the pleas set up by defendant No. 2 was that the suit having been filed without the leave of the Court could not be entertained inasmuch as the entire cause of action did not arise in Rangoon. It is in respect of this plea which has crystallized as issue No. 5 that the present order has to be made.

Section 15 of the Union Judiciary Act so far as it is relevant for the present purpose reads:

> "The High Court in the exercise of its ordinary original civil jurisdiction shall have power to receive, try and determine suits of every description if, in the case of suits for land or other immovable property such land or property shall be situated, or in all other cases if the cause of action shall have arisen either wholly or, in case the leave of the High Court shall have been first obtained, in part within the local limits of the ordinary original civil jurisdiction of the High Court. . . ."

The moot point that has to be decided is whether the cause of action in the present suit has arisen wholly or partly within the local limits of the ordinary civil jurisdiction of this Court. If the cause of action arose partly outside the territorial jurisdiction of this Court, the plaintiff must first obtain leave of the Court failing which the suit could not be entertained by this Court. Under section 15 of the Union Judiciary Act where the cause of action has not arisen wholly within the local jurisdiction of this Court leave to sue is the very foundation for the exercise of jurisdiction by this Court. It is not a formal matter of procedure which can be overlooked. Thus, in *Rampurtab Samruthroy and another* v. *Premsukh Chandamal and others* (1) it has been held that in suits for which leave to sue under clause XII of the Letters Patent of Bombay High Court, which corresponds to section 15 of the Union Judiciary Act, is necessary, the plaint cannot afterwards be amended by asking leave to give jurisdiction. See also *Bepin Behary Law* v. *Mohit Kumar Pal and others* (2) where it was ruled that failure to obtain leave under clause 12, Letters Patent is not a mere irregularity and that the absence of leave goes to the root of the Court's jurisdiction over the subject-matter of the suit.

The words " cause of action " mean every fact which it would be necessary for the plaintiff to prove, if traversed, in order to support his right to judgment of the Court *vide Mohammed Khalil Khan and others* v. *Mahbub Ali Mian and others* (3). In *Beni Madhab Sikdar and another* v. *Sarat Chandra Jana* (4) the definition of " cause of action " has been given thus:

> " A cause of action consists of the entire set of facts which gave rise to a claim. It includes everything which, if not proved, gives the defendant an immediate right to

(1) I.L.R. XV. Bombay 93.
(2) A.I.R. (1942) Cal. 496.
(3) A.I.R. (1949) P.C. 78.
(4) A.I.R. (1937) Cal. 643.

)A

C.C. 1966

STATE COMMERCIAL BANK v. THIBAW COMMERCIAL SYNDICATE LTD. AND ONE RESPONDENT.

judgment. It includes every fact which is material to be proved to entitle the plaintiff to succeed."

See also *Guardian Assurance Co., Ltd.* v. *Thakur Shiva Mangal Singh* (5). Wadia, J. has this to say in *Mahomed Haji Hamed* v. *Jute and Gunny Brokers, Ltd.* (6)—

"The words 'cause of action' in Cl. 12, Letters Patent mean every fact essential to the maintenance of the cause of action and each one of such facts separately is a part of the cause of action."

It is settled law that in a suit based on contract the cause of action consists not only of the making of the contract but also of its breach at the place where it is to be performed *vide The Jupiter General Insurance Company Ltd.* v. *Abdul Aziz* (7) and *Briju Pandy* v. *Gangu Ahir* (8). In the present case contract of guarantee was admittedly executed by defendant No. 2 at Mandalay and its breach took place in Rangoon when they refused to pay the amount for which he stood as a guarantor. The signing of the contract of guarantee and its subsequent breach, if traversed by defendant No. 2, would have to be proved by the plaintiff before he can succeed in his suit. The making of the contract of guarantee and its subsequent breach are essential facts for the maintenance of the plaintiff's suit and each one of such facts separately is a part of the cause of action which undoubtedly does not arise wholly within the original civil jurisdiction of this Court. Since the plaintiff's cause of action in the instant case does not wholly arise in Rangoon his suit cannot be entertained without prior leave of the Court.

It has been said in the course of argument on behalf of the plaintiff that the suit must be deemed to have been properly instituted inasmuch as U Tin Myint, the Manager

(5) A.I.R. (1937) All. 208.
(6) A.I.R. (1932) Bom. 42.
(7) 1 Ran. 231.
(8) A.I.R. (1939) Pat. 294.

of the plaintiff Bank had stated that defendant No. 2 carries on business in Rangoon. It must however be pointed out that the plaintiff has not relied upon this ground as the cause of action of his suit. In paragraph 14 of his plaint he has alleged that the Court has jurisdiction to try the suit as the amount under the letter of guarantee is payable in Rangoon. Although the examination of U Tin Myint was completed so long ago as 17th November 1965 the plaintiff has not chosen to amend his plaint to base the cause of action on the ground that the defendant is carrying on his business in Rangoon. For this reason, the argument of the learned Advocate for the plaintiff on this score cannot be accepted.

Under the circumstances, I am of opinion that since the cause of action in the present suit does not arise wholly within the original civil jurisdiction of this Court, the plaintiff's suit which has been instituted without prior leave of the Court under section 15, Union Judiciary Act must fail so far as the defendant No. 2 is concerned. Accordingly, I direct that the suit against defendant No. 2 shall stand dismissed with costs.

၁၁၃၆

CRIMINAL REVISION

Before U Sein Thin, J.

† C.C. 1966
Oct. 6.

THE UNION OF BURMA (APPLICANT)

v.

MAUNG BA SHWE (RESPONDENT).*

Penal Code s. 420—*conviction under—fine or in default to suffer imprisonment—Code of Criminal Procedure s.* 33—*imprisonment in default of payment of fine not to exceed one-fourth of the period of imprisonment which magistrate is competent to pass—Penal Code s.* 65—*imprisonment in default of payment of fine not to exceed one-fourth of the term of imprisonment for the offence.*

Held : Under s. 33 of the Code of Criminal Procedure the period of imprisonment awarded in default of payment of fine cannot exceed one-fourth of 7 years imprisonment, which is the maximumsentence that could be passed by the magistrate. Under s. 65 of the Penal Code the term for which the Court directs the offender to be imprisoned in default of the payment of fine shall not exceed one-fourth of the term of the imprisonment which is the maximum fixed for the offence, if the offence be punishable with imprisonment as well as fine. Therefore the maximum term of imprisonment which could be passed was one year and nine months.

Daw Mya Than Nu (Government Advocate) for the applicant.

U SEIN THIN, J.—This revision case has been opened with a view to consider the legality or otherwise of the sentence passed by the 2nd Additional Magistrate, Bhamo in his Criminal Regular Trial No. 56 of 1965. In that case, the accused Ba Shwe was found guilty under section 420 of the Penal Code and was sentenced to suffer one year's rigorous imprisonment and also to pay a fine of K 4,360 or in default to suffer further two years' rigorous

* Criminal Revision No. 22 (*a*) of 1965.

† Review of the order of the Second Additional Magistrate, Bhamo, dated the 6th May 1965, passed in Criminal Regular Trial No. 56 of 1965.

F-

imprisonment. The Magistrate concerned was U Po Swe who was empowered under section 30 of the Code of Criminal Procedure, and as such he was competent to pass any sentence authorized by law except a sentence of death or of imprisonment for a term exceeding 7 years. In other words, the maximum term of imprisonment which he was competent to pass was 7 years only. Now relevant portion of section 33 of the Code of Criminal Procedure reads as follows:

> "33. (1) The Court of any Magistrate may award such term of imprisonment in default of payment of fine as is authorized by law in case of such default:
> Provided that—
>
> (*a*) The term is not in excess of the Magistrate's power under this Code;
> (*b*) In any case decided by a Magistrate where imprisonment has been awarded as part of the substantive sentence, the period of imprisonment awarded in default of payment of the fine shall not exceed one-fourth of the period of imprisonment which such Magistrate is competent to inflict as punishment for the offence otherwise than as imprisonment in default of payment of the fine."

It is therefore quite clear that in the present case the period of imprisonment awarded in default of payment of fine cannot exceed one-fourth of 7 years' imprisonment, which is the maximum sentence that could be passed by the learned trial Magistrate. Therefore the maximum term of imprisonment which the learned Magistrate could pass was only one-fourth of 7 years which is equivalent to one year and nine months. The sentence passed by the learned Magistrate also goes counter to the provisions of section 65 of the Penal Code. The offence under section 420 is punishable with imprisonment which may extend to 7 years only. Under section 65 of the Penal Code, the term for which the Court directs the offender

C.C.
1966

THE UNION OF BURMA
v.
MAUNG BA SHWE.

to be imprisoned in default of the payment of fine shall not exceed one-fourth of the term of the imprisonment which is the maximum fixed for the offence, if the offence be punishable with imprisonment as well as fine.

For all these reasons the term of imprisonment awarded by the learned trial Magistrate in default of payment of the fine of K 4,360 will be altered to one year and nine months' rigorous imprisonment.

CRIMINAL REVISION

Before U Sein Thin, J.

THE UNION OF BURMA (APPLICANT)

v.

MAUNG TIN SEIN (RESPONDENT).*

† C.C. 1966
Oct. 13.

Penal Code s. 325—Trial of warrant case as summons case--whether irregularity curable by s. 537 Criminal Procedure Code—enhancement of sentence.

Held : If the warrant case is tried as a summons case the procedure is illegal and the conviction is liable to be set aside. But there is authority for the view that such an irregularity is curable by s. 537 of the Code of Criminal Procedure unless it actually causes a failure of justice. The respondent was convicted on his own admission and as such the conviction registered against the respondent cannot be said to have occasioned a failure of justice.

As regards the question of sentence it is an invariable rule that the High Court will not enhance the sentence in any and every case in which the accused person has been punished too leniently, but only where the punishment appears to be so grossly and entirely inadequate as to involve failure of justice.

Maung Pu and another v. *Maung Kyi and another*, (1955) B.L.R. (H.C.) p. 203 ; *State* v. *Phayya*, (18829) (CBLR) 4 Cr. referred to.

Daw Mya Than Nu (Government Advocate) for the applicant.

U SEIN THIN, J.—In Criminal Regular Trial No. 9 of 1965 of the Township Magistrate, Saisang, the respondent Mg Tin Sein has been convicted under section 325 of the Penal Code and sentenced to suffer imprisonment till the rising of the Court and to pay a fine of K 15 or in default to suffer further 7 days imprisonment. The learned Sessions Judge of Taunggyi who has taken up the case in revision has recommended that the case be quashed and

* Criminal Revision No. 42 (*b*) of 1966.

† Review of the order of the Township Magistrate, Saisang, dated the 20th December 1965, passed in Criminal Regular Trial No. 9 of 1965.

C C.
1966

THE UNION OF BURMA
v.
MAUNG TIN SEIN.

that a fresh trial ordered. The learned Sessions Judge has pointed out that although an offence punishable under section 325 of the Penal Code should have been tried as a warrant case the trial Magistrate has adopted the procedure prescribed for the trial of a summons case. The sentence meted out to the respondent, in the opinion of the learned Sessions Judge, was also inadequate. No doubt, if the warrant case is tried as a summons case the procedure is illegal and the conviction is liable to be set aside. But there is authority for the view that such an irregularity is curable by section 537 of the Code of Criminal Procedure unless it actually causes a failure of justice. In the present case before me the respondent was convicted on his own admission and as such the conviction registered against the respondent cannot be said to have occasioned a failure of justice. As regards the question of sentence it is an invariable rule that the High Court will not enhance the sentence in any and every case in which the accused person has been punished too leniently, but only where the punishment appears to be so grossly and entirely inadequate as to involve failure of justice. No doubt as laid down in the case of *Mg Pu and another* v. *Mg Kyi and another* (1) there is nothing in the Criminal Procedure Code which either expressly or impliedly prevents the High Court from enhancing a sentence passed against the accused by the lower Court. But as pointed out above this Court is always reluctant to interfere with the sentence passed by the lower Court unless the same is so manifestly unjust that an interference is called for in the interest of administration of justice. This has been the principle followed by the Indian High Courts as can be seen in the case of *State* v. *Phayya* (2) which is also quoted with-approval in A.I.R. 1935 Nagpur 117. In the present case before me I have noticed that the lower Court has taken into consideration the fact that

(1) (1955) B.L.R. (H.C.) p. 203. (2) (1829) (C.B.L.R.) 4 cn.

the respondent is a first offender and that he is only 19 years of age. The offence is also alleged to have been committed on account of the provocation given by the injured person. In the circumstances I would hold that the sentence passed by the trial Court cannot be said to be so grossly and entirely inadequate as to involve failure of justice. The recommendations made by the learned Sessions Judge cannot therefore be accepted. Let the proceedings be returned with the above remarks.

CIVIL MISCELLANEOUS APPLICATION

Before Dr. Maung Maung, C.J. and U Chit, J.

C. C.
1966

Sept. 2

U KYAUK SEIN (APPLICANT)

v.

THE ADDITIONAL COMMISSIONER OF INCOME-TAX. BURMA (RESPONDENT).*

Burma Income-tax Act, s. 66(2)—the best of judgment assessment—income of the assessee from undisclosed sources—construction of the President Cinema—reliance on valuation of assessors and other reports in making the assessment—whether it can be said the assessments were made perversely or in the absence of evidence—estimated income used up in the construction for, that year itself— Burma Income-tax Act, s. 37—burden of proof.

The applicant applied to the Appellate Tribunal to refer to this Court the question as to whether the Tribunal was "justified in law" in holding that the best of judgment assessment for each of the four years constituted the income of the assessee from undisclosed sources liable to assessment in that year. The Tribunal decided that there were no questions of law for reference to this Court, but only findings of pure fact.

Held: Until she started building the President Cinema Daw Aye Kyi's annual incomes were not of assessable proportions. Thus the huge construction began, from funds for which she assumed sole responsibility, but whose sources she could neither account for nor explain. After four years or more of waiting for her to submit her accounts, the Income-tax Officer proceeded to make his best of judgment assessments on the basis of the costs of construction estimated for each year. He had the valuation of assessors and other reports in making the assessments and it cannot be said that he had made them perversely or in the absence of evidence. He did not hold that the assessee's income which he estimated for one assessment year was not available for investment in the next. What he decided was that the estimated income was used up in the construction for that year itself. This method of assessment was inevitable in the circumstances.

Held further: It was not for the Income-tax Officer, the Assistant Commissioner (Appellate) and the Appellate Tribunal to take evidence to verify if Daw Aye Kyi's admittedly belated explanations of indebtedness were true under s. 37 of the Burma Income-tax Act, when the burden was on Daw Aye Kyi and when she had enough time and opportunity to discharge it.

No question of law arises and therefore the applications are dismissed.

U Paing for the applicant.

U Ba Kyaw (Assistant Attorney-General) for the respondent.

F

* Civil Miscellaneous Applications Nos. 7, 8, 9, 10, 11 and 12 of 1966.

DR. MAUNG MAUNG, C.J.—These six applications arise out of similar circumstances concerning the same assessee and since they pose identical questions of principle, we have heard them together on the motion of learned counsel. This order disposes of all the six applications.

Daw Aye Kyi, the proprietress of the President Cinema, was called upon to submit her accounts and returns for the four assessment years, 1955-56, 1956-57, 1957-58 and 1958-59. On her failure to respond promptly and satisfactorily the Income-tax Officer proceeded, under section 23 (4) of the Income-tax Act, to make best of judgment assessments. He also taxed her for business profits for each of those four years.

The assessee invoked section 27 of the Act to try and get the assessments cancelled, but without success. Her first appeals to the Assistant Commissioner of Income-tax (Appellate) were not of any significant success, for she only won small reductions in her quantum appeals. The second appeals which she preferred to the Appellate Tribunal went through a re-hearing after a reference was made to this Court, and were finally dismissed. In the course of the series of appeals and references Daw Aye Kyi died and her husband, U Kyauk Sein, has pursued her cause as her legal representative.

U Kyauk Sein applied to the Appellate Tribunal, under section 66 (1), to refer to this Court the question as to whether the Tribunal was " justified in law " in holding that the best of judgment assessment for each of the four years constituted the income of the assessee from undisclosed sources liable to assessment in that year. The Tribunal, after hearing counsel, decided that there were no question of law for reference to this Court, but only findings of pure fact. His quest with the Tribunal having failed, U Kyauk Sein has come and placed the questions before us, asking that we find them to be questions of

)B

law and fit for a direction to that effect from us to the Appellate Tribunal under section 66 (2).

U Paing, learned counsel for the applicant, relies heavily on the ruling in *Kuppuswami Mudaliar* v. *Commissioner of Income-tax* (1) that once the income of an assessee had been assessed on an estimate basis, the estimated income must be treated as the real income and if the assessee claimed that the investments he made in subaequent years came out of the income, his claim should not be rejected on the ground that the estimated income was merely intangible or imaginary. It would not be open to the authorities to take the view that the estimate was made only for taxation purposes but had no relation to the true income of the assessee. That would only be fair and just, for if an assessee had to pay tax on an estimated income, but was denied the opportunity to explain that he made subsequent investments from that income, it would amount to making the assessee bear the burden without the opportunity to reap due benefits.

The argument advanced by U Paing seems to be that as large sums of money were assessed to income-tax against Daw Aye Kyi for four successive years from 1955-56, on a best of judgment basis, she should have been allowed to explain that she was able to meet the costs of constructing the President Cinema in each succeeding year from the income that the authorities had estimated to be her's in the previous year. The estimated income for one year would, in other words, cover, at least partially, the costs of construction in the following year, and the costs therefore should not have been put down by the authorities entirely on undisclosed sources of income for that subsequent year.

We fail to find, however, that Daw Aye Kyi gave this explanation to the income-tax authorities. All she did,

(1) (1964) 51 I.T.R. 757.

it seems, was take time after time to produce her books, and finally she explained that she had borrowed from banks, firms and individuals. Called upon to furnish proof and detail of her indebtedness, she again failed to do so in the time given her.

U Ba Kyaw, the learned Assistant Attorney-General, submits that the income-tax authorities had had the President Cinema valued by qualified engineers and assessors, building, furnishings, equipment and all, and allocated and spread out the total estimated costs over the assessment years in question. Then costs for each year were held to be the income of the assessee from undisclosed sources. As estimated income for each of the four years was deemed to have been utilised in the construction of the Cinema for that very year, there was no question of the income being available for investment in the following year.

We consider that in the circumstances of these cases, U Paing's line of reasoning cannot hold. Until she started building the President Cinema Daw Aye Kyi's annual incomes were not of assessable proportions. Thus the huge construction began, from funds for which she assumed sole responsibility, but whose sources she could neither account for nor explain. After four years or more of waiting for her to submit her accounts, the Income-tax Officer proceeded to make his best of judgment assessments on the basis of the costs of construction estimated for each year. He had the valuation of assessors, and other reports in making the assessments and it cannot be said that he had made them perversely or in the absence of evidence. He did not hold that the assessee's income which he estimated for one assessment year was not available for investment in the next. What he decided was that the estimated income was used up in the construction for that year itself. This method of assessment was inevitable in the circumstances.

C.C.
1966

U KYAUK SEIN
v.
THE ADDITIONAL COMMISSIONER OF INCOME-TAX, BURMA.

Next U Paing argues that the Income-tax Officer, the Assistant Commissioner (Appellate) and the Appellate Tribunal, could have, under section 37, taken evidence to verify if Daw Aye Kyi's admittedly belated explanations of indebtedness were true. But the burden was on Daw Aye Kyi and she had enough time and opportunity to discharge it. The appellate authorities considered her appeals carefully and came to the same conclusions of fact.

We concur with the Appellate Tribunal that no question of law arises for reference to this Court. We cannot go over the facts again as if we were a third Court of Appeal; our power under section 66 is limited and we must neither abdicate that power nor extend it.

The applications are dismissed with one set of costs. Advocate's fee K 340.

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ကိုကျော်လင်း (အယူခံတရားလို)

နှင့်

မောင်ဝင်းမှန် (အရွှယ်မရောက်သေးသူနှင့်ဂုဏ်၏မိတ်ဆွေ ဦးမင်းစိန်) (အယူခံတရားခံ)*

† ၁၉၆၆ စက်တင်ဘာလ ၃၀ ရက်။

ဥပစာမှု နှင့်ထုတ်လိုမှုတရားစွဲဆိုခြင်း—ဥပစာတခုခုအပေါ် ခံစားခွင့်ကို လွှဲပြောင်းပေးခြင်း—လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူတို့ အိမ်ရှင် အိမ်ငှါးဖြစ်လာကြမည်ဖြစ်ခြင်း—ဥပစာကို အိမ်ငှါးအား လက်ရောက် မပေးလျှင် အိမ်ငှါးအနေဖြင့် ငှါးရမ်းခ ပေးရန်တာဝန်ရှိ မရှိ၊ဥပစာမှ နှင့်ထုတ်လိုမှုစွဲဆိုခြင်း ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ဥပစာ တခုခုအပေါ် ခံစားခွင့်ကို လွှဲပြောင်းပေးမှသာ လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခံရသူတို့သည် အိမ်ရှင်အိမ်ငှါးများ ဖြစ်လာကြမည် ဖြစ်သည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၈ (ခ) အရ၊ အိမ်ရှင်သည်၊ အိမ်ငှါးအား၊ ဥပစာကို လက်ရောက်အပ်ပေးရန် တာဝန်ရှိသည်။ ငှါးရမ်းခြင်း စာချုပ် ချုပ်ဆိုသားစေကာမူ၊ အိမ်ရှင်က ဥပစာကို အိမ်ငှါးအား၊ လက်ရောက်မပေးလျှင်၊ အိမ်ငှါးအနေဖြင့် ငှါးရမ်းခပေးရန် တာဝန်ရှိမည်မဟုတ်။ ငှါးရမ်းခပေးဆောင်ရန် တာဝန်မရှိလျှင် ငှါးရမ်းခ ပျက်ကွက်သည်ဟု မဆိုနိုင်။ သို့ဆိုလျှင် ဥပစာမှ နှင့်ထုတ်လိုမှုစွဲဆိုခြင်းပြုရန် အကြောင်းမရှိ။

ကျိုက်ချုန္ဒရာရှိုင်း နှင့် အမ်ဒက်မြား၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၂ ခု၊ ပရီဗီကောင်စီ ၂၈၊ (၃၀-၃၁)။

ဂန်ဒါဆင်း နှင့် နိုင်ငံတော်အတွင်းဝန်၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၄၊ ပက်ရှ၀၊ ၁၁၁။

ဘုရင်ခံချုပ်နှင့် အင်ဒါမာနီ၊ အေ၊အိုင်၊ အဲ(ရ်)၊ ၁၉၅၀၊ အလျှေပန်ကျပ် ၂၉၆ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ တီ၊ ပီ၊ ဝမ်း။

အယူခံတရားခံအတွက်။ ။ဦးသန့်အောင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံမောင်ဝင်းမှန်သည် အရွှယ်မရောက်သူတဦးဖြစ်သည်။ဂုဏ်၏ဘခင် ဦးမင်းစိန်က ဂုဏ်၏ အုပ်ထိန်းသူ အဖြစ် ဆောင်ရွက်

---

* ၁၉၆၄ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၉။

† ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၃ တွင် အင်းစိန်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံး တော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆

ကိုကျော်လင်းနှင့် မောင်ဝင်းမှန် (အရွယ်မရောက်သေးသူနှင့် ၎င်း၏ မိတ်ဆွေ ဦးမင်းစိန်)။

ကာ အင်းစိန်မြို့၊ကံဘဲ့ရပ်၊အကွက်နံပါတ် ၁၊ ဦးပိုင်နံပါတ် ၉၂ မြေကွက်နှင့် ထိုမြေကွက်ပေါ် ရှိအိမ်နှင့် မြင်းစောင်းများကို ဒေါ် ကျင်ရွှေဆိုသူထံမှ ၁၉၅၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့သည်။ ဒေါ် ကျင်ရွှေမှာ အယူခံတရားလို ကိုကျော်လင်း၏ ဇနီးဖြစ်သည်။

အယူခံတရားခံက ၁၉၅၁ ခုနှစ်၊ ဧပြီလ ၁ရက်နေ့တွင် အဆိုပါဥပစာကို အယူခံတရားလိုအား ငှါးရမ်းခ တလလျှင် ၃၀၀ နှုန်းနှင့် ငှါးရမ်းခဲ့ကြောင်း၊ ထိုကဲ့သို့ငှါးရမ်းခဲ့သည့်နေ့မှစ၍ ၁၉၆၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိကျသင့်သော ငှါးရမ်းခများကို ပေးဆောင်ရန် တောင်းဆိုခဲ့သော်လည်း ပျက်ကွက်၍ ငှါးရမ်းခြင်းကို ရပ်စဲခဲ့ပြီးဖြစ်ကြောင်း၊ မောင်ပွဆိုသူမှာ အယူခံတရားလို၏တဆင့်အိမ်ငှါး၊ သို့မဟုတ် အခွင့်အမိန့်အရ၊ထိုဥပစာ၌ နေထိုင်လျက်ရှိကြောင်း၊ ထိုကြောင့် ၎င်းတို့အား ဥပစာမှ နှင်ထုတ်လိုမှု ဒီကရီရထိုက်ကြောင်း အင်းစိန်မြို့၊ နယ်ပိုင်တရားမရုံးတွင် တရားစွဲဆိုသည်။

အယူခံတရားလိုက ဥပစာကို ငှါးရမ်းသည့် အငှါးစာချုပ် ချုပ်ဆိုခဲ့သော်လည်း၊ ထိုဥပစာကို လက်ရောက်မရရှိခဲ့သဖြင့်၊ငှါးရမ်းခပေးရန် တာဝန်မရှိကြောင်း၊ ယင်းသို့ ငှါးရမ်းပေးရန် တာဝန်မရှိလျှင် ဥပစာမှ နှင်ထုတ်လိုမှု မစွဲဆိုနိုင်ကြောင်း ထုချေသည်။မောင်ပွကမူ အချင်းဖြစ် ဥပစာ၌ ၁၉၅၄ ခုနှစ်လောက်ကစ၍ အယူခံတရားလို၏ အိမ်ငှါးအဖြစ် နေထိုင်ခဲ့ကြောင်း တင်ပြလာသည်။

ပညာရှိ နယ်ပိုင်တရားမ တရားသူကြီးသည် နှစ်ဦးနှစ်ဘက်ကို ကြားနာစစ်ဆေးပြီးနောက်၊ အယူခံ တရားလိုသည် အငှါးစာချုပ်ကို ချုပ်ဆိုခဲ့သော်လည်း၊ ဥပစာကို လက်ရောက် မရခဲ့သဖြင့် ငှါးရမ်းခပေးရန် တာဝန်မရှိ၍၊ ဥပစာမှ နှင်ထုတ်လိုမှု မစွဲဆိုနိုင်ကြောင်းကောက်ယူကာ အယူခံတရားခံ၏အမှုကို ပလပ်လိုက်သည်။ထိုကဲ့သို့ ပလပ်လိုက်သည်ကို မကျေနပ်၍ အင်းစိန်မြို့၊ ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ ပညာရှိခရိုင်တရားမ တရားသူကြီးက အိမ်ငှါးသည် မိမိငှါးရမ်းသည့်အိမ်တွင် နေထိုင်ခြင်း မရှိစေကာမူ၊ငှါးရမ်းခကိုပေးရန်တာဝန်ရှိကြောင်း၊ ထိုငှါးရမ်းခကို ပေးရန်ပျက်ကွက်ပါက၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁) (က)အရ၊ ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုနိုင်ကြောင်း အဆုံးအဖြတ်ပြုကာ၊ မူလရုံး၏ဒီကရီကို ပယ်ဖျက်၍၊ အယူခံတရားခံ စွဲဆိုသည့်အတိုင်း ဒီကရီချပေးလိုက်လေသည်။ယင်းဒီကရီကိုပယ်ဖျက်ပေးရန် အယူခံတရားလိုက ဤဒုတိယအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလို၏ ပညာရှိရွှေနေကြီး မစွတာ တီ၊ ပီ၊ ဝမ်းက၊ အခင်းဖြစ် ဥပစာနှင့် ပတ်သက်၍၊ အငှါးစာချုပ်ဆိုခဲ့သော်လည်း ထိုအငှါးစာချုပ်မှာ ဟန်ဆောင်စာချုပ်သာဖြစ်ကြောင်း၊ ဥပစာကို အယူခံတရားလို၏ ဇနီး ဒေါ် ကျင်ရွှေက ငွေ ၈,၀၀၀ ဖြင့် ပေါင်နှံခဲ့ရာ၊အတိုးငွေ တလလျှင် ၃၀၀ ပေးဆပ်ခဲ့ရကြောင်း၊ ထိုသို့ပပ္စည်း

ပေါင်ပြီးနောက်၊ ၃ နှစ်ခန့်ကြာသောအခါအဘိုးငွေအတွက် ဥပစာကိုတလလျှင် ၃၀၀ နှင့် ငှါးရမ်းသည်ဟုဆိုကာ အငှါးစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းသာဖြစ်ကြောင်း၊ အငှါးစာချုပ်ပင် ချုပ်ဆိုသော်လည်း ဥပစာကို လက်ရောက်မရခဲ့သဖြင့် ငှါးရမ်းခပေးရန်လည်း တာဝန်မရှိ၊ အိမ်ရှင်-အိမ်ငှါး ဆက်သွယ်မှုလည်း မရှိကြောင်း လျှောက်လဲတင်ပြသွားသည်။

အခင်းဖြစ်ဥပစာကိုဒေါ်ကျင်ရွှေက အယူခံတရားခံအား ပေါင်နှံခဲ့သည်၊ သို့တည်းမဟုတ် ရောင်းချခဲ့သည်ဆိုသောပြဿနာမှာ မူလရုံးအဆိုနှင့် အခြေတို့ဘွင်သော်၎င်း၊ ကောက်ချက်များတွင်သော်၎င်း ပေါ် ပေါက်ခြင်းမရှိ၍၊စဉ်းစားရန် မလိုပေ၊ ယခုအမှုတွင် အဓိကစဉ်းစားရမည့် ပြဿနာမှာ အယူခံတရားလိုသည့် အယူခံ တရားခံ၏ အိမ်ငှါးတယောက် ဟုတ် မဟုတ်၊ အကယ်၍ ဟုတ်ပါက ငှါးရမ်းခများကိုပေးဆောင်ရန် တာဝန်ရှိ မရှိ ဆိုခြင်းပင် ဖြစ်သည်။

အိမ်ရှင်-အိမ်ငှါး ဆက်သွယ်မှု ရှိမရှိဆိုသော အချက်နှင့်ပတ်သက်၍ ပစ္စည်း လွဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၅ အရ၊ ဆုံးဖြတ်ရမည်ဖြစ်သည်၊ ထိုပုဒ်မအရဆိုလျှင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအပေါ် ခံစားခွင့်ကို လွဲပြောင်း ပေးခြင်းသည် ငှါးရမ်းမှုပင်ဖြစ်၏၊ တနည်းဆိုသော် ဥပစာတခုခုအပေါ် ခံစားခွင့်ကို လွဲပြောင်းပေးမှသာ လွဲပြောင်းပေးသူနှင့် လွဲပြောင်းပေး ခံရသူ တို့သည် အိမ်ရှင်-အိမ်ငှါးများ ဖြစ်လာကြမည်ဖြစ်သည်။ယင်းသို့ဥပစာအပေါ် ခံစားခွင့်ကိုလွဲပြောင်းပေးရာတွင် လွဲပြောင်းပေးခံရသူအိမ်ငှါးအား ဥပစာကိုလက်ရောက်အပ်ပေးခြင်း မပြုလျှင် အိမ်ငှါးအနေဖြင့် ထိုဥပစာအပေါ် ခံစားခွင့်ရမည် မဟုတ်၍ ငှါးရမ်းမှုမြောက်သည်ဟု မဆိုနိုင်ပေ၊ ပစ္စည်းလွဲပြောင်းရေး ဥပဒေ ၁၀၈ (ခ)အရ၊ အိမ်ရှင်သည် အိမ်ငှါးအား ဥပစာကို လက်ရောက်အပ်ပေးရန် တာဝန်ရှိသည်၊ ငှါးရမ်းခြင်းစာချုပ် ချုပ်ဆို ထားစေကာမူ၊ အိမ်ရှင်က ဥပစာကို အိမ်ငှါးအား လက်ရောက်မပေးလျှင် အိမ်ငှါးအနေဖြင့် ငှါးရမ်းခပေးရန် တာဝန်ရှိမည်မဟုတ်၊ ထိုကိစ္စနှင့် ပတ်သက်၍ ပရီဗီကောင်စီ လွှတ်တော်၏ စီရင်ထုံးဖြစ်သော **ကျိုက်ချုန္ဒရှိုင်း** နှင့် **အမ်ဒက်မြား**(၁)တို့ကမူတွင် အောက်ပါအတိုင်း မိန့်မြွက်ထားသည်ကို တွေ့မြင်နိုင်၏။

> **". . . In their opinion, where there is no dispute as to the identity of the subjects let, but the tenant denies that he has even got possession of the subjects, it is for the landlord to prove he has discharged his obligation to put the tenant in possession before he can enforce the tenant's obligation to pay rent. . . The landlord must not only**

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂၊ ပရီဗီကောင်စီ ၂၈ (၃၀-၃၁)။

၁၉၆၆

ကိုကျော်လင်း နှင့် မောင်ဝင်းမှုန် (အရွယ်မရောက်သေးသူနှင့် ၎င်း၏ မိတ်ဆွေ ဦးမင်းစိန်)။

show that the tenant is in possession of the subjects of the lease, but that possession was attributable to the lease, or might be so."

ဂန်ဒါဆင်း နှင့် နိုင်ငံတော် အတွင်းဝန်(၂)နှင့် ဘုရင်ခံချုပ် နှင့် အင်ဒါမာနီ(၃) တို့အမှုများတွင်လည်း အလားတူ အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။

ယခုအမှုတွင် အယူခံတရားခံအနေဖြင့် အခင်းဖြစ် ဥပစာကို အယူခံတရားလိုအား လက်ရောက်ပေးအပ်ခဲ့သည်ဆိုသော သက်သေ အထောက်အထား လုံးဝတင်ပြနိုင်ခဲ့ခြင်းမရှိပေ။ အယူခံတရားလိုက ဥပစာကိုအငှါးစာချုပ် ချုပ်ဆိုခဲ့သော်လည်း ထိုအငှါးစာချုပ်အရ လက်ရောက်မရခဲ့ကြောင်း ငြင်းဆိုထားသဖြင့် အယူခံတရားခံ အနေဖြင့် ဥပစာကို လက်ရောက်အပ်ပေးခဲ့ကြောင်း သက်သေထူရန် တာဝန်ရှိရာ ထိုတာဝန်ကို ကြေပြွန်အောင် မထမ်းဆောင်နိုင်သည့်အတွက် အငှါးစာချုပ်ပင်ချုပ်ဆိုခဲ့လင့်ကစား အယူခံတရားခံသည် အယူခံတရားလိုအား ငှါးရမ်းခမျာကိုပေးဆောင်ရန် တာဝန်မရှိပေ။ ယင်းသို့ငှါးရမ်းခ ပေးဆောင်ရန် တာဝန်မရှိလျှင် အယူခံ တရားခံသည် ငှါးရမ်းခ ပေးဆောင်ရန် ပျက်ကွက်သည်ဟု မဆိုနိုင်တော့ပေ။ ထိုကဲ့သို့ဆိုလျှင် အယူခံတရားခံသည် အယူခံတရားလိုအပေါ် ဥပစာမှနှင်ထုတ်လိုမှု စွဲဆိုခြင်းပြုရန် အကြောင်းမရှိ။

အထက်ပါအကြောင်းများကြောင့် အောက်အယူခံရှုံး၏စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ၊ အယူခံတရားခံ၏အမှုကို ပလပ်ခဲ့သော မူလရှုံး၏ ဒီကရီကို အတည်ပြုလိုက်သည်။ အယူခံတရားခံသည် အယူခံတရားလို၏ တရားစရိတ် အားလုံးကို ကျခံရမည်ဖြစ်သည်။ ဤရုံး အတွက်ရှေ့နေစရိတ် ၃၄ ် သတ်မှတ်သည်။

---

(၂) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၄၊ ပက်ရှဝါ ၁၀၁။

(၃) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၀၊ အရွှေပန်ဂျပ် ၂၉၆။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရွှေတွင်

ကိုအေး (ခေါ်) ကိုရေအေး (အယူခံတရားလို)။

နှင့်

ဒေါ်ဖွါးသင်ပါ ၃ (အယူခံတရားခံများ)*

† ၁၉၆၆ စက်တင်ဘာလ ၂၉ ရက်။

အမွေဘုံပစ္စည်းများကိုရုံးတော်ကဒီမံအုပ်ချုပ် ခန့်ခွဲပေးရန် တရားစွဲဆိုမှု—ယာမြေများကို မြေယာကော်မိတီက လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ပြန်လည်သိမ်းယူခြင်းမှ ကင်းလွှတ်ခွင့်ပြုထားခြင်း—ဥပဒေ ပုဒ်မ ၉ တွင် ဖော်ပြထားသည့် အခွင့်အရေးများရရှိခြင်း—လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၆ အရ၊ တရားမရုံး၏ စီရင်ပိုင်ခွင့် အာဏာကို တားမြစ်ထား မထား—မြေနုကျန်းပေါ် မြေများမှာ ယခင်က မြေနုများဖြစ်သော်လည်း ဧနောက်ပိုင်းတွင် အနေအထား ခိုင်မြဲလာခြင်း—အထက်မြန်မာပြည်ဒေသနှင့်အခွန်တော် အက်ဥပဒေနှင့် အကျုံးဝင်မဝင်—ပြည်သူပြည်သားအချင်းချင်း မြေကို မည်သူက ပိုင်ဆိုင်ခွင့် ရှိကြောင်း အငြင်းပွါးသည့် မှုခင်းများနှင့်သက်ဆိုင် မသက်ဆိုင်။

ဆုံးဖြတ်ချက်။ ။ယာမြေများနှင့် ပတ်သက်၍ ဆိုင်ရာမြေယာ ကော်မိတီက အယူခံ တရားလို အား၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ပြန်လည်သိမ်းယူခြင်းမှ ကင်းလွှတ်ခွင့်ပြုထားသည်။ တို့ကြောင့် ၎င်းမြေယာများနှင့် ပတ်သက်၍ ပုဒ်မ ၉ တွင် ဖော်ပြထားသည့် လယ်ယာမြေများနှင့် ပတ်သက်သည့် အခွင့်အရေးများကို ရရှိမည် ဖြစ်သည်။ ထိုမြေများနှင့် ပတ်သက်၍ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၆ အရ၊ တရားမရုံး၏ စီရင်ပိုင်ခွင့် အာဏာကို တားမြစ်ထားသဖြင့် ထိုးမြများကို တရားစွဲဆိုထားသည့် အမွေဘုံ ပစ္စည်းများမှ ထုတ်ပယ်ရန် ဖြစ်သည်။

မြေနုကျန်းပေါ် မြေများမှာ ယခင်က မြေနုများ ဖြစ်သော်လည်း နောက်ပိုင်းတွင် အနေအထား ခိုင်မြဲလာခြင်းကြောင့် မြေရင်းများ ဖြစ်ခဲ့ပြီးကြောင်း ထင်ရှားလေသည်။ ထိုမြေမျိုးများသည် အထက်မြန်မာပြည်ဒေသနှင့် အခွန်တော် အက်ဥပဒေ နှင့် အကျုံးဝင်သည်။ ထိုဥပဒေတွင် ဖော်ပြထားသည့် တားမြစ်ချက်သည် အမှုသည် တဦးအဖြစ် အစိုးရ ပါဝင်သည့် မှုခင်းများနှင့်သာ သက်ဆိုင်၍ ပြည်သူပြည်သား အချင်းချင်း မြေကို မည်သူက ပိုင်ဆိုင်ခွင့်ရှိကြောင်း အငြင်း

---

* ၁၉၆၂ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှုအမှတ် ၁၅။

† ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့စွဲပါ၊ ၁၉၆၂ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၁ တွင်မြင်းခြံမှို့၊ ခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံမှု။

ပွားသည့်မှုခင်းများနှင့် မသက်ဆိုင်ခေ။ ထိုကျွန်းမြေများနှင့် ပတ်သက်၍ မြေယာကော်မိတီက သီးစားချထားခြင်း မရှိခဲ့လေရာကား ထိုမြေများကို မည်သူပိုင်ဆိုင်ခွင့် ရထိုက်ကြောင်း တရားမရုံးက ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

မောင်သောင်းနှင့်ရွှိတ်အပဒူ(လ်)ဂနီ၊ ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၆၀၃။

ဦးသူတော်နှင့် ဦးမျိုးညွှန့်၊ ၁၉၄၂ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၆ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက် ။ ။ မစ္စတာဝါးမား။

အယူခံတရားခံအတွက် ။ ။ မစ္စတာဘို(စ်)ကိုယ်စားဦးဘငွေ။

တရားသူကြီး ဦးစိန်သင်း ။ ။မြင်းခြံမြို့ နယ်ပိုင်တရားမရုံး ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁ တွင် တရားလိုဒေါ်မွှားသင်က မိမိ၏ မွေးချင်းများ ဖြစ်ကြသော ကိုအေး၊ ဒေါ်တင်နှင့် ဦးမောင်ကြီးတို့အပေါ်၌ မိဘများထားရစ်ခဲ့သည့် အမွေဘုံပစ္စည်းများကို ရုံးတော်က စီမံအုပ်ချုပ်ခန့်ခွဲပေးပါရန် တရားစွဲဆိုခဲ့သည်။ အမွေဘုံပစ္စည်းများမှာ မြေကွက်များ ဖြစ်ကြသည်။ (က)၊ (ခ) နှင့် (ဂ) အမှတ်ပြမြေကွက်များမှာ ယာမြေများဖြစ်ကြပြီး (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) အမှတ်ပြမြေကွက်များမှာ ကျွန်းမြေများ ဖြစ်ကြသည်။ (ဈ) အမှတ်ပြမြေကွက် တစ်ကွက်တည်းသာလျှင် အိမ်ယာဝိုင်းမြေ ဖြစ်သည်။

ပညာရှိမူလရုံးတရားသူကြီးက (က)၊ (ခ) နှင့် (ဂ) အမှတ်ပြမြေများသည် လယ်ယာမြေများဖြစ်၍ ထိုမြေများကို နိုင်ငံတော်က ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည့် မြေများဖြစ်သောကြောင့် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၉ (၂) အရ အမွေဆက်ခံနိုင်ခွင့်ရှိသော မြေများ ဖြစ်သည်။ ထို့ကြောင့် ထိုမြေများနှင့် ပတ်သက်၍ တရားလိုသည် တရားစွဲဆို ပိုင်ခွင့်ရှိသည်ဟု ကောက်ယူဆုံးဖြတ်ခဲ့သည်။ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) အမှတ်ပြမြေများနှင့် ပတ်သက်၍မူ ထိုမြေများသည် မြေနကျွန်းပေါ် မြေများဖြစ်ကြပြီး နှစ်စဉ်ခွဲဝေရသော မြေများဖြစ်ခြင်းကြောင့် ထိုမြေများနှင့်ပတ်သက်၍ တရားမရုံးမှ လက်ခံစစ်ဆေးနိုင်ခွင့်မရှိဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ထိုကျွန်းမြေနမူများကို အမွေဘုံပစ္စည်းမှ ထုတ်နုတ်လိုက်ပါက ကျွန်မြေများ၏တန်ဖိုးသည် ၄၅၀ ကျပ်မှသာ ဖြစ်သောကြောင့် တရားလိုအား သက်ဆိုင်ရာ ရုံးတော်၌ တရားစွဲနိုင်စေရန် တရားမကျင့်ထုံးအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ အဆိုလွှာကို တရားလိုအားပြန်လည် ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် မြင်းခြံမြို့ ခရိုင်တရားမရုံး၊ ၁၉၆၂ ခု၊ တရားမအယူခံမှုအမှတ် ၁၁ တွင် ဒေါ်မွှားသင်က အယူခံဝင်ခဲ့သည်။ ပညာရှိ ခရိုင်တရားမတရားသူကြီးက (က)၊ (ခ)၊ (ဂ) အမှတ်ပြမြေများနှင့်ပတ်သက်၍ မူလရုံးက ချမှတ်သည့်အမိန့်ကို အတည်ပြုလိုက်သည်။ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) အမှတ်ပြ

မြေများနှင့်ပတ်သက်၍ကား မူလရုံး၏ ကောက်ယူဆုံးဖြတ်ချက်ကို ပယ်ဖျက်ခဲ့သည်။ သို့နှင့် အယူခံတရားလို၏အမှုကို မူလအမှုအမှတ်အတိုင်း မူလရုံးတွင်လက်ခံပြီး တရားနည်းလမ်းအတိုင်း ဆက်လက်စစ်ဆေးဆုံးဖြတ်ရန် အမိန့်ချမှတ်လိုက်သည်။ထိုအမိန့်ကို မကျေနပ်သဖြင့် ယခုကျွန်ုပ်ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

(က)၊ (ခ)၊ (ဂ) အမှတ်ပြမြေများနှင့်ပတ်သက်၍ သက်ဆိုင်ရာမြေယာကော်မီတီက အယူခံတရားလို ကိုအေးအား လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရပြန်လည်သိမ်းယူခြင်းမှကင်းလွတ်ခွင့်ပြုထားကြောင်း အငြင်းပွါးချက်မရှိပေ။ထို့ကြောင့် အယူခံတရားလိုကိုအေးသည် အဆိုပါကင်းလွတ်ခွင့်ဖေးထားသည့် လယ်ယာမြေများနှင့် ပတ်သက်၍ ပုဒ်မ ၉ တွင်ဖော်ပြထားသည့် အခွင့်အရေးများကို ရရှိမည်ဖြစ်သည်။ ထိုအခွင့်အရေးများတွင် လယ်ယာမြေကို လက်ရှိထားနိုင်ခွင့် လုပ်ကိုင်နိုင်ခွင့်တို့လည်း ပါဝင်လေသည်။ ပုဒ်မ ၆ အရ ကင်းလွတ်ခွင့် ပေးခြင်းသည် တောင်သူလယ်သမား အိမ်ထောင်သားစုအား၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အား ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေများနှင့်ပတ်သက်၍သာလျှင် ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်သည်။ ထို့ကြောင့် အခင်းဖြစ် လယ်ယာမြေများကို မြေယာကော်မီတီက အယူခံတရားလိုမောင်အေးအား ကင်းလွတ်ခွင့်ပေးခဲ့ခြင်း ဖြစ်ရာ၊ ထိုမြေယာကော်မီတီ၏ ဆုံးဖြတ်ချက်အရဆိုသော်၊ ထိုမြေကိုပိုင်ဆိုင်ခွင့်ရှိသူမှာ ကိုအေးသာလျှင် ဖြစ်သည်။ အကယ်၍ဤအမှုတွင် အဆိုပါမြေများသည် အမွေဘုံပစ္စည်းများထဲတွင် ပါဝင်သောကြောင့် ရုံးတော်က စီမံအုပ်ချုပ်ခန့်ခွဲခြင်း ပြုလုပ်ပိုင်ခွင့်ရှိခဲ့သော်၊ နောက်ဆုံးတွင် ထိုမြေများအား တရားဥပဒေအရ၊ အမွေဆိုင်များကို ခွဲဝေပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ခွဲဝေပေးခြင်းပြုလုပ်ပါက အယူခံတရားလို မောင်အေးအား မြေယာကော်မီတီက ပေးအပ်ခဲ့သည့် အခွင့်အရေးများကို ဝင်ရောက်စွက်ဖက်ရာကြောချေမည်။ ပုဒ်မ ၉၊ အပိုဒ်ငယ် (၂)တွင် ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပေးထားသော လယ်ယာမြေကို အမွေဆက်ခံနိုင်ခွင့်ရှိစေရမည် ဟု ပြဋ္ဌာန်းထားသည်။သို့ရာတွင် ထိုကဲ့သို့အမွေဆက်ခံနိုင်ခွင့်မှာ အယူခံတရားလို ကိုအေးမှ ဆင်းသက်သည့် အမွေစားအမွေခံများအတွက်သာလျှင်ဖြစ်နိုင်လေသည်။ ကိုအေးအား မြေယာကော်မီတီက ကင်းလွတ်ခွင့်မပေးမီက အမွေဆက်ခံနိုင်ခွင့်မျိုးကိုမဆိုလို။ထို့ကြောင့် ပညာရှိအောက်ရုံး တရားသူကြီးများက ထိုမြေများနှင့်ပတ်သက်၍ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၄ အရ တရားမရုံး၏စီရင်ပိုင်ခွင့်အာဏာကို တားမြစ်ခြင်းမရှိဟု ကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းလေသည်။ ထိုမြေများကို တရားစွဲဆိုထားသည့် အမွေဘုံပစ္စည်းများမှ ဖယ်ထုတ်ပယ်ရန်ဖြစ်သည်။

၁၉၆၆

ကိုအေး (ခေါ်) ကိုရေအေး နှင့် ဒေါ်ဖျိုးသင် တို့ ၃။

(ဃ)။ (င)။ (စ)။ (ဆ)။ (ဇ) အမှတ်ပြမြေများသည် မြေနကျွန်းပေါ်များဖြစ်၍ ထိုမြေများနှင့်ပတ်သက်လျှင် တရားမရုံးတော်များက လက်ခံစစ်ဆေးခြင်းမပြုနိုင်ဟု မူလရုံးက ကောက်ယူဆုံးဖြတ်ခြင်းကို ပထမအယူခံရုံးက ပယ်ဖျက်ခဲ့သည်။ ထိုကဲ့သို့ ပယ်ဖျက်ခြင်းသည် မှန်ကန်သည်ဟု ယူဆရသည်။ အဘယ့်ကြောင့်ဆိုသော် အောက်ရုံးအမှုတွဲတွင် ရရှိသည့် သက်သေခံချက်များအရ ထိုမြေများသည် ယခင်က မြေနများဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် အနေအထားခိုင်မြဲလာခြင်းကြောင့် မြေရင့်များဖြစ်ခဲ့ပြီးကြောင်း ထင်ရှားလေသည်။ ထိုမြေမျိုးများသည် အထက်မြန်မာပြည်မြေနှင့် အခွန်တော်ဥပဒေနှင့် အကျုံးဝင် သည်။ ထိုဥပဒေတွင် ဖော်ပြထားသည့်တားမြစ်ချက်သည် အမှုသည်တစ်ဦးအဖြစ် အစိုးရပါဝင်သည်။ မှုခင်းများနှင့်သာ သက်ဆိုင်၍ ပြည်သူ ပြည်သားအချင်းချင်း မြေကို မည်သူက ပိုင်ဆိုင်ခွင့်ရှိကြောင်း အငြင်းပွားသည့်မှုခင်းများနှင့် မသက်ဆိုင်ချေ။ ထိုအချက်နှင့် ပတ်သက်၍ **မောင်သောင်းနှင့် ရှိတ်အပဒူ(လ်)ဂနီ**(၁) အမှုစီရင်ထုံးတွင် လည်းကောင်း၊ **ဦးသူတော်နှင့် ဦးမျိုးညွန့်**(၂) အမှုစီရင်ထုံး တွင်သော်လည်းကောင်း အစိုးရပိုင်မြေများနှင့်ပတ်သက်၍ ပြည်သူ ပြည်သားအချင်းချင်း ဖြစ်ပွားသည့် အမှုများ၌ တရားမရုံးများသည် စစ်ဆေးစီရင် ပိုင်ခွင့် အာဏာရှိကြောင်း အတိအလင်း ဖော်ပြထားသည်။ ထို့ကြောင့် ထိုကျွန်းမြေများနှင့် ပတ်သက်၍ မြေယာကော်မီတီက သီးစားချထားခဲ့ခြင်း မရှိခဲ့သေးရကား ထိုမြေများကို မည်သူပိုင်ဆိုင်ခွင့် ရထိုက်ကြောင်း တရားမရုံးက ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် ပထမအယူခံရုံးများ၏ စီရင်ချက်တွင် (က)၊ (ခ)၊ (ဂ) အမှတ်ပြမြေများနှင့် ပတ်သက်၍ ချမှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်ပြီး ကျန်အမိန့်များကို အတည်ပြုလိုက်သည်။ အမှုသည်များသည် မိမိတို့ အငြင်းပွားခဲ့သည့်အချက်များတွင် တစ်စိတ်တစ်ဒေသအားဖြင့် အောင်မြင်မှုအသီးသီး ရခဲ့သောကြောင့် ဤအယူခံမှုအတွက် စရိတ်နှင့်ပတ်သက်၍ အမိန့်မချမှတ်။

---

(၁) ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၆၀၃။

(၂) ၁၉၄၂ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၆။

နိုင်ငံထော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ချန္ဒရိကာမစ္ဆရာ (အယူခံတရားလို)

နှင့်

ချိုကူအာဟီး(ရ) (အယူခံတရားခံ)*

† ၁၉၆၆

အောက်တိုဘာ
လ ၁ ရက်။

တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ ၁(ထ)—ဌေသားအာမခံ အစား ပစ္စည်းအာမခံ တင်သွင်း ရန်ခွင့်ပြုသည့်အမိန့် —နည်းဥပဒေတွင် ပါဝင်ခြင်း ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ ၁ (ထ) မှာ တင်သွင်းထား သည့်ဌေသား အာမခံအစား ပစ္စည်းအာမခံ တင်သွင်းရန် ခွင့်ပြုသည့် အမိန့်မျိုး ပါဝင်ခြင်းမရှိ ပေ။သို့ဖြစ်ရာ တရားမကျင့်ထုံး ဥပဒေများ အရ၊ အယူခံခွင့် ရှိသည့် အမိန့်မျိုး မဟုတ်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။

အယူခံတရားခံအတွက်။ ။ဦးထွန်းညို။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံ တရားလိုဖြစ်သူ ချန္ဒရိကာ မစ္ဆရာက၊ ကွယ်လွန်သူ ဂျက်ဒီယိုအဟီး(ရ)အပေါ် ဒေ ၂,၃၂၃ ရစရာရှိသည်ဆိုပြီး၊ ဂျက်ဒီယိုအဟီး(ရ)၏ အမွေစား အမွေခံများဖြစ်သူ ဟီရာအဟီး(ရ)နှင့် ချိုကူ အဟီး(ရ)တို့နှစ်ယောက်အပေါ် ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၆၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇၅ တွင် တရားစွဲဆိုခဲ့လေသည်။

ထိုနေ့တွင်ပင် တရားလိုဖြစ်သူ အယူခံတရားလိုက၊ တရားမကျင့်ထုံးအမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ တရားမကြီးမှုအမှတ် ၇၅/၆၆ ကို စစ်ဆေးနေစဉ်အတွင်း ကွယ်လွန်သူဂျက်ဒီယိုအဟီး(ရ)ပိုင်ယခုတရားခံဖြစ်သူအယူခံတရားခံ ချိုကူအဟီး(ရ) ထံတွင်ရှိသော ကျပ် ၆ ကောင်ကို ဝါရမ်းဖမ်းပေးရန် ကျမ်းကျိန်လွှာနှင့်အတူ လျှောက်ထားခဲ့လေသည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၂၄။

† ၁၉၆၆ ခုနှစ်၊ ကရားမ အသေးအဖွဲမှု အမှတ် ၁၆ တွင် ရန်ကုန်မြို့တော် တရားမရုံး၊ တတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၆

ချုန်ရီကာမစ္စရာ နှင့် ချိုကူအာ ဟီး(ရ်)။

ထိုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားသူ အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးအား ကြားနာပြီး ရုံးမှ ကျွဲ ၆ ကောင်နှင့်ပတ်သက်၍ အကြိုတားဝါရမ်း ထုတ်ပေးလိုက်သည်။ တားဝါရမ်းအရ ကျွဲများကိုဖမ်းဆီးသည်တွင်၊ တရားခံဖြစ်သူ အယူခံတရားခံချိုကူအဟီး(ရ်)က၊ ၎င်းအားတရားစွဲဆိုထားသည့် ၎ ၂,၃၂၃ ကို အာမခံပြီးမီတင်သွင်းထား၍၊ ဖမ်းဆီးထားသည့်ကျွဲများကို ဝါရမ်းခွါပေးရန်လျှောက် ထားပြီး၊ ၎ ၂,၃၂၃ ကို ရုံးဘီလ်ထဲကွင် တင်သွင်းခဲ့သဖြင့် ရုံးမှဖမ်းဆီးထားသည့် ကျွဲ ၆ ကောင်ကို ဝါရမ်းခွါခွင့်ပြုလိုက်လေသည်။

တို့နောက်အယူခံတရားခံချိုကူအဟီး(ရ်)က ၁၉၆၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့စွဲပါ လျှောက်လွှာအရ၊ မိမိအားတင်သွင်းထားသည့်ငွေ ၂,၃၂၃ အစား၊ လုံလောက်သည့် မရွှေမပြောင်းနိုင်သောပစ္စည်းကို တင်သွင်းခွင့်ပြုပြီး၊ ထိုငွေကိုပြန်လည်ထုတ်ပေးရန် လျှောက်ထားလေသည်။ထိုလျှောက်လွှာနှင့်အတူ အာမခံမည့်သူဘဏ္ဍာတော်မင်းကြီး ရုံးရေစစ္စတြီမှတ်ပုံတင်အရာရှိဦးဝင်းမောင်က၊ မိမိပိုင်တောင်ဥက္ကလာပရှိ နှစ်ထပ်တိုက် ခံသွပ်မိုး ၄၀,၀၀၀ ခန့်တန်အိမ်ကို အာမခံတင်သွင်းရန်သဘောတူညီကြောင်း ကျမ်း ကျိန်ချက်ပါတင်သွင်းခဲ့လေသည်။

အယူခံတရားခံက ရုံးတွင်တင်သွင်းထားသည့်ငွေအစား၊ လုံလောက်သည့်မရွှေ မပြောင်းနိုင်သောပစ္စည်းကိုတင်သွင်းရန် လျှောက်ထားသည်နှင့် ပတ်သက်၍၊ တရားလို ဖြစ်သူ အယူခံတရားလိုက၊ ဦးဝင်းမောင် ဆောက်လုပ်ထားသည့် အိမ်မှာ အဋ္ဌား မြေပေါ် တွင်ဖြစ်ပြီး၊ ရွှေပြောင်းနိုင်ခွင့်မရှိသောကြောင့်၊ ထိုအာမခံကို လက်ခံရန် မသင့်၊ မည်သို့ပင်ဖြစ်စေ၊ ကြိုတင်တားဝါရမ်းနှင့်ပတ်သက်၍ တရားခံကငွေများကို တင်သွင်းပြီးဖြစ်ရာ၊ ထိုအာမခံကိုအခြားအာမခံအစားထိုးရန် အကြောင်းမပေါ် ပေါက်ပါဟုကန့်ကွက်ခဲ့လေသည်။ ဦးဝင်းမောင်တင်သွင်းသည့် အဆောက်အဦနှင့်ပတ် သက်၍၊ ရုံးမှဘီလ်အားပစ္စည်းတန်ဘိုးကိုစုံစမ်းခိုင်းသည့်အခါဘီးလစ်က ထိုအိမ်မှာ ယခုကာလတန်ဘိုး ၃၀,၀၀၀ ခန့်တန်၍၊ ဦးဝင်းမောင် ပိုင်ဆိုင်ကြောင်း အစီရင်ခံ ခဲ့လေသည်။ အာမခံအသစ်တင်သွင်းခွင့်ပြုရန်နှင့်ပတ်သက်၍၊ နှစ်ဦးနှစ်ဘက်ရွှေနေ များအားရုံးမှကြားနာရန်ချိန်းဆိုခဲ့သော်လည်း၊ ထိုနေ့တွင် ပညာရှိရွှေနေကြီးများက လျှောက်လဲချက်မပေးလိုဆိုသဖြင့်၊ ရုံးမှ အောက်ပါအမိန့်ကို ချမှတ်လိုက်သည်။

အမိန့်

"လျှောက်ခံရသူ (၂ တရားခံ)၏ ၁၉၆၆ ခု၊ မတ်လ ၁၀ ရက်နေ့တင်သွင်း သော လျှောက်လွှာခွင့်ပြုသည်။

ခိုင်လုံလောက်သော အာမခံပစ္စည်းတင်သွင်းပါက၊ ရှေးဦးတင်သွင်းထား သောအာမခံငွေ ၂,၃၂၃ ကိုပြန်လည်ထုတ်ယူခွင့်ပြုသည်။"

အထက်ပါအမိန့်အရ တရားခံဖြစ်သူအယူခံတရားခံအား၊ ၎င်းလျှောက်ထားသည့် အတိုင်း ဌေးသားအာမခံအတွက် မဇ္ဈမပြောင်းနိုင်သည့် ပစ္စည်းအစားတင်သွင်းရန်၊ ရုံးမှခွင့်ပြုလိုက်သည့်အမိန့်ကို မကျေနပ်သဖြင့် အယူခံတရားလိုကို ယခုအယူခံမှုကို၊ ရန်ကုန်မြို့၊ တရားမရုံးများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၂၄ နှင့်တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁ (ထ) အရ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုအယူခံမှုတင်သွင်းရာတွင်၊ အယူခံတရားလိုက ကြိုတင်ဝါရမ်းအတွက်၊ တရားခံ ဖြစ်သူ အယူခံတရားခံက ဌေသားတင်သွင်းပြီး ဝါရမ်းခွါခဲ့သဖြင့်၊ ထိုကြိုတင်ဝါရမ်း ဖမ်းခြင်းနှင့်ပတ်သက်သည့်ကိစ္စမှာ ပြီးဆုံးခြင်းသို့ရောက်ရှိသွားပြီဖြစ်၍၊ ရုံးမှအယူခံ တရားခံနောက်ထပ်လျှောက်ထားသည့်အတိုင်း၊ ဌေသားအစား မဇ္ဈမပြောင်းနိုင်သည့် ပစ္စည်း အာမခံအဖြစ်တင်သွင်းနိုင်ခွင့်ကို ဥပဒေအရပေးနိုင်ခွင့်မရှိကြောင်း ကန့်ကွက် လေသည်။

အထက်ပါကန့်ကွက်ချက်ကို မစဉ်းစားမီ၊ ရှေးဦးစွာယခုအယူခံမှုဌ သုံးသပ်ရမည် မှာ၊ အယူခံတရားလိုက အောက်ရုံးမှ ချမှတ်သည့် ၁၉၆၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့စွဲပါ အမိန့်ကို ၎င်းရည်ညွှန်းသည့်အတိုင်း ဥပဒေအရ အယူခံခွင့်ရှိမရှိပင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ မူလရုံးတွင် အယူခံတရားလို လျှောက်ထားသည့်အတိုင်း၊ ကြိုတင်ဝါရမ်းကို ရုံးမှထုတ်ပေးလိုက်သဖြင့်၊ ထိုကြိုတင်ဝါရမ်းနှင့်ပတ်သက်၍၊ အယူခံ တရားလိုတွင် အယူခံခွင့်မရှိပေ။ အယူခံလွှာအရလည်း၊ အယူခံတရားလိုက ယခု အယူခံကိုတင်သွင်းခဲ့ခြင်းသည်၊ ရုံးမှဌေသားအာမခံအစား၊ ပစ္စည်းအာမခံကိုအစားထိုး သွင်းပြုသည့်အမိန့်ကိုမကျေနပ်၍တင်သွင်းခြင်းဖြစ်သည်။သို့ဖြစ်ရကား၊ ထိုအမိန့်သည် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁ (ထ) သို့ အကျုံးဝင်မဝင်စီစစ်ရပေမည်။ [တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁(ထ)မှာ] ကြိုတင်ဝါရမ်းထုတ်ပေးခြင်း ထို ဝါရမ်းအတွက် အာမခံပေးခြင်းများနှင့်သာ သက်ဆိုင်ပေသည်။ ယခုကဲ့သို့ ဌေသား အာမခံအစား၊ ပစ္စည်း အာမခံတင်သွင်းရန် ခွင့်ပြုသည့်အမိန့်မျိုး ပါဝင်ခြင်းမရှိပေ။ ၎င်းအချက်နှင့်ပတ်သက်၍ အယူခံတရားလို၏ ပညာရှိ ရှေနေကြီးကလည်း၊ အောက်ရုံး မှဌေသားအာမခံအစားမဇ္ဈမပြောင်းနိုင်သည့်ပစ္စည်းအာမခံကို အယူခံတရားခံအား တင်သွင်းခွင့်ပြုသည့် အမိန့်မှာ၊ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁ (ထ)သို့ အကျုံးဝင်ပါသည်ဟု မည်သည့်သာဓကကိုးကားချက်ကိုမျှ ပြသနိုင်ခြင်းမရှိခဲ့ချေ။ ထို့ အတွက် အယူခံတရားလို၏ ပညာရှိရှေနေကြီးက မိမိအားယခုအယူခံမှုကို ပြင်ဆင်မှု အဖြစ်ပြောင်းလဲပေးရန် လျှောက်ထားလိုရှိအမိန့်ပေးပါရန် လျှောက်ထားလေသည်။ ထိုသို့လျှောက်ထားသည်ကို အယူခံတရားခံ၏ ပညာရှိ ရှေနေကြီးက လေးနက်စွာ ကန့်ကွက်ချက်၌ ယခုရုံးရှေ့ကြားနာရန်မှာ အယူခံတရားလိုသည် မိမိစွဲတင်လာသည့်

၁၉၆၆

ချန်ခရီကာမစ္စရာ နှင့် ချိုကူအာဟီး(ရ)။

အတိုင်းယခုအယူခံမှုကို ဝင်ရောက်ခွင့်ရှိမရှိဆုံးဖြတ်ရန်ဖြစ်ပြီး၊ ယနေ့တိုင်အယူခံတရားလိုကယခုအယူခံမှုကို ပြင်ဆင်မှုအဖြစ်သို့ပြောင်းလဲပေးရန် လျှောက်ထားခဲ့ခြင်း မရှိသောကြောင့် ယခုအယူခံကြားနာမှု ထိုသို့ပြောင်းလဲပေးရန်အတွက် လျှောက်လွှာတင်သွင်းရန် အချိန်တောင်းခြင်းတို့ မပေးသင့်ပါဟု ပြဆိုလေသည်။

ယခုအမှုကို ယနေ့ကြားနာရန် ချိန်းဆိုထားပြီး ဖြစ်သည်တကြောင်း၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီးကယခုအမှုမှာ တရားမကျင့်ထုံးအမိန့် ၄၇၊ နည်းဥပဒေ ၁ (တ)သို့ အကျုံးဝင်ကြောင်းလုံလောက်သည့် အထောက်အထား မရှိပါဘဲလျက်၊ ယခုအမှုကြားနာမှ ပြင်ဆင်မှုသို့ ပြောင်းလဲပေးရန်လျှောက်လွှာတင်သွင်းရန်အတွက် ထပ်မံ အချိန်တောင်းသည်တွင် ခွင့်ပြုရန်လုံလောက်သည့် အကြောင်းရှိသည်ဟူ၍ မဆိုနိုင်။ ထိုသို့ခွင့်ပြုပါက၊ တရားမျှတခြင်း ဖြစ်လိမ့်မည်ဟုလည်းမဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော်၊ အယူခံတရားလိုသည် အမှုမကြားနာမီက လုံလောက်သည့်အချိန်ရပြီးဖြစ်၍၊ မိမိအမှုမှာ အယူခံမှုအဖြစ် တင်သွင်းခွင့် မရှိကြောင်းသိလျှင်၊ပြင်ဆင်လွှာအဖြစ် ပြောင်းလဲခွင့်ပြုရန် ယခင်ကပင် လျှောက်ထားသင့်ပေသည်။ **ဟက်ရမ်း နှင့် ကော်လိတ်တော် အလီဂါ** (၁) စီရင်ထုံးခေါင်းစဉ် (၇)ကိုကြည့်ပါ။

မည်သို့ပင်ဖြစ်စေ၊ ယခုအမှုတွင် အောက်ရုံးမှချမှတ်လိုက်သည့်အမိန့်မှာ၊ တရားမကျင့်ထုံးဥပဒေမျှားအရ၊ အယူခံခွင့်ရှိသည့်အမိန့်မျိုးဖြစ်ကြောင်းပြဆိုနိုင်ခြင်းမရှိသည့်အပြင်၊ အောက်ရုံးမှငွေသားအာမခံအစား၊ ပစ္စည်းအာမခံအစားထိုးသွင်းခွင့်ပြုသည့် အမိန့်မျိုးကို၊ ဥပဒေအရချမှတ်နိုင်ရန် ခွင့်မရှိကြောင်းပြဆိုနိုင်ခြင်းမရှိရကား၊ ဤအယူခံမှုကိုပလပ်ရမည်သာ ဖြစ်ပေသည်။

ဖော်ပြပါအကြောင်းမျှားကြောင့်၊ ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိရွှေနေကြီး စရိတ်အဖြစ် ၃၄ သတ်မှတ်သည်။

(1) A.I.R. 1941. Alla. p. 355.

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

ချောင်အိထုံး (ခေါ်) ဦးအေးထွန်း (ပြင်ဆင်ရန်လျှောက်ထားသူ) † ၁၉၆၆ စက်တင်ဘာ ၁၆ ရက်။

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ချူလျူးပိတ်) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ၊ စွဲချက်တင်ခြင်း—ဒုံချက်ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း—ကြိုတင်နှေ့စွဲပါသည့် ချက်လက်မှတ်—အချိန်ကျရောက်သည့် အခါ ငွေထုတ်မရခြင်း—ထုတ်ပေးစဉ်အခါက လိမ်လည်လှည့်ဖြားရန် ကြံရွယ်ချက်ရှိသည်ဟု ဟူဆနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ကြိုတင်နှေ့စွဲပါသည့် ချက်လက်မှတ်များကို အချိန်ကျရောက်သည့် အခါ ငွေ ထုတ်ရမရရုံကာမျှဖြင့်၊ ထိုချက်လက်မှတ်များကို ထုတ်ပေးသူသည် ထိုကဲ့သို့ ထုတ်ပေးစဉ် အခါက လိမ်လည်လှည့်ဖြားရန် ကြံရွယ်ချက်ရှိသည်ဟု မယူဆနိုင်။ ချက်လက်မှတ်ကို ရေးသား ထုတ်ပေးလိုက်စဉ်က လှည့်ဖြားလိုစိတ် ရှိသည်ဟုသော အချက်နှင့် ပတ်သက်၍ သက်သေ ထူထောင်ရန်တာဝန်မှာ တရားလို၌ ကျရောက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၂)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးကြင်ထုံး၊ အစိုးရလွှဲနေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့၊ စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၅၇၇ တွင်၊ တရားလို ချူလျူးပိတ်က၊ လျှောက်ထားသူ ချောင်အိထုံး (ခေါ်) ဦးအေးထွန်းအပေါ်၊ ရာဇသတ်ပုဒ်မ ၄၂၀ အရ၊ တရားစွဲဆိုထားသည်။ ပညာရှိ ရာဘက်ရာဇဝတ် တရားသူကြီးသည်၊ တရားလိုနှင့် တရားလိုပြသက်သေ သုံးဦးတို့အား စစ်ဆေးပြီးနောက်၊ လျှောက်ထားသူဦးအေးထွန်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆၂ (ခ)။

† လျှောက်ထားသူက ရန်ကုန်မြို့ (၄) ရာဘက် ရာဇဝတ် တရားသူကြီးရုံး ရာဇဝတ်ကြီးမှု ၁၅၅၈/၆၄ တွင် ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ကရာဇသတ်ပုဒ်မ ၄၂၀ အရ၊ စွဲချက်တင်ထားခြင်းကို မကျေနပ်၍ ၄င်းစွဲချက်ကို ပယ်ဖျက်ပေးရန် တင်သွင်းခဲ့သော ပြင်ဆင်မှု ဖြစ်ပါသည်။

၁၉၆၆

ချောင်အိထုံး (ခေါ်) ဦးအေးထွန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အပေါ်၌ ရုဇသတ်ပုဒ်မ ၄၂၀ အရ စွဲချက်တင်ခဲ့သည်။ ထိုစွဲချက်ကို ပယ်ဖျက်ပေးပါမည့်အကြောင်းဖြင့်၊ လျှောက်ထားသူ ဦးအေးထွန်းက၊ ဤပြင်ဆင်မှု လျှောက်လွှာကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးကစွဲချက်တင်ခြင်းကို ပယ်ဖျက်သင့် မသင့် ဆင်ခြင်စဉ်းစားရာတွင်၊ တရားရုံးချုပ်က ကျင့်သုံးအပ်သည့်မူများကို၊ **ဦးညီလေး** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုစီရင်ရာတွင်၊ အောက်ပါအတိုင်း ဖော်ပြထားသည်။

တရားရုံးချုပ်သည်၊ ရာဇဝတ်ကျင့်ထုံး ကိုဓဉပဒေပုဒ်မ ၅၆၁ (က) အရ၊ မိမိ၌ရှိရင်းအာဏာများကို အသုံးပြု၍၊ အောက်ပါအချက်နှစ်ချက်မှလွဲ၍ စွဲချက်တင်သည့်အခြေအနေတွင်၊ အောက်ရုံး၏အမိန့်ကို မပယ်ဖျက်သင့်ခေါ်။

> ၁။ ။တရားလိုဘက်မှစွဲဆိုသော အချက်အလက်များ မှန်ကန်စေကာမူ၊ တရားခံအပေါ်၌ ပြစ်မှုတစုံတရာကျူးလွန်ကြောင်း၊ အမှုမတည်ထောင်နိုင်ခြင်း။
>
> ၂။ ။စွပ်စွဲချက်များအတိုင်း၊ သက်သေထင်ရှားပြသနိုင်ပါက၊ ပြစ်မှုကျူးလွန်ကြောင်းပေါ်လွင်မည်ဖြစ်သော်လည်း၊ ထိုစွပ်စွဲချက်များနှင့် ပတ်သက်၍ သက်သေခံချက် အလျဉ်းမရရှိခြင်း။

ထို့ကြောင့်၊ အလားတူစွာ **ဦးညိုဝိန်** နှင့် **နိုင်ငံတော်အစိုးရ** (၂) အမှုစီရင်ထုံးတွင်လည်း၊ အထက်တွင် ဖော်ပြထားသောမူကို ကျင့်သုံးထားလေသည်။ ယခုကျွန်ုပ်ရှေ့ရှိအမှု၌ တရားလိုဘက်မှ စွဲဆိုသော အချက်အလက်များအရ၊ တရားခံအပေါ်၌ ပြစ်မှုတစုံတရာ ကျူးလွန်ကြောင်း တွေ့ရှိသည် မတွေ့ရှိသည်ကို၊ ရှေး ဦးစွာဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။ ဤရုံးသည် ပြင်ဆင်မှုရုံးအနေဖြင့်၊ အောက်ရုံးများ၌ မပြီးပြတ်သေးဘဲ၊ ကျန်ရှိနေသည့် အမှုများတွင် ဝင်ရောက်စွက်ဖက်ရန် အလျဉ်းပင် မလိုလားချေ။ သို့ရာတွင် တရားခံအပေါ်၌တင်သွင်းထားသည့် စွဲချက်သည်အကျိုးသင့်အကြောင်းသင့် တင်သွင်းထားသော စွဲချက် မဟုတ်ပါက၊ တရားခံအဖြစ် ဆက်လက်ရပ်တည်စေရန် မထားသင့်ကြောင်းဖြင့်၊ **မောင်ဘရုံ** နှင့် **မလှခင်** (၃) အမှုစီရင်ထုံးကို ပြဆိုထားသည်။

ယခုကျွန်ုပ်ရှေ့ရှိအမှု၌၊ တရားလို၏ စွပ်စွဲချက်များအရဆိုသော်၊ အမှု၏အကြောင်းခြင်းရာအတိုချုပ်မှာ၊ အောက်ပါအတိုင်းဖြစ်သည်။

---

(၁) ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ၆၀။

(၂) အေ၊ အိုင်း၊ အာ (ရှ်)၊ ၁၉၃၅၊ ရန်ကုန်၊ စာ ၂၉၂။

(၃) အေ၊ အိုင်း၊ အာ (ရှ်)၊ ၁၉၃၃၊ ရန်ကုန်၊ စာ ၂၉၇။

တရားခံဦးအေးထွန်းနှင့် တရားလို ချူလျူးပိတ်၏ ယောကျ်ား သေဆုံးသူ ချောင်ထန်စိန်တို့သည်၊ ဟသ်ာတမြို့တွင် (ဘီ-အို-စီ) ကိုယ်စားလှယ်များအဖြစ် အစုစပ်လုပ်ကိုင်ခဲ့ကြသည်။ ချောင်ထန်စိန် သေဆုံးသွားပြီးနောက်၊ တရားလိုနှင့် တရားခံတို့သည် အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ စာရင်းရှင်းကြသောအခါ၊ တရားခံက တရားလိုအား ငွေ ၈၀,၆၀၀ ပေးရန်ရှိသောကြောင့် ၁၉၆၄ ခု၊ မတ်လ ၃၁ ရက်နေ့တွင်၊ တရားခံသည် ငွေ ၂၀,၆၀၀ ကို တရားလိုအား လက်ငင်းပေးပြီး၊ ကျန်ငွေ ၆၀,၀၀၀ အတွက် ကြိုတင်ရက်စွဲပါသည့် ချက်လက်မှတ် တစောင်ကို ပေးခဲ့သည်။ ထိုချက်လက်မှတ်၏နေ့စွဲမှာ ၁၉၆၄ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့ဖြစ်၍ထိုချက်လက်မှတ်တွင်ပါရှိသည့် ငွေ ၆၀,၀၀၀ ကို၊ ထိုနေ့စွဲကျော်လွန်ပြီးမှ တရားလိုက သက်ဆိုင်ရာ ဘဏ်တွင်ထုတ်ယူရန်ဖြစ်သည်။ ထို့နောက် တရားလိုသည် အချိန်ကျရောက်သောအခါ၊ ထိုငွေကို ထုတ်ယူရန် ဘဏ်သို့ချက်လက်မှတ်တင်ပြလေသည်။ ထိုအချိန်တွင် ထိုဘဏ်၌ တရားခံ၏ ငွေမရှိတော့သဖြင့်၊ တရားလိုသည် ထိုငွေကို မရရှိတော့ပေ။ ထို့ကြောင့်ဤအမှုကိုစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဤအမှုတွင်အဓိကစဉ်းစားရန် အချက်မှာ၊ တရားခံသည် အဆိုပါချက်လက်မှတ်ရေးသားထုတ်ပေးလိုက်စဉ်က၊ တရားလိုအားလိမ်လည် လှည့်ဖြားသောစိတ်ဖြင့်ပေးခဲ့ခြင်းဟုတ် မဟုတ် ဟူသော အချက်ဖြစ်သည်။ တရားလို၏ ထွက်ဆိုချက်နှင့်တကွ တရားလိုပြသက်သေများ၏ အစစ်ခံချက်များတွင်၊ ထိုချက်လက်မှတ်ကိုထုတ်ပေး၊ သည့်နေ့နှင့် ထိုချက်လက်မှတ်တွင်ပါရှိသည့် နေ့စွဲစပ်ကြား၌ တရားခံပိုင်ဆိုင်သည့် ဓါတ်ဆီဆိုင်ကို ပြည်သူပိုင်သိမ်းခြင်း ခံခဲ့ရကြောင်း ပေါ်လွင်သည်သာမက၊ ကျပ် ၁၀၀ တန် ၅၀ တန် ငွေစက္ကူများကို တရား၀င်ငွေစက္ကူအဖြစ်မှ ရပ်စဲလိုက်သည့် အမိန့်ကြောင့်၊ တရားခံတွင် ငွေရေးကြေးရေး ကြပ်တည်းခြင်းဖြစ်သွားခဲ့ကြောင်းမှာလည်းပေါ်လွင် နေပေသည်။ မည်သို့ပင် ဖြစ်စေကာမူ၊ ရာဇ၀တ်မှုများ၌ တရားပြစ်မှုကျူးလွန်ကြောင်း သက်သေထူထောင်ရန် တာ၀န်မှာ၊ တရားလိုဘက်၌သာ လျှင်အမြဲတစေ ကျရောက်ခဲ့လေရာ၊ ဤအမှု၌ တရားခံသည် အဆိုပါချက်လက်မှတ်ကို ရေးသားထုတ်ပေးလိုက်စဉ်က၊ မိမိတွင်လှည့်ဖြားလိုစိတ် ရှိသည်ဟူသော အချက်နှင့် ပတ်သက်၍ သက်သေခံချက် တစိုးတစေမျှ မရရှိခဲ့ချေ။ ဤရုံး၏ ၁၉၅၇ ခုနှစ်၊ ရာဇ၀တ်ပြင်ဆင်မှုအမှတ် ၁၄၉ (ခ)/၁၅၀ (ခ) တွင် ကြိုတင်နေ့စွဲပါသည့် ချက်လက်မှတ်များကို အချိန်ကျရောက်သည့်အခါ၊ ငွေထုတ်၍မရရှိကာမျှဖြင့်၊ ထိုချက်လက်မှတ်များကို ထုတ်ပေးသူသည်၊ ထိုကဲ့သို့ ထုတ်ပေးစဉ်အခါက လိမ်လည်လှည့်

၁၉၆၆

ချောင်အိထုံး (ခေါ်) ဦးအေးထွန်း နှင့် မြည်ထောင်စု မြန်မာနိုင်ငံ။

ဖြားရန်ကြံရွယ်ချက်ရှိသည်ဟု မယူဆနိုင်ကြောင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်ထားသည်။ ၁၉၅၆ ခုနှစ်၊ Criminal Law Journal စာ ၆၈ တွင်၊ အောက်ပါအတိုင်း ဖော်ပြထားသည်။

> "A distinction must be drawn between a case where a post-dated cheque is given to discharge an existing liability and a case where it is issued against delivery of goods, property or cash with an assurance that it will be met on being presented to the bank on the due date and in due course. In the first case, the failure to provide the balance is merely a breach of promise, whereas in the latter it may have different consequences. Intention of the drawer at the time the cheque is issued is a material test and if it appears from the circumstances of the drawer that he did not expect that the cheque would be cashed in normal course, it would be *prima facie* proof of the intention to cheat."

ထို့ကြောင့်၊ ယခုကျွန်ုပ်ရှေ့ရှိ အမှုဘွင်လည်း၊ တရားခံအပေါ် ၌တင်သွင်းထားသည့် စွဲချက်သည်၊ သက်သေခံချက်များအရ၊ ပေါ်လွင်ခြင်း မရှိသည့် အချက်အလက်များ အပေါ် ၌မူတည်၍ တင်သွင်းထားသည့် စွဲချက်မျှသာဖြစ်သည်။

ဤအမှုမျိုးများသည် တရားမကြောင်းဖြင့်သာလျှင် စွဲဆိုအပ်သည့် အမှုမျိုးများ ဖြစ်သည်။ ထိုကဲ့သို့သော အမှုမျိုးများကို စွဲဆိုခွင့်ပြုလုပ်ရန် အားမပေးသင့်ကြောင်း ဖြင့်၊ **လားဒါများ** နှင့် **အီမန်အလီ** (၄) အမှုစီရင်ထုံး၌၊ အောက်ပါအတိုင်းပြဆိုထားသည်။

> "It was laid down in *State* v. *Bishon Dass* (5) that it is very sound general principle that parties should not be encouraged to resort to a Criminal Court in cases in which a point at issue between them is one which can more appropriately be decided by a Civil Court, and that the tendency on the part of litigants to do so should be checked by Criminal Courts who should be on their guard against landing their aid to such procedure."

အထက်ပါအကြောင်းများကြောင့်၊ လျှောက်ထားသူ ဦးအေးထွန်းအပေါ် ၌ ပညာရှိ အောက်ရုံး တရားသူကြီးက တင်သွင်းထားသည့် စွဲချက်ကို ပယ်ဖျက်ရန် အမိန့်ချမှတ်လိုက်သည်။

---

(၄) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၂၅၊လာဟိုး၊ စာ ၂၀၉။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီးဦးသက်ဖေရှေ့တွင်

ဂရားပရာဆပ် (အယူခံတရားလို)

နှင့်

ဦးကျော်ရွှေ (အယူခံတရားခံ)*

၁၉၆၆ ခု
စက်တင်ဘာလ
၂၃ရက်။

ဩဒီပန်စာချုပ်အရ ချေးငွေနှင့် ကျသင့်သော အဖိုးငွေ ရလိုကြောင်း တရားစွဲဆိုမှု-အမှုသည်များက မိမိတို့ကိုယ်တိုင် သိရှိသည့်အကြောင်း ခြင်းရာများကို အမှန်အတိုင်း တင်ပြကြရန် တာဝန်ရှိခြင်း-ကွယ်ထောင့်ထိမ်ဝှက်ထားကာ ကျရောက်သောတာဝန်ကို မကျေပွန်ခြင်း-သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ ဥပမာ (ဆ) အရ ကောက်ယူရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ အမှန်တရားကို ရှာဖွေရာ၌ တရားသူကြီးတစ်ဦးတည်းနှင့် မပြီးပေ။ ရှေ့နေရှေ့ရပ်များကလည်း ကူညီရမည်။ အမှုသည်များကလည်း မိမိတို့ကိုယ်တိုင် သိရှိသည့် အကြောင်းခြင်းရာများကို အမှန်အတိုင်း တင်ပြကြရန် တာဝန်ရှိသည်။ အမှုသည်များက အမှန်အတိုင်း တင်ပြခြင်းမပြုလျှင် အမှန်တရားကို လွယ်လွယ်ကူကူနှင့် ရှာဖွေ၍ ရနိုင်လိမ့် မဟုတ်ပေ။ သို့ဖြစ်ရာ အမှုသည်တစ်ဦးဦးက မိမိကိုယ်တိုင် သိရှိသော အချက်အလက်ကို ပွင့်ပွင့်လင်းလင်း တင်ပြခြင်းမပြုဘဲ ကွယ်ထောင့်ထိမ်ဝှက်ထားကာ မိမိအပေါ် ကျရောက် သောတာဝန်ကို မကျေပွန်လျှင် ထိုအမှုသည်အပေါ် သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ(ဆ)အရ ဆန့်ကျင်ဘက် ကောက်ယူရမည်ဖြစ်သည်။

အယူခံတရားလိုအတွက် ။ ။ ဦးကျော်မြင့်

အယူခံတရားခံအတွက် ။ ။ ဦးဘရွှန်း။

တရားသူကြီး ဦးသက်ဖေ ။ ။အယူခံတရားလိုက အယူခံ တရားခံအပေါ် ဩဒီမန်စာချုပ်အရ ချေးငွေ ၅,၀၀၀ ကျပ်နှင့် ထိုငွေအပေါ် ကျသင့်သော အတိုးငွေ ၂,၆၁၇ ကျပ် ၅၀ ပြား၊ စုစုပေါင်းငွေ ၇,၆၁၇ ကျပ် ၅၀ ပြားကို ရလိုကြောင်း တရားစွဲဆိုရာ အယူခံတရားခံက စွဲဆိုသောငွေကို ဒီကရီမချပေးသင့်ကြောင်း အကြောင်းအမျိုးမျိုးပြ၍ ထုချေသည်။ ထုချေချက်များအနက် အရေးအကြီးဆုံးသော ထုချေချက်မှာ အယူခံတရားလိုသည် ငွေချေးငှားသူတစ်ယောက်ဖြစ်သော်လည်း ငွေချေးငှားသူများ ဥပဒေအရ မှတ်ပုံတင်ထားခြင်း မရှိ၍ ၎င်းစွဲဆိုသည့်အမှုကို ဒီကရီချပေးခြင်း မပြုနိုင်ဟုဆိုခြင်း

* ၁၉၆၅ ခုနှစ်၊ တရားပဌမအယူခံမှုအမှတ် ၈၀။

+ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် ပျဉ်းမနားမြို့ရုံးထိုင်၊ ရမည်းသင်းမြို့ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆ ဂရူးဃရူဆပ် နှင့် ဦးကျော်ရွှေ။

ပင်ဖြစ်သည်။ အောက်ရုံးပညာရှိ တရားသူကြီးသည် နှစ်ဘက်အမှုသည်နှင့် သက်သေတို့ကို စစ်ဆေးပြီးနောက်၊ အယူခံတရားလိုသည် အမြဲငွေချေးငှါးသူ တယောက်ဖြစ်ကြောင်း၊ သို့ရာတွင် ငွေချေးငှါးသူများ ဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသဖြင့်၊ တရားစွဲဆိုခြင်းမပြုနိုင်ကြောင်း အဆုံးအဖြတ်ပြုကာ၊ ၎င်း၏အမှုကို ပလပ်လိုက်၏။ ယင်းသို့ပလပ်သောအမိန့်ကို မကျေနပ်သဖြင့် ဤအယူခံမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

အောက်ရုံးပညာရှိတရားသူကြီးသည်၊ ရမည်းသင်းခရိုင်၌ ၁၉၄၅ ခုနှစ်၊ ငွေချေးငှါးသူများဥပဒေမှာ အတည်ဖြစ်လျက်ရှိပါသလား၊ သို့တည်းမဟုတ် ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများဥပဒေမှာ အာဏာတည်လျက်ရှိပါသလား ဆိုသည့်အချက်နှင့် ပတ်သက်၍ ကောင်းစွာသဘောပေါက်နားလည်ဟန်မတူပေ။ ၁၉၄၅ ခုနှစ်၊ ငွေချေးသူများဥပဒေသည် ၁၉၄၇ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ မန္တလေးတိုင်းရှိ ခရိုင်အားလုံးသို့ အာဏာပြန့်နှံ့ရန် နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ပြီးဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့စွဲပါမြန်မာနိုင်ငံပြန်တမ်း အပိုင်း ၁၊ စာမျက်နှာ ၇၆၆ တွင်ကြည့်ပါ။ ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း၊ ထိုဥပဒေ၏ ပုဒ်မ ၁(၂) အရ အာဏာတည်ရန် နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းမပြုရသေးသဖြင့်၊ အာဏာမတည်သေးပေ။ သို့ဖြစ်ရာ ၁၉၄၅ ခုနှစ်၊ ငွေချေးငှါးသူများဥပဒေသာလျှင် ဤအမှုနှင့် အကျုံးဝင်သည်ဆိုခြင်းကို သတိချပ်ရပေမည်။

ယခုအမှုတွင်၊ အယူခံတရားလိုသည် ၁၉၄၅ ခုနှစ်၊ ငွေချေးငှါးသူများဥပဒေအရ မှတ်ပုံတင်ခဲ့ခြင်းမရှိသည်ကို အငြင်းမပွါးပေ။ အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက အယူခံတရားလိုသည် ငွေတိုးချစားသည့်အလုပ်ကို အဓိကအသက်မွေးဝမ်းကျောင်းမှုအနေဖြင့်လုပ်ကိုင်ခဲ့ခြင်းမဟုတ်၍၊ ငွေချေးငှါးသူများ ဥပဒေနှင့်အကျုံးမဝင်ကြောင်း တင်ပြကာ **ဘိခဝါနတ်ရွှိုင်း** နှင့် **ကာရှိနတ်ရွှိုင်း**(၁) တို့စီရင်ထုံးကို ကိုးကားသွား၏။ ထိုစီရင်ထုံး၌ ငွေချေးသူဆိုသည်မှာ ငွေချေးသောလုပ်ငန်းကိုလုပ်ကိုင်သူဖြစ်ကြောင်း၊ အခြားလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး၊ မိတ်ဆွေများအား တနှစ်လျှင် နှစ်ကြိမ်သုံးကြိမ်ခန့် ငွေထုတ်ချေးဘူးရုံဖြင့်ငွေချေးငှါးသူမဖြစ်ကြောင်း၊ အဆုံးအဖြတ်ပြုထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားလိုသည်ငွေချေးငှါးသူများ ဥပဒေပုဒ်မ ၂(၆) အရ ငွေချေးငှါးသူတယောက်မဟုတ် မဟုတ်ဆိုသောပြဿနာကို ဆန်းစစ်ရပေမည်။

အယူခံတရားခံက အယူခံတရားလိုသည် ငွေချေးငှါးသူတယောက်ဖြစ်ကြောင်း ထင်ရှားအောင်၊ ဦးလှမောင် (ခံပြ ၂)၊ ဦးနာဇီ (ခံပြ ၃)၊ ဦးကြိုင် (ခံပြ-၄)၊

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၄၄၉။

ဦးထွန်းရှိန် (ခံပြ ၅)၊ မနီ (ခံပြ ၆)၊ မောင်ချစ်တင် (ခံပြ ၇)၊ဒေါ်မြရီ (ခံပြ ၈)၊ ဦးစမတ်ခံ (ခံပြ ၉) နှင့် မမြချစ် (ခံပြ ၁၀) တို့ကိုသက်သေထူခဲ့၏။ ဦးလှမောင်သည် အယူခံတရားခံ၏ယောက်ဖပင်ဖြစ်သော်လည်း အယူခံတရားလိုထံမှ ကိုယ်တိုင်ငွေချေးဘူးပြီး၊ ချေးငွေကိုပြန်ဆပ်ရန်အယူခံတရားလို၏ ပညာရှိရွှေနေ ဦးဘိုးဆယ်ကနို့တစ်စာပေးထားခြင်း ခံရသူတဦးဖြစ်သည်။ ဦးနာဇီ၊ မနီနှင့် မောင်ချစ်တင်တို့မှာအယူခံတရားလိုထံမှ နွေပြန်တိုးဖြင့် ငွေချေးဘူးသူများဖြစ်ကြသည်။ မမြချစ်မှာလည်း အယူခံတရားလိုထံမှ ရွှေပေါင်နှင့် ငွေချေးဘူးသူတယောက်ဖြစ်၏။

အယူခံတရားလို၏ပညာရှိရွှေနေကြီးက၊ အယူခံတရားလိုသည် အမြဲတန်းငွေချေးစားသူတယောက်ဖြစ်ကြောင်း ထင်ရှားအောင် ပြသသောသက်သေများမှာ အယူခံတရားခံ၏ဆွေမျိုးနှင့်ရင်းနှီးသောမိတ်ဆွေများဖြစ်ကြသည့်အလျောက်၊ ယုံကြည်လက်ခံခြင်းမပြုသင့်ကြောင်းတင်ပြလာ၏။ ဦးလှမောင်နှင့် မမြချစ်တို့မှာအယူခံတရားခံ၏ယောက်ဖနှင့်ခယ်မများ ဖြစ်ကြသော်လည်း၊ ဦးနာဇီ၊ မနီနှင့်မောင်ချစ်တင်တို့မှာ အယူခံတရားခံနှင့် မည်သို့မျှဆွေမျိုးတော်စပ်ခြင်းမရှိပေ။ ၎င်းတို့သည်အယူခံတရားခံ၏ အလွန်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည် ဆိုသောသက်သေ အထောက်အထားလည်းမရှိ။ ထို့ကြောင့် ၎င်းသက်သေများသည် အယူခံတရားလိုအပေါ် မဟုတ်မတရားထွက်ဆိုကြရန် အကြောင်းမရှိပေ။ သက်သေတို့သည် အမှုသည်တဦးဦးနှင့် ဆွေမျိုးတော်စပ်သည့် အကြောင်းကြောင့်သော်၎င်း၊ မိတ်ဆွေအဖြစ် ရင်းနှီးသည့် အကြောင်းကြောင့်သော်၎င်း၊ ထိုသက်သေများ၏ထွက်ချက်ကိုလက်မခံရ၊ မယုံကြည်ရဟု မည်သည့်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်းမရှိ၊ သက်သေတဦးဦးအား ယုံကြည်သင့်မသင့်ဆိုသောပြဿနာမှာ ထိုသက်သေ၏ထွက်ချက်သည် အမှုတွင်ပေါ် ပေါက်လျက်ရှိသော အကြောင်းခြင်းရာများနှင့် ဆီလျော်ကိုက်ညီခြင်းရှိ မရှိဆိုသောအချက်အလက်အပေါ်မူတည်၍ အဆုံးအဖြတ်ပြုရပေမည်။

အယူခံတရားခံ၏ သက်သေများက အယူခံတရားလိုထုတ်ချေးထားသည့် ငွေရင်းငွေတိုးများကို အယူခံတရားလို၏တပည့် ကိုဟာမြစ်ဆိုသူသည်အယူခံတရားလိုအတွက် လိုက်လံကောက်ခံကြောင်း အတိအလင်းစွပ်စွဲထားကြရာ၊ ထိုစွပ်စွဲချက်သည် မဟုတ်မမှန်ကြောင်း အယူခံတရားလိုအနေဖြင့် ကိုဟာမြစ်အား သက်သေအဖြစ်စစ်ဆေးပြီးဖြေရှင်းရန် တာဝန်ရှိသည်။ သို့ရာတွင် အယူခံတရားလိုသည်ကိုဟာမြစ်အားသက်သေအဖြစ်မှစွန့်ပယ်ကာ စစ်ဆေးခြင်းမပြုခဲ့သဖြင့်၊ သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ (ဆ)အရ ၎င်း၏အကျိုးကိုဆန့်ကျင်ပြီးထွက်ဆိုမည်ကို စိုးရိမ်ရှိသာဖြစ်သည်ဟု ကောက်ယူရန်အကြောင်း ပေါ် ပေါက်နေသည်။

A

၁၉၆၆

ကရားပရာဆယ်နှင့် ဦးကျော်ဇွေ။

အမှန်တရားကိုရှာဖွေရာ၌တရားသူကြီးတဦးတည်းနှင့်မပြီးပေ။ ဖွေနေဖွေရမ်းမျှော့ကလည်း ကူညီရမည်။ အမှုသည်များကလည်း မိမိတို့ကိုယ်တိုင်သိရှိသည့် အကြောင်းခြင်းရာများကို အမှန်အတိုင်းတင်ပြကြရန် တာဝန်ရှိသည်။ အမှုသည်များက အမှန်အတိုင်းတင်ပြခြင်းမပြုလျှင် အမှန်တရားကိုလွှယ်လွယ်ကူကူနှင့် ရှာဖွေ၍ရနိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အမှုသည်တဦးဦးက မိမိကိုယ်တိုင်သိရှိသောအချက်အလက်ကို ပွင့်ပွင့်လင်းလင်း တင်ပြခြင်းမပြုဘဲ ကွယ်ထောင့်ထိမ်ဝှက်ထားကာ မိမိအပေါ် ကျရောက်သောတာဝန်ကို မကျေပွန်လျှင်၊ ထိုအမှုသည်အပေါ် သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ဥပမာ (ဆ) အရ ဆန့်ကျင်ဘက် ကောက်ယူရမည်ဖြစ်သည်။

ဤအမှုတွင် ,အယူခံတရားလိုသည် အယူခံတရားခံ၏ သက်သေထွက်ချက်များကို ပြေလည်အောင် ဖြေရှင်းရန်အလို့ငှါ၊ ကိုဟာမြစ်အားစစ်ဆေးခဲ့သင့်ပေသည်။ ကိုဟာမြစ်သည် ရုံးရှေ့၌ရှိသော်လည်း ၎င်းအား မစစ်ဆေးခဲ့သည်ကိုထောက်ရှုလျှင်၊ အယူခံတရားခံ၏ သက်သေထွက်ချက်များမှာ ဟုတ်မှန်သည်ဟုကောက်ယူရန်သာရှိပေတော့သည်။ ထို့ပြင်အယူခံတရားလိုက ၎င်းသည်နွားနို့ရောင်းစားသူ တဦးဖြစ်သည်ဟုဆိုသော်လည်း၊ ဒွေချေးသည့် ဩဒီမန်စာရွက်များကို ၎င်း၏နာမည်ဖြင့် ပုံနှိပ်ပြီး ဒွေချေးငှါးခဲ့သည်။ သက်သေခံအမှတ် ၁ အရ ၎င်းသည်လွန်ခဲ့သည့် ၁၉၅၆ ခုနှစ်မှစ၍ ၎င်း၏နာမည်ဖြင့် ပုံနှိပ်ထားသော ဩဒီမန်စာရွက်များကို အသုံးပြုခဲ့ကြောင်းထင်ရှားသဖြင့်၊ မိတ်ဆွေများအား ဒွေအသုံးလိုသောအခါ ကူညီသောအနေဖြင့် ရံဖန်ရံခါသာ ဒွေထုတ်ချေးခဲ့သည်ဆိုခြင်းမှာ ယုတ္တိလုံးဝမရှိပေ။ သက်သေခံအမှတ် ၈ ဩဒီမန်စာချုပ်ပေါ်၌ အမှတ်စဉ် ၂၆ ဟုရေးသားထားရာ၊ အယူခံတရားခံအား ဒွေချေးသည့် ၁၉၆၂ ခုနှစ်၌ အယူခံတရားခံသည် ၂၆ ယောက်မြောက် ဒွေချေးသူဖြစ်သည်ဟုယူဆဘွယ်ရာ အကြောင်းပေါ် ပေါက်နေလေသည်။

အထက်ပါအကြောင်းရပ်များကြောင့် အယူခံတရားလိုသည် နွားနို့ရောင်းသော အလုပ်ကို လုပ်ကိုင်စားသောက်သည်ဟု ဖော်ပြထားလင့်ကစား၊ အမြဲဒွေချေးစားသတယောက်ဖြစ်သည်ဆိုသော ကောက်ရုံးပညာရှိ တရားသူကြီး၏ ကောက်ယူချက်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။ ၁၉၄၅ ခုနှစ်၊ ဒွေချေးငှါးသူများ ဥပဒေပုဒ်မ ၉ အရ၊ အယူခံတရားလိုသည် မှတ်ပုံတင်ဒွေချေးငှါးသူ တယောက်မဟုတ်သဖြင့်၊ ၎င်း၏ချေးဒွေအတွက် အယူခံတရားခံအပေါ် ဒီကရီမရနိုင်ပေ။ **ချီဒမ်ဘရမ်ချစ်တီးယား နှင့် ဆူဘရာချစ်တီးယား** (၂)။

သို့ဖြစ်ရာ ကောက်ရုံး၏ဒီကရီကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသည့်အလျောက်၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။

(၂) ၁၉၆၃၊ မြန်မာ့ပြည်စီရင်ထုံး၊ ၅၀၉။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋိမအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

စီရာဂျာဂိုပေါပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးတင်ဘော် ပါ ၃ (အယူခံတရားခံများ)*

၁၉၆၆ ခု
စက်တင်ဘာလ
၂၃ရက်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ အရ တရားစွဲဆိုခြင်း-ဟိန္နူမိသားစုအနေဖြင့် အချင်းဖြစ်အိမ်မှာ ပိုင်ဆိုင်ခွင့်ရှိကြောင်းအဆိုရှိခြင်း-၁၉၅၆ခုနှစ်၊ဟိန္နူလူမျိုးများပစ္စည်းဆက်ခံခွင့် ဥပဒေ-ဟိန္နူလူမျိုးများ၏ ဓလေ့ထုံးတမ်းများနှင့် ဓလေ့ ထုံးတမ်းများအပေါ် ချမှတ်သည့် စီရင်ထုံးများ သာလျှင် ဟိန္နူဥပဒေအဖြစ် အသိအမှတ်ပြု ခြင်း-အမျိုးသမီးဖြစ်၍ အသက်ရှင်နေသရွေ့ ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိခြင်း-ထိုအကျိုးခံစားခွင့်ကို ရောင်းချပိုင်ခွင့်ရှိခြင်း-အခွင့်အရေးကို ထိပါးခြင်း မရှိဟု မြွက်ဟော်လိုမှု စွဲဆို နိုင်ခြင်း-ရောင်းချသူသေဆုံးပြီးနောက် ပစ္စည်းကို လက်ရောက်ရလို ကြောင်းတရားစွဲဆိုနိုင်ခြင်း။

အယူခံတရားလိုများနှင့် အယူခံတရားခံ (၃) တို့က အချင်းဖြစ်အိမ်မှာ မခွဲရသေးသည့် ဟိန္နူမိသားစုအနေဖြင့် ပိုင်ဆိုင်ကြကြောင်း ဖြစ်သဖြင့် အယူခံတရားခံ (၂) တွင် ပိုင်ဆိုင်ခွင့်မရှိကြောင်း။ ထို့ကြောင့် ၎င်းချုပ်ဆိုသော မှတ်ပုံတင် အရောင်းစာချုပ်မှာ တရားမဝင် ပျက်ပြယ်သော စာချုပ်ဖြစ်၍ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၉ အရ ဖျက်သိမ်းပေးစေ လိုကြောင်း တရားစွဲဆိုသည်။

ဆုံးဖြတ်ချက် ။ ။၁၉၅၆ ခုနှစ်၊ ဟိန္နူလူမျိုးများ ပစ္စည်းဆက်ခံခွင့်ဥပဒေသည် အိန္ဒိယပြည်တွင် ပြဋ္ဌာန်းထားစေကာမူ ပြည်ထောင်စု မြန်မာနိုင်ငံ၌ ထိုကဲ့သို့ ပြဋ္ဌာန်းထားခြင်း မရှိ၍ လိုက်နာရန် မလိုပေ။ ဟိန္နူလူမျိုးများ၏ ဓလေ့ထုံးတမ်းများနှင့် ထိုဓလေ့ထုံးတမ်းများအပေါ် ချမှတ်ထားသည့် စီရင်ထုံးများသာလျှင် ဟိန္နူဥပဒေအဖြစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တရားရုံးများက အသိအမှတ်ပြုကာ တရားစီရင်ရာ၌ လိုက်နာကျင့်သုံးရမည် ဖြစ်သည်။

ရာဗာဒါကီးတိုးနှင့် ရာတီပါးအဟီး၊၁၉၅၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး (၁၁) (တရားလွှတ်တော်) သဘောကွဲလွဲသည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမပဋိမ အယူခံအမှတ်-၁၂၀။

\+ ၁၉၆၄ ခုနှစ်၊ တရားမကြီးမူအမှတ် ၁၇၆၃ တွင် ရန်ကုန်မြို့ ဒုတိယတရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ပြည်ထောင်စုနှင့် အပ်စွဲဂါဒီယား ။ ။ ၁၉၆၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၁၀၂ ရည်ညွှန်းလိုက်နာသည်။

ထပ်မံဆုံးဖြတ်ချက် ။ ။အယူခံတရားခံ (၂) သည် အမှီသမီးဖြစ်နေ၍ အခင်းဖြစ်ပစ္စည်းအပေါ် အကန့်အသတ်မရှိဘဲ လွှဲပြောင်းပေးနိုင် သည့် ပိုင်ရှင်ဖြစ်လာနိုင်ခြင်း မရှိပေ။ ၎င်းအသက်ရှင်နေသရွေ့ ထိုပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူတစ်ဦးသာ ဖြစ်လာပေသည်။ အယူခံတရားခံ (၂) ၏ သားဖြစ်သူ အယူခံတရားလို (၂) သည် မိခင်ဖြစ်သူ သေဆုံးမှသာ အခင်းဖြစ်ပစ္စည်းကို အမွေစား အမွေခံအဖြစ် ပိုင်ဆိုင်လာမည် ဖြစ်သည်။

အယူခံတရားခံ (၂) သည်၊ အခင်းဖြစ်ပစ္စည်းအပေါ် အကန့်အသတ်မရှိ ရောင်းချ ပိုင်ခွင့်မရှိသော်လည်း မသေမီ အကျိုးခံစားခွင့် ရှိနေသဖြင့် ထိုအကျိုးခံစားခွင့်ကို ရောင်းချ ပိုင်ခွင့်ရှိနေသည်။ သို့ဖြစ်ရာ ၎င်းက အယူခံတရားလို (၁) အား မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချခဲ့ခြင်း မှာ လုံးဝပျက်ပြယ်သည်ဟု မဆိုနိုင်ပေ။ ယင်းသို့ လုံးဝပျက်ပြယ်ခြင်း မရှိလျှင် ထိုစာချုပ်အား လုံးဝဖျက်သိမ်းပေးရန် အမိန့်ချမှတ်ခြင်းမပြုနိုင်ပေ။

အယူခံတရားလို (၂) အနေဖြင့် မိခင်ဖြစ်သူ အယူခံတရားခံ (၂) သည် အခင်းဖြစ် ပစ္စည်းများ ကိုရောင်းချခဲ့သော ကိစ္စတွင် မိမိ၏ အခွင့်အရေးကို ထိပါးခြင်းမရှိဟု မြွက်ဖော်လိုမှု စွဲဆိုနိုင်ပေသည်။ အမှန်ဆိုလျှင် ထိုကဲ့သို့ မြွက်ဖော်လိုမှု စွဲဆိုရန်ပင် တာဝန်ရှိချေ။ မိခင် သေဆုံးပြီးနောက် အခင်းဖြစ်ပစ္စည်းများကို လက်ရောက်ရလိုမှု စွဲဆိုနိုင်ပေသည်။

စောဒဂါးဆင်းနှင့် နာရယန်ဆင်း၊ အေ၊ အိုင်၊ အာ(ရ)၊ ၁၉၁၇ (ပီ-စီ) ၁၉၆။

ဘီဂျိုင်းဂိုပေါ်နှင့် ခရစ်ရှနားမဟီရှီဒေသီ၊ အတွဲ ၃၄၊ ကာလကတ္တား ၃၂၉။

ရာဂူဘားဆင်းနှင့် ဂျက်သူမာတွန်၊ အေ၊ အိုင်၊ အာ(ရ) ၁၉၂၃၊ ပတ္တနား၊ ၁၃၀ ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက် ။ ။ မစ္စတာချော်ဘေး။

အယူခံတရားခံများအတွက် ။ ။ ဦးဝမ်ဟုတ်။

တရားသူကြီးဦးသက်ဖေ ။ ။အမှတ် (၁)၊ အယူခံ တရားလိုစီရာဂျာဂိုပေါ်သည် အမှတ် ၂ အယူခံတရားခံ အဒီလပ်ချမီအမာလ်၏ လင်ယောက်ျား ဖြစ်သည်။ အမှတ် ၂ အယူတရားလို အာရ်ဒူရှင်ဒရာ(ခေါ်) မောင်မြသောင်းမှာ၊ ၎င်းတို့၏သား ဖြစ်သည်။ အမှတ် ၃ အယူခံတရားခံ အက်(စ်)ဘာလာစွန်ဒရမ်သည် ၎င်းတို့၏ တူဖြစ်သည်။ ၎င်းတို့အားလုံးသည် ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသည်။

ရန်ကုန်မြို့ ဂဂ လမ်း၊ အမှတ် ၂၃ ရှိ အိမ်နှင့်မြေကို အမှတ် ၂- အယူခံ တရားခံက ၁၉၅၃ ခု၊ ဇူလိုင်လ၊ ၂၇ရက်နေ့တွင် အမှတ် ၁ အယူခံ-တရားခံ ဦးတင်သော် အား ငွေ ၁၀,၀၀၀ ကျပ်ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ကာ ရောင်းချခဲ့၏။ အယူခံ တရားလိုများနှင့် အမှတ် ၃-အယူခံ တရားခံ ဘိုက အဆိုပါအိမ်ကို ၎င်းတို့သည်မခွဲရသေး သည့်ဟိန္ဒူမိသားစုအနေဖြင့် ပိုင်ဆိုင်ကြကြောင်း အမှတ် ၂ အယူခံတရားခံတွင် ပိုင်ဆိုင်ခွင့်

မရှိကြောင်း၊ ထို့ကြောင့် ၎င်းချုပ်ဆိုခဲ့သော မှတ်ပုံတင်အရောင်းစာချုပ်မှာ တရားမဝင် ပျက်ပြယ်သော စာချုပ်ဖြစ်၍၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၃၉ အရ ဖျက်သိမ်းပေးစေသိုကြောင်း၊ ရန်ကုန်မြို့၊ တရားမရုံးတွင် တရားစွဲဆိုလေသည်။

၎င်းဘို၏ အဆိုမှာ အမ်ဂိုဗင်ဒါရပ်(ချ်)ဆိုသူသည်၊ ၁၉၀၇ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ သေဆုံးသွားကြောင်း၊ အမ်ဂိုဗင်ဒါရပ်(ချ်)၏ သမီးမူနီယမ်မားသည် ဝိုင်ကန်ဒါဆွာမိနှင့် အိမ်ထောင်ကျပြီး၊ အမှတ် ၂-အယူခံတရားခံအား ထွန်းကားခဲ့ကြောင်း။ အမ်ဂိုဗင်ဒါရပ်(ချ်)၏ သား စူဘရာမန်နီးတွင် အမှတ် ၃-အယူခံတရားခံအား ထွန်းကားကြောင်း၊ အမ်ဂိုဗင်ဒါရပ်(ချ်) မသေဆုံးမီ သားမက်ဖြစ်သူ ဝိုင်ကန်ဒါဆွာမိ အား၊ ငွေသား တသောင်းနှစ်ထောင်နှင့် ရွှေငွေ လက်ဝတ်လက်စား တသောင်း ငါးထောင်ဘိုးမျှကို အပ်ထားခဲ့ပြီး၊ ၎င်း၏သားသမီး မြေးမြစ်တို့ကို စောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း၊ ဝိုင်ကန်ဒါဆွာမိသည်ထိုငွေဖြင့် အခင်းဖြစ်အိမ်တည်ရှိရာ မြေကွက်ကိုဝယ်ယူခဲ့ကြောင်း။ ထိုမြေပေါ်ရှိ တဲကိုဖျက်၍ ငွေ ၅,၀၀၀ ကျပ်တန် တထပ်အိမ်တဆောင်ကို အဆိုပါ မိသားစုငွေဖြင့် ဆောက်လုပ်ခဲ့ကြောင်း၊ ထိုအိမ်တွင် ဝိုင်ကန်ဒါဆွာမိ၏ မိသားစုအပြင်၊ စူဘရာမန်နီး၏မိသားစုတို့ အတူတကွ နေထိုင်ခဲ့ကြောင်း။ စူဘရာမန်နီး သည်၊ ၁၉၃၃ ခု၊ ဇွန်လ ၁၆ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ ဝိုင်ကန်ဒါဆွာမိသည် ၁၉၄၄ ခု၊ စက်တင်္ဘာလ ၆ ရက်နေ့၌သေဆုံးသွားကြောင်း။ ဝိုင်ကန်ဒါဆွာမိ သေဆုံးသော အချိန်တွင် သားဖြစ်သူ ကန်နီယားနှင့် သမီးဖြစ်သူ အမှတ် ၂-အယူခံတရားခံတို့ ကျန်ရစ်ခဲ့ကြောင်း၊ ကန်နီယားသည်၊ ၁၉၄၉ ခုနှစ်တွင် လူပျိုကြီး အဖြစ်နှင့် သေဆုံးသွားကြောင်း၊ အခင်းဖြစ်အိမ်မှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့၍၊ အမှတ် ၁-အယူခံတရားလိုသည် ဟိန္နူမိသားစု၏ အကြီးအကဲအနေဖြင့် မိသားစုပိုင် ရွှေအချိုကို ရောင်းခဲ့၍ ရသောငွေ ၃,၀၀၀ ကျပ်နှင့်ချေးယူသည့် ငွေ ၅,၆၀၀ ကျပ် စုစုပေါင်း ၈,၆၀၀ ကျပ် အကုန်ခံကာ ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့ကြောင်း၊ ထိုအိမ်သည် မိမိတို့မိသားစုပိုင်ပစ္စည်းဖြစ်၍ အမှတ် ၂-၊၁-အယူခံတရားခံသည် အမှတ် ၁-အယူခံတရားခံအား ရောင်းချရန် အခွင့်အရေး မရှိကြောင်းဖြစ်သည်။

အမှတ် ၂-အယူခံတရားခံက အခင်းဖြစ် အိမ်နှင့်မြေမှာ ကွယ်လွန်သူ မိမိ၏ဘခင် ဝိုင်ကန်ဒါဆွာမိတည်းတည်းပိုင်ပစ္စည်းဖြစ်ကြောင်း၊ ဘခင်သေဆုံးသောအခါ၊ ထိုပစ္စည်းကို မိမိတည်းတည်း ပိုင်ဆိုင်လာသောကြောင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုချေပြီး အမှတ် ၁-အယူခံတရားခံက အမှတ် ၂-အယူခံတရားခံသည် အဆိုပါပစ္စည်းကို ရောင်းချခြင်းမှာ တရားဝင်ကြောင်း၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၃၉ အရတရားစွဲဆိုပိုင်ခွင့် မရှိဘဲ၊ ပုဒ်မ ၄၂ အရ မြွက်ဟဖော်လိုမှုသာ စွဲဆိုရမည်ဖြစ်ကြောင်း ထုချေလာလေသည်။

၁၉၆၆

စီရာဂျာကိုပေါ်ပါ ၂ နှင့် ဦးတင်ဘော်ပါ ၃။

အောက်ရုံး ပညာရှိတရားသူကြီးသည်၊ နှစ်ဘက် အမှုသည်နှင့် သက်သေများကို ကြားနာပြီးနောက်၊ အခင်းဖြစ် အိမ်နှင့်မြေမှာ ဝိုင်ကန်ဒါဆွာမိကယောကမ္မ ဖြစ်သူ ဂိုဗင်ဒါရပ်(ခ)၏ဟိန္ဒူမိသားစုဋ္ဌေဖြင့် ဝယ်ယူထားသည်ဆိုခြင်းမှာမဟုတ်ကြောင်း၊ ဝိုင်ကန်ဒါဆွာမိပိုင် ဋ္ဌေဖြင့် ဝယ်ယူဆောက်လုပ်ခဲ့သဖြင့်၊ ဝိုင်ကန်ဒါဆွာမိတဦးတည်း ပိုင် ပစ္စည်းဖြစ်ကြောင်း၊ ဝိုင်ကန်ဒါဆွာမိ သေဆုံးသောအခါ၊ ထိုပစ္စည်းကို အမှတ် ၂-အယူခံတရားခံသည် သမီးအနေဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း၊ ထိုကြောင့်အမှတ် ၂-အယူခံတရားခံသည် ထိုပစ္စည်းကို အမှတ် ၁-အယူခံ တရားခံအား အပြီးအပိုင် ရောင်းချနိုင်ခွင့် ရှိကြောင်း၊ ထိုကဲ့သို့ ရောင်းချခြင်းကို အမှတ် ၁-အယူခံတရားလို သည် သဘောတူညီခဲ့ကြောင်း အဆုံးအဖြတ်ပြုကာ၊ စွဲဆိုသော အမှုအား တရားစရိတ်နှင့်တကွ ပလပ်လိုက်လေသည်။ ယင်းသို့ ပလပ်လိုက်ခြင်းကို အယူခံတရားလိုတို့က မကျေနပ်သဖြင့် ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်သည်။ မူလရုံးတွင် အမှတ် ၃-တရားလိုဖြစ်သည့် အက်(စ်)ဘာလာစွန်ဒရမ်က အယူခံမဝင်သဖြင့် ၎င်းအား အမှတ် ၃-အယူခံတရားခံအဖြစ် အမှုဘွဲ့ ထည့်သွင်းခဲ့လေသည်။

အယူခံတရားလိုတို့၏ ပညာရှိရွှေနေကြီး မစ္စတာ ချော်ဘေးက အခင်းဖြစ်အိမ်နှင့် မြေမှာ၊ ကွယ်လွန်သူ ဝိုင်ကန်ဒါဆွာမိ တဦးတည်းပိုင် ပစ္စည်းဖြစ်သည်ကို မငြင်းလို ကြောင်း၊ ဝိုင်ကန်ဒါဆွာမိသည် ၁၉၄၄ ခုနှစ်တွင် သေဆုံးသောအချိန်၌ သားဖြစ်သူ ကန်နီယား ကျန်ရစ်ခဲ့သဖြင့်၊ ထိုပစ္စည်းကို ကန်နီယားက အမွေ ဆက်ခံခဲ့ကြောင်း၊ ၁၉၄၉ ခုနှစ်တွင် ကန်နီယား သေဆုံးသောအခါ၊ အမှတ် ၂-အယူခံ တရားခံသည် ဟိန္ဒူဥပဒေအရ ထိုပစ္စည်းအပေါ် ၎င်းမသေမီ အကျိုးခံစားခွင့်သာ ရှိကြောင်း၊ ၎င်းသေဆုံးလျှင် သားဖြစ်သူ အမှတ် ၂-အယူခံတရားလိုက ထိုပစ္စည်းကို အမွေ ဆက်ခံမည်ဖြစ်၍ အပြီးအပိုင် ရောင်းချနိုင်ခွင့်မရှိကြောင်း၊ အခင်းဖြစ်အိမ်ကို ဆောက် လုပ်ရာတွင် အမှတ် ၁-အယူခံ တရားလို၏ ငွေလည်းပါကြောင်း၊ အောက်ရုံးမှ ကောက် ယူထားပြီးဖြစ်ရာ၊ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးသင့်ကြောင်း လျှောက်လဲ တင်ပြ သွား၏။

အောက်ရုံး ပညာရှိ တရားသူကြီးက ဟိန္ဒူလူမျိုး တဦးဦး သေဆုံးသောအခါ၊ ၎င်း၏ ပစ္စည်းကို သမီးမိန်းမအနေဖြင့် အကန့်အသတ်မရှိအမွေဆက်ခံပိုင်ခွင့် ရှိသည်ဟု အိန္ဒိယပြည်တွင် ပြဋ္ဌာန်းထားသည့် ၁၉၅၆ ခုနှစ်၊ ဟိန္ဒူလူမျိုးများ ပစ္စည်းဆက်ခံခွင့် ဥပဒေကိုရည်ညွှန်းကာ ယခင် တရားလွှတ်တော်၏ စီရင်ထုံးဖြစ်သော **ရာမာဒါကီးတိုး** နှင့် **ရာတီပါးအဟီး** (၁)တို့ အမှုကိုကိုးကား၍ အဆုံးအဖြတ်ပြုခဲ့၏။

(၁) ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံး ၁၁ (တရားလွှတ်တော်)။

၁၉၅၆ ခုနှစ်၊ ဟိန္နူလူမျိုးများ ပစ္စည်းဆက်ခံခွင့် ဥပဒေသည်၊ အိန္ဒိယပြည်တွင် ပြဋ္ဌာန်းထားစေကာမူ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၌ ထိုကဲ့သို့ ပြဋ္ဌာန်းထားခြင်း မရှိ၍ လိုက်နာချန်မလိုပေ။ ဟိန္နူလူမျိုးများ၏ ဓလေ့ထုံးတမ်းများနှင့် ထိုဓလေ့ထုံးတမ်းများအပေါ် ချမှတ်ထားသည့်စီရင်ထုံးများသာလျှင်၊ ဟိန္နူဥပဒေအဖြစ်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိတရားရုံးများကအသိအမှတ်ပြုကာတရားစီရင်ထုခဲ့ လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ **ပြည်ထောင်စု** နှင့် **အမ်ဗီဂါဒီယား**(၂)တို့အမှုတွင်မိန့်မြွက်ထားသည့်အတိုင်း၊အိန္ဒိယပြည်တွင်ပြဋ္ဌာန်းထားသည့်ဥပဒေတရပ်ရပ်ကို ဟိန္နူလူမျိုးများကအချိန်ကြာမြင့်စွာ လိုက်နာကျင့်သုံးပြီးနောက်၊ထို ဟိန္နူလူမျိုးများသည်ပြည်ထောင်စုမြန်မာနိုင်ငံသို့လာရောက်နေထိုင်သောအခါ ထိုဥပဒေပါ ပြဋ္ဌာန်းချက်များအား၎င်းတို့၏ ဓလေ့ထုံးတမ်းအနေဖြင့်ကောက်ယူကောင်းယူနိုင်မည်ဖြစ်သည်။ ယခုအခြေတွင်မူ ၁၉၅၆ ခုနှစ်၊ ဟိန္နူလူမျိုးများ ပစ္စည်း ဆက်ခံခွင့် ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ဟိန္နူလူမျိုးများ၏ ဥပဒေသဘောသက်ရောက်သည့် ဓလေ့ထုံးတမ်းများ ဖြစ်သည်ဟု မယူဆနိုင်ပေ။

အခင်းဖြစ် အိမ်နှင့်မြေမှာ မူလက အမှတ် ၂-အယူခံတရားခံ၏ ဘခင် ဝိုင်ကန်ဒါဆွာမိ တဦးတည်းပိုင် ပစ္စည်းဖြစ်သည်ဆိုခြင်းမှာ အောက်ရုံး အမှုတွဲပါ သက်သေအထောက်အထားများအရ ထင်ရှားသည်၊ ထိုအချက်နှင့်ပတ်သက်၍ အယူခံတရားလိုတို့၏ပညာရှိရွှေနေကြီးကလည်းငြင်းဆိုခြင်းမပြုနိုင်ပေ။ ဝိုင်ကန်ဒါဆွာမိသည် ၁၉၄၄ ခုနှစ်၌ သေဆုံးရာ၊ ၎င်းသေဆုံးသောအချိန်၌ သား ကန်နီယားနှင့် သမီး ဖြစ်သူ အမှတ် ၂-အယူခံတရားခံတို့သည်ကျန်ရစ်ခဲ့၏။ သို့ဖြစ်ရာ၊ အခင်းဖြစ်ပစ္စည်းများကို သားဖြစ်သူ ကန်နီယားက အမွေဆက်ခံခဲ့သည်။ ကန်နီယား သည် လူပျိုအဖြစ်နှင့်ပင် ၁၉၄၉ ခုနှစ်၌ သေဆုံးသွားသဖြင့် ၎င်း၏နှမဖြစ်သူ အမှတ် ၂-အယူခံတရားခံက ထိုပစ္စည်းနှင့် ပတ်သက်၍ အမွေဆိုင်ဖြစ်လာလေသည်။ သုခမိန်ဒီအက်(ဖ်)မူလာပြုစုသည့် ဟိန္နူဥပဒေ အခြေခံကျမ်း၏ ပုဒ်မ ၄၃ ကိုကြည့်ပါ။ သို့ရာတွင် အမှတ် ၂-အယူခံတရားခံသည် အမျိုးသမီး ဖြစ်နေ၍ ထိုပစ္စည်းအပေါ် အကန့်အသတ်မရှိဘဲ လွှဲပြောင်းပေးနိုင်သည့် ပိုင်ရှင်ဖြစ်လာနိုင်ခြင်း မရှိပေ။ ၎င်းအသက်ရှင်နေသရွေ့ ထိုပစ္စည်းအပေါ် အကျိုးခံစားခွင့် ရှိသူ တဦးသာဖြစ်လာပေသည်။ ထိုအချက်နှင့် ပတ်သက်၍ အဆိုပါ ကျမ်း၏ ပုဒ်မ ၁၆၈ (၄)ကို ရည်ညွှန်းလိုသည်။ အမှတ် ၂-အယူခံတရားခံ၏ သားဖြစ်သူ အမှတ် ၂-အယူခံတရားလိုသည် မိခင်ဖြစ်သူသေဆုံးမှသာ အခင်းဖြစ် ပစ္စည်းကို အမွေစား အမွေခံအဖြစ် ပိုင်ဆိုင်လာမည် ဖြစ်သည်။

---

(၂) ၁၉၆၃ ခု၊ မြန်မာပြည်စီရင်ထုံး ၁၀၂။

၁၉၆၆

စီရာဂျာကိုပေါ်
ပါ ၂
နှင့်
ဦးတင်ဘော်
ပါ ၃။

အထက်ပါ အကြောင်းရပ်များကြောင့် အမှတ် ၂-အယူခံတရားခံသည်အခင်းဖြစ် ပစ္စည်းအပေါ် အကန့်အသတ်မရှိရောင်းချပိုင်ခွင့်မရှိသော်လည်း၊မသေမီ အကျိုးခံစား ခွင့်ရှိနေသဖြင့်ထိုအကျိုးခံစားခွင့်ကို ရောင်းချပိုင်ခွင့် ရှိနေသည်။ သို့ဖြစ်ရာ၎င်းက အမှတ် ၁-အယူခံ တရားလိုအား မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချခဲ့ခြင်းမှာ လုံးဝ ပျက်ပြယ်သည်ဟု မဆိုနိုင်ပေ။ ယင်းသို့ လုံးဝပျက်ပြယ်ခြင်း မရှိလျှင် ထိုစာချုပ် အား လုံးဝဖျက်သိမ်းပေးရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ပေ။

အမှတ် ၂-အယူခံတရားလိုအနေဖြင့်မိခင်ဖြစ်သူ အမှတ် ၂-အယူခံတရားခံသည်၊ အခင်းဖြစ် ပစ္စည်းများကို ရောင်းချခဲ့သော ကိစ္စတွင် မိမိ၏အခွင့်အရေးကိုထိပါးခြင်း မရှိဟု မြွက်ဖော် လိုမှုစွဲဆိုနိုင်ပေသည်။ အမှန်ဆိုလျှင်ထိုကဲ့သို့မြွက်ဖော် လိုမှုစွဲဆိုရန်ပင် တာဝန် မရှိချေ။ မိခင်သေဆုံးပြီးနောက် အခင်းဖြစ် ပစ္စည်းများကို လက်ရောက် ရလိုမှုစွဲဆိုနိုင်ပေသည်။ သုခမိန် ဒီအက်(ဖ်)မူလာ ပြူစုသည့် ဟိန္ဒူဥပဒေ အခြေခံ ကျမ်း၏ ပုဒ်မ ၂၀၅ ကိုကြည့်ပါ။ ထို့ကြောင့်ပင်လည်း**စောဒဂါးဆင်း၊ နာရယန်ဆင်း** (၃) တို့ အမှုတွင် ပရိဗ္ဗီကောင်စီက စာချုပ်စာတမ်းတခု သည်၊ နောက်ဆုံးအမွေ ဆက်ခံသူ၏ အခွင့်အရေးကို ထိခိုက်နေလျှင် ၎င်းသည် ထိုစာချုပ် စာတမ်းမှာမိမိ၏ အခွင့်အရေးကို မထိခိုက်ကြောင်း မြွက်ဖော် လိုမှု တရားစွဲဆိုနိုင်ကြောင်းအဆုံးအဖြတ် ပေးထားခြင်းဖြစ်သည်။ **ဘီဂျီင်းဂိုပေါ** နှင့် **ခရစ်ရှနားမဟီရှီဒေဘီ** (၄)တို့ အမှုတွင်၊ ပရိဗ္ဗီကောင်စီကပင် အကန့်အသတ် မရှိဘဲ ရောင်းချပိုင်ခွင့်မရှိသူတဦးက ရောင်းချခဲ့ သော ကိစ္စကို နောက်ဆုံး အမွေဆက်ခံသူအနေဖြင့် မြွက်ဖော် လိုမှုမစွဲဆိုဘဲရောင်းချသူ သေဆုံးပြီးနောက်၊ ပစ္စည်းကို လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်သည်ဟု ဆုံးဖြတ် ထားလေသည်။ **ရာဂူဘားဆင်း** နှင့် **ဂျက်သူမာတွန်** (၅)တို့အမှုဌာလည်း၊ အလားတူပင် ကောက်ယူထားသည်။ ထိုကဲ့သို့စွဲဆိုသော အခါတွင် အမှတ် ၂-အယူခံတရားခံ၏ ရောင်းချမှုမှာ တရားဝင် မဝင် ဆိုသော ပြဿနာကို ဖြေရှင်းရပေမည်။ ထိုကိစ္စကို ဤအမှုဌ ဖြေရှင်းရန် မလိုသေးပေ။

သို့ဖြစ်ရာ၊ အမှတ် ၂-အယူခံတရားခံ ချုပ်ဆိုခဲ့သည့် မှတ်ပုံတင် စာချုပ်အား ဖျက်သိမ်းပေးရန် အကြောင်းမရှိဟု ကောက်ယူခဲ့သည့် အောက်ရုံး၏ ဆုံးဖြတ်ချက် မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။

---

(၃) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၁၇ ခု၊ ပရီဗ့ီကောင်စီ၊ ၁၉၆။
(၄) အတွဲ၊ ၃၄၊ ကာလကတ္တား ၃၂၉။
(၅) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၂၃၊ ပတ္တနား၊ ၁၃၀။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေဒွေတွင်

စန်းစန်းမြင့် (ခေါ်) မတင်မြင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၆ အောက်တိုဘာလ ၁၅ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရမှုပြစ်ဆင်ရှာဖီရင်ခြင်း—လူတဦးက အခြားလူတဦးအပေါ် ကြီးနိုင်ငယ်ညှဉ်း သဘောသက်ရောက်သည့် အန္တရာယ်ပြုမှုလာသည်ကို တွေ့ခြင်း—အားနှဲ့သူကို အကာအကွယ်ပေးရန် တာဝန်ရှိသည့်အလျောက် တာပန်အတိုင်း အကာအကွယ်ပေးခြင်း—ရာဇသတ်ကြီးပုဒ်မ ၉၇ အရ ခုခံကာကွယ်ပိုင်ခွင့် အတွင်းကျရောက်သည်ဟု ဥပဒေကအသိအမှတ်ပြုထားမထား—အရက်မူးနေသူတဦးက ခိုက်ရန်ဖြစ်ပွါးစဉ် ဆေးလိပ်မီးနှင့် ထိုးရန်ပြုလုပ်ခြင်း—တချက်သာဒါးနှင့်ခုတ်၍ ခုခံကာကွယ်ခြင်း—ခုခံကာကွယ်ပိုင်ခွင့်ကို အသုံးပြုရာ၌ လိုသည်ထက်ပို၍ အသုံးချ မချ။

ဆုံးဖြတ်ချက်။ ။လူတဦးတယောက်က အခြားလူတဦး အပေါ် ကြီးနိုင်ငယ်ညှဉ်း သဘောသက်ရောက်သည့် အန္တရာယ်ပြုမှုလာသည်ကိုတွေ့လျှင် လူတိုင်းလူတိုင်းတွင် အားနှဲ့သူကို အကာအကွယ်ပေးရန် တာဝန်ရှိသည့်အလျောက်၊ ထိုတာဝန်အတိုင်း အကာအကွယ်ပေးခဲ့လျှင်၊ ထိုသူ၏ အပြုအမူမှာ ရာဇသတ်ကြီးပုဒ်မ ၉၇ အရခုခံကာကွယ်ပိုင်ခွင့်အဘွင်း ကျရောက်သည်ဟု ဥပဒေက အသိအမှတ်ပြုထားခြင်းပင်ဖြစ်သည်။

ဆရာဝန်၏ထွက်ဆိုချက်အရ သေသူသည် ထိုညက အရက်မူးနေကြောင်း ပေါ်ပေါက်နေသဖြင့်၊ ယင်းသို့အရက်မူးနေသူတဦးက ခိုက်ရန်ဖြစ်ပွါးစဉ် မိခင်ဖြစ်သူအား ဆေးလိပ်မီးနှင့် ထိုးရန်ပြုလုပ်ရာ၌၊ အယူခံတရားလိုအနေဖြင့် မိမိ၏ မိခင်အား အမှန်ပင်ဆေးလိပ်မီးနှင့် ထိုးလိမ့်မည်ဟု စိုးရိမ်ဘွယ်ရာ အကြောင်းပေါ် ပေါက်နိုင်ပေသည်။ ဆေးလိပ်မီးနှင့် ထိုးလျှင် အထိုးခံရသူတွင် ဒဏ်ရာအနာတရဖြစ်ရန်အကြောင်းရှိသဖြင့်၊ အယူခံတရားလိုသည် မိခင်၏ ကိုယ်ကိုခုခံကာကွယ်ရင်း အန္တရာယ်ပြုလာသူအား သေစေခြင်းမှအပ အခြားဘေးအန္တရာယ် တခုခုကိုပြုလုပ်ပိုင်ခွင့်ရှိပေသည်။

သက်သေထွက်ချက်များအရ အယူခံတရားလိုက သေသူအား တချက်သာ ခုတ်ကြောင်း ထင်ရှားနေသဖြင့်၊ အယူခံတရားလို၏ ပြုမူချက်မှာ ခုခံကာကွယ်ပိုင်ခွင့်ကို အသုံးပြုရာ၌ လိုသည်ထက်ပို၍အသုံးချခဲ့သည်ဟု ဆိုရန်ခဲယဉ်းလေသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၇၉။

† ၁၉၆၄ ခုနှစ်၊ရာဇဝတ်ကြီးမူအမှတ် ၅ တွင် ချမှတ်ထားသော ၁၉၆၆ ခုနှစ်၊ ဇွန်လ ၂၁ ရက် နေ့စွဲပါ၊ အထူးတရားသူကြီး (၂) ရန်ကုန်ခရိုင်၊ ရန်ကုန်မြို့ တရားသူကြီး၏အမိန့်ကိုအယူခံဝင်မှု။

၁၉၆၆

စန်းစန်းမြင့် (ခေါ်) မတင်မြင့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

နိုင်ငံတော် နှင့် လှမောင်၊ ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၅၀။
မောင်နေသိုင်း နှင့် ပြည်ထောင်စု၊ ၁၉၆၂ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၂၉၁ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးမြတင်။

အယူခံတရားခံအတွက်။ ။အစိုးရမှူနေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဇေ။ ။အယူခံ တရားလို မစန်းစန်းမြင့် (ခေါ်) မတင်မြင့် အား ၎င်း၏ ပဒေသာ ဦးချစ်စိန်ကို ဒါးနှင့်ခုတ်ခဲ့သည့်အတွက် ရာဇသတ်ပုဒ်မ ၃၀၆ အရအသုပ်နှင့်ထောင်ဒဏ် ၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ရန်ကုန်မြို့ အထူး တရားသူကြီး (၂) ၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလို၏မိခင် ဒေါ်ကျင်ရွှေမှာ တခုလပ်ဖြစ်ပြီး၊ ဦးချစ်စိန်နှင့် နောက် အိမ်ထောင်ပြုခဲ့၏။ ဦးချစ်စိန်သည် အိမ်ထောင်ကြီးတဦးဖြစ်၍၊ မောင်အောင်မြင့် (လိုပြ-၁) ဆိုသည့်သားဘယောက်ပါလာပြီး၊ ဒေါ်ကျင်ရွှေတွင် သမီး ၃ ယောက် ပါလာသည့်အနက် အယူခံတရားလိုမှာ သမီးအလတ်ဖြစ်သည်။ ဦးချစ်စိန်နှင့် ဒေါ်ကျင်ရွှေတို့သည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ အမှတ် ၉ ရပ်ကွက်ရှိ အိမ်အမှတ် ၆၆၉ ၌ သားသမီးများနှင့်အတူ နေထိုင်လျက်ရှိကြ၏။

လွန်ခဲ့သည့် ၁၉၆၄ ခု၊ မတ်လ ၁၅ ရက်နေ့ည ၇ နာရီခွဲခန့်အချိန်တွင် ဒေါ်ကျင်ရွှေသည် ဦးချစ်စိန်အား သမီးမတင်မြင့်နှင့် စွပ်စွဲပြောဆိုရာမှစ၍ ဦးချစ်စိန်နှင့် ဒေါ်ကျင်ရွှေတို့စကားများကြသည်။ မောင်အောင်မြင့်နှင့် အလည်ရောက်ရှိနေသူ မောင်မြင့်သိန်း (လိုပြ-၂)၊ တို့သည် မလှမ်းမကမ်းတွင်ရှိနေကြသည်။ ယင်းသို့စကားများကြရင်း ဦးချစ်စိန်က ဒေါ်ကျင်ရွှေအား ဆေးပေါ့လိပ်မီးနှင့်ထိုးရန် ရွယ်လိုက်သည်။ ထိုအခါ အယူခံတရားလိုသည် ဦးချစ်စိန်အား နောက်မှနေ၍ ဒါးမနှင့် တချက် ခုတ်လိုက်၍ ဦးချစ်စိန်၏ လက်ျာဘက် ဂျိုစောင်းနှင့် လက်ဝဲဘက် လက်ပြင်တို့တွင် ထိသွားသည်။ အယူခံတရားလိုသည် ဒါးမကို ခုတ်သောနေရာ၌ပင် ချထားခဲ့ပြီး အိမ်နောက်ဖေးဘက်သို့ ထွက်ပြေးသွားသည်။ မောင်အောင်မြင့်နှင့် မောင်မြင့်သိန်း တို့သည် ဦးချစ်စိန်အား "တောင်ဥက္ကလာပ ရဲတပ်စခန်းသို့ ခေါ်သွား၍၊ ရဲတပ်စခန်း၌ ဦးချစ်စိန်က ပဌမသတင်းချက်ပေးခဲ့၏။

ရဲဘော်ဒဲစခန်းမှ ဦးချစ်စိန်အား၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ ပို့လိုက်သဖြင့်၊ ဆရာဝန် ဂျီ၊ အာ (ရ)၊ လူဝစ် (လိုပြ-၉) ကစစ်ဆေးကြည့်ရှုရာ၊ဦးခေါင်း လက်ျာဘက် ဂျိုစောင်းနှင့် လက်ဝဲလက်ပြင်တို့တွင် ဒါးဒဏ်ရာများတွေ့ရသည်။ ဦးချစ်စိန်အား အခန်းအမှတ် ၃-၄ သို့ပို့လိုက်၍၊ တာဝန်ကျဆရာဝန် ဦးသိန်းလှိုင်က လိုအပ်သော

ဆေးဝါးကုသမှုပြုလုပ်ပေးသည်။ ထိုစဉ်က ဦးချစ်စိန်လျာကို စစ်ဆေးကြည့်ရှုရာ အရက်နံ့ရသည်ကို တွေ့ရှိခဲ့ရ၏။ ရရှိခဲ့သော ဒဏ်ရာများကြောင့် ဦးနှောက်ကိုထိခိုက်ခြင်း၊ အာရုံကြောကို ထိခိုက်ခြင်း စသည့်လက္ခဏာများ မတွေ့ရသဖြင့်၊ ဦးချစ်စိန်အား ၁၉၆၄ ခု၊ မတ်လ ၁၇ ရက်နေ့တွင် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

၁၉၆၄ ခု၊ မတ်လ ၂၄ ရက်နေ့တွင် ဦးချစ်စိန်သည် ခေါင်းမူးသဖြင့် ဆေးရုံကြီးသို့ ပြန်ဆောက်လာ၍၊ ၎င်းအား အတွင်းလူနာအဖြစ် လက်ခံပြီး ဆေးဝါးကုသပေးသည်။ ၁၉၆၄ ခု၊ မတ်လ ၃၀ ရက်နေ့၌ လက်ျာဘက် ဂျိုစောင်းတွင် ကြိုးနေသည့် ဦးခေါင်းရိုးကိုခွဲထုတ်ရသည်။ ဦးနှောက်ပေါ်ရှိအမြေးပါးမှာ စုတ်ပြဲနေပြီး၊ အမြေးပါးပေါ်ရှိသွေးနှင့် သွေးခဲများအောက်၌ ပြည်များကို တွေ့ရသည်။ သွေးနှင့် ပြည်များကို ထုတ်ကာ ဦးခွံအစား ပြန်ထည့်၍ ချုပ်ပေးပြီး ဆက်လက်ကုသသော်လည်း ၁၉၆၄ ခု၊ ဧပြီလ ၁၃ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် ဦးချစ်စိန်သည် သေဆုံး သွားလေသည်။

ဦးချစ်စိန်၏ အလောင်းကို ဆရာဝန်ကြီး ဦးမောင်မောင်တိတ် (လိုပြာဝင်း) က ခွဲစိတ်ကြည့်ရှုရာ၊ ဂျိုစောင်းတွင်ရရှိခဲ့သော ဒဏ်ရာကြောင့် ဦးနှောက်အပေါ်ပိုင်း၌ပြည်တည်ကာ၊ ထိုပြည်စုသည် ဦးနှောက်ကို ဖိနှိပ်ခဲ့ခြင်းကြောင့်၊ ဦးချစ်စိန်သေဆုံးရကြောင်းတွေ့ရှိလေသည်။

အယူခံတရားလိုအား အခင်းဖြစ်သည့်နေ့၌ပင် ဒုလုံခြုံရေးမှူး ဦးတင်ဦး (လိုပြာဂ) ကရာဇသတ်ပုဒ်မ ၃၂၄ အရ အရေးယူခဲ့၏။ ရဲကအယူခံတရားလိုအား အာမခံနှင့် လွှတ်ထားလိုက်သည်။ ၁၉၆၄ ခု၊ မတ်လ ၁၉ ရက်နေ့တွင် ဆေးစာအရ အယူခံတရားလိုအပေါ်၊ ရာဇသတ်ပုဒ်မ ၃၂၆ အရ ပြောင်းလဲစစ်ဆေးကာ ပြန်လည်ဘမ်းဆီးလိုက်ပြီးနောက်၊ ရန်ကုန်မြို့အလှေပိုင်း နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံးသို့ ရာဇသတ်ပုဒ်မ ၃၂၆ အရ တရားစွဲတင်ရာ၊ အယူခံတရားလိုသည် မိန်းမသားဖြစ်၍ အာမခံဖြင့်အလွှတ်ထုခချခွင့်ပြုခဲ့၏။

ဦးချစ်စိန်သည် ၁၉၆၄ ခု၊ ဧပြီလ ၁၃ ရက်နေ့တွင် သေဆုံးသွားသဖြင့် အယူခံတရားလိုအပေါ် လူသတ်မှုဖြင့် တရားစွဲဆိုရန်၊ ရန်ကုန်မြို့ ခရိုင်ရာဇဝတ် တရားသူကြီးထံသို့တင်ပြစဉ်၊ ဦးချစ်စိန်၏သား မောင်အောင်မြင့်က ပြည်ထဲရေးဌာနနှင့် ဗဟိုလုံခြုံ ရေးသို့ လျှောက်ထားသောကြောင့်၊ ရဲစက္ကူများမှာ ပြည်ထဲရေးဌာနသို့ ရောက်သွားသည်။ထိုအချိန်တွင် အယူခံတရားလိုအား လူသတ်မှုအရပြန်လည် ဘမ်းဆီးခဲ့သဖြင့် အချုပ်ထဲသို့ရောက်နေရာ၊ ရဲစက္ကူများမှာ ပြည်ထဲရေးဌာနမှပြန်မရတဲ့ တန္ခစ်နီးပါးမျ စောင့်နေရလေသည်။ ၁၉၆၅ ခု၊ မေလ ၄ ရက်နေ့ကျမှသာ အမှုကို စတင်ကြားနာခဲ့ရသည်။

၁၉၆၆

စန်းစန်းမြင့် (ခေါ်) မတင်မြင့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ယခုအမှုတွင် အယူခံတရားလိုသည် ပထွေးဖြစ်သူ ဦးချစ်စိန်အား ဒါးဖြင့် တချက် ခုတ်သည်ဆိုခြင်းကို မောင်အောင်မြင့်နှင့် မောင်မြင့်သိန်းတို့က တွေ့မြင်ခဲ့သည်သာ မက၊ အယူခံဘရားလိုအနေနှင့်လည်း ဦးချစ်စိန်အား ဒါးနှင့်ခုတ်သည်ဆိုခြင်းကိုမငြင်း ဆိုပေ။ သို့ရာတွင် အယူခံတရားလို၊ ဦးချစ်စိန်သည် သေရည်သေရက် သောက် စားကာ မိမိနှင့် မိခင် ဒေါ်ကျင်ရွှေတို့အား မကြာခဏ ရိုက်နှက်နှိပ်စက်ညှဉ်းပန်း ခဲ့ကြောင်း၊ မိမိကိုလည်း စော်ကားသမျှပြုခဲ့ကြောင်း၊ အခင်းဖြစ်ညက မိခင်ဒေါ်ကျင်ရွှေ နှင့်စကားများရန်ဖြစ်ပြီး၊ ဒေါ်ကျင်ရွှေအား ဆေးလိပ်မီးနှင့် ထိုးသည့်အပြင်၊ မိမိ ကိုလည်း ပါးရိုက်သဖြင့် ဒါးနှင့်ဆုတ်ခဲ့ခြင်း ဖြစ်ကြောင်း ထုချေသွားလေသည်။ အောက်ရုံးပညာရှိ တရားသူကြီးက ဦးချစ်စိန်သည် ဒေါ်ကျင်ရွှေအား စကားများ ရန်ဖြစ်စဉ် ဆေးလိပ်မီးနှင့် ထိုးရန်ရွယ်ခဲ့ခြင်းသာဖြစ်ပြီး အယူခံ တရားလိုအား ပါးရိုက် သည်ဆိုခြင်းမှာ အထောက်အထားမရှိ၍၊ အယူခံ တရားလိုအနေနှင့် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်ကာ ဦးချစ်စိန်အား ဒဏ်ရာရစေခဲ့သည်ဟု မဆိုနိုင်ကြောင်း ကောက်ယူပြီးနောက် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

အယူခံဘရားလို၏ ပညာရှိရှေ့နေကြီး ဦးမြတင်က၊ အယူခံတရားလိုသည် မိမိ၏ မိခင် ဒေါ်ကျင်ရွှေအား ဦးချစ်စိန်က အရက်မူးပြီး ဆေးလိပ်မီးနှင့် ထိုးသဖြင့် ဒါးနှင့်ခုတ်ခဲ့ခြင်းဖြစ်ရာ ဥပဒေက ခွင့်ပြုထားသည့် ခုခံကာကွယ်ပိုင်ခွင့် အတွင်း ကျရောက်သည့် အလျောက် ပြစ်မှုမမြောက်ကြောင်း တင်ပြလာ(၁)။ တရားခံတဦး သည် မူလရုံး၌ ခုခံကာကွယ်မိုင်ခွင့်အရ ပြစ်မှုမမြောက်ကြောင်း ထုချေခဲ့ခြင်းမရှိ စေကာမူ၊ ၎င်း၏ ပြုမူချက်မှာ ခုခံကာကွယ်ပိုင်ခွင့်အတွင်း ကျရောက်နေကြောင်း သက်သေအထောက်အထားမှိုနေလျှင်၊ ၎င်းအနေဖြင့် အယူခံရုံးတွင် ခုခံကာကွယ်ပိုင် ခွင့်အရကာင်းလွှတ်ခွင့်ကို တောင်းဆိုနိုင်ပေသည်။ ထိုအခွင့်အရေးကို တရားခံက မတောင်းဆိုခဲ့စေကာမူ၊အယူခံရုံးအနေဖြင့် ၎င်းအပေါ် သက်သာခွင့် ပြုရန် စဉ်းစား ပေးရန်တာဝန်ရှိလေသည်။ **နိုင်ငံတော် နှင့် လှမောင် (၁)၊ မောင်နေသိုင်း နှင့် ပြည်ထောင်စု(၂)**။

ယခုအမှုတွင် အယူခံတရားလိုသည် အောက်ရုံး၌ ခုခံကာကွယ်ပိုင်ခွင့်ကို အကိုး အကား မပြုခဲ့သော်လည်း ဤအယူခံရုံးအနေဖြင့် ၎င်း၏ပြုမူချက်မှာ ဥပဒေက ခွင့်ပြု ထားသည့် ခုခံကာကွယ်ပိုင်ခွင့်အတွင်း ကျရောက်ကြောင်း ပေါ်လွင်နေပါက၊ ၎င်း အပေါ် သက်သာခွင့် ပြုရမည်ဖြစ်သည်။ ဆုဇသတ်ပုဒ်မ ၉၇ အရ၊ လူတဦးတယောက် သည် မိမိကိုယ်ကိုသော်၎င်း၊ အခြားသူတဦး၏ ကိုယ်ကိုသော်၎င်း အန္တရာယ် ပြုလာ

(၁) ၁၉၄၆၊ ရန်ကုန်စီရင်ထုံး ၅၀။
(၂) ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး ၂၉၁။

သူကို ခုခံကာကွယ်ပိုင်ခွင့် ရှိပေသည်။ မိမိကိုယ်ကို အန္တရာယ် ပြုလာသူအား ခုခံကာကွယ်ပိုင်ခွင့် ရှိသည်ဆိုခြင်းနှင့် ပတ်သက်၍ အထူးဖေါ်ပြရန် လိုမည်မဟုတ်ပေ။ လူဘဦးက အခြားလူတဦးအပေါ် ကြီးနိုင်ငယ်ညှဉ်း သဘောသက်ရောက်သည့် အန္တရာယ် ပြုမှုလာသည်ကိုတွေ့သျှင် လူတိုင်းလူတိုင်းတွင် အားနဲ့သူကို အကာအကွယ်ပေးရန် တာဝန်ရှိသည့်အလျောက် ထိုတာဝန်အတိုင်း အကာအကွယ် ပေးခဲ့လျှင် ထိုသူ၏ အပြုအမူမှာ ခုခံကာကွယ်ပိုင်ခွင့်အဘွင်း ကျရောက်သည်ဟု ဥပဒေက အသိအမှတ် ပြုထားခြင်းပင်ဖြစ်သည်။

ယင်းသို့ လူ၏ကိုယ်ကို ခုခံကာကွယ်ရာတွင် မည်သည့် ဘေးအန္တရာယ်အထိ ပြုလုပ်နိုင်သည် ဆိုခြင်းနှင့် ပတ်သက်၍၊ ရာဇသတ်ပုဒ်မ ၁၀၀ နှင့် ၁၀၁ တို့တွင် ပြဋ္ဌာန်းချက်များ ပြုလုပ်ထားသည်။ ပုဒ်မ ၁၀၀ အရ၊ မကာကွယ် မခုခံလျှင် သေဘေး၊ သို့မဟုတ် အပြင်းအထန် နာကျင်စေမှု၊ သို့မဟုတ် မုဒိန်းမှုစသည့် ကြီးလေးသော ပြစ်မှုတခုခု အန္တရာယ် ပြုလာမည်ဟု စိုးရိမ်ဘွယ်အကြောင်း ရှိပါက ထိုသို့အန္တရာယ် ပြုလာသူအား၊ သေစေသည်အထိ ခုခံကာကွယ်ပိုင်ခွင့်ရှိသည်။ အဆိုပါ ပြစ်မှုကြီးများမှအပ၊ အခြားပြစ်မှု တခုခုကို ကျူးလွန်လိမ့်မည်ဟု စိုးရိမ်ဘွယ်ရာ အကြောင်းရှိလျှင်၊ အန္တရာယ် ပြုလာသူအား သေစေခြင်းမှတပါး အခြားဘေးအန္တရာယ်ကို ဖြင်စေရန် ခုခံကာကွယ်ပိုင်ခွင့် ရှိသည်ဟု ပုဒ်မ ၁၀၁ က ခွင့်ပြုထားသည်။ ထိုကဲ့သို့ ခုခံကာကွယ်ပိုင်ခွင့်ကို အသုံးပြုရာတွင် လိုသည်ထက်ပို၍ ပြုလုပ်ခွင့် မရှိကြောင်းကိုလည်း ပုဒ်မ ၉၉ ၌ ဖေါ်ပြထားလေသည်။

ဤအမှု၌ သေသူ ဦးချစ်စိန်သည် အယူခံတရားလို၏မိခင် ဒေါ်ကျင်ရွှေအား စကားများ ခိုက်ရန်ဖြစ်ပွါးစဉ် ဆေးလိပ်မီးဖြင့်ထိုးရန် လုပ်သည်ဆိုခြင်းမှာ မငြင်းနိုင်သော အချက်တချပ်ဖြစ်သည်၊ ဦးချစ်စိန်၏သား မောင်အောင်မြင့် ကိုယ်တိုင်က ဦးချစ်စိန်သည် ဒေါ်ကျင်ရွှေအား ဆေးပေါ့လိပ်မီးဖြင့် ထိုးရန်ရွယ်ကြောင်း ဝန်ခံသွားရသည်။ (ဆရာဝန်၏ ထွက်ဆိုချက်အရ ဦးချစ်စိန်သည် ထိုညက အရက်မူးနေကြောင်း ပေါ်ပေါက်နေသဖြင့် ယင်းသို့ အရက်မူးနေသူ တဦးက ခိုက်ရန်ဖြစ်ပွါးစဉ် မိခင်ဖြစ်သူအား ဆေးလိပ်မီးနှင့်ထိုးရန် ပြုလုပ်ရာ၌ အယူခံတရားလို အနေဖြင့် မိမိ၏ မိခင်အား အမှန်ပင် ဆေးလိပ်မီးနှင့် ထိုးလိမ့်မည်ဟု စိုးရိမ်ဘွယ်ရာအကြောင်း ပေါ်ပေါက်နိုင်ပေသည်။ ဆေးလိပ်မီးနှင့်ထိုးလျှင် အထိုးခံရသူတွင် ဒဏ်ရာအနာတရဖြစ်ရန် အကြောင်းရှိသဖြင့် အယူခံတရားလိုသည် မိခင်၏ကိုယ်ကို ခုခံကာကွယ်ရင်း အန္တရာယ် ပြုလာသူ ဦးချစ်စိန်အား သေစေခြင်းမှအပ၊ အခြားဘေးအန္တရာယ် တခုခုကို ပြုလုပ်ပိုင်ခွင့် ရှိပေသည်)။

၁၉၆၆

စန်းစန်းမြင့် (ခေါ်) မထင်မြင့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထိုခုခံကာကွယ်ပိုင်ခွင့်အရ၊ အယူခံ တရားလိုသည် ဒါးနှင့် ခုတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဒါးနှင့် ခုတ်ခဲ့သော အကြောင်းကြောင့် ဦးချစ်စိန် သေဆုံးရခြင်း မဟုတ်ကြောင်း ဆရာဝန်၏ ထွက်ချက်အရ ပေါ်လွင်နေသည်။ ဦးချစ်စိန် သေဆုံးရခြင်းမှာ ဆေးကုသမှု ချို့ယွင်းမှုကြောင့်သော်၎င်း၊ ဒဏ်ရာကို ဂရုမစိုက်ဘဲ ထားရှိသည့် ဦးချစ်စိန်၏ ပေါ့လျော့မှုကြောင့် သော်၎င်း ဒဏ်ရာအောက်၌ ပြည်တည်ခဲ့ခြင်းကြောင့်သာ ဖြစ်သည်။

ထို့ပြင်၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဦးချစ်စိန်နှင့် အယူခံ တရားလို၏ မိခင်တို့သည် စကားများနေကြစဉ် ဦးချစ်စိန်က ဆေးလိပ်မီးဖြင့် ထိုးရန်လုပ်သည်။ ထိုစဉ်က ဦးချစ်စိန်မှာ အရက်မူးနေသဖြင့် အယူခံတရားလိုသည် မိမိ၏မိခင်အား ဦးချစ်စိန်က အမှန်ပင် ဆေးလိပ်မီးနှင့် ထိုးလိမ့်မည်ဟု စိုးရိမ်မကင်း ဖြစ်ဘွယ်ရာအကြောင်း ရှိနေသောကြောင့် အနီးတွင်တွေ့သည့် မီးဖိုသုံး ဒါးမနှင့် ခုတ်လိုက်ခြင်းဖြစ်သည်၊ (သက်သေ ထွက်ချက်များအရ၊ အယူခံ တရားလိုက ဦးချစ်စိန်အား တချက်သာခုတ်ကြောင်း ထင်ရှားနေသဖြင့် အယူခံတရားလို၏ ပြုမူချက်မှာ ခုခံကာကွယ်ပိုင်ခွင့်ကို အသုံးပြုရာ၌ လိုသည်ထက်ပို၍ အသုံးချခဲ့သည်ဟု ဆိုရန် ခဲယဉ်းလေသည်)။

အထက်ပါ အကြောင်းရပ်များကြောင့် အယူခံ တရားလို၏ ပြုမူချက်မှာ ဆဇသတ် ပုဒ်မ ၁၀၁ အကျုံးဝင်နေသည့်အလျောက် ပြစ်မှု မမြောက်ဟု အဆုံးအဖြတ် ပြုရမည် ဖြစ်သည်။ သို့ပါ၍ အယူခံတရားလို မတင်မြင့် (ခေါ်) မစန်းစန်းမြင့်အား ဤအမှုနှင့် ပတ်သက်၍ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဒေါ်ကြည် (အယူခံတရားလို) †

နှင့်

ဒေါ်ပု ပါ ၇ (အယူခံတရားခံများ)*

† ၁၉၆၆ စက်တင်ဘာလ ၁၅ ရက်။

အမွေစား အမွေခံများဖြစ်သည့် အလျောက် ဖက်စပ် ပိုင်ဆိုင်ကြကြောင်း မြွက်ဟချက် ဒီကရီ တရပ် ချမှတ်ပေးရန် တရားစွဲဆိုမှု —မူလရုံး၌ အမွေစား အမွေခံများအဖြစ် အခင်းဖြစ် မြေကွက်ပေါ်၌ ပိုင်ဆိုင်ခွင့် ရှိသည်ဟု အဆိုပြုခြင်း မရှိခြင်း မူလ ပိုင်ရှင်၏ သားသမီးများမှ တဆင့် ဆင်းသက် ပိုင်ဆိုင်လာကြောင်း ထင်ပြခဲ့ခြင်း —မူလ အဆိုလွှာသည် မူဖြစ်ကြောင်း ခြင်းရာများနှင့် တိတိကျကျ မကိုက်ညီခြင်း —အောက်ရုံး ဒီကရီကို ပယ်ဖျက်ရန်အကြောင်း ရှိ မရှိ —ကာလ စည်းကမ်းသတ် အက်ဥပဒေ၏ နောက်ဆက်တွဲ အပိုဒ် ၁၂ နှင့် အကျုံးဝင် မဝင် —လက်ရှိဖြစ်သော ပစ္စည်းနှင့် ပတ်သက်၍ ခွဲဝေပေးရန် တောင်းဆိုခြင်း မရှိခြင်း ပစ္စည်းအပေါ်၌ ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟ ဖေါ်ပြချက် ဒီကရီ တရပ် ချပေးနိုင်ခွင့် ရှိ မရှိ —သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ —မူလရုံး၏ အဆုံးအဖြတ်ကိုအယူခံရုံးသည် သာမန်အားဖြင့် ဝင်ရောက် စွက်ဖက်လေ့ ရှိ မရှိ —အမိန့် ချမှတ်ပေးသင့် မပေးသင့် ဆိုသောပြဿနာနှင့် ပတ်သက်၍ သဘောကဲ့လွဲကာမျှဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့် မပြုသင့်။

ဆုံးဖြတ်ချက်။ ။မူလရုံး၌ အယူခံ တရားခံတို့က ၎င်းတို့သည် ဦးဘချို့နှင့် မဟာနိတို့၏ အမွေစား အမွေခံများ အဖြစ် အခင်းဖြစ်မြေကွက်ပေါ်၌ ပိုင်ဆိုင်ခွင့် ရှိသည်ဟု အဆိုပြုလာခြင်း မရှိသည်မှာမှန်၏။ သို့ရာတွင် ထိုမြေကွက်သည် မူလက အဖွားဖြစ်သူ ဒေါ်ရဟင်ဘီဘီ ပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ရဟင်ဘီဘီ၏ သားသမီးများမှ တဆင့် ဆင်းသက်ပိုင်ဆိုင်လာကြောင်း တင်ပြခဲ့ခြင်း ဖြစ်သည်။ ထိုတင်ပြချက်ကို အယူခံ တရားလိုအနေနှင့်လည်း နားလည် သဘောပေါက်ကာ အမှုဆိုင်ခဲ့ခြင်းဖြစ်၍၊ အယူခံ တရားခံတို့၏ မူလအဆိုလွှာသည်၊ မှုဖြစ် အကြောင်းခြင်းရာများနှင့် တိတိကျကျ မကိုက်ညီစေကာမူ အယူခံတရားလိုအပေါ်၌ မည်သို့မျှ နစ်နာစေမှု မရှိခဲ့သည့် အလျောက် ထို အကြောင်းကြောင့် အောက်ရုံး ဒီကရီကို ပယ်ဖျက်ရန် အကြောင်း မရှိပေ။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၄၆။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉ တွင်၊ ရန်ကုန်မြို့၊ တရားမရုံး၊ တွဲဘက်တရားသူကြီး ချုပ် ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆

ဒေါ်ကြည်နှင့် ဒေါ်ပု ပါ ၇။

ထပ်မံဆုံးဖြတ်ချက်။ ။အခင်းဖြစ် မြေကွက်ပေါ်၌ အမွေဆိုင်များ အနက် အယူခံ တရားခံ တဦးနှင့် အယူခံ တရားလိုတို့၏ ခင်ပွန်းဖြစ်သူသည် မသေမီက လက်ရှိနေထိုင်ခဲ့သည်။ ၎င်းတို့ လက်ရှိ နေထိုင်ခြင်းမှ အမွေဆိုင်အားလုံးအတွက် နေထိုင်ခြင်း ဖြစ်သည်ဟု ယူဆရမည်။ သို့ဖြစ်၍ ကာလ စည်းကမ်းသတ် အက်ဥပဒေ၏ နောက်ဆက်တွဲ အပိုဒ် ၁၂ဝ နှင့်သာ အားကျုံးဝင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။လက်ရှိ ဖြစ်သော ပစ္စည်းနှင့် ပတ်သက်၍ ခွဲဝေပေးရန် တောင်းဆိုခြင်း မပြုစေကာမူ၊ ထိုပစ္စည်းပေါ်၌ ပိုင်ဆိုင်ခွင့် ရှိကြောင်း မြက်ဖော်ချက် ဒီကရီ တရပ် ချပေးနိုင်ခွင့်ရှိပေသည်။

တမ်ဂွမ်လိုင်း နှင့် **မသန်းရင်၊** ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၁၁ (တရားလွှတ်တော်) ခြားနားပြသည်။

အေ၊ အယ်၊ အမ်၊ ချစ်တီးယားဖမ်း နှင့် **မဆင့်၊** ၁၉၄၈၊ မြန်မာပြည် စီရင်ထုံး၊ ၄၀၂၊ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ မြွက်ဟချက်ဒီကရီ တရပ် ချမှတ်ပေးသင့် မမေးသင့် ဆိုသောပြဿနာမှာ မူလရုံး၏ကိုယ်ပိုင် ချင့်ချိန် ဝေဖန်ခွင့် အာဏာအတွင်း ကျရောက်သဖြင့်၊ မူလရုံး၏ အဆုံးအဖြတ်ကို အယူခံရုံးသည်သာမန် အားဖြင့် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ မူလရုံးအနေဖြင့် အကြောင်းခြင်းရာများအပြင်၊ တရားဥပဒေ အချက်အလက်များကို သေချာစွာ ဆန်းစစ်ပြီးမှသာ မြွက်ဟချက် ဒီကရီ ချမှတ်ပေးခဲ့သည့် ကိစ္စမျိုးတွင်၊ အယူခံရုံးသည် ထိုကဲ့သို့ အမိန့်ချမှတ်ပေးသင့် မပေးသင့် ဆိုသော ပြဿနာနှင့် ပတ်သက်၍ သဘောကွဲလွဲကာမျှဖြင့်၊ အောက်ရုံး၏ အဆုံးအဖြတ်ကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ပေ။

ကျိုင်ပါကွန်ဝါ (လ်) နှင့် **အင်ဒါဘာဘာဒူး၊** ၁၈တွဲ ၂၆၊ ၁လာဟာဘတ် ၂၃၈ (ပရီဗီကောင်စီ) **စီတယ်ရောက်** နှင့် **အဒါလတ်ရောက်၊** ၁၈၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၅၊ ပတ္တနား၊ ၂၅၆ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဖသာထော်။

အယူခံတရားခံအတွက်။ ။ဦးသိန်းရွှန်။

တရားသူကြီး ဦးသက်ဖေ။ ။ကွယ်လွန်သူ ဦးမေဒင်နှင့် ဒေါ်ရဟင်ဘီဘီတို့သည် မြန်မာမူဆလင် ဇနီးမောင်နှံဖြစ်ကြသည်။ ဦးမေဒင်သည် ၁၉၁၅ ခုနှစ်တွင် ကွယ်လွန်ပြီး၊ ဒေါ်ရဟင်ဘီဘီသည် ၁၉၃၃ ခုနှစ်၌ အနိစ္စရောက်သည်။ ဒေါ်ရဟင်ဘီဘီသေဆုံးသောအခါ၌၊ ဦးဘချိုနှင့် ဦးဆူလေမန် ဆိုသော သား ၂ ယောက်နှင့် မပတာနီ အမည်ရှိသော သမီးတယောက် ကျန်ရစ်ခဲ့သည်။ ဦးဘချိုသည် ဤအမှုကို အောက်ရုံး၌ တရားမစွဲမီ၊ ၁၂ နှစ်ကျော်လောက်က အနိစ္စရောက်ပြီး၊ မဇာဘဒါနှင့် မဘုံမြိုင်ဆိုသည့် သမီး ၂ ယောက် ကျန်ရစ်ခဲ့သည်။ ဦးဆူလေမန်သည် ဂျပန်ခေတ်က သေဆုံးပြီး၊ အမွေစား အမွေခံ ကျန်ရစ်ခဲ့ဟန် မတူပေ။ မပတာနီ ကွယ်လွန်သော အခါတွင် သားသမီး ဂ ယောက် ကျန်ရစ်ခဲ့၏။ ၎င်းတို့မှာ အယူခံတရားခံများနှင့်

အယူခံဘရားလို၏ ခင်ပွန်းဖြစ်သူ မာမက်အစ္စမေးတို့ပင်ဖြစ်သည်။ မာမက်အစ္စမေးသည် ၁၉၆၀ ခုနှစ်၊ ဇွန်လတွင် သေဆုံးသွားသည်။

ရန်ကုန်မြို့၊ သိမ်ဖြူတိုက်နယ် ရပ်ကွက်အမှတ် ၁၁ (စ)၊ မြေကွက်အမှတ် ဘီ ၄၄ မှာ၊ ပြည်သူ့အိုးအိမ်အဖွဲ့ပိုင် အင်္ဂါမရုံမြေဖြစ်သည်။ ထိုမြေ၏ မြေငှါး ဂရုစာချုပ်ကို ၁၉၂၃ ခုနှစ်တွင်၊ ဒေါ်ရဟင်ဘီဘီ၏ နာမည်ဖြင့် ထုတ်ပေးခဲ့သည်။ ထိုမြေပေါ်၌ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက၊ အိမ်တဆောင်ရှိခဲ့ရာ၊ ထိုအိမ်တွင် ဦးဘချို၊ ဦးဆူလေမန်နှင့် မပဘာနီတို့နေထိုင်ဘူးသည်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ထိုအိမ်မှာ မီးလောင်ပျက်စီးသွားသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နောက်ပိုင်းတွင်၊ အမှတ် ၄ အယူခံတရားခံ ဘချားနှင့် ကွယ်လွန်သူ မာမက်အစ္စမေးတို့သည်၊ ထိုမြေပေါ်၌ တဲငယ်တလုံးကို ဆောက်ကြသည်။ ထိုနောက် မာမက်အစ္စမေးသည် အိမ်ငှါးနေလိုသူများထံမှ စပေါ်ငွေယူ၍၊ တဲအိမ်တခြမ်းကို ပျဉ်ခင်းပျဉ်ကာ သွပ်မိုးဖြင့် အခိုင်အမာပြုလုပ်ပြီး၊ အိမ်ငှါးများအား အငှါးချထားခဲ့သည်။ ကျန်တဲ့ တခြမ်းတွင် အခန်း ၃ ခန်းရှိရာ၊ တခန်းတွင် အစ္စမေးနှင့် ၎င်း၏ဇနီး အယူခံတရားလိုတို့ နေကြသည်။ အလယ်ခန်းတွင် အမှတ် ၇၊ အယူခံတရားခံ ဒေါ်အမာဂျန်နေသည်။ ကျန်တခန်းဘွင် အိမ်ငှါးတဦးနေသည်။

မာမက်အစ္စမေး သေဆုံးပြီးနောက်၊ အယူခံဘရားလိုက အခင်းဖြစ် မြေရုံကို ၎င်း၏နာမည်ဖြင့် ပြောင်းပေးရန် လျှောက်ထားရာ၊ အယူခံတရားလိုက ကန့်ကွက်သော်လည်း၊ ပြည်သူ့အိုးအိမ်အဖွဲ့မှ ခွင့်ပြုလိုက်လေသည်။ ထိုကဲ့သို့ ခွင့်ပြုလိုက်သည့် အကြောင်းမှာ၊ ကွယ်လွန်သူ ဦးဘချိုက အခင်းဖြစ်မြေကို အယူခံတရားလို၏ ဧင်ပွန်း မာမက်အစ္စမေးအား ရောင်းချခဲ့ခြင်းကြောင့် ဖြစ်လေသည်။ ထိုအခါ အယူခံ တရားခံဘို့အပြင်၊ ကွယ်လွန်သူ ဦးဘချို၏ သမီးများဖြစ်ကြသည့် မဇဘေဒါနှင့် မအုံးမြို့ငှ တို့က အခင်းဖြစ်မြေကွက်သည်၊ ကွယ်လွန်သူ ဒေါ်ရဟင်ဘီဘီ၏ ပစ္စည်းဖြစ်၍၊ မိမိတို့နှင့် အယူခံတရားလိုသည် ဒေါ်ရဟင်ဘီဘီ၏ အမွေစား အမွေခံများဖြစ်သည့်အလျောက် ဖက်စပ် ပိုင်ဆိုင်ကြကြောင်း မြွက်ဟချက် ဒီကရီတရပ် ချမှတ်ပေးရန် တရားစွဲဆိုကြလေသည်။

အယူခံ တရားလိုက၊ အယူခံတရားခံအပြင်၊ မဇဘေဒါနှင့် မအုံးမြို့ငှတို့သည် မဟာမေဒင် ဥပဒေအရ၊ ကွယ်လွန်သူ ဒေါ်ရဟင်ဘီဘီ၏ အမွေစား အမွေခံများ မဟုတ်ကြကြောင်း၊ ဒေါ်ရဟင်ဘီဘီသည် ၁၉၃၃ ခုနှစ်ကပင် ကွယ်လွန်ခဲ့သဖြင့်၊ ၎င်းတို့အမှုမှာ ကာလစည်းကမ်းသတ် ဥပဒေအရ ပိတ်ပင်လျက်ရှိကြောင်း၊ အကျိုးသက်ရောက်သည့် သက်သာခွင့်များဖြစ်သည့် လက်ရောက်ရလိုမှု၊ ပစ္စည်းခွဲငေလိုမှုနှင့် ဦးဘချိုက မာမက်အစ္စမေးအား မြေကိုရောင်းချခဲ့ခြင်းကို ဖျက်သိမ်းစေလိုမှု စသည်

တို့ကို ထည့်သွင်းတရားစွဲဆိုခြင်း မပြုသဖြင့်၊ သာမန်မြွက်ဟချက် ဒီကရီတရပ်ချမှတ်ပေးရန် တရားမစွဲဆိုနိုင်ကြောင်း ထုချေလာ၏။

အောက်ရုံးပညာပို့ တရားသူကြီးက၊ ကွယ်လွန်သူ ဦးဘချိုသည် ၎င်း၏ပိုင်ဆိုင်ခင့်ကို၊ မာမက်အစ္စမေးအား ရောင်းချပြီးဖြစ်၍၊ မဇဘေဒါနှင့် မအုံးမြိုင်တို့သည်၊ အခင်းဖြစ်မြေကွက်တွင် ပိုင်ဆိုင်ခွင့် မရှိတော့ကြောင်း၊ စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ် အချိန်အတွင်း ကျရောက်ကြောင်း၊ သာမန်မြွက်ဟချက် ဒီကရီချမှတ်ပေးရန် တရားစွဲဆိုနိုင်ကြောင်း၊ အဆုံးအဖြတ်ပေးခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို အယူခံဘရားလိုက မကျေနပ်သည့်အလျောက်၊ ဤအယူခံမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။ မဇဘေဒါနှင့် မအုံးမြိုင်တို့ကမူ၊ ၎င်းတို့အပေါ် ချမှတ်ခဲ့သည့် ဧကောက်ရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ကြခြင်းမရှိပေ။

အခင်းဖြစ်မြေ၏ မူလပိုင်ရှင်ဖြစ်သူ ဒေါ်ရဟင်ဘီဘီ သေဆုံးသော အချိန်တွင်၊ သားဦးဘချိုနှင့် ဦးဆူလမန်အပြင်၊ သမီး မဟာနီတို့ ကျန်ရစ်ခဲ့သဖြင့်၊ ဒေါ်ရဟင်ဘီဘီ၏ အမွေစား အမွေခံများမှာ ၎င်း၏သားသမီးများသာဖြစ်၍၊ အယူခံတရားခံတို့သည်၊ ဒေါ်ရဟင်ဘီဘီ၏ အမွေစား အမွေခံများ မဟုတ်ဟုဆိုခြင်းမှာမှန်၏။ သို့ရာတွင် ဦးဘချို၊ ဦးဆူလမန်နှင့် မဟာနီတို့သည်၊ မိခင် ဒေါ်ရဟင်ဘီဘီထံမှ အမွေရခဲ့သည့် အဆိုပါ မြေကွက်ကို အချိုးကျခွဲဝေခြင်းမပြုဘဲ၊ သေဆုံးကုန်ကြသဖြင့်၊ ၎င်းတို့၏ သားသမီးများသည် ၎င်းတို့၏ အမွေစား အမွေခံများအဖြစ် ထိုမြေကွက်အား ပိုင်ဆိုင်လာသည်ဟု ဆိုရမည်ဖြစ်ပေသည်။ မူလရုံး၌ အယူခံတရားခံတို့က ၎င်းတို့သည် ဦးဘချိုနှင့် မဟာနီတို့၏ အမွေစား အမွေခံများအဖြစ် အခင်းဖြစ်မြေကွက်ပေါ်၌ ပိုင်ဆိုင်ခွင့်ရှိသည်ဟု အဆိုပြုလာခြင်း မရှိသည်မှာလည်းမှန်၏။ သို့ရာတွင် ထိုမြေကွက်သည် မူလက အဖွါးဖြစ်သူ ဒေါ်ရဟင်ဘီဘီ ပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ရဟင်ဘီဘီ၏ သားသမီးများမှတဆင့်ဆင်းသက်ပိုင်ဆိုင်လာကြောင်းတင်ပြခဲ့ခြင်းဖြစ်သည်။ ထိုတင်ပြချက်ကို အယူခံတရားလိုအနေနှင့်လည်း နားလည် သဘောပေါက်ကာ အမှုဆိုင်ခဲ့ခြင်းဖြစ်၍၊ အယူခံတရားခံတို့၏ မူလအဆိုလွှာသည် မှန်ဖြစ်အကြောင်းခြင်းရာများနှင့် တိတိကျကျ မကိုက်ညီစေကာမူ၊ အယူခံတရားလိုအပေါ် ၌ မည်သို့မျှ နစ်နာစေမှု မရှိခဲ့သည့်အလျောက်၊ ထိုအကြောင်းကြောင့် အောက်ရုံးဒီကရီကို ပယ်ဖျက်ရန်အကြောင်းမရှိပေ။

ကာလစည်းကမ်းသတ် ဥပဒေနှင့် ပတ်သက်၍၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက အယူခံတရားခံတို့သည် အခင်းဖြစ်မြေကွက်ကို လက်ရှိပိုင်ဆိုင်ခြင်း မရှိကြသဖြင့်၊ ပဌမဇယား၏ အပိုဒ် ၁၄၄ အရ၊ ဒေါ်ရဟင်ဘီဘီ သေဆုံးသည့် အချိန်မှ ၁၂ နှစ်အတွင်း တရားစွဲဆိုကြရမည်ဖြစ်ရာ၊ ယခုအမှုကို နှစ်ပေါင်း ၃၀ ကျော်ကြာမှ

စွဲဆိုခဲ့ခြင်းဖြစ်၍၊ စည်းကမ်းသတ်အချိန်ကျော်လွန်နေပြီဖြစ်ကြောင်း တင်ပြလာ၏။ ယခုအမှုတွင် အခင်းဖြစ်မြေကွက်ပေါ်၌ အမွေဆိုင်များအနက်၊ အမှတ် ၇၊ အယူခံတရားခံ ဒေါ်အမာဂျန်သည်လက်ရှိနေထိုင်လျက်ရှိသည်။ အယူခံတရားလို၏ ခင်ပွန်းဖြစ်ပြီး၊ အမွေဆိုင်တဦးဖြစ်သူ မာမက်အစ္စမေးသည်မသေမီက၊ ထိုမြေပေါ်၌ လက်ရှိနေထိုင်ခဲ့သည်။ ၎င်းတို့လက်ရှိနေထိုင်ခဲ့ခြင်းမှာ အမွေဆိုင်အားလုံးအတွက်၊ နေထိုင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရပေမည်။ ကွယ်လွန်သူ မာမက်အစ္စမေးသည် အခြားအမွေဆိုင်များအား လက်လွတ်စေခဲ့ကာ ဆန့်ကျင်လျက်နေထိုင်ခဲ့သည်ဆိုသော လုံလောက်သည့် သက်သေအထောက်အထား မရှိချေ။ ထို့ပြင် အယူခံတရားခံ ဒေါ်အမာဂျန်ကလည်း၊ အခင်းဖြစ်မြေကွက်ပေါ်၌ အမွေဆိုင်တဦးအဖြစ် လက်ရှိနေထိုင်လျက်ရှိကြောင်း အတိအလင်း ထွက်ဆိုထားသဖြင့်၊ ယခုအမှုသည် ကာလစည်းကမ်းသတ်ဥပဒေ၏နောက်ဆက်တွဲအပိုဒ် ၁၄၄ နှင့် အကျုံးမဝင်ဘဲ၊ အပိုဒ် ၁၂၀ နှင့်သာ အကျုံးဝင်သည်ဆိုသော၊ အောက်ရုံး၏ဆုံးဖြတ်ချက်မှာ မှန်ကန်သည်။ ထိုအပိုဒ်အရဆိုလျှင်၊ အယူခံတရားလိုက အယူခံတရားခံတို့၏ပိုင်ဆိုင်ခွင့်ကို ပြည်သူ့အိုးအိမ်အဖွဲ့၌ ငြင်းဆိုသည့် ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလအတွင်းမှစ၍၊ ရေတွက်ရမည်ဖြစ်ရာ၊ ကာလစည်းကမ်းသတ်အချိန်အတွင်း ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

တဖန် အယူခံတရားလို၏ ပညာရှိ ရှေနေကြီးက၊ အယူခံ တရားခံတို့သည်၊ အကျိုးသက်ရောက်သည့် သက်သာခွင့်များဖြစ်ကြသည့် လက်ရောက်ရလိုကြောင်း၊ သို့မဟုတ် ပစ္စည်းခွဲဝေပေးလိုကြောင်း စသည်တို့ကို ထည့်သွင်းတရားစွဲဆိုခြင်းမပြုသဖြင့်၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ ဒီကရီချမှတ်ပေးခြင်းမပြုနိုင်ကြောင်း တင်ပြလာပြန်သည်။ ထိုတင်ပြချက်နှင့်ပတ်သက်၍၊ **တမ်ဂွမ်လိုင်းနှင့် မသန်းရင်**(၁) တို့အမှုကို ကိုးကားသွား၏။ ထိုအမှုဌ မြန်မာပုဒ္ဓဘာသာ ဥပဒေအရ ဩဇာသာ သားကြီးအနေဖြင့် အမွေပစ္စည်း၏ လေးပုံတပုံကို ပိုင်ဆိုင်ခွင့်ရှိကြောင်း တရားစွဲဆိုရာ၊ ပစ္စည်းခွဲဝေပေးရန်ကိုပါ ထည့်သွင်းစွဲဆိုခြင်းမပြု၍အမှုပလပ်ခြင်းခံရခြင်းဖြစ်သည်။ ဩဇာသာ သားကြီးဖြစ်သူ တမ်ဂွမ်လိုင်းသည် အမွေပစ္စည်းများကို လက်ရှိမဟုတ်၍၊ ယခုကဲ့သို့ ပလပ်ခြင်းခံရဟန် လက္ခဏာရှိသည်။ ယခုအမှုတွင်မူ အယူခံတရားခံ ဒေါ်အမာဂျန်သည် ကိုယ်တိုင်လက်ရှိဖြစ်ပြီး၊ ကျန်အယူခံတရားခံတို့သည်၊ အမွေစား အမွေခံများအဖြစ် မြေကွက်အား လက်ရှိဖြစ်နေကြ၍၊ အဆိုပါအမှုနှင့် မထူဘဲ ကွဲပြားခြားနားသည်။ လက်ရှိဖြစ်သော ပစ္စည်းနှင့် ပတ်သက်၍ ခွဲဝေပေးရန် တောင်းဆိုခြင်းမပြုစေကာမူ၊ ထိုပစ္စည်းပေါ်၌ ပိုင်ဆိုင်ခွင့်ရှိကြောင်းမြွက်ဟဖော်ချက်

(၁) ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး ၂၁၁ (တရားလွှတ်တော်)။

၁၉၆၆

ဒေါ်ကြည်နှင့် ဒေါ်ပု ပါ ၇။

ဒီကရီတရပ် ချပေးနိုင်ခွင့် ရှိပေသည်။ **အေ၊ အယ်၊ အမ်၊ ချစ်တီးယားဖမ်းနှင့် မဆင့်** (၂)။

သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ မြွက်ဟချက် ဒီကရီတရပ် ချမှတ်ပေးသင့် မပေးသင့်ဆိုသော ပြဿနာမှာ၊ မူလရုံး၏ ကိုယ်ပိုင်ချင့်ချိန်ဝေဖန်ခွင့် အာဏာအတွင်းကျရောက်သဖြင့်၊ မူလရုံး၏ အဆုံးအဖြတ်ကို၊ အယူခံရုံးသည် သာမန်အားဖြင့် ဝင်ရောက်ဖက်စွက်လေ့ မရှိပေ။ ယင်းကိစ္စကို ဆုံးဖြတ်ရာ၌၊ မူလရုံးသည် တရားဥပဒေ၊ ထုံးတမ်းစဉ်လာများကို ကျင့်သုံးလိုက်နာခြင်းမပြု၊ ထင်ရာစိုင်းသည့် သဘောနှင့် ပြုမူခဲ့မှသာ၊ အယူခံရုံးအနေနှင့် စွက်ဖက်ပြင်ဆင်ရန်လိုမည်ဖြစ်သည်။ မူလရုံးအနေဖြင့် အကြောင်းခြင်းရာများအပြင်၊ တရားဥပဒေ အချက်အလက်များကို သေချာစွာ ဆန်းစစ်ပြီးမှသာ မြွက်ဟချက်ဒီကရီချမှတ်ပေးခဲ့သည့်ကိစ္စမျိုးတွင်၊ အယူခံရုံးသည်၊ ထိုကဲ့သို့ အမိန့်ချမှတ်ပေးသင့် မပေးသင့်ဆိုသော ပြဿနာနှင့် ပတ်သက်၍ သဘောကွဲလွဲကာမျှဖြင့်၊ အောက်ရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ပေ။ **ကျိုင်ပါ(လ်)ကွန်ဝါ** နှင့် **အင်ဒါဘာဒူးဆင်း** (၃)၊ **စီတယ်ရောက်** နှင့် **အဒါလတ်ရောက်** (၄)။

ယခုအမှုတွင်၊အောက်ရုံးပညာရှိ တရားသူကြီးသည် မှုဖြစ်ကြောင်းခြင်းရာများနှင့် ဥပဒေ အချက်အလက်များကို သေချာစွာ ဝေဖန်သုံးသပ်ပြီးမှမြွက်ဟချက်ဒီကရီကို ချမှတ်ခဲ့ခြင်းဖြစ်၍၊ ၎င်း၏ဆုံးဖြတ်ချက်ကို ကျန့်ပ်အနေနှင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ဟု ယူဆသည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ အောက်ရုံးဒီကရီကို **အတည်ပြုပြီး**၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၇၅ ကျပ် သတ်မှတ်သည်။

---

(၂) ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၄၀၂။

(၃) အတွဲ ၂၆၊ အလာဟာဘတ် ၂၃၈၊ (ပရီဗီကောင်စီ)။

(၄) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၅၊ ငတ္တနား ၂၅၆။

F.

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတင်

ဒေါ်ငွေသီး ပါ ၁၁ (အယူခံတရားလိုများ)

နှင့်

ဦးဖေသင် ပါ ၅(အယူခံတရားခံများ)*

† ၁၉၆၆ စက်တင်ဘာလ ၀ ရက်။

အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပြီး စာရင်းရှင်းပေးရန် တရားစွဲဆိုမှု—အစုဥစ္စေနှင့် ပတ်သက်သည့် ဖေါ်ပြချက်မှာ မဟုတ်မမှန်ကြောင်း ပြင်ဆင်ရန်တင်ပြခြင်း—သဘောတူ ချုပ်ဆို ထားကြသည့် စာချုပ်စာတမ်း ဖြစ်ခြင်း—သက်သေခံအက်ဥပဒေ ၉၂ နှင့် အကျုံးဝင်မဝင်—အစုစပ်စာချုပ်ပါအစုဥစ္စေနှင့် ပတ်သက်၍သဘောတူညီချက်အရပြုလုပ်ဆောင်ရွက်ပြီးမှ အတည်ဖြစ်မည်ဟု စည်းကမ်းချက်ရှိခြင်း—သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ ခြွင်းချက် ၃ က သက်သေပြခွင့်ပြုထား မထား—အစုစပ်လုပ်ကိုင်ခြင်း အက်ဥပဒေပုဒ်မ ၁၁—အစုရှင်တို့သည် အစုစပ်လုပ်ငန်းတွင် အခွင့်အရေးနှင့် တာဝန်များကို အချိန်မရွေး ပြင်ဆင်ပြောင်းလဲနိုင်ခြင်း—ဥပဒေက အတိအလင်း ခွင့်ပြုထားသည့် ကိစ္စတရပ်ကို သက်သေခံအက်ဥပဒေပုဒ်မ ၉၂ က ပိတ်ပင်တားမြစ်ထား မထား—တရားစရိတ်။

ဆုံးဖြတ်ချက်။ ။အစုစပ်စာချုပ်ပါ အစုဥစ္စေနှင့် ပတ်သက်သည့် ဖေါ်ပြချက်မှာ မဟုတ်မမှန်ကြောင်း ပြင်ဆင်ရန် တင်ပြသည့်သက်သေအထောက်အထားများမှာ နှုတ်ပဋိညာဉ် မဟုတ်ချေ။ ဦးရိုစင် နှင့် ဦးဖေသင်တို့ နှစ်ဦးသဘောတူ ချုပ်ဆိုထားကြသည့် သီးသန့်စာချုပ်စာတမ်းတခု ဖြစ်နေသည့်အလျောက်၊ သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ နှင့် အကျုံးဝင်သည်ဟုမဆိုနိုင်ချေ။

ဦးရိုစင် နှင့် ဦးဖေသင်တို့ နောက်ထပ်ချုပ်ဆိုသည့် စာချုပ်တွင် နှစ်ဦး နှစ်ဖက် သဘောတူညီခဲ့သည့်အလျောက် အစုစပ်စာချုပ်ပါ အစုဥစ္စေနှင့် ပတ်သက်၍ ထိုသဘောတူညီချက်ကို ပြုလုပ်ဆောင်ရွက်ပြီးမှသာ အတည်ဖြစ်ရမည်ဟု စည်းကမ်းချက် ထားရှိကြောင်း ပြသနိုင်ခွင့်ရှိသည်ဟု ယူဆရမည်ဖြစ်သည်။ ထိုကဲ့သို့ပြသခြင်းကို သက်သေခံအက်ဥပဒေပုဒ်မ ၉၂ ၏ခြွင်းချက် ၃ က ခွင့်ပြုထားပေသည်။

မောင်မွန် နှင့် မခင်အို၊ အတွဲ ၅၊ ရန်ကုန်စီရင်ထုံး ၆၃၆။ အေဒီ နှင့် မြန်မာပြည် အမေထိန်းဝန်၊ ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၄၁၇ ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၃၁။

† ၁၉၅၅ ခုနှစ်၊ တရားမကြေးမှုအမှတ် ၆ တွင် မော်လမြိုင်မြို့၊ ရုံးထိုင်ကျိုက္ခမီမြို့ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၆

ဧေါ်ငွေသီး ပါ ၁၁ နှင့် ဦးဖေသင် ပါ ၅။

ထပ်မံဆုံးဖြတ်ချက်။ ။အစုစပ်လုပ်ကိုင်ခြင်း အက်ဥပဒေပုဒ်မ ၁၁ အရ အစုရှင်တို့သည် အစုရှင်အား လုံး သဘောတူကြလျှင် အစု လုပ်ငန်းတွင် မိမိတို့၏အခွင့်အရေးနှင့် တာဝန်များ မည်သို့မည်ပုံရှိသည်ဟု စာချုပ်စာတမ်းများဖြင့်သော်၎င်း၊ **အစုရှင်များ** သဘောတူ လက်ခံကြောင်း အဓိပ္ပါယ်သက်ရောက်သည့် ပြုမူချက်အရသော်၎င်း၊ **အချိန်မရွေး** ပြင်ဆင်ပြောင်းလဲနိုင်ကြသည်။ သို့ပြင်ဆင်ပြောင်းလဲနိုင်ကြောင်း ဥပဒေက အတိအလင်း ခွင့်ပြုထားသည့် ကိစ္စတရပ်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ ကပိတ်ပင်တားမြစ်သည်ဟု ကောက်ယူခြင်းမပြုနိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။အစုစပ်လုပ်ငန်း ဖျက်သိမ်းသော အမှုများတွင် သာမန်အားဖြင့် တရားလို၏ တရားစရိတ်ကို အစုစပ်လုပ်ငန်းပိုင်ဥစ္စာမရှိလျှင် အစုရှင်များက အချိုးကျ ခံစေရမည်ဖြစ်သည်။

ရမ်ရှာဟား နှင့် မနီဘနီကျား၊ အတွဲ ၇၊ ကာလကတ္တား ၄၂၀။

ဟီရာလာ နှင့် ဂျဂန်မာ၊ အေ၊အိုင်၊အာ(ရှ်)၊ ၁၉၅၀၊ အမ်ဘီ ၅၆ ရည်ညွှန်းသည်။

တရားခံကစာရင်းရှင်းပေးရန် ငြင်းဆိုနေခြင်း၊ သို့တည်းမဟုတ် အစုစပ်ဖျက်သိမ်းရန်စွဲဆိုသော အမှုကို အကြောင်းမဲ့ ခုခံနေခြင်း စသည့် အကြောင်းတရပ်ရပ်ရှိမှသာ တရားလို၏ တရားစရိတ်ကို အစုစပ်လုပ်ငန်းပိုင်ဥစ္စာမှ မကျခံစေဘဲ၊ တရားခံအား ပေးဆောင်ရန် အမိန့်ချမှတ်သင့်ပေသည်။

ဆွာမိနာသာ နှင့် နာဂါလင်ဂန်း၊ အေ၊အိုင်၊အာ(ရှ်)၊ ၁၉၅၂ ခု၊ မဒရပ်၊ ၇၆၉ ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။မစ္စတာ အက်(စ်)၊ အမ်၊ အေ၊ ပီလေး။

အယူခံတရားခံများအတွက်။ ။ဦးမွန်စံလှိုင်။

တရားသူကြီး ဦးသက်ဖေ။ ။လွန်ခဲ့သည့် ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင်မော်လမြိုင်မြို့၌ ကွယ်လွန်သူ ဦးရီစင်၊ အယူခံတရားခံ ဦးဖေသင်၊ မညော်ညာ နှင့် မအင်ကြည်တို့ လေးဦးသည်၊ **ဆံစက်**နှင့် သစ်စက်လုပ်ငန်းများ လုပ်ကိုင်ရန် "ဇမ္ဗူလ္ပကုမ္ပဏီ" အမည်ဖြင့် အစုစပ်စာချုပ် ချုပ်ဆိုကာအစုစပ်လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့၏။ ထိုအစုစပ်စာချုပ်တွင် ဦးရီစင်က အစုစပ်ငွေ ၄၀,၀၀၀ ကျပ်၊ ဦးဖေသင်က ၄၅,၀၀၀ ကျပ်၊ မညော်ညာက ၁၅,၀၀၀ ကျပ်၊မအင်ကြည်က ၂၅,၀၀၀ ကျပ်ထည့်သွင်းကြကြောင်း ဖေါ်ပြထားသည်။

ဦးရီစင်သည် ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်သေဆုံးသွားသဖြင့် ဦးရီစင်၏ အမွေစား အမွေခံများ ဖြစ်ကြသည့် အယူခံတရားလိုတို့က အယူခံတရားခံ ဦးဖေသင်၊ မညော်ညာ၊ မအင်ကြည်တို့အပေါ် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပြီး စာရင်းရှင်းပေးရန် တရားစွဲဆိုသည်။ အယူခံတရားခံတို့၏ ထုချေချက်များအနက် တခုသော ထုချေချက်မှာ ဦးရီစင်၏ အစုငွေကို အစုစပ်စာချုပ်၌ ၄၀,၀၀၀ ကျပ် ဖြစ်သည်ဟု ဖေါ်ပြခဲ့သော်လည်းငင်း၏အမှန်အစုငွေမှာ ၂၅,၀၀၀ ကျပ် သာဖြစ်ပြီး၊ ဦးဖေသင်၏ အစုငွေ

ဖော်ငွေဆီး
ပါ ၁၁
နှင့်
ဦးဖေသင်
ပါ ၅။

သည် အစုစပ် စာချုပ်၌ ၄၅,၀၀၀ ကျပ်ဟု ဖော်ပြထားလင့်ကစား၊ အမှန်မှာ ၆၀,၀၀၀ ကျပ် ဖြစ်သည်ဆိုခြင်းပင်ဖြစ်သည်။

ထိုထုချေချက်နှင့် ပတ်သက်၍ အယူခံ တရားခံတို့က သက်သေခံအမှတ် ၄ စာချုပ်ကို တင်ပြခဲ့၏။ ထိုစာချုပ်ကို အစုစပ်စာချုပ် ချုပ်ဆိုသည့် နေ့၌ပင် ဦးရီစင်နှင့် အယူခံတရားခံ ဦးဖေသင်တို့ ချုပ်ဆိုခဲ့ကြသည်။ အစုစပ်စာချုပ်တွင် ပါသည့်အတိုင်း အစုစပ်ငွေ ၄၀,၀၀၀ ကျပ် ထည့်ဝင်ရန် ဦးရီစင်၌ ငွေမရှိသဖြင့် ဦးဖေသင်ကငွေ ၁၅,၀၀၀ ကျပ် ကို စိုက်၍ထည့်ပေးထားသည်။ ထိုငွေကို ၁၉၅၄ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပြန်မဆပ်က၊ ဦးရီစင်၏ အစုစပ်ငွေမှာ ၂၅,၀၀၀ ကျပ် သာဖြစ်ပြီး၊ ဦးဖေသင်၏ အစုစပ်ငွေသည် ၆၀,၀၀၀ ကျပ် ဖြစ်သည်ဟု ကောက်ယူကြရန် နှစ်ဦးသဘောတူကြသည့်အတိုင်းသက်သေခံအမှတ် ၄ စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အယူခံ တရားခံတို့က ဦးရီစင်သည် နှစ်ဦးသဘောတူထားသည့် နေ့ရက်တွင် ငွေ ၁၅,၀၀၀ ကျပ်ကို ပြန်မဆပ်နိုင်သဖြင့် အစုစပ်လုပ်ငန်းစာရင်းစာအုပ်၌ ဦးရီစင်၏ အစုစပ်ငွေကို ၂၅,၀၀၀ ကျပ်သို့ လျော့ချပြီး ဦးဖေသင်၏အစုစပ်ငွေကို ၆၀,၀၀၀ ကျပ်သို့ တိုးမြှင့်ခဲ့ကြောင်း ထင်ရှားအောင်သက်သေထူခဲ့သည်။အယူခံတရားလိုတို့က ထိုကိစ္စနှင့် ပတ်သက်၍၊ သက်သေအထောက်အထားလုံး၀ မတင်ပြခဲ့ကြပေ။ ထို့ကြောင့် အောက်ရုံးပညာရှိ တရားသူကြီးက ဦးရီစင်၏ အစုစပ်ငွေမှာ ၂၅,၀၀၀ ကျပ် ဖြစ်ပြီး၊ဦးဖေသင်၏အစုစပ်ငွေမှာ ၆၀,၀၀၀ ကျပ်ဖြစ်ကြောင်း၊ အစုစပ်လုပ်ငန်းမှာဦးရီစင် သေဆုံးသည့် ၁၉၅၅ ခုနှစ်၊ဇူလိုင်လ ၅ ရက်နေ့မှစ၍ ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊အယူခံတရားလိုတို့ကုန်ကျသည့် တရားစရိတ်ကို အယူခံတရားခံတို့က ကျခံရမည်ဖြစ်ကြောင်း အဆုံးအဖြတ်ပြုကာ ပဏာမဒီကရီ ချမှတ်လိုက်သည်။

ထိုပဏာမဒီကရီနှင့် ပတ်သက်၍ ဦးရီစင်၏ အစုစပ်ငွေမှာ ၂၅,၀၀၀ ကျပ်ဖြစ်ပြီး၊ ဦးဖေသင်၏ အစုစပ်ငွေမှာ ၆၀,၀၀၀ ကျပ် ဖြစ်သည်ဆိုသောအဆုံးအဖြတ်ကို အယူခံတရားလိုတို့က ပြင်ဆင်ပေးရန် ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။ အယူခံတရားခံတို့ကလည်း အယူခံတရားလိုတို့၏ တရားစရိတ်ကိုကျခံရမည်ဆိုသော အောက်ရုံး၏ အမိန့်ကို မကျေနပ်သဖြင့် အပြန်အလှန် အယူခံဝင်လာ၏။

အယူခံတရားလိုတို့၏ ပညာရှိ ရှေနေကြီးက ဦးရီစင်၏ အစုငွေမှာ ၄၀,၀၀၀ ကျပ် ဖြစ်ပြီး ဦးဖေသင်၏ အစုငွေမှာ ၄၅,၀၀၀ ကျပ်ဖြစ်သည်ဟု မှတ်ပုံတင်အစုစပ် စာချုပ်၌ ဖော်ပြထားသဖြင့် ထိုမှတ်ပုံတင်စာချုပ်ပါ ဖော်ပြချက်အား မှတ်ပုံတင်ထားခြင်း မရှိသည့်စာချုပ်အမှတ် ၄ ကလွဲမိုးခြင်း မပြုနိုင်ကြောင်း ၊ သက်သေခံ ဥပဒေပုဒ်မ ၉၂ ၏ ခြွင်းချက် ၄ အရလည်း မှတ်ပုံတင်အစုစပ်စာချုပ်ပါ ဖော်ပြချက်များကို ပြောင်းလဲပြင်ဆင်ရန် မပြုနိုင်ကြောင်း တင်ပြသွား၏။

၁၉၆၆

ဖေါ်ငွေသီး ပါ ၁၁ နှင့် ဦးဖေသင် ပါ ၅။

စာချုပ်စာတမ်း တခုခုရှိအချက်အလက်များကို ငြင်းဆိုရန် အလို့ငှါ၊ ပြောင်းလဲရန်အလို့ငှါ၊ ဖြည့်စွက်ရန်အလို့ငှါ၊ စာချုပ်ချုပ်ဆိုသူ အချင်းချင်း အခြားနှုတ်ကတိရှိကြသည်ဟု တင်ပြခြင်းကိုသက်သေခံဥပဒေ ပုဒ်မ ၉၂ ကပိတ်ပင်ထားခြင်းဖြစ်သည်။ ထိုကဲ့သို့ ပိတ်ပင်ထားရခြင်း၏ ရည်ရွယ်ချက်မှာ စာချုပ်ချုပ်ဆိုသူတို့သည် ဖြစ်တတ်သော သဘောအရဲ၊ မိမိတို့သဘောတူညီခဲ့ကြသော ပဋိညာဉ်ကို စာချုပ်တွင် ထည့်သွင်းဖေါ်ပြကြမည် ဖြစ်သည့်အလျောက် အခြားဆန့်ကျင်ဘက် ပဋိညာဉ်ရှိ သည်ဟု နှုတ်သက်သေ အထောက်အထား တင်ပြခွင့်ပြုပါက၊ ချုပ်ဆိုထားသော စာချုပ်စာတမ်းမှာ အဓိပ္ပါယ်ကင်းမဲ့သွားမည် ဖြစ်သည့်အတွက်ကြောင့် ပင်ဖြစ်လေသည်။

ယခုအမှုတွင် အစုစပ်စာချုပ်ပါ အစုငွေနှင့် ပတ်သက်သည့် ဖေါ်ပြချက်မှာ မဟုတ်မမှန်ကြောင်း ပြင်ဆင်ရန် တင်ပြသည့် သက်သေအထောက်အထားမှာ နှုတ်ပဋိညာဉ် မဟုတ်ချေ။ ဦးရီစင်နှင့် ဦးဖေသင်တို့ နှစ်ဦးသဘောတူချုပ်ဆိုထားကြသည့် သီးသန့် စာချုပ်စာတမ်းတခု ဖြစ်နေသည့် အလျောက် သက်သေခံဥပဒေ ပုဒ်မ ၉၂ နှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ချေ၊ အကယ်၍ သက်သေခံဥပဒေပုဒ်မ ၉၂ သည် ဤအမှုတွင် အကျုံးဝင်သည်ဟုဆိုစေကာမူ ဦးရီစင်နှင့် ဦးဖေသင်တို့ ချုပ်ဆိုခဲ့သည့် သက်သေခံအမှတ် ၄ စာချုပ်အရ ဆိုလျှင် ဦးရီစင်သည် ဦးဖေသင်ထံမှ အစုငွေထည့်ဝင်ရန်ငွေ ၁၅,၀၀၀ ကျပ်ကိုချေးယူထားသဖြင့် ထိုငွေကို ၂ လအတွင်းမဆပ်ပါက၊အစုစပ်စာချုပ်၌ဦးရီစင်၏အစုငွေသည် ၄၀,၀၀၀ ကျပ် ဖြစ်သည်ဟု ဖေါ်ပြထားသော်လည်း၊ ၂၅,၀၀၀ ကျပ်သာဖြစ်ရမည်ဟု နှစ်ဦးနှစ်ဘက် သဘောတူညီခဲ့သည့်အလျောက်အစုစပ်စာချုပ်ပါ အစုငွေနှင့် ပတ်သက်၍၊ ထိုသဘောတူညီချက်ကို ပြုလုပ်ဆောင်ရွက်ပြီးမှသာ အတည်ဖြစ်ရမည်ဟု စည်းကမ်းချက်ရှိကြောင်း ပြသနိုင်ခွင့်ရှိသည်ဟုယူဆရမည် ဖြစ်သည်။ ထိုကဲ့သို့ပြသခြင်းကိုသက်သေခံဥပဒေ ပုဒ်မ ၉၂ ၏ခြွင်းချက် ၃ ကခွင့်ပြုထားလေသည်။ **မောင်မုန်နှင့် မခင်အို** (၁)၊**အေဒီ** နှင့် **မြန်မာပြည်အမေ့ထိန်းဝန်** (၂)။

ထို့ပြင် အစုစပ်လုပ်ကိုင်ခြင်းအက်ဥပဒေ ပုဒ်မ ၁၁ အရ၊ အစုရှင်တို့သည် အစုစပ်လုပ်ငန်းတွင်မိမိတို့၏ အခွင့်အရေးနှင့်တာဝန်များ မည်သို့မည်ပုံရှိသည်ဟု အချိန်မရွေးပြင်ဆင်ပြောင်းလဲနိုင်ကြသည်၊ အစုစပ်လုပ်ငန်းဆိုသည်မှာ အစုရှင်အားလုံး သဘောထူညီချက်အရ တည်ထောင်သည့် လုပ်ငန်းတခုဖြစ်၍၊ အစုရှင်အားလုံး သဘောတူကြလျှင် ထိုလုပ်ငန်းနှင့် ပတ်သက်၍ မည်သည့်အချိန်မဆို ပြင်ဆင်ပြောင်းလဲ နိုင်ပေသည်။ ယင်းသို့ ပြင်ဆင်ပြောင်းလဲရာတွင် စာချုပ်စာတမ်းများဖြင့် အတိအလင်း ပြဋ္ဌာန်းကာ ပြောင်းလဲပြင်ဆင်နိုင်သည်၊ အတိအလင်း ပြဋ္ဌာန်းချက်များမရှိစေကာမူ၊

F-

(၁) အတွဲ ၅၊ ရန်ကုန်စီရင်လုံး စ၁၆။ (၂) ၁၉၃၈၊ ရန်ကုန်စီရင်ထုံး ၄၁၇။

အစုရှင်များ သဘောတူ လက်ခံကြောင်း အဓိပ္ပါယ်သက်ရောက်သည့် ပြုမူချက်အရ လည်း ပြင်ဆင်ပြောင်းလဲနိုင်ပေသည်။ ယင်းသို့ အစုရှင်များ၏ အခွင့်အရေးနှင့် တာဝန်များနှင့်ပတ်သက်၍ အတိအလင်းပြဋ္ဌာန်းချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြင်ဆင်ပြောင်းလဲနိုင်ကြောင်း၊ ဥပဒေကအတိအလင်းခွင့်ပြုထားသည့် ကိစ္စတရပ်ကို သက်သေခံ ဥပဒေပုဒ်မ ၉၂ ကပိတ်ပင် တားမြစ်သည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။ သက်သေခံဥပဒေပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်မှာအမှုဖြစ်ပွါးသောအခါတရားရုံး၌ သက်သေအထောက်အထားများကို မည်သို့မည်ပုံတင်ပြရမည်။ အမှုများကိုမှန်မှန်နှင့်မြန်မြန် ပြီးစီးနိုင်အောင် မည်သည့်သက်သေအထောက်အထားမျိုးကို တင်ပြခြင်းမပြုရ၊ မည်သည့်သက်သေအထောက်အထားမျိုးကိုသာလက်ခံရမည်ဆိုခြင်းပင် ဖြစ်သည်။ဥပဒေတခုခုကခွင့်ပြုထားသည့်ကိစ္စကိုပိတ်ပင်တားဆီးခြင်းမဟုတ်ပေ။ သို့ဖြစ်ရာယခုအမှုတွင်ကွယ်လွန်သူ ဦးရီစင်၏အစုငွေမှာအစုစပ်စာချုပ်၌ ၄၀,၀၀၀ ကျပ် ဖြစ်သည်ဟု ဖေါ်ပြထားလင့်ကစားအစုရှင်များ၏ သဘောတူညီချက်အရ ၂၅,၀၀၀ကျပ် သာဖြစ်သည်ဟု တင်ပြနိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်ယူဆသည်။

အယူခံတရားလိုတို့၏ ပညာရှိရွှေနေကြီးက၊ အစုစပ်လုပ်ကိုင်ခြင်း အက် ဥပဒေ ၁၁ အရ၊ အစုရှင်များ၏အခွင့်အရေးနှင့် တာဝန်များကို၊ အစုရှင်အားလုံး၏ သဘောတူညီချက် ရှိမှသာ ပြင်ဆင်ပြောင်းလဲနိုင်မည်ဖြစ်ရာ၊ ဤအမှုတွင်သက်သေခံစာချုပ်အမှတ် ၄ ကို အစုရှင်အားလုံးကချုပ်ဆိုထားခြင်းမရှိဘဲ၊ ဦးရီစင် နှင့် ဦးဖေသင်တို့နှစ်ဦးသာချုပ်ဆိုထားခြင်းကြောင့်၊ အတည်မဖြစ်နိုင်ကြောင်း ထပ်လောင်းတင်ပြသွားသည်။ အစုရှင်များမှာ ဦးရီစင် နှင့် ဦးဖေသင်တို့အပြင် ဦးဖေသင်၏ဇနီးနှင့် သမီးများဖြစ်ကြသည့် ဒေါ်ညော်ညှာ နှင့် မအင်ကြည်တို့ဖြစ်ကြသည်။ ဦးဖေသင်သည် ဒေါ်ညော်ညှာနှင့် မအင်ကြည် တို့၏ ကိုယ်စားလှယ် စာရထားသူ ဖြစ်သည်။ အစုစပ် စာချုပ် ချုပ်ဆိုစဉ်က ဦးဖေသင်သည် ဒေါ်ညော်ညှာနှင့် မအင်ကြည်တို့ကိုယ်စား အစုစပ်စာချုပ်၌ လက်မှတ် ရေးထိုးခဲ့သည်။ သို့ဖြစ်ရာ သက်သေခံ စာချုပ်အမှတ် ၄ ကို ချုပ်ဆိုစဉ် ဦးဖေသင်သည် ၎င်းအတွက်သာမက၊ ကျန်အစုရှင်များဖြစ်ကြသည့် ဒေါ်ညော်ညှာနှင့် မအင်ကြည်တို့အတွက်ပါ လက်မှတ်ရေးထိုးခဲ့သည်ဟု ယူဆဘွယ်ရာ အကြောင်းရှိသည်။ ထိုအတိုင်းပင်လည်း အစုစပ် စာရင်းအင်းများတွင် ပြင်ဆင်ရေးသားခဲ့သည့်အလျောက် ကျန်အစုရှင်များပါ သဘောတူလက်ခံကြောင်းအဓိပ္ပါယ်သက်ရောက်နေသဖြင့်၊အစုစပ်လုပ်ကိုင်ခြင်းအက်ဥပဒေပုဒ်မ ၁၁ အရ၊ အစုရှင်များ၏ အခွင့်အရေးများကို ပြင်ဆင်ပြောင်းလဲပြီးဖြစ်သည်ဟု ကောက်ယူရပေမည်။ သို့ဖြစ်ရာ အစုစပ်လုပ်ငန်း၌ ကွယ်လွန်သူ ဦးရီစင်၏ အစုငွေမှာ ၂၅,၀၀၀ ကျပ်

၁၉၆၆

ခေါ်ဒေသီး ပါ ၁၁ နှင့် ဦးဖေသင် ပါ ၅။

သာဖြစ်ပြီး၊ ဦးဖေသင်၏ အစုဥစ္စာမှာ ၆၀,၀၀၀ ကျပ်ဖြစ်သည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်သည် မှန်ကန်သည်။

အစုစပ်လုပ်ငန်း ဖျက်လိမ်းသောအမှုများတွင် သာမန်အားဖြင့် တရားလို၏ တရားစရိတ်ကို အစုစပ်လုပ်ငန်းပိုင်ဥစ္စာမှ ကျခံရမည်ဟု အမိန့်ချမှတ်ရမည်။ အစုစပ် လုပ်ငန်းပိုင်ဥစ္စာ မရှိလျှင် အစုရှင် များက အချိုးကျခံစေရမည်ဖြစ်သည်။ **ရမ်ဗျာဟားနှင့် မနိဘနိကျား** (၁)၊ **ဟီရာလာ နှင့် ဂျာန်မာ** (၄)။ ကရားခံက စာရင်းရှင်းပေးရန် ငြင်းဆိုနေခြင်း၊ သို့တည်းမဟုတ် အစုစပ်ဖျက်သိမ်းရန်စွဲဆိုသောအမှုကို အကြောင်းမဲ့ ခုခံနေခြင်း စသည့် အကြောင်းတရပ်ရပ်ရှိမှသာ တရားလို၏ တရားစရိတ်ကို အစုစပ်လုပ်ငန်းပိုင်ဥစ္စာမှ မကျခံစေဘဲ၊ တရားခံအားပေးဆောင်ရန် အမိန့်ချမှတ်သင့်ပေသည်။ **ဆွာမိနာသာ နှင့် နာဂါလင်ဂန်း** (၅)ယခုအမှုတွင် အယူခံတရားခံများက အစုစပ် လုပ်ငန်းနှင့်ပတ်သက်၍ ငြင်းဆိုခြင်းမပြုသည်သာမက၊ စာရင်းရှင်းပေးရန်လည်း ၎င်းတို့၏ ထုချေလွှာတွင် တာဝန်ယူခဲ့သည်။အစုစပ်လုပ်ငန်းကို ဖျက်သိမ်းလိုက်ပါက၊ အစုရှင်များ ဆုံးရှုံးနစ်နာရန်ရှိသည့်အတွက် အယူခံတရားလိုတို့၏ အမှုကို ခုခံရကြောင်းဖော်ပြထားသဖြင့် ၎င်းတို့အပေါ်တွင် အမှုနှင့် ပတ်သက်သည့် တရားစရိတ်များ ပေးဆောင်စေရအောင်အပြစ်ရှိသည်ဟု မဆိုနိုင်ခေါ။

အထက်ပါအကြောင်းရပ်များကြောင့်၊ အယူခံတရားလို (မူလရုံးတရားလို)တို့၏ အယူခံလွှာကို ပလပ်လိုက်ပြီး၊ မူလရုံး၏ ဒီကရီကို ၎ာတည်ပြုလိုက်သည်။ သို့ရာတွင် မူလရုံး၏ တရားစရိတ်များကို အစုစပ်လုပ်ငန်းပိုင်ဥစ္စာမှ ကျခံစေရမည်ဖြစ်ပြီး၊ အစုစပ်လုပ်ငန်းပိုင်ဥစ္စာ မရှိလျှင် အစုရှင်များသည် အချိုးကျ ကျခံစေရမည်ဟု ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။ အယူခံ တရားလိုတို့သည်ကျ၍အယူခံမှုနှင့်ပတ်သက်၍ အယူခံတရားခံတို့၏ တရားစရိတ်များကို ကျခံစေရမည်။ အယူခံတရားခံတို့၏ ပြန်လှန်ကန့်ကွက်လွှာနှင့် ပတ်သက်သည့် တရားစရိတ်များအတွက်မူ၊ အမိန့်ချမှတ်ခြင်းမပြု။

---

(၃) အတွဲ၊ ၇၊ ကာလကတ္တား ၄၂၀။

(၄) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၅၀၊ အမ်၊ ဘီ၊ ၅၆။

(၅) အေ၊ အိုင်၊ အာ (ရှ်) ၁၉၅၂၊ မဒရပ်၊ ၇၆၉။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတင်

ဒေါ်တင့် (အယူခံတရားလို)

နှင့်

ဒေါ်စိမ်းမိ ပါ ၁၁ (အယူခံတရားခံများ)*

† ၁၉၆၆ အောက်တိုဘာလ ၅ ရက်

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃—အမွေဆက်ခံရန် သက်သေခံ လက်မှတ်လျှောက်ထားခြင်း—လျှောက်ထားသူသေဆုံးခြင်း—လျှောက်ထားမ အလိုအလျောက် ပျက်ပြယ်ပြီးဆုံးခြင်း—အမွေဆက်ခံရန် သက်သေခံ လက်မှတ် လျှောက်ထားသည့် အမှုမျိုးတွင် အမှုသည် အချင်းချင်း နောက်နောင်တွင်အငြင်းပွါးလာမည့် ချမှတ်ထားသော အမိန့်—တရားရုံး၏ အဆုံးအဖြတ်ကို တောင်းခံခြင်းမှ ပိတ်ပင်သည့် အမိန့်မျိုး ဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။အမွေဆက်ခံရန် သက်သေခံလက်မှတ်မှာ ထိုသေသူ၏ ကြွေးမြီများအား ကောက်ခံနိုင်ရန် ပဂ္ဂိုလ်အနေဖြင့် ထုတ်ပေးခြင်းသာ ဖြစ်သည်၊ ပိုင်ဆိုင်ခွင့် ရှိသူ အနေဖြင့် ထုတ်ပေးခြင်း မဟုတ်ခဲ့ပေ။ယင်းသို့ ပဂ္ဂိုလ်အနေဖြင့် သက်သေခံလက်မှတ် ထုတ်ပေးရန် လျှောက်ထားသည့် ကိစ္စတွင် လျှောက်ထားသူ သေဆုံးသောအခါ ၎င်း၏ လျှောက်ထားမှုသည်အလို အလျောက် ပျက်ပြယ်ပြီးဆုံးသည်ဟု မှတ်ယူရမည် ဖြစ်သည်။ ၎င်း၏ အမွေစား အမွေခံများသည် ၎င်း၏ လျှောက်ထားမှုကို ဆက်ခံနိုင်ခြင်း မရှိပေ။

ဖါတိမာနီရှားဘီဂမ် နှင့် မဟီဒပ် ၁၉၄၃-၄၄၊ အတွဲ ၄၈ စီ၊ ၁၈၂။ **အင်၊ ဖ်ကွဲ။ ဒီယိုကို မားဆင်း နှင့် ကိုင်လက်ဆင်း၊** အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၆၁ ခု၊ ပတ္တနာ၊ ၃၀၄။ **မဗ်ပိုနှင့်မလတ်ကြီး၊** အတွဲ ၃ (၁၉၁၇—၂၀)၊ အထက်မြန်မာပြည် စီရင်ထုံး၊ စာ ၂၀၈။ **ဦးဘစိန် နှင့် ကိုထွန်းအောင်၊** ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၅၅၃ (တရားလွှတ်တော်) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမွေဆက်ခံရန် သက်သေခံ လက်မှတ်လျှောက်ထားသည့် အမှုမျိုးတင် ချမှတ်ထားသော အမိန့်များသည် အမှုသည် အချင်းချင်း နောက်နောင်တွင် အငြင်းပွါး

---

* ၁၉၆၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၃၄။

† ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၁၃ တွင် ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ စဲ့ပါ တောင်ငူမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်မှ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆

ဒေါ်ထင့်နှင့် ဒေါ်စိမ်းမိ ပါ ၁၁။

လာမည့် ကိစ္စများ၌ တရားရုံး၏ အဆုံးအဖြတ်ကို ထပ်မံတောင်းခံခြင်းမှ ပိတ်ပင်ထားခြင်း မရှိကြောင်းကို အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၃၇ တွင် အတိ အလင်း ပြဋ္ဌာန်းထားသည်။

အမိန့်အမာ (လ်) နှင့် လက်ရှိမီး၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၇ ခုနှစ်၊ ကာရလာ ၉၀ (၉၂) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးသိန်းဟံ (၁)။

အယူခံတရားခံများအတွက်။ ။ဦးသန်းမောင်။

တရားသူကြီး ဦးသက်ဖေ။ ။နှစ်ဘက် ပညာရှိ ရှေ့နေကြီးများ၏ သဘော တူညီချက်အရ၊ ဤအယူခံမှုကို ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၃၅ နှင့် အတူ ကြားနာခဲ့သဖြင့်၊ ယခုချမှတ်မည့် စီရင်ချက်သည် ထိုအမှု၏ စီရင်ချက်လည်း ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

တောင်ငူမြို့၊ ယိုးဒယားတန်း၊ ထောင်လမ်းနေ ဒေါ်လှဝင်း ဆိုသူသည် ၁၃၂၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် (၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)နေ့တွင် ကွယ်လွန် အနိစ္စဂြောက်ခဲ့သည်။ ဒေါ်လှဝင်း သေဆုံးသောအခါ၌ ၎င်းသည် တောင်ငူမြို့ နယ်ပိုင်တရားမရုံး၏ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀ တွင် ဒီကရီကျွေ့ ၁,၂၀၆ ကျပ် ၉၀ ပြားရရန်ရှိသဖြင့်၊ ၎င်း၏ညီမ ဒေါ်စိမ်းမိက ထိုငွေများကို ကောက်ခံ နိုင်ရန် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ၊ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားခဲ့၏။

တချိန်တည်း၌ပင်၊ ဒေါ်တင့်ကလည်း ၎င်းသည် ကွယ်လွန်သူ ဒေါ်လှဝင်း၏ ကိတ္တိမ မွေးစားသမီးဖြစ်၍၊ ၎င်းကိုသာ အမွေဆက်ခံရန် လက်မှတ်ထုတ်ပေးရန် အပြိုင်အဆိုင် လျှောက်ထားလေသည်။

ထို့ကြောင့်၊ ပညာရှိ ခရိုင်တရားမ တရားသူကြီးသည် သက်သေများကို ကြားနာ ပြီးကာ၊ ဒေါ်တင့်သည် ကွယ်လွန်သူ ဒေါ်လှဝင်း၏ ကိတ္တိမသမီးဖြစ်သည်ဆိုခြင်းမှာ မထင်ရှားကြောင်း၊ ဒေါ်လှဝင်းသည် သားသမီးမရှိဘဲ၊ အပျိုကြီးဘဝနှင့် သေဆုံးသွား သဖြင့်၊ ညီမဖြစ်သူ ဒေါ်စိမ်းမိသာလျှင် ဒေါ်လှဝင်း၏ အမွေစား အမွေခံဖြစ်ကြောင်း၊ ကောက်ယူလျက်၊ ဒေါ်တင့်၏ လျှောက်ထားချက်ကို ပလပ်လိုက်ပြီးနောက်၊ ဒေါ်စိမ်းမိ၏ လျှောက်ထားချက်ကို လက်ခံခွင့်ပြုလိုက်လေသည်။ ထိုကဲ့သို့ ချမှတ်လိုက်သော အမိန့်များကို ဒေါ်တင့်က မကျေနပ်သဖြင့်၊ ဤအယူခံမှုများ တင်သွင်းလာခြင်း ဖြစ်သည်။

အယူခံမှုများကို မကြားနာဘဲ၊ ဒေါ်စိမ်းမိ သေဆုံးသွားသဖြင့် ၎င်း၏ အမွေစား အမွေခံများအား တရားဝင် ကိုယ်စားလှယ်များအဖြစ် အမှုတွဲ၌ ထည့်သွင်းခဲ့ရ၏။ အောက်ရုံးမှ ဒေါ်စိမ်းမိအား ၎င်းလျှောက်ထားသည့်အတိုင်း ခွင့်ပြုခဲ့သော်လည်း၊ အမွေဆက်ခံရန် သက်သေခံ လက်မှတ်ကို ၎င်းအားထုတ်ပေးခြင်း မပြုရသေးပေ။ သို့ဖြစ်ရာ ဒေါ်စိမ်းမိ သေဆုံးပြီးနောက်၊ ၎င်း၏အမွေစား အမွေခံများအား အမွေဆက်ခံရန် လက်မှတ်ကို ဆက်လက်ထုတ်ပေးနိုင် မပေးနိုင်ဆိုသော ပြဿနာပေါ် ပေါက်လာသေးသည်။

အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ၊ အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးခြင်း၏ အဓိပ္ပါယ်မှာ၊ သေသူ၏ ကြွေးမြီများကို ကာလစည်းကမ်းသတ်ချိန်အတွင်း တောင်းဆိုနိုင်ရန်နှင့် ကြွေးရှင်များကလည်း သေသူအားပေးရန်ရှိသော ကြွေးမြီများကို စိတ်ချလက်ချပေးဆပ်နိုင်ရန်အတွက် ဖြစ်ပေသည်။ အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးရာ၌ အဓိကစဉ်းစားရသည့်အချက်မှာ လျှောက်ထားသူသည်၊ သေသူ၏ ကြွေးမြီများကို ကောက်ခံသိမ်းဆည်းခွင့်ရှိသူဟုတ် မဟုတ်ဆိုခြင်းသာဖြစ်သည်။ သေသူ၏ ပစ္စည်းများအပေါ် ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ သုံးသပ်ဆုံးဖြတ်ခြင်းမပြု။ သက်သေခံလက်မှတ်ရှိသူသည် သေသူ၏ ပစ္စည်းတွင် ပိုင်ဆိုင်ခွင့်ရှိသည် မရှိသည်ဆိုသော ပြဿနာမှာ လုံးဝမပေါ်ပေ။ တနည်းဆိုရသော် အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို သေသူ၏ ကြွေးမြီများအား ကောက်ခံနိုင်ရန် ပုဂ္ဂိုလ်အနေဖြင့် ထုတ်ပေးခြင်းသာဖြစ်သည်။ ပိုင်ဆိုင်ခွင့်ရှိသူ အနေဖြင့် ထုတ်ပေးခြင်း မဟုတ်ခေါ်။ ယင်းသို့ ပုဂ္ဂိုလ်အနေဖြင့် သက်သေခံလက်မှတ်ထုတ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင်၊ လျှောက်ထားသူ သေဆုံးသောအခါ၊ ၎င်း၏လျှောက်ထားမှုသည် အလိုအလျောက် ပျက်ပြယ်ပြီးဆုံးသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ၎င်း၏အမွေစား အမွေခံများသည် ၎င်း၏လျှောက်ထားမှုကို ဆက်ခံနိုင်ခြင်း မရှိပေ။ ၎င်း၏အမွေစား အမွေခံတို့အနေဖြင့် အမွေဆက်ခံရန် သက်သေခံလက်မှတ် ရလိုပါမူ၊ တရားဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သီးသန့်လျှောက်ထားကြရသည်ဖြစ်သည်။

ဤကိစ္စနှင့် ပတ်သက်၍၊ **ဖါတီမာနီဂျားဘိုက်** နှင့် **မဟီဒပ်** (၁) တို့အမှုတွင် အောက်ပါအတိုင်း အဆုံးအဖြတ်ပြုထားသည်။

> "There is no question of devolution of any right to the estate of the deceased on the death of the applicant for a succession certificate. The grant of a certificate does not confer any right on the applicant to the estate of the deceased.

(၁) ၁၉၄၃-၄၄၊ အတွဲ ၄၈၊ စီးဇမလျှူးအင်း၊ ၆၇၃။

၁၉၆၆

ဒေါ်တင့်နှင့် ဒေါ်စိမ်းမိ ပါ ၁၁။

The only material question is whether a right to apply for a succession certificate can be said to survive to the heir of the applicant. There can only be a negative answer to this question. On the death of the applicant for a succession certificate the proceeding lapses, and it will be open to any other party entitled to a certificate to apply. There is no question of substitution in such cases."

ဒီယိုကိုမာဆင်း နှင့် ဟိုင်လက်ဆင်း (၂) တို့အမှု၏ ခေါင်းစီးတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့မြင်နိုင်ပေသည်။

"On the death of an applicant for a succession certificate the proceeding lapses and there can be no substitution of the heirs of the alleged heirs of the applicant."

မပဲပို နှင့် **မလတ်ကြီး** (၃) တို့အမှုတွင်၊ အမွေထိန်းစာရင်းသူတဦး သေဆုံးလျှင်၊ ၎င်း၏အမွေစား အမွေခံတို့သည် ၎င်း၏နေရာကို **မဆက်ခံနိုင်ကြောင်း စီရင်ထားသည်။** ဤလားတူပင် **ဦးဘစိန်** နှင့် **ကိုထွန်းအောင်** (၄) တို့အမှုဌာလည်း အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားလေသည်။

"Where during the pendency of the appeal from an order granting letters of administration to the plaintiff and before the letters could actually be issued to him the plaintiff died and his legal representatives were brought on record.

Held: That the power granted to a person to administer an estate ceases on his death and this personal right does not survive to his heirs and that the plaintiff's suit for letters of administration must be considered to have abated."

ယခုအမှုတွင် ဒေါ်စိမ်းမိသည် အောက်ရုံးမှ အမွေဆက်ခံရန် သက်သေခံလက်မှတ် မထုတ်ပေးမီ၊ သေဆုံးသွားသဖြင့်၊ ၎င်း၏လျှောက်ထားမှုမှာ အလိုအလျောက်ပြီးဆုံးသွားသည်ဟု ကောက်ယူရမည်ဖြစ်သည်။ အောက်ရုံးမှငင်းအား သက်သေခံလက်မှတ် ထုတ်ပေးရန် ချမှတ်ထားသော အမိန့်မှာလည်း အလိုအလျောက် ပျက်ပြယ်သွားပြီဟု ဆိုရပေမည်။ သို့ဖြစ်ရာ ထိုအမိန့်အပေါ် အယူခံဝင်သော ဒေါ်တင့်၏ အယူခံလွှာကို ဆက်လက်စဉ်းစားရန် မလိုချေ ပလပ်ရန်သာရှိပေတော့သည်။

---

(၂) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၆၁ ခု၊ ပတ္တနား၊ ၃၀၄။

(၃) အတွဲ ၃၊ (၁၉၁၇—၂၀) အဆက်မြန်မာပြည်စီရင်ထုံး၊ စာ ၂၀၈။

(၄) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၅၅၃ (တရားလွှတ်တော်)။

အယူခံတရားလို ဒေါ်တင့်၏ လျှောက်လွှာအား ပလပ်ခဲ့သည့် အမိန့်နှင့် ပတ်သက်၍မူ၊ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ ဒေါ်စိမ်းမိ၏ လျှောက်ထားချက်မှာ အလို အလျောက် ပျက်ပြယ်သွားပြီးဖြစ်၍ ဒေါ်လှဝင်း၏ ကြေးမြို့အပေါ် အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို လျှောက်ထားသူမှာ ဒေါ်တင့်တဦးတည်းသာ ရှိတော့သည် ဆိုခြင်းကို သတိချပ်ရမည်ဖြစ်သည်။ ယင်းသို့ အပြိုင်အဆိုင်မရှိသည့် လျှောက်ထားမှုမျိုးတွင် လျှောက်သားသူသည် လျှောက်ထားရန် အခွင့်အရေးရှိ မရှိနှင့် လျှောက်ထားသူအား သက်သေခံလက်မှတ်ထုတ်ပေးသင့် မသင့်ဆိုသော အချက်မျှားကိုသာ စဉ်းစားပြီး အမိန့်ချမှတ်ရန် ဖြစ်ပေသည်။ အောက်ရုံးမှ ဒေါ်တင့်သည် ကွယ်လွန်သူ ဒေါ်လှဝင်း၏ ကိတ္တိမမွေးစားသမီး မဟုတ်ကြောင်း အဆုံးအဖြတ်ပေးထားသည်မှာမှန်၏။ သို့ရာတွင် ထိုကဲ့သို့ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားသည့် အမှုမျိုးတွင် ချမှတ်ထားသော အမိန့်မျှားသည် အမှုသည်အချင်းချင်း နောက်နောင်တွင် အငြင်းပွါးလာမည့် ကိစ္စမျှား၌၊ တရားရုံး၏ အဆုံးအဖြတ်ကို ထပ်မံ၍ တောင်းခံခြင်းမှ ပိတ်ပင်ထားသည့် အမိန့်မျိုး မဟုတ်ချေ။ ထိုကဲ့သို့ ပိတ်ပင်ထားခြင်း မရှိကြောင်းကို အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၈၇ တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဒေါ်တင့်သည် ကွယ်လွန်သူ ဒေါ်လှဝင်း၏ ကိတ္တိမသမီးဟုတ် မဟုတ် ဆိုခြင်းကို ဤအယူခံမှုတွင် အဆုံးအဖြတ်ပြုရန် မလိုပေ။ အဆုံးအဖြတ်ပြုလျှင်လည်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်တင့်သည် နောက်နောင်တွင် တရားရုံး၌ ထပ်မံတင်ပြခွင့် ရှိမည်ဖြစ်သည့်အလျောက်၊ ထိုဆုံးဖြတ်ချက်မှာ အချို့နှိုးသာလျှင် ဖြစ်ပေမည်။ ထို အချက်နှင့် ပတ်သက်၍၊ **အမိန့်အမာ(လ်)** နှင့် **လက်ရှိမီး** (၅) တို့ အမှုတွင် အောက်ပါ အတိုင်း မိန့်မြွက်ထားသည်ကို တွေ့နိုင်လေသည်။

> **"And after all no party is prejudiced because section 387 provides that the decision of a Court as to any question of right between the parties is in no way final and does not bar the trial of the same question in any other proceedings between the same parties."**

အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားသဖြင့် စုံစမ်းသောကိစ္စမျှားတွင်၊ လျှောက်ထားသူသည် သက်သေခံလက်မှတ် လျှောက်ထားရန် အခွင့်အရေးရှိ မရှိ၊ အခွင့်အရေးရှိပါက ထိုသူအား ထုတ်ပေးသင့် မသင့်ဆိုသော အချက်ကို အမြန်ဆုံး အကျဉ်းနည်းဖြင့် စုံစမ်းကာ အမိန့်ချပေးရန်သာဖြစ်သည်။ မည်သူသည် သေသူ၏ အမွေစား အမွေခံဖြစ်သည်၊

(၅) အေ၊ အိုင်၊ အာ (၆)၊ ၁၉၅၇ ခုနှစ်၊ ကာရလာ ၉၀ (၉၂)။

၁၉၆၆ ခေါ်တင့် နှင့် ခေါ်စိမ်းမိ ပါ ၁၁။

မည်သူသည် သေသူ၏ ဖစ္စည်းများအပေါ် အမွေစား အမွေခံအဖြစ် ပိုင်ဆိုင်ခွင့် ရှိသည်ဟု ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သည့် ပြဿနာကို နက်နက်နဲနဲ စူးစမ်းရှာဖွေရန် မဟုတ်ချေ။ ထိုကဲ့သို့ အကျဉ်းနည်းဖြင့် စုံစမ်းသောအမှုကို အလွန်ခက်ခဲနက်နဲသည့် အမွေမှုဘခုပမာ စစ်ဆေးဆုံးဖြတ်ရန် မဟုတ်ချေ။ ယခုအခြေတွင် ခေါ်တင့်သည် ခေါ်လှဝင်းရရန်ရှိသော ဒီကရီငွေအဘွက် အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားခွင့်ရှိသူမဟုတ်ဟု မဆိုနိုင်ချေ။ သက်သေခံလက်မှတ်ကို ၎င်းအား ထုတ်ပေးရန် မသင့်ဟုဆိုသော အချက်လည်း ပေါ်ပေါက်ခြင်းမရှိ။ ထို့ငွေအတွက် အာမခံချုပ်ဆိုထားလျှင် ခေါ်လှဝင်း၏ အမွေစား အမွေခံများ၏ ပိုင်ဆိုင်ခွင့်ကို ကာကွယ်ထားပြီးဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ခေါ်တင့်၏ လျှောက်ထားချက်ကို ပလပ်ခဲ့သော အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်ကာ၊ ၁၅၀၀ ကျပ်တန် ခံဝန်တယောက်နှင့် အာမခံချုပ်ဆိုပါက၊ ခေါ်တင့်အား အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။

အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအရ နှစ်ဘက်အမှုသည်များသည် ရုံးနှစ်ရုံးစလုံး၏ တရားစရိတ်များကို မိမိတို့ဘာသာ ကျခံရမည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ဒေါ်တင့် (အယူခံတရားလို)

နှင့်

ဒေါ်သန်းမေ ပါ ၄ (အယူခံတရားခံများ)*

† ၁၉၆၆ အောက်တိုဘာ လ ၂၀ ရက်။

ချေးငွေ ပြန်ရလိုမှု—၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေသာလျှင် အတည်ဖြစ်လျက် ရှိသေးခြင်း—ငွေတိုးချစားသူတဦးသည် မိမိ၏ မိတ်ဆွေတဦးအား အတိုး မယူဘဲ ငွေထုတ် ချေးကာမျှဖြင့် ငွေတိုး ချစားသူအဖြစ်မှ ရပ်စဲသွား မသွား—အတိုးမရှိ ထုတ်ချေးသည့် ငွေကို အကန့်အသတ်မရှိဘဲ တရားစွဲဆိုတောင်းဆိုနိုင် မဆိုနိုင်—ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၉—ချေးငွေဆိုသော စကားရပ်၏ပြဋ္ဌာန်းချက်—အတိုးနှင့်ချေးသည့်ငွေကို ဖြစ်စေ၊ အတိုးမဲ့ ချေးသည့်ငွေကိုဖြစ်စေ ပြန်လည်ရရှိရန် တရားစွဲဆိုလျှင် ပုဒ်မ ၉ အရ ဒီကရီ ချပေးနိုင် မပေးနိုင်—မှတ်ပုံတင် ဇာချုပ်တင်မပြခြင်း—မည်သည့်အချိန် မည်သည့်ကာလ တွင် တင်ပြနိုင်မည်ဟု မခန့်မှန်းနိုင်ခြင်း—အမှုကို ပယ်ရန်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေသည် ထိုဥပဒေ၏ ပုဒ်မ ၁(၂) အရအတည်ပြုကြေငြာ အမိန့်ကြော်ငြာစာ ထုတ်ဆင့်ခြင်း မပြုရသေးသဖြင့်၊ ယခုအခါ ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေသာလျှင် အတည်ဖြစ်လျက်ရှိသေးသည်။

ငွေတိုးချစားသူတဦးသည် မိမိ၏မိတ်ဆွေတဦးအား အကြောင်းကြောင်းကြောင့် အတိုးမယူဘဲ ငွေထုတ်ချေးခဲ့ကာမျှဖြင့် ထိုသူသည် ငွေတို့.ချစားသူအဖြစ်မှ ရပ်စဲသွားသည်ဟု မည်သည့်နည်း နှင့်မျှဆိုနိုင်မည်မဟုတ်ပေ။

ငွေတိုးချစားသူများ ဥပဒေကို ပြဿနာများ သက်သာချောင်ချိစေရန်အလို့ငှါင်း၊ ငွေတိုး ချစားသူများအား ချုပ်ကိုင်ကွပ်ကဲရန်အလို့ငှါင်း၊ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားခြင်းဖြစ်ရာ၊ အတိုးမရှိဘဲထုတ်ချေးသည့် ငွေကို အကန့်အသတ်မရှိဘဲ တရားစွဲဆိုတောင်းဆိုနိုင်သည်ဟုဆိုလျှင် ငွေတိုးချစားသူများသည် ချေးငွေအားလုံးကို အတိုးမရှိ ချေးငွေအဖြစ်ပြုပ်လုပ်ကာ ဥပဒေ၏ ပြဋ္ဌာန်းချက်များကို လက်တလုံးခြား လုပ်နိုင်ရန်အခွင့်အရေးရယူမည်ဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၆။

† ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀ တွင်၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့စွဲပါ၊ ဗျာပုံခရိုင် တရားမ တရားသူကြီးမှုံးတော်၏ ချမှတ်သော ဒဏ်နှင့်ကို အယူခံမှု။

ဒွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၉ ၌ ချေးငွေဆိုသောစကားရပ်ကို ပြဋ္ဌာန်းရာ၌ အတိုးဖြင့် ထုတ်ချေးသည့်ချေးငွေနှင့်သာလျှင်သက်ဆိုင်သည်ဟု ကျဉ်းမြောင်းသော အဓိပ္ပါယ်ကောက်ယူခြင်း မပြုနိုင်ပေ။ သို့ဖြစ်ရာ ဒွေတိုးချစားသူတဦးသည် အတိုးနှင့် ချေးသည့် ငွေကိုဖြစ်စေ အတိုးမဲ့ ချေးသည့်ချေးငွေကိုဖြစ်စေ၊ ပြန်လည်ရရှိရန် တရားစွဲဆိုလျှင် ပုဒ်မ ၉ အရသာဒီကရီချပေးနိုင်မည်ဖြစ်သည်။

အယူခံတရားလိုတို့အနေဖြင့် ၎င်းတို့၏ ချေးငွေအတွက် မှတ်ပုံတင် စာချုပ်မတင်ပြဘဲတရားစွဲဆိုနိုင်မည်ဖြစ်သော်လည်း၊ မူလရုံးတွင်သော်၎င်း၊ ပဌမ အယူခံရုံးတွင်သော်၎င်း၊ ဒုတိယအယူခံရုံးတွင်သော်၎င်း မှတ်ပုံတင်စာချုပ်ကို တင်ပြခဲ့ခြင်းမရှိပေ။ မည်သည့်အချိန် မည်သည့်ကာလတွင် တင်ပြနိုင်မည်ဟုလည်း ခန့်မှန်းပြောဆိုနိုင်ခြင်း မရှိကြသဖြင့်၊ ၎င်းတို့စွဲဆိုသော အမှုကို ပယ်ရန်မှအပ အခြားနည်းလမ်းမရှိတော့ပေ။ ၎င်းတို့စွဲဆိုသော အမှုကို အချိန်အကန့်အသတ်မရှိ အဆုံးအဖြတ် မပေးဘဲ ရုပ်ဆိုင်းထားရမည်ဟု ဒွေတိုးချစားသူများ ဥပဒေကသော်၎င်း၊ အခြား ဥပဒေတရပ်ရပ်ကသော်၎င်း ပြဋ္ဌာန်းထားခြင်းမရှိပေ။

ဘီစဝပ်နတ်ရိုင်းနှင့် ကာ(စ်)နတ်ရိုင်း၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၄၉ ရည်ညွှန်းသည်။

ဂျာဂါရွပ် နှင့် ဂျက်ဆင်း၊ ၁၉၅၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ (တရားလွှတ်တော်) စာ ၁၆၄။

ကိုဒေးရမ် နှင့် ပါဒီရှီ၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) စာ ၄၄၉ ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။ဦးလှသိန်း။

အယူခံတရားခံအတွက်။ ။ဦးလှစိန်။

တရားသူကြီး ဦးသက်ဖေ။ ။ဖျာပုံမြို့၊ သူဌေးကုန်းရပ်၊ရတနာလမ်းနေ၊ ဦးစံရင်နှင့် ဒေါ်တင့်တို့သည်၊ ၁၃၂၃ ခုနှစ်၊ တပို့တွဲလဆုတ် ဂ ရက် (၁၉၆၂ ခု၊ ဖေဖော်ဝါရီလ ၂၇ ရက်)နေ့တွင် ဖျာပုံမြို့ ၂ လမ်းနေ၊ ဦးကျော်ဖေအား ငွေ ၅,၀၀၀ ကျပ်ကိုအတိုးမရှိလက်လှည့်သုံးအဖြစ် ချေးငှါးခဲ့၏။ ဦးကျော်ဖေသည် ၁၃၂၄ ခုနှစ်၊ပြာသိုလအတွင်းတွင် ကွယ်လွန်အနိစ္စရောက်သွား၍၊ ဦးစံရင်နှင့် ဒေါ်တင့်တို့က ဦးကျော်ဖေ၏ ဇနီး ဒေါ်သန်းမေထံ၌ ချေးငွေကိုပြန်လည်တောင်းခံခဲ့သည်။ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ဒေါ်သန်းမေသည် ၎င်း၏မောင်ဖြစ်သူ ဦးထွန်းရှိန် ထံမှတဆင့် ၁,၅၀၀ ကျပ်ပြန်ပေးခဲ့၏။ ကျန်ငွေ ၃,၅၀၀ ကျပ်အတွက် ဒေါ်သန်းမေက ၎င်းပိုင် သမ္မာန်တစီးကို အပြီးအငြိမ်းယူရန် ပြောရာ၊ သမ္မာန်မှာ ၁,၇၀၀ ကျပ်ခန့်သာ တန်ဘိုးရှိသဖြင့် ဦးစံရင်-ဒေါ်တင့်တို့က သမ္မာန်ကိုမယူဘဲ ငွေကိုသာ ပြန်တောင်းသည်။ သို့ရာတွင် ဒေါ်သန်းမေက မပေးချေ။ ထို့ကြောင့် ဦးစံရင်နှင့် ဒေါ်တင့်တို့က ဒေါ်သန်းမေနှင့် ကွယ်လွန်သူ ဦးကျော်ဖေ၏ အခြားတရားဝင် အမွေဆက်ခံသူများ ဖြစ်ကြသည့်

ကျန်အယူခံတရားခံများအပေါ် ငွေ ၃,၅၀၀ ကျပ် ပြန်လည်ရလိုကြောင်း ဖျာပုံမြို့နယ်ပိုင် တရားမရုံး၌ တရားစွဲဆိုလေသည်။

ပညာရှိ နယ်ပိုင် တရားမတရားသူကြီးသည် အကြောင်းအမျိုးမျိုး ပြကာ၊ အယူခံတရားလိုတို့ စွဲဆိုသည့်အမှုကို ပလပ်လိုက်၏။ ယင်းသို့ပလပ်လိုက်သောဒီကရီကို ဖျာပုံမြို့ ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ၊ ပညာရှိ ခရိုင် တရားမတရားသူကြီးက အယူခံတရားလိုတို့သည် ထိုငွေတိုးချစားသူများ ဖြစ်သော်လည်း၊ အယူခံတရားလို ဦးစံရင်သည် ငွေတိုးချစားသူအဖြစ် မှတ်ပုံတင်ထားခြင်း မရှိသည်သာမက၊ အယူခံတရားလို ဒေါ်တင့်၏ ငွေတိုးချစားသူဖြစ်ကြောင်း မှတ်ပုံတင် လက်မှတ်မှာ သက်တမ်းကုန်ဆုံးနေသဖြင့် ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေ ပုဒ်မ ၁၁ အရ၊ ချေးငွေအတွက် ဒီကရီ မရနိုင်ဟု အဆုံးအဖြတ်ပြုကာ အောက်ရုံး၏အမိန့်ကို အတည်ပြုခဲ့၏။ ထိုအမိန့်ကို အယူခံတရားလိုတို့က မကျေနပ်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

ခရိုင်တရားမရုံးက မူလရုံး၏ ဒီကရီကို အတည်ပြုခဲ့သော်လည်း တရားစရိတ်များနှင့် ပတ်သက်၍၊ နှစ်ဘက်အမှုသည်များသည် မိမိတို့စရိတ်ကို မိမိတို့ဘာသာ ကျခံကြရမည်ဟု အမိန့်ချမှတ်လိုက်သဖြင့် အယူခံဝရားခံတို့က ၎င်းတို့၏ တရားစရိတ်များကို အယူခံတရားလိုတို့က ပေးဆောင်စေသင့်သည်ဟုဆိုကာ အပြန်အလှန် အယူခံဝင်လာကြသည်။

နှစ်ဘက် ပညာရှိ ရှေနေကြီးများ၏ သဘောတူညီချက်အရ၊ ဤအယူခံမှုကို အယူခံတရားခံတို့ တင်သွင်းလာသည့် အပြန်အလှန် အယူခံမှု (၁၉၆၆ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၁၀) နှင့်အတူ ကြားနာခဲ့သဖြင့် ဤစီရင်ချက်သည်ထိုအမှု၏ စီရင်ချက်လည်း ဖြစ်သည်ဟု မှတ်ယူရမည်။

ဤအမှုတွင် အဓိက စဉ်းစားရမည့် ပြဿနာများမှာ ငွေတိုး ချေးစားသူများ ဥပဒေသည် မူဖြစ်ခြင်းရာများအရ အကျုံးဝင်ခြင်း ရှိ မရှိနှင့်အကယ်၍ အကျုံးဝင်သည်ဟု ဆိုစေကာမူ၊ အယူခံတရားလိုတို့၏ အမှုကို ပလပ်ခဲ့သော အမိန့်မှာ မှန်မမှန်ဆိုခြင်းပင်ဖြစ်၏။ အောက်အယူခံရုံး၏ ပညာရှိ တရားသူကြီးက ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၂၄ ဖြင့်၊ ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေကို ရုပ်သိမ်းလိုက်ပြီဖြစ်၍၊ ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေအရ အဆုံးအဖြတ်ပြုရမည်ဟု ကောက်ယူထားသည်ကို တွေ့ရ၏။ (၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေသည် ထိုဥပဒေ၏ ပုဒ်မ ၁ (၂)အရ အတည်ပြုကြောင်း အမိန့်ကြော်ငြာထုတ်ဆင့်ခြင်း မပြုရသေးသဖြင့်၊ ယခုအခါ ၁၉၄၅ ခုနှစ်၊ ငွေကိုး ချစားသူများ

၁၉၆၆ ဒေါ်တင့်နှင့် ဒေါ်သန်းမေ ပါ ၄။

ဥပဒေသာလျှင် အဘည်ဖြစ်လျက် ရှိသေးသည်) ဆိုခြင်းကို သတိချပ်ရမည်ဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ ဥပဒေပါ ပြဋ္ဌာန်းချက်များ အရသာအဆုံးအဖြတ် ပြုရပေမည်။

အယူခံတရားလိုတို့၏ ပညာရှိ ရှေနေကြီး ဦးလှသိန်းက အယူခံတရားလိုတို့သည် ကွယ်လွန်သူ ဦးကျော်ဖေအား၊ ငွေ ၅,၀၀၀ ကျပ်ကို အတိုးမရှိဘဲ လက်လှည့် သုံးငွေ အဖြစ် ထုတ်ချေးခဲ့ခြင်း ဖြစ်၍ ငွေကိုးချစားသူများ ဥပဒေနှင့် အကျုံးမဝင်ကြောင်း တင်ပြလာ၏။ ၎င်းက ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၂ (၆)အရ အတိုးယူပြီး ငေ ထုတ်ချေးသည့် အလုပ်ကို လုပ်ကိုင်သူမှသာ ငွေတိုးချစားသူ ဖြစ်သည်ဟု ပြဋ္ဌာန်း ထားသောကြောင့် အယူခံတရားလိုတို့၏ အနေဖြင့် ဦးကျော်ဖေအား အတိုးမရှိ ငွေထုတ်ချေးခဲ့ခြင်း ဖြစ်၍၊ ငွေတိုးချစားသူများ ဥပဒေနှင့်အကျုံးဝင်သည်ဆိုသော အောက်အယူခံရုံး၏ ကောက်ယူချက်မှာ မှားယွင်းနေကြောင်း လျှောက်လဲသွား၏။

လူတဦးတယောက်သည် ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၂(၆)တွင် ပြဋ္ဌာန်း ထားသည့်အတိုင်း အတိုးယူပြီး ငွေထုတ်ချေးသောအလုပ်ကို အဓိကအသက်မွေးဝမ်း ကျောင်း အလုပ်အဖြစ် လုပ်ကိုင် စားသောက်သူဖြစ်ပါက ထိုသူသည် ၎င်းဥပဒေတွင် အကျုံးဝင်သည့် ငွေတိုးချစားသူတယောက် ဖြစ်သည်ဟုယူဆရမည်ဖြစ်သည်။ ငွေတိုး ချစားသည့် အလုပ်ကို အဓိကအသက်မွေးဝမ်းကျောင်းအလုပ်အနေဖြင့် မလုပ်ကိုင်ဘဲ တခါတရံ မိတ်ဆွေများကို ကူညီသည့်အဘောဖြင့် ငွေချေးငှါးခဲ့သည်ကိုမူ ငွေတိုး ချစားသူဟု မခေါ်ဆိုနိုင်ပေ။ **ဘီစဝပ်နတ်ရိုင်းနှင့် ကာ (စ်) နတ်ရိုင်း** (၁)၊ ယခုအမှုတွင် အယူခံတရားလို ဦးစံရင်နှင့် ဒေါ်တင့်တို့ကိုယ်တိုင် မူလရုံး၌ ၎င်းတို့သည် အတိုးနှင့် ရှေပေါင်လည်း ခံကြောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကိုလည်း အပေါင်ခံပြီး ငွေထုတ်ချေးကြောင်း ဝန်ခံထားသည့်အပြင်၊ ဒေါ်တင့်ကိုယ်တိုင် ငွေတိုးချစားသူ အဖြစ် မှတ်ပုံတင်ခဲ့သဖြင့် ၎င်းတို့သည့် အတိုးဖြင့် ငွေချေးစားသည့် အလုပ်ကို အဓိက အသက်မွေး ဝမ်းကျောင်းအလုပ်အဖြစ် လုပ်ကိုင်ခဲ့ကြောင်း ပေါ်လွင်သည်။ သို့ ဖြစ်ရာ ၎င်းတို့သည် ငွေတိုးချစားသူများ ဥပဒေတွင် အကျုံးဝင်သည့် ငွေတိုးချစား သူများဖြစ်ကြောင်း ထင်ရှားသည်။ ငွေတိုးချစားသူတဦးသည် မိမိ၏မိတ်ဆွေတဦး အား အကြောင်းကြောင်းကြောင့် အတိုးမယူဘဲငွေထုတ်ချေးခဲ့ကာမျှဖြင့် ထိုသူသည် ငွေတိုးချစားသူ အဖြစ်မှ ရုပ်စဲသွားသည်ဟု မည်သည့်နည်းနှင့်မျှဆိုနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံတရားလိုအနေဖြင့် ဦးကျော်ဖေအား အတိုးမရှိဘဲ ငွေချေးခဲ့ခြင်း ကြောင့် ၎င်းတို့သည် ငွေတိုးချစားသူများ မဟုတ်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။

တဆက်တည်း စဉ်းစားရမည့် ပြဿနာမှာ ငွေတိုးချစားသူ တဦးသည်အတိုးမရှိ ဘဲ ထုတ်ချေးထားသည့် ငွေကို ကန့်သတ်ချက်တစုံတရာမရှိဘဲ တရားမရုံးမှ တောင်း

F.

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၄၉။

ဆိုနိုင်ခွင့် ရှိပါသလော၊ သို့တည်းမဟုတ် ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၉ အရသာ တောင်းဆိုနိုင်ပါသလော ဆိုခြင်းပင်ဖြစ်သည်။ ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၉ အရ ငွေတိုးချစားသူတဦးသည် ထိုဥပဒေအရ မှတ်ပုံတင်ထားရမည့်အပြင် ၎င်း၏ မှတ်ပုံတင်လက်မှတ်မှာလည်း အတည်ဖြစ်နေမှသာ ၎င်း၏ချေးငွေကို ပြန်လည်ရရှိရန် စွဲဆိုသည့်အမှုကို တရားမရုံးက ဒီကရီချပေးနိုင်မည် ဖြစ်သည်။ ပုဒ်မ ၉ မှာ ဤအမှု အတွက် လိုသလောက် ဖေါ်ပြရလျှင် အောက်ပါအတိုင်း ဖြစ်သည်။

> "Notwithstanding anything contained in any other law for the time being in force, no Court shall pass a decree on a suit by a money-lender for recovery of a loan . . , unless the money-lender is registered under this Act and the registration is in force."

ထိုပြဋ္ဌာန်းချက်ပါ "ချေးငွေ"ဆိုသော စကားရပ်တွင် အတိုးဖြင့် ထုတ်ချေးသော ချေးငွေ၊ သို့တည်းမဟုတ် အတိုးမရှိ ထုတ်ချေးသော ချေးငွေဟူ၍ အတိအလင်း ဖေါ်ပြထားခြင်း မရှိပေ။ အယူခံတရားလိုတို့ အနေဖြင့် ချေးငွေ ဆိုသော စကားရပ်ကို ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၂(၅)တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အတိုင်း အတိုးဖြင့် ထုတ်ချေးသည့် ချေးငွေနှင့်သာ သက်ဆိုင်သည်ဟု ဆိုကောင်း ဆိုပေမည်။ သို့ရာတွင် (ငွေတိုးချစားသူများ ဥပဒေကို မြီစားများ သက်သာချောင်ချိစေရန် အလို့ငှါင်း၊ ငွေတိုးချစားသူများအား ချုပ်ကိုင် ကွပ်ကဲရန်အလို့ငှါင်း၊ နိုင်ငံတော် အစိုးရက ပြဋ္ဌာန်းထားခြင်းဖြစ်ရာ၊ အတိုးမရှိဘဲ ထုတ်ချေးသည့်ငွေကို အကန့်အသတ် မရှိဘဲ တရားစွဲတောင်းဆိုနိုင်သည်ဟုဆိုလျှင် ငွေတိုးချစားသူများသည်၊ ချေးငွေအား လုံးကို အတိုးမရှိချေးငွေအဖြစ် ပြရုပ်လုပ်ကာ ဥပဒေ၏ပြဋ္ဌာန်းချက်များကို လက်တလုံးခြား လုပ်နိုင်ရန် အခွင့်အရေး ရကြမည်ဖြစ်သည်။) ယင်းသို့ အဓိပ္ပါယ် ကောက်ယူလျှင် ဥပဒေ၏ရည်ရွယ်ချက်ကို သဲထဲသို့ ရေသွန်သကဲ့သို့ အလဟဿဖြစ်ဘွယ်ရာ အကြောင်းရှိနေပေသည်။

ထို့ပြင်အကယ်၍ ပုဒ်မ ၉ သည် အတိုးဖြင့်ထုတ်ချေးသောချေးငွေနှင့်သာ သက်ဆိုင်သည်ဟုဆိုလျှင်၊ အတိုးဖြင့် ချေးသောချေးငွေဟု အတိအလင်း ဖေါ်ပြထားမည်ဖြစ်သည်။ ဥပဒေတခုကို အဓိပ္ပါယ်ကောက်ရာ၌ ထိုဥပဒေတွင် မပါသည့်စကားရပ်ကိုထည့်သွင်း၍ အဓိပ္ပါယ် မကောက်ယူသင့်ပေ၊ ၎င်းပြင်ပုဒ်မ ၂ (၆) ၌ "၎ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် ချေးငွေ" ဟုအတိအလင်း ဖေါ်ပြထားသည်ကိုထောက်ရှုလျှင်၊ ပုဒ်မ ၉ ၌ ချေးငွေဆိုသော စကားရပ်ကို ပြဋ္ဌာန်းရာ၌ အတိုးဖြင့်ထုတ်ချေးသည့် ချေးငွေနှင့်သာလျှင် သက်ဆိုင်သည်ဟု ကျဉ်းမြောင်းသော

၁၉၆၆ ခေါ်တင့်နှင့် ဒေါ်သန်းမေ ပါ ၄။

အဓိပ္ပါယ်ကောက်ယူခြင်း မပြုနိုင်ပေ။ သို့ဖြစ်ရာ ငွေတိုးချစားသူတဦးသည် အတိုးနှင့် ချေးသည့်ချေးငွေကိုဖြစ်စေ အတိုးမဲ့ချေးသည့် ချေးငွေကိုဖြစ်စေ၊ ပြန်လည်ရရှိရန် တရားစွဲဆိုလျှင် ပုဒ်မ ၉ အရသာ ဒီကရီချပေးနိုင်မည်ဖြစ်သည်။

ယခုအမှုတွင် မူလရုံးကဒီကရီချမှတ်သည့် ၁၉၆၅ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့၌၊ အယူခံတရားလို ဦးစံရင်မှာ ငွေတိုးချစားသူများ ဥပဒေအရ မှတ်ပုံတင် ထားသူတယောက် မဟုတ်သည့်အပြင်၊ အယူခံတရားလို ဒေါ်တင့်၏ ငွေတိုးချစား သူမှတ်ပုံတင်လက်မှတ်မှာလည်း အတည်မဖြစ်ဘဲ ကုန်ဆုံးလျက် ရှိသည့်အလျောက်၊ ငင်းတို့စွဲဆိုသည့် ချေးငွေအတွက် တရားရုံးက ဒီကရီချမှတ်ခြင်း မပြုနိုင်ပေ။ ငွေ တိုးချစားသူများ ဥပဒေပုဒ်မ ၉ အရ ပိတ်ပင်ထားပြီးဖြစ်သည်။

တဖန်အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီး ဦးလှသိန်းက ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၉ အရ ချေးငွေအတွက် စွဲဆိုသောအမှုကို အတည်ဖြစ်လျက်ရှိသည့် မှတ်ပုံတင်လက်မှတ်ကို တင်မပြနိုင်လျှင် ဒီကရီချမှတ်ခြင်း မပြုရဟုသာ တားမြစ် ထားသဖြင့်၊ အောက်ရုံးများမှ အယူခံတရားလိုတို့၏ အမှုကို ပလပ်ခဲ့ခြင်းမှာ မှား ယွင်းကြောင်း၊ ငွေတိုးချစားသူ လက်မှတ်ကို တင်ပြရန် အချိန်ပေးက အမှုကို ရပ်ဆိုင်းထားသင့်ကြောင်း လျှောက်လဲသွား၏။

ငွေတိုးချစားသူများ ဥပဒေအရ ငွေတိုးချစားသူအဖြစ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းမှ ရပ်စဲခဲ့သည်မှာအတော်ပင် ကြာမြင့်ပြီဖြစ်သည်။အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီးအနေဖြင့်လည်း မည်သည့်အချိန်အခါတွင် ထိုမှတ်ပုံတင်လက်မှတ်ကို ရရှိမည်ဟု မပြောနိုင်၊ မခန့်မှန်းနိုင်ပေ။ သို့ဖြစ်ရာ ၎င်း၏ လျှောက်ထားချက်ကို လက်ခံရမည်ဆိုလျှင်၊ အယူခံတရားလိုတို့၏ အမှုကို အချိန်အကန့်အသတ်မရှိ ရွှေ့ ဆိုင်းပြီး အမိန့်တစုံတရာ မချမှတ်ဘဲ ထားရမ.ုိ ဖြစ်နေလေသည်။ တရားစီရင် ရာတွင် တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ အမှုများကို မှန်မှန်နှင့် မြန်မြန်စစ်ဆေး စီရင်ဆုံးဖြတ်ရမည်ဖြစ်သည့်အလျောက်၊ ယခုကဲ့သို့ အချိန်အကန့်အသတ်မရှိ အဆုံးအဖြတ်မပေးဘဲ ထားရမည်ဆိုလျှင် တရားစီရင်ရေး ကဏ္ဍသည် ကမောက် ကမဖြစ်ဘွယ်ရာရှိသည်။ **ဂျာဂါရျပ်** နှင့် **ဂျက်ဆင်း** (၂) အပြင်၊**ကိုဒေးရမ်** နှင့် **ပါဒီရှီ** (၃) တို့အမှုများ၌ ငွေတိုးချစားသူ တဦးသည် မှတ်ပုံတင် လက်မှတ်မရှိစေကာမူ၊ငင်း ထုတ်ချေးသောငွေကို ပြန်လည်ရလိုကြောင်း တရားစွဲဆိုနိုင်သည်။ ၎င်းအနေဖြင့်၊ ဒီကရီမချမှတ်မီ၊ မှတ်ပုံတင် စာချုပ်တင်ပြလျှင် ပြီးနိုင်သည်ဟု ဆုံးဖြတ်ထားသည်မှာ မှန်၏။ ယခုအမှုတွင် (အယူခံ တရားလိုတို့ အနေဖြင့် ၎င်းတို့၏ ချေးငွေအတွက်

(၂) ၁၉၅၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) စာ ၁၆၄။
(၃) ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) စာ ၄၄၉။

မှတ်ပုံတင်စာချုပ် မတင်ပြဘဲ တရားစွဲဆိုနိုင်မည် ဖြစ်သော်လည်း၊ မူလရုံးတွင်သော်
ငင်း၊ ပဋမအယူခံ ရုံးတွင်သော်ငင်း၊ ဒုတိယအယူခံ ရုံးတွင်သော်ငင်း မှတ်ပုံတင်
စာချုပ်ကို တင်ပြခဲ့ခြင်း မရှိပေ။ မည်သည့်အခါမှ၊ မည်သည့်ကာလတွင် တင်ပြနိုင်
မည်ဟုသည်း ခန့်မှန်းပြောဆိုနိုင်ခြင်း မရှိကြသဖြင့် ၎င်းတို့စွဲဆိုသော အမှုကိုပယ်ရန်မှု
အပ အခြားနည်းလမ်း မရှိတော့ပေ။ ၎င်းတို့စွဲဆိုသော အမှုကို အချိန်အကန့်
အသတ်မရှိ အဆုံးအဖြတ် မပေးဘဲ ရပ်ဆိုင်းထားရမည်ဟု ဌေတိုးချစားသူများ
ဥပဒေကသော်ငင်း၊ အခြား ဥပဒေတရပ်ရပ်ကသော်ငင်း၊ ပြဋ္ဌာန်းထားခြင်းမရှိပေ)။
ထိုကဲ့သို့သော ပြဋ္ဌာန်းချက်တခုခုရှိသည်ဟုလည်း အယူခံတရားလိုတို့၏ ပညာရှိရှေနေ
ကြီးက ထောက်ပြခြင်း မပြုနိုင်ပေ။ တရားမကျင့်ထုံး အမိန့် ၂၀၊ နည်းဥပဒေ
၁ အရ၊ တရားမမှုံးသည် ချက်ခြင်းသော်ငင်း၊ နောက်တနေ့နေ့တွင်သော်ငင်း စီရင်
ချက်ချမှတ်ရမည်ဖြစ်ရာ၊ အချိန်အကန့်အသတ်မရှိ ရွှေဆိုင်းထားခြင်း မပြုနိုင်၊ စီရင်
ချက်ချမှတ်ပြီးလျှင်လည်း နည်းဥပဒေ ၆ အရ ဒီကရီရေးဆွဲရမည်ဖြစ်သည်။ ထိုကဲ့သို့
ဒီကရီချမှတ်ခြင်းကို ဌေတိုးချစားသူများ ဥပဒေပုဒ်မ ၉ ကပိတ်ပင်ထားသည်ကို
သတိချပ်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားလိုတို့ စွဲဆိုသောအမှုကို ပလပ်
ခဲ့သည့်အောက်ရုံးများ၏ အမိန့်မှာ မှန်ကန်သည်ဟု ဆိုရမည်ဖြစ်သည်။

အယူခံတရားခံတို့၏ ပညာရှိရှေနေကြီး ဦးလှစိန်က အယူခံတရားခံတို့သည် အမှု
အနိုင်ရရှိပါလျက်၊ ၎င်းတို့အား တရားစရိတ်ကို ခွင့်မပြုခဲ့သဖြင့် အောက်အယူခံရုံး၏
အမိန့်မှာ မှားယွင်းနေသည်ဟု တင်ပြလာ၏။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၃၅
အရအမှုတခုခုတွင် တရားစရိတ်ခွင့်ပြုသင့် မသင့်၊ ခွင့်ပြုလျှင် မည်သူက ကျခံရမည်
ဆိုသောပြဿနာမှာ ထိုအမှုကို စီရင်ဆုံးဖြတ်သည့် ရုံးတော်၏ ဆင်ခြင်တိုင်းထွာ
ပိုင်ခွင့်အာဏာ အာဘွင်းကျရောက်သဖြင့်၊ ထိုရုံးတော်မှ သင့်လျော်သလို စီရင်ဆုံးဖြတ်
ရမည်ဖြစ်သည်။ ယင်းသို့စီရင်ဆုံးဖြတ်ရာတွင် ထင်ရှားစိုင်းသည့် သဘောအနေဖြင့်
မဟုတ်ဘဲ တရားမျှတမှုကို ရွေ့ရှုလျက် အဆုံးအဖြတ်ပြုရန် လိုပေသည်။ သာမန်
အားဖြင့်ဆိုလျှင်၊ အမှုနိုင်သူသည် တရားစရိတ်ကို တရားရှုံးထံမှ ရပိုင်ခွင့်ရှိရမည်
ဖြစ်သည်။ ထိုကဲ့သို့ ရပိုင်ခွင့်ရှိပါလျက် ခွင့်မပြုလျှင် တရားရုံးအနေဖြင့် မည်သည့်
အတွက်ကြောင့် ခွင့်မပြုဟု အကျိုးအကြောင်း ဖော်ပြထားရပေမည်။ ယခုအမှုတွင်
အောက်အယူခံရုံးအနေဖြင့် အယူခံတရားလိုတို့သည် ကွယ်လွန်သူ ဦးကျော်ဖေအား
ငွေချေးငှားခဲ့သည်မှာ မှန်သော်လည်း၊ ဌေတိုးချစားသူ မှတ်ပုံတင်လက်မှတ် တင်ပြ
နိုင်ခြင်းမရှိ၍ ဒီကရီချမှတ်ခြင်း မပြုနိုင်သောကြောင့်၊ အယူခံတရားလိုတို့ စွဲဆိုသော
အမှုကိုပယ်ခဲ့ရခြင်းဖြစ်ရာ၊ တရားစရိတ်များကိုပါတဖန် ပေးဆောင်ရမည်ဆိုပါမူ၊တရား
မျှတမှုလုံးဝရှိမည် မဟုတ်သည့်အလျောက်၊ တရားစရိတ်ကိုခွင့်မပြုခဲ့ကြောင်းပေါ်လွင်

သဒ္ဓါ

ဒေါ်တင့်နှင့် ဒေါ်သန်းမေ ပါ ၄။

နေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အောက်အယူခံရုံး၏ စီရင်ချက်၌အကျိုးအကြောင်းပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားခြင်း မရှိသော်လည်း၊ မှုဖြစ်ကြောင်းခြင်းရာများအရပေါ်လွင်ထင်ရှားနေသည်။ သို့ဖြစ်ရာ အောက်အယူခံရုံးသည် အယူခံတရားခံတို့အား တရားစရိတ်များကို ခွင့်မပြုဘဲသည့်ကိစ္စတွင်၊ ၎င်း၏ ဆင်ခြင်တိုင်းထွာပိုင်ခွင့် အာဏာကို အသုံးပြုရာ၌ တရားမျှတမှု မရှိဟု မဆိုနိုင်ပေ။ထို့ကြောင့် တရားစရိတ်နှင့်ပတ်သက်သည့် အောက်အယူခံရုံး၏ အမိန့်ကိုလည်း ဝင်ရောက်ဖက်စွက်ရန်အကြောင်းမရှိပေ။

အထက်ပါအကြောင်းရပ်များကြောင့်၊ ဤအယူခံမှုကို ပလပ်လိုက်သည်။ ဤအမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများကို ထောက်ထားလျက် အမှုသည်တို့သည် မိမိတို့၏ တရားစရိတ်များကို မိမိတို့ဘာသာကျခံရမည်ဖြစ်သည်။

F-

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ဒေါ်အေးလှ (အယူခံတရားလို)

နှင့်

ကိုမောင်လှိုင် (အယူခံတရားခံ)*

† ၁၉၆၆ ဩဂုတ်လ ၇ ရက်။

မြို့ပြဆိုင်ရာဌာနီးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(ဇ)—ဥပစာအိမ်များ ဧဟာင်းနွမ်းယိုယွင်းခြင်း—အသစ် ပြန်လည်ဆောက်လုပ်ရန်အတွက် ရိုးဖြောင့်သော သဘောဖြင့် ရယူလိုခြင်း—ပြန်လည်ဆောက်လုပ်ရန် အိမ်ပုံစံဆွဲ၍ မြူနီစီပါလ်တွင် အခွင့်အမိန့်တောင်းခံခြင်း။

ဆုံးဖြတ်ချက်။ ။အိမ်ရှင်ဘဦးသည် မိမိငှါးရမ်းထားသော အိမ်ကို ပြန်လည်ဆောက်လုပ်ရန် အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုကြောင်း ပြသနိုင်မှသာ အိမ်ငှါးများအပေါ် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(ဇ) အရ ဒီကရီရနိုင်မည်ဖြစ်သည်။ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဆိုခြင်းမှာ လိမ်လည်လှည့်ဖြားခြင်း မဟုတ်သည့်အပြင်၊ ရယူလိုသည့် အကြောင်းလည်းရှိရန်လိုပေသည်။ အိမ်ရှင်အနေဖြင့် မိမိအိမ်ဟောင်းကို ဖျက်ပြီး အိမ်သစ်ကိုအမှန်တကယ် ဆောက်လုပ်ရန် ရည်ရွယ်ချက်ရှိလျှင် အိမ်ရှင်အနေဖြင့် အိမ်ပြန်ဆောက်ရန် ရိုးဖြောင့်သော သဘောရှိသည်ဟု ဆိုရပေမည်။

ဒေါ်သိန်းရွှေ နှင့် **အက်(စ်)၊အမ်၊ ချောက်ဒူရီ၊** ၁၉၆၃ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၁၅၉ ရည်ညွှန်းသည်။

အယူခံတရားလိုအနေဖြင့် အိမ်အသစ်ပြန်လည်ဆောက်လုပ်ရန် အိမ်ပုံစံဆွဲ၍ မြူနီစီပါလ်၏အခွင့်အမိန့်ကိုတောင်းခံပြီးဖြစ်သည်။ ပုံစံအရ အိမ်သစ်ဆောက်လုပ်ရန် အယူခံတရားလိုတွင် ငွေကြေးအင်အားရှိသည်။ သို့ဖြစ်ရာ အယူခံတရားလိုသည် အိမ်သစ်ဆောက်လုပ်ရန်အစား ရိုးဖြောင့်သော သဘောနှင့် ရယူလိုသည်ဟုလည်း ကောက်ယူရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ တီ၊ စီ တောရင်း။

အယူခံတရားခံအတွက်။ ။မစ္စတာ တီ၊ပီ၊ ဝမ်း။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၅၆။

† ၁၉၅၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ခ-၃၁၄ တွင် ရန်ကုန်မြို့၊ တရားမရုံး ရာဘက်တတိယတရားသူကြီး (အင်းစိန်ရုံးထိုင်) ရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၆

ဒေါ်အေးလှနှင့် ကိုမောင်လှိုင်။

တရားသူကြီး ဦးသက်ဖေ။ ။နှစ်ဘက် ပညာရှိရှေ့ နေကြီးများ၏ သဘော တူညီချက်အရ ဤအမှုကို ၁၉၆၅ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁ တို့နှင့်အတူ ကြားနာခဲ့သည့်အလျောက်၊ ဤစီရင်ချက်သည် ထိုအမှုများ၏ စီရင်ချက် ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်သည်။

အယူခံတရားလို ဒေါ်အေးလှသည် အင်းစိန်မြို့၊ကမာရွတ်၊သုခလမ်း၊အမှတ် ၁၉၆ ရှိ ဥပစာ၏ အိမ်ရှင်ဖြစ်သည်။ ထိုဥပစာတွင် အိမ်နှစ်ဆောင်ဌိရာ၊ တဆောင်၌ ၄ ခန်း ရှိပြီး၊ ကျန်တဆောင်တွင် ၂ ခန်းရှိသည်။ထိုအခန်းများ၌ အယူခံတရားခံ ၆ ဦးသည် အယူခံတရားလို၏ အိမ်ငှါးအဖြစ် နေထိုင်လျက် ရှိသည်။ အယူခံတရားလိုက ထို ဥပစာအိမ်များသည် ဟောင်းနွမ်း ယိုယွင်းနေသဖြင့် အသစ် ပြန်လည်ဆောက်လုပ် ရန်အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုရ၍၊ အယူခံ တရားခံတို့အား ဖယ်ရှားပေးရန် ရန်ကုန်မြို့ တရားမရုံးတွင် တရားစွဲဆိုရာအယူခံတရားခံ တို့က အခင်းဖြစ်ဥပစာမှာကောင်းမွန်ခိုင်ခန့်သေးသည့်အလျောက်၊အယူခံတရားလိုက အကြောင်းအားလျော်စွာ သဘောရိုးဖြင့် ရယူလိုသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း၊ ငှါးရမ်းခြင်းကို ရပ်စဲသည့် နို့တစ်စာမှာ တရားမဝင်ကြောင်း ထုချေကြသည်။

ပညာရှိ ရာဘက် တတိယတရားသူကြီးသည် နှစ်ဘက်အမှုသည်နှင့် သက်သေများကို ကြားနာပြီးနောက်၊ နို့တစ်စာမှာ တရားဥပဒေနှင့် ကိုက်ညီသော်လည်း၊ အယူခံ တရားလိုသည် ဥပစာကို အကြောင်းအားလျော်စွာ သဘောရိုးဖြင့် အိမ်သစ်ဆောက်ရန် ရယူလိုသည်ဟု မဆိုနိုင်ဟု အဆုံးအဖြတ်ပြုကာ အယူခံတရားလို၏ အမှုများအား ပလပ်ခဲ့၏။ ထိုကဲ့သို့ ပလပ်ခဲ့သော စီရင်ချက်နှင့် ဒီကရီတို့ကို မကျေနပ်သဖြင့် ဤအယူခံမှုများကို တင်သွင်းလာခြင်း ဖြစ်သည်။

အယူခံတရားခံတို့၏ ပညာရှိ ရှေ့နေကြီး ဦးတီ၊ပီ၊ဝမ်းက အောက်ရုံး၏ ဒီကရီများမှာ အယူခံဝင်နိုင်သော ဒီကရီများမဟုတ်၍ ဤအယူခံမှုများကို လက်မခံသင့်ကြောင်း တင်ပြလာ၏။ထိုတင်ပြချက်မှာ လုံးဝအနှစ်သာရမရှိသော တင်ပြချက်သာ ဖြစ်သည်။ ပညာရှိ ရှေ့နေကြီးသည် ယင်းဒီကရီမျိုးကို တရားရုံးချုပ်သို့ အယူခံဝင်နိုင်သည် ဆိုသည်ဟု ပြဋ္ဌာန်းထားသော ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေ၏ ပုဒ်မ ၁၈ ကို လေ့လာမိဟန် မတူ၍သာ ယခုကဲ့သို့ အခြေအမြစ်မရှိသော လျောက်လဲချက်ကို တင်ပြလာသည်ဟု ယူဆရမည်ဖြစ်သည်။

[အိမ်ရှင် တဦးသည် မိမိငှါးရမ်းထားသော အိမ်ကို ပြန်လည် ဆောက်လုပ်ရန် အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုကြောင်း ပြသနိုင်မှသာ အိမ်ငှါးများအပေါ် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂(၁) (c) အရ ဒီကရီရနိုင်မည်ဖြစ်သည်။] ထိုကဲ့သို့ အမှုများတွင်

အဓိက စဉ်းစားရမည့်အချက်မှာ အိမ်ရှင်သည် ငှါးရမ်းထားသောအိမ်ကို အသစ်ပြန်လည် ဆောက်လုပ်ရန် အကြောင်းအားလျော်စွာ ရှိဖြောင့်သော သဘောဖြင့် ရယူလိုခြင်း ဟုတ်-မဟုတ် ဆိုခြင်းပင်ဖြစ်၏။ (အကြောင်းအားလျော်စွာ ရှိဖြောင့်သောသဘောဖြင့် ရယူလိုသည်ဆိုခြင်းမှာ လိမ်လည်လှည့်ဖျား၍ မဟုတ်သည့်အပြင်၊ ရယူလိုသည့် အကြောင်းလည်း ရှိရန်လိုပေသည်။ အိမ်ရှင်အနေဖြင့် မိမိ၏အိမ်ဟောင်းကို ဖျက်ပြီး အိမ်သစ်ကို အမှန်တကယ်ဆောက်လုပ်ရန် ရည်ရွယ်ချက်ရှိလျှင် အိမ်ရှင်အနေဖြင့် အိမ်ပြန်ဆောက်ရန် ရှိဖြောင့်သောသဘောရှိသည်ဟု ဆိုရမည် ဖြစ်သည်။) ယင်းသို့ အိမ်ပြန်ဆောက်ရန် ရှိဖြောင့်သောသဘောရှိ၍ဖြင့် မပြီးသေးချေ။ အကယ်၍ ငှါးရမ်းထားသော အိမ်မှာ မကြာမီကမှ ဆောက်လုပ်ခဲ့သည့် အိမ်သစ်တဆောင်ဖြစ်နေပါက၊ ထိုအိမ်ကို ဖျက်ပြီး နောက်ထပ်ကြီးကျယ်ခမ်းနားသည့် အိမ်အသစ်ပြန်လည် ဆောက်လုပ်မည်ဆိုလျှင် အိမ်ရှင်အနေဖြင့် ငှါးရမ်းထားသော အိမ်ကို အကြောင်းအားလျော်စွာ ရယူလိုသည်ဟု ဆိုနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် အိမ်ရှင် တဦးသည် ငှါးရမ်းထားသောအိမ်ကို အမှန်တကယ်ဖျက်၍ အိမ်သစ်ဆောက်လုပ်ရန် ရည်ရွယ်ချက် ရှိရမည်ဖြစ်ပြီး၊ ထိုကဲ့သို့ အိမ်သစ်ဆောက်လုပ်ရန် အကြောင်းလည်း ရှိမှသာ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(ဇ)အရ အိမ်ငှါးများအပေါ် ဒီကရီရနိုင်မည်ဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍ ယခုအမှု၏အကြောင်းချင်းရာများနှင့် ထပ်တူထပ်မျှ တူညီသည့် **ဒေါ်သိန်းရွှေ နှင့် အက်(စ်)၊ အမ်၊ ချောက်ဒူရီ** (၁)တို့၏ အမှုကိုသာ ရည်ညွှန်းလိုပေသည်။ ထိုအမှုတွင် ငှါးရမ်းထားသော ဥပစာမှာ အနှစ်ပေါင်း ၃၀ ခန့်ကြာသည့်အိမ်ဖြစ်ရာ၊ အိမ်ရှင် အနေဖြင့် အိမ်အသစ်ဆောက်လုပ်ရန် သက်ဆိုင်ရာမြို့နီစီပါယ်အဖွဲ့၏ အခွင့်အမိန့်ကို ရထားပြီးဖြစ်သည့်အပြင်၊ အိမ်ရှင်သည် အိမ်အသစ်ဆောက်လုပ်ရန် ဓနအင်အားရှိသူ တဦးဖြစ်၍၊ အကြောင်းအားလျော်စွာ ရှိုးဖြောင့်သော သဘောဖြင့် ဥပစာကို ရယူလိုသည်ဟု ကောက်ယူရမည် ဖြစ်ကြောင်း ဆုံးဖြတ်ထားလေသည်။ ထိုစီရင်ထုံးမှာ တရားရုံးချုပ်၏ နှစ်ဦးထိုင်စီရင်ထုံးတခုဖြစ်၍ ကျန်ုပ်အနေဖြင့် လိုက်နာရမည့် တာဝန်ရှိပေသည်။

ဤအမှုတွင်အခင်းဖြစ် ဥပစာများမှာ နှစ်ပေါင်း ၂၀ ကျော်ခန့်ရှိသည့် အဆောက်အဦများဖြစ်ပြီး၊ အိမ်အိုများဖြစ်သည်ဟု အယူခံတရားခံတို့၏ သက်သေများ ဖြစ်ကြသည့် အမ်ဒါဝတ်နှင့် ဦးချစ်တင်တို့ကိုယ်တိုင်က ထွက်ဆိုထားကြသည်။ အယူခံတရားခံ မောင်လှိုင်က အမိုးမှ သွတ်ကို အုတ်ခဲနှင့် ဖိထားရကြောင်းဝန်ခံထားသည်။ အယူခံတရားခံ ကိုလောက အိမ်ပြင်ပေးရန် အယူခံတရားလိုအား ပြောဘူးကြောင်း

(၁) ၁၉၆၃ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၁၅၉။

၁၉၆၆ ဖေါ်အေးလှ နှင့် ကိုမောင်လှိုင်။

ဝန်ခံချက် ရှိနေသည်။ အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ် ကြည့်ရှုလျှင်၊ အခင်းဖြစ် ဥပစာသည် ဟောင်းနွမ်း ယိုယွင်းနေသည် ဆိုခြင်းမှာ ထင်ရှားသည်။ ထို့ကြောင့် အိမ်ရှင် အယူခံတရားလိုသည် ငှါးရမ်းထားသော အိမ်ကို ပြန်လည်ရယူရန် အကြောင်း ရှိသည်ဟု ယူဆရမည်ဖြစ်သည်။ ဦးချစ်တင်က ထိုဥပစာကို နောက်ထပ် ၁၀ နှစ်ခန့် နေထိုင်နိုင်သည်ဟု ဆိုကာမျှဖြင့် အိမ်ရှင်သည် အခင်းဖြစ် ဥပစာကို အကြောင်းအားလျော်စွာ ရယူလိုခြင်းမရှိဟု မဆိုနိုင်ပေ။

(အယူခံတရားလိုအနေဖြင့် အိမ်အသစ် ပြန်လည် ဆောက်လုပ်ရန် အိမ်ပုံစံဆွဲ၍ မြူနီစီပါယ်၏ အခွင့်အမိန့်ကို တောင်းခံပြီးဖြစ်သည်။ ပုံစံအရ အိမ်သစ်ဆောက်လုပ်ရန် အယူခံတရားလိုတွင်ငွေကြေးအင်အားရှိသည်)ဆိုခြင်းကိုအယူခံ တရားခံများအနေဖြင့် ငြင်းဆိုခဲ့ကြခြင်း မရှိပေ။ (သို့ဖြစ်ရာ အယူခံ တရားလိုသည် အိမ်သစ်ဆောက်လုပ်ရန် အတွက် ရိုးဖြောင့်သောသဘောနှင့် ရယူလိုသည်ဟုလည်းကောက်ယူရမည် ဖြစ်သည်) ။

အယူခံတရားခံတို့၏ ပံ့ပဲ့ရှိ ရှေ့နေကြီးက အယူခံတရားလို၏ အိမ်ပုံစံအရ လက်ရှိ အိမ်ငှါးများကို ပြန်လည်၍ အငှါးချထားနိုင်မည်မဟုတ်၍ အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောနှင့် ရယူလိုသည်ဟု မဆိုနိုင်ကြောင်း၊ ပုဒ်မ ၁၂(၁)(ဇ)အရ ဆိုလျှင်၊ အိမ်ငှါးများအား အိမ်သစ်ဆောက်လုပ်ပြီးလျှင် အိမ်ငှါးများအား ဥပစာကို ပြန်ပေးပါမည်ဟု ခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်ရာ၊ ပုံစံအရ အိမ်ဆောက်လုပ်မည်ဆိုလျှင် ထိုဝန်ခံချုပ်အတိုင်း ဆောင်ရွက်နိုင်မည် မဟုတ်၍ ဒီကရီ မချပေးနိုင်ကြောင်း ထပ်မံ တင်ပြလာ၏။

ပုဒ်မ ၁၂(၁) (ဇ)အရ အိမ်ငှါးများ ဖယ်ရှားပေးရမည့် ဥပစာမှာ လူနေအိမ် ဖြစ်လျှင် နောက်ထပ် အသစ် ဆောက်လုပ်ရမည့် ဥပစာလည်း လူနေအိမ် ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိ၊ ဥပဒေက အဆောက်အဦ ပြန်လည် ဆောက်လုပ်ရန်သာ ပြဋ္ဌာန်းထားသဖြင့် လူနေအိမ်သာမက၊ အခြားအဆောက်အဦမျိုးကိုလည်း ဆောက်လုပ်နိုင်ပေသည်။ လူနေအိမ် ဆောက်လျှင်လည်း မူလအိမ်အတိုင်း ပြန်လည် ဆောက်လုပ်ရန် မလိုပေ။ ဤကိစ္စနှင့်ပတ်သက်၍ **မိတ္ထ စားသုံးသူ သမဒါယမ အသင်း လိမိတက်နှင့် ကိုမူဆာ** (၂) တို့အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

> "မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ၁၂ (၁) (ဇ)တွင် အဆောက်အဦကိုသာ ဖေါ်ပြ၍ ပြုပြင်ဆောက်လုပ်ရာတွင် မည်သည့် အဆောက်အဦ ဖြစ်ရမည်ဟု ဖေါ်ပြထားခြင်း မရှိသည်မှာ ပေါ်လွင်သည်။ ထို့ကြောင့်

(၂) ၁၉၆၃ ခု၊ မြန်မာပြည် စီရင်ထုံး၊ ၈၁၈။

အိမ်ပုံစံတွင်အရောင်းအဝယ် အဆောက်အဦ ပြုလုပ်ရန် ပါကမျှဖြင့် အကြောင်းအားလျော်စွာ ရှိုးဖြောင့်သောသဘောဖြင့် ရယူလိုခြင်း မဟုတ်ဟူ၍ ဆုံးဖြတ်ရန် မသင့်ဟု ထင်မြင်သည်။"

အထက်ပါ အကြောင်းရပ်များကြောင့် အောက်ခုံးစီရင်ချက်နှင့် ဒီကရီတို့ကို ဖယ်ဖျက်ပြီး၊ အယူခံတရားလို စွဲဆိုသည့်အတိုင်း အယူခံတရားခံများအား အခင်းဖြစ် ဥပစာမှ ဖယ်ရှားပေးရန် ဒီကရီချမှတ်လိုက်သည်။ အယူခံတရားလိုသည် ဥပစာမှ အိမ်ငှါးများ ဖြစ်ကြသည့် အယူခံတရားခံတို့ပြောင်းရွှေ့ထွက်ခွါသွားပြီးနောက်၊ ကိုးလအတွင်း အိမ်အသစ်ကို ပြီးစီးအောင် ဆောက်လုပ်ပါမည်ဟု ၂,၀၀၀ ကျပ်တန် ခံဝန်တယောက်ဖြင့် ဝန်ခံချုပ် ချုပ်ဆိုရမည်။အယူခံတရားခံတို့သည် အယူခံတရားလို ၏ တရားစရိတ်များကို ကျခံရမည် ဖြစ်သည်။ရွှေနေစရိတ် တမူလျှင် ၁၇ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆ စက်တင်ဘာလ ၂၀ ရက်။

နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် (ဟသ်ဘတဘဏ်ခွဲ) (အယူခံတရားလို)

နှင့်

ဦးဆက် ပါ ၃ (အယူခံတရားခံ)*

အပေါင်ဒီကရီရရှိပြီး ဇာရီပြုလုပ်၍ အပေါင်ခံပစ္စည်းကို လေလံရောင်းချပြီးခြင်း—မပြေကျန်ရှိသော ငွေအတွက် (personal decree) တောင်းဆိုခြင်း—ခရိုင်တရားမရုံးမှ ချမှတ်သောအမိန့်ကို အယူခံဝင်ခွင့်ရှိ မရှိ—တရားမကျင့်ထုံး အမိန့် ၃၄-နည်းဥပဒေ ၃ (၄)—Personal decree အမိန့်ချမှတ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။အပေါင် ဒီကခိုရရှိပြီးနောက် ထိုအပေါင်ဒီကရီအရ ဇာရီပြုလုပ်၍ အပေါင်ခံပစ္စည်းကို လေလံပစ်ရာ၊ မူလအပေါင်ဒီကရီရငွေအတိုင်း မရရှိသဖြင့် မပြေကျန်ရှိသောငွေအတွက် (personal decree) ကို စရိတ်နှင့်တကွ ချမှတ်ပေးရန် လျှောက်ထားခြင်းကို ခရိုင်တရားမရုံးက ခွင့်မပြုနိုင်ကြောင်း အမိန့်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ အယူခံဝင်နိုင်သည်။ တရားမကျင့်ထုံးအမိန့် ၃၄၊ နည်းဥပဒေ ၃ (၄) နှင့်အညီ လေလံရောင်းချပြီး ၃ နှစ်ကြာမှ တရားနိုင်က တရားရှုံးမျှားအပေါ် ရရန်ရှိသည့်ကျန်ငွေအတွက် (personal decree) တောင်းဆိုခြင်းကို အမိန့်ချမှတ်ပေးနိုင်သည်။

အယူခံတရားလိုအတွက်။ ။ဦးဗကျမ်း။

အယူခံတရားခံအတွက်။ ။ဦးဘသန်း (၁)နှင့် ဦးဘကျော်။

တရားသူကြီး ဦးချစ်။ ။ဤအမှုတွင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် (ဟသ်ဘတဘဏ်ခွဲ)က၊ ဟသ်ဘတမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၁ ခုနှစ်၊

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၁၁။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် ဟသ်ဘတမြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲပါ ဒီကရီကိုအယူခံဝင်မှု။

တရားမကြီးမှုအမှတ် ၅ တွင်၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ချမှတ်သော အမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်လာခြင်းဖြစ်သည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာနှင့် ပတ်သက်၍ အောက်ရုံးစီရင်ချက်တွင် ပြည့်စုံစွာဖော်ပြထားပြီး ဖြစ်ရကား၊ ထပ်လောင်း၍ ဖော်ပြရန်မလိုပေ။ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် အယူခံတရားခံများ (မူလတရားခံများ) ဖြစ်ကြသော ဦးဆက်၊ ဒေါ်သန်းညွန့်၊ ဒေါ်ငွေရှင်(သေဆုံး) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်မာစိန်တို့အပေါ် တွင် အပေါင်ဒီကရီ ရပြီးဖြစ်သည်။ ထိုအပေါင်ဒီကရီအရ ဇာရီပြုလုပ်၍ ကြံခင်းမြို့ရှိ အပေါင်ခံတိုက်ကို တရားဝင် လေလံပစ်ရာ၌ လေလံဆွဲမည့်သူ မရှိသဖြင့် တရားနိုင် ဘဏ်ကပင်လျှင်ငွေ ၆,၀၀၀ ဖြင့် လေလံဆွဲယူပြီးဖြစ်သည်။ ထိုလေလံကိုလည်း အတည်ပြုပြီးဖြစ်သည်၊ တရားနိုင်ဘဏ်ကလည်း ရုံးတော်ကထုတ်ပေးသော အရောင်းလက်မှတ်ကို ရရှိပြီးဖြစ်သည်၊ သို့ရာတွင် မူလကအပေါင်ဒီကရီရငွေ အတိုင်း မရရှိပေ။ လေလံဆွဲသောငွေ ၆,၀၀၀ ကိုခုနှိမ်လျှင် ငွေပေါင်း ၃၄,၀၁၀၊ ၄၉ ပြား လျော့နည်းနေပေသည်။ ထို့ကြောင့် တရားနိုင်ဘဏ်က ထိုငွေအတွက် တရားရုံး များအပေါ်တွင် ပုဂ္ဂလိကဒီကရီ (Personal Decree) ကို တရားစရိတ်နှင့်တကွ ချမှတ်ပေးရန် လျှောက်ထားလေသည်။

ပညာရှိခရိုင်တရားမ တရားသူကြီးသည် ထိုလျှောက်လွှာနှင့် နှစ်ဘက်သောပညာရှိ ရှေ့နေကြီးများကို ကြားနာပြီး စဉ်းစားဝေဘန် သုံးသပ်ရာ၌ အချင်းဖြစ်တိုက်အိမ်ကို လေလံဖြင့်ရောင်းခြင်း ကိစ္စတွင် တရားဝင်သည်ဟု ယူဆပြီး၊ ထိုလေလံကို ပယ်ဖျက်မပေးနိုင်ဟု အမိန့်ချမှတ်ခဲ့လေသည်။ သို့ရာတွင် **ချန်မူး(လ်)** နှင့် **ဘန်ဘီဟာ** (၁) အမှုကို ကိုးကား၍ တရားနိုင်ဘဏ်သည် မပြေကျန်ရှိသော ငွေအတွက် (Personal Decree)တောင်းဆိုခြင်းကို ခွင့်မပြုနိုင်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

အယူခံတရားလို ပညာရှိရှေ့နေကြီး ဦးဗကျမ်းက၊ ပညာရှိ အောက်ရုံးတရားသူကြီး ချမှတ်သော အမိန့်ကို အယူခံဝင်နိုင်ပါသည်ဟု တင်ပြသွားသည်။ ယင်းကဲ့သို့ တင်ပြရာ၌ **ရတ္ထန်လာ(လ်)ဟာလာဂျီ** နှင့် **မောင့်စကဘာ** (၂) နှင့် **ရှာမူဂန် (ခေါ်) မူတူး ကာလုပန်** (၃) အမှုတို့ကို တင်ပြသွားသည်၊ ဤကိစ္စနှင့် အယူခံတရားခံများ၏ ပညာရှိ ရှေ့နေကြီးများ ဖြစ်ကြသော ဦးဘသန်း (၁)နှင့် ဦးဘကျော်တို့က အငြင်းမပွါးပါဟု ဝန်ခံသွားသည်။

---

(၁) အိုင်၊ အယ်(လ်)၊ အာ (ရ်)၊ ၁၉၂၃၊ အတွဲ ၅၁၊ ကာလကတ္တား၊ စာ ၇၁၈။

(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅၊ နဂပူ၊ စာ ၂၀၉။

(၃) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅၊ မဒရပ်၊ စာ ၄၂၅။

၁၉၆၆

နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် (ဟသာတဘဏ်ခွဲ) နှင့် ဦးဆက် ပါ ၃။

ဆက်လက်၍ ဦးဗကျမ်းက တင်ပြရာတွင် အောက်ရုံးပညာရှိ တရားသူကြီးသည် အမှုကို အမိန့်ချမှတ်ရာ၌ ဥပဒေနှင့် လျော်ညီစွာ မပြုလုပ်ပါ၊ တရားမကျင့်ထုံးအမိန့် ၃၄၊ နည်းဥပဒေ ၃ (၄)နှင့်အညီ မဆောင်ရွက်ခဲ့ပါ၊ ထိုဥပဒေပြဋ္ဌာန်းချက်မှာ ရုံးကမလုပ်မနေရဖြစ်ပါသည်။ ၎င်းပြင် အောက်ရုံးပညာရှိ တရားသူကြီး ကိုးကား သော စီရင်ထုံးကို တရားသူကြီးသည် တလဲ့အဓိပ္ပါယ်ကောက်ယူထားပါသည်၊ ထိုအမှု တွင် ဖြစ်ပျက်သော အကြောင်းခြင်းရာနှင့် ယခုအမှုတွင် ဖြစ်ပျက်သော အကြောင်း ခြင်းရာတို့မှာ တူညီမှုမရှိကြပါ။ ထို့ကြောင့် ထိုစီရင်ထုံးကို အကိုးအကားပြု၍၊ အယူခံ ငာရားလို၏ လျောက်ထားချက်ကို ခွင့်မပြုခြင်းမှာ မှားယွင်းပါသည်ဟု တင်ပြသွား သည်၊ အယူခံ တရားခံများ၏ ပညာရှိရှေ့နေကြီး ဦးဘကျော်က အချင်းဖြစ် အပေါင်ခံ သောတိုက်သည် ၄၀,၀၀၀ ကျော်တန်ပါသည်၊ ဘဏ်ကလည်း ၄၀,၀၀၀ ကျော် တန်ကြောင်း ရာဖြတ်ထားပါသည်။ ဘဏ်က ၆,၀၀၀ နှင့်ပြင်ဆင်ပြီး ရာဖြတ်ထားသည် ကို အယူခံ တရားခံများက မသိကြပါ၊ အချင်းဖြစ်တိုက်ကိုလေလံတင်ရန်ရုံးကကျေညာ သည်ကိုလည်း မသိကြပါ၊လေလံပစ်သည်ကိုလည်း မသိကြပါ၊ယခုအယူခံ တရားခံများ အပေါ် (Personal Decree) ရသိုကြောင်း ဘဏ်လျောက်ထားသော အခါမှသာ လျှင်သိပါသည်။ ထို့ကြောင့် ဤသို့တန်ဘိုးများစွာရှိသော တိုက်ကိုကျပ်ငွေ ၆,၀၀၀ တည်းဖြင့် လေလံဆွဲယူခြင်းမှာ မတရားပါသဖြင့် ပယ်ဖျက်ပေးပြီး၊ ဘဏ်ကလျောက် ထားသော (Personal Decree) ရလိုမှုကိုလည်း အရေးယူခွင့် မပြုသင့်ပါဟု လျောက်လဲသွားသည်။

ဤအမှုကို ကျန်ုပ်သည် အသေးစိတ် ဝေဘန်သုံးသပ်သည်၊ အယူခံတရားခံများက အချင်းဖြစ်တိုက်ကို နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ပေါင်နှံထားသည်မှာ အငြင်းမထွက်ပေ၊ အရင်းလည်းမပေး၊ အတိုးလည်း မပေးသဖြင့် ဘဏ်က အပေါင် ဒီကရီရလိုမှုဖြင့် တရားစွဲဆိုရာ၌၊ အယူခံတရားခံများသည် ရုံး၏သမ္မာန်စာ ရရှိသော် ငြားလည်း၊ ရုံးသို့လာရောက်၍ မထုချေသဖြင့် ရုံးကအမှုကို တဘက်သတ်ကြားနာပြီး၊ ပဏာမဒီကရီ ပေးလိုက်ပြီးနောက် ၆ လအတွင်း အယူခံတရားခံများက အပေါင်ဒီကရီ ကို ပေးဆပ်ခြင်း မရှိသောကြောင့်၊ ဘဏ်က နောက်ဆုံးပိတ် ဒီကရီရလိုကြောင်း တောင်းဆိုပြီးလျှင် ဇာရီမှူ ဖွင့်လေသည်၊ ထိုဇာရီမှူ၌ အပေါင်ခံထား သော တိုက်ကို လေလံတင် ရောင်းချရန်တောင်းဆိုသည်။ယင်းကဲ့သို့ နောက်ဆုံးပိတ် ဒီကရီတောင်းဆို သော အခါ၌သော်၎င်း၊ ဇာရီမှူ ဖွင့်သောအခါ၌သော်၎င်း၊ အယူခံ တရားခံများ ထံသို့ ရုံးက နို့တစ်ထုတ်သော်လည်း၊ အယူခံတရားခံများသည် ရုံးသို့လာရောက် ခြင်းမရှိကြပေ၊ ထို့နောက် တိုက်ကိုလေလံတင်၍ ရောင်းချရန် ကျေညာရာ၌သော်၎င်း၊ လေလံတင် ရောင်းချရာ၌သော်၎င်း၊ အယူခံ တရားခံတို့ဘက်မှ မည်သူတဦးတယောက်

မျှလာ၍ မပြောဆိုကြပေ၊ တိုက်ကိုလေလံတင် ရောင်းချပြီး ၃ နှစ်ကြာမှ တရားနိုင်ဘဏ်က တရားရုံးများအပေါ် ရရန်ရှိသည့် ကျန်ငွေအတွက် (Personal Decree) လျောက်ထား တောင်းဆိုမှသာလျှင် တရားရုံးများက လာရောက်ကန့်ကွက်ခြင်းဖြစ်သည်၊ ၎င်းပြင်ထိုတိုက်ကို ပေါင်နှံစဉ် အခါက ၎င်းတိုက်သည် ကမ်းနားနှင့်ဝေးပြီး အလွန်စည်ကားသော နေရာတွင်ဖြစ်၍ အနီးအနားတွင် စျေးများ၊ ဆိုင်များရှိသော ကြောင့်တန်ဘိုးထွက်လေသည်။ သို့ရာတွင် ကမ်းပါးပြိုသဖြင့် ထိုဒေသတွင် စျေးဆိုင်လည်းမရှိ၊ စည်ကားမှုလည်း မရှိတော့ဘဲ အခြားနေရာများသို့ ပြောင်းရွှေ့သွားရောက်နေရသဖြင့် ထိုဒေသတွင် ယခင်ကကဲ့သို့ စည်ကားခြင်းမရှိ၊ တန်ဘိုးလည်းမထွက်ဖြစ်နေသည်။အချင်းဖြစ်တိုက်သည်မြစ်နှင့်ဂိုက်ငါးဆယ်မျှသာလျှင် ဝေးသည်ဆိုသည်၊ ကမ်းပါးကလည်း တဖြည်းဖြည်း ပြိုလာသဖြင့် တိုက်၏တန်ဘိုးမှာ ယုတ်လျော့သွားသည်၊ ထို့ကြောင့်ပင်လျှင် ဘဏ်ကပြင်ဆင်၍ ရာဖြတ်ရာတွင် ထိုတိုက်ကိုငွေ ၆,၀၀၀ လောက်ပင် တန်သည်ဟု ဖြတ်ဆိုထားသည်၊ တိုက်ကိုလေလံပစ်ရာ၌ အမှုတွဲရှိဘီးလစ်အစီရင်ခံစာအရ၊ ဆွဲမည့်သူများရှိသော်ငြားလည်း ငွေ ၆,၀၀၀ အထိ တက်မပေးကြပေ၊ ဘဏ်ကရုံး၏ ခွင့်ပြုချက်ကိုယူ၍ လေလံကိုဆွဲရာ၌ သူများမပေးသောငွေ ၆,၀၀၀ အထိတက်၍ပေးပြီး လေလံဆွဲယူထားလေသည်၊ ထိုတိုက်ကို လေလံဆွဲယူပြီးနောက်၊ ဘဏ်ကမြို့ပေါ်ရှိ ငွေကြေး တတ်နိုင်သူများအား လိုက်လံရောင်းရာ၌ ဝယ်မည့်သူ မည်သူမျှမရှိပေ၊ ဖေါ်ပြခဲ့ပြီးသော တရားမကျင့်ထုံးအမိန့် နည်းဥပဒေများအရဆိုလျှင် ကျန်ရှိသောငွေအတွက်ရုံးက (Personal Decree) ချပေးရမည်ဟုအတိအလင်း ဖေါ်ပြထားသည်၊ ယခုအမှုတွင် ချန်မူး(လ်)(၁) အမှု၌ ချမှတ်သော သဘောတရားများကို အောက်ရုံးပညာရှိ တရားသူကြီးက လွဲမှားပြီး အဓိပ္ပါယ်ကောက်ယူထားသဖြင့် ၎င်း၏ အကြောင်းပြချက်ကို ကျွန်ုပ် လက်မခံနိုင်ပေ။

အထက်ဖေါ်ပြပါအကြောင်းများကြောင့် အောက်ရုံး တရားသူကြီး ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို ကျွန်ုပ်အတည်ပြု လက်မခံနိုင်သောကြောင့် ထိုအမိန့်ကို စရိတ်နှင့်တကွ ပယ်လိုက်သည်၊ ရွှေနေစရိတ် ၃၄ သတ်မှတ်သည်။

၁၉၆၆ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် (ဟံသာဝတီဘဏ်ခွဲ) နှင့် ဦးဆက် ပါ ၃။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

မောင်မိုး (ခ၀ါ) မောင်သိန်း (အယူခံတရားခံ)*

† ၁၉၆၆ အောက်တို ဘာလ ၂၁ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရမှုပြစ်ထင်ရှား ခံရင်ခြင်း—အုပ်ထိန်းသူထံမှ ခိုးယူသည့် မိန်းကလေးသည် ၁၆ နှစ်အောက်ဖြစ် မဖြစ်—အုပ်ထိန်းသူ သဘောမတူခြင်း— မိန်းကလေးသည် အသက် ၁၆ နှစ်ကျော်ပြီဟု သဘောရှိနှင့် ယုံကြည်ခြင်း —ယုံကြည်ချက်ကို အကာအကွယ် ယူနိုင် မယူနိုင်—မိန်းကလေး၏အသက်သည် ၁၆ နှစ်အောက် ဖြစ်သည်ဟု ထင်ရှားအောင် ပြသရန်တာဝန်။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရအပြစ်ဒဏ်ထိုက်သောလူခိုးမှုတွင်၊ အဓိက အရေးကြီးသည့်အချက်မှာ အုပ်ထိန်းသူထံမှ ခိုးယူသည့် မိန်းကလေးသည် အသက် ၁၆ နှစ် အောက်ဖြစ်ရန်လိုပေသည်။ အသက် ၁၆ နှစ်အောက် မိန်းကလေးဘဦးကို ၎င်း၏သဘော တူညီချက်အရပင် ခိုးယူခဲ့စေကာမူ၊ အုပ်ထိန်းသူကသဘောမတူဟုယူဆ၍ ထိုသို့ ခိုးယူသောသူသည် ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရအပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်ဖြစ်သည်။ ၎င်းပြင် ခိုးယူသူက မိန်းကလေးသည် အသက် ၁၆ နှစ်ကျော်ပြီဟု သဘောရှိနှင့် ယုံကြည်ခဲ့စေကာမူ မိန်းကလေး၏ အသက်မှာ အမှန်တကယ် ၁၆နှစ်အောက် ဖြစ်နေပါက ထိုသို့ ခိုးယူသူသည် မိမိယုံကြည်ချက်ကို အကာအကွယ် မယူနိုင်ခေါ်။ ထိုပုဒ်မအရ အဓိကစဉ်းစားရမည့် ပြဿနာမှာ မိန်းကလေး၏ အသက်ဖြစ်သည့်အလျောက် ခိုးယူသည်ဆိုသော မိန်းကလေး၏ အသက်သည် ၁၆ နှစ်အောက် ဖြစ်သည်ဟု ထင်ရှားအောင် ပြသရန် တာဝန်မှာ တရားလိုအပေါ်တွင် ကျရောက်နေပေသည်။

အယူခံတရားလိုအတွက်။ ။အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

အယူခံတရားခံအတွက်။ ။ဒေါက်တာ မောင်ဖြူး။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံမောင်မိုး (ခ၀ါ)မောင်သိန်းအား အသွယ်မရောက်သေးသည့် မိန်းကလေးတဦးအား အုပ်ထိန်းသူထံမှ ခိုးယူပေါင်းသင်း

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၃၆။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၈၄ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် နေ့စွဲပါ၊ တောင်ငူမြို့၊ မြို့မရာဇဝတ် (ထူး) တရားသူကြီး၏အမိန့်ကိုအယူခံမှု။

ခဲ့သည်ဆိုကာ၊ တောင်ငူမြို့၊ မြို့မရာဇဝတ်တရားသူကြီးချုံးတွင် ရာဇသတ်ပုဒ်မ ၃၆၃/၃၆၆/၃၇၆ အရတရားစွဲဆိုရာ၊ပညာရှိမြို့မ ရာဇဝတ်တသရားသူကြီးသည် အယူခံတရားခံအပေါ် ရာဇသတ်ပုဒ်မ ၃၆၃ အရဒဏ်ချက်တင်ပြီးနောက်၊ တရားသေလွတ်ခဲ့သည်။ ထိုသို့ တရားသေလွတ်သောအမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်သောအမှုဖြစ်သည်။

အယူခံတရားခံသည် တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ညောင်ပင်ကြီးရွာသား တယောက်ဖြစ်သည်။ ၎င်းသည်ကလေးသုံးယောက်ဖခင်ဖြစ်ပြီး မယားကြီးရှိသူဖြစ်သည်။ ၎င်း၏အိမ်မှာ မလှငွေ (လိုပြ ၁) ၏အိမ်နှင့်ကပ်လျက်ဖြစ်သည်။ လွန်ခဲ့သည့် ၁၃၂၅ ခုနှစ်၊တန်းခူးလဆန်း ၃ ရက် (၁၉၆၄ ခုမတ်လ ၁၅ ရက်)နေ့ည ဂ နာရီခန့်အချိန် တွင်ဗေဒင်ဆရာ ဦးရွှေဗျိုင်း (လိုပြ ၁၁) သည်မလှငွေ၏ အိမ်သို့အလည်လာရင်း၊ ကိုစစ်အောင် (လိုပြ ၁၀) နှင့်ကိုစိန်လှိုင်တို့အား ဗေဒင်ဟောသဖြင့်၊ မလှငွေနှင့် အခြားအိမ်သားများသည်ဗေဒင်ဟောရာ၌အာရုံစူးစိုက်**နေခိုက်**၊မလှငွေ၏သမီးအလတ် မကြည်အေး (လိုပြ ၂) သည်အိမ်မှပျောက်သွား၏။ မလှငွေသည်၊ ကိုစစ်အောင်၊ ကိုစိန်လှိုင်၊ ကိုကုလားတို့နှင့် အနီးအနားတဝိုက်တွင် လိုက်လံရှာဖွေသော်လည်းမတွေ့ချေ။ ၁၉၆၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် မကြည်အေး**၏ပထွေး** ဦးကြီးညိုနှင့် ရဲအရာရှိတို့သည် အယူခံတရားခံနှင့် မကြည်အေးတို့အားညောင်ကြပ်ရွာရှိ ကိုအောင်သန်း၏အိမ်တွင်တွေ့ရှိသဖြင့်၊ အယူခံတရားခံအား ရဲအရာရှိများက တမ်းဆီးလိုက်၏။

မကြည်အေးက ၎င်းသည်အခင်းဖြစ်သည့်ညကအိမ်သာတက်ပြီးအဆင်းတွင် အယူခံတရားခံက ဓါးပြု၍ ပါးစပ်ပိတ်ကာဆွဲခေါ်သွားကြောင်း၊ ည ၉ နာရီခန့်အချိန်တွင် ခပေါင်းရွာ ဇေယျာဆန်စက်ရှိ မည်မြ၏အိမ်သို့ရောက်၍ လူမရှိသောအလယ်ခန်းတွင် အိပ်ရကြောင်း၊ ထိုညကအယူခံတရားခံကသားမယားအဖြစ် တကြိမ်ပြုကျင့်ကြောင်း၊ နောက်နေ့တွင် ညောင်ကြပ်ရွာသို့ မော်တော်ကားဖြင့်ခေါ်သွားပြီး ကိုအောင်သန်းအိမ်တွင်ထားကြောင်း၊ ဥယျာဉ်တော်ရွာသူကြီး ဦးဘတင့်ထံ၌ အယူခံတရားခံကို ကြိုက်၍လိုက်လာခဲ့သည်ဟု အပြောခိုင်းသဖြင့် ပြေခဲ့ရကြောင်း၊ ညောင်ကြပ်ရွာတွင်ရှိနေခိုက် အယူခံတရားခံက သားမယားအဖြစ် နှစ်ကြိမ် ပြုကျင့်ခဲ့သေးကြောင်း ထွက်ဆိုခဲ့လေသည်။

မကြည်အေးအား ၁၉၆၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့၌ တောင်ငူမြို့ ပြည်သူ့ဆေးရုံသို့ပို့၍ ဆရာဝန်ဦးမောင်မောင်ကလေး (လိုပြ ၁၆) ကစစ်ဆေးကြည့်ရှုပြီး၊ မကြည်အေး၏အသက်မှာ ၁၃ နှစ်မှ ၁၄ နှစ်အတွင်း ရှိသည်ဟုထင်မြင်ချက်ပေးခဲ့၏။ မကြည်အေး၏မွေးလမ်းကြောင်းမှ အရည်ကို ဓါတုဗေဒ ဆရာဝန်ထံသို့ စစ်ဆေးရန် ပေးပို့ရာ၊ ယောကျ်ား သုတ်သွေးပိုးသော်၎င်း၊ ဂနိုပိုးသော်၎င်း မတွေ့ရချေ။

ဘုရင်

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်မိုး (ခေါ်) မောင်သိန်း။

မကြည်အေး၏ကညာမှေးတွင် အမာရွတ်ဟောင်းတွေ့ရသော်လည်း လပ်ဆပ်သည့် ပုန်းပုံခြင်း မတွေ့ရခေ။

အယူခံတရားခံက မိမိနှင့်မကြည်အေးတို့သည် အခင်းမဖြစ်မီ ၅ နှစ်ခန့်ကစ၍ ချစ်ကြိုက်ခဲ့ကြောင်း၊ အခင်းဖြစ်ညက မကြည်အေးသည် မိမိထံသို့ အဝတ်အစားများ နှင့်ရောက်လာပြီး ၎င်းအား ခိုးရန်ပြောကြောင်း၊ မိမိကမဖြစ်နိုင်သေးကြောင်းပြောရာ၊ မကြည်အေးကမခိုးလျှင်သတ်သေမည်ဟုပြော၍ခေါ် သွားရခြင်းဖြစ်ကြောင်း၊ မကြည်အေးက အသက် ၁၆ နှစ်ကျော်ပြီဟုပြော၍ အသက် ၁၆ နှစ်ကျော်ပြီဟု မိမိနားလည်ခဲ့ကြောင်းထုချေသည်။

ပညာရှိ မြို့မရာဇဝတ်တရားသူကြီးက အယူခံတရားခံသည် မကြည်အေးအား မကြည်အေး၏ သဘောတူညီချက်အရ ခိုးယူပေါင်းသင်းခြင်းသာ ဖြစ်ကြောင်း၊ မကြည်အေးသည် အသက် ၁၆ နှစ်အောက် မိန်းကလေးတယောက်ဖြစ်သည်ဆိုသော အချက်မှာ မထင်ရှားကြောင်း ကောက်ယူကာ အယူခံတရားခံအား တရားသေလွှတ်ခဲ့ခြင်းဖြစ်လေသည်။

ရာဇသတ်ပုဒ်မ ၃၆၃ အရအပြစ်ဒဏ်ထိုက်သောလူခိုးမှုတွင်အဓိကအရေးကြီးသည့် အချက်မှာ အုပ်ထိန်းသူထံမှ ခိုးယူသည့် မိန်းကလေးသည် အသက် ၁၆ နှစ် အောက်ဖြစ်ရန်လိုပေသည်။ အသက် ၁၆ နှစ်အောက်မိန်းကလေးတဦးကို ၎င်း၏သဘောတူညီချက်အရပင်ခိုးယူခဲ့စေကာမူ၊ အုပ်ထိန်းသူက သဘောမတူလျှင် ထိုသို့ခိုးယူသောသူသည် ရာဇသတ်ပုဒ်မ ၃၆၃ အရအပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်ဖြစ်သည်။ ၎င်းပြင်ခိုးယူသူက မိန်းကလေးသည်အသက် ၁၆ နှစ်ကျော်ပြီဟု သဘောရှိုးနှင့် ယုံကြည်ခဲ့စေကာမူ မိန်းကလေး၏အသက်မှာ အမှန်တကယ် ၁၆ နှစ်အောက်ဖြစ်နေပါက ထိုသို့ခိုးယူသူသည် မိမိယုံကြည်ချက်ကိုအကာအကွယ်မယူနိုင်ချေ။ ထိုပုဒ်မအရ အဓိကစဉ်းစားရမည့် ပြဿနာမှာ မိန်းကလေး၏ အသက်ဖြစ်သည့်အလျောက် ခိုးယူသည်ဆိုသော မိန်းကလေး၏အသက်သည် ၁၆ နှစ်အောက်ဖြစ်သည်ဟုထင်ရှားအောင် ပြသရန်တာဝန်မှာ တရားလိုအပေါ်တွင် ကျရောက်နေပေသည်။ ထိုကဲ့သို့ကျရောက်ခဲ့သောတာဝန်ကို တရားလိုအနေဖြင့် ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့ခြင်းရှိ မရှိ ဆိုသောအချက်ကို ဆန်းစစ်ရန်လိုပေသည်။

မအေးကြည်၏အသက်နှင့်ပတ်သက်၍ ၎င်း၏အဘိုးဖြစ်သူ ဦးစံရင် (လိုပြ ၃)က ၎င်း၏မှတ်စု စာအုပ်တွင်ရေးမှတ်ထားသည့် ရက်ချုပ်ကိုတင်ပြခဲ့၏။ ထိုရက်ချုပ်အရဆိုလျှင် မကြည်အေးသည် ၁၃၁၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် အင်္ဂါနေ့ နံနက် ၈ နာရီအချိန်တွင် မွေးဖွါးခဲ့သည်ဟုအဆိုရှိသည်။ မိခင်ဖြစ်သူမလှဌေကလည်း ထိုနေ့ထိုရက်တွင် မွေးဖွါးကြောင်းထွက်ဆိုခဲ့၏။ ထိုနေ့ကိုနှစ်တရာ ပြက္ခဒိန်စာအုပ်နှင့်

တိုက်ဆိုင်ကြည့်ရာ၊ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စနေနေ့ဖြစ်နေသည်ကို တွေ့ရှိသဖြင့် အင်္ဂါနေ့တွင် ဖွါးမြင်သည်ဆိုသော မလှငွေ၏ထွက်ချက်၊ ဦးစံရင်၏ရက်ချုပ်တို့နှင့် ကွဲလွဲနေလေသည်။

မကြည်အေးသည် ညောင်ပင်ကြီးရွာ မူလတန်းကျောင်း၌ ပညာသင်ကြားဘူးသဖြင့်၊ ကျောင်းမှတ်တမ်းမှတ်ပုံတင်စာအုပ်ကိုကျောင်းဆရာဦးထွန်းအေး (လိုပြ-၁၄) ကတင်ပြရာ၊ မကြည်အေး၏မွေးနေ့သက္ကရာဇ်ကို ၁၃၁၂ ခုနှစ်၊ ဝါခေါင်လဆန်း ဂ ရက် (၁၉၅၀ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်) နေ့ဟု ရေးမှတ်ထားသည်ကို တွေ့ရပြန်သည်။ ထိုမွေးနေ့ကို နှစ်တရာပြက္ခဒိန်စာအုပ်တွင် ကြည့်ရှုရာ တနလ်္ဂာနေ့တွင်ကျရောက်နေသဖြင့်၊ မကြည်အေးသည် အင်္ဂါသမီးဖြစ်သည်ဆိုသော အချက်နှင့်ကွဲလွဲနေပြန်သည်။ ထို့ပြင်အမျိုးသားမှတ်ပုံတင်ဌာနမှပြုစုသည့် အိမ်ထောင်စုစာရင်းတွင် မကြည်အေး၏မွေးနှစ်ကို ၁၃၁၁ ခုနှစ်ဟု ဖော်ပြထားသဖြင့်၊ ၎င်း၏မွေးနေ့သက္ကရာဇ်မှာ အမျိုးမျိုးအဖုံဖုံကွဲလွဲနေသည်ကို တွေ့မြင်နိုင်ပေသည်။

ထိုအချက်နှင့်ပတ်သက်၍ မကြည်အေး၏ဘခင် မောင်ပု၏အဒေါ်ဖြစ်သူ ဒေါ်ဝ (ခံပြ-၂) နှင့်မလှငွေ၏ ၃ ဝမ်းကွဲအစ်မ ဒေါ်သိန်းတင် (ခံပြ-၃) တို့ကမောင်ပုသည် ညောင်ပင်ကြီးရွာ၌ ဝမ်းဆွေဝါအကြီးအကျယ်ဖြစ်ပွါးသည့် ၁၃၁၀ ခုနှစ်တွင် ဝမ်းဆွေဝါနှင့်သေဆုံးသွားကြောင်း၊ ထိုစဉ်ကမကြည်အေးမှာ မတ်တတ်ပြေးကာစ အခါလည်အရွယ်လောက် ရှိနေပြီဖြစ်ကြောင်း ထွက်ဆိုသွားကြသဖြင့်၊ မကြည်အေးသည် ၁၃၁၀ ခုနှစ်မတိုင်မီ မွေးဖွါးခဲ့သည်ဟုယူဆရန်အကြောင်း ပေါ်ပေါက်နေ၏။ မလှငွေကိုယ်တိုင်ကလည်းမကြည်အေး၏ဘခင်မောင်ပုသေဆုံးစဉ်အချိန်၌၊ မကြည်အေးသည် ၆ လအရွယ်ရှိပြီဖြစ်ကြောင်း ဝန်ခံထားရသည်။ ထို့ပြင်မူလတန်းကျောင်း မှတ်ပုံတင်စာအုပ်၌ မကြည်အေးအားကျောင်းလက်ခံသောနေ့မှာ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ဟုဖော်ပြထားရာ သာမန်အားဖြင့် ကလေးသူငယ်တဦးအား အသက် ၆ နှစ်ပြည့်ပြီးမှ ကျောင်းတွင်လက်ခံသည့်အလျောက်၊ ထိုကဲ့သို့လက်ခံသောနေ့တွင် အသက် ၆ နှစ်ပြည့်ပြီးဖြစ်သည်ဟု ယူဆဘွယ်ရာအကြောင်း ပေါ်ပေါက်နေလေသည်။ ယင်းသို့ယူဆလျှင် မကြည်အေးသည် ၁၉၆၄ ခုနှစ်တွင် အသက် ၁၃ နှစ်ပြည့်ပြီးဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

ဆရာဝန်ဦးမောင်မောင်လေးက မကြည်အေး၏အသက်မှာ ၁၃ နှစ်နှင့် ၁၄ နှစ်ကြားတွင်ရှိသည်ဟုထင်မြင်ချက်ပေးထား၏။ သို့ရာတွင် ဦးမောင်မောင်လေးကိုယ်တိုင်ကအသက်ကိုအမြင်အားဖြင့် ခန့်မှန်းရခြင်းဖြစ်၍ တိကျမှန်ကန်ခြင်းမရှိကြောင်း ဝန်ခံထားသဖြင့် ၎င်း၏ထင်မြင်ချက်မှာ ကေန်မုချမှန်ကန်ရမည်ဟု မဆိုသာချေ။ အပို်း

ဆက်စပ်မှုရှိ မရှိဆိုခြင်းနှင့်ပတ်သက်၍ ဓါတ်မှန်ရိုက်ယူခဲ့ခြင်းလည်း မရှိသောကြောင့် ၎င်း၏ထင်မြင်ချက်မှာ သာ၍ပင် တိကျမှန်ကန်မှုမရှိနိုင်ကြောင်း ထင်ရှားသည်။

အထက်ပါသက်သေအထောက်အထားများကို ခြုံ၍ကြည့်လျှင်၊ ယခုအမှု၌ ခိုးယူခြင်းခံရသည့် မကြည်အေး၏အသက်မှာ ၁၆ နှစ်အောက်ဖြစ်ကြောင်းခိုင်လုံခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။ ရက်ချုပ်တွင်တမျိုး၊ ကျောင်းမှတ်ပုံတွင်တဖုံ၊ အိမ်ထောင်စုစာရင်း၌တခြား၊ အမျိုးမျိုးကွဲလွဲနေသည်သာမက၊ အင်္ဂါနေ၌မွေးဖွါးခဲ့သည်ဆိုသော မကြည်အေးမှာ ရက်ချုပ်အရ၊ စနေနေ့တွင်ငင်း၊ ကျောင်းမှတ်ပုံတင်အရ တနလ်ာနေ့တွင်ငင်းမွေးဖွါးကြောင်းပေါ် ပေါက်နေသောကြောင့်၊ မကြည်အေး၏အသက်နှင့် ပတ်သက်၍ လိမ်လည်ခဲ့ကြောင်း ပေါ် လွင်နေလေသည်။ ထိုကဲ့သို့အခြေအနေတွင် တရားလိုအနေဖြင့် ၎င်းအပေါ် ကျရောက်ခဲ့သော တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဟု ဆုံးဖြတ်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ မကြည်အေးသည် အယူခံတရားခံကခိုးယူသွားစဉ်အခါ၌ အသက် ၁၆ နှစ်အောက်မဟုတ်ဟု ဆုံးဖြတ်ထားသော အောက်ရုံး၏ကောက်ယူချက်မှာ အလွန်မှားယွင်းချတ်ချေါနေသည်ဟု မဆိုသာပေ။

ထိုပြင်ရာဇဝတ်မှုများ၌ တရားခံအား တရားသေလွတ်သဖြင့် အယူခံငင်သောအခါ အယူခံရုံးအနေဖြင့် အောက်ရုံးသက်သေထွက်ချက်များကို ပြန်လည်သုံးသပ်နိုင်သော်လည်း၊ သက်သေတို့အား ယုံကြည်ထိုက် မယုံကြည်ထိုက်ဆိုသော ကိစ္စနှင့်ပတ်သက်၍၊ အောက်ရုံးတရားသူကြီး၏ထင်မြင်ချက်၊အပြစ်ရှိကြောင်းထင်ရှားအောင်မပြနိုင်သရွေ့၊ တရားခံသည်အမြဲမရှိဟုကောက်ယူရမည်။ ကနဦးယူဆချက်မှာ တရားသေလွတ်သည့် အမိန့်ကိုမှိုခိုင်မြဲ နေစေသည်ဆိုခြင်း၊ သံသယအကျိုးကိုတရားခံသာခံစားခွင့်ရှိခြင်းနှင့် သက်သေများအား ကိုယ်တိုင်တွေ့မြင်ခဲ့ရသည့် အောက်ရုံးတရားသူကြီး၏ အကြောင်းခြင်းရာဆုံးဖြတ်ချက်ကို အယူခံရုံးအနေနှင့်လွှယ်လင့်တကူပယ်ဖျက်ခြင်း မပြုရဆိုသော အချက်ကြီးလေးချက်ကိုမျက်ခြေမပြတ်သင့်ပေ။ သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ရာ၌၊ အယူခံရုံးသည် မူလရုံးနှင့် သဘောကွဲလွဲရုံမျှဖြင့် မူလရုံး၏အမိန့်ကို ပယ်ဖျက်ရန် အကြောင်းမလုံလောက်ပေ၊ ဝင်ရောက်ဖက်စွက်ရန် လုံလောက်သော အကြောင်းများရှိရန် လိုပေသည်။

ယခုအမှုတွင် ခိုးယူခြင်းခံရသည့် မိန်းကလေးဖြစ်သူ မကြည်အေး၏အသက်မှာ ၁၆ နှစ်အောက်ဖြစ်သည်ဟုသံသယကင်းရှင်းသောသက်သေအထောက်အထား တင်ပြခဲ့ခြင်းမရှိသည့်အလျောက်၊ အောက်ရုံး၏အမိန့်ကို ဝင်ရောက်ဖက်စွက်ရန် လုံလောက်သည့်အကြောင်းများရှိနေသည်ဟု မဆိုနိုင်ပေ။

အထက်ပါ အကြောင်းရပ်များကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရှေတွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (အလုပ်သမား ဥပဒေ စစ်ဆေးရေးအရာရှိ ဦးခင်မောင်အေး) (ပြင်ဆင်ရန်လျှောက်ထားသူ)
နှင့်
ဦးစိန်ဒိုင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

† ၁၉၆၆ အောက်တိုဘာ လ ၂၈ ရက်။

၁၉၂၉ ခုနှစ်၊ ဝါကီင္ဘပဋိပက္ခ အက်ဥပဒေပုဒ်မ ၇(၅)အရ မူပြစ်ထင်ရှားစီရင်ခြင်း—၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၂ အရ ဝါကီင္ဘပဋိပက္ခအက်ဥပဒေသည် နည်းဥပဒေဖြစ်လာခြင်း—ဝါကီင္ဘပဋိပက္ခ အက်ဥပဒေ အရ စွဲချက်တင်ထားခြင်းမှာ မှန် မမှန်။

ဆုံးဖြတ်ချက်။ ။၁၉၂၉ ခုနှစ်၊ ဝါကီင္ဘပဋိပက္ခအက်ဥပဒေသည်၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၂ အရ၊ နည်းဥပဒေဖြစ်လာလေသည်။ ဝါကီင္ဘပဋိပက္ခအက်ဥပဒေအရ စွဲချက်တင်ထားခြင်းမှာ မှားယွင်းလေသည်။ ဥပဒေနှင့် ကိုက်ညီသည့် စွဲချက်မှာ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁(ခ)အရဖြစ်ရပေမည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဦးစိန်ဒိုင် ကိုယ်တိုင်။

တရားသူကြီး ဦးချစ်။ ။ပြည်မြို့၊ (၂)ရာဘက် ရာဇဝတ်တရားသူကြီး (အထူး) ရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀ တွင် လျှောက်ထားခံရသူ (တရားခံ) ဦးစိန်ဒိုင်အပေါ် ၁၉၂၉ ခုနှစ်၊ ဝါကီင္ဘပဋိပက္ခအက်ဥပဒေ ပုဒ်မ ၇ (၅) အရ၊ မြစ်ဖက်

ထိုကဲ့သို့ချမှတ်သောအမိန့်မှာ ဥပဒေအရ မှားယွင်းနေပါသဖြင့် ပြင်ဆင်ပေးပါရန် ပြည်မြို့၊ စက်ရှင်တရားသူကြီးရုံး ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၇ တွင်၊ ပြည်မြို့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိ ဦးခင်မောင်အေးက၊ ပြင်ဆင်လွှာတို့ တင်သွင်းလေသည်။

ပညာရှိ စက်ရှင်တရားသူကြီးက ဤအမှုမှာ ၁၉၂၉ ခုနှစ်၊ ဝါဏိဇ္ဇ ပဋိပက္ခအက် ဥပဒေပုဒ်မ ၇ (၅)အရ၊ စစ်ဆေးသုံးသပ်ထားပြီး ထိုပုဒ်မအရ လျှောက်ထားခံရသူ အပေါ် စွဲချက်ပြုလုပ်၍ ယင်းပုဒ်မအရ ပြစ်မှုမြောက်သည်ကို တွေ့ရှိရပြီး ပြစ်ဒဏ် ချမှတ်ခြင်းမှာ မှားယွင်းပါသည်။ ထိုအက်ဥပဒေသည် ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၂ အရ၊ နည်းဥပဒေအဖြစ် မှတ်ယူရပါမည်။ ထိုဥပဒေသည် ၁၉၆၄ ခုနှစ်၊ မေလ ၁ ရက်နေ့ကမှစ၍ အာဏာတည်လာသော ဥပဒေ ဖြစ်ပါသည်။ လျှောက်ထားခံရသူ ကျူးလွန်သော ပြစ်မှုမှာ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က ဖြစ်ပါသဖြင့် ထိုဥပဒေတွင် အကျုံးဝင်ပါသည်။ ထို့ကြောင့် အောက်ရုံးက ဝါဏိဇ္ဇပဋိပက္ခ အက် ဥပဒေပုဒ်မ ၇ (၅)အရ၊ စွဲချက်တင်ပြီး၊ ၎င်းအက်ဥပဒေအရ အပြစ်ပေးလိုက်ခြင်းမှာ မှားယွင်းပါသည်၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ)အရ၊ လျှောက်ထား ခံရသူအပေါ် ပြစ်ဒဏ် ချမှတ်ရမည် ဖြစ်ပါသောကြောင့် ဤရုံးက ဥပဒေနှင့် ကိုက်ညီသည့် သင့်လျော်သောအပြစ်ဒဏ် ပြင်ဆင်ပေးပါရန် ပညာရှိ စက်ရှင်တရားသူကြီးက ထောက်ခံတင်ဆက်လေသည်။

လျှောက်ထား ခံရသူ ဦးစိန်ဒိုင်သည်၊ မိမိစက်တွင် လုပ်ကိုင်နေကြသော အလုပ်သမား ၃၃ ဦးကို အများပြည်သူပိတ်ရက်နှင့် လုပ်သက်ခွင့်ရက်အတွက် ငွေ ၃,၃၀၀ ပေးရန်ရှိကြောင်း အငြင်းမထွက်၊ ထိုကဲ့သို့ အလုပ်သမားများအား ပေးရန်ရှိသော ငွေကို သက်ဆိုင်ရာတို့က ဦးစိန်ဒိုင်အား အကြိမ်ကြိမ် ရက်ချိန်းပေးခဲ့သော်လည်း ပျက်ကွက်သဖြင့် ၎င်းအပေါ် ပြည်မြို့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိ ဦးခင်မောင်အေးက မူလရုံးတွင် တရားစွဲဆိုခဲ့သည်၊ ၎င်းရုံးက ဦးစိန်ဒိုင်အပေါ် ၁၉၅၉ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေပုဒ်မ ၇ (၅)အရ၊ စွဲချက်တင်ပြီး၊ ၎င်းပုဒ်မအရ ပြစ်မှုကျူးလွန်ကြောင်း ယူဆသဖြင့် ၎င်းအား အပြစ်ဒဏ်ချမှတ်ရာ၌ ဒဏ်ငွေ ၁၀၀ ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် တလကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်မှာ ပညာရှိစက်ရှင် တရားသူကြီး တင်ပြသည့်အတိုင်းမှားယွင်းသည်။ အဘယ်ကြောင့်ဆိုသော် ယင်းဝါဏိဇ္ဇ ပဋိပက္ခ အက်ဥပဒေသည် ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ

ပုဒ်မ ၁၂ အရ၊ နည်းဥပဒေ ဖြစ်လာလေသည်၊ ထိုဝါဏိဇ္ဇ ပဋိပက္ခ အက်ဥပဒေအရ စွဲချက်တင်ထားခြင်းမှာ မှားယွင်းလေသည်။ လျှောက်ထား ခံရသူကလည်း ထို အက်ဥပဒေအရ စွဲချက်တင်ချက်ကိုသာလျှင် ထုချေခွင့် ရရှိသည်၊ [ဥပဒေနှင့် ကိုက်ညီ သည့်စွဲချက်မှာ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ)အရ၊ ဖြစ်ရပေမည်။] ထိုစွဲချက်ကို လျှောက်ထား ခံရသူ ဦးစိန်ဖိုင်က ထုချေရှင်းလင်းရန် ၎င်းအား အခွင့်အရေးပေးရ ပေမည်။

ထို့ကြောင့် လျှောက်ထားခံရသူ ဦးစိန်ဖိုင်အပေါ် ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေ ပုဒ်မ ၇ (၅)အရ၊ စွဲချက်ပြုလုပ်၍ ၎င်းအရ ပြစ်ဒဏ်ချမှတ်ထားခြင်းကို ပယ်ဖျက်လိုက်သည်။ ၎င်းသည်ဒဏ်ငွေ ပေးဆောင်ပြီးက ၎င်းအား ပြန်ပေးစေ။

ဥပဒေနှင့်အညီ လျှောက်ထား ခံရသူ ဦးစိန်ဖိုင်အပေါ် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ)အရ၊ ဤအမှုကို ပြည်မြို့၊ (၂)ရာဘက် ရာဇဝတ်တရားသူကြီးရုံးမှအပ၊ ပြည်မြို့၊ စီရင်ပိုင်ခွင့်အာဏာရှိသော အခြားရုံး တရုံးရုံးက အသစ်တဖန် ပြန်လည် စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆

စက်တင်ဘာလ ၁၀ ရက်။

ဗိုလ်ငြိမ်းမောင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မအုန်းမြင့် (ပြင်ဆင်ရန် လျှောက်ထားခံရသူ) *

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ မိခင်ကသားမျှားကို အဘအဘ်သင်စေခြင်းနှင့် ပေးဝေ ရင်းနှီးခြင်းမျိုး မလုပ်နိုင်လျှင် ဝင်ငွေရှိသော အခင်၏တာဝန်—မိမိနှင့်အတူမနေသည့် သားငယ်မျှားကို ထောက်ပံ့ရန်တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။မိခင်ကသားမျှားကို အဘတ်သင်စေခြင်းနှင့် ပေးဝေရင်းနှီးခြင်း မျိုးမလုပ်နိုင်လျှင်၊ ဝင်ငွေရှိသောဘခင်၌ သားငယ်မျှားကို ထောက်ပံ့ရန်ဘာဝတ်ရှိသည်။ ဥပဒေကလည်း ဤသို့ ပြဋ္ဌာန်းထားသည်။သားငယ်မျှားသည် မိမိနှင့် အတူ တကွ မနေစေကာမူ ဘခင်သည်၊ သားငယ်မျှားကို ထောက်ပံ့ရန် တာဝတ်ရှိစေသည်။မိမိနှင့် အတူမနေ၍ သားမျှားကိုထောက်ပံ့ရန် ပျက်ကွက်ခြင်း၊ ထောက်ပံ့ရန် ငြင်းဆိုခြင်းဘို့မှာ ဥပဒေအရ ဘခင်၏တာဝန်မှာ ပျက်ကွက်နေပေသည်။

မန္တင်းပြူ နှင့် **မောင်မြတ်ပု**၊အောက်မြန်မာပြည်စီရင်ထုံး၊အတွဲ ၁၊ ၁၉၀၁-၀၂၊ စာ ၁၀၈-၁၀၉။
မရွှေကျင် နှင့် **မောင်စံညီမိန်း**၊ ဒေါ်အိုင်၊အာ(ရှ်)၊ ၁၉၃၇၊ ရန်ကုန် စာ၊ ၂၀၅။
မောင်စံဗေ နှင့် **မလေးမယ်**၊ အိန္ဒိယစီရင်ထုံးများ၊ အတွဲ ၁၀၊ စာ ၄၈၆ ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမွန်စံလှိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးလှသိန်း။

တရားသူကြီး ဦးချစ်။ ။ရန်ကုန်မြို့၊ အရှေ့ပိုင်း နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၄ ခု၊ ရာဇဝတ်သေးမှုအမှတ် ၁၁၆ တွင်၊ လျှောက်ထားခံရသူ မအုန်းမြင့်က လျှောက်ထားသူ ဗိုလ်ငြိမ်းမောင်ထံမှ သားနှစ်ယောက်အတွက်၊ ကလေးစရိတ် တဦး

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၅(ခ)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၁၁၆ တွင်ချမှတ်သော ၁၉၆၅ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့ အရှေ့ပိုင်းနယ်ပိုင် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

လျှင် ၅၀ ကျပ် စီစုစုပေါင်း ၁၀၀ ကျပ်ကို လျှောက်ထားသည့် နေ့မှစ၍ ပေးစေရန် ချမှတ်သော အမိန့်ကို၊ ဗိုလ်ဦးမောင်က မကျေနပ်သဖြင့်၊ ရန်ကုန်မြို့ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီး (ဦးသိန်းအောင်)ရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၇ တွင်၊ အယူခံဝင်လာခဲ့သော်လည်း၊ အောင်မြင်မှုမရှိသောကြောင့်၊ ယခုတဖန် ဤရုံးသို့ဗိုလ်ဦးမောင်က ပြင်ဆင်လွှာတင်သွင်းလေသည်။

အမှုအဖြစ်အပျက် အကြောင်းအရာနှင့် ပတ်သက်၍၊ အောက်ရုံးများ၏ စီရင်ချက်တွင် ပြည့်စုံစွာဖေါ်ပြထားပြီး ဖြစ်သောကြောင့်၊ ထပ်လောင်း၍ ဖေါ်ပြရန်မလိုပေ။ သို့ရာတွင် ဤပြင်ဆင်မှုကို သုံးသပ်ဝေဖန်၍ ဆုံးဖြတ်ရာ၌ စဉ်းစားရန်ရှိသော အဓိကအချက်ကြီးများကိုသာလျှင် ဖေါ်ပြပေအံ့။

လျှောက်ထားသူ ဗိုလ်ဦးမောင်နှင့် လျှောက်ထားခံရသူမအုန်းမြင့်တို့မှာ၊ တရားဝင် အကြောင်းလင်မယား ဖြစ်ကြခြင်း။ သားနှစ်ဦးနှင့် သမီးသုံးဦး ထွန်းကားခြင်းတို့နှင့် ပတ်သက်၍၊ အငြင်းမထွက်ပေ။ ၁၉၄၉ ခုနှစ်ကစ၍ အကြောင်းလင်မယားအဖြစ်ပေါင်းသင်းလာခဲ့ကြရာ၊ အိမ်ထောင်မှုမှာအဆင်ပြေဖြစ်နေသည်။ ဗိုလ်ဦးမောင်က၊ ဗိုလ်ဦးမောင် ကုမ္ပဏီအနေဖြင့် သွင်းကုန်လိုင်စင်များ ရရှိပြီး စီးပွါးရှာရာ၌၊ စီးပွါးရေး၌လည်း အဆင်ပြေနေကြသည်။ ၁၉၆၀ ခုနှစ်လောက်တွင် စီးပွါးရေးလုပ်ငန်းကျဆင်း၍ ငွေရေးကြေးရေး အကြပ်အတည်းနှင့် ရင်ဆိုင်နေကြရသဖြင့်၊ ဗိုလ်ဦးမောင်နှင့် မအုန်းမြင့်တို့မှာ၊ စီးပွါးရေး၌အဆင်မပြေဖြစ်လာကြပြီး၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလလောက်တွင်၊ ဗိုလ်ဦးမောင်သည် ဇနီးဖြစ်သူ မအုန်းမြင့်နှင့်စိတ်ဆိုး၍ နေအိမ်မှ ဆင်းလာပြီး၊ မိမိ၏ အလုပ်တိုက်သို့ သွားရောက်နေထိုင်လေသည်။ ထိုအချိန်မှစ၍ ဗိုလ်ဦးမောင်နှင့် မအုန်းမြင့်တို့မှာ၊ လင်မယား တရားဝင်ကွာမရှင်းသေးသော်လည်း၊ တကွဲတပြားစီ နေထိုင်လာခဲ့ကြသည်။ အရွယ်မရောက်သေးသူ သားအကြီး မောင်အောင်ကျော်မင်း နှင့် ဒုတိယသား မောင်ဆန်နီတို့အပြင်၊ သမီးငယ် ၃ ယောက်တို့သည်၊ ဘခင်နှင့်အတူ လိုက်နေကြသည်။ ဗိုလ်ဦးမောင်က သားသမီးများကို မိမိနှင့်အတူနေစဉ် ကျွေးမွေးသုတ်သင် ဝတ်စား ဆင်ယင်ပြီး ကျောင်းလခများကို မှန်မှန်ပေး၍ ပညာသင်ပေးသည်။ ၎င်းပြင် မအုန်းမြင့်အား လစဉ်စရိတ်ထောက်ပံ့နေသည်ဟုလည်း အဆိုရှိသည်။ ထိုကဲ့သို့ အတူတကွ နေထိုင်လာကြရာမှ ၁၉၆၄ ခုနှစ်၊ ဖေဖေါ်ဝါရီလအတွင်း ဒုတိယသား မောင်ဆန်နီက၊ အမေ မအုန်းမြင့်ထံပြန်လိုသည်ဟုဆို၍ လိုက်ပို့ခဲ့သည်။ ထို့နောက်သားကြီး ၎ မောင်အောင်ကျော်မင်းကိုလည်း၊ မတ်လထဲတွင် မိခင်ဖြစ်သူ မအုန်းမြင့်ထံ ပြန်ပို့လိုက်သည်။ ထိုသို့ပြန်ပို့ခြင်းမှာ၊ကလေးများက မိခင်ထံသို့ သွားလိုခြင်းကြောင့် ဖြစ်သည်။ သမီး ၃ ယောက်မှာ၊ ဗိုလ်ဦးမောင်နှင့် နေမြဲ နေထိုင်နေကြသည်။သားငယ်နှစ်ယောက် မိခင်ထံ ပြန်ရောက် နေထိုင်သည့်

၁၉၆၆

ဗိုလ်ဦးမောင်နှင့် မအုန်းမြင့်။

နေ့မှစ၍၊ ဘခင်ဗိုလ်ဦးမောင်သည် ၎င်းတို့အား မထောက်ပံ့တော့ပေ။ဇွန်လအတွက် ကျောင်းလခ ၁၅ ကျပ်ကိုသာလျှင် ပေးသည်ဟုအဆိုရှိသည်။ သားငယ်များက ကျောင်းလခနှင့် အခြားစရိတ်များကို သွားရောက်တောင်းသောအခါ၊ ဗိုလ်ဦးမောင်က မပေးဘဲငြင်းဆန်နေသည်ဟု အဆိုရှိသည်။ ၎င်းသားငယ် နှစ်ယောက်သည်၊ မိမိနှင့်အတူလာနေပါက၊ မိမိကဆက်လက်၍ ကျွေးမွေး သုတ်သင် ပြုစုပြီးလျှင်ကျောင်းထားမည်ဟု အဆိုရှိသည်။ ဤကဲ့သို့ သားငယ်နှစ်ယောက်အတွက် ထောက်ပံ့မှုမပြုလုပ်သဖြင့်၊ မအုန်းမြင့်ကၔင်း၏ ဘကြီးကို၊ ဗိုလ်ဦးမောင်ထံလွှတ်၍ သားငယ်များအတွက် ထောက်ပံ့ကြေးငွေတောင်းသည်။ ဗိုလ်ဦးမောင်က ငြင်းပယ်လိုက်သည်။ ထို့ကြောင့် မအုန်းမြင့်က ဗိုလ်ဦးမောင်အပေါ်၊ သားငယ် နှစ်ယောက် အတွက်၊ ထောက်ပံ့ကြေးစရိတ် ရလိုမှု ရုံးတွင်တောင်းဆိုသည်။ ၎င်းပြင် မိမိအတွက်လည်း မယားစရိတ် တောင်းဆိုသည်။ သို့ရာတွင် မူလရုံး၌ မအုန်းမြင့် ကမယားစရိတ်တောင်းဆိုမှုကို စွန့်လွှတ်၍၊ သားငယ်နှစ်ယောက်အတွက် စရိတ်ရလိုကြောင်း အရေးဆိုသည်။ မူလရုံးက သက်သေများကို စစ်ဆေးပြီးလျှင်၊ အမှုတွင် ပေါ်လွင်ချက်အရ၊ ဗိုလ်ဦးမောင်သည် သားငယ် နှစ်ယောက်ကို ထောက်ပံ့ရာ၌ ပျက်ကွက်သည့်အပြင် ငြင်းဆိုသောကြောင့် ဗိုလ်ဦးမောင် နှင့် သားငယ်နှစ်ယောက် အတူ မနေစေကာမူ၊ ၎င်းကဘခင်ဖြစ်သည့်အားလျော်စွာ၊ သားငယ်များကို ထောက်ပံ့ရန် တာဝန်ရှိသည့် အလျောက်၊ ထောက်ပံ့ကြေး ပေးရမည်ဟုဆိုပြီး၊ သားငယ်နှစ်ယောက်အတွက် တလ ၅၀ ကျပ်ကျစီ ပေါင်း ၁၀၀ ကို၊ မအုန်းမြင့်က လျှောက်ထားသည့်နေ့မှစ၍ ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ဗိုလ်ဦးမောင်က အယူခံဝင်ရာ၊ အယူခံရုံးက အမှုကို အသေးစိတ် ချင့်ချိန်ဝေဖန်သုံးသပ်ပြီး၊ ဗိုလ်ဦးမောင်သည် သားငယ်နှစ်ယောက်ကို ထောက်ပံ့ရာ၌ ပျက်ကွက်ခြင်းနှင့် ငြင်းဆိုခြင်းရှိသဖြင့်၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၀၈ (၁) အရ၊ ထောက်ပံ့ကြေး ပေးရမည်ဟု ယူဆပြီး အောက်ရုံးပညာရှိ ဘရားသူကြီး၏ အမိန့်ကို အတည်ပြုခဲ့သည်။

ကျွန်ုပ်ရှေ့တွင်၊ လျှောက်ထားသူ ဗိုလ်ဦးမောင်၏ပညာရှိရှေ့နေကြီး ဦးမွန်စံလှိုင်က၊ လေးနက်စွာ တင်ပြရာ၌၊ ဗိုလ်ဦးမောင်သည် မည်သည့်အခါကမျှ သားငယ်များကို ထောက်ပံ့ခြင်းမှ ငြင်းဆိုခြင်း ပျက်ကွက်ခြင်း မရှိခဲ့ပါ။ လင်မယား စကားများပြီးနောက် တကဲ့တပြားစီစ၍ နေကြစဉ်ကတည်းက၊ သားများမှာလည်း သမီးများနှင့်အတူ မိမိထံ၌ လာရောက်နေထိုင်ရာ၌ မိမိက ဝတ္ထရားနှင့်အညီ၊ ကျွေးမွေး သုတ်သင် ကျောင်းထားခြင်း ပြုခဲ့ပါသည်။ သားငယ်များ၏ သဘောအတိုင်းမိခင်ထံ ပြန်လိုသဖြင့်၊ ပြန်ရန်ခွင့်ပြုပြီး လိုက်ပို့လိုက်ပါသည်။ ထိုအခါကလည်း ကျောင်းများ ပိတ်ထားပါသည်။ ကျောင်းပြန်ဖွင့်ချိန်တွင်၊ မိမိထံပြန်မလာဘဲ၊ မိခင်နှင့်အတူနေ၍

ယခုကဲ့သို့ သားငယ်များအတွက် စားစရိတ် တောင်းခံခြင်းမှာ၊ မိမိအနေဖြင့်သားငယ်များကို ထောက်ပံ့ရာ၌ ငြင်းဆိုခြင်း ပျက်ကွက်ခြင်း မပြုလုပ်ခဲ့ပါ။ ဇွန်လအတွက် ကျောင်းလခ ၁၅ ကျပ်ကိုပင်ပေးခဲ့ခြင်းဖြစ်ပါသည်။ထိုကဲ့သို့ ငြင်းဆိုခြင်းနှင့် ပျက်ကွက်ခြင်းမျိုးမရှိခဲ့သဖြင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၈ အရ၊ ဤအမှုကိုစီရင်ပိုင်ခွင့်မရှိပါကြောင်း၊ ၎င်းပြင် ပညာရှိရှေ့နေကြီးက၊ အိန္ဒိယစီရင်ထုံးများကို အကိုးအကားပြု၍တင်ပြခဲ့သည်။

လျှောက်ဆားခံရသူ မအုန်းမြင့်၏ပညာရှိရှေ့နေကြီးဦးလှသိန်းက၊ ဗိုလ်ဦးမောင်သည် သားငယ်များကို ထောက်ပံ့ရာ၌ ပျက်ကွက်၍ ငြင်းဆိုမှုပြုလုပ်သည်မှာထင်ရှားပါသည်။ ဗိုလ်ဦးမောင်နှင့် သားငယ်များသည် အတူမနေစေကာမူ၊ ဗိုလ်ဦးမောင်သည် ဘခင်ဖြစ်သည့်အားလျော်စွာ၊ သားငယ်များကို ထောက်ပံ့ရန် တာဝန်ဝတ္တရားရှိပါသည်။ မိခင်ထံပြန်နေ၍ ဗိုလ်ဦးမောင်က မထောက်ပံ့တော့ဟု ဆိုခြင်းမှာ၊ ဘခင်၏ တာဝန်သည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၈ အရ ချိုယွင်းနေကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် အောက်ရုံး နှစ်ရုံးစလုံးက ချမှတ်သော အမိန့်မှာ မှန်ကန်ပါသည်ဟု တင်ပြသွားပြီးလျှင်၊ စီရင်ထုံး အများအပြားကိုပင် ကိုးကား၍ ညွှန်ပြသွားသည်။

အထက်တွင်မြွက်ဟခဲ့သည့်အတိုင်း၊ ဗိုလ်ဦးမောင်သည် သားငယ်နှစ်ဦး၏ဘခင်ဖြစ်သည်မှာ မငြင်းနိုင်ပေ။ ထိုသားငယ်များကို ထောက်ပံ့ရန်မှာ၊ ဗိုလ်ဦးမောင်၌ တာဝန်ရှိသည်။ မြန်မာ ဗုဒ္ဓဘာသာတို့၌မိဘဝပ္ပကာရ ငါးဖြာရှိကြောင်း၊ ၎င်းတို့မှာ—

"မကောင်းမှစ်တား၊
[redacted]
အတတ်သင်စေ၊
ပေးဝေရင်းနှီး၊
ထိမ်းမြားခြင်းလျှင်
ဝတ်ငါးအင် ဘခင်မယ်တို့တာ"

ဖြစ်ပေသည်။

ယခုအမှုတွင် မိခင် မအုန်းမြင့်၌ ဝင်ငွေမရှိ။ ဗိုလ်ဦးမောင်တွင် အမှုဖြစ်စအချိန်က လခ ၄၀၀ ကျော် ၅၀၀ နီးပါး ဝင်ငွေရရှိသူတဦးဖြစ်သည်။ မိခင်က သားများကို အတတ်သင်စေခြင်းနှင့် ပေးဝေရင်းနှီးခြင်းမျိုး မလုပ်နိုင်လျှင်၊ ဝင်ငွေရှိသော ဘခင်၌ သားငယ်များကို ထောက်ပံ့ရန် တာဝန်ရှိသည်။ ဥပဒေကလည်း ဤသို့ပြဋ္ဌာန်းထားသည်။ သားငယ်များသည် မိမိနှင့် အတူတကွ မနေစေကာမူ၊ ဘခင် ဗိုလ်ဦးမောင်သည် သားငယ်များကို ထောက်ပံ့ရန် တာဝန်ရှိပေသည်။

၁၉၆၆

ဗိုလ်ဦးမောင်နှင့် မအုန်းမြင့်။

မိမိနှင့်အတူမနေ၍ သားများကို ထောက်ပံ့ရန် ပျက်ကွက်ခြင်း ထောက်ပံ့ရန်ငြင်းဆို ခြင်းတို့မှာ၊ ဥပဒေအရ ဘခင်၏ တာဝန်မှာ ပျက်ကွက်နေပေသည်။ မနှင်းဖြူ နှင့် မောင်မြတ်ပု (၁) အမှုတွင်၊ ဤသို့အဆုံးအဖြတ် ပြုထားသည်။

"The questions a Magistrate has to consider and determine upon such an application are:

(1) Is the person against whom the order is sought the father of the child?

(2) Is the child unable to maintain itself?

(3) Has the father sufficient means to maintain the child?

(4) Has he refused or is he neglecting to maintain the child?

As to the last, although an actual refusal is not proved, if a man who is bound to continuously maintain his child does not in fact do so, he neglects to do so, and an order for a monthly allowance should be made. The child in this case is six years of age and *prima* facie must be unable to maintain itself."

ငင်းပြင်၊ မရွှေကျင် နှင့် မောင်စံညိမ်း (၂) အမှုတွင်၊တရားဝန်ကြီး ဒေါက်တာ ဘဦးက၊ ဤကဲ့သို့ အဆုံးအဖြတ်ပေးထားသည်။

"Where after the dissolution of marriage, a minor child, born during coverture, lives with the mother and the husband is admittedly the father of the child, it is his duty to make an allowance for its maintenance unless he can show that there has been no negligence or refusal on his part to support and maintain the child. Where he has not been making any contribution towards the support of the child after it has left his protection he is negligent and can be ordered to make an allowance for the maintenance of the child."

ထို့ရည်ညွှန်းကိုးကားသော အမှုနှင့် ယခုအမှုတို့၏ အကြောင်းခြင်းရာမှာ တထပ်တည်းဖြစ်နေသည်။ ၎င်းပြင် မောင်စံဖေ နှင့် မလေးမယ် (၃) အမှုတွင်—

"A father is bound by law to maintain his child, even though the child is living with its mother who refuses to return to her husband under a decree for restitution of

(၁) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ၊ ၁၊ ၁၉၀၀-၀၂၊ စာ ၁၀၇-၁၀၉။

(၂) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၇၊ ရန်ကုန်၊ စာ ၂၀၅။

(၃) အိန္ဒိယစီရင်ထုံးများ၊ အတွဲ ၁၀၊ စာ ၄၀၆။

conjugal rights. It is open to the father to apply to the Court for the custody of his child."

ဟုစီရင်ထုံးဖွဲ့ထားသည်။

ထိုမောင်စံဖေ နှင့် **မလေးမယ်** တို့အမှုသည်၊ ယခုအမှုဖြစ်ပျက် အကြောင်းအရာနှင့် လုံးဝမတူညီငြားသော်လည်း၊ ထိုထုံးဖွဲ့ချက်၏မူမှာ စိတ်ဝင်စားဘွယ်ရာဖြစ်သဖြင့်၊ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

ယခုအမှုတွင် ပေါ်လွင်သည်မှာ၊ ဗိုလ်ဦးမြင့်မောင်သည် သားငယ်များ အတွက် ယနေ့အထိ ဆောက်ပံ့ရန် ပျက်ကွက်သည့်အပြင်၊ ငြင်းဆိုနေကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ကျန်ုပ်သည်၊ ပညာရှိ ရှေနေကြီး ဦးမုန်စံလှိုင် တင်ပြသော အိန္ဒိယ စီရင်ထုံးများကို လေးစားသော်ငြားလည်း၊ ယခုအမှု အဖြစ်အပျက် အကြောင်းခြင်းရာနှင့် ထိုကိုးကားသော စီရင်ထုံးများမှာ မတူညီသဖြင့် လက်မခံနိုင်ပေ။

ဤရုံးသည်၊ ဤအမှုကို သုံးသပ်ရာ၌ ပြင်ဆင်မှု ရုံးအနေနှင့်သာလျှင် သုံးသပ်ရန် ရှိသည်။ အောက်ရုံးနှစ်ခုံးစလုံးက၊ အကြောင်းခြင်းရာနှင့် ပတ်သက်၍ တသဘော တည်း တထပ်တည်း တွေ့ရှိသော အချက်အလက်များကို၊ ဤခုံးအနေနှင့် ထို တသဘောတည်း၊ တသပ်တည်း တွေ့ရှိသော အချက်များကို၊ အလွန်အလွန်မှားယွင်း ချက်ချော်၍ တရားမျှတမှုကင်းမဲ့နေမှသာလျှင် ဝင်ရောက်စွက်ဖက်နိုင်သည်။ ပြင်ဆင်မှု ရုံးအနေနှင့် အယူခံရုံးများကဲ့သို့၊ သက်သေထွက်ချက်များကို သုံးသပ်နေရန်မလိုပေ။ **မောင်ထွန်းစိန်** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၄) အမှုတွင်၊ ဤကဲ့သို့ အောက်ပါ အတိုင်း အဆုံးအဖြတ်ပြုခဲ့သည်။

"The High Court as a Court of revision will not approach the application as a Court of appeal, and will not as a rule go into the evidence but will accept the concurrent findings of facts by the lower courts, except where the judgment of the facts is manifestly wrong and palpably unjust."

ဗိုလ်ဦးမြင့်မောင်က သားငယ်များကို ထောက်ပံ့ရန် ပျက်ကွက်ခြင်းနှင့် ငြင်းဆိုခြင်း စသည့် အကြောင်းအရာမှာ၊ အကြောင်းခြင်းရာ အပေါ်၌သာလျှင် တည်ရှိသည်။ ဥပဒေအကြောင်း အချက်အလက် မပါဝင်ပေ။ **မစ္စတာ အီးစီးကင့်** (၁) နှင့် **မစ္စစ် အီးအီးအယ်(လ်)ကင့်(ခ)** (၅) အမှုတွင်၊ ဤသို့အဆုံးအဖြတ်ရှိသည်။

"That there has been no neglect to maintain the wife and children is a question of fact. But a mere offer to maintain is not sufficient."

---

(၄) ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၉၃။

(၅) Criminal Law Journal, Vol. 26, p. 1597.

၁၉၆၆

ဗိုလ်ငြိမ်းမောင်နှင့် မအုန်းမြင့်။

ထိုကဲ့သို့အကြောင်းခြင်းရာ သက်သက်အပေါ် အမှီပြု၍၊ အောက်ရုံးနှစ်ရုံး စလုံး၏ တသဘောတည်း တံထပ်တည်း ချမှတ်သော အမိန့်မှာ၊ အလွန်တရာ မှားယွင်းချွတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေသည်ကို မတွေ့ရှိရပေ။ အထူးသဖြင့် ပညာရှိ အယူခံ တရားသူကြီးကလည်း၊ ဤအမှုကို လေးနက်စွာ စဉ်းစားဝေဖန်သုံးသပ်ပြီး တိကျမြောက်သားသော အမိန့်တရပ်ကို ချမှတ်ခဲ့လေသည်။

ထို့ကြောင့်၊ အောက်ရုံးများ၏ ချမှတ်သော အမိန့်ကို ဝင်ရောက်စွက်ဘက်ရန် အကြောင်း မတွေ့ရှိရသောကြောင့်၊ ထိုအမိန့်များကို အတည်ပြုပြီး၊ ဗိုလ်ငြိမ်းမောင်၏ ပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမ အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတင်

မာရိယပ်ပါချစ်တီးယား ပါ ၃ (အယူခံတရားလို)

နှင့်

ဆာရိဗရာဂျာနာရင်ဒတ် စံဒီဆေး ပါ ၅ (အယူခံတရားခံ)*

† ၁၉၆၆ အောက်တိုဘာ ၃၁ ရက်။

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း၃၊ပဒေ ၁၀—နိုင်ငံခြားတွင်နေသည့် အယူခံ တရားလိုအပေါ် တရားစရိတ်အတွက် အာမခံတောင်းခြင်း—ရုံးအနေနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ အမိန့်ချမှတ်နိုင်သော ကိစ္စဟုတ် မဟုတ်—အယူခံတရားလိုတို့ မကြာမီကမှ မြန်မာပြည်မှထွက်ခွါ သွားခြင်း—အယူခံတရားခံတို့၏ တရားစရိတ်အတွက် အာမခံပေးရန် လျှောက်ထားသောကိစ္စမှာ နောက်ကျသည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၄၁၊နည်း၃၊ပဒေ ၁၀ အရနိုင်ငံခြားတွင် နေသည့် အယူခံတရားလိုတဦးအပေါ် တရားစရိတ်အတွက် အာမခံတောင်းရမည်ဟု ဥပဒေကအာဏာအလင်း ညွှန်ကြားထားသည်။ထိုကိစ္စမှာ ရုံးအနေနှင့် ဆင်ခြင်တုံဘရားကို လက်ကိုင်ထား၍ အမိန့်ချမှတ်နိုင်သောကိစ္စမဟုတ်ချေ။

အယူခံလွှာကိုရုံးဥတင်သွင်းစဉ်က အယူခံတရားလိုတို့သည် မြန်မာပြည်၌ နေထိုင်လျက်ရှိကြသဖြင့်၊တရားစရိတ်အတွက် အာမခံပေးရန် လျှောက်ထားသော ကိစ္စမှာ ထိုစဉ်က မပေါ်ပေါက်ခဲ့ပေ။ အယူခံတရားလိုတို့သည် များမကြာမီကမှ မြန်မာပြည်မှ ထွက်ခွါသွားခြင်းဖြစ်၍၊ ယင်းသို့ထွက်ခွါပြီးမှသာ အယူခံတရားခံတို့သည် ဤလျှောက်လွှာကို လျှောက်ထားနိုင်ခွင့်ရခဲ့သည်။ ထို့ကြောင့် အယူခံတရားခံတို့၏ လျှောက်လွှာမှာ နောက်ကျသည်ဟု မဆိုနိုင်ချေ။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဘီ၊ ကေ၊ ဆင်း။

အယူခံတရားခံအတွက်။ ။မစ္စတာ အာ(ရ်)၊ ချော်ဘေး။

တရားသူကြီး ဦးသက်ဖေ။ ။ဤအမှုသည် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်း ၃၊ပဒေ ၁၀ အရ၊ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် လျှောက်ထားသည့် အယူခံတရားခံတို့၏ လျှောက်လွှာနှင့် ပတ်သက်သည်။ အယူခံ တရားခံတို့သည်၊ ရန်ကုန်မြို့၊

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၅၅။

† ၁၉၆၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀၄ တွင် ရန်ကုန်မြို့တော်တရားမရုံး ရာဘက်တရားမ တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

တရားမရုံးတွင် အယူခံတရားလိုများအပေါ် မြွက်ဖော်လိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း ဒီကရီရရှိခဲ့သည်။ ထိုဒီကရီကို မကျေနပ်သဖြင့် အယူခံတရားလိုတို့က ဤအယူခံမှုကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။

အယူခံမှုမကြားနာမီ အယူခံတရားလိုအမှတ် (၁) သေဆုံးသွားပြီး ၎င်း၏ တရားဝင်ကိုယ်စားလှယ်များကို အမှုဋ္ဌ ထည့်သွင်းခဲ့ခြင်း မရှိသဖြင့် အယူခံတရားလိုအမှတ် (၁) သည် ဤအယူခံရုံးဋ္ဌ လုံးဝမရှိတော့ပေ။ အယူခံတရားလိုအမှတ် (၂) နှင့် (၃) တို့မှာ မကြာမီက အိန္ဒိယပြည်သို့ အပြီးအပိုင် ပြန်သွားကြလေသည်။ ထိုသို့ အပြီးအပိုင် ပြန်သွားကြသဖြင့် အယူခံတရားခံတို့က တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၀ အရ။ အယူခံတရားလိုများထံမှ တရားစရိတ်အတွက် အာမခံတောင်းဆိုရန် လျှောက်ထားလေသည်။ အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီး မစွတာ ဘီ၊ ကေ၊ ဆင်းက၊ အယူခံတရား လို အမှတ် (၂) နှင့် (၃) တို့သည် အိန္ဒိယပြည်သို့ အပြီးအပိုင် ပြန်သွားကြခြင်း မဟုတ်ဟု မငြင်းဆိုနိုင်ပေ။ ၎င်းတို့၏ ပစ္စည်းတစ်စုံတစ်ရာများသည်လည်း မြန်မာပြည်၌ ရှိနေကြောင်း တင်ပြနိုင်ခြင်း မရှိချေ။ (တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၀ အရ၊ နိုင်ငံခြားတွင်နေသည့် အယူခံတရားလို တစ်ဦးအပေါ် တရားစရိတ်အတွက် အာမခံတောင်းရမည်ဟု ဥပဒေက အတိအလင်း ညွှန်ကြားထားသည်။ ထိုကိစ္စမှာ ရုံးအနေနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ အမိန့်ချမှတ်နိုင်သော ကိစ္စမဟုတ်ချေ။)

အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီးက ဤအယူခံမှာ လွန်ခဲ့သည့် ၁၉၆၃ ခုနှစ်၊ မေလ၊ ၂၂ ရက်နေ့ကတည်းက တင်သွင်းခဲ့ခြင်းဖြစ်ရာ၊ အယူခံတရားခံများအနေနှင့် တရားစရိတ်အတွက် အာမခံကို ယခု ၁၉၆၆ ခုနှစ်ကျမှ လာရောက် လျှောက်ထားခြင်းဖြစ်၍ ခွင့်မပြုသင့်ကြောင်း တင်ပြလာသည်။ (အယူခံလွှာကို ဤရုံးဋ္ဌ တင်သွင်းစဉ်က အယူခံတရားလိုတို့ သည် မြန်မာပြည်၌ နေထိုင်လျက် ရှိကြသဖြင့် တရားစရိတ်အတွက် အာမခံပေးရန် လျှောက်ထားသော ကိစ္စမှာ ထိုစဉ်က မပေါ် ပေါက်ခဲ့ပေ။ အယူခံတရားလိုတို့သည် များမကြာမီကမှ မြန်မာပြည်မှ ထွက်ခွာ သွားခြင်းဖြစ်၍ ယင်းသို့ ထွက်ခွာပြီးမှသာ အယူခံတရားခံတို့သည် ဤလျှောက်လွှာကို လျှောက်ထားနိုင်ခွင့်ရခဲ့သည်။ ထို့ကြောင့် အယူခံတရားခံတို့၏ လျှောက်လွှာမှာ နောက်ကျသည်ဟု မဆိုနိုင်ချေ။)

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီးဦးသက်ဖေတို့ရှေ့တွင်

မလှတင် (လျှောက်ထားသူ)

နှင့်

ဆရာအိဗရာဟင် ပါ ၂ (လျှောက်ထားခံရသူများ)*

†၁၉၆၆ စက်တင်ဘာလ ၃ ရက်။

ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ —အခွင့်းဖြစ် အိမ်နှင့် မြေမှာ တဦးတည်းပိုင်ဖြစ်ကြောင်း မြွက်ဖော်လိုမှုနှင့် လက်ဇောက်ရလိုမှုတရားစွဲဆိုခြင်း—အမှုတွင် **မရှိမဖြစ်သည့်** အမှုသည်တယောက် ဖြစ်ကြောင်း ကောက်ယူထားခြင်း —ဥပဒေ ပြဿနာဖြစ်ခြင်း— အယူခံရုံး၌ တင်ပြလျှောက်ထားခွင့်ရှိခြင်း — အမှုသည် အဖြစ် ထည့်သွင်းရန်မလိုကြောင်း တသမတ်တည်း ငြင်းဆိုခြင်း — အဆိုလွှာကို ပြင်ဆင်ခွင့်မပေးဘဲ အမှုကို ပလပ်ခြင်းမှာ မှားယွင်းသည်ဟုဆိုနိုင် မဆိုနိုင်—ကုစား၍ မရနိုင်အောင် ဆုံးရှုံး နစ်နာမှုရှိ မရှိ။

လျှောက်ထားသူက လျှောက်ထားခံရသူအပေါ် အခွင့်းဖြစ်အိမ်နှင့် မြေမှာ မိမိတဦးတည်း ပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဖော်လိုမှုနှင့် လက်ရောက်ရလိုမှု တရားစွဲဆိုသည်။ လျှောက်ထားခံရသူများက လျှောက်ထားသူ၏ပိုင်ဆိုင်မှုကို အမှန်ငြင်းဆိုနေသူမှာ မောင်အေးသာဖြစ်၍ ၎င်းအား အမှုသည်အဖြစ် ထည့်သွင်းတရားစွဲဆိုရမည်ဖြစ်ကြောင်း အဓိကထုခေ့ကြသည်။

ဆုံးဖြတ်ချက်။ ။အောက်အယူခံရုံးမှ မောင်အေးသည် အမှုတင်မရှိမဖြစ်သည့် အမှုသည် တယောက်ဖြစ်ကြောင်း ကောက်ယူထားသည်။မရှိမဖြစ်သည့်အမှုသည်တဦးအား အမှုတွင်ထည့်သွင်းစွဲဆိုခြင်းမပြုပါက၊အမှုမှာ ပျက်ပြယ်ခြင်းရှိမရှိဆိုသည့်အချက်သည် ဥပဒေပြ ဿနာဖြစ်သည်။ ထိုကဲ့သို့သောဥပဒေပြဿနာကို လျှောက်ထားခံရသူတို့၏ ရှေ့နေကြီးကမူလရုံးတွင် စွန့်လွှတ်ဝန်ခံခဲ့သော်လည်း လျှောက်ထားခံရသူတို့သည် အယူခံရုံး၌တင်ပြလျှောက်ထားခွင့်ရှိပေသည်။လျှောက်ထားသူသည် မောင်အေးအား အမှုသည်အဖြစ်ထည့်သွင်းရန် မလိုကြောင်း မူလရုံးတွင်သာမက၊ အောက်အယူခံရုံး၌လည်း တသမတ်တည်းငြင်းဆိုခဲ့သဖြင့်၊ အောက်အယူခံရုံးအနေဖြင့် ၎င်းအား အဆိုလွှာကိုပြင်ဆင်ခွင့်မပေးဘဲ ၎င်းစွဲဆိုသည့် အမှုကိုပလပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ချေ။

---

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေအမှတ် ၄၉။

† ရန်ကုန်မြို့၊ တရားရုံးချုပ်၏ တရားမပဌမ အယူခံမှုအမှတ် ၁၄၁/၆၄ တွင်၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့စွဲဖြင့် ချသောစီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အယူးအယူခံဝင်ခွင့်လျှောက်လွှာ။

၁၉၆၆ မလှတင် နှင့် ဆရာအိမရာဟင် ပါ ၂။

လျှောက်ထားသူအနေဖြင့် မောင်အေးအပေါ် တရားစွဲဆိုလျှင် မောင်အေး၏အိမ်ဌားများဖြစ်ကြသောလျှောက်ထားခံရသူများအပေါ် စွဲဆိုမည့်အဆုံးအဖြတ်သည် ခိုင်မာတည်မြဲမည် ဖြစ်သောကြောင့် ကုစား၍မရနိုင်အောင်ဆုံးရှုံးနစ်နာ မှုရှိသည်ဟု မဆိုနိုင်ချေ။စီရင်ပိုင်ခွင့် နှင့် အခြားအရေးကြီးသော ပြဿနာတို့မှာ ပေါ်ပေါက်ခြင်းမရှိပေ။

အင်နီပါရှပ်ကိုရီ နှင့် ဒတ်နတ်ရှိုင်း အဘွဲ့ ၂၇၊ ကလကတ္တား၊ ၁၅၆ (၁၆၂)(ပရီဗီကောင်စီ)။ **မောင်ဘိုးဇော် နှင့် မောင်အံ့** အော၊ အိုင်၊ အာ(ရ)၊ ၁၉၃၈၊ ရန်ကုန် ၃၇၆။ **ကေဆာ နှင့် ဘူတ**၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၄၅၊ လာဟိုး၊ ၃၃၆ ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။မစွတာ ဂို့၊ စံ၊စီဖိုး။

လျှောက်ထားခံရသူအတွက်။ ။ဦးကျော်ဇံနှင့် မစွတာ အမ်၊ အေ၊ ဆူဘန်း။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ မလှတင်သည် ရန်ကုန်မြို့၊ ၉၆ လမ်း၊ အိမ်နံပါတ် ၃၂ ဇ်မြောက်ဘက်အခန်းဘွင် နေထိုင်လျက်ရှိသည်၊ တောင်ဘက်အခန်း၌ မူလက မောင်ဘိုးကြားဆိုသူနေသည်၊ လျှောက်ထားသူက မောင်ဘိုးကြားထံတွင် တောင်ဘက်အခန်းအတွက် အိမ်လခတောင်းရာ မရသဖြင့် ရန်ကုန်မြို့၊ တရားမရုံး၏ တရားမကြီးမှုအမှတ် ၁၆၂၀/၅၄ ၌မြို့ပြဆိုင်ရာငါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ (၁) (က)အရ၊ ထိုအခန်းမှ နှင်ထုတ်ပေးရန် တရားစွဲဆိုသည်။ မောင်ဘိုးကြားက လျှောက်ထားသူများမှာ မိမိ၏အိမ်ရှင်မဟုတ်ဘဲ မောင်အေးဆိုသူသာ မိမိ၏အိမ်ရှင်ဖြစ်ကြောင်း ထုချေသဖြင့်၊ ၎င်း၏အမှုမှာ ပလပ်ခြင်း ခံရသည်။ ယင်းသို့ပလပ်ခြင်းခံရသည်ကို မကျေနပ်၍ ယခင် တရားလွှတ်တော်၏ ကရိုးကမ ပဌမအယူခံမှုအမှတ် ၆၂/၅၈ တွင် အယူခံဝင်သော်လည်း အထမြောက် အောင်မြင်ခြင်း မရှိပေ။ အယူခံမှုကြားနာနေစဉ် မောင်ဘိုးကြား သေဆုံးသွားသဖြင့် ၎င်း၏ဇနီး မကြည်အား အမှုသည်အဖြစ် ထည့်သွင်းခဲ့သည်။

ထို့နောက် လျှောက်ထားသူသည် ရန်ကုန်မြို့၊ တရားမရုံး၏ တရားမကြီးမှုအမှတ် ၇၂၆/၆၀ တွင် မကြည်နှင့် လျှောက်ထား ခံရသူများအပေါ် ရန်ကုန်မြို့၊ ၉၆ လမ်း၌ အမှတ် ၃၂ အိမ်နှင့်မြေသည်၊ မိမိတဦးတည်းပိုင် ပစ္စည်းဖြစ်ကြောင်း မြွက်ဟ၍ လိုမှုနှင့် လက်ရောက်ရလိုမှု တရားစွဲဆိုလေသည်။ ထိုအမှုကို မကြားနာမီ မကြည်သေဆုံးသွားသဖြင့် လျှောက်ထားသူက လျှောက်ထား ခံရသူများအပေါ် တွင်သာ ဆက်လက်အရေးယူခဲ့၏၊ လျှောက်ထား ခံရသူများက မိမိတို့သည် မောင်အေး၏ အိမ်ငှါးများသာဖြစ်ကြောင်း၊ လျှောက်ထားသူ၏ ပိုင်ဆိုင်မှုကို အမှန်ငြင်းဆိုနေသူမှာ မောင်အေးသာဖြစ်၍၊ မောင်အေးအား အမှုသည်အဖြစ် ထည့်သွင်း တရားစွဲဆိုရမည် ဖြစ်ကြောင်း၊ အမှုတွင် မရှိမဖြစ်သည့် အမှုသည်ဖြစ်သော မောင်အေးမပါသည့်အထွက်

ပလပ်သင့်ကြောင်း။ အဓိကထုချေကြသည့် မူလရုံး ပညာရှိတရားသူကြီးက ထိုအချက်နှင့်ပတ်သက်၍၊ မောင်အေးအား အမှုသည်အဖြစ် ထည့်သွင်းခြင်း မရှိသော်လည်း လျောက်ထားသူ၏အမှုမှာ ပျက်ပြယ်ခြင်း မရှိဟု ကောက်ယူကာ၊ လျောက်ထားသူ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်သည်။

ထိုဒီကရီကို လျောက်ထား ခံရသူတို့က မကျေနပ်သဖြင့် တရားရုံးချုပ်၏ ပဌမ အယူခံမှုအမှတ် ၁၄၀/၆၄ တွင် မောင်အေးသည် အမှုခွဲ မရှိမဖြစ်သည့် အမှုသည်တဦး ဖြစ်သောကြောင့် မောင်အေးမပါဘဲ စွဲဆိုသည့်အမှုမှာ ပျက်ပြယ်နေသည်ဟု အဆုံးအဖြတ်ပြုကာ မူလရုံး၏ဒီကရီကို ပယ်ဖျက်လိုက်လေသည်။ ယင်းသို့ ပယ်ဖျက်လိုက်သော အမိန့်ကို လျောက်ထားသူက မကျေနပ်သဖြင့် ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူးအယူခံခွင့်ပြုရန် ဤလျောက်လွှာကို တင်သွင်းလာခြင်းဖြစ်သည်။

လျောက်ထားသူ ၏ ပညာရှိရွေနေကြီးက မောင်အေးသည် အမှုတွင်မရှိမဖြစ်သည့် အမှုသည်တဦးဟုတ်မဟုတ်။ အကယ်၍ဟုတ်ပါက မောင်အေးမပါဘဲ စွဲဆိုသည့်အမှုမှာ ပျက်ပြယ်ခြင်းရှိ-မရှိဆိုသောကောက်ချက်ကို လျောက်ထားခံရသူတို့၏ ပညာရှိရွေနေကြီး ဦးကျော်ဇံသည် မူလရုံး၌စွန့်ပယ်ပြီးဖြစ်၍ ထိုကောက်ချက်ကို အောက်အယူခံရုံးတွင် ပြန်လည်တင်ပြခွင့်မရှိကြောင်း။ အောက်အယူခံရုံးအနေဖြင့်လည်း မူလရုံးတွင် စွန့်ပယ်ပြီးဖြစ်သည့်အချက်ကိုပြန်လည် သုံးသပ်ရန်အာဏာမရှိကြောင်း အလေးအနက် တင်ပြလာသည်။ လျောက်ထားသူ၏ ပညာရှိရွေနေကြီးက ထိုအချက်နှင့် ပတ်သက်၍ မူလရုံး၌ စွန့်ပယ်ခဲ့ပြီးဖြစ်ကြောင်း ထင်ရှားအောင် ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ မူလရုံး၏ ကြားဖြတ်အမိန့်ကိုရည်ညွှန်းထောက်ပြ သွား၏။ ထိုအမိန့်အရဆိုလျှင် လျောက်ထားခံရသူများ၏ပညာရှိရွေနေကြီးသည်အဆိုပါပြဿနာကိုစွန့်ပယ်ကာ မလျောက်လဲလိုတော့ကြောင်း ပြောဆိုခဲ့သည်ဟု ပေါ်ပေါက်သည်။ ပညာရှိရွေနေကြီး ဦးကျော်ဇံက ထိုကဲ့သို့ အောက်ရုံး၌လျောက်ထားခြင်း မပြုခဲ့ရကြောင်း နှုတ်ဖြင့်ငြင်းဆိုသော်လည်း၊ သက်သေခံ ဥပဒေပုဒ်မ ၁၁၄ (c) အရ ယင်းသို့လျောက်ထားခဲ့၍သာအောက်ရုံးစီရင်ချက်၌ပေါ်ပြခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။

နောက် ဆက်လက်စဉ်းစားရမည့်အချက်မှာ၊ ထိုကဲ့သို့ ရွေနေက စွန့်ပယ်ဝန်ခံခဲ့သည့်အချက်နှင့်ပတ်သက်၍၊ အမှုသည်ပေါ်တွင် ပိတ်ပင်ခြင်း ရှိမရှိဆိုခြင်းပင်ဖြစ်သည်။ အမှု၏ အကြောင်းခြင်းရာနှင့်ပတ်သက်၍ ရွေနေတဦးက ၎င်း၏အမှုသည် ကိုယ်စားဝန်ခံခဲ့ပါမူ ထိုဝန်ခံချက်သည် အမှုသည်အပေါ် ၌ ခိုင်မာ တည်မြဲသည်ဆိုခြင်းမှာ မှန်ကောင်းမှန်ပေမည်။ သို့ရာတွင် ဥပဒေအချက်အလက်နှင့် ပတ်သက်သည့်ရွေနေ၏ ဝန်ခံချက်၊ သို့မဟုတ် စွန့်ပယ်ချက်သည် အမှုသည်အပေါ် တည်မြဲခြင်းမရှိပေ။ အမှုသည်အနေဖြင့် ထိုဥပဒေ အချက်အလက်အား အယူခံရုံး၊ သို့မဟုတ် စောဒကရုံးတခုခုတွင်

ပြန်လည်တင်ပြခွင့်ရှိသည်။အယူခံရုံး သို့မဟုတ် စောဒကရုံးကလည်း ထိုသို့ ပြန်လည်တင်ပြခြင်းကို ခွင့်ပြုကာ စီစစ်ရန်အာဏာရှိပေသည်။ အင်နီပါရျပ်ကိုရီ နှင့် နတ်နတ်ရွှေငြင်း (၁)။ မောင်ဘိုးဇော် နှင့် မောင်အံ(၂)၊ နှင့် ကေဆာ နှင့် ဘူတ (၃) တို့အမှုများကို ကြည့်ပါ။

ယခုအမှုတွင် အောက်အယူခံရုံးမှ မောင်အေးသည် အမှုတွင် မရှိမဖြစ်သည့် အမှုသည်တယောက်ဖြစ်ကြောင်း ကောက်ယူထားသည်။ မရှိမဖြစ်သည့် အမှုသည် တဦးအား အမှုဘွင် ထည့်သွင်းစွဲဆိုခြင်းမပြုပါက၊ အမှုမှာ ပျက်ပြယ်ခြင်း ရှိ မရှိ ဆိုသည့်အချက်အသည် ဥပဒေပြဿနာဖြစ်သည်။ ထိုကဲ့သို့သော ဥပဒေပြဿနာကို လျှောက်ထားခံရသူတို့၏ ပညာရှိရွှေနေကြီးက မူလရုံးတွင် စွန့်လွှတ်ဝန်ခံခဲ့သော်လည်း လျှောက်ထားခံရသူတို့သည် အယူခံရုံး၌ တင်ပြလျှောက်ထားခွင့်ရှိပေသည်။ လျှောက်ထားသူသည် မောင်အေးအား အမှုသည်အဖြစ် ထည့်သွင်းရန် မလိုကြောင်း မူလရုံးတွင်သာမက၊ အောက်အယူခံရုံး၌လည်း တသမတ်တည်း ငြင်းဆိုခဲ့သဖြင့်၊ အောက်အယူခံရုံးအနေဖြင့် ၎င်းအား အဆိုလွှာကို ပြင်ဆင်ခွင့်မပေးဘဲ ၎င်းစွဲဆိုသည့်အမှုကို ပလွှဲခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ၆ အရ အထူးအယူခံခွင့်လျှောက်လွှာကို အထူးအကြောင်းရပ်ရှိမှသာ ခွင့်ပြုလေ့ရှိသည်ဆိုခြင်းကို သတိချပ်ရမည်ဖြစ်သည်။ အထူးအကြောင်းရပ်ဆိုသည်မှာ စီရင်ပိုင်ခွင့် မရှိသည့်ကိစ္စ၊ ကုစား၍မရနိုင်အောင် ဆုံးရှုံးနစ်နာမှုရှိခြင်း၊ သို့တည်းမဟုတ် လုပ်သားပြည်သူအများနှင့် သက်ဆိုင်သည့် အရေးကြီးသောပြဿနာတခုခုကိုဆိုလိုသည်။ ကျော်ဟိုး နှင့် အေ၊ နိုင်ဒူး (၄)။ ယခုအမှုတွင် လျှောက်ထားသူ အနေဖြင့် မောင်အေးအပေါ် တရားစွဲဆိုလျှင် မောင်အေး၏ အိမ်ငှါးများဖြစ်ကြသော လျှောက်ထားခံရသူများအပေါ် စွဲဆိုမည့် အမှု၏အဆုံးအဖြတ်သည် ခိုင်မာတည်မြဲမည်ဖြစ်သောကြောင့် ကုစား၍မရနိုင်အောင် ဆုံးရှုံးနစ်နာမှုရှိသည်ဟုမဆိုနိုင်ချေ။ စီရင်ပိုင်ခွင့်နှင့် အခြားအရေးကြီးသော ပြဿနာတို့မှာ ဤအမှု၌ ပေါ်ပေါက်ခြင်းမရှိပေ။

အထက်ပါ အကြောင်းရပ်များကြောင့်၊ လျှောက်ထားသူ အထူးအယူခံခွင့်ပြုရန် လျှောက်လွှာကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေနှစ်ဦးအတွက် တဦးလျှင် စရိတ် ၃၄ ကျပ်သတ်မှတ်သည်။

---

(၁) အတွဲ ၂၇၊ ကာလကတ္တား ၁၅၆ (၁၆၂) (ပရီဗီကောင်စီ)။
(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၈၊ ရန်ကုန်၊ ၃၇၆။
(၃) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၅၊ လာဟို၊ ၃၃၆။
(၄) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး ဂ၁ (တရားလွှတ်တော်ချုပ်)။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

မသိန်းမေ ပါ ၃ (အယူခံတရားလိုများ)

နှင့်

ဒေါ်ဂုဏ် ပါ ၂ (အယူခံတရားခံများ) *

† ၁၉၆၆ စက်တင်ဘာလ ၂၈ ရက်။

မြေကိုလက်ရောက်အပ်ပေးစေလိုမှု—၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၈ ဖြင့် ပုဒ်မ ၇ အရ အာဏာလွှဲအပ်ခြင်းခံရသော ကျေးရွာအုပ်စု မြေယာကော်မတီက သီးစားချထားခြင်း—ထိုအမိန့်ကို တရားရုံးတော်က ငြင်းဆိုပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ အခင်းဖြစ် မြေကို ၁၉၆၃ ခုနှစ် ၊ သီးစားချထားရေး ဥပဒေပုဒ်မ ၈ ဖြင့် ယင်းဥပဒေပုဒ်မ ၇ အရ အာဏာ လွှဲအပ်ခြင်း ခံရသော ကျေးရွာအုပ်စု မြေယာကော်မတီက ယင်း ဥပဒေနှင့်အညီ အယူခံတရားခံအား သီးစား ချထားခြင်းဖြင့် မြေ၏ ပိုင်ဆိုင်ခွင့် ပေးပြီးဖြစ်ရာ သီးစားချထားခြင်း အမိန့်ကို မည်သည့်တရားရုံးတော်ကမျှ ငြင်းဆိုပိုင်ခွင့် မရှိဟေ့ ။

အယူခံတရားလိုများအတွက်။ ။ဦးမောင်လတ်။

အယူခံတရားခံများအတွက်။ ။ဦးမြစိန်။

တရားသူကြီး ဦးစိန်သင်း။ ။မတ္တရာ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅ တွင်၊ အယူခံတရားလိုများ ဖြစ်ကြသော မသိန်းမေ၊ မောင်အပ်မောင်နှင့် မင်္ဂေကြည်တို့က အယူခံတရားခံများ ဖြစ်ကြသော ဒေါ်ဂုဏ်နှင့် မောင်ကျော်ညိမ်းတို့အပေါ် တွင်၊ အခင်းဖြစ်မြေကိုလက်ရောက်အပ်ပေးစေလိုမှု၊ တရားစွဲဆိုခဲ့သည်။ ထိုအမှုတွင် ၂ တရားခံ မောင်ကျော်ညိမ်းက တရားလိုများ စွဲဆိုချက်ကို ဝန်ခံထားသည်။ ပညာရှိ နယ်ပိုင် တရားမ တရားသူကြီးသည် ၁-တရားခံ ဒေါ်ဂုဏ် အပေါ်၌ တရားလိုများ စွဲဆိုသည့်အတိုင်း၊ အခင်းဖြစ်မြေကို လက်ရောက် အပ်ပေးစေရန် စရိတ်နှင့်တကွ အမိန့်ချမှတ်လိုက်သည်။ ၂ တရားခံ မောင်ကျော်ညိမ်း

---

* ၁၉၆၂ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅၆။

† ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့စွဲပါ၊ ၁၉၆၂ ခု၊ တရားမအယူခံမှုအမှတ် ၂၄ တွင် မန္တလေးမြို့ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

အပေါ်၌မူ၊ မခုခံသောစရိတ်နှင့် တရားလိုများ စွဲဆိုသည့်အတိုင်း၊ ဒီကရီချမှတ်ပေးခဲ့သည်။ ထိုအမိန့်များကို မကျေနပ်သဖြင့် ဒေါ်ဂုဏ်က အယူခံဝင်ရာ၊ မန္တလေးမြို့၊ ခရိုင်တရားမရုံး ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၄ တွင် ကြားနာ စစ်ဆေးပြီးနောက်၊ ပညာရှိ ခရိုင် တရားမ တရားသူကြီးသည် အောက်ရုံး ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ထိုကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ ဒုတိယအယူခံလွှာကို အယူခံတရားလိုများက တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးတွင် အမှုသည်များ အငြင်းပွါးခဲ့သည့် အဓိကအချက်မှာ၊ အခင်းဖြစ် မြေပိုင်ရှင်သည် အယူခံတရားလိုများ၏ ဖခင် ဦးအုံဖြစ်ပြီး၊ ၎င်းကွယ်လွန်သည့်အခါ၊ အယူခံတရားလိုများသည် ဦးအုံထံမှ ထိုမြေကို အမွေ ဆက်ခံပိုင်ဆိုင်ခဲ့ခြင်းဟုတ်-မဟုတ် ဟူသော အချက်ဖြစ်သည်။ ပညာရှိ မူလရုံး တရားသူကြီးက ထိုကောက်ချက်နှင့် ပတ်သက်၍ အခင်းဖြစ်မြေ၏ မူလပိုင်ရှင်သည် ဦးအုံဖြစ်ပြီး ဦးအုံသေဆုံးပြီးနောက် အယူခံတရားလိုများက ထိုမြေကို ဆက်လက်ပိုင်ဆိုင်ခဲ့သည်ဟု ကောက်ယူ ဆုံးဖြတ်ခဲ့လေသည်။ ပဌမအယူခံရုံးကမူ အယူခံတရားလိုများသည် အခင်းဖြစ်မြေကို မိမိတို့ပိုင်ဆိုင်ကြောင်းသက်သေထင်ရှား ပြသနိုင်ခြင်း မရှိခဲ့ဟု ကောက်ယူ ဆုံးဖြတ်ခဲ့သည်။

ကျွန်ုပ် အလျင်ဆောင်ရွက်သည့် ဤရုံး ပညာရှိ တရားသူကြီး ဦးစောဘသိန်းက ဤအမှုကို တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၅ အရ၊ ကောက်ချက်များကို ထုတ်ပြီး၊ မူလရုံးသို့ ထိုကောက်ချက်များနှင့် ပတ်သက်၍ ထင်မြင်ယူဆ ဆုံးဖြတ်ချက်များ ပြုလုပ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုကောက်ချက်များအနက် အောက်ပါ ကောက်ချက်တရပ် ပါဝင်သည်။

> "အခင်းဖြစ် မြေကို ၁၉၆၃ ခုနှစ်၊ သီးစား ချထားရေး ဥပဒေအရ၊ သီးစားချထားသော အဖွဲ့က ဖြစ်စေ၊ သို့မဟုတ် အဆိုပါ သီးစားချထားရေး ဥပဒေပုဒ်မ ၇ အရ၊ချထားသော အာဏာပိုင်တို့က ဖြစ်စေ၊ သီးစားချထားခြင်း၊ သို့မဟုတ် အမိန့်ချမှတ်ခြင်း ရှိပါသလား၊ အကယ်၍ ရှိခဲ့လျှင်၊ မည်သူ့ အတွက် ဖြစ်ပါသလဲ"

အထက်ပါ ကောက်ချက်နှင့် ပတ်သက်၍ မူလရုံးနှင့်တကွ ပဌမအယူခံရုံးက အခင်းဖြစ်မြေကို၊ ၁၉၆၃ ခုနှစ်မှစ၍ ကျေးရွာအုပ်စု မြေယာကော်မီတီက ဒေါ်ဂုဏ်အား နှစ်စဉ် သီးစားချထားခဲ့ကြောင်းဖြင့် ကောက်ယူ ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်း နှစ်ဘက်သောအမှုသည်များက အငြင်းပွါးခြင်း မရှိခဲ့ချေ။ သို့ဖြစ်လေရာ၊ အခင်းဖြစ်မြေကို ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၈ ဖြင့် ယင်းဥပဒေပုဒ်မ ၇ အရ၊ အာဏာလွှဲအပ်ခြင်းခံရသော ကျေးရွာအုပ်စု မြေယာ

ကော်မီတီကယင်းဥပဒေနှင့်အညီချမှတ်ထားသည့်အမိန့်ဖြစ်ရကား၊ထိုအမိန့်ကိုမည်သည့် တရားရုံးတော်ကမှ ငြင်းဆိုပိုင်ခွင့် မရှိတော့ချေ။ ထိုကြောင့် ဤအမှုတွင် သက်ဆိုင်ရာ အာဏာပိုင်တို့က ဒေါ်ဂုဏ်အား သီးစားချထားခြင်းဖြင့် အခင်းဖြစ် မြေ၏ ပိုင်ဆိုင်ခွင့် ပေးခဲ့ပြီးဖြစ်ရာ၊ ထိုပိုင်ဆိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ရာကျရောက်မည့် မည်သည့် အမိန့်မျိုးကိုမျှ တရားရုံးတော်က ချမှတ်နိုင်မည်မဟုတ်။ တရားလိုများ စွဲဆိုသည့်အမှုသည် မြေကို မိမိတို့အား လက်ရောက်အပ်ပေးစေလိုမှု စွဲဆိုခြင်း ဖြစ်သောကြောင့်၊ ၎င်းတို့သည် အခင်းဖြစ်မြေနှင့် ပတ်သက်၍ ယင်းကဲ့သို့ စွဲဆိုပိုင်ခွင့် မရှိချေ။ ထိုကြောင့် ၎င်းတို့၏ အမှုကို ပလပ်ရမည်သာ ဖြစ်သည်။ ဤအမှုတွင် ပဌမအယူခံရုံးသည် မူလရုံးက အယူခံတရားလိုများအား အခင်းဖြစ်မြေကို လက်ရောက်အပ်ပေးရန် ချမှတ်သည့် အမိန့်နှင့် ဒီကရီတို့ကိုပယ်ဖျက်ရန် စီရင်ချက် ချမှတ်လိုက်ခြင်းဖြစ်သည်။ ထို စီရင်ချက်နှင့် အမိန့်တို့သည် အမှု၏ အကြောင်းခြင်းရာ ပြဿနာများအရလည်း၊ မှန်ကန်ကြောင်း တွေ့ရှိရသည်။ မည်သို့ပင် ဖြစ်စေကာမူ၊ ဤအမှု၌ အယူခံ တရားလိုများသည် မည်သည့်နည်းနှင့်မျှ အခင်းဖြစ်မြေကို လက်ရောက်ရယူပိုင်ဆိုင်ခွင့် မရှိနိုင်တော့ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ အယူခံလွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ငွေ ၃၄ ကျပ်တိတိ ဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်တင်အောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆

အောက်တိုဘာ ၀၈ ရက်

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ မူပြစ်ထင်ရှားစီရင်ခြင်း—ရဲအရာရှိများအား အခင်းဖြစ်ပွားသည်ဆိုသောနေရာကို လိုက်လံပြသခြင်း—သက်သေခံ အက်ဥပဒေပုဒ်မ ၂၇ နှင့်အကျုံးဝင်မဝင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုက သက်သေလူကြီးများရှေ့တွင် ရဲအရာရှိများအား အခင်းဖြစ်ပွားသည်ဆိုသောနေရာကို လိုက်လံပြသသည်ဟုအဆိုရှိလေသည်။ အခင်းဖြစ်ပွားသည်ဆိုသောနေရာကို လိုက်လံပြသခြင်းမှာသက်သေခံပစ္စည်းကို ရရှိအောင် ဖေါ်ပြသည့်ပြောဆိုချက်မဟုတ်၍၊ သက်သေခံဥပဒေပုဒ်မ ၂၇ နှင့်အကျုံးမဝင်။ အမှန်မှာ ထိုကဲ့သို့ ပြောဆိုပြသချက်သည် တရားခံကပြစ်မှုကျူးလွန်ကြောင်းဝန် ခံသည့် ဖြောင့်ချက်ဖြစ်၍ သက်သေခံအဖြစ်အသုံးမပြုနိုင်ပေ။

ရာမာနီမိုဟန် နှင့် နိုင်ငံတော်၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၃၃၊ ကာလကတ္တား ၁၄၆။

တူရက် နှင့် နိုင်ငံတော်၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၃၅၊ အောက် ၁ တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။ အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်တင်အောင် အပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ၊ တသက်တကျွန်း အပြစ်ဒဏ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ပျဉ်းမနားမြို့ အထူး(စက်ရှင်)တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သောအမှုဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၀၁။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၄ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့စွဲပါ ပျဉ်းမနားမြို့၊ အထူးတရားသူကြီး၏ အမိန့် ကို အယူခံမှု။

လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ မေလ ၇ ရက်နေ့ညနေ ၄ နာရီကျော်ကျော်ခန့် အချိန်တွင် လယ်ဝေးမြို့အပိုင်းငှက်ပျောတောရွာနေ ကိုညိမ်းမောင် (လိုပြ ၂)၏သား၊ အသက် ၉ နှစ်အရွယ်ရှိ မောင်ခင်ဦး (ခေါ်)မောင်အောင်ရသည် ရွာ၏အနောက်ဘက်ရှိရွာပြင်ရှိ သရက်ပင်သို့ သရက်သီးကောက်ရန် ထွက်သွားသည်။ထိုသို့ထွက်သွားပြီးနောက် မိုးချုပ်သည်အထိ အိမ်သို့ပြန်မလာသဖြင့် ဘခင် ကိုညိမ်းမောင်သည် မောင်ခင်ဦးသွားတတ်သည့် နေရာများသို့ လိုက်လံရှာဖွေသော်လည်း မတွေ့ချေ။

နောက်နေ့တွင် ကိုညိမ်းမောင်သည် ကိုတင်မောင် (လိုပြ ၉)၊ ကိုသောင်း (လိုပြ ၁၀)အပြင် အခြားရွာသားများနှင့်အတူ ကန့်အပြား လိုက်ရှာရာ၊ ညနေ ၄ နာရီခန့်အချိန်တွင် ရွာ၏အနောက်ဘက် ၂ ဖာလုံခန့်ဝေးသော ဦးဘိုးဆယ်၏ မြေပဲခင်းအတွင်း၌ မောင်ခင်ဦး၏အလောင်းကို တွေ့ရသည်။မြေပဲခင်း၏ အရှေ့ဘက်အစပ်မှ အလောင်းတွေ့သော နေရာအထိ ဒရွတ်ဆွဲလာသည့် စွပ်ကြောင်းကိုလည်း တွေ့ရလေသည်။

ကိုညိမ်းမောင်သည် ချက်ခြင်းပင် လယ်ဝေးမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်တိုင်တန်းသဖြင့်၊ ဒု-လုံခြုံရေးမှူး ဦးသောင်း(လိုပြ ၃)သည် အခင်းဖြစ်ပါးရာသို့ လိုက်သွားသည်။ရဲမျာ်းမရောက်လာမီ၊ ကိုတင်မောင်သည် လမ်းမှတုတ်တချောင်းကို တွေ့ရပြီး တုတ်ပေါ်၌ သွေးစက်သို့ ပေနေသည်ကို မြင်ရသဖြင့်၊ ရဲမျာ်းကို အပ်ပေးလိုက်သည်။ ထိုတုတ်ကို ရဲမျာ်းက ဦးထွန်းမောင် (လိုပြ ၁၁) အား ပြန်လည် ဖော်ပေးခဲ့သည်ဟု အဆိုရှိသည်။

မောင်ခင်ဦး၏အလောင်းကို လယ်ဝေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍ ဆရာဝန် ဦးသောင်းရွှေ (လိုပြ ၁၃)က စစ်ဆေးကြည့်ရှုရာ၊ လက်ဝဲဘက် ဦးခေါင်းထိပ်တွင် စုတ်ပြတ်သော ဒဏ်ရာတချက်နှင့် နဖူးလည်တွင် ဖုးရောင်သော ဒဏ်ရာတချက်တွေ့ရှိ။ ဦးခေါင်းထိပ်တွင် ရရှိသော ဒဏ်ရာကြောင့် ဦးခေါင်းခွံ အစိတ်စိတ်ကွဲပြီး ဦးနှောက်ကိုထိကာ သေဆုံးရကြောင်း၊ ထိုဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးသွားသည်။

၁၉၆၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ဒု-လုံခြုံရေးမှူး ဦးတင်ထွန်း(လိုပြ ၁၅)သည် ငှက်ခပျာတောရွာသို့ သွားရောက်ကာ အယူခံတရားလိုအပြင်၊ မောင်ဝင်းမောင်နှင့် မောင်အောင်လှိုင် (ခေါ်)မောင်အောင်မြိုင်ဆိုသူ နှစ်ဦးကိုပါ ဖမ်းဆီးလိုက်သည်။ ထိုနောက် အယူခံတရားလိုက အခင်းဖြစ်ပါးသော နေရာကို ရဲအရာရှိများအား ဦးထွန်းမောင် (လိုပြ ၁၁) နှင့် ဦးလှရွှေ (လိုပြ ၁၂) တို့ရှေ့တွင် ပြသခဲ့၏။ ဦးထွန်းမောင်ထံတွင် သိမ်းထားသည့် တုတ်ကိုလည်း မှတ်မိကြောင်းပြောသည်။

အထက်ပါ သက်သေအထောက်အထားများအရ၊ မောင်ခင်ဦး သေဆုံးသည့် ကိစ္စနှင့်ပတ်သက်၍၊ အယူခံတရားလိုအပြင် မောင်ဝင်းမောင်နှင့် မောင်အောင်လှိုင်တို့ကိုပါ ရုံးတင်တရားစွဲဆိုရာ၊ မောင်ဝင်းမောင်နှင့် မောင်အောင်လှိုင်တို့ အပေါ် သက်သေ အထောက်အထား လုံးဝမရှိ သဖြင့် အောက်ရုံးမှ ၎င်းတို့အား တရားရှင် လွှတ်ခဲ့၏။ အယူခံတရားလိုက မောင်ခင်ဦးကို မသတ်ရကြောင်း၊ ရဲအရာရှိများက မောင်ခင်ဦး အလောင်းတွေ့သောနေရာကို ပြရမည်ဆို၍၊ မူလကသိနေပြီး ဖြစ်သည့် နေရာကို သွားရောက်ပြသခဲ့ရခြင်းသာ ဖြစ်ကြောင်း၊ တုတ်ကိုလည်း ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုသည့် တုတ်ဖာပြောပြီး ပြခဲ့သည် ဆိုခြင်းမှာလည်း မဟုတ်ကြောင်း၊ ထုချေသော်လည်း၊ အောက်ရုံးပညာရှိ တရားသူကြီးသည် ၎င်း၏ထုချေချက်ကို လက်မခံဘဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် သေသူမောင်ခင်ဦးအား အယူခံတရားလိုက ရိုက်သတ်ခဲ့သည်ဟု မည်သည့်သက်သေကမှ ထွက်ဆိုခဲ့ခြင်းမရှိ။ တနည်းဆိုသော် အယူခံတရားလိုအပေါ် ပြစ်မှုကျူးလွန်ခဲ့သည် ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ မျက်မြင်သက်သေ လုံးဝ မရှိပေ။ ပညာရှိ အောက်ရုံးတရားသူကြီးက အယူခံတရားလိုအား ရဲအရာရှိများက ဘမ်းဆီးလိုက်ပြီးနောက်၊ အယူခံတရားလိုသည် မောင်ခင်ဦး အသတ်ခံရသည့်နေရာကို လိုက်လံပြသခဲ့သည့်အပြင်၊ မောင်ခင်ဦးအား ရိုက်သည်ဆိုသောတုတ်ကို မှတ်မိပြသ ခဲ့သည်ဆိုသော အချက်များမှာ အယူခံတရားလိုသည် မောင်ခင်ဦးအား သတ်သည့် လက်သယ်ဖြစ်နေသည်ဟုထင်ရှားစေသည့် ပတ်ဝန်းကျင် သက်သေအထောက်အထား များဖြစ်သည်ဟု ကောက်ယူကာ အယူခံတရားလိုအပေါ် အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ရဲအရာရှိထံတွင် အချုပ်ခံနေရသည့် တရားခံတဦး၏ ဖြောင့်ဆိုချက်၊ သို့မဟုတ် ဖြောင့်ဆိုသည့်အဓိပ္ပါယ် သက်ရောက်သော ဝန်ခံချက်သည် သက်သေခံ မဝင်ပေ။ အာဏာရရာဇဝတ်တရားသူကြီးရှေ့တွင် ပေးမှသာ သက်သေခံအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။ထိုအတိုင်းပင် သက်သေခံ ဥပဒေပုဒ်မ ၂၅ နှင့် ၂၆ တို့တွင် ပြဋ္ဌာန်းထား၏။ သို့ရာတွင် တရားခံတဦး၏ ပြောကြားချက်အရ ရာဇဝတ်မှု ကျူးလွန်ရာတွင် အသုံး ပြုခဲ့သော သက်သေခံပစ္စည်းတခုခုကို ရရှိခဲ့လျှင်၊ ထိုကဲ့သို့ ပစ္စည်းရရှိအောင် ဖော်ပြ ချက်သည် သက်သေခံဝင်ကြောင်း သက်သေခံဥပဒေပုဒ်မ ၂၇ က ခွင့်ပြုထားသဖြင့်၊ အောက်ရုံး ပညာရှိ တရားသူကြီး ကိုးကား သွားသည့် ပတ်ဝန်းကျင် သက်သေ အထောက်အထားများသည် သက်သေခံဥပဒေ ပုဒ်မ ၂၇ တွင် အကျုံးဝင် မဝင် ဆိုခြင်းကို ဆန်းစစ်ရပေမည်။

အယူခံတရားလိုက သက်သေလူကြီးဦးထွန်းမောင်နှင့် ဦးလှရွှေတို့ရှေ့တွင် ရဲအရာ ရှိများအား အခင်းဖြစ်ပွါးသည်ဆိုသောနေရာကို လိုက်လံပြသသည်ဟု အဆိုရှိသည်။

အခင်းဖြစ်ပါးသည်ဆိုသောနေရာကို လိုက်လံပြသခြင်းမှာ သက်သေခံပစ္စည်းကို ရရှိအောင်ဖေါ်ပြသည့် ပြောဆိုချက်မဟုတ်၍၊ သက်သေခံဥပဒေပုဒ်မ ၂၇ နှင့် အကျုံးမဝင်။ အမှန်မှာ ထိုကဲ့သို့ ပြောဆိုပြသချက်သည် တရားခံက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံသည့် ဖြောင့်ချက်ဖြစ်၍၊ သက်သေခံအဖြစ် အသုံးမပြုနိုင်ပေ။ **ရာမာနီမိုဟန်နှင့် နိုင်ငံတော် (၁)** နှင့် **တူရက်နှင့် နိုင်ငံတော် (၂)**တို့ အမှုများတွင် တရားခံက အခင်းဖြစ်ပါးသော နေရာကို ရဲအရာရှိများအား လိုက်လံပြသခြင်းမှာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံသည့် ဖြောင့်ချက်သာဖြစ်ကြောင်း၊ ထိုကဲ့သို့ပြသခြင်းသည် သက်သေခံဥပဒေပုဒ်မ ၂၇ တွင် အကျုံးမဝင်ကြောင်း အဆုံးအဖြတ်ပေးထားသည်ကို တွေ့မြင်နိုင်ပေသည်။

အယူခံတရားလိုက သက်သေ ဦးထွန်းမောင် သိမ်းဆည်းထားသော တုတ်ကို ကြည့်၍ အခင်းဖြစ်စဉ်ကအသုံးပြုသည့်တုတ်ဖြစ်သည်ဟု ဝန်ခံခဲ့သည်ဆိုသောအချက်မှာလည်း အလားတူပင် သက်သေခံ ဥပဒေပုဒ်မ ၂၇ နှင့် အကျုံးမဝင်၍ သက်သေခံအဖြစ် လက်မခံနိုင်ပေ။ အယူခံတရားလိုသည် တုတ်ကိုထုတ်ပေးခြင်း မပြုခဲ့ပေ။ တုတ်ကိုမည်သည့်နေရာတွင် ဝှက်ထားသည်ဟုပြောပြီး ထုတ်ပေးပါမူ ထိုပြောဆိုချက်သည် သက်သေခံအဖြစ် အသုံးပြုနိုင်ကောင်း အသုံးပြုနိုင်မည် ဖြစ်သည်။ တုတ်ကို ထုတ်ပေးပြီး ထိုတုတ်နှင့် သေသူကို ရိုက်ခဲ့သည်ဟု ပြောဆိုပါမူ ထိုကဲ့သို့ရိုက်ခဲ့သည်ဆိုသော ပြောဆိုချက်မှာ တုတ်ကိုဖေါ်ထုတ်ပေးသည်ဆိုသော အချက်နှင့် မဆိုင်သဖြင့် သက်သေခံအဖြစ်အသုံးမချနိုင်ပေ။ ယခုအမှုတွင်လည်း ဦးထွန်းမောင်အိမ်တွင် သိမ်းထားသောတုတ်ကိုကြည့်ပြီး ထိုတုတ်နှင့် သေသူကို ရိုက်ခဲ့သည်ဟု ပြောဆိုသည့် အယူခံတရားလို၏ စကားရပ်မှာ သက်သေခံပစ္စည်းတုတ်ကို ထုတ်ဖေါ်ပေးခြင်းနှင့် မပတ်သက်ဘဲ၊ ပြစ်မှုကျူးလွန်ကြောင်း ဖြောင့်ချက်တခုသာ ဖြစ်နေသည့်အလျောက် သက်သေခံအဖြစ် ၎င်းအပေါ် အသုံးမချနိုင်။

အထက်ပါ အချက်များကို ပယ်လိုက်လျှင် အယူခံတရားလိုအပေါ် အခြားငြိစွန်းသည့် သက်သေအထောက်အထား လုံးဝမရှိတော့ပေ။ ယင်းသို့ သက်သေအထောက်အထား လုံးဝမရှိသည့်ကိစ္စတွင် အယူခံတရားလိုအား အပြစ်ပေးခြင်းမပြုနိုင်။ ပညာရှိ အစိုးရရွှေနေကြီး ဦးသိန်းဟန်ကလည်း အယူခံတရားလိုအပေါ် အပြစ်ပေးရန် သက်သေအထောက်အထား မရှိကြောင်း ရိုးသားစွာ ဝန်ခံသွားသည်။ ထို့ကြောင့် အယူခံတရားလိုမောင်တင်အောင်အား ဤအမှုနှင့် ပတ်သက်၍ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။ ။

---

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၃၊ ကာလကတ္တား၊ ၁၄၆။

(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၅၊ အောက် ၁။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ်ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၆ စက်တင်ဘာလ ၂၄ ရက်။

မောင်လှမြင့် (ခေါ်) မောင်လှမိုင် (လျှောက်ထားသူ)

နှင့်

မောင်သိန်းအောင် ပါ ၂ (လျှောက်ထားခံရသူ)*

အမှုခေါ် စာချုန်တော်—မြို့ပြဆိုင်ရာအိမ်ငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၁—အိမ်ရှင်နှင့် အိမ်ငှါးကိုသာ ရည်ညွှန်းထားခြင်း—အိမ်ငှါးမဟုတ်သူနှင့်စပ်လျဉ်း၍၊ လက်ထောက် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ကဆောင်ရွက်ပေးနိုင် မပေးနိုင်—ဆောင်ရွက်မှုမှာတရားစီရင်ရေးကဲ့သို့ အကျိုးသက်ရောက် မသက်ရောက်—အမှုခေါ် စာချုတ်တော် အမိန့်ဖြင့် ပယ်ဖျက်ခွင့်ရှိ မရှိ။

လျှောက်ထားသူက လျှောက်ထားခံရသူ မောင်သိန်းအောင် နှင့် အခြားသူ နှစ်ဦးအပေါ် အိမ်မှထွက်ခွါသွားလိုမှု တရားစွဲဆိုရာ မူလရုံးနှင့် အယူခံရုံးတွင် အနိုင်ဒီကရီ ရရှိပြီးဖြစ်သည်။ သို့ရာတွင် မောင်သိန်းအောင်က လက်ထောက် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံသို့ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ အရ၊ အချင်းဖြစ် အိမ်ကို မိုးလုံ လေလုံဖြစ်စေရန် ပြုလုပ်ပေးရန် လျှောက်ထားရာ မောင်သိန်းအောင်ကို အိမ်ငှါးဟု အသိအမှတ် ပြုပြီး အိမ်မိုးရန် ကိစ္စ၌ အိမ်ရှင်က တာဝန်ယူ၍ မိုးရန် အမိန့်ချမှတ်သည်။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ အရ ဆိုလျှင်၊ အိမ်ရှင်နှင့် အိမ်ငှါးကိုသာ ရည်ညွှန်းထားသည်။ တရားရုံးများက မောင်သိန်းအောင်သည်၊ အိမ်ငှါးမဟုတ်ဟု အဆုံးအဖြတ်ပေးထားပြီး ဖြစ်သဖြင့် ထိုပုဒ်မ ၁၁ အရ၊ လက်ထောက် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မဆောင်ရွက်နိုင်ပေ။ ထိုကဲ့သို့ မဆောင်ရွက်နိုင်ဘဲ အမိန့်ချမှတ်ခြင်းမှာ မိမိတွင် အာဏာ မရှိဘဲနှင့် ချမှတ်သော အမိန့် ဖြစ်သဖြင့် ထိုအမိန့်မှာ မှားယွင်းချတ်ချော်၍ တရားရေးမလျှိုင် ကို ယိမ်းယိုင်စေသည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ အမှာ် ၂၀။

† လျှောက်ထားသူက ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး၏ ၁၉၆၅ ခု၊ အမှုတွဲ အမှတ် ၂၆၂ အော တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ အမှုခေါ် စာချုန်တော် အမိန့်ထုတ်ဆင့်ပေးပါရန် လျှောက်ထားသော လျှောက်လွှာ။

လက်ထောက် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ ဆောင်ရွက်မှုမှာ တရားစီရင်ရေး ကဲ့သို့ အကျိုးသက်ရောက်သော လုပ်မှု ဆောင်တာမျိုး ဖြစ်သည်။ သို့ဖြစ်၍၊ အမှုခေါ် စာချုန် တော်အမိန့်ဖြင့် ပယ်ဖျက်ခွင့် ရှိသည်။

မစ္စစ်ဒီ၊ အမ်၊ ဆင်းဂါး နှင့် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန် ပါ ၃၊ ၁၉၄၉ ခု၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်ချုပ် စာ ၁၄၃။

ထိုင်ချူးဂန် ကုမ္ပဏီ နှင့် **ချန်ဆိုင်းချောင်း**၊ ၁၉၄၃၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ဂဖ။

ဦးထွေး (ခေါ်) အေ၊ အီး၊ မဒါရီ နှင့် **ဦးထွန်းအုံ** ပါ ၂၊ ၁၉၄ဂ ခု၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ၅၄၁ ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးစောလွင်။

လျှောက်ထားခံရသူ (၁) အတွက်။ ။ဦးသန်းမောင်။

လျှောက်ထားခံရသူ (၂) အတွက်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ မောင်လှမြင့် (ခေါ်) မောင်လှမြိုင်က၊ ရန်ကုန်မြို့ လက်ထောက်မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ ၁၉၆၅ ခု၊ အမှုတွဲအမှတ် ၂၆၂ အေ-တွင် ၁၉၆၆ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို အမှုခေါ် စာချုန်တော်ဖြင့် ခေါ်၍ အတည်မပြုဘဲ ပယ်ဖျက်ပေးပါရန်နှင့်၊ ရန်ကုန်မြို့ တရားမရုံး စတုတ္ထတရားသူကြီးရုံး ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉၄ နှင့် နိုင်ငံတော်တရားရုံးချုပ် ၁၉၆၂ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၂၀ တွင် ချမှတ်သော အမိန့်မျှားအရ၊ လျှောက်ထားခံရသူ မောင်သိန်းအောင်သည် ကျူးကျော်ဝင်ရောက်နေထိုင်သူဖြစ်သဖြင့် အချင်းဖြစ်အိမ်ကိုပင် ပိုင်ဆိုင်ခွင့် မရှိကြောင်း အမိန့်ချမှတ်ပေးပါရန် လျှောက်ထားလေသည်။

လျှောက်ထားသူ မောင်လှမြင့် (ခေါ်) မောင်လှမြိုင်သည်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ သာဓုလမ်း၊ အိမ်အမှတ် ၇ ကို ပိုင်ဆိုင်သူဖြစ်သည်။ ယင်း မောင်လှမြင့်က ၎င်း၏ အဒေါ်တော်သူနှင့် ၎င်း၏ယောကျ်ား ဦးလှတင်တို့ကို ထိုအိမ်ပေါ်တွင် အိမ်လခမဲ့ နေထိုင်ခွင့် ပြုထားရာမှ ဦးလှတင်-ဒေါ်မီတို့က လျှောက်ထားခံရသူ အမှတ် (၁) မောင်သိန်းအောင်အား၊ အိမ်ရှင်မောင်လှမြင့်၏ ခွင့်အမိန့်မရရှိဘဲ ငှါးရမ်းထားသည်ဟု အဆိုရှိသည်။ မောင်လှမြင့်က ဦးလှတင်-ဒေါ်မီနှင့် လျှောက်ထားခံရသူ မောင်သိန်းအောင်တို့အပေါ် အိမ်မှထုတ်ခဲ့ါသွားလို့မူဖြင့်၊ ရန်ကုန်မြို့ တရားမ တရားသူကြီးရုံးတွင် အမှုစွဲဆိုရာ၊ စတုတ္ထတရားမ တရားသူကြီးက၊ ထိုအချင်းဖြစ် အိမ်သည်

လျှောက်ထားသူ မောင်လှမြင့်အိမ်ဖြစ်၍၊ တရားခံများဖြစ်ကြသော ဦးလှတင်-ဒေါ်မိ တို့ ပိုင်ဆိုင်သော အိမ်မဟုတ်၊ ၎င်းတို့မှာ မောင်လှမြင့်၏ခွင့်ပြုချက်အရ အိမ်လခမဲ့ နေထိုင်သူများ ဖြစ်၍၊ လျှောက်ထားခံရသူ မောင်သိန်းအောင်သို့ တဆင့် ဌားရမ်းရန် အခွင့်အာဏာမရှိ၊ ထို့သို့ ဌားရမ်းသည် ဆိုခြင်းနှင့် ပတ်သက်၍လည်း၊ အိမ်ရှင် မောင်လှမြင့်၏ အခွင့်တစုံတရာမရရှိသဖြင့် လျှောက်ထားခံရသူမောင်သိန်းအောင်မှာ အိမ်ငှါး အခြေအနေမျိုး မဟုတ်ဘဲ၊ ကျူးကျော်သူ တဦး အနေသာ ဖြစ်သည်ဟု ယူဆပြီးလျှင်၊ လျှောက်ထားသူ မောင်လှမြင့် စွဲဆိုသည့်အတိုင်း အမိန့်နှင့် ဒီကရီကို ချမှတ်ခဲ့လေသည်။

ဦးလှတင်-ဒေါ်မိနှင့် လျှောက်ထားခံရသူ မောင်သိန်းအောင်တို့က မကျေနပ်သဖြင့်၊ နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ရာ၊ တရားရုံးချုပ်၏ ၁၉၆၂ ခု၊ တရားမ ပဌမအယူခံမှုအမှတ် ၂၀ တွင် ၎င်းတို့၏ အယူခံကို ပလပ်လိုက်ပြီး၊အောက်ရုံး၏အမိန့်ကို အတည်ပြုလိုက်လေသည်။

အချင်းဖြစ်အိမ်၌ ဦးလှတင်နှင့် ဒေါ်မိတို့ မနေကြသော်လည်း၊ လျှောက်ထားခံရသူ မောင်သိန်းအောင်မှာ ဆက်လက်၍ နေထိုင်နေသည်။ လျှောက်ထားသူ မောင်လှမြင့်က အချင်းဖြစ်အိမ်မှာ ပျက်စီးယိုယွင်းနေသဖြင့် ပြင်ဆင်ရန် ရန်ကုန် မြို့နှစ်ပါယ်အဖွဲ့တွင် အခွင့်တောင်းရာ ခွင့်ရရှိ၍ ထိုအိမ်ကို ဖျက်၍ ပြင်ဆင်ရန် အိမ်ပေါ်တွင် နေထိုင်လျက်ရှိသော လျှောက်ထားခံရသူ မောင်သိန်းအောင်အား ဖယ်ပေးရန် ပြောသော်လည်း၊ မဖယ်ပေးဘဲ၊ မောင်သိန်းအောင်က အိမ်ငှါးတဦး အနေဖြင့် လက်ထောက် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်ထံသို့ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ အရ၊ထိုအချင်းဖြစ် အိမ်ကို မိုးလုံလေလုံဖြစ်စေရန် အိမ်ရှင် လျှောက်ထားသူ မောင်လှမြင့်အား ပြုလုပ်ပေးရန် အိမ်ရှင်က မပြုလုပ်ပေးပါက ၎င်းက ထို အိမ်ကို မိုးခွင့်ပေးရန် လျှောက်ထားရာ၊ လက်ထောက် ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်သည်၊ အမှုတွဲကိုဖွင့်၍၊ အမှုသည်များအား စစ်ဆေးပြီး အချင်းဖြစ် အိမ်ကို သွားရောက် ကြည့်ရှုလေသည်။ လျှောက်ထားသူ မောင်လှမြင့်က၊ လက်ထောက်မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်အား၊ အချင်းဖြစ်အိမ်သည် မိမိအိမ်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူ မောင်သိန်းအောင်မှာ အိမ်ငှါးတဦးမဟုတ်၊ ကျူးကျော်နေသူတဦးသာ ဖြစ်ကြောင်း၊ တရားရုံးတော်များက ချမှတ်ထားသော အမိန့်များကို တင်ပြသော်ငြားလည်း၊ လက်ထောက် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်က မောင်သိန်းအောင်သည် အိမ်ငှါးမဟုတ်ကြောင်း ခိုင်လုံအောင်တင်ပြထားသော အထောက်အထားကို၊အိမ်ရှင်ဖြစ်သူ မောင်လှမြင့်က မပြနိုင်ဟုဆိုကာ၊ မောင်သိန်းအောင်ကို အိမ်ငှါးဟု အသိအမှတ် ပြုပြီး

အိမ်မိုးရန်ကိစ္စ၌ အိမ်ရှင်ကတာဝန်ယူ၍ မိုးရန်၊အိမ်ရှင်က မမိုးပါက၊ အိမ်ငှါး မောင်သိန်းအောင်က မိုး၍ ကုန်ကျသောစရိတ်ကို အိမ်လခမှခုနှိမ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မောင်လှမြင့်က မကျေနပ်သဖြင့်၊ဤရုံးသို့ ထိုအမိန့်ကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိ ရွှေနေကြီး ဦးစောသွင်က၊ အချင်းဖြစ်အိမ်မှာ မောင်လှမြင့်အိမ် ဖြစ်ပါသည်။မောင်သိန်းအောင်ကို မည်သည့်အခါကမျှ အိမ်မငှါးဘူးပါ။ အိမ်ငှါးရှိဟုလည်း အသိအမှတ် မပြုခဲ့ဘူးပါ။မောင်လှမြင့်၏ ခွင့်ပြုချက်အရ နေထိုင်သူ ဦးလှတင်-ဒေါ်မိတို့က မောင်သိန်းအောင်အား တဆင့် အိမ်မငှါးနိုင်ပါ။ တရားရုံးမျှားခွင်လည်း မောင်လှမြင့်နှင့် ဦးလှတင်-ဒေါ်မိ၊ မောင်သိန်းအောင်တို့ အမှုဖြစ်ပြီးပါပြီ။ တရားရုံးတော်မျှားကလည်း၊ ဦးလှတင်-ဒေါ်မိတို့သည် အချင်းဖြစ်အိမ်ကို ပိုင်ဆိုင်သူများ မဟုတ်။မောင်လှမြင့်၏ခွင့်နှင့်သာ နေသောသူများ ဖြစ်ကြပါသည်။ မောင်သိန်းအောင်မှာ မောင်လှမြင့်၏ အိမ်ငှါးမဟုတ်၊ ကျူးကျော်သူသာလျှင် ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ပြီးပါပြီ။လက်ထောက် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ၌လည်း၊ တရားရုံးများ၏ အမိန့်များကို တင်ပြပြီး ဖြစ်ပါသည်။ ယင်းကဲ့သို့ တင်ပြသော်ငြားလည်း၊ လက်ထောက် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်က တရားရုံးများ၏ အမိန့်များကို ဂရုမမူအလေးမပေးဘဲ မောင်သိန်းအောင်အား အိမ်ငှါးသူဟု အသိအမှတ်ပြုပြီး၊ အိမ်မိုးခွင့်ပေးသည်မှာ၊ လက်ထောက် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဒန်သည်၊မိမိ၌အာဏာမရှိဘဲလျက်၊ မရှိသော အာဏာကိုအသုံးပြု၍ အမိန့်ချမှတ်ခြင်းမှာ တရားရုံးတော်မှ ချမှတ်သော အမိန့်များကို ဆန့်ကျင်နေသည်ဟု တင်ပြသွားသည်။

လျှောက်ထား ခံရသူ၏ ပညာရှိရွှေနေကြီး ဦးသန်းမောင်က လျှောက်ထားခံရသူသည် ဦးလှတင်-ဒေါ်မိတို့ထံမှ အချင်းဖြစ် အိမ်ကိုငှါး၍ နေထိုင်ပါသည်။ အိမ်လခကိုလည်း၊ ဦးလှတင်-ဒေါ်မိတို့ကို ပေးခဲ့ပါသည်။ဦးလှတင်-ဒေါ်မိတို့ ထိုအိမ်တွင် မနေတော့သဖြင့် အိမ်လခကို လျှောက်ထားသူ မောင်လှမြင့်အား ပေးရာ၊ ၎င်းက ငြင်းဆန်သောကြောင့် မပေးဘဲ နေရပါသည်။လျှောက်ထား ခံရသူမှာ ထိုအိမ်ပေါ်တွင် လက်ရှိနေထိုင်သူဖြစ်၍၊မိုးရွာသောအခါ မလုံသဖြင့် အိမ်ရှင် မောင်လှမြင့်အား အိမ်မိုးပေးရန် ပြောဆိုပါသည်။ ၎င်းက အိမ်မမိုးပေးသောကြောင့်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားရခြင်း ဖြစ်ပါသည်။ မိုးရေထဲမှာ အမိုးမရှိဘဲမနေနိုင်သဖြင့် လူမှုရေးအရ လျှောက်ထားသည့်အတိုင်း လက်ထောက်မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်က ခွင့်ပြုသည်မှာ မှန်ကန်ပါသည်ဟု တင်ပြသွားသည်။

၁၉၆၆

မောင်လှမြင့် (ခေါ်) မောင်လှမြိုင်နှင့် မောင်သိန်းအောင် ပါ ၂။

ဤအမှုကို ကျွန်ုပ်တို့ အသေးစိတ် သုံးသပ်ကြသည်။အချုပ်ဖြစ်အိမ်မှာ လျှောက်ထားသူ မောင်လှမြင့် (ခေါ်) မောင်လှမြိုင်အိမ် ဖြစ်ကြောင်းမှာ တရားရုံးများ၏ အမိန့်များအရ ထင်ရှားသည်။ဦးလှတင်-ဒေါ်မိတို့မှာ ထိုအိမ်ပေါ်တွင် မောင်လှမြင့်၏ အခွင့်နှင့် နေထိုင်သူများ ဖြစ်ကြသည်။ဇင်းတို့ထံမှ အိမ်လခမယူ။ဦးလှတင်-ဒေါ်မိတို့က လျှောက်ထားခံရသူ အမှတ် (၁)မောင်သိန်းအောင်ကို တဆင့် အိမ်ပေါ်တင်ထားသည်။ထိုသို့ တင်ထားခြင်းမှာ အိမ်ငှါး အဖြစ်ဖြင့် ဖြစ်စေ၊ အလွတ်အခမဲ့ နေထိုင်သူ အနေနှင့်ဖြစ်စေ နေထိုင်ခြင်းမှာ မောင်လှမြင့်၏ ခွင့်ပြုချက် မရပေ။ ထို့ကြောင့်ပင်လျှင် မူလ တရားရုံးနှင့် အယူခံ ရုံးတို့က လျှောက်ထား ခံရသူ မောင်သိန်းအောင်အား အိမ်ငှါးတဦး အနေဖြင့် မသတ်မှတ်ဘဲ၊ ကျူးကျော်သူ တဦးအနေဖြင့်သာ သတ်မှတ်ခြင်းဖြစ်သည်။ မောင်သိန်းအောင်သည်၊ လက်ထောက် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံတွင် အိမ်မိုးခွင့်ပြုရန် လျှောက်ထားရာ၌၊ သက်ဆိုင်သောအမှုတွဲကို ဖွင့်လှစ်ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် လျှောက်ထားသူ မောင်လှမြင့် တင်ပြသော တရားရုံးများ၏ အမိန့်များကို မလိုက်နာဘဲ ဆန့်ကျင်၍ မောင်သိန်းအောင်သည်၊ မောင်လှမြင့်၏ အိမ်ငှါးတဦးပင် ဖြစ်သည်ဟု ယူဆခြင်းမှာ မှားယွင်းသည်ဟု တွေ့ရှိရသည်။ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ အရဆိုလျှင်၊အိမ်ရှင်နှင့် အိမ်ငှါးကိုသာရည်ညွှန်းထားသည်။တရားရုံးများက မောင်သိန်းအောင်သည်၊ အိမ်ငှါးမဟုတ်ဟု အဆုံးအဖြတ်ပေးထားပြီး ဖြစ်သဖြင့် ထိုပုဒ်မ ၁၁ အရ၊ လက်ထောက် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မဆောင်ရွက်နိုင်ပေ။ ထိုကဲ့သို့ မဆောင်ရွက်နိုင်ဘဲ၊ အမိန့်ချမှတ်ခြင်းမှာ မိမိတွင် အာဏာမရှိဘဲနှင့် ချမှတ်သောအမိန့်ဖြစ်သဖြင့် ထိုအမိန့်မှာ မှားယွင်းချွတ်ချော်၍ တရားရေးမကျိုင်ကို ယိမ်းယိုင်စေသည်။အမှုတွဲတွင် ပေါ်လွင်သည့် အကြောင်းခြင်းရာ အချက်အလက်များအရ၊ ကျွန်ုပ်တို့သည် လျှောက်ထားခံရသူ၏ ပညာရှိ ရှေ့နေကြီး တင်ပြချက်များကို လက်ခံရန် ခဲယဉ်းပေသည်။

လျှောက်ထားခံရသူသည်၊ အိမ်ငှါးမဟုတ် ကျူးကျော်သူ ဖြစ်ကြောင်း၊ ရုံးအဆင့်ဆင့်က ဆုံးဖြတ်ပြီးခဲ့ကြပြီ။ ထိုသို့ စစ်ဆေးဆုံးဖြတ်နေသည့် ၁၉၆၂ ခုနှစ်မှ ယခုအထိ အချိန်ကာလအတွင်း၌ ကျူးကျော်သူတို့သည် အိမ်၌ အခမဲ့နေခဲ့ကြပြီးပြီ။ အိမ်ငှါးခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို အိမ်ရှင်က ပြင်ဆင်ပေးစေရန်၊ ဤရုံးသို့ လာရောက် လျှောက်ထားရသည်မှာလည်း၊ လျှောက်ထားခံရသူတို့သည် အိမ်ငှါးများ မဟုတ်ကြပါ ဟူသောအချက်ကို ထပ်မံထင်ရှားစေရန် ဖြစ်ဟန် တူသည်။

လျှောက်ထား ခံရသူ၏ ပညာရှိ ရှေ့နေကြီးက၊ လက်ထောက် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ ပြုမူချက်မှာ အုပ်ချုပ်ရေး သဘောတရားအရသာလျှင်

ဖြစ်ပါသည်။ယင်းကဲ့သို့ အုပ်ချုပ်ရေး သဘောအရ ပြုလုပ်ခြင်းကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးပါရန်၊ကျိုးသို့ လျောက်ထားခွင့်မရှိပါဟု တင်ပြသည်။ ထိုအချက်ကို ကျွန်ုပ်တို့ သဘော မတူ နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လက်ထောက် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်၏ ဆောင်ရွက်မှုမှာ တရားစီရင်ရေး ကဲ့သို့၊ အကျိုးသက်ရောက်သော လုပ်မှုဆောင်တာမျိုး ဖြစ်သည့် **မဓ္ဍ(စ်) ဒီ၊အမ်၊ဆင်း ဂါး** နှင့် **မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်ပါ** ၃ (၁) အမှု၏ အဆုံးအဖြတ်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

> "That the Rent Controller under the Urban Rent Control Act exercises functions of quasi-judicial nature and was therefore amenable within the jurisdiction of the Supreme Court. As the Rent Controller failed to exercise the jurisdiction in making the enquiry the Supreme Court will issue *certio-ari* to quash the proceedings."

ၵင်းပြင် **တိုင်ချူးဂန်ကုမ္ပဏီ** နှင့် **ချန်ဆိုင်းချောင်း** (၂) အမှုနှင့် **ဦးထွေး** (ခေါ်) **အေးအီး၊ မဒါရီး** နှင့် **ဦးထွန်းအုံ** ပါ ၂ (၃) အမှုတို့ကို ကြည့်ပါလေ။

အထက်တွင် ဖော်ပြခဲ့သော အကြောင်းအချက်တို့အရ၊ ရန်ကုန်မြို့ လက်ထောက် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်၏ ၁၉၆၅ ခု၊ အမှုတွဲ အမှတ် ၂၆၂-အေ တွင် ၁၉၆၆ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့စွဲပါ ချမှတ်သောအမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက် လိုက်သည်။

ရှေ့နေခ ၃၄ ကျပ် သတ်မှတ်သည်။

---

(၁) ၁၉၄၉၊ မြန်မာပြည်စီရင် ထုံး (တရားလွှတ်တော်ချုပ်)၊ စာ ၁၄၃။
(၂) ၁၉၄၃၊ မြန်မာပြည်စီရင် ထုံး (တရားလွှတ်တော်ချုပ်)၊ စာ၊ ၁၆။
(၃) ၁၉၄၈၊ မြန်မာပြည်စီရင် ထုံး (တရားလွှတ်တော်ချုပ်)၊ စာ ၅၄၁။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရှေတွင်

† ၁၉၆၆ — မောင်အေး (ပြင်ဆင်လျှောက်ထားသူ)

စက်တင်ဘာလ ၁၆ ရက်။ — နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၈ (၁) အရ၊ စွဲချက်တင်ခြင်း—စွဲချက်မှာတိကျပြတ်သားခြင်း မရှိခြင်း—ရာဇဝတ် ကျင့်ထုံးပုဒ်မ ၂၂၂ (၁)—တွေ့ရှိသော ပစ္စည်းမှာသားရေစာ ဖြစ်သဖြင့်ကုန်သွယ်မှု တိုးတက်ရေးဌာန၏ ကျေညာချက် အမှတ် (၁) ကို ဆန့်ကျင် ဖေါက်ဖျက်ခြင်း မရှိခြင်း။

ဆုံးဖြတ်ချက်။ ။မြေပဲဆားလှော်ဟု သက်သေများက အတိ အကျ ထွက်ဆိုထားလျက်နှင့် တရားသူကြီးက စွဲချက်တင်ရာ၌ မြေပဲဆံ မစိမ်း မကျက်ဟု မရေ မရာ ဖေါ်ပြထားခြင်းမှာ စွဲချက်သည် တိကျ ပြတ်သားခြင်း မရှိ၊ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၂၂ (၁) အရ၊ စွဲချက်ပါ အကြောင်းအရာများသည် သေချာရမည်။

လျှောက်ထားသူထံ၌ တွေ့ရှိရသော မြေပဲများမှာ မြေပဲဆားလှော် ဖြစ်သဖြင့် သားရေစာ ဖြစ်သည်။ လျှောက်ထားသူသည် မြေပဲဆားလှော် ရောင်းစားသူ တဦး ဖြစ်ရကား၊ ကုန်သွယ်မှု တိုးတက်ရေးဌာန၏ ကျေညာချက်အမှတ် (၁) ကို ဆန့်ကျင် ဖေါက်ဖျက်ခြင်း မရှိခြင်းကြောင့် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ ဥပဒေ ပုဒ်မ ၈ (၁) အရ၊ အပြစ်မပေးနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးတင်ရီ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ (တရားခံ) မောင်အေးသည်၊ မြေပဲဆံမစိမ်းမကျက် ၁၇ အိတ်ကို သိုလှောင်ထားသည်ဟုဆိုကာ၊ ၎င်းအပေါ် အရေးကြီး

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၂ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၄၆ တွင် ချမှတ်သော၊ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ ပဋ္ဌမရာဘက် (အထူး) ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

သောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေပုဒ်မ ဂ(၁)အရ၊ မူလရုံးက စွဲချက်တင်ခဲ့သည်။

ထိုစွဲချက်တင်သောအမိန့်ကို မကျေနပ်သဖြင့်၊ လျှောက်ထားသူမောင်အေးသည်၊ ရန်ကုန်မြို့ ဟံသာဝတီနှင့် ရန်ကုန်ခရိုင်စက်ရှင်တရားသူကြီးရုံးတွင် ပြင်ဆင်မှုလွှာ တင်သွင်းခဲ့သည်။ မအောင်မြင်ခဲ့သဖြင့် ဤရုံးသို့တဖန် ရာဇဝတ်ပြင်ဆင်မှုလွှာတင်သွင်းလေသည်။

အမှုအကြောင်းအရာ အတိုချုပ်မှာ၊ အောက်ပါအတိုင်းဖြစ်သည်။

၁၉၆၅ ခုနှစ်၊နိုဝင်ဘာလ ၂၂ ရက်နေ့နံနက် ၁၂ နာရီ ၅၅ မိနစ်အချိန်လောက်တွင်၊ ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ လျှောက်ထားသူ မောင်အေးနေအိမ်တွင်၊ ဒဂုံရဲစခန်းမှူး ဦးဘရင် (လိုပြ-၁)၊ အသိသက်သေများဖြစ်ကြသော ဦးထွန်းရွှေ (လိုပြ-၂)နှင့် ဦးဘလှစိန် (လိုပြ-၄)တို့သည်၊ဝင်ရောက်ရှာဖွေကြရာ၊မြေပဲဆံသုံးတင်းဝင် အိတ် ၁၇ အိတ်ကို တွေ့ရှိရသည်ဟုအဆိုရှိပြီး၊ ရှာဖွေပုံစံကို ပြုလုပ်လေသည်။ ယင်းကဲ့သို့တွေ့ရှိရခြင်းကြောင့်၊ မောင်အေးအပေါ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ဂ(၁)အရ ရုံးတင်တရားစွဲဆိုလေသည်။

ဦးဘရင်(လိုပြ-၁)က၊တရားခံမောင်အေးအိမ်၌မြေပဲဆံ ၁၇ အိတ်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့မြေပဲဆံအိတ်များကို ထားရှိခြင်းမှာ၊ ၁၉၆၅ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့ထုတ် ကုန်သွယ်ရေးဌာန ညွှန်ကြားချက်အမှတ် (၁၀)နှင့် အကျုံးဝင်နေသောကြောင့်၊ ၎င်းတရားခံမောင်အေးအပေါ်၊ အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေပုဒ်မ ဂ(၁)အရ အရေးယူ၍ အမှုဖွင့်ကြောင်း ထွက်ဆိုထားသည်။ သို့ရာတွင် တရားခံ၌နေကြီး၏ ပြန်လှန်မေးခွန်းတွင်၊ ဤသက်သေကတွေ့ရှိသော မြေပဲဆံများမှာ၊ မြေပဲဆံမဟုတ်၊ မြေလော်ထားပါသည်။ ဆားအနည်းငယ်သာပါပါသည်။ ညွှန်ကြားချက်အမှတ် (၁၀)ဖြင့် တားမြစ်ထားခြင်းမှာ၊ မြေပဲတောင့်၊ မြေပဲဆံ၊ မြေပဲဖတ်တို့ပါဝင်ပါသည်။ မြေပဲဆားလော် မပါဝင်ပါဟုအစစ်ခံထားသည်။

ဦးထွန်းစိန် (လိုပြ-၂) သည်၊ တရားခံမောင်အေးအိမ်တွင် ရှာဖွေရာ၌ သက်သေလူကြီးတဦးဖြစ်သည်။ ၎င်းကမောင်အေးသည် မြေပဲဆားလော် ရောင်းစားသူဖြစ်ပါသည်။ သူမြေပဲဆားလော် ရောင်းသည်ကိုမြင်ဘူးပါသည်။ ကျွန်တော်မြေပဲဆားလော် ဝယ်စားဘူးပါသည်။ ယခုသိမ်းဆီးသည့် မြေပဲဆားလော်မျိုးဖြစ်သည်ဟု ထွက်ဆိုထားသည်။

၎င်းပြင်၊ တရားခံမောင်အေးအိမ်၌ ရှာဖွေရာတွင် လူကြီးတဦးအဖြစ်ပါဝင်ခဲ့သူ ဦးဘလှစိန် (လိုပြ-၄) က၊ မောင်အေးအိမ်တွင် တွေ့ရှိရသော မြေပဲများသည် လော်

ထားပါသည်။ မြေပဲဆားလှော်ဖြစ်ပါသည်။ မောင်အေး (တရားခံ) သည်မြေပဲဆား လှော် ရောင်းစားသူဖြစ်ပါသည်ဟု ထွက်ဆိုထားသည်။

တရားခံမောင်အေးထံမှ ရဲများက ဘမ်းဆီးစဉ်အခါက၊ ရှာဖွေပုံစံတွင်ပြထားသည်မှာ မြေပဲဆံဖြစ်သည်။ သို့သော်ရုံး၌စစ်ဆေးသောအခါ ဘမ်းဆီး၍ရမိသောပစ္စည်းများမှာ မြေပဲဆံမဟုတ်၊မြေပဲဆားလှော်ဖြစ်သည်ဟုထွက်ဆိုချက်ရှိသည်။ မောင်အေးမှာလည်း မြေပဲဆားလှော်ရောင်းစားသူတဦးဖြစ်သည်ဟုအဆိုရှိသည်။ မြေပဲဆားလှော်သည် သားရေစာဖြစ်သည်။ မြေပဲဆားလှော်ဟုသက်သေများကအတိအကျထွက်ဆိုထားလျက်နှင့် အောက်ရုံးပညာရှိတရားသူကြီးကစွဲချက်တင်၍၊မြေပဲဆံမစိမ်းမကျက်ဟု မရေမရာ ဖေါ်ပြထားခြင်းဖြစ်သည်။ စွဲချက်မှာတိကျ ပြတ်သားရမည်။ မြေပဲဆားလှော်ဟု သက်သေများကဆိုထားလျက်နှင့် အဘယ်ကြောင့် အောက်ရုံးပညာရှိတရားသူကြီးသည် မြေပဲဆံမစိမ်းမကျက်ဟု ဝေ့လည်ကြောင်ပတ် အသုံးမျိုး ကိုထည့်သွင်းထားခြင်းမှာ၊ အမှုကိုသေချာစွာ လေ့လာသုံးသပ်ပုံ မပေါ်ခေျ။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၂ (၁) အရ စွဲချက်ပါအကြောင်းအရာများသည် သေချာရမည်။ သက်သေများက ထွက်ဆိုခဲ့ပြီးသော မြေပဲဆားလှော်ကို၊ မြေပဲဆံမစိမ်းမကျက်ဟု ဖေါ်ပြထားခြင်းမှာ၊ ထိုစွဲချက်သည် မှားယွင်းနေသည်ကို တွေ့ရှိရသည်။

ၚင်းပြင်၊ ပညာရှိစက်ၚင်တရားသူကြီးက၊ လျှောက်ထားသူမောင်အေးထံတွင်တွေ့ရှိသော မြေပဲများမှာ၊ သားရေစာအတွက် မြေပဲလှော်ဖြစ်သည်ဟု လက်ခံထားသည်။ သို့ရာတွင် ထိုသားရေစာဖြစ်သည့် မြေပဲလှော်ကို၊တရားခံမောင်အေးသည် အမှန်ရောင်းချရန်ထားသည်ဟူသော အချက်ကိုပြရန်၊ မောင်အေး၌တာဝန်ရှိသည်ဟု ဖေါ်ပြထားသည်။ ထို့ကြောင့်ပင် စွဲချက်ကိုဝင်ရောက်စွက်ဖက်ရန် သင့်တော်မည်မဟုတ်ဟုယူဆပြီး မောင်အေး၏လျှောက်လွှာကို ပယ်ခဲ့ခြင်းဖြစ်သည်။

တရားလိုပြ သက်သေများကိုယ်တိုင်က၊မောင်အေးသည် မြေပဲဆားလှော်ကိုသာ သားရေစာအဖြစ် အမှန်ရောင်းချပါသည်ဟု ထွက်ဆိုထားလျက်နှင့် မောင်အေး ကိုယ်တိုင်က ထိုသားရေစာကို ရောင်းချသူအမှန်ဖြစ်ပါသည်ဟုပြောဆိုရန်တာဝန်မရှိပေ။

ၚင်းပြင် ကုန်သွယ်မှုတိုးတက်ရေးဌာန၊ ၁၉၆၅ ခုနှစ်၊ ကျေညာချက်အမှတ် ၁ အပိုဒ် (၇)တွင်၊ ဤသို့အဆိုရှိသည်။

"ၚင်းတို့ကို (မြေပဲအပါအဝင်) ဆိုရှယ်လစ်လမ်းစဉ်နှင့်အညီ မှန်ကန်သည့် လူနေမှုစံနစ်အရ၊ လုပ်ရိုးလုပ်စဉ်အတိုင်း၊ အမှန်စားသုံးခြင်း၊ ဝမ်းစာအဖြစ်ထားရှိခြင်း၊ စိုက်ပျိုးရေးမျိုးစေ့အတွက် သိုလှောင်ထားရှိခြင်း၊ သားရေစာပြုလုပ်ရောင်းချရန် အတွက်လက်ဝယ်ထားရှိခြင်း၊ လူမှုရေးအရအမှန်ပေးကမ်းလှူဒါန်း

ခြင်း၊ အခြားမှန်ကန်သောရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း၊ စသည်တို့ကို စိုးရိမ်ကြောင့်ကျမှုမရှိဘဲ ပြုလုပ်နိုင်ပါသည် "။

ဌာန်းပြင်၊ ဌာန်းကျေညာချက်အပိုဒ် (၁၀)တွင်၊ ဤသို့အဆိုရှိပြန်သည်။

"ဆိုရှယ်လစ်လမ်းစဉ်နှင့်အညီ၊ မှန်ကန်သည့် လူနေမှုစံနစ်အရ၊ အဆိုပါအရေးကြီးသောကုန်ပစ္စည်းများကို—

(က) အိမ်ထောင်စုဝင်များသည်၊ လုပ်ရိုးလုပ်စဉ် အမှန်စားသုံးရန်အတွက်သော်၎င်း၊

(ခ) သားရေစာအဖြစ် အမှန်ပြုလုပ်ရောင်းချရန်အတွက်သော်၎င်း၊

(ဂ) တောင်သူလယ်သမား အိမ်ထောင်စုတစုတွင်၊ ဝမ်းစာအဖြစ် အမှန်ထားရန်အတွက်သော်၎င်း၊

(ဃ) စိုက်ပျိုးရေးမျိုးစေ့အတွက်၊ အမှန်အသုံးပြုရန်သော်၎င်း၊

(င) လူမှုရေးအရ၊ အချင်းချင်း လုပ်ရိုးလုပ်စဉ် အမှန်ပေးကမ်းလှူဒါန်းရန်အတွက်သော်၎င်း

ဝယ်ယူခြင်း၊ အရယူခြင်း၊ လက်ရှိထားရှိခြင်း၊ ယူဆောင်ခြင်း၊ ဝေငှပေးကမ်းခြင်းများကို၊ ဒေသအလိုက်စီစဉ်ဆောင်ရွက်ခြင်းဖြင့် ပြုလုပ်နိုင်ပါသည်။"

ယခုအမှုတွင် မောင်အေးထံ၌ တွေ့ရှိရသောမြေပဲများမှာ၊ မြေပဲဆားလှော်ဖြစ်ကြသည်။ သားရေစာဖြစ်သည်။ မောင်အေးကိုယ်တိုင်မှာမြေပဲဆားလှော်ရောင်းစားသူတဦးဖြစ်သည်ဟု၊ တရားလိုပြသက်သေများက ထွက်ဆိုထားပြီးဖြစ်ရကား၊ အဆိုပါကျေညာချက် ခြွင်းချက်များတွင်လည်း အကျုံးဝင်နေသဖြင့်၊ မောင်အေးသည် ကုန်သွယ်မှုတိုးတက်ရေးဌာန၏ ကျေညာချက်အမှတ် (၁)ကို ဆန့်ကျင်ဖေါက်ဖျက်ခြင်းမရှိခြင်းကြောင့်၊ အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ၊ မည်သည့်နည်းနှင့်မျှ အပြစ်မပေးနိုင်ပေ။ ယင်းသို့အပြစ်မပေးနိုင်ဘဲနှင့် စွဲချက်တင်ထားသည်မှာ မှားယွင်းသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)ကိုကြည့်လေ။

အထက်တွင် ဖေါ်ပြပါအကြောင်းများကြောင့်၊ မောင်အေးအပေါ် အောက်ခံမှုတင်ထားသောစွဲချက်မှာ၊ ဥပဒေအရမှားယွင်းနေသည်ကို တွေ့ရှိရသဖြင့်၊ ပယ်ဖျက်လိုက်ပြီး၊ ၎င်းအား တရားရှင်လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

† ၁၉၆၆ ခုနှစ်

ရှာမီးကိတ်မုံတိုက် (လျှောက်ထားသူ)

နှင့်

စက်တင်ဘာလ ၂၄ ရက်။ ရန်ကုန်မြို့ တွဲဘက် အမြတ်တော်ခွန် မင်းကြီး (လျှောက်ထားခံရသူ)*

အမှုခေါ် စာချုပ်တော်—အမြတ်ခွန်အက်ဥပဒေပုဒ်မ ၃၃ —အခွန်ထမ်းအားနစ်နာစေသည့်အမိန့်ကို ချမှတ်ခြင်း—အခွန်ထမ်းအားကြားနာခြင်း၊ သို့မဟုတ် ကြားနာခွင့် ပေးခြင်း ပြုရခြင်း—တရားမျှတမှု သဘာဝနှင့် ကိုက်ညီခြင်း။

ဆုံးဖြတ်ချက်။ ။အခွန်ထမ်းအား နစ်နာစေသည့် အမိန့်ကို ချမှတ်ခြင်း မပြုမီ အခွန်ထမ်းအား ကြားနာခြင်း၊ သို့မဟုတ် ကြားနာခွင့်ပေးခြင်း ပြုရမည်ဟု ပုဒ်မ ၃၃ ပါ ခြွင်းချက်ဖြင့် ပြဋ္ဌာန်းထားခြင်းသည် တရားမျှတမှု သဘာဝနှင့် ကိုက်ညီသည်။ ထို့ကြောင့်လည်း တော်လှန်ရေး ကောင်စီက၊ အမြတ်တော်ခွန် ဥပဒေ ကို ပြင်ဆင်သော ၁၉၆၃ ခုနှစ်၊ ဥပဒေ အမှတ် ၂၇ ကို ပြဋ္ဌာန်းသော အခါ၌ ပုဒ်မ ၃၃ ၏ ခြွင်းချက်ကို ယခင်အတိုင်း တည်စေခဲ့ပေသည်။ မင်းကြီးသည် ပြင်ဆင်မှုနှင့် ပတ်သက်၍ ကြားနာ ထုချေစေခြင်း မပြုမီဘဲ ဖြင်ဆင်မှုတွင် အမိန့် ချမှတ်ခြင်းသည် ပုဒ်မ ၃၃ ခြွင်းချက်နှင့် ဆန့်ကျင်နေသဖြင့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

ဒေါ်အေးဆင့် နှင့် တွဲဘက် အမြတ်ခွန်မင်းကြီး၊ တရားလွှတ်တော်ချုပ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၁၂၄/၁၉၇၇ ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးပိုင်။

လျှောက်ထားခံရသူအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အခွန်ထမ်းဖြစ်သူရှာမီးကိတ်မုံတိုက်အပေါ်၊ ၁၉၆၃-၆၄ ခု၊ စည်းကြပ်မှုနှစ်အတွက်အမြတ်ခွန်ဝန်ထောက်ကစည်းကြပ်ခဲ့သည်ကို တွဲဘက် အမြတ်ခွန်မင်းကြီးက ပြင်ဆင်မှု ဖွင့်လှစ်ခဲ့သည်။ ထိုသို့ဖွင့်လှစ်

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၄၄။

† လျှောက်ထားသူက လျှောက်ထား ခံရသူ ရန်ကုန်မြို့ တွဲဘက် အမြတ်တော်ခွန် မင်းကြီး၏ ၁၉၆၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့စွဲပါ၊ စာအမှတ် ၉၀၂၈/ပဆ-၂၃၄/၆၅-၆၆ တွင် အကြောင်းကြားသည့် အမိန့်ကို မကျေနပ်၍ အမှုခေါ် စာချုပ်တော် အမိန့် ထုတ်ဆင့်ရန် လျှောက်ထားသော လျှောက်လွှာ။

ပြီးနောက်၊ အခွန်ထမ်းအား၊ ကြားနာခြင်းမပြုဘဲ၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၁၀ ရက် နေ့စွဲပါ အမိန့်ဖြင့်၊ အမြတ်ခွန်အက်ဥပဒေပုဒ်မ ၂၂ ကို ရည်ညွှန်းကာ တင်သွင်းခဲ့သော ဝင်ငွေအစီရင်ခံစာရင်း ပေးသွင်းပြီးသည့် အချိန်မှစ၍၊ စည်းကြပ်မှုကို ပယ်ဖျက်လိုက်လေသည်။ ပြန်လည်စုံစမ်းစစ်ဆေးပြီးနောက်၊ ထပ်မံစည်းကြပ်ရန် ကိုလည်း၊ အမြတ်ခွန်ဝန်ထောက်အား တွဲဘက်အမြတ်ခွန်မင်းကြီးက၊ ထိုအချိန်တွင် ညွှန်ကြားခဲ့သည်။

အခွန်ထမ်းက အထက်ပါကဲ့သို့ တွဲဘက် အမြတ်ခွန်မင်းကြီးက ဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့်မညီပါ၊ ထို့ကြောင့် စာချွန်မိန့်ဖြင့် မင်းကြီး၏ အမိန့်ကိုပယ်ဖျက်ပေးသင့်ပါသည်ဟု ဤရုံးသို့ လာရောက်လျှောက်ထားသည်။

လျှောက်ထားသူ၏ ပညာရှိ ရှေနေကြီး ဦးပိုင်က၊ အမှုတွင် တင်ပြသော စာမျှားအရ၊ အမြတ်ခွန်မင်းကြီးက ၎င်း၏အမှုသည်အား စစ်ဆေးမေးမြန်းလိုသောကြောင့်၊ ရုံးသို့လာရောက်ရန် အကြောင်းကြားခဲ့ပါသည်။ သို့ရာတွင် ပြင်ဆင်မှုဖွင့်လှစ်မည်၊ မည်သည့်အကြောင်းကြောင့် ထိုသို့ဖွင့်လှစ်မည်ကို၊ အတိအလင်းဖော်ပြခြင်းမရှိပါ။ ထို့ကြောင့် အခွန်ထမ်းက သွားရောက်၍ ကန့်ကွက်လွှာ တင်ခဲ့ပါသည်။ ပြင်ဆင်မှု စဉ်းစားလျှင်၊ ကြားနာခွင့် ပေးပါမည့်အကြောင်းကိုလည်း၊ ကန့်ကွက်လွှာတွင် တောင်းဆိုခဲ့ပါသည်။ သို့ရာတွင်၊ ထိုသို့ကြားနာခွင့် မရခဲ့ဘဲ၊ တွဲဘက်အမြတ်ခွန်မင်းကြီးသည်၊ ပြင်ဆင်မှုတွင် အမိန့်ချမှတ်ခဲ့ပါသည်။

စည်းကြပ်ပြီးသည်ကို ပယ်ဖျက်၍၊ ပြန်လည်စည်းကြပ်စေရန် အမိန့်ချမှတ်ခြင်းသည်၊ အခွန်ထမ်းအား၊ နစ်နာစေသည့် အမိန့်ဖြစ်ပါသည်။ ထိုကဲ့သို့ အမိန့်မျိုးကို ချမှတ်မည်ဆိုလျှင်၊ မင်းကြီးသည် အခွန်ထမ်းအား၊ ကြားနာခြင်း၊ သို့မဟုတ်ကြားနာခွင့်ပေးခြင်း ပြုရပါမည်။ အမြတ်ခွန်အက်ဥပဒေပုဒ်မ ၃၃ ခြွင်းချက်က၊ ထိုသို့အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ အခွန်ထမ်းအား၊ ကြားနာခြင်း၊ သို့မဟုတ် ကြားနာခွင့်ပေးခြင်း မပြုဘဲ၊ တဘက်သတ် အမိန့်ချမှတ်ခဲ့ခြင်းသည်၊ ဥပဒေကို ဆန့်ကျင်ရာရောက်ပါသည်ဟု ပညာရှိ ရှေနေကြီး ဦးပိုင်က၊ **ဒေါ်အေးဆင့်** နှင့် **တွဲဘက်အမြတ်ခွန်မင်းကြီး** (၁) ကိုရည်ညွှန်းကိုးကား၍၊လျှောက်လဲသည်။

လက်ထောက် နိုင်ငံတော် ရှေနေချုပ် ဦးဘကျော်က၊ **မင်းကြီး၏** အမိန့်သည်၊ အခွန်ထမ်းအား၊ နစ်နာစေသည်ဟု ယူဆရပါမည်။ ထိုသို့နစ်နာစေသည့် အမိန့်ကို အခွန်ထမ်းအား ကြားနာခွင့် မပေးဘဲချမှတ်ခြင်းသည်၊ ပုဒ်မ ၃၃ **၏** ခြွင်းချက်ကို

(၁) တရားလွှတ်တော်ချုပ် တရားမ အထွေထွေလျှောက်လွှာ အမှတ် ၁၂၄/၁၉၅၇။

၁၉၆၆

ရှားမီးကိတ်မုံ့ တိုက် နှင့် ရန်ကုန်မြို့ တွဲဘက် အမြတ် တော်ခွန် မင်း ကြီး

ဆန့်ကျင်ပါသည်ဟု ဝန်ခံသည်။ ထိုကြောင့် မင်းကြီး၏အမိန့်ကို စာချုန်ဖြင့်ပယ်ဖျက် ပေးသင့်ပါသည်ဟု ဦးဘကျော်က တင်ပြသည်။

အခွန်ထမ်းအား နစ်နာစေသည့် အမိန့်ကို ချမှတ်ခြင်းမပြုမီ၊ အခွန်ထမ်းအား ကြားနာခြင်း၊ သို့မဟုတ် ကြားနာခွင့်ပေးခြင်းပြုရမည်ဟု ပုဒ်မ ၃၃ ပါ ခြွင်းချက်ဖြင့် ပြဋ္ဌာန်းထားခြင်းသည်၊ တရားမျှတမှု သဘာဝနှင့် ကိုက်ညီသည်။ ထို့ကြောင့်လည်း တော်လှန်ရေးကောင်စီက၊ အမြတ်တော်ခွန် ဥပဒေကိုပြင်ဆင်သော၊ ၁၉၆၃ ခုနှစ်၊ ဥပဒေအမှတ် ၂၇ ကို ပြဋ္ဌာန်းသောအခါ၌ ပုဒ်မ ၃၃ ၏ ခြွင်းချက်ကိုယခင်အတိုင်း တည်စေခဲ့ပေသည်။

ထို့ကြောင့်၊ ကျန်ုပ်တို့သည်၊ လျှောက်လွှာကို ခွင့်ပြု၍၊ တွဲဘက်အမြတ်ခွန်မင်းကြီး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ ပြင်ဆင်မှုကို ဆုံးဖြတ်ခြင်းမပြုမီ၊ မင်းကြီးသည် အခွန်ထမ်းအား ဥပဒေနှင့်အညီ ကြားနာရန်လိုသည်ဟု မှတ်ချက်ပြုလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမဇာရီမှု

တရားသူကြီး ဦးကျော်ဇံဦး ရှေ့တွင်

လီလောက်ပင် (တရားနိုင်) ၁၉၆၆

နှင့်

ဝင်းနားထရိတ်ဒင်း ကုမ္ပဏီ (တရားရှုံး)*

စက်ဘာ၁လ ၇ ရက်။

တရားနိုင်ကစီရင်ချက်ဒီကရီမချမှတ်မီက ဝါရမ်းဖမ်းဆီး ထားရှိသော တရားရှုံး ပစ္စည်းများကို လေလံရောင်းချ၍ ဒီကရီငွေများ ခုန့်မံပေးရန် လျှောက်ထားခြင်း—ပြည်သူ့ဘဏ် အမှတ် ၁၄ ကလည်း စီရင်ချက် ဒီကရီမရမီကပင် ဝါရမ်းဖမ်းဆီးထားရှိခြင်း—တရားရှုံး ပစ္စည်းများကို လေလံရောင်းချ၍ ငွေများရုံးဥဒ္ဒရှိခြင်း—ပြည်သူ့ဘဏ်က တရားရှုံးထံမှ ရရှိရန်ရှိသော ဒီကရီငွေမှာ နိုင်ငံတော် အစိုးရငွေဖြစ်၍ ဦးစားပေး ထုတ်ပေးရန် လျှောက်ထားခြင်း—တရားမကျင့်ထုံးပုဒ်မ ၇၃ (၁)—တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၁၁ အရဇာရီပြုလုပ်ရန် လျှောက်လွှာဖြစ်၍ ရုံးလက်သို့ ငွေများမရောက်မီကပင် တင်ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးပုဒ်မ ၇၃(၁)အရ ဓနကို နှုန်းအရ ဝေငှလိုသူတို့သည် ရုံးလက်သို့ငွေများ မရောက်မီကပင် ငွေရရန် ဇာရီလျှောက်လွှာ တင်ရမည်။ ဇာရီပြုလုပ်ရန် လျှောက်လွှာဆိုသည်မှာ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားသော ဥပဒေအမိန့် နည်းလမ်းအတိုင်းဖြစ်ရပေမည်။ ငွေများသည် ရုံးလက်သို့ မရောက်မီ၊ ဒီကရီကို ဇာရီပြုလုပ်မှသာ ပုဒ်မ ၇၃ (၃) နှင့်အကျုံးဝင်၍ အစိုးရကိုဦးစားပေးရပေမည်။

Suikeena Katum Sahiba v. *Hajee Mahomed Addul Azeez Badsha Sahib Bahadur* I.L.R. 38 Mad. 221;

Ali Mahammad v. *Mahammad Noor* A.I.R. 1925 Nag. 382;

Balaji v. *Gopal* A.I.R. 1929 Nag. 148;

Panalal Jagannath v. *Collector of Mandalay and others* I.L.R. 8 Ran. 294;

Oudh Commercial Bank Ltd. v. *Secretary of State* A.I.R. 1935 Lah. 319, ရည်ညွှန်းသည်။

တရားနိုင်အတွက်။ ။ဦးဝမ်ဟုဘ်။

ပြည်သူ့ဘဏ် ၁၄ အတွက်။ ။မစ္စတာ ကျော်၊ ကော၊ ဂို့ (၌)။

* ၁၉၆၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၉၊ ၄၀။

၁၉၆၆

လီလောက်ပင်နှင့် ဝင်နားထရိတ် ဒင်းကုမ္ပဏီ။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုနှစ်မှုတွင် တရားနိုင်က စီရင်ချက်ဒီကရီ မချမှတ်မီကပင် ဝါရမ်းဖမ်းဆီးထားရှိသော တရားရှုံးကုမ္ပဏီ၏ ပစ္စည်း၊ ဝင်းဝင်း မော်တော်ရုံနှင့် အဆောက်အဦးတည်ရှိသောမြေနှင့် မော်တော်ရုံရှိ ရွေပြောင်းနိုင်သော ပစ္စည်းများကို လေလံရောင်းချ၍ ဒီကရီငွေများကို ခန့်မှန်းပေးရန် လျှောက်ထားသည်။ဤပစ္စည်းများကို တရားနိုင်က ဖမ်းဆီးထားရှိပြီးသည့်နောက်လည်း (Oversea-Chinese Banking Corporation Ltd.) (ယခုပြည်သူ့ဘဏ်အမှတ် ၁၄) ကတဖန် စီရင်ချက်ဒီကရီမရမီကပင် ဝါရမ်းဖမ်းဆီးထားရှိသည်။ တရားနိုင်သည် ဤအမှုနှစ်မှုတွင် ငွေပေါင်းနှစ်သိန်းခွဲကျော်ခန့် ရရန်ရှိနေသည်။

ပစ္စည်းများကို ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ လေလံရောင်းချ၍ ငွေ ၆၉,၅၀၅ ကိုရုံးတော်မှရရှိရာ၊ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှသာ ပြည်သူ့ဘဏ်အမှတ် ၁၄ က ၎င်း၏လုပ်ငန်းကို ပြည်သူပိုင်လုပ်လိုက်ပြီဖြစ်၍ (၁၉၆၃ ခုနှစ်၊ တရားလွှတ် ဥပဒေအမှတ် ၁) တရားရှုံးထံမှရရှိရန်ရှိသော ဒီကရီငွေများ နိုင်ငံတော်အစိုးရ ငွေဖြစ်သည့်အားလျော်စွာ ဦးစားပေး၍ ငွေကိုထုတ်ပေးရန် လျှောက်လွှာတစောင် တင်သည်။ သို့သော် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၁၊ အရ နှုတ်ဖြင့်သော်၎င်း၊ လျှောက်လွှာဖြင့်သော်၎င်း ဇာခရိပြုလုပ်ရန် မပြုလုပ်ခဲ့ကြောင်းကို မငြင်းနိုင်ပေ။ မူလဘက်ဌာန၊ ဒုတိယအတွင်းဝန် (၁) က၊ ၎င်း၏ ၁၉၆၅ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲဖြင့် အမိန့်ချမှတ်ရာတွင် ဘဏ်ကိုတရားမကျင့်ထုံး အမိန့်ပုဒ်မ ၇၃ (၃) အရ ဦးစားပေး၍ တရားနိုင်ကကျန်ငွေကိုထုတ်ယူရန် အမိန့်ချမှတ်လိုက်ရာ၊ တရားနိုင်က မကျေနပ်၍ မူလဘက်နည်းဥပဒေ (တရားမ) ၇ အရ အယူခံဝင်ခြင်းဖြစ်သည်။ အရေးကြီးသော အကြောင်းပြချက်များမှာ—

(၁) ဘဏ်သည် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၁ အရ ဇာခရိလျှောက်လွှာ တင်သွင်းခြင်းမရှိခဲ့။

(၂) လေလံရောင်းချ၍ ငွေရပြီးမှသာ ဘဏ်ကနှုန်းအရ ဝေငှ (Rateable distribution) ပေးရန်လျှောက်ထားခြင်းများဖြစ်သည်။ ဘဏ်ကိုယ်စား အစိုးရ ရွှေနေကြီးက ကန့်ကွက်သွားတင်ရန် အတွင်းဝန်ရွှေတွင် အချိန်ခဏဖောတောင်းပြီး တန့်ခ်ခန့်ကြာမှ ကန့်ကွက်သွားမတင်လိုကြောင်း ပြောကြားသည်ကို အမှုတွဲငှင် တွေ့ရှိရသည်။

တရားမကျင့်ထုံး ပုဒ်မ ၇၃ (၁) အရဆိုလျှင် ငွေကို နှုန်းအရ ဝေငှလိုသူတို့သည် ရှုံးလက်သို့ငွေများမဆောက်မီကပင် ငွေရရန် ဇာခရိလျှောက်လွှာတင်ဆက်ရမည်။ ယခုအမှုများတွင်ဘဏ်မှ ဇာခရိလျှောက်လွှာများတင်ဆက်ခြင်းမရှိ။ ဇာခရိပြုလုပ်ရန်လျှောက်

လွှာဆိုသည်မှာ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားသော ဥပဒေအမိန့်နည်းလမ်းအတိုင်း ဖြစ်ရပေမည်။ ***Suikeena Katum Sahiba*** v. ***Hajee Mahomed Abdul Azeez Badsha Sahib Bahadur*** (1) တွင် ဤသို့ပြဋ္ဌာန်းထားသည်။

> " In order to take advantage of the provisions of section 73 of the Code, a judgment-creditor must have made application to the Court by which assets of the judgment-debtor are held for the execution of his decree, and under Order XXI, Rule 10, such an application must be in the prescribed form. Secondly, the application must have been made before the receipt of those assets by the Court."

Ali Mahammad v. *Mahammad Noor* (2) စီရင်ထုံးခေါင်းစဉ်တွင်

> " Before a person is entitled to rateable distribution under section 73 an application for execution have be made. Where no regular applications for execution have been made and the prayer is only for rateable distribution of the assets, no rateable distribution can be ordered."

ဟု ရေးသားထားသည်။ *Balaji* v. *Gopal* (3) တွင်လည်း

> " An application, praying only for rateable distribution is not a valid application for execution. Civil Procedure Code does not recognize an application for rateable distribution as such. A decree-holder to obtain rateable distribution under section 73, must make an application for execution praying for execution of his decree in one of the ways mentioned in Order 21, Rule 11, before the receipt of assets by the Court."

ဟုဆိုထားသည်။ အထက်ဖော်ပြပါဘက်၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၂၂ ရက် နေ့စွဲဖြင့်ဦးစားပေး၍ ငွေကိုထုတ်ပေးရန် လျှောက်လွှာမှာလည်း ရုံးလက်သို့ ငွေများ ရောက်ပြီးမှ လျှောက်သောအလွှာဖြစ်သည်။

Panalal Jagannath v. *Collector of Mandalay and others* (4) တွင် တရားရုံးများက လူမဲ့အဖြစ်အယူခံဝင်ကြသော်လည်း မအောင်မြင်ကြ၍ ဒီကရီတွင် ငှင်းတို့သည် ရုံးဘံဆိပ်ခွန်များကို အစိုးရအားပေးဆောင်ရမည်ဟု အမိန့်ချမှတ်လေရာ တောင်းမရ၍ ကော်လိတ်တော်အရာရှိက ရုံးတဆိပ်ခွန်နှင့် စရိတ်စုစုပေါင်း ၇၀၃

(1) I.L.R. 38 Mat. 221.
(2) A.I.R. (1925) Nag. 382.
(3) A.I.R. (1929) Nag. 148.
(4) I.L.R. 8 Ran. 294.

၁၉၆၆

လီလောက်ပင်နှင့် ဝင်းနားထရိတ် ဒင်းကုမ္ပဏီ။

ကို တရားရုံးများ၏ပစ္စည်းများကို ရောင်းရငွေမှ အစိုးရအတွက်ဖယ်ထားပေးရန်ခရိုင် တရားမတရားသူကြီးထံသို့၊ စာတစောင်ရေးသားလေရာ ခရိုင်တရားမတရားသူကြီးက လည်း ထိုငွေကို ကော်လိတ်တော်အရာရှိထံပေးပို့ရန်အမိန့်ချမှတ်လေသည်ကို မကျေနပ် ၍ အယူခံဝင်ရာ ရန်ကုန် ဟိုက်ကုတ် တရားလွှတ်တော်၏ ခုံရုံးမှ ဤသို့စီရင်ဆုံးဖြတ် ထားသည်ကိုတွေ့ရှိရပေသည်။

> "The District Judge then goes on in his order to say that ordinarily section 73,Civil Procedure Code, would apply but that this does not affect any right of Government. He seems to have overlooked the fact that section 73 only applies when more persons than one have made application to the Court for execution of decrees for the payment of money passed against the same judgment-debtor. In the present case there was Panalal Jagannath who had got a decree for money against the judgment-debtors, and the Collector in whose favour a money decree had also been passed against the same persons. The Collector, however, had not applied for execution against them. I am unable to regard a letter written in the terms used in the Collector's letter, and asking the Judge to pay money under a totally inapplicable section of the Land and Revenue Regulation as an application for execution. Had there been an application for execution made in the ordinary way by the Collector, it is possible that that Crown debts might be entitled to priority, but here there was only one decree being executed, under which property had been attached, and without another application for execution on behalf of some other decree-holder being made, it was the duty of the executing Court to proceed with the sale of the attached property and apply the sale proceeds in satisfaction of the decree that was being executed."

Halbury's Laws of England, သုံးကြိမ်နှိပ်၊ အတွဲအမှတ် (၇)၊ စာမျက်နှာ ၃၂၆ တွင် အစိုးရ၏ အခွင့်အရေးများနှင့်ပတ်သက်၍—

> "Where the Crown's right and that of a subject meet at one and the same time, that of the Crown is in general preferred, the rule being *detur digniori*."

ဟုဆိုရှိသည်။

တရားမကျင့်ထုံးပုဒ်မ ၇၃ (၃) က ဆိုသည်မှာ ပုဒ်မ ၇၃ သည် အစိုးရ၏ဆိုင်ရာ ဆိုင်ခွင့်၊ အခွင့်အရေးများကိုမည်သို့မျှ မထိခိုက်စေရ၊ ဤပုဒ်မသည် တရားမရုံးများနှင့်

F-

သာသက်ဆိုင်သည်။ သို့ကြောင့် အစိုးရကဒီကရီကို ဇာရိမပြူလုပ်လျှင် ဤပုဒ်မနှင့် မသက်ဆိုင်။ ငွေများသည် ရုံးလက်သို့မရောက်မီ၊ ဒီကရီကို ဇာရိပြူလုပ်မှသာ ပုဒ်မ ၇၃ (၃) နှင့် အကျုံးဝင်၍ အစိုးရကို ဦးစားပေးရမည်။ ဤပုဒ်မနှင့်ပတ်သက်၍ ***Outh Commercial Bank, Ltd.*** **v.** ***Secretary of State*** (5) တွင် တရား ဝန်ကြီးများ၏သဘောအယူအဆမှာ—

> "The sub-section only saves the rights of the Government, independent of the section, such as they might be, and merely appears to have reference to the right of priority which can be ordinarily claimed in respect of debts due to the Crown."

ပင်ဖြစ်သည်။

ပညာရှိ အစိုးရရှေ့နေကြီးက ဘဏ်သည် အစိုးရဘဏ်ဖြစ်ကြောင်းကိုသာ၊ ၁၉၆၁ ခုနှစ်တချက်လှတ်ဥပဒေအမှတ် ၁ (၁၉၆၁ ခုနှစ်၊ ဘဏ်လုပ်ငန်း နိုင်ငံပိုင်ပြုလုပ်ရေး တချက်လှတ်ဥပဒေ) ကို အကိုးအကားပြု၍ လျှောက်လဲချက်ပေးသွားသည်။ တရားမ ကျင့်ထုံးပုဒ်မ ၇၃ (၁) နှင့်ပတ်သက်၍ မည်သို့မျှလျှောက်လဲချက်မပေးခဲ့ပေ။ ဘဏ်သည် အစိုးရဘဏ်ဖြစ်စေကာမူ အထက်ဖေါ်ပြပါ စီရင်ထုံးများ အထူးသဖြင့် ***Panalal Jagannath*** **v.** ***Collector of Mandalay*** (4) အရ ဒီကရီငွေများကို အစိုးရအား ဦးစားပေး၍ ထုတ်ယူခွင့်မပေးနိုင်သည်ဖြစ်၍ (မူလဘက်) ဒုတိယ အတွင်းဝန် (၁) ၏ အမိန့်ကိုစရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ နှစ်မူစလုံးအတွက် ရှေ့နေခငွေ ၆၀။

---

(5) A.I.R. (1935) Lah. 319.

နိုင်ငံတော် တရားရုံးချုပ်

တရားမပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆ စက်တင်ဘာလ ၈ ရက်။

သည်ကာလူးအင်ဒတ်(စ်) စတြီအင်ဒရေဒင် အေဂျင်စီ ပါ ၃ (အယူခံတရားလို)

နှင့်

အဗ္ဗဒုဂျလေး(လ်)ခန်း (အယူခံတရားခံ) *

စရံငွေပြန်ပေးရန်တရားစွဲဆိုမှု—ပစ္စည်း မျှား၏ တန်ဘိုးတွက်ချက်ခြင်း—ဂိုဒေါင်အရောက်တန်ဘိုး နှင့် အချိုးကျအမြတ်ငွေကို ထည့်သွင်းစဉ်းစားသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းများ၏ တန်ဘိုးကို တွက်ချက်ရာတွင် ရောင်းသူ၏ ဂိုဒေါင်အရောက် တန်ဘိုးနှင့် ရောင်းသူအတွက် အချိုးကျ အမြတ်ငွေကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။

အယူခံတရားလိုအတွက်။ ။ဦးဩ။

အယူခံတရားခံအတွက်။ ။မစ္စတာ ဘနာဂျီ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုတို့သည် အယူခံတရားခံအား၊ (၁) စက္ကူချုပ်သောစက်နှင့် စက္ကူချုပ်ရာတွင် အသုံးပြုသည့် သံချောင်း၊ (၂) ရုံးသုံးတယ်အပ်နှင့် (၃) ကာဘွန်စက္ကူများကို နိုင်ငံခြားမှ တင်သွင်းကာ ရောင်းချရန် အဆိုပြုလာရာ၊ အယူခံတရားခံက ဝယ်ယူရန် သဘောတူပြီး ၁၉၆၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် စရံငွေ ၄,၀၀၀ ကျပ်နှင့် ၁၉၆၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့၌ စရံငွေ ၃,၁၀၀ ကျပ်တို့ကို အယူခံတရားလိုတို့အား ပေးခဲ့သည်။ ၁၉၆၁ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် စက္ကူချုပ်သောစက်နှင့် စက္ကူချုပ်ရာတွင်သုံးသည့် သံချောင်းများကို အယူခံတရားခံ လက်ခံရရှိခဲ့၏။ စက္ကူချုပ်သော စက်များမှာ မူလပဋိညာဉ်ပြုလုပ်စဉ်က သဘောတူခဲ့သည့် အမျိုးအစားမဟုတ်၍၊ ထိုပစ္စည်းကို ပြန်ယူပြီး၊ စရံငွေ ၇,၁၀၀ ကျပ်ကို ပြန်ပေးရန် အယူခံတရားခံက ရန်ကုန်မြို့ တရားမရုံး၌ တရားစွဲဆိုသည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၁၁၆။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၁၀ တွင်၊ ရန်ကုန်မြို့တော် တရားမရုံး တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံတရားလိုတို့က အယူခံတရားခံ လက်ခံရရှိသော စက္ကူချုပ်စက်များမှာ မူလပဋိညာဉ်ပြုလုပ်စဉ်က သဘောတူခဲ့သည့် အမျိုးအစားအတိုင်းပင်ဖြစ်ကြောင်း၊ အယူခံတရားခံသည် ရုံးသုံးတွယ်အပ်များ ယူရမည့်အချိန်တွင် ရုံးသုံးတွယ်အပ်ပေါက်စေး ကျဆင်းနေသဖြင့် မယူဘဲနေသောကြောင့် ပဋိညာဉ်ကို ဖေါက်ဖျက်သည့်အတွက်၊ စရံငွေကို ပြန်မရထိုက်ကြောင်း ထုချေလေသည်။ အောက်ရုံးပညာရှိတရားသူကြီးသည် နှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက် အယူခံတရားခံ လက်ခံခဲ့သော စက္ကူချုပ်စက်များမှာ မူလနှစ်ဦးသဘောတူခဲ့သည့် အမျိုးအစားအတိုင်းပင်ဖြစ်ကြောင်း၊ ထိုစက္ကူချုပ်စက်နှင့် စက္ကူချုပ်ဆုံဌ အသုံးပြုသည့် သံချောင်းများ၏ တန်ဘိုးကိုနုတ်၍ ကျန်စရံငွေများကို ပြန်ပေးရမည်ဖြစ်ကြောင်း၊ ထိုပစ္စည်းများ၏ တန်ဘိုးကို တွက်ချက်ရာ၌ ဆိပ်ကမ်းရောက်တန်ဘိုး၊ အကောက်ခွန်၊ ရောင်းဝယ်ခွန်၊ လိုင်စင်ခွန်နှင့် ကိုင်တွယ်ပို့ဆောင်ခများကို တွက်ချက်ရမည်ဖြင့်ကြောင်း အဆုံးအဖြတ်ပြုကာ၊ ပဏာမဒီကရီကို ချမှတ်လိုက်ပြီး၊ ရုံးဝန်ထောက်ထံသို့ အသေးစိတ်တွက်ချက်ရန် ပေးပို့လိုက်သည်။

အယူခံတရားလိုတို့က ထိုပဏာမ ဒီကရီတွင်၊ စက္ကူချုပ်စက်နှင့် စက္ကူချုပ်ဆုံဌ သုံးသည့် သံချောင်းများ၏တန်ဘိုး တွက်ချက်ရာ၌ ဆိပ်ကမ်းရောက်တန်ဘိုး၊ အကောက်ခွန်၊ ရောင်းဝယ်ခွန်၊ လိုင်စင်ခွန်နှင့် ကိုင်တွယ်ပို့ဆောင်ခများကိုသာ ထည့်ရမည်ဆိုသော အောက်ရုံး၏ အမိန့်မှာ မှားယွင်းနေကြောင်း၊ ရောင်းသူအတွက် အမြတ်ငွေကိုလည်း ထည့်သွင်းတွက်ချက်ရမည်ဖြစ်ကြောင်း၊ အကြောင်းပြ၍ ဤအယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

အောက်ရုံးပညာရှိ တရားသူကြီးသည် ပစ္စည်းများ၏ တန်ဘိုးကို တွက်ချက်ရာတွင် ရောင်းသူ အယူခံတရားလိုတို့၏ ဂိုဒေါင်အရောက် တန်ဘိုးကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ရောင်းသူအတွက် အချိုးကျ အမြတ်ငွေကို ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ပေ။ ကုန်သည်တို့မည်သည် ၎စွည်းတခုခုကို မိမိအတွက် အမြတ်ငွေမရရှိဘဲ ဆောင်းချလိမ့်မည်မဟုတ်ပေ။ အယူခံတရားလို့နှင့် အယူခံတရားခံတို့သည် ဆေမျိုးသားချင်းများလည်း မဟုတ်ကြသဖြင့်၊ ပစ္စည်းများကို အရောင်းတိုင်း ရောင်းချလိမ့်မည်မဟုတ်ချေ။ ထို့ပြင် အယူခံတရားလိုတို့သည် အဆိုပါ ပစ္စည်းများအား နိုင်ငံခြားမှ တင်သွင်းရန် တိုက်ရိုက်သွင်းကုန်လိုင်စင်ရရှိခဲ့သူများ မဟုတ်သဖြင့်၊ လိုင်စင်ရသူ ခန်ဇာခန်ကုမ္ပဏီမှ တဆင့် တင်သွင်းခဲ့ရသောခကြောင့်၊ ထိုကိစ္စနှင့် ပတ်သက်၍ အယူခံတရားလိုတို့၌ စရိတ်ကုန်ကျရန်အကြောင်း ရှိနေသေးသည်ဆိုသော အချက်ကို သတိချပ်ရမည်ဖြစ်သည်။

၁၉၆၆

သည်ကလူး အင်ဒတ်(စ်) စတြီအင်ဒရေ ဒင် အေဂျင်စီ ပါ ၃ နှင့် အပ္ပဒူ ဂျလေး(လ်) ခန်း။

အယူခံတရားလိုတို့က စက္ကူချုပ်စက်နှင့် စက္ကူချုပ်ရာ၌သုံးသည့် သံချောင်းတို့ကို တန်ဘိုးငွေ ၅,၅၂၀ ကျပ်ဖြင့် အယူခံတရားခံအား ရောင်းချရန် နှစ်ဦးသဘောတူညီ ချက်ရှိသည်ဟု အဆိုရှိသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အယူခံတရားလိုတို့သည်၊ ယင်းသို့ သဘောတူညီခဲ့ကြောင်း စာချုပ်စာတမ်း တင်ပြနိုင်ခြင်း မရှိဟု။ သို့ရာတွင် အယူခံ တရားခံက ပစ္စည်းများကို ပြန်ယူပြီး စရံငွေကို ပြန်ပေးရန် ၎င်း၏ ရှေ့နေကြီး ဦးအောင်မင်း (၁) မှတဆင့် နို့တစ်စာ (သက်သေခံ-၁) ကို ပေးသောအခါ၊ ထိုပစ္စည်းများ၏ တန်ဘိုးမှာ ၅,၅၂၀ ကျပ်ဖြစ်သည်ဟု အယူခံတရားလိုတို့၏ ပြန်စာ (သက်သေခံ-စ) တွင် အတိအလင်း ဖော်ပြခဲ့၏။ ထိုကဲ့သို့ ဖော်ပြချက်ကို အယူခံ တရားခံသည် ၎င်း၏ရှေ့နေကြီး မစွတာ ဘနာဂျီမှတဆင့် ပြန်ကြားသော စာ (သက်သေခံ-၂) တွင် မဟုတ်မမှန်ကြောင်း တိတိကျကျ ငြင်းဆိုခြင်း မပြုခဲ့ပေ။ ထို့ပြင် အယူခံတရားလိုတို့၏ ထုချေလွှာအပိုဒ် ၈ ၌ အဆိုပါပစ္စည်း၏ တန်ဘိုးမှာ ၅,၅၂၀ ကျပ်ဖြစ်ကြောင်း ထုချေခဲ့သည်။ အယူခံတရားခံနှင့် ၎င်း၏မန်နေဂျာ အင်၊ ဂျီ၊ ဘရွတ်ဒါးတို့ကို စစ်ဆေးစဉ်ကလည်း မေးမြန်းခဲ့သဖြင့်၊အဆိုပါပစ္စည်းများအား တန်ဘိုးငွေ ၅,၅၂၀ ကျပ်နှင့် ရောင်းဝယ်ရန် နှစ်ဦးသဘောတူခဲ့ကြသည်ဆိုသော အယူခံတရားလိုတို့၏ တင်ပြချက်မှာ နောက်မှ အကြံရသည့် လုပ်ကြံတင်ပြချက်တခု မဟုတ်ကြောင်း ထင်ရှားသည်။

အထက်ပါ အကြောင်းရပ်များကြောင့် အောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ၊ အယူခံတရားလိုတို့ (မူလတရားခံ)တို့ကအယူခံတရားခံ (မူလတရားလို) အား စရံငွေ ၇,၁၀၀ ကျပ်မှ ပစ္စည်းတန်ဘိုးငွေ ၅,၅၂၀ ကျပ်နုတ်၍ကျန်ငွေ ၁,၅၈၀ ကျပ် ကိုသာ ပေးဆောင်ရန် ဒီကရီချမှတ်ပေးလိုက်သည်။ ဤအမှုတွင် ပေါ်ပေါက်လျက် ရှိသော အကြောင်းခြင်းရာများကြောင့်၊ နှစ်ရုံးစလုံး၏ တရားစရိတ်များကို အမှုသည် များသည် မိမိတို့ဘာသာ ကျခံရမည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီးဦးထွန်းတင် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

ဟာဂျီ ဦးသိန်း (အယူခံတရားလို)

နှင့်

ဦးသာဝင်း (အယူခံတရားခံ)*

† ၁၉၆၆ အောက်တိုဘာ လ ၁၇ ရက်။

မသမာစီတ်ဖြင့် ဘမ်းဆီး ချုပ်နှောင်စေ၍ လျော်ကြေးငွေရလိုမှု —လူတဦး၏ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်သည် လူသားများအတွက် အထူးပင် အရေးကြီးသည့် အခွင့်အရေး တရပ်ဖြစ်ခြင်း —အခွင့်အရေးကို ထိပါးပိတ်ပင်သည့် အနေဖြင့် ဘမ်းဆီးချုပ်နှောင်ခြင်း— နစ်နာသူက လျော်ကြေးငွေ တောင်းဆိုလာသော် မိမိ ပြုမူချက်ဖြောင့်မတ် မှန်ကန်ကြောင်း ထုချေရန် တာဝန်ရှိခြင်း —ရဲအုပ်၏ ဆောင်ရွက်ချက်ကြောင့် ရာဇသတ်ကြီး ပုဒ်မ ၃၀၁ မှ ၃၀၆ သို့ ပြောင်းလဲ အရေးယူကြောင်း ပေါ်ပေါက်ခြင်း—လျော်ကြေးငွေရခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။လူတဦး၏ လွတ်လပ်စွာ သွားလာ နေထိုင်ခွင့်သည် တရား ဥပဒေ ဘောင်အတွင်း နေထိုင်ကြသည့် လူသားများအတွက် အထူးပင် အရေးကြီးသည့် အခွင့်အရေး တရပ်ဖြစ်သည်။ ထိုအခွင့်အရေးကို ထိပါး ပိတ်ပင်သည့် အနေဖြင့် ဘမ်းဆီးချုပ်နှောင်လျှင်၊ ထိုကဲ့သို့ ဘမ်းဆီး ချုပ်နှောင်ခြင်းမှာ မတရားသော အပြုအမူဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းသို့ဘမ်းဆီး ချုပ်နှောင်ခြင်းဖြင့် မတရားသောအပြုအမူကို ပြုလုပ်ခဲ့သော သူတဦးသည် မိမိ အပေါ် နစ်နာသူက လျော်ကြေးငွေ တောင်းဆိုလာသောအခါ၊ မိမိ၏ ပြုမူချက်သည် ဖြောင့်မတ် မှန်ကန်ကြောင်း ထုချေနိုင်တာဝန်ရှိပေသည်။ နစ်နာသူအနေဖြင့် လျော်ကြေးငွေ တောင်းဆိုသော အမှုဌာ တရားခံ၏ ပယောဂကြောင့် ဘမ်းဆီးချုပ်နှောင်ခြင်း ခံရသည်ဟုသာ တင်ပြရန်လိုပေသည်။

အယူခံတရားလို ဘမ်းဆီးချုပ်နှောင်ခြင်း ခံရသည်မှာ အယူခံတရားခံကြောင့်ပင် ဖြစ်သည်ဆိုသော သက်သေအထောက်အထားကို မယ်မယ်ရရ တင်ပြနိုင်ခြင်းမရှိ။ အမှုတွဲတွင် ပေါ်ပေါက်လျက်ရှိသော သက်သေ အထောက်အထားများအရဆိုလျှင် ရဲအုပ်၏ ဆောင်ရွက်ချက်ကြောင့် အယူခံတရားလိုအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၁ မှ ၃၀၆ သို့ပြောင်းလဲ အရေးယူကြောင်းပေါ်ပေါက်နေလေသည်။ အယူခံ တရားလိုဘမ်းဆီးချုပ်နှောင် ခံရခြင်းမှာ အယူခံတရားခံ၏ လက်ချက်

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၁၀၄။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၉ တွင်၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့စွဲဖြင့် တရားလွှတ်တော် မူလဘက်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆ ဟာဂျီ ဦးသိန်း နှင့် ဦးသာဝင်း။

သို့မဟုတ် ပယောဂကြောင့်ဖြစ်သည်ဆိုသောသက်သေအထောက်အထားမရှိဘဲဖြင့် လျော်ကြေးငွေ ရခွင့်မရှိ။

ဂရေဟင် နှင့် ဟင်နရီဂိဒ်နေ၊အေးအိုင်း၊အာ(ရ်)၊ ၁၉၃၃၊ ကလကတ္တား၊ စာ ၇၀၈ ရည်ညွှန်း သည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ဘဟန် ကိုယ်စား ဒေါ်ခင်လေး။
အယူခံတရားခံအတွက်။ ။ဦးတင်လှ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ဟာဂျီ ဦးသိန်းက၊ အယူခံတရားခံ ဦးသာဝင်းအပေါ်၊ မသမာစိတ်ဖြင့် ဘမ်းဆီး ချုပ်နှောင်စေခဲ့၍၊ လျော်ကြေးငွေ ၁,၁၀,၀၀၀ ကျပ် ရလိုကြောင်း၊ ဤရုံး၏ မူလဘက်ဌာနတွင် တရားစွဲဆိုရာ၊စွဲဆိုသော အမှုကို တရားစရိတ်နှင့်တကွ ပလပ်ခြင်းခံရသဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

ဟာဂျီ ဦးသိန်းသည် မန္တလေးမြို့တွင် နေထိုင်ကာ၊ ကုန်သည်အလုပ်နှင့် အသက်မွေး ဝမ်းကျောင်းသည်။ မန္တလေးနှင့် မေမြို့ရှိ စစ်တပ်အချို့သို့ ရိက္ခာများကို ကန်ထရိုက်ဖြင့်သွင်းသည်။ ထိုမြို့များရှိ "စိန်"ကိတ်မုန့်တိုက်များကိုလည်း ပိုင်သည်။ အစ်ဆလန်ဘာသာရေး ကောင်စီ၏ အတွင်းရေးမှူးနှင့် ဒွေထိန်းလည်း ဖြစ်သည်။ ဦးသာဝင်းမှာလည်း ရန်ကုန်မြို့ရှိ ဒေါ်ခင်မမနှင့် သားများ လီမိတက်၏ မန်နေဂျင်း ဒါရိုက်တာဖြစ်ပြီး၊ ဘဏ်များကို ပြည်သူပိုင်မသိမ်းမီက အမျိုးသား ပြည်သူ့ဘဏ်တွင် ဒါရိုက်တာတဦးဖြစ်သည်။ ကမ္ဘာ့ဗုဒ္ဓကောင်စီ၏ အတွင်းရေးမှူးလည်း ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ကုန်သည်လုပ်ငန်းနှင့် ပတ်သက်၍ အဆက်အသွယ်ရှိကြသူများ ဖြစ်သည်။

ဤအမှု ပေါ်ပေါက်လာရပုံ နောက်ကြောင်းရာဇဝင် အကျဉ်းချုပ်မှာလွန်ခဲ့သည့် ၁၉၆၂ ခု၊ ဇွန်လ ၄ ရက်နေ့တွင် ဦးသာဝင်းက ၎င်း၏အိမ်၌ ကလေးထိန်းအဖြစ် အလုပ်လုပ်သူ မမြကြည်(ခေါ်) မကြူသည် အိမ်မှ ထွက်ပြေးသွားရာ တန်ဘိုးငွေ ငါးသောင်းခန့်ရှိ စိန်နှင့်ရွှေထည် လက်ဝတ်လက်စားများမှာ ပျောက်ဆုံးနေသည်ကို တွေ့ရကြောင်း၊ မမြကြည် (ခေါ်) မကြူသည် မန္တလေးမြို့မှ ကုလားတဦးနှင့် အတူ မော်တော်ကားနှင့် သွားလာနေသည်ဟု သတင်းရ၍ အရေးယူစုံစမ်းပေးပါမည့် အကြောင်း၊ ရန်ကုန်မြို့ တာမွေရဲဌာနသို့ စာရေးပြီး တိုင်ကြားသဖြင့် ရဲဌာနမှ ထိုတိုင်ကြားစာအပေါ် ရာဇသတ်ပုဒ်မ ၃၈၁ အရ တိုင်ချက်ဖွင့်လိုက်၏။ ရဲအုပ် ဦးချစ်ဆွေနှင့် ရဲကြပ်ကြီး ကိုအောင်စိန်တို့သည် တိုင်ချက်ပါ အမှုကို စုံစမ်းရန် ထိုနေ့၌ပင် မန္တလေးမြို့သို့ မီးရထားဖြင့် ထွက်ခွါသွားကြသည်။ ၎င်းတို့ လိုက်ပါ သွားကြသည့် မီးရထားနှင့်ပင် ဦးသာဝင်းလည်း ပါသွားလေသည်။

၁၉၆၂ ခု၊ ဇွန်လ ၅ ရက်နေ့ နံနက် ၉ နာရီခန့်အချိန်တွင် ရဲအုပ် ဦးချစ်ဆွေနှင့် အဖွဲ့သည် မန္တလေးမြို့ ယိုးဒယားစျေး ရဲဌာနသို့ ရောက်လာကြပြီး၊ ရဲဌာနအုပ် ဦးဝင်းမောင် (လိုပြ-၁)ထံ၌ ရာဇသတ်ပုဒ်မ ၃၈၁ တိုင်ချက်အရ လက်ဝတ် လက်စား များကို ရှာဖွေရန်နှင့် ဟာဂျီ ဦးသိန်းကို ဘမ်းဆီးရန်ကိစ္စအတွက် အကူအညီတောင်း သည်။ဟာဂျီ ဦးသိန်းမှာ ယိုးဒယားစျေးပိုင်နက်အတွင်း ရဲဌာနပိုင် နက်အတွင်းနေထိုင် သူတယောက်ဖြစ်၍၊ရဲအုပ် ဦးချစ်ဆွေသည် ယိုးဒယားစျေးရဲဌာနသို့ သွားရောက်အကူ အညီ တောင်းခံရခြင်း ဖြစ်သည်။ ရဲဌာနအုပ် ဦးဝင်းမောင်က ရဲအုပ် ဦးချစ်ဆွေနှင့် အတူ ဦးသာဝင်း၊ ရဲကြပ်ကြီး ကိုအောင်စိန်၊ ဦးခင်မောင်အေး၊ ဦးပြည်အေးနှင့် အခြား အမည်မသိ လူ ၂ ယောက် ၃ ယောက်တို့လည်း ပါလာသည်ဟု အဆိုရှိသည်။

ဦးဝင်းမောင်က၊ လိုအပ်သည့် အကူအညီ ပေးသဖြင့် ဦးချစ်ဆွေသည် ဟာဂျီ ဦးသိန်းအိမ်သို့ သွားရောက်ရှာဖွေရာ၊မမြကြည် (ခေါ်) မကြူကိုသော်ငင်း၊ ပျောက် ဆုံးသွားသည်ဆိုသည့် လက်ဝတ်လက်စားများကိုသော်ငင်း မတွေ့ရချေ။ ထိုနောက် ဦးချစ်ဆွေသည် ဟာဂျီ ဦးသိန်းအား ယိုးဒယားစျေး ရဲဌာနသို့ ခေါ်ခဲ့၏။ ရဲဌာနသို့ ရောက်သောအခါ ဟာဂျီ ဦးသိန်းက ရဲအုပ် ဦးဝင်းမောင်အား အာမခံပေးရန် ပြောရာ ဦးဝင်းမောင်က သဘောတူသဖြင့် ဟာဂျီ ဦးသိန်းသည် ၎င်း၏ "စိန်" ကိတ်မုန့်တိုက်သို့ အာမခံမည့်သူများ ခေါ်လာရန် စကားပြော ကြေးနန်းဖြင့် ဆက်၍ ပြောသည်။

ထိုအချိန်တွင် ဦးသာဝင်းသည် ရဲအုပ် ဦးချစ်ဆွေနှင့် စကားပြောကာ အပြင်သို့ အတူ ထွက်သွားကြသည်။ ခဏမျှအကြာတွင် ဦးချစ်ဆွေသည် ရဲဌာနအတွင်းသို့ ပြန်ဝင်လာပြီး၊ ဟာဂျီ ဦးသိန်းအပေါ် ရာဇသတ်ပုဒ်မ ၃၈၁ စွဲချက်အစား ရာဇသတ် ပုဒ်မ ၃၆၆ စွဲချက်ကို ပြောင်းလဲကာ ဘမ်းဆီးသည်ဟု အကြောင်းကြားလိုက်သည်။ ရာဇသတ်ပုဒ်မ ၃၆၆ စွဲချက်မှာ အာမခံပေးနိုင်သော စွဲချက်တခုမဟုတ်၍ ဟာဂျီ ဦးသိန်းအား အာမခံမရဘဲ ရဲအချုပ်အတွင်း၌နေလိုက်ရသည်။၁၉၆၂ခု၊ဇွန်လ ၆ ရက် နေ့တွင် ဟာဂျီ ဦးသိန်းအား ချုပ်ထားရန် တရားရုံးမှ ရမန်ရယူပြီး ရန်ကုန်မြို့သို့ ၁၉၆၂ ခု၊ ဇွန်လ ၇ ရက်နေ့၌ ခေါ်ဆောင်ခဲ့၏။

၁၉၆၂ ခု၊ ဇွန်လ ၁၁ ရက်နေ့တွင် ဟာဂျီ ဦးသိန်းကရန်ကုန်မြို့လက်ထောက် ရဲမင်းကြီး (မှုခင်း)ထံ၌ အာမခံဖြင့် လွှတ်ထားရန် လျှောက်လွှာ တင်သော်လည်း၊ မအောင်မြင်ပေ။ ထိုနေ့၌ပင် ရန်ကုန်မြို့ စက်ရှင်ရုံးသို့ ဟာဂျီ ဦးသိန်း၏ ပညာရှိ ရွှေနေကြီး ဦးထွန်းစိန်က အာမခံ လျှောက်ထား၍၊အာမခံ လျှောက်လွှာကို ကြားနာ ရန် ၁၉၆၂ ခု၊ ဇွန်လ ၁၂ ရက်နေ့သို့ ချိန်းဆိုခဲ့၏။ ချိန်းဆိုသော နေ့တွင် ဦးသာဝင်း ကိုယ်စား ရွှေနေကြီး ဦးတင်လှက ကိုယ်စားလှယ်စာတင်ပြီး အမှုတွဲကို လေ့လာရန်

၁၉၆၆

ဟာဂျီ ဦးသိန်း နှင့် ဦးသာဝင်း။

အချိန်တောင်းရာ၊ ဦးထွန်းစိန်က ကန့်ကွက်သဖြင့် ပညာရှိ စက်ရှင်တရားသူကြီးက ဦးတင်လှအား ရုံးတော် သဟာရအနေဖြင့်လိုက်ပါခွင့်ပြုပြီး ၁၉၆၂ ခု၊ ဇွန်လ ၁၃ ရက်နေ့သို့ ရွှေဆိုင်းလိုက်၏။ သို့ရာတွင် ဟာဂျီ ဦးသိန်းကို ရန်ကုန်မြို့ လက်ထောက်ရဲမင်းကြီး (မှူခင်း)၏ အမိန့်အရ၊ ၁၉၆၂ ခု၊ ဇွန်လ ၁၂ ရက်နေ့ ညပိုင်းတွင်လွှတ်လိုက်သဖြင့် အာမခံ လျှောက်ထားသော အမှုမှာ အချည်းနှီး ဖြစ်ခဲ့ရသည်။

ထိုနောက် ဦးသာဝင်းက ကလေးထိန်း မမြကြည် (ခေါ်)မကြူ အပေါ် တိုင်ကြားခဲ့သည့် ရာဇသတ်ပုဒ်မ ၃၈၁ အရ၊ အမှုကို ရဲက ဆက်လက်အရေးမယူဘဲ လိမ်လည်မှုဖြင့် ပိတ်လိုက်လေသည်။ ဦးချစ်ဆွေက ဟာဂျီ ဦးသိန်းအပေါ် ရာဇသတ်ပုဒ်မ ၃၆၆ အရ တိုင်ချက် ဖွင့်လှစ်ခဲ့သော အမှုကိုလည်း လည်ဆယ်မှုအဖြစ် ရဲက သတ်မှတ်ကာ ပိတ်ခဲ့၏။ ထိုကဲ့သို့ ရာဇသတ်ပုဒ်မ ၃၆၆ အရ တိုင်ချက်ဖွင့်ရန် လိမ်လည်သတင်းပေးသူ ကိုခင်လတ်ဆိုသူအား ရန်ကုန်မြို့ မဋ္ဌမရာဘက် ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၂ ခုနှစ်၊ ရာဇသတ်ကြီးမှုအမှတ် ၁၀၁၁ တွင် ရန်ကုန်ရဲအဖွဲ့မှ ရာဇသတ်ပုဒ်မ ၂၁၁ အရ အရေးယူ တရားစွဲဆိုခဲ့သော်လည်း အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ကိုခင်လတ်ကို ရုံးမှ လွှတ်လိုက်ပြီး၊ အမှုပိတ်ခဲ့၏။

ဟာဂျီ ဦးသိန်းသည် ၁၉၆၂ ခု၊ ဇွန်လ ၅ ရက်နေ့မှ ၁၉၆၂ ခု၊ ဇွန်လ ၁၂ ရက်နေ့အထိ ၈ ရက်မျှ အချုပ်ခံခဲ့ရ၏။ ထိုကဲ့သို့ အချုပ်ခံရခြင်းမှာ ဦးသာဝင်း၏ပယောဂကြောင့် ဖြစ်ကြောင်း၊ ယင်းသို့ အချုပ်ခံရသဖြင့်ကိုယ်ရောစိတ်ပါ အတိဒုက္ခ ရောက်ခဲ့ရသည့်အပြင်၊ ဂုဏ်သိက္ခာတို့လည်း အကြီးအကျယ် ထိခိုက်စေခဲ့ကြောင်း၊ ထိုကဲ့သို့ မသမာစိတ်ဖြင့် အတိဒုက္ခရောက်အောင် ပြုလုပ်ခဲ့သည့် ဦးသာဝင်းထံမှ လျော်ကြေးငွေ ရထိုက်ကြောင်း၊ ဟာဂျီဦးသိန်းက တင်ပြစွဲဆိုလာခြင်း ဖြစ်သည်။

လူတဦး၏ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်သည် တရားဥပဒေ ဘောင်အတွင်း နေထိုင်ကြသည့် လူသားများအတွက် အထူးပင် အရေးကြီးသည့် အခွင့်အရေးတရပ် ဖြစ်သည်။ ထိုအခွင့်အရေးကို ထိပါးပိတ်ပင်သည့် အနေဖြင့် ဘမ်းဆီးချုပ်နှောင်လျှင်၊ ထိုကဲ့သို့ ဘမ်းဆီး ချုပ်နှောင်ခြင်းမှာ၊ မတရားသော အပြုအမူ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ယင်းသို့ ဘမ်းဆီး ချုပ်နှောင်ခြင်းဖြင့် မတရားသော အပြုအမူကို ပြုလုပ်ခဲ့သောသူ တဦးသည်၊ မိမိအပေါ် နစ်နာသူက လျော်ကြေးငွေ တောင်းဆိုလာသောအခါ၊ မိမိ၏ပြုမူချက်သည် ဖြောင့်မတ် မှန်ကန်ကြောင်း ထုချေရန် တာဝန်ရှိပေသည်။ နစ်နာသူ အနေဖြင့် လျော်ကြေးငွေ တောင်းဆိုသော အမှု၌ တရားခံ၏ ပယောဂကြောင့် ဘမ်းဆီးချုပ်နှောင်ခြင်း ခံရသည်ဟုသာ တင်ပြရန် လိုပေသည်။ သို့ဖြစ်ရာ ယခုအမှုတွင် ဟာဂျီ ဦးသိန်း အဘမ်းခံရခြင်းမှာ ဦးသာဝင်း၏ လက်ချက်

သို့မဟုတ် ပယောဂကြောင့် ဖြစ်ပါသလော ဆိုသည့် ပြဿနာကို ဝေဘန် ဆန်းစစ်ရန် လိုပေသည်။

ဤအမှုဌ် ရဲအဆုရှိ တဦးဦးက လူတယောက်ယောက်အပေါ် အရေးယူဘမ်းဆီး နိုင်သည့် တိုင်ချက်နှစ်ခု ရှိ၏။ ပဌမတိုင်ချက်မှာ ၁၉၆၂ ခု၊ ဇွန်လ ၄ ရက်နေ့တွင် ဦးသာဝင်းက တာမွေရဲဌာနသို့ တိုင်ကြားခဲ့သော တိုင်ချက်ဖြစ်သည်။ထိုတိုင်ချက်တွင် ဦးသာဝင်းက ငင်း၏ခေလးထိန်း မမြကြည် (ခေါ်)မကြူ အပေါ် တိုင်ကြားခဲ့ခြင်းသာ ဖြစ်သည်။ ဟာဂျီဦးသိန်းအပေါ် အရေးယူရန် တိုင်ကြားခဲ့ခြင်းမဟုတ်၍၊ဦးသာဝင်း၏ တိုင်ကြားချက်ကြောင့် ဟာဂျီ ဦးသိန်း အဘမ်းခံရသည်ဟု မဆိုနိုင်ပေ။ထိုတိုင်ချက်၌ မမြကြည်သည် ကုလားတယောက်နှင့် အတူ သွားလာနေသည်ဟု ဖေါ်ပြထားသော်လည်း၊ ထိုကုလားမှာ ဟာဂျီဦးသိန်းကို ဆိုလိုသည်ဟု တထစ်ချ မပြောနိုင်ပေ။ မြန်မာပြည်၌ကုလားလူမျိုးမြောက်မြားစွာရှိရာ၊ တိုင်ချက်၌ ကုလားဟု ဖေါ်ပြထားကာမျှဖြင့် ထိုကုလားသည်ဟာဂျီဦးသိန်းကိုရည်ညွှန်းသည်ဟု ဆိုရန် ခဲယဉ်းပေသည်။

ဒုတိယ တိုင်ချက်မှာ ဟာဂျီ ဦးသိန်းအား ဘမ်းဆီးပြီးနောက်၊ ရန်ကုန်မြို့သို့ ပြန်ရောက်သောအခါ၊ ရဲအုပ် ဦးချစ်ဆွေက ၁၉၆၂ ခု၊ ဇွန်လ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် တိုင်ချက်ဖြစ်သည်။ ထိုတိုင်ချက်အရဆိုလျှင် ရဲအုပ် ဦးချစ်ဆွေသည် ဟာဂျီ ဦးသိန်းအပေါ် ကိုခင်လတ်နှင့် ကိုစိုးမြင့် ဆိုသူတို့၏ ထွက်ဆိုချက်များအရ ရာဇသတ်ပုဒ်မ ၃၆၆ သို့ ပြောင်းလဲကာ ဘမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်းပေါ် လွင်နေသည်၊ ဦးသာဝင်း၏ ပယောဂ၊ သို့မဟုတ် လက်ချက်ကြောင့် ဟာဂျီဦးသိန်းအား ဘမ်းဆီး ချုပ်နှောင်ခဲ့ကြောင်း အထောက်အထား မရှိပေ။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးကိုယ်စား ဒေါ်ခင်လေးက ဟာဂျီဦးသိန်း အား ရာဇသတ်ပုဒ်မ ၃၀၁ အရ မန္တလေးမြို့ ယိုးဒယားစျေး ရဲဌာနသို့ ဘမ်းဆီး လာပြီးနောက်၊ အာမခံပေးရန် စီစဉ်နေခိုက် ဦးသာဝင်းသည် ရဲအုပ်ဦးချစ်ဆွေအား အာမခံ မပေးနိုင်အောင် ပုဒ်မ ၃၀၁ မှ ၃၆၆ သို့ အပြောင်းခိုင်းသည့်အတိုင်း၊ပုဒ်မ ပြောင်းလိုက်၍သာ အာမခံမရဘဲ အချုပ်ခံရကြောင်း၊ ထိုကြောင့် ဟာဂျီ ဦးသိန်း ဘမ်းဆီး ချုပ်နှောင်ခံရခြင်းမှာ ဦးသာဝင်း၏ လက်ချက်၊သို့မဟုတ် ပယောဂကြောင့် ဖြစ်သည်ဟု ကောက်ယူသင့်ကြောင်း တင်ပြလာ၏။ ယိုးဒယားစျေး ရဲဌာနတွင် ရဲအုပ် ဦးချစ်ဆွေသည် ဦးသာဝင်း၏ တိုက်တွန်း ပြောဆိုချက်အရ ဟာဂျီ ဦးသိန်း အပေါ် ရာဇသတ်ပုဒ်မ ၃၀၁ မှ ၃၆၆ သို့ ပြောင်းလဲခဲ့သည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍၊ ဟာဂျီ ဦးသိန်း၏ ထွက်ချက်သာရှိ၏။အခြား ထောက်ခံသည့် သက်သေ ထွက်ချက်မရှိ၊ ထိုစဉ်က ရဲဌာနအတွင်း၌ ရှိနေသည့် ရဲဌာနအုပ် ဦးဝင်းမောင်က ရဲအုပ် ဦးချစ်ဆွေသည် ဦးသာဝင်းနှင့် စကားပြောနေသည်ကို တွေ့ရသော်လည်း၊

၁၉၆၆ ဟာဂျီ ဦးသိန်းနှင့် ဦးသာဝင်း။

ဘာပြောသည်ကို မသိကြောင်း ထွက်ဆိုထားသည်။ ဦးချစ်ဆွေသည် ရဲအရာရှိတဦး အနေဖြင့် ဦးသာဝင်း ခိုင်းသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ရန် အကြောင်းမရှိပေ။ ထို့ပြင်၊ ဦးချစ်ဆွေ၏ ရဲနေ့စဉ်မှတ်တမ်းအရဆိုလျှင်၊ ကိုခင်လတ်နှင့် ကိုစိုးမြင့်ဆိုသူတို့၏ ထွက်ဆိုချက်များအပြင်၊ ဟာဂျီ ဦးသိန်းထံမှ ဘမ်းဆီး ရမိသော စာတစောင်ကြောင့် ရာဇသတ်ပုဒ်မ ၃၆၆ သို့ ပြောင်းလဲခဲ့ရကြောင်း ပေါ်ပေါက်နေ၏။ ထို အချက်ကို ရဲအုပ် ဦးချစ်ဆွေ ဖွင့်လှစ်ခဲ့သည့် ၁၉၆၂ခု၊ ဇွန်လ ၁၁ ရက်နေ့စွဲပါ တိုင်ချက်က ထောက်ခံနေလေသည်။ ဟာဂျီ ဦးသိန်း အနေဖြင့်ငင်းအပေါ် ရာဇသတ်ပုဒ်မ ၃၀၁မှ ၃၆၆ သို့ ပြောင်းလဲ ဖွင့်လှစ်ခဲ့ခြင်းမှာ ဦးသာဝင်း၏ တိုက်တွန်းချက်၊ သို့မဟုတ် ဆောင်ရွက်ချက်ကြောင့် ဖြစ်သည်ဟု ထင်ရှားအောင် ရဲအုပ် ဦးချစ်ဆွေအား သက်သေထူခဲ့ခြင်းမရှိ၊ အကယ်၍ ဦးချစ်ဆွေမှာ ဦးသာဝင်း၏လူဖြစ်၍ အမှုန်ကို ပြောမည်မဟုတ်သဖြင့်၊ သက်သေမထူလိုပါမူ၊ ရဲကြပ်ကြီးကိုအောင်စိန်အား သက်သေပြခဲ့သင့်ပေသည်။ ရဲအုပ် ဦးချစ်ဆွေအားလိမ်လည်၍ သတင်းပေးခဲ့သည့် ကိုခင်လတ်နှင့် ကိုစိုးမြင့်တို့မှာလည်း ဦးသာဝင်းနှင့် မည်သို့မည်ပုံ အဆက်အသွယ် ရှိသည်ဆိုခြင်းကို ဟာဂျီဦးသိန်းအနေဖြင့် မယ်မယ်ရရ တင်ပြနိုင်ခဲ့ခြင်း မရှိပေ။သို့ဖြစ်ရာ ဦးသာဝင်းကြောင့် ဟာဂျီဦးသိန်း ဘမ်းဆီးချုပ်နှောင်ခံရခြင်း ဖြစ်သည်ဟု ယူဆရန် အကြောင်းမလုံလောက်ပေ။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးကိုယ်စား ဒေါ်ခင်လေးကပင် ဦးသာဝင်းသည် ဟာဂျီ ဦးသိန်း၏ အာမခံ လျှောက်ထားသော အမှု၌၊ရွှေနေငှါးပြီး ကန့်ကွက်ခဲ့၍ ဟာဂျီဦးသိန်း ချုပ်နှောင်ထားခြင်းကို အထောက်အကူ ပြုခဲ့သည်ဟု ယူဆသင့်ကြောင်း တင်ပြလာ၏။ ဦးသာဝင်းသည် ပညာရှိ ရွှေနေကြီး ဦးတင်လှအား အာမခံ လျှောက်ထားသည့် အမှုတွင် လျှောက်လဲ ပြောဆိုရန် ငှါးရမ်းခဲ့သည်မှာ မှန်၏။ သို့ရာတွင် ဟာဂျီ ဦးသိန်း၏ ပညာရှိ ရွှေနေကြီးဦးထွန်းစိန်၏ ကန့်ကွက်ချက်အရ၊ ပညာရှိ စက်ရှင် တရားသူကြီးသည်၊ ဦးတင်လှအား ကန့်ကွက်သူအနေဖြင့် အမှုတွင် ဆောင်ရွက်ရန် ခွင့်မပြုခဲ့ချေ။ အမှုနှမှာ အာမခံ လျှောက်ထားသော အမှုကို မကြားနာမီ ဟာဂျီဦးသိန်းအား လွှတ်ခဲ့သဖြင့် အာမခံကို ကန့်ကွက်သည်ဆိုသောကိစ္စမှာ လုံးဝရှုပ်လုံးမပေါ်ခဲ့ပေ။ထို့ကြောင့် ဟာဂျီဦးသိန်း၏ အာမခံလျှောက်ထားသော အမှု၌ ဦးသာဝင်းက ရွှေနေငှါးရမ်းခဲ့ကာမျှဖြင့်ဦးသာဝင်းသည် ဟာဂျီဦးသိန်းအား မသမာစိတ်ဖြင့် ဘမ်းဆီးချုပ်နှောင်ခဲ့သည်ဟု ဆိုရန်ခဲယဉ်းပေသည်။

အယူခံတရားလို၏ ပညာရှိရွှေနေကြီး ကိုယ်စား ဒေါ်ခင်လေးက တဖန်၊ တာမွေရဲဌာနတွင် တိုင်ကြားခဲ့သည့် ဦးသာဝင်း၏ တိုင်ချက်ကြောင့် သာ ဟာဂျီ ဦးသိန်းသည် ဘမ်းဆီး ချုပ်နှောင်ခြင်း ခံရကြောင်း၊ထိုတိုင်ချက်မရှိပါက ဟာဂျီ ဦးသိန်းသည်

ဘမ်းဆီးချုပ်နှောင်ခြင်းခံရမည်မဟုတ်၍တိုင်ချက်တွင်ဟာဂျီ ဦးသိန်းအပေါ် တိုက်ရိုက် တိုင်ကြားခဲ့ခြင်း မရှိစေကာမူ ဟာဂျီ ဦးသိန်းဘမ်းဆီးချုပ်နှောင်ခြင်းခံရသည့်အတွက်၊ ဦးသာဝင်းတွင် တာဝန်ရှိသည်ဟု ဆုံးဖြတ်သင့်ကြောင်း တင်ပြလာပြန်သည်။

ဦးသာဝင်းသည် ဟာဂျီ ဦးသိန်းအပေါ် အရေးယူရန် တိုက်ရိုက် တိုင်ကြားခဲ့ခြင်း မရှိကြောင်း အငြင်းမထွက်ပေ။ ဟာဂျီ ဦးသိန်း ဘမ်းဆီးချုပ်နှောင်ခြင်း ခံရသည်မှာ ဦးသာဝင်းကြောင့်ပင် ဖြစ်သည်ဆိုသော သက်သေ အထောက်အထား ကိုလည်း မယ်မယ်ရရ တင်ပြနိုင်ခဲ့ခြင်း မရှိချေ။ အောက်ရုံး အမှုတွဲတွင် ပေါ်ပေါက်လျက် ရှိသော သက်သေ အထောက်အထားများ အရဆိုလျှင်၊ ရဲအုပ် ဦးချစ်ဆွေသည် ကိုခင်လတ်နှင့် ကိုစိုးမြင့်တို့၏ ထွက်ဆိုချက်များအရလင်းဟာဂျီဦးသိန်းတံမှ တွေ့ရှိသည့် စာတစောင်ကြောင့်ဝင်း၊ ဟာဂျီ ဦးသိန်းးအပေါ် ရာဇသတ်ပုဒ်မ ၃၀၁ မှ ၃၆၆ သို့ ပြောင်းလဲအရေးယူခဲ့ကြောင်းပေါ်ပေါက်နေလေသည်။ သို့ဖြစ်ရာတာမွေရဲဌာနသို့တိုင် ကြားခဲ့သည့်ဦးသာဝင်း၏ တိုင်ချက်ကြောင့် ဟာဂျီ ဦးသိန်းသည် ဘမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရသည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ပေ။ ဤကိစ္စနှင့် ပတ်သက်၍ **ဂရေဟင်နှင့် ဟင်နရီဂ်ဒ်နေ** (၁)တို့ အမှုရှိ အောက်ပါ ဆုံးဖြတ်ချက်ကိုသာ ကျွန်ုပ်တို့ရည်ညွှန်းလိုပေသည်။

> "In a suit for damages for false imprisonment where the person sued is not the person who actually arrests and imprisons the plaintiff, the question in each case is whether the defendant so acted as to render the plaintiff's arrest the act of the defendant. Generally the Court holds a private individual responsible for an arrest by the police, if the individual has either 'given the plaintiff into custody', 'directed the constable to arrest', or 'signed the charge sheet' with the knowledge that the plaintiff would not otherwise be detained.
>
> A private individual should not be held responsible for the supervening arrest, on the ground that arrest was likely to follow from information given by him unless; although he has not expressly directed the arrest, he has in fact made it impossible for the constable to act otherwise."

ယခုအမှုတွင်လည်း ဟာဂျီ ဦးသိန်း ဘမ်းဆီးချုပ်နှောင် ခံရခြင်းမှာ ဦးသာဝင်း၏ လက်ချက်၊ သို့မဟုတ်ပယောဂကြောင့်ဖြစ်သည်ဆိုသော သက်သေအထောက်အထားမရှိသဖြင့် ဦးသာဝင်းအားလျော်ကြေးငွေ ပေးဆောင်စေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် ဤအယူခံမှုကိုတရားစရိတ်နှင့်တကွပလပ်လိုက်သည်။

(၁) အော၊ အိုင်၊ အာ (ရှ်)၊ ၁၉၃၃ ခု၊ ကာလကတ္တား၊ စာ ၇၀၈။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋမအယူခံမှု

† ၁၉၆၆

အောက်တိုဘာ
လ ၁၄ ရက်

တရားသူကြီး ဦးသက်ဖေရှေတွင်

အက်(စ်)၊ဗွီ၊အာ(ရ်)၊ဆွဘမိ ပါ ၂ (အယူခံတရားလိုများ)

နှင့်

ချပ်သင်း ဦးဘဘင် (အယူခံတရားခံ)*

အပေါင်ပစ္စည်းများကို တရားရုံး၏ အကူအညီမပါဘဲ ရောင်းချပိုင်ခွင့် မရှိကြောင်း မြွက်ဟော်ချက် ဒီကရီချပေးရန် တရားစွဲဆိုမှု—အပေါင် ပစ္စည်းကို တရားရုံး၏ အကူအညီ မပါဘဲအပေါင်ခံသူက ရောင်းချပိုင်ခွင့်ရှိသည် ဆိုသော အပေါင်စာချုပ်—စာချုပ်ကို ပြင်ဆင်ပေးစေလိုကြောင်း သက်သာခွင့် တောင်းဆိုသည် ဆိုခြင်းမှာ ပေါ်လွင်နေခြင်း—သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၁—သာမန် မြွက်ဟော်ချက် ဒီကရီရလိုမှု မဟုတ်ဘဲ အခြားသက်သာခွင့် ပါတောင်းဆိုသည့် အမှုတခု ဖြစ်ခြင်း—ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၇(၄)(ဂ)အရ ရုံးခွန်တော် ထမ်းဆောင်ရခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုတို့က ၎င်း၏ အဆိုလွှာတွင် အပေါင်ပစ္စည်းကို တရားရုံး၏ အကူအညီမပါဘဲ အပေါင်ခံသူက ရောင်းချပိုင်ခွင့်ရှိသည်ဆိုသော အပေါင်စာချုပ်ပါ အပိုဒ်သည် အယူခံတရားခံက လိမ်လည်လှည့်ဖြားကာ ထည့်ထားခဲ့ခြင်း ဖြစ်၍ မိမိတို့အပေါ် အတည်မဖြစ်ကြောင်း မြွက်ဟော်ချက် ဒီကရီချပေးရန်သာ ဖော်ပြစွဲဆိုခဲ့သော်လည်း အဆိုလွှာကို သေချာစွာသုံးသပ်ပါမူ ၎င်းတို့ချုပ်ဆိုခဲ့သော အပေါင်စာချုပ်ကို ပြင်ဆင်ပေးစေလိုကြောင်း၊ သက်သာခွင့် တောင်းဆိုခြင်းမှာ ပေါ်လွင်နေ၏။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၁ အရ စာချုပ်စာတမ်းတခုသည် လိမ်လည်လှည့်ဖြားချက်ကြောင့်သော်၎င်း၊ နှစ်ဦး နှစ်ဘက် မှားယွင်းချက်ကြောင့်သော်၎င်း၊ မူလပဋိညာဉ်နှင့် မကိုက်ညီလျှင် မူလပဋိညာဉ်နှင့် ကိုက်ညီအောင် ပြင်ဆင်ပေးရန် တရားစွဲဆိုရမည် ဖြစ်သည်။ အယူခံတရားလိုတို့၏ အမှုသည်သာမန် မြွက်ဟော်ချက် ဒီကရီ ရလိုမှု မဟုတ်ဘဲ၊အခြားသက်သာခွင့်ပါ တောင်းဆိုသည့် အမှုတခုဖြစ်ကြောင်း ပေါ်လွင်သဖြင့် ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၇(၄)(ဂ)အရ ရုံးခွန်တော်ထမ်းဆောင်ရမည် ဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၁၆။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၃၈ တွင်၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့စွဲပါ ရန်ကုန်မြို့တော် တရားမရုံး တတိယတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံမှု။

၁၉၆၆

အက်(စ်)ဗီးအာ (ရ်) ဆွာမီပါ ၂ နှင့် ချပ်သင်းဦးဘတင်။

ရပ်နာရီ နှင့် ဘီသယ်ဒတ်၊ အေးအိုင်း၊အာ(ရ်)၊ ၁၉၃၈၊ အောက် ၁(စုံညီခဲ့)။ **ရှုပီရား နှင့် ဘာတုမာတွန်၊** အေးအိုင်း၊အာ(ရ်)၊ ၁၉၄၄၊ ပတ္တနား၊ ၁၇ (၂၃) (စုံညီခဲ့) ရည်ညွှန်းရသည်။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ (၁)။

အယူခံတရားခံအတွက်။ ။ဦးစောတိတ်လျှင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုတို့သည်၊ ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် ၁၁၄ ရှိမြေနှင့် ထိုမြေပေါ်ရှိ နှစ်ထပ်တိုက်ကို ပိုင်ဆိုင်သူများဖြစ်သည်။ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ၎င်းတို့သည် အယူခံတရားခံထံမှ ငွေ ၄၅,၀၁၁ ကျပ်ကို ငွေ ၁၁၀ ကျပ်လျှင် အတိုးတလ ၁ ကျပ်နှုန်းဖြင့် ချေးယူပြီး၊ ၎င်းတို့ပိုင်မြေနှင့် တိုက်ကိုအပေါင်ပစ္စည်းအဖြစ် မှတ်ပုံတင် အပေါင်စာချုပ်ပြုလုပ်ပေးခဲ့၏။ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ထုတ် ဂါဒီယန်းသတင်းစာတွင် အယူခံတရားခံက အပေါင်ပစ္စည်းများကို လေလံတင်ရောင်းချမည့်အကြောင်း ကြော်ငြာခဲ့သည်။

အယူခံတရားလိုတို့က၊ မြေနှင့်တိုက်ကို လက်မဲ့အပေါင်စာချုပ်ချုပ်ဆိုရန် နှစ်ဦးနှစ်ဘက် သဘောတူညီခဲ့ကြကြောင်း။ အပေါင်ပစ္စည်းများကို တရားရုံး၏ အကူအညီမပါဘဲ အပေါင်ခံသူက ရောင်းချနိုင်ခွင့်ရှိသည်ဟု အပေါင်စာချုပ်၌ ဖော်ပြရန် သဘောတူညီချက်မရှိကြောင်း။ သတင်းစာတွင် အပေါင်ပစ္စည်းများကို လေလံတင်ရောင်းချရန် ကြော်ငြာစာပါလာ၍ စုံစမ်းတော့မှ အပေါင်စာချုပ်၌ တရားရုံး၏ အကူအညီမပါဘဲ အပေါင်ခံသူက ရောင်းချနိုင်ခွင့် ပါရှိနေသည်ကို သိရကြောင်း။ မိမိတို့သည် အင်္ဂလိပ်စာမတတ်သဖြင့်၊ အယူခံတရားခံသည် တရားရုံး၏ အကူအညီမပါဘဲ ရောင်းချနိုင်ခွင့်ကို အပေါင်စာချုပ်တွင် လိမ်လည်လှည့်ဖြားကာ ထည့်သွင်းထားခြင်းသာဖြစ်ကြောင်း။ ယင်းသို့ လိမ်လည်လှည့်ဖြား၍ ထည့်သွင်းထားသော စာပိုဒ်မှာ တရားမဝင်သဖြင့် မိမိတို့အပေါ် အတည်မဖြစ်ကြောင်း။ ထို့ကဲ့သို့ အတည်မဖြစ်သည့်အလျောက် အယူခံတရားခံသည် အပေါင်ပစ္စည်းများကို တရားရုံး၏ အကူအညီမပါဘဲ ရောင်းချပိုင်ခွင့် မရှိကြောင်း မြွက်ပေါ်ချက် ဒီကရီချပေးရန်၊ ရန်ကုန်မြို့ တရားမရုံး၌ တရားစွဲဆိုလေသည်၊ အယူခံတရားလိုတို့က ၎င်းတို့၏အမှုကို တန်ဘိုးငွေ ၂,၅၀၀ ကျပ် ထားပြီး ရုံးခွန်တော်ဥပဒေနောက်ဆက်တွဲ ၂၊ အပိုဒ် ၁၇ (၃) အရ ရုံးခွန်တော် ထမ်းဆောင်ခဲ့၏။

အယူခံတရားခံက၊ အပေါင်ပစ္စည်းများကို တရားရုံး၏ အကူအညီမပါဘဲ ရောင်းချနိုင်ခွင့်ကို အယူခံတရားလိုတို့၏ သဘောတူညီချက်အရ အပေါင်စာချုပ်၌ ထည့်သွင်း

ခဲ့ခြင်းသာဖြစ်ကြောင်း အပေါင်စာချုပ်ကို ငွေ ၄၅,၀၀၀ ကျပ်အတွက် ချုပ်ဆိုပေးခဲ့ခြင်းဖြစ်၍ ရုံးတော်တွင် စီရင်ပိုင်ခွင့် အာဏာမရှိကြောင်း၊ ရုံးခွန်တော်ငွေ ၂၀ ကျပ်သာ ထမ်းဆောင်သဖြင့် လုံလောက်ခြင်းမရှိကြောင်း ထုချေသောကြောင့် ပညာရှိတတိယတရားသူကြီးသည် စီရင်ပိုင်ခွင့်နှင့် ရုံးခွန်တော်ကိစ္စများကို ပဏာမကောက်ချက်များအနေဖြင့် ကြားနာခဲ့၏။ ထို့နောက် စီရင်ပိုင်ခွင့်နှင့် ပတ်သက်၍ အယူခံတရားလိုတို့သည် အပေါင်စာချုပ်တစ်ခုလုံးကို ငြင်းဆိုခြင်းမဟုတ်ဘဲ အပေါင်ပစ္စည်းကို တရားရုံး၏ အကူအညီမပါဘဲ အပေါင်ခံသူက ရောင်းချနိုင်ခွင့် ပေးထားသည့် စာပိုဒ်ကို ငြင်းဆိုပြီး ထိုအပိုဒ်ကိုသာ တရားမဝင်ကြောင်း ပြွက်ဖော်ပေးရန် စွဲဆိုခြင်းဖြစ်သည့်အလျောက်၊ အယူခံတရားလိုတို့၏ ခန့်မှန်းထားသော တန်ဖိုးငွေ ၂,၅၀၀ ကျပ်မှာ ဖြစ်သင့်ဖြစ်ထိုက်သည့် တန်ဖိုးထက် အလွန်အမင်း လျော့ပေါ့ထားသည်ဟု မဆိုနိုင်ကြောင်း ကောက်ယူခဲ့၏။

ရုံးခွန်တော်ကိစ္စနှင့်ပတ်သက်၍မူ၊ အယူခံတရားလိုတို့၏ အမှုမှာ သာမန်ပြွက်ဖော်ချက် ဒီကရီရရန်စွဲဆိုသည့်အမှု မဟုတ်ဘဲ ပြွက်ဖော်ချက်အပြင် အခြားသက်သာခွင့်ရရန် စွဲဆိုသည့်အမှုဖြစ်၍ ရုံးခွန်တော်ဥပဒေနောက်ဆက်တွဲ ၂ အပိုဒ် ၁၇ (၃) အရ ရုံးခွန်တော် ထမ်းဆောင်ခြင်းမှာ မှားယွင်းနေကြောင်း၊ ရုံးခွန်တော် ဥပဒေပုဒ်မ ၇ (၄) (ဂ) အရ တန်ဖိုးငွေ ၂,၅၀၀ ကျပ်အပေါ် ရုံးခွန်တော် ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ကာ၊ လိုနေသည့် ရုံးခွန်တော် ထမ်းဆောင်ရန် ရက်ချိန်းအကြိမ်ကြိမ် ပေးခဲ့၏။ နောက်ဆုံးချိန်းဆိုသောရက်တွင် အယူခံတရားလိုတို့က လိုနေသည့် ရုံးခွန်တော်ကို မထမ်းဆောင် သဖြင့် အယူခံတရားလိုတို့၏ အမှုကို ပလပ်လိုက်လေသည်။ ယင်းသို့ပလပ်လိုက်သော ဒီကရီကို မကျေနပ်သဖြင့် အယူခံတရားလိုတို့က ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်သည်။

အမှုတစ်ခုခုသည်၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ၊ သာမန်ပြွက်ဖော်ချက် ဒီကရီရလိုမှု ဟုတ်သည်မဟုတ် သည်ဆိုသော ပြဿနာကို စဉ်းစားသောအခါ၊ ထိုအမှု၏ အဆိုလွှာအပေါ် မှီငြမ်းပြု၍ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။ ယင်းသို့ အဆုံးအဖြတ်ပြုရာတွင် အဆိုလွှာ၌ ရေးသားဖော်ပြထားသည့် စာသားသက်သက်ကိုသာကြည့်၍ ပေါ့ပေါ့ဆဆ အဓိပ္ပာယ်ကောက်ယူခြင်း မပြုနိုင်ပေ။ အဆိုလွှာ၏လိုရင်းအချက်၊လိုရင်းတောင်းဆိုချက်ကို ဆင်ခြင်သုံးသပ်ရန်လိုပေသည်။ အဆိုလွှာတခုလုံးကိုခြုံ၍ သုံးသပ်ပြီးနောက်၊ စွဲဆိုသောအမှုမှာ သာမန်ပြွက်ဖော်ချက် သာမက၊ အခြားသက်သာခွင့်ကိုပါ တောင်းဆိုထားကြောင်းတွေ့ရှိလျင် အဆိုလွှာ၌ သာမန်ပြွက်ဖော်ချက်ဒီကရီသာ ရလိုကြောင်းဖော်ပြထားစေကာမူ ထိုအမှုသည် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးမဝင်ဟု ဆိုရမည် ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍

ရပ်နာရီ နှင့် ဘီသယ်ဒတ် (၁) တို့ အမှု ပါ အောက်ပါ ဆုံးဖြတ်ချက်ကို ရည်ညွှန်းလိုက်သည် ။

အက်(စ်)ဒီးအာ (ရ) ဆွာမီပါ ၂ နှင့် ချပ်သင်းဦးဘတင် ။

"No doubt the Court Fees Act, being a fiscal enactment, its provisions should be strictly construed; but they should not be so construed as to furnish a change of escape and a means of evasion. Language is meant to be used as a vehicle for expression of one's thoughts. Where, however, it is abused for the purpose of concealing the real thoughts, it is the duty of the Court of justice to look to the substance of the claim to be gathered from the whole plaint, and not to allow itself to be deceived by the language of the relief used for evading the payment of proper court-fee by concealing the real purpose of the suit.

Even though a consequential relief may not be expressly prayed for, yet if such a relief is implicit in the declaration and is a necessary consequence of it, it must be deemed to be included within the declaration prayed for in the suit."

အလားတူပင် ရှုပီရား နှင့် ဘာတူမာတွန် (၂) တို့ အမှုတွင်လည်း အောက်ပါ အတိုင်း မှတ်ချက်ပြုထားပေသည် ။

"In this Court the view has consistently been held that in the matter of court-fees the Court has to look into the real substance of the plaint, and not to its form, to determine under what category the plaint really comes."

ယခုအမှုတွင် အယူခံဘရားလိုတို့က ၎င်း၏အဆိုလွှာတွင် အပေါင်ပစ္စည်းကို တရားရုံး၏ အကူအညီမပါဘဲ အပေါင်ခံသူက ရောင်းချပိုင်ခွင့်ရှိသည်ဆိုသော အပေါင်စာချုပ်ပါ အပိုဒ်သည် အယူခံတရားခံက လိမ်လည်လှည့်ဖြားကာ ထည့်ထားခဲ့ခြင်းဖြစ်၍၊ မိမိတို့အပေါ် အတည်မဖြစ်ကြောင်း မြွက်ဖော်ချက် ဒီကရီချပေးရန်သာ ဖော်ပြစွဲဆိုခဲ့သည်မှာမှန်၏ ။ သို့ရာတွင် အယူခံတရားလိုတို့၏ အဆိုလွှာကို သေချာစွာသုံးသပ်ပါမူ၊ ၎င်းတို့ချုပ်ဆိုခဲ့သော အပေါင်စာချုပ်ကို ပြင်ဆင်ပေးစေလိုကြောင်း သက်သာခွင့်တောင်းဆိုသည်ဆိုခြင်းမှာ ပေါ်လွင်နေ၏ ။ သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ ၃၁ အရ၊ စာချုပ်စာတမ်းတခုသည် လိမ်လည်လှည့်ဖြားချက်ကြောင့်သော်၎င်း၊ နှစ်ဦးနှစ်ဘက် မှားယွင်းချက်ကြောင့်သော်၎င်း၊ မူလပဋိညာဉ်နှင့် မကိုက်ညီလျှင် မူလ

(၁) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၈၊ အောက် ၁ (စုံညီခုံ) ။
(၂) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၄၊ ပတ္တနား ၁၇၊ (၂၃) (စုံညီခုံ) ။

၁၉၆၆

အက်(စ်)ဗီးအာ (ရ) ဆွာမီပါ ၂ နှင့် ချပ်သင်းဦးဘတင်။

ပဋိညာဉ်နှင့် ကိုက်ညီအောင် ပြင်ဆင်ပေးရန် တရားစွဲဆိုရမည်ဖြစ်သည်။ ဤအမှုဌ အယူခံတရားလိုတို့က အပေါင်ပစ္စည်းကို တရားရုံး၏ အကူအညီမပါဘဲ အပေါင်ခံသူက ရောင်းချပိုင်ခွင့်ရှိသည်ဆိုသော အပိုဒ်မှာ လိမ်လည်လှည့်ဖြားကာ ထည့်ထား၍ ၎င်းတို့ အပေါ် အတည်မဖြစ်ကြောင်း မြွက်ဖေါ်ချက်ပြုရုံနှင့်မပြီးချေ။ ထိုအပိုဒ်မှာ မူလ ပဋိညာဉ်နှင့် မကိုက်ညီသဖြင့် အပေါင်စာချုပ်ကို ပြင်ဆင်ပေးရန် တနည်းအားဖြင့် တောင်းဆိုထားခြင်းဖြစ်သည်။ အယူခံတရားလိုတို့၏ အမှုသည် သာမန်မြွက်ဖေါ်ချက် ဒီကရီရလိုမှုမဟုတ်ချေ။ အခြားသက်သာခွင့်ပါ တောင်းဆိုသည့် အမှုတွဲခုဖြစ်ကြောင်း ပေါ်လွင်သဖြင့်၊ ရုံးခွန်တော်ဥပဒေပုဒ်မ ၇ (၄) (ဂ) အရ ရုံးခွန်တော်ထမ်းဆောင်ရမည်ဖြစ်သည်။ အယူခံတရားလိုတို့သည် လိုအပ်သည့် ရုံးခွန်တော်မျှားကို ချိန်းဆိုထားသည့်အချိန်၌ မပေးသဖြင့် ရုံးခွန်တော်ဥပဒေပုဒ်မ ၁၀ အရ အောက်ရုံးမှ ၎င်းတို့၏အမှုကို ပလပ်ခဲ့ခြင်းမှာ မှန်ကန်သည်။

အထက်ပါ အကြောင်းမျှားကြောင့် ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ်ရှေတွင်

ဦးကုလား (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ စက်တင်ဘာလ ၃၀ ရက်။

အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေပုဒ်မ ၈ (၁)—ဆေးရွက်ကြီးများအိမ်၌တွေ့ရှိခြင်း—အမှန်တကယ် ယာလုပ်စားသော မိသားစုများ၏ ယာမှထွက်သောပစ္စည်းများဖြစ်ခြင်း—ပြစ်မှုမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူထံ၌ တွေ့ရှိရသော ဆေးရွက်ကြီးများသည် အရေးကြီးသော ကုန်ပစ္စည်းများ ဖြစ်သည်မှာမှန်၏။ သို့ရာတွင် အမှန်တကယ် ယာလုပ်စားသောမိသားစုများ၏ ယာမှထွက်သော ဆေးရွက်ကြီးများကို အိမ်၌ဆားရှိခြင်းဖြစ်သည်။ ရောင်းနိုင်လောက်အောင် ပြင်ဆင်မှုမရှိသေးပေ။ ဤကဲ့သို့ထားရှိခဲ့နှင့် ပြစ်မှုမမြောက်၊ အမြတ်အစွန်းဖြင့် ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်၊ သို့မဟုတ် အခြားမတရားသော ရည်ရွယ်ချက်ဖြင့် ထားရှိမှသာလျှင် ပြစ်မှုမြောက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးချောင်ဖိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီး ဦးချစ်။ ။ပန်းတောင်းမြို့၊ မြို့နယ်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကျင့်ဓမ္မအမှတ် ၁၄၁ တွင်၊ လျှောက်ထားသူ (မူလတရားခံ) ဦးကုလားသည်၊ အရေးကြီးသော ကုန်ပစ္စည်းဖြစ်သည့် ရွှေလက်ဝါး ဆေးရွက်ကြီး ပိဿာချိန် ၃,၁၄၃ ပိဿာကို လက်ဝယ်ထားရှိသောကြောင့် ၎င်းအပေါ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၆ (၁)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကျင့်ဓမ္မအမှတ် ၁၄၁ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊အောက်တိုဘာလ ၂၄ ရက်နေ့စွဲပါ ပန်းတောင်းမြို့၊မြို့နယ်ရာဇဝတ်ပြတရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ပြစ်မှုမြောက်သည်ကို တွေ့ရှိရသဖြင့်၊ အလုပ်နှင့် ထောင်ဒဏ် ၁ လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို လျောက်ထားသူက မကျေနပ်သဖြင့်၊ ပြည်မြို့ တွဲဘက်ခရိုင်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁၉ တွင် ပြင်ဆင်မှုလျှာ တင်သွင်းခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။

ထို့ကြောင့်၊ လျောက်ထားသူက၊ ဤရုံးသို့တဖန် ပြင်ဆင်မှုလျှာ တင်သွင်းခြင်း ဖြစ်သည်။

လျောက်ထားသူ ပြင်ဆင်မှုလျှာ တင်သွင်းသည့်နေ့စွဲမှာ၊ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြင်ဆင်မှုလျှာ တင်သွင်းရာ၊ ရက်ပေါင်း ၆၀ ထက် ၁၀ ရက်ကျော်လွန် နေသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ၁၀ ရက်ကျော်လွန်ရခြင်း အကြောင်းနှင့် ပတ်သက်၍၊ လျောက်ထားသူက ကျမ်းကျိန်စာဖြင့် အကြောင်းပြထားသည်။ ထို အကြောင်းပြချက်တွင်၊ လျောက်ထားသူသည် အောက်မှလရုံးက အပြစ်ပေးခံရပြီး သည့်နောက်၊ တွဲဘက်ခရိုင်ရာဇဝတ် တရားသူကြီးရုံးတွင် ပြင်ဆင်မှုလျှာ တင်သွင်းရာ၌ အာမခံလျောက်ထားသဖြင့်၊ အာမခံရရှိခဲ့သည်။ သို့သော်လည်း ပြင်ဆင်မှုရုံးက၊ အောက်ရုံးအမိန့်အတိုင်း အတည်ပြုလိုက်သဖြင့် ကျန်ရှိသော ရက်များအတွက် ထောင်ဒဏ်ခံနေရသည်။ ထောင်ဒဏ် ၁ လ ကျခံပြီးသည့်နောက် လွတ်လာရာမှ ဤရုံးသို့ ပြင်ဆင်မှု တင်သွင်းရပါသဖြင့် ၁၀ ရက်ကျော်လွန်သွားရပေသည်။

ပြင်ဆင်မှုလျှာ တင်သွင်းရာတွင် သာမန်အားဖြင့် စည်းကမ်းသတ်ရက်မှာ ၆၀ ဖြစ်သည်။ စည်းကမ်းသတ်ရက် အက်ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမဟုတ်၊ ရုံးသုံး လက်စွဲအဖြစ်ဖြင့်သာလျှင် ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။ သို့ရာတွင် သာမန်စည်းကမ်း သတ်ရက်ထက် ကျော်လွန်ခြင်းအကြောင်းနှင့်ပတ်သက်၍ အဘယ်ကြောင့် နှောင့်နှေး ကြန့်ကြာရခြင်းကို ကျမ်းသစ္စာပြု၍ ဖေါ်ပြပါက၊ ယင်းစည်းကမ်းသတ်ရက်ထက် ကျော်လွန်ခြင်းကို ခွင့်ပြုနိုင်သည်မှာ ရုံး၏သဘောထားပေါ်တွင် တည်ရှိသည်။ လျောက်ထားသူ ဦးကုလား၏ အကြောင်းပြချက်ထဲမှာ ဆီလျော်မှန်ကန်သည်ဟု တွေ့ရှိရသဖြင့် ယင်းစည်းကမ်းသတ်ရက် ကျော်လွန်ခြင်းကို ကျွန်ုပ်သည် ခွင့်ပြုပြီး၊ ဤအမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ ဆက်လက်ကြားနာသည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာ အတိုချုပ်မှာ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့က၊ ထုံးဘိုမြို့ ပြည်သူ့ရဲစခန်းတပ်ဖွဲ့ ဒု-လုံခြုံရေးမှူး ဦးကြည် (လိုပြ ၁) သည်၊ လျောက်ထားသူ ဦးကုလားအိမ်သို့ လူကြီးများဖြစ်သော ဦးမြ (လိုပြ ၂) ကို ခေါ်၍ သွားရောက်ရှာဖွေရာ လျောက်ထားသူ၏အိမ်၌ ရွှေလက်ဝါး ဆေးရွက်ကြီး ပိဿာခွဲခန့် ၃,၁၄၃ ပိဿာကို တွေ့ရှိရသည်။ ရှာဖွေပုံစံပြုလုပ်၍ သိမ်းဆီးပြီးလျှင်

ပန်းတောင်းမြို့ (နှ၊ လ၊ က၊) ဥက္ကဋ္ဌထံတွင် အမိန့်တောင်းခံရာ၌ ဥက္ကဋ္ဌက တရားစွဲဆိုရန် ညွှန်ကြားလေသည်။ သက်သေခံပစ္စည်း ရွှေလက်ဝါး ဆေးရွက်ကြီးများကို ပန်းတောင်းမြို့ (ပ၊ က၊ ရ၊ ဖ၊) သို့အပ်ပြီး၊ လျှောက်ထားသူကို၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ စွဲချက်ပြုလုပ်၍ အမှုစစ်ဆေးရန် ရုံးသို့တင်ပို့လိုက်သည်။ မူလရုံးက ထိုအမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးသည်။ လျှောက်ထားသူ ဦးကုလားထံတွင် တွေ့ရှိရသော ဆေးရွက်ကြီးများမှာ အရေးကြီးသော ဆေးရွက်ကြီးများဖြစ်၍၊ မှောင်ခိုရောင်းဝယ်ဖေါက်ကားရန်အတွက် သိုလှောင်ထားသည်ဟု ယူဆပြီး၊ စွဲတင်သော ပုဒ်မဖြင့် ပြစ်မှုမြောက်သည်ဟု ယူဆကာ၊ အလုပ်နှင့် ထောင်ဒဏ် ၁ လအပြစ်ပေးလိုက်ခြင်း ဖြစ်သည်။ အောက်ပြင်ဆင်မှုရုံးကလည်း၊ မူလရုံးအတိုင်းပင် ယူဆပြီး ပြင်ဆင်မှုလွှာကို ပယ်လိုက်သည်။

ကျွန်ုပ်ရှေ့တွင်၊ လျှောက်ထားသူ၏ပညာရှိရွှေနေကြီး ဦးချောင်ဖိုးက၊ သိမ်းဆည်းထားသော အချင်းဖြစ် ဆေးရွက်ကြီးများမှာ လျှောက်ထားသူ၏အိမ်တွင် တွေ့ရှိရသည်မှာ မှန်ပါသည်။ ထိုဆေးရွက်ကြီးများမှာ ယခင်က မီးလောင်ကျွမ်းသဖြင့် မီးမလောင်သောအပိုင်းကို စုဆောင်း၍သိမ်းဆည်းထားခြင်းနှင့် လျှောက်ထားသူ၏ မိသားစုသည် အမှန်တကယ် ယာလုပ်၍ရရှိသော ဆေးရွက်ကြီးများဖြစ်ပါသည်။ ၎င်းဆေးရွက်ကြီးများမှာ မခြောက်သေးပါ၊ စိုနေပါသည်။ ပြင်ဆင်မှုများလည်း မရှိသေးပါ။ ဆေးရွက်ကြီးများကို ပြင်ဆင်ပြီးပါက၊ အစိုးရအဝယ်ဒိုင်ကို ရောင်းချရန် အစီအစဉ်ရှိပါသည်။ မှောင်ခိုရောင်းဝယ်ဖေါက်ကားရန်အတွက် သိုလှောင်ထားခြင်း မဟုတ်ပါ။ မှောင်ခိုရောင်းဝယ်ဖေါက်ကားရန် ထားသည်ဆိုခြင်းနှင့် ပတ်သက်၍၊ တရားလိုဘက်မှ ထင်ရှားစွာ မပြသနိုင်ပါ။ ထို့ကြောင့် အောက်ရုံးများက ချမှတ်သော စီရင်ချက်နှင့် အမိန့်တို့မှာ မှားယွင်းချွတ်ချော်နေပါသည်ဟု တင်ပြသွားသည်။

အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရရွှေနေကြီး ဒေါ်မြသန်းနု က၊ လျှောက်ထားသူ ဦးကုလားထံတွင် တွေ့ရှိရသော ဆေးရွက်ကြီးများမှာ၊ မှောင်ခိုရောင်းဝယ်ဖေါက်ကားရန်အတွက် သိုလှောင်ထားသည်ဟု တရားလိုဘက်မှ တထစ်ချ မပြောနိုင်ပါ။ ဤကဲ့သို့ထားခြင်းအားဖြင့် မှောင်ခိုရောင်းဝယ်ဖေါက်ကားရန်အတွက်ဟု ယူဆခြင်းမှာ စိတ်အထင်နှင့် ယူဆခြင်းသာဖြစ်ပါသည်။ တရားလိုဘက်က ဤအမှုတွင် တိကျပြတ်သားစွာ မစွပ်စွဲနိုင်သဖြင့် တရားလို၏ တာဝန်မှာ ချို့တဲ့နေသောကြောင့် တရားရုံးက မသက်ဝင်နှင့် လျှောက်ထားသူအား အပြစ်ပေးလိုက်ခြင်းမှာ မှားယွင်းကြောင်းယူဆပါသည်ဟု ရိုးသားစွာ ဝန်ခံသွားသည်။

A

ဤအမှုကို ကျွန်ုပ်သည် အသေးစိတ် လေ့လာသုံးသပ်သည်။ လျှောက်ထားသူ၏ ပညာရှိ ရှေနေကြီးနှင့် ပညာရှိ အစိုးရရှေနေကြီးတို့တင်ပြချက်များမှာ အနှစ်အရသာ ရှိသည်ဟု ယူဆသည်။ လျှောက်ထားသူထံ၌ တွေ့ရှိရသော ဆေးရွက်ကြီးများသည်၊ အရေးကြီးသော ကုန်ပစ္စည်းများဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် ၎င်းထံဝယ် ရှိရခြင်း အကြောင်းမှာ၊ အမှန်တကယ် ယာလုပ်စားသော မိသားစုများ၏ ယာမှ ထွက်သော ဆေးရွက်ကြီးများကို ၎င်း၏အိမ်၌ ထားရှိခြင်းဖြစ်သည်။ဆေးရွက်ကြီး များမှာ ရောင်းနိုင်လောက်အောင် ပြင်ဆင်မှုမရှိသေးပေ။ ဤကဲ့သို့ ထားရှိရုံနှင့် ပြစ်မှုမမြောက်သေးပေ။ ထိုကဲ့သို့ထားရှိခြင်းမှာ အမြတ်အစွန်းဖြင့် ပြန်လည်ရောင်း ချရန် ရည်ရွယ်ချက်၊ သို့မဟုတ် အခြားမတရားသော ရည်ရွယ်ချက်ဖြင့် ထားရှိမှု သာလျှင် ပြစ်မှုမြောက်သည်။ ကုန်သွယ်မှုတိုးတက်ရေးဌာနမှ ၁၉၆၅ ခု၊ ဧပြီလ ၂၃ ရက်နေ့ထုတ် ညွှန်ကြားချက်အမှတ် ၉ ကိုကြည့်လေ။

ယခုအမှုတွင် လျှောက်ထားသူ ဦးကုလားအိမ်၌ ထားရှိသော ဆေးရွက်ကြီးသည် အမြတ်အစွန်းနှင့် ပြန်လည်ရောင်းချရန်သော်၎င်း၊ အခြားမတရားသော ရည်ရွယ် ချက်ဖြင့် ထားရှိခြင်းသော်၎င်း၊၎င်းတို့နှင့် ပတ်သက်၍ တရားလိုက တိကျပြတ်သားစွာ ပြသရန်တာဝန်ရှိသည်။ ရာဇဝတ်မှုများတွင် မသက်ဝင်ရုံနှင့် တရားခံအား အပြစ် မပေးနိုင်ကြောင်းမှာ တရားဥပဒေက အတိအလင်း ပြဋ္ဌာန်းထားသည်။ တရားရုံး များကလည်း သတိကြီးစွာဖြင့် လိုက်နာဆောင်ရွက်ကြသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ လျှောက်ထားသူ ဦးကုလားအပေါ် အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၇ (၁) အရ၊အပြစ်ရှိသည်ဟု တွေ့ရှိရပြီး၊အလုပ်နှင့်ထောင်ဒဏ် ၁ လ ချမှတ်ခြင်းမှာ မှားယွင်း သည်ဟုယူဆသည်။ သို့ဖြစ်၍ အောက်ရုံးများက ချမှတ်ခဲ့သော စီရင်ချက်နှင့် အပြစ် ဒဏ်တို့ကို ဝင်ရောက်စွက်ဖက်ရန်သာ ဖြစ်သောကြောင့်၊ ပယ်ဖျက်ပြီးလျှင် ဤအမှုနှင့် ပတ်သက်သမျှ လျှောက်ထားသူ ဦးကုလားအား တရားသေလွှတ်ရန် အမိန့်ချမှတ် လိုက်သည်။

အချင်းဖြစ် ဆေးရွက်ကြီးများကို အောက်ရုံးတွင် သက်သေခံအဖြစ် တင်ထား သည်ဟု အမှုတွဲတွင် မပေါ်လွင်။ ထို့ကြောင့် ထိုဆေးရွက်ကြီးများနှင့် ပတ်သက်၍ မည်သို့မျှ အမိန့်မချမှတ်ပေ။ လျှောက်ထားသူ ဦးကုလားက သက်ဆိုင်ရာထံတွင် အရေးဆိုရန်သာဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဦးစောမြ ပါ ၆ (အယူခံတရားလိုများ)

နှင့်

နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ပြည်မြို (အယူခံတရားခံ)*

† ၁၉၆၆
စက်တင်ဘာလ
၂၀ ရက်။

အပေါင်ဒီကရီကို ဇာရီ ပြုလုပ်ရန် လျှောက်ထားခြင်း—တရားမကျင့်ထုံးပုဒ်မ ၄၇ အရ၊ ချမှတ်သော အမိန့်—အယူခံဝင်သောအခါ အယူခံလွှာတွင် ကပ်ရမည့် ရုံးခွန်တော်—အပေါင် ဒီကရီသည် သာမန်ဇင်္ဒီကရီဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။နိုင်ငံတော်အစိုးရ မြေနှင့် အခွန်တော်ဌာန၏ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀ အရ၊ တရားမကျင့်ထုံးပုဒ်မ ၄၇ အရ၊ ချမှတ်သော အမိန့်ကိုအယူခံဝင်သောအခါ အယူခံလွှာတွင်ကပ်ရမည့် ရုံးခွန်တော်မှာ ရုံးခွန်တော် အက်ဥပဒေ ဒုတိယနှောက်ဆက်တွဲ၏ အပိုဒ် ၁၁ ၌ပြဋ္ဌာန်းထားသည့်အတိုင်းသာ ဖြစ်စေရမည်ဟု ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၃၅ အရ သက်သာခွင့် ပေးထားသဖြင့်၊ အယူခံလွှာ၌ ရုံးခွန်တော် ငါးကျပ် ထမ်းဆောင်ထားခြင်းမှာ လုံလောက်သည်ဟု ဆိုရမည်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အပေါင်ဒီကရီတွင် အပေါင်ထားသည့် ပစ္စည်းကိုရောင်းချရန်ညွှန်ကြားထားသဖြင့်၊ သာမန်ဇင်္ဒေပေးရန် ဒီကရီမဟုတ်။

ဘာစန်တာကုမၸဏီ နှင့် ချီတာနက်ပူးဘဏ်၊အေ၊အိုင်၊အာ(ရှ်)၊၁၉၄၈ ပတ္တနား၊ ၁၈ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးထွန်းအောင် (၂)။

အယူခံတရားခံအတွက်။ ။ဦးဗကျမ်း။

---

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၄၈။

† ၁၉၆၅ ခုနှစ်၊ ဇာရီမူအမှတ် ၂ တွင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့စွဲပါ၊ ပြည်မြို့ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံမှု။

၁၉၆၆

ဦးစောမြ ပါ ၆ နှင့် နိုင်ငံတော် ကူးသန်းရောင်း ဝယ်ရေးဘဏ်၊ ပြည်မြို့။

တရားသူကြီး ဦးသက်ဖေ။ ။ပြည်မြို့ခရိုင်တရားမရုံးတွင်၊ အယူခံတရားလို အပေါ်၊ အယူခံတရားခံ ပြည်မြို့နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်ခွဲက၊ ချေးငွေ ၁,၁၀,၁၃၀·၆၅ ပြားအတွက် အပေါင်ဒီကရီရရှိခဲ့၏။ ထိုဒီကရီကို ဇာရီ ပြုလုပ်ရာ၊ အယူခံတရားခံက အပေါင်ပစ္စည်းဆန်စက်အပြင်၊ အပေါင်ပစ္စည်းမဟုတ်သည့် တိုက်အိမ်နှင့် မြေတို့ကိုပါ ဝါရမ်းဘမ်းခဲ့၏။

အယူခံတရားလိုတို့က၊ အပေါင်ပစ္စည်းဖြစ်သည့်ဆန်စက်မှ ဆန်ကြိတ်ခမျာအနက် ၃၁ ရာခိုင်နှုန်းကို အယူခံ တရားခံက နုတ်ယူခဲ့ရာ၊ စုစုပေါင်းငွေ ၁၀,၆၀၄·၇၅ ပြား ပေးသွင်းထားပြီးဖြစ်၍၊ ထိုငွေကို မူလ ဒီကရီမှ ခုနှိမ်ရမည်ဖြစ်ကြောင်း၊ မူလ ဒီကရီ ပြေလည်သည်အထိ စက်ကြိတ်ခမျာနှင့် ခုနှိမ်ရန် နှစ်ဦးနှစ်ဘက် ပဋိညာဉ် ရှိသောကြောင့် ဇာရီမပြုလုပ်ထိုက်ကြောင်း၊ အပေါင်ပစ္စည်းကို လေလံတင်ရောင်း ချခြင်းမပြုသင့်ကြောင်း ထုချေကြသည်။

ထိုထုချေချက်နှင့် ပတ်သက်၍၊ ပညာရှိ ခရိုင်တရားမ တရားသူကြီးသည်၊ စုံစမ်း စစ်ဆေးပြီးနောက်၊ ဆန်ကြိတ်ခမျာအနက် ၃၁ ရာခိုင်နှုန်းကို၊ အယူခံ တရားခံ ဘက်မှနုတ်ယူထားပြီး ထိုငွေမျာကို အယူခံ တရားလိုတို့၏ နာမည်ဖြင့် သီးခြား ငွေစာရင်း ဖွင့်လှစ်ထားခြင်းသာ ဖြစ်ကြောင်း။ထိုငွေမျာကို ဒီကရီကျငွေမှခုနှိမ်ရန် သဘောတူချက်မရှိ၍၊ မူလအပေါင် ဒီကရီသည် ပြောင်းလွဲခြင်း မရှိကြောင်း။ ထိုကြောင့် ဇာရီမှုကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း အမိန့်ချမှတ် လိုက်လေသည်။

ယင်းသို့ဇာရီမှုကို ဆက်လက် ဆောင်ရွက်ရမည်ဟု ချမှတ်လိုက်သော အောက် ရုံး၏ အမိန့်ကို မကျေနပ်သဖြင့်၊ ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်သည်။ အယူခံ တရားခံဘက်၏ ပညာရှိ ရှေနေကြီး ဦးဗျမ်းက အောက်ရုံးအမိန့်မှာ အယူခံ ဝင်နိုင်သောအမိန့်ဟုတ် မဟုတ်၊ အကယ်၍ **အယူခံ**ဝင်နိုင်သောအမိန့်ဖြစ်ပါက၊ အယူခံလွှာတွင်ကပ်သည့်ရုံးခွန်တော်မှာ လုံလောက်ခြင်းရှိ မရှိဆိုသော ပြဿနာမျာကို ပဏာမအနေဖြင့် တင်ပြလာ၏။

တရားနိုင်တဦးက မိမိရရှိခဲ့သော ဒီကရီကို အကျိုးသက်ရောက်အောင် ဇာရီမှု ဖွင့်လှစ်ရာ၌၊ တရားရုံးက ဒီကရီကို ဇာရီမှု မပြုလုပ်နိုင်ကြောင်း ကန့်ကွက်လာသော ကိစ္စတွင် ဇာရီရုံးအနေဖြင့် ဇာရီမှု ပြုလုပ်နိုင်သည့်၊ သို့တည်းမဟုတ်ဇာရီမှု မပြု လုပ်နိုင်ဟု တနည်းနည်း အဆုံးအဖြတ်ပြုသည့် ဆုံးဖြတ်ချက်မှာ တရားမ ကျင့်ထုံး ပုဒ်မ ၄၇ အရ အမိန့်ဖြစ်သည်။ ထိုကဲ့သို့သော အမိန့်မှာ တရားနိုင်၊ တရားရှုံး တို့၏ အခွင့်အရေးနှင့် ပတ်သက်၍ အပြီးအပိုင် ဆုံးဖြတ်ချက်ဖြစ်၍ တရားမကျင့်ထုံး ပုဒ်မ ၂ (၂) အရ၊ ဒီကရီဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။ ဒီကရီဖြစ်လျှင်

ပုဒ်မ ၉၆ အရ အယူခံဝင်နိုင်သည်ဆိုခြင်းမှာ၊ ယုံမှားဘွယ် မရှိနိုင်ပေ။ **မလှရီ** နှင့် **မသန်းစိန်** (၁)။ **ချင်းနီယား** နှင့် **အေစီဒေး** (၂)။

ယခုအမှုတွင် အယူခံ တရားခံဘက်က အပေါင် ဒီကရီကို ဇာရီပြုလုပ်ရန်၊ လျှောက်ထားရာ အယူခံတရားလိုတို့က ဇာရီမပြုလုပ်သင့်ကြောင်း ကန့်ကွက်လာကြသည်။ ဇာရီရုံးက အယူခံ တရားလိုတို့၏ ကန့်ကွက်ချက်ကို ပလပ်လိုက်ပြီး ဇာရီပြုလုပ်နိုင်ကြောင်း ဆုံးဖြတ်ခဲ့သဖြင့်၊ ဇာရီရုံး၏ အမိန့်သည်၊ အယူခံ ဝင်နိုင်သည့် အမိန့်ဖြစ်ကြောင်း ပေါ်လွင်သည်။

ယင်းသို့ အယူခံဝင်နိုင်သော အမိန့်ဖြစ်လျှင်၊ အယူခံလွှာပေါ်၌ ရုံးခွန်တော် မည်မျှကပ်ရမည်ဟုတဖန် ဆန်းစစ်ရပေမည်။ တရားမ ကျင့်ထုံးပုဒ်မ ၄၇ အရ၊ ချမှတ်သောအမိန့်မှာ၊ ဒီကရီ သဘောသက်ရောက်သည့် အမိန့်တခုဖြစ်၍ သာမန် အားဖြင့်ဆိုလျှင် ရုံးခွန်တော် ဥပဒေ ဒုတိယ နောက်ဆက်တွဲ၏ အပိုဒ် ၁၁ နှင့် အကျုံးဝင်ခြင်းမရှိပေ။ သို့ရာတွင် နိုင်ငံတော် အစိုးရ မြေနှင့် အခွန်တော်ဌာန၏ ၁၉၃၉ ခု၊ စက်တင်္ဘာလ ၂၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀ အရ၊ တရားမကျင့်ထုံးပုဒ်မ ၄၇ အရ ချမှတ်သော အမိန့်ကို အယူခံဝင်သောအခါ၊ အယူခံလွှာတွင် ကပ်ရမည့် ရုံးခွန်တော်မှာ၊ ရုံးခွန်တော် ဥပဒေ ဒုတိယနောက်ဆက်တွဲ၏ အပိုဒ် ၁၁ ၌ ပြဋ္ဌာန်းထားသည့် အတိုင်းသာ ဖြစ်စေရမည်ဟု ရုံးခွန်တော် ဥပဒေ ပုဒ်မ ၃၅ အရ သက်သာခွင့်ပေးထားသဖြင့်၊ ဤအယူခံလွှာ၌ ရုံးခွန်တော် ငါးကျပ် ထမ်းဆောင်ထားခြင်းမှာ လုံလောက်သည်ဟု ဆိုရမည်ဖြစ်သည်။ (ရုံးခွန်တော်လက်စွဲ အခန်း ၁၀ အပိုင်း ၃ ကိုကြည့်ပါ)။

ဆန်ကြိတ်ခမျာ၏ ၃၁ ရာခိုင်နှုန်းကို အယူခံ တရားလိုတို့၏ နာမည်ဖြင့် သီးသန့်ငွေစာရင်း ဖွင့်ထားကြောင်း စုံစမ်းမှုတွင် ပေါ်ပေါက်နေသဖြင့်၊ ထိုငွေများကို ဇာရီပြုလုပ်သည့် အပေါင် ဒီကရီငွေများသို့ ခုန်မ်ပေးသွင်းပြီး ဖြစ်သည်ဟု မဆိုနိုင်ခေါ်။ ဆန်ကြိတ်ခကို အယူခံ တရားခံဘက်က လက်ခံပြီး သီးသန့်ငွေစာရင်း ဖွင့်ထားကာမျှဖြင့်၊ အပေါင်ဒီကရီမှာ အသွင်ပြောင်းလဲပြီဟု ကောက်ယူခြင်း မပြုနိုင်ပေ။ အယူခံ တရားလိုတို့၏ ပညာရှိ ရှေ့နေကြီး ဦးထွန်းအောင်က၊ တရားမ ကျင့်ထုံးအမိန့် ၃၄၊ နည်းဥပဒေ ၃ အရ ချမှတ်ထားသည့် အပေါင်ဒီကရီပင်ဖြစ်လင့်ကစား၊ ထိုဒီကရီသည် အမိန့် ၂၀၊နည်းဥပဒေ ၁၁ တွင် ဖော်ပြထားသည့် သာမန်ငွေ ဒီကရီတခုဖြစ်သည်ဟု ကောက်ယူသင့်ကြောင်း။ ထို့ကြောင့် အဆိုပါ နည်းဥပဒေက ခွင့်ပြုထားသည့်အတိုင်း အပေါင်ဒီကရီကို ငွေအရစ်ကျ ပေးဆပ်ရန်

(၁) ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး ၅၅ (တရားလွှတ်တော်ချုပ်)။
(၂) ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး ၉ (တရားလွှတ်တော်)။

ခွင့်ပြုနိုင်သည့်အလျောက်၊ ယခုအမှုတွင် ဆန်ကြိတ်ခများကို အပေါင်ဒီကရီပြေလည်သည်အထိ၊ အမိန့်ချမှတ်ခဲ့သင့်ကြောင်း တင်ပြလာ၏။

အပေါင်ဒီကရီမှာ သာမန်ငွေ ဒီကရီတခု ဖြစ်သည်ဆိုသော တင်ပြချက်ကို လက်မခံနိုင်ပေ။ အပေါင်ဒီကရီတွင် အပေါင်ထားသည့် ပစ္စည်းကိုရောင်းချရန်ညွှန်ကြားထားသဖြင့် သာမန်ငွေ ပေးရန်ဒီကရီမဟုတ်ကြောင်းထင်ရှားသည်။ **ဘာစန်တာကုမၸဏီ** နှင့် **ချီတာနက်ပူးဘဏ်** (၃) တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၂၀ ကို ထောက်ရှုလျှင်လည်း၊အပေါင်ဒီကရီသည်သာမန်ငွေ ဒီကရီ ဖြစ်သည်ဟုမဆိုနိုင်ပေ။

အထက်ပါအကြောင်းများကြောင့်၊ အယူခံ တရားခံဘက်သည်၊ အပေါင်ဒီကရီကို ဇာရီပြုလုပ်ခွင့် ရှိသည်ဆိုသော အောက်ရုံး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်သည်။ သွင်းထားသည့် ဆန်ကြိတ်ခများကို အပေါင်ပစ္စည်း ရောင်းချသည့်အခါတွင် တရားနိုင် တရားရှုံးတို့ နှစ်ဦးသဘောတူ ညှိနှိုင်းယူနိုင်ပေသည်။ ဇာရီရုံး အနေနှင့်လည်း တရားမကျင့်ထုံးအမိန့် ၃၄၊နည်းဥပဒေ ၇ အရ ညှိနှိုင်း၍ အရောင်းကြော်ငြာခြင်း ဖေါ်ပြကာ လေလံတင် ရောင်းချနိုင်ပေသည်။ ထိုကဲ့သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်ရုံးပညာရှိ တရားသူကြီး၏ အမိန့်တွင် ဖေါ်ပြထားပြီး ဖြစ်ရာ အယူခံ တရားလိုတို့အနေဖြင့် စိုးရိမ်စရာ အကြောင်း မရှိနိုင်ပေ။

စီရင်ချက်ကို အဆုံးမသတ်မီ၊ ဝေဘန်ရမည့် အချက်တခုရှိနေသေး၏။ အပေါင်ဒီကရီကို အကျိုးသက်ရောက်အောင် ဇာရီပြုလုပ်သည့်အခါ၊ အပေါင်ပစ္စည်းကိုသာ လေလံတင်ရောင်းချရမည်ဆိုခြင်းပင် ဖြစ်သည်။ အပေါင် ပစ္စည်း မဟုတ်သည့်တရားရှုံး၏ အခြားပစ္စည်း တစုံတခုအား ရောင်းချခြင်း မပြုနိုင်ပေ။ **ရာဒါခရစ်ရှနား** နှင့် **ရမ်းဘဟာဒူး** (၄)။ အာဃယ်၍ အပေါင်ပစ္စည်းကို ရောင်းချရာ၌ ချေးငွေကိုပြေလည်အောင်မရသည့်အခါ၊ ပေါင်နှံသူအပေါ်၊ ထိုမပြေလည်သည့်ငွေအတွက်၊ ပုဂ္ဂလိက ဒီကရီရနိုင်ခွင့်ရှိလျှင်၊ ပေါင်နှံသူတရားရှုံး၏အခြားပစ္စည်းမျှားအပေါ် အရေးယူနိုင်မည် ဖြစ်သည်။ယခုအမှုတွင်ဇာရီရုံးမှ အပေါင် ပစ္စည်းသာမက၊ တရားရှုံး၏ အခြားပစ္စည်းကိုပါ ဝါရမ်းကပ်ထားသည်ကိုတွေ့ရရာ၊ ဤအချက်မှာမှားယွင်းနေသည်ဟုဆိုရမည်ဖြစ်သည်။ သို့ရာတွင်၊ အရောင်းကြော်ငြာခဲ့အပေါင်ပစ္စည်းကိုသာလေလံတင်ရောင်းချမည်ဖြစ်ကြောင်း မှန်ကန်စွာ ဖေါ်ပြထားသည်ကို တွေ့ရသည်။ နောက်အရောင်း ကြော်ငြာစာထုတ်သည့်အခါ၊ ထိုအတိုင်းပင် ဆောင်ရွက်လိမ့်မည်ဟုယုံကြည်သည်။

အထက်ပါ အကြောင်းများကြောင့်၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွပလပ်လိုက်သည်။ ရွှေနေစရိတ်ဉ၄ ° သတ်မှတ်သည်။

---

(၃) အေ ၊ အိုင် ၊ အာ(ရှ်) ၊ ၁၉၄၈ ၊ ပဋ္ဌာန်း ၁၈ ။
(၄) အေ ၊ အိုင် ၊ အာ(ရှ်) ၊ ၁၉၁၇ ၊ ပရီဗီကောင်စီ ၁၉၇ ။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ဦးစိန်တင် (အယူခံတရားလို)

နှင့်

ဦးစံရွှေ (အယူခံတရားခံ)*

† ၁၉၆၆ စက်တာ်၁လ ၂၁ ရက်။

ကြားကာလအမြတ်ငွေ (*Mesne* profits) ရလိုကြောင်း တရားစွဲဆိုမှု—အိမ်ရှင်ကငှါးရမ်းခြင်းကို ရပ်စဲကာ အိမ်မှထွက်ခွာသွားရန် တရားစွဲဆိုခြင်း—အိမ်ငှါးရမ်းခြင်း ကုန်ဆုံးပြီးနောက် ဆက်လက်နေထိုင်ခြင်း—ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၆—အိမ်ရှင်အိမ်ငှါးဆက်သွယ်မှု ကုန်ဆုံးသွားခြင်း—မူလ အိမ်ငှါးသည် အိမ်ပေါ်၌ ကျူးကျော်သူ တယောက်ဖြစ် မဖြစ်—ကြားကာလ အမြတ်အစွန်းအတွက် တရားစွဲဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အိမ်ရှင်အိမ်ငှါးဆက်သွယ်မှုမှာ နှစ်ဦးသဘောတူ ပဋိညာဉ်အပေါ်၌ တည်ရှိရာ၊ အိမ်ရှင်က ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရငှါးရမ်းမှုကို ရပ်စဲလိုက်သျှင်၊ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုမှာလည်း ကုန်ဆုံးသွားမည်ဖြစ်သည်။ ယင်းသို့ကုန်ဆုံးသွားသည့်အခါ၊ မူလအိမ်ငှါးအပေါ်၌ ကျူးကျော်သူ တယောက်အနေဖြင့် နေထိုင်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ထိုသို့ကျူးကျော်မှုအဖြစ် နေချင်ခြင်းအတွက် အိမ်လခရလိုမှု မစွဲဆိုနိုင်ပေ၊ ကြားကာလအမြတ်အစွန်းအတွက်သာလျှင် စွဲဆိုရမည်ဖြစ်သည်။

ဦးဘသန်း နှင့် ဦးစန်းမောင်၊ ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး၊ ၂၂၆(၂၂၈) (လွှတ်တော်)။
ကူးမား ကမားကျား နှင့် ရကွန္ဒား၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၂၈ (ပီ.စီ) ၁၄၆ (၁၅၁)။
ပန်ဂျပ်နေရွှင်နယ်ဘက် နှင့် အက်ဘီချောက်ရှရီ၊ အေ၊ အိုင်၊ အာ(ရ)၊ ၁၉၄၃၊ အောက် ၃၉၂။
မောင်ဘိုးရွှင် နှင့် မိုဟာမက် ဃန်ဘီ၊ အတဲ့ ဂ၊ အောက်မြန်မာပြည် စီရင်ထုံး၊ ၂၇၁။
ဂူလမ်မဟိုဒင် နှင့် ဒါဒူဘိုင်၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၂၃၊ ဘုံဘိုင် ၃၉၈ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးအောင်မျိုး။

အယူခံတရားခံအတွက်။ ။ဦးဘဆွေ။

---

* ၁၉၆၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၇။

† ၁၉၆၅ ခုနှစ်၊တရားမကြီးမှုအမှတ် ၁ တွင် ပြည်မြို့၊နယ်ပိုင်တရားမ တရားသူကြီးရုံးတော်၏ ဒီကရီကို အယူခံဝင်မှု။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုသည်၊ ပြည်မြို့ ဆေးရေးရပ်ကွက်၊ လမ်းမတော်လမ်းရှိ၊ ဦးပိုင်နံပါတ် ၂၂၀ အပေါ်တွင် ဆောက်လုပ်ထားသော အိမ်ကို အိမ်လခ တလလျှင် ၁၀၀ ကျပ်နှုန်းဖြင့်၊ မူလက အယူခံတရားခံ၏ အိမ်ငှါးအဖြစ် ငှါးရမ်းနေထိုင်ခဲ့၏။ အိမ်ရှင်ဖြစ်သူ အယူခံတရားခံက ငှါးရမ်းခြင်းကို၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရပ်စဲကာ၊ ပြည်မြို့၊ နယ်ပိုင်တရားမရုံး၏၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင်၊ အယူခံတရားလိုအား၊ ထိုအိမ်မှ ထွက်ခွါသွားရန် တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိခဲ့သည်။ ထိုဒီကရီကို ပြည်မြို့၊ ခရိုင်တရားမရုံး၏ ၁၉၆၃ ခုနှစ်၊ အယူခံမှုအမှတ် ၅ တွင် အတည်ပြုခဲ့၏။ ယင်းသို့ အခင်းဖြစ်အိမ်မှ ထွက်ခွါသွားရန် တရားရုံးများက ဒီကရီချမှတ်ခဲ့သော်လည်း၊ အယူခံတရားလိုသည် ထွက်ခွါသွားခြင်းမရှိပေ။ ဒီကရီရရှိခဲ့သည့် အယူခံတရားခံကလည်း၊ ဒီကရီကို အကျိုးသက်ရောက်အောင် ဇာရီမှုဖွင့်လှစ်ခဲ့ခြင်းမရှိပေ။ တရားရုံးချုပ်၊ အထွေထွေဌာန၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ အမှာစာအမှတ် ၂၃၂/၂၀-၁၅၅ (၆၃) နှင့် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့စွဲပါ အမှာစာအမှတ် ၅၁၂/၂၀-၁၅၅ (၆၃) တို့တွင်၊ မရွေ့မပြောင်းနိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီများကို ဇာရီပြုလုပ်ခြင်းမှ ရပ်ဆိုင်းထားရန် ညွှန်ကြားချက်များအရ၊ အယူခံတရားခံက ဇာရီပြုလုပ်ခြင်းမရှိဟု အဆိုရှိသည်။

ထို့နောက် ပြည်မြို့၊ နယ်ပိုင်တရားမရုံး၏ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် အယူခံတရားခံက အယူခံတရားလိုသည်၊ အဆိုပါအိမ်၌ ငှါးရမ်းခြင်းကုန်ဆုံးပြီးနောက် ဆက်လက်နေထိုင်ခဲ့သည့် ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ၊ ၉ လအတွက် ကြားကာလ အမြတ်ငွေ (***Mesne* profits**) ၂,၁၀၀ ကျပ် ရလိုကြောင်း တရားစွဲဆိုရာ၊ အယူခံတရားလိုက အိမ်မှထွက်ခွါသွားရန် ဒီကရီချမှတ်ပြီးနောက်၊ မိမိသည် ဆက်လက်၍ အိမ်ကိုလက်ရှိနေထိုင်ခဲ့သဖြင့်၊ ငှါးရမ်းခြင်းမှာ မကုန်ဆုံးသေးဘဲ၊ အိမ်ငှါးအဖြစ် ဆက်လက်တည်မြဲလျက်ရှိကြောင်း၊ ယင်းသို့အိမ်ငှါးအဖြစ် ဆက်လက်တည်မြဲလျက်ရှိသောကြောင့်၊ ကြားကာလ အမြတ်ငွေ တောင်းဆိုခြင်း မပြုနိုင်ကြောင်း ထုချေလာသည်။

ပညာရှိ နယ်ပိုင်တရားမတရားသူကြီးက၊ အယူခံတရားခံသည်အိမ်မှနှင်ထုတ်လိုမှုတွင် ဒီကရရရှိပြီးနောက်၊ ဇာရီမှုပြုလုပ်ရန် ပျက်ကွက်သောကြောင့်၊ အယူခံတရားလိုသည် အခင်းဖြစ်အိမ်၌ ဆက်လက်နေထိုင်ခဲ့ခြင်းဖြင့်ကြောင်း။ ထို့ကြောင့် ကြားကာလ အမြတ်ငွေရလိုကြောင်း မစွဲဆိုနိုင်ဘဲ၊ ငှါးရမ်းခ ရလိုကြောင်းသာ စွဲဆိုရမည်ဖြစ်ကြောင်း အဆုံးအဖြတ်ပြုကာ၊ အယူခံတရားခံ စွဲဆိုသည့်အမှုကို ပလပ်လိုက်၏။ အယူခံတရားခံက မကျေနပ်၍၊ ပြည်မြို့၊ ခရိုင်တရားမရုံး၏ ၁၉၆၆ ခုနှစ်၊ တရားမ

အယူခံမှုအမှတ် ၁ တွင် အယူခံဝင်ရာ၊ ပညာရှိ ခရိုင်တရားမ တရားသူကြီးက၊ အယူခံတရားခံသည် အိမ်နှင်လိုမှုတွင် ရရှိခဲ့သော ဒီကရီကို ဇာရီမဖွင့်ရခြင်းမှာ၊ တရားရုံးချုပ်၏ ညွှန်ကြားချက်တို့ကြောင့်သာဖြစ်ကြောင်း။ ထို့ကြောင့် ကြားကာလ အမြတ်အစွန်းငွေ ရလိုမှုစွဲဆိုနိုင်ကြောင်း ကောက်ယူကာ၊ မူလရုံး ဒီကရီကို ပယ်ဖျက်လိုက်ပြီး၊အယူခံဘရားခံ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်လေသည်။ ထိုဒီကရီကို အယူခံတရားလိုက မကျေနပ်သဖြင့်၊ ဤဒုတိယအယူခံမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

အခင်းဖြစ်အိမ်သည်၊ ၁၉၅၄ ခုနှစ် ကမှ ဆောက်လုပ်သော အဆောက်အဦ တခု ဖြစ်၍၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် အကျုံးမဝင်ဟု ဆိုသော အချက်မှာ အငြင်းမပွါးပေ။ **ဦးဘသန်း** နှင့် **ဦးစန်းမောင်** (၁)။ သို့ဖြစ်ရာ ဤအမှုကို ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။ အိမ်ရှင်က အိမ်ငှါးအား ငှါးရမ်းခြင်း ရပ်စဲကြောင်း နို့တစ်ပေးပြီး အိမ်မှနှင်လိုမှု စွဲဆိုကာ၊ ဒီကရီရရှိပြီးဖြစ်သည်။ အယူခံတရားခံနှင့် အယူခံတရားလိုတို့သည်၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့နောက်ပုံးမှစ၍ အိမ်ရှင်အိမ်ငှါးဆက်သွယ်မှု မရှိတော့ပေ။ ၁၉၆၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နောက်ပိုင်းတွင်၊ အယူခံတရားလိုသည် အခင်းဖြစ်အိမ်ပေါ်၌ ဆက်လက်နေထိုင်ခဲ့သည်မှာမှန်၏။ ယင်းသို့ဆက်လက်နေထိုင်ကာမှဖြင့်၎င်းသည် အယူခံတရားခံ၏အိမ်ငှါးပြန်၍ မဖြစ်လာနိုင်ပေ။ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၁၆ အရ၊ အိမ်ငှါးတဦးသည် ငှါးရမ်းမှု ကုန်ဆုံးပြီးနောက်၊ အိမ်တွင်ဆက်လက်နေထိုင်သည့်ကိစ္စတွင်၊ အိမ်ရှင်က အိမ်ငှါးခကို လက်ခံလျှင်သော်၎င်း၊ အိမ်ငှါးဆက်လက်နေထိုင်ခြင်းကို သဘောတူကြောင်း တနည်းနည်းဖြင့် ပြသလျှင်သော်၎င်း၊ မူလငှါးရမ်းမှုသည် ဆက်လက်၍ အစဉ်ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ အိမ်ရှင်က အိမ်လခကို လက်မခံပါက၊ သို့တည်းမဟုတ် အိမ်ငှါးအား အိမ်တွင်ဆက်လက်နေထိုင်ခြင်းကို သဘောမတူပါက၊ မူလအိမ်ငှါးသည် အိမ်ပေါ်၌ ဆက်လက်နေထိုင်စေကာမူ၊ နောက်ထပ်အိမ်ငှါးပြန်၍မဖြစ်လာနိုင်။ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုမှာ၊ နှစ်ဦးသဘောတူ ပဋိညာဉ်အပေါ်၌တည်ရှိရာ၊ အိမ်ရှင်က ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၆ အရ ငှါးရမ်းမှုကို ရပ်စဲလိုက်လျှင်၊ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုမှာလည်း ကုန်ဆုံးသွားမည်ဖြစ်သည်။ ယင်းသို့ ကုန်ဆုံးသွားသည့်အခါ၊ မူလအိမ်ငှါးသည် အိမ်ပေါ်၌ ကျူးကျော်သူတယောက်အနေဖြင့် နေထိုင်သည်ဟု မှတ်ယူရမည် ဖြစ်သည်။**ကူးမား ကမားကျား နှင့် ရက္ခရွား** (၂)။ **မန်ဂျာနေရှင်နယ်ဘဏ် နှင့် အက်ဘီဒေါ်ဂျာက်ဒူရီ**(၃)။

---

(၁) ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး၊ ၂၂၆ (၂၂၈) (လွှတ်တော်)။
(၂) အေးအိုင်၊အာ(ရှ်)၊ ၁၉၂၈၊ ပီ၊ စီ၊ ၁၄၆ (၁၅၁)။
(၃) အေးအိုင်၊အာ(ရှ်)၊ ၁၉၄၃၊ အောက် ၃၉၂။

ထိုကဲ့သို့ ကျူးကျော်မှုအဖြစ် နေထိုင်ခြင်းအတွက်၊ အိမ်လခရလိုမှု မစဲဆိုနိုင်ပေ။ ကြားကာလ အမြတ်အစွန်းအတွက်သာလျှင် စဲဆိုရမည်ဖြစ်သည်။ **မောင်ဘိုးရွှင် နှင့် မိုဟာမက်သန်ဘီ** (၄) နှင့် **ဂူလမ်မဟိုဒင် နှင့် ဒါရာဘိုင်** (၅)။

ယခုအမှုတွင်၊ အယူခံတရားခံသည်၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်၊ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုကို ရပ်စဲခဲ့သည်။ ထို့နောက် အိမ်လခကိုလည်း လက်မခံခဲ့ချေ။ ၎င်းပြင် အိမ်ငှါးဖြစ်သူ အယူခံတရားလိုအား အိမ်ပေါ်မှ ဆင်းသွားရန် အိမ်နှင်လိုမှု တရားစွဲဆိုခဲ့သေးသည်။ ထိုအချက်တို့ကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အယူခံတရားခံသည် အယူခံတရားလိုအား အိမ်ငှါးအဖြစ် ပြန်လည်လက်ခံရန် လုံးဝဆန္ဒမရှိကြောင်း ပေါ်လွင်သည်။ သို့ဖြစ်ရာ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှု ရပ်စဲပြီးသည့်နောက်ပိုင်းတွင်၊ အယူခံတရားလိုသည် အခင်းဖြစ်အိမ်ပေါ်၌ ဆက်လက်နေထိုင်ကာမျှဖြင့်၊ အယူခံတရားခံ၏အိမ်ငှါးပြန်၍ဖြစ်လာခြင်းမရှိ။ ထို့ကြောင့် အယူခံတရားခံက အယူခံတရားလိုအပေါ် အိမ်တွင်နေထိုင်ခဲ့သည့်အတွက်၊ ကြားကာလ အမြတ်ငွေတောင်းဆိုခြင်းမှာ မှန်ကန်သည်။ အိမ်နှင်လိုမှု ဒီကရီကို ဇာရီမပြုလုပ်ခြင်းမှာ၊ ဤရုံး၏ ညွှန်ကြားချက် ရှိနေခြင်းကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ အိမ်နှင်မှု ဒီကရီကို ဇာရီမလုပ်ကာမျှဖြင့်၊ အယူခံတရားခံသည် အယူခံတရားလိုအား အိမ်ငှါးအဖြစ် ဆက်လက်ထားရှိရန် သဘောတူသည်ဟု မဆိုသာချေ။

အထက်ပါ အကြောင်းရပ်များကြောင့်၊ အောက်အယူခံရုံး၏ ဒီကရီမှာ မှန်ကန်သဖြင့်၊ အတည်ပြုလိုက်ပြီး၊ ဤဒုတိယအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

---

(၄) အတွဲ ဂ၊ အောက်မြန်မာပြည် စီရင်ထုံး၊ ၂၇၀။
(၅) အေ၊ အိုင်၊ အာ (ရ)၊ ၁၉၂၃၊ ဘုံဘိုင်၊ ၃၉၀။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ဦးထွန်းအုံ (အယူခံတရားလို) †

နှင့်

မသန်းရီ (အယူခံတရားခံ)*

၁၉၆၆ စက်တင်ဘာလ ၂ ရက်။

အပေါင်ဒီကရီ ချပေးရန် တရားစွဲဆိုမှု—မူလကတိနှင့် အညီ ငွေဒီကရီချမှတ်ပေးရန် အလိုငှါ အဆိုလွှာ ပြင်ဆင်ခွင့် တောင်းခြင်း—ပစ္စည်း လွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၆၈— ပုဒ်မတွင် ဖော်ပြထားသည့်အကြောင်းရပ် တခုခု ရှိမှသာ ချေးငွေအတွက် ရိုးရိုးဒီကရီ တောင်းဆိုနိုင်ခြင်း—တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၄ ၏ ရည်ရွယ်ချက်—အဆိုလွှာတွင် တရားလို လက်မှတ်ရေးထိုးရန် ပျက်ကွက်ခြင်း—တရားမကျင့်ထုံး အရ လုပ်နည်းလုပ်ဟန် လွဲမှား ချို့ယွင်းခြင်း—အဆိုလွှာ ပြင်ဆင်ခွင့် ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။လူတယောက်သည် မိမိ၏မရွှေ့ပြောင်းနိုင်သောပစ္စည်းကို တရားဥပဒေနှင့် အညီ ပေါင်နှံထားလျှင် အပေါင်ခံသူသည် သာမန်အားဖြင့် အပေါင်ပစ္စည်းအပေါ် ဥဿာ အရေးယူ ရမည်ဖြစ်သည်။ ပေါင်သူအပေါ်တွင် ချေးငွေအတွက် ရိုးရိုးဒီကရီချမှတ်ပေးရန် တရားမစွဲဆိုနိုင်ပေ။ ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၆၈ တွင် ဖော်ပြထားသည့် အကြောင်းရပ်တခုခု ရှိမှသာ ချေးငွေအတွက် ရိုးရိုး ဒီကရီတောင်းဆိုနိုင်မည် ဖြစ်သည်။

အယူခံတရားခံ တင်ပြလာသည့် အပေါင်စာချုပ်မှာ တရားဥပဒေအရ ချို့ယွင်းချက်ရှိနေကြောင်း၊ အငြင်းမထွက်သဖြင့် ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေပုဒ်မ၆၈ သည်အကျုံးမဝင်၊ အယူခံ တရားလိုသည် ပစ္စည်းများ ပေါင်စဉ်က ချေးငွေကို တိုးရင်းပါပြန်လည်ပေးဆပ်မည်ဟု ကိုယ်တိုင်က တဝန်ယူကတိပြုကြောင်း ဖော်ပြသဖြင့်၊ အယူခံတရားခံသည် ချေးငွေအတွက် ရိုးရိုး ဒီကရီကို ရထိုက်သည်။

မောင်ဘိုးဒင် နှင့် မောင်သာဆင်၊ အေးအိုင်းအာ(ရ်)၊ ၁၉၃၀၊ ရန်ကုန်၊ ၁၄၂။ ဦးဘိုကြီး နှင့် ဦးကံဝင်း၊ ၁၉၅၁၊ မြန်မာပြည် စီရင်ထုံး၊ ၃၇၃ (တရားလွှတ်တော်) ရည်ညွှန်း လိုက်နာသည်။

---

* ၁၉၆၅ ခုနှစ် ၊ တရားမပထမ အယူခံမှုအမှတ် ၆၇ ။

† ၁၉၆၄ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၁၅၄ တွင် ၊ ရန်ကုန်မြို့တော် တရားမရုံး တွဲဘက် တရားသူကြီးချုပ် ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု ။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၆၊ နည်းဥပဒေ ၁၄ တွင်ပြဋ္ဌာန်းထားရသည့် ရည်ရွယ်ချက်မှာ အမှုတခုကို စဲဆိုလျှင် တရားလို ကိုယ်တိုင် ယင်းသို့ စွဲဆိုခြင်းကို သိမသိ၊ ယင်းသို့ စွဲဆိုရန် တရားလို၏ ခွင့်မိန့်ရှိမရှိဆိုသော ပြဿနာမျာ**း** နောက်နောင်တွင် ပေါ်ပေါက်လာ ခြင်းမှ ကာကွယ်ရန်ဖြစ်ပေသည်။ အဆိုလွှာတွင်တရားလို လက်မှတ် ရေးထိုးရန်ပျက်ကွက်ခြင်းသည် တရားလို စွဲဆိုသော အမှု၏ အနိုင်အချွန်းကို ထိခိုက်စေမည့် ပျက်ကွက်မှု တခုမဟုတ်ပေ။ တရားမကျင့်ထုံးအရ လုပ်နည်းလုပ်ဟန် လွဲမှားချွတ်ယွင်းခြင်းသာဖြစ်သည်။ ထိုကဲ့သို့သော ချွတ်ယွင်းမှုမျိုးကို တရားရုံး အနေဖြင့်အချိန်မရွေး ပြင်ဆင်ခွင့်ပြုနိုင်ပေသည်။

မဇ္ဈေခင် နှင့် မမဲ၊ အထဲ ၁၊ ရန်ကုန်စီရင်ထုံး၊ ၄၂။ **ဂျွန်စထန် နှင့် ဇာမက်ရွာဆင်း၊** အေ၊ အိုင်း၊အာ(ရှ်)၊ ၁၉၂၈၊ ပတ္တနား၊ ၅၁ ရည်ညွှန်းသည်။

နန်ဂျီအိုင် နှင့် ပိုပတ်လာ၊ အေ၊အိုင်း၊အာ(ရှ်)၊ ၁၉၃၂၊ ဘုံဘိုင်၊ ၃၆၇။ **ဗြိတိသျှ အိန္ဒိယ စတင်းနေဗီဂေးရှင်း ကုမ္ပဏီ နှင့် ဖကာမာမက်၊** အဘဲ ၇၊ အောက်မြန်မာပြည် စီရင်ထုံး၊ ၂၅၇ ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။ဦးသိန်းဟန် (၁)။

အယူခံတရားခံအတွက်။ ။ဦးဘသန်း (၁)။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို ဦးထွန်းအုံသည်၊ အယူခံတရားခံ ဒေါ်သန်းရီထံ၌၊ ရန်ကုန်မြို့၊ ပုဇွန်တောင်၊ အိမ်ကြီးလမ်း၊ အမှတ် ၂၄ ရှိနှစ်ထပ်အိမ် တလုံးနှင့် အိမ်မြေယာကို၊ မှတ်ပုံတင် အပေါင်စာချုပ် ပြုလုပ်ကာ၊ ငွေ ၁၆,၀၀၀ ကျပ် ချေးယူခဲ့သည်။ အယူခံတရားခံက အပေါင်ကို ရွေးနုတ်ရန် ပြောသော်လည်း၊ အယူခံ တရားလိုက မရွေး သဖြင့်၊ ငွေရင်းနှင့် အတိုးပါ ငွေ ၁၇,၇၆၀ ကျပ် အပေါ် အပေါင်ဒီကရီချပေးရန်၊ ရန်ကုန်မြို့ တရားမရုံး၌ တရားစွဲဆိုသည်။

အယူခံတရားလိုက၊ ၎င်းသည် အယူခံ တရားခံ ထံမှ ငွေ ၁၆,၀၀၀ ကျပ် ကို ချေးယူခဲ့သည်မှာ မှန်သော်လည်း၊ အပေါင်စာချုပ်ကို မှတ်ပုံတင်စဉ်က၊ မှတ်ပုံတင်ရုံး၌ အယူခံ တရားခံ ကိုယ်တိုင် တင်ပြခဲ့ခြင်းမရှိဘဲ၊ ဒေါ်နှင်းမေဆိုသူက တင်ပြကာ အယူခံတရားခံ၏ နာမည်ကို လက်မှတ်ထိုးခဲ့သဖြင့်၊ တရားဥပဒေအရ အပေါင်မမြောက် ကြောင်း ထုချေသည်။ ဒေါ်နှင်းမေသည် အယူခံတရားလို၏ သားမက် ကိုထွန်းခိုင်၏ အစ်မအရင်းဖြစ်သည်။

ထိုအခါအယူခံ တရားခံက၊ အပေါင်စာချုပ်တွင် ချွတ်ယွင်းချက်ရှိသဖြင့်၊ အပေါင် ဒီကရီမရနိုင်ပါက၊ မူလကတိနှင့် အညီ ငွေဒီကရီ ချမှတ်ပေးနိုင်ရန် အလို့ငှါ၊ အဆို လွှာကို ပြင်ဆင်ခွင့် တောင်းသည်။ အယူခံတရားလိုက ကန့်ကွက်သော်လည်း အောက်ရုံးပညာရှိ တရားသူကြီးသည်၊ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုခဲ့သည်။

ထို့နောက် နှစ်ဘက်သက်သေများကို စစ်ဆေးကာ၊ နောက်ဆုံး လျှောက်လဲချက်များကို ကြားနာပြီးသည့်နောက်ပိုင်းတွင် အယူခံတရားလိုက ၎င်း၏ ထုချေလွှာကို ပြင်ဆင်ရန် လျှောက်လွှာ တစောင်တင်၏။ ထိုလျှောက်လွှာ တင်ရခြင်းမှာ၊ အောက်ပါအကြောင်းများကြောင့် ဖြစ်သည်။ အယူခံ တရားခံ၏ မူလအဆိုလွှာတွင် မသန်းရီဟု လက်မှတ်ထိုးထားသည်။ အယူခံ တရားခံမှာ စာတတ်သူ တယောက် မဟုတ်၍၊ လက်မှတ် မထိုးတတ်ပေ။ ထို့ကြောင့် မူလအဆိုလွှာတွင် ဒေါ်နှင်းမေက မသန်းရီဟု လက်မှတ်ထိုးထားခြင်း ဖြစ်သည်။ ပြင်ဆင်သော အဆိုလွှာကိုမူ၊ အယူခံ တရားခံကိုယ်တိုင်ကြက်ခြေခတ်ကာ လက်မနှိပ်ထားသည်။ ထိုအချက်များ အပေါ် မူတည်၍၊ အယူခံတရားလိုက အယူခံတရားခံ၏ မူလအဆိုလွှာသည်၊ အမှသည်ကိုယ်တိုင် လက်မှတ်ထိုးထားခြင်းမရှိ၍၊ ရုံးတော်မှ လက်ခံခြင်း မပြုသင့်ကြောင်း။ မူလအဆိုလွှာသည် အယူခံတရားခံ တင်ပြသည့် အဆိုလွှာမဟုတ်၍၊ ပြင်ဆင်သော အဆိုလွှာ၌ တံဆိပ်ခေါင်း နောက်ထပ်ကပ်ရန် လိုအပ်ကြောင်း ဖြည့်စွက်ထုချေခွင့်ပြုရန် လျှောက်ထားသည်။ အယူခံတရားခံက ဒေါ်နှင်းမေအား၊ ၎င်းကိုယ်စား လက်မှတ်ထိုးခွင့်ပြုထားကြောင်း၊ လိုအပ်ပါကမူလ အဆိုလွှာကို မိမိအား လက်မှတ်ထိုးခွင့်ပြုပါမည့် အကြောင်းပြန်လှန် လျှောက်ထားသည်။ အောက်ရုံး တရားသူကြီးသည် နှစ်ဘက်ပညာရှိ ရှေနေကြီးများအား ကြားနာပြီးနောက်၊ မူလအဆိုလွှာ၌ ချို့ယွင်းချက် ရှိနေစေကာမူ၊ ပြင်ဆင်သောအဆိုလွှာကို တင်သွင်းသောအခါတွင်၊ အယူခံတရားခံကိုယ်တိုင် ကြက်ခြေခတ်၍ လက်မနှိပ်ထားပြီးဖြစ်၍၊ ထိုချို့ယွင်းချက်အား ပြုပြင်ပြီး ဖြစ်သည်ဟု ယူဆရမည် ဖြစ်ကြောင်း။ ထုချေလွှာကို ပြင်ဆင်ရန် အဆိုပြုချက်သည် အဓိကအငြင်းပွါးသော အချက်နှင့် သက်ဆိုင်ခြင်း မရှိ၍ မလိုအပ်ကြောင်း အဆုံးအဖြတ်ပြုကာ၊ အယူခံတရားလို၏ လျှောက်လွှာကို ပယ်ချခဲ့သည်။ ထို့နောက် အယူခံတရားလိုအပေါ် စွဲဆိုသည့်အတိုင်း ငွေ ၁၇,၇၆၀ ကျပ် အပေါ် တရားစရိတ်နှင့်တကွ ရိုးရိုးငွေဒီကရီ ချမှတ်သိုက် လေသည်။ ထိုဒီကရီကို ဦးထွန်းအုံက မကျေနပ် သဖြင့်၊ ဤအယူခံမှုကို တင်သွင်းလာခြင်း ဖြစ်သည်။

အယူခံတရားလို၏ ပညာရှိရှေနေကြီး ဦးသိန်းဟန်က၊ အယူခံ တရားခံသည် အပေါင်ပစ္စည်းအပေါ် ၎င်း၏ ရပိုင်ခွင့် သက်လုံမှုကို၊ ပစ္စည်းလွဲပြောင်း အက်ဥပဒေ ပုဒ်မ ၆၈ အရ စွန့်လွှတ်ခဲ့ခြင်း မရှိ၍၊ အယူခံ တရားလိုအပေါ် အပေါင်ပြုစဉ်က ချေးသည့်ငွေအတွက်၊ ဒီကရီချမှတ်ခဲ့သော အောက်ရုံး၏ အမိန့်မှာ မှားယွင်းနေသည်ဟု တင်ပြလာ၏။ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၆၈ သည် တရားဝင် အပေါင်ကိစ္စ များနှင့်သာ သက်ဆိုင်သည်။ အပေါင်စာချုပ်ပင် ချုပ်ဆိုထားလင့်ကစား၊ တရားဥပဒေအရ ချို့ယွင်းမှု ရှိသဖြင့်၊ တရားဝင် ပေါင်နှံခြင်း မမြောက်သည့်

ကိစ္စများနှင့် အကျုံးမဝင်ချေ။ လူတယောက်သည် မိမိ၏ မသွေမပြောင်းနိုင်သော ပစ္စည်းကို တရားဥပဒေနှင့်အညီ ပေါင်နှံထားလျှင်၊ အပေါင်ခံသူသည် သာမန်အားဖြင့်၊ အပေါင် ပစ္စည်းအပေါ် ၌သာ အရေးယူရမည်ဖြစ်သည်။ ပေါင်သူအပေါ်တွင် ချေးငွေအတွက် ရိုးရိုးဒီကရီ ချမှတ်ပေးရန် တရားမစွဲဆိုနိုင်ပေ။ ပုဒ်မ ၆၈ တွင် ဖော်ပြထားသည့် အကြောင်းရပ် တခုခုရှိမှသာ ချေးငွေအတွက် ရိုးရိုး ဒီကရီ တောင်းဆိုနိုင်မည်ဖြစ်သည်။

ယခုအမှုတွင်၊ အယူခံ တရားခံ တင်ပြလာသည့် အပေါင်စာချုပ်မှာ၊ တရားဥပဒေအရ ချိုယွင်းချက် ရှိနေသဖြင့်၊ တရားဝင်သော ပေါင်နှံမှု မဟုတ်ဟုဆိုသော အချက်မှာ အငြင်းမထွက်ပေ။ သို့ဖြစ်ရာ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ၆၈ သည်၊ ဤအမှုတွင် အကျုံးမဝင်ချေ။ အယူခံ တရားလိုသည် အိမ်နှင့်မြေကို အပေါင်ထားစဉ်က၊ ချေးငွေကို တိုးရင်းပါ ပြန်လည်ပေးဆပ်မည်ဟု ကိုယ်တိုင်တာဝန်ယူကတိပြုကြောင်း ဖော်ပြခဲ့သဖြင့်၊ အယူခံ တရားခံသည် ချေးငွေအတွက် ရိုးရိုး ဒီကရီကိုရထိုက်သည်ဆိုသော အောက်ရုံး အဆုံးအဖြတ်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။ **မောင်ဘိုးဒင် နှင့် မောင်သာဆင်** (၁) နှင့် **ဦးဘိုကြီး** နှင့် **ဦးကံငင်း** (၂)။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးကတဖန်၊ အယူခံ တရားခံ၏ မူလ အဆိုလွှာတွင်၊ အယူခံ တရားခံကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်း မရှိဘဲ၊ ၎င်း၏ တရားဝင် ကိုယ်စားလည် မဟုတ်သူ ဒေါ်နှင်းမေက လက်မှတ်ထိုးသောကြောင့်၊ မူလအဆိုလွှာသည် မူးတော်မှ လက်ခံသင့်သည့် အဆိုလွှာတခု မဟုတ်ကြောင်း၊ ထိုအချက်နှင့် ပတ်သက်၍ ဖြည့်စွက်ထုချေရန် ခွင့်တောင်းခဲ့သော်လည်း၊ အောက်ရုံးမှ ခွင့်မပြုဘဲ၊ ပယ်ချခဲ့ခြင်းမှာလည်း ဥပဒေနှင့် မညီညွတ်ကြောင်း တင်ပြလာပြန်သည်။ တရားမကျင့်ထုံးအမိန့် ၆၊ နည်း ဥပဒေ ၁၄ အရ၊ အဆိုလွှာတွင်၊ တရားလိုကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ တရားလို မထိုးနိုင်ပါက၊ ၎င်း၏ တရားဝင် ကိုယ်စားလည်က ရေးထိုးရမည်ဟု ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ ပြဋ္ဌာန်းထားရသည့် ရည်ရွယ်ချက်မှာ၊ အမှုတခုကို စွဲဆိုလျှင် တရားလိုကိုယ်တိုင် ယင်းသို့ စွဲဆိုခြင်းကိုသိ မသိ၊ ယင်းသို့ စွဲဆိုရန် တရားလို၏ ခွင့်မိန့်ရှိ မရှိဆိုသော ပြဿနာမျိုး နောက်နောင်တွင်ပေါ် ပေါက်လာခြင်းမှ ကာကွယ်ရန် ဖြစ်ပေသည်။ အဆိုလွှာတွင် တရားလို လက်မှတ်ရေးထိုးရန် ပျက်ကွက်ခြင်းသည်၊ တရားလိုစွဲဆိုသော အမှု၏ အနှိုင်အရှုံးကို ထိခိုက်စေမည့်ပျက်ကွက်မှုတခု မဟုတ်ပေ။ တရားမကျင့်ထုံးအရ လုပ်နည်း လုပ်ဟန်လွဲမှားချိုယွင်းခြင်းသာ ဖြစ်သည်။ ထိုကဲ့သို့သော ချိုယွင်းမှုမျိုးကို၊ တရားရုံးအနေဖြင့်

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၀၊ ရန်ကုန်၊ ၁၄၂။
(၂) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ ၃၇၃ (တရားလွှတ်တော်)။

အချိန်မရွေး ပြင်ဆင်ခွင့် ပြုနိုင်ပေသည်။ **မင်္ဂဒေခင်** နှင့် **မမဲ** (၃)။ **ဂျန်စတင်** နှင့် **ရာမက်ရှာဆင်** (၄) နှင့် **နန်ဂျီဘိုင်** နှင့် **ပီပတ်လာ** (၅) တို့အမှုများကိုကြည့်ပါ။ အယူခံတရားလို၏ ပညာရှိရွေးနေကြီး တင်ပြသည့် **မြိတ်သျှ အိန္ဒိယ စတင်းနေဗီဂေးရှင်း ကုမ္ပဏီ** နှင့် **ဖကာမာမက်** (၆) တို့အမှုမှာ၊ အဆိုလွှာတင်သွင်း တရားလိုလက်မှတ် ရေးထိုးခြင်း မရှိသည့် အချက်နှင့် ပတ်သက်၍ အဆုံးအဖြတ် ပေးထားသည့် **စီရင်ထုံး** တခု မဟုတ်ပေ။ အဆိုလွှာသည် ဥပဒေအရ မှန်ကန်စွာ ဖေါ်ပြရမည့် ဖေါ်ပြချက် တခုဖြစ်ရာ၊ တမင်လိမ်လည် ရေးသားထားပါမူ၊ ရာဇဝတ် ဥပဒေအရ အရေးယူ နိုင်ကြောင်း စီရင်ထားသည့် အဆုံးအဖြတ် တခုသာ ဖြစ်သည်။ **မစ္စားဘီဟာရား အင်ဆန်း** နှင့် **ဦးထွန်းညို** (၇) တို့အမှုတွင်၊ အမှုသည်ပေးထားသော ကိုယ်စားလည် စာသည်၊ အမှုသည် သေဆုံးလျှင် ကိုယ်စားလည် စာကုန်ဆုံးသည်ဟု အဆုံးအဖြတ် ပြုထားခြင်းသာဖြစ်သည်။

ယခုအမှုတွင် အယူခံတရားခံက၊ မူလအဆိုလွှာ၌ ဒေါ်နှင်းမေအား လက်မှတ် ထိုးစေခဲ့သဖြင့်၊ တရားဥပဒေနှင့် မညီညွတ်ပါက၊ မိမိအား လက်မှတ်ထိုးခွင့် ပြုပါရန်၊ အောက်ရုံး၌ လျှောက်ထားခဲ့သည်။ အောက်ရုံးက အယူခံ တရားခံသည် ၎င်းကိုယ်တိုင် ကြက်ခြေခတ်ကာ လက်မနှိပ်ထားသည့်ပြင်ဆင်သော အဆိုလွှာကို တင်ခဲ့ပြီးဖြစ်၍၊ မူလအဆိုလွှာ၌ နောက်ထပ် လက်မှတ်နှိပ်ရန်သော်၎င်း၊ ကြက်ခြေ ခတ်ရန်သော်၎င်း၊ လိုအပ်ခြင်းမရှိကြောင်း အဆုံးအဖြတ်ပြုထားပြီး ဖြစ်သည်။ မူလ အဆိုလွှာကို မိမိ၏ သဘောတူညီချက်အရ၊ ဒေါ်နှင်းမေက လက်မှတ်ထိုးသည်ဟု အယူခံ တရားခံက ပြောဆိုထားပြီး ဖြစ်ရာ၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း၊ အဆိုလွှာများ အပေါ်၌ တရားလို လက်မှတ် ရေးထိုးရခြင်း၏ ရည်ရွယ်ချက်နှင့် လည်း ဖီလာဖြစ်နေသည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်ရာ၊ မူလအဆိုလွှာ၌ အယူခံတရားခံ ကိုယ်တိုင် လက်မှတ် ရေးထိုးမိခြင်း မရှိကာမျှဖြင့်၊ အယူခံ တရားခံ စွဲဆိုသော အမှုကို ပလပ်ရအောင် ချွတ်ချော်တိမ်းစောင်းနေခြင်း မရှိသည့် အလျောက်၊ ထို အကြောင်းပြချက်ဖြင့် ထုချေလွှာကို ပြင်ဆင်ရန် လျှောက်ထားသောအယူခံတရားလို၏ လျှောက်ထားချက်အား၊ အောက်ရုံးမှ လက်မခံခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆို

(၃) အတွဲ ၁၊ ရန်ကုန်စီရင်ထုံး၊ ၄၂။
(၄) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၁၊ ပတ္တနာ၊ ၅၁။
(၅) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၂၊ ဘုံဘိုင်၊ ၃၆၇။
(၆) အတွဲ ၇၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၅၇။
(၇) ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး၊ ၂၂၄ (တရားလွှတ်တော်)။

နိုင်ပေ။ အယူခံတရားလို လျှောက်ထားသည့် အတိုင်း ထုချေချက်ကို ပြင်ဆင်ခွင့် ပြုလွှတ်ကစား၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ အယူခံ တရားခံ၏ အမှုကို စိုးစဉ်းမျှ ထိခိုက်နစ်နာစေရန် အကြောင်း မရှိနိုင်ပေ။

အထက်ပါ အကြောင်းရပ်များကြောင့်၊ ဤအယူခံမှုကို တရားစရိတ်များနှင့်တကွ ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီးဦးသက်ဖေ၌တွင်

ဦးပုဂံ ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးလှမောင် ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၆ အောက်တို ဘာ လ ၁၁ ရက်။

အခင်းဖြစ် မြေနှင့်အိမ်ကို ပိုင်ဆိုင်ကြောင်း မြွက်ဖော်ပေးရန်နှင့် ၎င်းပစ္စည်းနှင့် စပ်လျဉ်း၍ နှောက်ယှက်မှုမပြုရန် တားမြစ်သည့်အမိန့်ကို ထုတ်ပေးစေလိုကြောင်းတရားစွဲဆိုမှု—ပစ္စည်းလက်မဲ့ဖြစ်ခြင်း—မြွက်ဖော်ချက်နှင့် တားမြစ်မိန့်ထုတ်ပေးရန် တရားစွဲဆိုနိုင် မဆိုနိုင်—မြွက်ဖော်ချက်နှင့် လက်ရောက်ရလိုမှု စွဲဆိုရမည်ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။မရွှေပြောင်းနိုင်သည့် ပစ္စည်းတခုကို လက်မဲ့ဖြစ်နေသော တရားလိုတဦးသည် မြွက်ဖော်ချက်နှင့် တားမြစ်အမိန့်ထုတ်ပေးရန်တရားမစွဲဆိုနိုင်။ မြွက်ဖော်ချက်နှင့်လက်ရောက်ရလိုမှုသာစွဲဆိုရမည်ဖြစ်သည်။

အာ(ရ်)ပီလေး နှင့် အာ(ရ်)၊အိုင်းယား၊ အတွဲ ၃၃၊ မဒရပ်၊ ၄၅၂ (၄၅၆)။

မဂျက်ရှဟီကန်ပလီနှင့် အက်(စ်)၊ဂျီ၊ပီ၊ကော်မိတီ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၈ လာဟို ၃၆၉ (၃၈၆) စုံညီခုံ။

အနီလာဘာလား နှင့် မာဒါဆင်ဘူး၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၂၊ ကာလကတ္တား ၂၄၅ ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။ဦးဘိုးသာ။

အယူခံတရားခံများအတွက်။ ။ဦးအောင်ရှိန်ဝန်း။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုတို့သည်၊ အယူခံတရားခံများ ထံ၌ လယ်ဦးစီးအဖြစ် အလုပ်လုပ်ဘူးသည်။ အယူခံတရားခံတို့က ၎င်းတို့သည် သထုံမြို့နယ် ကျိုက်ကျော် မြောက်ပိုင်းအုပ်စု တောင်ကြားကွင်း အမှတ် ၅၈၇ ဘီ၊ ဦးပိုင်အမှတ်

---

* ၁၉၆၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅။

† ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁၃ ရက်နေ့စွဲပါ သထုံမြို့ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော အဓိန် ဒီကရီတို့ကို အယူခံဝင်မှု။

၂၆ (၅၁-၅၂) ရှိ ဒဿမ ၂၀ ကော ကျယ်ဝန်းသော မြေနှင့် ထိုမြေပေါ်ရှိအိမ်မှာ မိမိတို့ပိုင်ကြောင်း၊ အယူခံတရားခံတို့သည် မိမိတို့၏ လယ်ဦးစီးများဖြစ်၍ ၁၉၅၉ ခုနှစ်တွင် ထိုမြေနှင့် အိမ်ပေါ်၌အခဲ့ နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ထိုမြေပေါ်၌ မိမိတို့၏ ထင်းနှင့် ကောက်ရိုးများကို ထားခဲ့ကြောင်း၊ ၁၉၆၅ ခုနှစ်၊ မတ်လ၊ ၁၃ ရက်နေ့တွင် မိမိတို့၏ ထင်းနှင့်ကောက်ရိုးများကို ပြန်လည်ယူငင်သောအခါ အယူခံတရားလိုတို့က ခြံထဲသို့ မဝင်ရန် တားမြစ်ခဲ့သည့်အပြင်၊ မြေနှင့်အိမ်ကို ၎င်းတို့ပိုင်ဆိုင်သည်ဟု အဆိုပြုခဲ့ကြောင်း၊ ထို့ကြောင့်အခင်းဖြစ်မြေနှင့်အိမ်ကို မိမိတို့ပိုင်ဆိုင်ကြောင်း မြွက်ဟိုပေးရန်နှင့် မြေပေါ်ရှိ အသီးအနှံများ ဆွတ်ခူးခြင်း၊ ကောက်ရိုး၊ ထင်း၊ လှည်းများ ဝင်ရောက်ထားခြင်း၊ သယ်ယူခြင်းများ ကို တားဆီးနှောင့်ယှက်မှု မပြုရန် တားမြစ်သည့်အမိန့်ထုတ်ပေးစေလိုကြောင်း၊ သထုံမြို့. နယ်ပိုင်တရားမရုံး၌ တရားစွဲဆိုသည်။

အယူခံတရားလိုတို့က မိမိတို့သည် အယူခံတရားခံတို့ထံ၌ လယ်ဦးစီးအဖြစ် အလုပ်လုပ်ခဲ့ရာ၊ လုပ်ခငွေ ၅၀၀ ကျပ် ရရန်ရှိသဖြင့် အယူခံတရားခံတို့က ထိုငွေအတွက် အခင်းဖြစ်မြေကို မိမိတို့အား လွှဲပြောင်းပေးခဲ့ကြောင်း၊ ယင်းသို့ လွှဲပြောင်းပေးသဖြင့် မိမိတို့သည် ထိုမြေပေါ်၌ အိမ်ဆောက်လုပ်နေထိုင်ခဲ့ကြောင်း ထုချေကြသည်။

ပညာရှိနယ်ပိုင်တရားမ တရားသူကြီးသည် နှစ်ဖက်အမှုသည်နှင့် သက်သေတို့ကို စစ်ဆေးပြီးနောက်၊ အယူခံတရားခံ များသည် အခင်းဖြစ်မြေနှင့်အိမ်တို့ကို ပိုင်ဆိုင်သူများဖြစ်ကြောင်း မြွက်ဟိုချက်ပြုကာ မြေပေါ်ရှိ သီးပင်များကို ဆွတ်ခူးရာ၌ လည်းကောင်း၊ ခြံတွင်း၌ ကောက်ရိုး၊ ထင်း၊ နွားလှည်း စသည့် လယ်ကိရိယာများ ထားခြင်း၊ ဝယ်ယူခြင်းပြုရာ၌ လည်းကောင်း၊ အယူခံတရားလိုတို့က အယူခံ တရားခံများအား တားဆီးခြင်းမပြုရန် တားမြစ်မိန့်ထုတ်ပေးသည့် ဒီကရီ ချမှတ်ပေး လိုက်လေသည်။ ထိုဒီကရီကို အယူခံတရားလိုတို့က မကျေနပ်၍ သထုံမြို့ခရိုင် တရားမရုံးသို့ အယူခံဝင်သော်လည်း အောင်မြင်ခြင်း မရှိသဖြင့် ဤဒုတိယအယူခံမှု တင်သွင်းလာခြင်း ဖြစ်လေသည်။

အယူခံတရားလိုတို့၏ ပညာရှိ ရှေ့နေကြီး ဦးဘိုးသာက အောက်ရုံး အမှုတွဲရှိ သက်သေထွက်ချက်များအရ အခင်းဖြစ်ပစ္စည်းများကို အယူခတရားလိုတို့ လက်ရှိ ဖြစ်ကြပြီး အယူခံတရားခံများက လက်မဲ့ဖြစ်ကြသည် ဆိုခြင်းမှာ မငြင်းနိုင်ကြောင်း၊ ယင်းသို့ လက်မဲ့ ဖြစ်နေသောကြောင့် အယူခံတရားခံတို့သည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟိုချက်အပြင် လက်ရောက်ရလိုကြောင်းပါ ထည့်သွင်းစွဲဆို ရမည်ဖြစ်ကြောင်း၊ လက်ရောက် ရလိုကြောင်း တောင်းဆိုခဲ့ခြင်း မရှိ၍ ၎င်းတို့၏ အမှုစွဲဆိုပုံမှာ မှားယွင်းနေကြောင်း ထိုကဲ့သို့ မှားယွင်းစွဲဆိုခြင်းကို ခွင့်ပြုခဲ့သည့် အောက်ရုံး ဒီကရီများမှာ ဥပဒေနှင့် မညီ၍ ပယ်ဖျက်ပြီး အယူခံတရားခံတို့အ

မူလအဆိုလွှာကို ပြင်ဆင်ခွင့်ပြု၍ အသစ်ထပ်မံ စစ်ဆေးဆုံးဖြတ်စေသင့်ကြောင်း တင်ပြလာသည်။

အယူခံတရားခံတို့၏ ပညာရှိရှေ့နေကြီးဦးအောင်ရိန်ဝန်းက၊ အယူခံတရားခံများ စွဲဆိုသည့်အမှုမှာ သာမန်ပြွက်ဖော်ချက်ဒီကရီတောင်းဆိုသည့်အမှုမဟုတ်ကြောင်း ပြွက်ဖော်ချက်အပြင် တားမြစ်အမိန့်ကိုပါ တောင်းဆိုသည့်အမှုဖြစ်၍ သက်သာခွင့်ဥပဒေပုဒ်မ ၄၂ နှင့် ကိုက်ညီကြောင်းပြန်လည်ချေပသွား၏။

သီခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တရားလိုတဦးသည် ပြွက်ဖော်ချက်အပြင် အခြားသက်သာခွင့် တောင်းဆိုနိုင်ပါမူ သာမန်ပြွက်ဖော်ချက် ဒီကရီရလိုမူ စွဲဆိုခြင်းမပြုနိုင်ပေ။ အခြားသက်သာခွင့် ဆိုသည်မှာ တရားလိုတောင်းဆိုသည့် ပြွက်ဖော်ချက်အပေါ် အကျိုးဆိုက်ရောက်သည့် သက်သာခွင့်ကိုဆိုလိုသည်။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ခုကို လက်မဲ့ဖြစ်နေသော တရားလိုတစ်ဦးသည် ထိုပစ္စည်းအား ပိုင်ဆိုင်ကြောင်း ပြွက်ဖော်ချက်တောင်းဆိုလျှင် ထိုတောင်းဆိုချက်အပေါ် အကျိုးဆိုက်ရောက်အောင် ပစ္စည်းကို လက်ရောက်ရလိုကြောင်းပါ စွဲဆိုရမည် ဖြစ်သည်။ ယင်းသို့ လက်ရောက်ရလိုကြောင်းပါ စွဲဆိုရမည် ဖြစ်သည်။ ယင်းသို့ လက်ရောက်ရလိုကြောင်းပါ မစွဲဆိုလျှင်တရားခံသည် ပစ္စည်းကို ဆက်လက်၍ လက်ရှိဖြစ်နေကာ ချမှတ်သော ဒီကရီမှာ အချည်းအနီးသာ ဖြစ်ရန်ရှိသည်။ တားမြစ်မိန့်သည် ပစ္စည်းအား ပိုင်ဆိုင်ကြောင်း ပြွက်ဖော်ချက်နှင့် ပတ်သက်သည့် အကျိုးဆိုက်ရောက်သော သက်သာခွင့် ဖြစ်သည်ဟု မဆိုနိုင်ချေ။ လက်ရောက် အပ်ပေးရန် တောင်းဆိုခြင်းသာလျှင် အကျိုးဆိုက်ရောက်သည့် သက်သာခွင့် ဖြစ်သည်။ အကယ်၍ တရားလိုသာမက တရားခံပါ ပစ္စည်းကို လက်မဲ့ ဖြစ်နေပါမူ၊ လက်ရောက်အပ်ပေးရန် လိုမည်မဟုတ်၍ တားမြစ်မိန့်နှင့် တွဲကာစွဲဆိုနိုင်မည် ဖြစ်သည်။ ပစ္စည်းကို လက်မဲ့ဖြစ်သည့် တရားလိုတစ်ဦးသည် ပြွက်ဖော်ချက်နှင့် တားမြစ်မိန့် ထုတ်ပေးရန် တရားမစွဲဆိုနိုင်ကြောင်း၊ ပြွက်ဖော်ချက်နှင့် လက်ရောက်ရလိုမူသာ စွဲဆိုရမည်ဖြစ်ကြောင်း စီရင်ထုံးအပြောက် အပြားပင်ရှိသည်။ အချို့ကို ဖော်ပြရမည်ဆိုသော **အာ(ရ)၊ ပီလေးနှင့် အာ(ရ)၊ အိုင်းယား** (၁) တို့အမှုတွင် အောက်ပါအတိုင်း မိန့်ပြွက်ထား၏။

> "As regards the first position assuming that section 42 of the Specific Relief Act is to be understood as not requiring the whole consequential relief to be claimed, we think a plaintiff out of possession is not entitled to ask for an injunction merely against the person in possession."

---

(၁) အတွဲ ၃၃၊ မဒရပ် ၄၅၂(၄၅၆)။

၁၉၆၆

ဦးဆုဝ် ပါ၂ နှင့် ဦးလှမောင် ပါ ၂

မဂျက်ရှယီဂန်ပလီ နှင့် အက်(စ်)၊ ဂျီ၊ ဝီ၊ ကော်ဗီတီ (၂) တို့ စီရင်ထုံး၌ အောက်ပါအတိုင်း ဆုံးဖြတ်ထားသည် ။

"According to section 42 Specific Relief Act, it is not permissible to sue for a mere declaration when further relief in the shape of possession is open to a party. Again, according to section 56, CI. (1) of the same Act, no relief by way of injunction (which is purely discretionary) can be granted, when an equally efficacious relief could be obtained by other usual modes of proceeding. It is well established that when it is open to a person to sue for possession, he cannot be granted any relief in the shape of a mere injunction."

အန်လာဘာလား နှင့် မာဓိဆင်ဒူး (၃) တို့ အမှု၌ လည်း အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည် ။

"The words 'further relief' in the proviso to section 42 mean relief in relation to the legal character or right as to property to which the plaintiff is entitled to and whose title to such character or right the defendant denies or is interested to deny and that relief must also be appropriate to and necessarily consequent on the right of title asserted.

Consequently, where the plaintiff whose title is denied by the defendant is out of possession and the defendant is in possession, the 'further relief' would be recovery of possession and a suit for declaration of title will not be maintainable unless the plaintiff prays for possession also. If, however, the plaintiff is out of possession but the defendant is not in possession or is not in a position to deliver possession to the successful plaintiff injunction would be the further relief within the meaning of the proviso to section 42."

ယခုအမှုတွင် အယူခံတရားခံတို့သည် အခင်းဖြစ် ပစ္စည်းကို လက်မဲ့ဖြစ်နေပြီး၊ အယူခံတရားလိုတို့မှာ လက်ရှိဖြစ်နေကြသည်။ သို့ဖြစ်ရာ အယူခံတရားခံများအနေဖြင့် မြှက်ဖေါ်ချက်အပြင် ပစ္စည်းကို လက်ရောက်အပ်ပေးရန် တရားစွဲရမည် ဖြစ်သည်။

(၂) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၁၊ လာဟို ၃၆၉ (၃၈၆) စံညီခုံ။

(၃) အေ၊ အိုင်၊အာ(ရှ်)၊ ၁၉၄၂၊ ကာလကတ္တား၊ ၂၄၅။

လက်ရောက်အပ်ပေးရန် မစွဲဆိုဘဲ တားမြစ်မိန့် တောင်းဆိုရုံနှင့် မပြီးချေ။ ထို့ကြောင့် အယူခံတရားခံတို့၏ အမှုစွဲဆိုပုံမှာ မှားယွင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။ ထိုဥပဒေအချက်နှင့် ပတ်သက်၍ အောက်ရုံး အသီးသီး၌ လျှောက်လဲ တင်ပြခဲ့ခြင်း မရှိဘဲ၊ ၌ ဒုတိယ အယူခံရုံးသို့ ရောက်မှ ပေါ်ပေါက်လာရခြင်း ဖြစ်သည့်အတွက် အယူခံတရားခံတို့အား ၎င်းတို့၏အဆိုလွှာကို တရားဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ခွင့်ပြုရန် အခွင့် ပြုရပေမည်။ **ချစ်တီနတ်ဘဏ် နှင့် ဦးတော** (၄)။

အထက်ပါ အကြောင်းရပ်များကြောင့် အောက်ရုံး နှစ်ရုံး စလုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး၊ အမှုကို မူလရုံးသို့ ပြန်လည်ပေးပို့လိုက်သည်၊ မူလရုံးသည် အယူခံတရားခံ (မူလတရားလိုတို့)အား မူလအမှုတွဲ၌ပင် ၎င်းတို့၏ အဆိုလွှာကို ဥပဒေနှင့်အညီ ပြင်ဆင်ခွင့်ပြုပြီး၊ အယူခံတရားလို (မူလတရားခံ) များက ပြင်ဆင်ချက်ထပ်ခြလွှာ တင်လိုလျှင် တင်ခွင့်ပြုကာ အမှုကို တရားဥပဒေအရ ဆက်လက်စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။ တရားစရိတ် အားလုံးကို နောက်ဆုံး ရှုံးသူက ကျခံရမည်။ ဤအယူခံအတွက် ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

ရုံးခွန်တော် ဥပဒေပုဒ်မ ၁၃ အရ၊ ဤအယူခံလွှာတွင် ထမ်းဆောင်ထားသည့် ရုံးခွန်တော်ငွေကို အယူခံတရားလိုတို့အား ပြန်လည်ထုတ်ပေးရန် လက်မှတ်ထုတ်ပေးပါ။

---

(၄) ၁၉၅၇ ခု ၊ မြန်မာပြည် စီရင်ထုံး ၅၆ (တရားလွှတ်တော်ချုပ်) ။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

† ၁၉၆၆

အောက်တိုဘာ ၀၄ ရက်

ဦးပိန် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးဘသစ် ပါ ၂ (အယူခံတရားခံများ) *

ကျူးကျော်၍ ဆောက်လုပ်ထားသော အိမ်ကို ဖယ်ရှားရမြေကို လက်ရောက် အပ်ပေးရန် တရားစွဲဆို မှု အကြောင်းခြင်းရာနှင့် ပက်သက်၍ ပဌမအယူခံရုံး၏ ဆုံးဖြတ်ချက် ဒုတိယ အယူခံရုံး၏ ဝင်ရောက်စွက်ဖက်နိုင်ခွင့်။

ဆုံးဖြတ်ချက်။ ။အကြောင်းခြင်းရာနှင့် ပတ်သက်၍ ပဌမ အယူခံရုံး၏ ဆုံးဖြတ်ချက်ကို သက်သေ အထောက်အထား လုံးဝမရှိမှုသာ၊ သို့တည်းမဟုတ် ဥပဒေ သဘောသက်ရောက်သည့် ချုတ်ချော်မှုမရှိမှုသာ ဒုတိယအယူခံဝင်ရုံးသည် ဝင်ရောက်စွက်ဖက်နိုင်ခွင့် ရှိသည်။ ပဌမအယူခံရုံး၌ အကြောင်းခြင်းရာ ဆုံးဖြတ်ချက်သည် သက်သေ အထောက်အထားရှိနေလျှင် ထိုဆုံးဖြတ်ချက်မှာ စိတ်ကြေနပ်ဘွယ်မရှိလင့်ကစား ပယ်ဖျက်ခြင်းမပြုနိုင်ချေ။

မဖြူ နှင့် **ကဘစိမိထရား၊** အတွဲ ၆၊ ရန်ကုန်၊ စာ ၅၀၆ ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။မစ္စတာဘီစံစီဖိုး။

အယူခံတရားခံများအတွက်။ ။ဦးဘိုးသာ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ဦးပိန်နှင့် ဒေါ်ဝါညွှန့်တို့က၊ မိမိတို့ လက်ရှိဖြစ်သည့်၊ သထုံမြို့နယ် သိမ်ဆိပ်အရှေ့ကွင်း အမှတ် ၅၄၀၊ ဦးပိုင်အမှတ် အင် (၇) မြေကွက်အမှတ် ၃၁၁၊ မြေချိန် ရေယာ ဒဿမ ၂၀ ကေရှိ မြေကွက် ပေါ်၌၊ ဒဿမ ၁၂ ကေကို အယူခံတရားခံ ဦးဘသစ်နှင့် ဒေါ်ကြေတို့သည် ကျူးကျော်၍ အိမ်ဆောက်ထားသဖြင့်၊ ထိုအိမ်ကို ဖယ်ရှား၍ မြေကို လက်ရောက် အပ်ပေးရန်၊ သထုံမြို့ မြို့နယ် တရားမရုံး၌ တရားစွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း ဒီကရီ

---

* ၁၉၆၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၁။

† ၁၉၆၆ ခုနှစ်၊တရားမအယူခံဝင်မှုအမှတ် ၁ တွင် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့စွဲဖြင့် ချမှတ်သောသထုံမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ အမိန့်ကို အယူခံဝင်မှု။

ချမှတ်လိုက်၏။ ထိုဒီကရီကို အယူခံ တရားခံများက မကျေနပ်သဖြင့်၊ သထုံမြို့ ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ၊ ပညာရှိ ခရိုင် တရားမ တရားသူကြီးသည် မူလရုံး၏ ဒီကရီကို ပယ်ဖျက်ကာ၊ အယူခံတရားလိုတို့၏ အမှုကို ပလပ်လိုက်လေသည်။ ထိုကဲ့သို့ ပလပ်လိုက်သော အမိန့်ကို အယူခံ တရားလိုတို့က မကျေနပ်သဖြင့်၊ ဤဒုတိယ အယူခံမှုတွင် အယူခံဝင်လာကြခြင်းဖြစ်သည်။

အယူခံတရားလိုတို့က၊ ၎င်းတို့သည် မြေချိန် ဧရိယာ ဒဿမ ၂၀ ကျော်သော မြေကွက်တခုလုံးကို၊ ၁၉၅၀ ခုနှစ်မှစ၍ ခုတ်ထွင်ရှင်းလင်းပြီး အိမ်ဆောက်လုပ် နေထိုင်ကာ လက်ရှိဖြစ်ခဲ့ကြောင်း၊ ၁၉၅၉ ခုနှစ် လောက်တွင် အယူခံတရားခံတို့သည် ထိုမြေကွက်ပေါ်၌ ဒဿမ ၁၂ ကျော်ကျယ်ဝန်းသော မြေနေရာသို့ ကျူးကျော်ဝင်ရောက်၍ အိမ်ဆောက်လုပ် နေထိုင်ကြကြောင်း စွပ်စွဲလာကြသည်။ အယူခံ တရားခံတို့က အခင်းဖြစ် ဒဿမ ၁၂ ကျော်မြေပေါ်၌ ၎င်းတို့သည် လွန်ခဲ့သည့် ၁၅ နှစ်ခန့်ကစ၍ နေထိုင်ခဲ့ကြောင်း၊ အယူခံ တရားလိုတို့သည် ထိုမြေ၏ မြောက်ဘက်တွင်ကပ်လျက်ရှိသော မြေကွက်၌ လွန်ခဲ့သည့် ၁၀ နှစ်ကစ၍သာ နေထိုင်လာခဲ့ကြောင်း၊ အယူခံတရားလိုတို့ လက်ရှိဖြစ်သော မြေကွက်ပေါ်၌ ကျူးကျော်ဝင်ရောက်နေထိုင်ခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း ထုချေကြသည်။

အယူခံတရားလိုတို့က ၎င်းတို့လက်ရှိဖြစ်သည်ဆိုသော မြေမှာ ဘိုးဘွားပိုင်မြေ မဟုတ်ချေ။ အစိုးရထံတွင် အခွန်ဆောင်ပြီး နေထိုင်သော မြေဖြစ်ပြီး၊ ပိုင်ဆိုင်ခွင့် မရရှိသေးကြောင်း အငြင်းမထွက်ပေ။ အယူခံတရားလိုတို့သည် ထိုမြေကွက် အတွက် ၁၉၅၃-၅၄ ခုနှစ်မှစ၍ အခွန်ဆောင်ခဲ့၏။ အခွန်ဆောင်ရာ၌ ဒဿမ ၂၀ ကျော်အတွက် ပေးခဲ့ရသည်။ မူလရုံးတွင် တင်ပြထားသည့် မြေစာရင်း ဌာနမှ မြေပုံများအရင်း၊ မြေစာရင်း အင်စပိတ်တော် ဦးဘချေ၏ ထွက်ချက် အရင်း ထိုသို့အယူခံ တရားလိုတို့ အခွန်ဆောင်သည့် မြေအနက်၊ ဒဿမ ၁၂ ကျော်ကို၊ အယူခံ တရားခံတို့၏ အမည်ဖြင့် ၁၉၆၁-၆၂ ခုနှစ်မှစ၍ သီးခြားအခွန် စည်းကြေပ်ခဲ့၏။ ယင်းသို့ စည်းကြပ်ရခြင်းမှာ အယူခံ တရားခံတို့ လက်ရှိဖြစ်နေသည့် အတွက်ကြောင့်ပင်ဖြစ်သည်။

အခင်းဖြစ်ပါးသည့်မြေမှာ အစိုးရမြေသာဖြစ်၍၊ အဓိက စဉ်းစားရမည့် အချက်မှာ၊ အယူခံ တရားလိုတို့ စွပ်စွဲလာသည့် အတိုင်း ၎င်းတို့လက်ရှိဖြစ်နေသည့် ကြားမှ အယူခံ တရားလိုတို့သည်၊ ကျူးကျော်ဝင်ရောက်ကာ အိမ်ဆောက်လုပ် ခဲ့ပါသလော၊ သို့တည်းမဟုတ် အယူခံ တရားခံတို့ ထုချေသည့်အတိုင်း ၎င်းတို့ သာလျှင်လွန်ခဲ့သည့် ၁၅ နှစ်ခန့်မှစ၍ တဆက်တည်း လက်ရှိနေထိုင်ခဲ့ပါသလော ဆိုခြင်းပင်ဖြစ်၏။

ဦးဝိန် ပါ့
နှင့်
ဦးဘသစ် ပါ၂။

ယခုအမှုတွင် အမှန်တရားကို အဖြေပေးနိုင်မည့် သော့ချက် သက်သေမှာ ဒေါ်စောလှိုင် (ခံပြ ၃) ပင်ဖြစ်၏။ ထိုသက်သေသည် အယူခံ တရားလိုတို့ ယခု လက်ရှိနေထိုင်လျက်ရှိသော မြေပေါ်၌၊ မူလကနေထိုင်ခဲ့သူဖြစ်သည်။ ထိုကဲ့သို့နေထိုင် ခဲ့ကြောင်းကို အယူခံ တရားလို ဦးဝိန် ကိုယ်တိုင်က ဝန်ခံထားသည်။ ဒေါ်စောလှိုင် သည် ထိုမြေပေါ်မှ လွန်ခဲ့သည့် ၁၃ နှစ် ၁၄ နှစ်လောက်က ထွက်ခွာကာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဒေါ်စောလှိုင် ရွှေ့ပြောင်းသွားပြီးနောက် မြေပေါ်ရှိတဲ ၂ လုံးကို ဒေါ်စောလှိုင်၏ ညီမ ဒေါ်စောမြိုင်ထံမှ၊ အယူခံ တရားလိုတို့သည်ဝယ်ယူကာ အိမ်သစ်ဆောက်၍ နေထိုင်ခဲ့ခြင်း ဖြစ်သည်။ ဒေါ်စောလှိုင်က ယခု အယူခံတရားလိုတို့ နေထိုင်သော မြေပေါ်၌ နေထိုင်စဉ်၊ မြေ၏ တောင်ဘက်တွင် အယူခံ တရားခံ ဒေါ်ကြေ၏မိဘများအိမ်ရှိကြောင်း၊ ဒေါ်ကြေသည် အသက် ၂၂ နှစ်တွင် အယူခံ တရားခံ ဦးဘသစ်နှင့် အကြောင်းပါ၍၊ မိဘအိမ်၌ပင် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ မိမိနေထိုင်သောမြေနှင့် ဒေါ်ကြေ၏မိဘမြေကြားတွင် ခြံစည်းရိုး ရှိကြောင်း၊ ထို ခြံစည်းရိုး၌ သရက်ပင်၊ ပျဉ်းမပင်၊ ဝါးပင်များ စိုက်ထားကြောင်း၊ ဒေါ်ကြေ၏ မိဘမြေ တောင်ဘက်တွင် ချောင်းငယ်ဘခု ရှိကြောင်း ထွက်ဆိုထားသဖြင့်၊ အယူခံ တရားလိုတို့သည် အခင်းဖြစ် မြေပေါ်သို့ ၁၉၅၉ ခုနှစ်မှစ၍ ကျူးကျော်ဝင်ရောက်ကာ နေအိမ် ဆောက်လုပ် နေထိုင်ကြသည်ဆိုခြင်းမှာမဟုတ်မမှန်ကြောင်းပေါ်လွင်သည်။ ဒေါ်စောလှိုင်၏ ထွက်ချက်ကို သူကြီး ဦးဘခင် (ခံပြ ၂) က ထောက်ခံထွက်ဆို ထားသည်။ ဦးဘခင်သည် အခင်းဖြစ်မြေ၏ တောင်ဘက်ရှိ ချောင်းငယ် တဘက် ကမ်း၌ နေထိုင်သူဖြစ်ပြီး၊ ၎င်းက အခင်းဖြစ် မြေပေါ်၌ ဒေါ်ကြေ၏ မိဘများ မူလနေထိုင်ကြပြီး၊ အယူခံ တရားလိုတို့သည် အကြင်လင်မယား ဖြစ်လာကြပြီး နောက် ဆက်လက် နေထိုင်ခဲ့ကြကြောင်း ထွက်ဆိုသွားသည်။ အငြိမ်းစား မြေ စာရင်း အင်စပိတ်တော် ဦးဘမောင် (လိုပြ ၁) က အခင်းဖြစ်မြေပေါ်၌၊ ၎င်း အငြိမ်းစားယူသည့် ၁၉၅၇ ခုနှစ်အထိ၊ အယူခံ တရားခံတို့ အိမ်ဆောက်ထားသည်ကို မတွေ့ရကြောင်း၊ ထိုမြေကို မြေလွတ်အဖြစ် တွေ့ရှိရကြောင်း ထွက်ဆိုထားသည်မှာ မှန်၏။ သို့ရာတွင် ဦးဘမောင် အနေဖြင့် ကွင်းဆင်းသည့် အခါမှသာ အခင်းဖြစ် မြေသို့ ရောက်ရှိမည် ဖြစ်ပြီး၊ အနီးအနားတွင် နှစ်ပေါင်းများစွာကစ၍ နေထိုင် ခဲ့သည့် သူကြီး ဦးဘခင်ကဲ့သို့ သေချာတပ်အပ်ပြောဆိုနိုင်မည် မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေကာမူ၊ အကြောင်းခြင်းရာနှင့်ပတ်သက်၍ ပဌမအယူခံရုံး၏ ဆုံးဖြတ်ချက်မှာ၊ အတည်ဖြစ်၍ လက်ခံရမည် ဖြစ်သည်။ ထိုဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သက်သေအထောက်အထား လုံလောမရှိမှုသာ၊ သို့တည်းမဟုတ် ဥပဒေသဘောသက် ရောက်သည့် ချွတ်ချော်မှုရှိမှုသာ၊ ဒုတိယ အယူခံရုံးသည် ဝင်ရောက် ဖက်စွက်

နိုင်ခွင့်ရှိသည်။ ပဌမ အယူခံရုံး၏ အကြောင်းခြင်းရာ ဆုံးဖြတ်ချက်သည် သက်သေ အထောက်အထား ရှိနေလျှင် ထိုဆုံးဖြတ်ချက်မှာ စိတ်ကျေနပ်ဘွယ် မရှိလင့်ကစား ပယ်ဖျက်ခြင်း မပြုနိုင်ချေ။ **မဖြူ** နှင့် **ကာစီမီတရား** (၁)။

ယခုအမှုတွင် အယူခံ တရားခံတို့သည် ဒဿမ ၁၂ ကေအက္ကယ်အဝန်းရှိသော မြေပေါ်၌ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် လက်ရှိဖြစ်ခဲ့ပြီး အယူခံ တရားလို တို့လက်ရှိဖြစ်နေသည့် ကြားမှ ကျူးကျော် ဝင်ရောက် နေထိုင်ခြင်း မဟုတ်ကြောင်း သက်သေ အထောက်အထားများ ရှိနေသဖြင့်၊ ထိုသက်သေ အထောက်အထားများ အပေါ်မူတည်၍ ဆုံးဖြတ်ခဲ့သော ပဌမ အယူခံရုံး၏ ကောက်ချက်မှာ မှားယွင်း သည်ဟု မဆိုသာချေ။ ကျွန်ုပ်အနေဖြင့် ထိုဆုံးဖြတ်ချက်ကို သဘောတူ လက်ခံသည်။

အယူခံ တရားလိုတို့၏ ပညာရှိရွှေနေကြီး ဦးစံစိုးက၊ အယူခံ တရားခံတို့သည် မူလရုံးအမှု၏ အချုံးအနှိုင်းကို မြေစာရင်းအရာရှိ၏ အစီရင်ခံစာ အပေါ်မူတည်မည့် ဆုံးဖြတ်ချက်ကို လိုက်နာပါမည်ဟု သဘောတူညီပြီးဖြစ်ရာ၊ မြေစာရင်း အရာရှိ ဦးဘရွှေက အခင်းဖြစ်မြေသည် အယူခံ တရားလိုတို့ အခွန်ဆောင် နေရသည့် အင် (၃) မြေထဲ၌ပါနေကြောင်း ထွက်ဆိုထားသည့် အလျောက်၊ မြေစာရင်း အရာရှိ၏ ထွက်ဆိုချက်ကို ကျော်လွန်၍ ငြင်းဆိုရန် အခွင့်အရေးမှာ ပိတ်ပင်ထားပြီး ဖြစ်သည်ဟု ယူဆသင့်ကြောင်း တင်ပြသွားသည်၊ အယူခံ တရားလိုနှင့် အယူခံ တရားခံတို့သည် ၁၉၆၄ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မူလရုံး၌ လျောက်လှာ တစောင်တင်ခဲ့ကြ၏။ ထိုလျောက်လှာကို မူလရုံးအမှုတွဲ၏ ဆင့်စာဖိုင်တွဲ စာမျက်နှာ ၃၀ တွင် တွေ့မြင်နိုင်သည်။ ထိုလျောက်လှာ၌ ခရိုင်လယ်ဝန်၊ သို့မဟုတ် မြေစာရင်း အင်စပိတ်တော် တဦးအား အငြင်းပွါးမှုကို တရားသဖြင့် အဆုံးအဖြတ် ပေးနိုင်ရန် အလို့ငှါ၊ မြေကို တိုင်းထွာပြီး ဖြေရှင်းချက်ပေးရန်သာ ဖေါ်ပြထားသည်။ ခရိုင် လယ်ဝန်၊ သို့မဟုတ် မြေစာရင်း အင်စပိတ်တော်၏ တွေ့ရှိချက်ကို အပြီးသတ် လက်ခံပါမည်ဟု အယူခံ တရားလိုကသော်ငှင်း၊ အယူခံ တရားခံကသော်ငှင်း၊ ဝန်ခံ လက်မှတ်ထိုးထားခြင်းမရှိပေ။ သို့ဖြစ်ရာ မြေစာရင်း အရာရှိ ဦးဘရွှေ၏ထွက်ချက် အရ အယူခံ တရားခံတို့သည် အခင်းဖြစ်မြေကို မိမိတို့လက်ရှိဖြစ်သည်ဟု ငြင်းဆိုရန် အခွင့်အရေး မရှိတော့ဘဲ ပိတ်ပင်ထားပြီး ဖြစ်သည်ဟု မယူဆနိုင်ချေ။

အခင်းဖြစ်မြေအပါအဝင် ဦးပိုင်အမှတ် အင် (၃) တခုလုံးကို အယူခံ တရားလိုတို့အမည်ဖြင့်၊ ၁၉၅၃-၅၄ ခုနှစ်မှစ၍ အခွန်စည်းကြပ်ခဲ့သည်မှာ မှန်၏။ ယင်းသို့ အခွန် စည်းကြပ်ခဲ့ကာမျှဖြင့်၊ အယူခံ တရားလိုတို့သည် အခင်းဖြစ်မြေကို

(၁) အတွဲ ၆၊ ရန်ကုန်၊ စာ ၅၈၆ ။

၁၉၆၆

ဦးဝိန် ပါ၂ နှင့် ဦးဘသစ် ပါ၂။

ပိုင်ဆိုင်ခွင့်ရှိသည်ဟု မဆိုသာချေ။ အခင်းဖြစ်မြေကို အယူခံ တရားခံတို့၏ အမည်ဖြင့် ၁၉၆၁-၆၂ ခုနှစ်မှစ၍ အခွန် စည်းကြပ်ခဲ့သည်ကို ထောက်လျှင်၊ ထိုကဲ့သို့ အခွန် စည်းကြပ်ခြင်းသည် ပိုင်ဆိုင်မှုနှင့်လည်း မဆိုင်၊ လက်ရှိဖြစ် မဖြစ်ဆိုသော ပြဿနာ နှင့်လည်း အကျုံးမဝင်ကြောင်း ပေါ်လွင်သည်။

အထက်ပါ အကြောင်းရပ်များကြောင့် အောက်အယူခံရုံး၏ စီရင်ချက်နှင့်ဒီကရီကို မှန်ကန်သည်ဟု ဆိုရမည်ဖြစ်၍၊ ဤဒုတိယ အယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၀ သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီးဦးသက်ဖေရှေ့တွင်

ဦးမောင် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ကိုအောင်ထွန်း ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၆

အောက်တို
ဘာလ ၆ ရက်၊

တရားမကျင့်ထုံးအမိန့် ၄၁ နည်းဥပဒေ ၂၇ နောက်ထပ် သက်သေထွက်ချက်များ ရယူနိုင်ခြင်း—နောက်ထပ် သက်သေထွက်ချက်များ ရယူရာတွင် ကိုယ်ပိုင် ဆင်ခြင်တိုင်းထွာမှု အာဏာအရ တရားဥပဒေဘောင်အတွင်း ဆောင်ရွက်ခြင်း—ဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းရှိ မရှိ—မည်သည့်နောက်ထပ် သက်သေထွက်ချက် ရယူလိုသော အကြောင်းပြချက် ရေးသားထားခြင်း မရှိခြင်း—ဆောင်ရွက်မှုမှာပျက်ပြယ်သည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံရုံးအနေဖြင့် မည်သည့်အခါတွင် နောက်ထပ် သက်သေထွက်ချက်များကို ရယူနိုင်သည်ဟု တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ အောက်ရုံးမှ လက်ခံသင့်သည့် သက်သေခံချက်ကို လက်မခံခဲ့လျှင်သော်၎င်း၊ အယူခံရုံးအနေဖြင့် ဆုံးဖြတ်ချက်ပြုနိုင်ရန်အလို့ငှါ၊ သို့တည်းမဟုတ် အခြားလုံလောက်သည့် အကြောင်းတခုခုကြောင့် ယင်းသေကို စစ်ဆေးရန်၊ သို့မဟုတ် စာရွက်စာတမ်းတင်ပြရန်လိုအပ်သည်ဟု ယူဆလျှင်သော်၎င်း နောက်ထပ်သက်သေထွက်ချက်များကို ရယူနိုင်ပေသည်။

ကက်ဆိုကျီ နှင့် ဂျီးပီးအိုင်းမီးရထား၊ အတွဲ ၃၁၊ ဘုံဘိုင် ၃၈၁ (ပရီဗီကောင်စီ)။ **ပါဆိုတင် နှင့် လာလ်မိုဟန်၊** အေးအိုင်းအာ(ရ်)၊ ၁၉၃၁ (ပရီဗီကောင်စီ) ၁၄၃။ **မာမက်အက္ခဘာခန် နှင့် မီတိုင်း၊** အေးအိုင်းအာ(ရ်)၊ ၁၉၄၈ ခုနှစ်၊ (ပရီဗီကောင်စီ) ၃၆။ **အာဂျန်ဆင်း နှင့် ကတာဆင်း၊** အေးအိုင်းအာ(ရ်)၊ ၁၉၅၁၊ တရားလွှတ်တော်ချုပ်၊ ၁၉၃၃ ရည်ညွှန်းသည်။

အောက်ရုံးအယူခံ တရားသူကြီးအနေဖြင့် နောက်ထပ် သက်သေထွက်ချက်များ ရယူရာတွင် ကိုယ်ပိုင်ဆင်ခြင်တိုင်းထွာမှုအာဏာအရ တရားဥပဒေဘောင် အတွင်းမှ ဆောင်ရွက်သည့်ကိစ္စမျိုးကို ဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

---

* ၁၉၆၅ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၃၁။

† ၁၉၆၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ပြည်မြို့၊ ရာဘက်ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၆၆

ဦးမောင် ပါ၂ နှင့် ကိုအောင်ထွန်း ပါ ၂။

ကမ္ဘလာရန်ဂျန် နှင့် ဘိုင်ဂျနတ်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၁၊ တရားလွှတ်တော်ခုံချုပ်၊ ရည်ညွှန်းသည်။

အောက်ရုံး အမှုတွဲရှိ သက်သေအထောက်အထားများအပေါ် အယူခံရုံးက အဆုံးအဖြတ်မပြုနိုင်ကြောင်း ပေါ်လွင်နေပါက မည်သည့်အတွက် နောက်ထပ် သက်သေထွက်ချက် ရယူလိုသော အကြောင်းပြချက် ရေးသားထားခြင်း မရှိကာမျှဖြင့် အောက်အယူခံရုံး၏ ဆောင်ရွက်မှုများမှာ ပျက်ပြယ်သည်ဟု မဆိုနိုင်။ အကြောင်းပြချက် ရေးသားထားရန် ပျက်ကွက်ခြင်းမှာ လုပ်နည်းလုပ်ဟန်မှားယွင်းခြင်းသာဖြစ်ပေသည်။

အီးစဝါးချန္ဒရာ နှင့် **ကျိုင်ဒရာ၊** အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၇၊ ကလကတ္တား၊ ၁၂၆။ **ခရစ် နားရက်ဒီး နှင့် ရာမီရက်ဒီး၊** အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၄၊ မဒရပ် ၈၄၈။ **ဂုလမ်ကွာဒါး နှင့် စူလတန်၊** အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၅၊ ဂျမ္မူနှင့် ကက်ရှမီး ၂၃ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘဆွေ။

အယူခံတရားခံအတွက်။ ။ဦးဘအုန်း။

တရားသူကြီးဦးသက်ဖေ။ ။အယူခံ တရားခံများက၊ အယူခံ တရားလိုတို့အပေါ် ပြည်ခရိုင်၊ ဆင်မြီးဆွဲမြို့အနီးရှိ ခွေးရဲကွင်း နံပါတ် ၇၅၆၊ ဦးပိုင်နံပါတ် ၂၀၈၊ မြေချိန်ဧရိယာ ၂.၀၂ ဧက ထန်းတောကုန်းမြေမှ ဒဿမ ၀၂ ကို လက်ဆောက်ရလိုကြောင်း၊ ပြည်မြို့၊ မြို့နယ်တရားမရုံးတွင် တရားစွဲဆိုရာ၊ ပညာရှိ နယ်တရားမ တရားသူကြီးက အယူခံတရားခံများသည် ထိုမြေပေါ်ရှိထန်းပင်များကို လုပ်ပိုင်ခွင့်ရှိသော်လည်း အယူခံတရားလိုတို့ အနေဖြင့် ထိုမြေတွင်ယာလုပ်ပိုင်ခွင့်ရှိသောကြောင့် ထိုမြေအား လက်ဆောက်မရနိုင်ဟု အဆုံးအဖြတ်ပြုကာ၊ အယူခံတရားခံတို့၏ အမှုကို ပလပ်လိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ပြည်မြို့ ရာဘက်ခရိုင်ရုံးသို့ အယူခံဝင်ရာ၊ ပညာရှိ ရာဘက်ခရိုင်တရားမတရားသူကြီးသည် မိမိသဘောအရ သက်သေအခြို့ကို ပြန်လည်စစ်ဆေးပြီးနောက်၊ အောက်ရုံး၏ ဒီကရီကို ပယ်ဖျက်ကာ၊ အယူခံတရားခံတို့၏ အမှုကို စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်၏။ ထိုကဲ့သို့ ချမှတ်လိုက်သောအမိန့်ကို အယူခံတရားလိုတို့က မကျေနပ်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလိုတို့၏ ပညာရှိ ဧရာနေကြီး ဦးဘဆွေက၊အောက်အယူခံရုံးအနေဖြင့် လုံလောက်သည့် အကြောင်းမရှိဘဲ နောက်ထပ်သက်သေထွက်ချက်များကို ရယူခဲ့ပြီး၊ ထိုထွက်ချက်များအပေါ် မှီငြမ်းလျက် အဆုံးအဖြတ်ပြုခဲ့သည့်အတွက်အောက်အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့မှာ ပျက်ပြယ်သည်ဟု ယူဆသင့်ကြောင်းတင်ပြလာ၏။

(အယူခံရုံးအနေဖြင့် မည်သည့်အခါတွင်နောက်ထပ် သက်သေထွက်ချက်များကို ရယူနိုင်သည်ဟု တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ အောက်ရုံးမှ လက်ခံသင့်သည့် သက်သေခံချက်ကို လက်မခံခဲ့လျှင်သော်၎င်း၊ အယူခံရုံးအနေဖြင့် ဆုံးဖြတ်ချက်ပြုနိုင်ရန်အလို့ငှါ၊ သို့တည်းမဟုတ် အခြားလုံလောက်သည့် ဘကြောင်းတခုခုကြောင့် သက်သေကို စစ်ဆေးရန်၊ သို့မဟုတ် စာရွက်စာတမ်းတင်ပြရန် လိုအပ်သည်ဟု ယူဆလျှင်သော်၎င်း၊ နောက်ထပ်သက်သေထွက်ချက်များကို ရယူနိုင်ပေသည်။) ထိုကိစ္စနှင့် ပတ်သက်၍ အဓိကစဉ်းစားရမည့် အချက်မှာ အဆိုပါ သက်သေထွက်ချက်များ မရရှိပါက အယူခံရုံးအနေဖြင့် ဆုံးဖြတ်ချက်ပြုနိုင်ပါမည်လောဆိုခြင်းပင်ဖြစ်၏။ ဆုံးဖြတ်ချက် မပြုနိုင်လျှင် နောက်ထပ် သက်သေထွက်ချက်များကို ရယူနိုင်ပေသည်။ အောက်ရုံးအမှုတွဲရှိ သက်သေခံချက်များအပေါ် ဆုံးဖြတ်ချက် ချမှတ်နိုင်လျှင်၊ နောက်ထပ် သက်သေထွက်ချက်များကို ရယူခြင်းမပြုနိုင်ပေ။ တနည်းဆိုသော်၊ နောက်ထပ်သက်သေထွက်ချက်များအားလိုအပ်သည်၊ မလိုအပ်သည်ကို အယူခံရုံးအနေဖြင့်သာ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။ အမှုသည်များအနေဖြင့် ထိုကိစ္စတွင် တစုံတရာ တောင်းဆိုပိုင်ခွင့် မရှိပေ။ အမှုသည်များ၏ ချို့ယွင်းချက်ကို ပြုပြင်ဖြည့်စွက်ပေးသည့်သဘောဖြင့် နောက်ထပ်သက်သေထွက်ချက်များရယူခြင်းမပြုအပ်၊ မပြုနိုင်ပေ။ **ကက်ဆိုကျီ နှင့် ကျီ၊ ပီ၊ အိုင်၊ မီးရထား** (၁)၊ **ပါဆိုတင် နှင့် လာ(လ်)မိုဟန်** (၂)၊ **မာမက်အက္ခဘာခန် နှင့် မိုတိုင်း** (၃)၊ **အာဂျန်ဆင်း နှင့် ကတာဆင်း** (၄)။

ယခုအမှုတွင် နောက်ထပ်သက်သေထွက်ချက်များ ရယူရန် အမှုသည်များက လျှောက်ထားခြင်း မပြုခဲ့ကြပေ။ အယူခံရုံး ပညာရှိ တရားသူကြီးသည် နှစ်ဘက်ငြေနေမျှားကို ကြားနာပြီးနောက် စီရင်ချက် ချမှတ်ခြင်း မပြုနိုင်သဖြင့်၊ ၎င်း၏ သဘောအရ သက်သေများကို ခေါ်ယူစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ခေါ်ယူစစ်ဆေးခဲ့သူများမှာ အယူခံတရားလိုနှစ်ဦးနှင့် မူလရုံးတွင် စစ်ဆေးခဲ့သည့် မြေစာရင်းအရာရှိ နှစ်ဦးသာဖြစ်ပေသည်။ မူလရုံးတွင် စစ်ဆေးခြင်း မပြုသည့် ပြင်ပသက်သေများကို ခေါ်ယူစစ်ဆေးခဲ့ခြင်း မဟုတ်ပေ။ မူလရုံးတွင် စစ်ဆေးပြီးဖြစ်သည့် သက်သေအချို့ကို အရေးကြီးသောအချက်အလက်နှင့် ပတ်သက်၍ မရှင်းလင်းသည်ကို ရှင်းလင်း

(၁) အတွဲ ၃၁၊ ဘုံဘိုင်၊ ၃၈၁ (ပရီဗီကောင်စီ)။
(၂) အော၊ အိုင်၊ အာ(ရ်)၊ ၁၉၃၁၊ ပရီဗီကောင်စီ ၁၄၃။
(၃) အော၊ အိုင်၊ အာ(ရ်) ၁၉၄၈၊ ပရီဗီကောင်စီ ၃၆။
(၄) အော၊ အိုင်၊ အာ(ရ်) ၁၉၅၁၊ တရားလွှတ်တော်ချုပ် ၁၉၃၊

အောင် ခေါ်ယူစစ်ဆေးခြင်းသာ ဖြစ်လေသည်။ သို့ဖြစ်ရာ အောက်အယူခံရုံးပညာရှိ တရားသူကြီး အနေဖြင့် နောက်ထပ်သက်သေထွက်ချက်များ ရယူရာတွင်၊ ကိုယ်ပိုင် ဆင်ခြင်တိုင်းထွာမှု အာဏာကို ထင်ရှားစိုင်းသည့် သဘောဖြင့် ပြုလုပ်ခဲ့ခြင်းမဟုတ် ကြောင်းထင်ရှားသည်။ ယင်းသို့ ကိုယ်ပိုင်ဆင်ခြင်တိုင်းထွာမှု အာဏာအရ တရား ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခဲ့သည့် ကိစ္စမျိုးကို ဤရုံးသည် ဒုတိယအယူခံရုံး အနေဖြင့် ဝင်ရောက် စွက်ဖက်ရန်အကြောင်း မရှိချေ။ ဤအချက်နှင့် ပတ်သက်၍ **ကမ္မလာရန်ဂျန်** နှင့် **ဘိုင်ဂျနတ်** (၅) တို့ အမှုပါ အောက်ပါဆုံးဖြတ်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

> "Where the appeal Court allows the additional evidence to be given in order to clear up certain matter and for the purpose of enabling it to come to a proper decision on the point, the matter is fully covered by Order 41, Rule 27, Civil Procedure Code, and no objection can be taken to the course adopted by the appellate Court in second appeal as there is no reason to interfere in the exercise of the Court's discretion."

အယူခံတရားလိုတို့၏ ပညာရှိ ရွှေနေကြီး ဦးဘဆွေကပင် အောက်အယူခံရုံး ပညာရှိ တရားသူကြီးသည် နောက်ထပ်သက်သေထွက်ချက်များကို မည်သည့်အတွက် ရယူခဲ့သည်ဟု အကျိုးအကြောင်း ပြသခဲ့ခြင်းမရှိ၍ ၎င်း၏ပြုမူချက်မှာ တရားဥပဒေနှင့် ဆန့်ကျင်နေသည်ဟု ထပ်မံတင်ပြလာ၏။ အောက်အယူခံရုံး ပညာရှိ တရားသူကြီးသည် ၎င်း၏အမှုတွဲရှိ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ နေ့စဉ်မှတ်တမ်း၌ အရေး ကြီးသော အချက်အလက်များနှင့် ပတ်သက်၍ သက်သေထွက်ချက်များ ရလိုကြောင်း ဖော်ပြခဲ့သည်။ အကယ်၍ ထိုဖော်ပြချက်သည် မည်သည့်အတွက် နောက်ထပ်သက်သေ ထွက်ချက် ရယူလိုသော အကြောင်းပြချက်တခုမဟုတ်ဟု ဆိုစေကာမူ၊ အောက်ရုံး အမှုတွဲရှိ သက်သေအထောက်အထားများအပေါ် အယူခံရုံးက အဆုံးအဖြတ် မပြု နိုင်ကြောင်း ပေါ်လွင်နေပါက၊ အကြောင်းပြချက် ရေးသားထားခြင်း မရှိကာမျှဖြင့်၊ အောက်အယူခံရုံး၏ ဆောင်ရွက်မှုမှာ ပျက်ပြယ်သည်ဟု မဆိုနိုင်ချေ။ အကြောင်း ပြချက် ရေးသားထားရန် ပျက်ကွက်ခြင်းမှာ လုပ်နည်းလုပ်ဟန် မှားယွင်းခြင်းသာ ဖြစ်ပေသည်။ လုံးဝပျက်ပြယ်သော ဆောင်ရွက်မှုဖြစ်သည်ဟု မယူဆနိုင်။

(၅) အေ၊ အိုင်၊ အာ(ရင်)၊ ၁၉၅၁၊ တရားလွှတ်တော်ချုပ် ၁။

အီစဝါးချန်ဒရာ နှင့် **ဂျိုဂင်ဒရာ** (၆)၊ **ခရစ်ရှနားရက်ဒီး** နှင့် **ရာမိရက်ဒီး** (၇)၊ **ဂူလမ်ကွာဒါး** နှင့် **စူလတန်** (၈)။

ယခုအမှုတွင် မူလရုံး၏ အမှုတွဲကို ဘတ်ရှလျင်၊ မူလရုံး ပညာရှိ တရားသူကြီးသည် အလွန်လုပ်သက်နှုန်းသေးသည့် တရားသူကြီးတဦးဖြစ်သည်ဆိုခြင်းမှာ ပေါ်လွင်နေ၏။ သက်သေများ၏ စစ်ဆေးချက်မှာ ပြည့်စုံခြင်း မရှိသဖြင့်၊ အယူခံရုံး ပညာရှိ တရားသူကြီး အနေနှင့် အမှန်တရားကို ရှေးရှုကာ နောက်ထပ်သက်သေထွက်ချက် ယူခဲ့ရကြောင်း ပေါ်ပေါက်နေသောကြောင့်၊ ၎င်း၏ဆောင်ရွက်ချက်သည် အကြောင်း ပြထားခြင်း မရှိစေကာမူ၊ ပျက်ပြယ်ခြင်းမရှိ၊ ထို့ပြင် အောက်အယူခံရုံးမှ စစ်ဆေးခဲ့သော သက်သေများမှာ မူလရုံးက စစ်ဆေးခဲ့သည့် သက်သေအချို့သာဖြစ်သည်။ မူလရုံး၌ စစ်ဆေးခြင်းမပြုသည့် သက်သေများ မဟုတ်ပေ။ ထိုအချက်ကို ထောက်ရှုလျှင်လည်း၊ အောက်အယူခံရုံး၏ ပြုမူချက်မှာ တရားလက်လွှတ် ဆောင်ရွက်ချက် မဟုတ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ၊ နောက်ထပ်သက်သေထွက်ချက်များကို ရယူခဲ့သည့်ဆိုသောအချက်ဖြင့် အောက်အယူခံရုံး၏ စီရင်ချက်ကို ပယ်ဖျက်ရန် အကြောင်းမရှိပေ။

အခင်းဖြစ် ထန်းပင်ကုန်းမြေသည် အယူခံတရားခံတို့ နှစ်ပေါင်းများစွာ လက်ရှိ ပိုင်ဆိုင်ခဲ့သော်မြေဖြစ်သည်ဟု အောက်အယူခံရုံးက ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီကစ၍ ထိုမြေပေါ်ရှိ ထန်းပင်များကို အယူခံ တရားခံ ဦးအောင်ထွန်း၏ ယောကျ်ားမ ဦးအောင်စိန်က ထန်းတက်ကာ ထန်းပင်ခွန်များဆောင် ခဲ့ပြီး၊ ဦးအောင်စိန် ကွယ်လွန်သွားသောအခါ၊ အယူခံတရားခံ ဦးအောင်ထွန်းက ဆက်လက်၍ ထန်းတက်ခဲ့သည်။ ထို့နောက် ထန်းပင်အခွန်များကို ဖျက်သိမ်းလိုက် သောအခါ၊ အယူခံတရားခံသည် ၁၉၄၈ ခုနှစ်မှစ၍ မြေကွက်တခုလုံးအတွက် နှစ်စဉ် အခွန်ဆောင်ပြီး၊ ထန်းတက်ကာ လက်ရှိလုပ်စားခဲ့သည်ဆိုသောအချက်မှာ သက်သေ အထောက်အထားများ ရှိနေသည်။ အယူခံတရားလိုတို့က ထိုမြေပေါ်၌ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်က လက်ရှိလုပ်စားခဲ့သည် ဆိုသော်လည်း၊ လုံလောက်သော သက်သေအထောက်အထား မတင်ပြနိုင်ပေ။ အကယ်၍ အမှန်တကယ် လက်ရှိ လုပ်စားနေရုံးမှန်ပါလျှင်၊ အခွန်တော် စည်းကြပ်ကြောင်း သက်သေအထောက်အထား တင်ပြသင့်ပေသည်။ အထက်ပါ အကြောင်းရပ်များကို ထောက်ရှုလျှင်၊ အယူခံ

(၆) အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၇၊ ကာလကတ္တား ၁၂၆။
(၇) ဒအ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၄၊ မဒရပ် ၈၄၈။
(၈) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၅၊ ဂျမ္မူနှင့်ကက်ရှမီး ၂၃။

ဦးမောင် ပါ၂ နှင့် ကိုအောင်ထွန်း ပါ ၂။

တရားခံတို့သာလျှင် အခင်းဖြစ်မြေပေါ်၌ လက်ရှိဖြစ်သည်ဆိုသော အောက်အယူခံရုံး၏ ကောက်ယူချက်မှာ သက်သေအထောက်အထား ရှိနေသည့် ကောက်ယူချက်ဖြစ်ကြောင်း ထင်ရှားသည်။

တရားမကျင့်ထုံးပုဒ်မ ၁၀၀ အရ၊ အကြောင်းခြင်းရာနှင့် ပတ်သက်သည့် ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်မှာ အတည်ဖြစ်သည်။ ဒုတိယအယူခံရုံး အနေဖြင့် ထိုကဲ့သို့သော ဆုံးဖြတ်ချက်ကို လုံးဝသက်သေအထောက်အထား မရှိမှသာ ဝင်ရောက်ဖက်စွက်နိုင်မည်ဖြစ်သည်။ သက်သေအထောက်အထား ရှိနေလျှင် ထိုဆုံးဖြတ်ချက်သည် လုံးဝကျေနပ်ဘွယ် မရှိစေကာမူ၊ ဒုတိယအယူခံရုံးက ပယ်ဖျက်ခြင်း မပြုနိုင်ပေ။ **မဖြူ** နှင့် **မိတရား** (၉)၊ ဤအမှုတွင် အခင်းဖြစ်မြေကို အယူခံတရားခံတို့ လက်ရှိဖြစ်သည်ဆိုသော ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်သည် သက်သေအထောက်အထား မရှိသည့် ဆုံးဖြတ်ချက်ဖြစ်သည်ဟု မဆိုနိုင်၍၊ ဤရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ဟု ယူဆရမည်ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ ဤဒုတိယ အယူခံမှုကို တရားစရိတ်များနှင့်တကွ ပလပ်လိုက်သည်။ ရှေနေကြီးစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

---

(၉) အတဲ့ ၆၊ ရန်ကုန်စီရင်ထုံး ၅၈၆။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးချစ်ရှေတွင်

ဦးမောင်ကလေး ပါ ၄ (အယူခံတရားလိုများ)

နှင့်

ဒေါ်စိန်နု (ခေါ်) ဒေါ်နုမေ (အယူခံတရားခံ)*

† ၁၉၆၆ စက်တင်ဘာလ ၉ ရက်။

အခင်းဖြစ်အိမ်နှင့် မြေကိုလက်ရောက်ရလိုမှုတရားစွဲဆိုခြင်း—ငွေ ၅,၀၀၀ တန်ဘိုးထား၍ ရေစစ်တြိ စာချုပ်ဖြင့် ဝယ်ယူထားခြင်း—ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈(စ)၏ ခြွင်းချက်ကို ဂရုပြုရန်လိုအပ်ခြင်း—လုံးဝအရောင်းစာချုပ်ဟု ဖော်ပြထားသဖြင့် သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ အရ အခြားသက်သေခံများကို ပိတ်ပင်ထားမထား—အခြားအမွေစား အမွေခံသားသမီးမရှိဘဲ တဦးတည်းသော သားအတွက် ဦးစားပေး၍အကျိုးခံစားခွင့်ရှိစေရန် ဝယ်ယူသူတဦးအနေဖြင့် ထည့်သွင်းထားခြင်း—အကျိုး ခံစားခွင့်ရှိ မရှိ—ကွာရှင်းပြီးဖြစ်သော မယားနှင့် အချင်းဖြစ်ပစ္စည်းတွင် ခွဲဝေခြင်းမရှိသေးခြင်း—ကွာရှင်းပြီးသော မယားတွင် ပိုင်ဆိုင်ခွင့်ရှိမရှိ—အကျိုးခံစားခွင့်များ စည်းကမ်းသတ် ကျော်လွန် မလွန်။

အယူခံတရားလို (၁)နှင့်အယူခံတရားလို(၃)တို့သည် အကြင်လင်မယား ဖြစ်ခဲ့ကြ၍၊ အယူခံတရားလို(၄)မှာ ၎င်းတို့၏သားဖြစ်သည်။ ၁၉၄၁ ခုနှစ်က အချင်းဖြစ်အိမ်နှင့်မြေကို ဝယ်ယူခဲ့ရာ ထိုစဉ်က အသက် ၅ နှစ်မျှသာ ရှိသေးသော ၎င်းတို့၏သားကိုပါ ဝယ်ယူသူအဖြစ် ထည့်သွင်းထားသည်။ ၁၉၄၇ ခုနှစ်က အယူခံတရားလို (၁)နှင့် အယူခံတရားလို(၃)တို့ ကွာရှင်းကြသည်။ အယူခံတရားလို(၁)က အယူခံတရားလို(၂)နှင့် နောက်ထပ်အိမ်ထောင်ပြုသည်။ ၁၉၅၇ ခုနှစ် အတွင်းက အယူခံတရားလို (၁) သည် အိမ်ကိုအပေါင်ထား၍ ငွေ ၁၀,၀၀၀ အယူခံတရားခံထံမှ ချေးယူသည်။ နောက်ထပ် ၂၀,၀၀၀ လိုသဖြင့် အယူခံ တရားခံထံမှ ချေးယူရာ ယခင် ချေးသော[၂]ငွေကို ပေးဆပ်ပြီးငွေ ၅,၀၀၀ နှင့်ပတ်သက်၍ အချင်းဖြစ် အိမ်နှင့်မြေကို အယူခံတရားခံအား လုံးဝရောင်းသည့်အနေဖြင့်၊ သက်သေခံ အမှတ် (က) စာချုပ်ပြုလုပ်လေသည်။ တချိန်တည်းမှာပင် နှစ်ဦးသဘောတူ ကတိစာချုပ် သက်သေခံအမှတ် (ဂ) ကို ချုပ်ဆိုကြသည်။ ၎င်းအရချေးငှါးသောငွေ ၁၅,၀၀၀ နှင့်အိမ်အရောင်းအဝယ်ပြထားသောငွေ ၅,၀၀၀ နှစ်ရပ်ပေါင်းငွေ ၂၀,၀၀၀ ကို စာချုပ် ချုပ်သည့်နေ့မှ ၄ လအတွင်း ပြန်ပေးဆပ်ပါကအယူခံ

---

* ၁၉၆၅ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၂။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၇၄ တွင်၊ ရန်ကုန်မြို့၊ ဒုတိယတရားမ တရားသူကြီးရုံးတော်၏ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၆

ဦးမောင်ကလေး ပါ ၄ နှင့် ဖေမြိန်နု (ဒေါ်) ဖေမြိန်မေး

တရားခံက ရေစစ်တြိဘာချုပ်ဖြင့် ဝယ်ယူထားသော အိမ်ကို ပြန်လည်၍ အရောင်းစာချုပ်ပြုလုပ်ပေးမည်ဟုသဘောတူကြသည်။ ချေးယူသောငွေများ မပေးဆပ်သဖြင့် အယူခံတရားခံက တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၀(စီ)၏ ခြွင်းချက်ကို ဂရုပြုရန် လိုအပ်ပေသည်။ သက်သေခံအမှတ် (၈) စာချုပ်ဘောင် အတွင်းသာလျှင် အခိကထား၍ လေ့လာသုံးသပ်ရသည်။ ထိုစာချုပ်က လုံးဝအရောင်းစာချုပ်ဟု ဖေါ်ပြထားသည်။ ထိုသို့ လုံးဝ အရောင်းစာချုပ် ဖေါ်ပြထားသည့်ခလျှင်စွာ၊ သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ အရအခြား သက်သေခံများကို ပိတ်ပင်တားမြစ်ထားပြီး ဖြစ်သည်။ သို့ဖြစ်၍ အချင်းဖြစ်ပစ္စည်းကို သက်သေခံ အမှတ် (က) အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်သည်ဟုယူဆသည်။

မတင်တင် နှင့် ဒေါ်ကံရှိ၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၅၈၂။
မောင်ရွှေဖိုးပါ ၉ နှင့် မောင်ထွန်းရွှင်ပါ ၄၊အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်၊ အတွဲ ၅၊ စာ ၆၄၄။
မောင်အောင်သန်းပါ ၂ နှင့် ဘီ(စ်)နတ်ဆင်းပါ ၂၊ ၁၉၅၈ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၃၁၄။

ဒေါ်ကျင်ပု နှင့် ဦးအုန်းခင်ပါ ၂၊ ၁၉၆၃ မြန်မာပြည်စီရင်ထုံး၊ တရားရုံးချုပ်၊ စာ ၃၂၈။
မောင်ဝါလ နှင့် မောင်ရွှေဂုံးပါ ၂၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၁၊ စာ ၄၇၂ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားလို (၁) နှင့် အယူခံတရားလို(၃)တို့က တဦးဘည်းသော သားအတွက် ဦးစားပေး၍ အကျိုးခံစားခွင့် ရရှိစေရန် **အချင်းဖြစ်**အိမ်ကို ဝယ်ယူသူ တဦးအနေဖြင့် ထည့်သွင်းထားခြင်းမှာ အခြားအမွေစားအမွေခံ သားသမီးများမရှိသဖြင့် ၎င်းတို့၏ အကျိုးကို ပိတ်ပင်ရာ မကျရောက်သောကြောင့် အယူခံတရားလို (၄)၌ အကျိုးခံစားခွင့်ရှိသည်ဟု ယူဆသည်။

မောင်ထွန်းဖေ နှင့် ဘီကေဟော်တား၊ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်၊ အတွဲ ၁၄၊ စာ ၂၄၂ ခြားနားပြသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုတွင်ပေါ်လွင်သည့် ဝန်ခံထားသော အချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်များကို ထောက်ရှု၍ အယူခံတရားလို(၁) နှင့် အယူခံတရားလို (၃)တို့မှာ ကွာရှင်းပြီး ဖြစ်သော်ငြားလည်း အချင်းဖြစ်ပစ္စည်းနှင့်ပတ်သက်၍ခွဲဝေခြင်းမရှိသေးပေ။ သို့ဖြစ်၍ အယူခံတရားလို(၃)လည်း ပိုင်ဆိုင်ခွင့်ရှိသည်။

မောင်ရွှေလင်း နှင့် မနှင်းမြူ၊ အောက်မြန်မာပြည်ရွှေးချယ်ထားသော စီရင်ထုံးနှင့် ဆုံးဖြတ်ချက်များ၊ ၁၀၇၂၊ ၁၀၉၂၊ စာ ၁၇၅။

ရမ်းကူမားကွန်ဒူနှင့်အများ နှင့် မက်ကွင်းပါ ၂၊ အိန္ဒိယအယူခံမှုများ၊ နေ၁က်ဆက်တွဲ၊ ၁၀၇၂-၇၃၊ စာ ၄၀ ခြားနားပြသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားလို (၄)မှာ အချင်းဖြစ်အိမ်တွင် တသမတ်တည်းနေထိုင်လာခဲ့သူဖြစ်သည်။ အယူခံတရားလို(၃)မှာ အယူခံတရားလို(၁) နှင့် ကွာရှင်းပြီးဟုဆိုသော်လည်း ပစ္စည်းနှင့်ပတ်သက်၍ ခွဲဝေခြင်းမရှိသေးသဖြင့် တကြောင်း သားဖြစ်သူအား ရုံဖန်ရုံခါ လာရောက်တွေ့ဆုံခြင်းကတကြောင်းအပြင်၊အယူခံတရားလို (၁)သည် အချင်းဖြစ်ပစ္စည်းကိုအယူခံ တရားလိုသို့

ရောင်းချရာ၌လည်းမသိ၊သဘောတူညီချက်လည်းမရှိခဲ့ချေ။ အယူခံတရားခံက ရုံးတွင်တရားစွဲဆိုမှုသာလျှင်၊ အချင်းဖြစ်အိမ်ကို အယူခံတရားလို (၁)က ရောင်းလိုက်ကြောင်းသိရသဖြင့်၊ အယူခံတရားလို (၃) နှင့် (၄)တို့၏ အကျိုးခံစားခွင့်မှာ စည်းကမ်းသတ်ကျော်လွန်သည်ဟုမဆိုနိုင်ပေ။

အယူခံတရားလိုမျှားအတွက်။ ။မစွတာ တီ၊ ပီ၊ ဝမ်း။

အယူခံတရားခံအတွက်။ ။မစွတာ အင်၊ စီ၊ ဆင်း။

တရားသူကြီး ဦးချစ်။ ။အယူခံတရားလိုအမှတ် (၁) ဦးမောင်ကလေးနှင့် အယူခံတရားလိုအမှတ် (၃) ဒေါ်သန်းရင်တို့သည်၊ အကြင်လင်မယားဖြစ်ခဲ့ကြသည်။ ၎င်းတို့တွင် အယူခံတရားလိုအမှတ် (၄) မောင်စံထွန်း (ခေါ်) မောင်သက်တင်ဆိုသူ သားတယောက်ထွန်းကားသည်။ ဦးမောင်ကလေးသည်ရပ်ရွာလုပ်ငန်း အလုပ်ကိုလုပ်ကိုင်သည့်အပြင်၊ အငှါးမော်တော်ကားကိုလည်းထောင်စားခဲ့သည်။ ဒေါ်သန်းရင်မှာလည်း လဘက်ရည်ဆိုင်ဖွင့်၍ အလုပ်လုပ်ခဲ့သည်။ ၁၉၄၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် သက်သေခံအမှတ် (ခ) အရောင်းစာချုပ်ဖြင့်၊ အချင်းဖြစ်မြေနှင့် ပျဉ်းထောင်တထပ်အိမ်တို့ကို ဦးဘတူနှင့် ဒေါ်ငွေရွှင်တို့ထံမှ ငွေ ၁,၀၀၀ (ကျပ်တထောင်တိတိ) ဖြင့် ဦးမောင်ကလေး၊ ဒေါ်သန်းရင်နှင့် မောင်စံထွန်းတို့ဝယ်ယူခဲ့သည်။ တခြိန်တည်းမှာပင်၊ အချင်းဖြစ်မြေဂရုံစာချုပ် သက်သေခံအမှတ် (က) တွင်၊ ဦးဘတူနှင့်ဒေါ်ငွေရွှင်တို့အမည်မှ ဦးမောင်ကလေး၊ ဒေါ်သန်းရင်နှင့် မောင်စံထွန်းတို့၏ အမည်သို့ပြောင်းလေသည်။ ထိုမြေနှင့်အိမ်ကိုဝယ်စဉ်အခါက၊ မောင်စံထွန်းမှာ အသက် ၅ နှစ်သားအရွယ်ဖြစ်သည်။ မိဘများဖြစ်ကြသော ဦးမောင်ကလေးနှင့် ဒေါ်သန်းရင်တို့က၊ ၎င်းတို့ရှာဖွေစုဆောင်းထားသော ငွေနှင့်ဝယ်ကြသည်။ အရွယ်မရောက်သေးသော ၎င်းတို့၏သား မောင်စံထွန်းအမည်ဖြင့် အဝယ်ပြထားခြင်းမှာ မိဘနှစ်ဦးက ၎င်းတို့၏တဦးတည်းသား အကျိုးခံစားခွင့်အတွက်ကို ရည်စူး၍ဝယ်ခြင်းဖြစ်သည်။ ထိုအိမ်ကိုဝယ်ပြီးနောက် အခန်းများဖွဲ့၍ ပြင်ဆင်သည်။ ထိုအိမ်တွင် ဦးမောင်ကလေး၊ ဒေါ်သန်းရင်နှင့် မောင်စံထွန်းတို့ အတူတကွနေထိုင်လာခဲ့ကြသည်။

၁၉၄၇ ခုနှစ်လောက်တွင်၊ ဦးမောင်ကလေးနှင့်ဒေါ်သန်းရင်တို့ ကွာရှင်းကြသည်။ ဒေါ်သန်းရင်သည် ဦးမောင်ကလေးနှင့်အတူမနေဘဲ၊ အခြားရပ်တွင် သွားရောက်နေထိုင်သည်။ မောင်စံထွန်းမှာမူ၊ ထိုအိမ်တွင် ဆက်လက်နေထိုင်လျက်ရှိသည်။ ဒေါ်သန်းရင်နှင့် ကွာရှင်းသည့်အချိန်တွင် အချင်းဖြစ် အိမ်တလုံးသာရှိသည်။ ဒေါ်သန်းရင်သည် ဦးမောင်ကလေးနှင့် ကွာရှင်းပြီးနောက်၊ ထိုအိမ်ပေါ်တွင် မိမိရခွင့်ရထိုက်သော အစုကိုမတောင်းခံခဲ့ချေ။ သို့သော်လည်း၊ ထိုအိမ်တွင် သား

မောင်စံထွန်းနေထိုင်သဖြင့်၊ ရံဖန်ရံခါ လာရောက်ကြည့်ရှုသည်။ ဦးမောင်ကလေး မရှိခိုက်၊ အိမ်ခွန်နှင့် မြူနီစီပါလိတီခွန်များကို လာတောင်းခိုက်နှင့် ကြုံလျှင် ဒေါ်သန်းရင် ကစိုက်ထုတ်၍ ပေးသည်ဟုအဆိုရှိသည်။ တခါတရံ မောင်စံထွန်းကပင် အိမ်ခွန်အခ များကို စိုက်ထုတ်ပေးသည်ဟူ၍လည်း အဆိုရှိသည်။ ဒေါ်သန်းရင်သည် နောက်ထပ် အိမ်ထောင်မပြု၊ ဦးမောင်ကလေးသည် ဒေါ်သန်းရင်နှင့် ကွာရှင်းပြီးနောက်၊ အယူခံ တရားလိုအမှတ် (၂) ဒေါ်တင်ငွေနှင့် အိမ်ထောင်ပြုသည်။ သို့သော် သားသမီး မရှင်။ မောင်စံထွန်းမှာ လူလားမြောက်လာသော်လည်း၊ ဘခင် ဦးမောင်ကလေး မိဒေး ဒေါ်တင်ငွေတို့နှင့်အတူပင်၊ ထိုအိမ်၌ ဆက်လက်နေထိုင်သည်။ ဦးမောင်ကလေး နှင့် ဒေါ်တင်ငွေတို့မှာ၊ ကိုကြင်စုမ်ဆိုသူနှင့် ရှားစေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက် လုပ်ကိုင်သည်ဟု အဆိုရှိသည်။ ထိုလုပ်ငန်းကို ဦးမောင်ကလေး၏တူ မောင်သိန်း အောင်မှာ မန်နေဂျာဖြစ်သည်။ ထိုရှားစေးလုပ်ငန်းအတွက် ငွေလိုသဖြင့်၊ မောင် သိန်းအောင်က၊ ဦးမောင်ကလေးကို ပြောပြရာ၊ ဦးမောင်ကလေးက ဒေါ်သန်းညွှန့် (လိုပြ ၂) ထံတွင်ချဉ်းကပ်၍၊ ငွေ ၁၀,၀၀၀ အလိုရှိကြောင်း ပြောဆိုသဖြင့်၊ ဒေါ်သန်းညွှန့် (လိုပြ ၂) က၊ သူ၏ မိတ်ဆွေ အယူခံတရားခံ ဒေါ်စိန်နု ထံတွင် ပြောကြားလေသည်။ ဒေါ်စိန်နုက အချင်းဖြစ်အိမ်ကို လာရောက်ကြည့်ရှုပြီး၊ ဦးမောင်ကလေး အလိုရှိသောငွေ ၁၀,၀၀၀ ကို အိမ်အပေါင်စာချုပ်ဖြင့် ချေးငှါးလေသည်။ ဦးမောင်ကလေး၏သား ၎င်းနှင့်အတူနေ မောင်စံထွန်း၏ လက်မှတ်ကိုလည်း၊ ထိုစာချုပ်ပေါ်တွင် ထိုစေသည်။ မောင်စံထွန်းမှာ ထိုအခါက၊ စစ်ရုံး စာရင်းစစ်ဌာနတွင် စာရင်းစစ် အထက်တန်းစာရေးအဖြစ်လုပ်ကိုင်နေသည်။ ထိုအိမ် အပေါင်စာချုပ်ကို ရေစွတ်မြေမပြုလုပ်ကြပေ။ ထိုကဲ့သို့ ရေစွတ်မြေမပြုလုပ်ခြင်းမှာ၊ အယူခံတရားခံ ဒေါ်စိန်နုထံမှ အိမ်အပေါင်နှင့် ချေးယူသောငွေ ၁၀,၀၀၀ မကြာခင် ပြန်ဆပ်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ထိုသို့ငွေ ၁၀,၀၀၀ ချေးငှါးပြီးသည့်နောက်၊ ဦးမောင်ကလေးက ရှားစေးလုပ်ငန်းအတွက် ငွေလိုသဖြင့် နောက်ထပ် ငွေ ၂၀,၀၀၀ ချေးပါရန်၊ ဒေါ်သန်းညွှန့်က (လိုပြ ၂) မှတဆင့် ဒေါ်စိန်နုကိုပြောရာ၊ ဒေါ်စိန်နုက အရင်ချေးယူထားသော ငွေ ၁၀,၀၀၀ ပြန်ဆပ်မှသာလျှင် နောက်ထပ်ငွေ ၂၀,၀၀၀ ချေးမည်ဟုပြောဆိုလေသည်။ဦးမောင်ကလေးလည်း ချေးယူထားသော ငွေ ၁၀,၀၀၀ ကို၊ ဒေါ်စိန်နုအား ပြန်ဆပ်ရာတွင်၊ နောက်ထပ် ဒေါ်စိန်နုထံမှယူသောငွေ ၂၀,၀၀၀ အတွက်ငွေ ၅,၀၀၀ နှင့်ပတ်သက်၍၊ အချင်းဖြစ်အိမ်နှင့်မြေကို ဒေါ်စိန်နုအားလုံးဝ ရောင်းသည့်အနေဖြင့် သက်သေခံအမှတ် (၈) စာချုပ်ပြုလုပ်လေသည်။ တချိန် တည်းမှာပင်၊ သီခြားသော နှစ်ဦး ဂတိစာချုပ်ဖြင့် ဦးမောင်ကလေးက ဒေါ်စိန်နု ထံမှ ငွေ ၁၅,၀၀၀ ချေးငှါးသည်။ ထိုသဘောတူစာချုပ်အရဆိုလျှင်၊ ချေးငှါးသော

F.

ငွေ ၁၅,၀၀၀ နှင့် အိမ်အရောင်းအဝယ်ပြထားသော ငွေ ၅,၀၀၀ နှစ်ရပ်ပေါင်း ငွေ ၂၀,၀၀၀ ကို၊ စာချုပ်ချုပ်ဆိုသည့်နေ့ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှ ၄ လအတွင်းပြန်ပေးဆပ်ပါက၊ ဒေါ်စိန်နုက ရေစစ်တြီစာချုပ်ဖြင့် ငွေ ၅,၀၀၀ တန်ဘိုးထား၍ ဝယ်ယူထားသောအိမ်ကို ဦးမောင်ကလေးထံ ပြန်လည်၍ အရောင်းစာချုပ်ပြုလုပ် ပေးပါမည်ဟု ဝန်ခံသဘောတူခဲ့ကြသည်။ နှစ်ဦးသဘောတူ ကတိစာချုပ်မှာ သက်သေခံအမှတ် (၈) ဖြစ်သည်။ ထိုစာချုပ်မျှားချုပ်ဆိုပြီးနောက် ၄ လကျော်ကြာမြင့်သွားသော်လည်း၊ စာချုပ် ကတိအရ၊ ဦးမောင်ကလေးက ငွေ ၂၀,၀၀၀ ပြန်မပေးသောကြောင့်၊ ဒေါ်စိန်နုက ဦးမောင်ကလေးထံမှ ထိုငွေကို အလီလီပြန်လည်တောင်းဆိုခဲ့သည်။ အရောင်းအဝယ် ပြုလုပ်စဉ်အခါက ထိုအိမ်တွင် ဦးမောင်ကလေး၊ ဒေါ်တင်ငွေနှင့်မောင်စံထွန်းတို့နေထိုင်ကြသည်။ ဒေါ်စိန်နုက ဦးမောင်ကလေးအား ငွေမပေးဆပ်လျှင်၊ အိမ်ကိုအပ်ရန် အကြိမ်ကြိမ် ပြောသော်လည်း၊ ဦးမောင်ကလေးကအကြိမ်ကြိမ်ရက်ရွှေဆိုင်းနေသည်။ ငွေလည်းမရ၊ အချင်းဖြစ်အိမ်လည်း မရရှိသဖြင့်၊ ဒေါ်စိန်နုက ဦးမောင်ကလေးထံ၊ ၁၉၅၉ ခု၊ နိုဝင်ဘာလ ၂၇ ရက်နေ့ကတကြိမ်၊ ၁၉၆၀ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့ကတကြိမ်၊ ရှေ့နေ နို့တစ်မျှားပေးခဲ့သည်။ ဦးမောင်ကလေးထံမှမည်သို့မျှပြန်စာမရရှိခဲ့ပေ။ သို့ရာတွင် ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲဖြင့် ကိုကြင်စွမ်ထံမှ ဒေါ်စိန်နု၏ ရှေ့နေကြီး ဒေါက်တာဘမော်ထံသို့ အကြောင်းပြန်ကြားစာပေးပို့လေသည်။ ထိုအကြောင်းပြန်ကြားစာတွင်၊ ဒေါ်စိန်နုထံမှ ငွေများကိုယူခဲ့ကြောင်းဝန်ခံထားသည်။ နောက်ဆုံး ဒေါ်စိန်နုက ဦးမောင်ကလေးထံမှ ငွေလည်းမရ၊ အချင်းဖြစ်အိမ်လည်းမပေးအပ်၍၊ ဦးမောင်ကလေး-ဒေါ်တင်ငွေ၊ ဒေါ်သန်းရင်နှင့် မောင်စံထွန်းတို့အပေါ်၊ ရန်ကုန်မြို့တော် တရားမတရားရုံးတွင် အချင်းဖြစ်မပြောင်းရွှေနိုင်သောပစ္စည်းကို လက်ရောက်ရလိုမှုတန်ဘိုး ၅,၀၀၀ ထား၍ တရားစွဲဆိုခဲ့သည်။ အချင်းဖြစ်မြေနှင့်အိမ်ကို၊ ဦးမောင်ကလေးတဦးတည်းပိုင် အနေမျိုးဖြင့်၊ စာချုပ်ချုပ်ဆိုခဲ့သဖြင့်၊ ဦးမောင်ကလေးအား (၁) တရားခံအဖြစ်ဖြင့်ငင်း၊ ငင်းနှင့် အတူနေထိုင်သူ ဒေါ်တင်ငွေသည်၊ အိမ်ကိုအရောင်းအဝယ်ပြုလုပ်သော ကိစ္စတွင်ပါဝင်ဆောင်ရွက်သူဖြစ်၍၊ ငင်း၏အကျိုးမှာလည်း အကျုံးဝင်နေသောကြောင့် (၂) တရားခံအဖြစ်ဖြင့်ငင်း၊ ငင်းပြင် ဒေါ်သန်းရင်နှင့် မောင်စံထွန်းတို့မှာ၊ မြေဂရုံစာချုပ်နှင့် ၁၉၄၁ ခုနှစ်က၊ အချင်းဖြစ်အိမ်ကို ဝယ်သောစာချုပ်တို့တွင် နာမည်ပါနေသောကြောင့်၊ တရားခံအမှတ် (၃) နှင့် (၄) အဖြစ်ဖြင့်ငင်း၊ တရားစွဲဆိုသည်။

အယူခံတရားခံ (တရားလို) ဒေါ်စိန်နုက၊ အချင်းဖြစ်အိမ်ကို ဦးမောင်ကလေးတဦးတည်းပိုင်ဆိုင်ခြင်း ဖြစ်ပါသည်။ ဒေါ်တင်ငွေမှာ ရှားစေးလုပ်ငန်းတွင်၊ ဦးမောင်ကလေးနှင့် ပါဝင်၍ အကျိုးခံစားသူတဦးဖြစ်ပြီး၊ အိမ်အရောင်းအဝယ်ကိစ္စတွင်စာချုပ်

၌ လက်မှတ်မထိုးသော်ငြားလည်း သဘောတူသူတစ်ယောက် ဖြစ်ပါသည်။ ဒေါ်သန်းရင်မှာ ဦးမောင်ကလေးနှင့် ကွာရှင်းပြီး ဖြစ်သဖြင့် အချင်းဖြစ်အိမ်နှင့် မည်သို့မျှ မသက်ဆိုင်ပါ။ ကွာရှင်းစဉ်က ပစ္စည်းများလည်း ဦးမောင်ကလေးထံမှ ရသင့်ရထိုက်သော ပစ္စည်းများကိုလည်း ရယူခဲ့ပြီး ဖြစ်ပါသည်။ မောင်စံထွန်းမှာ အချင်းဖြစ်အိမ်ဝယ်စဉ်အခါက အရွယ်မရောက်သေးပါ။ ၎င်း၏ ငွေနှင့်စိုက်ထုတ်၍ ဝယ်ခြင်းမဟုတ်သောကြောင့် အချင်းဖြစ်အိမ်ကို ဝယ်သောစာချုပ်တွင် နာမည်သာလျှင် ဝယ်ယူသူတစ်ဦးအဖြစ် ဖော်ပြထားခြင်းဖြစ်သောကြောင့် အချင်းဖြစ်အိမ်ကို ပိုင်ဆိုင်ခွင့်မရှိပါ။ ၎င်းပြင် ဦးမောင်ကလေးက အချင်းဖြစ်အိမ်ကို ဒေါ်စိန်နုအား ရောင်းရာတွင် ၎င်းတို့က မကန့်ကွက်သဖြင့် ၎င်းတို့၏ အပြုအမူမှာ အချင်းဖြစ်ပစ္စည်းကို ရလိုကြောင်း တောင်းဆိုခြင်းမှာ အပြီးပိတ်ပင်နေပြီး ဖြစ်ပါသည်ဟု ဒေါ်စိန်နု၏ အဆိုတွင် ဖော်ပြထားသည်။

ဦးမောင်ကလေးက အယူခံတရားခံ ဒေါ်စိန်နု၏ အဆိုကို ငြင်းဆန်ရာတွင် အချင်းဖြစ်အိမ်ကို ဒေါ်စိန်နုအား ရောင်းချခြင်း မဟုတ်ပါ။ ကိုကြင်စွမ်က ငွေလိုသဖြင့် ၎င်းအတွက် အိမ်ကို ငွေ ၅,၀၀၀/-နှင့် အာမခံထားခြင်းမျှသာ ဖြစ်ပါသည်။ ၎င်းအိမ်ကို မိမိတစ်ဦးတည်း မပိုင်ပါ။ အခြားတရားခံများလည်း ပိုင်ဆိုင်ကြပါသည်ဟု ချေပသည်။

ဒေါ်တင်ငွေက ဦးမောင်ကလေး၏ လုပ်ငန်းတွင် မိမိဘာမှ မသိပါ။ ဝင်ရောက်၍လည်း မစွက်ဖက်ပါ။ မိမိမှာ ဦးမောင်ကလေး၏ လက်ရှိဇနီးဖြစ်သဖြင့် အချင်းဖြစ်အိမ်ကို မိမိပိုင်ဆိုင်ခွင့် ရှိပါသည်။ မိမိသဘောမတူဘဲနှင့် ဦးမောင်ကလေးသည် ထိုအိမ်ကို မရောင်းနိုင်ပါ။ ပေါင်လည်း မပေါင်နိုင်ပါဟု ချေပသည်။

ဒေါ်သန်းရင်က ဦးမောင်ကလေးနှင့် ၁၉၄၇ ခုနှစ်က လင်မယား ကွာရှင်းခဲ့ကြသော်ငြားလည်း ပစ္စည်းများနှင့်ပတ်သက်၍ ခွဲဝေခြင်းမရှိပါ။ ထိုအချင်း ဖြစ်အိမ်ကို မိမိသည် ဝယ်ယူသူတစ်ဦး ဖြစ်ပါသဖြင့် မိမိပိုင်ဆိုင်ခွင့် ရှိပါသည်။ ဦးမောင်ကလေးသည် တစ်ဦးတည်း ပိုင်ဆိုင်သူ မဟုတ်ပါ။ ၎င်းသည်အချင်းဖြစ်အိမ်ကို မိမိမသိဘဲနှင့် မရောင်းမပေါင်နိုင်ပါဟု ချေပသည်။

မောင်စံထွန်းက မိမိသည် အချင်းဖြစ်အိမ်တွင် ၁၉၄၁ ခုနှစ်၊ မိမိ နာမည် ဝယ်ယူသူအဖြစ် ပါဝင်သည့် အချိန်မှစ၍ ယခုအထိ နေထိုင်လျက် ရှိပါသည်။ ထိုအိမ်ကို ဦးမောင်ကလေးနှင့် ဒေါ်သန်းရင်တို့က မိမိအတွက် ရည်ရွယ်ဝယ်ထားသော အိမ်ဖြစ်သဖြင့် ဦးမောင်ကလေးသည် မိမိမသိဘဲနှင့် ထိုအိမ်ကို မရောင်းနိုင်ပါ။ မပေါင်နိုင်ပါ။ ဦးမောင်ကလေးသည် အိမ်ရောင်းခြင်း၊ သို့မဟုတ် ပေါင်ခြင်းကိစ္စများ၌လည်း ဘာမျှ မသိပါဟု ချေပသည်။

အဆိုအချေမျှားအပေါ်တွင် အောက်ရုံးပညာရှိတရားသူကြီးသည် ကောက်ချက် ၁၂ ခုကို ထုတ်နုတ်ခဲ့သည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အချင်းဖြစ်ပစ္စည်းသည် (၁) (၃) နှင့် (၄) တရားခံတို့၏ ပူးတွဲပိုင်ပစ္စည်းဖြစ်သလော။

၂။ (၁) နှင့် (၃) တရားခံတို့ ကွာရှင်းပြီးသည့်နောက် အချင်းဖြစ်ပစ္စည်းကို ခွဲဝေခြင်း၊ သို့မဟုတ် စေ့စပ်ဖြေရှင်းခြင်းပြုခဲ့သလော သို့အားဖြင့် (၁) တရားခံသည် အချင်းဖြစ်ပစ္စည်းကို လုံးဝတစ်ဦးတည်း ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့် ရရှိခဲ့သလော။

၃။ (၁) တရားခံသည် အကြင်လင်မယား ကွာရှင်းပြီးကတည်းက အချင်းဖြစ်ပစ္စည်းကို လုံးဝတစ်ဦးတည်း ပိုင်ဆိုင်ခွင့်ဖြင့် လက်ဝယ်ထားရှိအကျိုးခံစားခဲ့ရသလော။

၄။ (၂) (၃) နှင့် (၄) တရားခံတို့အား အချင်းဖြစ်ပစ္စည်းကို ရလိုကြောင်း၊ တောင်းဆိုခြင်းမှာ အပြီးပိတ်ပင်နေသလော။

၅။ (၁) တရားခံက တရားလိုအား အချင်းဖြစ် ပစ္စည်းရောင်းချခြင်းမှ (၂) တရားခံ၏ အသိနှင့်သဘောတူချက်အရ ရောင်းချသည့်အပြင် မိမိတို့နှစ်ဦးစလုံးအတွက် အကျိုးကျေးဇူး ခံစားရန်အလို့ငှာ မိမိတို့နှစ်ဦး အပါအဝင်အများပိုင် ဖက်စပ်လုပ်ငန်း ပြုလုပ်ရန်အရင်း "မ" တည်ငွေရရှိရန်အတွက် ရောင်းချခြင်းဖြစ်သလော။

၆။ မြန်မာဗုဒ္ဓဘာသာ ဓမ္မသတ်အရ (၁) (၂) (၃) နှင့် (၄) တရားခံတို့၏ အချင်းဖြစ်ပစ္စည်းအပေါ်တွင် အသီးသီး အစုမည်မျှစီ ရှိကြသနည်း။ သို့မဟုတ် အကယ်၍ ၎င်းတို့ပူးတွဲပိုင်ဖြစ်ခဲ့လျှင် အချင်းဖြစ်ပစ္စည်းအပေါ်တွင် (၁) (၂) (၃) နှင့် (၄) တရားခံတို့သည် မြန်မာဗုဒ္ဓဘာသာဓမ္မသတ်အရ ကိုယ်စီအစုမည်မျှ ရှိကြသနည်း။

၇။ (၁) တရားခံ၌ အချင်းဖြစ်ပစ္စည်းအားလုံးကို တရားလိုအား လွှဲပြောင်းပေးရန် အခွင့်အရေး သို့မဟုတ် အခွင့်အာဏာ တစ်စုံတစ်ရာ ရှိသလော။

၈။ အဆို၏ အပိုဒ် ၉ တွင် စွဲဆိုထားသကဲ့သို့ ၁၉၄၁ ခု၊ မေလ၊ ၁၅ ရက်နေ့စွဲပါ အရောင်းစာချုပ်တွင် (၄) တရားခံ၏ အမည်ကို ဖော်ပြထားခြင်းမှာ အမည်ခံမျှသာ ဟုတ်သလော။

၉။ အဆိုပါအပိုဒ် ၂ တွင် စွဲဆိုထားသကဲ့သို့ တရားလိုသည် (၁) တရားခံမှ အချင်းဖြစ်ပစ္စည်းကို ငွေ ၅,၀၀၀/-နှင့် ဝယ်သည် မဝယ်သည်။

၁၀။ ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ချုပ်ဆိုခဲ့သော လဲ့ပြောင်းခြင်းစာချုပ်သည်၊ (၂) (၃) နှင့် (၄) တရားခံတို့၏ အခွင့်အရေးကို ဆန့်ကျင်လျက်အတည်ဖြစ်ခဲ့သလော။

၁၁။ (၃) နှင့် (၄) တရားခံတို့၏ တောင်းဆိုချက်များသည်၊ စည်းကမ်းသတ် အချိန်ကျော်လွန်နေပြီဖြစ်သလော။

၁၂။ တရားလိုသည်၊ မည်သည့် **သက်သာခွင့် အကျိုးခံစား** ခွင့်ကို ရရှိနိုင်ပါသနည်း။

ကောက်ချက်အမှတ် (၆) နှင့်ပတ်သက်၍ ဤရုံးက အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်။

"သို့မဟုတ် အကယ်၍ ၎င်းတို့ပူးတွဲပိုင်ဖြစ်ခဲ့လျှင်၊ အချင်းဖြစ် ပစ္စည်းအပေါ်တွင် (၁) (၂) (၃) နှင့် (၄) တရားခံတို့သည်၊ မြန်မာဗုဒ္ဓဘာသာမမွေသတ်အရ၊ ကိုယ်စီအစုမည်မျှရှိကြသနည်း"

ဟူ၍ဖြစ်သည်။ ထိုပြင်ဆင်ထားသော ကောက်ချက်နှင့် အောက်ရုံးသို့ စစ်ဆေးရန် ပြန်ပို့ခဲ့လေသည်။

ကောက်ချက်များနှင့်အညီ၊ အမှုကိုစစ်ဆေးပြီးနောက်၊ အောက်ရုံးပညာရှိ တရားသူကြီးက၊ တရားလို ဒေါ်စိန်နု၏ အဆိုလွှာတွင် တောင်းခံချက်အတိုင်း၊ တရားခံများက အချင်းဖြစ်ပစ္စည်းကို လက်ရောက်ပေးအပ်ရန် စရိတ်နှင့်တကွ အမိန့်ဒီကရီချမှတ်လိုက်လေသည်။

ထိုအမိန့်နှင့်ဒီကရီကို အယူခံတရားလိုများ (တရားခံများ) က မကျေနပ်ကြဘဖြင့်၊ ဤရုံးသို့ အယူခံဝင်လာကြလေသည်။

အယူခံတရားလိုများ၏ ပညာရှိ ရွှေ နေကြီး မစ္စတာ တီ၊ ပီ၊ ဝမ်း က၊ အထက်ပေါ်ပြပါ ကောက်ချက်များနှင့် ပတ်သက်၍၊ ထင်ရှားအောင် သက်သေခံ တင်ပြရန် တာဝန်ရှိအယူခံတရားခံ ဒေါ်စိန်နုအပေါ်၌သာ တည်ရှိပါသည်။ သို့ရာတွင် အယူခံတရားခံပညာရှိရွှေနေကြီး ဒေါက်တာ ဘမော်က၊ တရားခံများအပေါ်တွင်လည်း အမှုတွင်အထင်အရှားဖြစ်စေအောင် သက်သေခံတင်ပြရန် တာဝန်ရှိနေပါသည်။ အမှုတခုလုံးကို ဝေဖန်သုံးသပ်ရာ၌ တွေ့ရှိရသည်မှာ၊ နှစ်ဦးနှစ်ဘက် သက်သေများသည် အပြိုင်အဆိုင်ဖြစ်နေကြသည်။ ထို့ကြောင့် အမှုကို မှန်ရာရောက်အောင် မည်သည့်နည်းနှင့်ဆုံးဖြတ်ရမည်ဟူသော အချက်နှင့်ပတ်သက်၍ **မတင်တင် နှင့် ဒေါ်ကံရှိ** (၁)အမှုတွင် ပရီဗီကောင်စီ စီရင်ထုံးကိုလိုက်နာ၍၊ မြွက်ဟချက်မှာ စိတ်ဝင်စားဘွယ်ရာဖြစ်ချေသည်။ ယင်းမြွက်ဟချက်မှာ ဤသို့ပင်ဖြစ်သည်။

(၁) ၁၉၄၈ ၊ မြန်မာပြည်စီရင်ထုံး ၊ တရားလွှတ်တော် (၆) ၊ စာ ၅၈၂ ။

ဤအမှုတွင်၊ နှစ်ဦးနှစ်ဘက်မှပြသော သက်သေများသည်၊ အပြိုင်အဆိုင် ဖြစ်နေကြ၍၊ အမှုကိုမှန်ရာရောက်အောင်၊ မည်သည့်နည်းနှင့် ဆုံးဖြတ်ရမည် နည်း၊ ဤအချက်နှင့်စပ်လျဉ်း၍၊ ပရိပ္ပဋိကောင်စီ၏ လွှတ်တော်က ဂျီ၊ ဒဗလျူ၊ ဒေဝိစ် နှင့် မောင်ရွှေတို့အမှု ( ) တွင် ဆုံးဖြတ်ထားသော အချက်မှာ၊ များစွာဆီလျော်ပေသည်။ ပရိပ္ပဋိကောင်စီက၊ ယင်းသို့ အမှုများတွင် ဝန်ခံထားသော အချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်များ (**Admitted circumstances and resulting probabilities**)တို့ကိုထောက်ရှုပြီး၊ မည်သည့်ဘက်မှ မှန်လိမ့်မည်ဟု ဆုံးဖြတ်သင့်ကြောင်း မြွက်ဟဆိုထားလေသည်။ ဤအမှုဆုံးဖြတ်ရာ၌၊ ထိုအတိုင်းပင် ဆောင်ရွက်ရပေမည်။

ကျွန်ုပ်ရှေ့တွင်၊ ဤအယူခံမှုကို နှစ်ဘက်သော ပညာရှိရှေ့နေကြီးများက ထူးကဲစွာ ကြိုးစား၍ ရက်ပေါင်းအတော်ကြာယူပြီးလျှင်၊ စီရင်ထုံးအများအပြားကို ပြဆို၍ လျောက်လဲချက်များ ပေးသွားကြသည်။ အယူခံတရားခံ၏ ပညာရှိရှေ့နေကြီး ဒေါက်တာ ဘမော် မလာရောက်နိုင်သည့်အချိန်မှစ၍၊ ၎င်းအမှုကို ပညာရှိရှေ့နေကြီး မစ္စတာ အင် (နှ်)၊ စီ၊ ဆင်း က ဆက်လက်၍ ကိုင်ဆောင်သွားသည်။

အထက်တွင်ပြဆိုခဲ့ပြီးသော ကောက်ချက်များအနက်၊ အမှု၏ အဓိကရေသောက် မြစ်သဘွယ်ဖြစ်သော ကောက်ချက်အမှတ် (၉) ကို စတင်၍ ဆွေးနွေးရန်လိုအပ် ပေသည်။

အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက၊ အချင်းဖြစ်အိမ်မှာ ၁၅,၀၀၀ ကာလတန်ဘိုးရှိလေသည်။ ဒေါ်စိန်နုက ငွေ ၅,၀၀၀ တည်းနှင့် ရောင်းသည်ဆိုခြင်းမှာ သဘာဝမကျပါ။ အမှန်မှာ ထိုငွေ ၅,၀၀၀ ကို၊ ကိုကြင်စွမ်အတွက် ရှားစေးလုပ်ငန်းတွင် ငွေလိုနေသဖြင့် အိမ်ကို အာမခံထား၍ ငွေချေးငှါးခြင်းသာဖြစ်ပါသည်။ သက်သေခံအမှတ် (က) စာချုပ်တွင်၊ အရောင်းအဝယ်စာချုပ်ဟူ၍ ဖေါ်ပြထားခြင်းမှာ၊ ထိုစာချုပ်မှာ အပေါင်စာချုပ်မျှသာဖြစ်ပါသည်။ ထို့ကြောင့် ထိုစာချုပ်အပေါ်တွင်အမှီပြု၍၊ ပစ္စည်းကို လက်ဆောက်ရလိုမှုအနေဖြင့်၊ ဒေါ်စိန်နုက ယခုကဲ့သို့ တရားမစွဲနိုင်ပါ။ အပေါင်စာချုပ်ဖြစ်သည့်အားလျော်စွာ၊ အပေါင်မှကိုသာ စွဲဆိုရပါမည်။ ထို့ကြောင့် ယခုစွဲထားသည်မှာ အခြေအမြစ်မရှိပါသဖြင့် အမှုတခုလုံးပလပ်သင့်ပါသည်ဟု တင်ပြသွားသည်။

အယူခံတရားခံများ၏ ပညာရှိ ရှေ့နေကြီးများ ဖြစ်ကြသော ဒေါက်တာဘမော်နှင့် မစ္စတာ အင်(နှ်)၊ စီ၊ ဆင်း တို့က၊ သက်သေခံအမှတ် (က) ကိုကြည့်ခြင်းအားဖြင့်၊ စာချုပ်မှာ လုံးဝအရောင်းစာချုပ်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ သက်သေခံ

၁၉၆၆

ဦးမောင်ကလေး ပါ ၄ နှင့် ဒေါ်စိန်နု (ခေါ်)ဒေါ်နု မေး

ဥပဒေပုဒ်မ ၉၂ အရ ထိုစာချုပ်ပါ အကြောင်းအရာများကို ဆန့်ကျင်သော အခြားသက်သေခံချက်များ မထည့်သွင်းရန် ပိတ်ပင်တားမြစ် ထားပါသည်။ ဆက်စပ်လျက်ရှိသော သီးခြားချုပ်ဆိုသည့် သက်သေခံအမှတ် (၈) စာချုပ်မှာ ဦးမောင်ကလေးက ဒေါ်စိန်နုထံမှ ငွေ ၁၅,၀၀၀/-ချေးငှါးသောစာချုပ် ဖြစ်ပါသည်။ ထိုငွေ ၁၅,၀၀၀/အိမ်ရောင်းသောငွေ ၅,၀၀၀/ ပေါင်းငွေ ၂၀,၀၀၀/-ကို စာချုပ်သည့်နေ့မှ ၄ လအတွင်း ပြန်လည်ပေးဆပ်ပါက ထိုအိမ်ကို ဦးမောင်ကလေးသို့ ဒေါ်စိန်နုက ရေစစ္စတြီစာချုပ်ဖြင့် ပြန်၍ လွှဲပြောင်းပေးမည်ဟု အဆိုကိုကြည့်ရှုခြင်းအားဖြင့် ကတိစာချုပ်မှာ တခြားအရောင်းစာချုပ်မှာ တခြားစီ ဖြစ်နေသည်ကို တွေ့ရှိရသည်။ ဤကောက်ချက်နှင့်ပတ်သက်၍ အောက်ရုံးပညာရှိ တရားသူကြီးက အချင်းဖြစ် ပစ္စည်းကို ငွေ ၅,၀၀၀/-နှင့် ဒေါ်စိန်နုက ဝယ်ယူသည်ဟု ဖြေဆိုလေသည်။ ပစ္စည်းပြောင်းရွှေ့ခြင်းအက်ဥပဒေပုဒ်မ ၅၈(စီ) ၏ ခြွင်းချက်ကို ဂရုပြုရန် လိုအပ်ပေသည်။ သက်သေခံအမှတ် (၈) စာချုပ်ဘောင်အတွင်းသာလျှင် အဓိကထား၍ လေ့လာသုံးသပ်ရသည်။ ထိုစာချုပ်က လုံးဝအရောင်းစာချုပ်ဟု ဖော်ပြထားသည်။ ထိုသို့ လုံးဝအရောင်းစာချုပ်ဖော်ပြထားသည့်လျော်စွာ သက်သေခံအက် ဥပဒေပုဒ်မ ၉၂ အရ အခြားသက်သေခံများကို ပိတ်ပင်တားမြစ်ပြီး ဖြစ်သည်။ ထိုအကြောင်း နှင့်ပတ်သက်၍ **မောင်ရွှေဖိုးပါ ၉ နှင့် မောင်ထွန်းရွှင်ပါ ၄** (၂) အမှုတွင် တိကျပြတ်သားစွာ အဆုံးအဖြတ်ပေးထားသည်။ ၎င်းက ဤသို့ဆိုသည်။

> **"Where a registered instrument clearly showed a transaction between the parties to be a sale, oral evidence to show that it was intended to be a mort gage or that there was a contemporaneous oral or unregistered agreement, forming part of the same transaction, to resell the property is inadmissible in evidence. It is otherwise, when the agreement to resell is a distinct transaction. Section 92 of the Evi dence Act will not allow oral evidence of intention of parties to a deed to construe such deed".**

၎င်းပြင် မောင်အောင်သင်းပါ ၂ နှင့် ဘီ(စ်)နတ်ဆင်းပါ ၂ (၃) အမှုတွင် အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထား သည်။

"Where the transaction effection or purporting to effect sale and a condition of repurchase are embodied in one document, the transacion does not as a result of the proviso

(၂) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်၊ အတွဲ ၅၊ စာ ၆၄၄။
(၃) ၁၉၅၈၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၃၁၈။

added by the Amendment Act, 1929, necessarily become a mortgage by conditional sale, irrespective of the intention of the parties. If from the contents of the document it can be gathered from its clear express words that the intention of the parties was to effect an outright sale with a condition of repurchase, the deed could be construed as an outright sale with a condition of repurchase even though that condition is embodied in one document, because the determining factor in such cases in the intention of the parties.

The intention of the parties should be ascertained from the terms of the document and the surrounding circumstances. The adequacy of consideration and the time given to the vendor to make a repurchase, have important bearings to the truth of the intention of the parties."

ထိုစီရင်ထုံးကို ညွှန်ကြား၍၊ ခြားနားထားသော တရားရုံးချုပ်၏ **ဒေါ်ကျင်ပု** နှင့် **ဦးအုန်းခင် ပါ ၂** (၄) အမှုမှာ ၊ ဤအမှုနှင့် တိုက်ရိုက်သက်ဆိုင်နေသည်ကို တွေ့ရှိရသည်။ ၄င်းစီရင်ထုံးသည်၊ **မောင်ရွှေဖိုး နှင့် မောင်ထွန်းရှင်**ပါ၄။အမှုကို ရည်ညွှန်း၍ လိုက်နာ လက်ခံထားသော စီရင်ထုံးဖြစ်သည် ။ ၄င်း၏ အဆုံးအဖြတ်မှာ အောက်ပါ အတိုင်း ဖြစ်သည် ။

"Where there was Registered Deed of Sale of certain immoveable property and the Buyer had admitted that she had verbally promised to allow redemption but such a promise was not embodied in the Deed; and it was contended that the document embodied a mortgage by Conditional Sale.

Held: The proviso to section 58 (*c*) of the Transfer of Property Act is a statutory bar to the Deed of Sale in question being construed as a transaction evidencing a mortgage by Conditional Sale, notwithstanding the verbal agreement to return the property on payment of the purchase price.

Maung Aung Thin and one v. *Bismath Singh and one* (1925) B.L.R. 314 (H.C.), referred to and distinguished.

Also, where a registered instrument clearly shows a transaction between the parties to be a Sale, oral evidence to show that it was intended to be a mortgage is inadmissible under section 92 of the Evidence Act.

Maung Shwe Phoo and eight others v. *Maung Tun Shin and three others*, I.L.R. 5 Ran. 644, referred to and followed."

(၄) ၁၉၆၃၊ မြန်မာပြည်စီရင်ထုံး။ တရားရုံးချုပ်၊ စာ ၃၂၀။

ဦးမောင်ကလေး ပါ ၄ နှင့် ဒေါ်စိန်နု (ခေါ်) ဒေါ်နု မော

ဌာန်ပါလ နှင့် မောင်ရွှေဂုံး ပါ ၂ (၅) အမှုတွင်၊ ယခုရည်ညွှန်းပါ ကောက်ချက်ကို ချင့်ချိန်ဝေဖန်သုံးသပ်ရာ၌ အထောက်အကူဖြစ်စေ၍၊ ၎င်းအတွက် ဤကဲ့သို့ အဆုံးအဖြတ်ပေးထားသည်။

> **"Where an outright conveyance of land by a registered document was followed by an unregistered agreement giving the vendor an option to repurchase the land within a stated time, *held*, that evidence of the intentions of parties and of their conduct, was not admissible to show that the original transaction was in effect a mortgage."**

အထက်တွင်ဖော်ပြထားသော အကြောင်းခြင်းရာများနှင့် ဥပဒေစီရင်ထုံးများအရ၊ အယူခံတရားလိုများ၏ ပညာရှိရှေ့နေကြီး တင်ပြသော အချက်အလက်များကို ကျွန်ုပ်လက်မခံနိုင်ပေ။ အောက်ရုံးပညာရှိ တရားသူကြီး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်သဖြင့်၊ တရားလို ဒေါ်စိန်နုသည် (၁) တရားခံ ဦးမောင်ကလေးထံမှ အချင်းဖြစ်ပစ္စည်းကို ငွေ ၅,၀၀၀ နှင့် ဝယ်သည်ဟု အဆုံးအဖြတ် ပေးလိုက်သည်။ ထို့ကြောင့် ယခုအတိုင်း၊ တရားလိုကအမှုစွဲဆိုခြင်းမှာ မှန်ကန်ပေသည်။

ကောက်ချက်အမှတ် (၁) (၂) (၃) နှင့် (၈) တို့ကို တပေါင်းတည်းစစ်ဆေးရန် လိုအပ်ပေသည်။ အချင်းဖြစ်ပစ္စည်းကို ၁၉၄၁ ခုနှစ်က၊ ဦးဘတူထံမှ သက်သေခံအမှတ် (၁) စာချုပ်အရ၊ ဝယ်ယူစဉ်အခါက ဝယ်ယူသူ၏အမည်များမှာ၊ အယူခံတရားလိုအမှတ် (၁) (၃) နှင့် (၄) တို့သည် ဝယ်ယူသူများ၏အမည်ဖြင့် ဖော်ပြထားသည်။ သက်သေခံအမှတ် (က) မြေဂရုံစာချုပ်တွင်လည်း၊ ၎င်းတို့၏အမည်ကို ပြောင်းလဲထား သည်။ အယူခံတရားလိုအမှတ် (၁) နှင့် (၃) တို့က၊ အချင်းဖြစ်ပစ္စည်းကိုဝယ်စဉ်အခါက၊ အယူခံတရားလိုအမှတ် (၄)အတွက် ရည်စူး၍ဝယ်သည်ဟု အဆိုရှိကြသည်။ ထိုစဉ်အခါက၊ အယူခံတရားလိုအမှတ်(၄)မှာအသက် (၅) နှစ်မျှသာ ရှိသေးသည်ဟုဆိုသည်။ ၎င်း၌မည်သည့် ဝင်ငွေမျှမရှိသေးပေ။ အယူခံတရားလိုအမှတ် (၄)အမည်ဖြင့်သာ စာချုပ်တွင်ဖော်ပြထားခြင်းမှာ၊ သားအတွက်အမည်ခံမျှသာလျှင် ဖြစ်သည်ဟု အယူခံတရားခံ၏ ပညာရှိရှေ့နေကြီးက ဆိုသည်။ အယူခံတရားလိုအမှတ် (၄) မှာ ထိုအချင်းဖြစ်အိမ်ကို ယခုထိ တောက်လျှောက်နေထိုင်လာသူ ဖြစ်သည်။ တခါတရံ အိမ်ခွန်မြေခွန်များကိုလည်း ပေးရသည်ဟု အဆိုရှိသည်။ ဤကဲ့သို့ သားနာမည်ထည့်၍ အဝယ်ပြထားခြင်းမှာ၊ သားအတွက် အမည်ခံ၊ သို့မဟုတ် ဦးစားပေးချုပ်ဆိုခြင်းမျိုးသာလျှင် ဖြစ်သဖြင့်၊ အချင်းဖြစ်အိမ် ပိုင်ဆိုင်ခွင့်၌ မည်သို့မျှမသက်ဆိုင်ပါဟု၊ အယူခံတရားခံ၏ ရှေ့နေကြီးက ညွှန်ပြသွားသည်။ ဤကိစ္စနှင့်ပတ်သက်၍

(၅) အိန္ဒိယစီရင်ထုံးများ။ ရန်ကုန်အတွဲ ၁ ၊ စာ၄၇၂ ။

နှစ်ဘက်ပညာရှိ ရွှေနေကြီးများက **မောင်ထွန်းဖေ** နှင့် **ဘီ၊ ကေ၊ ဟော်တား** (၆) အမှုကို ကိုးကား၍ လျောက်လဲသွားကြသည်။

ထိုအမှု၏အဖြစ်အပျက်မှာ ဦးဘိုးခန့်၌ မမြဝေတို့သည် သားသမီးများ နာမည်ဖြင့် အချင်းဖြစ်ပစ္စည်းများကို ဝယ်ယူထားခြင်း ဖြစ်သည်။ ထိုအချင်းဖြစ် ပစ္စည်းများကို ဦးဘိုးခန့်၌ မမြဝေ တို့က၊ ဘီ၊ ကေ၊ ဟော်တားသို့ ရောင်းလိုက်ခြင်းဖြစ်သည်။ မောင်ထွန်းဖေက ဘီ၊ ကေ၊ ဟော်တားအား ရောင်းလိုက်သော ပစ္စည်းတွင် ၎င်းနာမည်ဖြင့် မူလအငယ်ပြထားသောကြောင့် မိမိ၏အစုအတွက် မည်သို့မျှမထိ ခိုက်နိုင်ပါဟု အဆိုပြုခဲ့သည်။ သို့ရာတွင် ထိုအမှု အဆုံးအဖြတ်ပေးသော တရား ဝန်ကြီးချုပ် ဆာအာသာပိတ်နှင့် တရားဝန်ကြီး မစ္စတာ ဒန်ကလေတို့က၊ မိဘများသည် သားသမီးအတွက် ပစ္စည်းများကို ဝယ်သောကိစ္စနှင့် ပတ်သက်၍၊ အင်္ဂလန်ပြည်၌ ဘာလျှင် ဓလေ့ထုံးစံရှိသော်လည်း၊ မြန်မာပြည်တွင် မြန်မာလူမျိုးတို့၏ ပုဂ္ဂလိက ဥပဒေကို ဆန့်ကျင်၍ မပြုလုပ်နိုင်သဖြင့်၊ လက်ခံနိုင်ရန် မလျော်ဟူသော အဆုံးအဖြတ် ကိုပေးခဲ့ခြင်းဖြစ်သည်။ ထိုအမှုတွင် ဦးဘိုးခန့်၌ မမြဝေတို့တွင် သားသမီးများ ရှိကြသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက် မိဘများက သားသမီးများအား ဦးစားပေး၍ ကျန်ရှိသော သားသမီးများ၏ အခွင့်အရေးပိတ်ပင်သည့်အနေဖြင့်စာချုပ် ချုပ်ဆိုလျှင်၊ မြန်မာလူမျိုးတို့၏ ပုဂ္ဂလိကဥပဒေအရ ဆန့်ကျင်ကောင်း ဆန့်ကျင် ပေမည်မှာ မှန်ပေသည်။ သို့ရာတွင် ယခုအမှု၌ ဦးမောင်ကလေးနှင့် ဒေါ်သန်းရင် တို့မှာ၊ တဦးတည်းသောသား မောင်စံထွန်း သာလျှင် ရှိပေသည်။ ဤကား **မောင်ထွန်းဖေ** နှင့် **ဘီ၊ကေ၊ ဟော်တား** တို့အမှုနှင့် အမှုဖြစ်ပျက်ပုံ ခြားနားခြင်း ဖြစ်ပေသည်။

ယခုအမှုတွင် ဦးမောင်ကလေးနှင့် ဒေါ်သန်းရင်တို့က တဦးတည်းသော သား အတွက် ဦးစားပေး၍ အကျိုးခံစားခွင့် ရရှိစေရန် အချင်းဖြစ်အိမ် ဝယ်သူတဦး အနေဖြင့် ထည့်သွင်းထားခြင်းမှာ အခြားအမွေစား အမွေခံသားသမီးများမရှိသဖြင့် ၎င်းတို့၏အကျိုးကို ပိတ်ပင်ရာမကျရောက်သောကြောင့် မောင်စံထွန်း၌ အကျိုးခံစား ခွင့်ရှိသည်ဟု ယူဆရပေမည်။ ထိုအမှုတွင် အယူခံတရားလို မောင်ထွန်းဖေ၏ ပညာရှိ ရွှေနေကြီး မစ္စတာ ချောင်ဒရီ၏ တင်ပြချက်မှာ၊ စိတ်ဝင်စားဘွယ်ရာ ဖြစ်သည်။ ၎င်းက ဦးကောင်း၏ ဥပဒေခမ္မသတ်ပေါင်းချုပ် ပုဒ်မ ၇၇ ကိုရည်ညွှန်း၍၊ မြန်မာ လူမျိုးတို့၏ ဓလေ့ထုံးစံနှင့်သဘောတရားအရ၊ မိဘများက ၎င်းတို့၏ တသက်တာတွင်၊ သားသမီးများကို ပြုစု ထောက်မံရန် ဖြစ်ပေသည်။ ယင်းသို့ ရွှေနေကြီး မစ္စတာ

(၆) အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်အတွဲ ၁၄၊ စာ ၂၄၂။

ချောင်ဒရီ၏ တင်ပြချက်ကို ထိုစီရင်ထုံး၌ ဆွေးနွေးသုံးသပ်ခဲ့ခြင်း မပြုခဲ့ခြင်းမှာ ထူးခြားချက်တစ်ရပ် ဖြစ်ပေသည်။

ဤအမှုတွင် တစ်ဦးတည်းသောသားဖြစ်သည့် မောင်စံထွန်းအတွက် အချင်းဖြစ်အိမ်ကို မိဘနှစ်ပါးနှင့်တကွ ဝယ်ယူသူများ အဖြစ် ဖော်ပြထားသောကြောင့် မောင်စံထွန်းကလည်း ထိုအချင်းဖြစ်အိမ်တွင် အကျိုးသက်ရောက်ခွင့်ရှိသည်ဟု အဆုံးအဖြတ် ပေးလိုက်သဖြင့် ဤနေရာတွင် အောက်ရုံးပညာရှိ တရားသူကြီး၏ ယူဆချက်ကို ကျွန်ုပ်လက်မခံနိုင်ဘဲ ပယ်ဖျက်လိုက်သည်။

ထို့ပြင် အယူခံတရားလိုအမှတ် (၃) ဒေါ်သန်းရင်နှင့် အယူခံတရားလိုအမှတ် (၁) ဦးမောင်ကလေးတို့ ကွာရှင်းပြီးသည့် နောက် အချင်းဖြစ်ပစ္စည်းနှင့် ပတ်သက်၍ ခွဲဝေခြင်းရှိမရှိကို စဉ်းစားဝေဖန်သုံးသပ်ရာတွင် ဒေါ်သန်းရင်သည် ဦးမောင်ကလေးနှင့် ၁၉၄၇ ခုနှစ်လောက်က ကွာရှင်းပြီးသည့်နောက်၊ အဝတ်တစ်ထည် ကိုယ်တစ်ခု နှင့်သာလျှင် ဆင်းသွားသည့်လက္ခဏာရှိသည်။ အချင်းဖြစ်ပစ္စည်းနှင့် ပတ်သက်၍ မည်သို့မျှ ခွဲဝေခြင်း မပြုလုပ်ရသေးပေ။ သူ၏ နာမည်နှင့် သားမောင်စံထွန်းတို့၏ နာမည်များမှာ ယခုအထိ မြေစာချုပ်တွင် လည်းကောင်း၊ ၁၉၄၁ ခုနှစ်က အချင်းဖြစ်ပစ္စည်းကို ဝယ်သော သက်သေခံအမှတ် (ခ) စာချုပ်တွင် သော်လည်းကောင်း ပေါ်လွင်လျက်ရှိသည်။ မြေစာရင်းဌာန၌လည်း ထိုနာမည်များ ယခုတိုင် ရှိသေးသည်။ ဒေါ်သန်းရင်သည် ဦးမောင်ကလေးနှင့် ကွာရှင်းပြီးသည့်နောက် သားမောင်စံထွန်းရှိရာ အချင်းဖြစ်အိမ်သို့ ရံဖန်ရံခါလာသည်ဟု အဆိုရှိသည်။ ဦးမောင်ကလေးမရှိချိန် တစ်ခါတစ်ရံအချင်းဖြစ်အိမ်၏ မြေခွန်မြေခများကို စိုက်ထုတ်၍ ပေးသွားသည်ဟုလည်း အဆိုရှိသည်။ အထက်ဖော်ပြပါ အကြောင်းခြင်းရာများကို ထောက်ချင့်ခြင်းအားဖြင့် ဒေါ်သန်းရင်နှင့် ဦးမောင်ကလေးတို့မှာ လင်မယား ကွာရှင်းပြီး ဖြစ်ကြသော်လည်း အချင်းဖြစ်ပစ္စည်းနှင့် ပတ်သက်၍ ခွဲဝေခြင်း မရှိသေးဟု ယူဆနိုင်သည်။ ဒေါ်စိန်နုက အချင်းဖြစ်အိမ်ကို ဝယ်ရန်ပြုလုပ်ရာ၌ ဂရုစာ ချုပ်ကို ကြည့်ရှုသောအခါ နာမည် ၃ နာမည်တွေ့ရကြောင်း။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မောင်စိုးမြင့် (လိုပြ-၄) စာချုပ်များတွင် နာမည် ၃ ခုပါနေသဖြင့် ဦးမောင်ကလေး တစ်ယောက်တည်းနှင့် အရောင်းအဝယ် လုပ်နိုင်ပါမည်လားဟု မေးရာ ဦးမောင်ကလေး က ဒေါ်သန်းရင်မှာ ကွာရှင်းပြီးဖြစ်၍ ပစ္စည်းခန်းလည်း ပြီးပြတ်ပြီး ဖြစ်နေပါတယ်။ မောင်စံထွန်းမှာလည်း ကလေးဖြစ်၍ သူကပင် ကျွေးမွေးထားရပါသည်ဟု အဆိုရှိခဲ့သည်။ သို့သော် ဦးမောင်ကလေးက ဤသို့ မပြောရပါဟု ငြင်းဆိုသည်။

အထက်တွင် မြွက်ဟခဲ့သည့် အတိုင်းဤအမှုတွင်နှစ်ဖက်သော သက်သေ ထွက်ချက်များမှာ ယှဉ်ပြိုင်နေသဖြင့် မည်သည့်ဘက်မှ မှန်သည်ကို အဆုံး အဖြတ်

ပေးနိုင်ရန် အမှုတွင် ပေါ်လွင်သည့် ဝန်ခံထားသော အချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသောအချက်များကိုထောက်ရှုရန်ဖြစ်သည်။ ယင်းသို့သော ရှုဒေါင့်မှနေ၍ကြည့်လျှင် သက်သေများက မည်သို့ပင်ထွက်ဆိုစေကာမူ၊ ဒေါ်သန်းရင်နှင့် ဦးမောင်ကလေးတို့မှာ ကွာရှင်းပြီး ဖြစ်သော်ငြားလည်း အချင်းဖြစ်ပစ္စည်းနှင့် ပတ်သက်၍ ခွဲဝေခြင်း၊ မရှိသေးပေ။ ဤနေရာတွင် အယူခံတရားခံ၏ ရှေ့နေကြီးက **မောင်ရှေလင်း** နှင့် **မနုင်းဖြူ** (၇) အမှုကို ညွှန်ပြသွားသည်။ ၎င်းစီရင်ထုံး စာမျက်နှာ ၁၇၇ တွင်၊ အောက်ပါအတိုင်း အဆုံးအဖြတ်ကို ဖော်ပြထားကြောင်း တွေ့ရှိရသည်။

> **". . . it would be a new departure and a most inconvenient precedent to allow a woman, after twice terminating the contract, to sue the husband on a third divorce for property which might have been claimed on the first divorce. The presumption in the absence of special facts is that the affairs of people so divorcing and re-marrying are settled definitely at the divorce or the re-marriage."**

ထိုတင်ပြသောစီရင်ထုံးနှင့် ယခုအမှုတို့မှာ အကြောင်းခြင်းရာပြစ်ပျက်ပုံနှင့်မတူညီကြပေ။ တင်ပြသောစီရင်ထုံး၌ မိန်းမနှင့်ယောကျ်ားနှစ်ခါကွာ နှစ်ခါပြန်ပေါင်းပြီး သုံးကြိမ်ကွာသည့်အခါကျမှသာ ပစ္စည်းခွဲစေခြင်းကို တောင်းဆိုရာ၌၊ ပဌမအကြိမ်ကွဲစဉ်က ပစ္စည်းခွဲဝေပြီးသည်ဟု ယူဆရန်ရှိကြောင်း။ ၎င်းပြင်ထိုအမှု၌ နောက်ဆုံးကွဲသွားပြီးသည့်နောက်၊ ယောကျ်ားအိမ်သို့ ဝင်ထွက်လာနေသည်ကို မပေါ်လွင်ပေ။ ၎င်းပြင်ကလေးသည် ယောကျ်ားနှင့်အတူကျန်ရစ်ခဲ့၍ ၁လေးရှိရာသို့ ရံဖန်ရံခါအလည်အပတ်လာခြင်းမျိုးလည်းမပေါ်ပေါက်ပေ။ ယခုအမှုတွင် ထိုစီရင်ထုံးနှင့် ကွာခြားချက်မှာ၊ ဦးမောင်ကလေးနှင့် ဒေါ်သန်းရင်တို့သည် တခါသာကွာရှင်းကြ၍ နောက်ပြန်ပေါင်းမလုပ်ကြပေ။ ယင်းသို့တခါသာကွာရှင်းပြီးနောက် အဆက်မပြတ်သေးပေ။ သို့အဆက်မပြတ်သေးဟု ဆိုရာ၌ ဒေါ်သန်းရင်သည် ဦးမောင်ကလေးအိမ်သို့ ရံဖန်ရံခါလာရောက်ခြင်းနှင့် တခါတရံ မြေခွန်မြေခမျာကိုပင် ဦးမောင်ကလေး မရှိခိုက်၊ ၎င်းကပင်စိုက်ထုတ်ပေးရသည်ဟု အဆိုရှိသည်။ ထိုအဆိုကို လက်မခံနိုင်စရာ အကြောင်းမရှိပေ။ ထို့ကြောင့် အောက်ရုံး ပညာရှိ တရားသူကြီး ယူဆချက်ကို ကျွန်ုပ်လက်မခံနိုင်ဘဲ၊ ဦးမောင်ကလေးနှင့် ဒေါ်သန်းရင်တို့သည် ကွာရှင်းပြီးနောက်၊ အချင်းဖြစ်ပစ္စည်းကို ခွဲဝေခြင်းမပြုလုပ်ရသေးပေ။ သို့အတွက် ဦးမောင်ကလေးသည် အချင်းဖြစ်ပစ္စည်းကို လုံးဝတဦးတည်းပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့် မရှိခဲ့ပေ။

---

(၇) အောက်မြန်မာပြည် ရွှေးချယ်ထားသော စီရင်ထုံး နှင့် ဆုံးဖြတ်ချက်များ၊ ၁၈၇၂၊ ၁၈၉၂၊ စာ ၁၇၅။

ထို့ပြင်၊ အောက်ရုံးပညာရှိ တရားသူကြီးသည်၊ ကောက်ချက်အမှတ် (၂) ကို ဝေဖန်သုံးသပ်ရာ၌ တရားလို၏ပညာရှိရှေ့နေကြီး တင်ပြသော **ရမ်းကူမဲ့းကွန်ဒှ** နှင့် **အများ** နှင့် **မက်ကွင်းပါ ၂** (၈) အမှုကို ဝေဖန်သုံးသပ်ထားသည်။ ထိုအမှုအကြောင်း အရာနှင့်ပတ်သက်၍ ထိုကိုးကားထားသော စီရင်ထုံးတွင်၊ ဖြစ်ပျက်သောအမှုအကြောင်း အရာမှာ၊ ယခုအမှုတွင် ဖြစ်ပျက်သော အကြောင်းခြင်းရာနှင့် လုံးဝမတူညီပေ။ ထိုအမှုတွင် ဘွန်နိုဘီဘီ ဆိုသူ အမျိုးသမီးက အယူခံတရားလို ရမ်းကူမားကွန်ဒှသို့ အချင်းဖြစ်မြေကိုရောင်းရာတွင် ထိုမြေမှာထိုအမျိုးသမီးနာမည်နှင့် တည်ရှိနေသည်။ အယူခံတရားခံ မက်ကွင်း၏ အဆိုအရဆိုလျှင်၊ အမျိုးသမီး ဘွန်နိုဘီဘီမှာ အချင်းဖြစ်မြေကို မူလဝယ်သူမဟုတ်၊ ၎င်း၏ တရားမဝင်သော ယောကျ်ားအလိုဇနရားမက် ဒေါ်နယ်လ်က၊ ၎င်း၏ပိုက်ဆံဖြင့်ဘွန်နိုဘီဘီအမည်ဖြင့်ဝယ်ယူထားသောမြေ ဖြစ်ပါသည်ဟုအဆိုရှိသည်။ သို့သော် အချင်းဖြစ်မြေသည် မည်သူကအစစ် အမှန်တကယ်ပိုင်ဆိုင်သည်။ မည်သူက အသင့်ဆောင်၍ ပိုင်ဆိုင်သည်ဆိုခြင်းနှင့် စပ်လျဉ်း၍ သေချာစွာ စုံစမ်းစစ်ဆေးက အကြောင်းမှန်ကို ပေါ်လွင်ရန်အကြောင်းရှိသည်ဟု ထိုစီရင်ထုံးတွင် အောက်ပါ မှတ်ချက်များမှာ စိတ်ဝင်စားဘွယ်ရာဖြစ်သည်။

> **". . . that there existed circumstances which ought to have put him upon an inquiry that, if prosecuted, would have led to a discovery of it."**

ယခုအမှုတွင် အချင်းဖြစ်အိမ်ကို ၃ နာမည်ဖြင့်ဝယ်ထားခြင်းဖြစ်သည်။ သား၏ နာမည်မှာ အမည်ခံမျှသာဝယ်ယူခြင်းမဟုတ်။ အကျိုးခံစားခွင့် ရှိစေရန် အနေဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း အထက်တွင်မြွက်ဟခဲ့ပြီးဖြစ်သည်။ ထို့အပြင် အထက်ပါ စီရင်ထုံးတွင်ပါရှိသော မှတ်ချက်အတိုင်း၊ ဒေါ်စိန်နုသည် ဦးမောင်ကလေးထံမှ အချင်းဖြစ်အိမ်ကိုမဝယ်မီ ထို ၃ ဦးနာမည်ဖြင့်ရှိသောအိမ်မှာ ဦးမောင်ကလေး တဦးတည်း သာလျှင် ပိုင်ဆိုင်ခွင့် ရှိမရှိနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် လိုအပ်သည်။ ယခုမူကား ဤကဲ့သို့မဟုတ်။ ဒေါ်စိန်နုအဆိုအရဆိုလျှင် ဦးမောင်ကလေးက အချင်းဖြစ်အိမ်သည်၊ ၎င်းတဦးတည်းပိုင်သောအိမ်ဖြစ်သည်၊ ပဌမ မယားနှင့်သားတို့နာမည် ပါရှိသော်ငြားလည်း၊ သူတို့နှင့်ဘာမျှမဆိုင်ဟု ပြောသည်။ သို့ရာတွင် ဦးမောင်ကလေး၏အစစ်ခံချက်၌ ဤကဲ့သို့မပြောရပါဟု ငြင်းဆိုထားသည်။ ဒေါ်သန်းညွန့် (လိုပြ-၂) က၊ ဦးမောင်ကလေးနှင့် ဒေါ်သန်းရင်တို့မှာ ဂျပန်ခေတ်က ကွာရှင်းခဲ့ကြောင်း သိရပါသည်ဟု ထွက်ဆိုသည်။ ၎င်း၏ထွက်ဆိုချက်မှာ တန်ဘိုးမရှိလှပေ။ အဘယ်

(၈) အီန္ဒိယအယူခံများ၊ နော်ထ်ဆက်တဲ့၊ ၁၈၂၂-၇၃၊ ၈၁ ၄၀။

ကြောင့်ဆိုသော်၊ လင်မယားကွာရှင်းခြင်းမှာ ဤအမှု၌ ပြဿနာမဟုတ်။ လင်မယား ကွာရှင်းပြီး ပစ္စည်းခွဲပြီးမပြီးမှာ ပြဿနာတရပ်ဖြစ်သည်။ ကိုစိုးမြင့် (လိုပြ ၄) က ထွက်ဆိုသည်မှာ ဦးမောင်ကလေးသည် ၎င်း၏ မိန်းမနှင့် ဂျပန်ခေတ်က ကွာရှင်းပြီး ဖြစ်သဖြင့် အချင်းဖြစ်အိမ်နှင့်မသက်ဆိုင်တော့ပေ။ မောင်စံထွန်းမှာလည်း ကလေး ဖြစ်သဖြင့်၊ ဦးမောင်ကလေးသည် အိမ်ထောင်လူကြီးဖြစ်ကြောင်း ထွက်ဆိုထားသည်။ ထိုထွက်ဆိုချက်မျှားသည် အယူခံတရားခံဒေါ်စိန်နုအား အကူအညီ အထောက်အပံ့ မဖြစ်နိုင်ပေ။ ၎င်းတို့၏ထွက်ဆိုချက်မှာ ယောဘုယျမျှသာ သက်သက်ဖြစ်သည်။ တိကျ ပြတ်သားမှုမရှိ။ ထိုတိကျပြတ်သားမှုမရှိသော သက်သေထွက်ချက်များကို အောက်ရုံး ပညာရှိတရားသူကြီးက လက်ခံခြင်းမှာ မှားယွင်းသည်ဟု ယူဆသည်။ ၎င်းပြင် အထက်တွင် ကိုးကားသော မက်ကွင်း စီရင်ထုံးကို လက်ခံခြင်းမှာလည်း မှားယွင်း သည်ဟုတွေ့ရှိရသည်။ ထို့ကြောင့် ကောက်ချက်အမှတ် (၂) နှင့်ပတ်သက်၍ ဝေဖန် သုံးသပ်ချက်များကို ကျွန်ုပ်လက်မခံနိုင်ဘဲ ပယ်လိုက်သည်။ ထို့ကြောင့်ဦးမောင်ကလေး သည် ဒေါ်သန်းရင်နှင့် အကြင်လင်မယား ကွာရှင်းပြီးကတည်းက အချင်းပစ္စည်း ကို လုံးဝဘဦးတည်းပိုင်ဆိုင်ခွင့် လက်ဝယ်ထားရှိ၍၊ အကျိုးခံစားခဲ့သည် ဟူသော အောက်ရုံးယူဆချက်မှာ မှားယွင်းကြောင်းတွေ့ရှိရသည်။ ထိုအချင်းဖြစ်ပစ္စည်းကို၊ ဦးမောင်ကလေး၊ ဒေါ်သန်းရင်နှင့် မောင်စံထွန်းတို့ကလည်း ပိုင်ဆိုင်ခွင့်ရှိကြောင်း အဆုံးအဖြတ်ပေးလိုက်သည်။

ဂ၁း

ဂင်းနောက် ကောက်ချက်အမှတ် (၅) နှင့်ပတ်သက်၍ သုံးသပ်ရန်လိုအပ်သည်။ ဒေါ်တင်ငွေသည် ဦးမောင်ကလေး၏ ဒုတိယမယားဖြစ်သည်။ အချင်းဖြစ်အိမ်ကို ဦးမောင်ကလေးက ရောင်းစဉ်အခါက၊ ဒေါ်တင်ငွေ၏သဘောတူညီချက်ဖြင့် ရောင်း ကြောင်းမှာ ထင်ရှားသည်။ ထိုစဉ်အခါက ဦးမောင်ကလေးနှင့် ဒေါ်တင်ငွေတို့မှာ၊ ရှားစေးလုပ်ငန်းတွင် ကိုကြင်စုမ်ဆိုသူနှင့် ဖက်စပ်၍လုပ်ကိုင်ကြောင်း ယူဆနိုင်စရာ အကြောင်းရှိသည်။ အဘယ်ကြောင့်ဆိုသော်ဦးမောင်ကလေးနှင့် ဒေါ်တင်ငွေတို့သည်၊ မိမိတို့၏ အကျိုးမရှိဘဲနှင့် အခြားလူတယောက်၏ လုပ်ငန်းအတွက်၊ ဒေါ်စိန်နုထံမှ ငွေများကို ချေးငှါးပြီး ယူပေးမည်မဟုတ်ပေ။ မိမိတို့၏ အကျိုးသက်ဝင်၍သာလျှင်၊ ဒေါ်စိန်နုထံမှ ငွေများကို ချေး၍ မိမိတို့၏အိမ်ကိုပင်လျှင် ရောင်းချခဲ့သည်။ ဤကဲ့သို့ လုပ်ငန်းတွင် ဦးမောင်ကလေးသည် ဒေါ်တင်ငွေ၏ ကိုယ်စားလည်အဖြစ် လုပ် ကိုင်သည်ဟုယူဆသည်။ ပဌမအကြိမ် ဒေါ်စိန်နုထံမှ ဦးမောင်ကလေးသည် အိမ်ကို အပေါင်စာချုပ်ပြု၍ ငွေ ၁၀,၀၀၀ ကျပ် ချေးစဉ် ဒေါ်တင်ငွေသည် ထိုချေးငွေ အကြောင်းကိုအသိဖြစ်သည်။ ၎င်းကိုယ်တိုင်ကပင်ဒေါ်စိန်နုအားအချင်းဖြစ်အိမ်ကို ပြသ သည်။ ထို့အပြင် ဒုတိယအကြိမ် ငွေ ၂၀,၀၀၀ ကျပ်ချေးစဉ်က၊ အိမ်ကို ငွေ ၅,၀၀၀ ကျပ်

၁၉၆၆

ဦးမောင်ကလေး ပါ ၄ နှင့် ဒေါ်စိန်နု (ဒေါ်) ဒေါ်နု မေ၊

ဖြင့် တန်ဘိုးထား၍ အရောင်းအဝယ်ပြုလုပ်ရာတွင်၊ ဒေါ်တင်ငွေ အသိ ဖြစ်သည်။ ဒေါ်တင်ငွေကိုယ်တိုင် ထိုအရောင်းစာချုပ်ကို မှတ်ပုံတင်ရန် ရောစွတြိဂျံးသို့ မော်တော်ကားဖြင့် လိုက်ပါသွားသည်။ အရောင်းစာချုပ်တွင် ဒေါ်တင်ငွေလက်မှတ်မပါရှိသော်ငြားလည်း၊ ဒေါ်တင်ငွေသည် မိမိ၏ယောကျ်ားလုပ်ငန်းတွင်၊ မိမိပါအကျိုးသက်ရောက်ခံစားခွင့်ရရှိရန် အလို့ငှါ ပြုလုပ်သော ပြုမူချက်အရ၊ ဦးမောင်ကလေးက အချင်းဖြစ်ပစ္စည်းကို ရောင်းချရာ၌ ဒေါ်တင်ငွေ၏အသိနှင့် သဘောတူညီချက်အရ ရောင်းချသည်ဟုယူဆရပေမည်။ **မည်မ်းသူ နှင့် ဒီးအက်(စ်)၊အမ်းအယ်(လ်)၊ မူရွူးကပ္ပါးချစ်တီး** (၉) အမှုတွင်၊ ဤကဲ့သို့အဆုံးအဖြတ်ပေးထားသည်။

> **"The status created by a Burmese marriage does not give the husband a power of selling the joint property of himself and his wife except under circumstances in which it can be said that he is acting as her agent. What those circumstances husband and wife live together and the former ostensibly with his wife's assent, manages the business of the property on behalf of both, she will doubtless be estopped from subsequently denying that he was authorized to act on her behalf."**

ဤကောက်ချက်နှင့်ပတ်သက်၍၊ အောက်ရုံးပညာရှိတရားသူကြီး အဆုံးအဖြတ်မှာ မှန်ကန်ကြောင်း တွေ့ရှိရသဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။

ကောက်ချက်အမှတ် (၄) နှင့်စပ်လျဉ်း၍၊ အောက်ရုံးပညာရှိတရားသူကြီး၏ ယူဆချက်မှာ၊ တပိုင်းမှန်၍ တပိုင်းမှားသည်ကို တွေ့ရှိရသည်။

အယူခံတရားလိုအမှတ် (၂) ဒေါ်တင်ငွေနှင့်ပတ်သက်၍၊ အထက်တွင်သုံးသပ်ခဲ့သည့်အတိုင်း၊ ဦးမောင်ကလေးက အချင်းဖြစ်အိမ်ကို ရောင်းရာတွင်၊ အသိနှင့် သဘောတူညီပြီးသားဖြစ်သဖြင့် ၎င်းကယခုအခါမှ ထိုပစ္စည်းကိုရလိုကြောင်း တောင်းခံခြင်းမှာ၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၉၂ နှင့် သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ တို့အရ ပိတ်ပင်ပြီးဖြစ်နေသည်။ ထိုအတိုင်းပင် အောက်ရုံးပညာရှိ တရားသူကြီး၏ ယူဆချက်မှာ မှန်ကန်သည်။ သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သော အကြောင်းခြင်းရာများအရ၊ အယူခံတရားလိုအမှတ် (၃) ဒေါ်သန်းရင်နှင့် အယူခံတရားလို့ အမှတ် (၄) မောင်စံထွန်းတို့က၊ အချင်းဖြစ်ပစ္စည်းကို ရလိုကြောင်း တောင်းဆိုခြင်းမှာ အပြီးပိတ်ပင်ရန်မကျရောက်ပေ။

---

(၉) ဘားမားလောတိုင်း(စ်) အတွဲ ဂ ၊ စာ ၁၁၃ ။

ကောက်ချက်အမှတ် (၇) နှင့် (၁၀) တို့ကို ပူးပေါင်း၍ စဉ်းစားရန်လိုအပ်သည်။ အထက်တွင် ဖော်ပြခဲ့သော အချက်အလက်အကြောင်းခြင်းရာများအရ၊ အယူခံတရားလို အမှတ် (၁) ဦးမောင်ကလေး၌ အချင်းဖြစ်ပစ္စည်းအား လုံးကို၊ အယူခံတရားခံ ဒေါ်စိန်နုသို့ လွှဲပြောင်းပေးရန် အခွင့်အရေးမရှိပေ။ ထို့ကြောင့် အောက်ရုံးပညာရှိ တရားသူကြီး၏ ယူဆချက်ကိုပယ်ဖျက်လိုက်သည်။ ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့စွဲဖြင့် ချုပ်ဆိုသော လွှဲပြောင်းစာချုပ်သည်၊ အယူခံတရားလိုအမှတ် (၂) ဒေါ်တင်ငွေနှင့် ပတ်သက်၍၊ အထက်တွင်ဖော်ပြခဲ့သော အကြောင်းခြင်းရာများကြောင့်၊ ၎င်း၏အခွင့်အရေးကို ဆန့်ကျင်ပြီး အတည်ဖြစ်ပေသည်။ သို့ရာတွင် အယူခံတရားလိုအမှတ် (၃) ဒေါ်သန်းရင်နှင့် အယူခံတရားလိုအမှတ် (၄) မောင်စံထွန်းတို့နှင့် စပ်လျဉ်း၍၊ ၎င်းတို့သည် ဦးမောင်ကလေးက၊ ယင်းသို့လွှဲပြောင်းသော စာချုပ်နှင့်ပတ်သက်၍ သဘောတူညီမှုသည်းမရှိ၊ သိလည်းမသိကြသောကြောင့် ၎င်းတို့မှာလည်း အချင်းဖြစ်အိမ်နှင့် ပတ်သက်၍ အကျိုးသက်ရောက်ခွင့်ရှိနေသဖြင့်၊ ၎င်းတို့၏ အခွင့်အရေးကို ဆန့်ကျင်၍ အတည်ဖြစ်ခဲ့သည်ဟု မဆိုနိုင်ပေ။ ဤအချက်တွင် ပညာရှိအောက်ရုံး တရားသူကြီး ယူဆချက်မှာ၊ မှားယွင်းသည်ဟု တွေ့ရှိရသဖြင့် ပယ်ဖျက်လိုက်သည်။

ကောက်ချက်အမှတ် (၁၁) နှင့်ပတ်သက်၍ အယူခံတရားလိုအမှတ် (၃) နှင့် (၄) တို့၏ တောင်းဆိုချက်မှာ စဉ်းကမ်းသတ်အချိန် ကျော်လွန်ပြီး မပြီးဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အယူခံတရားလိုအမှတ် (၄) မောင်စံထွန်းမှာ၊ အချင်းဖြစ်အိမ်တွင်တသတ်မတ်တည်းနေထိုင်လာခဲ့သူဖြစ်သည်။ အယူခံ တရားလိုအမှတ် (၃) ဒေါ်သန်းရင်မှာ ဦးမောင်ကလေးနှင့် ကွာရှင်းပြီးဟု ဆိုသော်ငြားလည်း ပစ္စည်းနှင့် ပတ်သက်၍ ခဲ့ဝေခြင်းမရှိသေးသဖြင့်တကြောင်း၊ သား မောင်စံထွန်းကိုလည်း ရံဖန်ရံခါလာရောက်တွေ့ဆုံခြင်းကတကြောင်းအပြင်၊ ဦးမောင်ကလေးသည် အချင်းဖြစ်ပစ္စည်းကို ဒေါ်စိန်နုအား ရောင်းလိုက်ချင်သိလည်းမသိ၊ သဘောတူခွင့်လည်းမရှိခဲ့ခြေ။ ဒေါ်စိန်နုက ဦးမောင်ကလေးနှင့် အခြားအယူခံတရားလိုများကို ရုံးတွင်တရားစွဲဆိုမှုသာလျှင် အချင်းဖြစ်အိမ်ကို ဦးမောင်ကလေး တဦးတည်းက ရောင်းလိုက်ကြောင်းသိရသဖြင့်၊ အယူခံတရားလိုအမှတ် (၃) နှင့် (၄) တို့၏တောင်းဆိုချက်မှာ၊ စဉ်းကမ်းသတ် ကျော်လွန်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် အောက်ရုံးပညာရှိ တရားသူကြီး၏ ဤကောက်ချက်နှင့် ပတ်သက်၍ ယူဆချက်ကို ကျွန်ုပ်လက်မခံနိုင်ဘဲပယ်ဖျက်လိုက်သည်။

ကောက်ချက်အမှတ် (၆) နှင့်စပ်လျဉ်း၍ ပညာရှိအောက်ရုံး တရားသူကြီးက ဖြေဆိုရန်မလိုဟု ချွန်လှပ်ထားခဲ့ရာ၊ ကျွန်ုပ်သည် ထိုကောက်ချက်ကို အနည်းငယ်

၁၉၆၆

ဦးမောင်ကလေး
ပါ ၄
နှင့်
ဒေါ်စိန်နု
(ဒေါ်) ဒေါ်နု
မေး

ပြင်ဆင်ပြီးနောက်ထပ် စုံစမ်းစစ်ဆေး၍ ဖြေဆိုပေးရန်၊ အောက်ရုံးသို့ ပြန်လည်ပေးပို့ခဲ့သည်။ အောက်ရုံးပညာရှိတရားသူကြီးက နှစ်ဘက်သော ပညာရှိရှေ့နေကြီးများ၏ တင်ပြချက်အရ၊ ထိုကောက်ချက်ကို ဖြေဆိုခဲ့သည်။ အမှုတွဲ ကျန်ပုံရှေ့သို့ ပြန်ရောက်လာသောအခါ၊ နှစ်ဘက်သောပညာရှိရှေ့နေကြီး အောက်ရုံးက ဖြေဆိုဖော်ပြချက်မှာ၊ ၎င်းတို့တင်ပြသည့်အတိုင်းမဟုတ် မှားယွင်းနေသည်ဟု ပြောဆိုကြသည်။ ထို့ကြောင့် ကျန်ပုံကကျန်ပုံရှေ့တွင် နှစ်ဘက်သော ပညာရှိရှေ့နေကြီးများ၏ သဘောတူညီချက်အရ၊ အဖြေမှန်ကိုတင်ပြရန် ပြောသောအခါ၊ ၎င်းတို့က တင်ပြကြသည်။ ထိုကောက်ချက်အရ၊ မြန်မာ့ဓလေ့ဘာသာဥပဒေနှင့်အညီ အချင်းဖြစ်ပစ္စည်းနှင့်ပတ်သက်၍ အယူခံတရားလိုများ၏အစုမှာ၊ အောက်ပါအတိုင်းဖြစ်သည်။

အယူခံတရားလိုအမှတ် (၁) ဦးမောင်ကလေး .... ၄၉ ပုံ
အယူခံတရားလိုအမှတ် (၂) ဒေါ်တင်ငွေ .... ၄၉ ။
အယူခံတရားလိုအမှတ် (၃) ဒေါ်သန်းရင် .... ၃၂ ။
အယူခံတရားလိုအမှတ် (၄) မောင်စံထွန်း .... ၃၂ ။

အသီးသီးဖြစ်ကြသည်။

ကောက်ချက်အမှတ် (၁၂) နှင့်ပတ်သက်၍ အယူခံတရားခံ ဒေါ်စိန်နုသည်၊ အချင်းဖြစ်ပစ္စည်းတွင် လုံးဝအကျိုးခံစားခွင့်မရှိပေ။ ထို့ကြောင့် အောက်ရုံးပညာရှိတရားသူကြီးက အယူခံတရားခံ၏ အဆိုလွှာတွင် တောင်းခံသည့်အတိုင်း အမိန့်နှင့် ဒီကရီတို့ကို စရိတ်နှင့်တကွ ချမှတ်ပေးလိုက်ခြင်းမှာ၊ မှားယွင်းနေသောကြောင့် ပယ်ဖျက်လိုက်ပြီး၊ အောက်ပါအတိုင်း ပြင်ဆင်၍ အမိန့်နှင့် ဒီကရီချမှတ်လိုက်သည်။

ဤနေရာတွင် ဖော်ပြလိုသည်မှာ အယူခံတရားခံ (တရားလို) ဒေါ်စိန်နု၏ အဆိုတွင်၊ အမှတ် (၂) အနေဖြင့် တောင်းဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

> **"(ii) in the alternative, for partition of the property in suit and delivery to the Plaintiff of the portion or share of the property to which she is entitled according to law."**

အမှု၏ အသွားအလာအရ၊ ထိုတန်းတောင်းဆိုချက်အတိုင်း ပေးရန်ဖြစ်ပေါ်လာသည်။

အယူခံတရားခံ ဒေါ်စိန်နုသည်၊ အချင်းဖြစ်ပစ္စည်းနှင့်ပတ်သက်၍ ဦးမောင်ကလေး၏အစု ၄၉ ပုံနှင့် ဒေါ်တင်ငွေ၏ အစု ၄၉ ပုံတို့ဘဲသာလျှင် အကျိုးခံစားခွင့် ရှိသည်။ ဒေါ်သန်းရင်၏အစု ၃၂ ပုံနှင့် မောင်စံထွန်း၏အစု ၃၂ ပုံတို့ကိုရပိုင်ခွင့်မရှိစေရ။

သို့ဖြစ်၍ အထက်တွင်ချမှတ်သည့်အတိုင်း ပဏာမဒီကရီအနေဖြင့် အဆုံးအဖြတ်ပေးလိုက်သည်။

ပစ္စည်းခွဲဝေပေးရေးနှင့် စပ်လျဉ်း၍၊ အောက်ရုံးပညာရှိတရားသူကြီးက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ပြီးလျှင် နောက်ဆုံးဒီကရီချမှတ်ရန် အမိန့်ချမှတ်လိုက်သည်။

၁၉၆၆

ဦးမောင်ကလေး ပါ ၄ နှင့် ဒေါ်စိန်နု (ခေါ်) ဒေါ်နု မေ၊

ဤအမှုတွင် အမှုသည်များသည် တပိုင်းနိုင်တပိုင်းရှုံးကြသဖြင့်၊ ၎င်းတို့၏တရားစရိတ်နှင့်ပတ်သက်၍၊ ရုံးနှစ်ရုံးစလုံးအတွက် မိမိတို့ကုန်ကျစရိတ်များကို မိမိတို့အသီးသီးကျခံကြစေရန်ကိုလည်း အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ဦးမောင်ဆွေ (အယူခံတရားလို)

နှင့်

ဦးတူဖို ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၆

အောက်တိုဘာ လ ၁၄ ရက်၊

ခေတ္တချေးယူထားသည့်ငွေနှင့် ၎င်းအပေါ် ကျသင့်သည့်အတိုးရရှိရန် တရားစွဲဆိုမှု—ချေးငွေအတွက် အာမခံကြောင်း ကတိပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း—အာမခံပေးသည့် အကြောင်းနှင့် ပတ်သက်၍ အထောက်အထား အဖြစ်ဖြင့် လက်ခံနိုင် မခံနိုင်—ကတိပဋိညာဉ်စာချုပ် မချုပ်ဆိုမီက ချေးငွေများအတွက် တာဝန်ယူခြင်း—နှုတ်သက်ထေပြခြင်းမှာ သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ တားမြစ်ချက်တွင် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။ကတိပဋိညာဉ်စာချုပ်ကို တရားလိုဘက်မှ တင်သွင်းသည်မှာ ချေးငွေများအတွက် အယူခံတရားလိုက အာမခံကြောင်းကို အထောက်အထားပြဆိုနိုင်ရန်သာတင်သွင်းခဲ့ခြင်းဖြစ်၏။ ထိုစာချုပ်အပေါ် မူတည်၍ တရားစွဲဆိုခြင်းမဟုတ်။ သို့ဖြစ်၍ ကတိပဋိညာဉ်စာချုပ်ကို အာမခံပေးသည့် အကြောင်းနှင့် ပတ်သက်၍ အထောက်အထားအဖြစ်ဖြင့် လက်ခံနိုင်သည်။

ဦးဘိုးကြီးပါ ၁ နှင့် ဦးကံဝင်းပါ ၁၊ ၁၉၅၁ ခုနှစ်၊ ဘီ၊အယ်(လ်)၊အာ(၎င်)၊ စာ ၃၇၃ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ချေးငွေများအတွက်အယူခံတရားလိုကအာမခံသူအဖြစ်ဖြင့်တာဝန်ယူခြင်းမှာ ကတိပဋိညာဉ်စာချုပ်ကို မရေးသားမီကတာဝန်ယူကြောင်းထင်ရှားသဖြင့် နှုတ်သက်သေပေးပြခြင်းမှာ သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ တားမြစ်ချက်တွင်အကျုံးမဝင်။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့်။

အယူခံတရားခံများအတွက်။ ။ဒေါက်တာ မောင်ဖြူး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအယူခံမှုမှာ တောင်ငူမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ မှ ပေါ်ပေါက်လာသည့် အယူခံမှု

---

* ၁၉၆၅ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၇၉။

† ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင်၊တောင်ငူမြို့၊ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

ဖြစ်လေသည်။ ထိုအမှုတွင် အယူခံတရားခံများ ဖြစ်သူ ဦးတူဖိုနှင့် ဇနီး ဒေါ်စက်ရီတို့က အယူခံတရားလိုဦးမောင်ဆွေနှင့် ဒေါ်အေးသင်းဆိုသူတို့အပေါ် ခေတ္တ ချေးယူထားသည့်ငွေ ၂၀,၀၀၀ ကျပ်ကိုငင်းအပေါ် ကျသင့်သည့်အတိုး ငွေ ၇,၅၀၀ ကျပ် စုစုပေါင်း ငွေ ၂၇,၅၀၀ ကျပ် ရရှိရန် တရားစွဲဆိုခဲ့လေသည်။ တရားလိုဖြစ်သူ အယူခံတရားခံများ၏ စွဲဆိုလွှာအရ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် ဖြူးမြို့တွင် ဒေါ်အေးသင်အား ငွေ ၂၀,၀၀၀ ကျပ်ကို ငွေ ၁၀၀ ကျပ်လျှင်တလ ၃ ကျပ် တိုးနှုန်းဖြင့် ခေတ္တချေးယူသည့်အခါက၊ ထိုငွေများအတွက် အယူခံ တရားလိုဖြစ်သူ ဦးမောင်ဆွေက အာမခံသည်ဟုဆိုသည်။ ထို့နောက် ဦးမောင်ဆွေနှင့်ဒေါ်အေးသင်တို့က စွဲလွှာနှင့်အတူ တင်သွင်းသည့်အာမခံသည့် ကတိပဋိညာဉ်စာချုပ်တခုကို ချုပ်ပေးခဲ့သည်ဆိုကြောင်း၊ ထိုချေးငွေများကိုတရားလိုများ ဖြစ်သူ အယူခံတရားခံတို့က အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း မရရှိသဖြင့် အမှုကို စွဲဆိုရပါသည်ဟု ပြဆိုလေသည်။ ထိုစွဲဆိုလွှာနှင့် ပတ်သက်၍ ငွေယူသူ ပဌမတရားခံ ဒေါ်အေးသင်က ဖြောင့်ဆို ဝန်ခံချက် တင်သွင်းသည်။ ဒုတိယတရားခံဖြစ်သူ အယူခံတရားလို ဦးမောင်ဆွေကမူ၊ ငွေယူသည်ဆိုကြောင်းကိုငင်း၊ ထိုငွေအတွက် မိမိကအာမခံပြီး ကတိစာချုပ် ချုပ်ပေးသည်ဆိုသည်ကိုငင်း ဝန်မခံပါဟု ချေပလေသည်။

အဆိုနှင့် ချေလွှာများအရ မူလရုံးမှ အမှုတွင် ၎င်း၏စီရင်ချက်၌ ပြဆိုထားသည့်အတိုင်း ရှေးဦးစွာ ပဏာမ ကောက်ချက်အနေနှင့်ကောက်ချက် ၄ ခုကို ထုတ်နုတ်ခဲ့လေသည်။ ထိုကောက်ချက်များနှင့် ပတ်သက်၍ မကြားနာမီ အယူခံသရားလို ဦးမောင်ဆွေက ကောက်ချက် အမှတ်(၂) နှင့် (၃) ကို ပြန်လည်ပြင်ဆင်ပေးရန် လျောက်ထားသည်ကို တဘက်မှကန့်ကွက်သဖြင့်လျောက်လွှာနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက် ကြားနာပြီး အောက်ရုံးမှ ၁၉၆၄ ခုနှစ်၊နိုဝင်ဘာလ ၇ ရက်နေ့စွဲပါ ၎င်း၏ အမိန့်အရ၊ လျောက်လွှာကိုပယ်လိုက်လေသည်။ ထိုနောက်ရုံးမှ ကောက်ချက် (၃)ခု ကို ထပ်မံထုတ်နုတ်ခဲ့ရာ၊ အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးက ကောက်ချက်အမှတ် (၂)နှင့် ပတ်သက်၍ ၎င်းက စွန့်ပယ်ကြောင်း ပြောကြားသည့်အတိုင်း၊ရုံးမှ မှတ်သားထားခဲ့လေသည်။ ထိုအမိန့်တွင်ပင် ကောက်ချက် အမှတ် (၁) နှင့်ပတ်သက်၍၊ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့စွဲပါပဋိညာဉ် ကတိစာချုပ်သည် သက်သေခံ ဝင်-မဝင် ဆိုသည်ကို ထိုစာချုပ်ကိုအမှုစစ်ဆေးသောအခါ၊ အသုံးပြုခြင်းဖြင့် ဆင်ခြင်၍ ဆုံးဖြတ်မည်ဟုအမိန့်ချမှတ်လိုက်လေသည်။ ထို့နောက် အောက်ရုံးမှ အမှုတွင်စစ်ဆေးရန် ကောက်ချက်၃ ချက်ထပ်မံ၍ထုတ်နုတ်ခဲ့လေသည်။ အမှုကိုဆက်လက်စစ်ဆေးသောအခါ၊ တရားလို စွဲလွှာနှင့်အတူတင်သွင်းသည့်ကတိပဋိညာဉ် စာချုပ်မှာသက်သေခံဝင်-မဝင်နှင့် ပတ်သက်၍ ထပ်မံစဉ်းစားသည့်

အခါ၌၊ ထိုစာချုပ်မှာ ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၁၀၀ နှင့် အကျုံးဝင်နေသဖြင့် သက်သေခံ စာတမ်းအဖြစ်ဖြင့်အသုံးပြုရန် ခွင့်မပြုပါဟု အမိန့်ချမှတ် လိုက်သည်။ အမှုတွင် ထုတ်နုတ်ထားသည့် ပဌမကောက်ချက်နှင့်ပတ်သက်၍ ဒေါ်အေးသင်က၊ တရားလိုများ ဖြစ်သူအယူခံတရားခံတို့ထံမှ ငွေ ၂၀,၀၀၀ ကျပ်ကို အတိုးတလလျှင် ၃ ကျပ်နှုန်းနှင့် ချေးယူခဲ့သည်ဟုငင်း၊ ဒုတိယကောက်ချက်နှင့် ပတ်သက်၍၊ ထိုငွေအတွက် ဒုတိယ တရားခံဖြစ်သူ အယူခံတရားလိုက အာမခံသည်ဟုငင်း၊ ဆုံးဖြတ်ပြီး တရားလိုစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ အယူခံတရားလိုနှင့် ဒေါ်အေးသင်တို့ နှစ်ယောက်စလုံးပေါ်တွင် ဒီကရီချမှတ်ပေးလိုက်သည်။

ထိုသို့ ဒီကရီ ချမှတ်ပေးလိုက်သည်ကို ဒုတိယတရားခံ အာမခံဖြစ်သူ အယူခံတရားလို ဦးမောင်ဆွေက မကျေနပ်သောကြောင့် ယခုအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခု အယူခံမှုတွင် အယူခံတရားလို ဦးမောင်ဆွေကတရားလိုများဖြစ်သူ အယူခံတရားခံတို့စွဲလွှာနှင့် အတူတင်သွင်းခဲ့သည့်ကတိပဋိညာဉ်စာချုပ်အရ၊ မိမိကအာမခံသူဖြစ်သည်ဆိုကြောင်းမှာ စာရွက်စာတမ်းအပေါ် တွင်ရေးမှတ်ထားခဲ့ပြီးဖြစ်သဖြင့်၊ မိမိသည် အာမခံသူ ဟုတ်-မဟုတ်ဆိုသည့် အချက်နှင့်ပတ်သက်၍ နူတ်သက်သေ လက်ခံနိုင်ခွင့်မရှိ၊ ကတိ ပဋိညာဉ်စာချုပ်မှာလည်းသက်သေခံဝင်သည့်စာချုပ် မဟုတ်သောကြောင့်၊ ယခုအမှုတွင် မိမိအပေါ် ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းနေသဖြင့် လက်ခံအတည်ပြုနိုင်ရန် မရှိသောကြောင့် ပယ်ဖျက်သင့်ပါသည်ဟု ပြဆိုလေသည်။

အမှုတွဲတွင် တရားခံဖြစ်သူ အယူခံတရားလို ဦးမောင်ဆွေ တင်သွင်းခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့စွဲပါ ချေပလွှာအရ၊ ၎င်းကတရားလိုများ စွဲဆိုလွှာနှင့် ပူးတွဲတင်သွင်းခဲ့သည့် ကတိပဋိညာဉ်စာချုပ်မှာ သက်သေခံ မဝင်ပါဟု ကန့်ကွက်ခဲ့သည့်အတိုင်း၊ ရုံးတော်မှ ထိုကန့်ကွက်ချက်ကို လက်ခံ၍၊ ကတိပဋိညာဉ်စာချုပ်မှာ သက်သေခံမဝင်ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်လေသည်။

အမှုတွဲပါ သက်သေခံချက်များကို လေ့လာသောအခါ၊ ငွေ ၂၀,၀၀၀ ကျပ်ကို ပေးသည်ဆိုသူ မောင်အောင်မြင့်၏ ထွက်ဆိုချက်အရ၊ ငွေနှစ်သောင်းတန် ချက်လက်မှတ်ကို၊ ဒေါ်အေးသင်သို့ မပေးမီ ဦးမောင်ဆွေကထိုငွေအတွက် မိမိကအာမခံပါသည်ဟု ဝန်ခံချက် ပေးသဖြင့်သာ ချက်လက်မှတ်ကိုဒေါ်အေးသင်သို့ ပေးလိုက်ကြောင်း ထင်ရှားစွာ ထွက်ဆိုထားသည်ကို တွေ့ရှိရလေသည်။ ထိုနောက်မှ ဒေါ်အေးသင်နှင့် ဦးမောင်ဆွေတို့က ကတိပဋိညာဉ်စာချုပ်ကိုရေးသားလက်မှတ်ထိုးပြီး၊ ၎င်းအား

ပေးပါသည်ဟု ထွက်ဆိုလေသည်။ သို့ဖြစ်ရကား တရားလိုဖြစ်သူ ဦးမောင်ဆွေက ငွေများအတွက် အာမခံသည်မှာ ကတိပဋိညာဉ်စာချုပ် မချုပ်မီကပင် ထိုငွေများအတွက် အာမခံရန် ဝန်ခံချက် ပေးသည်ဖြစ်ကြောင်းထင်ရှားနေပေသည်။ တရားလို ဘက်မှ ကတိပဋိညာဉ်စာချုပ်ကို တင်သွင်းခဲ့သည်မှာ ငွေများအတွက် ဦးမောင်ဆွေက အာမခံကြောင်းကို အထောက်အထားဖြင့် ပြဆိုနိုင်ရန်သာ တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ ထိုစာချုပ်တွင် ဦးမောင်ဆွေက ငွေများအတွက် မည်သို့မည်ပုံ မိမိ၏ပစ္စည်းများနှင့် ပတ်သက်၍၊ အာမခံကြောင်း ပြဆိုချက်နှင့်သာ သက်ဆိုင်ပြီး၊ ထိုစာချုပ်အပေါ် မူတည်၍ တရားစွဲဆိုခဲ့ခြင်းမဟုတ်ပေ။ သို့ဖြစ်ရကား၊ ယခင်တရားလွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် ဦးဘိုကြီး ပါ ၁ နှင့် ဦးကံဝင်း ပါ ၁ (၁) စီရင်ထုံး စာမျက်နှာ ၃၇၇ တွင် ပြဆိုထားသည့်အတိုင်း၊ ကတိပဋိညာဉ်စာချုပ်မှာ ဒေါ်အေးသင်ယူသည့် ငွေအတွက် ဦးမောင်ဆွေကအာမခံပေးသည့်အကြောင်းနှင့် ပတ်သက်၍ အထောက်အထား အဖြစ်ဖြင့် လက်ခံနိုင်ကြောင်းမှာ ထင်ရှားနေပေသည်။ သို့ဖြစ်ရကား၊ ၎င်းစာချုပ်မှာ အောက်ရုံးမှသက်သေခံမဝင်ဟုလုံးဝပယ်လိုက်သဖြင့် အမှုတွဲတွင်ပင် မရှိတော့ရကား၊ ယခုမှ ထိုစာချုပ်ကို ထည့်သွင်းစဉ်းစားနိုင်ရန် မဖြစ်တော့ပေ။

မည်သို့ပင်ဖြစ်စေ၊ ယခုအမှုတွင် မောင်အောင်မြင့်၏ ထွက်ဆိုချက်အရ ငွေ ၂၀,၀၀၀ ကျပ်တန် ချက်လက်မှတ်ကို ဒေါ်အေးသင်သို့ မပေးမီ ထိုငွေများပေးဆပ်ရန် အတွက်၊ ဦးမောင်ဆွေက ဝန်ခံကြောင်း အတိအလင်းပြောဆိုသဖြင့်သာ ချက်လက်မှတ်ကို ဒေါ်အေးသင်သို့ ပေးလိုက်ရကြောင်းထွက်ဆိုချက်မှာ မည်သို့မျှ ပျက်ပြယ်ခြင်း မရှိပေ။ ထိုပြဆိုချက်နှင့် ပတ်သက်၍လည်း၊ ဦးမောင်ဆွေက ကျမ်းကျိန်အစစ်ခံခြင်း မပြုရကား၊ မောင်အောင်မြင့်၏ ထွက်ဆိုချက်ကို လက်မခံနိုင်စရာအကြောင်း မရှိပေ။ ထိုသို့ လက်ခံမှုဒေါ်အေးသင် ချေးယူသည့် ငွေ ၂၀,၀၀၀ ကျပ်အတွက် ဦးမောင်ဆွေက အာမခံကြောင်းမှာ များစွာမှထင်ရှားနေပေ တော့သည်။ ယခုအမှုမှာလည်း၊ တရားလိုဖြစ်သူ အယူခံတရားခံများက ကတိပဋိညာဉ် စာချုပ်အပေါ် မူတည်၍၊ တရားစွဲဆိုခြင်း မဟုတ်၊ ချေးငွေ ၂၀,၀၀၀ ကျပ်ကို ပြန်လည်ရရှိရန်သာ တရားစွဲဆိုခဲ့သည်တွင် ထိုငွေများအတွက် ဒုတိယတရားခံဖြစ်သူ အယူခံ တရားလို ဦးမောင်ဆွေက အာမခံသူ အဖြစ်ဖြင့်ရယူခဲ့ကြောင်းသာ ပြဆိုပြီး၊ တရားစွဲဆိုခြင်းဖြစ်သောကြောင့်၊ ကတိပဋိညာဉ်စာချုပ်မှာဦးမောင်ဆွေ၏ကန့်ကွက်ချက်အရ၊ သက်သေခံ မဝင်လင့်ကစား၊ဦးမောင်ဆွေသည်ဒေါ်အေးသင် ချေးယူခဲ့သည့် ငွေ ၂၀,၀၀၀ ကျပ်အတွက် အာမခံသူတဦးဖြစ်ကြောင်း နှုတ်သက်သေအရ ထင်ရှားနေပေသည်။ ၎င်းအချက်နှင့် ပတ်သက်၍၊ အယူခံတရားလို၏ပညာရှိ ရှေ့နေကြီးက ဦးမောင်ဆွေက

(၁) ၁၉၅၁ ခုနှစ်၊ ဘီ၊ အယ်(လ်)၊ အာ(ရှ်)၊စာ ၃၇၃။

၁၉၆၆

းမောင်ဆွေ

ဲ့

းတုဖို ပါ၂။

အာမခံသည်ဆိုခြင်းမှာ စာရွက်စာတမ်းအပေါ် ရေးမှတ်ထားပြီး ဖြစ်၍ သက်သေခံ ဥပဒေ ပုဒ်မ ၉၁ အရ၊ ထိုစာရွက်စာတမ်းမှအပ၊အခြား နှုတ်သက်သေ ပေးပြခွင့် မရှိပါဟု ဆိုလိုပေသည်။ သို့ရာတွင် အထက်တွင်ပြဆိုခဲ့သည့် ဦးဘိုကြီး၏စီရင်ထုံးတွင် ညွှန်ပြထားသည့်အတိုင်း၊ ယခုအမှုတွင် ငွေများအတွက်ဦးမောင်ဆွေက အာမခံခြင်းနှင့် ထိုငွေများကို ဦးမောင်ဆွေက မည်သို့ မည်ပုံ ပေးဆပ်ရန်တာဝန်ယူကြောင်း ကတိ ပဋိညာဉ်စာချုပ်တွင် ရေးသားထားခြင်းတို့မှာ သီးခြားဖြစ်ပြီး၊ ခွဲခြားနိုင်လေသည်။ ထို့အပြင်၊ ငွေ ၂၀,၀၀၀ ကျပ် အတွက်ဦးမောင်ဆွေကအာမခံသူ အဖြစ်ဖြင့် တာဝန်ယူသည့် ဆိုခြင်းမှာ ကတိပဋိညာဉ် စာချုပ်ကို မရေးသားမီက တာဝန်ယူကြောင်း ထင်ရှားနေသဖြင့် သက်သေခံဥပဒေပုဒ်မ ၉၁ တားမြစ်ချက်မှာ အကျုံးဝင်တော့မည် မဟုတ်သော ကြောင့်၊ အယူခံတရားလို၏ပညာရှိရှေ့နေကြီး ပြဆိုချက်ကို လက်ခံနိုင်ရန် မဖြစ်နိုင်ပေ။

ယခု အယူခံမှုတွင် အယူခံတရားလိုက အထက်ပါ ဥပဒေကန့်ကွက်ချက်မှအပ၊ အခြားကိုးကားသည့် အယူခံ ချေပချက် မပြဆိုနိုင်ရကား၊ယခုအမှုကို အောက်ရုံးမှ စီရင် ဆုံးဖြတ်ထားခြင်းမှာ အကြောင်းခြင်းရာများအရသော်၎င်း၊ ဥပဒေအရ သော်၎င်း မှားယွင်းချွတ်ချော်ခြင်း ဖြစ်နေသည်ဟု မဆိုနိုင်ပေ။

ဖော်ပြပါ အကြောင်းများကြောင့် ယခုအယူခံမှုကို ခွင့်ပြုနိုင်ရန် အကြောင်းမရှိသောကြောင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ဦးမြင့်အောင် (အယူခံတရားလို) † ၁၉၆၆

နှင့်

စက်တင်ဘာလ ၉ ရက် ၊

ဒေါ်ကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ ပါ ၁၁ (အယူခံတရားခံများ) *

တုံ့ကင်းငှါးရမ်းခ ကျန်ငွေ ရလိုကြောင်း တရားစွဲဆိုမှု—တရားလို၏ အဆိုလွှာပါ စွပ်စွဲချက်အား အတိ အလင်း ငြင်းဆိုထားခြင်း မရှိခြင်း—စွပ်စွဲချက်ကို ဝန်ခံသည်ဟု ယူဆရခြင်း—အစုစပ် လုပ်ကိုင်ရခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) —အစုရှင် တဦးသည်၊အစုစပ် လုပ်ငန်းမှ နုတ်သိမ်းလျှင် အများ ပြည်သူတို့ သိသာအောင် နုတ်သိမ်းကြောင်း ကျေညာရခြင်း—အစုစပ် လုပ်ကိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) ခြင်းချက်အပြင် လူတဦးသည်၊ အစုစပ် လုပ်ငန်းနှင့် ဆက်သွယ် လုပ်ကိုင်ရာ၌ အစုရှင်များအား မည်သူ မည်ဝါ ဖြစ်သည်ဟု မသိခြင်း—နုတ်ထွက်ပြီး ဖြစ်သည့် အစုရှင်များသည် အပြင်လူနှင့် ပတ်သက်၍ တာဝန်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားလို၏ အဆိုလွှာပါ စွပ်စွဲချက်အား အတိအလင်း ငြင်းဆိုထားခြင်း မရှိသဖြင့် အယူခံတရားခံ အမှတ် ၂ မှ ၇ နှင့် ၉ မှ ၁၁ တို့သည် အမှတ် ၁ အယူခံ တရားခံ အဖွဲ့၏ အစုရှင်များအဖြစ် ပါဝင်ခဲ့သည်ဟု ကောက်ယူရမည် ဖြစ်သည်။ သို့ရာတွင် အယူခံ တရားလို ကိုယ်တိုင်ကဂင်း၏ ထွက်ဆိုချက်၌ အမှတ် ၂ မှ ၆ အယူခံ တရားခံတို့သည်၊ အစုရှင်ဟောင်းများ ဖြစ်ကြကြောင်း ဝန်ခံဖော်ပြခဲ့သဖြင့်၊ တုံ့ကင်းငှါးရမ်းခကို ၎င်းတို့သည်၊ အစုစပ် လုပ်ငန်းမှ နုတ်ထွက်ပြီးသား ဖြစ်သည်ဟု ကောက်ယူရပေမည်။

ဦးလွန်းနှင့် ဦးချစ်လှိုင်၊ ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၁၁၁၊ (၁၂၁)ရည်ညွှန်းသည်။

အစုရှင်တဦးသည် အစုစပ် လုပ်ငန်းမှ နုတ်သိမ်းလျှင် အများပြည်သူတို့ သိသာအောင် နုတ်သိမ်းကြောင်း ကျေညာရမည်။ ယင်းသို့ မကျေညာလျှင် လုပ်ငန်း၏ ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိသည်ဟု အစုစပ် လုပ်ကိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) က ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ သို့ရာတွင် အစုစပ် လုပ်ကိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) ၏ ခြွင်းချက်ဘွင် အကယ်၍ အပြင်လူတဦးသည် အစုစပ် လုပ်ငန်းနှင့် ဆက်သွယ် လုပ်ကိုင်ရာ၌ အစုရှင်များအား မည်သူ မည်ဝါ

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၇၆။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၃၂ တွင်၊ ရန်ကုန်မြို့တော် တရားမရုံး ဒုတိယ တရားသူကြီး ရုံးတော်၏ ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့စွဲပါ ဒီကရီကို အယူခံဝင်မှု။

၁၉၆၆

ဦးမြင့်အောင်နှင့် ရေကြောင်းသယ်ယူဝို့ဆောင်ရေးအဖွဲ့. ပါဝင်း

ဖြစ်သည်ဟု မသိရှိပါက၊ နုတ်ထွက်ပြီး ဖြစ်သည်။ ထိုအစုရှင်များသည် ယင်းအပြင် လူနှင့် ပတ်သက်၍ တာဝန် မရှိကြောင်း ပြဋ္ဌာန်းထားသည်။

ဘိုင်ရွန်ကာ နှင့် လက်ရှမီးဆေးဆိုးလုပ်ငန်း၊ အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၀၊ ဘုံဘိုင်၊ ၄၄၉ ရည်ညွှန်းသည်။

အယူခံတရားလိုက ၎င်း၏ ထွက်ချက်၌ ကတိစာချုပ် ချုပ်ဆိုစဉ် အစုရှင်များမှာ မည်သူ မည်ဝါ ဖြစ်သည်ဟု မသိကြောင်း ဝန်ခံထားသည်။ ယင်းသို့ အစုရှင်များ ဖြစ်ကြောင်း မသိရှိဘဲ အစစပ်လုပ်ငန်းနှင့် ဆက်သွယ် လုပ်ကိုင်ခဲ့ခြင်း ဖြစ်၍၊ တုံ့ကင်း မဒ္ဒါးရမ်းမီကပင်၊ အစုစပ် လုပ်ငန်းမှ နုတ်ထွက်သွားပြီး ဖြစ်သည့် အယူခံ တရားခံ ၂၊ ၃၊ ၅ နှင့် ၆ တို့ အပေါ် ၎င်းတို့ နုတ်ထွက်ပြီးမှ တင်ရှိခဲ့သည့် အစုစပ် လုပ်ငန်း၏ ကြွေးမြီများကို ပေးဆပ် စေရန် တာဝန် မချနိုင်ပေ။

အယူခံတရားလိုအတွက်။ ။ဦးမြင့်စိုး။

အယူခံတရားခံအတွက်။ ။ဦးဘသန်း (၁) နှင့် ဦးခင်မောင် (၄)။

တရားသူကြီး ဦးသက်ဖေ။။ ။အယူခံတရားလိုက အယူခံ တရားခံတို့အပေါ်၊ ကုန်တင်သည့် တုံ့ကင်းအမှတ် ၂၅ ငွါးရမ်းခကျန်ငွေ ၃,၁၆၀ ကျပ် ရလိုကြောင်း တရားစွဲဆိုရာ၊ တရားစရိတ်နှင့်တကွ ပလပ်ခဲ့သည်၊ ရန်ကုန်မြို့ တရားမရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို မကျေနပ်သဖြင့်၊ အယူခံဝင်သော အမှုဖြစ်သည်။

အယူခံတရားလိုက၊ အမှတ် ၁ အယူခံတရားခံ ရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့မှာ၊ အစုစပ်လုပ်ငန်းတခုဖြစ်ပြီး၊ ကျန်အယူခံ တရားခံများမှာ၊ ထိုအစုစပ် လုပ်ငန်း၏ အစုရှင်များ ဖြစ်ကြကြောင်း၊ အမှတ် ၁ အယူခံတရားခံ အဖွဲ့အား၊ တုံ့ကင်းအမှတ် ၂၅ ကိုငွါးရမ်းခတလ ၂,၄၀၀ ကျပ် နှုန်းဖြင့်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ နေ့အထိ၊ စာချုပ်စာတမ်းနှင့် ငွါးရမ်းခဲ့ကြောင်း၊ သို့ရာတွင် ၁၉၆၁ ခုနှစ်၊ မေလတလလုံးနှင့် ဇွန်လ ၂၂ ရက်အတွက် ငွါးရမ်းခငွေ ၄,၁၆၀ ကျပ် ပေးရန် ပျက်ကွက်သဖြင့်၊ တုံ့ကင်းကိုပြန်ယူခဲ့ကြောင်း၊ အဆိုပါ ငွါးရမ်းခများအနက် ငွေ ၁,၀၀၀ ကျပ် သာရရှိခဲ့သဖြင့်၊ ကျန်ငွေ ၃,၁၆၀ ကိုပေးဆပ်ရန်တောင်းဆိုသော်လည်း၊ ငြင်းဆိုနေကြောင်း အဆိုပြုလာသည်။

အမှတ် ၁ အယူခံ တရားခံအဖွဲ့သည်၊ ရုံးတော်သို့ လာရောက်ထုချေခြင်း မပြုချေ။ အမှတ် ၂ မှ ၆ အယူခံ တရားခံတို့က၊ တုံ့ကင်းကိုငွါးရမ်းသည့် စာချုပ် ချုပ်ဆိုသောနေ့၌၊ မိမိတို့သည် အစုရှင်များ မဟုတ်တော့ကြောင်း၊ ၁၉၅၉ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့တွင်၊ အမှတ် ၂ နှင့် ၃ အယူခံတရားခံတို့သည် အမှတ် ၁ အယူခံတရားခံအဖွဲ့မှ နုတ်ထွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ နုတ်ထွက်ခဲ့သည်ကို၊ အယူခံ တရားလိုနှင့် သက်ဆိုင်သူများအား အကြောင်းကြားခဲ့ကြောင်း၊ အမှတ် ၄ မှ

၆ အယူခံ တရားခံတို့သည်၊ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် အစုရှင်များအား ဖြစ်မှန်တိတ်ထွက်ခဲ့ကြောင်း ထုချေကြသည်။ အမှတ် ၇ မှ ၁၁ အယူခံတရားခံတို့ကမူ တုံကင်းဌါးရမ်းသည်ဆိုသောကိစ္စမှာ မိမိတို့နှင့် မသက်ဆိုင်၍၊ မိမိတို့တွင် တာဝန် မရှိကြောင်း၊ အစုစပ်လုပ်ငန်းကို ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍၊ ဒေါ်မိဆိုသူက ဝယ်ယူခဲ့ပြီးဖြစ်၍၊ မိမိတို့အပေါ် တရားစွဲဆိုရန် အကြောင်းမပေါ် ပေါက်ကြောင်းငြင်းဆိုကြလေသည်။

အောက်ရုံးပညာရှိ တရားသူကြီးက၊ အမှတ် ၁ အယူခံတရားခံ အဖွဲ့သည် အယူခံတရားလိုထံမှ တုံကင်းအမှတ် ၂၅ ကို ကတိစာချုပ်ဖြင့် ဌါးရမ်းခဲ့သည်မှာ မှန်ကြောင်း။ သို့ရာတွင် ထိုကဲ့သို့ ဌါးရမ်းရာ၌၊ အယူခံတရားလိုသည် အမှတ် ၄ အယူခံတရားခံ ဦးထွန်းအေးကို ယုံကြည်မှုဖြင့် ဌါးရမ်းခဲ့ခြင်းသာ ဖြစ်ပြီး၊ အစုရှင်များကို ကိုယ်တိုင်သိရှိခဲ့ခြင်း မဟုတ်၍၊ အစုရှင်များ အပေါ် တာဝန်မချနိုင်ကြောင်း။ တုံကင်းဌါးသည့် ကတိစာချုပ် ချုပ်ဆိုစဉ် ဦးထွန်းအေးသည် အစုရှင်တဦးဖြစ်သည်ဟု မထင်ရှားသဖြင့်၊ အစုရှင်များအပေါ် တာဝန်ထားရှိရန် မဖြစ်နိုင်ကြောင်း အဆုံးအဖြတ်ပြုကာ၊ အယူခံတရားလို၏ အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင်၊ ပဌမအချက်အနေဖြင့်၊ ဝေဘန်ရမည်ဆိုသော်၊ အမှတ် ၁ အယူခံတရားခံအဖွဲ့သည် အောက်ရုံး၌ လာရောက်ခုခံချေပခြင်း မရှိသည်သာမက၊ တုံကင်း အမှတ် ၂၅ ကို ဌါးရမ်းခဲ့ကြောင်း တွေ့ရှိခဲ့ပါလျက်၊ ၎င်းအပေါ် ဒီကရီမချမှတ်တဲ့ အမှုကိုပလပ်ခဲ့သော အောက်ရုံး၏ အမိန့်သည် ပါစင်အောင် မှားယွင်း ချွတ်ချော်နေကြောင်းပေါ် လွင်သည်။

အယူခံ တရားလို၏ ပညာရှိရှေ့နေကြီးက၊ အမှတ် ၂ မှ ၆ အယူခံတရားခံတို့သည်၊ တုံကင်း ဌါးရမ်းသော ကတိစာချုပ် ချုပ်ဆိုစဉ်က၊ အစုစပ်လုပ်ငန်းတွင် အစုရှင်များ မဟုတ်ကြသော်လည်း၊ အစုရှင်များ အဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း လုပ်သားပြည်သူများ သိရှိအောင် ကျေညာခြင်း မပြုခဲ့သည့်အတွက်၊ အစုစပ်လုပ်ငန်း၏ ကြွေးမြီဘာဝန်သည် ၎င်းတို့အပေါ် ကျရောက်နေကြောင်း။ ၎င်းတို့သည် အစုစပ်လုပ်ငန်းမှ မည်သည့်နေ့ရက်တွင် နုတ်ထွက်ခဲ့သည်ဆိုသော သက်သေ အထောက်အထားမရှိသဖြင့်၊ တုံကင်း ဌါးရမ်းရန်ကတိစာချုပ် ချုပ်ဆိုသည့်နေ့တွင် ၎င်းတို့သည် အစုရှင်များအဖြစ် ရပ်တည်လျက်ရှိသည်ဟု ကောက်ယူသင့်ကြောင်း၊ အစုရှင်တဦးဖြစ်သူ အမှတ် ၄ အယူခံ တရားခံ ဦးထွန်းအေးက အစုစပ်လုပ်ငန်းအတွက် ကတိစာချုပ်တွင် လက်မှတ် ထိုးခဲ့သဖြင့် အစုရှင်အားလုံး တာဝန်ရှိသည်ဟု ဆုံးဖြတ်သင့်ကြောင်းတင်ပြလာသည်။

ယခုအမှုတွင် အမှတ် ၂ မှ ၇ နှင့် အမှတ် ၉ မှ ၁၁ အယူခံတရားခံတို့သည် အမှတ် ၁ အယူခံတရားခံ၏ အဖွဲ့ဝင် အစုရှင်များအဖြစ် ပါဝင်ခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ထုချေလွှာများတွင် အတိအလင်း ငြင်းကွယ်ခြင်း မပြုကြပေ။ အမှတ် ၈ အယူခံတရားခံမှာ မူလတရားခံ အမှတ် ၈ မဟုတ်၍၊ ဤအယူခံမှုဌာ၊ ၎င်းနှင့် ပတ်သက်၍ စဉ်းစားရန် မလိုတော့ပေ။ တရားမကျင့်ထုံး အမိန့် ၈၊ နည်းဥပဒေ ၅ အရ တရားခံ တဦးသည် (တရားလို၏ အဆိုလွှာပါ စွပ်စွဲချက်အား) အတိအလင်း ငြင်းဆိုရန် တာဝန်ရှိသည်။ ယင်းသို့ငြင်းဆိုခြင်း မပြုပါက၊ ထိုစွပ်စွဲချက်ကို ဝန်ခံသည်ဟု ယူဆရမည်ဖြစ်သည်။ **ဦးလွန်း နှင့် ဦးချစ်လှိုင်** (၁)။ ဤအမှုတွင်လည်း ထိုကဲ့သို့(အတိအလင်း ငြင်းဆိုထားခြင်း မရှိသဖြင့် အယူခံတရားခံ အမှတ် ၂ မှ ၇ နှင့် ၉ မှ ၁၁ တို့သည်၊ အမှတ် ၁ အယူခံ တရားခံအဖွဲ့၏ အစုရှင်များ အဖြစ်ပါဝင်ခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်)။ ၎င်းတို့သည် အစုစပ် လုပ်ငန်းမှ မည်သည့်နေ့တွင် နုတ်ထွက်ခဲ့သည်ဆိုသော အချက်နှင့် ပတ်သက်၍၊ အယူခံတရားခံ အမှတ် ၂ မှ ၆ တို့၏ ထုချေလွှာပါ ဖေါ်ပြချက်သာရှိပြီး သက်သေအထောက်အထားမရှိသည်မှန်၏။ (သို့ရာတွင်၊ အယူခံ တရားလို ကိုယ်တိုင်က ၎င်း၏ထွက်ဆိုချက်၌၊ အမှတ် ၂ မှ ၆ အယူခံတရားခံတို့သည်၊ အစုရှင်ဟောင်းများ ဖြစ်ကြကြောင်း ဝန်ခံဖေါ်ပြခဲ့သဖြင့်၊ တုံကင်းငှါးရမ်းချိန်၌ ၎င်းတို့သည် အစုစပ် လုပ်ငန်းမှ နုတ်ထွက်ပြီးသား ဖြစ်သည်ဟု ကောက်ယူရပေမည်)။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက၊ အမှတ် ၂ မှ ၆ အယူခံတရားလို တို့သည်၊ တုံကင်းငှါးရမ်းသည့် ကတိစာချုပ် ချုပ်ဆိုစဉ်က၊ အစုစပ်လုပ်ငန်းမှ နုတ်ထွက်ထားပြီး ဖြစ်စေကာမူ၊ ၎င်းတို့သည် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ကြောင်းအမှား ပြည်သူတို့ သိရှိအောင် ကျေညာခဲ့ခြင်း မရှိသဖြင့် အစုစပ်လုပ်ကိုင်ခြင်း အက်ဥပဒေပုဒ်မ ၃၂ (၃) အရ၊ အစုစပ်လုပ်ငန်း၏ ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိသည်ဟုတင်ပြလာသည်။

အစုစပ်လုပ်ငန်းဆိုသည်မှာ တဦးထက်ပိုသော လူအများက၊ ၎င်းတို့အားလုံး သဘောတူညီကြသည့်အတိုင်း ကိစ္စတရပ်ရပ်ကို ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်။ သာမန်အားဖြင့် အစုရှင်များသည်၊ အစုစပ်လုပ်ငန်းမှ ထွက်ပေါ်လာမည့် အကျိုးအမြတ်ကို ညီတူညီမျှ ခစားကြရမည် ဖြစ်ပြီး၊ ဆုံးရှုံးမှုကို အချိုးကျစိုက်ထုတ်ရမည်ဖြစ်သည်။ အစုရှင် အားလုံး သဘောတူပါက၊ နောက်ထပ် အစုရှင်ကိုလည်း လက်ခံနိုင်သည်။ လက်ရှိအစုရှင်ကိုလည်း နုတ်ထွက်ခွင့် ပြုနိုင်သည်။ သို့ဖြစ်ရာအစုစပ်

(၁) ၁၉၄၁၊ ရန်ကုန်စီရင်ထုံး ၁၀၁ (၁၂၁)။

လုပ်ငန်းနှင့် ဆက်သွယ်သည့်အပြင် လူအနေဖြင့်၊ လက်ရှိအစုရှင်ကို နုတ်ထွက်ခွင့် ပေးသည်။ သို့တည်းမဟုတ်၊ အစုရှင် အသစ်ကို လက်ခံခဲ့သည်ဆိုသော ကိစ္စအား သိရှိနိုင်ရန်လွယ်ကူမည် မဟုတ်ပေ။ အကယ်၍ အစုရှင်တဦးသည်၊ တိတ်တဆိတ် နုတ်ထွက်ခဲ့ပြီး၊ ထိုကဲ့သို့ နုတ်ထွက်ခဲ့သော အကြောင်းကြောင့်၊ အစုစပ် လုပ်ငန်းတွင် တင်ရှိသည့် ကြွေးမြီများကို၊ ပေးဆပ်ရန် တာဝန်မရှိဟု တင်ပြခွင့်ပြုလျှင်၊ အပြင်လူများအနေဖြင့်၊ ထိုအစုစပ်လုပ်ငန်းနှင့် ဆက်သွယ်ပြီး အလုပ်လုပ်ကိုင်ဝံ့လိမ့်မည် မဟုတ်ပေ။ စိတ်ချလက်ချ ဆက်သွယ်မည် မဟုတ်တော့ပေ။ ထို့ကြောင့် (အစုရှင် တဦးသည်၊ အစုစပ်လုပ်ငန်းမှ နုတ်သိမ်းလျှင်၊ အများပြည်သူတို့သိသာအောင် နုတ်သိမ်းကြောင်း ကျေညာရမည်။ ယင်းသို့မကျေညာလျှင် လုပ်ငန်း၏ ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိသည်ဟု အစုစပ် လုပ်ကိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) က ပြဋ္ဌာန်းထားခြင်းဖြစ်သည်။)

ယခုအမှုတွင်၊ အမှတ် ၂ မှ ၆ အယူခံတရားခံတို့သည်၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ နုတ်ထွက်ကြောင်း၊ လုပ်သားပြည်သူတို့ သိရှိအောင် ကျေညာခဲ့သည်ဆိုသော ထုခေျချက်မှာ သက်သေ အထောက်အထား မရှိပေ။ သို့ဖြစ်ရာ သာမန်အားဖြင့်ဆိုလျှင်၊ ၎င်းတို့သည်၊ ၎င်းတို့ နုတ်ထွက်ခဲ့သည့် အစုစပ်လုပ်ငန်း၏ ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိနေသည်။ (သို့ရာတွင်၊ အစုစပ်လုပ်ကိုင်ခြင်း အက်ဥပဒေပုဒ်မ ၃၂ (၃) ၏ ခြွင်းချက်တွင် အကယ်၍ အပြင်လူတဦးသည်၊ အစုစပ်လုပ်ငန်းနှင့်ဆက်သွယ်လုပ်ကိုင်ရာ၌၊ အစုရှင်များအား မည်သူမည်ဝါဖြစ်သည်ဟု မသိရှိပါက၊ နုတ်ထွက်ပြီးဖြစ်သည်၊ ထိုအစုရှင်များသည် ယင်းအပြင်လူနှင့် ပတ်သက်၍၊ တာဝန်မရှိကြောင်း ပြဋ္ဌာန်းထားသည်။) တနည်းဆိုသော် အစုရှင်တဦးဦး နုတ်ထွက်ပြီးသည့်နောက်ပိုင်း၌ တင်ရှိသော ကြွေးမြီနှင့် ပတ်သက်၍၊ မြို့ရှင်ကထိုကဲ့သို့ နုတ်ထွက်ပြီးဖြစ်သူအား၊ အစုစပ်လုပ်ငန်း၏ အစုရှင်ဖြစ်သည်ဟု မသိရှိပါက၊ ထို အစုရှင်သည် အဆိုပါ ကြွေးမြီအတွက် ပေးဆပ်ရန် တာဝန်မရှိပေ။ မြို့ရှင်က အစုရှင်ဖြစ်ကြောင်းသိရှိသူအပေါ်၌သာ တာဝန်ရှိပေသည်။ **ဘိုင်ရွန်ကာ** နှင့် **လက်ရှိမီး ဆေးဆိုး လုပ်ငန်း** (၂)။

(အယူခံတရားလိုက ၎င်း၏ ထွက်ချက်၌ ကတိစာချုပ် ချုပ်ဆိုစဉ်၊ အစုရှင်များမှာ မည်သူမည်ဝါ ဖြစ်ကြသည်ဟု မသိကြောင်း ဝန်ခံထားသည်)။ အယူခံတရားခံအမှတ် ၄ ဦးထွန်းအေးမှအပ၊ ကျန်အယူခံ တရားခံများကို၊ အယူခံတရားလိုသည်အစုရှင်များ ဖြစ်သည်ဟု သိရှိပုံမပေါ်ပေ။ (ယင်းသို့ အစုရှင်များ ဖြစ်ကြောင်း မသိရှိဘဲ၊ အစုစပ် လုပ်ငန်းနှင့် ဆက်သွယ်လုပ်ကိုင်ခဲ့ခြင်းဖြစ်၍ တုံ့ကင်းမဌားရမ်းမီ

(၂) အေ၊အိုင်၊ အာ(ရှ်)၊ ၁၉၃၀၊ ဘုံဘိုင်၊ ၄၄၉။

ကပင်၊ အစုစပ်လုပ်ငန်းမှ နုတ်ထွက်သွားပြီးဖြစ်သည့်၊ အယူခံတရားခံ ၂၊ ၃၊ ၅ နှင့် ၆ တို့အပေါ်၊ ၎င်းတို့နုတ်ထွက်ပြီးမှ တင်ရှိခဲ့သည့် အစုစပ်လုပ်ငန်း၏ ကြွေးမြီ များကို ပေးဆပ်စေရန် တာဝန်မခံနိုင်ပေ။) အမှတ် ၄ အယူခံတရားခံ ဦးထွန်းအေး မှာမူ၊ တုံကင်းငှါးသော စာချုပ်ကို၊ ကိုယ်တိုင်ချုပ်ဆိုခဲ့သည့် အလျောက်၊ အယူခံ တရားလိုက ၎င်းအား အစုစပ်လုပ်ငန်း၏ အစုရှင်တဦး ဖြစ်ကြောင်း သိရှိသည် ဆိုခြင်းမှာ ယုံမှားဘွယ် မရှိနိုင်ပေ။ ထို့ကြောင့်၊ ဦးထွန်းအေး အနေဖြင့် ၎င်းသည် အစုစပ်လုပ်ငန်း၏ ကြွေးမြီကို အစုစပ်လုပ်ကိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) အရ ပေးဆပ်ရန် တာဝန်ရှိလေသည်။

ကျန်အယူခံ တရားခံများ ဖြစ်ကြသည့် မညွန့်ညွန့်စိန်၊ မအမာ၊ ကိုစိုးသိန်း နှင့် ကိုဘိုနီတို့သည်၊ တုံကင်းငှါးရမ်းသော အချိန်၌၊ အစုစပ် လုပ်ငန်း၏ အစုရှင်များ ဖြစ်ကြသည်ဆိုခြင်းကို မငြင်းနိုင်။ ထိုတုံကင်း ငှါးရမ်းခနှင့် ပတ်သက်၍၊ ၎င်းတို့ အပေါ် တာဝန်မရှိ ဆိုသော တင်ပြချက်နှင့် ပတ်သက်၍ သက်သေ အထောက် အထား လုံးဝမရှိပေ။ အစုစပ် လုပ်ငန်း ကိုယ်စား အမှတ် ၄ အယူခံတရားခံ ဦးထွန်းအေးက၊ တုံကင်းကို အယူခံ တရားလိုထံမှ ငှါးရမ်းခဲ့ကြောင်း သက်သေ ထင်ရှားနေသဖြင့်၊ ငှါးရမ်းခများကို ၎င်းတို့သည်၊ အစုစပ် လုပ်ငန်း၏ အစုရှင်များ အနေနှင့် ပေးဆပ်ရန် တာဝန်ရှိသည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး၊ အယူခံတရားလို (မူလရုံးတရားလို) စွဲဆိုသော အမှုကို အယူခံ တရားခံ (မူလရုံးတရားခံ) အမှတ် ၁၊၄၊၇၊၉၊၁၀၊၁၁ တို့အပေါ် နှစ်ရုံးစလုံး တရား စရိတ်များနှင့်တကွ ဒီကရီချပေးလိုက်သည်။ ကျန်အယူခံတရားခံ (မူလရုံးတရားခံ) အမှတ် ၂၊၃၊၅၊၆ နှင့် ၈ တို့အပေါ်တွင်မူ၊ စွဲဆိုသောအမှုကို ပလပ်ရန် အမိန့်ချမှတ် ခဲ့သော အောက်ရုံး၏ စီရင်ချက်ကို အတည်ပြုလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ဦးသောင်းညွန့် (အယူခံတရားလို)

နှင့်

ဦးကျင်အေး (အယူခံတရားခံ)*

† ၁၉၆၆ စက်တင်ဘာလ ၂ ရက်

စပ်တူလုပ်ငန်းအတွက် ရရန်ရှိသည့်ငွေကို ရလိုကြောင်း တရားစွဲဆိုမှု—စာရင်းရှင်းပြီးကြောင်း ပေါ်လွင်ခြင်းမရှိခြင်း—ဥပဒေ အရ၊ တရားစွဲဆိုရန် အခွင့်အရေး ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။နှစ်ဦးနှစ်ဖက် ကြေကြေ လည်လည် အပေးအယူနှင့် ပတ်သက်၍ စာရင်းရှင်းပြီးကြောင်း ပေါ်လွင်ခြင်း မရှိသဖြင့်၊ တရားလိုသည် ၎င်းတင်သွင်းခဲ့သည့် စာရင်း အပေါ် မူတည်၍ ဥပဒေအရ တရားစွဲဆိုရန် အခွင့်အရေး မရှိ။

မောင်ချစ်ဦးနှင့် မောင်ပြား၊ ၁၉၂၈ ခု၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၆၊ စာ ၅၃၈။ ဦးထွန်းအေးနှင့် ဦးထွန်းမောင် ပါ ၂၊ ၁၉၆၂ ခုနှစ်၊ ဘီ၊ အယ် (လ်)၊ အာ (ရ်)၊ စာ ၅၂၆ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးကိုကိုကြီး (၃)။

အယူခံတရားခံအတွက်။ ။ဦးမောင်မောင်ကြီး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာဒိုက်ဦးမြို့နယ်တရားမရုံး၊၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁ တွင်၊ အယူခံတရားလိုဖြစ်သူ မောင်သောင်းညွန့်က၊အယူခံတရားခံဖြစ်သူ ကိုကျင်အေးအပေါ် စပ်တူလုပ်ငန်းအတွက်ရရန်ရှိသည့် ငွေ ၇၆၅ ကျပ် ၇၀ ပြားကို ရလိုကြောင်းဖြင့်၊ တရားစွဲဆိုခဲ့ရာ၊ ရုံးတော်မှ စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်လေသည်။ တရားခံဖြစ်သူ ကိုကျင်အေးက မကျေနပ်၍၊ ပဲခူးမြို့၊

---

* ၁၉၆၅ ခုနှစ် ၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၃၅ ။

+ ၁၉၆၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၃၁ တွင်၊ ဒိုက်ဦးမြို့ ၊ မြို့နယ်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု ။

ခရိုင်တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂ တွင်၊အယူခံဝင်ရောက်ခဲ့ရာ၊ ခရိုင်တရားမတရားသူကြီးက၊ အောက်ရုံးက ချမှတ်ထားသည့်စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍၊ အယူခံတရားလို စွဲဆိုသည့်အမှုကိုစရိတ်နှင့်တကွပလပ်လိုက်သောကြောင့်၊ အယူခံတရားလိုက ယခုဒုတိယအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

တရားလိုဖြစ်သူအယူခံတရားလို၏အဆိုလွှာအရ၊ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင်၊ ၎င်းနှင့် တရားခံဖြစ်သူ ကိုကျင်အေးတို့သည်မြေပဲစပ်တူ ကုန်ကူးရန် အတွက် ဒေပေါင်း ၁၂,၉၅၂ ကျပ် ၅၀ ပြားကို အညီအမျှ မတည်၍၊ အမြတ်ကို တဝက်စီခွဲဝေယူရန်ကတိပြုလုပ်ပြီး၊ မြေပဲအရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊ ထိုစပ်တူ လုပ်ငန်းနှင့် ပတ်သက်၍၊ ၁၀ လခန့်အကြာ ၁၃၂၃ ခုနှစ်၊ ဝါဆိုလတွင်စာရင်းရှင်းသောအခါ၊ ၎င်းကအယူခံတရားခံကိုကျင်အေးထံမှ ဒေပေါင်း ၇၆၅ ကျပ် ၇၀ ပြား ရရန်ရှိရာ၊ ထိုငွေကို အကြိမ်ကြိမ်တောင်းခံသော်လည်း၊ မရရှိသဖြင့် တရားစွဲဆို ရပါသည်ဟု အဆိုရှိသည်။

တရားခံဖြစ်သူ အယူခံတရားခံ ကိုကျင်အေးက၊ အယူခံတရားလိုနှင့် မြေပဲစပ်တူ လုပ်သည်ဆိုခြင်းကို ငြင်းဆို၍၊ စာရင်းမျှားကို ရှင်းလင်းပေးခြင်း မရှိခဲ့ကြောင်း၊ မိမိကသာ အယူခံတရားလိုထံတွင် သူတဦးအတွက် မြေပဲအနည်းငယ် အကြွေးဝယ်ယူ ပေးခဲ့ကြောင်း၊ ထိုငွေကို ပြန်လည်၍ ပေးဆပ်ခဲ့ပြီးဖြစ်၍၊ တရားလိုသို့ ငွေပေးရန် တစုံတရာမရှိပါဟု ချေပလေသည်။ ထို့အတွက် မူလရုံးမှ ၎င်း၏စီရင်ချက်တွင် ပြဆို ထားသည့်အတိုင်း၊ အမှုတွင် ကောက်ချက် ၅ ချက် ထုတ်နုတ်၍ စစ်ဆေးခဲ့ရာ၊ ပဌမကောက်ချက်နှင့် ပတ်သက်၍ တရားလိုနှင့် တရားခံတို့သည်မြေပဲအရောင်းအဝယ် စပ်တူလုပ်ကြသည်ဆိုခြင်းမှာမှန်သည်ဟု ဆုံးဖြတ်ပြီး၊ အခြားကောက်ချက်များနှင့် ပတ်သက်၍မူ၊ တရားအတွက် အသာပေးဖြေဆိုခဲ့သည့်အတိုင်း၊ အမှုကိုစရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်ခြင်း ဖြစ်လေသည်။ အယူခံဝင်သောအခါမူ၊ ခရိုင်တရားမတရားသူကြီးက၊ တရားလိုနှင့် တရားခံတို့၏ အမှုအသွားအလာအရ၊ မြေပဲစပ်တူအရောင်းအဝယ်လုပ်ကိုင်ခြင်းမှာ မှန်ကန်သည်ဟု အောက်ရုံးနှင့် ၎ကဘာတူညီယူဆခဲ့သော်လည်း၊ ထိုစပ်တူလုပ်ငန်းကို ဖျက်သိမ်းပြီး ဖြစ်သည်ဟုငင်း၊ မြေပဲအရောင်းအဝယ်စပ်တူလုပ်ငန်းနှင့် ပတ်သက်၍ စာရင်းမျှား နှစ်ဦးနှစ်ဘက်ကြေလည်စွာ ရှင်းလင်းပြီးကြောင်း အထောက်အထားမရှိ၊ လုပ်ငန်းအတွက် အကြွေးများကိုပင်ရရန်ကျန်ရှိနေသေးကြောင်း တွေ့ရှိရသဖြင့်၊ တရားလိုသည်ယခုအမှုကိုတရားမကျင့်ထုံးအမိန့် ၂၀၊ နည်း၁၂ပဒေ ၁၅ အရ၊ အစုစပ်လုပ်ငန်း ဖျက်သိမ်းရန်နှင့် ထိုလုပ်ငန်း၏စာရင်းမျှားရှင်းလင်းပေးရန်သာ တရားစွဲဆိုရန်ရှိသည်၊ ယခုကဲ့သို့ ဥပဒေအရ တရားစွဲဆိုနိုင်ခွင့် မရှိဟုဆိုပြီး၊ တရားလို၏ အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်းဖြစ်သည်။

ယခုအယူခံတင်သွင်းရာဝယ်၊ အယူခံတရားလိုက အမှုကို တရားစွဲဆိုသည်မှာ၊ ကုန်ဖက်စပ်လုပ်ငန်း လုပ်ကိုင်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သော်လည်း၊ ကုန်ဖက်စပ်လုပ်ငန်းမှာ ပြီးဆုံး၍၊ စာရင်းရှင်းပြီးနောက် ရရန်ရှိသောငွေကို တရားစွဲဆိုခြင်းသာ ဖြစ်သဖြင့်၊ယခုအမှုမှာကုန်ဖက်စပ်အက်ဥပဒေနှင့် အကျုံးမဝင်ရကား၊ အောက်အယူခံရုံးမှတရားမကျင့်ထုံးအမိန့် ၂၀၊ နည်း၁ဥပဒေ ၁၅ ပါ ပြဋ္ဌာန်းချက်များအရ၊ အမှုကို စွဲဆိုရန်သာရှိသည်ဟုဆိုပြီး၊အမှုကိုပလပ်လိုက်ခြင်းမှာ၊ဥပဒေအရ မှားယွင်းချတ်ချေါ်နေပါသဖြင့်၊ ပယ်ဖျက်သင့်ပါသည်ဟု ပြဆိုလေသည်။

ယခုအမှုနှင့် ပတ်သက်၍ မူလရုံးနှင့် အောက်အယူခံရုံးများမှ၊ တရားလိုနှင့် တရားခံတို့သည် မြေပဲအဆောင်းအဝယ်လုပ်ငန်းကို စပ်တူဖက်စပ်လုပ်ကိုင်ခဲ့ကြောင်း သဘောတူညီဆုံးဖြတ်ခဲ့သဖြင့်၊ တရားလို ပြဆိုသည့်အတိုင်း၊ ၎င်းနှင့် တရားခံဖြစ်သူ ကိုကျင်အေးတို့သည် မြေပဲစပ်တူလုပ်ကိုင်ခဲ့ကြောင်းမှာ မှန်ကန်သည်ဟု လက်ခံရမည် ဖြစ်ပေသည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်းကို ပြီးဆုံးတိုင်ဖျက်သိမ်းပြီးဖြစ်ကြောင်းကို၊ အယူခံတရားလိုက လုံလောက်သော အထောက်အထား ပြဆိုနိုင်ခြင်း မရှိချေ။ တရားလိုဖြစ်သူ အယူခံတရားလိုက၊ ယခုအမှုတွင် ကိုးကားသည်မှာ၊ ၎င်းဖက်စပ်လုပ်ငန်းအတွက်၊ တရားခံဖြစ်သူနှင့်စာရင်းရှင်းလင်းပြီးဖြစ်၍၊ ထိုသို့စာရင်းရှင်းလင်းသည့်မှတ်တမ်း (သက်သေခံ-က) ကို တင်သွင်းပြီး၊ ၎င်း (သက်သေခံ-က) အရ၊ ငွေ ၇၆၅ ကျပ် ၇၀ ပြားကို မိမိရရန်ရှိသည့်အတိုင်းတရားစွဲဆိုခဲ့ခြင်းဖြစ်သောကြောင့်၊ ယခုအမှုကို စွဲဆိုသည့်အတိုင်း၊ဥပဒေတားမြစ်ချက်မရှိသဖြင့်၊တောင်းဆိုသည့်သက်သာခွင့်ကို ရထိုက်ပါသည်ဟု ဆိုလိုသည်။

အထက်က ပြဆိုခဲ့သည့်အတိုင်း၊ တရားလိုနှင့် တရားခံတို့သည်မြေပဲစပ်တူလုပ်ကိုင်ခဲ့သည်မှာ မှန်ကန်ကြောင်းကို လက်ခံပြီးဖြစ်ရကား၊ ထိုစပ်တူလုပ်ငန်းကိုဖျက်သိမ်း၍၊ နှစ်ဦးနှစ်ဘက် အကြေအလည် စာရင်းရှင်းလင်းပြီးခဲ့ကြောင်း ပြဆိုရန်တာဝန်မှာ၊ တရားလိုအပေါ်တွင် ကျရောက်ပေသည်။ စာရင်းရှင်းလင်းသည်နှင့် ပတ်သက်၍ တရားလို၏ အစစ်ခံချက်ကို ကြည့်ရှုမူ၊ ၎င်းက (သက်သေခံ-က) စာရင်းအရ၊ နှစ်ဦးသဘောတူ စာရင်းရှင်းကြောင်း၊ သို့သော် စာရင်းရှင်းစဉ်အခါတွင် သက်သေ တဦးတယောက်မျှမရှိ။ ထိုစာရင်းကို တရားခံဖြစ်သူအား လက်မှတ်ထိုးပေးရန်ပြောသော်လည်း၊ တရားခံက လက်မှတ်မထိုးဘဲ၊ ကူးယူသွားပါဟု ပြောသဖြင့်၊ မိမိကကူးယူခဲ့ရပါသည်ဟု ထွက်ဆိုလေသည်။ တဖန် စာရင်းရှင်းသည်နှင့်ပတ်သက်၍၊ တရားခံဖြစ်သူ ကိုကျင်အေးက တရားလို မောင်သောင်းညွှန့်ကရုံးတွင် တင်ထားသည့်စာရင်းမှာ၊ ကျွန်တော်နှင့် ရှင်းသည့်စာရင်းမဟုတ်၊ ကျွန်တော်က လက်မှတ်လည်း မထိုးပေးပါ။ သိလည်းမသိပါဟု အတိအလင်း ငြင်းဆိုခဲ့သည်။ သို့ဖြစ်ရကား၊ စာရင်းရှင်း

သည်နှင့် ပတ်သက်၍၊ တရားလိုဖြစ်သူ အယူခံတရားလို၏ ထွက်ချက်တခုတည်း သာရှိ၍၊ မည်သည့်အထောက်အထားမျှ မရှိပေ။ (သက်သေခံ-က) စာရင်း မှာလည်း၊ တရားခံပြဆိုသကဲ့သို့၊ ၎င်း၏လက်မှတ် မရှိသည့်အပြင်၊ တရားလို ကိုယ်တိုင်ကပင်၊ ထိုစာရင်းကို မိမိကူးယူခဲ့ခြင်းသာ ဖြစ်သည်ဟု ထွက်ဆိုထားသဖြင့် မြေပဲအရောင်းအဝယ်စပ်တူလုပ်ငန်းနှင့် ပတ်သက်၍၊ နှစ်ဦးနှစ်ဘက် အပေးအယူ များနှင့် စပ်လျဉ်း၍၊ ကြေကြေလည်လည် ရှင်းလင်းပြီးကြောင်း လုံလောက်သော အထောက်အထား မတွေ့ရပေ။ သို့ဖြစ်ရကား၊ ယခင် တရားလွှတ်တော်မှ ဆုံးဖြတ် ခဲ့သည့် **မောင်ချစ်ဦး** နှင့် **မောင်ပြား** (၁) ၏ စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း စာရင်းများကို အကြေအလည် ရှင်းလင်းခဲ့သည်၊ ထိုစာရင်းအရ ပေးရန်ရှိသော ငွေများနှင့် ပတ်သက်၍၊ တရားခံက ဝန်ခံခြင်းရှိပါမူ၊ တရားလိုဖြစ်သူသည် စာရင်း ရှင်းတမ်းအပေါ် မူတည်၍၊ တရားစွဲဆိုနိုင်မည်ဖြစ်ကြောင်းပြဆိုထားရာ၊ ယခုအမှုတွင်မူ၊ ထိုကဲ့သို့ နှစ်ဦးနှစ်ဘက် ကြေကြေလည်လည် အပေးအယူနှင့် ပတ်သက်၍၊ စာရင်း ရှင်းပြီးကြောင်း ပေါ်လွင်ခြင်း မရှိသဖြင့်၊ တရားလိုသည် ၎င်းတင်သွင်းခဲ့သည့် (သက်သေခံ-က) စာရင်းအပေါ် မူတည်၍၊ တရားစွဲဆိုနိုင်ရန် အခွင့်အရေးမရှိပေ။

အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီးက၊ ယခု အမှုတွင် သက်သေခံချက်များကို လေ့လာသည့်အခါ၊ မြေပဲစပ်တူလုပ်ငန်းအတွက်၊ တရားလိုနှင့် တရားခံတို့သည် စာရင်းရှင်းကြောင်းနှင့်ပတ်သက်၍၊ တရားလို၏ထွက်ဆို ချက်မှအပ၊ အခြားထောက်ခံသည့် သက်သေမရှိကြောင်း ဝန်ခံလေသည်။ သို့ဖြစ် ရကား၊ ထိုစာရင်းရှင်းလင်းချက်မှာ **ဦးထွန်းအေး**နှင့် **ဦးထွန်းမောင်** ပါ ၂ (၂) စီရင်ထုံးတွင် ပြဆိုချက်များနှင့်လည်း လျော်ညီခြင်း မရှိကြောင်းကို တွေ့ရှိရသဖြင့်၊ ယခုအမှုတွင် တရားလိုသည် (သက်သေခံ-က) အပေါ် မူတည်၍၊ ဥပဒေအရ တရား စွဲဆိုရန် အခွင့်အရေး မရှိကြောင်းမှာ ထင်ရှားပေသည်။ ထို့ကြောင့် အောက်အယူခံ ရုံးမှ ချမှတ်ခဲ့သည့်အမိန့်မှာ ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ်သည်ဟု မဆိုနိုင်၊ တရားလိုသည် ယခုအမှုကို ၎င်းစွဲဆိုသည့်အတိုင်း ဥပဒေအရ တရားစွဲဆိုရန် အခွင့် အရေးမရှိကြောင်း ထင်ရှားနေရကား၊ ယခုအယူခံမှုကို ခွင့်ပြုနိုင်ရန် အကြောင်း မရှိသောကြောင့်၊ ပလပ်ရမည်သာဖြစ်သည်။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက် သည်။

---

(၁) ၁၉၂၈၊ ရန်ကုန်စီရင်ထုံး၊ အတွဲ (၆)၊ စာ ၅၃၀။
(၂) ၁၉၆၂ ခုနှစ်၊ ဘီ၊အယ်(လ်)၊ အာ(ရ်)၊ စာ ၅၂၆။

နိုင်ငံတော် တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဦးအုံးမောင် (အယူခံတရားလို) † ၁၉၆၆ စက်တင်ဘာလ ၃၀ ရက်။

နှင့်

ဒေါ် သန်းညွှန့် (အယူခံတရားခံ)•

အိမ်နှင့်ခြေမှ ထွက်ခွါသွားစေရန် တရားစွဲဆိုခြင်း—အရောင်းစာချုပ် ပျောက်ဆုံးသွားခြင်း—သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၅ —နှုတ်သက်သေ တင်ပြ နိုင်ခွင့် ရှိခြင်း—မူလရုံး၌ ကန့်ကွက်ခြင်းမရှိခြင်း—အယူခံရုံး၌ ထပ်မံပြောဆိုရန် အခွင့်အရေး ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အရောင်းစာချုပ်မှာ ပျောက်ဆုံးသွားသည့်ပြင် ထန်းတပင်မှ မှတ်ပုံတင်ရုံးမှ မှတ်ပုံတင် စာအုပ်များမှာလည်း ကရင် သောင်းကျန်း သူများက ဖျက်ဆီးလိုက်၍ မိတ္တူကူးပြီး တင်ပြခြင်းမပြုနိုင်သည့် အလျောက် အရောင်းအဝယ် ပြုလုပ်ခဲ့ကြောင်းကို သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၅ အရ၊ နှုတ်သက်သေ တင်ပြ နိုင်ခွင့် ရှိပေသည်။ ထိုကဲ့သို့ နှုတ်သက်သေ တင်ပြချက်နှင့် ပတ်သက်၍ မူလ ရုံး၌ အယူခံ တရားလိုသည် ကန့်ကွက်ခဲ့ခြင်း မရှိသဖြင့် အယူခံရုံး၌ ၎င်းသည် ထိုကိစ္စကို ထပ်မံပြောဆိုရန် အခွင့်အရေး မရှိ။

မသဲနု နှင့် မောင်နီတာ၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၂၅၊ ရန်ကုန်စီရင်ထုံး ၁၁၃၊ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့်။

အယူခံတရားခံအတွက်။ ။ဦးခင်မောင် (၄)။

တရားသူကြီး ဦးသက်ဖေ။ ။ဤအယူခံမှုကို ၁၉၆၅ ခုနှစ်၊တရားမဒုတိယ အယူခံမှု အမှတ် ၃၂ နှင့်အတူ နှစ်ဘက် ပညာရှိရှေ့နေကြီးတို့၏ သဘောတူညီချက်အရ ကြားနာခဲ့သည့်အလျောက်၊ ဤစီရင်ချက်သည် ထိုအမှု နှစ်မှုစလုံး၏ စီရင်ချက် ဖြစ်သည်ဟု မှတ်ယူရမည်။

• ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၂၉။

† ၁၉၆၅ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၃ တွင် ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့စွဲပါ၊ တောင်ငူမြို့၊ ခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံတရားလို ဦးအုံးမောင်သည် ကွယ်လွန်သူ ဒေါ်ညိမ်း၏ ဒုတိယ ယောကျ်ား ဖြစ်သည်။ ဒေါ်ညိမ်း၏ ပဌမ ယောကျ်ားမှာ ဦးရွှေဖိုးဖြစ်ပြီး၊ ဦးရွှေဖိုးနှင့် သားသမီး ၇ ယောက် ထွန်းကားသည်။ သားသမီးများအနက် အကြီးဆုံးမှာ ဒေါ်သိန်းချစ် ဖြစ်သည်။ ဒေါ်သိန်းချစ်သည် ၁၉၂၄ ခုနှစ်၊ တပို့တွဲလအတွင်းက သေဆုံးခဲ့သည်။ ကျန်သားသမီးများမှာလည်း အယူခံတရားခံ ဒေါ်သန်းညွှန့်မှအပ အားလုံးကွယ်လွန်ကြပြီး ဖြစ်သည်။

တောင်ငူခရိုင် ထန်းတပင်မြို့ရှိ အခင်းဖြစ်မြေကိုလွန်ခဲ့သည့် အနှစ် ၃၀ ကျော်ခန့်က ဒေါ်သိန်းချစ်သည် မူလပိုင်ရှင် ဦးဘိုးလှနှင့် သမီးများ ဖြစ်ကြသည့် ဒေါ်ဖူးမေနှင့် ဒေါ်လုံးတို့ထံမှ အတိုင်ငွေ ၃၅၀ ကျပ်ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီးဝယ်ယူခဲ့သည်။ ထိုကဲ့သို့ မြေကိုဝယ်စဉ်က ဒေါ်သိန်းချစ်မှာ သစ်ကုန်သည် ဦးတူဆိုသူနှင့် အကြောင်းပါလျက် ငွေကြေးချောင်လည်လျက် ရှိသည်။ မိခင် ဒေါ်ညိမ်းမှာ မုဆိုးမဘဝနှင့် ကလေး ၆ ယောက်ကို ရှာဖွေ ကျွေးမွေးနေရသဖြင့် ဆင်းဆင်းရဲရဲ အိမ်ငှါးပြီးနေရဟန် လက္ခဏာရှိသည်။ ဒေါ်သိန်းချစ်သည် မြေဝယ်ပြီးနောက် မြေပေါ်တွင် အိမ်တဆောင် ဆောက်ပြီး မိခင်နှင့် မောင်ညီမများကို နေထိုင်ခဲ့စေ၏။

ယင်းသို့ နေထိုင်လာပြီးနောက်၊ ဒေါ်ညိမ်းသည် အယူခံတရားလို ဦးအုံးမောင်နှင့် အကြောင်းပါကာ၊ ထိုအိမ်ပေါ်၌ပင် ဆက်လက် နေထိုင်ခဲ့သည်။ ဒေါ်သိန်းချစ်သည် လွန်ခဲ့သည့် အနှစ် ၂၀ လောက်က ထိုအိမ်ပေါ်၌ပင် သေဆုံးခဲ့၏။ ဒေါ်သိန်းချစ် သေဆုံးပြီးနောက် အယူခံတရားခံက မိခင်ဖြစ်သူ ဒေါ်ညိမ်းနှင့် ပထွေး ဦးအုံးမောင် တို့အား ထိုအိမ်နှင့် မြေပေါ်၌ ဆက်လက်နေထိုင်ခွင့် ပြုခဲ့လေသည်။ ဒေါ်ညိမ်း ကွယ်လွန်သောအခါ ထိုမြေနှင့်အိမ်ကို အယူခံတရားခံက၊ ပြန်တောင်းရာ၊ အယူခံ တရားလိုက ပြန်မပေးသဖြင့် အယူခံတရားခံက ဖြူးမြို့ နယ်ပိုင် တရားမရုံးတွင် တရားစွဲဆိုလေသည်။

ပညာရှိ နယ်ပိုင် တရားမတရားသူကြီးသည် နှစ်ဦးနှစ်ဘက်ကိုကြားနာပြီးနောက်၊ ဒေါ်သန်းညွှန့် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်ရာ၊ ဦးအုံးမောင်က မကျေနပ်သဖြင့် တောင်ငူမြို့ ခရိုင် တရားမရုံးသို့ အယူခံဝင်သည်။ ပညာရှိ ခရိုင်တရား မတရား သူကြီးက ဦးအုံးမောင်သည် အိမ်ကိုပြင်ဆင်ထားသဖြင့် အိမ်၏တန်ဘိုးတဝက် ဖြစ်သော ငွေ ၃၇၅ ကျပ်ကို ဒေါ်သန်းညွှန့်က ပေးဆောင်ပြီးမှသာ ဦးအုံးမောင်သည် အခင်းဖြစ် အိမ်နှင့် မြေမှ ထွက်ခွါသွားစေရန် ပြင်ဆင်၍ ဒီကရီချမှတ်လိုက်လေသည်။ ထိုကဲ့သို့ အိမ်နှင့်မြေမှ ထွက်ခွါသွားရန် အောက်ရုံး၏ ဒီကရီကို အတည်ပြုသည့် ခရိုင် တရားမရုံး၏ စီရင်ချက်ကို ဦးအုံးမောင်က မကျေနပ်သဖြင့် ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်သည်။ ဒေါ်သန်းညွှန့်ကလည်း အိမ်၏တန်ဘိုးတဝက်ဖြစ်သည့် ငွေ ၃၇၅ ကျပ်

ကို ဦးအုံးမောင်အား ပေးရမည်ဆိုသော အဓိပ္ပာယ်ကို မကျေနပ်၍ ဤရုံး၏ ၁၉၆၅ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၃၂ ကို အပြိုင်အဆိုင် တင်သွင်းလာခြင်း ဖြစ်သည်။

ယခုအမှုတွင် စဉ်းစားရန် ပြဿနာနှစ်ရပ်သာ ရှိသည်။ ပဌမပြဿနာမှာ အခင်းဖြစ် အိမ်နှင့်မြေတို့သည် ကွယ်လွန်သူ ဒေါ်သိန်းချစ်ပိုင်ပစ္စည်း ဟုတ်မဟုတ်ပင် ဖြစ်၏။ ဒုတိယပြဿနာမှာ ထိုအိမ်နှင့်မြေတို့ကို မူလက ဒေါ်ညိမ်းအား ဒေါ်သိန်းချစ်က နေထိုင်ခွင့်ပေးခဲ့ပြီး ဒေါ်သိန်းချစ်သေဆုံးပြီးနောက် ဒေါ်သန်းညွန့်က ဆက်လက် နေထိုင်ခွင့်ပေးခဲ့သည် ဆိုခြင်းမှာ မှန် မမှန်ပင် ဖြစ်သည်။

အခင်းဖြစ်ပစ္စည်းများကို ဒေါ်သိန်းချစ်က တန်ဖိုးငွေ ၃၅၀ ကျပ်ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီး ဝယ်ယူခဲ့ကြောင်း ထင်ရှားအောင် အရောင်းစာချုပ် ချုပ်ဆိုခဲ့သူတစ်ဦးဖြစ်သည့် ဒေါ်ဖူးမေအား သက်သေထူခဲ့၏။ ၎င်း၏ ဖခင် ဦးဘိုးလှနှင့်ညီမ ဒေါ်လုံးတို့မှာ ကွယ်လွန်ကုန်ပြီဖြစ်၍ သက်သေအဖြစ် စစ်ဆေးခြင်း မပြုနိုင်ခဲ့ပေ။ ဒေါ်သန်းညွန့်အနေဖြင့် မှတ်ပုံတင်စာချုပ်ကို မူလရုံး၌ တင်ပြနိုင်ခဲ့ခြင်း မရှိသည်မှာ မှန်၏။ သို့ရာတွင် ထိုစာချုပ်မှာ ပျောက်ဆုံးသွားသည့်အပြင် ထန်းတစ်ပင်မှတ်ပုံတင်ရုံးမှ မှတ်ပုံတင်စာအုပ်များမှာလည်း ကရင်သောင်းကျန်းသူများက ဖျက်ဆီးလိုက်၍ မိတ္တူကူးပြီး တင်ပြခြင်း မပြုနိုင်သည့်အလျောက် အရောင်းအဝယ် ပြုလုပ်ခဲ့ကြောင်းကို သက်သေခံဥပဒေပုဒ်မ ၆၅ အရ နှုတ်သက်သေတင်ပြနိုင်ခွင့် ရှိပေသည်။ ထိုကဲ့သို့ နှုတ်သက်သေ တင်ပြချက်နှင့် ပတ်သက်၍ မူလရုံး၌ အယူခံတရားလိုသည် ကန့်ကွက်ခဲ့ခြင်း မရှိသဖြင့် ဤအယူခံရုံး၌ ၎င်းသည် ထိုကိစ္စကို ထပ်မံပြောဆိုရန် အခွင့်အရေးမရှိ ပိတ်ပင်ပြီးဖြစ်သည်ဟု ဆိုရပေမည်။ **မသဲနှင့် မောင်နီတာ** (၁)၊ ထို့ပြင် မြေဝယ်စဉ်က လည်းကောင်း၊ အိမ်ဆောက်စဉ်က လည်းကောင်း၊ ဒေါ်သိန်းချစ်မှာ သစ်ကုန်သည်နှင့် အိမ်ထောင်ကျသဖြင့် ချောင်လည်နေသည့်အပြင် မြေရောင်းသူ တစ်ဦးဖြစ်သည့် ဒေါ်ဖူးမေကိုယ်တိုင်ကလည်း မြေကို ၎င်း၏ ဖခင်နှင့် ညီမတို့ကပါ ရောင်းချခဲ့ကြောင်း ထွက်ဆိုသွားသဖြင့် ဒေါ်သိန်းချစ်သည် မြေကို ဝယ်ပြီး အိမ်ဆောက်ထားသည်ဆိုသောအောက်ရုံးနှစ်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်ဟု ဆိုရမည် ဖြစ်သည်။

ဒုတိယပြဿနာနှင့် ပတ်သက်၍ ဒေါ်သိန်းချစ်မြေဝယ်ပြီး အိမ်ဆောက်သည့်အချိန်တွင် ဒေါ်ညိမ်းမှာ မုဆိုးမဘဝနှင့် ကလေး ၆ ယောက်ကို ရှာဖွေကျွေးမွေးရသဖြင့် ဆင်းဆင်းရဲရဲ နေထိုင်ရကြောင်း သက်သေအထောက်အထားများ ရှိနေရာ သမီး ဒေါ်သိန်းချစ်က မိခင်မုဆိုးမ ဒေါ်ညိမ်းအား ထိုအိမ်နှင့် မြေပေါ်၌ နေထိုင်ခွင့် ပြုခဲ့သည် ဆိုခြင်းမှာလည်း သဘာဝ ကျသည်။ ထိုစဉ်က ဒေါ်သိန်းချစ်သည် ထန်း

---

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၅ ရန်ကုန်စီရင်ထုံး၊ ၁၁၃။

တပင်မြို့တွင် မနေဘဲ ထန်းတပင်နှင့် ၇ မိုင်ခန့် ဝေးသည့် လမ်းကွဲရွာ၌ လင်ဖြစ်သူ ဦးဘူနှင့် နေထိုင်လျက်ရှိသောကြောင့် ဒေါ်ညိမ်းအား အခင်းဖြစ်အိမ်ပေါ်၌ နေခွင့်ပြုထားသည်ဆိုခြင်းမှာ ပို၍ပင် ယုတ္တိရှိနေသည်။ ဒေါ်သိန်းချစ်သေဆုံးပြီးနောက် ဒေါ်ညိမ်းနှင့် ဦးအုံးမောင်တို့သည် ထိုမြေနှင့် အိမ်တို့ကို ဝယ်ယူရန် ဒေါ်စိန်းန၊ ဦးပြူးချို၊ ဦးအဲ့ကြီးနှင့် ဦးစိန်တို့မှတစ်ဆင့် ကြိုးစားခဲ့သည်။ ထိုသက်သေများသည် ၎င်းအပေါ် မတရားထွက်ဆိုရန် အကြောင်းမရှိဟု ဦးအုံးမောင်က ဝန်ခံထားသဖြင့် ဒေါ်သိန်းချစ် ကွယ်လွန်သည့်နောက်ပိုင်းတွင် ဒေါ်ညိမ်းနှင့် ဦးအုံးမောင်တို့သည် ဒေါ်သန်းညွန့်၏ ခွင့်ပြုချက်အရ ဆက်လက်နေထိုင်ခဲ့ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်ရာ ဦးအုံးမောင်သည် ဒေါ်သန်းညွန့်၏ ခွင့်ပြုချက်အရ အခင်းဖြစ်ပစ္စည်းပေါ်၌ နေထိုင်ခဲ့သည်ဆိုသော အောက်ရုံးနှစ်ရုံးစလုံး၏ တညီတညွတ်တည်း ကောက်ယူဆုံးဖြတ်ထားသည့် အကြောင်းခြင်းရာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ဤဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်။ ထို့ကြောင့် ဦးအုံးမောင်၏ အယူခံကို ပလပ်ရမည် ဖြစ်သည်။

မရွေ့မပြောင်းနိုင်သည့် ပစ္စည်းအပေါ် ပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူမှာ ပိုင်ဆိုင်ခွင့် လုံးဝရှိသူ မဟုတ်၍ ပိုင်ရှင်က ကြည်ဖြူသလောက်သာ ထိုပစ္စည်းပေါ်၌ နေထိုင်ခွင့်ရှိသည်။ ပိုင်ရှင်အနေဖြင့် ၎င်း၏ ခွင့်ပြုချက်ကို အချိန်မရွေးရပ်စဲနိုင် သည်။ ယင်းသို့ ရပ်စဲလိုက်လျှင် ခွင့်ပြုချက်အရ နေထိုင်သူသည် ပစ္စည်းပေါ်မှ မထွက်ခွာလိုကြောင်း မခုခံနိုင်ပေ။

မူလက ဒေါ်ညိမ်းသည် အခင်းဖြစ် အိမ်နှင့်မြေပေါ်တွင်ပိုင်ရှင် ဒေါ်သိန်းချစ်၏ ခွင့်ပြုချက်အရ နေထိုင်ခဲ့သည်။ ဦးအုံးမောင်သည် ဒေါ်ညိမ်းနှင့် အိမ်ထောင်ကျပြီးနောက် ဒေါ်ညိမ်းအား အကြောင်းပြု၍ ထိုပစ္စည်းအပေါ်သို့ ရောက်လာခြင်း ဖြစ်သည်။ ဒေါ်ညိမ်းကိုယ်တိုင်က အခွင့်အမိန့်အရ နေထိုင်ခဲ့သူ တစ်ဦးဖြစ်ရာ ၎င်းကိုအကြောင်းပြု၍ တက်ရောက်လာသူ ဦးအုံးမောင်မှာ ဒေါ်ညိမ်းထက်ပို၍ ပိုင်ဆိုင်ခွင့်မရှိနိုင်ပေ။ ထို့ကြောင့် ဦးအုံးမောင်မှာလည်း အခွင့်အမိန့်အရ နေထိုင်သူတစ်ဦးသာ ဖြစ်သည်။ ပစ္စည်းအပေါ် ပိုင်ဆိုင်ခွင့် လုံးဝမရှိပေ။ ထို့ကြောင့် ခွင့်ပြုချက်ရပ်စဲလျှင် ၎င်းသည် ဆက်လက်နေထိုင်ခွင့် မရှိတော့ပေ။

မူလခွင့်ပြုစဉ်က မြေပေါ်၌ လေးပင်သုံးခန်း အိမ်တစ်ဆောင်ပါသည်ဆိုခြင်းမှာ အငြင်းမပွားပေ။ နှစ်လကြာရှည်သဖြင့် ထိုအိမ်မှာ အိုမင်းရင့်ရော်လာသောကြောင့် ဒေါ်ညိမ်းနှင့်ဦးအုံးမောင်တို့က မူလအိမ်ကိုဖျက်ပြီး လေးပင်သုံးခန်းအိမ်ပြင်၍ ဆောက်ခဲ့ရာ မူလအိမ်မှ သစ်သားများကိုလည်း အသုံးချကြောင်း ဦးအုံးမောင်က

ဝန်ခံထားသည်။ နောက်အိမ်ဆောက်ရာတွင် မည်ရွေမည်မျှ စိုက်ထုတ်ကုန်ကျသည် ဆိုသော သက်သေအထောက်အထားလည်းမရှိ၊ ခွင့်ပြုချက်အရနေထိုင်သူတဦးသည် ခွင့်ပြုချက်ကုန်ဆုံး၍ ထွက်ခွါသွားလျှင်၊ မိမိပြုလုပ်ခဲ့သည့်တိုးတက်ကောင်းမွန်အောင် ပြုလုပ်ထားသော အရာဝတ္ထုများကို ယူသွားပိုင်ခွင့် ရှိမည်ဖြစ်သော်လည်း၊ ယခုအမှုတွင် ဦးအုံးမောင်အနေဖြင့် နောက်ထပ် ပြုပြင်ဆောက်လုပ်ထားသည့် အိမ်ကို ဖျက်၍ယူသွားခြင်း မပြုနိုင်ပေ။ မူလခွင့်ပြုစဉ်ကပင် မြေပေါ်၌ တဆောင်ရှိနေပြီးဖြစ်၍၊ ခွင့်ပြုသူအား မြေရောအိမ်ပါ ပြန်လည်ပေးအပ်ရန် တာဝန်ရှိနေလေသည်။ အထက်ပါ အကြောင်းများကြောင့် အိမ်ဘိုးတဝက်ဖြစ်သည့် ငွေ ၃၇၅ ကျပ်ကို ဒေါ်သန်းညွှန့်က ဦးအုံးမောင်အား ပေးရမည်ဆိုသောအောက်အယူခံရုံး၏ အမိန့်မှာ မှားယွင်းနေသဖြင့် ပယ်ဖျက်ရမည်ဖြစ်သည်။

ယခုအမှုတွင် ဦးအုံးမောင် အနေဖြင့် အခင်းဖြစ် အိမ်ကို ပြုပြင်လာခဲ့သည် ဆိုသော အချက်မှာလည်း စောဒက မတက်နိုင်သဖြင့် ခွင့်ပြုချက် ရပ်ဆိုင်း၍ ထွက်ခွါရသည့်ကိစ္စတွင် တရားစရိတ်များပါ ထမ်းဆောင်ရမည် ဆိုပါက များစွာ နစ်နာမည်ဖြစ်သည်။ ထို့ကြောင့် တရားမှုတမှုကို ရှေ့ရှု၍ နှစ်ဘက်အမှုသည်များသည် မိမိတို့တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံစေသင့်သည်ဟု ထင်မြင်ယူဆသည်။

သို့ဖြစ်၍၊ ဦးအုံးမောင်၏ ဤတရားမ ဒုတိယအယူခံမှုကို ပလပ်လိုက်သည်။ အမှုသည်များသည် သုံးရုံးစလုံး၏ တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံစေရမည်။

CIVIL MISCELLANEOUS.

Before U Kyaw Zan U, J.

† C.C. 1966

Dec. 3.

KO AYE (PETITIONER)

v.

MA KHIN SAW WIN AND FOUR OTHERS (OBJECTORS).*

Application for Succession Certificate—grant of succession certificate—a temporary arrangement enabling the grantee to realize the assets—nominee to receive gratuity from Government—whether he/she gets an absolute title to it—Whether such nomination a testamentary disposition under Burmese Buddhist Law—different from life insurance and provident funds—separate living whether ruptures filial relations.

Held : The grant of a succession certificate may be taken as a temporary arrangement enabling the grantee to realize the assets for the benefit of himself or of whosoever may ultimately be entitled thereto. Intricate question of law should not be gone into in this summary proceeding.

Maung Ba Han and another v. *Maung Tun Yin*, I.L.R. 12 Ran. 629, referred to.

The nominee to receive a gratuity if not an heir of a subscriber has nothing more than a right to receive the amount and that he/she does not get an absolute title to it.

The right to receive gratuity from Government conferred upon such nominee by Government Notification not backed up by law as in the cases of life insurance under the Union Insurance Board Act as amended and provident funds is neither imperative nor has any force of law. Rules and Regulation are framed for guidance and convenience only.

Sooniram Rameshur v. *U Tha Win*, 1953, B.L.R. 82 (H.C.), referred to.

Nominating a person by a Burmese Buddhist before his death to receive the gratuity from the Government after his death amounts to testamentary disposition of property and is invalid and has no effect in law.

Ma Nu v. *Ma Gun*, I.L.R. 2 Ran. 388 ; *U Thin and others* v. *Daw Hmu and another*, A.I.R. (1937) Ran. 142, referred to.

A Burmese Buddhist surviving spouse is the proper person entitled to Succession Certificate to collect the debts of the deceased spouse.

Ne Win v. *Ma Aung Gale*, (1907-1908) 4 L.B.R. 293 ; *Maung Ba Han and another* v. *Maung Tun Yin* I.L.R. 12 Ran. 629, referred to.

Held also : Under the Burmese Buddhist Law separate living is not enough to rupture filial relations.

---

* Civil Miscellaneous No. 53 of 1966.
(In the Matter of the Estate of Ma Shu Wun)

U Kyaw Zan for the petitioner.

U Soe Yi Vice *U Cheng Po* for the objectors.

U KYAW ZAN U, J.—This application is by the husband of the late Ma Shu Wun, a Burmese Buddhist for a Succession Certificate to collect the debts due to her estate comprised of gratuity, salary due at the time of the death and family pension from the government. Besides the applicant she left behind four *Atet* children by her former husband of whom one is a minor.

The eldest of these *Atet* children, Ma Khin Saw Win (DW 2) raised an objection that by a document the deceased had nominated her to receive the gratuity on her death. This is not disputed. As regards the salary and family pension all these *Atet* children who lived separately from her since her re-marriage to the applicant merely claimed that they are also entitled partly to the amounts.

In reply the applicant mainly stated that the nomination of Ma Khin Saw Win has a testamentary character and accordingly such a disposition is invalid under the Burmese Buddhist Law, and as regards the other two debts it is stated that the applicant alone, and not these *Atet* children, who had never maintained filial relations with the deceased, is entitled to the amounts by survivorship. There is, however, evidence to show that two of them at least attended the deceased in the hospital before her death and that the deceased used to visit them and pay for sweets and school-fees for all of them. Separate living is not enough to rupture filial relations.

The first point for consideration is whether the applicant is entitled to the certificate. In *Ne Win* v. *Ma Aung Gale* (1), it was observed:

"The widow or widower usually has possession of the whole of the estate at the time of the death of the other

(1) (1907-1908) IV. L.B.R. 293.

C.C.
1966

KO AYE
v.
MA KHIN SAW WIN AND FOUR OTHERS.

spouse, and is in most cases entitled to the whole or a large part of it. It would be rash to lay down an absolute rule that in no circumstances should letters of administration be granted to any other person, but I am strongly of opinion that it would require very special reasons to justify such a grant."

In the instant case the parties being Burmese Buddhists the applicant as the surviving spouse is the proper person to collect the debts. It is needless to say that under the Burmese Buddhist (Customary) Law on the death of one spouse the surviving spouse takes the interest of the deceased in the joint property by inheritance and it is necessary for the surviving spouse to take out a succession certificate to collect the debts. [*Maung Po Htwa and Another* v. *Ma Ngwe Zin* (2)]. Referring to *Ne Win* v. *Ma Aung Gale* (*Supra*) it was pointed out in *Maung Ba Han and another* v. *Maung Tun Yin* (3) by the Bench composed of Page, C. J., and Baguley, J., that where the claim of an applicant for letters of administration to a deceased person's estate is admitted by the opposite party the Court would normally grant letters of administration to such applicant provided he is a fit and proper person to administer the estate. In the instant case no question arises as to the fitness or otherwise of the applicant to collect the debts. There are also no applications made by rival claimants. In the last cited authority it was also held:

> "A husband *prima facie* is entitled to letters of administration to his wife's estate. . . "

In *U Tun Yin and others* v. *U Ba Han and others* (4) which is connected with *Maung Ba Han and another* v. *Maung*

(2) 1937. R.L.R. 396. (3) I.L.R. 12. Ran. 629.
(4) A.I.R. 1941. Ran. 133.

Tun Yin (*Supra*) another Bench held the same view. Sharpe, J., in that case remarked:

> "Applications for grant of administration are intended to be disposed of comparatively quickly, without deciding who is and who is not entitled to share in the estate of the deceased person, and so that the estate may be speedily wound up."

The same remarks apply to the present case. The claim of the *Atet* children in this case that they are also entitled partly to the salary and family pension is irrelevant. It is a matter to be adjudicated in a regular suit for inheritance. The grant of a succession certificate may be taken as a temporary arrangement enabling the grantee to realize the assets for the benefit of himself or of whosoever may ultimately be entitled thereto. I may also add that intricate question of law whether a certain property is a *Lettetpwa*, or *Payin* or *Hnapazon* or as I have said above what share or shares the objectors are entitled to should not be gone into in this summary proceeding. In my opinion, in the circumstances obtaining in the present the applicant is entitled to the grant of the certificate at least in respect of the salary and family pension.

The next point for consideration is as between the applicant and Ma Khin Saw Win who is entitled to collect the gratuity. Relying upon *Ma Nu* v. *Ma Gun* (5) the learned Advocate for the applicant contended that nomination of Ma Khin Saw Win to receive the gratuity on the death of the mother amounted to testamentary disposition and therefore invalid under the Burmese Buddhist (Customary) Law. It is true nothing is vested in Ma Khin Saw Win as a nominee. It is not illegal for a Burmese Buddhist to make a testamentary disposition of his/her property but such disposition may be of no effect in law. *U Thin and others* v. *Daw Hmu and another* (6). The nominee if not an heir of a subscriber has nothing more than a right to

(5) I.L.R. (1924) II. Ran. 288. (6) A.I.R. 1937. Ran. 142.

C.C. 1966

KO AYE v. MA KHIN SAW WIN AND FOUR OTHERS.

receive the amount and that he/she does not get an absolute title to it. The learned Advocate for the objectors invited my attention to Notification No. 77 (Pension Branch) dated 22nd February 1956 of the Ministry of Finance and Revenue modifying the rules relating to gratuity contained in the Civil Service Regulations and the Inferior Services. Paragraph 3 (2) says a gratuity may be paid to the person on whom the right to receive it is conferred under paragraph 4 or, if there is no such person, to the legal heir. The words " may be " are significant. The direction is not imperative. It has been made clear by the Note to Rule 3 (2) being No. 293 Ba Pa 53, dated 18th October 1956 of the Ministry which says, " In case of doubt, payment should be made only to the person producing such legal authority." In Burmese it says:

" သံသယဖြစ်ဘွယ်ရာရှိသော ကိစ္စမျှားတွင်၊ တရားရုံးတော်မှ အမွေဆက်ခံပိုင်ခွင့် အမိန့်တောင်းယူတင်ပြမှုသာ ငွေထုတ်ပေးရမည်ဖြစ်ပါသည် "

Paragraph 4 (2) merely gives the nominee " the right to receive " the gratuity that may be sanctioned by paragraph 3 (2). Rules and regulations are framed for guidance and convenience only. They are neither imperative nor have any force of law. In *Sooniram Rameshur* v. *U Tha Win* (7), it was pointed out that Rules of Practice and Standing Orders embodied in Manuals have no force of law. In this connection, I may point out that persons nominated by a subscriber to receive his/her amounts due under the life insurance policy of the Union Insurance Board or the Provident Fund stand on a different footing for such nominations are backed up by laws. It will be seen that Section 15 (1) of the Union Insurance Board Act, 1950 (Act No. 16 of 1950) as amended by Act No. 44 of 1950 directs that notwithstanding anything contained in any other law or custom for the time being in force the life policy must not remain unassigned and that rules relating

F-

(7) A.I.R. (1953). B.L.R. 82, (H.C.).

to such assignment or nomination must not be invalidated or made ineffective by any such law or custom. Section 5 of the Provident Funds Act has the same effect. It reads:

> "5. (1) Subject to the provisions of this Act, but otherwise notwithstanding anything contained in any law for the time being in force or any disposition, whether testamentary or otherwise, by a subscriber to, or depositor in, a Government or Railway Provident Fund of the sum standing to his credit in the Fund, or of any part thereof, any nomination, duly made in accordance with the rules of the Fund, which purports to confer upon any person the right to receive the whole or any part of such sum on the death of the subscriber or depositor, shall be deemed to confer such right absolutely until such nomination is varied by another nomination made in like manner or is expressly cancelled by the subscriber or depositor by notice given in such manner and to such authority as is prescribed by those rules.
>
> (2) Any such person shall, on the death of the subscriber or depositor, be entitled to the grant of a succession certificate entitling him to receive payment of such sum or part, and such certificate shall not be deemed to be invalidated or superseded by any grant to any other person of probate or letters of administration to the estate of the deceased."

[*Ma Kyway* v. *Ma Mi Lay and another* (8)]. For the reasons given I hold that the applicant is entitled to collect also the gratuity.

In the result the application is allowed *in toto* with costs. Advocate's fee five Gold Mohurs.

(8) I.L.R. 6, Ran. 682.

CIVIL REGULAR SUIT

Before U Kyaw Zan U, J.

C.C. 1966

Dec. 8.

UNION OF BURMA (PLAINTIFF)

v.

U TIN AYE (DEFENDANT).*

Suit for recovery of money being the value of bags of groundnuts—no agreement or evidence of usage of trade to justify the award of interest—whether the provisions of the interest Act are applicable —whether interest is payable under s. 61 of the Sales of Goods Act.

Held : There is neither agreement nor evidence of usage of trade to justify the award of interest. As a matter of fact mercantile usage to pay interest in a case of this nature was not specifically pleaded. Under the provisions of the Interest Act the Court might allow interest where time was fixed for payment, or where no time was fixed, from the date on which the demand of payment was made in writing giving notice to the debtor that interest would be claimed. But no time was fixed for payment of the debt nor is there anyting to show that a claim for payment of interest was made in the legal notice. Interest is not payable also under *s.* 61 of the Sales of Goods Act. Therefore the claim for interest from the date of last part payment to date of suit is untenable in law.

Daw Mya Than Nu (Government Advocate) for the plaintiff.

Mr. G. N. Banerji for the defendant.

U KYAW ZAN U, J.—This is a suit for the recovery of K 57,257·98 being the values of the balance 633 bags of groundnuts K 20,000·30 with interest at 9 per cent per annum from February 1962 which was the last time the part payment was made up to the date of suit *viz.* 4th December 1964 K 4,950, the balance 8,248 viss of groundnut oil K 26,063·68, 187 drums K 2,244 and 1,000 gunny bags K 4,000.

In his written statement the defendant contended that only 78 drums and 63 gunny bags remained with him

* Civil Regular Suit No. 55 of 1966.

and that the claim of interest on K 20,000·30 being untenable in law he is not liable to pay. He did not specifically deny the other claims.

The following three issues were framed:

1. How many drums and gunny bags were left with the defendant on 2nd June 1961?
2. Are the plaintiffs entitled to interest as claimed in paragraph 13 of the plaint?
3. What is the total amount due to the plaintiffs from the defendant?

At the time of the hearing of the suit the defendant and his learned Advocate produced and showed some receipts to the learned Government Advocate for the plaintiffs at the Bar and the latter accepted the statement of the defendant in his written statement that only 78 drums and 63 gunny bags remained with him as correct. The parties worked out the values at K 4 for each gunny bag and K 12 for each drum and got the figure K 1,188 which the learned Government Advocate agreed to accept in place of the original claims in the plaint *viz.* K 4,000 for 1,000 bags and K 2,244 for 187 drums total K 6,244. The 1st issue is accordingly answered in favour of the defendant. Both the parties agreed that the amount now due and to be decreed excluding the interest K 4,950 is K 47,251·98. They declined to adduce oral or documentary evidence.

The real contest is over the claim of interest on K 20,000·30 amounting to K 4,950. Arguments were heard on 2nd issue by consent. There is no dispute that there was no agreement to pay interest. In paragraph 12 of the plaint it was alleged that repeated demands had been made for payment but to no avail and finally a legal notice dated 20th November 1964 from the office of the Attorney-General was sent but it met the same fate. The defendant admitted the receipt of the notice in paragraph 8 of his written statement. In paragraph 13 of the

C.C.
1966

THE UNION OF BURMA
v.
U TIN AYE.

plaint the plaintiffs stated that since the groundnuts had been sold to the defendant they had the right to claim interest in law on the balance purchase money K 20,000·30. The defendant denied liability. The learned Government Advocate relied upon Section 61 of the Sale of Goods Act under which a seller can recover interest in any case where by law interest may be recoverable. Sub-section (2) (*a*) gives the Court discretion to fix the rate of interest in the absence of contract for payment of interest from the date of the tender of the goods or from the date on which the price was payable. The learned Government Advocate did not say by which law interest is recoverable. This point must be established first. According to the plaint the claim of interest is for the period between the date of last part payment and the date of suit. The crucial question, therefore, is whether the Court has authority to allow interest for the period prior to the institution of the suit. In *Bengal Nagpur Railway Company Limited* v. *Ratanji Ranji* (1) the Privy Council said:

> "The solution of this question depends, not upon the Civil Procedure Code, but upon substantive law. Now, interest for the period prior to the date of the suit may be awarded if there is an agreement for the payment of interest at a fixed rate, or it is payable by the usage of trade having the force of law, or under the provision of any substantive law entitling the plaintiff to recover interest, as for instance under Section 80 of the Negotiable Instruments Act, 1881."

In the present case there is neither agreement nor evidence of usage of trade to justify the award of interest. As a matter of fact mercantile usage to pay interest in a case of this nature was not specifically pleaded. Section 34 of the Civil Procedure Code relates mainly to the award of interest in the discretion of the Court from

(1) I.L.R. (1938) 2 Cal. p. 72 (P.C.)

the date of suit to the date of decree. Section 73 of the Contract Act is not applicable inasmuch as it relates only to compensation for any loss or damage caused for breach of contract. In my opinion the only " substantive law " that now remains to be considered is the Interest Act. Under Section 1 of the Act the Court has discretion to award interest upon all debts or sums certain payable to the creditor at a certain time, or if payable otherwise, then from the time when demand of payment shall have been made in writing, so as such demand shall give notice to the debtor, that interest will be claimed from the date of such demand until the time of payment. The learned Judge in *Kalyan Sahai* v. *Firm Lachhminarain Shambhulal* (2) in interpreting the law more clearly said that under the provisions of the Interest Act the Court might allow interest where time was fixed for payment, or where no time was fixed, from the date on which the demand of payment was made in writing giving notice to the debtor that interest would be claimed. In the instant case no time was fixed for payment of the debt nor is there any thing to show that a claim for payment of interest was made in the legal notice. Paragraph 10 of the plaint merely says that after making two part payments on two different dates there remained a sum of K 20,000·30 to be paid. It does not say when though interest is claimed on this very sum. In the last cited authority it was held " It is necessary for payment of interest under Section 61, Sale of Goods Act that the date of the payment must be certain." In *Subramania Aiyar* v. *Subramania Aiyar and others* (3) it was also held that interest is not claimable where there is no agreement to pay interest and no demand in writing so as to bring the case within the provisions of the Interest Act. In the circumstances I refuse to accept the argument of the learned Government Advocate that interest is payable under Section 61 of the

(2) A.I.R. (1951) Rajasthan 11. (3) I.L.R. 31. Madras, p. 250.

C.C. 1966

THE UNION OF BURMA v. U TIN AYE.

Sale of Goods Act. It has no substance. The claim for interest from the date of last part payment to date of suit is untenable in law.

However, as pointed out above the Court has discretion to award interest in a suitable case under Section 34 of the Code of Civil Procedure on the amount from the date of suit 4th December 1964 to the date of the decree, that is interest *pendente lite*. The discretion must, of course, be exercised on sound principles. In paragraph 9 of the plaint it is alleged that the contract was broken by mutual consent on 2nd July 1961 and in paragraph 10 it is alleged the last part payment was made on 5th February 1962 by the defendant. Since then no payment has been made inspite of repeated demands and a legal notice dated 20th November 1964. The suit was instituted on 4th December 1964 and summons was served on the defendant in February 1965, but he took three months to file his written statement. The hearing of the suit was adjourned three times at the instance of his learned Advocate on the ground that no contact could be made of each other. In these circumstances I think it is equitable to award interest under Section 34 of the Code of Civil Procedure. The 2nd issue is thus answered in the affirmative.

In the result there shall be a decree in favour of the plaintiffs for payment of K 47,251·98 by the defendant together with interest calculated on K 20,000·30 at nine per cent per annum from date of suit 4th December 1964 to the date of the decree and costs on contested scale on K 47,251·98.

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ် အယူခံမှု

တရားသူကြီး ဦးသက်ဖေနှောင့်

ကိုမင်းလွင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ကိုထွန်းသိန်း) အယူခံတရားခံ*

† ၁၉၆၆ နိုဝင်ဘာလ ၂ ရက်။

ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၂၇ (၁)အရမှုပြစ်ထင်ရှားစီရင်ခြင်း—"မှတ်ပုံတင်ဆရာဝန်" ဆိုသည့်စကားရပ်—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။"မှတ်ပုံတင်ဆရာဝန်" ဆိုသည်မှာ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်စာရင်း သွင်းထားပြီးဖြစ်သည့်ဆရာဝန်ဖြစ်ပေသည်။ ယင်းသို့စာရင်းသွင်းပြီးဖြစ်သည့် မှတ်ပုံတင် ဆရာဝန်ဖြစ်မှသာ ထိုသူ၏ နာမည်တွင် ဆရာဝန်၊သို့မဟုတ် ဒေါက်တာဟု တပ်ခြင်းပြုနိုင်မည် ဖြစ်သည်။ ဆရာဝန်မဟုတ်ဘဲ ဆရာဝန်ဟုနာမည်ရွှေ့၌ တပ်ခြင်းသည် မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၆(၃) ဖြင့်ငြိစွန်းပေသည်။

အယူခံတရားလိုသည်၊ မှတ်ပုံတင် ဆရာဝန်မဟုတ်ဘဲလျက် မှတ်ပုံတင်ဆရာဝန်ဖေဘင်ဆောင်ကြောင်း ပေါ်လွင်ထင်ရှားနေသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်ဆရာဝန်အတုအယောင်များကို အချိန်မလင့် ပပျောက်အောင် ရည်ရွယ်လျက်၊ ထိုကဲ့သို့ အဖေဘင်ဆောင်သူအား အနည်းဆုံး ထောင်ဒဏ် ၅ နှစ်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည့်အလျောက်အောက်ရုံး၏ အပြစ်ဒဏ်မှာလည်း တရားဥပဒေနှင့်ညီညွတ်သည်ဟု ဆိုရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။အစိုးရဥက္ကဋ္ဌနေကြီး ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ကိုမင်းလွင် အပေါ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ (၁) အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ရန်ကုန်မြို့၊တတိယရာဘက်ရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၅၂။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၁၀ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ ၃ ရာဘက် ရာဇဝတ်တရားသူကြီး(ထူး)၏အမိန့်ကို အယူခံဝင်မှု။

အယူခံတရားလိုသည်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာဥပဒေ နောက်ဆက်တွဲ ဇယားတွင် ဖေါ်ပြထားသည့် ဆေးကုဘွဲ့ကိုသော်၎င်း၊ ဆေးကုရန် လိုင်စင်ကိုသော်၎င်း ရရှိခဲ့သူ မဟုတ်ပေ။ ထိုဥပဒေအရ မှတ်ပုံတင်ထားသည့် မှတ်ပုံဝင် ဆရာဝန်တယောက် မဟုတ်ကြောင်းကိုလည်း မငြင်းနိုင်ချေ။ ၎င်းသည် ၁၉၆၅ ခု၊ မတ်လ၊ သို့မဟုတ် ပြေလလောက်တွင်၊ ရန်ကုန်မြို့၊ တာမွေ၊ မဂျစ်လမ်း၌ ဂျာမန်ဆေးတိုက်ဟု ဆိုင်းဘုတ် တပ်ကာ ဆေးကုသခဲ့သည်။ ထိုနောက် ပြေလနောက်ပိုင်းတွင် ၎င်းသည် ကမာရွတ်၊ အုပ်ကျင်းရပ်၊ ပါရမီလမ်း၌ "အောင်မြင့်ဆေးတိုက်" ဟု ဆိုင်းဘုတ်ဆွဲကာ၊ ဆေးဝါး ကုသခဲ့သည်။ အောင်မြင့်ဆေးတိုက်ကို ဖွင့်လှစ်ရာ၌ ကိုအောင်ကျော်ဇံ (လိုပြ ၉)နှင့် စပ်တူဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ကိုအောင်ကျော်ဇံက ဌေးရေးကြေးရေးကို တာဝန်ယူရပြီး၊ အယူခံတရားလိုက ဆေးဝါးကုသရေးကို တာဝန်ယူခဲ့သည်။ ဝင်ငွေကို နှစ်ဦးညီတူညီမျှ ခွဲဝေယူကြသည်။

ယင်းသို့ "အောင်မြင့်" ဆေးတိုက်ကို ဖွင့်လှစ်ကုသရာတွင် အယူခံတရားလိုသည် လူနာများအား ဆရာဝန်အနေဖြင့် ဆေးဝါးကုသခဲ့ကြောင်း တရားလိုအစိုးရဘက်မှ သက်သေအထောက်အထားများ တင်ပြခဲ့၏။ ဆေးတိုက်ကို စပ်တူဖွင့်လှစ်ခဲ့သည့် ကိုအောင်ကျော်ဇံက အယူခံတရားလိုသည်၊ မိမိကိုယ်ကို ဆရာဝန်ဖြစ်သည်ဟု ပြောဆိုကာ လူနာများအား ဆေးဝါးကုသခဲ့ကြောင်း၊ အယူခံတရားလို၏ စာပွဲတွင် ဒေါက်တာမင်းလွင်၊ အမ်၊ ဘီ။ ဘီ၊ အက်(စ်)၊ (ရန်ကုန်)။ ဒီ၊ စီ၊ အိပ်(ချ်)၊(အင်္ဂလန်) ဟု ရေးထားသည့် သစ်သားဆိုင်းဘုတ် တင်ထားကြောင်း ထွက်ဆိုသည်။ ကိုအောင်ကျော်ဇံ၏ ထွက်ချက်ကို ကိုခင်မောင် (လိုပြ ၃) က ထောက်ခံထားသည်။ ၎င်းက "အောင်မြင့်" ဆေးတိုက်သို့ ရောက်ဘူးကြောင်း၊ အယူခံတရားလိုက မိမိသည် ဆရာဝန်ဖြစ်သည်ဟု ပြောသည့်အပြင်၊ စာပွဲပေါ်၌ ဒေါက်တာမင်းလွင်၊ အမ်၊ ဘီ။ ဘီ၊ အက်(စ်)၊ (ရန်ကုန်)။ ဒီ၊ စီ၊ အိပ်(ချ်)၊ (အင်္ဂလန်) ဟု ရေးသားထားသော ဆိုင်းဘုတ်ကို တွေ့ရခဲ့ကြောင်းထွက်ဆိုသည်။ ဦးထွန်းလှိုင် (လိုပြ ၇) ကလည်း "အောင်မြင့်" ဆေးတိုက်ရှိ အယူခံတရားလိုထံသို့ သွားရောက်ကာ လိပ်ခေါင်းနှင့် ဘုရင်ကျိန္နာများအတွက် ကုသဘူးကြောင်း၊ အယူခံတရားလို၏ စာပွဲတွင် ဒေါက်တာမင်းလွင်၊ အမ်၊ ဘီ။ ဘီ၊ အက်(စ်)၊ (ရန်ကုန်) ဟု ဆိုင်းဘုတ်တွေ့ကြောင်းထွက်ဆိုခဲ့၏။ ထို့ပြင်၊ ကိုဘအေး (လိုပြ ၁၀) ကလည်း၊ အယူခံတရားလိုသည် ဆရာဝန်ဖြစ်သည်ဟုပြော၍ ယုံကြည်သဖြင့် ဆေးထိုးရန်ငွေ ၄၁ ကျပ်ပေးခဲ့ရပြီး၊ ဆေးတလုံးထိုးပေးဘူးကြောင်း ထွက်ဆိုခဲ့သည်။ အထက်ပါ သက်သေထွက်ချက်များကို ထောက်ရှုလျှင် အယူခံတရားလိုသည် မိမိကိုယ်ကို ဆရာဝန်မဟုတ်ပါဘဲလျက် ဆရာဝန်ဖြစ်သည်ဟု အဓိပ္ပာယ်ဆောင်ခဲ့ကြောင်း ပေါ်လွင်နေသည်။ အဆိုပါ သက်သေ ကိုအောင်ကျော်ဇံ၊

ကိုခင်မောင်၊ ဦးထွန်းလိုင်နှင့် ကိုဘအေးတို့သည် အယူခံတရားလိုအပေါ် မဟုတ်မတရား လီဆယ်၍ ထွက်ဆိုကြရန်အကြောင်း စိုးစဉ်းမျှမရှိချေ။ ယင်းသို့လီဆယ်ပြီး ထွက်ဆိုကြရန်အကြောင်းရှိသည်ဟု အယူခံတရားလိုအနေဖြင့် စွပ်စွဲခြင်း မပြုနိုင်။ စွပ်စွဲခြင်းလည်း မပြုခဲ့ပေ။

ထို့ပြင်၊ အယူခံတရားလိုသည် ကိုကျော်ဦး (လိုပြ ၅) အား အမ်၊ ဘီ။ ဘီ၊အက်(စ်) ဘွဲ့ရပြီး ၎င်း၏ဆရာဝန်မှတ်ပုံတင်နံပါတ်မှာ ၆၇၈ ဖြစ်သည်ဟု ပြောပြခဲ့သည်။ ဆေးတိုက်စပ်ဘူဖွင့်သူ ကိုအောင်ကျော်ဇံကိုမူ အယူခံတရားလိုက ၎င်း၏ဆရာဝန်မှတ်ပုံတင်နံပါတ်မှာ ၈၇၆ ဟုပြောဆိုခဲ့၏။ ၎င်းပြင်တဝ၊ အယူခံတရားလိုသည် ကမာရွတ်ရှိ ဆေးပစ္စည်းဆိုင်အမှတ် ၉ သို့ သွားရောက်ကာ မန်နေဂျာ ကိုမြင့်သိန်း (လိုပြ ၂) အား ဆရာဝန်ဖြစ်သည်ဟု ပြောဆိုပြီး၊ ဆေးများကိုဝယ်ယူခဲ့၏။ ဆေးဝယ်သည့် ဘောက်ချာအမှတ် အေ၊ပီ၊ ၈၇၈၃၀၃ တွင် လက်မှတ်ထိုးပြီး၊ ၎င်း၏လက်မှတ်အောက်တွင် ၇၆၈ ဂဏန်းကို ရေးသားခဲ့၏။ ဘောက်ချာအမှတ် အေ၊ပီ၊ ၈၇၈၃၀၂ ၌လည်း အယူခံတရားလိုသည် ၎င်း၏နာမည်ရှေ့၌ ဒေါက်တာ (Dr.) ဟု ရေးသားခဲ့သည်။ အဆိုပါ ဘောက်ချာ အေ၊ပီ၊ ၈၇၈၃၀၂ နှင့် အေ၊ပီ၊ ၈၇၈၃၀၃ တို့တွင် ရေးထိုးထားသော လက်မှတ်များကို အယူခံတရားလို၏ နမူနာလက်မှတ်များနှင့် တိုက်ဆိုင်ကြည့်ရှုရာ၊ ဘောက်ချာများပေါ်ရှိ လက်မှတ်တို့သည် အယူခံတရားလို၏ လက်ရေးဖြင့် ရေးသားထားကြောင်း လက်ရေးပါရဂူ ဦးဖေသောင်း (လိုပြ ၁၅) က အကျိုးအကြောင်း ဖော်ပြ၍ ထင်မြင်ချက်ပေးထားသည်ကို တွေ့မြင်နိုင်ပေသည်။

အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အယူခံတရားလိုသည် မှတ်ပုံတင် ဆရာဝန်တယောက် မဟုတ်ဘဲလျက်၊ မှတ်ပုံတင် ဆရာဝန်အဖြစ် အယောင်ဆောင်ခဲ့ကြောင်း ကောင်းစွာပေါ်လွင်နေသည်။ အယူခံတရားလိုက ၎င်းသည် ဟိုမိုပက်သီ ဆေးဆရာအဖြစ် ဆေးဝါးကုသခဲ့ခြင်းသာဖြစ်ကြောင်း၊ ဟိုမိုပက်သီဆေးဆရာအဖြစ် မှတ်ပုံတင်ထားပြီး ဆေးဝယ်ခွင့်လိုင်စင်ကို ရရှိခဲ့ကြောင်း တင်ပြသည်။ ဟိုမိုပက်သီ ဆေးဆရာအဖြစ် ဆေးကုသခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ အယူခံတရားလိုသည် ၎င်းအား ထောက်ခံမည့် သက်သေပြသခြင်း မပြုနိုင်ပေ။

အမှုတခုလုံးကိုခြုံ၍ကြည့်လျှင်၊ အယူခံတရားလိုသည် ဆရာဝန်မဟုတ်ဘဲ မိမိ၏ နာမည်ရှေ့တွင် ဒေါက်တာဟုတပ်ကာ ဆိုင်းဘုတ်ထားခြင်း၊ ဆေးကုသခြင်း၊ ဆေးဝယ်ခြင်း စသည်တို့ကို ပြုခဲ့ကြောင်း ထင်ရှားသည်။ ယင်းသို့ ဆရာဝန်မဟုတ်ဘဲ ဆရာဝန်ဟု နာမည်ရွှေ့၌ တပ်ခြင်းအားဖြင့်ပင် အယူခံတရားလိုသည် မြန်မာနိုင်ငံတော်

ဆေးဘက်ဆိုင်ရာဥပဒေပုဒ်မ ၂၆ (၃) ဖြင့် ငြိစွန်းလျက်ရှိပေသည်။ ထိုပုဒ်မမှာ အောက်ပါအတိုင်းဖြစ်သည်။

၂၆။ * * * * *

(၃) မည်သူမျှ အော်ဂက်တွင်ဖေါ်ပြထားသူ မဟုတ်လျှင်၊ မိမိ၏အမည်တွင် "ဒေါက်တာ"၊ သို့တည်းမဟုတ် "ဆရာဝန်" (Dr. or Doctor) ဟု ထည့်တပ်ခြင်း မပြုစေရ။

(က) တည်ဆဲတရားဥပဒေတရပ်ရပ်ဖြင့် အသိအမှတ် ပြုထားသောဘွဲ့ကို လက်ရှိဖြစ်သူ၊ သို့တည်းမဟုတ်

(ခ) မှတ်ပုံဝင်ဆရာဝန်ဖြစ်သူ၊

နိုင်ငံတော်အစိုးရသည်၊ ထိုပြဋ္ဌာန်းချက်ကို လုပ်သားပြည်သူတို့၏ အကျိုးကို ကာကွယ်ရန်အလို့ငှါ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။ ယခုအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ဆရာဝန်များ ရှားပါးနေသည်ကို အခွင့်အရေးယူကာ၊ ရမ်းကုဆေးဆရာများသည် ဆရာဝန် အယောင်ဆောင်၍ မသိနားမလည်သော လုပ်သားပြည်သူများအား မိမိတို့ကောင်းစွာ မကျွမ်းကျင် နားမလည်သည့် အနောက်နိုင်ငံ ဆေးများဖြင့် ဆေးထိုးပေးခြင်း၊ ဆေးကုသပေးခြင်း ပြုလုပ်ခဲ့ကြသဖြင့်၊ မသေသင့်ဘဲ သေဆုံးခဲ့ရသည့် ဦးရေမှာ မနည်းလှသည့်အလျောက်၊ လုပ်သားပြည်သူတို့၏ အသက်ဘေးအန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ကို ပြဋ္ဌာန်းကာ မှတ်ပုံဝင် ဆရာဝန်မဟုတ်သူကို ၎င်း၏နာမည်တွင် ဆရာဝန်ဟု ထည့်တပ်ခြင်း မပြုရဟု တားမြစ်ထားခြင်းဖြစ်သည်။ ထိုသို့တားမြစ်ထားပါလျက်၊ ဆရာဝန်ဆိုသောဘွဲ့ကို နာမည်၌ ထည့်တပ်ပါက၊ ပုဒ်မ ၂၇ (၂) အရ အနည်းဆုံး ထောင်ဒဏ် ၅ နှစ်အပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်သည်။ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်ကို ရမ်းကုဆေးဆရာများ အနေဖြင့် အထူးသတိချပ်သင့်ပေသည်။

ယခုအမူတွင် အယူခံတရားလိုသည် မိမိ၏နာမည်ရှေ့တွင် ဆရာဝန်ဟု ထည့်တပ်ခဲ့ကြောင်း သက်သေအထောက်အထား ခိုင်လုံနေ၍ ပုဒ်မ ၂၇ (၂) နှင့်လည်း အကျုံးဝင်နေသည်ဟု ဆိုရမည်ဖြစ်သည်။ "မှတ်ပုံဝင်ဆရာဝန်" ဆိုသည်မှာ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်စာရင်းသွင်းထားပြီးဖြစ်သည့် ဆရာဝန်ဖြစ်ပေသည်။ ယင်းသို့ စာရင်းသွင်းပြီးဖြစ်သည့် မှတ်ပုံဝင် ဆရာဝန်ဖြစ်မှသာ ထိုသူ၏နာမည်တွင် ဆရာဝန်၊ သို့မဟုတ် ဒေါက်တာဟု ထည့်တပ်ခြင်းပြုနိုင်မည် ဖြစ်သည်။ အယူခံတရားလိုသည် မှတ်ပုံဝင် ဆရာဝန်တယောက် မဟုတ်ကြောင်း မှတ်ပုံတင်အရာရှိ ဦးပု (သိုပြ ၁၆) ၏ ထွက်ဆိုချက်အရ မြင်ရနိုင်ပေ။ ယင်းသို့

မှတ်ပုံဝင် ဆရာဝန် တယောက် မဟုတ်သော်လည်း အယူခံ တရားလိုသည် မိမိ၏နာမည်ရှေ့တွင် ဒေါက်တာဟု ထည့်ထပ်ခဲ့သည်။ မိတ်ဆွေများဖြစ်ကြသည့် ကိုအောင်ကျော်ဇံနှင့် ကိုကျော်ဦးတို့အား ဆရာဝန်ဖြစ်သည်ဟု ပြောဆိုကာ မှတ်ပုံတင် နံပါတ်ကိုလည်း ပြောခဲ့သည်။ ကိုဘအေးအား ဆရာဝန်ဟုပြောကာ ဆေးထိုးပေးဘူးသည်။ ဆေးနှင့် ဆေးပစ္စည်းဆိုင်သို့ သွားရောက်ပြီး ဆရာဝန်ဟုပြောကာ ဆေးဝယ်ခဲ့သည်။ ဆေးဝယ်သည့် ဘောက်ချာတွင် ဒေါက်တာမင်းလွင်ဟု ရေးသားခဲ့သည်။ မင်းလွင်ဆိုသော လက်မှတ်အောက်တွင် ဆရာဝန် မှတ်ပုံတင်နံပါတ်ကို ရေးသားခဲ့သည်။ အထက်ပါအချက်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အယူခံတရားလိုသည် မှတ်ပုံဝင် ဆရာဝန်မဟုတ်ဘဲလျက် မှတ်ပုံဝင် ဆရာဝန်ယောင်ဆောင်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေသည်။ နိုင်ငံတော်အစိုးရ အနေဖြင့် ဆရာဝန်အတုအယောင်များကို အချိန်မလင့် ပပျောက်အောင် ရည်ရွယ်လျက် ထိုကဲ့သို့ အယောင်ဆောင်သူအား အနည်းဆုံး ထောင်ဒဏ် ၅ နှစ်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည့်အလျောက်၊ အောက်ရုံး၏ အပြစ်ဒဏ်မှာလည်း တရားဥပဒေနှင့် ညီညွတ်သည်ဟု ဆိုရမည်ဖြစ်သည်။

သို့ပါ၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအယေးအဖွဲ့မှု

တရားသူကြီး ဦးသက်ဖေရွှေတင်

တင်တင်ဦး ဘရားသား (လျှောက်ထားသူ)

နှင့်

၁၉၆၆

ဒီဇင်ဘာလ ၁၄ ရက်။

ငွေတိုးချစားသူများ ဒုတိယမှတ်ပုံတင်အရာရှိ (လျှောက်ထားခံရသူ) *

သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၅ အရစွဲဆိုမှု—ပြည်သူ့ဝန်ထမ်းက မလုပ်လျှင် မနေရသော သက်ရောက်သည့် ပြဋ္ဌာန်းချက်မျိုး မရှိလျှင် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ အမိန့်ထုတ်ဆင့်ပေးခြင်းပြုနိုင် မပြုနိုင်—၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ ၃—မှတ်ပုံတင်လက်မှတ်ကိုအသစ်လဲလှယ်ရန်လျှောက်ထားလျှင် ငွေတိုးချစားသူများ မှတ်ပုံတင်အရာရှိက အသစ်လဲလှယ်ပေးရမည်ဟု မလုပ်မနေရသောသက်ရောက်သည့် ပြဋ္ဌာန်းချက်ရှိ မရှိ—သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၅ ထုတ်ဆင့်ရမည့် အမိန့်မှာ ဆင်ခြင်တုံတရား လက်ကိုင်ထားရှိ ထုတ်ပေးသင့်မှထုတ်ပေးရမည့် အမိန့်မျိုးဖြစ်ခြင်း။

ငွေတိုးချစားသူများ မှတ်ပုံတင်အရာရှိက လျှောက်ထားသူ၏ မှတ်ပုံတင်သက်သေခံ လက်မှတ်ကို အသစ်လဲလှယ်ပေးရန် ငြင်းဆိုသဖြင့်သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ မှတ်ပုံတင် အရာရှိအား၊ မှတ်ပုံတင်သက်သေခံ လက်မှတ်အသစ်လဲလှယ်ပေးရန် အမိန့် ထုတ်ဆင့်ပေးစေလိုကြောင်း လျှောက်ထား၏။

ဆုံးဖြတ်ချက်။ ။ပြည်သူ့ဝန်ထမ်းတဦးဦးအား တာဝန်ဝတ္တရား တစုံတခုကိုဆောင်ရွက်ရမည်ဟု ဥပဒေတရပ်ရပ်က အတိ အလင်း ပြဋ္ဌာန်းထားလျှင်၊ တရားရုံးချုပ် အနေဖြင့် ထိုပြည်သူ့ဝန်ထမ်းအား ၎င်းတာဝန်ကို ထမ်းဆောင်ရန် သီးခြား သက်သာခွင့်အက်ဥပဒေပုဒ်မ ၄၅ အရ၊ အမိန့် ထုတ်ဆင့်ပေးနိုင်မည် ဖြစ်သည်။ ၎င်းတာဝန်ကို သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းကမလုပ်လျှင် မနေရ သဘော သက်ရောက်သည့် ပြဋ္ဌာန်းချက်မျိုး မရှိလျှင် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ အမိန့်ထုတ်ဆင့်ပေးခြင်း မပြုနိုင်ပေ။

ဘုံဘိုင်အမြတ်တော်ကြေး မင်းကြီး နှင့် ဘုံဘိုင်ထရုပ် ကော်ပိုရေးရှင်း၊ အေ၊အိုင်၊ အာ (ရ်)၊ ၁၉၃၆၊ ပရီဗီကောင်စီ၊ စာ ၂၆၉။ ။ဘျမ်ဆင်ချန် နှင့် ရန်ကုန်မြို့ရဲမင်းကြီး၊ ၁၉၃၇ ရန်ကုန်စီရင်ထုံး၊ စာ ၄၁၄။ ။ပီဘီဆင်း နှင့် ဒုတိယငွေလဲလှယ်ရေး ကြီးကြပ်ရေးဝန်၊ ၁၉၅၁၊ မြန်မာပြည် စီရင်ထုံး၊ စာ ၄၇၆ (တရားလွှတ်တော်) ရည်ညွှန်းသည်။

* ၁၉၆၄ ခုနှစ်၊ တရားမ အယေးအဖွဲ့မှု အမှတ် ၉၉။

မှတ်ပုံတင် လက်မှတ်ကို အသစ်လဲလှယ်ရန် လျှောက်ထားလျှင် ဒွေတိုးချစားသူများ မှတ်ပုံတင် အရာရှိက အသစ်လဲလှယ်ပေးရမည်ဟု မလုပ် မနေရသဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်မရှိချေ။ ယင်းသို့ ဥပဒေ အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စတရပ်ကို ဒွေတိုးချစားသူများ မှတ်ပုံတင် အရာရှိအား ပြုလုပ်ဆောင်ရွက်ပေးရမည်ဟု ဤရုံးမှ သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၅ အရ၊ အမိန့် ထုတ်ဆင့်ခြင်း မပြုနိုင်ပေ။

သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၅ ထုတ်ဆင့်ရမည့်အမိန့်မှာ ဆင်ခြင်တုံတရား လက်ကိုင်ထား၍ ထုတ်ပေးသင့်မှ ထုတ်ပေးရမည့် အမိန့်မျိုးသာ ဖြစ်သည်။နိုင်ငံတော် အစိုးရသည်၊ ယခုအခါ လူလူချင်းခေါင်းပုံဖြတ်ခြင်း ကင်းရှင်း တရားမျှတမှု ရှိသော ဆိုရှယ်လစ် ဒီးပွါးရေးစနစ် တည်ဆောက်လျက် ရှိသည်ကို ကမ္ဘာနှင့်အဉန်း အသိဖြစ်သည်။ ယင်းသို့ဆိုရှယ်လစ် စီးပွါးရေး စံနစ် တည်ဆောက်နေသည့် အချိန် သမယတွင် လုပ်သား ပြည်သူအချင်းချင်း တဦးပေါ် တဦး ဒွေတိုးချစားသည့် လုပ်ငန်းမှာ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်လုံးဝ ကိုက်ညီခြင်း မရှိသည့် အလျှောက် ထိုလုပ်ငန်းကို အသက်သွင်းပေးရာသဘော သက်ရောက်သည့် အမိန့်ကို ထုတ်ဆင့်ပေးရန် သင့်လျော်မည် မဟုတ်ပေ။ ယနေ့ တရားစီရင်ရေးသည် လုပ်သားပြည်သူအကျိုးပြုသည့် တရားစီရင်ရေးသို့ ရွှေ့ရွလျက်ရှိရာ လုပ်သား ပြည်သူကိုယ်စား ပြုသည့်နိုင်ငံတော် အစိုးရ၏ မူဝါဒနှင့် ကိုက်ညီအောင် ညှိနှိုင်း စပ်ဟပ်ကာ စီရင်ရန်ဟာဝန်ရှိသည် ဆိုခြင်းကိုသတိချပ်ရမည် ဖြစ်သည်။ သို့ဖြစ်ရာ လျှောက်ထားသူ တောင်းဆိုလာသည့် အမိန့်မှာဆင်ခြင်တုံတရား လက်ကိုင်ထား၍ ထုတ်ပေးသင့် ထုတ်ပေးထိုက်သော အမိန့် ဖြစ်သည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက်။ ။ဦးဝမ်ဟုတ်။

လျှောက်ထားခံရသူအတွက်။ ။ဦးဘရွှန်းနှင့် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူတင်တင်ဦးဘရားသားသည် ၁၉၄၅ ခုနှစ်၊ ဒွေတိုးချစားသူများ ဥပဒေအရ မှတ်ပုံတင် ထားသည့် ဒွေတိုးချစားသည့် အစုစပ်လုပ်ငန်းတခုဖြစ်သည်။ ၎င်းသည် တရားရုံးချုပ်၏ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၃ တွင် ဦးစိန်ကြိုင်နှင့် ၂ ဦး အပေါ်၊ ပစ္စည်းပေါင်နှင့် ချေးထားသည့် ငွေပေါင်း ၆၉,၁၉၀ ကျပ် ၆၆ ပြား ရလိုကြောင်း တရားစွဲဆိုခဲ့၏။ ၁၉၆၄ ခုနှစ်၊ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ၎င်း၏ဒွေတိုးချစားသူများ မှတ်ပုံတင် သက်သေခံလက်မှတ်မှာ သက်တမ်းကုန်ဆုံးမည် ဖြစ်ပြီး၊ ထိုနေ့၌ အဆိုပါ ၎င်း၏ အမှုမှာလည်း ပြီးဆုံးရန် လမ်းမမြင်သေးသဖြင့်၊ ထိုမှတ်ပုံတင် သက်သေခံလက်မှတ်ကို အသစ်လဲလှယ်ပေးရန်၊ ရုန်ကုန်မြို့၊ ဒွေတိုးချစားသူများ မှတ်ပုံတင် အရာရှိထံသို့ ၁၉၆၄ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် လျှောက်ထားခဲ့၏။ သို့ရာတွင် ဒွေတိုးချစားသူများ မှတ်ပုံတင် အရာရှိက လျှောက်ထားသူ၏ မှတ်ပုံတင် သက်သေခံ လက်မှတ်ကို အသစ်လဲလှယ်

၁၉၆၆

တင်တင်ဦး ဘရားသား နှင့် ဒေတိုးချစား သူများဒုတိယ မှတ်ပုံတင် အရာရှိ။

ပေးရန် ငြင်းဆိုခဲ့သဖြင့်၊ လျှောက်ထားသူက (သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၅ အရ) ဒေတိုးချစားသူများ မှတ်ပုံတင် အရာရှိအား ၎င်း၏မှတ်ပုံတင် သက်သေခံ လက်မှတ်ကို အသစ်လဲလှယ်ပေးရန် အမိန့်ထုတ်ဆင့် ပေးစေလိုကြောင်း လျှောက်ထားသောအမှုဖြစ်လေသည်။

ဒေတိုးချစားသူများ မှတ်ပုံတင် အရာရှိအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိအစိုးရ လုပ်တော် ရှေနေကြီး ဒေါ်မြသန်းနု က၊ သီးခြား သက်သာခွင့်၊ ဥပဒေပုဒ်မ ၄၅ အရ၊ ထုတ်ဆင့်ရမည့် အမိန့်မှာ ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ ချမှတ်သင့်မှ ချမှတ်ရမည့် အမိန့်ဖြစ်သည်ကတကြောင်း၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၅ ၏ အပိုဒ် (၈) အရ၊ တရားမှန်ကန်၍ တရားလမ်းနှင့်ညီညွတ်ကြောင်း ကြေနပ်မှုသာ ထိုအမိန့်မျိုးကို ချမှတ်ရမည်ဖြစ်ရာ၊ ဒေတိုးချစားခြင်း အလုပ်သည် နိုင်ငံတော် အစိုးရက ဆောက်တည်လျက်ရှိသော ဆိုရှယ်လစ် စီးပွါးရေး စနစ်နှင့် ကိုက်ညီခြင်းမရှိသဖြင့်၊ တရားမှန်ကန်၍ တရားလမ်းနှင့် ညီညွတ်သည်ဟု မဆိုနိုင်သည်ကတကြောင်း၊ ထိုအကြောင်းများကြောင့် ဒေတိုး ချစားသူများ မှတ်ပုံတင် အရာရှိအား လျှောက်ထားသူ၏ မှတ်ပုံတင် သက်သေခံ လက်မှတ်ကို လဲလှယ်ပေးရန် အမိန့်ထုတ်ဆင့်ခြင်း မပြုသင့်ကြောင်း တင်ပြလာ၏။ ဤအမှုတွင် ကြားဖြတ်ကန့်ကွက်သူ ဒေါ်ခင်ခင်၏ ပညာရှိ ရှေနေကြီး ဦးဘရွန်းကလည်း ဒေါ်မြသန်းနု၏ တင်ပြချက်ကို ထောက်ခံသွားလေသည်။

ပြည်သူ့ဝန်ထမ်းတဦးဦးအား တာဝန်ဝတ္တရား တစုံတခုကို ဆောင်ရွက်ရမည်ဟု ဥပဒေတရပ်ရပ်က အတိအလင်းပြဋ္ဌာန်းထားလျှင်၊ တရားရုံးချုပ်အနေခြင့် ထိုပြည်သူ့ဝန်ထမ်းအား ၎င်းတာဝန်ကို ထမ်းဆောင်ရန် သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၅ အရ၊ အမိန့်ထုတ်ဆင့်ပေးနိုင်မည် ဖြစ်သည်။ ၎င်းက တာဝန်ကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက မလုပ်လျှင်မနေရ သဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်မျိုး မရှိလျှင် သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၅ အရ၊ အမိန့်ထုတ်ဆင့် ပေးခြင်း မပြုနိုင်ပေ။ **ဘုံဘိုင် အမြတ်တော်ကြေး မင်းကြီး နှင့် ဘုံဘိုင်ထရမ် ကော်ပိုရေးရှင်း** (၁)၊ **ချမ်းဆင်ချန် နှင့် ရန်ကုန်မြို့ ရဲမင်းကြီး** (၂) နှင့် **ပီ-ဘီဆင်း နှင့် ဒုတိယ ဒေလဲလှယ်ရေး ကြီးကြပ်ရေးဝန်** (၃)။

ဒေတိုးချစားသူများ မှတ်ပုံတင် အရာရှိက လျှောက်ထားသူ၏ မှတ်ပုံတင် သက်သေခံ လက်မှတ်ကို အသစ်လဲလှယ်ပေးရန် တာဝန်ရှိသည်ဆိုသော တင်ပြချက်နှင့်

---

(၁) အော၊ အိုင်၊အာ(ရှ်)၊ ၁၉၃၆၊ ပရီဗီကောင်စီ၊ စာ ၂၆၉။

(၂) ၁၉၃၇၊ ရန်ကုန်စီရင်ထုံး၊ စာ ၄၁၄။

(၃) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၇၆ (တရားလွှတ်တော်)။

ပတ်သက်၍ လျှောက်ထားသူ၏ ပညာရှိ ရွှေနေကြီး ဦးဝမ်ဟုတ် ကိုးကားသည့် သက်ဆိုင်ရာ ဥပဒေမှာ ၁၉၄၅ ခု၊ ငွေတိုးချစားသူများ ဥပဒေ၏ ပုဒ်မ ၆၊ ပုဒ်မခွဲ ၃ ပင်ဖြစ်သည်။ ထိုပုဒ်မခွဲမှာ အောက်ပါအတိုင်း ဖြစ်သည်။

"6. (3) At any time within thirty days prior to the date on which his registration will expire, a money-lender may, and shall if he intends to continue in business, apply for renewal of registration, and the provisions of sub-sections (2), (3), (4) and (5) of section 5 shall apply to such application:

Provided that it shall not be necessary to make fresh entries in the register of money-lenders on the renewal of the registration, but a note of the date of renewal of the registration shall be made therein."

အထက်ပါပုဒ်မခွဲအရ ငွေတိုးချစားသူက ၎င်း၏မှတ်ပုံတင် သက်သေခံလက်မှတ်ကို အသစ်လဲလှယ်လိုသည့်အခါ မည်သည့် အချိန်အတွင်း မည်သို့မည်ပုံ လျှောက်ထား ရမည်ဟုသာ ဖော်ပြထားသည်။ ယင်းသို့ မှတ်ပုံတင် လက်မှတ်ကို အသစ်လဲလှယ်ရန် လျှောက်ထားလျှင် ငွေတိုးချစားသူများ မှတ်ပုံတင် အရာရှိက အသစ်လဲလှယ်ပေး ရမည်ဟု မလုပ်မနေရ သဘော သက်ရောက်သည့် ပြဋ္ဌာန်းချက် မရှိချေ။ ယင်းသို့ ဥပဒေအတိုင်းလည်း ပြဋ္ဌာန်းထားခြင်း မရှိသည့် ကိစ္စတရပ်ကို ငွေတိုး ချစားသူများ မှတ်ပုံတင် အရာရှိအား ပြုလုပ်ဆောင်ရွက်ပေးရမည်ဟု ဤရုံးမှ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၅ အရ၊ အမိန့်ထုတ်ဆင့်ခြင်း မပြုနိုင်ပေ။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၅ ထုတ်ဆင့်ရမည့် အမိန့်မှာ ဆင်ခြင် တုံတရား လက်ကိုင်ထား၍ ထုတ်ပေးသင့်မှ ထုတ်ပေးရမည့် အမိန့်မျိုးသာ ဖြစ်သည်။ နိုင်ငံတော် အစိုးရသည် ယခုအခါ လူလုချင်း ခေါင်းပုံဖြတ်ခြင်းကင်း၍ တရားမျှတမှု ရှိသော ဆိုရှယ်လစ် စီးပွါးရေး စနစ် တည်ဆောက်လျက်ရှိသည်ကို ကမ္ဘာနှင့်အဝှန်း အသိဖြစ်သည်။ ယင်းသို့ ဆိုရှယ်လစ် စီးပွါးရေး စနစ် တည်ဆောက်နေသည့် အချိန်သမယတွင်၊ လုပ်သားပြည်သူ အချင်းချင်း တဦးပေါ် တဦး ငွေတိုးချစားသည့် လုပ်ငန်းမှာ၊ နိုင်ငံတော် အစိုးရ၏ မူဝါဒနှင့် လုံးဝကိုက်ညီခြင်း မရှိသည့် အလျောက်၊ ထိုလုပ်ငန်းကို အသက်သွင်းပေးရာ သဘော သက်ရောက်သည့် အမိန့်ကို ထုတ်ဆင့် ပေးရန် သင့်လျော်မည် မဟုတ်ပေ။ ယနေ့ တရားစီရင်ရေးသည် လုပ်သားပြည်သူ အကျိုးပြုသည့် တရားစီရင်ရေးသို့ ရွှေ့လျှောက်ရှိရာ လုပ်သားပြည်သူ ကိုယ်စားပြုသည့် နိုင်ငံတော် အစိုးရ၏ မူဝါဒနှင့် ကိုက်ညီအောင် ညှိနှိုင်းစပ်ဟပ်ကာ စီရင်ရန် တာဝန် ရှိသည်ဆိုခြင်းကို သတိချပ်ရမည် ဖြစ်သည်။ သို့ဖြစ်ရာ လျှောက်ထားသူ တောင်းဆို

၁၉၆၆

တင်တင်ဦးဘားသား နှင့် ဒွေတိုးချစားသူများအုတ်ယမှတ်ပုံတင်အရာရှိ။

လာသည့် အမိန့်မှာ ဆင်ခြေတုံတရားကို လက်ကိုင်ထား၍ ထုတ်ပေးသင့်၊ ထုတ်ပေးထိုက်သော အမိန့်ဖြစ်သည်ဟု မဆိုနိုင်ချေ။

အထက်ပါ အကြောင်းများကြောင့် ဒွေတိုးချစားသူများ မှတ်ပုံတင် အရာရှိ အပေါ် အမိန့် ထုတ်ဆင့်ပေးရန် တောင်းဆိုလာသည့် တင်တင်ဦးဘားသား၏ လျှောက်လွှာကို တရားစရိတ်နှင့်တကွ ပလပ်လိုက်ရသည်။

ရွှေနေတဦးအတွက်စရိတ်ကို ၁၇ ကျပ် စီသတ်မှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးကျော်ဇံဦး ရှေ့တွင်

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတီနိ၏ အမွေစား အမွေခံများ ဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ (တရားလိုများ)

နှင့်

မစ္စ အယ်လန်နာန္တစ် မာတီနီ ပါ ၂ (တရားခံများ)*

၁၉၆၆

ဖေဖော်ဝါလ ၂၉ ရက်။

သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂—အိမ်နှင့် ခြေအပြင် ဆက်စပ်နေသော အဆောက် အဦတို့ကိုလက်ရှိဖြစ်ရာ၊ တရားခံဘက်မှ ထိုပစ္စည်းများသည် မိမိ၏ သေဆုံးသော ဘခင် ပိုင်ဖြစ်ကြောင်း အမွေခံ အုပ်ချုပ် လက်မှတ် (Letters of Administration) လျှောက်လွှာတွင် ပြထားရာ တရားလိုကသူသာ ပိုင်ဆိုင်ကြောင်းနှင့် တရားခံက အခွင့်မရှိဘဲ မတရားဆောက်လုပ်ထားသော အဆောက် အဦများကို ဖြိုဖျက်ပြီး အိမ်နှင့်မြေကို လက်ရှိပေးအပ်၍ထွက်ခွါသွားစေဟု မြွက်ဟ ကျေညာ ဒီကရီပေးရန် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ လျှောက်သည်။တရားလို က တရားခံ ဘခင်သည်ဂျင်း၏ အခွင့်နှင့်သာ နေခဲ့သည်ဖြစ်၍ မပိုင်ဆိုင်ကြောင်း အဆို ရှိသည်။

ဆုံးဖြတ်ချက်။ ။တရားခံ၏ ဘခင်သည်၊ ၁၉၄၂ ခုနှစ်ကပင်သေဆုံးသည့် ၁၉၅၅ ခုနှစ် အထိ လက်ရှိနေထိုင်ခဲ့သော်လည်း၊ သက်သေ ထွက်ချက်များအရ၊ တရားလို၏အခွင့်နှင့်သာ နေထိုင်ခဲ့သည်ဖြစ်ရာ၊ တရားလိုက လက်ရှိဖြစ်နေ၍အချင်းဖြစ်ပစ္စည်းများသည် ၎င်းသာ လက်ရှိ ပိုင်ဆိုင်သည်ဟု မြွက်ဟ ကျေညာပေးရန် အမှုဖြစ်၍၊ တရားခံ၏ ဘခင်သည် ၊ တရားလိုပိုင် အခွင့် နှင့်သာ နေထိုင်ခဲ့သည်ဖြစ်ရကား၊ ကာလ စည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အမှတ် ၁၄၄

* ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၀။

၀၉၆၆

(ကွယ်လွန်သူ မစ္စတာဂျိန်းမဲ့တီနီ၏အမွေစား အမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာ ဒ္ဗစ်မာဘီနီ ပါ ၂။

နှင့် မသက်ဆိုင်။ ဤကဲ့သို့ အမှုများတွင် ဤအက်ဥပဒေပဌမဇယား အမှတ် ၁၂၀ နှင့်သာ အကျုံးဝင်သည်။

Francis Legge **v.** ***Rambaran Singh and another***, I.L.R., XX All. 35 (F.B.) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။နှစ်ဦးနှစ်ဖက်ပြသော သက်သေများသည် အပြိုင်အဆိုင်ဖြစ်နေ၍ ၎င်းတို့ ဝန်ခံထားသော အချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်များတို့ကို ထောက်ရှုလျက် မည်သည့်ဘက်က ပိုမိုမှန်လိမ့်မည်ကို ဆုံးဖြတ်မှသာ အမှု၏ မှန်ကန်ရာကို ရောက်မည်။

မတင်တင်နှင့် ဒေါ်ကံရှိ၊ 1948 B.L.R., p. 582 ရည်ညွှန်းသည်။

တရားလိုများအတွက်။ ။ဦးလှဖေ (၂)။

တရားခံအမှတ် (၁) အတွက်။ ။ဒေါက်တာဘမော်ကိုယ်စား မစ္စတာ အင်စီဆင်း။

တရားခံအမှတ် (၂) အတွက်။ ။ဦးလှဝိန်။

တရားသူကြီး ဦးကျော်ငဦး။ ။ဤအမှုတွင် အသက် ၈၃ နှစ်ကျော်ရှိ၊ ယခင် ဘီ-အို-စီ ကုမ္ပဏီ၏ အငြိမ်းစား အင်ဂျင်နီယာ ဆာဗေယာဖြစ်သူ၊ မူလတရားလို ဂျိန်းမာဘီနီက ၎င်း၏ ကွယ်လွန်သူ မီးရထား ရဲဝန်ထောက်ညီ၊ ဖရက်ဒီရိတ်မာတီနီ၏ သမီးတူမဘော်စပ်သူ ဦးမျိုးနိုင်၏ဇနီး၊ အယ်လန်နာ (ခေါ်) အိုင်လိန်နှင့် ဗိုလ်ဘခိုတို့ အပေါ်၊ (၁) ရန်ကုန်မြို့အမှတ် ၃၂၁/၃၂၃၊ ဦးဝိစာရလမ်းရှိ နှစ်ထပ်တိုက်အိမ်၊ အပိုဆောက်အိမ်ကလေးနှင့် မော်ဘော်ကားမုံအပြင်၊ ၎င်းတို့တည်ရှိရာ ဘလောက် အမှတ် ၂၉-ဘီ၊ ၁-လွတ်အမှတ် ၁၉ ဖြစ်သော အလျားပေ ၂၃၀ နှင့်အနံပေ ၁၃၀ရှိသော ငှါးမြေ (လီးစ်) ကုန်တို့ကို ၎င်းသာပိုင်ဆိုင်သည်ဟု မြွက်ဟကျေညာပေးရန်နှင့် (၂) တရားခံနှစ်ယောက်စလုံးကို အဆိုပါ မြေတွင် အလျားပေ ၁၃၀ အနံပေ ၈၁ လောက်ရှိသော နေရာ၌၊ တခြား အဆောက်အဦး များကို ဖြိုဖျက်ခွေပြောင်းပြီး အနှောက်အယှက် မပေးဘဲ၊ အချင်းဖြစ်မြေမှ ထွက်ခွါသွားစေပြီး၊ (၃) တရားခံ နှစ်ယောက်စလုံးကို သူပိုင်ဆိုင်သော အဆောက်အဦများနှင့် အိမ်ယာမြေများတွင် ဝင်ရောက်စွက်ဖက် နှောက်ယှက်ခြင်း မပြုရန် ထာဝစဉ်တားမြစ်ပေးပါရန် လျှောက်ထားခြင်းဖြစ်သည်။

သေသပ်စုံလင်စွာ ချေးသားထားသော အဆိုလွှာတွင် တရားလိုက ရန်ကုန်မြို့၊ စည်ပင်သာယာရေး အဖဲ့မှ ၁၉၄၀ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲဖြင့် အချင်းဖြစ်မြေ၏မြေဂြိုး (လီးစ်) စာချုပ်အမှတ် ကေ၊ ၈၆၊ ၆၃/၄၀ သက်သေခံအမှတ် (အေ) အရ၊ မြေကိုပိုင်ဆိုင်ပြီး ၁၉၄၁ ခုနှစ်တွင် အဆိုပါ အဆောက်အဦ နှစ်ထပ်တိုက်အိမ်၊ အပိုဆောက် အိမ်ကလေးနှင့် မော်တော်ကားရုံတို့ကို စတင်ဆောက်လုပ်ရာ၊ ဒုတိယ

ကမ္ဘာစစ်ကြီးကြောင့် ၁၉၄၆ ခုနှစ်မှသာ ပြီးစီးကြောင်း ဖေါ်ပြထားသည်။ ၎င်း၏ အဆက်ဖေါ်ပြထားသော ညီဖြစ်သူသည်သူ၏ အခွင့်အရေ ထိုအဆောက်အဦများကို ၁၉၄၂ ခုနှစ်မှ ၎င်းသေဆုံးသည့် ၁၉၅၅ ခုနှစ်၊နိုဝင်ဘာလ ၂ ရက်နေ့အထိ နေထိုင်ခဲ့ပြီး နောက်၊ ၎င်း၏မုဆိုးမ ဒေါ်ရသီမာတိနီက ဆက်လက်နေထိုင်ရာ ၁၉၅၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ဆိုဗီယက်သံရုံးသို့ အချင်းဖြစ် အဆောက်အဦများကို ငှါးရမ်းခဲ့သည့်အကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဇွန်လတွင်သိရှိ၍ စုံစမ်းရာ၊ ဒေါ်ရသီမာတိနီသည် တနှစ်အဘက် ကြိုတင်၍ငှါးရမ်းခငေ ၂၄,၀၀၀ ကိုရသည့်အပြင်၊ မတရားသဖြင့်အခွင့်မဲ့ ယာယီ အိမ်ဘဆောင်ကိုလည်း အချင်းဖြစ်မြေပေါ်တွင် ဆောက်လုပ်ကြောင်း သိရှိရလေသည်။ တရားလိုက သက်သေခံအမှတ် အယ်(လ်)နှင့် အမ်(မ်)အရ၊ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နှင့် ၁၂ ရက်နေ့စွဲများဖြင့် ရှေနေမှတဆင့် နို့တစ်စာ များခပေး၍ ကန့်ကွက်ရာ၊ ဒေါ်ရသီမာတိနီသည် ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့စွဲ ပါ သက်သေခံအမှတ်အင်(နှ)စာအရ အချင်းဖြစ်အိမ်မြေ စသည်ဘို့နှင့် မပတ်သက် မသက်ဆိုင်ဟု တရားလို၏ ရှေနေထံသို့ ဝန်ခံရေးသားပြီး၊ ဆိုဗီယက် သံရုံးသို့လည်း တရားလိုသာ ကောန်အမှန် အိမ်ရှင်ဖြစ်၍ အငှါးခကို တရားလိုအားပေးရန် သက်သေခံ အမှတ် အာ(ရ်)စာကိုရေးရာ၊ ဆိုဗီယက်သံရုံးကလည်း စာရေးသည့်အတိုင်း ကျနစ္စာ တရားလိုကိုသာ ပိုင်ရှင်ဟုယူဆပြီး သက်သေခံအမှတ် အက်(စ်)အငှါးစာချုပ်ကို ချုပ် ဆိုလေသည်။ ရန်ကုန်မြို့၊ မြူနီစီပါယ်ရုံးသို့လည်း ဒေါ်ရသီမာတိနီကိုယ်တိုင် ဆောက်ခံ လက်မှတ်ရေးထိုးပြီး အချင်းဖြစ်အိမ်နှင့် မြေဘို့မှာ တရားလိုသာ ပိုင်ဆိုင်သူဖြစ် ကြောင်း တရားလိုက လျှောက်ထားသည့်အတိုင်း နာမည်ပြောင်းရှေ့ လိုက်လေသည်။ တရားလိုမှာ အခွင့်မဲ့ မာရားဆောက်ထားသော ယာယီအိမ်မှအပ၊ ကျန်အချင်းဖြစ် နှစ်ထပ်ဘိုက်အိမ် အပါအဝင်ဖြစ်သော အဆောက်အဦနှင့် မြေများကို လက်ရှိရ ခံစား၍ ရှိသည်။

လေးနှစ်ခန့်ကြာကာလ ဒေါ်ရသီမာတိနီသည် ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် နေ့တွင် သေဆုံးသွားသူ ၎င်း၏ခင်ပွန်း ဖရက်ဒီရိတ်မာတိနီ၏ ကျန်ရစ်ခဲ့သော ပစ္စည်း များကို အုပ်ထိန်းရန် ယခင်တရားလွှတ်တော်၌ ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၇၄ တွင် လျှောက်ထားသောအခါ ယခုအချင်းဖြစ်အိမ်နှင့် မြေကိုပါ ထည့်သွင်း ခဲ့လေသည်။ အမှုအတောအတွင်း ဒေါ်ရသီမာတိနီလည်း သေဆုံးသွားရှာ၍၊ ၎င်း၏ သမီးဖြစ်သူ ယခုအမှု၌ ပဌမဘရားခံ အိုင်လိန်သည် ၎င်း၏မိခင် မာရားသဖြင့် အခွင့်မဲ့ ဆောက်ခဲ့သည်ဟုဆိုသော ယာယီအိမ်ကို တရားလို၏ အခွင့်မရဘဲ လက်ရှိယူ၍ တဖန် ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တရားလွှတ်တော်၌ ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၂၃၄ တွင် ထိုနည်းတူစွာ ထပ်မံလျှောက်ထားရာ

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတိနီ၏အမွေစားအမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာန္ဒမာတိနီ ပါ ၂။

၁၉၆၆

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတီနီ၏အမွေစားအမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာန္ဒစ်မာတီနီ ပါ ၂။

တရားလိုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ ဤအမှုကို စွဲဆိုရန်သာ ရှိလေသောဘ့ သည်။

ယခုအမှုကို ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် စွဲဆိုရာ အမှတ် ၂ တရားခံ ဗိုလ်ဘခိုမှာ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့လောက်တွင် တရားလို၏ အခွင့်မရရှိဘဲ၊ အချင်းဖြစ်မြေပေါ်၌ အမိန့်မဲ့သစ်သားအိမ် တလုံးကို ဆောက်လုပ်ရာ တရားလိုက ဟန့်တားမရသည်ဖြစ်၍ ဤအမှုတွင် တရားခံဘဉီးအနေဖြင့် ထည့်သွင်းထားသည်။ ဤအမှတ် ၂ တရားခံသည် အမှတ် ၁ တရားခံ၏ အခွင့်နှင့်ဆောက်သည်ကို အငြင်းပွါးခြင်း မရှိကြချေ။ ဤအမှုတွင် အမှတ် ၂ တရားခံ၏ အောင်မြင်မှုမှာ အမှတ် ၁ တရားခံ၏ အနိုင်အရှုံးပေါ်တွင် တည်ရှိနေပေသည်။

အမှတ် ၁ တရားခံ အိုင်လိန်က ချေပသည်မှာ အချင်းဖြစ် အိမ်ယာမြေကို အမှန်တကယ်ပိုင်သူမှာ ၎င်း၏ဘခင်သာ ဖြစ်သော်လည်း၊ အဘိုးရအမှုထမ်းတဦးဖြစ်သည့်အားလျော်စွာ ၎င်းအပေါ် မယုံသက်၍ အထင်အမြင်လွဲမှားခြင်း မရှိစေရန်နှင့် ၎င်း၏နောင် အမှုထမ်း အခြေအနေကို မထိခိုက်စေရန် အလို့ငှါ၊ ဓလေ့ထုံးစံအရ ဆွေမျိုးတော်စပ်သော တရားလို၏နာမည်ဖြင့် ဘီနာမီပြူလုပ်၍ (လီးစ်) ၌းယူခဲ့သည်ဟု ဆိုသည်။ဘိုက်အိမ်ကိုလည်း သူ၏ဘခင်က စရိတ်၊ အခွန်များခံ၍ ဆောက်လုပ်ခဲ့သော်လည်း ဤသဘောအတိုင်းပင် တရားလို၏ နာမည်နှင့်ပင် ထားခဲ့ရာ၊တရားလိုက သူ၏ညီ သေဆုံးသောအခါ ၎င်း၏ ဇနီးထံမှ မဘရားသဖြင့် အတင်းလုယူ ပြောင်းလဲ၍ လက်ရှိယူ ၎ငှားသည်ဟု ဆိုသည်။ သူ့မိခင်က ဆိုဗီယက် သံရုံးသို့ ၌းရမ်းသည့် အကြောင်းကိုတရားလိုသိရှိသော်လည်း အကူအညီအကြံဉာဏ်များပေးရန် ယောကျ်ားဆွေမျိုး မရှိသည့်အပြင်၊ မကျန်းမမာ စိတ်မကောင်း ဖြစ်နေသော သူ၏မိခင်ထံမ ဌေးဘောင်းမရ၍ ခြိမ်းချောက်လိမ်လည် ဖြားယောင်း၍ အခမဲ့ယူဆောင်သွားကြောင်း သာဖြစ်ကြောင်း ထုချေထားသည်။ ထို့အပြင် တရားလိုက တရားဥပဒေအရ ကျနစ်စာ ၎င်းနှင့် ၎င်း၏ မိခင်တို့အား ပြန်လည်၍ မေတ္တာလက်ဆောင် အဖြစ် ပေးအပ်ရန် အလို့ငှါ၎င်း(ဘရားသို)၏ ပိုင်ဆိုင်ကြောင်းကို တရားနည်း ဥပဒေအရ မှန်မှန်ပြုလုပ်ရန်လိုသည်ဟု ဖြားယောင်းပြောကြားသည်ဟု ထုချေထားသော်လည်း၊ ဤ အချက်နှင့် ပတ်သက်၍ ကြေနပ်လောက်အောင် သက်သေထွက်ဆိုချက်များမရှိပေ။ ဤအမှတ် ၁ တရားခံက သူသာ မိခင်၊ ဘခင်ဘို့မှဘဆင့် အချင်းဖြစ် ပစ္စည်းများကို ပိုင်ဆိုင်သည်ဟု အထူးသဖြင့် ထုချေထားသည်။ တရားလိုက ၎င်း၏ညီကို မြေခွန်နှင့် မြူနီစီပါလ်ဂွန်များပေး၍ နေခွင့်ပေးခဲ့သည့် အကြောင်းမှာ အချင်းဖြစ်အိမ်သည်လုံးဝ ပြီးဝီးခဲ့ခြင်း မရှိသေးသော်လည်း၊ သူသည် အငြိမ်းစားဘဉီး အနေဖြင့် ကြီးသောအိမ်သခပေး၍နေထိုင်ရန် အခြေအနေ မရှိသည်ကဘကြောင်း၊ ၎င်း၏ဂုဏ်ကို မထိခိုက်

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတီနီ၏အမွေစား အမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာန္ဒစ်မာတီနီ ပါ ၂။

စေရန်နှင့် အချင်းဖြစ် ပစ္စည်းများကို မဘရား ကျူးလွန်သူများမှ ကာကွယ်ရန်အကြံဖြင့်တကြောင်းကြောင့် ဖြစ်သည်ဟု ဖြေဆိုသည်။ ထို့အပြင် ပစ္စည်းများကို ခြိမ်းချောက်၊ လိမ်လည်၊ အဓမ္မ မဘရားဖြားယောင်း၍ မယူဘဲ ပဌမဘရားခံအသိဖြင့် တရားအာဘိုင်းလက်ရှိ ရရှိခဲ့သည်ဟု ဖြေဆိုသည်။

အားလုံး သဘောတူညီချက်အရ၊ အောက်၌ ဖေါ်ပြထားသော စုစုပေါင်း ငြင်းချက် ၁၁ ခုကို စစ်ဆေးကြားနာရန် သတ်မှတ်သည်။ ဤအမှုကို လက်ခံနိုင်၊ လက်မခံနိုင်ဆိုသည့် ငြင်းချက်ကို သဘောဘူ စွန့်လွှတ်ကြလေသည်။ ငြင်းချက်အမှတ် ၉ နှင့် ၁၀ တို့မှာ နောက်မှ သဘောဘူ သတ်မှတ်သော ငြင်းချက်များ ဖြစ်လေသည်။

1. Is the plaintiff the owner of the suit lease-hold land or a mere trustee or benamidar as stated in paragraph 1 of the Written Statement of the defendant No. 1?
2. Is the plaintiff the owner of the two-storeyed *pucca* building, out-house and the garage standing on the suit lease-hold land?
3. Did Mrs. D. A. Martini the mother of the defendant No. 1 leased the buildings to the Embassy of the U.S.S.R. to the knowledge of the plaintiff as sole owner on the death of her husband?
4. Did Mrs. D. A. Martini write to the Embassy denying her title under intimidation and undue influence of the plaintiff and ask the Embassy to execute the lease-deed in favour of the plaintiff?
5. Did the defendant No. 2 have any legal right to occupy the land marked E in the plan and construct the woodden house?
6. Is the plaintiff in possession and in enjoyment of the suit property?
7. Is the suit barred by limitation?
8. What relief or reliefs is the plaintiff entitled to?
9. Were the deceased F. L. Martini and his wife in possession and enjoyment of the suit property at any time with the leave and permission of the plaintiff?
10. Did the plaintiff fraudulently, forcibly and criminally dispossess Mrs. D. A. Martini of the suit building in the latter part of 1958 as alleged in paragraphs 2 and 3 of the written statement of defendant No. 1?

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတီနီ၏အမွေစား အမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာ နွှစ်မာတီနီ ပါ ၂။

အမှုကို စစ်ဆေးပြီး တရားခံများဘက်မှ လျှောက်လဲချက်များကို ကြားနာပြီး ဆုံးသောအခါ၊ တရားလို၏ပညာရှိ လွှတ်တော်ရှေ့နေကြီး၏ ပြန်လှန်လျှောက်လဲချက်များကို မကြားနာရမှီ တရားလိုသည် ကွယ်လွန်အနိစ္စ ဆောက်သွားသဖြင့် ၎င်း၏ အခန့်စား အမွေခံများကို တရားလိုအဖြစ် ထည့်သွင်းရလေသည်။

ငြင်းချက်အမှတ် ၆။

တရားခံ နှစ်ယောက်သည် အချင်းဖြစ် မြေပေါ်တွင် မတရားဆောက်လုပ်၍ နေထိုင်လျက်ရှိသော အိမ်များဟုဆိုသော အိမ်များမှအပ၊ တရားလိုသည် နှစ်ထပ်တိုက်အိမ်အပါအဝင် အခြားအဆောက်အဦများနှင့်မြေကို ၁၉၅၆/၅၇ ခုနှစ်ကပင် သေဆုံးသည့်တိုင်အောင် လက်ရှိဖြစ်ကြောင်း အငြင်းအခုံ မရှိကြပေ၊ တရားခံအမှတ် ၁ ကိုယ်ဘိုင်က တရားလိုသည် ၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်သံရုံးသို့ တိုက်အိမ်ကို ငှါးလိုက်ကြောင်း ဝန်ခံထားသည်။ ဆိုဗီယက်တို့ တနှစ်နေပြီး၊ ဖီလိပိုင်သံရုံး၊ ထို့နောက် ဦးမျိုးခင် ဆိုသူဘို့ကိုတဖန် တရားလိုကဆက်လက်၍ ငှါးရမ်းခဲ့ကြောင်းကို တရားခံများက မငြင်းဆေ။ ဤငြင်းချက်ကို တရားလိုဘက်မှ ဖြေဆိုသည်။

ငြင်းချက်အမှတ် ၉။

တရားလို၏ညီ ဖရက်ဒီရိတ်နှင့် ၎င်း၏ ဇနီး ဒေါ်ရသီတို့သည် ၁၉၄၂ ခုနှစ်တပင် ဖရက်ဒီရိတ် သေဆုံးသည့်တိုင်အောင် ထို့အပြင် ဒေါ်ရသီလည်း ဆက်လက်၍ ဆိုဗီယက်သံရုံးသို့ ငှါးရမ်းသည့်ဘိုင်အောင် (၁၉၅၆/၅၇) လက်ရှိ နေထိုင်ခဲ့ကြသည်မှာ အငြင်းမရှိပေ။ သို့သော် အရေးတကြီး ဆုံးဖြတ်ရန်အချက်မှာ ၎င်းတို့သည် တရားလို၏ အခွင့်နှင့် နေထိုင်ကြသလောပင်ဖြစ်သည်။ ဤအချက်ကို စုံစမ်းရှာဖွေရာ၌ သက်သေထွက်ဆိုချက်များကို သေချာစွာ လေ့လာရပေမည်။ ဤအမှုတွင် အရေးကြီးဆုံးသည် သက်သေထွက်ချက်များနှင့် စာချုပ်စာတမ်းများပင်ဖြစ်သည်။ ဥပဒေ အချက်အလက်များမှာ ကာလစည်းကမ်းသတ်မှအပမရှိခြေ။ ဤကာလစည်းကမ်းသတ် အချက်လည်း၊ သက်သေထွက်ဆိုချက်များအပေါ်တွင် မူတည်သည်။ သက်သေထွက်ချက်များအရ အမှု၏ အကြောင်းအရာများကို စဉ်းစား ဝေဖန်ရာ၌ တဦးတည်း၏ထွက်ချက် (၀၊) အမှု၏ အကြောင်းအရာ တခုတည်းကိုလက်ခံ၍ဤအမှုကို မဆုံးဖြတ်နိုင်ပေ။ အကြောင်းအရာများအားလုံးကိုခြုံ၍ စဉ်းစားမှသာ အမှုတွင် ဖြစ်ရပ်မှန်လက္ခဏာများကို ရရှိနိုင်ပေမည်။ မတင်တင် နှင့် ဒေါ်ကံရှိ (၁) အမှုစီရင်ထုံးတွင်၊ နှစ်ဦးနှစ်ဘက်ပြောသော သက်သေများသည် အပြိုင်အဆိုင်ဖြစ်နေလျှင်၊ အမှုကိုမှန်ကန်ရာရောက်အောင် ဝန်ခံ

(၁) ၁၉၄၈ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ ၅၀၂။

ထားသောအချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်များတို့ကို ထောက်ရှုလျက် မည်သည့်ဘက် ကမှန်လိမ့်မည်ဟု ဆုံးဖြတ်သင့်ကြောင်း ပြဋ္ဌာန်းထားသည်ကို သတိထားသင့်ပေသည်။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်၍ တရားလိုသည် သာယာဝတီသို့ ပြောင်းရွှေ့ပြီး၊ ၁၉၄၂ ခုနှစ်မှ ရန်ကုန်မြို့သို့ပြန်လာရာ၊အချင်းဖြစ်အိမ်ကို ဂျပန်စစ်သားများလက်ထဲတွင် တွေ့၍ပြန်တောင်းရာ၊ သက်ဆိုင်ရာ စာရွက်စာတမ်းများကို ပြပြီးမှ သုံးရက်သာနေထိုင်ခွင့်ရခဲ့သည်။တရားလိုမှာ သံလျင်မြို့တွင် တိုက်အိမ်နှင့် ဥယျာဉ်မြေ ၁၀ ဧက၊ လယ်မြေ ၁၀ ဧကအပြင်၊ ဘဏ်တွင် ငွေစာရင်း ငါးသောင်းရှိကြောင်းကို အကြီးအကျယ်အငြင်းထွက်ခြင်းမရှိပေ။ တရားလိုသည် ဘီ-အို-စီ ကုမ္ပဏီတွင် တလလျှင် လစာငွေ ၆၀၀ ကျပ် ရခဲ့ပြီး၊ အိုနာစာငွေ ငါးသောင်းလောက် ရရှိသူ ဖြစ်သည်။ သံလျင်မြို့တွင် နေထိုင်စဉ်ပင် ၎င်း၏ညီလည်း စစ်ပြေးနေရပ် မော်လိုက်မြို့မှ ပြန်ရောက်လာ၍ အချင်းဖြစ်အိမ်အနီးရှိ အိမ်တွင်နေထိုင်လျက်ရှိကြောင်းကို၊ ၎င်း၏မယားပါသားဦးထွန်းအေး (လိုပြ-၈) ထံမှသိရှိရသဖြင့် ညီနှင့်တွေ့ပြီး အကျိုးအကြောင်းများတိုင်ပင်ဆွေးနွေးကြရာ၊ ညီက ဂျပန်များသည် အချင်းဖြစ်အိမ်မှ ထွက်ခွာသွားကြမည်ဖြစ်၍သူနေသောအိမ်မှာလည်း နှစ်သိမ့် သာယာခြင်းမရှိသည်ဖြစ်သောကြောင့်၊အချင်းဖြစ်အိမ်တွင် နေလိုကြောင်း ပြောသဖြင့်၊ တရားလိုက အိမ်ခွန်မြေခွန်များကိုပေး၍ အိမ်ကို ကြည့်ရှုစောင့်ရှောက်သည့်အနေနှင့် နေထိုင်ခွင့် ပေးခဲ့သည်ဟု အဆိုရှိသည်။ တရားလိုက ထိုအချိန်ကာလတွင် သောင်းကျန်းမှုများ တော်လှန်ရေးများ ပေါ်ပေါက်လာလတ်သော အချိန်ကာလဖြစ်နေ၍ အိမ်ကို စောင့်ရှောက်ရန်လိုနေသည်တကြောင်း၊ ညီဖြစ်သူမှာလည်း အငြိမ်းစားယူထားသူတဦးဖြစ်၍ မိမိပိုင်နေအိမ်မရှိသည်ကတကြောင်းကြောင့်၊ အခွင့်ပေးလိုက်ရသည်ဟု ဆိုသည်။ တရားလို၏ထွက်ချက်မှာ။

"Q. You told us yesterday that you did not ask back for the building for your own use as there were insurrections and revolutions, please explain this and make it clear.

A. There were no revolutions, only upheavals.

Q. You had a lot of time after the British re-occupation, about 10 years from 1945 to 1955, why did you not ask back for the house during this period?

A. Because of the disturbances prevailing then. Between 1945 and 1947 there was trouble, after 1947 when Burma wanted independence Aung San went to England and during that time there was a lot of disturbance. When Bogyoke Aung San returned from England and was assassinated there

ခေါင်းစဉ်

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတိန်၏အမှုစား အမှုခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာန္ဒစ်မာတိန် ပါ ၂။

were more upheavals between the various political parties and after that the KNDO uprising.

Q. Where were the KNDOs?

A. At Insein.

Q. And then what happened?

A. Considering all these upheavals I thought that the best person to keep in the house would be my brother. I was living at Syriam at that time and even there, there were lots of disturbances. The insurgents came in and even tried to seize the police station. There was a lot of firing behind my house and bullets even came in.

Q. What about your house in Syriam?

A. It is a *pucca* building and bullets came in from the window into the house. I was stopping at the house at that time."

ပြန်လှန် မေးမြန်းသော အခါ ၌လည်း၊ တရားလိုက ဤအတိုင်းပင် ထွက်ဆိုသည်။ အဘယ်ကြောင့် ၎င်း၏ညီ သေဆုံးသည့်တိုင်အောင် နှစ်ပေါင်းတာရှည်စွာနေခွင့်ပေး ရသနည်းဟုမေးရာ တရားလိုက တိုင်းပြည်မအေး မချမ်း သောင်းကျန်းသူများနှင့် စစ်ကြောင့်ဟု ဖြေသည်။ ၎င်း၏ညီမှာ ပင်စင်လစာ တလလျှင် ၎ ၃၀၀ ကျပ် လောက်ရရှိသည်ဟုဆိုသည်။ ဂျပန်စစ်သားများသည် စာချုပ်စာတမ်းများကို မကျေနပ်လျှင် တရားလိုကို အချင်းဖြစ်နေအိမ်တွင် နေခွင့်ပေးမည် မဟုတ်ဟု ထင်မြင်သည်။ ၎င်းပိုင်သည်ဟုထင်မြင်၍သာနေခွင့်ပေးဟန်တူသည်၊ တရားလိုက အချင်းဖြစ်အိမ်တွင် ၎င်း၏ညီနေသောအခါ ကရင်သူပုန်၊ ကွန်မြူနစ်အဖြူနှင့်အနီတို့ သောင်းကျန်းနေကြသောအချိန်ဖြစ်ပြီးသံလျင်မြို့သည်လည်းတခါက သောင်းကျန်းသူများ၏လက်တွင်းသို့ ကျဆုံးလေသည်ဟုဆိုသည်။ ဦးထွန်းအေး (လို့ပြ-၇) သည် ထိုအချိန်က ဂျပန်စစ်သားတို့နှင့် ကုန်အဆက်အသွယ်လုပ်ရန် အချင်းဖြစ်အိမ်မှာပင်နေသည်။ တရားလို၏ညီ စစ်ပြေးနေ၍ ပြန်လာရာ အချင်းဖြစ်အိမ်အနီး အိမ်တွင်နေထိုင်ပြီးနောက် ဂျပန်စစ်သားများ ပြောင်းလွှဲသွားသောအခါ အချင်းဖြစ်အိမ်ကိုငှင်းအား ပေးအပ်ခဲ့သဖြင့် တရားလိုအား အကြောင်းများကို ပြောပြသောအခါ ၎င်း၏ညီက သူနေသောအိမ်မှာ ဒုက္ခရောက်နေကြောင်း ပြောပြ၍ တရားလိုက၊ သူ့ညီကို အချင်းဖြစ်အိမ်တွင် နေခွင့်ပေးခဲ့သည်ဟု တရားလိုကို လုံးဝထောက်ခံလေသည်။ တရားခံအမှတ် ၁ အိုင်လိန်က သူ့ဘခင်နှင့် မိသားစုစစ်ပြေး၍ ဧော်လိုက်မှ ပြန်လာကြသောအခါ အချင်းဖြစ်အိမ်တွင်ဂျပန်များနေ၍တခန်းတည်းသာ ရှိသောအိမ်တအိမ်တွင်နေထိုင်ကြပြီးရက်များမကြာမီ ၎င်းဘခင်က စာချုပ်စာတမ်းများကိုပြ၍ ဂျပန်များက အချင်းဖြစ်အိမ်တွင်

နေထိုင်ခွင့်ပေးသည်ဟုဆို၏။ ထိုအချိန်မှာ ၁၉၄၂ ခုနှစ်ဖြစ်ပြီး၊ ၎င်း၏ဘခင်သည် ၁၉၅၅ ခုနှစ် နိုဝင်ဘာလတွင် သေဆုံး၍ ၎င်း၏မိခင်ကာဆိုဗီယက်သံရုံးကို၊ ၁၉၅၆ ခုနှစ်၌ ဌာနရမ်းသည့်တိုင်အောင် အချင်းဖြစ်အိမ်တွင် နေထိုင်ခဲ့သည်ဟု ဆိုသည်။ ဤအကြောင်းကို တဘက်နှင့်တဘက် ငြင်းဆိုခြင်းမရှိကြပေ။ ထိုအချိန်၌ အိုင်လိန်၏ အသက်မှာ (၉) နှစ်အရွယ်မျှသာရှိမည်။ ၎င်း၏ထွက်ချက်အရဆိုလျှင်၊ ၎င်း၏ဘခင်သည် ၁၉၄၁ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် အငြိမ်းစားယူလေသည်။ ထို့အပြင်တရားလိုနှင့် ၎င်း၏ဘခင်တို့နှစ်ဦးသာရှိ၍၊ ညီအစ်ကို နှစ်ယောက်သည် တဦးနှင့်တဦး ချစ်ခင်မြတ်နိုးစွာရှိကြသည်ဟုဆိုသည်။ တရားလိုသည် တလမှာတခါလောက် ၎င်း၏ဘခင်ထံသို့ အလည်လာလေ့ရှိသည်။ ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးနောက်၊ တိုင်းပြည်မငြိမ်မသက်ဖြစ်နေပြီး၊ တချို့နေရာများကို သူပုန်များသိမ်းဆည်းထားကြောင်းကို အိုင်လိန်ကလည်း မငြင်းပေ။ ၎င်း၏သက်သေ ဝတ်လုံတော်ရဦးထွန်းတင် (ခံပြ-၁)ကလည်း၊ အချင်းဖြစ်အိမ်ကို မည်သူပိုင်ကြောင်းမသိ။ ဦးထွန်းတင်သည် ဤတရားခံမိဘတို့နှင့် ရင်းရင်းနှီးနှီးရှိသူတဦးဖြစ်သည်။ အငြိမ်းစားအရေးပိုင်ဦးစံဖေ (ခံပြ-၂) ကလည်း၊ ဤငြင်းဆိုချက်နှင့်ပတ်သက်၍ တစုံတရာမှ မပြောနိုင်။ ၎င်း၏ထွက်ဆိုချက်အရဆိုသော် အိုင်လိန်၏ မိခင်-ဘခင်တို့မှာ စားစရာမရှိသည့်အတွက်သာ အိမ်ကို အငှါးထားခြင်းဖြစ်သည်ဟု ဆိုသည်။ အချင်းဖြစ်အိမ်နှင့် ပတ်သက်၍ စာချုပ်စာတမ်းများကို တခါမျှမြင်ဘူးသူမဟုတ်ပေ။ဦးစံဖေကိုယ်တိုင်ကလည်း စစ်ပြေးရာ၊ ၁၉၄၆ ခုနှစ်၊ အချင်းဖြစ်အိမ်ရှေ့ရှိ မိမိ၏အိမ်ကို ပြန်လာသောအခါ အိမ်ပေါ်တက်နေသူများကိုတွေ့ရသည်ဟု ဆိုသည်။ ထိုလူများမှာ မြန်မာ၊ ကုလား၊ တရုတ်လူမျိုးများဖြစ်သည်။ မိမိအိမ်ကို အလွယ်တကူတောင်း၍ ပြန်ရချိန်မဟုတ်ကြောင်း ၎င်း၏ထွက်ဆိုချက်တွင် ပေါ်လွင်နေသည်။ ဤအကြောင်းကိုထောက်ရှုလျှင် တရားလို၏ ပြောဆိုချက်မှာ မှန်ကန်သည်ဟု ယူဆရပေမည်။ အချိန်ကာလမကောင်းသည့်အပြင်၊ ၎င်း၏ညီမှာလည်း ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသူတဦးမဟုတ်သဖြင့်၊ ပင်ရှင်လစာနှင့် နေထိုင်စားသောက်ရသူဖြစ်၍၊ အချင်းဖြစ်အိမ်တွင် နေထိုင်ခွင့်ပေးထားသည်ဟုဆိုရပေမည်။ အိုင်လိန်မှာလည်း ထိုအချိန်က ငယ်ရွယ်နုနယ်သူဖြစ်သည်။ ကြေးတိုင်ဝန်ဟောင်းနှင့် ယခု လွှတ်တော်ရှေ့နေကြီးလုပ်နေသူ ဦးမြ (ခံပြ-၃)တို့၏ ထွက်ဆိုချက်အရလည်း တိုင်းပြည်မှာ ရဲဘော်များတော်ခိုကရင်သူပုန်များထကြွခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါတို့ လုပ်ကြံခံရခြင်း စသည့်အကြောင်းများကြောင့် တိုင်းပြည်ပျက်မလားဟုပင် ထင်မိခဲ့ကြောင်းဖြစ်ပေသည်။ ဦးမြသည် ၁၉၄၇ ခုနှစ်တွင် အင်းစိန်မြို့မှ ရန်ကုန်မြို့သို့ ထွက်ပြေးလာသူ တဦးဖြစ်သည်။ ဦးမြသိသလောက်မှာ ထိုအချိန်က လက်ထောက်ခရိုင်ရဲဝန်သည် လစာငွေ ၂၅၀၊ မှ ၆၅၀ မျှသာရသည်။

၁၉၆၆

(ကျယ်လွန်သူ မစ္စတာဂျိန်းမာတီနီ၏အမှေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာ နွှန်မာတီနီ ပါ ၂။

၁၉၆၆

(ကျယ်လွန်သူ မစ္စတာဂျိန်းမာတီနီ၏အမှေစားအမှေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာ နွစ်မာတီနီ ပါ ၂။

ဦးစံဖေ၏ ပြောဆိုချက်အရဆိုလျှင်၊ဖရက်ဒီရိတ်က အချင်းဖြစ်အိမ်သည် ငွေသုံးသောင်း ကုန်ကြောင်းပြောခဲ့သည်။ အဌမတရားခံ အိုင်လိန်၏ မိဘတို့နှင့်အတူနေထိုင်သူအိုင်လိန် မိခင်၏ညီမ ဖိလစ်နှစ် (ခံပြ-၅) ၏ထွက်ဆိုချက်မှာ။

"Q. When you all came back from Mawlaik you all were putting up next door of the suit house?

"A. Yes, that was Daw Pwa Zone's house and since the house was empty we got in except for the caretaker who occupied a small room.

"Q. James came to see his brother Fred at that house how many times?

"A. He visited his brother only once when the Japanese had locked up the house. He told Fred that he could not do anything about it and requested Fred to go and see the biggest Japanese officer who at that time lived in Government House. So Fred went there and saw the Japanese officer who told him to knock down the placard which stated that anybody who opened the door would be killed. And Fred did according to what he was told by the Japanese officer and that was how we got into the house."

စစ်အတွင်း ဘုရင်ခံအိမ်တွင်နေထိုင်သူ ဂျပန်စစ်ဗိုလ်ထံသို့ ဖရက်ဒီရိုက်သွားသည်ကို ယုံကြည်ရန်ခဲယဉ်းပေသည်။ ထိုအချိန်က ဂျပန်စစ်ဗိုလ်များကို အလွန်ကြောက်ရသည့် အချိန်အခါဖြစ်၍၊ ထိုအိမ်တော်အနီးသို့ ရောက်မည်မထင်၊ ထိုစစ်ဗိုလ်က အချင်းဖြစ်အိမ်တွင် မည်သူမဆို အိမ်တံခါးကိုဖွင့်လျှင် သတ်ပစ်မည်ဟု ရေးသားထားသော ကပ်ပြားကိုဖြုတ်ချလိုက်ရန်ပြော၍၊ဖရက်ဒီရိုက်ကဖြုတ်ချဝန်သည့်စကားမှာလည်းယုတ္တိမရှိပေ။ အိုင်လိန်ကၛင်း၏ ဘခင်သည်အိမ်နှင့် ပတ်သက်သည့် စာချုပ်စာတမ်းများကို အချင်းဖြစ်အိမ်တွင် နေထိုင်ကြသော ဂျပန်စစ်ဗိုလ်များအားပြသောအခါ၊ ၎င်းတို့က ကျေနပ်၍ သူတို့ကို နေထိုင်ခွင့်ပေးခဲ့သည်ဟုသာ အဆိုရှိရာ၊ ၎င်းမိထွေး၏ထွက်ဆိုချက်နှင့် အလွန်ပင်ကွဲပြားနေသည်ကို တွေ့ရသည်။ တရားလို၏ ထွက်ဆိုချက်မှာ ပိုမို၍ယုတ္တိရှိပေသည်။ ဖိလစ်နှစ် (ခံပြ-၅) ၏ထွက်ချက်ကို ထောက်ခံသောအခြားသက်သေများမရှိပေ။ အထက်ပါအကြောင်းများကို ထောက်ရှု၍ ဤခြင်းချက်အမှတ် (၉) ကိုတရားလိုဘက်မှဖြေဆိုလိုက်သည်။ ဖြေဆိုသည်မှာ တရားလို၏ညီနှင့် ဇနီးတို့သည် အချင်းဖြစ်သည့်ပစ္စည်းများကို တရားလို၏ အခွင့်နှင့်သာ လက်ရှိခံစားကြလေသည်။

ခြင်းချက်အမှတ် (၁)။

ယခင်ရန်ကုန်မြို့၊ စည်ပင်သာယာရုံးမှ ထုတ်ပေးသော မြေယာစာချုပ်မှာ (သက်သေခံအမှတ်-အေ) ၁၉၄၀ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲဖြင့်ဖြစ်သည်။ ဤစာချုပ်မှာ တရားလို၏ နာမည်နှင့်ဖြစ်သည်။ ၎င်း၏ညီသေသူ ဖရက်ဒီရိတ်က အသိသက်သေအဖြစ် လက်မှတ်ရေးထိုးထားသည်။ မြေရာဇဝင် သက်သေခံအမှတ် (စီ)အရလည်း၊ တရားလိုကို မြေငှါးဟု ပြထားသည်။တရားလိုက ဘီ၊ အို၊ စီ ကုမ္ပဏီမှ အိုနာစာငွေ ငါးသောင်းခန့် ရရှိသောအခါ မြေငှါးပြီး အိမ်တလုံးဆောက်၍ ငှါးစားရန် အကြံရှိလာသည်ဟု ပြန်လှန်မေးသောအခါဖြေသည်။ ဤမြေကွက်ကို ၎င်း၏ညီက အကြံပေးသည်ဟု ဝန်ခံသည်။ တရားခံဘက်မှ ထုချေသည်မှာ ၎င်း၏ညီသည် အစိုးရအမှုထမ်းတဦး ဖြစ်သည့် အားလျော်စွာ ၎င်းအပေါ် မသက်ာ မှုများ မရှိစေရန် အလိုငှါ၊ ဤမြေကို တရားလို၏နာမည်နှင့် သူ့အတွက် ငှါးခဲ့သည်ဟုဆိုသည်၊ သူ၏ညီမှာ ထိုစဉ်အခါက လများမကြာမီတွင် အငြိမ်းစား ယူတော့မည်ဖြစ်၍ မသက်ာစရာ တစုံတခုမျှ ရှိမည်မဟုတ်တော့ပေ။ အစိုးရ အမှုထမ်းတို့မှာ အငြိမ်းစားယူရန် နီးကပ်လာလျှင် အိမ်ဝယ်ခြင်း၊ မြေငှါးခြင်းများကို ပြုလုပ်လေ့ရှိသည်၊ ပြုလည်းပြုလုပ်ကြသည်။ အမှုထမ်းသက် နုမှသာ အိမ်ပစ္စည်းများ ဝယ်ယူခဲ့လျှင် မသက်ာစရာ ဖြစ်ပေမည်။ ထို့ကြောင့် တရားခံ၏ ထုချေချက်များကို လက်ခံနိုင်စရာ အကြောင်းမမြင်ပေ။ မိမိမှာ ရိုးသားစွာ ငွေစုဆောင်းမိ၍ အငြိမ်းစား ယူကာနီးတွင် မြေတကွက်ငှါးလျှင် မည်သူကမျှ မသက်ာစရာအကြောင်း မရှိပေ။ မည်သူ့ကိုမျှ ကြောက်နေရန်မလို၊ ဤအချင်းဖြစ်မြေငှါးခမှာ တနှစ်လျှင် ၅၇၄ ကျပ်သာပေးရသည်။တရားလိုအားပြန်လှန်မေးရာတွင် မြေကိုမည်ကဲ့သို့ ငှါးရကြောင်း လုပ်နည်းလုပ်ဟန်ကိုမေးသည်။ သို့သော် မည်ကဲ့သို့မျှ အဆောက်အထား တရားခံဘက်မှ မပြနိုင်ခဲ့ပေ။ ပြည်သူ အိုးအိမ်ပြန်လည်ထူထောင်ရေး ဌာနမှ ရုံးအုပ် ဦးဘအေးစိန် (လိုပြ-၆)က သက်သေခံအမှတ် (အေ)ကို ထောက်ခံသည်။ ဤငြင်းချက်နှင့် ပတ်သက်၍ တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များကို တရားခံဘက်မှ တွန်းလှန်ခြင်း မပြုနိုင်ခဲ့ပေ။ တရားလိုသည် ၎င်း၏ညီအတွက် မြေကို ၎င်း၏နာမည်ဖြင့် ငှါးရမ်းသည်ဟု သက်သေခံချက် တစိုးတစေမျှ မရှိသည်ဖြစ်သောကြောင့် တရားလိုသာ အချင်းဖြစ်မြေကို ပိုင်ဆိုင်သည်ဟု ဖြေဆိုသည်။

ခြင်းချက်အမှတ် (၂)။

တရားလိုက မြေကိုငှါးပြီး အချင်းဖြစ်အိမ်ကို ဆောက်လုပ်ရန် တင်သွင်းသော မြေပုံ (သက်သေခံအမှတ်-ဒီ) တွင် မြူနီစီပါယ်မှသဘောတူညီကြောင်း တံဆိပ်နှိပ်ပြီး

၁၉၆၆

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတိန်၏ အမွေစား အမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာန္ဒမာတိန် ပါ ၂။

၁၉၆၆

(ကွယ်လွန်သူ မစ္စတာဂျိန်းမာထိန်၏ အမွေစား အမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာ နှစ်မာတိန် ပါ ၂။

သက်သေခံအမှတ် (အီ) စာအရ၊ ၎င်း၏ဖိသုကာကို ဆင့်ခေါ်သည်ဟုဆိုသည်။ အချင်းဖြစ်အိမ်ကို ဆောက်ပေးရန် ကံထရိုက်ခံသူမှာယခုသေဆုံးပြီးဖြစ်သူ ဂင်ဂါပါရဆက်ဆင်းဖြစ်သည်။ သူ့ကိုအခင်ငွေ ၅,၀၀၀ ကျပ် ပေးခဲ့ရသည်ဟုဆိုသည်။ သက်သေခံအမှတ် ဂျီ မှာ ထိုငွေရကြောင်း ပြေစာဖြစ်သည်။ ဤပြေစာပေါ်ရှိ လက်မှတ်မှာ ဂင်ဂါပါရဆက်ဆင်း၏ အလုပ်ဘက်စပ်ဖြစ်သူ ရမ်းရက်ဆင်း (လိုပြ-၅) ကဂင်ဂါပါရဆက်ဆင်း၏ လက်မှတ်ပင်ဖြစ်ကြောင်း ဝန်ခံသည်။ ဤသက်သေကို ပြန်လှန်မေးမြန်းခြင်းမရှိပေ။ ဤပြေစာတွင် အချင်းဖြစ်အိမ်ကို ဆောက်လုပ်ခအဘွက် အချို့တဝက် ငွေဖြစ်သည်ဟု သေချာစွာ ရေးထားသည်။ဂင်း၏နေ့စွဲမှာလည်း ၁၉၄၁ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ဖြစ်သည်။ ဤပြေစာအောက်တွင် ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့စွဲဖြင့် ငွေ ၁၀,၉၇၆ ကျပ် ၃ ပဲ ကို အချင်းဖြစ်အိမ်ဆောက်လုပ်ခ အတွက်အပြေရရှိကြောင်း ရေးသားထားသည်။ ရရှိသူက မည်သူဖြစ်ကြောင်းကို မပြနိုင်။ တရားလိုက မည်သူငွေယူပြီး လတ်မှတ်ရေးထိုးသည်ကို မပြောနိုင်။ အမှန်မှာ ပဌမ ငွေ ၅၀,၀၀ ကျပ်သည် ဒုတိယငွေတွင် အပါအဝင်ဖြစ်၍၊ ဤငွေ ၅,၀၀၀ ကျပ်ကို နုတ်၍ ကျန်ငွေကို ဒုတိယပြေစာဖြင့် ပေးလိုက်သည်ဟုဆိုသည်။ နှစ်ပေါင်းများစွာ ကြာလှပြီဖြစ်၍ ငွေကို ချက်လက်မှတ်၊ သို့မဟုတ် လက်ငင်းငွေပေးသည်ကို တရားလိုမမှတ်မိတော့ပေ။ တရားလိုသည် အင်ဂျင်နီယာ ဆာဗေယာဖြစ်သည့်အားလျော်စွာ အိမ်ဆောက်ရာတွင် အသုံးပြုသောပစ္စည်းကိရိယာနှင့် အတိုင်းအထွာ၊ အဘိုးနှုန်း စသည်တို့ကို အသေးစိတ် သက်သေခံစာအုပ်အမှတ် အိပ်ချ်တွင် ရေးမှတ်ထားသည်ဟု ဆိုသည်။ ဤစာရင်းစာအုပ်တွင် အားလုံးကုန်ကျငွေမှာ ၁၇,၆၃၃ ကျပ် ၁၃ ပဲ ၃ ပိုင်ဟု ဖော်ပြထားသည်။ ၎င်း၏သက်သေထူက်ချက်နှင့် ငွေတထောင်ကျော်သာကွာနေသည်ကို တွေ့ရသည်။ ဤကွာနေသောငွေကို စာရင်းမဲ့ အထွေထွေစရိတ်များတွင် ကုန်ကျနိုင်ပေသည်။ တရားလိုနှင့် ကန်ထရိုက်ခံသူတို့မှာတယောက်ကိုတယောက် သိသူဖြစ်သည်။ တရားခံဘက်မှ ကန်ထရိုက် စာချုပ်မရှိသည်ကို အရေးတကြီးလျောက်လဲသည်။ အိမ်ဆောက်သူတိုင်းမှာ စာချုပ်ချုပ်လေ့မရှိကြသည်မှာ ထူးဆန်းသည်ဟူ မဆိုနိုင်ပေ။ မူရင်းအချင်းဖြစ်အိမ်ပုံစံ (သက်သေခံအမှတ်-ဒီ) မှာလည်း၊ တရားလိုနာမည်နှင့် ပြုလုပ်ရေးဆွဲထားသည်ကိုတွေ့ရသည်။ တရားခံဘက်မှ အချင်းဖြစ်အိမ်ကို ၁၉၄၁ ခုနှစ်၊ ဆောက်သောအခါ ငွေ ၄၅,၀၀၀ ကျပ် ကုန်မည်ဟုဆိုသည်။ သို့သော် သက်သေအထောက်အထားတစိုးတစေမျှမရှိ။ဤငွေ ၅,၀၀၀ ကျပ် အပြင် မကြာခဏလည်း အလုပ်ပြီးသလောက် စရံငွေများ ကန်ထရိုက်ခံသူကို ထုတ်ပေးခဲ့ရသည်ဟု တရားလိုကဆိုသည်။ သို့သော် ထိုငွေများအတွက် ပြေစာများကို ယခုထုတ်မပြနိုင်ပေ။ ငွေ ၅,၀၀၀ ကျပ်အတွက် ကိုသာပြနိုင်ပေသည်။ အမှန်မှာ သေးငယ်သောငွေထုတ်ငွေယူကိစ္စတို့ကို ပြေစာများ

(ကွန်လွန်သူ
မစ္စတာဂျိန်းမာ
တီနီ၏အမွေစား
အမွေခံ များဖြစ်
ကြသော) ဒေါ်
ခင်လေး ပါ ၆
နှင့်
မစ္စအယ်လန်နာ
နွစ်မာတီနီ
ပါ ၂။

မယူကြဘဲ တယောက်နှင့်တယောက် နားလည်မှုယူပြီး တယောက်မှတတမ်းစာအုပ်တွင် တယောက်ကမှတ်တမ်းရေးသားကြရုံမျှသာဖြစ်သည်။ ကန်ထရိုက်ခံသူတို့၏ ဘက်စပ် လုပ်ငန်းများမှာလည်း ကြီးကြီးကျယ်ကျယ် ခန့်ခန့်နားနား လုပ်ကိုင်ကြခြင်းနှင့်မတပေ။ အင်္ဂလိပ် ကုမ္ပဏီများထို့နှင့် မနှိုင်းယှဉ်နိုင်ပေ။ တရားခံအမှတ် ၁ အိုင်လိန်က အမျိုးမျိုးဆိုင်၊ ကုမ္ပဏီ၊ ဖက်စပ်များမှ အိမ်ပစ္စည်း၊ အိမ်ပြုပြင်ခနှင့် စာများဖြစ်သော သက်သေခံအမှတ် ၁၀ မှ ၂၂ အထိ တင်သွင်းရာ၊ အမှတ် ၁၂ နှင့် ၁၅ မှ အပ၊ သက်သေထင်ထင်ရှားရှားမပြခဲ့ပေ။ မည်သူကရေး၍ မည်သူ၏လက်မှတ်ဖြစ်သည်ကို မည်သို့မျှ မပြောနိုင် မသိနိုင်ပေ။ ထို့ပြင် တချို့ဘီလ်များသည် အချင်းဖြစ် အိမ်အတွက်ဟုလည်းမသိနိုင်ပေ။ ရုံးကမည်သို့မျှလက်မခံနိုင်။ ဤသက်သေခံတို့ကို သေချာစွာစစ်ဆေးကြည့်ရှုရာ တချို့မှာ အချင်းဖြစ်အိမ်ဆောက်လုပ်ပြီးမှ ဝယ်သောပစ္စည်း၊ တောင်းသောငွေ၊ ပေးသောငွေများဖြစ်နေသည်။ အချင်းဖြစ်အိမ်နှင့် ဆက်စပ်၍ မရနိုင်ပေ။ မစ္စတာအဂါနု (ခံပြ-၄) က အိုင်လိန်၏မိခင်လုပ်ခိုင်း၍ အိမ်ကိုပြုပြင်ခဲ့ရသည်ဟုဆိုသည်။ ထိုအချိန်မှာတရားလို၏ ညီသည် သေဆုံးသွားလေပြီ။ ၎င်းသေဆုံးသည်မှာ ၁၉၅၅ ခုနှစ်တွင်ဖြစ်သည်။ သို့သော် သက်သေခံအမှတ် ၁၂ မှာနွေစွဲ ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ ဖြစ်ပြီး သက်သေခံအမှတ် ၁၅၊ ဒုတိယ မှ ပဉ္စမစာရွက်များမှာ ၁၉၅၀ ခုနှစ်မှ ၁၉၅၂ ခုနှစ်ကဖြစ်နေသည်။သက်သေခံချက်မှာ မရှင်းလင်း၊ဤသက်သေသည် ၁၉၄၉ ခုနှစ်လောက်တွင် အချင်းဖြစ်အိမ်တွင် အိုင်လိန်၏ မိခင်ထံအခကြေးငွေပေး၍ ထမင်းလခပေးစားခဲ့သူဖြစ်သည်။ သူသည် ဤကဲ့သို့ ၁၀ လခန့်နေခဲ့လေသည်။ သက်သေက အိုင်လိန်၏မိဘများကို ၁၉၄၉ ခုနှစ်အထက်က မသိမမြင်ဘူးဟုဆိုသည်။ ဤစကားမှန်လျှင် သက်သေခံအမှတ် ၁၂ မှာ မမှန်ပေ။ ဤသက်သေကလည်း တရားလိုသည် အချင်းဖြစ်အိမ်ကို မည်မျကုန်ကျမည်ကို ခန့်မှန်းခြေမရှိဘဲနှင့် ဆောက်လုပ်ခဲ့သည့်အတိုင်း၊ တခါက အိမ်တဆောင် ဆောက်လုပ်ခဲ့ဘူးသည်ဟု ထောက်ခံသွားသည်။ ကန်ထရိုက်ခံသူ ဂင်ဂါပရဆက်ဆင်း၏ ယောကျ်မဖြစ်သူ ဦးထွန်းစိန် (လိုပြ-၄) ကလည်း ၎င်းသားမက်၏ အလုပ်သမားတို့သည်၊ သံလျင်မှာလာ၍ ရန်ကုန်တွင် အိမ်ဆောက်ကြသည့်အကြောင်းကို ထွက်ဆိုသွားသည်။ တရားလို ငယ်စဉ်က ကျောင်းထားခဲ့ဘူးသူ ကာစတူရီ (လိုပြ-၇) က၊ အချင်းဖြစ်အိမ်ကို ဆောက်သောအခါက သူကပေကြိုးကိုင်ပြီး၊ တရားလိုက တိုင်း၍ ငုတ်ရိုက်ကြောင်း ထွက်ဆိုသည်။ ထို့အပြင် ကံထရိုက်ခံသူမှာ ဂင်ဂါပါရဆက်ဆင်္ဂျန်း ဖြစ်ကြောင်း ထွက်ဆိုသည်။ ဆောက်နေစဉ်အချိန်ကလည်း ပစ္စည်းများကို စောင့်၍ ထိုအိမ်မှာပင် နေခဲ့လေသည်။ ဦးထွန်းဇေးကလည်း လုံးဝထောက်ခံသွားသည်။ ဦးဘရင် (လိုပြ-၁) မှာ ဂင်ဂါပါရဆက်ဆင်းအိမ်ဆောက်ရာတွင် ဝင်ရောက်လုပ်ကိုင်ရသူတဦးဖြစ်သည်။ သူ၏ ထွက်ဆို

၁၉၆၆

(ကုယ်လုန်သူ မစ္စတာဂျိန်းမာထိန်၏ အမွေစား အမွေခံများဖြစ်ကြသော) ဖေါ်စင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာန္ဒစ်မာတိန် ပါ ၂။

ချက်အရလည်း တရားလိုအတွက် အချင်းဖြစ်အိမ်ကို ဆောက်လုပ်ရကြောင်း ထင်ရှားသည်။ သူ့စကားများကို မယုံကြည်ရန် အကြောင်းမမြင်ပေ။ ဤသက်သေကို အိုင်လိန်၏ လှတ်တော်ရှေ့နေကြီး မစ္စတာဆင်းက ရှည်လျားစွာ ပြန်လှန်မေးသော်လည်း တွန်းလှန်၍ မရခဲ့ပေ။ ဗီလစ်နှစ် (ခံပြ-၅) က အချင်းဖြစ်အိမ်ကို ဆောက်နေသောအခါ၊ တရားလိုသည် တခါတရံအိမ်အခြေအနေမည်မျှအောင်မြင်ပြီးစီးနေပြီကို လာရောက်ကြည့်ရှုသော်လည်း၊ အလုပ်သမားများကို ၎င်း၏ညီသာ ဌေးလေ့ရှိကြောင်းထွက်ဆိုချက်ရှိသည်။ ဤအကြောင်းနှင့် ပတ်သက်၍ တရားလိုက သူသည် သံလျင်တွင်နေထိုင်သည်ဖြစ်၍ အလုပ်သမားများကို ငွေပေးခြင်း၊ သူတို့လုပ်ကိုင်ခြင်းကို ကြည့်ရှုခြင်း စသည်တို့ကို ၎င်း၏ညီကို တခါတရံတာဝန်လွှဲပေးထားသည်ဟု ဖြေဆိုသည်။ ဤငြင်းချက်နှင့်ပတ်သက်၍ ဤသက်သေထွက်ချက်များမှာ အသုံးဝင်လောက်အောင် တန်ဘိုး မရှိချေ။ အိုင်လိန် (တရားခံအမှတ် ၁)လည်း ထိုအချိန်ကာလက ငယ်ရွယ်သူဖြစ်၍ တစုံတရာမှမသိနိုင်ပေ။ တရားခံအမှတ် ၂ လည်း ဤအမှုတွင် သက်သေထွက်ဆိုခြင်းမပြု၊ သက်သေလည်းမပြု၊ အထက်ဖေါ်ပြပါ အချက်များကို သေချာစွာ လေ့လာစဉ်းစားဝေဖန်ရာ ဤငြင်းချက်အမှတ် ၂ ကို တရားလိုဘက်မှ မဖြေဆိုရန် မဖြစ်နိုင်သဖြင့် ၎င်းဘက်မှ ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ် ၃ နှင့် ၄။

ဤငြင်းချက် နှစ်ခုမှာ တခုနှင့်တခု ဆက်စပ်၍ တခါတည်းဖြေဆိုအံ့။ဒေါ်ရတီမာတီနီသည် အချင်းဖြစ်အိမ်ကို ဆိုဗီယက်သမဂ္ဂသို့ ၁၉၅၆ ခုနှစ်၊ မတ်လ ၂၁ ရက် နေ့တွင် ငှါးရမ်းခဲ့သည်ကို အငြင်းမရှိပေ။ သို့သော် တရားလိုက ၁၉၅၆ ခုနှစ်၊ ဇွန်လမှသာ သိရှိသည်ဟု ဆိုသည်။ ဆိုဗီယက် သမဂ္ဂသို့ ငှါးရမ်းသောအခါ တရားလိုကိုယ်တိုင် သိသည်ဟု ဆိုခြင်းကို အိုင်လိန်ပြောသည့် အပြင် တခြား သက်သေများ မရှိ။ ဤအကြောင်းကို ပြသရန် အိုင်လိန်၏ တာဝန်သာဖြစ်သည်။ တရားလိုသည် နောက်မှသာသိရှိ၍ သက်သေခံအမှတ် အယ် (လ်)အရ၊ ရှေ့နေမှတဆင့် အရေးယူခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍ စီရင်ချက် အစကနဦးကပင် ဖေါ်ပြရေးသား ထားခဲ့ပြီ။ ဒေါ်ရသီမာတီနီသည် သက်သေခံအမှတ် အာ(ရ်)စာဖြင့် အချင်းဖြစ်အိမ်၊ မြေစသည်တို့ကို ဘုန့်ဝင်းမသက်ဆိုင်ဘဲ အမှန်ပိုင်ဆိုင်သူမှာ တရားလိုပင် ဖြစ်သည်ဟု ရေးခြင်းမှာ တရားလိုက အတင်းအဓမ္မ ခြိမ်းချောက်၍ ရေးရခြင်းသာ ဖြစ်သလောဟု ငြင်းချက်နှင့် ပတ်သက်၍ အဓမ္မ ခြိမ်းချောက်သည်ဟု သက်သေထွက်ချက် လုံးဝမရှိပေ။ ဤအချက်ကိုလည်း အိုင်လိန်က ဖေါ်ပြရန် တာဝန်ရှိပေသည်။ မြို့နယ်စီပါယ်ရာဖြတ်အရာရှိဦးထွန်းဖေ (လို့ပြ-၃) သည် တရားခံအမှတ် ၁ အိုင်လိန်၏ မိဘတို့နှင့် သိကျွမ်းသူ

ဖြစ်သည်။ ၎င်း၏ထွက်ချက်မှာ တရားလိုသည် ၁၉၅၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က သက်သေခံအမှတ် ကေ မူရင်းစာအရ၊ အချင်းဖြစ်အိမ်ကို ၎င်း၏ နာမည်ဖြင့် အခွန်ပေးရန်အတွက် ပြောင်းလဲပေးရန် လျှောက်ထားရာ ဒေါ်ရသီမာတီနီလည်း လိုက်ပါလာသည်ဟု ဆိုသည်။ ဒေါ်ရာသီမာတီနီသည် စိတ်မကောင်း-နေမကောင်း ဖြစ်နေသည် ဆိုခြင်းကို ပြန်လှန်မေးရာတွင် မဟုတ်ပါဟု ငြင်းပေသည်။ စကားကို မှန်မှန်ပြော၍ ပြန်ပြောသော စကားများကိုလည်း ကောင်းစွာ နားလည်သည်ဟုဆိုသည်။ ထိုနေ့က ရေမျှားစိုလာ၍ ကော်ဖီတခွက်ပင် မှာတိုက်လိုက် သည်ဟု ပြောသည်။ ဦးထွန်းဖေက နာမည်ပြောင်းလဲ ပေးလိုက်ရသည့် အကြောင်းမှာ မြေငှါးစာချုပ်ကို တင်ပြသည်သာမက နာမည်ပြောင်းရန် လျှောက်လွှာမှာလည်း တရားလိုနှင့်ဒေါ်ရသီမာတီနီတို့ နှစ်ဦးစလုံးက သဘောတူကြကြောင်းတို့ကြောင့်ပင် ဖြစ်သည်ဟုဆိုသည်။ တရားလို၏ ပစ္စည်းမဟုတ်လျှင် ဒေါ်ရသီက ဘာကြောင့် သဘောတူရမှာနည်း။ ဒေါ်ရသီမာတီနီမှာ ကြီးကြီး ကျယ်ကျယ် ဆေးရုံ တက်ရလောက်အောင် မကျန်းမမာဖြစ်နေသည်ဟု လည်းသက်သေထွက်ချက်မရှိ၊ဦးထွန်းတင်(ခ)ပြ-၁)က ခြေထောက်နှင့်လက် အနည်းငယ် ဖေါယောင်ခြင်းမျှသာ ဖြစ်သည်ဟု ဆိုသည်။ အိုင်လိန်နှင့် ၎င်း၏ မိထွေးတို့ကိုယ်တိုင်က ဆေးရုံတွင် ဆေးမကုသရပါဟု ငန်ခံချက်ရှိသည်။ မိထွေး ဖီလစ်နှစ် (ခ)ပြ-၅)က ဒေါ်ရသီမာတီနီသည် ဆိုဗီယက်သံရုံးသို့ အချင်းဖြစ်အိမ်ကိုငှါး၍ တလလျှင် အိမ်လခငွေ ၂,၀၀၀ ကျပ်ကို တနှစ်အတွက် တင်ကြိုရှိရရှိသောအခါ၊တရားလိုကသူသည် အလွန်ဆင်းရဲ နွမ်းပါးပြီး ငွေတပြားတချပ်မှ မရှိသည်ဖြစ်၍ ငွေတောင်းရာ မရသဖြင့်၊ မြေသည် သူ့နာမည်နှင့်ရှိရာ အိမ်ကိုလည်း သူသာပိုင်သည်ဟု ဒေါ်ရသီမာတီနီကို ခြိမ်းချောက်သည်ဟု ဆိုခြင်းမှာ သက်သေအထောက်အထား တစိုးတစေမျှ မရှိချေ။ တရားလိုက ရှေ့နေမှတဆင့် သက်သေခံအမှတ် အယ်(လ်) နို့တစ်စာကို ပေးပို့သော အခါ ဒေါ်ရသီမာတီနီက ၇ ရက်အတွင်းပင် သက်သေခံအမှတ် အင်(နှ်)ကို ပြန်ကြားလေသည်။ ဤစာအရ ဒေါ်ရသီမာတီနီသည် တရားလိုနှင့်အတူ အချင်းဖြစ်အိမ်သည် တရားလိုသာပိုင်သော အိမ်ဖြစ်ကြောင်းကို သက်သေခံဖေါ်ပြရန် မြို့နီစီပါယ်ရုံးသို့ နှစ်ယောက်အတူတူ သွားခဲ့ကြောင်း။ဆိုဗီယက်သံရုံးသို့ ငှါးခဲ့သည်မှာလည်း နှစ်ယောက်စလုံး၏ အကျိုးကိုထောက်၍၌ ငှါးခဲ့ကြောင်းဖြစ်သည်။ ထိုနေ့ကပင် သက်သေခံအမှတ် အိုကို တရားလိုထံသို့ တဖန်ရေးပြန်သည့် ဤစာတွင် အိမ်ခွန်များကို မပေးနိုင်သည်ကတကြောင်း၊ အိမ်ကို ပြင်ဆင်ရမည်ကတကြောင်း၊ ဆင်းရဲကင်းမဲ့သည်က တကြောင်းအပြင် တရားလိုမှာလည်း ချမ်းသာကြွယ်ဝခြင်း မရှိသည်ကတကြောင်း မျှားကြောင့်၊ဆိုဗီယက်သံရုံးသို့ နှစ်ယောက်စလုံး အကျိုးငှါ၊ ငှါးရမ်းရခြင်းသာဖြစ်သည်ဟု ရေးသားထားသည်။ တရားလိုက ခြိမ်း

၁၉၆၆

(ကျယ်လွန်သူ မစ္စတာကျိန်းမာတိနီ၏အမွေစား အမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာနှစ်မာတိနီ ပါ ၂။

၁၉၆၆

(ကွယ်လွန်သူ မစ္စတာကျိန်းမာတိန် ၏အမွေစား အမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာ နှစ်မာတိန် ပါ ၂။

ချောက်ထားခြင်း တစုံတခုမျှမပါ။ အချင်းဖြစ် အိမ်ကို သူသာပိုင်ဆိုင်လျှင် ဤကဲ့သို့ တရားလိုထံရေးမည်မဟုတ်ပေ။ စာအသွားအလာမှာလည်း ကောင်းမွန်သည်။ တရားလိုကိုပင် အားကိုးအားထားသည့်အပြင်၊ ၎င်း၏ ချစ်ခင်မြတ်နိုးစိတ်၊ကူညီလိုသောစိတ်တို့ကို ချီးကျူး၍ မကုန်လောက်အောင်ရေးသားထားသည်ကို တွေ့ရသည်။ ဤစာကို သေချာစွာ ဘတ်ရှ ကြည့်လျှင် အိမ်တွင် ပျက်စီး ချို့ယွင်းနေသော အရာများကို တရားလို၏ ကိုယ်စား ပြုလုပ်ပေးဟန်တူပေသည်။၎င်း၏လက်တွင် ငွေ ၁၅,၀၀၀ ကျပ် ကျန်ရှိနေ၍ ဤကိစ္စကို ကျေနပ်အောင်စေ့စပ်ရန်တရားလို လာပါဟုခေါ်သည်။သူသာ ဤအချင်းဖြစ်အိမ်ကို ပိုင်သည်ဟုဆိုလျှင်၊ ဤကဲ့သို့ တရားလိုထံရေးမည်လောဟု စဉ်းစားမိသည်။ ရေးမည်ဟု ကျွန်ုပ်မထင်ပေ။ သက်သေခံအမှတ် အမ် (မ်)ရှေ့နေ နို့တစ်စာကို သက်သေခံအမှတ် ပီဖြင့် ဖြေဆိုရာတွင် မြေငါး စာချုပ်ကို တရားလို နာမည်ဖြင့် ပြောင်းရွေပေးပါမည်ဟု ပါရှိသည်။ နောက်တလမျှ ကြာသောအခါ သက်သေခံအမှတ် ဇီကို အတည်ပြုရှိ သက်သေခံအမှတ် ကျူကို တဖန်ရေးပြန်သည်။ ထိုနောက်အချင်းဖြစ်အိမ်ကိုတရားလိုကပင် ပိုင်ရှင်အနေနှင့်ဆိုဗီယက်သံရုံးနှင့်ဖီလစ်ပိုင်သံရုံးများသို့ အငှါးချထားခဲ့သည်ကို အငြင်းအပွါး မရှိချေ။ သက်သေခံ အမှတ် အာရ်၊အက်စ်တီ၊ယူ၊တို့ကို ကြည့်ပါ။ ထို့အပြင် ဦးမျိုးခင်နှင့် ဒေါ်ရင်တို့ကို နောက်ပိုင်းတွင် တရားလိုက သက်သေခံ အမှတ် ဗီ နှင့် ဒဗလျူတို့ အရ အငှါးချထားခဲ့သည်ကိုလည်းအငြင်းမရှိပေ။အထက်ဖော်ပြခဲ့သော သက်သေခံချက်များ အရ၊ တရားလိုသည် ယခုလက်ရှိဖြစ်နေသည်ကိုလည်း ငြင်းချက်မရှိပေ။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၀ က ဤကဲ့သို့ ပြဋ္ဌာန်းထားသည်။

> **" 110. When the question is whether any person is owner of anything of which he is shown to be in possession, the burden of proving that he is not the owner is on the person who affirms that he is not the owner."**

တရားလိုသည် မတရား သဖြင် လက်ရှိ ယူထား သည်ဟု ခိုင်မာ ယုံကြည်လောက်သောသက်သေထွက်ချက်မရှိခေါ့။ ***Possession is nine points of the law*** ဟု ဆိုရိုးစကား ရှိပေသည်။ လက်ရှိရခြင်းသည် ပိုင်ခြင်းလက္ခဏာ ရှိသည်။ တရားခံအမှတ် ၁ အိုင်လိန်ကပိုမိုခိုင်လုံစွာ ပိုင်ခြင်းကို ပြနိုင်မှသာ၊ ဤအမှုတွင်အောင်မြင်စရာရှိသည်။ ဤအမှုသည် ဤပုဒ်မတွင် အကျုံးဝင်သည်ကို မငြင်းနိုင်ပေ။ အထက်ပါ အကြောင်းများကြောင့် ငြင်းချက်အမှတ် ၃ ကိုဖြေဆိုသည်မှာ ဒေါ်ရသိမာတိန်သည်

ဆိုဗီယက်သံရုံးသို့ တရားလိုကို အသိပေးရှိ ငှါးရမ်းခြင်းမဟုတ်၊သူမသည် ထိုသံရုံးသို့ အချင်းဖြစ်အိမ်ကို တရားလိုထံမှ ငှါးရမ်းရန် တောင်းဆိုသည်မှာ တရားလို၏ ခြိမ်းချောက် အဓမ္မသြဇာလွှမ်းမိုးရှိ တောင်းခြင်းမဟုတ်ဟုငြင်းချက်အမှတ် ၄ ကို ဖြေဆို လိုက်သည်။

ငြင်းချက်အမှတ် ၁၀။

ဤငြင်းချက်နှင့် ပတ်သက်၍ ငြင်းချက်အမှတ် ၃ နှင့် ၄ တို့ကို ဖြေဆိုရာ၌ တစိတာ တဒေသ ဖြေဆိုခဲ့လေပြီ။ တရားလိုသည် ဒေါ်ရသိမာတိနီကို လိမ်လည်၍သော်၎င်း၊ အဓမ္မသော်၎င်း၊ ရာဇဝတ်ပြစ်မှု ဖြစ်အောင်သော်၎င်း အချင်းဖြစ်အိမ်ကို မည်သည့် အခါမျှ လက်ရှိယူခဲ့သည်ဟု လုံလောက်သော သက်သေ တွက်ချက် တခွန်းမျှ မရှိ၍ ဤငြင်းချက်ကို တရားလိုဘက်မှ ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ် ၅။

ဤငြင်းချက်မှာ တရားခံအမှတ် ၂ ဗိုလ်ဘခိုနှင့်သာသက်ဆိုင်သည်။ အထက်ပေါ် ပြခဲ့သည့် အတိုင်း ၎င်း၏ အောင်မြင်မှုမှာ တရားလိုအမှတ် ၁ ၏ အောင်မြင်မှုတွင် တည်သည်။တရားလိုအမှတ် ၁ သည် အချင်းဖြစ်မြေကိုဖြစ်စေ၊ နှစ်ထပ်တိုက်အိမ်နှင့် သက်ဆိုင်သောအိမ်ကလေး၊မော်တော်ကားရုံစသည့် အဆောက်အဦးများကို ပိုင်ဆိုင် သည်ဟု ကြေနပ်စွာပြနိုင်ခြင်း မရှိသည် ဖြစ်၍ တရားခံအမှတ် ၂ မှာ တရားအတိုင်း အချင်းဖြစ် မြေပေါ်တွင် ဝင်ရောက်၍ သစ်သားဖြင့်ဆောက်လုပ်ထားသော အိမ်ကို မဆောက်နိုင်ဟု ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ် ၇။

အချင်းဖြစ်အိမ်နှင့် မြေတို့မှာ တရားလိုအပိုင်ဖြစ်သည်ကတကြောင်း၊ ပဌမတရားခံ ၏ ဘခင်သည် တရားလို၏ အခွင့်အရသာနေထိုင်ခဲ့သည်က တကြောင်းတို့ကြောင့် ကာလစည်းကမ်းသတ်နှင့် မသက်ဆိုင်ဟု ဖြေဆိုသည်။အဘယ်ကြောင့်ဆိုသော် တရား လိုသည် လက်ရှိဖြစ်ပြီး ၎င်းသည် လက်ရှိရထိုက်ပါသည်ဟု မြွက်ဟ ကျေညာပေးရန် တောင်းဆိုလျှင် ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယားအမှတ် ၁၂၀ နှင့် သာသက်ဆိုင်၍ ဖြစ်သည်။

၁၉၆၆

(ကွယ်လွန်သူ မစ္စတာဂျိန်းမာတီနီ၏အမွေစားအမွေခံများဖြစ်ကြသော) ဒေါ်ခင်လေး ပါ ၆ နှင့် မစ္စအယ်လန်နာန္ဒစ်မာတီနီ ပါ ၂။

Francislegge v. *Rambaran Singh and another* (2) ဤအမှုတွင် တရားခံတို့သည်လက်ရှိကိုဆန့်ကျင်ခြင်းမပြုကြပေ။ ပြုခဲ့လျှင်အဆိုပါ အက်ဥပဒေ ပဌမဇယား အမှတ် ၁၄၄ နှင့် သက်ဆိုင်မည်။ ယခုမူကား မည်သူပိုင်ဆိုင်သည်ကိုသာ ဆုံးဖြတ်ရမည် ဖြစ်သည်။ အဆိုပါစီရင်ထုံးတွင်၊

> " A suit for a declaration of right to and of actual possession in immoveable property is governed by the limitation prescribed by Article 120. . . "

ငြင်းချက်အမှတ် ၈။

အထက်ဖော်ပြပါအကြောင်းမျိုးစုံအရ တရားလိုများအား မူလတရားလို၏အမွေစားအမွေခံများအနေဖြင့် အဆိုလွှာတွင် တောင်းဆိုထားသည့်အတိုင်း တရားခံများအပေါ် စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်။

---

(၁) အိန္ဒိယပြည်စီရင်ထုံး၊ စာ ၂၀၊ အလဟာဘတ် ၃၅ စဉ်ညီခုံရုံး။

နိုင်ငံတော်တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

ဒေါ်စိန်နက် (အယူခံတရားလို)

နှင့်

ဦးအရှမ်း ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၆ နိုဝင်ဘာလ ၁၀ ရက်။

မြေကွက်ပေါ်မှ အဆောက်အဦကို ဖျက်သိမ်း၍ ထွက်ခွါသွားစေရန်နှင့် မြေငှါးခ ရလိုကြောင်း တရားစွဲဆိုမှု—အမှုကိုတရားဝင်ကိုယ်စားလှယ်မှ တဆင့် စွဲဆိုခြင်း—မှတ်ပုံတင် ကိုယ်စားလှယ် စာချုပ် ချုပ်ဆိုပေးသည် ဆိုသည်မှာ မမှန်ဟု ငြင်းဆိုခြင်း—မမှန်ကြောင်းပြသရန် တာဝန်မှာ ငြင်းဆိုသူအပေါ် တွင်ကျရောက်ခြင်း—ပစ္စည်းလွှဲပြောင်းရေး ဥပဒေအရ မြေကို ရရှိရန်တရားစွဲဆိုခြင်းမဟုတ်ဘဲ မြို့ပြဆိုင်ရာငှါးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဃ) အရ တရားစွဲဆိုခြင်း—မြေမှဖယ်ရှားပေးရန် တရားစွဲဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံများက အယူခံတရားလိုသည် မှတ်ပုံတင် ကိုယ်စားလှယ် စာချုပ် ချုပ်ဆိုပေးသည် ဆိုသည်မှာ မမှန်ပါဟု ငြင်းဆိုရာ အယူခံတရားလိုက ဒေါ်လှညိုအား ကိုယ်စားလှယ် လွှဲပေးခြင်း မရှိကြောင်း ပြသရန်တာဝန်မှာ တရားခံများ အပေါ်ကျရောက်လေသည်။

အမှုမှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေအရမြေကိုရရှိရန် တရားစွဲဆိုခြင်းမဟုတ်၊ တရားလိုက မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဃ)အရ စွဲဆိုခြင်းဖြစ်ရကား ထို ဥပဒေ တွင် ပြဆိုထားသည့်အတိုင်း၊ တရားလိုနှင့် တရားခံတို့သည် မြေငှါးသူနှင့်မြေငှါးအဖြစ် ရှိကြောင်း မပြဆိုနိုင်သရွေ့ ထို့ဥပဒေအရမြေငှါးဖြစ်သူအယူခံတရားခံတို့အား ပုဒ်မ ၁၂(၁)(ဃ) အရ မြေမှ ဖယ်ရှားပေးရန် တရားစွဲဆိုနိုင်မည်မဟုတ်ပေ။

ဆီသာရမ် နှင့် အလာရပ်ခီးပါအများ၊ ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၅၆ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးမောင်မောင်ခင်။

အယူခံတရားခံအတွက်။ ။ဒေါ်ကြည်ကြည်ဝင်း။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားလိုဖြစ်သူ ဒေါ်စိန်နက်က ၎င်း၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သူ ဒေါ်လှညိုမှတဆင့်၊ သံတွဲမြို့ မြို့နယ်တရားမရုံး

---

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၆။

† ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၆ တွင် သံတွဲမြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၆

ဒေါ်စိန်နက် နှင့် ဦးအရှမ်း ပါ (၂)။

၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆ တွင် အယူခံတရားခံဖြစ်သူ ဦးအရှမ်းနှင့် ဒေါ်ကျေးမျှင်တို့အပေါ် တရားလိုပိုင်မြေပုံတွင် (အေ)အမှတ်ပြထားသည့် မြေကွက်ပေါ်မှ အဆောက်အဦးကို ဖျက်သိမ်း၍ ထွက်ခွါသွားစေရန်နှင့် မြေငှါးခ ကျန်ငွေ ကျပ် ၃၀၀ ရလိုကြောင်းတရားစွဲဆိုခဲ့ခြင်းကို အောက်ရုံးမှစရိတ်နှင့်တကွ ပလပ်လိုက်ရာ ဒေါ်စိန်နက်က သံတွဲမြို့ ရာဘက်ခရိုင်တရားမရုံး ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆ တွင် အယူခံဝင်ရောက်ခဲ့သော်လည်း အောင်မြင်ခြင်း မရှိသဖြင့် ယခုဒုတိယအယူခံမှုကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။

တရားလို၏ စွဲလှဘအရ အခင်းဖြစ်မြေမှ သံတွဲမြို့ မြောက်ရပ် အကွက်နံပါတ် ၃၊ ဦးပိုင်အမှတ် ၁၅၈ မြေချိန် ဧရိယာ ၀.၅၂ ကို၊ ၎င်းက ၁၉၅၆ ခုနှစ်၊ဇန္နဝါရီလ ၁၂ ရက်နေ့တွင် ပိုင်ရှင်ကိုကိုတင်နှင့် ၎င်း၏ဇနီးတို့ထံမှ အဘိုးငွေ ၁၀,၀၀၀ ကျပ်နှင့်ရေစစ်တြိမှတ်ပုံတင် စာချုပ်ချုပ်ပြီး ဝယ်ယူရရှိခဲ့ကြောင်း၊ ထိုမြေ၏ မြေပုံပေါ်တွင် အမှတ် (အေ) ဖြင့် ပြသည့် မြေချိန် ဧရိယာ ၀.၅၁ ကို တရားခံများ ဖြစ်သူတို့က ယခင်ပိုင်ရှင် ကိုကိုတင်ထံမှ တနှစ်လျှင် အခငွေ ၁၀၀ ကျပ်နှင့် ငှါးရမ်း အိမ်ဆောက်နေထိုင်ကြကြောင်း၊ ကိုကိုတင်ထံမှ တရားလိုက မြေကိုဝယ်ယူပြီးနောက်၊ မြေငှါးများ ဖြစ်သူ အယူခံတရားလိုတို့သို့ ကိုကိုတင်က ထိုမြေကို အယူခံတရားလိုသို့ ရောင်းချလိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင်ကို အယူခံတရားလိုနှင့်သာ ဆက်ဆံကာ နို့တစ်စာ ပေးခဲ့သည်ဆိုကြောင်း၊ သို့သော်လည်း တရားခံများဖြစ်သူ အယူခံတရားခံတို့သည်၊ ၁၉၅၆ ခုနှစ်၊ဇန္နဝါရီလမှစ၍ ၁၉၆၂ ခုနှစ်၊ဇူလိုင်လကုန်အထိ ၆ နှစ်နှင့် ၇ လအတွက် မြေငှါးခငွေပေါင်း ၆၅၀ ကျပ် ၃၃ ပြားကို တောင်းဆိုသော်လည်း မပေးခဲ့၊ ထို့ကြောင့် တရားလိုက အယူခံတရားခံများအား ကျန်ရှိသည့် မြေငှါးခ ငွေများနှင့် ထိုမြေမှ ဖယ်ရှားပေးရန် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့စွဲပါ သက်သေခံအမှတ် (၈) နို့တင်စာ ပေးခဲ့သော်လည်း၊ အယူခံတရားခံများက လိုက်နာခြင်း မရှိသဖြင့် ယခုအမှုကို မြို့ပြဆိုင်ရာဥပဒေပုဒ်မ ၁၂ (၁) (ဃ) အရ မြေခ သုံးနှစ်အတွက် ၃၀၀ ကျပ်နှင့်မြေမှ ဖယ်ရှားပေးရန် တရားစွဲဆိုရပါသည်ဟု ပြဆိုလေသည်။

တရားခံများဖြစ်သူအယူခံတရားခံတို့က အချင်းဖြစ်မြေကို ကိုကိုတင်ထံမှ တနှစ်လျှင် ငွေ ၁၀၀ကျပ်နှင့် ငှါးရမ်းနေထိုင်ကြောင်း ဝန်ခံသော်လည်း၊ထိုမြေကို ကိုကိုတင်က အယူခံတရားလိုသို့ ရောင်းချလိုက်ခြင်း ပြုသည်ဆိုသည်ကို မသိကြောင်းငြင်းဆို၍၊ ထိုသို့ရောင်းချလိုက်ခြင်းနှင့် ပတ်သက်၍ ကိုကိုတင်ကလည်း ၎င်းတို့အား မည်သို့မျှ အကြောင်းကြားခြင်း မရှိပါဟု ချေပလေသည်။ ထိုပြင် တရားခံများက ၎င်းတို့နှင့် တရားလိုသည် မည်သည့်အခါကမှ မြေရှင်မြေငှါးဖြင့် မတင်ရှိခဲ့၊မြေခများကို တရား

လိုသို့ တကြိမ်တခါမှ မပေးခဲ့သဖြင့် အယူခံတရားလိုသည် ယခု အမှုကဲ့သို့ ခြေမှ ဖယ်ရှားပေးရန် တရားစွဲဆိုခွင့် မရှိပါဟု ကန့်ကွက်ချေပလေသည်။

တရားလို၏အဆိုလွှာနှင့် တရားခံများ၏ ချေပလွှာများအရ အောက်ခုံးမှ ၎င်း၏ စီရင်ချက်တွင် ပြဆိုထားသည့် အတိုင်း၊ ကောက်ချက် (၇) ချက် ထုတ်နုတ်စစ်ဆေးခဲ့ရာ၊ ပဌမကောက်ချက်နှင့် ပတ်သက်၍ တရားလိုသည် အချင်းဖြစ်မြေကို ကိုကိုတင်နှင့် ဇနီးတို့ထံမှ ငွေ ၁၀,၀၀၀ ကျပ်ပေးပြီး ဝယ်ယူရရှိခဲ့ကြောင်း မမန်ဟုဌင်း၊ ကောက်ချက် အမှတ် (၂) နှင့် ပတ်သက်၍ ကိုကိုတင်က မြေငှါးခ များကို တရားလိုသို့ ပေးရန် တရားခံများသို့ နို့တစ်စာ ပေးခဲ့သည် ဆိုသည်မှာလည်း မမန်ဟုဌင်း၊ ကောက်ချက် အမှတ် (၅) နှင့် ပတ်သက်၍၊ ယခု အမှုကို တရားလိုဖြစ်သူ ဒေါ်လှညိုက ပိုင်ရှင် ဒေါ်စိန်နက်၏ သဘောအရမဟုတ်ဘဲ ကြံစည်စွဲဆိုခဲ့ခြင်း ဖြစ်သည်ဟုဌင်း ဖြေဆိုပြီး၊ တရားလိုဖြစ်သူ အယူခံတရားလို စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

အယူခံဝင်သောအခါ အယူခံကြားနာသည့် တွဲဘက်ခရိုင် တရားမတရားသူကြီးက အမှုတွင် အောက်ခုံးမှ တရားလိုအား အရောင်းအဝယ်စာချုပ်ကို တင်သွင်းခွင့် မပေးခြင်းနှင့် အရောင်းအဝယ် ဖြစ်သည့်အကြောင်းကို မူလပိုင်ရှင်က တရားခံများသို့ အကြောင်းကြား နို့တစ်စာ ပေးခဲ့သည်မျှားနှင့် ပတ်သက်၍ သက်သေပေးပြခြင်း မပြူသည်မှာ ဥပဒေအရ မှားယွင်းသည်ဆိုပြီး တရားမကျင့်ထုံး အမိန့် ၄၁၊နည်းဥပဒေ ၂၇ အရ၊ ထိုသက်သေခံချက်မျှားကို ရယူနိုင်ရန် ၎င်း၏ ၁၉၆၈ ခုနှစ်၊ ဧပြီလ ၂၂ ရက် နေ့စွဲပါအမိန့်အရ အမှုတွဲကိုအောက်ခုံးသို့ ပြန်လည်ပေးပို့ခဲ့လေသည်။ အောက်ခုံးမှ လိုအပ်သည့် သက်သေခံချက်မျှား ရယူပြီး အယူခံခုံးသို့ တင်သွင်းခဲ့သည့်အခါ၊ ခရိုင် တရားမ တရားသူကြီးက အမှုအကြောင်းချင်းရာနှင့် ပတ်သက်၍ ဆင်ခြင်ခြင်း မပြုမီ ယခုအမှုကိုတရားလိုဖြစ်သူ ဒေါ်စိန်နက်ကိုယ်စား စွဲဆိုသည့် ဒုဇီ၏ကိုယ်စားလှယ်ဆိုသူ ဒေါ်လှညိုသည် ဒေါ်စိန်နက်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း လုံလောက်သည့် သက်သေခံ အထောက်အထား မရှိသဖြင့် ယခုကဲ့သို့ အမှုမျိုးကို မစွဲဆိုနိုင်ဆိုပြီး အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ယခု ဒုတိယအယူခံမှု ဝင်ရောက်ရာတွင်၊ အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက အောက်အယူခံခုံးမှ အမှုတွဲတွင် တရားလို၏ ကိုယ်စားလှယ်အဖြစ် တရားစွဲဆိုသူ ဒေါ်လှညိုက ၎င်းအား အချင်းဖြစ်မြေ၏ ပိုင်ရှင် ဒေါ်စိန်နက်က သက်သေခံ အမှတ် (၈) မှတ်ပုံတင်စာချုပ်အရ၊ ကိုယ်စားလှယ် လွှဲပြောင်းပေးခဲ့ကြောင်း လုံလောက်သည့် သက်သေခံအထောက်အထား ပြသနိုင်ခြင်း မရှိဆိုပြီး အယူခံတရားလို၏ အမှုကို ပလပ်လိုက်ခြင်းမှ တရားဥပဒေအရ မှားယွင်းနေ

ကြောင်းကို ယခင်တရားလွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် **ဆီသာရန်** နှင့် **အလာရပ်ခီး** ပါ အများ (၁)ပါ ပြဆိုချက်များအပေါ် ကိုးကားလျှောက်ထားခဲ့သည်။ ထိုစီရင်ထုံးအရ သက်သေခံ ဥပဒေပုဒ်မ ၇၅ ၏ လိုရင်းကို ဆင်ခြင်စဉ်းစားရာဝယ်၊ မှတ်ပုံတင် ကိုယ်စားလှယ်စာမျက်နှာတွင် မှတ်ပုံတင်ဥပဒေအရ၊လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြောင်း ထင်ရှားနေလျှင် ၎င်းကိုယ်စားလှယ် စာကို ကိုယ်စားလှယ် ပေးသူက ချုပ်ဆိုပေး ကြောင်း၊ သက်သေခံ ပြသရန် မလိုကြောင်း ဆုံးဖြတ်ထားသောကြောင့် ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားခံများက ဒေါ်စိန်နက်သည် သံတွဲမြို့မှ လွန်ခဲ့သော ၆ နှစ်ကျော်ခန့်ကထွက်ခွါသွားသဖြင့် ကိုယ်စားလှယ်ဖြစ်သူ ဒေါ်လှည့်သို့ သက်သေခံ (၄) မှတ်ပုံတင်ကိုယ်စားလှယ် စာချုပ် ချုပ်ဆိုပေးခဲ့သည် ဆိုသည်မှာ မမှန်ပါဟု ငြင်းဆိုခဲ့ရာမှာ အထက်က ရည်ညွှန်းသည့်ဥပဒေအရ၊ ဒေါ်စိန်နက်က ဒေါ်လှည့်အား ကိုယ်စားလှယ် လွှဲပေးခြင်း မဖြိုကြောင်း ပြသရန် တာဝန်မှာ တရားခံများဘက်ပေါ်တွင် ကျရောက်လေသည်။ထိုတာဝန်နှင့် ပတ်သက်၍ တရားခံများက ဒေါ်စိန်နက်အား သမ္မာန်စာ ထုတ်ဆင့်ခဲ့သော်လည်း မတွေ့ရှိသဖြင့်၊ မစစ်ဆေးဘဲ စာချုပ်တွင်ပါသည့် အခြား သက်သေ တဦးတယောက်ကိုမျှလည်း ခေါ်ယူ ပြသစစ်ဆေးခြင်း မပြုခဲ့ပေ။ ထိုသို့ဖြစ်ရကား တရားခံများက ၎င်းသက်သေခံ (၄) ကိုယ်စားလှယ် စာချုပ်နှင့် ပတ်သက်၍၊ ၎င်းတို့က ကန့်ကွက်ချက်ကို ထင်ရှားအောင် သက်သေခံချက် ပေးပြနိုင်ခြင်း မရှိသည်မှာ ထင်ရှားလေသည်။ သို့သော် အောက်အယူခံရုံးမှ ထိုတာဝန်ကို တရားလို ဒေါ်လှည့်ကသာ ပြသရန်ရှိသည်ဟု လွဲမှား၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ရာ၊ ထိုဆုံးဖြတ်ချက်မှာ မှန်ကန်လက်ခံနိုင်သည်ဟု မဆိုနိုင်ပေ။သို့သော် ယခုအယူခံမှုမှာ ထိုအချက်နှင့်ပင် ပြီးဆုံးခြင်းသို့ မရောက်သေးပေ၊ အဘယ်ကြောင့် ဆိုသော် အယူခံ ကရားလိုက ၎င်း၏စွဲလှာ၊ တရားခံ၏ ချေလွှာကို ပြန်ကြားသည့် ပြန်လှန်ချေပလွှာနှင့် ၎င်းက အမှုတွင်ပေးခဲ့သည့် သက်သေခံအမှတ် (၇) နှိုင်းတစ်စာအရ၊ အမှုကို ၁၉၆၀ ခုနှစ်ပြည်ဆိုင်ရာ ဒုံးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (ဃ)အရ တရားစွဲဆိုကြောင်းမှာ အမှုတွင် ၎င်းက မြေနှင်းလိုမှုအတွက် မြေဦးခတနှစ်တွက် သင့်ငွေ ၁၀၀ ကျော် အပေါ်တွင်သာ တံဆိပ်ခေါင်းခွန် ပေးဆောင်ခဲ့ခြင်းက ထင်ရှားနေပေသည်။ သို့သော် ယခုအမှုတွင် အယူခံတရားခံများကမူလပိုင်ရှင်ထံ မဝယ်ယူခဲ့၊အယူခံတရားလို ဒေါ်စိန်နက်အား မည်သည့်အခါကမှ မြေဦးဒဖြစ် အသိအမှတ်ပြုပြီး မြေဦးခများ ပေးခဲ့ကြောင်းဝန်မခံခဲ့၊အယူခံတရားလိုဘက်မှလည်း မြေကို ကိုကိုတင် ထံမှဝယ်ယူပြီး အယူခံတရားခံများက မြေခကို ၎င်းအား တကြိမ်တခါပေးခဲ့ပါသည်ဟု ပြဆိုနိုင်ခြင်း မရှိ၊ဝယ်သည့်နေ့မှစ၍ တရားစွဲဆိုသည့် နေ့တိုင် ၆ နှစ်နှင့် ၇ လအတွက် မြေဦးခများ

(၁) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၅၆။

F

လုံးဝခရှိခဲ့ပါဟု ဝန်ခံသားသဖြင့် အယူခံတရားခံများသည် အယူခံတရားလိုအား ငင်းတို့ငါးနေသည့် မြေနှင့်ပတ်သက်၍ မြေငှါးအဖြစ် အသိအမှတ်ပြုခဲ့ခြင်း မပြုလုပ်ခဲ့ကြောင်းမှာ ထင်ရှားနေလေသည်။ ထိုသို့ တရားလိုနှင့် တရားခံတို့သည်၊ မြေရှင်နှင့် မြေငှါးအဖြစ် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေအရ တည်ရှိခြင်းမရှိမူ၊ အယူခံဘာသားလိုသည် တရားခံဖြစ်သူ အယူခံတရားခံတို့အား အချင်းဖြစ်မြေမှ ငင်း၏ မြေငှါးများအဖြစ် ပုဒ်မ ၁၂(၁) (ဆ)အရ ဖယ်ရှားပေးရန် မည်သို့မျှ စွဲဆိုနိုင်ရန် အခွင့်အရေး ရှိမည်မဟုတ်ပေ။

အယူခံတရားလို၏ ပညာရှိရှေနေကြီးက မူလရုံးမှ အချင်းဖြစ်မြေကို ဒေါ်စိန်နက်က အဘိုးငွေ ပေးချေပြီး မှတ်ပုံတင်စာချုပ်အရ ဝယ်ယူရရှိခဲ့ကြောင်း မထင်ရှားဟု ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ အယူခံရုံးမှ တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ၊ နောက်ဆပ် သက်သေခံချက်များ ရယူစေရန် အခွင့်ပြုခဲ့သော အခါ၌ တင်သွင်းခဲ့သည့် သက်သေခံအမှတ် (ဆ) ရေစစ္စတြီ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အရ အချင်းဖြစ်မြေကို ဒေါ်စိန်နက်က တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ထင်ရှားပါသည်ဟု ပြဆိုလေသည်။ ထို့ပြင် မြေကိုရောင်းချပြီးမှ ပိုင်ရှင် ကိုကိုတင်က အယူခံ တရားခံများသို့ မြေကို ဒေါ်စိန်နက်သို့ ရောင်းချပြီးကြောင်း အကြောင်း ကြားခဲ့သည်နှင့် ပတ်သက်၍လည်း၊ အမှုတွင် ဦးထွန်းအောင်ကျော်အား သကသေ အဖြစ် နောက်ထပ် စစ်ဆေးခဲ့သဖြင့် ထင်ရှားနေပါသည်ဟု ဆိုလိုပေသည်။သို့ဖြစ်ရကား ဒေါ်စိန်နက်သည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၉ အရ၊ မူလ မြေငှါး၏ အခွင့်အရေး ရရှိခဲ့သဖြင့် တရားခံတို့အား ထိုမြေမှ ထွက်ခွါဖယ်ရှားပေးရန် နို့တစ်စာပေး၍ နှင်နိုင်ကြောင်း ရည်ညွှန်းသည်။ သို့ရာတွင် ယခု အမှုမှာ ပစ္စည်း လွှဲပြောင်းရေး ဥပဒေအရ မြေကိုရရှိရန် တရားစွဲဆိုခဲ့ခြင်းမဟုတ်၊ တရားလိုက မြို့ပြ ဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(ဆ)အရ စွဲဆိုခဲ့ခြင်း ဖြစ်ရကား၊ ထိုဥပဒေတွင် ပြဆိုသားသည့်အဘိုး၊ တရားလိုနှင့် တရားခံတို့သည် မြေငှါးသူနှင့် မြေငှါးအဖြစ် ရှိကြောင်း မပြဆိုနိုင်သရွေ့၊ ထိုဥပဒေအရ မြေငှါးဖြစ်သူ အယူခံ တရားခံတို့အား ပုဒ်မ ၁၂(၁)(ဆ)အရ မြေမှ ဖယ်ရှားပေးရန် တရားစွဲဆိုနိုင်မည် မဟုတ်ပေ။အယူခံဘာသားလို၏ ပညာရှိ ရှေနေကြီးပြဆိုချက်အရ တရားခံများတို့သည် မြေရှင် ဒေါ်စိန်နက်၏ မြေပေါ်တွင် နေထိုင်သူများ ဖြစ်သော်လည်း၊ ထိုသို့ နေထိုင်ခြင်းမှာ ဒေါ်စိန်နက်၏ မြေငှါးသူများအဖြစ် နေထိုင်ခြင်း ဖြစ်ကြောင်းကို အယူခံ တရားလိုက ပြသနိုင်ခြင်း မရှိသဖြင့် တရားခံတို့သည် ထိုမြေပေါ်တွင် ကျူးကျော် သူများအဖြစ် ဝင်ရောက်နေထိုင်သူများ ဖြစ်သည်ဟု ယူဆရပေမည်။ ထိုသို့ယူဆလျှင် အယူခံတရားလိုသည် တရားခံတို့အား ထိုမြေမှ ဖယ်ရှားပေးရန်ကို ပစ္စည်းလွှဲပြောင်း

၁၉၆၆ ဖေါ်စိန်နှက်နှင့် ဦးအောမ်း ပါ (၂)။

ရေး ဥပဒေအရသာ မြေကို လက်ဝှေ့ရရှိရန် တရားစွဲဆိုခွင့်ရှိသည်၊ ယခုကဲ့သို့ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး ဥပဒေ ၁၂ (၁) (ဃ)အရ တရားစွဲဆိုပိုင်ခွင့် မရှိပေ။

ထို့ကြောင့် ယခုအမှုကို အောက်အယူခံရုံး နှစ်ရုံးစလုံးမှ ပလပ်လိုက်သည်မှာ ထိုရုံးမျှားမှ ပြဆိုချက်မျှားအရ မှန်ကန်သည်ဟု မဆိုနိုင်သော်လည်း၊ အထက်က ပြဆိုခဲ့သည့်အတိုင်း တရားလိုသည် ယခုကဲ့သို့ တရားခံမျှားအား မြေမှ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး ဥပဒေအရ ဖယ်ရှားပေးရန် တရားစွဲဆိုနိုင်ခွင့် မရှိသဖြင့်၊ ၎င်းစွဲဆိုသည့်အတိုင်း ဒီကရီကို ရရှိရန် မဖြစ်နိုင်၍၊ အောက်ရုံးများမှ အမှုကို ပလပ်လိုက်သည့် အမိန့်ကို အတည်ပြုရမည်ဖြစ်သည်။

ဖေါ်ပြပါ အကြောင်းများကြောင့် ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ဒေါ်မမလေး (လျှောက်ထားသူ)

နှင့်

ဦးညွန့်ပါ ၃၊ ဦးလှပါ ၃ (လျှောက်ထားခံရသူများ)*

အမှုခေါ်စာချုပ်တော်—၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌာနိုးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ၊ မြို့ပြဆိုင်ရာ ဌာနိုးရမ်းခ ကြီးကြပ်ရေးဝန်က မြေဌားဖြစ်သူတို့အား၊ မြေပေါ်တွင် ဆက်လက်နေထိုင်ခွင့် ပြုခြင်း—ဥပဒေက အပ်နှင်းသော အာဏာကို လွှန်၍ ဆုံးဖြတ်ထားခြင်းဖြစ်မဖြစ်—မှီခိုသူတဦးအား ဆက်လက်နေထိုင်ခွင့် ပြုခြင်း—ဥပဒေအရ၊ မြေတကွက်ကို တကြိမ်တည်း၌ မြေဌားအား ဌားရမ်းထားခြင်း—အခြားတဦးအား ဆက်လက်နေထိုင်ခွင့်ပြုသည်ဟု သတ်မှတ်ရန် ဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။မြေဌားဖြစ်သူတို့အား၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌာနိုးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ၊ မြို့ပြဆိုင်ရာ ဌာနိုးရမ်းခ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့် ပြုခြင်းသည် ဥပဒေက အပ်နှင်းသော အာဏာကို လွှန်၍ ဆုံးဖြတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ထိုအမိန့်မှားကို ပယ်ဖျက်ရမည် ဖြစ်သည်။ မှီခိုသူတဦးအား ဆက်လက်နေထိုင်ခွင့် ပြုခြင်းမှာမူအရလည်းမှားယွင်းသည်၊ ဥပဒေအရလည်း မြေတကွက်တည်းကို တကြိမ်တည်း၌ မြေဌားအား၊ ဌားရမ်းထားရှိသည်။ အခြားတဦးအား ဆက်လက်နေထိုင်ခွင့်ပြုသည်ဟု သတ်မှတ်ရန် မဖြစ်နိုင်ပေ။ စံဌားခနှင့် ပတ်သက်၍ တရားဝင်မြေဌားက လျှောက်ထားလျှင် ကြီးကြပ်ရေးဝန်က သင့်လျော်သော ဆုံးဖြတ်ချက်ကိုပေးနိုင်မည် ဖြစ်သည်။

စုပူန် ပါ ၃ နှင့် ဦးညွန့် ပါ ၂၊ ၁၉၆၁ ခုနှစ်၊ တရားမ သေးမှု အမှတ် ၈၀ ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးသန်းအောင်။

လျှောက်ထားခံရသူ ၁၊၂ အတွက်။ ။ဦးမြင့်စိုး။

လျှောက်ထားခံရသူ ၃ အတွက်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၂၉-၃၀၊ အမှုခေါ် စာချုပ်တော်။

၁၉၆၆

ဖီဇာ်လ
၁၄ ရက်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ဤလျှောက်လွှာ နှစ်ရပ်တွင်ဥပဒေပြဿနာတူသဖြင့် ရှေ့နေကြီးများက စုပေါင်း၍ လျှောက်လဲကြသည်။ ကျွန်ုပ်တို့ကလည်း ဤအမိန့်တရပ်ဘည်းဖြင့် လျှောက်လွှာနှစ်ရပ်ကို ဆုံးဖြတ်လိုက်သည်။

လျှောက်ထားသူများ၏ ပညာရှိရှေ့နေကြီး ဦးသန်းအောင်က လျှောက်ထားခံရသူများသည် မြေငှါးများ ဖြစ်သည်ဟု တရားရုံး အဆင့်ဆင့်က တွေ့ရှိခဲ့ကြပြီး ဖြစ်ပါသည်၊ သို့ပါလျက် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် လျှောက်ထားခံရသူများအား ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ မြေပေါ်တွင် ဆက်လက်နေထိုင်ခွင့် ပြုလိုက်ခြင်းသည် မှားယွင်းနေပါသည်။ ထို့ကြောင့် ကြီးကြပ်ရေးဝန်၏ အမိန့်များကို အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ပေးသင့်ပါသည်ဟု လျှောက်ထားသည်။ ယခင် တရားလွှတ်တော် ချုပ်၏ **စုပွန်ပါ ၃** နှင့် **ဦးညွှန့်ပါ ၂** တို့အမှု (၁) ကို ဦးသန်းအောင်က ကိုးကားသည်။ ထိုအမှုဘင်မြငှါးမဟုတ်**သော**သူကိုသာ ကြီးကြပ်ရေးဝန်က ပုဒ်မ ၁၃ အရ မြေပေါ်တွင် ဆက်လက်နေထိုင်ခွင့် ပြုနိုင်သည်၊ မြငှါးဖြစ်ပြီးသူအား ထိုပုဒ်မက အပ်နှင်းသော အာဏာကို သုံးစွဲ၍ နေထိုင်ခွင့်ပြုခြင်းသည် မှားယွင်းသည်။ ထို့ကြောင့် နေထိုင်ခွင့်ပြုသော အမိန့်ကို ပယ်ဖျက်ရမည်ဟု ဆုံးဖြတ်ထားသည်။

လျှောက်ထားခံရသူများ၏ ပညာရှိရှေ့နေကြီး ဦးမြင့်စိုးက ဤအမှုနှစ်မှုအနက် တရားမအသေးအဖွဲမှု အမှတ် ၁၁ တွင်၊ လျှောက်ထားခံရသူ ဦးလှဘဦးသာ မြငှါးဖြစ်ကြောင်း တရားရုံးများက တွေ့ရှိကြပါသည်။ ကိုအောင်ကြီးသည် ဦးလှကိုမှီခို နေထိုင်သူသာ ဖြစ်သည်ဟု တွေ့ရှိကြပါသည်။ ထို့ကြောင့် ကိုအောင်ကြီးအား၊ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့်ပြုခြင်းသည် အာဏာမဲ့ဖြစ်သည်ဟု ဆိုနိုင်မဆိုနိုင် ပြဿနာပေါ်ပါသည်ဟု တင်ပြပါသည်။ ထို့ပြင် ကြီးကြပ်ရေးဝန်၏ အမိန့်များတွင် နှစ်ပိုင်းရှိပါသည်။ တပိုင်းသည် အခင်းဖြစ် မြေကွက်ဘို့ကို စံငှါးခသတ်မှတ်ခြင်းဖြစ်၍ ကျန်တပိုင်းကသာ လျှောက်ထားခံရသူများအား ဆက်လက် နေထိုင်ခွင့်ပြုခြင်းဖြစ်ပါသည်။ အမိန့်များ၏ နှစ်ပိုင်းစလုံးကို အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ရန်သင့် မသင့်ကိုလည်း စဉ်းစားရန် သင့်ပါသည်ဟု ဦးမြင့်စိုးက တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်က ကြီးကြပ်ရေးဝန်၏ အမိန့်များသည် မှားယွင်းနေသည်ဟု တွေ့ရှိရပါသည်။ အိမ်ငှါးနှင့်အတူ နေထိုင်သော မှီခိုသူအား ပုဒ်မ ၁၃ အရ ဆက်လက် နေထိုင်ခွင့်ပေးခြင်းသည်လည်း မူအရ မှားယွင်းပါသည်။ ထိုအတိုင်းသာ မှီခိုသူအား ဆက်လက်နေထိုင်ခွင့် ပေးမည်ဆိုလျှင်

(၁) ၁၉၆၁ ခုနှစ်၊ တရားမသေးမှုအမှတ် ၈၀။

မှီခိုသူတဦးပြီးတဦးက လျှောက်ထား၍ ဆက်လက်နေထိုင်ကြရန်သာ ရှိပါသည်၊ စံဌါးခနှင့်ပတ်သက်၍ တရားဝင် မြေငှါးက သီးခြားလျှောက်ထားလျှင် သတ်မှတ်နိုင်ပါသည်ဟု ဦးဘကျော်က တင်ပြသည်။

[မြေငှါးဖြစ်သူတို့အား ပုဒ်မ ၁၃ အရ ဆက်လက်နေထိုင်ခွင့်ပြုခြင်းသည်၊ ဥပဒေကအပ်နှင်းသော အာဏာကိုလွှဲ၍ ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုအမိန့်များကို ကျွန်ုပ်တို့ ပယ်ဖျက်ရမည်ဖြစ်သည်။ (မှီခိုသူတဦးအား ဆက်လက်နေထိုင်ခွင့် ပြုခြင်းမှာ မူအရလည်း မှားယွင်းသည်၊ ဥပဒေအရလည်း မြေတကွက်တည်းကို တကြိမ်တည်း၌ မြေငှါးအားငှါးရမ်းထားရှိသည်။ အခြားတဦးအား ဆက်လက်နေထိုင်ခွင့်ပြုသည်ဟုသတ်မှတ်ရန် မဖြစ်နိုင်ပေ။ စံဌါးခနှင့် ပတ်သက်၍ တရားဝင်မြေငှါးကလျှောက်ထားလျှင်ကြီးကြပ်ရေးဝန်က သင့်တော်သော ဆုံးဖြတ်ချက်ကို ပေးနိုင်မည်ဖြစ်သည်။]

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် လျှောက်လွှာများကို လက်ခံကာ ကြီးကြပ်ရေးဝန်၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ အသီးသီးကျခံကြရမည် ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ဒေါ်ရီ (အယူခံတရားလို)

နှင့်

မအေးကြည် (အယူခံတရားခံ)*

†၁၉၆၆

ဗီဇဘံလ ၂၂ ရက်။

တရားမ ကျင့်ထုံးအမိန့် ၄၀ နည်းဥပဒေ ၁—ပစ္စည်းထိန်းခန့်ထားခြင်း—နှိုင်းနှိုင်းချိန်ချိန်အကျိုးသင့် အကြောင်းသင့် ဆုံးဖြတ်ကာ ချမှတ်လျှင် အယူခံရုံး အနေဖြင့် ဝင်ရောက် စွက်ဖက်ခြင်း ပြုနိုင်မပြုနိုင်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၄၀၊နည်းဥပဒေ ၁ အရ ပစ္စည်းထိန်း ခန့်ထားသည့် အမိန့်မှာ နှိုင်းနှိုင်း ချိန်ချိန် အကျိုးသင့် အကြောင်းသင့်ဆုံးဖြတ်ကာ ချမှတ်လျှင် အယူခံ ရုံးအနေဖြင့် ဝင်ရောက် စွက်ဖက်ခြင်း မပြုနိုင်။

စန်ပါလက်၁စ် နှင့် ရွန်တီဆားဂါး၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၀၊ လာဟိုး ၃၂၅။ **ဘီဘန်ဗါလီတရပ် (စ်) နှင့် ရမ်ပရာဆပ်၊** အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၅၊ မာဒရာဘာရက် ၄၀ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘဆွေ။

အယူခံတရားခံအတွက်။ ။ဦးအောင်မျိုး။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံမအေးကြည်က အယူခံတရားလို ဒေါ်ရီအပေါ်၊ ကွယ်လွန်သူ ဦးဘိုးလှ၏ ရွှေပြောင်းနိုင်သောပစ္စည်း၊ မရွှေပြောင်းနိုင်သောပစ္စည်း အရပ်ရပ်ကို ရုံးတော်မှစီမံအုပ်ချုပ်ကာ ၎င်း၏ဝေစုဖြစ်သည့် လေးပုံသုံးပုံကို ခွဲဝေပေးရန် ပြည်မြို့ခရိုင်တရားမရုံးတွင် တရားစွဲဆိုလေသည်။ ယင်းသို့တရားစွဲဆိုနေစဉ်အတွင်းမအေးကြည်က ဒေါ်ရီလက်ရှိဖြစ်သည့် အမွေပုံပစ္စည်းမျာ်းကို ပစ္စည်းထိန်းခန့်ထားရန် လျှောက်ထားရာ၊ ဒေါ်ရီကကန့်ကွက်သော်လည်း၊ပညာရှိခရိုင်တရားမ

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၂၀။

† ၁၉၆၆ ခုနှစ်၊ တရားမသေးမှုအမှတ် ၁ တွင် ပြည်မြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံမှု။

တရားသူကြီးက လက်မခံဘဲ ရုံးတော်၏ ဘီလစ်အား ပစ္စည်းထိန်းအဖြစ် ခန့်အပ်လိုက်သဖြင့် ခေါ်ရီက ထိုအမိန့်ကို ပယ်ဖျက် ပေးရန် ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်သည်။

တရားမျှတမှုနှင့် အဆင်ပြေမှုရှိလျှင် ပစ္စည်းထိန်းခန့်ထားနိုင်သည်ဟု တရားမကျင့်ထုံးအမိန့် ၄၀၊ နည်းဥပဒေ ၁ က အတိအလင်းပြဋ္ဌာန်းထားသည်။ တရားမျှတမှုနှင့် အဆင်ပြေမှု ရှိမရှိဆိုသော ပြဿနာမှာ အမှုကိုလိုက်၍ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းချင်းရာများအပေါ် မှီငြမ်း၍ အဆုံးအဖြတ် ပြုရမည် ဖြစ်သည်။ မည်သည့်အခါမျိုးတွင် ပစ္စည်းထိန်းခန့်ထားရမည်။ မည်သည့်အခါတွင် မခန့်ထားရဟု ပုံသေကားချပ်သတ်မှတ်ထား၍ မရပေ။ တရားမျှတမှုနှင့် အဆင်ပြေမှု ရှိမရှိဆိုသော ကိစ္စကို စဉ်းစားရာတွင် (က) တရားလိုသည် ၎င်းစွဲဆိုသည့်အမှုကို အနိုင်ဒီကရီရရန်လမ်းရှိခြင်း၊ (ခ) အငြင်းပွားလျက်ရှိသော ပစ္စည်းများမှာ ပစ္စည်းထိန်း မခန့်အပ်ပါက ပျောက်ပျက်သွားရန် လုံလောက်သည့်အကြောင်း ပေါ်ပေါက်နေခြင်း၊ (ဂ) တရားလိုသည် လျှောက်ထားသည့် ကိစ္စတွင် အပြစ်ကင်းစင်ခြင်း စသည့် အချက်ကြီးသုံးရပ်နှင့် ညီညွတ်ရန် လိုပေသည်။ ယင်းသို့ ညီညွတ်မှသာ ပစ္စည်းထိန်း ခန့်ထားရန် လျှောက်ထားချက်ကို ခွင့်ပြုသင့်သည်။

ယခုအမှုတွင်အယူခံတရားခံမအေးကြည်ကဝင်းသည် ကွယ်လွန်သူ ဦးဘိုးလု၏ ကိတ္တိမသမီးဖြစ်သည်ဟု အဆိုပြုကာ စာရွက်စာတမ်းအထောက်အထားများကို တင်ပြထား၏။ မအေးကြည်၏ အဆိုပြုချက်မှာ ခိုင်လုံသော အဆိုပြုချက် ဟုတ် မဟုတ်ဆိုသည့် ပြဿနာကိုကျွန်ုပ်အနေဖြင့် ယခုအချိန်တွင် အဆုံး အဖြတ် မပေးနိုင်သေးပေ။ သို့ရာတွင် မအေးကြည်က တင်ပြထားသည့် စာရွက်စာတမ်းများအရ ဆိုလျှင်၎င်း၏ အဆိုပြုချက်မှာ လုံးဝအခြေအမြစ်မရှိဟု မဆိုနိုင်၍ မအေးကြည် စွဲဆိုသော အမှုမှာ ဤအခြေခံ လုံးဝအနိုင်ဒီကရီရရန် လမ်းမရှိဟု မယူဆနိုင်ပေ။

ဦးဘိုးလု သေဆုံးပြီးနောက် အမွေပုံပစ္စည်းများနှင့် ပတ်သက်၍ အငြင်းပွားကြပြီးနောက် ကျန်ရစ်ခဲ့သည့် ပစ္စည်းများ၏ စာရင်းကို ရေးမှတ်ခဲ့ကြသည်။ ရွှေပြောင်းနိုင်သည့် ပစ္စည်းများကို လူကြီးများမှတစ်ဆင့် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသို့ အပ်နှံခဲ့ပြီးနောက် အယူခံတရားလို၏ လျှောက်ထားချက်အရ ၎င်းအား ပြန်ပေးခဲ့သည်။ ထိုကဲ့သို့ ပြန်ပေးလိုက်ပြီးနောက် အယူခံတရားလိုသည် ပစ္စည်းအချို့ကို ရောင်းချခဲ့သည်။ အယူခံတရားလိုက ဦးဘိုးလု မသေမီ ဆေးဝါးကုသရသည့် ကုန်ကျစရိတ်နှင့် ဦးဘိုးလု၏ အသုဘစရိတ်များအတွက် အကြွေးတင်နေ၍ ပစ္စည်းရောင်းချပြီး ကြွေးဆပ်ခဲ့ရသည်ဟု အဆိုရှိသည်။ တစ်ဖက်မှ ထိုအဆိုကို ငြင်းထားသည်။ မည်သို့ပင်ဖြစ်စေ အငြင်းပွား နေသောပစ္စည်းအချို့အဝက်ကို အယူခံတရားလိုသည် အငြင်းပွားနေသည့်ကြား မှ ထုတ်ရောင်းခဲ့ သည် ဆိုသော အချက်မှာ ပေါ်လွင် ထင်ရှား နေ သဖြင့် ပစ္စည်း

ထိန်းမခန့်အပ်ပါကအငြင်းပွါးနေသောပစ္စည်းများမှာပျောက်ပျက်သွားရန် လုံလောက်သည့်အကြောင်း ပေါ်ပေါက်နေသည်ဟု ဆိုရမည်ဖြစ်သည်။ အောက်ရုံးအနေဖြင့် ကွယ်လွန်သူ ဦးဘိုးလှ၏ ရွှေပြောင်းနိုင်သောပစ္စည်းများအနက်လက်ဝတ်လက်စားနှင့် အခြားအဘိုးတန်သည့်ပစ္စည်း ၉ ခုကိုသာ ပစ္စည်းထိန်းခန့်ထားပြီး၊ကျန် ၁၄ မျိုးကိုမူ အယူခံတရားလိုထံ၌ ထားရန် အမိန့်ချမှတ်ထားသည်ကို ထောက်ရှုလျှင်၊ ဆင်ခြင်တုံတရားလက်ကိုင်ထားကာ ချမှတ်ခဲ့သည့်အမိန့်တခုဖြစ်ကြောင်း ယုံမှားဘွယ်မရှိနိုင်ပေ။ မရွှေမပြောင်းနိုင်သည့် ပစ္စည်းနှင့်ပတ်သက်၍လည်းအမှုသည်များ လက်ရှိနေထိုင်သည့် အိမ်များကို ပစ္စည်းထိန်းခန့်ထားခြင်းမရှိဘဲငှါးရမ်းထားသည့်အိမ်နှင့် မြေများကိုသာ ပစ္စည်းထိန်းခန့်ထားရာ၊ ပစ္စည်းထိန်းသည်အိမ်ခန့်၊ မြေခများကို ကောက်ခံထားမည်ဖြစ်ရာ၊ နောင်တနေ့တွင် ပိုင်ဆိုင်သူများက ထိုငွေများကို ရရှိကြမည်ဖြစ်သည်။

ပစ္စည်းထိန်းခန့်ထားရန် လျောက်သည့်ကိစ္စ၌၊ အယူခံတရားခံအနေဖြင့် အပြစ်ကင်းစင်ခြင်းမရှိကြောင်း စွပ်စွဲချက်မရှိချေ။

တရားမကျင့်ထုံးအမိန့် ၄၀၊ နည်းဥပဒေ ၁ အရ၊ပစ္စည်းထိန်းခန့်ထားသည့်အမိန့်မှာ မူလတရားရုံးက ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ချမှတ်ရသည့် အမိန့်မျိုးဖြစ်သည်။ ထိုကဲ့သို့အမိန့်မျိုးကို မူလရုံးအနေနှင့် ထင်ရာစိုင်းသည့် သဘောဖြင့်မဟုတ်ဘဲ၊နှိုင်းနှိုင်းချိန်ခြင့် အကျိုးသင့် အကြောင်းသင့် ဆုံးဖြတ်ကာ ချမှတ်ခဲ့လျှင် အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ပေ။ ယင်းသို့ချမှတ်ထားသောအမိန့်မှာ တရားရုံးများ လိုက်နာအပ်သည့် စည်းကမ်းနည်းလမ်းများနှင့် ညီညွတ်ခြင်းမရှိမှသာ၊သို့တည်းမဟုတ် ဆင်ခြင်တုံတရားလက်လွတ်ကာ ထင်ရာစိုင်းသည့် သဘော သက်ရောက်နေမှသာ၊အယူခံရုံးကပယ်ဖျက်သင့်ပေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ **ဖန်းဖါလက်ခမ်** နှင့် **ရွန်တီဆာဂါး** (၁) တို့အမှုရှိ အောက်ပါဆုံးဖြတ်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

> "When discretion is exercised by a Judge in the matter of appointment of a Receiver after considering the facts of the case, the discretion will not be interfered with in appeal, unless it is shown that it was improperly exercised or that the appointment contravences any principles of law."

ဘီဘန်ဒါလီတရပ်(စ်) နှင့် **ရမ်ပရာဆပ်(၂)**တို့ အမှုတွင်လည်း အောက်ပါအတိုင်း အလားတူဆုံးဖြတ်ထား၏။

> "The discretion vested in the Court is very wide and, in appeal, the appellant muse show those special circumstances

(၁) အေးအိုင်၊အာ(ရှ်)၊ ၁၉၄၀၊ လာဟိုး ၃၂၅။
(၂) အေးအိုင်၊အာ(ရှ်)၊ ၁၉၅၅၊ မာဒယာဘာရတ် ၄၀။

which may persuade the appellate Court to come to the conclusion that the discretion exercised by the trial Court is not exercised on well established principles of law but has been according to the whim and caprice of the trial Judge."

ယခုအမှုတွင် မူလရုံး၏အမိန့်သည် ပစ္စည်းထိန်းခန့်ထားတွင် ထားရှိအပ်သည့်တရား ဥပဒေနည်းလမ်းများနှင့်သော်၎င်း၊ ဆင်ခြင်တုံတရားနှင့်သော်၎င်း ကင်းကွာခဲ့သည်ဆိုသော အထောက်အထားမရှိ၍၊ ဝင်ရောက်စွက်ဖက်ရန်အကြောင်း မပေါ်ပေါက်ပေ။ ထို့ကြောင့် ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆

နိုဝင်ဘာ ၁၃ ရက်။

ဒေါ်အေးကြည် ပါ ၃ (အယူခံတရားလိုများ)

နှင့်

နသားဆင်း (အယူခံတရားခံ) *

ကန်ထရိုက် လုပ်ငန်းနှင့် ပတ်သက်၍ အဆောက်အဦ ဆောက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပေးပို့သဖြင့် ရရန်ရှိသည့်ငွေကို ရလိုကြောင်း တရားစွဲဆိုခြင်း—သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၄—စနစ်တကျ ထားရှိသောစာရင်းအင်းများမှာ သာမန်အားဖြင့် မှန်ကန်သော စာရင်းများ ဖြစ်ခြင်း—စာရင်းအင်းဖြင့် တစုံတယောက်အား တာဝန် တင်ရှိစေရန် အလို့ငှါ ထိုစာရင်းအင်းအား ထောက်ခံသည့် သက်သေအထောက်အထားရှိရန် လိုခြင်း—နှစ်ဦးနှစ်ဖက် အကြိမ်ပေါင်း များစွာ ဆက်ဆံသည့် စာရင်းမျိုးတွင် စာရင်းသွင်း ချက်အားလုံးကို တခုမကျန်ထင်ရှားအောင် သက်သေထူရန် လို မလို။

ဆုံးဖြတ်ချက်။ ။သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၄ အရ၊ စနစ်တကျ ထားရှိသော စာရင်းအင်းများမှာ သာမန်အားဖြင့် မှန်ကန်သော စာရင်းများ ဖြစ်သည်ဟု ယူဆရမည်ဖြစ်၍၊ သက်သေခံအဖြစ် လက်ခံရန် ဥပဒေက ခွင့်ပြုထားခြင်း ဖြစ်သည်။ သို့ရာတွင် စနစ်တကျထားရှိသော စာရင်းအင်းဖြင့် တစုံတယောက်အား တာဝန် တင်ရှိစေရန် အလို့ငှါ ထိုစာရင်းအင်းအား ထောက်ခံသည့် သက်သေအထောက်အထား ရှိရန် လိုပေသည်။ မည်ကဲ့သို့သော သက်သေ အထောက်အထား တင်ပြရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားခြင်းမရှိ၍၊ အမှုကို လိုက်၍ အဆုံးအဖြတ်ပြုရမည် ဖြစ်သည်။

တရားလိုနှင့် တရားခံတို့ နှစ်ဦးနှစ်ဖက် အကြိမ်ပေါင်း များစွာဆက်ဆံခဲ့သည့် စာရင်းမျိုးတွင် စာရင်းသွင်းချက်အားလုံးကို တခုမကျန် ထင်ရှားအောင် သက်သေထူရန် မလိုပေ။ ထိုကဲ့သို့ သက်သေထူရန်လည်း လက်တွေ့အားဖြင့် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ စာရင်းသွင်းချက်အချို့ကို ထောက်ခံသည့် အထောက်အထား တင်ပြလျှင် တရားလိုအနေဖြင့် တာဝန်ကျေပွန်ပြီဟုဆိုရမည်ဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၂။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် မော်လမြိုင်မြို့၊ ခရိုင်တရားမ တရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ (၂)။

အယူခံတရားခံအတွက်။ ။ဦးဘိုးသာ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံ နသားဆင်းက၊ လခါးဆင်းဆိုသူ အပေါ် ဘားအံမြို့တွင် ရဲတန်းလျား ဆောက်လုပ်ရန် ကန်ထရိုက် လုပ်ငန်းနှင့်ပတ်သက်၍ ၁၉၅၄ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့မှ ၁၉၅၅ ခု၊ အောက်တိုဘာလ ၃ ရက်နေ့အထိ၊ သစ်များ၊ ကုန်မာပစ္စည်းများ၊ ဘိလပ်မြေ စသည့် အဆောက်အဦ ဆောက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ပေးပို့ခဲ့သဖြင့်၊ ရရန်ရှိသည့်ငွေ ၅၆,၆၈၉ ကျပ် ၂၉ ပြားအနက်၊ ငွေ ၅,၇၆၃ ကျပ် ၆၃ ပြားရရှိပြီးဖြစ်သောကြောင့်၊ ကျန်ငွေ ၅၀,၉၂၅ ကျပ် ၆၆ ပြားကိုတောင်းခံရာ မပေးသည့်အတွက် ထိုငွေကိုရလိုကြောင်း၊ မော်လမြိုင်မြို့၊ ခရိုင်တရားမရုံး၌ တရားစွဲဆိုခဲ့၏။ လခါးဆင်းက အဆိုပါ ကန်ထရိုက်လုပ်ငန်းနှင့်ပတ်သက်၍ နသားဆင်းထံမှ ပျဉ်းကတိုးခွဲသစ် ၂ တန်၊ ကျွန်းသစ် ၃ တန်၊ ဘိလပ်မြေ အိတ် ၃၀၀၊ အိမ်မိုးအုဘ်ကြွပ်နှင့်အခြားအိမ်ဆောက်ပစ္စည်းတန်ဘိုးငွေ ၁၅,၀၀၀ ကျပ် ခန့်ရရှိခဲ့ကြောင်း၊ ၁၉၅၄ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၉၅၅ ခု၊ ဧပြီလ ၁၈ ရက်နေ့အထိ မိမိက နသားဆင်းအား ငွေ ၃၀,၀၀၀ ကျပ်ပေးခဲ့ပြီးဖြစ်၍၊ မိမိက ငွေ ၂၀,၀၀၀ ကျပ် ကိုပြန်ရရန်ရှိနေသေးကြောင်း၊ နသားဆင်းအား ငွေပေးရန် မရှိကြောင်း ထုချေလေသည်။

အမှုကို မကြားနာ မစစ်ဆေးမီ၊ လခါးဆင်းမှာ သေဆုံးသွားသဖြင့်၊ ၎င်း၏ ဇနီးနှင့် သားသမီးများ ဖြစ်ကြသည့် အယူခံတရားလိုတို့အား တရားဝင်ကိုယ်စားလှယ်များအဖြစ် အမှုတွင် ထည့်သွင်းခဲ့ရ၏။ အောက်ရုံး ပညာရှိ တရားသူကြီးသည် အဆိုနှင့် ထုချေလွှာတို့ အပေါ် မူတည်၍ ကောက်ချက် ဂ ခုမျှ ထုတ်နုတ်ခဲ့၏။ ပဌမ ကောက်ချက်မှာ နသားဆင်းစွဲဆိုသည့်အတိုင်း လခါးဆင်းက ငွေ ၅၀,၉၂၅ ကျပ် ၆၆ ပြားပေးရန်ရှိပါသလော၊ သို့ဟုတ်မဟုတ် လခါးဆင်း ထုချေသည့်အတိုင်း တန်ဘိုးငွေ ၁၅,၀၀၀ ကျပ်တန်အဆောက်အဦ ပစ္စည်းများကိုသာ ရရှိခဲ့ပါသလောဆိုခြင်းပင်ဖြစ်၏။ ဒုတိယကောက်ချက်မှာ အမှတ် "က" စာရင်းတွင် အဆောက်အဦ ကန်ထရိုက်အလုပ်နှင့် မဟတ်သက်သည့် ကိစ္စများပါနေ၍၊ နသားဆင်း စွဲဆိုသည့်အမှုမှာစွဲဆိုခြင်းပြုနိုင်ပါသလော ဆိုခြင်းပင်ဖြစ်သည်။ တတိယ ကောက်ချက်မှာ နသားဆင်း တင်ပြသည့် စာရင်းစာအုပ်များမှာ သက်သေခံ ဝင်ပါသလော ဆိုခြင်းဖြစ်၏။ စတုတ္ထကောက်ချက်မှာ၊ နသားဆင်း တင်ပြလာသည့် သက်သေခံ စာရွက်စာတမ်းပါ ပစ္စည်းများမှာ ဘားအံ လုပ်ငန်းအတွက် ပေးအပ်ခဲ့ပါသလော ဖြစ်သည်။ ကျန် ကောက်ချက်များမှာ ဤအမှုကို အဆုံးအဖြတ် ပြုရာ၌ အရေးမကြီးခေ။

၁၉၆၆

ဓါ်အေးကြည်
ပါ ၃
နှင့်
နသားဆင်း။

အောက်ရုံးပညာရှိ တရားသူကြီးက၊ နှစ်ဘက်ပညာရှိ ရှေ့နေကြီးများသည် ပဌမကောက်ချက်ကိုသာ အဓိကထား၍ လျှောက်လဲခဲ့ကြောင်း၊ ကျန်ကောက်ချက်များနှင့် ပတ်သက်၍ ထူးထူးထွေထွေ တင်ပြခဲ့ကြခြင်း မရှိကြောင်း။ ပဌမကောက်ချက်နှင့် ပတ်သက်၍ နသားဆင်းသည် စွဲဆိုခဲ့သည့်အတိုင်း ပစ္စည်းများကို ပေးပို့ခဲ့ရကြောင်း ထင်ရှားအောင် သက်သေအခိုင်အလုံ ပြသခဲ့ကြောင်း။ ထို့ပြင် လခါးဆင်းသည် နသားဆင်း စွဲဆိုခဲ့သည့်ငွေကို ပေးရန် ဒါရိုဂါဆင်း (လိုပြ-၂)၊ မိုရာဂျီဒင် (လိုပြ-၄)၊ ဆဒါးခန် (လိုပြ-၁၄) နှင့် ဦးပါ (လိုပြ-၁၇) တို့အား ဝန်ခံခဲ့ကြောင်း။ ထို့ကြောင့် လခါးဆင်းသည် နသားဆင်း စွဲဆိုသည့်အတိုင်း ငွေ ၅၀,၉၂၅ ကျပ် ၆၆ ပြားကိုပေးဆောင်ရမည်ဖြစ်ကြောင်း အဆုံးအဖြတ်ပြုကာ၊ နသားဆင်းအား အနိုင်ဒီကရီချမှတ်ပေးလိုက်သည်။ ထိုဒီကရီကို မကျေနပ်သဖြင့် ပယ်ဖျက်ပေးရန် ဤအယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီး ဦးလှဖေက လခါးဆင်းသည် လူကြီးများဖြစ်ကြသည့် ဒါရိုဂါဆင်း၊ မိုရာဂျီဒင်၊ ဆဒါးခန်နှင့် ဦးပါတို့အား ငွေများပေးရန်ရှိသည်ဟု စာရင်းကိုကြည့်၍ ဝန်ခံခဲ့သည်မှာ မန်သည်ဟု ဆိုစေကာမူ၊ ထို စာရင်းပါငွေသည် ယခု နသားဆင်းက စွဲဆိုသည့်ငွေဟုတ် မဟုတ်ဆိုသော အချက်ကို အဆိုပါလူကြီးများက မပြောနိုင်၍၊ လခါးဆင်း ဝန်ခံခဲ့သည်ဆိုသော အချက်အပေါ် ဒီကရီမချပေးနိုင်ကြောင်း တင်ပြလာ၏။ အထက်ပါ လူကြီးများက ပြသသဖြင့် လခါးဆင်းက ပေးရန် တာဝန်ခံခဲ့သည်ဆိုသော စာရင်းမှာ၊ ယခုအမှုတွင် နသားဆင်းက တရားစွဲဆိုသည့် ငွေစာရင်းဟုတ်သည် မဟုတ်သည်ကို လူကြီးများ အနေဖြင့် မမှတ်မိကြသဖြင့်၊ လူကြီးများရှေ့တွင် တာဝန်ရှိကြောင်း ဝန်ခံချက်ဖြင့် နသားဆင်း၏ အမှုကို ဒီကရီချပေးခြင်း မပြုနိုင်ဆိုသော တင်ပြချက်ကို လက်ခံရပေမည်။

သို့ရာတွင် ယခုအမှုတွင်၊ အောက်ရုံး ပညာရှိ တရားသူကြီးသည် အယူခံတရားခံစွဲဆိုသော အမှုကို လခါးဆင်း၏ ဝန်ခံချက်ဘဉ်တည်း အပေါ်၌ မူတည်၍ အမိန့်ချမှတ်ခဲ့ခြင်း မဟုတ်ဘဲ၊ အယူခံ တရားခံ တင်ပြသည့် စာရင်းအင်းများအပေါ် ဝေဖန်သုံးသပ်ကာ အနိုင်ပေးခဲ့သည် ဆိုခြင်းကို သတိချပ်ရပေမည်။ အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီး ဦးလှဖေက အယူခံတရားခံ တင်ပြလာသည့် သက်သေခံ "က" စာရင်းတွင် စွဲဆိုချက်ပါ၊ ဘားအံမြို့ ရဲတန်းလျှား အဆောက်အဦများအပြင် အခြားကိစ္စရပ်များ ပါဝင်နေသည်သာမက၊ ထိုစာရင်းမှာလည်း လုပ်ငန်းစဉ်နှစ်တကျထားရှိသော စာရင်းအင်း မှတ်တမ်းများ ဖြစ်သည်ဟုယူဆရန် အကြောင်းမရှိ၍၊ အယူခံ တရားခံ တင်ပြသော စာရင်းအင်းအပေါ် အခြေခံ၍ ဒီကရီချပေးခြင်း မပြုနိုင်ကြောင်း ထပ်လောင်း တင်ပြလာ၏။

(သက်သေခံဥပဒေပုဒ်မ ၃၄ အရ) လုပ်ငန်းစဉ်နှစ်တကျထားရှိသော စာရင်းအင်းမှတ်တမ်းများသည် သက်သေခံဝင်သည်။ (စံနှစ်တကျထားရှိသော စာရင်းအင်းများမှာ သာမန်အားဖြင့် မှန်ကန်သော စာရင်းများ ဖြစ်သည်ဟု ယူဆရမည် ဖြစ်၍ သက်သေခံအဖြစ်လက်ခံရန် ဥပဒေက ခွင့်ပြုထားခြင်း ဖြစ်သည်။) (သို့ရာတွင်) ထိုစာရင်းအင်းတခုတည်းဖြင့် တစုံတယောက်အား တာဝန်တင်ရှိစေရန် လုံလောက်သည့် သက်သေခံဖြစ်သည်ဟု မဆိုနိုင်ပေ။ တနည်းဆိုသော် (စနစ်တကျထားရှိသောစာရင်းအင်းဖြင့် တစုံတယောက်အား တာဝန်တင်ရှိစေရန်အလို့ငှါ ထိုစာရင်းအင်းအား ထောက်ခံသည့် သက်သေအထောက်အထားရှိရန် လိုပေသည်။ မည်ကဲ့သို့သောသက်သေအထောက်အထား တင်ပြရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားခြင်း မရှိ၍၊ အမှုကို လိုက်၍ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။) သို့ဖြစ်ရာ၊ စာရင်းအင်းဖြင့် တရားခံတဦးအပေါ် ဒီကရီရလိုပါမူ (က) ထိုစာရင်းသည် လုပ်ငန်းစဉ်နှစ်တကျ ထားရှိသော စာရင်းဖြစ်သည့်အပြင် (ခ) ထိုစာရင်းအား ထောက်ခံသည့် သက်သေအထောက်အထားရှိရန်လိုသည်။

ယခုအမှုတွင် သက်သေခံ "က" စာရင်းကို မောင်ဘအုန်း (လိုပြ-၁၅) နှင့် မဟိန္ဒာဆင်း (လိုပြ-၁၂) တို့က ၎င်းတို့သည် နသားဆင်းထံ၌ အလုပ်လုပ်စဉ် ရေးသားထားခဲ့ကြောင်း ထွက်ဆိုထားကြသည်။ ထိုသက်သေများသည် အောက်ရုံး၌ သက်သေခံစဉ် နသားဆင်းထံ၌ အလုပ်မလုပ်တော့ဘဲ အခြားလူများထံ၌ အလုပ်လုပ်ကိုင်နေကြသူများဖြစ်ရာ၊ ၎င်းတို့သည် နသားဆင်း၏ ဩဇာအာဏာခံများဖြစ်သည်ဟုမဆိုနိုင်၍၊ ၎င်းဘို၏ ထွက်ချက်များကို မယုံကြည်နိုင်စရာ အကြောင်းမရှိပေ။ အယူခံ တရားလိုတို့ အနေနှင့်လည်း ထိုသက်သေများသည် စာရင်းများကို စံနစ်တကျမသွင်းဘဲ သွင်းခဲ့သည်ဟု လိမ်လည်ပြောဆိုသူများ ဖြစ်သည်ဟုစွပ်စွဲခြင်း မပြုနိုင်ပေ။ သို့ဖြစ်ရာ၊ သက်သေခံ "က" စာရင်းအင်းမှာ လုပ်ငန်းစံနစ်တကျ ထားရှိသော စာရင်းဖြစ်ကြောင်း ယုံမှားဘွယ် မရှိပေ။

အယူခံဘရားခံက ထိုစာရင်းအင်းအား ထောက်ခံသည့် သက်သေခံ အထောက်အထားများအနေဖြင့်၊ စာရင်းပါ ပစ္စည်းများကိုဝယ်သည့် ဘောက်ချာများ၊ ပစ္စည်းများကိုပို့သည့် စာခွင်းစာရွက်များနှင့် ပစ္စည်း လက်ခံရရှိကြောင်း ပြေစာများကို တင်ပြခဲ့၏။ ဟနုမန်းဆင်း (လိုပြ-၆) နှင့် ကေအေပေါလ်ချောင်ဒရီ (လိုပြ-၇) တို့က ဘောက်ချာ ၈-၇၁၊၈-၉၃၊၈-၉၄၊၈-၉၅၊၈-၉၅ အရ၊ သစ်သားများကို ဝယ်ယူခဲ့သည်ဟုဆိုင်း၊ ဦးရင်ဟိုး (လိုပြ-၈) နှင့် ဦးငွေညွန့် (လိုပြ-၉) တို့က ဘောက်ချာ ၈-၁၃၊၈-၃၂၊၈-၅၃၊၈-၈၁၊၈-၁၉၊၈-၂၇၊၈-၃၄၊၈-၄၁၊၈-၆၃ နှင့် ၈-၉၇ အရ၊ အိမ်ဆောက်ပစ္စည်းများကို ဝယ်ယူခဲ့သည်ဟုဆိုင်း ထောက်ခံ ထွက်ဆိုသွားကြသည်။

၁၉၆၆

ဓေါ်အေးကြည်
ပါ ၃
နှင့်
နသားဆင်း။

မဟိန္ဒာဆင်း (လိုပြ-၀၂) က လခါးဆင်းထံသို့ ပေးပို့သည့် ပစ္စည်းစာရင်းများအနက် သက်သေခံ ၈-၁၊ ၈-၂ နှင့် ၈-၁၂ တို့ကိုထင်း၊ မောင်ဘအုန်း (လိုပြ-၁၅) က ပစ္စည်းစာရင်း သက်သေခံ ၈-၁၅ ကိုထင်း ရေးသားခဲ့ရကြောင်း ထွက်ဆိုသွားကြသည်။ တီ၊ အမ်၊ ပီလေး (လိုပြ-၅) ကလည်း လခါးဆင်းထံ၌ အလုပ် လုပ်နေစဉ် ဘားအံရဲတန်းလျား အလုပ်နှင့်ပတ်သက်၍ အယူခံတရားခံထံမှ ပစ္စည်းများကို လခါးဆင်းကိုယ်စား လက်ခံရရှိခဲ့ကြောင်း။လက်ခံရရှိကြောင်းကို အယူခံ တရားခံထံသို့ပြန်ကြားခဲ့ရာ သက်သေခံ အမှတ် ၈-၁ မှ ၈-၁၆ အထိနှင့် ၈၂-၁ မှ ၈၂-၈ တို့မှာ မိမိရေးသားသည့် ပြန်စာများဖြစ်ကြောင်း ထွက်ဆိုသွားသည်။ ဦးခွေး (လိုပြ-၁၆) ကလည်း၊ အဆောက်အဦအတွက် အုဋ္ဌ ၂ သိန်းကို သက်သေခံ ည-၂၆ စာချုပ်အရပေးသွင်းရပြီး ငွေကို အယူခံတရားခံထံမှ ရရှိခဲ့သည်ဟုငင်း၊ လက်သမား ဆရာ ဦးအငွန် (လိုပြ-၁၉) က လက်သမားခငွေ ၂,၅၀၀ ကျပ်ကို အယူခံတရားခံထံမှ သက်သေခံ ည-၂၇ မှ ည-၂၉ အရ ရရှိခဲ့သည်ဟုငင်း ထွက်ဆိုသွားကြသည်။ ထို့ပြင်၊ မော်တော်ဘုတ်ပိုင်ရှင် ဦးပါ (လိုပြ-၁၈) ကလည်း အယူခံတရားခံက လခါးဆင်းထံသို့ ပေးပို့သည့် ပစ္စည်းများကို နဝလီသယ်ပေးဘူးကြောင်း၊ ထိုစဉ်က လခါးဆင်း၏စာခရုးမှာ ပီလေးဖြင်ကြောင်း၊ နဝလီခငွေ ၂,၀၀၀ ကျပ် ခန့်အယူခံ တရားခံထံမှရဘူးကြောင်း ထွက်ဆိုသွားသည်။ အထက်ပါ သက်သေထွက်ချက်နှင့် စာရွက်စာတမ်းများကို ပေါင်းစပ်ကြည့်ရှုပါလျှင်၊ အယူခံ တရားခံ တင်ပြသည့် စာရင်းအင်းမှာ စိတ်ကူးဖြင့် ရေးသားထားသည့် စာရင်းအင်းတခု မဟုတ်ဘဲ၊ မှန်ကန်သည့်အပြင် သက်သေ အထောက်အထားများရှိသော စာရင်းအင်းတခု ဖြစ်ကြောင်း ပေါ်လွင် ထင်ရှားသည်။

အယူခံတရားခံနှင့် ကွယ်လွန်သူ လခါးဆင်းတို့သည် အမျိုးတူ ပန်ကျာပီများဖြစ်ကြပြီး၊ တဦးနှင့်တဦး အလွန်ခင်မင်ရင်းနှီးကြကြောင်း မငြင်းနိုင်ပေ။ လခါးဆင်းက လိုသည့် ပစ္စည်းများကို အယူခံတရားခံက မော်လမြိုင်မြို့မှနေ၍ ဝယ်ပေးခဲ့ရသည်။ လခါးဆင်းကလည်း အယူခံတရားခံအား ငွေများကို ပေးထားခဲ့သည်။ အယူခံတရားခံအနေဖြင့် သက်သေခံ အမှတ် "က" စာရင်းစာအုပ်၌ ရရှိသောငွေများနှင့် ပေးပို့ခဲ့သည့် ပစ္စည်း စာရင်းများကို ရေးမှတ်ထားခဲ့ခြင်း ဖြစ်သည်။ တဦးနှင့်တဦး အပေးအယူလုပ်ကာ၊ ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ အထိတနှစ်နီးပါး အချိန်တွင် အကြိမ်ပေါင်းမြောက်မြားစွာ ဆက်ဆံခဲ့ကြောင်းပေါ် ပေါက်နေသည်။

တရားခံတဦးအပေါ် စာရင်းအင်းအရ ရရန်ရှိသည့်ငွေကို တရားစွဲဆိုရာတွင်၊ ထို စာရင်းသည် လုပ်ငန်း စံနစ်တကျ ထားရှိသည့် စာရင်းဖြစ်ပြီး၊ ထိုစာရင်းအား

ထောက်ခံသည့် သက်သေ အထောက်အထားကို တင်ပြရန်သာ လိုပေသည်။ (တရားလိုနှင့် တရားခံတို့ နှစ်ဦးနှစ်ဘက် အကြိမ်ပေါင်းမြောက်မြားစွာ ဆက်ဆံခဲ့သည့် စာနှင်းမျိုးတွင် စာရင်းသွင်းချက် အားလုံးကို တခုမကျန် ထင်ရှားအောင် သက်သေထူနှိမပလိုပေ။ ထိုကဲ့သို့ သက်သေထူရန်လည်း လက်တွေ့အားဖြင့် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ စာရင်းသွင်းချက် အချို့ကို ထောက်ခံသည့် အထောက်အထား တင်ပြလျှင်၊ တရားလိုအနေဖြင့် တာဝန်ကျေပွန်ပြီဟု ဆိုရမည်ဖြစ်သည်။) (အကယ်၍ တရားခံအနေဖြင့် စာရင်းသွင်းချက် တခုခုကို မှန်ကန်ခြင်း မရှိကြောင်း အတိအလင်း ငြင်းဆိုလာပါမူ၊ တရားလို အနေဖြင့် ယင်းသို့ အတိအလင်း ငြင်းဆိုသည့် စာရင်းသွင်းချက်ကို မှန်ကန်ကြောင်း သက်သေထူရန် တာဝန်ရှိမည် ဖြစ်ပေသည်။)

ဤအမှုတွင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း၊ အယူခံတရားခံသည် မိမိစွဲဆိုသော အမှုနှင့် ပတ်သက်၍၊ စာရင်းအင်းများမှာ လုပ်ငန်း စံနစ်တကျ ထားရှိသော စာရင်းအင်းများ ဖြစ်ကြောင်း ထင်ရှားစေခဲ့သည်သာမက၊ စာရင်းသွင်းချက်မြောက်မြားစွာရှိသည့်အနက်၊ စာရင်းသွင်းချက် အတော် ခပ်များများကို ထောက်ခံသည့် သက်သေ အထောက်အထားများလည်း တင်ပြခဲ့သည်။ လခါးဆင်းအနေဖြင့် တန်ဘိုးငွေ ၁၅,၀၀၀ ကျပ်သာရှိသော အိမ်ဆောက် ပစ္စည်းများကိုသာရရှိခဲ့သည်ဟု ထုခေါ်ခဲ့သော်လည်း။ ထိုထုခေါ်ချက်အား အထောက်အကူပြုသည့်သက်သေခံချက်တင်ပြခဲ့ခြင်း မရှိပေ။ သို့ဖြစ်ရာ၊ အယူခံတရားခံ စွဲဆိုသည့် အမှုကို အနိုင် ဒီကရီချပေးခဲ့သော အောက်ရုံး၏ ဒီကရီမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အထက်ပါ အကြောင်းများကြောင့်၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွပလပ် လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရွှေတွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ) ၊

နှင့်

ကိုကြည် ပါ ဂ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ*)

+ ၁၉၆၆

ဒီဇင်ဘာလ ၁၀ရက်။

လောင်းကစားအက်ဥပဒေပုဒ်မ ၁၁/၁၂ အရ မူပြစ်ထင်ရှားစီရင်ခြင်း - ပြစ်ဒဏ်။

ဆုံးဖြတ်ချက် ။ ။လောင်းကစားခြင်းမှာ တိုင်းပြည်အတွက် မည်သို့မျှ အကျိုးမပြုသည့်ပြင် လူမှုလုံခြုံရေးကိုပင် ထိခိုက်၍ အကျင့်စာရိတ္တ ပျက်ပြားစေသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် လမ်းစဉ်တို့ကို ထိခိုက်နိုင်စရာအကြောင်းရှိသောကြောင့် အပြစ်ဒဏ်တိုးမြှင့် ပေးသင့်သော နောင်ကြဉ်၍ ဟန့်တားစေလိုသော သဘောဖြင့် ဥပဒေဘောင်အတွင်းကျသည့် ပြစ်ဒဏ်ကို တိုးမြှင့်ရန် သင့်သည်ဟု ယူဆသည်။

လောင်းကစားအက်ဥပဒေပုဒ်မ ၁၁ အရ ဒဏ်ငွေရိုက်လျှင် ထောင်ဒဏ်မပေးရ။ ထောင်ဒဏ်ပေးလျှင် ဒဏ်ငွေမရိုက်ရ ဖြစ်သည်။ ဒဏ်ငွေရော ထောင်ဒဏ်ပါရော၍ အမိန့်မချရပေ။ ပြစ်ဒဏ်ချမှတ်ရာ၌ ထိုပုဒ်မက ဖော်ပြထားသော "သို့မဟုတ်" ဆိုသော စကားရပ်ကို သတိပြုရပေမည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက် ။ ။ အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

ပြင်ဆင်ရန် လျှောက်ထားခံရသူများအတွက် ။ ။ ဦးကြည်မောင်။

တရားသူကြီးဦးချစ် ။ ။ဓနဖြူမြို့ မြို့နယ်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၀ တွင် လျှောက်ထားခံရသူများ (မူလတရားခံများ) အပေါ် လောင်းကစားအက်ဥပဒေပုဒ်မ ၁၁/၁၂ အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရှိရပြီး လျှောက်ထားခံရသူများကလည်း အပြစ်ရှိပါသည်ဟု ဝန်ခံကြသောကြောင့် လျှောက်ထားခံရသူ ၁။ ကိုကြည်သည် လောင်းကစား ဝိုင်းပြုလုပ်သော အိမ်ရှင်ဖြစ် သဖြင့် လောင်းကစား အက်ဥ ပဒေ ပုဒ်မ ၁၂ အရ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၆ (က)။

+ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၀ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့စွဲပါ ဓနဖြူမြို့ မြို့နယ်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို အယူခံဝင်မှု။

ရင်းအား ဒဏ်ငွေ ၂၀၀ ကျပ်ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် ၂ ပတ်ကျခံစေ၊ ကိုအောင်ညိမ်း၊ ကိုဖေကြီးနှင့် ကိုဝိုင်တင်တို့အပေါ် လောင်းကစား အက်ဥပဒေပုဒ်မ ၁၁ အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ် ၁ ရက်စီနှင့် ဒဏ်ငွေ ၁၀၀ ကျပ် စီပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် ၂ ပတ်စီကျခံစေ။ကိုဟုတ်ကြည်၊ ကိုအုံးရွှေ၊ ကိုစိန်မောင်နှင့် မောင်ကျော်ရှိန်တို့အား လောင်းကစား အက်ဥပဒေ ပုဒ်မ ၁၁ အရ ဒဏ်ငွေ ၇၅ ကျပ်စီ ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် ၇ ရက်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ယင်းကဲ့သို့ အမိန့်ချမှတ်ခဲ့သော ပြစ်ဒဏ်များနှင့် ပတ်သက်၍ တိုးမြှင့်ပေးရန်သင့်မသင့်နှင့် ပတ်သက်ပြီး သုံးသပ်ရန် ဤပြင်ဆင်မှုကို ဖွင့်လေသည်။ ကိုဝိုင်တင်၊ ကိုဖေကြီးနှင့် ကိုအောင်ညိမ်းတို့မှာ ယခင်က လောင်းကစား အက်ဥပဒေအရ အပြင်ဒဏ်ခရှိဘူးသည်ဟု ဆိုသော်ငြားလည်း အမှုတွဲတွင် လုံးဝမတွေ့ရှိရပေ။

လျှောက်ထားခံရသူများနှင့် ပတ်သက်၍ ပြစ်ဒဏ်ဘိုးပေးသင့် မသင့်ကို စဉ်းစားရာ၌၊ ၎င်းတို့ကစားသော ကစားဝိုင်းမှာ မာကျောက်ဝိုင်းဖြစ်ပြီး၊ လောင်းကစားငွေ ၅၇၅ ကျပ်ဖြစ်ကြောင်းတွေ့ရှိရ၍ ဤကဲ့သို့ (လောင်းကစားမျိုးမှာ တိုင်းပြည်အတွက် မည်သို့မျှ အကျိုးမပြုသည့်အပြင်၊ လူမှုလုံခြုံရေးကိုပင် ထိခိုက်၍ အကျင့်စာရိတ္တပျက်ပြားစေသည်။ ဆိုရှယ်လစ် စီးပွါးရေးစံနစ်နှင့် လမ်းစဉ်တို့ကို ထိခိုက်နိုင်စံရာအကြောင်းရှိသောကြောင့် အပြစ်ဒဏ် တိုးမြှင့်ပေးသင့်သော နောင်ကြဉ်၍ ဟန့်တား စေလိုသောသဘောဖြင့် ဥပဒေဘောင်အတွင်းကျသည့် ပြစ်ဒဏ်ကိုတိုးမြှင့်ရန် သင့်သည်ဟု ယူဆသည်။)ထို့ကြောင့်—

(၁) လျှောက်ထားခံရသူ ကိုကြည်အပေါ် ပေးထားသော ပြစ်ဒဏ်အပြင်၊ နောက်ထပ် ဒဏ်ငွေ ၁၀၀ ကျပ်ပေးဆောင်စေ၊ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် ၂ ပတ် ကျခံစေရန် တိုးမြှင့်၍ အမိန့်ချမှတ်လိုက်သည်။

(၂) လျှောက်ထားခံရသူများဖြစ်ကြသော ကိုဟုတ်ကြည်၊ ကိုအုံးရွှေ၊ ကိုစိန်မောင်နှင့် မောင်ကျော်ရှိန်တို့အပေါ် ပေးထားသော ပြစ်ဒဏ်အပြင်၊ နောက်ထပ် ဒဏ်ငွေ ၂၅ ကျပ်စီ ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် တပတ်စီ ကျခံစေရန် တိုးမြှင့်၍ အမိန့်ချမှတ်လိုက်သည်။

(၃) ကိုအောင်ညိမ်း၊ ကိုဖေကြီးနှင့် ကိုဝိုင်တင်တို့အပေါ် ရုံးတက်ရုံးဆင်း ထောင်ဒဏ်နှင့် ဒဏ်ငွေ ၁၀၀ ကျပ်စီပေးဆောင်စေရန် ချမှတ်သော အမိန့်မှာ မှားယွင်းနေကြောင်း တွေ့ရှိရသည်။ လောင်းကစားအက်

၁၉၆၆

မြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
ကိုကြည်ပါက။

ဥပဒေပုဒ်မ ၁၁ အရ ဒဏ်ငွေရိုက်လျှင် ထောင်ဒဏ်မပေးရ။ထောင်ဒဏ်
ပေးလျှင် ဒဏ်ငွေ မရိုက်ရဖြစ်သည်။ ဒဏ်ငွေရော ထောင်ဒဏ်ပါရောရှိ
အမိန့်မချရပေ။ ပြစ်ဒဏ်ချမှတ်ရာ၌ ထိုပုဒ်မက ဖေါ်ပြထားသော
"သို့မဟုတ်" ဆိုသောစကားရပ်ကို သတိပြုရပေမည်။ ထို့ကြောင့်
ထိုလျှောက်ထားခံရသူ ၃ ဦးနှင့် ပတ်သက်၍ ရုံးတက်ရုံးဆင်း
ထောင်ဒဏ်ချမှတ်သော အမိန့်ကို ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို) †

နှင့်

ဆရက်အာမက် ပါ ၆ (အယူခံတရားခံများ)*

၁၉၆၆
ဗီဇာဘလ
၂၀ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇—တရားသေလွှတ်မိန့်ကို အယူခံဝင်ခြင်း—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၃ (၁) (က) အရ၊ သင့်လျော်သည့် ပြစ်ဒဏ်ကို သတ်မှတ်နိုင်ခြင်း—မူလရုံးက ချမှတ်နိုင်သည့် အပြစ်ဒဏ်နှင့် ပတ်သက်သော အာဏာထက်ပို၍ အပြစ်ဒဏ်ကို သတ်မှတ်ခြင်း ပြုနိုင်၊ မပြုနိုင်—နိုင်ငံခြားသို့ ခိုးထုတ်ရန် အားထုတ်ခြင်း ကိစ္စများကို ကျူးလွန်သူအား နောင်ကြဉ်ရန်နှင့် ကျူးလွန်ရန် ကြံစည်နေသူရှိပါက မကျူးလွန်ဝံ့အောင် ဟန့်တားစေမည့် အပြစ်ဒဏ်ကို ချမှတ်သင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၃ (၁) (က) အရ၊ တရားသေလွှတ်သည့် အမိန့်ကို ပယ်ဖျက်သည့်အခါ အယူခံရုံးအနေဖြင့် တရားဥပဒေအရ၊ သင့်လျော်သည့် အပြစ်ဒဏ်ကို သတ်မှတ်နိုင်ပေသည်။ မူလရုံးမှ ချမှတ်ခဲ့သည့် အပြစ်ဒဏ်အတိုင်း အတည်ပြုရန် မလိုချေ။ သို့သော်မူလရုံးက ချမှတ်နိုင်သည့် အပြစ်ဒဏ်နှင့် ပတ်သက်သော အာဏာထက်ပို၍ အပြစ်ဒဏ်ကို သတ်မှတ်ခြင်းမပြုနိုင်ပေ။

ကျွန်ုပ်နားများအား အခွင့်အမိန့် မရှိဘဲ ပြောင်းလွှဲခြင်း၊ အထူးသဖြင့် နယ်ခြားခရိုင်များတွင် တမ်းမြို့တနယ်မှ တမ်းမြို့နယ်သို့ သယ်ယူပြောင်းလွှဲကာ၊ နိုင်ငံခြားသို့ ခိုးထုတ်ရန် အားယုတ်ခြင်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၆၁။

† မော်လမြိုင်မြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၇၉/၆၅ တွင် ၁၉၄၇ ခုနှစ်၊ အရေးကြီး ကုန်ပစ္စည်း အက်ဥပဒေပုဒ်မ ၈(၃) အရ၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့စွဲဖြင့် တရားခံ ဆာရက်အာမက်အား၊ ထောင်ဒဏ် ၃ လ၊ ကျန် တရားခံများ အပေါ် ထောင်ဒဏ် ၂ လစီ ချမှတ်သားသည်ကို မော်လမြိုင် ၈ရ်ရှင်ရုံးက အယူခံမှု အမှတ် ၇၈ (မ)/၆၅ ဖြင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့က တရားခံအားလုံးကို တရားသေ လွှတ်လိုက်ခြင်းကို မကျေနပ်၍ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ တင်သွင်းသော အယူခံလွှာ။

၁၉၆၆ စသည့် ကိစ္စများကို ကျူးလွန်သူအား နေဘင်ကြဉ်ရန်နှင့် ကျူးလွန်ရန် ကြံစည်နေသူ ရှိပါက၊ မကျူးလွန်ဝံ့အောင် ဟန့်တားစေမည့် အပြစ်ဒဏ်ကို ချမှတ်သင့်ပေသည်။

မြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဆရက်အာမက် ပါ ၆။ **အာဘာဆယ်လီမူဆလမန် နှင့် နိုင်ငံတော်၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၅၃၊ နဂ်ပူး၊ ၁၃၉ ရည်ညွှန်းသည်။**

အယူခံတရားလိုအထွက်။ ။အစိုးရလွှဲနေကြိုး ဦးသိန်းဟန်။

အယူခံတရားခံများအတွက်။ ။ဦးစိန်ဘူး။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံ ဆရက်အာမက်၊ လန်ဘား၊ စိန်ထွန်း အောင်၊ စိန်ထွန်း၊ မြဟန်နှင့် မောင်မဲတို့ ၆ ဦးအပေါ် မော်လမြိုင်မြို့ စတုတ္ထရာဘက် ထုဇဝတ်တရားသူကြီးရုံး၏ ၁၉၆၅ ခု၊ ထုဇဝတ်ကြီးမှုအမှတ် ၇၉ တွင် ၁၉၄၇ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃)အရ၊ တရားစွဲဆိုရာ၊ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် ဆရက်အာမက်အား အလုပ်နှင့် ထောင်ဒဏ် ၃ လနှင့် ကျန်တရားခံများအပေါ် အလုပ်နှင့် ထောင်ဒဏ် ၂ လစီ ကျခံစေရန် စီရင်ခဲ့၏။ ၎င်းတို့က မော်လမြိုင်မြို့ စက်ရှင်ရုံးသို့ အယူခံဝင်သောအခါ၊ ပညာရှိ စက်ရှင် တရားသူကြီးသည် ၎င်းတို့အား ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိဟု ကောက်ယူကာ တရားသေ လွှတ်လိုက်လေသည်။ ထိုကဲ့သို့ တရားသေလွှတ်လိုက်သော အဓိန်ကို နိုင်ငံတော် အစိုးရက မကျေနပ်သဖြင့် ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်လေသည်။

ဤအမှု ပေါ်ပေါက်လာရပုံ အကြောင်းခြင်းရာ အတိုချုပ်မှာလွန်ခဲ့သည့် ၁၉၆၅ ခု၊ မေလ ၂၁ ရက်နေ့ညနေ ၆ နာရီခန့်အချိန်တွင် မော်လမြိုင်ခရိုင်၊ နတ်တောင်တပ်နယ်ရှိ အမှတ် ၅၁၅ ဆက်သွယ်ရေးတပ်ရင်းမှ တပ်သား မောင်သန်းစိန် (လိုပြ-၃) သည် ကြာအင်းရွာသို့သွားရာ၊ ရွာလမ်း၀သို့ ရောက်ကာလ လယ်ကွင်းဘက်မှ အရွှေတောင် တန်းဘက်သို့ ဦးတည်လျက် မောင်းလာပြီး၊ မော်လမြိုင်-မုဒုံကားလမ်းမကြီးကို ဖြတ်ကျော်ရန် ပြုလုပ်နေသည့် နွားများ ၂၄ ကောင်နှင့် အယူခံတရားလိုတို့အား တွေ့ရသဖြင့် နှေးခြားသို့ ခိုးထုတ်မည့် နွားများ ဖြစ်လိမ့်မည်ဟု မသင်္ကာသည့်အလျောက် အယူခံ တရားခံ ဆရက်အာမက်အား မေးမြန်းသောအခါ၊ ဆရက်အာမက်က လာဘ်ထိုးရန် လပ်သောကြောင့် ၎င်းအား တပ်သို့ ခေါ်သွားကာ ဗိုလ်ကြီး ကျော်ဒင်(လိုပြ-၂) အား အပ်ပေးလိုက်သည်။ ထိုကဲ့သို့ တပ်သား မောင်သန်းစိန်က အယူခံတရားခံ ဆရက်အာမက်အား မေးမြန်းစဉ် အနီးတွင် မောင်ပါ (လိုပြ-၄)နှင့် မောင်စိုးမြင့် (လိုပြ-၅)တို့ ရှိနေကြသည်။ တပ်သား မောင်သန်းစိန်က အယူခံတရားခံ ဆရက် အာမက်အား၊ တပ် ပို့ခေါ်သွားစဉ် နွားများနှင့် အခြားအယူခံ တရားခံများမှာ ပျောက်သွားကြသည်။

ဗိုလ်ကြီး ကျော်ဒင်က အယူခံတရားခံ ဆရက်အာမက်အား မေးမြန်းရာ၊ ပြေလည်စွာ ဖြေရှင်းခြင်း မပြုနိုင်သည့်အပြင်၊ ဆရက်အာမက်၏ အိပ်ထဲမှ မသက်ဘဗ္ဘယ်ရာစာဘစောင်ကိုလည်း တွေ့ရှိသဖြင့်၊ တပ်ရင်းမှူးအား အကြောင်းကြားလိုက်လေသည်။ ထိုစာထဲ၌ စာနှင့်ပါလာသူထံမှ ဆာဒစ်အာမက် နွား ၂၄ ကောင်ကို ညောင်ပင်ဆိပ်သို့ ကူညီပြီး ပို့ပေးရန် ထွေးလင်ဆိုသူ၏ လက်မှတ်နှင့် မောင်အောင်စိုးထံသို့ ရေးသားထားသည်ကို တွေ့ရလေသည်။ တပ်ရင်းမှူးက ရဲတပ်စခန်းသို့ အကြောင်းကြားခိုင်းသဖြင့်၊ စုံထောက်ဘက် လုံခြုံရေး ဦးတင်မောင် (လိုပြ-၁)သည်၊ ဂွေးကုန်းရွာရှိ ဆရက်အာမက်အိမ်မှ နွား ၂၄ ကောင်ကို သိမ်းဆည်းပြီးအိမ်တွင် တွေ့ရှိသည့် အခြားအယူခံတရားခံများကိုပါ ဘမ်းဆီးကာ၊ ရုံးတင်တရားစွဲဆိုခဲ့ခြင်း ဖြစ်လေသည်။

အယူခံတရားခံ ဆရက်အာမက်က၊ တပ်သား မောင်သန်းစိန် တွေ့သော နွား ၂၄ ကောင်မှာ မိမိ၏နွားများ ဖြစ်ကြောင်း၊ မိမိသည် ဆ-စ-တ-က အဖွဲ့မှ တဆင့် တပ်မတော်သို့ အမဲသား ကန်ထရိုက်သွင်းသည့် အလုပ်ကို လုပ်ကိုင်နေသဖြင့် ထိုနွားများကို ပျော်ဘွယ်မှ ဝယ်ပြီး မော်လမြိုင်သို့ ယူလာကြောင်း။ အခင်းဖြစ် ညနေက နွားများကို စားကျက်တွင် ကျောင်းပြီး ဂွေးကုန်းရွာသို့ အပြန်တွင် ဘမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း။ မောင်သန်းစိန်က လာဘ်ငွေ ၅၀ ကျပ်ကိုတောင်းရာ၊ မပေးသဖြင့် မိမိအပေါ် မဟုတ်မတရား စွပ်စွဲခြင်းသာ ဖြစ်ကြောင်း ထုချေခဲ့သော်လည်း၊ မူလရုံး ပညာရှိ တရားသူကြီးသည် ၎င်း၏ ထုချေချက်ကို လက်မခံဘဲ အထက်တွင် ဖေါ်ပြခဲ့သည့် အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။ ပညာရှိ စက်ရှင် တရားသူကြီးကမူ၊ ၎င်း၏ ထုချေချက်ကို လက်ခံ၍ အယူခံတရားခံများအား တရားသေလွတ်ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားခံတို့၏ ပညာရှိ ရွှေနေကြီး ဦးစိန်ဘူးက၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ တရားသေလွတ်သည့်အမိန့်ကို အယူခံဝင်သောအခါ၊ အောက်ရုံး၏ အကြောင်းခြင်းရာနှင့် ပတ်သက်သည့် တွေ့ရှိချက်ကို လုံလောက်သော အကြောင်းမရှိဘဲ ဖက်စွက်ခြင်း မပြုသင့်ကြောင်း။ တရားသေလွတ်သည့် အမိန့်ကို လွှယ်လွှယ်နှင့်ပယ်ဖျက်ခြင်း မပြုသင့်ကြောင်း တင်ပြသွား၏၊ မှန်၏။ ဤရုံးအနေဖြင့် တရားသေလွတ်သော အမိန့်ကို လုံလောက်သော အကြောင်းမရှိဘဲ ဝင်ရောက်ဖက်စွက်လေ့ မရှိပေ။ တရားသေလွတ်သော အမိန့်ကို အယူခံဝင်ရာတွင် ဤရုံးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၃ အရ၊ အပြစ်ဒဏ်ချမှတ်ခြင်းကို မကျေနပ်သဖြင့် အယူခံဝင်သည့်အမှုမျှးနည်းတူ၊ ဥပဒေ ပြဿနာကိုသာမက အမှု၏ အကြောင်းခြင်းရာနှင့် ပတ်သက်၍လည်း စီစစ်ဝေဖန်ရန် အခွင့်အရေးရှိပေသည်။ အကြောင်းခြင်းရာနှင့် ပတ်သက်၍ အောက်ရုံး၏ ကောက်ယူချက်မှာ အမှုတွဲရှိ သက်သေခံချက်မျှးနှင့် ပါစင်အောင် လွဲမှားနေလျှင်

ထိုကောက်ယူချက်အား ပြင်ဆင်ရမည်ဖြစ်သည်။ ဤရုံးအနေဖြင့် ပြင်ဆင်ရန်လည်း တာဝန်ရှိသည်။ ယင်းသို့ ပြင်ဆင်ခြင်းမပြုဘဲ လက်ပိုက်၍ ကြည့်နေလျှင် တရားမျှတမှုန်ကန်မှု ဆိတ်သုဉ်းသွားမည် ဖြစ်သည်။

ယခု အမှုတွင် ဘမ်းဆီး ရမိခဲ့သော နွား ၂၄ ကောင်မှာ အယူခံ တရားခံ ဆရက်အာမက်၏ နွားများဖြစ်ကြောင်း အငြင်းမထွက်ပေ။ ထိုနွားများကို ကြာအင်းရွာတွင် ဘမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ကြာအင်းရွာမှာ မုဒုံမြို့နယ်အတွင်း တည်ရှိသည်။ အယူခံတရားခံ ဆရက်အာမက်နေထိုင်သော ဂွေးကုန်းရွာမှာ မော်လမြိုင်မြို့နယ်အတွင်း ရှိသည်။ မော်လမြိုင်ခရိုင်ဝန်က ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ ဥပဒေ ပုဒ်မ ၆ အရ၊ကျွဲနွားများကို ခရိုင်ပြင်ပသို့သော်၎င်း၊ ခရိုင်အတွင်း မြို့နယ်တခုမှ အခြားမြို့နယ်တခုသို့သော်၎င်း၊ ခွင့်ပြုချက် လက်မှတ် မပါဘဲ၊ သယ်ယူပြောင်းရွှေ့ခြင်း၊ သယ်ယူပြောင်းရွှေ့ရန် ကြိုးစားခြင်းမပြုရန် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့စွဲဖြင့် အမိန့်ထုတ်ပြန်ခဲ့ပြီး ဖြစ်ရာ၊ အယူခံတရားလို ဆရက်အာမက်အနေဖြင့် နွားများကို ပြောင်းရွှေ့သယ်ယူရန် ခွင့်ပြုချက်လက်မှတ် မပါဘဲ၊ မော်လမြိုင်မြို့နယ်မှ မုဒုံမြို့နယ်သို့ မောင်းယူသွားသည့်အလျောက်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ ဥပဒေ ပုဒ်မ ၈ (၃)အရ၊ ပြစ်မှု ကျူးလွန်ခဲ့ကြောင်း ပေါ်လွင်နေသည်။

အယူခံတရားခံက နွားများကို စားကျက်တွင်ကျောင်းပြီး ရှာသို့ ပြန်လာရင်း အဘမ်းခံရသည်ဆိုသော ထုချေချက်မှာ အမှုတွင် ပေါ်ပေါက်လျက်ရှိသောအကြောင်းခြင်းရာများအရ ယုတ္တိမရှိပေ။ တပ်သား မောင်သန်းစိန်အပြင် အယူခံတရားခံအား နွားများနှင့်အတူ ဘမ်းဆီးစဉ်က မောင်သန်းစိန်နှင့် အတူရှိနေကြသည့် မောင်ပါနှင့် မောင်စိုးမြင့်တို့က အယူခံတရားလိုသည် နွားများကို လယ်ကွင်းဘက်မှ တောင်တန်းရှိရာ အရှေ့ဘက်သို့ မောင်းသွားနေသည်ကို တွေ့ရကြောင်း ထွက်ဆိုထားခဲ့ရာ၊ စားကျက်မှ ရှာသို့ မောင်းလာရိုး မှန်ပါမူ၊ ထိုကဲ့သို့ အရှေ့ဘက်ရှိ ကျိုက္ခေရာမြို့နယ်ဘက်သို့ **မောင်းသွား လိမ့်မည် မဟုတ်ပေ။** အယူခံ တရားခံ တင်ပြသည့် ဦးပါစိန် (ခံပြ-၁၉) ရိုလာရာမန် (ခံပြ-၂၀)နှင့် လုံဆလန် (ခံပြ-၂၁)တို့သည် နွားများအား ဘမ်းဆီးရာ၌ ရှိသည်ဆိုခြင်းနှင့် ပတ်သက်၍၊ တပ်သား မောင်သန်းစိန်၊ မောင်ပါနှင့် မောင်စိုးမြင့်တို့အား စစ်ဆေးစဉ်က လုံးဝမေးမြန်းထားခြင်း မရှိသဖြင့်၊ နောက်မှ လုပ်ကြံတင်ပြသည့် သက်သေများသာ ဖြစ်သည်ဟု ယူဆရန် အကြောင်း ပေါ်ပေါက်နေသည်။ ထို့ကြောင့် နွားများကို စားကျက်မှ ပြန်မောင်းလာရင်း ဘမ်းသည်ဆိုသော အောက်အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ ပါစင်အောင် လွဲမှားနေကြောင်း ထင်ရှားနေသည်။

အယူခံတရားခံ ဆရက်အာမက်ထံမှ မသက်ဘဘွယ်ရာ စာဘခစာင်ကို ဘမ်းဆီးရမိသည် ဆိုသော အချက်မှာလည်း အငြင်းမထွက်ပေ။ ထိုစာဘွင် နွား ၂၄ ကောင်ကို လက်ခံပြီး ညောင်ပင်ဆိပ်သို့ ပို့ပေးရန် ရေးသားထားရာ၊ တမ်းမိသည့် နွားအရေအတွက်နှင့် ကိုက်ညီနေသည်။ အယူခံတရားခံက ထိုစာကို တပ်သား မောင်သန်းစိန်က ပေးဆားသည်ဟုဆိုရာ၊ ထိုအချက်နှင့် ပတ်သက်၍ မောင်သန်းစိန်ကို စစ်ဆေးစဉ်က တဒွန်းတပါဒမျှ ပြန်လှန်မေးခွန်း ထုတ်သာခြင်း မရှိ၍၊ အယူခံတရားခံ၏တင်ပြချက်မှာ နောက်မှ အကြံရကာ တင်ပြသည့် ထုခချချက်ဘခုသာ ဖြစ်ကြောင်း ပေါ်လွင်သည်။ ထို့ပြင် အယူခံတရားခံက တပ်သား မောင်သန်းစိန်သည် လာဘ်ငေ့ ၅၀ ကျပ် တောင်းရာ မပေးသဖြင့် မဟုတ်မမှန် စွပ်စွဲသည်ဟုဆိုကာ၊ ဦးထွန်းစိန် (ခံပြ-၁၈)အား သက်ခသထူခဲ့၏။ ၎င်းတို့က မောင်သန်းစိန်သည် အယူခံတရားခံ၏ အိမ်သို့လာကာ နေ့ခင်းဘက်၌ လာဘ်ဘောင်းသည်ဟု ဆိုလာသော်လည်း၊ မောင်သန်းစိန်ကို စစ်ဆေးစဉ်က ထိုကိစ္စနှင့်ပတ်သက်၍ လုံးဝမေးခွန်း ကြပ်ထားခြင်း မရှိသောကြောင့် ယုတ္တိရှိသော စွပ်စွဲချက် ဖြစ်သည်ဟု မဆိုနိုင်ချေ။ အမှန်အတိုင်းဆိုလျှင် နွားများကို ဘမ်းစဉ်က ရှိနေကြသည့် မောင်ပါနှင့် မောင်စိုးမြင့်တို့ ထွက်ဆိုခဲ့ကြသည့်အတိုင်း မောင်သန်းစိန်နှင့် သက်သေတို့အား မဘမ်းရန် လာဘ်ထိုးသူမှာ အယူခံတရားခံသာ ဖြစ်ကြောင်း ပေါ်လွင်နေ၍၊ သူခိုးက လူလူဟု အော်ဟစ်ခြင်းသာ ဖြစ်ပေသည်။

အထက်ပါအကြောင်းရပ်များကို ထောက်ရှုလျှင်၊ အယူခံတရားခံ ဆရက်အာမက်သည် နွားများကို အခွင့်အမိန့်မရှိဘဲ မော်လမြိုင် မြို့နယ်မှ မုဒုမြို့နယ်သို့ သယ်ယူရောင်းချခဲ့ကြောင်း ထင်ရှားသဖြင့် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၈(၃)အရ အပြစ်ရှိသည်ဆိုသော မူလရုံး၏ဆုံးဖြတ်ချက်မှာ မှန်ကန်သည်။ အမှန်မှာ အယူခံတရားခံသည် အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေ အထောက်အထားများအရ၊ ယိုးဒယားနယ်ဘက်သို့ နွားများကို ခိုးထုတ်ရန် အားထုတ်ခဲ့သည်ဟု ယူဆရန် အကြောင်း ရှိနေလေသည်။

ကျန်အယူခံတရားခံများနှင့် ပတ်သက်၍ ၎င်းတို့အား၊ အခင်းဖြစ်ပွါးရာ နေရာ၌ ဘမ်းဆီးခဲ့မိခြင်းမရှိဘဲ နောက်မှ အယူခံတရားခံ ဆရက်အာမက်အိမ်မှ သွားရောက်ဘမ်းဆီးခဲ့ရသည့်အပြင်၊ နွားမောင်းလာသူ အားလုံး ပေါင်း ၁၀ ကျော်ရှိရာ၊ တပ်သား မောင်သန်းခိန်၊ သက်ခသမောင်ပါနှင့် မောင်စိုးမြင့်တို့သည်၊ ထိုသူများအား အရင်က မမြင်ဘူးသည့်အလျောက် နွားမောင်းလာသူများတွင် ၎င်းတို့ပါသည် ဆိုသောအချက်မှာ ထင်ရှားသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ၎င်းတို့အား တရားသေလွှတ်ခဲ့သည့် အောက်အယူခံရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု မဆိုသာ၍၊ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဆရက်အာမက် ပါ ၆။

အယူခံတရားခံ ဆရက်အာမက်သည် အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၈ (၃)အရ၊ အပြစ်ရှိကြောင်း ထင်ရှားနေ၍ အောက်အယူခံရုံး၏ အမိန့်ကို ပယ်ဖျက်ကာ ထိုက်သင့်သော အပြစ်ဒဏ်ကို ချမှတ်ရမည် ဖြစ်သည်။(ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၃ (၁)(က)အရ၊ တရားသေလွတ်သည့်အမိန့်ကို ပယ်ဖျက်သည့်အခါ အယူခံရုံး အနေဖြင့် တရားဥပဒေအရ သင့်တော်သည့်အပြစ်ဒဏ်ကို သတ်မှတ်နိုင်ပေသည်။ မူလရုံးမှ ချမှတ်ခဲ့သည့် အပြစ်ဒဏ်အတိုင်း အတည်ပြုရန် မလိုချေ။ သို့သော် မူလရုံးက ချမှတ်နိုင်သည့် အပြစ်ဒဏ်နှင့် ပတ်သက်သော အာဏာထက်ပို၍ အပြစ်ဒဏ်ကို သတ်မှတ်ခြင်း မပြုနိုင်ပေ။) **အဘာဆယ်လီမူဆလမန်** နှင့် **နိုင်ငံတော်** (၁)၊လယ်ယာကိုင်းကျန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြော လုပ်ငန်းဖြစ်သည်။ စက်မှုလယ်ယာကို နေရာတိုင်းတွင် အစားမထိုးနိုင်မီ ကာလတွင် ကျွဲနွားများသည်၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မရှိမဖြစ် အရေးကြီးသည့် အစိတ်အပိုင်းတခု ဖြစ်နေ၍၊ ယခုကဲ့သို့ ကျွဲနွားများအား အခွင့်အမိန့်မရှိဘဲ ပြောင်းရွှေ့ခြင်း၊ အထူးသဖြင့် နယ်ခြားခရိုင်များတွင် တမြို့နယ်မှ တမြို့နယ်သို့ သယ်ယူပြောင်းရွှေ့ကာ နိုင်ငံခြားသို့ ခိုးထုတ်ရန် အားထုတ်ခြင်း စသည့်ကိစ္စများကို ကျူးလွန်သူအား နောင်ကြဉ်ရန်နှင့် ကျူးလွန်ရန်ကြံစည်နေသူရှိပါကမကျူးလွန်ဝံ့အောင် ဟန့်တားစေမည့် အပြစ်ဒဏ်ကို ချမှတ်သင့်ပေသည်။ ထို့ကြောင့် အောက်အယူခံရုံး၏ အမိန့်ကို ပယ်ဖျက်ကာ အယူခံတရားခံ ဆရက်အာမက်အား ၁၉၄၇ ခု၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၈ (၃)အရ၊ အလုပ်နှင့် ထောင်ဒဏ် ၆ လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ကျန်အယူခံတရားခံများနှင့် ပတ်သက်၍မူ၊ အောက်အယူခံရုံး၏အမိန့်အတိုင်း အတည်ပြုလိုက်သည်။

---

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၅၊ နက်ပူး ၁၃၉။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်စောဒကမှု

တရားသူကြီးခုနှစ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (တရားလို)

နှင့်

နော်ဥန်ဇော်ဘာ (တရားခံ)*

† ၁၉၆၆ ဖီဇော်လ ၃၁ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရစွဲဆိုထားခြင်း—ကချင်တောင်တန်းဥပဒေပါပြဋ္ဌာန်းချက်တို့နှင့်အညီ ကချင်ဧလေ့ထုံးတမ်း ဥပဒေအရစီရင်ရမည်လော၊ သို့မဟုတ် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးတို့အရ စစ်ဆေးစီရင်ရမည်လော—ပြည်ထောင်စုသား တိုင်းရင်းသား လူမျိုးများ၏ ဧလေ့ထုံး ဥပဒေများ ဥပဒေအဖြစ် ခိုင်မာစွာ သက်ဝင် လုပ်ရှား နိုင်ခဲ့ခြင်း—ဧလေ့ထုံး ဥပဒေများသည် အထူးပင်တန်ခိုးထက်မြက်ခြင်း—နိုင်ငံတော် အစိုးရက ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးများ၏ ဧလေ့ထုံးတမ်း ဥပဒေတို့ကိုစုဆောင်းလေ့လာ၍ ကောင်းသည်တို့ကိုမေါ်ထုတ်၍ ထိန်းသိမ်းပျိုးထောင်ခြင်း—အမှုသည်များသည်ဧတောင်ပေါ်သား ကချင်လူမျိုးအချင်းချင်း ဆွေမျိုးဖြစ်ခြင်း—အမှုကိုဧလေ့ ထုံးတမ်းအရ ဧကြေအေးလိုကြခြင်း—အမျက်ဒေါသလည်း ပြေစေ ရန်ကြွေးလည်းပြေစေ ရပ်ရွာပြည်နယ်နှင့် ပြည်ထောင်စုညီးလုံးညီညွတ်ရေးလည်းဖြစ်စေအောင် ကချင်ဧလေ့ထုံးတမ်း ဥပဒေအရ ပြီးပြတ်စေ။

တရားလိုတရားခံတို့သည် တောင်ပေါ်သား ကချင်အမျိုးသားများ ဖြစ်ကြသည်။ အစိုးရက တောင်ပေါ် ဒေသများတွင် သောင်းကျန်းသူတို့ကိုရှင်းလင်းတိုက်ခိုက်စဉ် အချို့သော ရွာများကို မြေပြန့်သို့ ပြောင်းရွှေ့၍ ''အောင်မြေရွာသစ်'' များဖွဲ့စည်း တည်ထောင်ပေးခဲ့ဆုမှ အမှုသည်များသည် မြေပြန့်တွင်နေကြစဉ် အမှုဖြစ်ပွါးခဲ့ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ပြည်ထောင်စုသား တိုင်းရင်းသား လူမျိုးများ၏ဧလေ့ထုံးတမ်း ဥပဒေများတွင် တရားမျှတခြင်း၊ သိမ်မွေ့ခြင်း အင်္ဂါများစွာ ပါဝင်သည်။ ထို့ကြောင့်လည်း ယင်းဧလေ့ထုံးတမ်းများသည် အခွန်ရှုပ်စွာ ရပ်ရွာနိုင်ငံ၏ လုံခြုံရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုတို့ကို

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်စောဒကမှုအမှတ် ၅။

† မြစ်ကြီးနားမြို့၊ ပဌမအထူးတရားသူကြီးရုံး၏ရာကြီးမှုအမှတ် ၃/၆၆ တွင် တရားခံအပေါ် ရာဇသတ်ပုဒ်မ ၃၀၂ အရစွဲဆိုထားရာ ၎င်းတို့က ကချင်ထုံးတမ်းစဉ်လာအရ စီရင်ဆုံးဖြတ်လိုကြောင်း လျောက်ထားကြသဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ တရားရုံးချုပ်၏အဆုံးအဖြတ်ရယူလိုရှိ စာအမှတ် ၁၄၇၆/၁၄၇၈ ခန့်စွဲ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့အရ၊ အကြောင်းကြားသောမြစ်ကြီးနား ပဌမအထူးတရားသူကြီး၏ စာအရ၎င်လှစ်သော စောဒကလွှာ။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် နော်ခွန်တော် ဘား

ကောင်းစွာ ထိန်းသိမ်းခဲ့ပြီးလျှင် ဥပဒေအဖြစ် ခိုင်မာစွာ သက်ဝင် လှုပ်ရှားနိုင်ခဲ့ခြင်း ဖြစ်သည်။ ဥပဒေဟူသည် လူအများ၏ စိတ်နှလုံးတွင် ကိန်းဝပ်ပါမှ တန်ခိုးထက်မြက်သည်။ ထို့ကြောင့် လူအများက သိကျွမ်းနားလည်၍၊ သဘာဝအလျောက် လက်ခံကြသော ဓလေ့ထုံးတမ်း ဥပဒေများသည် အထူးပင်တန်ခိုးထက်မြက်သည်။ အများ၏ လက်ခံခြင်းတွင် အင်အားဘည်သော ဓလေ့ထုံးတမ်းဥပဒေကို ကျူးလွန်သူသည် သာမန်ပြစ်ဒဏ်အပြင် ရပ်ရွာက ပယ်ခြင်းကိုလည်း ခံရတတ်သေးသည်။ ရပ်ရွာက သဘောတူ ဓလေ့ထုံးတမ်းဥပဒေက ခွင့်ပြုသော နည်းလမ်းဖြင့် ကြေအေးကြပြန်လျှင်ကား ကျူးလွန် ခဲ့ခြင်းကိုမေ့ပျောက်ခွင့်လွှတ်ကြ၍ အိမ်နီးနားချင်း၊ ဆွေမျိုးသားချင်း၊ ရွာသူ ရွာသားချင်းတို့ မေတ္တာမပျက်စည်းလုံးညီညွတ်စွာလုပ်ကိုင်နေထိုင်ကြပြန်သည်။

နိုင်ငံတော် အစိုးရကလည်း ပြည်ထောင်စုသားတိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်း ဥပဒေဘို့ကို စုဆောင်းလေ့လာ၍ကောင်းသည်တို့ကိုဖော် ထုတ်၍ထိန်းသိမ်းပျိုးထောင်၊ မကောင်းသည်တို့ကို တစထစပညာပေး၍ ပြုပြင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အမှုသည်များသည် တောင်ပေါ်သား ကချင်လူမျိုးချင်းချင်း၊ ဆွေမျိုးချင်းချင်းဖြစ်ကြသည်။ မြေပြန့်တွင် အောင်မြေရွာ တည်၍ ယာယီနေကြရသော်လည်း ရွာတွင် ကချင်ဓလေ့ထုံးတမ်းတို့ကို ကျင့်သုံးနေကြသည်။ ယင်းဓလေ့ထုံးတမ်းတို့ကို ဥပဒေအဖြစ် သိကျွမ်းနားလည်လက်ခံကြသည်။ စာမှုဖြစ်လျှင် ဒူဆလန်ဝါ နှင့် ရွာလူကြီးများ၏ အဆုံးအဖြတ်ကို နာခံကြရသည်။ ရိုးရာမပျက် လူနေမှုစနစ်မပြောင်း ယခင်အဘိုင်းပင် နေထိုင်ကြ၍၊ အခါအခွင့်သင့်လျှင် ၎င်းတို့အခြေစိုက်ရာ အမြစ်တွယ်ရာ တောင်ပေါ်ဆဒုံနယ်သို့ ပြန်ကြမည့်သူများ ဖြစ်ကြသည်။ ဆွေမျိုးချင်းမေတ္တာ မပျက်ရလေအောင် ရန်မီးမပွါးရလေအောင် ရွာ၏စည်းလုံးမှုမထိပါးရလေအောင်အမှုကို ဓလေ့ထုံးတမ်းအရကြေအေးကြလိုကြောင်းကို နှစ်ဘက်ဆွေမျိုးများနှင့် အမှုသည်များကလည်းလိုလားသည်။ ဒူဆလန်ဝါ နှင့် ရွာလူကြီးများကလည်း လိုလားသည်။ ကချင်ပြည်နယ်ဦးစီး အဖွဲ့ကလည်း ထောက်ခံသည်။

ထို့ကြောင့် သက်ဆိုင်သူတို့ အမျက်ဒေါသလည်း ပြေစေ၊ ရန်ကြေးလည်းကြေစေ၊ ရပ်ရွာပြည်နယ်နှင့် ပြည်ထောင်စု စည်းလုံးညီညွတ်ရေးလည်း ဖြစ်ထွန်းစေအောင် အမှုကို ကချင်ဓလေ့ထုံးတမ်းဥပဒေအရ ပြီးပြတ် နိုင်စေရန် ကချင်တောင်တန်းဥပဒေက ပြဋ္ဌာန်းသည့်အတိုင်း စစ်ဆေးဆုံးဖြတ်ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မဟန်ဒူး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄ ရည်ညွှန်းသည်။

ရှုံးတော်သဟာယများ။ ။လက်ထောက် နိုင်ငံတော် ရှေနေချုပ် ဦးဘကျော်၊ ဥပဒေ အရာရှိ ဦးတင်အုန်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။မြစ်ကြီးနားမြို့၊ ပဌမ အထူး တရားသူကြီးရုံးသို့၊ နော်ခွန်ဇော်ဘာ အား၊ လူသတ်မှုဖြင့် စွဲဆိုတင်ပို့ထားသည်။ ၎င်းအား ကချင်တောင်တန်း ဥပဒေပါပြဋ္ဌာန်းချက်တို့နှင့်အညီ ကချင်ဓလေ့ထုံးတမ်း

ဥပဒေအရ ခရိုင်ဝန်က စစ်ဆေးစီရင်ရမည်လော၊ သို့မဟုတ် မြေပြန့်တွင် ဖြစ်ပွါး ခဲ့သောအမှုဖြစ်၍၊ အထူးတရားသူကြီးကပင် ရာဇသတ်ကြီး၊ ရာဇဝတ် ကျင့်ထုံးတို့အရ စစ်ဆေးစီရင်ရမည်လော၊ ဟူ၍ ပြဿနာပေါ် သည်။

နော်ခွန်ဇော်ဘာနှင့် သေသူတို့သည် ကချင်အမျိုးသားများဖြစ်ကြ၍ ဆွေမျိုး တော်စပ်ကြသည်။ အရက်မူးပြီး ခိုက်ရန်ဖြစ်ပွါးကြရာမှ အမှုပေါ် ပေါက် ခဲ့ရသည်။ နှစ်ဘက်ဆွေမျိုးများက နောင်တွင် တဘက်နှင့်တဘက် မငေးဘွယ် မဖြစ်စေလို၍ ကချင်ဓလေ့ထုံးတမ်းဥပဒေအရ တရားခံအား လျော်ကြေးပေးစေပြီး ကြေအေးလိုကြသည်။ ထိုသို့ ကြေအေးလိုကြောင်းကို ဆွေမျိုးများနှင့်တကွ၊ ရွာလူကြီးများ၊ ဒူဆလန်ဝါတို့က အထူးတရားသူကြီးထံ လျှောက်လွှာတင်သွင်းကြသည်။ အထူး တရားသူကြီးက ကချင်ပြည်နယ် ဦးစီးအမှဲထံမှ အကြံဉာဏ်ယူရာ၊ အမှုသွားအမှုလာ အရ ကချင်တောင်တန်း ဥပဒေပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ၊ ဓလေ့ထုံးတမ်းကိုလိုက်၍ ဆုံးဖြတ်သင့်သည်ဟု ယူဆကြောင်း။ သို့ရာတွင် မြစ်ကြီးနား ခရိုင် တရားမနှင့် စက်ရှင်တရားသူကြီး (ပဌမ အထူးတရားသူကြီး) သည် နိုင်ငံတော် တရားရုံးချုပ်၏ အုပ်ချုပ် ညွှန်ကြားမှုအောက်တွင်ရှိ၍ တရားရုံးချုပ်၏ ညွှန်ကြားချက်ကို ခံယူသင့် ကြောင်းဖြင့် ပြန်ကြားခဲ့၏။

ပေါ် ပေါက်သော ပြဿနာသည် ကချင်ပြည်နယ် တရားစီရင်ရေးတွင် အများနှင့် ပတ်သက်နေ၍ အလားတူအမှုများနှင့်လည်း သက်ဆိုင်ပေလိမ့်မည်။ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် ပြည်နယ်စည်းလုံးရေး၊ပြည်ထောင်စု စည်းလုံးရေးတို့နှင့်လည်း ဆက်စပ် နေသည်ဟု တွေ့မြင်ရသောကြောင့်၊ ကျွန်ုပ်တို့သည် စောဒကမဖွင့်၍ ပြည်နယ်များ ဥပဒေအရာရှိနှင့် လက်ထောက် နိုင်ငံတော် ရှေ့နေချုပ်တို့ကို ဖိတ်ခေါ် ကြားနာ ခဲ့သည်။

အထူး တရားသူကြီး၏ အစီရင်ခံစာမှပေါ် လွင်သည်မှာ၊ (တရားလိုတရားခံတို့သည် တောင်ပေါ် သား ကချင်အမျိုးသားများ ဖြစ်ကြသည်။ အစိုးရက တောင်ပေါ် ဒေသများတွင် သောင်းကျန်းသူတို့ကို ရှင်းလင်းတိုက်ခိုက်စဉ်၊ အချို့သောရွာများကို မြေပြန့်သို့ပြောင်းရွှေ့၍ "အောင်မြေရွာသစ်" များဖွဲ့စည်း တည်ထောင်ပေးခဲ့ရာမှ အမှုသည်များသည် မိုးညှင်းမြို့နယ်၊ သိမ်အင်း အောင်မြေရွာသို့ ရောက်ခဲ့ကြရသည်။ ထိုသို့ မြေပြန့်တွင်နေထိုင်စဉ်၊ အမှုဖြစ်ပွါးခဲ့ခြင်းဖြစ်သည်။) အထူးတရားသူကြီး ထံတွင် ဒူဆလန်ဝါ ရွာလူကြီးများနှင့် နှစ်ဘက်ဆွေမျိုးများက တင်သွင်းခဲ့ကြသော လျှောက်လွှာတွင် အောင်မြေရွာသူရွာသားတို့သည် အခြေအနေအရ မြေပြန့်တွင်

နေကြရသော်လည်း၊ ရွာတွင်းဦးပေါ် ပေါက်သော မှုခင်းများကို ကချင်ဓလေ့ထုံးတမ်း အရ ယခင်ကကဲ့သို့ပင် စီရင်ဆုံးဖြတ်လျက်ရှိကြသည်ဟု ဖေါ်ပြသည်။

ပြည်နယ်များ ဥပဒေအရာရှိ ဦးတင်အုံးက ကချင်ပြည်နယ်ဦးစီးအဖွဲ့ထံမှ အမှုနှင့် ပတ်သက်သော အချက်အလက်တို့ကို တောင်းယူခဲ့ပါသည်။ အမှုသည်များသည် တောင်ပေါ်ဒေသ၊ဆဒုံနယ်တွင် နှစ်ပေါင်းများစွာ အခြေစိုက်ခဲ့သူများ ဖြစ်ကြပါသည်။ နယ်လုံခြုံရေး အခြေအနေအရ မြေပြန့်သို့ အစိုးရက ပြောင်းရွှေ့ခဲ့သော်လည်း၊ ၎င်းတို့သည် တောင်ပေါ်သို့ ပြန်ကြရန် ရည်ရွယ်ပါသည်။ ယခုမြေပြန့်တွင် အောင်မြေရွာ ဖွဲ့၍နေထိုင်ကြဆဲဦးလည်း၊ ကချင်ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်း၍ လူနေမှု အဆောက်အအုံကို ယခင်အတိုင်း ထားရှိပါသည်။ ရွာအကွက်ချပုံနှင့် အိမ်နီးနားချင်း များပင် ယခင်အတိုင်းဖြစ်ပါသည်။ ရွာတွင်းမှုခင်းများကို ဒူဆလန်ဝါနှင့် ရွာလူကြီး များက ဓလေ့ထုံးတမ်း အရပင် စစ်ဆေး ဆုံးဖြတ်ကြပါသည်။ မြေပြန့်တွင် ယာယီနေကြသော အောင်မြေရွာသားတို့သည် တောင်ပေါ်မှာ နေကြသကဲ့သို့ပင် ဖြစ်ပါသည်။ တနေ့ တောင်ပေါ်သို့ ပြန်ကြသော အခါလည်း ရွာ၏စည်းလုံးမှု လူနေမှုမပျက်၊ ပြောင်းရွှေ့သွားကြရန်သာ ရှိပါသည်။ ထိုကြောင့် ကချင်ပြည်နယ် ဦးစီးအဖွဲ့က ထောက်ခံသည့်အတိုင်း၊ အမှုကို ကချင်ဓလေ့ထုံးတမ်းအရ ဆုံးဖြတ် စေလျှင်၊ လျော်ကန်သင့်မြတ်၍၊ ရွာ၏စည်းလုံးရေး၊ ပြည်နယ်၏ စည်းလုံးညီညွတ်ရေး ကို အထောက်အကူဖြစ်စေပါလိမ့်မည်၊ ဟု ဦးတင်အုံးက တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်ကလည်း၊ ပြည်နယ်များ ဥပဒေအရာရှိကို ထောက်ခံသည်။

(ပြည်ထောင်စုသား တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်း ဥပဒေများ တွင် တရားမျှတခြင်း၊ သိမ်မွေခြင်း၊ အင်္ဂါများစွာ ပါဝင်သည်။ ထိုကြောင့်လည်း ယင်းဓလေ့ထုံးတမ်းများသည် အခွင့်ရှည်စွာ ရပ်ရွာနိုင်ငံ၏ လုံခြုံရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုတို့ကို ကောင်းစွာ ထိန်းသိမ်းခဲ့ပြီးလျှင် ဥပဒေအဖြစ် ခိုင်မာစွာ သက်ဝင် လှုပ်ရှားနိုင်ခဲ့ခြင်း ဖြစ်သည်။ ဥပဒေဟူသည် လူအများ၏ စိတ်နှလုံးတွင် ကိန်းဝပ်ပါမှ၊ တန်ခိုးထက်မြက်သည်။ ထိုကြောင့် လူအများက သိကျွမ်းနားလည်၍၊ သဘာဝ အလျောက်လက်ခံကြသော ဓလေ့ထုံးတမ်းဥပဒေများသည် အထူးပင်တန်ခိုးထက်မြက် သည်။ အများ၏ လက်ခံခြင်းတွင် အင်အားတည်သော ဓလေ့ထုံးတမ်း ဥပဒေကို ကျူးလွန်သူသည် သာမန်ပြစ်ဒဏ်အပြင် ရပ်ရွာက ပယ်ခြင်းကိုလည်း ခံရတတ် သေးသည်။ ရပ်ရွာက သဘောတူ၊ ဓလေ့ထုံးတမ်း ဥပဒေက ခွင့်ပြုသော နည်းလမ်း

ဖြင့် ကြေအေးကြပြန်လျှင်ကား၊ ကျူးလွန်ခဲ့ခြင်းကို မေ့ပျောက် ခွင့်လွှတ်ကြ၍ အိမ်နီးနားချင်း၊ ဆွေမျိုးသားချင်း ရွာသူရွာသားချင်းတို့ မေတ္တာမပျက်၊ စည်းလုံးညီညွတ်စွာ လုပ်ကိုင်နေထိုင်ကြပြန်သည်။)

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် **မဟန်ဒုး** (၁) တွင် တရားရုံးချုပ်က ချင်းဓလေ့ထုံးတမ်းဥပဒေနှင့်ပတ်သက်၍ ယင်းဥပဒေသည်—

> "ချင်းသွေးသောက်စုများ အတွင်း၌ ငြိမ်းချမ်းသာယာမှုကိုငင်း၊ စီးပွါးရေးအားဖြင့် တဦးကိုတဦး ကူညီရိုင်းပင်း ဆောင်ရွက်နိုင်ရေးကိုငင်း အထောက်အကူပြုခဲ့သည်။ ယခုအခါနှစ်အထိလည်း၊ ချင်းဝိသေသတိုင်း စသော ဓလေ့ထုံးတမ်းအရ ပြေပြစ်အေးချမ်းစွာ လူ့အဆောက်အအုံများကို တည်ဆောက်ခဲ့ကြသော နေရာများတွင် မြန်မာပြည်မမှာကဲ့သို့၊ လူသတ်မှု၊ ခါးပြမှု၊ မုဒိမ်းမှု စသည်တို့ များပြားစွာဖြစ်ပေါ်ခြင်း မရှိသည်ကို နှိုင်းယှဉ်လေ့လာက တွေ့မြင်နိုင်သည်။"

ဟုမှတ်ချက်ပြုခဲ့သည်။ ထိုအမှုတွင် **ရေစကြိုခံတော်ဖြတ်ထုံး** ကိုရည်ညွှန်း၍ ရှေးမြန်မာခေတ် တရားစီရင်ရေးတွင်လည်း၊ "မြန်မာတို့အရပ်၊ ရှမ်းတို့အရပ်၊ ပလောင်တို့အရပ်၊ ဒေသ၊ ဌာနကိုလိုက်၍ တရားစီရင်" ခဲ့ကြောင်း၊ "ကာလ်-ဒေသ-အင်္ဂ-ဓနံ၊ မဟာပဒေသတရားလေးပါးကို ဓမ္မက္ခန်ကြောင်း၊ ဓမ္မသတ်ကြောင်းနှစ်ရပ်ညီစေ" ရကြောင်းကိုဖော်ပြခဲ့ပေသည်။

(နိုင်ငံတော် အစိုးရကလည်း ပြည်ထောင်စုသား တိုင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်း ဥပဒေတို့ကို စုဆောင်း လေ့လာ၍ ကောင်းသည်တို့ကို ဖော်ထုတ်၍ ထိန်းသိမ်းပျိုးထောင်၊ မကောင်းသည်တို့ကို တစတစ ပညာပေး၍ ပြုပြင်ရန်စီစဉ် ဆောင်ရွက်လျက်ရှိ ကြောင်း)ကို ပြည်နယ်များ ဥပဒေအရာရှိက တင်ပြသည်။ ထိုကိစ္စကိုဆွေးနွေးခဲ့သော ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မိတီ၏ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ အစည်းအဝေးတွင် ဗိုလ်မှူးကြီး သန်းစိန်က အောက်ပါကဲ့သို့တင်ပြသည်ကိုလည်း ဦးတင်အုံးက ရည်ညွှန်းပေသည်။

> "လူ့ဘောင်လောက အမွဲတစည်းမျဉ်းရှိရာ၊ ဒေသလိုက် ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ အယူအဆများ ရှိကြောင်း။ ဒေသအခြေအနေကို ဟပ်မိအောင်လုပ်ရမည်ဖြစ်ကြောင်း။ ဥပဒေလုပ်သည့် နေရာတွင် ပညာပေးလုပ်ငန်းများအရေးကြီးကြောင်း။ ဥပမာ လူသတ်ခြင်းသည် ဘယ်နေရာ သတ်သတ် မကောင်းကြောင်း။ ထိုသို့ မကောင်းသည်ကို ပညာပေးရမည် ဖြစ်ကြောင်း။

(၁) ၁၉၆၅ ခုနှစ်၊ ရုဇဝတ်အယူခံမှုအမှတ် ၄။

ပညာပေးခြင်းကို မည်မျှအထိ လက်ခံလာပြီကိုလည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း။ လူနေမှုစံနစ်က လက်မခံဘဲ ဥပဒေကိုသာ အဓိကထား၍ ပြဋ္ဌာန်းပြီး တရားစီရင်မည်ဆိုလျှင် မသင့်တော်ကြောင်း။ သူ့အလိုအလျောက်သာယာညီညွတ်နေသည့် ဒေသများတွင်၊ မိမိတို့က ဥပဒေပြဋ္ဌာန်းလိုက်ခြင်း၊ တရားစီရင်ရေးစံနစ်များ ပြောင်းလဲလိုက်ခြင်းတို့ကြောင့် ပိုမိုရှုပ်ထွေး သွားမည်ကို စိုးရိမ်ကြောင်း။ ”

ထိုအစည်းအဝေးတွင် တရားရေးဌာန တာဝန်ခံ ဗိုလ်မှူးကြီး• ကျော်စိုးက၊ နိဂုံးချုပ်အားဖြင့် အောက်ပါကဲ့သို့ မှတ်ချက်ပြုခဲ့လေသည်။

“ တရားစီရင်ရေး စံနစ်မှာ တခုတည်းဖြစ်သော်လည်း၊ တရားစီရင်သည့် တရားသူကြီးက ဒေသအလိုက် ဓလေ့ထုံးတမ်းများကို ထည့်သွင်းစဉ်းစား၍ မျှတအောင် စီရင် ဆုံးဖြတ်ခြင်းအားဖြင့် မိမိတို့ လိုချင်သည့်အခြေအနေသို့ ရောက်အောင် လုပ်သွားရမည်ဖြစ်ကြောင်း ။”

၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသော ၁၇ ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ပြည်ထောင်စုသား တိုင်းရင်းသား လူမျိုးများအရေးနှင့် ပတ်သက်၍ တော်လှန်ရေး ကောင်စီ၏ ခံယူချက်ကို ကျေညာခဲ့လေသည်။ ထိုခံယူချက်တွင် —

“ တိုင်းရင်းသား လူမျိုးအသီးသီး၏ ထူးခြားသော အခြေအနေအရ သီးခြား လွတ်လပ်စွာ လုပ်ဆောင်ခွင့် ပြုရမည့်အချက်များ ဆိုရာ၌၊ တိုင်းရင်းသား လူမျိုးအသီးသီးတို့သည် မိမိတို့ မြေတ်နိုးချစ်ခင်သည့်စကား၊ စာပေ၊ ယဉ်ကျေးမှု ကိုးကွယ်သည့်ဘာသာနှင့် စောင့်ထိန်းအပ်သည့် ဓလေ့ထုံးတမ်းများကိုသီးခြား ဆောင်ရွက်နိုင်ခွင့်ရှိရပါမည်။ ”

ထိုကဲ့သို့ သီးခြား ဆောင်ရွက်ခြင်းသည် အခြားတိုင်းရင်းသား လူမျိုးတမျိုးမျိုးကို သော်၎င်း၊ ပြည်ထောင်စု၏ စည်းလုံးညီညွတ်မှုကိုသော်၎င်း ထိပါးခြင်းမရှိစေရန်ကို မူကား အထူးသတိထားရှောင်ကြဉ်သင့်သည်။ ညှိနှိုင်းဆောင်ရွက် သင့်ကြသည်ဟု သတိပေးပြီးနောက်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက တိုင်းရင်းသားများ၏စာပေ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တိုးတက်ထွန်းကား ခိုင်မာစေရန် ဖေါ်ထုတ်ကြရာတွင်၊ အထူး ဦးစားပေး ကူညီမည်ဟူ၍လည်း မိန့်ဆိုခဲ့လေသည်။

ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးရန် ရောက်ရှိခဲ့ကြသော ကရင် တော်လှန်ရေး ကောင်စီ အကြိုကိုယ်စားလှယ်အဖွဲ့အား ဗိုလ်ချုပ်ကြီး နေဝင်းက နှုတ်ခွန်းဆက်ဆုခွ လည်း အောက်ပါကဲ့သို့ ထည့်သွင်းမြွက်ကြားခဲ့သည်ကို ကျွန်ုပ်တို့ သတိပြုမိသည်။

> "တရားစီရင်ရေးတွင် ဒေသအလိုက်၊ လူမျိုးအလိုက် ခံယူထားသောဓလေ့ ထုံးစံများကို အခြေပြုသင့်ပေသည်။ ရပ်ရွာ ဓလေ့ထုံးစံ၊ လူမျိုး ဓလေ့ထုံးစံနှင့် အညီ အမှုကိစ္စများကို အဆုံးအဖြတ် ပြုရာတွင် မြန်မာလူမျိုးတို့၏ ဒေသနှင့် တူညီမှုရှိမည်မဟုတ်ပေ။"

ပြည်ထောင်စုသား တိုင်းရင်းသား လူမျိုးများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ဆုံးတမ်းတို့ကို ဆိုင်ရာပြည်နယ်ဦးစီးအဖွဲ့များ၊ ချင်းဝိသေသတိုင်း ဦးစီး အဖွဲ့၊ အစိုးရ၏ တရားရေးဌာန၊ ယဉ်ကျေးမှုဌာန၊ ပညာရေးဌာန၊ တိုင်းရင်းသား စည်းလုံးမှုဌာန၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ တက္ကသိုလ်များ၊ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီ၊ စသည်တို့ကပူးပေါင်းဆောင်ရွက်၍ လေ့လာစုဆောင်းသုံးသပ်လျက် ရှိကြသည်ဟု ကျွန်ုပ်တို့ သိရပေသည်။ ပဌမအကြိမ် ကျင်းပခဲ့သော မြန်မာနိုင်ငံ သုတေသန ကွန်ဂရက်တွင်လည်း ပြည်နယ်များ ဥပဒေအရာရှိ ဦးတင်အုံးက "ရှမ်း ပြည်နယ်တရားစီရင်ရေး" နှင့်ပတ်သက်၍ နက်နက်နဲနဲလေ့လာ၍ စာတမ်း တင်ပြ ဖတ်ကြားခဲ့လေသည်။ ဆက်လက်၍ တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်း ဥပဒေများကို လေ့လာရန် သုတေသနလုပ်ငန်း တရပ်ကို မြန်မာနိုင်ငံသုတေသန ကောင်စီ၏ ငါးနှစ်စီမံကိန်း လက်ခံထားပြီဟု ဦးတင်အုံးက တင်ပြလေသည်။

တိုင်းရင်းသားတို့၏ရိုးရာဓလေ့ထုံးတမ်း၊ယဉ်ကျေးမှု စသည်တို့ကိုဖော်ထုတ်ရာတွင် အစိုးရ ဌာနများကသာ မဟုတ်ဘဲ၊ ရာဇဝင်ဆရာ၊ စာရေးဆရာ၊ သုတေသီ စသော ပုဂ္ဂိုလ်များကလည်း ဝါသနာအလျောက် လေ့လာဆည်းပူး၍ စာအုပ်စာတမ်းများ ပြုစုကြရန်လိုပေသည်။ ဓလေ့ထုံးတမ်း ဥပဒေဆိုသည်မှာလည်း ဥပဒေဟူ၍ ထီးထီး သီးခြားရပ်တည်သည်မဟုတ်၊ တိုင်းရင်းသားများ၏ ရာဇဝင်၊ ကိုးကွယ်ယုံကြည်မှု၊ အိမ်ထောင်ရေး၊ လူနေမှု၊ သီချင်း၊ ပုံပြင် စသည်တို့နှင့် ရောယှက်၍နေသဖြင့် ယင်းတို့မှထုတ်ယူပေါင်းစပ်မှသာ လူလူချင်း ဆက်ခံခြင်း၏ စည်းကမ်း၊ ကျင့်ဝတ်များ ဖြစ်သော ဓလေ့ထုံးတမ်း ဥပဒေများ ရှုပ်လုံးပေါ်လာမည်ဖြစ်သည်။ ထိုကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို ကျမ်းပြုသူ ဦးမြစိန်၊ ရှေးမြန်မာဓလေ့တရားစီရင်ရေး ဆောင်းပါးများ ပြုစုရေးသားသော ဦးအောင်သန်းထွန်း၊ တိုင်းရင်းသား လူမျိုး များ၏ပုံပြင်များကို ရှာဖွေစုဆောင်း၍ စာအုပ်များရေးသား ထုတ်ဝေလျက်ရှိသော "လူထု" ဦးလှ၊ တိုင်းရင်းသားများ၏ လူနေမှု မှတ်တမ်းတင် စာအုပ်များ ရေးသား

ဘုရားဖြစ်
ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
နော်ခွန်တော်
ဘား၊

ပြုစုသူ ဦးဝင်းနိုင်၊ တောင်ပေါ်သားတို့ဘဝကို ခရီးသွားလေ့လာ၍ စာအုပ်ဆောင်းပါး များရေးသားကြသော ဦးသိန်းဖေမြင့်၊ စောမုံညွှန်း၊ ဆရာမြင့်၊ ဦးမြင့်မောင် စသော ပုဂ္ဂိုလ်တို့၏ မှတ်တမ်း တင်ချက်များသည် ဓလေ့ထုံးတမ်း ဥပဒေကို ပြုစုရာတွင် အဘိုးတန်သော အထောက်အကူများ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များနှင့် အခြား သုတေသီများသည်ငင်း၊ တိုင်းရင်းသားများ အကြား၌ လုပ်ကိုင် တာဝန်ထမ်းဆောင် ကြရသော တရားသူကြီး၊ ဒွေန၊ ကျောင်းဆရာ၊ ပြည်သူ့ဝန်ထမ်း စသော ပုဂ္ဂိုလ် တို့သည်ငင်း၊ ဆက်လက်၍ လေ့လာမှတ်သားကြခြင်းဖြင့် ပြည်ထောင်စုသား တိုင်းရင်း သားအချင်းချင်း ပိုမို၍ သိကျွမ်းခင်မင်ရင်းနှီးလာကြမည်။ တဦးနှင့်တဦး ပညာ ဗဟုသုတဖလှယ်နိုင်ကြမည်။ ပြည်ထောင်စုကို ဝိုင်း၍ တစည်းတလုံး တူထောင်နိုင်ကြ မည်ဖြစ်ပေသည်။

ကျွန်ုပ်တို့ရွေရှိ (အမှုတွင်၊ အမှုသည်များသည် တောင်ပေါ်သား ကချင်လူမျိုး ချင်းချင်း၊ ဆွေမျိုးချင်းချင်း ဖြစ်ကြသည်။ မြေပြန့်တွင် အောင်မြေရွာ တည်၍ ယာယီ နေကြရသော်လည်း ရွာဘွင် ကချင် ဓလေ့ ထုံးတမ်းတို့ကိုပင် ကျင့်သုံး နေကြသည်။ ယင်းဓလေ့ ထုံးတမ်းတို့ကို ဥပဒေအဖြစ် သိကျွမ်းနားလည် လက်ခံ ကြသည်။ အမှုဖြစ်လျှင် ဒူဆလန်ဝါနှင့် ရွာလူကြီးများ၏ အဆုံးအဖြတ်ကို နာခံ ကြသည်။ ရိုးရာမပျက်၊ လူနေမှုစံနစ်မပြောင်း၊ ယခင်အတိုင်းပင် နေထိုင်ကြ၍၊ အခါအခွင့်သာလျှင်၊ ငင်းတို့အခြေစိုက်ရာ၊ အမြစ်တွယ်ရာ၊ တောင်ပေါ် ဆင်နွှယ်သို့ ပြန်ကြမည့်သူများ ဖြစ်ကြသည်။ ဆွေမျိုးချင်း မေတ္တာမပျက်ရလေအောင်၊ ရန်မီး မပွါးရလေအောင်၊ ရွာ၏ စည်းလုံးမှု မထိပါးရလေအောင်၊ အမှုကို ဓလေ့ထုံးတမ်း အရ ကြေအေးကြလိုကြောင်းကို နှစ်ဘက် ဆွေမျိုးနှင့်အမှုသည်များကလည်း လိုလား သည်။ ဒူဆလန်ဝါနှင့် ရွာလူကြီးများကလည်း လိုလားသည်။ ကချင်ပြည်နယ် ဦးစီးအဖွဲ့ကလည်း ထောက်ခံသည်။

ထိုကြောင့် သက်ဆိုင်သူတို့ အမျက်ဒေါသလည်း ပြေစေ၊ ရန်ကြွေးလည်းကြေစေ၊ ရပ်ရွာပြည်နယ်နှင့် ပြည်ထောင်စု စည်းလုံးညီညွတ်ရေးလည်း ဖြစ်ထွန်းစေအောင်၊ ဤအမှုကို ကချင်ဓလေ့ထုံးထမ်း ဥပဒေအရ ပြီးပြတ်စေနိုင်ရန်၊ ကချင်တောင်တန်း ဥပဒေက ပြဋ္ဌာန်းသည့်အတိုင်း စစ်ဆေးဆုံးဖြတ်ရမည်။) ထိုသို့ ဆောင်ရွက်နိုင်ရန် တရားသူကြီးက လွှဲပြောင်းပေးရမည်ဟု ကျွန်ုပ်တို့ ညွှန်ကြားလိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရှေတွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်ကွန်းစိန် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဒီဇင်ဘာလ ၂၁ ရက်။

မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)အရ မူပြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)အရ၊ ပေးရမည့်ပြစ်ဒဏ်မှာ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်သက် မနည်း၊ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်ထက်မမျှား ဖြင်းသည်။ တရားရုံးမျှားက လိုက်နာဆောင်ရွက်ရမည်။ ဥပဒေကိုကျော်လွန်၍သော်၎င်း၊ ဘေးဖယ်၍သော်၎င်း အကြောင်းအမျိုးမျိုးပြကာ၊ ပြစ်ဒဏ်ပေးခြင်းမှာ ဥပဒေကိုလိုက်နာခြင်း၊ ဥပဒေကို အဓိပ္ပါယ်ဖော်ခြင်းမျိုးမဟုတ်ဘဲ၊ ဥပဒေသစ်တခုကို ပြုလုပ်ရာကျပေသည်။ ဥပဒေကိုပယ်ဖျက်၍ ပြုလုပ်ရန် မဟုတ်ကြောင်းကို တရားရုံးမျှား သတိကြီးစွာချပ်သင့်ပေသည်။

ယခုအခါ ဘော်လှန်ရေးအစိုးရက ယင်းကဲ့သို့မတရားအသင်း အက်ဥပဒေနှင့် ပတ်သက်သော ပြစ်မှုမျှားကို အထူးရာဇဝတ်ရုံးနှင့် စစ်ဆေးနေသည်။ တိုင်းပြည်လုံခြုံမှုအာဘွက် အလွန်အရေးကြီးသည့် အမှုဖြစ်ရကား၊ အပြစ်ပေးရာတွင် ဟန့်တားစေလိုသောသဘောဖြင့် ကြီးလေးသောအပြစ်ဒဏ်ကိုပေးထားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရ ရှေ့နေကြီး ဦးမျိုးထွန်းလင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ (မူလတရားခံ) အပေါ် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ၊ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကိုကျူးလွန်ကြောင်း ဘေ့ဂျရသဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁ နှစ် ကျခံစေရန်၊ သံတွဲမြို့၊

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၀(ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၈ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊အောက်တိုဘာလ ၄ ရက်နေ့စွဲပါ၊ သံတွဲခရိုင်၊ရာဇဝတ်တရားသူကြီး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ထွန်းစိန် ။

၂ ရာဘက် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၇၅ တွင် အမိန့်ချမှတ်ခဲ့သည်။

ယင်းကဲ့သို့ပြစ်ဒဏ်ချမှတ်ခြင်းကို ပြန်လည်သုံးသပ်ရန်၊ သံတွဲမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၈ ကို ဖွင့်လှစ်ခဲ့သည်။

ပညာရှိခရိုင်ရာဇဝတ် တရားသူကြီးက လျှောက်ထား ခံရသူ မောင်ထွန်းစိန် အပေါ် ဘုင်တွေရှိရသော ပြစ်မှုမှာ မှန်ကန်သော်ငြားလည်း၊ ပြစ်ဒဏ်ပေးရာ၌၊ အလုပ် နှင့် ထောင်ဒဏ် ၁ နှစ် သာလျှင် ပေးထားသောကြောင့် မတရားအသင်း ဥပဒေ ပုဒ်မ ၁၇ (၁) အရ၊ ပေးရမည့် ပြစ်ဒဏ်မှာ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်ထက် မနည်း၊ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်ထက် မများသောကြောင့်၊ ယခုလျှောက်ထား ခံရသူအား ပေးထားသော အလုပ်နှင့် ထောင်ဒဏ် ၁ နှစ်မှာ ဥပဒေအရ မှားယွင်း နေပါသဖြင့်၊ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကို ပြင်ဆင်၍ သတ်မှတ်ပေးပါရန် ဤ ရုံးသို့ထောက်ခံတင်ဆက်ထားသည်။

ပညာရှိ ခရိုင်ရာဇဝတ် တရားသူကြီး တွေ့ရှိချက်မှာ မှန်ကန်သည်။ယခုအမှုတွင် ပြစ်မှုမျှားနှင့်ပတ်သက်၍ မည်သို့မျှပြောရန်မလိုပေ။လျှောက်ထားခံရသူက အောက် မူလရုံးတွင် အပြစ်ရှိပါသည်ဟု ဝန်ခံပြီးဖြစ်သည်။ အပြစ်ဒဏ်ပေးခြင်းနှင့် ပတ်သက် ၍သာသုံးသပ်ရပေမည်။ ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားသည်။ ယင်း (ပြဋ္ဌာန်း ချက်မှာ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်အောက်နှင့် ထောင်ဒဏ် ၃ နှစ်ထက် မပိုရ ဖြစ်သည်။ ဤအတိုင်း တရားရုံးမျှားက လိုက်နာဆောင်ရွက်ရမည်။ ဥပဒေကို ကျော်လွန်၍သော်ငင်း၊ ဘေးဖယ်၍သော်ငင်း အကြောင်းအမျိုးမျိုးပြကာ ပြစ်ဒဏ် ပေးခြင်းမှာ ဥပဒေကို လိုက်နာခြင်း၊ ဥပဒေကို အဓိပ္ပါယ် ဖေါ်ခြင်းမျိုး မဟုတ်ဘဲ ဥပဒေသစ် တခုကို ပြုလုပ်ရာ ကြပေသည်)။ ဤကဲ့သို့အတိုင်း အောက်မူလရုံးက ပြုလုပ်သည်ကို တွေ့ရှိရသည်။ ရုံးမျှားသည် ဥပဒေကို လိုက်နာရမည်ဖြစ်သည်။ (ဥပဒေကို ပယ်ဖျက်၍ ပြုလုပ်ရန် မဟုတ်ကြောင်းကို တရားရုံးမျှားက သတိကြီးစွာ ချပ်သင့်ပေသည်)။ ထို့အတူ အထူးသဖြင့် သံတွဲမြို့၊ ၂ ရာဘက် ရာဇဝတ် တရား သူကြီး ဦးမောင်မောင်အား နောက်နောင်ကို ဤကဲ့သို့ မဖြစ်စေရန် အထူးသတိ ပြုရမည်။

တော်လှန်ရေး ကောင်စီ ကျေညာချက်အမှတ် ၁၄ အရဆိုလျှင် လက်ရှိ တရား ဥပဒေအားလုံးသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက မရှုပ် သိမ်းသေးသမျှ၊ သို့တည်းမဟုတ် မပြင်သေးသမျှ ဆက်လက် အာဏာတည်စေရမည် ဖြစ်သည်။ယခုအမှုတွင် ပေါ်လွင်သည့် မတရားအသင်းအက်ဥပဒေသည်တည်ဆဲ ဥပဒေ ဖြစ်ကြောင်း သတိချပ်အပ်ရ ပေမည်။ အောက်မူလရုံး တရားသူကြီးက ဤလို

အမှုမျိုးတွင် အနည်းဆုံး ထောင်ဒဏ် ၂ နှစ်ပေးရမည်ကို သိရှိသော်လည်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်သည့် ပြစ်ဒဏ်ဖြစ်သော ထောင်ဒဏ် ၁ နှစ်ပေးခြင်းမှာ သိသိသာသာကြီးမှားယွင်း ချတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေသည်၊ ၎င်းပြင် အောက်ရုံးတရားသူကြီးက အဘယ်ကြောင့် ညှာတာခြင်း အကြောင်းနှင့် ပတ်သက်၍ အခြောင်းပြချက်များမှာ ထည့်သွင်းစဉ်းစားရန် မဟုတ်ပေ၊ တရားမဝင်ဖြစ်သည်။

ယခုအခါ တော်လှန်ရေး အစိုးရက ယင်းကဲ့သို့ မတရားအသင်း အက်ဥပဒေနှင့် ပတ်သက်သော ပြစ်မှုမျှားကို အထူးရုဇဝတ်ရုံးနှင့် စစ်ဆေးနေသည်။ တိုင်းပြည် လုံခြုံမှုအတွက် အလွန်အရေးကြီးသည့် အမှုဖြစ်ရကား အပြစ်ပေးရာတွင် ဟန့်တား စေလိုသောသဘောဖြင့် ကြီးလေးသော အပြစ်ဒဏ်ကို ပေးထားသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီး တင်ပြ ထောက်ခံချက်ကို အတည်ပြုလက်ခံ၍ အောက်မူလရုံးက ချမှတ်သောအမိန့်ကို ပယ်ဖျက်ပြီး၊ အောက်ပါအတိုင်း ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားခံရသူ မောင်ထွန်းစိန် (မူလတရားခံ) သည်၊ မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ ပြစ်မှုမြောက်သည်ကို တွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်တိတိကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆

ဒီဇင်ဘာလ ၁၀ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

မောင်ဘ (အယူခံတရားခံ)*

ကျွဲနွား သတ်ဖြတ်ခြင်းတားမြစ်ရေးအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ ၂—အမဲသားတွေ့ရှိသူတိုင်းသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့် အရ၊ သတ်ဖြတ်ခဲ့သည့်ကျွဲနွား၏အသား ဖြစ်သည်ဟု သက်သေ ထင်ရှားအောင် ပြသရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကျွဲနွား သတ်ဖြတ်ခြင်း တားမြစ်ရေး အက်ဥပဒေသည်၊ ၁၉၄၇ ခုနှစ် က ထုတ်ပြန်ခဲ့သည့် ဥပဒေတရပ်ဖြစ်သည်။ ထိုဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ ၂ တွင် အမဲသားတွေ့ရှိသူတိုင်းသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့်အရ သတ်ဖြတ်ခဲ့သည့် ကျွဲနွား၏ အသားဖြစ်သည်ဟု သက်သေထင်ရှားအောင် ပြသရန် တာဝန်ရှိလေသည်။ ၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၀ က ထိုပုဒ်မခွဲ ၂ ကို ပယ်ဖျက်ခဲ့၏။ အဆိုပါ ၁၉၅၀ ခုနှစ်၊ အက်ဥပဒေကိုပြဋ္ဌာန်းသည့် နောက်ပိုင်းတွင် တရားခံထံ၌ တွေ့ရှိသော အမဲသားသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့် မရှိဘဲ သတ်ဖြတ်သော ကျွဲနွား၏ အသားဖြစ်ကြောင်းသက်သေထူရန် တရားလိုဘက်သို့ပြန်၍ ရောက်လာပေသည်။ သို့ရာတွင် ၁၉၆၀ ခုနှစ် အက်ဥပဒေအမှတ် ၉ က ကျွဲနွားသတ်ဖြတ်ခြင်း တားမြစ်ရေး အက်ဥပဒေပုဒ်မ ၃ ၏ပုဒ်မခွဲ ၂ ကိုမူလအတိုင်း ပြန်လည် ၍ပြဋ္ဌာန်းခဲ့သည့် အလျောက် တွေ့ရှိသော အမဲသားသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်အရ၊ သတ်ဖြတ်ခဲ့သည့် ကျွဲနွား၏ အသားဖြစ်ကြောင်း ထင်ရှားအောင် ပြသရန် တာဝန်မှာ အမဲသားနှင့် တွေ့ရှိသူအပေါ် ပြန်၍ ကျရောက်နေပေသည်။

အယူခံတရားလိုအတွက်။ ။**အစိုးရရှေ့နေကြီး ဦးသိန်းဟန်**။

အယူခံတရားခံအတွက်။ ။ဒေါက်တာ ဘဘင်။

တရားသူကြီး ဦးသက်ဖေ။ ။ပြည်မြို့၊ မြို့မရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၁၁ တွင်၊ အယူခံတရားခံ မောင်ဘနှင့်ငင်း၏ညီ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၁၃၂။

† ၁၉၆၅ ခုနှစ်၊ရာဇဝတ်အယူခံမှုအမှတ် ၄၄ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊နိုဝင်ဘာလ ၁ ရက် နေ့စွဲပါ ပြည်မြို့၊ စက်ရွင်တရားသူကြီး၏ အမိန့် ကို အယူခံမှု။

မောင်လှတို့အပေါ် ကျေးနွှား သတ်ဖြတ်ခြင်း တားမြစ်ရေး ဥပဒေပုဒ်မ ၃ အရ၊ ရုံးဆင်းရုံးတက် ထောင်ဒဏ်နှင့် ဒဏ်ငွေ ၅၀ ကျပ် စီပေးဆောင်ရန်နှင့် ပျက်ကွက်ပါက နောက်ထပ်အလုပ်နှင့်ထောင်ဒဏ် ၄ လစီ ကျခံစေရန် စီရင်ခြင်းခံရသည်။ ၎င်းတို့ကမူကျေနပ်သဖြင့် အယူခံဝင်ရာ၊ ပြည်မြို့၊ စက်ရှင်ရုံး၏ ၁၉၆၅ ခုနှစ်၊ ဇူလိုင် အယူခံမှုအမှတ် ၄၄ ၌ အောက်ရုံး၏ စီရင်ချက်နှင့် ပြစ်ဒဏ်တို့ကိုပယ်ဖျက်ကာ ၎င်းတို့နှစ်ဦးအား တရားသေ လွှတ်လိုက်သည်၊ အယူခံတရားခံ မောင်ဘအား ယင်းသို့ တရားသေ လွှတ်လိုက်သော အမိန့်ကို ပယ်ဖျက်ပေးရန်၊ ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။ မောင်လှအား တရားသေလွှတ်သည့် အမိန့်ကိုမူ အယူခံဝင်ခြင်း မရှိပေ။

အမှုဖြစ်ပွါးပုံ အတွေ့ပွတို့ အကျဉ်းချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၅ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့ည ၁၁ နာရီခန့် အချိန်တွင်၊ ပြည်မြို့၊ မူရာပင်ရပ်ကွက်နေ အယူခံတရားခံ မောင်ဘ၏နေအိမ်သို့ ရဲစခန်းမှူး ဦးသန်းသည် သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်အောက်ထပ်၌ အမဲသားစိမ်း ၂၅ ပိဿာခန့်တွေ့ရသည်၊ မောင်ဘက အမဲသားများမှာ ညီဖြစ်သူ မောင်လှ၏ ပစ္စည်းဖြစ်ကြောင်း ပြောသည့်အပြင်၊ နောက်နေ့တွင် မောင်လှကလည်း မိမိ၏ ပစ္စည်းဖြစ်ကြောင်း ဝန်ခံသဖြင့်၊ မောင်ဘနှင့် မောင်လှညီအစ်ကို နှစ်ဦးစလုံးကို ရုံးတင်တရားစွဲဆိုသည်။

အယူခံတရားခံ မောင်ဘက၊ ၁၉၆၅ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့၌ ဗလီတွင် အလှူဒါနပြုရန်အတွက်ညီဖြစ်သူ မောင်လှအား အမဲဟင်းလျာ ဝယ်ခိုင်းရာ၊ မောင်လှက ပြည်မြို့၌ အမဲသားတပိဿာ ၅ ကျပ် ဈေးပေးရသဖြင့် ဈေးနည်းသည့် မှော်ဇာမှ ၁၀်မည်ဟုပြောသွားကြောင်း၊ ၁၉၆၅ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့ည ကျောင်းတွင် အစည်းအဝေးရှိသဖြင့်၊ ည၉်နာရီမှ ပြန်လာပြီး အိပ်ရာဝင်ရာ၊ ရဲများလာဆောက် ဘမ်းဆီးမှ အမဲသားများကို မောင်လှက အိမ်အောက်တွင် ထားသွားသည်ကို သိရကြောင်း ထုချေသည်။ မောင်လှက မှော်ဇာ သူကြီး ဦးဟံသောင်း၏ ထောက်ခံချက်ကိုတောင်း၍၊ မှော်ဇာအမဲလိုင်စင်စီ ကိုသန်းမောင်ထံမှ အမဲသား ၂၅ ပိဿာကို အလှူလုပ်ရန် ဝယ်လာခဲ့ကြောင်း ထုချေသည်၊ သို့ရာတွင် မူလရုံး ပညာရှိ တရားသူကြီးသည် ၎င်းတို့၏ ထုချေချက်များကို လက်မခံဘဲ၊ အထက်၌ ဖေါ်ပြခဲ့သည့် အတိုင်း အပြစ်ဒဏ် အသီးသီး ချမှတ်ခဲ့သည်။

အောက်ရုံးအယူခံတွင်၊ ပညာရှိ စက်ရှင်တရားသူကြီးက၊ မောင်လှ သည် မောင်ဘနှင့် တအိမ်စီ နေထိုင်သူဖြစ်သည်၊ ကျေးနွှား သတ်ဖြတ်ခြင်း တားမြစ်ရေး ဥပဒေပုဒ်မ ၃ က မတရားသတ်ဖြတ်ခဲ့သည့် အမဲသား လက်ရှိတွေ့သူ ကို အပြစ်ပေးရမည်ဟု ပြဋ္ဌာန်းထားသဖြင့်၊ အမဲသား လက်ရှိတွေ့သူ မဟုတ်သည့် မောင်လှအား အပြစ်

ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
မောင်ဘ။

၁၉၆၆

မပေးနိုင်ကြောင်း၊ အမဲသားစိမ်း တွေ့ရှိတိုင်း ထိုအမဲသားသည် အခွင့်အမိန့်မရှိဘဲ၊ ကျွဲ၊နွား သတ်ဖြတ်ထားသည့် အသားဟု မယူဆနိုင်သည်ကာ တကြောင်း၊ အယူခံတရားခံ မောင်ဘထံမှ တွေ့ရှိသော အမဲသားမှာ မှော်ဇာရွာ အမဲလိုင်စင်စီ မောင်သန်းမောင်ထံမှ ရောင်းချလိုက်သည့် အမဲသား ဖြစ်သည်ဟု သက်သေထူထားပြီးဖြစ်သည်ကတာကြောင်း၊ ထိုအကြောင်းများကြောင့် အယူခံ တရားခံ မောင်ဘသည် ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

(ကျွဲ၊နွား သတ်ဖြတ်ခြင်း တားမြစ်ရေး ဥပဒေသည် ၁၉၄၇ ခုနှစ်ကထုတ်ပြန်ခဲ့သည့် ဥပဒေတရပ်ဖြစ်သည်၊ ထိုဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ ၂ တွင်၊ အမဲသားတွေ့ရှိသူတိုင်းသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုမိန့်အရ သတ်ဖြတ်ခဲ့သည့် ကျွဲ၊နွား ၏ အသားဖြစ်သည်ဟု သက်သေထင်ရှားအောင် ပြသရန် တာဝန်ရှိလေသည်၊ ၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၈ က ထိုပုဒ်မခွဲ ၂ ကို ပယ်ဖျက်ခဲ့၏။ အဆိုပါ ၁၉၅၈ ခုနှစ်၊ အက်ဥပဒေကို ပြဋ္ဌာန်းသည့် နောက်ပိုင်းတွင် တရားခံထံ၌ တွေ့ရှိသော အမဲသားသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုမိန့်မရှိဘဲ သတ်ဖြတ်သော ကျွဲ၊နွား၏ အသားဖြစ်ကြောင်း သက်သေထူရန် တရားလိုဘက်သို့ပြန်၍ ရောက်လာပေသည်)။ အောက်ရုံးပညာရှိ စက်ရှင် တရားသူကြီးသည် ထို ၁၉၅၈ ခုနှစ်၊ ဥပဒေကို ကိုးကားလျက်၊ အယူခံတရားခံထံ၌ တွေ့ရှိခဲ့သော အမဲသားသည် အခွင့်အမိန့်မရှိဘဲ သတ်ဖြတ်ထားသည့် ကျွဲ၊နွား၏ အသားဖြစ်ကြောင်း တရားလိုဘက်မှ သက်သေထူခဲ့ခြင်း မရှိဟု အဆုံးအဖြတ် ပြုခဲ့လေသည်၊ ထိုကိစ္စနှင့်ပတ်သက်၍ ပညာရှိ စက်ရှင် တရားသူကြီးသည် (၁၉၆၀ ခုနှစ်၊ အက်ဥပဒေအမှတ် ၉) ကို သတိမူခဲ့မိဟန်မတူပေ။ ထိုအက်ဥပဒေက (ကျွဲ၊နွား သတ်ဖြတ်ခြင်း တားမြစ်ရေး ဥပဒေပုဒ်မ ၃ ၏ ပုဒ်မခွဲ ၂ ကို မူလအတိုင်းပြန်လည်၍ ပြဋ္ဌာန်းခဲ့သည့်အလျောက်၊ တွေ့ရှိသောအမဲသားသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုချက်အရ သတ်ဖြတ်ခဲ့သည့် ကျွဲ၊နွား၏ အသားဖြစ်ကြောင်း ထင်ရှားအောင် ပြသရန် တာဝန်မှာ အမဲသားနှင့် တွေ့ရှိသူအပေါ် ပြန်၍ ကျရောက်နေပေသည်)။

ထိုတာဝန် နှင့် ပတ်သက်၍ အယူခံ တရားခံ မောင်ဘက၊ အမဲသားများကို မှော်ဇာ အမဲလိုင်စင်စီ မောင်သန်းမောင်နှင့် မှော်ဇာသူကြီး ဦးဟံသောင်းတို့အား သက်သေထူခဲ့သည်၊ ဦးဟံသောင်းက မောင်လှသည် မှော်ဇာရွာမှ အမဲသားဝယ်ယူခွင့် တောင်းသဖြင့် ခွင့်ပြုလိုက်ကြောင်း၊ အမဲလိုင်စင်စီ မောင်သန်းမောင်က မောင်လှအား သူကြီး၏ ခွင့်ပြုချက်အရ အမဲသား ၂၅ ပိဿာ ရောင်းလိုက်ကြောင်း ထွက်ဆိုသွားကြသဖြင့်၊ အယူခံတရားခံ မောင်ဘထံ၌ရှိခဲ့သော အမဲသားများမှာ၊ သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်အရ သတ်ဖြတ်ခဲ့သည့် ကျွဲ၊နွား၏ အသား

ဖြစ်ကြောင်းထင်ရှားသည်ဟု ဆိုရမည်ဖြစ်သည်။ အမဲသားများကို လိုင်စင်စီ နယ်နိမိတ်တစ်ခု အတွင်းသို့ အခြားလိုင်စင်စီက ရောင်းချခြင်း မပြုရဟုဆိုသော အချက်နှင့်ပတ်သက်၍မူ မှော်ဇာအမဲလိုင်စင်စီအပေါ်သာ အရေးယူရန်ရှိပေသည်။ အယူခံတရားခံ မောင်ဘအပေါ် ကျွဲနွားသတ်ဖြတ်ခြင်း တားမြစ်ရေး ဥပဒေအရ အရေးမယူသင့်၊ မယူနိုင်ပေ။

ပညာရှိစက်ရှင် တရားသူကြီးက၊ အယူခံတရားခံ မောင်ဘအနေဖြင့် ၎င်းထံမှ တွေ့ရှိ သော အမဲသားများမှာ အမိန့်အရ ကျွဲနွားကို သတ်ဖြတ်ထားသည့် အသားဖြစ် ကြောင်း သက်သေထူရန် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားပြီးဖြစ်သည်ဟု ယူဆထားရာ ထိုယူဆချက်သည် အမှုတွင်ပေါ်ပေါက်လျက်ရှိသော သက်သေ ထွက်ဆိုချက်များအရ မှားယွင်းချွတ်ချော်သည့် ယူဆချက်တခု မဟုတ်ကြောင်း ပုံမှားဖွယ်မရှိချေ။ ယင်းသို့မှားယွင်းချွတ်ချော်သည့် အမိန့်မဟုတ်လျှင် ဤရုံးအနေဖြင့် ထိုအမိန့်အား ဝင်ရောက် စွက်ဖက်ရန်အကြောင်း မပေါ်ပေါက်နိုင်ပေ။

တရားခံတဦးအား တရားသေလွဲတတ်သည့်အမိန့်ကို အယူခံဝင်ရာတွင် အောက်ရုံး၏ ယူဆချက် ကို အလေးပေးရမည်ဖြစ်ပြီး၊ အပြစ်ရှိကြောင်း ထင်ရှားအောင် မပြနိုင်သရွေ့ တရားခံသည် အပြစ်မရှိဟု ကောက်ယူရမည့် ကနဦးယူဆချက်မှာ တရားသေလွဲတတ်သည့် အမိန့်က ပိုမို ခိုင်လုံစေသဖြင့် အောက်ရုံး၏ အမိန့်မှာပါစင်အောင် မှားယွင်း ချွတ်ချော် နေသည့်အခါမျိုး တွင်သာလည်းကောင်း။ သို့တည်းမဟုတ် တရားမျှတမှု လုံးဝကင်းမဲ့ နေသည့် အခါမျိုးတွင် သာလည်းကောင်း အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက် ရမည်ဖြစ်ကြောင်း စီရင်ထုံး အမြောက်အများတွင် မူသတ်မှတ်ထားပြီးဖြစ်သည်။ ယခုအမှုတွင် အထက်၌ ဖော်ပြခဲ့သည့် အတိုင်း အောက်အယူခံရုံး၏ အမိန့်မှာ ပါစင်အောင် မှားယွင်းချွတ်ချော်နေသည်။ တရားမျှတမှု လုံးဝကင်းမဲ့နေသည်ဟု မဆိုနိုင်၍ ထိုအမိန့်အား ပယ်ဖျက်ရန်အယူခံဝင်လာသည့် ဤအယူခံမှုကို ပလပ်လိုက်သည်။

B

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ဇွေတင်

† ၁၉၆၆ ပြည်ထောင်စုမြန်မာနိုင်ငံ ဦးဇွဲကြည် (ပြင်ဆင်ရန်လျှောက်ထားသူ)

ဖိုဇာ်ဘလ ၂ ရက်။

နှင့်

မောင်ဘညိမ်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

ရာဇသတ်ကြီးပုဒ်မ ၃၃၇ အရ မူပြစ်ထင်ရှားစီရင်ခြင်း—၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၂၃(၂) ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၃၃၇ အရပြစ်ဒဏ်ချမှတ်ရာတွင် ၁၉၆၄ ခုနှစ်၊မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၃(၂)ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရမည်။ လျှောက်ထားခံရသူသည် ဟီးနိုးကားမောင်းရာတွင် အစီးရှိပိုင်ဓါတ်တိုင်ကို ဝင်တိုက်သဖြင့်၊ ထိုဓါတ်တိုင်ကို ပြင်ဆင်ရသည့် အတွက် ပြင်ဆင်ခနှုန်းထားမှာ ၄၃၀ဝ ဖြစ်ရာ ၎င်းငွေကို လျှောက်ထားခံရသူက လျော်ကြေးပေးရန် ဖြစ်သည်။ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် ၄ လကျခံစေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အာစိုးရရွှေနေကြီး ဦးမျိုးထွန်းလင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ကိုဘညိမ်း ကိုယ်တိုင်။

တရားသူကြီး ဦးချစ်။ ။ရန်ကုန်မြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီးမုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၉၄ တွင် လျှောက်ထားခံရသူ (တရားခံ) မောင်ဘညိမ်း အပေါ် ရာဇသတ်ပုဒ်မ ၃၃၇ အရ၊ ပြစ်မှုမြောက်သည်ကိုတွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၄ လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အမှုကြောင်းခြင်းရာ အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ မောင်ဘညိမ်းသည်သယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် ဟီးနိုးကား မောင်းသူဖြစ်ခဲ့သည်။ ၁၉၆၅ ခု၊

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၇ (ခ)။

† ၁၉၆၅ ခုနှစ်၊ရာဇဝတ်ကြီးမှုအမှတ် ၂၉၄ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊နိုဝင်ဘာလ ၄ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ ပဌမရာဘက်တရားသူကြီး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ပြည်ထောင်စု
မြန်မာနိုင်ငံ
ဦးရွှေကြည်
နှင့်
မောင်ဘညိမ်း။

ဖေဖြေလ ၁ ရက်နေ့သည် ၁၂ နာရီအချိန်ခန့်တွင် ဟီးနိုးအထူးယာဉ် အမှတ် စ/၇၁၂၇ ကို မောင်း၍ အလုပ်သမားများကို နေအိမ်သို့ ပြန်ပို့ရန် ကုန်သည်လမ်းအတိုင်း လင်းစဒေါင်းမှ အနောက်သို့ တနာရီလျှင် မိုင် ၃၀၊ ၃၅ မိုင်နှုန်းဖြင့် မောင်းလာရာ၊ ဂန္ဒီဆေးရုံရွှေရောက်လျှင် မော်တော်ကား၏ ဘရိတ်ကို အုပ်လိုက်ရာမှ ကားသည် လက်ျာဘက်သို့ကွေ့သွားပြီး ဂန္ဒီဆေးရုံ၏ အုတ်နံရံကို ဝင်တိုက်သဖြင့် အုတ်နံရံ ပျက်စီးသွားလေသည်။ ထို့အပြင် ကုန်သည်လမ်းနှင့် အိဒင်လမ်းဒေါင့်ရှိ လျှပ်စစ် ခါတ်အားပေးရေး အဖွဲ့ပိုင် လမ်းခါတ်မီးတိုင်ကို ဝင်တိုက်ပြန်ရာ ခါတ်တိုင်ကျိုးကျ၍ ပျက်စီးသွားသည်။ ကားပေါ်တွင် လိုက်လာသော မောင်ထွန်းကြည်နှင့် မောင်သန်းကြည်တို့တွင် ဒဏ်ရာအသီးသီးရှိသွားသည်။

ယင်းကားကို မောင်ဘညိမ်းက မစူးစမ်း မဆင်ခြင် အရမ်းမဲ့ မောင်းမှုဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၃၇ အရ၊ တရားစွဲဆို၍ ရုံးတော်သို့ တင်ပို့ရာ ရုံးတော်က မောင်ဘညိမ်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၃၇ အရ၊ စွဲချက်တင်ရာတွင် ၎င်းက အပြစ်ရှိပါသည်ဟု ဝန်ခံသဖြင့် ၎င်းအား အလုပ်နှင့် ထောင်ဒဏ် ၄ လကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ယင်းကဲ့သို့ချမှတ်သောအမိန့်မှာ တရားဥပဒေနှင့်ညီ မညီကို ရန်ကုန်ခရိုင် ခရိုင်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၅ ကို ဖွင့်လေသည်။ ပညာရှိ ခရိုင် ရာဇဝတ်တရားသူကြီးက မောင်ဘညိမ်း အပေါ် အောက်ရုံးက ရာဇသတ်ကြီးပုဒ်မ ၃၃၇ အရ ပြစ်မှုမြောက်သည်ကို တွေ့ရှိရ၍ အလုပ်နှင့် ထောင်ဒဏ် ၄ လကျခံစေရန် ချမှတ်သော အမိန့်ကို မည်သို့မျှပြောဆိုရန် မရှိသော်ငြားလည်း အောက်ရုံး တရားသူကြီးသည် ယင်းကဲ့သို့ ပြစ်ဒဏ်ချမှတ်ရာတွင် ၁၉၆၄ ခုနှစ်၊ မော်ဘော်သာဉ ဥပဒေပုဒ်မ ၂၃(၂) ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစား ခြင်းမရှိခဲ့ပေ။ အချင်းဖြစ်နေ့သည် ၁၉၆၅ ခု၊ ဧပြီလ ၂ ရက်နေ့ဖြစ်သည်။ ထိုဥပဒေပြဋ္ဌာန်းထားသောနေ့မှာ ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ဖြစ်သဖြင့် ထိုဥပဒေအာဏာတည်ဆဲအချိန်တွင် ဖြစ်ပွါးသော အမှုဖြစ်သည်။ မောင်ဘညိမ်းသည် ဟီးနိုးကား မောင်းရာတွင် အစိုးရပိုင် ခါတ်တိုင်ကို ဝင်တိုက်သဖြင့်၊ ထိုခါတ်တိုင်ကို ပြင်ဆင်ရသည့်အတွက် ပြင်ဆင်ခ နှုန်းထားမှာ ၄၃၀ ကျပ် ၆ ပြားဖြစ်ရာ ၎င်းငွေကို မောင်ဘညိမ်းက လျော်ကြေးပေးရန် ဖြစ်သည်။ မောင်ဘညိမ်းမှာ ယခုအခါ ထောင် ၄ လအကျဉ်းခံပြီး လွတ်လာခဲ့ပြီးဖြစ်သည်။ ကျန်ပ်ရှေ့တွင် အမှုခေါ်ရာ၌ မောင်ဘညိမ်း ရောက်ရှိလာ၍ ၎င်းအား အစိုးရပိုင် ခါတ်တိုင်ကို ဖျက်ဆီးသည့် အတွက် လျော်ကြေးပေးရန် ဥပဒေက ပြဋ္ဌာန်းထားကြောင်း ရှင်းလင်း ပြရာတွင်၊ ၎င်းက အလုပ်နှင့် ထောင်ဒဏ် ၄ လလည်းခံပြီးပါပြီ။ ယခုအလုပ်လက်မဲ့ဖြစ်နေ

သဖြင့် ရေထမ်းစားရသောကြောင့် တစ်နေ့ဝင်ငွေမှာ ဒီ၊ ဒီ · ၂၅ ပြားလောက်သာ ဖြစ်ပါ သည်။ ကလေးငယ် ၆ ယောက်ရှိသဖြင့် လျော်ကြေးကို ပေးနိုင်စွမ်းမရှိပါဟု လျှောက်ထား သည့်အပြင် ကျမ်းသစ္စာပြုလုပ်၍လည်း တင်ပြသည်။ ၎င်းပြင် မောင်ဘညိမ်းမှာ မရိုဆင်းရဲ သားဖြစ်ကြောင်း၊ မိုခိုသူ ဇနီးနှင့် ကလေးငယ်များရှိကြောင်း၊ ယခုအခါ အလုပ်လက်မဲ့ဖြစ် နေကြောင်း စသည်တို့နှင့်ပတ်သက်၍ ထောက်ခံချက်များကို ရပ်ကွက်ကော်မီတီ လူကြီးများ ထံမှသော်လည်းကောင်း၊ လ·အ·က·မှသော်လည်းကောင်း ပေးထားသည်ကို ရုံးတော်သို့ တင်ပြသည်။

မောင်ဘညိမ်းမှာ ယခုအခါ အလုပ်လက်မဲ့ဖြစ်၍ မိုခိုသူဇနီးနှင့် ကလေးများ ရှိကြောင်း၊ ဆင်းရဲစွာ နေထိုင်ရကြောင်း ရုံးကသဘောပေါက်သည်။ သို့ရာတွင် မည်သို့ပင် ထောင်ဒဏ် အပြစ်ခံပြီးဖြစ်သော မောင်ဘညိမ်းအပေါ် ညှာတာလိုသော စိတ်ထားရှိသော်ငြားလည်း ကျွန်ုပ်သည် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၃ (၂)ပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်၍ ဆောင်ရွက်နိုင်စွမ်းမရှိပေ။ အစိုးရအနေနှင့် ဓာတ်တိုင်ပျက်စီးသောကြောင့် ပြင်ဆင်ရသည့်အတွက် ၄၃၀ ကျပ် ၆ ပြားကုန်ခဲ့သည်မှာ အငြင်းမထွက်ပေ။ ထိုကုန်ကျ ငွေကို မောင်ဘညိမ်းက လျော်ရန်သာရှိပေသည်။

ထို့ကြောင့် မောင်ဘညိမ်းသည် ထိုဥပဒေပုဒ်မ ၂၃ (၂)နှင့် အညီ ငွေ ၄၃၀ ကျပ် ၆ ပြားကို လျော်ကြေးပေးရန်ဖြစ်သည်။ ထိုလျော်ကြေးမပေးက ငွေဒဏ်ကဲ့သို့ မောင်ဘညိမ်း အပေါ် တပ်ရိုက်ပြီး အရတောင်းခံယူရန်ဖြစ်သည်။ ယင်းငွေဒဏ် မပေးနိုင်လျှင် ငွေဒဏ်နှင့် အညီ ထိုက်သင့်သော အလုပ်နှင့်ထောင်ဒဏ် နောက်ထပ် ချမှတ်ရမည်ဖြစ်သည်။

ထိုအကြောင်းကို မောင်ဘညိမ်းအား ရှင်းလင်းပြောပြရာတွင် မောင်ဘညိမ်းက နောက်ထပ် ထောင်ကျမခံလိုပါ။ အစိုးရ ဆုံးရှုံးနစ်နာသော ငွေကိုလျော်ကြေးငွေ အဖြစ်နှင့် ပေးပါမည်။ သို့သော်လည်း တစ်ခါတည်းမပေးနိုင်ပါ။ အရစ်ကျပေးခွင့်ပြုရန် တောင်းပန် သဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

မောင်ဘညိမ်းသည် အစိုးရကုန်ကျသည့် ငွေဖြစ်သော ၄၃၀ ကျပ် ၆ ပြားကို လျော်ကြေးအဖြစ် ပေးသွင်းစေ။ ပျက်ကွက်အလုပ်နှင့် ထောင်ဒဏ် ၄ လကျခံစေ၊ ထိုကဲ့သို့ လျော်ကြေးပေးဆောင်ရာတွင် တစ်လလျှင် တစ်ကြိမ်နှင့် အရစ်ကျ ၃ ကြိမ်ပေးဆောင်စေ။ အရစ်ကျ ပေးဆောင်ခြင်း ပျက်ကွက်ခဲ့လျှင် အထက်တွင် ချမှတ်ခဲ့သည့်အတိုင်း အလုပ် နှင့်ထောင်ဒဏ် ၄ လ ကျခံစေ။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရွှေထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်ဝိုင်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဒီဇင်ဘာလ ၂၉ ရက်။

လက်နက် အက်ဥပဒေပုဒ်မ ၁၉ (စ) အရ မူပြစ် ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူ ကိုင်ဆောင်သော ကျည်ဆံများမှာ အလွန်များပြား နေ၍၊ တပ်မတော်သားဘဦး ကိုင်ဆောင်သော ခဲယမ်းမီးကျောက်များလောက် ရှိသည်။ ယင်းသို့ အခွင့်အမိန့် မရှိဘဲ ခဲယမ်းမီးကျောက်များကို ကိုင်ဆောင်ခြင်းမှာ တိုင်းပြည် လုံခြုံရေးကို များစွာ ထိခိုက်စေနိုင်သည်၊ ဤကဲ့သို့ အမှုမျိုးတွင် ဟန့်တားစေသော ပြစ်ဒဏ်များကိုပေးမှသာ ပြစ်မှုမျိုးကို ကျူးလွန် နေသူများအား ပညာပေးရာ ကျပေလိမ့်မည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ (မူလတရားခံ) မောင်ဝိုင်းအပေါ် လက်နက်အက်ဥပဒေပုဒ်မ ၁၉ (စ) အရ ပြစ်မှုကျူးလွန်သည်ကို တွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ် တနှစ်ကျခံစေရန်၊ မြန်အောင်မြို့၊ ဒုတိယရာဘာက်ရာဇဝတ် တရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၄၁ တွင် အမိန့်ချမှတ်ခဲ့သည်။

ပြစ်ဒဏ်နှင့် ပတ်သက်၍၊ ဟသ်ာတမြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ တွင် သုံးသပ်ရာ၌၊ လျှောက်ထားခံရသူ မောင်ဝိုင်းအပေါ် အလုပ်နှင့် ထောင်ဒဏ် တနှစ်ထဲပေးထားခြင်းမှာ ပြစ်မှုနှင့် နှိုင်းစာလျှင် အလွန်အလွန်

---

* ၁၉၆၆ ခုနှစ် ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂၁၁ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့စွဲပါ၊ မြန်အောင်မြို့၊ ဒုတိယရာဘာက် (အထူးအာဏာရ) ရာဇဝတ် တရားသူကြီး၏ အမိန့် ကိုပြန်၍ ဆင်ခြင်မှု။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ဝိုင်း။

နည်းလွန်းနေသည်ကို တွေ့ရှိရကြောင်း။ လျှောက်ထားခံရသူ၌ ၃၀၃ ဘို ရိုင်ဖယ် ကျည်ဆံ ၁၀၀ နှင့် ကျည်ကပ် ၁၀ ခု၊ ကျည်ဆံထည့်သောအိတ်တခုကို အခွင့်အမိန့် မရှိဘဲ ကိုင်ဆောင်ထားသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ သောင်းကျန်းသူများထံသို့ ရောင်းစားနိုင်စရာအကြောင်းရှိသည်ဟု ခရိုင်ရာဇဝတ်တရားသူကြီးက ယူဆပေသည်။ ထို့ကြောင့် အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်အထိ တိုးမြှင့်ပေးပါရန် ဤရုံးသို့ ထောက်ခံတင်ဆက်ထားသည်။

လျှောက်ထားခံရသူ မောင်ဝိုင်းထံသို့ ဤရုံးကအကြောင်းကြားစာပို့သည်။ ထို အကြောင်းကြားစာကို လျှောက်ထားခံရသူ လက်ခံရရှိကြောင်း တွေ့ရှိရသည်။

အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော အစိုးရဌေးနေကြီး ဦးမျိုးထွန်းလင်းက ခရိုင်ရာဇဝတ်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံသင့်ပါသည်ဟု တင်ပြသွားသည်။

ဤအမှုကို အသေးစိတ်သုံးသပ်ရာတွင် တွေ့ရှိရသည်မှာ (လျှောက်ထားခံရသူ မောင်ဝိုင်း ကိုင်ဆောင်သော ကျည်ဆံများမှာ အလွန်များပြားနေ၍ ဈေးမတော်သား တဦး ကိုင်ဆောင်သော ခဲယမ်းမီးကျောက်များလောက်ရှိသည်။ ယင်းသို့ အခွင့်အမိန့် မရှိဘဲ ခဲယမ်းမီးကျောက်များကို ကိုင်ဆောင်ခြင်းမှာ တိုင်းပြည်လုံခြုံရေးကို များစွာ ထိခိုက်စေနိုင်သည်) ။ဤအမှုမျိုးတွင် စံနမူနာပြသော ဟန့်တားသည့် ပြစ်ဒဏ်မျိုးကို ပေးရန်လိုအပ်ပေသည်။ ယခုအခါ တိုင်းပြည်၌ လက်နက်နှင့် တကွ ခဲယမ်းမီးကျောက်များကို ကိုင်ဆောင်၍ တိုင်းပြည်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်နေကြောင်း တွေ့ရှိရသည်။ (ဤကဲ့သို့ အမှုမျိုးတွင် ဟန့်တားသော ပြစ်ဒဏ်များကို ပေးမှသာ ဤကဲ့သို့ပြစ်မှုမျိုးကို ကျူးလွန်နေသူများအားပညာပေးရာကျပေလိမ့်မည်။)

ဤကြောင့် ဟင်္သာတမြို့၊ ခရိုင်ရာဇဝတ်တရားသူကြီး၏ ထောက်ခံချက်ကို အတည်ပြု လက်ခံပြီး၊ လျှောက်ထားခံရသူ မောင်ဝိုင်းအပေါ် လက်နက်ဥပဒေပုဒ်မ ၁၉ (စ) အရ ပြစ်ဒဏ်မြောက်သည်ကို တွေ့ရှိရ၍ အလုပ်နှင့် ထောင်ဒဏ်တနှစ်အစား၊ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်အထိ တိုးမြှင့်ပြီး ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးဘလှ ပါ ၄ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ) *

† ၁၉၆၆ နိုဝင်ဘာလ ၂၆ ရက်။

နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၅(၁)/၂၄ အရမူပြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။အမှုဘွင့်ပါဝင်နေသည့် ပစ္စည်းများမှာ နိုင်ငံခြားအမေရိကံ ဒေါ်လာငွေစက္ကူများကို မတရားရောင်းဝယ်ဖေါက်ကားရန် အားထုတ်ခြင်းဖြစ်သဖြင့်ထိုကဲ့သို့ ရောင်းဝယ်ဖေါက်ကားခြင်းကြောင့် အစိုးရ၏ စီးပွါးရေးစီမံကိန်းကို များစွာထိခိုက်ရန်ရှိနေသည်မှာ ထင်ရှားနေတော့သည်။ ထို့အတွက်ပင် ၎င်းကဲ့သို့ အမှုမျိုးတွင် နောက်နောင် ကျူးလွန်ခြင်း မဖြစ်စေရန် ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်သင့်ကြောင်းကို ဤရုံးမှ အကြိမ်ကြိမ်ညွှန်ကြားလွှာများထုတ်ထားခဲ့ပြီးဖြစ်ပေသည်။

ပြစ်ဒဏ်ချမှတ်ရာ၌ ဟန့်တားလောက်သည့် ပြစ်ဒဏ်ကိုချမှတ်ခြင်း မပြုမူ၊ အစိုးရ၏ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေ၏ရည်ရွယ်ချက်မှာ လုံးဝပျက်ပြယ်သွားရန်ရှိကြောင်းကို အသူးသဘိချပ်ရန် လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော်ယခုကဲ့သို့အရေးကြီးသည့် ပြစ်မှုမျိုးအတွက် အောက်ရုံးမှချမှတ်ခဲ့သည့် စတိပြစ်ဒဏ်မျိုးသာ ပေးခဲ့ပြီး၊ ဟန့်တားသည့်ပြစ်ဒဏ်မျိုးကို မချမှတ်မှု နောင်ကို အလားတူအမှုမျိုးများလျော့နည်းသွားမည်မဟုတ်သောကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် ဤအကြောင်းခြင်းရာနှင့်စာသော် အောက်ရုံးမှပေးထားသည့် ပြစ်ဒဏ်မှာ တရားမျှတခြင်း ဖြစ်သည်ဟု မည်သို့မျှမဆိုနိုင်။ တရားမဏ္ဍိုင်ပင် တိမ်းစောင်းစရာရှိနေသည်ဟု ယူဆရန်ရှိပေသည်။ အမှုတွင် လျှောက်ထားခံရသူများသည်ပြစ်ဒဏ်ကိုခံခဲ့ရသည်မှာ ၈ လခန့်ကြာမြင့်ခဲ့ပြီးဖြစ်သည့်ဖြင့် ဒုတိယ အရစ်အနေနှင့် ပြစ်ဒဏ်ကိုခံယူရန်မှာမူအရ သင့်တော်သည်ဟု မဆိုနိုင်လင့်ကစား၊ တရားမျှတမှု ဖြစ်စေရန် သင့်ဘော်သည့်ထောင်ဒဏ်တိုးမြှင့်ဝေးသင့်သည်ဟုထင်မြင်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၄ (ခ) (ရာဇဝတ်အယူခံမှုအမှတ် ၁၅၀/၆၆ နှင့်ဆက်စပ်သည်)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝသ်ကြီးမှုအမှတ် ၄ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ စသုံးလုံးပဌမအထူးတရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၆ ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရ ရွှေနေကြီး ဦးထွန်းလွင်။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးဘလှ ပါ ၄။ ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးအေးမောင်။

တရားသူကြီး ဦးထွန်း ဘင်။ ။ယခုအမှုမှ လျှောက်ခံရသူ ဦးဘလှ ပါ ၄ ဦး တို့မှာ၊ ရန်ကုန်မြို့၊ စသုံးလုံးအထူးတရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီး မူအမှတ် ၄ တွင်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေ ပုဒ်မ ၅ (၁)/၂၄ အရ၊ တရားစွဲဆိုခံရလေသည်။ အမှုအကြောင်းအရာ အသေးစိတ်ကို အောက်ရုံးစီရင်ချက်တွင် ပြည့်စုံစွာ ဖော်ပြထားပြီးဖြစ်၍ ထပ်မံရေးသားရန် လိုမည်မဟုတ်ပေ။ သို့သော် လိုရင်းအတိုချုပ်ကို ပြဆိုရမူ၊ အချင်းမဖြစ်မီ ၄၊ ၅ ရက်ခန့်က အထူးသတင်းထောက်လှမ်းရေး ရဲတပ်ဖွဲ့၊ ဒု-လုံခြုံရေးမှူး ဦးခင်မြင့် (လိုပြ-၂) သည် ပွဲစားလုပ်ကိုင်သူ ဒေါ်အုန်းခင် (လိုပြ-၃) နှင့်တွေ့ဆုံပြီး၊ အမေရိကန် ဒေါ်လာနှင့် အိန္ဒိယငွေများဝယ်လိုသူ ရနိုင်မရနိုင် မေးမြန်းသည်တွင်၊ ဒေါ်အုန်းခင်က စုံစမ်းပေးမည်ဟု ပြောပြီးနောက်၊ ဒုတိယ လျှောက်ခံရသူ ပွဲစား ဒေါ်ဒွေးမေနှင့် တွေ့ဆုံပေးသည်ဆိုကြောင်း၊ ဒေါ်ဒွေးမေက ဦးခင်မြင့်အား ၁၉၆၄ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ကရစ်လမ်း အမှတ် ၂၁၈ ရှိ၊ ခင်ကူမွဏီပိုင်ရှင် လျှောက်ခံရသူ ဦးဘလှထံသို့ ခေါ်သွားပြီး၊ အမေရိကန် ဒေါ်လာ တဒေါ်လာလျှင် ငွေ ၂၀ ကျပ်စျေးနှင့်အိန္ဒိယငွေကို ၁၀၀ လျှင် ၂၇၅ ကျပ်စျေးဖြင့်ရမည်ဟုပြောဆိုသည်တွင်၊ ကိုခင်မြင့်က မိမိ၏ ကုလားသူငှေးအား ပြန်လည်ပြောပြပြီး၊ စျေးသဘောကျပါက လာယူမည်ဟု ချိန်းဆိုခဲ့သည်ဆိုကြောင်း။ ထိုနောက် ကိုခင်မြင့်နှင့် ဒေါ်အုန်းခင် တို့သည် ခင်ကူမွဏီမှထွက်လာပြီး၊ ဒေါ်အုန်းခင်အား ၄၆ လမ်းဒေါင့် ကွမ်းရာဆိုင်တွင်ထားခဲ့၍၊ ကိုခင်မြင့်သည် မိမိ၏ အထက်အရာရှိဖြစ်သူ ဦးအောင်ထွန်းနှင့် စသုံးလုံးမှ ဦးဖေဟန်တို့အား တွေ့ဆုံပြီး အကျိုးအကြောင်း ပြောပြ၍၊ ဒေါ်လာ မျှား အရောင်းအဝယ်ပြုလုပ်ရန်ငွေကိုတောင်းဆိုသည်ဆိုကြောင်း၊ ထိုအခါ ဦးဖေဟန်က စသုံးလုံးရုံးသို့ပြန်ပြီး ငွေ ၉၀,၀၀၀ ကျပ်ကိုလွယ်အိတ်တွင်ထည့်၍ ကိုခင်မြင့်အား ပေးလိုက်ပြီး၊ ၎င်းနှင့် ဦးအောင်ထွန်းတို့က မနီးမဝေးမှ လိုက်လံကြည့်ရှုကြသည်ဆိုကြောင်း။ ကိုခင်မြင့်သည် ငွေပါသည့်လွယ်အိတ်ကိုယူပြီး ဒေါ်အုန်းခင်နှင့် ချိန်းဆိုသည့်နေရာသို့ သွားရောက်တွေ့ဆုံပြီး ဆက်လက်၍ ဒေါ်ဒွေးမေရှိရာ ခင်ကူမွဏီသို့ သွားကြသည်ဆိုကြောင်း။ ခင်ကူမွဏီသို့ ရောက်သည့်အခါ ဦးဘလှနှင့် တွေ့ရှိပြီး ဦးဘလှက ကိုခင်မြင့်အား စျေးလည်းသိပြီ မဟုတ်လား၊ ဝယ်မည်မဟုတ်လားဟု မေးသည်တွင်၊ ကိုခင်မြင့်က ဝယ်ပါမည်ဟု ပြန်ပြောသည့်အခါ၊ ဦးဘလှက ၎င်း၏ ဒရိုင်ဘာကိုခေါ်၍၊ ကုလားတဦးအား ခေါ်ခိုင်းလိုက်သည်ဆိုကြောင်း။ ထိုစဉ်က

ဦးဘလှက ဒရိုင်ဘာ ကုလားကြီးအား အိမ်ရှေ့ဘက်က မသွင်းဘဲ အခိုင်
ဘေးကမခေါ်လာရန်လည်း မှာကြားလိုက်သည်ဆိုသည်။ ထိုနောက် များမကြာမီ
အပြင်တွင်စောင့်ကြည့်နေသည့် ဦးအောင်ထွန်းနှင့် ဦးဖေဟန်တို့က ဧင်ကုမ္ပဏီသို့
တတိယ လျှောက်ခံရသူ ယူစွပ် အင်ဒူအစစ်နှင့် စတုတ္ထ လျှောက်ခံရသူ အလီအိစုပ်
ဆလေတို့ ရောက်လာပြီး၊ ဆုလေကို ယူစွပ်က လမ်းပေါ်တွင်ထားခဲ့၍ တဦးတည်း
ဦးဘလှအိမ်ထဲသို့ ဝင်သွားသည်ကို တွေ့ရကြောင်း၊ ထို့နောက် ယူစွပ်က ၎င်း၏
အိတ်ထဲမှ လေယာဉ်စာအိတ်ကလေး တခုကိုဖွင့်ပြီး ဦးဘလှလက်သို့ အပ်ရာ၊ ထို
စာအိတ်တွင် အမေရိကန် ၂၀ တန် ဒေါ်လာငွေစက္ကူ ၆ ရွက်ပါရှိသဖြင့် ဦးဘလှက
စာအိတ်ကို ဒေါ်ဒေးမေလက်သို့ ပေးလိုက်သည်တွင် ဦးခင်မြင့်က ဒေါ်လာငွေ
စက္ကူများကို ယူကြည့်သေးသည်ဆိုသည်။ ထိုနောက် ကိုခင်မြင့်သည် အပြင်သို့
ခေတ္တထွက်သွားပြီး၊ ဦးအောင်ထွန်းတို့အား အရောင်းအဝယ်ဖြစ်လျှင် မိမိက ကှမ်းတွေး
ထွက်ထွေးပြီး အချက်ပြမည်ဟု ပြောပြီး ပြန်ဝင်သွား၍၊ ဦးဘလှတို့အား ဒေါ်လာ
နည်းနေသည့်အကြောင်း ပြောသည်ဟု၊ ဦးဘလှတို့က ထိုဒေါ်လာများကိုသာ
ရှေးဦးစွာ အရောင်းအဝယ် ဖြစ်မြောက်အောင် ပြုလုပ်ပါက၊ အိန္ဒိယငွေအများပင်
ရရန်ရှိကြောင်း ပြောဆိုကြသည်ဆိုသည်။ ထို့နောက် ဒေါ်လာများနှင့် ပတ်သက်၍
သင့်ငွေများကို တွက်ချက်နေစဉ် ကိုခင်မြင့်သည် အပြင်သို့ထွက်၍ ကှမ်းတွေးထွေး ပြီး
အချက်ပြလိုက်ရာ၊ ဦးဖေဟန် ခေါင်းဆောင်သည့် ဦးအောင်ထွန်းတို့အဖွဲ့က အပြင်မှာ
ရှိသည့် လျှောက်ခံရသူ အလီအိစုပ်ဆလေကိုပါခေါ်၍ အိမ်ထဲသို့ဝင်လာပြီး ဘမ်းဆီး
သည်တွင်၊ သက်သေခံ အမေရိကန်ဒေါ်လာ ၂၀ တန်ငွေစက္ကူ ၆ ရွက်ကို ဒေါ်ဒေးမေ
လက်မှငင်း၊ ဦးဘလှထံမှ သက်သေခံအမှတ် (က) လေယာဉ်စာအိတ်ပေါ်တွင်
အင်္ဂလိပ်ဂဏန်းပါသည့် ၁၂၀ ကို ၂၀ နှင့်မြှောက်ပြီး၊ ၂,၄၀၀ ဟုရေးသားချက်
များနှင့် သက်သေခံအမှတ် (ဂ) စာရွက်ပေါ်တွင် ၁၂၀ ကို ၁၈ နှင့် မြှောက်၍
၂,၁၆၀ ဟုရေးသားထားသည့် စာရွက်များကို ဘမ်းဆီးရမိလေသည်။ တရားခံ
ဆလေ၏ အိတ်အတွင်းမှမူ သက်သေခံ (ဇ) စာရွက်ကို တွေ့ရှိရာ၊ ထိုစာရွက်ပေါ်ရှိ
အင်္ဂလိပ်ဂဏန်း ၆ ခုမှာ ဒေါ်ဒေးမေလက်မှ ရရှိသည့် အမေရိကန် ဒေါ်လာငွေ
စက္ကူများ၏ နံပါတ်များနှင့် တူညီနေသည်ကို တွေ့ရှိရလေသည်။ ထို့အတွက်
လျှောက်ခံရသူ ၄ ဦးတို့အား နိုင်ငံခြား အမေရိကန်ဒေါ်လာ ၁၂၀ ကို အရောင်း
အဝယ်ပြုလုပ်ရန် အားထုတ်ကြသဖြင့်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်
ရေး အက်ဥပဒေပုဒ်မ ၅ (၁)/၂၄ အရ၊ ဘမ်းဆီးတရားစွဲဆိုခြင်းဖြစ်လေသည်။

တရားခံများ ဖြစ်သူ လျှောက်ခံရသူတို့က တရားလို သက်သေများ ဖြစ်သူ
ဦးခင်မြင့်၊ ဒေါ်အုန်းခင်၊ ဦးဖေဟန်တို့၏ ထွက်ချက်များကို မည်သို့မျှ ချေပနိုင်

ခြင်းမရှိ။ ဦးဘလှကမူ ထိုကိစ္စနှင့် ပတ်သက်၍ မိမိကလည်း ဘမ်းဆီးအရေးယူ နိုင်ရန် အရောင်းအဝယ် မဖြစ်မီကလေးတွင်၊ စစ်သတင်း ထောက်လှမ်းရေး ဗိုလ်မှူး ကြီးများနှင့်ဆက်သွယ်၍ ဘမ်းဆီးရန် ပြုလုပ်ခဲ့သော်လည်း ခေါ်၍မရသောကြောင့် အောင်မြင်ခြင်းမရှိခဲ့ကြောင်း။ ထို့ကြောင့် ဒေါ်လာ အရောင်းအဝယ် ပြုလုပ်ရာတွင် မိမိက ပူးပေါင်းကြံစည်ပြုလုပ်ပေ ခြင်း မရှိသဖြင့် အပြစ်မရှိပါဟု ချေပလေသည်။ သို့ရာတွင် အမှုတွဲတွင် သက်သေခံချက်များအရ ဒေါ်လာအရောင်းအဝယ် ကိစ္စတွင် ဦးဘလှက အလိုတူအလိုပါ ပူးပေါင်းရွက်ဆောင်ခဲ့ခြင်း မဟုတ်၊ စစ်သတင်းထောက် လှမ်းရေးဌာနမှ ထောက်လှမ်းသည့်သူ တဦးအနေနှင့် ရွက်ဆောင်ခဲ့ခြင်းသာ ဖြစ်ကြောင်း ချေပချက်ကို လုံလောက် ထင်ရှားအောင် မည်သို့မျှ ပြသနိုင်ခြင်းမရှိသည့် အပြင်၊ ဦးဘလှပြသခဲ့သည့် သက်သေ ဗိုလ်မှူး မောင်မြင့် (ခံပြ-၁၁) ကပင်၊ ဦးဘလှအား ၎င်းကိစ္စမျိုးကို ဘမ်းဆီးရန် တာဝန်ပေးအပ်ခြင်း မရှိခဲ့၊ ထောက်လှမ်းရေး အေးဂျင့်အဖြစ်နှင့်လည်း မသုံးခဲ့ပါဟု ထွက်ဆိုထားသဖြင့်၊ ဦးဘလှ၏ ချေပချက်မှာ မည်သို့မျှ ခရီးရောက်ခြင်း မရှိပေ။ ကျန်တရားခံများနှင့် ပတ်သက်၍လည်း ဒေါ်ဒွေးမေမှာ အရောင်းအဝယ် ပြုလုပ်မည့် ဒေါ်လာများကို ၎င်း၏လက်တွင် တွေ့ရှိခြင်းကို မငြင်းဆိုနိုင်။ တရားခံ အဗ္ဗဒူအစ်ကလည်း ဒေါ်လာများကို စာအိတ်တွင်ထည့်၍ ယူလာပေးအပ်ကြောင်း ဦးဘလှ၏ ထွက်ဆိုချက်အရပင် ထင်ရှားနေသည့်အပြင်၊ တရားခံ ဆလေနှင့် ပတ်သက်၍လည်း ၎င်းသည် အဗ္ဗဒူအစ်နှင့် ထိုနေ့ကအတူလာရောက်ပြီး၊ ၎င်း၏ အိတ်ထဲမှ ရရှိသည့် သက်သေခံ (၄) စက္ကူပေါ်တွင် ရေးသားထားသည့် ဂဏန်းများမှာ ဒေါ်လာငွေ စက္ကူများပေါ်ရှိဂဏန်းများနှင့်ကိုက်ညီနေသဖြင့် တရားခံများ ဖြစ်သူ လျှောက်ခံရသူ ၄ ဦးစလုံးတို့သည် ၎င်းတို့အပေါ် စွဲတင်ထားသည့် နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၅ (၁)/၂၄-က အရ၊ ပြစ်မှုအသီးသီး ကျူးလွန်ကြောင်း ထင်ရှားသည်ဟု အောက်ရုံးမှ တွေ့ရှိခဲ့လေသည်။ ထိုပြစ်မှုအတွက် ပြစ်ဒဏ်ပေးရန်နှင့် ပတ်သက်၍ အောက်ရုံးမှ လျှောက်ခံရသူ တရားခံတို့မှာ အမှုစစ်ဆေးနေစဉ်အတွင်း အချုပ်နှင့် ၁၀ လ၊ ၁၁ လ အချုပ်ခံနေရပြီးဖြစ်၍၊ ၎င်းတို့အား ရုံးဆင်းရုံးတက် ထောင်ဒဏ် တရက်နှင့် ဒဏ်ငွေ ၄၀၀ ကျပ် စီပေးဆောင်စေက သင့်တော်လောက်ပြီဟုဆုံးဖြတ်ပြီး ထိုပြစ်ဒဏ်ကို ချမှတ်ပေးလိုက်သည်။

ထိုသို့ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်၍၊ ယင်းကဲ့သို့ ပြစ်မှုမျိုးတွက် ဥပဒေက ထောင်ဒဏ် ၃ နှစ်နှင့် ဒဏ်ငွေချမှတ်ရမည်ဟု သတ်မှတ်ထားပါလျက်၊ အောက်ရုံးမှ ထောင်ဒဏ် တရက်နှင့် ဒဏ်ငွေ ၄၀၀ ကျပ်သာပေးဆောင်စေရမည်ဟု ပြစ်ဒဏ်စီရင်ခဲ့ခြင်းမှာ များစွာကျတ်လျော့နည်းပါးနေပြီး၊ အမှုကြောင်းရာနှင့် စာနာသော်

တရားမျှတမှု ကင်းမဲ့နေသည်ဟု ယူဆရမည် ဖြစ်သဖြင့်၊ လျှောက်ခံရသူများ အပေါ် ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက ယခုပြင်ဆင်မှုကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉ (ခ) အရ တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ယခုအမှုနှင့် ပတ်သက်၍ ပဌမ လျှောက်ခံရသူကလည်း ၎င်းအပေါ် ပြစ်မှုတွေ့ရှိပြစ်ဒဏ် စီရင်ထားသည်ကို မကျေနပ်၍ ဆက်စပ်နေသည့် ၇၂ခုံ့ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၅၀ တွင် အယူခံမှု တင်သွင်းခဲ့လေသည်။ ထို့ကြောင့် ယခုအမှုတွင် ချမှတ်မည့် စီရင်ချက်မှာ ရာဇဝတ် အယူခံမှုအမှတ် ၁၅၀/၆၆ အတွက် အကျုံးဝင်ပေသည်။ အခြားတရားခံများ ဖြစ်သူ လျှောက်ခံရသူ ဒေါ်ဒေးမေ၊ ယူစုပ်အဗ္ဗဒုအစ်နှင့် အလီအီစုပ်ဆလေတို့ကမူပြစ်မှုတွေ့ရှိ ပြစ်ဒဏ် စီရင်ထားခြင်းနှင့် ပတ်သက်၍ အယူခံမှုတင်သွင်းခြင်း မပြုပေ။

ယခုအမှုတွင် ပြစ်ဒဏ်ကို တိုးပေးရန်နှင့် ပတ်သက်၍ မဆင်ခြင်မီ လျှောက်ခံရသူများ အပေါ် ပြစ်ဒဏ်တွေ့ရှိ ပြစ်ဒဏ်စီရင်ထားခြင်းမှာ သက်သေခံချက်များနှင့် ဥပဒေအရ မှန်ကန် လက်ခံနိုင်စရာရှိ မရှိကို ရှေးဦးစွာ ဆင်ခြင်ရပေမည်။ ၎င်းအချက်နှင့် ပတ်သက်၍ ဆက်စပ်နေသည့် အယူခံမှုအမှတ် ၁၅၀/၆၆ တွင် အယူခံတရားလို ဦးဘလှက မည်သို့မျှ မယ်မယ်ရရ ပြစ်မှုနှင့် ပတ်သက်၍ ကိုးကားလျှောက်ထားနိုင်ခြင်း မရှိပေ။ မိမိသည် ယခုအမှုတွင် ဒေါ်လာ အရောင်းအဝယ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဘမ်းဆီးအရေးယူနိုင်ရန် နိုင်ငံတော် အစိုးရအား ကူညီသည့်အနေနှင့် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သဖြင့်၊ ၎င်းအပေါ် ပြစ်မှုတွေ့ရှိ ပြစ်ဒဏ် စီရင်ထားခြင်းမှာ မှားယွင်းနေပါသည်ဟု ဆိုလိုပေသည်။ သို့ရာတွင် အမှုတွဲပါ သက်သေခံချက်များကို လေ့လာသောအခါ အယူခံ တရားလို ဦးဘလှအား မည်သည့် အခါကမျှ စစ်ထောက်လှမ်းရေးမှ ယခုကဲ့သို့ အမှုမျိုးကို စုံစမ်းဘမ်းဆီးနိုင်ရန်ခိုင်းစေထားခြင်းရှိသည်ကို တင်ပြနိုင်ခြင်း မရှိသည့်အပြင်၊ အမှုအကြောင်းအရာများအရလည်း ထိုနေ့က ဦးဘလှသည် မိမိပြဆိုသည့်အတိုင်း ပြစ်မှုကျူးလွန်သူများကို ဘမ်းဆီးနိုင်ရန် ရွှက်ဆောင်ခဲ့ခြင်းသာ ဖြစ်ကြောင်း မည်သည့် အထောက်အထားကိုမှမတွေ့ရသောကြောင့် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အရောင်းအဝယ်နှင့် ပတ်သက်၍ ဦးဘလှက စစ်သတင်းထောက်လှမ်းရေးကို ခေါ်၍မရခဲ့သည့် အတွက် နီးစပ်သည့် ရဲအရာရှိများထံသို့ငင်း၊ အခြား သက်ဆိုင်သည့် အရာရှိများထံသို့သော်ငင်း အကြောင်းကြားခြင်းများ ပြုလုပ်ပါသည်ဟု မည်သို့မျှ ပြဆို ဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် ဖြစ်ပေသည်။ ၎င်းအချက်မှလွဲ၍ အယူခံတရားလို ဦးဘလှက မိမိအပေါ် ပြစ်မှု တွေ့ရှိထားခြင်းမှာ မှားယွင်းနေကြောင်းကို အခြားကိုးကားချက်ပြဆိုနိုင်ခြင်း မရှိရကား၊ အောက်ရုံးမှ ဦးဘလှ အပေါ် ပြစ်မှုတွေ့ရှိထားခြင်းမှာ

လက်ခံနိုင်စရာ မရှိပါဟု မဆိုနိုင်ပေ။ အခြားတရားခံများ ဖြစ်သူ လျှောက်ခံရသူ ဒေါ်ဒေးမေ၊ ယူစွပ်အဗ္ဗူအဇစ်နှင့် အလီအိစွပ်ဆလေတို့နှင့် ပတ်သက်၍လည်း အမှုတွင်ငင်းတို့မှာ ဦးဘလှနှင့်အတူ သက်သေခံ အမေရိကန် ဒေါ်လာငွေစက္ကူ ၁၂၀ ကို အရောင်းအဝယ် ပြုလုပ်ရန် အားထုတ်ကြောင်းမှာ များစွာထင်ရှား ပေါ်လွင်နေပြီး၊ တရားခံများကလည်း မည်သို့မျှ ချေပရှင်းလင်းခြင်း မရှိရကား၊ ၎င်းတို့အားလုံးအပေါ် အောက်ရုံးမှ ပြစ်မှုတွေ့ရှိထားသည်မှာ မှားယွင်းချုတ်ချော်နေသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ပဌမ လျှောက်ခံရသူ ဦးဘလှ တင်သွင်းသည့် အယူခံမှုကို ပလပ်ရမည်သာ ဖြစ်ပေသည်။

တဖန်ယခုအမှုတွင် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက လျှောက်ခံရသူများအပေါ် ချမှတ်သည့် ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် လျှောက်ထားသည်နှင့် ပတ်သက်၍၊ ယခု အမှုတွင် ပါဝင်နေသည့် ပစ္စည်းများ နိုင်ငံခြား အမေရိကန် ဒေါ်လာငွေစက္ကူများကို မတရားရောင်းဝယ်ဖေါက်ကားရန် အားထုတ်ခြင်း ဖြစ်သဖြင့်၊ ထိုကဲ့သို့ ရောင်းဝယ်ဖေါက်ကားခြင်းကြောင့် အစိုးရ၏ စီးပွါးရေး စီမံကိန်းကို များစွာထိခိုက်ရန်ရှိနေသည်မှာ ထင်ရှားနေတော့သည်။ ထို့အတူက်ပင် ၎င်းကဲ့သို့ အမှုမျိုးတွင် နောက်နောင် ကျူးလွန်ခြင်း မဖြစ်စေရန် ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်သင့်ကြောင်းကို ဤရုံးမှ အကြိမ်ကြိမ် ညွှန်ကြားလွှာများ ထုတ်ထားခဲ့ပြီး ဖြစ်ပေသည်။ ယခုအမှုတွင် အောက်ရုံးမှ တရားခံများ အပေါ် ရုံးဆင်းရုံးတက် ထောင်ဒဏ်ဘရက်နှင့် ဒဏ်ငွေ ၄၀၀ ကျပ်ပေးဆောင်စေရန် အပြစ်ဒဏ်ချမှတ်ခြင်းမှာ တရားခံတို့သည် အမှုအတွင်း ၁၀ လ၊ ၁၁ လ ခန့်အချုပ်ခံနေရသည်ကို ထည့်သွင်းစဉ်းစားပြီး ပြစ်ဒဏ်ကို လျော့ခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ယခုကဲ့သို့ အမှုမျိုးတွင် ပြစ်ဒဏ်ချမှတ်ရာ၌ ဟန့်တားလောက်သည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းမပြုမူ၊ အစိုးရ၏ နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး ဥပဒေ၏ ရည်ရွယ်ချက်မှာ လုံးဝပျက်ပြယ်သွားရန် ရှိကြောင်းကို အထူးအသိချပ်ရန် လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ အရေးကြီးသည့် ပြစ်မှုမျိုးတွက် အောက်ရုံးမှချမှတ်ခဲ့သည့် စတီပြစ်ဒဏ်မျိုးသာ ပေးခဲ့ပြီး၊ ဟန့်တားသည့် ပြစ်ဒဏ်မျိုးကိုမချမှတ်မူ နောင်ကို အလားတူ အမှုမျိုးများ လျော့နည်းသွားမည် မဟုတ်သောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ယခု အမှုအကြောင်းခြင်းရာနှင့် စာသော် အောက်ရုံးမှ ပေးထားသည့် ပြစ်ဒဏ်မှာ တရားမျှတခြင်း ဖြစ်သည်ဟု မည်သို့မျှ မဆိုနိုင် ပါဟု နိုင်ငံတော် အစိုးရ၏ တင်ပြချက်မှာ မှန်ကန်၍၊ တရားမဏ္ဍိုင်ပင် တိမ်းစောင်းစရာ ရှိနေသည်ဟု ယူဆရန် ရှိပေသည်။ ယခု အမှုတွင် လျှောက်ခံရသူများသည် ပြစ်ဒဏ်ကို ခံခဲ့ရသည်မှာ ဂ လခန့် ကြာမြင့်ခဲ့ပြီးဖြစ်သည့်ပြင်၊ ဒုတိယအရစ်အနေနှင့်

ပြစ်ဒဏ်ကို ခံယူရန်မှာမူအရ သင့်တော်သည်ဟု မဆိုနိုင်လင့်ကစား၊ တရားမျှတမှု ဖြစ်စေရန် သင့်တော်သည့် ထောင်ဒဏ် တိုးမြှင့်ပေးသင့်သည်ဟု ကျွန်ုပ်တို့ ထင်မြင်သည်။

ဖေါ်ပြပါ အကြောင်းများကြောင့် ယခုလျှောက်လွှာကို ခွင့်ပြုပြီး၊ ရန်ကုန်မြို့၊ စသုံးလုံးအထူး တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ဆဇဝတ်မှုအမှတ် ၄ တွင် လျှောက်ခံရသူ ဦးဘလှ၊ ဒေါ်ဒွေးမေ၊ ယူစုပ်အဗ္ဗဒုအဇစ်နှင့် အလီအီစွပ်ဆလေတို့ အပေါ် နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၅ (၁)/၂၄-က အရ၊ ပြစ်မှုကျူးလွန်သဖြင့် ထိုပြစ်မှုအတွက် ထောင်ဒဏ် တရက်နှင့် ဒဏ်ငွေ ၄၀၀ ကျပ် အပြင်၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ လ စီ အသီးသီးထပ်မံကျခံစေရမည်ဟု အမိန့်ချမှတ်လိုက်သည်။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးဘလှ ပါ ၄။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆ ဒီဇင်ဘာလ ၁၇ ရက်။

မသန်းသန်းဆင့် (အရွယ်မရောက်သူ) ၎င်း၏ အနီးစပ်ဆုံးမိတ်ဆွေ ဒေါ်အုံးခင် (အယူခံတရားလို)

နှင့်

ရွှေရပ်ဂွမ် (အယူခံတရားခံ)*

တရားမကျင့်ထုံး ဘမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ၊ မြို့ကဟချက် ဒီကရီရလိုမှု—အခင်းဖြစ် ဥပစာကို လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင် ပြသနိုင်မှ ဒီကရီရနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဘမိန့် ၂၁ နည်းဥပဒေ ၁၀၃ အရ၊ မြို့ကဟချက် ဒီကရီရလိုကြောင်း စွဲဆိုသည့် အမှုမျိုးတွင် တရားလိုသည်အခင်းဖြစ် ဥပစာကို လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင် ပြသနိုင်မှသာ ဒီကရီရနိုင်မည် ဖြစ်သည်။ နည်းဥပဒေ ၉၈၊၉၉ နှင့် ၁၀၁ တို့အရ စုံစမ်းစစ်ဆေးရာ၌၊ လက်ရှိ ဟုတ် မဟုတ်ဆိုသော အချက်ကိုသာ အဓိကထား၍ ဆုံးဖြတ်ရသည် ဖြစ်သော်လည်း နည်းဥပဒေ ၁၀၃ အရစွဲဆိုသည့် အမှုတွင်မူ မည်သူ လက်ရှိ ဆိုသော အချက်မှာ အဓိက မဟုတ်ဘဲ လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိ မရှိဆိုသော အချက်ကို အဓိက ထား၍ စဉ်းစားဆုံးဖြတ်ရသည် ဖြစ်သည်။

ကေဆ့လာစက်များ နှင့် အေပီဂိုဗင်ဒါဆွာမီ၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၆၊ မဒရပ် ၇၆။
ဗျာတင်ဒရာနတ် နှင့် နန်ဒါလာ (လ်) ဒတ်၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၇၊ ကလကတ္တား ၄၃၄ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။ဦးစိန်ဟုတ်။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တရားမရုံး၏ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၀၇ တွင် အယူခံတရားလို မသန်းသန်းဆင့်က ၎င်း၏အနီးစပ်ဆုံး

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၁။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၇၆ တွင် ရန်ကုန်မြို့တော်တရားမရုံး ဒုတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

မိတ်ဆွေနှင့် မိခင် ဒေါ်အုံးခင်မှတဆင့်၊ ဦးကျော်အုံးဆိုသူအား ရန်ကုန်ပြို့ ဂ လမ်း၊ တိုက်အမှတ် ၇၀ မှ ထွက်ခွာသွားရန် တရားစွဲဆိုရာ၊ ဦးကျင်အုံးသည် ချေလွှာတင်သွင်းပြီးနောက် ရုံးသို့ မလာရောက်သဖြင့်၊ တဘက်သတ် ဒီကရီရရှိခဲ့၏။ ထိုဒီကရီကို ဇာရီပြုရာ၊ တရားရုံးဦးကျော်အုံးနှင့်တိုက်အိမ်၏မြောက်ဘက်အခန်းတွင်နေထိုင်လျက်ရှိသည့် အယူခံတရားခံ ရွာရပ်ဂွမ်တို့အား ဥပစာမှဖယ်ရှားကာ အယူခံတရားလိုအား လက်ရောက် အပ်ပေးခဲ့သည်။

ထိုအခါ အယူခံတရားခံရွာရပ်ဂွမ်က၊ ၎င်းသည် အခင်းဖြစ်တိုက်၏ မြောက်ဘက်ခန်းတွင် တိုက်ပိုင်ရှင်ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့ထံမှ အိမ်လခ တစ်လ ၁၀၀ ကျပ်နှုန်းဖြင့် ငှားရမ်းနေထိုင်ခဲ့ကြောင်း၊ တရားရုံးဦးကျော်အုံးနှင့် လုံးဝအဆက်အသွယ်မရှိကြောင်း တင်ပြကာ၊ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ၊ ဖယ်ရှားခြင်းခံရသည့် အခန်းကို ၎င်းအား ပြန်လည်အပ်ပေးရန် လျှောက်ထားသည်။ ထိုလျှောက်ထားချက်နှင့် ပတ်သက်၍ နှစ်ဘက်တင်ပြသည့် သက်သေအထောက်အထားများကို စုံစမ်းကြားနာပြီးနောက် ရွာရပ်ဂွမ်သည် ထိုအခန်း၌ တရားရုံးဦးကျော်အုံး၏ အခွင့်အမိန့်နှင့် နေထိုင်ခြင်းမရှိဘဲ၊ ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့ထံမှ ငှားရမ်းနေထိုင်ခဲ့ခြင်းသာဖြစ်၍၊ တရားရုံးမှတဆင့် နေထိုင်ခြင်းမဟုတ်ကြောင်း အဆုံးအဖြတ်ပြုကာ ရွာရပ်ဂွမ်၏ လျှောက်ထားချက်ကို ခွင့်ပြု လိုက်လေသည်။

ယင်းသို့ခွင့်ပြုလိုက်သောအမိန့်ကို မသန်းသန်းဆင့်က မကျေနပ်သဖြင့် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ မြွက်ဟချက် ဒီကရီရလိုမှု စွဲဆိုရာ ပညာရှိ ဒုတိယတရားသူကြီးက ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့အား အမှုတွင် အမှူသည်အဖြစ် ထည့်သွင်းစွဲဆိုရမည်ဖြစ်သော်လည်း ၎င်းတို့အား အမှူသည်အဖြစ် ထည့်သွင်းခဲ့ခြင်းမရှိ၍ အမှုစွဲဆိုပုံ မပြည့်စုံကြောင်း၊ အယူခံတရားလို မသန်းသန်းဆင့်သည် အခင်းဖြစ်ဥပစာကို ၎င်းတစ်ဦးတည်းပိုင်သည်ဆိုခြင်းမှာ မထင်ရှားကြောင်း အဆုံး အဖြတ်ပြုကာ စွဲဆိုသည့် အမှုကို ပလပ်လိုက်လေသည်။ ထိုကဲ့သို့ ပလပ်လိုက်သော ဒီကရီကို မကျေနပ်သောကြောင့် မသန်းသန်းဆင့်က ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

ဤအယူခံမှုတွင် စဉ်းစားရမည့်ပြဿနာ ၂ ရပ်သာရှိသည်။ ၎င်းတို့မှာ (က) ဒေါ်သန်းမြ နှင့် ဒေါ်သန်းလှတို့အား အမှူသည်အဖြစ် ထည့်သွင်းခြင်း မပြုသည့် အချက်ကြောင့် အယူခံ တရားလိုစွဲဆိုသည့်အမှုမှာ ပျက်ပြယ်ပါသလားနှင့် (ခ) အယူခံတရားလိုသည် စွဲဆိုသည့် အတိုင်း မြွက်ဟချက်ဒီကရီရနိုင်ပါသလား ဆိုခြင်းပင်ဖြစ်သည်။ ဒုတိယပြဿနာမှာ ဤအမှု၏ အရှုံးအနိုင်ကိုအဆုံး အဖြတ်ပေးနိုင်သည့်အလျောက် ထိုပြဿနာကို ဦးစွာ ဝေဖန် စိစစ်ရပေမည်။

၁၉၆၆

မသန်းသန်းဆင့် (အရွယ်မရောက်သူ) ၎င်း၏ အနီးစပ်ဆုံး မိတ်ဆွေ ဒေါ်အုံးခင် နှင့် ရှစ်ဂွမ်။

ထိုကိစ္စနှင့် ပတ်သက်၍ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ မြွက်ဟချက် ဒီကရီရလိုကြောင်း စွဲဆိုသည့် အမှုမှာ မည်ကဲ့သို့သော အမှုဖြစ်သည် ဆိုခြင်းကို ဆန်းစစ်ရန်လိုပေသည်။ ထိုကဲ့သို့သော အမှုမျိုးတွင် တရားလိုသည်၊ အခင်းဖြစ် ဥပစာကို လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင် ပြသနိုင်မှသာ ဒီကရီရနိုင်မည်ဖြစ်သည်။ နည်းဥပဒေ ၉၈၊ ၉၉ နှင့် ၁၀၁ တို့အရ၊ စုံစမ်းစစ်ဆေးရာ၌ လက်ရှိဟုဘ် မဟုဘ်ဆိုသော အချက်ကိုသာ အဓိကထား၍ ဆုံးဖြတ်ရသည်ဖြစ်သော်လည်း၊ နည်းဥပဒေ ၁၀၃ အရ၊ စွဲဆိုသည့်အမှုတွင် မူ မည်သူ လက်ရှိဆိုသော အချက်မှာ အဓိက မဟုဘ်ဘဲ လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိမရှိဆိုသော အချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ်ရသည် ဖြစ်သည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ **ကေဆွလာစက်များ** နှင့် **အေးပီးဂိုဗင်ဒါဆွာမီ** (၁) တို့အမှုတွင် အောက်ပါအတိုင်းဆုံးဖြတ်ထား၏။

> "The scope of a suit under Order 21, Rule 103 is not the determination of the mere question of possession of the parties concerned but the establishment of the right or title by which the plaintiff claims the present possession of the property."

အလားတူပင် **ဂျာတင်ဒရာနတ်** နှင့် **နန်ဒါလာလ်ဒတ်** (၂) တို့အမှုဥလည်း အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည်ကို တွေ့မြင်နိုင်ပေသည်။

> "Although in the summary proceedings under Order 21, Rules 98, 99 and 101 the inquiry is directed to question of possession, the scope of the suit under Rule 103 is much wider. It is a suit based on the right to possession and not on mere possession at the relevant date. The plaintiff cannot succeed by merely showing that he was in possession and had been dispossessed but must establish his right to possession on the assumption that he was not in possession on the date of order under Rule 98, 99 or 101."

ယခုအမှုတွင် အယူခံတရားလို မသန်းသန်းဆင့်က၊ ၎င်းသည် မိဘများဖြစ်ကြသည့် ဦးလှရွှေနှင့်ဒေါ်အုံးခင်တို့ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲစဉ်က ဒေါ်အုံးခင် ထံ၌ ကိုယ်ဝန်နှင့် ရှိပြီး ကွာရှင်းပြီးနောက် မွေးဖွါးခဲ့သဖြင့်၊ ဦးလှရွှေ သေဆုံးသော အခါ၊ အခြားဇနီးနှင့် သားသမီးများ မကျန်ရစ်ခဲ့သည့် အလျောက်၊ ဦးလှရွှေ ၏ ပစ္စည်းဖြစ်သော အခင်းဖြစ် ဥပစာတွင် အမွေဆိုင် တဦးအနေဖြင့် ပိုင်ဆိုင်ကြောင်း

(၁) အေးအိုင်၊အာ(ရ်)၊ (၁၉၄၆) မဒမပ ၇၆။
(၂) အေးအိုင်၊အာ(ရ်)၊ (၁၉၄၇) ကလကတ္တား ၄၃၄။

၁၉၆၆ မသန်းသန်းဆင့် (အရွယ်မရောက်သူ) ၎င်း၏ အနီးစပ်ဆုံး မိတ်ဆွေ ဒေါ်အုံးဝင်း နှင့် ရွှေပုပ်ဂူမ်။

တင်ပြခဲ့၏။ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ လင်မယားနှစ်ဦး ကွာရှင်းပြတ်စဲသော အခါ၊ မိခင်၏ နောက်သို့ ပါသွားသည့် ကလေးတဦးသည်၊ ဘခင်ဖြစ်သူအား သားသမီးတို့ ပြုဘွယ်ဝတ္တရား ဆောင်ရွက်ပေးခြင်း မရှိလျှင် ဘခင်သေဆုံးသော အခါ၊ ၎င်း၏ ပစ္စည်းအပေါ် အမွေခံစားခွင့် မရှိပေ။ သို့ရာတွင် မိဘနှစ်ပါး ပြတ်စဲ ပြီးမှမွေးသည့် သားသမီးမှာမူ၊ ငယ်ရွယ်နုနယ်သဖြင့် ဘခင်အတွက် သားသမီးတို့ ပြုလုပ်အပ်သော ဝတ္တရားကို ဆောင်ရွက်ခြင်း ပြုနိုင်မည် မဟုတ်၍ ဘခင်သေဆုံး သောအခါ ထိုသားသမီးသည် ဘခင်၏ ပစ္စည်းအပေါ် အမွေခံစားခွင့် ဆုံးရှုံးခြင်း မရှိပေ။ ဘခင်၏ အခြားအမွေဆိုင်များနှင့် အခွင့်အရေး တူညီစွာခံစားခွင့် ရှိပေသည်။

မည်ို နှင့် **မငြိမ်းသာ** (၃)၊ **မသိန်းနု** နှင့် **မဖွါးသစ်** (၄)၊ ဤအမှုဌ အယူခံတရားလို မသန်းသန်းဆင့်သည် ဦးလှရွှေနှင့် ဒေါ်အုံးခင်တို့ ကွာရှင်းပြီးနောက် မွေးဖွါးသည့် ဦးလှရွှေ၏သမီး ဖြစ်သည်ဟု ဆိုစေကာမူ၊ ဦးလှရွှေတွင် ဒေါ်သန်းမြနှင့် ဒေါ်သန်းလှ ဆိုသည့် အစ်မအရင်း ၂ ယောက်ရှိနေသဖြင့်၊ အခင်းဖြစ် ဥပစာကို မသန်းသန်းဆင့် တဦးတည်း ပိုင်ဆိုင်ခွင့် မရှိဘဲ၊ ဒေါ်သန်းမြ ဒေါ်သန်းလှတို့နှင့် ထက်ဝက်စီပိုင်ဆိုင် ခွင့်သာရှိကြောင်း ပေါ်လွင်နေသည်။ ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့က အယူခံ တရားခံအား အခင်းဖြစ်အခန်းကို ၁၉၆၀ ခု၊ ဇူလိုင်လ ၅ ရက်နေ့ကစ၍ စပေါ်ငွေ ၉,၀၀၀ ကျပ်အပြင် အိမ်လခ တလလျှင် ၁၀၀ ကျပ်နှုန်းနှင့် ငှါးရမ်းခဲ့ကြောင်း ထွက်ဆို ကြသည့်အပြင်၊ အိမ်ငှါးစာချုပ်ကိုလည်း တင်ပြခဲ့သည်။ ဒေါ်သန်းမြ ဒေါ်သန်းလှ တို့အနေဖြင့်လည်း ထိုအခန်းကို မောင်ဖြစ်သူ ဦးလှရွှေ၏ ပစ္စည်း ဖြစ်သည့်အား လျော်စွာ ပိုင်ဆိုင်ခွင့်ရှိနေသည့် အလျောက်၊ ၎င်းတို့ချထားသည့် ငှါးရမ်းမှုမှာ လုံးဝတရားဥပဒေ အပြင်ဘက်သို့ ရောက်နေသည့် ကိစ္စဖြစ်သည်ဟု မဆိုနိုင်ချေ။ ထိုအခြေတွင် အယူခံ တရားလိုသာလျှင် အခင်းဖြစ် အခန်းအား လက်ရှိရရန် ပိုင်ဆိုင်ခွင့် ရှိသည်ဟု ယူဆခြင်း မပြုနိုင်ပေ။ ထို့ကြောင့် အယူခံ တရားလိုသည် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ မြို့နယ်ဟချက် ဒီကရီမချနိုင်ကြောင်း ကောက်ယူထားသည့်အောက်ရုံး၏ အမိန့်မှာ မှန်ကန်သည်ဟု ဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပဌမ ပြဿနာကို အဖြေပေးရန် မလိုတော့သည့် အလျောက် အထူး အဆွေ ဝေဘန်ခြင်း မပြုတော့ပေ။

အထက်ပါ အကြောင်းရပ်များကြောင့် အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့ကို အာဏာပြုပြီး၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ်သတ်မှတ်သည်။

---

(၃) (၁၉၀၄-၀၆) အတွဲ ၂၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၅ (အမွေဆက်ခံခြင်း)။
(၄) (၁၉၄၇) မြန်မာပြည်စီရင်ထုံး၊ ၁၂၆ (၁၃၀) (စုံညီခုံ)။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ် အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးသက်ဖေတို့ ရှေ့တွင်

† ၁၉၆၆ နိုဝင်ဘာလ ၁၀ ရက်။

မစ္စစ်ချန္ဒရာမာယာ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆—အပြစ်ဒဏ် ချမှတ်ရာ၌ ပြစ်မှု ကျူးလွန်သူအပေါ် ဂလဲ့စားခြေသည့်သဘောမံဟုတ်ဘဲ၊ ပညာပေးသည့် သဘောလည်း သက်ရောက်စေရခြင်း—မည်သည့်ပြစ်မှု ကျူးလွန်လျှင် မည်သည့် အပြစ်ဒဏ်မျိုးကိုသာ ချမှတ်ရမည်ဟု ပုံသေကာဒချ သတ်မှတ်ထား၍မရနိုင်ခြင်း—အပြစ်ဒဏ် သတ်မှတ်သော ကိစ္စမှာ တရားရုံး၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ဆုံးဖြတ်ရသော ကိစ္စဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။အပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူအပေါ် ဂလဲ့စားခြေသည့်သဘောမဟုတ်ဘဲ၊ ပညာပေးသည့် သဘောလည်းသက်ရောက်စေရမည်။ တဘက်တွင်လည်း ထိုအပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူအား ထပ်မံပြစ်မှု ကျူးလွန်ခြင်းမှ နောင်ကြဉ်စေရန်နှင့် အလားတူ ပြစ်မှုကျူးလွန်ရန် ကြံရွယ်သူဘို့အား အဟန့်အတား ဖြစ်စေသင့်သည်။ သို့မှသာလုပ်သား ပြည်သူတို့၏ အကျိုးကိုစောင့်ရှောက်ရာ ရောက်မည် ဖြစ်ပြီး၊ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းမှ ကာကွယ်ရာ ရောက်မည်ဖြစ်သည်။ မည်သည့် ပြစ်မှု ကျူးလွန်လျှင် မည်သည့် အပြစ်ဒဏ်မျိုးကိုသာ ချမှတ်ရမည်ဟု ပုံသေကာဒချ သတ်မှတ်ထား၍ မရနိုင်ပေ။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာ၊ အချိန်အခါ၊ အမှုအမျိုး အစားကို လိုက်၍ အပြစ်ဒဏ် အနည်းအများ သတ်မှတ်ရသည်။ ထို့ကြောင့်ပင်လည်း ရာဇဝတ်မှုများ၌ အပြစ်ဒဏ်ကို ပြဋ္ဌာန်းရာတွင် အနည်းငယ်မျှသော ပြစ်မှုများမှအပ၊ အနည်းဆုံး ချမှတ်ရမည့် အပြစ်ဒဏ်ကို သတ်မှတ်ထားလေ့မရှိဘဲ၊ အများဆုံး အပြစ်ဒဏ်ကိုသာသတ်မှတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ အကြောင်းမှာ တရားရုံးအနေဖြင့် အပြစ်ဒဏ် သတ်မှတ်ရာ၌ အထက်တွင် ဖေါ်ပြခဲ့သည့် အတိုင်း အကြောင်းခြင်းရာ အချိန်အခါ၊ အမှုအမျိုးအစားနှင့် အခြား အချက်အလက်များ အပေါ် ညှိနှိုင်း၍ ချင့်ချင့်ချိန်ချိန် အဆုံးအဖြတ် ပြုနိုင်ရန်ပင် ဖြစ်သည်။ တနည်းဆိုသော် အပြစ်ဒဏ် သတ်မှတ်သော ကိစ္စမှာ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာအမှတ် ၂၀။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားခြင်း။

တရားရုံး၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ဆုံးဖြတ်ရသော ကိစ္စ ဖြစ်သည်။ ယင်းသို့ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ လိုလျှင် လိုသလို အတိုး အလျော့ ပြုလုပ်၍၊ သတ်မှတ်ရသည့် ကိစ္စတွင် မူသေ ချမှတ်ပေးရန် မဖြစ်နိုင်ပေ။

လျှောက်ထားသူအတွက်။ ။မစ္စဘာ ရီရှိရမ်။

လျှောက်ထားခံရသူအတွက်။ ။လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီး ဦးသက်ဖေ။ ။၁၉၆၆ ခု၊ မတ်လ ၂ ရက်နေ့တွင်အိန္ဒိယပြည်သို့ အပြီးအပိုင်ပြန်မည့် လျှောက်ထားသူ မစ္စစ်ချန္ဒရာမာယာအား၊ မင်္ဂလာဒုံ လေယာဉ်ပျံကွင်း၌ ရှာဖွေရာ၊ ၎င်းထံမှ အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ လျှို့ဝှက်စွာ အိန္ဒိယပြည်သို့ ယူဆောင်သွားရန် တန်ဘိုးငွေ ၂,၄၅၁ ရှိသည့် ပိုင်းလောင်းဖေါင်တိန် ၅၀၊ ပတ်ကား ဖေါင်တိန် ၃၈၊ လှည့်၍ရသော ပိုင်းလောင် ခဲတံ ၃ ခု၊ ဆေးလက်ကောက် ၃၀ နှင့် မျက်မှန်ကိုင်း ၁၆ ခု တို့ကို ဘမ်းဆီးရမိသည်။ ထို့ကြောင့် ၎င်းအား၊ ရန်ကုန်မြို့၊ ပဌမအထူး တရားသူကြီး (အထူးစုံစမ်းရေးအက်ဥပဒေ) ရုံး၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၃ တွင်၊ သွင်းကုန် ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅ (၁) အရ တရားစွဲဆိုရာ၊ ပညာရှိ အထူးတရားသူကြီးက ရုံးဆင်းရုံးတက်ထောင်ဒဏ်နှင့်ဒဏ်ငွေ ၁,၀၀၀ ပေးဆောင်စေ၊ မပေးဆောင်က အလုပ်နှင့် ထောင်ဒဏ် ၃ လ ကျခံစေရန် အမိန့်ချမှတ်ခဲ့၏။ ထိုအမိန့်ကို နိုင်ငံတော် အစိုးရက မကျေနပ်သဖြင့်၊ တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၉၆ (ခ) ၌ အပြစ်ဒဏ် တိုးမြှင့်ပေးရန် လျှောက်ထားရာ၊ ပညာရှိတရားသူကြီး ဦးချစ်သည် လျှောက်ထားသူအား ကြားနာပြီးနောက်၊ အောက်ရုံးမှ ချမှတ်ထားသော အပြစ်ဒဏ်များအပြင် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်တိုးမြှင့်၍ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ထိုကဲ့သို့ အပြစ်ဒဏ် တိုးမြှင့်လိုက်သည့် အမိန့်ကို ပြင်ဆင်ပယ်ဖျက်ပေးရန် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ၊ လျှောက်ထားသူက ဤအခွင့်ထူး အယူခံခွင့်ပြုရန် လျှောက်လွှာကို တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး မစ္စတာ ရီရှီရမ်က စောဒက ရုံးသည် အပြစ်ဒဏ်ကို တိုးမြှင့်ရာ၌ မြန်မာပြည်မှ အပြီးအပိုင် ထွက်ခွါသွားသော ခရီးသည်များသည် အစိုးရ အခွင့်အမိန့်မရရှိဘဲမြန်မာပြည်တွင်းမှ ပစ္စည်းများကို ထုတ်ယူသွားခြင်းအားဖြင့် မြန်မာပြည်၏ စီးပွါးရေးကိုဝိဒိုက်နစ်နာစေသည်ဟု အကြောင်းပြခဲ့ရာ၊ ထိုအကြောင်းပြချက်သည်လုံလောက်သော အကြောင်းပြချက်ဟုတ် မဟုတ်၊ ဟုတ်ပါက မည်သည့်အမှုမျိုးတွင် မည်သည့်အပြစ်ဒဏ်မျိုး ချမှတ်သင့်သည်ဆိုသော

၉၉၆၆ မစ္စစ်ချုန္နရာ မဃၯာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပြဿနာကို စဉ်းစားသတ်မှတ်ပေးရန် ဤလျှောက်လွှာကို လက်ခံသင့်သည်ဟုတင်ပြလာ၏။

[အပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူ အပေါ် ဂလဲ့စား ချေသည့် သဘော မဟုတ်ဘဲ ပညာပေးသည့် သဘောလည်း သက်ရောက်စေရမည်။ တဘက်တွင်လည်း ထိုအပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူအား ထပ်မံ ပြစ်မှုကျူးလွန်ခြင်းမှ နောင်ကြဉ် စေရန်နှင့် အလားတူ ပြစ်မှုကျူးလွန်ရန် ကြံရွယ်သူတို့အား အဟန့်အတားဖြစ်စေသင့်သည်။ သို့မှသာ လုပ်သားပြည်သူတို့၏ အကျိုးကို စောင့်ရှောက်ရာ ရောက်မည်ဖြစ်ပြီး၊ ရာဇဝတ် ပြစ်မှုကျူးလွန်ခြင်းမှ ကာကွယ်ရာ ရောက်မည် ဖြစ်သည်။ မည်သည့်ပြစ်မှုကျူးလွန်လျှင် မည်သည့်အပြစ်ဒဏ်မျိုးကိုသာ ချမှတ်ရမည်ဟု ပုံသေ ကားချ သတ်မှတ်ထား၍ မရနိုင်ပေ။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာ၊ အချိန်အခါ၊ အမှုအမျိုးအစားကိုလိုက်၍ အပြစ်ဒဏ် အနည်းအများ သတ်မှတ်ရသည်။ ထို့ကြောင့်ပင်လည်း ရာဇဝတ်မှုများ၌ အပြစ်ဒဏ်ကို ပြဋ္ဌာန်းရာတွင်၊ အနည်းငယ်မျှသော ပြစ်မှုမျှားမှအပ၊ အနည်းဆုံး ချမှတ်ရမည့် အပြစ်ဒဏ်ကို သတ်မှတ်ထားလေ့ မရှိဘဲ အများဆုံး အပြစ်ဒဏ်ကိုသာ သတ်မှတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ အကြောင်းမှာ တရားရုံးအနေဖြင့် အပြစ်ဒဏ်သတ်မှတ်ရာ၌ အထက်ဘုံဇော်ပြခဲ့သည့်အတိုင်း အကြောင်းခြင်းရာ၊ အချိန်အခါ၊ အမှုအမျိုးအစားနှင့် အခြားအချက်အလက်များအပေါ် ညှိနှိုင်း၍ချင့်ချင့်ချိန်ချိန်အဆုံးအဖြတ်ပြုနိုင်ရန်ပင်ဖြစ်သည်။ တနည်းဆိုသော် အပြစ်ဒဏ် သတ်မှတ်သော ကိစ္စမှာ တရားရုံး၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ဆုံးဖြတ်ရသော ကိစ္စဖြစ်သည်။ ယင်းသို့ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ လိုလျှင် လိုသလို အတိုးအလျှော့ပြုလုပ်၍ သတ်မှတ်ရသည့် ကိစ္စတွင် (ကျွန်ုပ်တို့အနေဖြင့်) မူသေချမှတ်ထားပေးရန်မဖြစ်နိုင်ပေ။]

အခွင့်ထူး အယူခံဝင်ရန် လျှောက်လွှာများနှင့် ပတ်သက်၍ **မောင်တင်ငွေနှင့် ပြည်ထောင်စု** (၁) တို့အမှုတွင် အောက်ပါအတိုင်း ကျွန်ုပ်တို့ မူချမှတ်ထားပြီးဖြစ်သည်။

"ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အယူခံဝင်ရန်အခွင့်ထူး လျှောက်ထားသည့် လျှောက်လွှာများကို ဤခုံးအနေဖြင့်လှယ်လင့်တကူလက်ခံလေ့မရှိ။ ထိုလျှောက်လွှာမျိုးကို ဤခုံးမှ လက်ခံစဉ်းစားရာ၌ သာမန် ရာဇဝတ် အယူခံခုံးအနေဖြင့် လက်ခံစဉ်းစားခြင်း မဟုတ်သည်ကို သတိချပ်ရန်လိုသည်။

(၁) တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ၅။

လျှောက်လှာပါ ကိစ္စသည် မကြာခဏ တွေ့ကြုံတတ်သည့် အပြင်၊ လုပ်သား ပြည်သူများနှင့် သက်ဆိုင်သော အရေးကြီးသည့် ပြဿနာနှင့် အကျုံး ဝင်နေသည်သာမက၊ ထိုပြဿနာကို ဖြေရှင်းရာ၌ မှန်ကန်ခြင်း မရှိသဖြင့်၊ တရားစီရင်ရေး မဏ္ဍိုင် ယိမ်းယိုင်သွားစေမည့် အစဉ်အလာ တရပ်ဖြစ်ရန် အလားအလာ ရှိနေလျှင် လက်ခံရပေမည်။ ထို့ပြင် အောက်ရုံးအမိန့်သည် လုံးဝတရားမျှတမှု မရှိအောင် မှားယွင်းချတ်ချေ၁ တိမ်းစောင်းနေပါမူ၊ ပုဒ်မ ၆ အရ အယူခံဝင်ရန် အခွင့်ထူးလျှောက်လွှာကိုခွင့်ပြုရမည်ဖြစ်သည်။"

ယခုအမှုတွင် အောက်စောဒကရုံး အနေဖြင့်၊ အများဆုံး ထောင်ဒဏ် ၇ နှစ် အထိ အပြစ် ပေးနိုင်သည့် ပြစ်မှုနှင့် ပတ်သက်၍ ထောင်တရက်မှ ထောင်ဒဏ် ၃ နှစ်သို့တိုးမြှင့်ခဲ့သည်။ မည်သည့်အတွက် တိုးမြှင့်ရသည်ဟု အကျိုးအကြောင်း ဖော်ပြခဲ့သည်။ ယင်းသို့ အပြစ်ဒဏ် တိုးမြှင့် ခဲ့သော စောဒကရုံး၏ အမိန့်မှာ လုံးဝတရားမျှတမှု မရှိအောင် မှားယွင်းချတ်ချေ၁ တိမ်းစောင်းနေသည့် အမိန့် ဖြစ်သည်ဟု ယူဆရန် အကြောင်းမရှိ။ အပြစ်ဒဏ် သတ်မှတ်ခြင်းမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ ချမှတ်သည့် အမိန့် ဖြစ်ရာ၊ စောဒကရုံး၏ အမိန့်သည် တရားစီရင်ရေး မဏ္ဍိုင် ယိမ်းယိုင်သွားစေမည့် အစဉ်အလာတရပ်ဖြစ်နေန အလားအလာရှိသည်ဟု မဆိုနိုင်ပေ။ လျှောက်ထားသူ အပေါ် ချမှတ်သည့် စောဒကရုံး၏ အပြစ်ဒဏ်မှာ အနည်းငယ် ကြီးလေးကောင်း ကြီးလေးမည်ဖြစ်သော်လည်း ဤရုံးသည်သာမန် ရာဇဝတ် အယူခံ ရုံးအနေဖြင့် ကြားနာခြင်းမဟုတ်၍ အောက်ရုံး၏ အမိန့်ကို ဝင်ရောက်ဖက်စွက်ရန် အကြောင်း မဒို့ချေ။

အထက်ပါ အကြောင်းရပ်များကြောင့် ဤအခွင့်ထူး အယူခံဝင်ရန် လျှောက် လွှာကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆

နိုဝင်ဘာလ ၁၆ ရက်။

မောင်ကုလား (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)/၄၂၃ အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် အသက် ၁၇ နှစ်ခန့်ရှိသော သူငယ် တယောက်ဖြစ်၍၊ သာမန်အားဖြင့် ဆိုလျှင် ပြစ်မှုကျူးလွန်သော သူငယ်များ အက်ဥပဒေ ပုဒ်မ ၂၅ အရ၊ ဘော်စတယ်ခေါ် အကျင့်စာရိတ္တ ပြုပြင်ရေးကျောင်းသို့ ပို့ရန် စဉ်းစားသင့်ပေသည်။ သို့ရာတွင် အယူခံတရားလိုသည်၊ အသက်နှုန်းထက်သော အမျိုးသမီးများကို စော်ကားတတ်သူဖြစ်ပြီး၊ ၎င်း၏ စော်ကားမှုကို သည်းညည်းမခံသော အမျိုးသမီးများ အပေါ် ရက်ရက် စက်စက် သနားညှာတာစိတ် ကင်းမဲ့စွာ ပြုလုပ်ခဲ့သည့် အတွက် ဘော်စတယ်ခေါ် အကျင့်စာရိတ္တ ပြုပြင်ရေးကျောင်းသို့ မပို့သင့်ကြောင်း အောက်ရုံးတရားသူကြီး၏ ယူဆချက်မှာ အမှုတွင် ပေါ်ပေါက်နေသော အကြောင်းခြင်းရာများအရ၊ မှားယွင်းသည်ဟု မဆိုနိုင်။

အယူခံတရားလိုအတွက်။ ။မရှိ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးကျော်ဂေါင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုကို ရာဇသတ်ပုဒ်မ ၃၀၂ (၂) စွဲချက်အရ တသက်တကျွန်း အပြစ်ဒဏ်နှင့် ရာဇသတ် ပုဒ်မ ၄၂၃ စွဲချက်အရ၊ အလုပ်နှင့် ထောင်ဒဏ်တနှစ်၊ ထိုပြစ်ဒဏ်နှစ်ရပ်စလုံးကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သော သာယာဝတီမြို့၊ ဒုတိယအထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်၍ အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၂၃။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၆ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့စွဲပါ၊ သာယာဝတီမြို့၊ ဒုတိယ အထူးတရားသူကြီး၏ အမိန့်ကို အယူခံဝင်မှု။

အယူခံတရားလို မောင်ကုလားသည်၊ သာယာဝတီခရိုင်၊ ရေကျော်ရွာသစ်တွင် နေထိုင်သူ တဦးဖြစ်သည်။ ၎င်းသည်အချင်းမဖြစ်မီက သေသူ မပုရွှေ၏ သမီးဖြစ်သူ မအမြင့် (လိုပြ-၂) အား လက်ဆွဲသောကြောင့်၊ သာယာဝတီထောင်၌ ၂ လခန့် အချုပ်ခံခဲ့ရပြီး၊ ထိုလက်ဆွဲမှုအရ ဒဏ်ငွေ ၁၀၀ ဆောင်ခဲ့ရသည်။ အချင်းဖြစ်သည့် ၁၉၆၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့ နံနက်ပိုင်းကလည်း၊ မအမြင့်အား "ဆရာကတော်" ဟုခေါ်သောကြောင့်၊ မပုရွှေက ရွာရှိရဲကင်းတွင် တိုင်ခဲ့ရသည်။ ထိုနေ့သည် ၇ နာရီ ခန့်အချိန်တွင်၊ မပုရွှေ၏ သမီးအကြီး မလှသန်း (လိုပြ-၁) သည်၊ နေအိမ်ဘေးတွင် လှန်းထားသော ထမီကို ရှပ်ရန်ဆင်းသွားရာ၊ အိမ်ဘေးရှိ အယူခံတရားလိုအား တွေ့ပြီး၊ အယူခံတရားလိုက ပါးကိုတချက်ရိုက်ပြီးနောက်၊ အိမ်ပေါ် သို့တက်သွားသည်။ ထိုစဉ်ကအိမ်ပေါ်၌ မပုရွှေသည် သမီးမျှားဖြစ်ကြသည့် မအမြင့်၊ မခင်ညို (လိုပြ-၃) တို့နှင့်အတူ မီးခွက်ထွန်းပြီးစကားပြောနေကြသည်။ ယင်းသို့ အယူခံတရားလိုသည် မလှသန်းအား ပါးရိုက်ပြီး အိမ်ပေါ် သို့တက်သွားစဉ်၊ အယူခံတရားလို၏ လက်ထဲ၌ ဒါးတလက်ပါသွားသည်ကို မြင်သောကြောင့်၊ မလှသန်းက အိမ်ပေါ်ရှိ ၎င်း၏မိခင်အား၊ အယူခံတရားလို ဒါးနှင့်တက်လာကြောင်း အော်ဟစ်သတိပေးလိုက်သည်။ သို့ရာတွင် အယူခံတရားလိုမှာ၊ အိမ်ပေါ် သို့ ချက်ခြင်းလိုပင် ရောက်သွားသဖြင့်၊ မပုရွှေအနေဖြင့် ထွက်ပြေးရန်အချိန်မရပေ။ အိမ်ပေါ် သို့ရောက်သောအခါ အယူခံတရားလိုသည်မပုရွှေအား၊ ဒါးနှင့် အချက်ပေါင်းများစွာ ခုတ်လေသည်။ မပုရွှေ ၏ သမီးများ ဖြစ်ကြသော မအမြင့်နှင့် မခင်ညိုတို့အပြင်၊ အိမ်အောက်၌ ရှိနေသော မလှသန်းကလည်း ၎င်းတို့၏ မိခင်ကို အယူခံတရားလိုက ဒါးနှင့်ခုတ်နေကြောင်း အော်ဟစ် ကြလေသည်။ ထိုအခါ မပုရွှေ၏ အိမ်အနီးတွင် နေထိုင်သည့် မပုရွှေ ၏ ဖခင် ဦးမောင်တင် (လိုပြ-၅) သည်ပြေးလာရာ၊ အယူခံတရားလို အိမ်ပေါ်မှ ခုန်ချထွက်ပြေးသဖြင့် နောက်မှလိုက် ဘမ်းသော်လည်း မမိလိုက်တော့ပေ။ ဦးမောင်တင်သည် သမီး၏အိမ်သို့ ပြန်လာပြီး ကြည့်သောအခါ၊ မပုရွှေမှာ ဒါးဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရလေသည်။ အိမ်နီးချင်းဖြစ်သည့် ဦးမောင်ဆင (လိုပြ-၄) နှင့် ကိုပိန် (လိုပြ-၆) တို့ကလည်း၊ မပုရွှေကို အယူခံတရားလိုက ဒါးနှင့်ခုတ်သွားကြောင်း အော်သံကြား၍လာကြည့်သောအခါ၊ အယူခံတရားလိုကို မတွေ့ရတော့ဘဲ ဦးမောင်တင်၏ မြေးများဖြစ်ကြသည့် မလှသန်း၊ မအမြင့်နှင့် မခင်ညို တို့က မပုရွှေကို အယူခံတရားလို ဒါးနှင့်ခုတ်သွားကြောင်း ပြောပြလေသည်။

မပုရွှေ၏ အလောင်းကို သာယာဝတီမြို့ ပြည်သူ့ဆေးရုံသို့ပို့လိုက်၍ ဆရာဝန် ဦးရဲမြင့် (လိုပြ-၁၃) က စစ်ဆေးကြည့်ရှုရာ၊ လက်ျာဘက်လက်တဖောင်ဆစ်အထက်တွင် ဒါးခုတ်ဒဏ်ရာတချက်၊ လက်ျာဘက်လက်ကောက်ဝတ်တွင်တချက်၊ လက်ဝဲဘက်

လည်ပင်းတွင်တချက်၊ လက်ဝဲဘက်နားထင်တွင်တချက်၊ လည်ပင်းနောက်ဘက်တွင် တချက်၊ ပေါင်း ၁၊းဒဏ်ရာ ၅ ချက်ကိုတွေ့ရသည်။ လက္ခဏာဘက်လက်မှ လက်ကောက်ဝတ်နှင့် တတောင်ဆစ်ပေါ်တွင် အရိုးလုံးဝပြတ်သွားပြီး အရေပြားတဲတဲသာတွဲလျက်ရှိသည်ကိုတွေ့ရသည်။ လည်ပင်းနှင့် နားထင်တွင် ရရှိသော ၁၊းဒဏ်ရာများမှာ၊ တခုချင်းအနေနှင့် မုချသေစေမည့် ၁၊းဒဏ်ရာများဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးထားသည်။ အယူခံတရားလိုက ပါးရိုက်ခြင်းခံရသည့် မလှသန်းအား၊ သာယာဝတီမြို့ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍၊ ဆရာဝန် ဒေါ်မြင့်မြင့် (လိုပြ-၁၂) က ကြည့်ရှုရာ၊ လက်ဝဲဘက်မေးရိုးတွင် သွေးခြေခြေနေသော ဒဏ်ရာတချက်တွေ့ရ၍၊ အပြင်လူနာအဖြစ် ဆေးကုသပေးလိုက်သည်။

အချင်းဖြစ်ပြီးနောက် အယူခံတရားလိုအား ၎င်းအိမ်တွင် သွားရောက်ရှာဖွေရာ၊ အိမ်၌မတွေ့ပေ။ သို့ရာတွင် နံနက် ၆ နာရီခန့်အချိန်တွင် အယူခံတရားလိုသည် ဦးသောင်းရွှေ (လိုပြ-၁၀) ထံသို့သွားရောက်ပြီး၊ ၎င်းအား ရဲအရာရှိများထံသို့အပ်ပေးရန်ပြောသဖြင့်၊ ဦးသောင်းရွှေသည် အယူခံတရားလိုကို အိမ်၌ထားခဲ့ပြီး၊ ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်အကြောင်းကြားသည်။ ရဲအရာရှိများ ရောက်လာပြီး အယူခံတရားလိုကိုဘမ်းဆီးလိုက်သည်။ ထို့နောက် အယူခံတရားလိုက၊ ၎င်း၏အိမ်မှ ၁၊း တချောင်းကိုထုတ်ပေးသည်။ ထိုဒါးနှင့် အယူခံတရားလိုကိုယ်ပေါ်မှ တွေ့ရှိသော ရှပ်အင်္ကျီကို ဓါတုဗေဒဌာနသို့ စစ်ဆေးရန်ပို့လိုက်ရာ၊ ဒါးနှင့် ရှပ်အင်္ကျီပေါ်တွင် သွေးစက်များတွေ့ရလေသည်။ ထိုသွေးစက်များမှာ လူသွေးဟုတ်မဟုတ် စစ်ဆေးရန် မလုံလောက်၍ မစစ်ဆေးခဲ့ရပေ။

အထက်ပါ သက်သေ အထောက်အထားများအရ၊ အယူခံ တရားလိုအပေါ် လူသတ်မှုဖြင့် တရားစွဲဆိုရာ၊ အယူခံတရားလိုက မပုရွှေကို ဒါးနှင့်မခုတ်ရကြောင်း၊ အချင်းဖြစ်သည့် အချိန်က မောင်စံသိန်း (ခံပြ-၂) ၏အိမ်တွင်ရှိနေကြောင်း၊ မပုရွှေ၏ သမီးများသည် မိမိနှင့် မသင့်မမြတ်ဖြစ်၍ မတရားစွပ်စွဲခြင်းသာ ဖြစ်ကြောင်း ထုချေသော်လည်း၊ အောက်ရုံး ပညာရှိ တရားသူကြီးသည် ၎င်း၏ ထုချေချက်ကို လက်မခံဘဲ၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုသည် မပုရွှေ၏သမီးအလတ် မအမြင့်အား လက်ဆွဲဘူးသောကြောင့်၊ မပုရွှေ၏ သမီးများအနေဖြင့် အယူခံတရားလိုအပေါ် မုန်းတီးကြမည်ဖြစ်သော်လည်း၊ ၎င်းအပေါ် လူသတ်မှုကဲ့သို့သော ကြီးလေးသည့်ပြစ်မှုဖြင့် စွပ်စွဲရန်အကြောင်းမရှိပေ။ အချင်းဖြစ်စဉ် အချိန်က၊ မပုရွှေသည် အိမ်ပေါ်၌ မီးခွက်ထွန်းပြီး သမီး များနှင့်အတူ စကားပြောနေရာ၊ သမီးများဖြစ်ကြသော မအမြင့်နှင့် မခင်ညိုတို့သည်၊ ၎င်းတို့၏မိခင်အား ဒါးနှင့်ခုတ်သူကို ကောင်းစွာတွေ့မြင်နိုင်ရန်

အကြောင်းရှိသည်။ ထို့ပြင် အယူခံတရားလိုသည်၊ မပုရွေကို တချက်တည်းခုတ်ပြီး ထွက်ပြေးသွားခြင်းမဟုတ်ဘဲ၊ ၅ ချက်တိတိအား‌ရ ပါးရခုတ်ခဲ့သဖြင့်၊ မပုရွေ၏ သမီးများသည် ၎င်းအား ကောင်းမွန်စွာ တွေ့မြင်နိုင်ရန် အချိန်ရှိသည်ဆိုခြင်းမှာ၊ ယုံမှားဘွယ်မရှိပေ။ ထို့ပြင်တစ်ဝ၊ မပုရွေ၏ သမီးများသည် မပုရွေအား အယူခံတရားလိုက ဒါးနှင့်ခုတ်နေဆဲတွင်၊ ၎င်း၏မိခင်ကို အယူခံတရားလိုက ဒါးနှင့် ခုတ်နေသည်ဟု ခွန်းပေါင်းများစွာ နာမည်တပ်ပြီး အော်ဟစ်ခဲ့သည်ကိုထောက်ရှုလျှင်၊ အယူခံတရားလိုအပေါ် စွပ်စွဲထားသော ၎င်းတို့၏စွပ်စွဲချက်မှာ၊ နောက်မှ လုပ်ကြံတင်ပြသော စွပ်စွဲချက်မဟုတ်ကြောင်း ပေါ်လွင်သည်။ အယူခံတရားလိုက အပ်ပေးသောဒါးနှင့် ရှပ်အင်္ကျီတို့၌ သွေးစသွေးနများကို တွေ့ရှိခဲ့ရာ ထိုအချက်သည် မလှသန်း၊ မအမြင့်နှင့် မခင်ညိုတို့၏ ထွက်ဆိုချက်များကို ထောက်ခံနေသည်။ သို့ဖြစ်ရာ၊ အယူခံတရားလိုသည် ရာဇသတ် ပုဒ်မ ၃၀၂ (၂) စွဲချက်အရငင်း၊ ပုဒ်မ ၃၂၃ စွဲချက်အရငင်း အပြစ်ရှိသည် ဆိုသော အောက်ရုံး ပညာရှိ တရားသူကြီး ကောက်ယူချက်မှာ မှန်ကန်သည်။

အယူခံတရားလိုသည် အသက် ၁၇ နှစ်ခန့်ရှိသော လူငယ်တယောက်ဖြစ်၍၊ သာမန်အားဖြင့်ဆိုလျှင် ပြစ်မှုကျူးလွန်သော လူငယ်များ အက်ဥပဒေ ပုဒ်မ ၂၅ အရ၊ ဘော်စတယ်ခေါ် အကျင့်စာရိတ္တပြုပြင်ရေးကျောင်းသို့ ပို့ရန်စဉ်းစားသင့်ပေသည်။ သို့ရာတွင် အောက်ရုံးပညာရှိ တရားသူကြီး အနေဖြင့် အယူခံတရားလိုသည် အသက်နုနယ်သော အမျိုးသမီးများကို စော်ကားတတ်သူဖြစ်ပြီး၊ ၎င်း၏ စော်ကားမှုကို သည်းညည်းမခံသော အမျိုးသမီးများအပေါ် ရက်ရက်စက်စက်သနားညှာတာစိတ်ကင်းမဲစွာပြုလုပ်ခဲ့သည့်အတွက်၊ ဘော်စတယ်ခေါ် အကျင့်စာရိတ္တပြုပြင်ရေးကျောင်းသို့ မပို့သင့်ကြောင်း ယူဆခဲ့သည်။ ထို ယူဆချက်မှာ အမှုတွင် ပေါ်ပေါက်နေသော အကြောင်းခြင်းရာများအရ မှားယွင်းသည်ဟု မဆိုနိုင် ၍၊ အောက်ရုံး ပညာရှိ တရားသူကြီး၏ ကောက်ယူချက်ကို၊ ကျွန်ုပ်အနေဖြင့် ဝင်ရောက်စွက်ဖက်ရန်မသင့်ဟု ယူဆသည်။ အယူခံတရားလိုအပေါ် ဥပဒေက ပြဋ္ဌာန်းထားသည့် အမြင့်ဆုံး အပြစ်ဒဏ်များကို ချမှတ်ထားသည်ကို တွေ့ရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အမှုဖြစ်ပျက် အကြောင်းခြင်းရာများအရ၊ အယူခံတရားလိုအပေါ် သက်ညှာရန် အကြောင်းမရှိသဖြင့်၊ ၎င်းအပေါ် ချမှတ်ထားသော အပြစ်ဒဏ်များကို လျှော့ပေါ့ရန် ကျွန်ုပ်အနေဖြင့် အကြောင်းမရှိဟုယူဆသည်။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရွှေတွင်

† ၁၉၆၆ နိုဝင်ဘာလ ၂၃ ရက်။

မောင်ကောက်ကြီး ပါ ၂ (အယူခံတရားလိုများ)

နှင့်

မမ့္ဓ ပါ ၃ (အယူခံတရားခံများ)*

မြေများကို လက်ရောက်အပ်ပေးစေလိုမှု တရားစွဲဆိုခြင်း—တရားမ ကျင့်ထုံး ပုဒ်မ ၁၀၀ (၁)(ဃ) အရ၊ တင်သွင်းသည့် အယူခံလွှာ—ပဌမအယူခံရုံးက ဆုံးဖြတ်ချက် ချမှတ်သည့် အကြောင်းခြင်းရာ ပြဿနာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ဒုတိယ အယူခံရုံးက ဝင်ရောက်စွက်ဖက်နိုင် မစွက်ဖက်နိုင်။

ဆုံးဖြတ်ချက်။ ။အယူခံလွှာမှာ တရားမကျင့်ထုံး ပုဒ်မ ၁၀၀ (၁) (ဃ) အရ၊ တင်သွင်းသည့် အယူခံလွှာဖြစ်သည်။ ထိုပုဒ်မ**၏** အပိုဒ်ငယ် (ဃ) သည်၊ ၁၉၄၅ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၁၇ အရ၊ ဖြည့်စွက်ထားသည့် အပိုဒ်ငယ် ဖြစ်သည်။ ထို့ကြောင့် ပဌမ အယူခံရုံးကို ဆုံးဖြတ်ချက် ချမှတ်သည့် ဒေကြောင်းခြင်းရာ ပြဿနာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ဒုတိယ အယူခံရုံးသည်၊ အထက်ဖော်ပြပါ အပိုဒ်ငယ် အရ ဝင်ရောက် စွက်ဖက်နိုင်မည် ဖြစ်သည်။

မဖြူ နှင့် **ကေ၊စီမစ်တရာ၊** ရန်ကုန်စီရင်ထုံး အတွဲ ၄၊ စာ ၅၈၆။ ။**စွဲချမ်ဘီးဆန်စက်ကုမ္ပဏီနှင့် နှင့် မုကဋ္ဌးနဟတ်၊** မြန်မာနိုင်ငံစီရင်ထုံး ၁၉၅၅ ခုနှစ်၊ စာ ၂၉၁၊ ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။ဦးလှညွှန့် (ကိုယ်စား) ဦးတင်မောင်။

အယူခံတရားခံများအတွက်။ ။ဒေါ်တင်တင်အေး။

တရားသူကြီး ဦးစိန်သင်း။ ။တံတားဦးမြို့၊ မြို့နယ်တရားမရုံး၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ တရားလိုများဖြစ်ကြသော မန္တ့ဓ၊ မကြည်တို့က၊ တရားခံများဖြစ်ကြသော မောင်ကောက်ကြီးနှင့် မန်းဆယ်တို့အပေါ် တွင်၊ အခင်းဖြစ် မြေများကို လက်ရောက်အပ်ပေးစေလိုမှု တရားစွဲဆိုခဲ့သည်။ တရားလိုများက ထိုမြေ

---

* ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၆။

† ၁၉၆၂ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၇ တွင် ချမှတ်သော ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့စွဲပါ ကျောက်ဆည်မြို့၊ ခရိုင်တရားမ တရားသူကြီး၏ ဒီကရီကို အယူခံဝင်မှု။

မောင်ကောက်ကြီး ပါ ၂ နှင့် မမဲ့ ပါ ၃။

များသည် မိမိတို့၏ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးစံအုံ-မအေးခင်တို့ထံမှ အမွေဆက်ခံရရှိပြီး လက်ရှိလုပ်ကိုင်ခဲ့သည့် မြေများဖြစ်ပါသည်။ ၁၃၂၅ ခုနှစ်ကစ၍ တရားခံများသည် ထိုမြေများပေါ်တွင် ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခဲ့ပါသည်။ တရားခံများကို ထိုမြေမှ ထွက်ခွါသွားရန် အကြိမ်ကြိမ်ပြောကြားသော်လည်း၊ မရရှိသောကြောင့် တရားစွဲဆိုရခြင်း ဖြစ်ပါသည်ဟု အဆိုပြုထားသည်။ တရားခံများက တရားလိုများ၏ အဆိုပြုချက်များကို ငြင်းဆိုထားသည်၊ တရားခံ ချေပလွှာအရ ဆိုသော်၊ မိမိတို့သည် အနှစ်ခြင်းဖြစ်မြေပေါ်ရှိ တောခုံများကို ရှင်းလင်းပြီး၊ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ခန့်ကစ၍ လုပ်ကိုင်လာခဲ့ခြင်းဖြစ်သောကြောင့် ထိုမြေသည် မိမိတို့၏ ဓါးမဦးချလုပ်ကိုင်သော မြေဖြစ်ပါသည်။ တရားလိုများပိုင်ဆိုင်သောမြေပေါ်သို့ ကျူးကျော်ဝင်ရောက်၍ လုပ်ကိုင်ခြင်းမဟုတ်ပါ အစရှိသဖြင့် ချေပခဲ့သည်။ ပညာရှိ မူလရုံးတရားသူကြီးကအောက်ပါကောက်နုတ်ချက်တရပ်ကို ထုတ်ပေးခဲ့သည်။

အခင်းဖြစ်မြေသည် တရားလိုတို့က ကွယ်လွန်သူ မိဘများထံမှ အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိလုပ်ကိုင်နေသည်ဆိုခြင်းမှာ မှန်ပါသလား၊

သို့တည်းမဟုတ်

တရားခံများက တောခုံရှိသော မြေကွက်ကို ဓါးမဦးချတိုထွင်လုပ်ကိုင်ပိုင်ဆိုင်ခြင်းဆိုတာမှန်သလား။

ပညာရှိမူလရုံး တရားသူကြီးက အထက်ဖော်ပြပါ ကောက်ချက်နှင့် ပတ်သက်၍ တရားခံများသည် ထိုမြေမှာမိမိတို့ ဓါးမဦးချလုပ်ကိုင်လာသည့် မြေဖြစ်ကြောင်း သက်သေထင်ရှားပြသနိုင်သည်ဟု ယူဆကာ တရားလိုများ၏ အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ထိုအမိန့်နှင့် စီရင်ချက်တို့ကို မကျေနပ်သဖြင့် တရားလိုများကကျော်ဆည်မြို့၊ ခရိုင်တရားမရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၇ တွင် အယူခံဝင်ရာ၊ ပညာရှိ ခရိုင်တရားမတရားသူကြီးက အောက်ရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်လိုက်ပြီး၊ တရားလိုစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးခဲ့သည်။ ထိုကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ ဒုတိယအယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် အခင်းဖြစ်မြေသည် လယ်ယာမြေဖြစ်သောကြောင့်၊ ၁၉၆၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ၊ ပြည်သူပိုင်ပြုလုပ်ပြီး ဖြစ်မဖြစ်နှင့် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေအရ၊ သီးစားချထားရေးအဖွဲ့က ထိုမြေကို သီးစားချထားခြင်း ပြုမပြုနှင့်စပ်လျဉ်း၍ ရှင်းလင်းရန် လိုအပ်သောကြောင့် အဆိုပါ အချက်များနှင့် ပတ်သက်၍ ကောက်ချက်များထုတ်ကာ၊ အမှုတွဲကိုတရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၄၊ အရ၊ အောက်ရုံးသို့ ပြန်၍ပေးပို့ခဲ့သည်။

၁၉၆၆

မောင်ကောက်ကြီး ပါ ၂ နှင့် မမဲ့ ပါ ၃။

ပညာရှိမူလရုံး တရားသူကြီးသည် လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက် အခင်းဖြစ်မြေများသည် ပြည်သူပိုင်ပြုလုပ်ထားသည့် မြေများမဟုတ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁)အရလည်း ကင်းလွတ်ခွင့်ပေးထားခြင်းမရှိ။ သီးစားချထားရေးအဖွဲ့ကလည်း သီးစားချထားခြင်းမရှိ အစရှိသဖြင့် ကောက်ချက်များကို ဖြေဆိုထားကာ ခရိုင်တရားမရုံးမှ တစ်ဆင့် ဤရုံးသို့ တင်ပို့ခဲ့ပြီးဖြစ်သည်။ ခရိုင်တရားမတရားသကြီးကလည်း အဆိုပါရုံး၏ ထင်မြင်ယူဆချက်များကို အတည်ပြုပြီးဖြစ်သည်။ ထို့ကြောင့် အခင်းဖြစ်မြေ နှင့်ပတ်သက်၍ တရားမရုံးများက ဝင်ရောက်စွက်ဖက်အမိန့်ချမှတ်ခြင်းမှ တားမြစ်ထားသည့် အမိန့်မျိုးများမရှိဟု ယူဆရချေသည်။

အယူခံတရားခံများအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိလွှတ်တော် ရေနေကြီး ဒေါ်တင်တင်အေးက **မဖြူ** နှင့် **ကော၊ စိမစ်တရ** (၁) အမှုစီရင်ထုံးအား ကိုးအားထားပြု၍ အကြောင်းချင်းရာ ပြဿနာနှင့်ပတ်သက်သည့် ပဌမအယူခံရုံး၏ ဆုံးဖြတ်ချက်သည် အပြီး အပိုင်ဖြစ်ပါသည်ဟု လျှောက်လဲလေသည်။ တစ်နည်းအားဖြင့်ဆိုသော် အကြောင်းချင်းရာ ပြဿနာနှင့်ပတ်သက်၍ ချမှတ်ခဲ့သည့် ပဌမအယူခံရုံး၏ ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံး သည် ဝင်ရောက် စွက်ဖက်ခြင်း မပြုနိုင်ဟူ၍ ဖြစ်သည်။ သို့ရာတွင် ယခု ကျွန်ုပ်ရှေ့ရှိ (အယူခံလွှာမှာ၊ တရားမကျင့်ထုံးပုဒ်မ ၁၀၀(၁)(ဃ) အရ တင်သွင်းသည့် အယူခံလွှာ ဖြစ်သည်။ ထိုပုဒ်မ၏ အပိုဒ်ငယ်(ဃ)သည် ၁၉၄၅ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၁၇ အရ ဖြည့်စွက်ထားသည့် အပိုဒ်ငယ် ဖြစ်သည်)အထက်တွင် ဖော်ပြခဲ့သည့် မဖြူ၏ အမှုကို စီရင်ဆုံးဖြတ်ခဲ့စဉ်က ပုဒ်မ ၁၀၀(၁)တွင် ထိုအပိုဒ်ငယ်ကို ဖြည့်စွက်ထားခြင်း မရှိသေးချေ။ ထို့ကြောင့် ပဌမအယူခံရုံးက ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းချင်းရာ ပြဿနာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံးသည် အထက်ဖော်ပြပါ အပိုဒ်ငယ်အရ ဝင်ရောက် စွက်ဖက်နိုင်မည်ဖြစ်သည်။ အဆိုပါ မဖြူတို့အမှုစီရင်ထုံး ကို ၁၉၄၅ ခုနှစ်၊ နောက်ပိုင်းတွင် ဆုံးဖြတ်ခဲ့သည့် **စွိုချွမ်ဘီးဆန်စက်ကုမ္ပဏီ**နှင့်**မုကရူးနဟတ်** (၂) အမှု စီရင်ထုံးတွင် ရည်ညွှန်းထားသည်ကားမှန်၏။ သို့ရာတွင် ထိုအမှုစီရင်ထုံး၌ မူလရုံး၏ အကြောင်းချင်းရာ ပြဿနာနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ကို ပဌမအယူခံရုံးကလည်း တသဘောတည်း ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုစီရင်ထုံးသည် အထက်ဖော်ပြပါ တရားမကျင့်ထုံးပုဒ်မ ၁၀၀(၁)(ဃ) ဖြည့်စွက်ပြီးသည့် နောက်ပိုင်းမှ စီရင်ဆုံးဖြတ်သော စီရင်ထုံး ဖြစ်လင့်ကစား၊ အဆိုပါ အပိုဒ်ငယ်

(၁) ရန်ကုန်စီရင်ထုံး အတွဲ ၄၊ စာမျက်နှာ ၅၀၆။

(၂) မြန်မာနိုင်ငံစီရင်ထုံး၊ ၁၉၅၅ ခုနှစ်၊ စာမျက်နှာ ၂၉၁။

(၈) နှင့်အကျုံးဝင်သည့်စီရင်ထုံးမဟုတ်ချေ။ ထိုကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ ဒုတိယအယူခံမှုတွင် ပဌမအယူခံရုံး၏ အကြောင်းချင်းရာ ပြဿနာနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံးအနေနှင့် ဆင်ခြင်စဉ်းစားရမည်သာ ဖြစ်သည်။

ပညာရှိ အောက်ရုံး တရားသူကြီးက ဦးထွန်းမို့ (လို၊ပြ-၂)၊ ကိုညိုတုပ် (လို၊ပြ-၃) တို့၏အစစ်ခံချက်များကို အားကိုးအားထားပြုကာ၊ အခင်းဖြစ်မြေကို အယူခံတရားလိုများက ခါးမဉီးချလုပ်ကိုင်လာခဲ့ကြောင်း ထင်ရှားသည်ဟု ယူဆခဲ့သည်။ သို့ရာတွင် အဆိုပါ သက်သေများ၏ ထွက်ဆိုချက်အရဆိုသော်၊ အယူခံတရားလိုများသည် ထိုကဲ့သို့ ခါးမဉီးချ လုပ်ကိုင်လာခဲ့သည်ဆိုသည်မှာလွန်ခဲ့သော ဂ နှစ်ခန့်ကဖြစ်ကြောင်း ပေါ်လွင်လေသည်။ ပညာရှိ ပဌမအယူခံရုံး တရားသူကြီး ညွှန်ပြထားသည့်အတိုင်း၊ ခါးမဉီးချပိုင်ဆိုင်ခွင့် ရရှိရန်မှာ ထိုမြေသည် မူလက အစိုးရမြေဖြစ်ပြီး ဝင်ရောက်လုပ်ကိုင်သူသည် ထိုမြေကို မိမိ၏နာမည်ဖြင့် အခွန်တော် ဆောင်နိုင်ရန်လိုအပ်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်ရမည်ဖြစ်သည်။ ယခုအမှု၌ အယူခံတရားလိုများသည် ထိုမြေကို သီးစားများအဖြစ် အခွန်တော် ထမ်းဆောင်ခဲ့ကြောင်း အလွန်ထင်ရှားလေသည်။ အောက်ရုံး အမှုတွဲတွင် ရရှိသည့် သက်သေခံချက်များအရ၊ ထိုမြေ၏ မူလပိုင်ရှင်မှာ ဒေါ်သင်ဇာဖြစ်သည်။ အယူခံတရားခံများသည် ဒေါ်သင်ဇာမှဆင်းသက်သည့် အမွေစားအမွေခံများဖြစ်ကြောင်း ပေါ်လွင်လေသည်။ ထိုကြောင့်မူလရုံးက အခင်းဖြစ်မြေသည် အယူခံတရားလိုများ၏ ခါးမဉီးချလုပ်ကိုင်ခဲ့သည့် မြေဖြစ်သည်ဟုကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းလေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ အခင်းဖြစ်မြေ၏ မူလပိုင်ရှင်မှာ ဒေါ်သင်ဇာဖြစ်သည်။ ဒေါ်သင်ဇာသည် ဦးဘိုးချောင်ဆိုသူ၏ ဒုတိယမယားဖြစ်သည်။ ဒေါ်သင်ဇာနှင့်ဦးဘိုးချောင်တို့သေဆုံးပြီးနောက်၊ အမွေစားအမွေခံများအဖြစ် ကျန်ရစ်သူများမှာဦးဘိုးချောင်၏ မြေးများဖြစ်ကြသော အယူခံတရားခံများဖြစ်ကြသည်။ ဦးဘိုးချောင် သေဆုံးပြီးနောက် အယူခံတရားခံများ၏ မိခင် ဒေါ်အေးခင်သည် ထိုမြေကို လုပ်ကိုင်ခဲ့ဘူးကြောင်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိခဲ့သည်။ ဒေါ်အေးခင်အည် ထိုမြေပေါ်သို့ ယခင်က ဝင်ရောက်လုပ်ကိုင်ခဲ့သည့် ဦးဘတုပ် (ခံ၊ပြ-၁) နှင့် ၎င်း၏ညီဦးဘချစ်တို့ကို မြေမှထွက်ခွါသွားရန် တရားရုံး၌ ဒီကရီရဘူးကြောင်းမှာလည်း ပေါ်လွင်လေသည်။ ထိုကြောင့် အခင်းဖြစ်မြေသည် အယူခံတရားခံများ၏ အမွေဆက်ခံရရှိခဲ့သော မြေများဖြစ်သည်။ အထက်ဖော်ပြပါ၊ အကြောင်းများကြောင့်၊ ယခုကျွန်ုပ်ရှေ့ရှိ အယူခံသွာကို စရိတ်နှင့်တကွပလပ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ငွေ ၅၁ ကျပ်တိတိဖြစ်စေရမည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆ ဒီဇင်ဘာလ ၂ ရက်။

မောင်ခင်မောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

အဂတိ လိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄ (၄) (ဂ)၊ ၄ (၂) အရ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည်၊ ရဲတပ်သား တဦးဖြစ်သည့်အလျောက် ရာဇဝတ် မူဖြစ်ပွါးခြင်းမှ ကာကွယ်ရန်နှင့် ရာဇဝတ်မှုကျူးလွန်သူအား ဖမ်းဆီး အရေးယူရန် တာဝန်ရှိသော်လည်း ၎င်းကိုယ်တိုင်က ရာဇဝတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။ လာဘ်ပေး လာဘ်ယူကိစ္စမှာ အချိန်မီ တားဆီးခြင်း မပြုပါက တိုင်းပြည်၏ အုပ်ချုပ်ရေး မဏ္ဍိုင်ကို ယိမ်းယိုင် ပျက်ပြားစေနိုင်သည့် ကိစ္စတရပ်ဖြစ်၍ အပြစ်ရှိသူအား မှတ်လောက် သားလောက်အောင် အပြစ်ဒဏ် ချမှတ် ရန် တာဝန်ရှိပေသည်။ သို့ဖြစ်ရာ အယူခံ တရားလိုအပေါ် ချမှတ်ထားသော အပြစ်ဒဏ်ကို လျော့ပေါ့ရန် အကြောင်းမမြင်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးဇင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလိုအပေါ် အဂတိလိုက်စားမှုတားမြစ်ရေး ဥပဒေပုဒ်မ ၄ (၁) (ဂ) နှင့် ၄ (၂) အရ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သော သံတွဲမြို့ ဒုတိယရာဘာက် ရာဇဝတ် တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

လွန်ခဲ့သည့် ၁၉၆၃ ခု၊ နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက် ၇ နာရီအချိန်တွင်၊ သံတွဲခရိုင်၊တောင်ကုတ်မြို့နယ်၊ အောင်ဆိတ်ပြင်ရွာနေ ကျော်ထွန်းအောင် အား၊ ၎င်း၏

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၅၁။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဧပြီလ ၁၁ ရက် နေ့စွဲပါ၊ သံတွဲမြို့၊ ၂ ရာဘာက် (အထူး) ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

အစ်ကိုဖြစ်သူမောင်မြထွန်းစိန် (လိုပြ-၂)၏ ငရွတ်ကိုင်းတောမှာ၊ အယူခံတရားလိုက လာရောက် ဖမ်းဆီး သွားသည်၊ အယူခံ တရားလိုသည် ချက်ဖေါက် ရဲကင်းစခန်း၌ ထိုစဉ်က ရဲတပ်သားအဖြစ် အမှုထမ်းလျက်ရှိသည်။ ထိုနေ့က ချက်ဖေါက်ရဲကင်းအုပ်ဖြစ်သူ ဒု-လုံခြုံရေးမှူး မောင်စိန်အောင်ကျော်သည် အယူခံ တရားလို အပြင်၊ အခြားရဲတပ်သားများနှင့်အတူ သိန်ကျောင်းပြင်ရွာသို့ ကင်းလှည့်လာရင်း ကျော်ထွန်းအောင်သည် ခါးပြမှု ကျူးလွန်ခဲ့သည်ဟု သတင်းရသဖြင့်၊ အယူခံတရားလို အား အဖမ်းခိုင်းလိုက်ခြင်း ဖြစ်သည်။

နံနက် ၁၀ နာရီခန့်အချိန်တွင် မောင်မြထွန်းစိန်သည် ညီဖြစ်သူအား ဖမ်းထားသည့် သိန်ကျောင်းပြင်ရွာသို့ လိုက်သွားသည်။ ညီဖြစ်သူ ကျော်ထွန်းအောင်အား ကြိုးနှင့် တုပ်ထားသည်ကို တွေ့ရသည်။ ထိုနောက် အယူခံ တရားလိုက ငွေ ၂၀၀ ကျပ် ပေးလျှင် ကျော်ထွန်းအောင်ကို ပြန်လွှတ်ပေးမည်ဟုပြောသဖြင့်၊ မောင်မြထွန်းစိန်သည်ရွာသို့ပြန်ကာ ဦးသာမွှန့်နှင့် မသာနုတို့ထံမှ ငွေ ၁၈၀ ကျပ်ကို ချေးငှါးပေးခဲ့ပြီး၊ ထိုငွေ ၁၈၀ ကျပ်ကို မောင်ထွန်းသာ (လိုပြ-၃) နှင့်မောင်ခေါင်ပုတ်(လိုပြ-၄) တို့ရွှေ့ အယူခံ တရားလိုအား ပေးခဲ့ရသည်။ ထိုကဲ့သို့ငွေပေးလိုက်ပြီးနောက်မျှားမကြာမီ ကျော်ထွန်းအောင်သည် အချုပ်မှ လွတ်လာလေသည်။

၁၉၆၄ ခု၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် တောင်ကုတ် ရဲတပ်စခန်းမှူး ဦးကျော်ခိုင် (လိုပြ-၁) သည် အမတော်ကြေး ကိစ္စနှင့် ပတ်သက်၍ လမူးချောင်းကျော်ကိုင်းရွာသို့ ရောက်သွားသောအခါ မောင်မြထွန်းစိန်သည်၊ ၎င်းထံမှ အယူခံ တရားလိုက လာဘ် စားကြောင်း တိုင်ကြားသဖြင့်၊ ဦးကျော်ခိုင်က ပဌမ သတင်းချက်ဖွင့်ကာ အယူခံ တရားလိုနှင့် ဒု-လုံခြုံရေးမှူး မောင်စိန်အောင်ကျော်တို့အပေါ် အဂတိလိုက်စားမှု တားမြစ်ရေး ဥပဒေပုဒ်မ ၄ (၁) (ဂ) နှင့် ၄ (၂) အရ ရုံးတင်တရားစွဲဆိုခဲ့၏။

အောက်ရုံးပညာရှိ တရားသူကြီးသည် သက်သေများကို စစ်ဆေးပြီးနောက်၊ မောင်စိန်အောင်ကျော်အား တရားသေလွှတ်ခဲ့၏။ ယင်းတရားသေလွှတ်သော အမိန့်ကို နိုင်ငံတော် အစိုးရတ အယူခံ မဝင်သဖြင့်၊ မောင်စိန်အောင်ကျော်နှင့် ပတ်သက်၍ အထူးဝေဖန်ရန် မလိုတော့ပေ။ အယူခံ တရားလိုက ၎င်းသည် မောင်မြထွန်းစိန်ထံမှ လာဘ်ငွေ တောင်းခဲ့သည် ဆိုခြင်းကို ငြင်းဆိုသော်လည်း၊ အောက်ရုံး ပညာရှိ တရားသူကြီးသည် ၎င်း၏ငြင်းဆိုချက်ကို လက်မခံဘဲ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုက မောင်မြထွန်းစိန်ထံမှငွေများသည် ကျော်ထွန်းအောင် အချုပ်မှလွှတ်ရန်လာဘ်ငွေ ၂၀၀ ကျပ်တောင်းရာ၊ ငွေ ၁၈၀ ကျပ်ကိုပေးခဲ့ရကြောင်း မောင်မြထွန်းစိန်က အတိအလင်းစွပ်စွဲသွားသည်။ ၎င်း၏ စွပ်စွဲချက်ကိုမောင်ထွန်းသာ

၁၉၆၆

မောင်ခင်မောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ

နှင့်မောင်ခေါင်ပုတ်တို့က ထောက်ခံထားကြသည်။မောင်ထွန်းဘာနှင့် မောင်ခေါင်ပုတ်တို့က မောင်မြထွန်းစိန်သည် ၎င်း၏ညီလွတ်မြောက်ရေးအတွက် ၎င်တွေ ၁၈၀ ကျပ်ကို ၎င်းတို့၏ခွေ့ခ်ု၊ အယူခံတရားလိုအား ပေးခဲ့ရကြောင်း ထွက်ဆိုသွားကြသည်။

လာဘ်ပေး လာဘ်ယူ အမှုများတွင် လာဘ်ပေးသူက တဘက်သား၏ အတင်းအကြပ် တောင်းဆိုခြင်းကြောင့် မဟုတ်ဘဲ၊ အလိုအလျောက် လာဘ်ငွေကို သွားရောက်ပေးခဲ့ခြင်း ဖြစ်ပါမူ၊ လာဘ်ပေးသူသည်လာဘ်ယူသူကဲ့သို့ပင် ပြစ်မှုကျူးလွန်ရာ၌ အလိုတူ အလိုပါ တယောက် ဖြစ်သည်ဟု ယူဆရမည်ဖြစ်သောကြောင့် လာဘ်ပေးသူ၏ ထွက်ချက်တခုတည်းဖြင့် လာဘ်ယူသည်ဆိုသော တရားခံ အပေါ် အပြစ်ပေးရန် သက်သေခိုင်လုံသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ အခြားသက်သေ အထောက်အထား ရှိရန်လိုမည် ဖြစ်သည်။ သို့ရာတွင် လာဘ်ငွေကို ဘယာကြောင့် မပေးချင်ဘဲ ပေးခဲ့ရပါမူ၊ ထိုကဲ့သို့ လာဘ်ပေးခြင်းသည် အလိုတူအလိုပါ ပြစ်မှု ကျူးလွန်ခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်သည့် အလျောက်၊ ယင်းသို့ လာဘ်ပေးသူ၏ ထွက်ချက်အား အခြားထောက်ခံသည့် သက်သေ အထောက်အထားရှိရန် မလိုပေ။ **မောင်ထွန်းစိန် နှင့် ပြည်ထောင်စု** (၁)။

ဤအမှုဌ် မောင်မြထွန်းစိန်သည် ၎င်း၏ညီဖြစ်သူ ကျော်ထွန်းအောင် အား အချုပ်မှလွတ်မြောက်ရန် အယူခံတရားလိုက တောင်းဆိုသည့် လာဘ်ငွေ ၁၈၀ ကျပ်ကို ပေးခဲ့ရခြင်းဖြစ်သည်။ လာဘ်ငွေကို ဘယာကြောင့် မပေးချင်ဘဲ ပေးခဲ့ရကြောင်း ပေါ်လွင်သည်။မောင်မြထွန်းစိန်၏ စွပ်စွဲချက်ကိုမောင်ထွန်းသာနှင့် မောင်ခေါင်ပုတ်တို့ကလည်း ထောက်ခံထားသည်။ ထိုသက်သေများသည် အယူခံ တရားလိုအပေါ် မဟုတ်မတရား ထွက်ဆိုကြရန် အကြောင်း စိုးစဉ်းမျှမရှိသဖြင့်၊ အယူခံ တရားလိုသည်လာဘ်ငွေ ၁၈၀ ကျပ်ကို မောင်မြထွန်းစိန်ထံမှရယူခဲ့ကြောင်း ထင်ရှားသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

(အယူခံ တရားလိုသည် ရဲတပ်သားတဦး ဖြစ်သည့်အလျောက်၊ ရာဇဝတ်မှု ဖြစ်ပွါးခြင်းမှ ကာကွယ်ရန်နှင့် ရာဇဝတ်မှု ကျူးလွန်သူအား ဖမ်းဆီးအရေးယူရန် တာဝန်ရှိသော်လည်း၊ ၎င်းကိုယ်တိုင်က ရာဇဝတ် ပြစ်မှု ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ လာဘ်ပေး လာဘ်ယူ ကိစ္စမှာ အချိန်မှီ တားဆီးခြင်း မပြုပါက၊ တိုင်းပြည်၏ အုပ်ချုပ်ရေး မကျွိုင်ကို ယိမ်းယိုင်ပျက်ပြားနိုင်သည့် ကိစ္စတရပ် ဖြစ်၍၊ အပြစ်ရှိသူအား မှတ်လောက် သားလောက်အောင် အပြစ်ဒဏ် ချမှတ်ရန် တာဝန်ရှိပေသည်။ သို့ဖြစ်ရာ အယူခံ တရားလိုအပေါ် ချမှတ်ထားသော အပြစ်ဒဏ်ကို လျော့ပေါ့ရန် အကြောင်းမမြင်) သဖြင့်၊ ဤအယူခံမှုကို ပလပ်လိုက်သည်။

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၉၃ (တရားလွှတ်တော်)။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်မေ ရွှေတွင်

မောင်စိန် ဘရားသား (စ်) (အယူခံတရားလို) † ၁၉၆၆

နှင့်

မက်ဆား (စ်) ဘားမား ပလပ်စတစ် မိုလ်ဒါး (အယူခံတရားခံ)*

ဒီဇင်ဘာလ ၃၃ ရက်။

တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂—လျော်ကြေးငွေပေးရန် ခံဝန်ပြုလုပ်ခြင်း—တရားမကျင့်ထုံး ပုဒ်မ ၉၅ အရသော်၎င်း၊ ပုဒ်မ ၁၄၅ အရသော်၎င်းလျော်ကြေးငွေ တောင်ဆိုခြင်း ပြုနိုင် မပြုနိုင်—တရားမ ကျင့်ထုံး ပုဒ်မ ၁၅၁ တွင်အပ်နှင်းထားသည့် မူလ ဘူတ အာဏာ များကို အသုံးပြု၍ ဆောင်ရွက်ပေးနိုင် မပေးနိုင်။

အယူခံတရားခံက အမှုကို မဆုံးဖြတ်မီစပ်ကြားခေတ္တတားဝရမ်း ထုတ်ပေးရန်လျှောက်ထားရာ တရားမ ကျင့်ထုံး ပုဒ်မ ၃၉၊ နည်းဥပဒေ ၂ အရ၊ ခံဝန်ချုပ်ပြုလုပ်၍ ခေတ္တတားဝရမ်း ထုတ်ဆင့်ပေး၏။ ပဌမ အယူခံတွင် အယူခံ တရားခံရုံးနိမ့်သဖြင့် အယူခံ တရားလိုက နစ်နာကြေး ရရှိရန် လျှောက်ထားပေသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံက တရားမ ကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၂ အရ၊ အယူခံတရားလိုအား လျော်ကြေးငွေ ပေးရန်တာဝန်ယူကာ ခံဝန် ချုပ်ဆိုသဖြင့် တရားမ ကျင့်ထုံး ပုဒ်မ ၉၅ အရသော်၎င်း၊ တရားမကျင့်ထုံး ပုဒ်မ ၁၄၅ အရသော်၎င်း လျော်ကြေးငွေ တောင်းဆိုခြင်းမပြုနိုင်ပေ။ တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ၊ ချုပ်ဆိုသည့် ခံဝန်ချုပ်ကို မည်သို့ မည်ပုံ အာဘည်ပြုရမည်ဟု တရားမ ကျင့်ထုံးတွင်အတိအလင်း ပြဋ္ဌာန်းချက် ပြုလုပ်ထားခြင်း မရှိပေ။ ထိုကိစ္စမျိုးတွင် တရားရုံးအနေဖြင့် တရားမကျင့်ထုံး ပုဒ်မ ၁၅၁ တွင် အပ်နှင်း ထားသည့်မူလ ဘူတ အာဏာများကို အသုံးပြု၍ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

ကွန်ဟီမိုင်ဒင် နှင့် ကွန်ဟီကိုမန်၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၃၊ မဒရပ် ၆၉၁။ မူသူဆွာမီ နှင့် ပီလေး မနီကာမူပန်း၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၆၊ မဒရပ် ၉၉၀။ ကွန်ဝါရိုဟန်နီဆင်း နှင့် သာကူဟာဆင် အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၃၊ (ပရီဗီကောင်စီ) ၁၈၉။ ။ မဒီရပ် (ခ) နှင့် မင်ကာထက်ဝါရောင်း အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၅၊ (ဟိုက်ဒရာဘတ်) ၂၆၁ ရည်ညွှန်းသည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၂၆။

† ၁၉၅၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁၅ တွင် ရန်ကုန်မြို့တော် တရားမဋ္ဌံး ဒုတိယတရား သူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၆ **အယူခံတရားလိုအတွက်။** ။ ရှေ့နေကြီးဦးလှဖေ(၁)။

မောင်စိန်ဘရား သား(စ်) နှင့် မက်ဆား(စ်) ဘားမားပလစ် စတစ်မိုလ်ဒါး။ **အယူခံတရားခံအတွက်။** ။ ရှေ့နေကြီးမစွတာစူရ်မား။

တရားသူကြီး ဦးသက်ဖေ။ ။ အယူခံတရားခံက အယူခံတရားလိုသည် မိမိ၏ မူပိုင် ပုံစံအရ ထုတ်လုပ်ရောင်းချသည့် ပလပ်စတစ်ဘီးများကို အတုလုပ်၍ ရောင်းချ နေသည်ဟု စွပ်စွဲကာရန်ကုန်ပြို့ တရားမရုံးတွင်မိမိထုတ်လုပ်ရောင်းချသည့် ပလပ်စတစ်ဘီး၏ ပုံစံမှာ မိမိ၏ မူပိုင်ပုံစံဖြစ်ကြောင်း မြွက်ဟချက်ဒီကရီချမှတ်ပေးရန် အယူခံတရားလိုအား ထိုပုံစံအရ ပလပ်စတစ်ဘီးများကို အတုလုပ်၍ ရောင်းချခြင်းမှ ထာဝစဉ်တားမြစ်ပေးရန် နှင့် နစ်နာကြေးများ ချမှတ်ပေးရန် တရားစွဲဆိုခဲ့၏။

ထိုကဲ့သို့ စွဲဆိုသည့်အမှုကို ကြားနာခြင်းမပြုမီ အယူခံတရားခံက အမှုကို မဆုံးဖြတ်မီ စပ်ကြား၌ အယူခံတရားလိုအား အငြင်းပွားနေသည့် ပုံစံအရ ပလပ်စတစ်ဘီးများ မထုတ်လုပ်ရန် ခေတ္တတားဝါရမ်း ထုတ်ပေးရန် လျှောက်ထားရာ အောက်ရုံးပညာရှိ တရား သူကြီးက တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ၊ ငွေ ၇၀၀၀ ကျပ်တန် ခံဝန် ချုပ်ပြုလုပ်လျက် ခေတ္တတားဝါးရမ်းထုတ်ပေးမည်ဟု အမိန့်ချမှတ်သဖြင့် အယူခံတရားခံသည် ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ရုံးမှ ညွှန်ကြားသည့်အတိုင်း ခံဝန်ချုပ်ဆိုသည့် အလျောက် အယူခံတရားလိုအား အငြင်းပွားနေသည့်ပုံစံအရ ပလပ်စတစ်ဘီးများ ထုတ်လုပ် ရောင်းချခြင်းမပြုရန် ခေတ္တတားဝရမ်းထုတ်ဆင့်ခဲ့၏။ အယူခံတရားလိုချုပ်ဆိုခဲ့သည့် ခံဝန် ချုပ်၏ လိုရင်းအပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။

> "NOW KNOW ALL MEN BY THESE PRESENTS that We, (1) S. AMEERUDDIN and (2) M. SHAHUL HAMEED, both Partners of Plaintiff firm at present of No. 154, Anagappa Naick Street, George Town, Madras represented by our duly constituted agent and attorney O. M. Syed Mohamed of No. 261, Tseekai Maung Taulay Street, Rangoon, hereby undertake and bind ourselves unto the BAILIFE of the Rangoon City Civil Court and his successors in Office to pay the sum of K 7,000 or any part thereof which the defendants may become entitled to by way of loss or damage owing to the Temporary Injunction having been confirmed pending the disposal of the above suit, if so ordered by this Hon'ble Court, but that if the suit be decreed in favour of the Plaintiffs, then this Bond shall be null and void and of no effect."

အယူခံတရားခံ၏အမှုကို အောက်ရုံးမှ အနိုင်ဒီကရီချမှတ်ပေးခဲ့သော်လည်း ထိုဒီကရီ ကို အယူခံတားလိုက မကျေနပ်သဖြင့် အယူခံဝင်သောအခါ တရားရုံးချုပ်၏

၁၉၆၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၀တွင် အောက်ရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်ပြီး အယူခံတရားခံ၏အမှုကို ပလပ်လိုက်သည်။ ထို့ကြောင့် အယူခံတရားလိုက အထက်တွင်ဖော်ပြခဲ့သည့် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့စွဲပါ ခံဝန်ချုပ်အရငွေ ၇၀၀၀ကျပ်အထိ နစ်နာကြေးပေးလျော်မည်ဟု တာဝန်ခံထားသည့်အတိုင်း ထိုနစ်နာကြေးကို ထောက်ခံရန် အောက်ရုံး၌လျှောက်ထားရာပညာရှိဒုတိယတရားသူကြီးက ခွင့်မပြုသဖြင့် ဤအယူခံမှု ပေါ်ပေါက်လာရခြင်းဖြစ်လေသည်။

အယူခံတရားခံ၏ ပညာရှိရှေ့နေကြီး မစ္စတာစူးမားက အယူခံတရားလိုသည် ခံဝန်ချုပ်တွင် ဖော်ပြခဲ့သည့် နစ်နာကြေးငွေများကို ဇာရီအနေဖြင့် လျှောက်ထားခြင်း မပြုနိုင်ကြောင်း ခံဝန်ချုပ်တွင် ဖော်ပြခဲ့သည့် နစ်နာကြေးများကို ရလိုသည်ဟု တရားတထုံးစွဲဆိုရမည် ဖြစ်ကြောင်း နစ်နာကြေးများကို ဖြတ်လမ်းမှာ ဇာရီအမှုအနေဖြင့် လျှောက်ထားတောင်းခံလိုလျှင် တရားမကျင့်ထုံးပုဒ်မ ၉၅ အရသာ လျှောက်ထားရမည် ဖြစ်ကြောင်း ထို့ကြောင့် အောက်ရုံး၏ အမိန့်မှာ မှန်ကန်ကြောင်း တင်ပြလာသည်။

ယခုအမှုတွင် အယူခံတရားခံက တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂အရ အယူခံတရားလိုအား လျော်ကြေးငွေ ၇၀၀၀ ကျပ်၊ သို့မဟုတ် ရုံးက ဆုံးဖြတ်သည့်အတိုင်း ပေးရန် တာဝန်ယူကာ ခံဝန်ချုပ်ဆိုခဲ့သဖြင့် တရားမကျင့်ထုံးပုဒ်မ ၉၅ သည် ဤအမှုနှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ချေ။ တရားမကျင့်ထုံးပုဒ်မ ၉၅ မှာ လျော်ကြေးငွေတစ်ထောင်ကျပ်ထက် မပိုသည့်ကိစ္စအတွက်သာပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တရားမကျင့်ထုံးပုဒ်မ ၁၄၅ မှာလည်း အမှုသည်တစ်ဦးဦးကချုပ်ဆိုသည့် ခံဝန်ချုပ်နှင့် မသက်ဆိုင်ဘဲ တစ်မင်းတရံ လူက ချုပ်ဆိုသည့် ခံဝန်ချုပ်နှင့်သာ သက်ဆိုင် သောကြောင့် အယူခံတရားလိုသည် တရားမ ကျင့်ထုံးပုဒ်မ ၁၄၅ အရ လျော်ကြေးငွေ တောင်းဆိုခြင်း မပြုနိုင်ပေ။

တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ ချုပ်ဆိုသည့် ခံဝန်ချုပ်ကို မည်သို့ မည်ပုံ အတည်ပြုရမည်ဟု တရားမကျင့်ထုံးတွင် အတိအလင်း ပြဋ္ဌာန်းချက် ပြုလုပ်ထားခြင်း မရှိပေ။ ယင်းသို့ အတိအလင်းပြဋ္ဌာန်းခြင်းမရှိကာမျှဖြင့် ရုံးတွင် ချုပ်ဆိုခဲ့သော ခံဝန်ချုပ်ကို အတည်မပြုနိုင်ဟုဆိုလျှင် ခံဝန်ချုပ် ချုပ်ဆိုခြင်းသည် အဓိပ္ပာယ် မရှိသောဆောင်ရွက် ချက်သာ ဖြစ်နေပေ လိမ့်မည်။ ထိုကဲ့သို့ အဓိပ္ပာယ် မရှိသော ဆောင်ရွက်ချက်ကို ပြုလုပ်ရန် ဥပဒေက ပြဋ္ဌာန်းထားလိမ့်မည် မဟုတ်ပေ။ ထိုကိစ္စမျိုးတွင် တရားရုံးအနေဖြင့် တရားမ ကျင့်ထုံးပုဒ်မ ၁၅၁ တွင် အပ်နှင်းထားသည့် မူလဘူတ အာဏာများကို အသုံးပြု၍ ဆောင်ရွက်ပေးရမည် ဖြစ်သည်။ တရားမ ကျင့်ထုံးပုဒ်မ ၁၅၁ ၏ အဓိက ရည်ရွယ်ချက်မှာ တရားမကျင့်ထုံး၌ အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိသည့် ကိစ္စများတွင် တရားရုံးများသည် တရားမျှတမှုကိုသော်၄င်း၊ တရားရုံး၏ အာဏာကိုမလျှော့ အသုံးချခြင်းမှကာကွယ် ရန်သော်၄င်း ဆောင်ရွက် နိုင်ရန်ပင် ဖြစ်သည်။ သို့ဖြစ်ရာ တရားမ

၁၉၆၆

မောင်စိန်ဘရား သား(စ်) နှင့် မက်ဆား(စ်) ဘားမားပလင် စတစ်မိုလ်ဒိုး

ကျွင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ၊ ချုပ်ဆိုသည့် ခံဝန်ချုပ်ကို တရားမကျင့်ထုံးပုဒ်မ ၁၅၁ အရ၊ အောက်ရုံးမှ အတည်ပြုပေးရမည်ဖြစ်သည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ **ကွန်တီမိုင်ဒင် နှင့် ကွန်တီဆိုမန်**(၁)၊ **မူသူဆွာမိပီလေနှင့် မနီကားမူပန်း**(၂) တို့အမှုများတွင် အလားတူခံဝန်ချုပ် များကို နစ်နာသူ၏ လျှောက်လွှာပေါ်၌ပင် အတည်ပြုပေးခဲ့သည်ကို တွေ့ မြင်နိုင်လေသည်။ ထို့ပြင် **ကွန်ဝါရှိတန်နီဆင်း**နှင့် **လာကူဟာဆင်**(၃)၊ **မာဒီရပ်(ခ)**နှင့် **ဗင်ကာထက်ဝါရောင်း**(၄) တို့အမှုများ၌ ဝန်ခံချုပ်တစ်ခုလည်း တရားမကျင့်ထုံးပုဒ်မ ၁၄၅ တွင် အကျုံးမဝင်စေကာမူ၊ ပုဒ်မ ၁၅၁ အရ အရေးယူအတည်ပြုပေးနိုင်ကြောင်း စီရင်ထုံးဖွဲ့ထားသည်။

အထက်ပါအကြောင်းရပ်များကြောင့် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့စွဲပါ အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ဝန်ခံချုပ်အရ အယူခံ တရားလိုသည် အယူခံ တရားခံ ထံမှ လျော်ကြေး ငွေမည်မျှမည်မျှ ရသင့်ရထိုက်သည်ဟု တရားဥပဒေအရ စီရင်ဆုံးဖြတ်ရန် ပြန်လည် ပေးပို့လိုက်သည်။ အယူခံတရားခံသည် အယူခံတရားလို၏ တရားစရိတ်များကို ပေးဆောင်ရမည်ဖြစ်သည်။ ရှေ့နေစရိတ် ၃၄ ကျပ်သတ်မှတ်သည်။

---

(၁) အေ၊ အိုင်၊ အာရ်၊ ၁၉၃၃ မဒရပ် ၆၉၁။
(၂) အေ၊ အိုင်၊ အာရ်၊ ၁၉၃၆ မဒရပ် ၉၉၀။
(၃) အေ၊ အိုင်၊ အာရ်၊ ၁၉၄၃ ပရီဗီကောင်စီ ၁၀၉။
(၄) အေ၊ အိုင်၊ အာရ်၊ ၁၉၅၅ ဟိုက်ဒရာဘတ် ၂၆၁။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

မောင်ထယ် (အယူခံတရားလို)

နှင့်

ဦးဆိုင် ပါ ၂ (အယူခံတရားခံ)*

† ၁၉၆၆ နိုဝင်ဘာလ ၁၅ ရက်။

မြေကို လက်ရောက် ပေးအပ်စေသို့မူ—၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေနှင့်နှ ည်းဥပဒေ—သီးစားချထားရေး နည်းဥပဒေ ၉ အရ၊ အခင်းဖြစ်မြေကို မှတ်ပုံတင်ပြီးခြင်း—လက်ရှိလက်ငုတ် လုပ်ကိုင်နေသူတဦး ဖြစ်သည်ဟု မှတ်ယူရခြင်း—တရားဥပဒေအရ၊ တရားရုံးက တရားလို တောင်းဆိုသည့် သက်သာခွင့်ကို ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေသည်၊ သီးစား ချထားရေး နည်းဥပဒေ ပုဒ်မ ၉ အရ၊ မှတ်ပုံတင်ပြီး ဖြစ်သည်။ သက်ဆိုင်ရာ မြေယာ ကော်မီတီသည်၊ သီးစား ခံယူ လုပ်ကိုင်သည့် လယ်ယာမြေများအတွက် သီးစားက ဖြစ်စေ၊ မြေရှင်က ဖြစ်စေ၊ နှစ်ဦးစလုံးက ဖြစ်စေ လျှောက်ထားလျှင်၊ မှတ်ပုံတင်ရမည်ဖြစ်သည်။ ထိုကဲ့သို့ မှတ်ပုံတင်ရာ၌ မြေယာကော်မီတီသည် နည်းဥပဒေ ၁၁ (ခ) အရ၊ လက်ရှိ လက်ငုတ်ကို သီးစားအဖြစ် မှတ်ပုံတင်ရမည် ဖြစ်ရာ အခင်းဖြစ်မြေနှင့် ပတ်သက်၍၊ အယူခံ တရားလိုအား သီးစားအဖြစ် မှတ်ပုံတင်လိုက်ခြင်း ဖြစ်သောကြောင့် ၎င်းသည် မြေယာကော်မီတီ၏ ယူဆချက်အရ၊ လက်ရှိ လက်ငုတ် လုပ်ကိုင်နေသူတဦးဖြစ်သည်ဟု မှတ်ယူရမည်။ မြေယာကော်မီတီသည်၊ မှတ်ပုံတင်ရာ၌၊ ၁၉၆၃ ခုနှစ်၊ သီးစား ချထားရေး ဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအတိုင်းသာသျှင် မှတ်ပုံတင်ရသည်။ ထို့ကြောင့် အခင်းဖြစ်မြေနှင့် ပတ်သက်၍ မြေယာကော်မီတီက မှတ်ပုံတင်စေခြင်းသည် ထိုမြေယာကော်မီတီက အဆိုပါ အက်ဥပဒေနှင့် နည်းဥပဒေများအရ၊ ချမှတ်လိုက်သည့် အမိန့် တရပ်ဟု မှတ်ယူရမည် ဖြစ်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၆။

† ၁၉၆၂ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၃ တွင် ချမှတ်သော ၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၂ ရက် နေ့စွဲပါ၊ ကျောက်ဆည်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

:-100B

၁၉၆၆

မောင်ထယ်
နှင့်
ဦးဆိုင် ပါ ၂

ထို့ကြောင့် တရားလိုတို့ တောင်းဆိုသည့် သက်သာခွင့်သည် တရားဥပဒေ အရ၊ တရားမရုံးက ပေးနိုင်သည့် သက်သာခွင့်မျိုး မဟုတ်ခေ့။

အယူခံတရားလိုအတွက်။ ။ ဦးကံမြိုင်။

အယူခံတရားခံများအတွက်။ ။ ဦးလှညွှန့် (ကိုယ်စား) ဦးတင်မောင်။

တရားသူကြီး ဦးစိန်သင်း။ ။ တံတားဦးမြို့၊ မြို့နယ်တရားမရုံး၊ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆ တွင်၊ တရားလို ဦးဆိုင်နှင့် မောင်ဘချစ်တို့က တရားခံ မောင်ထယ်အပေါ်၌ အခင်းဖြစ်မြေကို လက်ရောက်အပ်ပေးစေလိုမှု၊ တရားစွဲဆိုခဲ့ရာ ပညာရှိမြို့နယ်တရားမ တရားသူကြီးသည် ဦးဆိုင်တို့အမှုကို ပလပ်လိုက်သည်။ ဦးဆိုင်တို့က မကျေနပ်သဖြင့် ကျောက်ဆည်မြို့ ခရိုင်တရားမရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမယူခံမှု အမှတ် ၃ တွင် အယူခံဝင်ခဲ့သည့် ပညာရှိခရိုင်တရားမ တရားသူကြီးသည် မူလရုံးက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး၊ ဦးဆိုင်တို့ တရားစွဲဆိုသည့် အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ထို့ကြောင့် အယူခံတရားလို မောင်ထယ်က ယခု ကျွန်ုပ်ရှေ့ရှိ ဒုတိယအယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

အခင်းဖြစ်မြေသည် လယ်ယာမြေဖြစ်သောကြောင့် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေအရ သီးစားချထားရေးအဖွဲ့က ထိုမြေကို သီးစားချထားခြင်းရှိ/မရှိ နှင့်စပ်လျဉ်း၍ ရှင်းလင်းရန်လိုအပ်သောကြောင့် ထိုအချက်နှင့်ပတ်သက်၍ ကောက်ချက်ထုတ် ကာ အမှုတွဲကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၅ အရ မူလရုံးသို့ ပြန် လည်ပေးပို့ခဲ့ပြီး ဖြစ်သည်။ မူလရုံးသည် အဆိုပါ ကောက်ချက်နှင့်ပတ်သက်၍ စုံစမ်း စစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက်၊ ထိုမြေကို သီးစားချထားခြင်း မရှိကြောင်းဖြင့် ထင်မြင် ချက်ပေးထားသည်။ သို့ရာတွင် ထိုအချက်နှင့်ပတ်သက်၍ ခရိုင်တရားမ တရားသူကြီးက အောက်ပါအတိုင်း ထင်မြင်ယူဆဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

"အယူခံတရားလို (မူလတရားခံ) ဦးထယ်ကို လက်ငုတ်အဖြစ် သတ်မှတ်၍ လုပ်ခွင့် ပေးထားကြောင်း၊ သက်သေထွက်ချက်ရှိနေပါသည်။ ဤကဲ့သို့ ခွင့်ပြုထားခြင်းကိုပင် တပယ်မြေယာကော်မတီက ချမှတ်သော အမိန့်တစ်ခုအနေနှင့် သဘောထား၍ ကောက်ချက်အမှတ် ၃ (က)တွင် 'အမိန့်ချမှတ်ခြင်းသည်ရှိသည်ဟု' ဖြေဆိုမည်ဆိုလျှင် ဖြေဆိုနိုင်ပါမည်။ သို့ရာတွင် သီးစားချထားရေး နည်းဥပဒေ ပုဒ်မ ၁၁ အရ သီးစားချထားသော အမိန့်ဖြစ်သည်ဟု ယူဆနိုင်စရာကား အကြောင်းမရှိပါ။ ပုဒ်မ ၉ အရ 'သီးစား

ခံယူလုပ်ကိုင်သည့် လယ်ယာမြေများ အပေါ်၌သာ သီးစားချထားရေး ကော်မီတီသည် အာဏာရှိပါသည်။ အခင်းဖြစ်မြေသည် ထိုမြေမျိုးမဟုတ်ပါ။"

အချုပ်အားဖြင့်ဆိုသော် [အခင်းဖြစ်မြေသည် သီးစားချထားရေး နည်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်ပြီး ဖြစ်သည်။ သက်ဆိုင်ရာ မြေယာကော်မီတီသည် သီးစားခံယူလုပ်ကိုင်သည့် လယ်ယာမြေများ အတွက် သီးစားကဖြစ်စေ၊ မြေရှင်ကဖြစ်စေ၊ နှစ်ဦးစလုံးကဖြစ်စေ၊ လျှောက်ထားလျှင် မှတ်ပုံတင်ရမည် ဖြစ်သည်။ ထိုကဲ့သို့ မှတ်ပုံတင်ရာ၌ မြေယာကော်မီတီသည် နည်းဥပဒေ ၁၁ (ခ) အရ လက်ရှိလက်ငုတ်ကို သီးစားအဖြစ် မှတ်ပုံတင်ရမည်ဖြစ်ရာ အခင်းဖြစ် မြေနှင့် ပတ်သက်၍ အယူခံတရားလို မောင်ထယ်အား သီးစားအဖြစ် မှတ်ပုံတင်လိုက်ခြင်း ဖြစ်သောကြောင့် ၎င်းသည် မြေယာကော်မီတီ၏ ယူဆချက်အရ၊ လက်ရှိလက်ငုတ် လုပ်ကိုင်နေသူ တဦးဖြစ်သည်ဟု မှတ်ယူရမည်။ မြေယာကော်မီတီသည် မှတ်ပုံတင်ရာ၌၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအတိုင်းသာလျှင် မှတ်ပုံတင်ရမည်။ ထို့ကြောင့် အခင်းဖြစ် မြေနှင့် ပတ်သက်၍ မြေယာကော်မီတီက မှတ်ပုံတင်စေခြင်းသည် ထိုမြေယာကော်မီတီက အဆိုပါအက်ဥပဒေနှင့် နည်းဥပဒေများအရ ချမှတ်လိုက်သည့် အမိန့်တရပ်ဟု မှတ်ယူရမည်ဖြစ်သည်]။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ပြည်ထဲရေးဌာန၊ ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ၊ ဗဟိုမြေယာ ကော်မီတီ၏ ၁၉၆၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့၊ နေစဲ့ပါ၊ စာအမှတ် ဂတပ (၉) ဂဇ၃ (ဂ၇) အမှာစာ အပိုဒ် ၄ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

"ဤကိစ္စများတွင် ပိုမိုတိကျစေရန် အောက်ပါအတိုင်း ပြန်၍ ရှင်းလင်းပြလိုပေသည်။

(က) မနှစ်က နောက်ဆုံး စိုက်ပျိုးရန် လုပ်ကိုင်ခဲ့သူ လက်ရှိလက်ငုတ်ကိုသာ သီးစား မှတ်ပုံတင်ပြီး သီးစားချထားရမည်။"

သို့ဖြစ်လေရာ (မြေယာကော်မီတီက အခင်းဖြစ် မြေကိုအယူခံတရားလို မောင်ထယ်၏ နာမည်နှင့် မှတ်ပုံတင်စေခြင်းသည် ၎င်းအား လက်ရှိလက်ငုတ် လုပ်ကိုင်ခဲ့သူအဖြစ် ယူဆဆုံးဖြတ်ပြီးနောက် သီးစားချထားရာ ရောက်ပေသည်။ ထို့ကြောင့် ထိုကဲ့သို့ မှတ်ပုံတင်လိုက်ခြင်းသည် မြေယာကော်မီတီက ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ထိုဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်

အညီ ချမှတ်ခဲ့သော အမိန့်တရပ်ဖြစ်သည်)။ ထိုဥပဒေပုဒ်မ (၇) တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်။

"(၇) ပုဒ်မ ၇ အရ အာဏာလွှဲခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံ လွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်တဦးဦး၊ သို့တည်းမဟုတ် အဖွဲ့အစည်း တခုခုက ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့် အညီ ဖြစ်စေ ချမှတ်သည့် အမိန့်ကို မည်သည့် တရားမရုံး၊ သို့တည်းမဟုတ် အခွန် ရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့် မရှိစေရ။ ထိုအမိန့်ကို အယူခံဝင်လိုက ဤဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အဖွဲ့အစည်း တခုခုတွင်သာ အယူခံဝင်နိုင်သည်။"

ယခုကျွန်ုပ်ရှေ့ရှိ အမှုတွင်၊ မူလရုံး၌ တရားလိုများ တောင်းဆိုသည့် သက်သာ ခွင့်သည် အယူခံ တရားလို မောင်ထယ် လုပ်ကိုင်နေသည့် လယ်ယာမြေကို မိမိတို့ လက်သို့ လက်ရောက်အပ်ပေးရန် တောင်းဆိုသည့် သက်သာခွင့် ဖြစ်သည်။ အကယ်၍ ၎င်းတို့တောင်းဆိုသည့် သက်သာခွင့်ကို ခွင့်ပြုမည်ဆိုပါက မြေယာကော်မိတီကချမှတ် ထားသည့်အမိန့်ကို ငြင်းဆိုရာရောက်ချေမည်။ (ထို့ကြောင့် တရားလိုတို့ တောင်း ဆိုသည့် သက်သာခွင့်သည် တရားဥပဒေအရ၊ တရားမရုံးက ပေးနိုင်သည့် သက်သာ ခွင့်မျိုးမဟုတ်ချေ။) အယူခံ တရားလိုအား ထိုလယ်ယာမြေကို မြေယာကော်မိတီက သီးစားချထားခြင်း ကိစ္စနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်ပါက အယူခံတရားခံ များသည်၊ သက်ဆိုင်ရာ မြေယာကော်မိတီသို့ တိုင်ကြား အရေးဆိုနိုင်သည်။ တရားမရုံး၏အကူအညီကိုယူပြီးအယူခံတရားလို မောင်ထယ်၏ လက်ရှိ အခွင့်အရေးကိုမူကား နှောင့်ရှက်နိုင်မည် မဟုတ်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ မူလရုံးက ချမှတ်သည့် အမိန့်နှင့် ဒီကရီတို့ကို အတည်ပြုလိုက်သည်။ ပဌမအယူခံရုံးက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ဤအမှုတွင် တွေ့ရှိရသည့် ထူးခြားသော အချက် များကြောင့် အမှုသည်များသည် မိမိတို့စရိတ်ကို မိမိတို့ကျခံစေရန် အမိန့်ချမှတ် လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးဗိန်သင်းရွှေတွင်

မောင်မောင်ရှင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဗီဇာဘ်၁လ ၁၆ ရက်။

၁၉၆၄ ခုနှစ်၊ အလုပ်သမားများ အခြေခံရပိုင်ခွင့်ဥပဒေပုဒ်မ ၁၁ အရမူပြစ်ထင်ရှားစီရင်ခြင်း—ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေအရ အလုပ်သမားအယူခံကော်မီတီမှ ဆုံးဖြတ်လိုက်သည့် အမိန့်ကို လိုက်နာခြင်းရှိ မရှိဟူသောအချက်—အလုပ်သမားအယူခံ ကော်မီတီ၏ ဆုံးဖြတ်ချက်သည် ဗဟိုအလုပ်သမားကော်မီတီ၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟု ဝါဏိဇ္ဇပဋိပက္ခမှု နည်းဥပဒေအပိုဒ် ၂၇ (၂) အရမှတ်ယူရခြင်း—ဆုံးဖြတ်ချက်ကို တရားရုံးများက ဝင်ရောက်စွက်ဖက်ခြင်းမှ ပိတ်ပင်ထားခြင်း။

ဆုံးဖြတ်ချက်။ ။ဒေလျှောက်ထားသူ အပေါ် တရားစွဲဆိုသည့် အမှုမှာ ၁၉၆၄ ခု၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ အရဖြစ်သည်။ ထိုကြောင့် ထိုအမှုဌာနဓိကဆုံးဖြတ်ရန်အချက်မှာ လျှောက်ထားသူသည်ဝါဏိဇ္ဇပဋိပက္ခဇက်ဥပဒေအရအလုပ်သမား အယူခံကော်မီတီမှ ဆုံးဖြတ်လိုက်သည့်အမိန့်ကို လိုက်နာခြင်းရှိ မရှိဟူသော အချက်မျှသာဖြစ်သည်။ အလုပ်သမား အယူခံကော်မီတီ၏ ဆုံးဖြတ်ချက်သည် ၁၉၆၃ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခမှု နည်းဥပဒေအပိုဒ် ၂၇(၂) အရ ဗဟိုအလုပ်သမားကော်မီတီ၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟု မှတ်ယူရမည်။ သို့ဖြစ်လေရာ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်၍မည်သည့် တရားမှုံးဘူင်မျှစောဒနာပြုနိုင်ခွင့်မရှိကြောင်း ၁၉၆၃ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခမှု နည်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၂(၉)တွင်ပြဋ္ဌာန်းထားသည်။ ထိုပြင်ဆင်မှုဥပဒေသည် ၁၉၆၃ ခုနှစ်၊တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၀ ဖြစ်သည်။ ထိုဥပဒေပုဒ်မ ၂ အရဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေပုဒ်မ ၈ ကိုအစားထိုးထားသည့်ပုဒ်မ (၉)၌ အထက်တွင်ဖော်ပြထားသည့်အတိုင်း ဗဟိုအလုပ်သမားကော်မီတီ၏ဆုံးဖြတ်ချက်များကို တရားရုံးများက ဝင်ရောက်စွက်ဖက်ခြင်းမှပိတ်ပင်ထားသည်။ ထို့ကြောင့် မူလရုံးရာဇဝတ်တရားသူကြီးက အလုပ်သမား အယူခံကော်မီတီမှ ဆုံးဖြတ်လိုက်သောအမိန့်သည် တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိဟု ကောက်ယူဆုံးဖြတ်ပြီးလျှောက်ထားသူအားတရားရွှင်လွှတ်လိုက်ခြင်းမှာ မှားယွင်းလေသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၇(ခ)။

† ၁၉၆၅ ခုနှစ်၊ရာဇဝတ်ကြီးမူအမှတ် ၂၆၄ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ပြေီလ ၈ ရက်နေ့စွဲမန္တလေးမြို့၊ နယ်ပိုင် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၆ မောင်မောင်ရှင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

လျှောက်ထားသူအတွက်။ ။မစ္စတာ ဗါးမား။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးကျော်ဂေါင်။

တရားသူကြီး ဦးစိန်သင်း။ ။မန္တလေးမြို့၊ အနောက် နယ်ပိုင် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီး မူအမှတ် ၂၆၄ တွင်၊ လျှောက်ထားသူ ဦးမောင်မောင်ရှင်အား၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ ပုဒ်မ ၁၁ အရ တရားစွဲဆိုတင်ပို့ခဲ့သည်။ ပညာရှိအနောက်နယ်ပိုင် ရာဇဝတ်တရားသူကြီးကလျှောက်ထားသူ ဦးမောင်မောင်ရှင် အပေါ်၌ အလုပ်သမား အယူခံကော်မီတီမှ ဆုံးဖြတ်လိုက်သော အမိန့်သည် တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိဟု ယူဆကာ၊ ဦးမောင်မောင်ရှင်အား တရားရှင်လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။ ထိုကဲ့သို့ တရားရှင်လွှတ်သည့်အမိန့်ကို မန္တလေးမြို့၊ ခရိုင် ရာဇဝတ်တရားသူကြီးက မိမိ၏ရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂ တွင် ပယ်ဖျက်လိုက်ပြီး၊ ဤအမှုကို အခြားသင့်တော်သော ရုံးမှပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ယခု ကျွန်ုပ်ရှေ့ရှိ ပြင်ဆင်မှု လျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတွင် (လျှောက်ထားသူ) ဦးမောင်မောင်ရှင် [အပေါ်၌တရားစွဲဆိုသည့် အမှုမှာ ၁၉၆၄ ခု၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ အရဖြစ်သည်။ ထိုကြောင့် ထိုအမှု၌ အဓိက ဆုံးဖြတ်ရန် အချက်မှာ လျှောက်ထားသူသည် ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေအရ အလုပ်သမား အယူခံကော်မီတီမှ ဆုံးဖြတ်လိုက်သည့် အမိန့်ကို လိုက်နာခြင်းရှိ-မရှိဟူသော အချက်မျှသာဖြစ်သည်။ အလုပ်သမား အယူခံကော်မီတီ၏ ဆုံးဖြတ်ချက်သည်၊ ၁၉၆၃ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခမူ နည်းဥပဒေ အပိုဒ် ၂၇ (၂) အရ ဗဟို အလုပ်သမားကော်မီတီ၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟု မှတ်ယူရမည်။ သို့ဖြစ်လေရာ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မည်သည့်တရားရုံးတွင်မျှ စောဒနာပြုနိုင်ခွင့် မရှိကြောင်း ၁၉၆၃ ခု၊ ဝါဏိဇ္ဇပဋိပက္ခမူ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(၉) တွင် ပြဋ္ဌာန်းထားသည်။ ထိုပြင်ဆင်မှု အက်ဥပဒေသည်၊ ၁၉၆၃ ခု၊ တော်လှန်ရေး ကောင်စီဥပဒေအမှတ် ၂၀ ဖြစ်သည်။ ထိုဥပဒေ၏ပုဒ်မ ၂ အရ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေပုဒ်မ ၈ ကို အစားထိုးထားသည့် ပုဒ်မ (၉) ၌ အထက်တွင်ဖော်ပြထားသည့်အတိုင်း ဗဟို အလုပ်သမားကော်မီတီ၏ ဆုံးဖြတ်ချက်များကို တရားရုံးများက ဝင်ရောက်စွက်ဖက်ခြင်းမှ ပိတ်ပင်ထားသည်။

ထို့ကြောင့် မူလရုံးရာဇဝတ်တရားသူကြီးက အလုပ်သမား အယူခံကော်မိတီမှ ဆုံးဖြတ်လိုက်သော အမိန့်သည် တရားဥပဒေနှင့် ကိုက်ညီခြင်း မရှိဟု ကောက်ယူ ဆုံးဖြတ်ပြီး လျှောက်ထားသူအား တရားရှင်လွှတ်လိုက်ခြင်းမှာ၊ မှားယွင်းလေသည်။ ထို့ကြောင့် ထိုအမိန့်ကို ပယ်ဖျက်၍ အမှုကိုအခြား သင့်တော်သော ရုံးကပြန်လည် စစ်ဆေးရန် ချမှတ်လိုက်သည့် ခရိုင် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အတည်ပြု ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ကျွန်ုပ်ရှေ့ရှိ ကျပြင်ဆင်မှု လျှောက်လွှာ ကို ပလ ပ်လိုက်သည်။

)1A

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

မောင်မြင့်သန်း ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆
ဧပြီဘ၁လ
၂၉ ရက်

ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ပြည်သူ့ဆိုင် တာဝန်ခံ တဦးအနေဖြင့် ကုန်မာပစ္စည်းများကို ယုံကြည်အပ်နှံထားခြင်း—ယုံမှတ်အပ်နှံထားသည့် ကုန်ပစ္စည်းအချို့ကို ပြန်လည်အပ်ပေးနိုင်ခဲ့ မရှိခြင်း—နိုင်ငံတော်အစိုးရတွင် မတရားဆုံးရှုံးခြင်း—မရိုးဖြောင့်သော သဘောဖြင့် ပြုလုပ်ခြင်း ဖြစ်သည်ဟု ကောက်ယူရခြင်း—ပစ္စည်း အမယ်ပေါင်း ခြောက်မြားစ့ာကို ယုံကြည်အပ်နှံခြင်း ခံရသည့် ပြည်သူ့ဆိုင် လုပ်သားများဖြစ်ခြင်း—ပြည်သူ့ဆိုင် လုပ်သားများအနေဖြင့် ပစ္စည်းများကို ရောင်းချရင်း တဆက်တည်း အလဲသုံးစား ပြုလုပ်သည်ဟု ယူဆရခြင်း—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၃၉(က) နှင့် (ဃ) တို့တွင် ဘကျိုးဝင်နေခြင်း—စွဲချက်၌ ပစ္စည်း မည်ရွေ့မည်မျှ အလဲသုံးစားပြုသည်ဟု တိကျစွာ ဖေါ်ပြခြင်းမရှိခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၅ နှင့် ၅၃၇ တို့အရ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန်အကြောင်းရှိမရှိ—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။နိုင်ငံတော် အစိုးရက အယူခံတရားလိုအား ပြည်သူ့ဆိုင် တာဝန်ခံတဦးအနေဖြင့် ကုန်မာပစ္စည်းများကို ယုံကြည်အပ်နှံထားခဲ့၏။ ယင်းသို့ ယုံမှတ်အပ်နှံထားသည့် ကုန်ပစ္စည်းများအနက်တန်ဘိုးငွေ ၁၀,၃၄၀ ကျပ် ၉၉ ပြားတန်ကုန်ပစ္စည်းများကိုပြန်လည်အပ်ပေးနိုင်ခဲ့ခြင်းမရှိပေ။ ထိုကဲ့သို့ ပြန်လည်အပ်ပေးခြင်းမပြုနိုင်သည့် ပစ္စည်းများအဘွက် နိုင်ငံတော်အစိုးရတွင် မတရားဆုံးရှုံးခြင်းခံရသည် ဖြစ်ရာ၊ အယူခံတရားလို၏ ပြုမူချက်မှာ မရိုးဖြောင့်သော သဘောဖြင့်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟုကောက်ယူရပေမည်။

အယူခံတရားလိုတို့သည် ပစ္စည်းအမယ်ပေါင်း မြောက်မြားစွာကို ယုံကြည်အပ်နှံခြင်း ခံရသည့် ပြည်သူ့ဆိုင်လုပ်သားများ ဖြစ်သည်။ ပစ္စည်းများကို အပ်စဉ်က စာရင်းအင်းနှင့် အပ်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးစာရင်းစစ်ဆေးသောအချိန်တွင် ပစ္စည်းအချို့ လျော့နည်းနေသည်ကို တွေ့ရခြင်းဖြစ်ရာ၊ နှစ်နာသူ အစိုးရအနေဖြင့် မည်သည့်နေ့ရက်တွင် မည်သည့်ပစ္စည်းကို မည်သူကအလဲသုံးစား

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၉၈၊ ၃၁၆။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၁ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် နေ့စွဲပါ မော်ဘီခရိုင်၊ အင်းစိန်မြို့(၅) ရာဘက် တရားသူကြီး၏အမိန့်ကို အယူခံမှု။

ပြုလုပ်ခဲ့သည်ဟု တိကျစွာစွပ်စွဲနိုင်ရန် လမ်းမရှိပေ။ စွပ်စွဲရန်လည်း လိုမည်မဟုတ်ပေ။ အယူခံတရားလိုတို့သည် ပြည်သူ့ဆိုင် လုပ်သားများ အနေဖြင့် ပစ္စည်းများကို ရောင်းချရင်း တဆက်တည်း အလွဲသုံးစား၊ ပြုလုပ်ခဲ့သည်ဟုသာ ယူဆရမည်ဖြစ်သည်။ တနည်းဆိုသော် ၎င်းတို့၏ ပြုမူချက်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၃၉ (က) နှင့် (ဃ) တို့တွင်အကျုံးဝင်နေလေသည်။

အောက်ရုံး၏ စွဲချက်၌ ပစ္စည်းမည်ရွေ့မည်မျှ တန်ဘိုးမည်ရွေ့မည်မျှကို အလွဲသုံးစားပြုခဲ့သည်ဟု တိကျစွာ ဖော်ပြခဲ့ခြင်းမရှိသည်မှာ မှန်၏။ စွဲချက်တွင် ချို့ယွင်းချက်ရှိလင့်ကစား တရားခံသည် ၎င်း၏ အမှုကိုထချေရာ၌လွဲမှားခြင်း မရှိပါမူ၊ တရားစီရင်ရာ၌ တရားမျှတမှု ကင်းမဲ့ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၅ နှင့် ၅၃၇ တို့အရအောက်ရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန်အကြောင်းမရှိနိုင်ပေ။

ယခုအခါ ပြည်သူ့ဆိုင်များသို့ လုပ်သားပြည်သူများအား ရောင်းချရန် ယုံမှက်အပ်နှံထားသည့် အစိုးရပိုင် ပစ္စည်းများကို ဆိုင်တာဝန်ခံနှင့် အခြားဆိုင်လုပ်သားများသည် အလွဲသုံးစား ပြုလုပ်နေကြောင်း မကြာခဏတွေ့ကြုံနေရသဖြင့်၊ ထိုကဲ့သို့ အလွဲသုံးစား ပြုသူများကိုနောင်ကြဉ်အောင်နှင့် အလားတူ ပြစ်မှုများကျူးလွန်ရန် စိတ်ကူးနေသူများအား မကျူးလွန်ဝံ့အောင် စံပြအနေဖြင့် မှတ်လောက်သားလောက်သည့် အပြစ်ဒဏ်များ ချမှတ်ရန်လိုနေသည်။

အယူခံတရားလိုအတွက်။ ။ဦးသက်ငွေ။

အယူခံတရားခံအဘွက်။ ။ဒေါ်စိုးရင်ဖွေနေကြီး ဦးတိုးမောင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်မြင့်သန်းအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ အရငင်း၊ အယူခံတရားလို မောင်ကြမ်းစူးအပေါ် ရာဇသတ် ပုဒ်မ ၄၀၉/၁၀၉ အရငင်း အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည့် အင်းစိန်မြို့၊ ပဉ္စမ ရာဘက်ရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့်၊ အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလို မောင်မြင့်သန်းသည် မှော်ဘီခရိုင်၊ လှည်းကူးမြို့၊ ပြည်သူ့ဆိုင် (ကုန်မာ) ၏ ဆိုင်တာဝန်ခံဖြစ်ပြီး၊ အယူခံတရားလို မောင်ကြမ်းစူးမှာ၊ ထိုဆိုင်မှ အထွေထွေအရောင်းစာရေးနှင့် အလုပ်သမားဖြစ်သည်။ ထိုကုန်မာဆိုင်မှ ပစ္စည်းများကို မှောင်ခိုထုတ်ရောင်းနေကြောင်း သတင်းဖြစ်ပွါးနေသဖြင့်၊ မြို့နယ် လ-အ-က အဖွဲ့၏ ညွှန်ကြားချက်အရ၊ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် မြို့နယ်ကုန်သွယ်ရေးတာဝန်ခံ ဦးကိုကိုကြီး (လိုပြ-၂) သည်၊ ဦးသိန်းဆောင် (လိုပြ-၄)၊ ဦးမျိုးဆွေ (လိုပြ-၁၇) တို့နှင့်အတူ ဆိုင်ရှိပစ္စည်းများကို အသေးစိတ်စစ်ဆေး ကြည့်ရှုကြရာ စာရင်းတွင်ရှိပြီး၊ ဆိုင်တွင်မရှိသည့်ပစ္စည်းများ၊ စာရင်းတွင်ရှိသလောက် ဆိုင်တွင်မရှိဘဲ၊ လျော့နည်းနေသည့် ပစ္စည်းများနှင့် စာရင်းတွင် ဖော်ပြထားခြင်းမရှိသော်

၁၉၆၆

မောင်မြင့်သန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လည်း၊ ဆိုင်တွင် တွေ့ရှိသည့် ပစ္စည်း ၃ မျိုး ၃ စားကို တွေ့ရလေသည်။ စာရင်းတွင် ရှိပြီးဆိုင်၌မရှိသည့်ပစ္စည်း၏တန်ဘိုးမှာ ၁,၅၁၃ ကျပ်၂၉ ပြား၊စာရင်းတွင်ရှိသလောက် ဆိုင်၌မရှိဘဲလျော့နည်းနေသောပစ္စည်းတန်ဘိုးမှာ ဂ,၇၅၇ ကျပ် ၇၀ ပြားဖြင့်စာရင်းတွင်ဖေါ်ပြထားခြင်းမရှိသော်လည်းဆိုင်၌တွေ့ရှိသည့်ပစ္စည်းတန်ဘိုးမှာ ၄၃၅ ကျပ် ၆၉ ပြားဖြစ်လေသည်။ ပစ္စည်းများကိုစစ်ဆေးစဉ်ကအယူခံတရားလို မောင်မြင့်သန်းလည်း ရှိနေပြီး၊ ထိုကဲ့သို့ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း ချို့ယွင်းချက်များကို တွေ့ရှိကြောင်း ၎င်းကိုယ်တိုင် ဝန်ခံလက်မှတ်ထိုးခဲ့၏။ ယင်းသို့ လက်မှတ်ထိုးခဲ့သောစာရင်းအရ ကုန်မာ (သံ) ပစ္စည်း ၁၂၅ မျိုးနှင့် အထွေထွေပစ္စည်း ၁၀၁ မျိုးပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး၊ ထိုအထဲတွင် အဓိကအားဖြင့် သွပ်အချပ်ရေ ၈၀၈ ချပ်နှင့် ဘိလပ်မြေအိတ် ၂၇၀ အပါအဝင်ဖြစ်သည်။

မတင်ကြည် (လိုပြ-၆)၊ ဦးမြိုင် (လိုပြ-၇)၊ ကိုအောင်သိန်း (လိုပြ-၉) နှင့် ဦးမောင်ဟန် (လိုပြ-၁၀) တို့က အယူခံတရားလို မောင်ကြမ်းစူးသည် ပြည်သူ့ဆိုင်မှ သွပ်များကိုငင်း၊ ဦးအောင်တင် (လိုပြ-၈) က အယူခံတရားလိုသည် ဘိလပ်မြေအိတ်များကိုငင်း အချိန်မဲ့ရောင်းချခြင်း၊ အချိန်မတော် အိမ်အရောက်လိုက်ပို့ခြင်းနှင့်အစိုးရကန့်သတ်စျေးထက်လျော့၍ရောင်းချခြင်း ပြုလုပ်ခဲ့ကြကြောင်း ထွက်ဆိုခဲ့ကြသည်။

အထက်ပါ သက်သေ အထောက်အထားများအရ၊ အယူခံတရားလိုတို့အား အစိုးရပစ္စည်းကို ရာဇဝတ်မကင်းသည့် ဖေါက်လဲဖေါက်ပြန် အလဲသုံးစားပြုလုပ်ခဲ့သည်ဟု ဆိုကာ တရားစွဲဆိုရာ၊ မောင်မြင့်သန်းက၊ ထိုပစ္စည်းများကို မောင်ကြမ်းစူး ယူသုံးထားကြောင်း ထုချေပြီး၊ မောင်ကြမ်းစူးကမူ ထိုပစ္စည်းများကို မိမိသုံးစွဲခြင်းမပြုရကြောင်း။ အရောင်းစာရေးအနေဖြင့် ဆိုင်တာဝန်ခံက အမိန့်ပေးသည့်အတိုင်းရောင်းချခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိသည်၊ စာမတတ်သဖြင့် ဆိုင်တာဝန်ခံ မောင်မြင့်သန်းက ဆိုင်စာရင်းကို ရေးမှတ်ခြင်းပြုခဲ့ကြောင်း ထုချေသော်လည်း၊ အောက်ရုံးပညာရှိတရားသူကြီးသည် ၎င်းတို့၏ ထုချေချက်များကို လက်မခံဘဲ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

ယခုအမှုတွင် လှည်းကူးမြို့ ပြည်သူ့ဆိုင် (ကုန်မာ) အား၊ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် စစ်ဆေးရာ၊ စာရင်းတွင်ရှိသော်လည်း ဆိုင်၌မရှိသည့် ပစ္စည်းနှင့် စာရင်းတွင်ရှိသလောက် ဆိုင်၌မရှိသည့်ပစ္စည်း အစုစုပေါင်း တန်ဘိုးငွေ ၁၀,၃၄၀ကျပ် ၉၉ ပြားလျော့နည်းပျောက်ဆုံးနေကြောင်းအငြင်းမထုက်ပေ။ ထိုကဲ့သို့ ပျောက်ဆုံးနေကြောင်းကို အယူခံကရားလို မောင်မြင့်သန်းကိုယ်တိုင် ဝန်ခံပြီးသက်သေခံ “ ဇ ” နှင့် “ ဈ ” တို့တွင် လက်မှတ်ရေးထိုးထားသည်။ ယင်းသို့ ပစ္စည်းများ ပျောက်ဆုံးနေကြောင်း တွေ့ရှိချိန်က အယူခံတရားလို မောင်မြင့်သန်းသည်၊ ဆိုင်၏

တာဝန်ခံဖြစ်ပြီး၊ အယူခံတရားခံ မောင်ကြမ်းစူးမှာ ဒု-အထွေထွေ အရောင်းစာရေး ဖြစ်၏။ ၎င်းတို့အပြင် ဆိုင်၌ အခြားအလုပ်သမားမရှိချေ။

မြို့နယ်ကုန်သွယ်ရေး တာဝန်ခံ ဦးကိုကိုကြီး၊ လက္ကားမှ ပြည်သူ့ဆိုင်များ ကြီးကြပ်ရေးတာဝန်ခံ ဦးသိန်းအောင်၊ အခင်းဖြစ်ဆိုင်တွင် ယခင်တာဝန်ခံအဖြစ် အမှုထမ်းခဲ့သည့် ဦးအုန်းလှိုင်၊ လက်ရှိ ဆိုင်တာဝန်ခံ ဦးမျိုးဆွေနှင့် ယခင်အရောင်းစာရေးအဖြစ် အမှုထမ်းခဲ့သည့် မောင်စိုးမြင့်တို့၏ ထွက်ဆိုချက်အရ၊ အယူခံတရားလို မောင်မြင့်သန်းသည် ဆိုင်တာဝန်ခံအဖြစ် ဆိုင်ရှိပစ္စည်းစာရင်းများကို မှန်ကန်စွာထား ရှိခြင်း၊ ရောင်းရငွေကို စာရင်းမှန်ကန်စွာထားပြီး နေ့စဉ် ငွေတိုက်သို့ ပေးသွင်းခြင်း၊ ရောင်းချခဲ့သည့်ပစ္စည်းများကို မှန်ကန်စွာ စာရင်းထားခြင်း၊ နေ့စဉ် ရောင်းရပစ္စည်းနှင့် ငွေကို ရင်းပြလုပ်ခြင်း၊ ဆိုင်သို့ ရောက်လာသည့် ပစ္စည်းများကို စာရင်းသွင်းခြင်းနှင့် ဆိုင်မှငွေများကို ပျောက်ဆုံးလျော့နည်းခြင်းမရှိအောင် ထိန်းသိမ်းခြင်းစသည့် ဝတ္တရားများကို ဆောင်ရွက်ရသည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိပေ။ ထိုကိစ္စနှင့်ပတ်သက်၍၊ မောင်မြင့်သန်းကိုယ်တိုင်ကလည်း ၎င်း၏ထွက်ချက်၌ မှန်ကန်ကြောင်း ထွက်ဆိုခဲ့လေသည်။ သို့ဖြစ်ရာမောင်မြင့်သန်းသည်ဆိုင်တာဝန်ခံတဦးအနေဖြင့်မည်သည့်အတွက်တန်ဘိုး ၁၀,၃၄၀ ကျပ် ၉၉ ပြားရှိသောပစ္စည်းများမှာမိမိ၏ ဆိုင်မှလျော့နည်းပျောက်ဆုံးနေသည်ဆိုခြင်းကို ရှင်းလင်းပြသရန် တာဝန်ရှိပေသည်။

ယင်းသို့တာဝန်ရှိလင့်ကစား၊အယူခံတရားလိုမောင်မြင့်သန်းသည်ထိုမျှ များပြားလှသည့်ပစ္စည်းများလျော့နည်း ပျောက်ဆုံးရသည့် ကိစ္စနှင့်ပတ်သက်၍ မယ်မယ်ရရ လုံလောက်သည့် အကြောင်းတင်ပြနိုင်ခဲ့ခြင်းမရှိပေ။ မောင်မြင့်သန်းက ၎င်း၏ အရောင်းစာရေး မောင်ကြမ်းစူးသည် ထိုပစ္စည်းများကို ၎င်း၏နေ့ဝက်ကွယ်၌ အလွဲသုံးစားပြုခဲ့သယောင်ထုချေခဲ့၏။ အဓိက ပျောက်ဆုံးနေသည့် အိမ်မိုးသွပ်ပြား ဂဝဂ ချပ်နှင့် ဘိလပ်မြေ ၂၇၀ အိတ်တို့မှာတိတ်တဆိတ် အိတ်ထောင့်ထဲသို့ထည့်ပြီးယူဆောင်သွား၍ရသည့်ပစ္စည်းမျိုးမဟုတ်သဖြင့် အကယ်၍ မောင်ကြမ်းစူးသည် ထိုပစ္စည်းများကို အလွဲသုံးစားပြုခဲ့ပါမူ၊ မောင်မြင့်သန်း မသိဘဲပြုလုပ်နိုင်ရန် အကြောင်းမရှိချေ။

အယူခံတရားလို မောင်မြင့်သန်း၏ ပညာရှိရှေ့နေက၊ ပျောက်ဆုံးလျော့နည်းနေသည့် ပစ္စည်းများကို အယူခံတရားလိုသည်၊ မိမိကိုယ်ကျိုးအတွက် မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခဲ့သည်ဆိုသော သက်သေ အထောက်အထားမရှိသဖြင့် ရာဇဝတ်ကြောင်းအရ အရေးယူခြင်းမပြုနိုင်ကြောင်း တင်ပြလာသည်။ လူတဦးအား ပစ္စည်းတစုံတခုကို ယုံကြည်အပ်နှံခဲ့ရာတွင် ထိုပစ္စည်းများအား မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် ထိုသူသည် ရာဇဝတ်မကင်းသည့် ယုံကြည်အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်သည်ဟု ရာဇဝတ်ပုဒ်မ ၄၀၅ က ပြဋ္ဌာန်း

ထားသည်။ မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်သည်ဆိုရာ၌ တရားခံတဦးသည် လိမ်လည်လှည့်ဖြားရန်အကြံနှင့် ပြုလုပ်ရန်မလိုပေ။ အခြားတဦးတယောက်အပေါ် မတရားဆုံးရှုံးရန် အကြံနှင့် ပြုလုပ်ခဲ့လျှင် ရာဇသတ် ပုဒ်မ ၂၄ အရ တရားခံ၏ ပြုမူချက်သည် မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

တရားခံတဦး၏ အကြံမှာ မည်သို့မည်ပုံရှိသည်ဆိုခြင်းကို ပုထုဇဉ် ပုဂ္ဂိုလ်များအနေဖြင့် ခန့်မှန်းသိရှိနိုင်မည် မဟုတ်၍၊ ၎င်း၏အကြံသည် မည်သို့ရှိသည်ဟု တိုက်ရိုက်သက်သေပြရန်မဖြစ်နိုင်ပေ။ တရားခံ၏ပြုမူဆောင်ရွက်ချက်အပေါ် မှီငြမ်း၍ အဆုံးအဖြတ်ပြုရန်သာရှိပေသည်။ ပစ္စည်းတစုံတခုကို တရားခံတဦးအား ယုံကြည်အပ်နှံထားရာတွင်၊ တရားခံက ယင်းသို့အပ်နှံထားသည့်ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း မပြုလျှင်သော်၎င်း၊ ထိုပစ္စည်းနှင့် ပတ်သက်၍ လိမ်လည်သည့်ဆင်ခြေ ပေးလာလျှင် သော်၎င်း ထိုအချက်သည် တရားခံက မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုခဲ့သည်ဟု ယူဆရန် ခိုင်လုံသော သက်သေအထောက်အထားတခု ဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

ယခုအမှုတွင် နိုင်ငံတော်အစိုးရက အယူခံတရားလိုအား ပြည်သူ့ဆိုင်တာဝန်ခံတဦးအနေဖြင့် ကုန်မာပစ္စည်းများကို ယုံကြည်အပ်နှံထားခဲ့၏။ ယင်းသို့ယုံမှတ်အပ်နှံထားသည့် ကုန်ပစ္စည်းများအနက် တန်ဘိုးငွေ ၁၀,၃၄၀ ကျပ် ၉၉ ပြားတန်ကုန်ပစ္စည်းများကို ပြန်လည်ပေးအပ်နိုင်ခြင်းမရှိပေ။ ထိုကဲ့သို့ ပြန်လည်ပေးအပ်ခြင်း မပြုနိုင်သည့်ပစ္စည်းများအတွက် နိုင်ငံတော် အစိုးရတွင် မတရား ဆုံးရှုံးခြင်းခံရသည်ဖြစ်ရာ၊ အယူခံတရားလို၏ ပြုမူချက်မှာ မရိုးဖြောင့်သောသဘောဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ကောက်ယူရပေမည်။ ထို့ပြင် ၎င်း၏ လက်အောက်ရှိ အရောင်းစာရေးဖြစ်သူ အယူခံတရားလို မောင်ကြမ်းစူးသည်၊ အိမ်မိုးသွပ်ပြားကဲ့သို့သော ထုထယ်ကြီးမားသော ပစ္စည်းများကို နေ့ခင်းကြောင်တောင် မြို့ထဲ၌ လိုက်ရောင်းချသည်ဆိုသော ကိစ္စတွင် အယူခံတရားလို မောင်မြင့်သန်း၏ သဘောတူညီချက်မရရှိဘဲ မည်သည့်နည်းနှင့်မျှ ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ပေ။ မောင်မြင့်သန်းကိုယ်တိုင်ကလည်း ဘိလပ်မြေအိတ်များကိုဘောက်ချာမရေးဘဲ ရောင်းချသည်ဆိုသော သက်သေအထောက်အထားလည်း ရှိနေသည်။ ထိုအချက်များကို ပေါင်းစပ် ကြည့်ရှုလျှင် အယူခံတရားလို မောင်မြင့်သန်းသည် မိမိအား ယုံကြည်အပ်နှံခဲ့သည့် အစိုးရပိုင် ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခဲ့ကြောင်း ယုံမှားနိုင်ဘွယ်မရှိပေ။ အယူခံတရားလို မောင်ကြမ်းစူးမှာလည်း မောင်မြင့်သန်းနှင့် အကြံတူ ဥာဏ်တူ၊ အစိုးရ

ပစ္စည်းများကို ထုခွဲရောင်းချ အလဲသုံးစားပြုရာ၌ ကိုယ်ထိလက်ရောက် အားပေး ကူညီခဲ့ကြောင်း ပေါ်လွင်နေသည်။

အယူခံ တရားလို မောင်မြင့်သန်း၏ ပညာရှိ ရှေ့နေကြီးက တဖန်၊ အလဲသုံးစား ပြုသည်ဆိုသောပစ္စည်းမှာ အများပေါင်း ၂၀၀ ကျော်ဖြစ်ပြီး၊ စွဲချက်ကို တခုတည်း ပြုလုပ်ခဲ့သဖြင့်၎င်း၊ထိုစွဲချက်တွင် မည်သည့်ပစ္စည်းကို အလဲသုံးစားပြုလုပ်သည်၊ တန်ဘိုး မည်မျှရှိသည်ဟု အသေးစိတ်သေချာစွာ ဖော်ပြခဲ့ခြင်း မရှိသဖြင့်၎င်း အယူခံတရားလို သည် အောက်ချုံး၌ စစ်ဆေးစီရင်ခြင်းခံရရာတွင် တရားမျှတမှုကို မရရှိခဲ့ဟု ယူဆ သင့်ကြောင်း၊ ယင်းသို့ယူဆလျှင် အယူခံတရားလိုအား တရားသေလွတ်လျှင်လည်း လွှတ်၊ မလွတ်လျှင်လည်း အမှုကို အသစ်တဖန်စစ်ဆေးရန် အမိန့်ချမှတ်သင့်ကြောင်း တင်ပြလာပြန်သည်။

စွဲချက်နှင့် ပတ်သက်သည့် ရာဇဝတ်ကျင့်ထုံးပါ ပြဋ္ဌာန်းချက်များမှာ ပုဒ်မ ၂၃၃၊ ၂၃၄၊ ၂၃၅၊၂၃၆ နှင့် ၂၃၉ တို့ဖြစ်သည်။ ပုဒ်မ ၂၃၃ အရ၊ တရားခံတဦးက ကျူးလွန် ခဲ့သော သီးခြားပြစ်မှုကို သီးခြားစွဲချက်တင်ကာ သီးသန့်စစ်ဆေးရမည် ဖြစ်သော်လည်း၊ ပုဒ်မ ၂၃၄၊ ၂၃၅၊၂၃၆ နှင့် ၂၃၉ တို့မှာ ထိုပုဒ်မ ၂၃၃ ၏ ခြွင်းချက်များအဖြစ် သတ်မှတ်တားခြင်းဖြစ်သည်။ ပုဒ်မ ၂၃၄၊ ၂၃၅ နှင့် ၂၃၆ တို့မှာ တရားခံတဦးအပေါ် တခုထက်များသည့်ပြစ်မှုများကို တမှုတည်း၌ စစ်ဆေးရန်ခွင့်ပြုထားသည့် ပုဒ်မများဖြစ်သည်။ ပုဒ်မ ၂၃၉ မှာ တဦးထက်များသော တရားခံတို့အား ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများကို တမှုတည်း၌ စစ်ဆေးနိုင်အောင် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ပုဒ်မ ၂၃၉ (က) နှင့် (ဃ) အရ အဓိကအရေးကြီးသော အချက်မှာ တရားခံတို့သည် အမှုကိစ္စတခု (same transaction) ကိုတဆက်တည်း ဆောင်ရွက်ပြုလုပ်စဉ် ပြစ်မှုများ ကျူးလွန်ခဲ့ရမည်ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုတို့သည် ပစ္စည်း အမယ်ပေါင်း မြောက်များစွာကို ယုံကြည်အပ်နှံခြင်းခံရသည့် ပြည်သူ့ဆိုင် လုပ်သားများဖြစ်သည်။ ပစ္စည်းများကို အပ်စဉ်က စာရင်းအင်းနှင့် အပ်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးစာရင်းစစ်ဆေးသောအချိန်တွင် ပစ္စည်းအချို့ပျောက်ဆုံးလျော့နည်းနေသည်ကို တွေ့ရခြင်းဖြစ်ရာ၊ နစ်နာသူအစိုးရအနေဖြင့် မည်သည့်နေရက်တွင် မည်သည့်ပစ္စည်းကို မည်သူက အလဲသုံးစားပြုလုပ်မှဲ့သည်ဟု တိကျစွာ စွပ်စွဲနိုင်ရန်လမ်းမရှိပေ။ စွပ်စွဲရန်လည်း လိုမည်မဟုတ်ပေ။ အယူခံ တရားလိုတို့သည် ပြည်သူ့ဆိုင်လုပ်သားများအနေဖြင့် ပစ္စည်းများကို ရောင်းချရင်း

တဆက်တည်း အလွဲသုံးစားပြုလုပ်ခဲ့သည်ဟုသာ ယူဆရမည်ဖြစ်သည်။ တနည်းဆိုသော်ငင်းတို့၏ ပြုမူချက်မှာ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၃၉ (က) နှင့် (ဃ) တို့တွင်၊ အကျုံးဝင်နေလေသည်။ ယခုအခါ ပြည်သူ့ဆိုင်များတွင် ဆိုင်အလုပ်သမားများအား ကုန်ပစ္စည်းအမျိုးမျိုးကိုလုပ်သားပြည်သူတို့အားရောင်းချရန် နိုင်ငံတော်အစိုးရက အပ်နှံထားရာ ဆိုင်အလုပ်သမားများက ဆိုင်ရှိပစ္စည်းများကို အလွဲသုံးစားပြုလုပ်လိုက်လျှင် မည်သည့် ပစ္စည်းကို မည်သည့်နေ့တွင် အလွဲသုံးစား ပြုသည်ဟု ထင်ရှားအောင် မပြနိုင်ကာမျှဖြင့် ထိုကဲ့သို့ အလွဲသုံးစားပြုသည့် ဆိုင်အလုပ်သမားအား လွှတ်ပစ်ရမည်ဆိုလျှင် ကိုယ်ကျိုးနည်းဘွယ်ရာသာ ရှိပေတော့သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူ့ဆိုင်အားလုံးကို ပိတ်လိုက်ရန်မှအပ အခြားနည်းလမ်း ရှိတော့မည်မဟုတ်ပေ။

အောက်ရုံး၏ စွဲချက်၌ ပစ္စည်းမည်မျှမည်မျှ တန်ဘိုးမည်မျှမည်မျှကို အလွဲသုံးစားပြုခဲ့သည်ဟု တိကျစွာဖော်ပြခြင်း မရှိသည်မှာမှန်၏။ ယင်းသို့ အလွဲသုံးစားပြုခဲ့သည့်ပစ္စည်း အရေအတွက်၊ သို့မဟုတ် တန်ဘိုးကို ဖော်ပြခြင်းမပြုခဲ့ကာမျှဖြင့် အောက်ရုံး၏စီရင်ချက်အား ပယ်ဖျက်ခြင်း ပြုသင့်မပြုသင့် ဆိုသောကိစ္စကို နောက်တဆင့် စဉ်းစားရမည်ဖြစ်သည်။ စွဲချက်တွင် ချို့ယွင်းချက်ရှိလင့်ကစား တရားခံသည်၊ ၎င်း၏ အမှုကို ထုချေရာ၌ လွဲမှားခြင်းမရှိပါမူ၊ တရားစီရင်ရာ၌ တရားမျှတမှု ကင်းမဲ့ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၅ နှင့် ၅၃၇ တို့အရ အောက်ရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အကြောင်းမရှိနိုင်ပေ။ အကယ်၍ တရားခံသည် ချို့ယွင်းသည့်စွဲချက်ကြောင့် ၎င်းအပေါ် စုပ်စွဲထားသည့် ပြစ်မှုကို ထုချေရာ၌ အလွဲလွဲအမှားမှားဖြစ်ခဲ့ရပါမူ၊ အယူခံရုံးအနေဖြင့် အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး အမှုကို အသစ်တဖန်စစ်ဆေးရန် ညွှန်ကြားရန် တာဝန်ရှိပေသည်။ **ဘာဘူလာလ် နှင့် အစိုးရ** (၁)။

ယခုအမှုတွင်၊ အယူခံတရားလိုများအနေဖြင့်ကုန်မာပစ္စည်းတန်ဘိုး ၁၀,၃၄၀ ကျပ် ၉၉ ပြား ဘိုးအလွဲသုံးစား ပြုခဲ့ကြောင်း စွပ်စွဲချက်ကို ကောင်းစွာသိရှိကြောင်း ပေါ်လွင်သည်။ ထိုစွပ်စွဲချက်နှင့်ပတ်သက်၍၊ ထုချေချက်အသီးသီး တင်ပြခွင့်ရရှိခဲ့သည့် အတိုင်း တင်ပြခဲ့ကြသေးရာ၊ စွဲချက်၌ ချို့ယွင်းချက်ပင်ရှိလင့်ကစား၊ တရားမျှတမှု ကင်းမဲ့သည်ဟုမဆိုနိုင်၍၊ အောက်ရုံး၏ စီရင်ချက်ကို ပယ်ဖျက်ရန်အကြောင်းမရှိပေ။ သို့ဖြစ်ရာ အယူခံတရားလိုတို့အပေါ် ရာဇသတ် ပုဒ်မ ၄၀၉ နှင့် ၄၀၉/၁၀၉ အသီးသီး အရ၊ အပြစ်ရှိသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

---

(၁) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၈၊ ပရီဗီကောင်စီ ၁၃၀။

နောက်ဆုံး စဉ်းစားရမည့်အချက်မှာ အပြစ်ဒဏ်ဖြစ်သည်။ ရာဇသတ်ပုဒ်မ ၄၀၉ မှာ တသက်တကျွန်းအထိ အများဆုံး အပြစ်ဒဏ်သတ်မှတ်နိုင်သည့် ပြစ်မှုတခုဖြစ်သည်။ ယခုအခါ ပြည်သူ့ဆိုင်များသို့ လုပ်သားပြည်သူများအား ရောင်းချရန် ယုံမှတ်အပ်နှံထားသည့် အစိုးရပိုင်ပစ္စည်းများကို ဆိုင်တာဝန်ခံနှင့် အခြားဆိုင်လုပ်သားများသည် အလွဲသုံးစားပြုလုပ်နေကြောင်း မကြာခဏတွေ့ကြုံ နေရသဖြင့်၊ ထိုကဲ့သို့ အလွဲသုံးစားပြုသူများကို နောင်ကြဉ်အောင်နှင့် အလားတူပြစ်မှုများ ကျူးလွန်ရန် စိတ်ကူးနေသူများအား မကျူးလွန်ဝံ့အောင် စံပြ အနေဖြင့် မှတ်လောက် သားလောက်သည့် အပြစ်ဒဏ်များ ချမှတ်ရန်လိုနေသည့် အလျောက် အောက်ခံုးမှချမှတ်ထားသော အပြစ်ဒဏ်များကို အတည်ပြုကာ အယူခံတရားလိုတို့၏ အယူခံမှုများကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ် အသေးအဖွဲလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၆ နိုဝင်ဘာလ ၂၃ ရက်၊

မောင်ရွှေဝင်း (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉ (၂)—တရားခံအပေါ် ၎င်း၏အကျိုးကို ထိခိုက် နစ်နာစေမည့် အမိန့်—ကိုယ်တိုင်သော်၎င်း၊ ရှေနေ ရှေ့ရပ်နှင့်သော်၎င်း ကြားနာရန်အခွင့်ပေးရခြင်း—တဖက်သတ် ကြားနာကာ တရားခံ၏ အကျိုးဆန့်ကျင်သည့် အမိန့် ချမှတ်ခြင်း—တရားဝင် အမိန့်ဖြစ်သည်ဟု ဆိုနိုင် မဆိုနိုင်—ဘရားရုံးချုပ်အနေဖြင့်ဆက်လက် ကြားနာပြီး တရားဝင် အမိန့် ချမှတ်နိုင် မချမှတ်နိုင်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉ (၂) အရ၊ တရားခံတဦးအပေါ် ၎င်း၏အကျိုးကို ထိခိုက်နစ်နာစေမည့် အမိန့်ကို မချမှတ်မီ၊ ၎င်းအားကိုယ်တိုင်သော်၎င်း၊ ရှေနေ ရှေ့ရပ်နှင့်သော်၎င်း ကြားနာရန် အခွင့်ပေးရမည် ဖြစ်သည်။ ယင်းသို့အခွင့်မပေးဘဲ တဖက်သတ် ကြားနာကာ တရားခံ၏ အကျိုးကို ဆန့်ကျင်သည့်အမိန့် ချမှတ်ခဲ့လျှင်ထိုအမိန့်သည် အဆိုပါ ပြဋ္ဌာန်းချက်အား ချိုးဖောက်ရာ ရောက်သဖြင့် တရားဝင် အမိန့်ဖြစ်သည်ဟုဆိုနိုင်မည် မဟုတ်ပေ။ တရားခံတဦးအပေါ် ကြားနာရန် ခွင့်ပြုပြီးမှသာ အပြစ်ဒဏ်တိုးမြှင့်ပေးရမည်ဟုဥပဒေက အတိ အလင်း သတ်မှတ်ထားသည့် ကိစ္စတွင် ဥပဒေပါ သတ်မှတ်ချက်ကိုမလိုက်နာဘဲ၊ အမိန့်ချမှတ်ပါက ထိုအမိန့်သည် စီရင်ပိုင်ခွင့်အာဏာ အတွင်း ချမှတ်သည့် အမိန့်ဟုမဆိုနိုင်ချေ။ ယင်းသို့ စီရင်ပိုင်ခွင့် အာဏာအတွင်း ချမှတ်ထားသည့် အမိန့်မဟုတ်လျှင် ထိုအမိန့်သည် တရားဝင် အမိန့် အဖြစ် ရပ်တည်ခြင်း မပြုနိုင်သည့် အလျောက် တရားရုံးချုပ် အနေဖြင့်ဆက်လက် ကြားနာပြီး တရားဝင် အမိန့် တရပ် ချမှတ်နိုင်သည်ဟု ထင်မြင်သည်။ ထိုကဲ့သို့အမိန့် ချမှတ်ခြင်းအားဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၆၉ အား၊ ဆန့်ကျင်ရာ မရောက်ပေ။

တိဆိုမူးနိုင်ဦး နှင့် တဦး၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၂၄၊ မဒရပ် ၆၄၀။ နိုင်ငံတော်နှင့် ကွန်ဂျန်ပီလေး၊ အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၅၂၊ တရယ်ဗယ်ကိုချင် ၂၁၀ (၂၁၇) (စုံညီခဲ့)။ ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အသေးအဖွဲ လျှောက်လွှာအမှတ် ၇၁။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၄ (ခ) တွင် ချမှတ်သော ၁၉၆၆ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့စွဲပါ ဤတရားရုံးချုပ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

ရမ်မက် (ရှ်)မင်ဒဖ် နှင့် ကာဒမ်ဘီနီဒါစီ၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၇၊ ကာလကတ္တား ၇၀၂။ **လက်ထောက်အစိုးရလွှတ်တော်ရွှေနေ နှင့် အူပင်ဒရာနတ်မူကာဂျီ၊** အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၁၊ ပတ္တနာ ၈၁ (၈၂) ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးသန်းအောင်။

လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ မောင်ရွှေဝင်းအပေါ် ဘားအံမြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၁ တွင်၊ ရာဇသတ်ပုဒ်မ ၃၀၄-က အရ ရုံးတထိုင် ထောင်ဒဏ်တရက်နှင့် ဒဏ်ငွေ ၆၅၀ ကျပ်ပေး ဆောင်ရန်နှင့် ဒဏ်ငွေပေးဆောင်ရန်ပျက်ကွက်ပါက နောက်ထပ်အလုပ်နှင့် ထောင်ဒဏ် တနှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်းခံရသည်။ ထိုကဲ့သို့ချမှတ်သောအပြစ်ဒဏ်မှာ အလွန်အလွန်သက်ညှာလွန်းသဖြင့်၊အပြစ်ဒဏ်ဘိုးမြှင့်ပေးရန်မော်လမြိုင်မြို့ရုံးထိုင် ကော်သူးလေပြည်နယ် စက်ရှင်တရားသူကြီးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉ အရ ထောက်ခံလာ၏။ ထို့ကြောင့်တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မူအမှတ် ၁၀၄(ခ) တွင် လျှောက်ထားသူမောင်ရွှေဝင်းအပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉ (၂) အရ၊ အကြောင်းကြားစာထုတ်ဆင့်ခဲ့သော်လည်း၊ မလာရောက်သဖြင့် တဘက်သတ်ကြားနာကာ၊ မူလအပြစ်ဒဏ်များအပြင် အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်တိုးမြှင့်ကျခံစေရန် အမိန့်ချမှတ်ခဲ့လေသည်။

လျှောက်ထားသူ မောင်ရွှေဝင်းက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉(၂)အရ၊ ဤရုံးမှ ထုတ်ဆင့်လိုက်သည့်အကြောင်းကြားစာကို မိမိမရရှိကြောင်း၊ မိမိအပေါ် အပြစ်ဒဏ်တိုးမြှင့်ကြောင်း တဘက်သတ်ကြားနာအမိန့်ချမှတ်ပြီးမှ သိရှိရကြောင်း စသည်ဖြင့် ကျမ်းကျိန်လွှာတစောင် တင်ထားသဖြင့်၊ ဤရုံးမှ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉(၂)အရ ထုတ်ပေးခဲ့သည့် အကြောင်းကြားစာပေါ်ရှိ လက်မှတ်နှင့် လျှောက်ထားသူ၏ရွှေနေကိုယ်စားလှယ်စာပေါ်ရှိ လက်မှတ်တို့ကို တိုက်ဆိုင်ကြည့်ရှုရာ၊ ကွဲလွဲနေသည်ကိုတွေ့မြင်ရသည့်အလျောက်၊ လျှောက်ထားသူအား ရုံးရှေ့သို့ခေါ်ယူပြီး နမူနာလက်မှတ်များ ရေးထိုးစေ၏။ ထိုနမူနာလက်မှတ်များမှာ လျှောက်ထားသူ၏ရွှေနေ ကိုယ်စားလှယ်စာပေါ်ရှိလက်မှတ်နှင့် တူသည်ကိုတွေ့ရပြီး၊ဤရုံးမှ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉(၂) အရ၊ထုတ်ပေးသည့်အကြောင်းကြားစာပေါ်ရှိ လက်မှတ်နှင့်အတော်ပင်ကွဲပြားခြားနားနေသည်ကိုတွေ့ရလေသည်။ သို့ဖြစ်ရာ လျှောက်ထားသူမောင်ရွှေဝင်းသည် ဤရုံးမှ ထုတ်ပေးခဲ့သည့် မည်သည့်အတွက်ကြောင့် အပြစ်ဒဏ် မတိုးပေးသင့်ကြောင်းအကြောင်းပြရန်အကြောင်းကြားစာကို ရရှိခဲ့ခြင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။

၁၉၆၆

မောင်ရွှေဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၉(၂)အရ တရားခံတဦးအပေါ် ၎င်း၏အကျိုးကိုထိခိုက်နစ်နာစေမည့်အမိန့်ကိုမချမှတ်မီ၊ ၎င်းအား ကိုယ်တိုင်သော်၎င်း၊ ရှေ့နေရှေ့ရပ်နှင့်သော်၎င်း ကြားနာခွင့် အခွင့်ပေးရမည်ဖြစ်သည်။ ယင်းသို့အခွင့်မပေးဘဲ တဘက်သတ်ကြားနာကာ တရားခံ၏အကျိုးကို ဆန့်ကျင်သည့်အမိန့်ချမှတ်ခဲ့လျှင်၊ ထိုအမိန့်သည်အဆိုပါ ပြဋ္ဌာန်းချက်အား ချိုးဖောက်ရာရောက်သဖြင့် တရား၀င်အမိန့်ဖြစ်သည်ဟုဆိုနိုင်မည်မဟုတ်ပေ။ တရားခံတဦးအပေါ် ကြားနာခွင့် ခွင့်ပြုပြီးမှသာ အပြစ်ဒဏ်တိုးမြှင့်ပေးရမည်ဟု ဥပဒေက အတိအလင်းသတ်မှတ်ထားသည့်ကိစ္စတွင် ဥပဒေပါသတ်မှတ်ချက်ကိုမလိုက်နာဘဲ အမိန့်ချမှတ်ပါကထိုအမိန့်သည် စီရင်ပိုင်ခွင့်အာဏာအထွင်း ချမှတ်သည့်အမိန့်ဟု **မဆိုနိုင်ခေါ်**။ ယင်းသို့စီရင်ပိုင်ခွင့်အာဏာအထွင်း ချမှတ်**ထား**သည့် အမိန့်မဟုတ်လျှင် ထိုအမိန့်သည် တရား၀င်အမိန့်အဖြစ် ရပ်တည်ခြင်းမပြုနိုင်သည့်အလျောက်၊ တရားရုံးချုပ်အနေဖြင့် ဆက်လက်ကြားနာပြီး တရား၀င်အမိန့်တရပ် ချမှတ်နိုင်သည်ဟု ကျွန်ုပ်တို့ထင်မြင်သည်။ ထို့ကဲ့သို့အမိန့်ချမှတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၆၉ အားဆန့်ကျင်ရာ မရောက်ပေ။

တီဆိုမူးနိုင်ဂူး နှင့် **တဦး**(၁) အမှုတွင် ထိုကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်၏။

> "A reasonable opportunity for the accused to be heard is an essential condition precedent to the exercise of jurisdiction under Section 439, when the Court is considering the question of enchancing the punishment inflicted on him.
>
> Where the conditions laid down by law as precedent and requisite to the hearing of a case are not observed, the Court acts without jurisdiction, and its order is, therefore, void *ab initio* and the case can be reheard."

နိုင်ငံတော် နှင့် **ကွန်ဂျန်ပီလေး**(၂) တို့အမှုပါ အောက်ပါမြွက်ချက်ကိုလည်း ကျွန်ုပ်တို့ရည်ညွှန်းရန်လိုပေသည်။

> "With regard to cases in which the parties were not given an opportunity for being heard it may be taken to be an implied condition of such judgment or order that it should be open to reconsideration at the instance of the party prejudicially affected. The power of the Court to reconsider the matter is implied in the very nature of an 'ex parte' decision."

---

(၁) အေးအိုင်၊ အာ(ရ်)၊ ၁၉၂၄ မဒရပ် ၆၄၀။

(၂) အေးအိုင်၊ အာ(ရ်)၊ ၁၉၅၂ တရယ်ဗယ်ကိုချင် ၂၁၀ (၂၁၇) စုံညီခုံ။

ရမ်မက်ရှိမင်ဒယ် နှင့် ကာဒန်ဘီနီဒါစီ(၃) **နှင့် လက်ထောက်အစိုးရလွှတ်တော်ရွှေနေ နှင့် အူပင်ဇရာနတ်မူကာဂျီ** (၄) တို့အမှုများတွင်လည်းအလားတူ ကောက်ယူထားသည်ကို တွေ့မြင်နိုင်ပေသည်။

ယခုအမှုတွင် လျှောက်ထားသူ မောင်ရွှေဝင်းအပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉ (၂) အရ ထုတ်ဆင့်ခဲ့သည့် အကြောင်းကြားစာ အတည်ဖြစ်သည်ဟုယူဆကာ၊ ၎င်းအပေါ် တာဘက်သတ်ကြားနာပြီးအမိန့်ချမှတ်ခဲ့၏။ အမှန်မှာ ထိုအကြောင်းကြားစာသည် ၎င်းအပေါ် အတည်မဖြစ်သည့်အလျောက် ၎င်းအပေါ် အကြောင်းကြားစာမပေးဘဲကြားနာပြီး အမိန့်ချမှတ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအမိန့်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တရားဥပဒေနှင့်ညီညွတ်သည့် အမိန့်မဟုတ်၍ ကျွန်ုပ်တို့အနေဖြင့် လျှောက်ထားသူအား ကြားနာပြီး တရားဝင်အမိန့်သစ်တခုချမှတ်ရန်တာဝန်ရှိပေသည်။ ယင်းတာဝန်ရှိသည့်အတိုင်း ရွှေနေချုပ်အပေါ် အကြောင်းကြားစာထုတ်ပြီး ဆက်လက်ကြားနာရန် အမိန့်ချမှတ်လိုက်သည်။

---

(၃) အေ၊အိုင်၊အာ(ရှ်)၊ ၁၉၅၇၊ ကလကတ္တား ၇၀၂၊

(၄) အေ၊အိုင်၊အာ(ရှ်)၊ ၁၉၃၁၊ ပတ္တနာ ၈၁ (၇၂)။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေဖြင့်တွင်

† ၁၉၆၆ နိုဝင်ဘာလ ၁၄ ရက်။

မောင်သံချောင်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရမှုမြစ် ထင်ရှားစီရင်ခြင်း—သက်သေအမြစ် မစစ်ဆေးရခြင်း—မသေမီ ရှာခေါင်းကို ရိုက်သောသူမှာ မည်သူ ဖြစ်သည်ဟု ပြောကြားခြင်း—ထိုပြောဆိုချက်မှာ ဥပဒေအရ သက်သေခံဝင် မဝင်။

ဆုံးဖြတ်ချက်။ ။မောင်စံရင်မှာ အခင်း ဖြစ်ပွါးပြီးနောက် ဆွဲကြိုးချကာ သတ်သေသွားသဖြင့် သက်သေအမြစ် **မစစ်ဆေးခဲ့ရပေ။** သို့ရာတွင် မောင်စံရင်သည် ဆွဲကြိုးချပြီးမသေမီ ရှာခေါင်းအား သေသူကိုရိုက်သောသူမှာ **အယူခံတရားလိုဖြစ်သည်ဟု** ပြောခဲ့သည်ဟုဆိုသည်။ ထိုပြောဆိုချက်ကို အောက်ရုံးတရားသူကြီးသည် အယူခံတရားလိုအား အပြစ်ပေးရာ၌ ထည့်သွင်းစဉ်းစားခဲ့၏။ အမှန်မှာ ထိုကဲ့သို့ပြောဆိုချက်သည် ဥပဒေအရ သက်သေခံမဝင်ချေ။

ကွန်ဝါပါလ်ဆင်း နှင့် **နိုင်ငံတော်၊** အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၈၊ အလဟာဘတ်၊ စာ ၁၇၀ (၁၇၂) ကျည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရ ရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို မောင်သံချောင်း အပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ၊ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သော မင်းဘူးမြို့၊ ဒုတိယအထူး (ရာဘာက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၆၀။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၃ တွင်ချမှတ်သော ၁၉၆၆ မှနှစ်၊ ဖေဖြေလ ၂၂ ရက် နေ့စွဲပါ၊ မင်းဘူးမြို့၊ ဒုတိယအထူးရာဇဝတ်တရားသူကြီးရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

မင်းဘူးခရိုင်၊ ကုတင်ကုန်းရွာ၌ မိုးမရွာသဖြင့်၊ လွန်ခဲ့သည့် ၁၃၂၇ ခုနှစ်၊ နယုန်လဆန်း ဂ ရက် (၁၉၆၅ ခု၊ ဇွန်လ ၇ ရက်) နေ့ည ၉ နာရီခန့်အချိန်တွင်၊ ရွာသားများသည် မိန်းမ တဘက်၊ ယောကျ်ား တဘက် လွန်ဆွဲကြသည်၊ လူပေါင်း ၃၀ ခန့်သည် မပန်းမြို့ိင် အိမ်ရှေ့ ၂ တောင်ခန့်အကွာတွင် လွန်ဆွဲကြခြင်းဖြစ်သည်၊ လွန်ပွဲကို ဘေးမှ ကြည့်သူအချို့ရှိသည်၊ သေသူ မောင်နီသည် မပန်းမြို့ိင်၏ အိမ်နှင့် ၂၃ ပေခန့်အကွာ သနပ်ပင်အောက် မြေကြီးပေါ်၌ ထိုင်၍ကြည့်နေသည်၊ ၎င်း၏ အနီး၌ ကိုချောနှင့် ကိုစံရင်ဆိုသူတို့ ရှိသည်ဟုဆိုသည်။ မောင်နီ၏ညီ မောင်စာပန်း (လိုပြ-၁) သည်၊ မပန်းမြို့ိင် အိမ်ပေါ်မှနေ၍ လွန်ပွဲကို ကြည့်နေသည်။

ထိုကဲ့သို့လွန်ဆွဲနေကြစဉ် "ခွပ်" ဆိုသော အသံကြားရပြီး လွန်ဆွဲသည့်လူများ ရုတ်ရုတ်ရက်ရက်ဖြစ်ကာ ထွက်ပြေးကြသည်။ မောင်စာပန်းသည် အိမ်ပေါ်မှကြည့် လိုက်ရာ အစ်ကိုဖြစ်သူ မောင်နီလဲနေသည်ကို တွေ့ရပြီး၊ ၎င်း၏အနီးမှ လူတယောက် ထွက်ပြေးသောကြောင့် လက်နှိပ်ခါတ်မီးဖြင့် ထိုးကြည့်သောအခါ အယူခံ တရားလို ဖြစ်သည်ကိုတွေ့ရသည်ဟု မောင်စာပန်းကဆိုလာသည်၊ မောင်စာပန်းသည် ကိုလှမောင်-အိမ်၌ဝတ်တက်နေသော အစ်ကို မောင်ဦးသိန်း (လိုပြ-၄) နှင့် ရွာသားတဦး ဖြစ်သည့် ကိုသိန်းဟန် (လိုပြ-၁၁) တို့အား သွားခေါ်ပြီးကြည့်ရာ မောင်နီမှာ ဦးခေါင်း၌ ဒဏ်ရာတွေ့ရသည်။ မောင်နီမှာ အရိုက်ခံရပြီးနောက် စကားပြောနိုင် ပုံမပေါ်ပေ။

မောင်နီအား ရွာဆေးပေးခန်းသို့ ယူလာကာ ဆေးထည့်ပြီး၊ စကုရဲတပ်စခန်းမှ တဆင့် မင်းဘူးမြို့၊ ပြည်သူ့ဆေးရုံသို့ပို့လိုက်၍ ဆရာဝန် ဒေါ်စန်းစန်းမြင့်က လက်ခံ ကုသသော်လည်း၊ မောင်နီသည် နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် သေဆုံးသွားလေ သည်။ မောင်နီ၏ ဦးခေါင်း နောက်စေ့တွင် ဦးခွံရိုးကွဲသွားသည့် ပေါက်ပြဲသောဒဏ်ရာ တချက်တွေ့ရပြီး၊ ထိုဒဏ်ရာကြောင့် ဦးဏှောက် ပေါက်ပြဲသွားသည်ကို တွေ့ရလေ သည်၊ ထိုဒဏ်ရာမှာ မုခ္ဂလေစေမည့် ဒဏ်ရာတခု ဖြစ်ကြောင်း ဆရာဝန်က ထင်မြင် ချက်ပေးသွားသည်။

အခင်းဖြစ်ညက မောင်နီ၏ ခယ်မဖြစ်သူ မညိုကြီး (လိုပြ-၅) သည် လွန် ဆွဲရာတွင် ဝင်ရောက်ဆင်နွှဲခဲ့ပြီး၊ အခင်းမဖြစ်မီ ဘိန်ပ် ပျောက်သဖြင့်၊ လိုက်ရှာစဉ်၊ အယူခံ တရားလိုအား လွှဲကြိုးစနှင့် ငါးတုတ်တချောင်းကို ဖင်ခုထိုင်နေသည်ကို တွေ့ လိုက်ရသည်။ အခင်းဖြစ်ပွါးပြီးနောက်၊ အယူခံ တရားလို ဖင်ခုထိုင်သည့် ဝါးတုတ်ကို မောင်နီ၏အနီးမှ တွေ့ရှိရသည်ဟု အဆိုရှိလေသည်။

အထက်ပါ သက်သေ အထောက်အထားများအရ၊ အယူခံတရားလို အပေါ် မောင်နီအား ရိုက်သတ်ခဲ့သည်ဟု ဆိုကာ ရုံးတင်တရားစွဲဆိုရာ၊ အယူခံ တရားလိုက

၁၉၆၆ မောင်သံချောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မိမိသည် လွန်ပွဲ၌ ပဌမကိုယ်တိုင် ဝင်ရောက် ဆင်နွှဲကြောင်း။ ထိုနောက် ဘေးမှ ထိုင်ကာကြည့်၍ အာဒေးနေစဉ် လူရိုက်သံကြားရပြီး လွန်ဆွဲသူများ ရုတ်ရုတ်ရက်ရက်ထွက်ပြေးကြသဖြင့် မိမိလည်း အိမ်အရောက် ပြန်ပြေးကြောင်း၊ မောင်နီကို မိမိမရိုက်ရကြောင်း ထုချေသော်လည်း၊ အောက်ရုံးပညာရှိ တရားသူကြီးသည်၎င်း၏ ထုချေချက်ကို လက်မခံဘဲ အထက်တွင် ဖေါ်ပြခဲ့သည့် အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

ယခုအမှုတွင် သေသူ မောင်နီအား အယူခံ တရားလိုက ရိုက်သည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍၊ မျက်မြင်သက်သေ တင်ပြနိုင်ခဲ့ခြင်း မရှိပေ။ သို့ရာတွင် အောက်ရုံး ပညာရှိ တရားသူကြီးက (က) ရိုက်သံကြားရပြီးနောက် အယူခံ တရားလိုသည် မောင်နီလဲနေစဉ် အနီးမှ ထွက်ပြေးသွားသည်ကို မောင်စာပန်းက တွေ့မြင်လိုက်ရခြင်း၊ (ခ) အခင်းဖြစ်ပွါးပြီးနောက် ဆွဲကြိုးချ သေဆုံးသွားသည့် မောင်စံရင်က ရွာခေါင်း ကိုဘိုးဥာဏ် (လို့ပြ-၃) အား၊ ဆွဲကြိုးချ မသေမီ မောင်နီကို ရိုက်သောသူမှာ အယူခံ တရားလို ဖြစ်သည်ဟု ပြောဆိုခဲ့ခြင်း၊ (ဂ) မောင်နီ အရိုက်မခံရမီ အယူခံ တရားလိုသည် လွန်ကြိုးနှင့် မောင်နီအနီး၌ တွေ့သောဝါးတုတ်အား ဖင်ခုထိုင်လျက်ရှိသည်ကို မည်ကြီး (လို့ပြ-၅) က တွေ့မြင်ခဲ့ရခြင်း စသည့် အချက်သုံးရပ်အပေါ် မူတည်၍၊ အယူခံ တရားလိုအား အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

မောင်စာပန်းသည် အခင်းဖြစ်ပွါးပြီးနောက်၊ ချက်ခြင်းသော်၎င်း၊ နောက်နေ့ နံနက်၌ ရဲတပ်စခန်းတွင် ပေးခဲ့သော တိုင်ချက်၌သော်၎င်း၊ နောင် ရဲကစစ်ဆေးသောအခါတွင်သော်၎င်း အယူခံ တရားလိုအား လဲနေသည့် မောင်နီအနီးမှထွက်ပြေးသွားသည်ကိုတွေ့မြင်လိုက်ရကြောင်း ထုတ်ဖေါ်ပြောဆိုခဲ့ခြင်း မရှိပေ။ သေသူနှင့် မောင်စာပန်းတို့၏ အစ်ကိုဖြစ်သူ မောင်ဦးသိန်း (လို့ပြ-၄) ကလည်း၊ မောင်နီ သေဆုံးရသည့် ကိစ္စနှင့် ပတ်သက်၍၊ ဆွမျိုးများ တိုင်ပင်ကြရာ၌ မောင်စာပန်းက ဘာမှမပြောကြောင်း ဝန်ခံထားသဖြင့်၊ အယူခံ တရားလိုအား မောင်နီလဲသည့်နေရာ အနီးမှ ယွက်ပြေးသည်ကို မြင်ရသည်ဆိုသော မောင်စာပန်း၏ ရုံးချေရှိထွက်ဆိုချက်မှာ ခိုလှုံ၍ ပြောဆိုသည့် ထွက်ချက်တခု ဖြစ်ကြောင်း ယုံမှားဘွယ် မရှိနိုင်ပေ။ အယူခံတရားလိုသည် ထိုညက အခြားရွာသူရွာသားများနည်းတူ လွန်ပွဲတွင် လာရောက်အားပေး၍ ရှိနေရာ၊ လူရိုက်သံကြားသဖြင့် လွန်ဆွဲသူများ တကွဲတပြားထွက်ပြေးကြသည့်နည်းတူ ၎င်းလည်း ထွက်ပြေးခဲ့ဟန် လက္ခဏာရှိသည်၊ ယင်းသို့အများနည်းတူ ထွက်ပြေးကာမျှဖြင့် ၎င်းသည် မောင်နီအား ရိုက်သူဖြစ်ရမည်ဟု မဆိုနိုင်ပေ။

F-

အခင်းဖြစ်ညက မောင်နိ၏ အနီးတွင် မောင်ချောနှင့် မောင်စံရင် ဆိုသူတို့ ရှိနေကြကြောင်း သက်သေ အထောက်အထားရှိသည်။ မောင်ချောမှာ အယူခံ တရားလိုက မောင်နိကို ရိုက်သည်ဆိုသော စုပ်စွဲချက်အား အထောက်အကူ မပြု သဖြင့်၊ အစိုးရရွေနေကြီးက သက်သေအဖြစ် မစစ်ဆေးခဲ့ပေ။ (မောင်စံရင်မှာ အခင်းဖြစ်ပွါးပြီးနောက်၊ ဆွဲကြိုးချကာ သတ်သေသွားသဖြင့် သက်သေအဖြစ် မစစ်ဆေးခဲ့ရပေ။ သို့ရာတွင် မောင်စံရင်သည် ဆွဲကြိုးချပြီး မသေမီ ရွာခေါင်း ကိုဘိုးဉာဏ်အား မောင်နိကို ရိုက်သောသူမှာ အယူခံ တရားလိုဖြစ်သည်ဟု ပြောခဲ့သည်ဟုဆိုသည်။ ထိုပြောဆိုချက်ကိုအောက်ရုံး ပညာရှိ တရားသူကြီးသည် အယူခံတရားလိုအား အပြစ်ပေးရာ၌ ထည့်သွင်း စဉ်းစားခဲ့၏။ အမှန်မှာ ထိုကဲ့သို့သော ပြောဆိုချက်သည် ဥပဒေအရ သက်သေခံမဝင်ချေ။ သက်သေခံ ဥပဒေပုဒ်မ ၃၂ (၁) အရ၊ လူတဦးတယောက်သည် မည်သည့် အကြောင်းကြောင့် သေဆုံးရသည် ဆိုသော ပြဿနာပေါ် ပေါက်နေလျှင်၊ မည်သည့် အကြောင်းကြောင့် မိမိသေဆုံးရသည်ဆိုသော ထိုသူ၏သေကာနီး ပြောဆိုချက်ကို သက်သေခံအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။ အသက်ခံရသူက ၎င်းအသက်ခံရသည့် ကိစ္စနှင့် ပတ်သက်သော ပြောဆိုချက်သာလျှင်၊ ထိုလူသေဆုံးသွားပါမူ သက်သေခံ ဝင်မည်ဖြစ်သည်။ အသက်ခံရသူ၏ ပြောဆိုချက်မဟုတ်ဘဲ အခြားလူ တယောက်ယောက်၏ ပြောဆိုချက်ကို သက်သေခံ ဥပဒေ ပုဒ်မ ၃၂ (၁) အရ အသုံးမချနိုင်ပေ။ ဤကိစ္စနှင့် ပတ်သက်၍ **ကွန်ဝါပါလ်ဆင်း** နှင့် **နိုင်ငံတော်** (၁) အမှုကိုသာ ရည်ညွှန်းလိုပေသည်။ ယခုအမှုတွင် မောင်နိမည်သို့ မည်ပုံ သေဆုံးရသည်ဆိုသော ပြဿနာ ပေါ်နေရာ မောင်နိ မသေမီပြောခဲ့သော သေခါနီး စုပ်စွဲချက်ကို သက်သေခံအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။ မောင်စံရင် မည်သို့မည်ပုံ သေဆုံးရသည်ဆိုသော ပြဿနာ မပေါ်ပေါက်သဖြင့် မောင်စံရင် ဆွဲကြိုးချ၍ မသေမီက ပြောဆိုခဲ့သော ပြောဆိုချက်ကို ဤအမှုဌ သက်သေခံအဖြစ် အသုံးမချနိုင်။ သို့ဖြစ်ရာ မောင်စံရင်က ၎င်းမသေမီ ကိုဘိုးဉာဏ်အား ပြောပြခဲ့သည်ဆိုသော ပြောပြချက်ကို အောက်ရုံးအနေဖြင့် ထည့်သွင်း စဉ်းစားခဲ့ခြင်းမှာ မှားယွင်းနေသည်။

အခင်းဖြစ်ညက အယူခံတရားလိုသည် လွန်ကြိုးနှင့် ဝါးတုတ်ကို ဖင်ခုထိုင်ထားသည်ဟု မည်ကြီးက ထွက်ဆိုထားသည်၊ မည်ကြီးက ဘိန်ပျော်က်၍ လိုက်ရှာရင်း မြင်ရသည်ဟုဆိုသည်။ အယူခံ တရားလို ဖင်ခု၍ ထိုင်ထားသော တုတ်မှာ မောင်နိ အနီး၌တွေ့ရသော တုတ်ပင်ဖြစ်သည်ဆိုသော မည်ကြီး၏ ထွက်ချက်မှာ တွေ့မြင်ရသည့် အချိန်ကာလနှင့် ဝေန်ကြည့်လျှင် မျှားစွာ ယုတ္တိမရှိပေ။ ညအချိန်

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၈ အလဟာဘတ်၊ စာ ၁၇၀ (၁၇၂)။

၁၉၆၆ —— မောင်သံချောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

လူအများကြားဥ္စ ဖင်ခုထိုင်ထားသည့်တုတ်ကို အသေအချာ မှတ်မိသည်ဆိုခြင်းမှာ သဘာဝမကျခေ။

အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အယူခံတရားလိုသည် သေသူဓမာင်နီအား ရိုက်ခဲ့သည့် လက်သယ်ပင် ဖြစ်သည်ဆိုသော အထောက်အထားမှာ ခိုင်လုံခြင်း မရှိကြောင်း ပေါ်လွင်သည်။ သို့ဖြစ်ရာ အောက်ရုံး၏ အမိန့်နှင့် စီရင်ချက်ကို ပယ်ဖျက်လိုက်ပြီး အယူခံ တရားလိုအား ဤအမှုနှင့် ပတ်သက်၍ တရားသေ လွှတ်ရန်အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရှေတွင်

မောင်သန်းထွန်း ပါ ၃ (ပြင်ဆင်ရန်လျှောက်ထားသူများ)

နှင့်

ဦးခင်မြင့် ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ)*

† ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်။

တရားမကျင့်ထုံး အမိန့် ၃၃၊ နည်းဥပဒေ (၂)—လူမဲ့အဖြစ်ဖြင့်တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားခြင်း—တရားလိုလုပ်၍ တရားစွဲသောသူဌေးခေါင်းကပ်နိုင်သော ပစ္စည်းတန်ဘိုး မရှိခြင်း—အရှယ်မရောက်သေးသဖြင့် နီးစပ်ရာ မိတ်ဆွေအဖြစ်ဖြင့်ကိုယ်စားလှယ် ပြုလုပ်၍ တရားစွဲဆိုပေးသောသူဌေး ပစ္စည်းရှိခြင်း—တရားလို အစစ်ဌေခေါင်းကပ်နိုင်သောပစ္စည်း ချမ်းသာသည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၃၃၊ နည်းဥပဒေ (၁) အရ ဆိုလျှင်၊ တရားလိုလုပ်၍ တရားစွဲသောသူသည် ခေါင်းကပ်နိုင်သောပစ္စည်းတန်ဘိုး မရှိက ၎င်းသည် လူမဲ့ဖြစ်သည်။ အရွယ်မရောက်သေးသဖြင့် နီးစပ်ရာမိတ်ဆွေအဖြစ်ဖြင့် ကိုယ်စားလှယ် ပြုလုပ်၍တရားစွဲဆိုပေးသောသူဌေ ပစ္စည်းရှိစေကာမူ၊ ယင်းကိုယ်စားလှယ်သည် တရားလို အစစ်အမှန် မဟုတ် ဘဖြင့် တရားလို အစစ်ဌေ ခေါင်းကပ်နိုင်သော ပစ္စည်း ချမ်းသာသည်ဟု မဆိုနိုင်။

Mohammad Ashraf v. *Muhammad Bibi and others* A.I.R. (1946) Lah. p. 81; *Nanibula Dassya* v. *Jaimini Sundari and others* A.I.R. (1923) Cal. p. 656; *Nemichan Bhickchand* v. *Kevalchand Jasraj Marwadi* A.I.R. (1925) Bom. p. 440 ရည်ညွှန်းသည်။

လျှောက်ထားသူများအတွက်။ ။ဦးဘအေး။

လျှောက်ထားခံရသူများအတွက်။ ။ဦးစောလွင်။

ရုံးတော်သဟာယအဖြစ်။ ။အစိုးရ ရှေနေကြီး မစ္စတာ အက်(စ်)၊ ဂို့(ရှ်)။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှာ လျှောက်ထားသူများက၊ ရန်ကုန်မြို့တော် တရားမ တရားရုံး ၁၉၆၅ ခုနှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၅၂ တွင်၊ ၁၉၆၆ ခု၊

---

* ၁၉၆၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၁။

† ၁၉၆၅ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၅၂ တွင် ရန်ကုန်မြို့တော်တရားမရုံး၊ ဝန်ထောက်ရုံးတော်၏ ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲဖြင့်၊ တရားမဝန်ထောက် ချမှတ်သော အမိန့်ကို မကျေနပ်သဖြင့်၊ ရန်ကုန်မြို့တော် တရားမရုံး အက်ဥပဒေပုဒ်မ ၂၅ အရ၊ ပြင်ဆင်

၁၉၆၆

မောင်သန်းထွန်း ပါ ၃ နှင့် ဦးခင်မြင့် ပါ ၂

လွှာ တင်သွင်းသော အမှုဖြစ်သည်။

လျှောက်ထားသူများ ဖြစ်ကြသော မောင်သန်းထွန်းနှင့် မအုန်းအုန်း၊ မသန်းသန်း (အရွယ်မရောက်သေးသူများ) ၎င်းတို့အတွက် မိတ်ဆွေ ဒေါ်အေးချစ်က ကိုယ်စားပြု၍၊ လျှောက်ထားခံရသူများဖြစ်ကြသော ဦးခင်မြင့်နှင့်မရင်မေတို့ အပေါ် ဩဇာမနှစ်စာ ချုပ်အရ၊ အတိုးနှင့်အရင်းပေါင်းငွေ ၃၅,၃၀၀ ကျပ်ကိုရလိုမှုဖြင့်ရန်ကုန်မြို့တော်တရားမရုံး၌ တရားစွဲဆိုကာ၊ လျှောက်ထားသူများတွင် ခေါင်းဘိုးဖြစ်သောငွေ ၂,၀၇၀ ကျပ်ကို မပေးဆောင်နိုင်သဖြင့်၊ လူမဲ့အဖြစ်ဖြင့်တရားစွဲဆိုခွင့်ပြုရန်၊ တရားမကျင့်ထုံးအမိန့် ၃၃၊ နည်းဥပဒေ (၂) အရ၊ လျှောက်ထားခဲ့လေသည်။ လျှောက်ထားခံရသူများ၌၊ မငြမြေပြောင်းနိုင်သော ပစ္စည်းလုံးဝမရှိ၊ ငွေပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍၊ ငွေ ၁၀၀ ကျပ်ဘိုးမျှတန်ဘိုးရှိသော အဝတ်အစားများသာလျှင်ရှိကြောင်း စာရင်းတင်သွင်းထားသည်။ လျှောက်ထားခံရသူများက ကန့်ကွက်လွှာ တင်ရာ၌ လျှောက်ထားသူများသည် တံဆိပ်တော် ခေါင်းဘိုးများကို ပေးနိုင်ကြသူများဖြစ်သည်ဟု အဓိက ဖော်ပြ၍ ကန့်ကွက်လေသည်။ အောက်ရုံးက လျှောက်ထားသူများသည် တံဆိပ်တော် ခေါင်းဘိုးကို မပေးနိုင်၍ လူမဲ့ဟုတ်မဟုတ်ဆိုခြင်းနှင့် ပတ်သက်၍၊ အမှုသည်များနှင့် သက်သေများကို စစ်ဆေးခဲ့လေသည်။ ထို့ပြင် ကော်လိပ်တော် အရာရှိ၏ အစီရင်ခံစာကိုလည်း ရယူခဲ့လေသည်။ ကော်လိပ်တော် အရာရှိက စုံစမ်းစစ်ဆေးပြီးလျှင် အစီရင်ခံဆု၌၊ လျှောက်ထားသူများတို့၏ မိသားစုပိုင် မြေနှင့်အိမ်သည်၊ ယခုကာလတန်ဘိုး ၁၅,၀၀၀ ကျပ်ရှိကြောင်းနှင့် လူမဲ့အဖြစ်ဖြင့် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားခြင်းကို ကန့်ကွက်ကြောင်း ဖြစ်သည်။

အောက်ရုံးက နှစ်ဘက်သော ရှေ့နေကြီးများကို ကြားနာပြီးလျှင်၊ လျှောက်ထားသူများသည် လူမဲ့များ မဟုတ်ကြောင်း၊ လျှောက်ထားသူ အမှတ် (၂) နှင့် (၃) တို့၏ ကိုယ်စား မိတ်ဆွေအဖြစ်ဖြင့် ဆောင်ရွက်သူ ဒေါ်အေးချစ်မှာ၊ ပစ္စည်းဥစ္စာရှိကြောင်း၊ ယင်းကဒေါ်အေးချစ်သည်ယခုလိုအမှုမျိုး၌၊ တရားလိုအရွယ်မရောက်သေးသူများ ကိုယ်စား ခေါင်းဘိုးပေး၍ အမှုစွဲဆိုခဲ့သူဖြစ်ပြီး၊ ကော်လိပ်တော် အရာရှိကလည်း လျှောက်ထားသူတို့၏မိသားစုပိုင်မှာ ကာလတန်ဘိုးငွေ ၁၅,၀၀၀ ကျပ်ခန့်တန်အိမ်နှင့် မြေများရှိကြောင်းနှင့် ကန့်ကွက်ထားချက်အရ၊ လျှောက်ထားသူများ၏ လူမဲ့လျှောက်လွှာကို ပလပ်လိုက်သည်။ ထို့ကြောင့်၊ ဤပြင်ဆင်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဤအမှုတွင် တံဆိပ်တော် ခေါင်းဘိုးနှင့် ပတ်သက်၍၊ အစိုးရ ဘဏ္ဍာတော်ငွေနှင့် အကျုံးဝင်နေသော **မောင်ညိမ်း** နှင့် **မြန်မာပြည်**

လျှပ်စစ်ကုမ္ပဏီ၊ မန္တလေးမြို့ (၁) အမှုတွင် ဖေါ်ပြထားသော ပြဋ္ဌာန်းချက်နှင့် အညီ၊ အစိုးရ လွှတ်တော်ရှေ့နေကြီး တဦးအား ရုံးတော်၏ သဟာယအဖြစ်ဖြင့် လိုက်ပါဆောင်ရွက်ရန် မေတ္တာရပ်ခံခဲ့သည့် အတိုင်း၊ ပညာရှိ အစိုးရ ရှေ့နေကြီး မစ္စတာ အက် (စ်)၊ ဂို့(ရှ်)က လိုက်ပါဆောင်ရွက်နေသည်။

လျှောက်ထားသူများ၏ ပညာရှိ ရှေ့နေကြီး ဦးဘဇ က၊ ယခုအမှုတွင် လူမဲ့ အဖြစ်ဖြင့် လျှောက်ထားရခြင်းမှာ၊ လျှောက်ထားသူ အမှတ် (၁) သည် ဝင်ငွေ မရှိသည့် ကျောင်းသား တဦးဖြစ်၍၊ လျှောက်ထားသူ အမှတ် (၂) နှင့် (၃) တို့မှာ၊ အရွယ်မရောက်သေးသည့် အပြင်၊ ဝင်ငွေလည်း မရှိသည့် အပြင်၊ ၎င်းတို့မှာ ငယ်ရွယ်သူများဖြစ်သည့်အားလျော်စွာ၊ အမွေစွဲဆိုရာ၌၊ ဒေါ်အေးချစ်အား နီးစပ်ရာ မိတ်ဆွေ အနေဖြင့် ကိုယ်စားလှယ် ထား၍ စွဲဆိုခြင်း ဖြစ်သည်။ တရားမကျင့်ထုံး အမိန့် ၃၃၊ နည်းဥပဒေ (၁) အရ၊ ဆိုလျှင် တရားလိုလုပ်၍ စွဲဆိုသောသူသည်၊ ၎င်း၌ ခေါင်းကပ်နိုင်သော ပစ္စည်းတန်ဘိုး မရှိက၊ ၎င်းသည် လူမဲ့ဖြစ်ပါသည် ဟု ဖေါ်ပြထားရာ၊ ယခုအမှုတွင် တရားလိုများမှာ မောင်သန်းထွန်း၊ မအုန်းအုန်းနှင့် မသန်းသန်းတို့ ဖြစ်ကြသဖြင့်၊ ၎င်းတို့၌ ခေါင်းကပ်နိုင်စွမ်းသော ပစ္စည်း အင်အား၊ ငွေအင်အားမရှိသူများ ဖြစ်ကြပါသည်။ မအုန်းအုန်းနှင့် မသန်းသန်းတို့၏ ကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်သော နီးစပ်ရာ မိတ်ဆွေ ဒေါ်အေးချစ်၌၊ ပစ္စည်း ရှိခြင်းနှင့် မည်သို့မျှ မပတ်သက်ပါဟု လျှောက်ထား၍၊ ***Mohammad Ashraf v. Muhammad Bibi and others*** (2) ကို ညွှန်ပြ လေသည်။ ၎င်းအမှုတွင် အောက်ပါအတိုင်း အဆုံးအဖြတ် ပေးထားသည်။

> **" If the suit has been instituted on behalf of the minor the Court is only concerned with the decision of the question whether the minor is a pauper or not. It is immaterial whether his next friend is fairly rich."**

ထိုစီရင်ထုံးအရ အရွယ်မရောက်သေးသော တရားလိုများတွင်လူမဲ့ဟုတ် မဟုတ်ကို သာလျှင် စဉ်းစားရပေမည်။ ၎င်းတို့၏ ကိုယ်စားလှယ် နီးစပ်ရာ မိတ်ဆွေသည် ပစ္စည်းကြွယ်ဝချမ်းသာခြင်းနှင့် မည်သို့မျှ မပတ်သက်ပေ။ ၎င်းအပြင် ဆက်လက်၍ လျှောက်ထားသည်မှာ ကော်လိပ်တော် အရာရှိက၊ လျှောက်ထားသူများနှင့် မိသားစု တို့တွင်ခြံနှင့်အိမ်ရှိ၍၊ ထိုအိမ်မြေ၏ တန်ဘိုးမှာ ၁၅,၀၀၀ ကျပ်ဖြစ်ကြောင်းဖေါ်ပြ ထားရာ၊ ထိုအိမ်နှင့် မြေတို့မှာ လျှောက်ထားသူများ၏ လက်ဝယ်တွင် မဟုတ်၊

(၁) ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၆၅၁။
(၂) A.I.R. (1946) Lahore, p. 81.

လျှောက်ထားသူများပိုင်လည်း မဟုတ်၊ လျှောက်ထားသူများ၌ စီမံခန့်ခွဲမှုလည်း မရှိသောကြောင့်၊ ယင်း လျှောက်ထားသူများသည် ထိုအိမ်နှင့်မြေကို ပိုင်ဆိုင်သူများ မဟုတ်ပါသဖြင့်၊ ကော်လိပ်တော် အရာရှိ၏ အစီရင်ခံစာကို လက်ခံရန် အကြောင်း မရှိပါကြောင်း ဖြစ်ပါသည်။

လျှောက်ထားခံရသူများ၏ ပညာရှိ ရှေနေကြီး ဦးစောလွင်က၊ အောက်ရုံး တရားသူကြီးသည် မိမိစီရင်ပိုင်ခွင့် အာဏာအတွင်းမှ ရွက်ဆောင်၍ ချမှတ်သော အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့်၊ တရားမကျင့်ထုံး ပုဒ်မ ၁၁၅ အရ၊ ဤပြင်ဆင်မှုလွှာကို လက်မခံသင့်ပါဟု တင်ပြပြီး၊ **မသန်းရင်** နှင့် **တန်ကိတ်ခိုင်** (ခေါ်) **တန်ကိတ်စိန်** (၃) ကို တင်ပြသည်။ ၎င်းအပြင် ဆက်လက်၍ လျှောက်ထား သည်မှာ လျှောက်ထားသူများသည် ယခုကဲ့သို့ ဩဒီမန်စာချုပ်ဖြင့် ငွေအရင်းနှင့် အတိုးကို၊ လျှောက်ထားသူများ အပေါ် ရရှိရန် တရားစွဲဆိုနိုင်ခွင့် အကြောင်း တစုံတရာ မပေါ်ပေါက်ပါ။ တရားစွဲဆိုရန် အကြောင်း တစုံတရာ မပေါ်ပေါက် သော အမှုမျိုးတွင် လူမဲ့လျှောက်လှာကို ရုံးတော်က လက်ခံရန် အကြောင်းမရှိ ကြောင်းနှင့် ပတ်သက်၍၊ အမိန့် ၃၃၊ နည်းဥပဒေ (၃) (ခ) တွင် ပြဋ္ဌာန်းထား ပါသည်။ လျှောက်ထားသူ အမှတ် (၂) နှင့် (၃) တို့၏ နီးစပ်ရာ မိတ်ဆွေဖြစ်သော၊ ၎င်းတို့၏မိခင် ဒေါ်အေးချစ်မှာ ကြွယ်ဝချမ်းသာသူ တယောက် ဖြစ်သဖြင့်၊ ၎င်း အမှုအတွက် ခေါင်းဘိုးပေးနိုင်ပါသည်။ ယခင်ကလည်း ယင်း ဒေါ်အေးချစ်သည် အရွယ်မရောက်သေးသော တရားလိုများ၏ ကိုယ်စား ကိုယ်စားလှယ် အဖြစ်ဖြင့် နီးစပ်ရာ မိတ်ဆွေအနေမျိုးနှင့် တရားစွဲဆိုစဉ် အခါကလည်း၊ ခေါင်းဘိုးကိုပေးခဲ့ ပါသည်။ ထို့ကြောင့် ယခုအမှုတွင်လည်း ဒေါ်အေးချစ်မှာ ခေါင်းဘိုးပေးနိုင်သော စွမ်းအားရှိသဖြင့်၊ အောက်ရုံးက လူမဲ့လျှောက်လှာကို ပယ်လိုက်ခြင်းမှာ မှန်ကန် ပါသည်ဟု တင်ပြသွားသည်။

ရုံးတော်၏ သဟာယအဖြစ်ဖြင့် လိုက်ပါဆောင်ရွက်သည့် ပညာရှိ အစိုးရရှေနေကြီး မစ္စတာ အက် (စ်)၊ ဂို့(ရှ်) က၊ တရားလိုများသည် လူမဲ့ဖြစ် မဖြစ်ကိုသာလျှင် စဉ်းစား ရန်ဖြစ်သည်။ ၎င်းအမှုမှာ တရားလိုများသည် အရွယ်မရောက်သေးသူများ ဖြစ်၍၊ ထိုသူများ၌ ပစ္စည်းအင်အား မရှိသဖြင့်၊ ခေါင်းဘိုး မပေးနိုင်ခြင်းမှာ ထင်ရှား နေပါသည်။ အမိန့် ၃၃၊ နည်းဥပဒေ (၁) တွင် အမှုတွဲခေါင်းဘိုး မပေးနိုင်သူ မှာ၊ လူမဲ့ဖြစ်ရပါမည်။ ၎င်း၌ ပစ္စည်းမရှိမှသာလျှင် ဖြစ်ပါသည်။ (အရွယ်မရောက် သေးသဖြင့်၊ နီးစပ်ရာ မိတ်ဆွေအဖြစ်ဖြင့် ကိုယ်စားလှယ် ပြုလုပ်၍ တရားစွဲဆို ပေးသောသူ၌၊ ပစ္စည်းရှိစေကာမူ၊ ယင်းကိုယ်စားလှယ်သည် တရားလို အစစ်အမှန်

(၃) ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)၊ စာ ၁၆၁။

မဟုတ်သဖြင့်၊) ၎င်း၌ ပစ္စည်းချမ်းသာကြွယ်ဝစေကာမူ၊ တရားလိုအစစ်၌ ခေါင်းကပ်နိုင်သော ပစ္စည်းချမ်းသာသည်ဟု မဆိုနိုင်ပါ။ ဤအကြောင်းနှင့် ပတ်သက်၍ လျှောက်ထားသူမျာ၏ ပညာရှိ ရှေနေကြီးက တင်ပြသော လာဟိုဂို(၌) စီရင်ထုံးကို ထောက်ခံပါကြောင်း တင်ပြသွားသည့် အပြင်၊ ***Nanibula Dassya*** **v.** ***Jaimini Sundari and others*** **(4)** အမှုကို တင်ပြလေသည်။ ထိုအမှုတွင် အဆုံးအဖြတ် ပေးထားသည်မှာ၊ အောက်ပါအတိုင်း ဖြစ်သည်။

> **"A minor who is not possessed of sufficient means within the definition of pauperism for the purpose of Order 33 is entitled to be allowed to use *in forma pauperis* by a next friend although the next friend is not a pauper."**

၎င်းအပြင်၊ ***Nemichand Bhickchand*** **v.** ***Kevalchand Jasraj Marwadi*** **(5)** ကိုလည်း တင်ပြရာ၌၊ ၎င်းအမှုတွင်၊ ဤကဲ့သို့ အဆုံးအဖြတ် ပေးထားသည်ကိုတွေ့ရှိရသည်။

> **"The rule of English practice which prevents a minor from instituting a suit *in forma pauperis*, through his next friend, unless he gives proof not only that he himself is a pauper but that the next friend is also a pauper, should not be deduced from the provisions of the Civil Procedure Code under which it is only necessary to show that the minor has no means."**

ယင်းစီရင်ထုံးကို တင်ပြရခြင်းမှာ၊ အင်္ဂလန်ပြည်တွင် လိုက်နာသော ဥပဒေနှင့် အိန္ဒိယပြည်နှင့် မြန်မာပြည်တို့တွင် လိုက်နာသော ဥပဒေများသည် တူညီမှုမရှိခြင်းကို ပြဆိုခြင်း ဖြစ်သည်။ ပညာရှိ အစိုးရ ရှေနေကြီးက ဆက်လက်၍ လျှောက်ထားရာတွင်၊ ကော်လိပ်တော် အရာရှိသည် လျှောက်ထားသူများ၏ မိသားစုပိုင် ပစ္စည်းမှာ ၁၅,၀၀၀ ကျပ် ခန့်ဖြစ်သည်ဟု ဆိုထား၍၊ လူမဲ့လျှောက်လွှာကို ကန့်ကွက်ထားရာ၌ လျှောက်ထားသူများကထို ၁၅,၀၀၀ ကျပ် ခန့်တန်ဘိုးမျှရှိသော၊ မြေနှင့် အိမ်သည်မည်သို့ပိုင်ဆိုင်သည်၊ မည်သူ၏ လက်ဝယ်၌ ရှိသည်ကို အတိအကျ ဖော်ပြထားခြင်း မရှိပါ။ လျှောက်ထားသူများသည် ပိုင်ဆိုင်ခွင့်ရှိသော်ငြားလည်း၊ အခုယခါတွင် မိဘ ရှိနေသဖြင့်၊ လျှောက်ထားသူများပိုင် ပစ္စည်းဟု မဆိုနိုင်သောကြောင့်၊ ကော်လိပ် တော်အရာရှိ၏ တွေ့ရှိချက်မှာ မှားယွင်းနေပါသဖြင့်၊ လက်ခံနိုင်ရန် အကြောင်းမရှိ ပါဟုလည်းတင်ပြသွားသည်။

(4) A.I.R. (1923) Calcutta, p. 656. (5) A.I.R. (1924) Bombay, p. 440.

၁၉၆၆

မောင်သန်းထွန်း ပါ ၃ နှင့် ဦးခင်မြင့် ပါ ၂။

ကျွန်ုပ်သည် ဤအမှုကို အသေးစိတ် သုံးသပ်ရာတွင် အောက်ရုံးမှ ပညာရှိ တရားမဝန်ထောက်၏ ယူဆချက်များသည် မှားယွင်းသည်ကို တွေ့ရှိရသည်။ နီးစပ်ရာ မိတ်ဆွေသည် ပစ္စည်း ချမ်းသာသူ ဖြစ်သဖြင့်၊ တရားလိုများမှာ လူမဲ့မဟုတ်နိုင်ဟု တွေ့ရှိထားခြင်းမှာ၊ အထက်တွင် ဖေါ်ပြခဲ့သည့် **လာဟိုး(ရ)** နှင့် **ကလကတ္တား** စီရင်ထုံး များတွင် ချမှတ်ထားခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ အမိန့်၊ ၃၃၊ နည်း ဥပဒေ (၁) ကို အသေအခြာ လေ့လာရန်လိုအပ်ပေသည်။ ၎င်းနည်းဥပဒေ (၁) အရ ဆိုလျှင်၊ တရားလိုသည် ခေါင်းကပ်နိုင်ရန် ပစ္စည်း မရှိသူဖြစ်၍၊ လူမဲ့ဖြစ်နိုင်သည်ဟု ဆိုလိုသည်။ ယခုအမှုမှာ တရားလိုများသည် **မောင်သန်းထွန်း**နှင့် အရွယ်မရောက် သေးသူ မအုန်းအုန်းနှင့် မသန်းသန်းတို့ ဖြစ်ပါသည်။ မောင်သန်းထွန်းမှာ ပစ္စည်း မရှိသည်မှာ ထင်ရှားနေပေသည်။ ထို့နည်းတူစွာ မအုန်းအုန်းနှင့် မသန်းသန်းတို့ မှာလည်း ပစ္စည်း မရှိကြောင်း ထင်ရှားသည်။ မသန်းသန်းနှင့် မအုန်းအုန်းတို့မှာ အရွယ်မရောက်သေးသူများ ဖြစ်ကြသည့်အလျောက်၊ ၎င်းတို့အတွက် ကိုယ်စားလှယ် ပြုလုပ်၍ နီးစပ်ရာ မိတ်ဆွေအဖြစ်ဖြင့် ကရားစဲ့ဆိုပေးသူ ဒေါ်အေးချစ်မှာ တရားလို အစစ် အမှန် မဟုတ်ပေ။ ယင်းသို့ တရားလို မဟုတ်သည့် အားလျော်စွာ၊ ၎င်းသည် တခါတုန်းက အမှုတခုတွင် ခေါင်းဘိုးပေးခဲ့ခြင်း၊ ၎င်းသည် ယခုအခါ ပစ္စည်းချမ်းသာ ခြင်းနှင့် ပတ်သက်၍၊ ယခုလူမဲ့ လျောက်ထားသည့် အမှုတွင် မည်သို့မျှထည့်သွင်း စဉ်းစားနိုင်ရန် အကြောင်းမရှိပေ။ ထို့အပြင်၊ အောက်ရုံးက ကော်လိပ်တော်အရာရှိ၏ တွေ့ရှိချက်နှင့် ကန့်ကွက်ချက်ကို အလေးပေးထားလေသည်။ ဦးစောသွင် တင်ပြ သွားသည့် မသန်းရင်၏ စီရင်ထုံးသည် ယခုအမှုနှင့် သက်ဆိုင်ခြင်း မတွေ့ရှိရပေ။ ယခုအမှုမှာ ရန်ကုန်မြို့ ကော် တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၅ အရ၊ ပြင်ဆင်လွှာ တင်သွင်းခြင်းဖြစ်သည်။ ထိုပုဒ်မ ၂၅ က တရားမကျင့်ထုံး ပုဒ်မ ၁၁၅ ထက်ပို၍ ကျယ်ပြန့်သော အာဏာများကို၊ တရားရုံးချုပ်ကို ပေးထားကြောင်း ဖြစ်သည်။ ***Daw Saw*** **v. *L. Ramanathan Chettiar*** **(6)** အမှုကိုကြည့်ပါ။ ထို့ကြောင့် ဤကိစ္စနှင့် ပတ်သက်၍ ရှေ့နေကြီး ဦးစောသွင် တင်ပြချက်ကို လက်မခံနိုင်ပေ။

ရုံးတော်၏ သဟာယအဖြစ် ဆောင်ရွက်သည့် အစိုးရ ပညာရှိ ရှေ့နေကြီး မစွာဘာ အက်(စ်)၊ ဂို့(ရှ်) တင်ပြသကဲ့သို့၊ ကော်လိပ်တော် အရာရှိ၏ တွေ့ရှိချက်မှာ၊ မိသားစုပိုင်သာလျှင် ဖြစ်၍၊ ထိုမိသားစု ပိုင်များမှာ လျောက်ထားသူများ၏ လက်ရှိ ပစ္စည်းဖြစ်သည်ဟု မဆိုနိုင်ပေ။ ထိုပစ္စည်းများကိုလည်း လျောက်ထားသူများက **ကွပ်ကဲအုပ်ချုပ်စီမံခန့်ခွဲသည်ဟူ၍လည်းမဆိုနိုင်သဖြင့်၊ ထိုအိမ်နှင့်မြေ ၁၅,၀၀၀ ကျပ်**

(6) (1955) B.L.R. (H.C.), 49.

တန်ပစ္စည်းသည် လျှောက်ထားသူများ၏ ယခုလက်ရှိ ပစ္စည်းဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ကော်လိပ်တော် အဆုရှိ၏ တွေ့ရှိချက်နှင့် ကန့်ကွက်ချက်ကို၊ အောက်ရုံးက အလေးပြုပြီး လက်ခံထားခြင်းမှာ မှားယွင်းနေသည်ဟု ယူဆသည်။ လျှောက်ထားခံရသူများ၏ ပညာရှိ ရှေနေကြီး ဦးစောလွင် တင်ပြချက်နှင့် ပတ်သက်၍ ဤအမှုတွင် တရားလိုများ၌ တရားစွဲဆိုရန် အကြောင်း မရှိပါဟု ကျွန်ုပ်ရှေ့တွင် တင်ပြချက်မှာ၊ မူလရုံးတွင် လူမဲ့လျှောက်လွှာကို ကန့်ကွက်စဉ် အခါတုန်းက တင်မပြမိခဲ့သဖြင့် ယခုမှ ထိုတင်ပြချက်ကို ထည့်သွင်း စဉ်းစားရန်, မလိုအပ်ပေ။ လျှောက်ထားသူများအား လူမဲ့အဖြစ်ဖြင့် တရားစွဲဆိုနိုင်ခွင့် ပြုပြီးသည့် အခါကြမှ အမှုကြီးအဖြစ်သို့ ပြောင်းလဲ၍သွားသော အခါ၊ ပညာရှိ ရှေနေကြီး ဦးစောလွင် တင်ပြချက်ကို စဉ်းစားနိုင်ဘွယ်ရာ အကြောင်းရှိပေမည်။

အထက်ဖေါ်ပြပါ အကြောင်းခြင်းရာများနှင့် တကွ၊ စီရင်ထုံး အကိုးအကားများအရ၊ အောက်ရုံးမှ ချမှတ်သော အမိန့်မှာ မှားယွင်းနေသည်ဟု တွေ့ရှိရသဖြင့် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်ပြီး၊ လျှောက်ထားသူများ၏ လူမဲ့လျှောက်လွှာကို လက်ခံ၍ အမှုကို ဆက်လက် ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးလျှောက်ထားသူများ၏ ရှေနေကြီး စရိတ်မှာ ၅၁ ကျပ် သတ်မှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ဝ၉၆၆

မောင်သိန်းဟန် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

နိုဝင်္ဘာလ ၁၈ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ၊ မူဖြစ်ထင်ရှား စီရင်ခြင်း—ဆဲရေးသဖြင့် ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင် ပြုခြင်းခံရခြင်း—မချုပ်တည်းနိုင်လောက်အောင် ဒေါသထွက်သည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည်၊ သစ်ပင်ခုတ်သည့် ကိစ္စနှင့် ပတ်သက်၍ သေသူနှင့် စကားများကြရင်း သေသူက ဆဲရေးသဖြင့်၊ ရုတ်တရက် အကြီးအကျယ် ဒေါသ ထွက်အောင် ပြုခြင်းခံရသည်ဟု ဆိုနိုင်သော်လည်း ဆဲရေးခြင်းခံရကာမျှဖြင့် မချုပ်တည်းနိုင်လောက်အောင် ဒေါသထွက်သည်ဟု မဆိုနိုင်။ သို့ဖြစ်ရာ တရားခံ၏ ပြုမူချက်မှာ ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) (က) ၏ ခြွင်းချက်နှင့် အကျုံးမဝင်။

အပ္ပဓူလာ နှင့် **နိုင်ငံတော်၊** အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၃၂၊ လာဟို၊ ၃၆၉၊ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်သိန်းဟန် အပေါ် ရာဇသတ် ပုဒ်မ ၃၀၂ (၂) အရ၊ တသက်တကျွန်းအပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော သာယာဝတီမြို့ ပဌမအထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကိုမကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

အယူခံတရားလိုသည် သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ ညောင်ပင်ဘိုရွာတွင် နေထိုင်သူတယောက်ဖြစ်သည်။ သေသူ ဒေါ်အေးတင်သည် အယူခံတရားလို၏နှစ်မ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၆၄။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၇တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့စွဲပါ သာယာဝတီမြို့၊ ပဌမ အထူးတရားသူကြီး၏ အမိန့်ကို အယူခံမှု။

ဝမ်းကွဲအဒေါ်ဖြစ်သည်။ ၎င်းတို့သည် အိမ်နီးချင်းများဖြစ်ကြပြီး တအိမ်နှင့်တအိမ် မှာ ဝင်းထရံသာခြားသည်။ လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နံနက် ၉ နာရီခန့်အချိန်တွင် အယူခံတရားလိုသည် ၎င်း၏ခြံစည်းရိုး အတွင်းဘက်ခြမ်းလျက် ပေါက်နေသော ကုက္ကိုပင်အား လှဲရန်ရဲဒင်းဖြင့် အပင်ရင်းကိုခုတ်ရာ၊ ဒေါ်အေးတင်က ထို ကုက္ကိုပင်မှာ ၎င်းစိုက်ထားသောအပင်ဖြစ်၍ မခုတ်ရန်တားသည်။ အယူခံတရားလို ကလည်း ၎င်း၏အပင်ဖြစ်၍ ခုတ်မည်ဟု ပြန်ပြောရာမှအစ၊ ၎င်းတို့နှစ်ဦးစကားများ ကြသည်။ ထို့နောက် ဒေါ်အေးတင်က သက်သေခေါ်ဦးမည်ဟုပြောကာ ထွက်လာရာ ဒေါ်ငို (လိုပြ-၂) ၏ အိမ်ရှေ့ရောက်လာသော အယူခံတရားလိုသည် ဒေါ်အေးတင်၏ ဦးခေါင်းကို ရဲဒင်းနှင့် ထုလိုက်သဖြင့်၊ ဒေါ်အေးတင်သည် အထုခံရသောနေရာ၌ပင် လဲကာ အသက်ထွက်သွားသည်။

ဒေါ်အေးတင်၏ အလောင်းကို ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍ ဆရာဝန် ဒေါ်ခင်ခင်ကလေး (လိုပြ-၇) က စစ်ဆေးကြည့်ရှုရာ၊ ဦးခေါင်းထိပ်တွင် ဦးခေါင်းခွံ ကွဲနေသည့် စုတ်ပြတ်သည့် ဒဏ်ရာတချက်၊ လက်ဝဲပုခုံးအောက် လက်မောင်းတွင် တချက်၊ လက်ဝဲဘက်တတောင်ဆစ်တွင်တချက် ပေါင်းဒဏ်ရာ သုံးချက်တွေ့ရသည်။ ဦးခေါင်းထိပ်တွင် ရရှိသောဒဏ်ရာကြောင့် ဦးဇောက်ထိခိုက်သွားပြီး ထိုဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာတခုဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးထားသည်။

အယူခံတရားလိုသည် အခင်းဖြစ်ပွါးပြီးနောက်ထွက်ပြေးတိမ်းရှောင်နေရာ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ကျမှ ဇီးကုန်းရဲတပ်စခန်းသို့သွားရောက် အဖမ်းခံသဖြင့်၊ ၎င်းအပေါ် လူသတ်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အယူခံတရားလိုက ဒေါ်အေးတင် သည် ကုက္ကိုပင်ကို မလှဲရန်တားမြစ်သဖြင့် ကောင်းကောင်းမွန်မွန်ပြန်ပြောရာ၊ ဒေါ်အေးတင်သည် ဆဲရေးသည့်အပြင် လုံချည်လှန်၍ ပုတ်ပြသောကြောင့် အကြီး အကျယ်ရှက် ဒေါသထွက်ကာ ရဲဒင်းနှင့် ထုမိကြောင်း ထုချေသော်လည်း၊ ပညာရှိ အောက်ရုံးတရားသူကြီးသည် ၎င်း၏ ထုချေချက်ကိုလက်မခံဘဲ အထက်တွင် ဖေါ်ပြ ခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်ပေသည်။

ယခုအမှုတွင် အယူခံတရားလိုက ရဲဒင်းနှင့်ထုသဖြင့် ဒေါ်အေးတင် သေဆုံး ရသည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိပေ။ အယူခံတရားလိုက ဒေါ်အေးတင်အား ရဲဒင်း နှင့်ထုသည်ကို အခင်းဖြစ်ပွါးစဉ် အနီးတွင်ရှိနေသည့် မည္ဆန်ရီ (လိုပြ-၁) နှင့် ဒေါ်ငို (လိုပြ-၂) တို့မျက်မြင်ဖြစ်သည်။ အယူခံတရားလိုကိုယ်တိုင်လည်း ဒေါ်အေးတင်အား ရဲဒင်းနှင့် ထုမိကြောင်း ဝန်ခံထားသည်။

သို့ရာတွင် အယူခံတရားလိုက ဒေါ်အေးတင်သည် ဆဲရေးသည်သာမက ထမိ လှန်ပြီး ၎င်း၏ အင်္ကျီကိုပုတ်ပြ၍ ရှက်ဒေါသထွက်ကာ ရဲဒင်းနှင့်ထုမိကြောင်း တင်ပြ

လာသည်။ ၎င်း၏ထုချေချက်မှာ ရုတ်တရက်အကြီးအကျယ်ဒေါသထွက်အောင်ပြုခြင်း ခံရသဖြင့် မချုပ်တည်းနိုင်အောင်ဒေါသထွက်ကာ ပြုမူခဲ့ခြင်းဖြစ်၍၊ လူသတ်မှုမမြောက်ဘဲ လူသေမှုသာလျှင်ဖြစ်သည်ဟု ဆိုလိုဟန်ရှိသည်။ မှန်သည်။ အကယ်၍ အယူခံတရားလိုအနေနှင့် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် ပြုခြင်းခံရသဖြင့် မချုပ်တည်းနိုင်အောင် ဒေသထွက်ကာ ဒေါသထွက်အောင် ပြုသူကို သေစေလျှင် အယူခံတရားလို၏ ပြုမူချက်မှာ ရာဇသတ်ပုဒ်မ ၂၉၉ (၂) (က) တွင် အကျုံးဝင်မည်ဖြစ်ပြီး ၎င်းအား လူသေမှုအရသာ အပြစ်ပေးရမည်ဖြစ်ပေသည်။

ယခုအမှုတွင် ဒေါ်အေးတင်သည် ထမီလှန်ပြီး ၎င်း၏ အင်္ကျီကိုပုတ်ပြသည်ဆိုသော အယူခံတရားလို၏ စွပ်စွဲချက်ကို ထောက်ခံသည့် သက်သေထွက်ချက်မရှိချေ။ မျက်မြင်သက်သေများဖြစ်ကြသည့် မည္ဆန့်ရီနှင့် ဒေါ်ငိုတို့အား ထိုအချက်နှင့်ပတ်သက်၍ မေးခွန်းထုတ်ထားခြင်းမရှိ၍ ၎င်း၏စွပ်စွဲချက်မှာ နောက်မှ အကြံရကာ တင်ပြသည့် တင်ပြချက်တခုသာဖြစ်ကြောင်း ထင်ရှားသည်။ ဒေါ်ငို၏ ထွက်ဆိုချက်အရသေသူ ဒေါ်အေးတင်သည် ကြမ်းကြမ်းတမ်းတမ်းပြောဆိုတတ်သူ တဦးဖြစ်သည်။ မည္ဆန့်ရီကလည်း ဒေါ်အေးတင်သည် ရဲဒင်းနှင့် အထုမခံရမီ အော်ကျယ်ဟစ်ကျယ်ပြောဆိုနေသည်ကို ကြားရကြောင်း ဝန်ခံထားသည်။ သို့ဖြစ်ရာ ဒေါ်အေးတင်သည် အယူခံတရားလိုအား သစ်ပင်ခုတ်သည့်ကိစ္စနှင့်ပတ်သက်၍ ဆဲရေးခဲ့ကြောင်း ထင်ရှားသည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းသို့ ဆဲရေးခဲ့ကာမျှဖြင့် အယူခံတရားလိုသည် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် ပြုခြင်းခံရသဖြင့် မချုပ်တည်းနိုင်အောင် ဒေါသထွက်ကာ ပြုမူရန်အကြောင်းရှိ မရှိဆိုခြင်းကို ဝေဖန်ရပေမည်။

လူတဦး၏ ပြုမူချက်သည် တရားခံတဦးအဘို့ မချုပ်တည်းနိုင်အောင် ဒေါသထွက်စေခြင်း ရှိ မရှိ ဆိုသော ပြဿနာကိုစဉ်းစားရာတွင် ထိုပြုမူချက်သည် သာမန်လူတဦးအပေါ် ဖြစ်ပေါ်စေမည့် အဖြေကိုသာမူတည်ရမည်ဖြစ်သည်။ ပြုမူချက်တခုသည် အလွန်စိတ်တို၊ အလွန်စိတ်ဆတ်သော တရားခံတဦးအတွက် မချုပ်တည်းနိုင်အောင်ဒေါသဆွက်စေမည်ဖြစ်သော်လည်း၊ သာမန်လူတဦးအဘို့မူ ဒေါသပင်ထွက်လင့်ကစား ချုပ်တည်းနိုင်သော အခြေအနေရှိပါမူ၊ ထိုပြုမူချက်သည် မချုပ်တည်းနိုင်အောင် ဒေါသထွက်စေသည်ဟု ဆိုနိုင်လိမ့်မည်မဟုတ်ပေ။ ဆဲရေးတိုင်းထွာခြင်းသည် သာမန်လူတဦးအတွက် ဒေါသထွက်စေမည့် အပြုအမူဖြစ်သော်လည်း မချုပ်တည်းနိုင်လောက်အောင် ဆိုးဝါးသည့်အပြုအမူဖြစ်သည်ဟု မဆိုနိုင်ပေ။ **အပ္ပဒူလာ** နှင့် **နိုင်ငံတော်** (၁)။

(၁) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၃၂)၊ လာဟို ၃၆၉။

ယခုအမှုတွင် အယူခံတရားလိုသည် သစ်ပင်ခုတ်သည့် ကိစ္စနှင့်ပတ်သက်၍ ဒေါ်အေးတင်နှင့် စကားများကြရင်း ဒေါ်အေးတင်က ဆဲရေးသဖြင့် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် ပြုခြင်းခံရသည်ဟု ဆိုနိုင်သော်လည်း၊ ဆဲရေးခြင်းခံရကာမျှဖြင့် မချုပ်ထည်းနိုင်အောင် ဒေါသထွက်ခဲ့သည်ဟု မဆိုနိုင်ပေ။ ထို့ပြင် ဒေါ်အေးတင်သည် ၎င်း၏အဒေါ်တော်သူ တဦးဖြစ်၍ အဒေါ်ကဆဲရေးသောကိစ္စတွင် တူဖြစ်သူသည် မချုပ်တည်းနိုင်အောင် ဒေါသထွက်အောင်ပြုခြင်းခံရသည်ဟု မဆို သာချေ။ သို့ဖြစ်ရာ တရားခံ၏ပြုမူချက်မှာ ရာဇသတ်ပုဒ်မ ၂၉၉ (၂) (က) ၏ ခြွင်းချက်နှင့်အကျုံးမဝင်သဖြင့် ရာဇသတ် ပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုကျူးလွန်ခဲ့သည်ဟု ကောက်ယူခဲ့သော အောက်ရုံး၏ ယူဆချက်မှာ မှန်ကန်သည်။

အယူခံတရားလိုနှင့် ဒေါ်အေးတင်တို့သည် ကုက္ကိုပင်ကို သူပိုင်သည် ငါပိုင်သည်ဟု အငြင်းပွါးရာမှ စကားများကြပြီး ဒေါ်အေးတင်က ဆဲရေးသဖြင့်၊ အယူခံတရားလိုသည် ဒေါသထွက်အောင်ပြုခြင်းခံရသည်မှာ အငြင်းမထွက်ပေ။ ယင်းသို့ ဒေါသထွက်အောင် ပြုခြင်းခံရသဖြင့် အယူခံတရားလိုသည် ဒေါသအလျောက် ဒေါ်အေးတင်အား ရဲဒင်းနှင့် ထုခဲ့ခြင်းဖြစ်သည့်အလျောက်၊ အယူခံတရားလိုအပေါ် အမြင့်ဆုံးအပြစ်ဒဏ်ချမှတ်ထားသော အောက်ရုံး၏ အမိန့်မှာ ကြီးလေးလွန်းသည်ဟု ဆိုရမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် အယူခံတရားလိုအပေါ် ရာဇသတ် ပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့်ထောင်ဒဏ် ဆယ်နှစ်သာကျခံစေရန် ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆ နိုဝင်ဘာလ ၂၄ ရက်။

မောင်ဟန်ညွန့် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၆၃ အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။ပညာသင်ကြားနေစဉ် အချိန်၌ ငယ်ရွယ်သည့် ကျောင်းသူ ကျောင်းသား များသည် ဆရာမိဘတို့၏ နောက်ကွယ်တွင် သမီးရည်းစားထားခြင်း၊ ချိန်းဆိုတွေ့ဆုံခြင်း စသည့် အပြုအမူများမှာ ၎င်းတို့၏ ပညာရေးကိုသာမက ကိုယ်ကျင့်တရားနှင့် ကျောင်းစည်းကမ်းများ ကိုပါ ထိခိုက်နိုင်သည့် ကိစ္စဖြစ်၍၊ ထိုကဲ့သို့ ပြုမူသည့်ကျောင်းသားများအား၊ အသိပညာ ပေးသည့် အနေဖြင့်၎င်း၊ အခြား ကျောင်းသူကျောင်းသားများအဖို့စံနမူနာဖြစ်စေရန်ရည်ရွယ်ချက်ဖြင့်၎င်း သင့်လျော်သည့် အပြစ်ဒဏ်များ ချမှတ်ပေးရန် တရားရုံးများ အနေဖြင့် တာဝန် ရှိပေသည်။ အယူခံ တရားလိုတို့သည်၊ ငယ်ရွယ်သည့်ကျောင်းသားများဖြစ်ကြပြီးမိမိတို့ကျူးလွန်ခဲ့သော မြစ်မှ များအတွက် လေးလေး ကျော်ကျော် အကျဉ်းခံရပြီးဖြစ်ရာ၎င်းတို့ အဖို့ လုံလောက်သော သခ်ၤာစာ ရရှိပြီဖြစ်သည်ဟု ယူဆသည်။

အထက်ပါ အကြောင်းရပ်များကြောင့် အယူခံ တရားလိုတို့ အပေါ် ကျပြီးသော ထောင်ဒဏ် သာ ကျခံစေရန် အမိန့် ချမှတ်လိုက်သည်။

အယူခံတရားလိုများအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်ဟန်ညွန့်နှင့် မောင်အောင်ကြည်တို့ အပေါ် ရာဇသတ်ပုဒ်မ ၃၆၃ အရ၊ အလုပ်နှင့် ထောင်ဒဏ် တန့်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ ရန်ကုန်မြို့ အထူးတရားသူကြီး (၂)၏စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၂၆၂/၂၆၃။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၀ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ ရန်ကုန်ခရိုင် တရားသူကြီး ၂ ၏ အမိန့်ကို အယူခံမှု။

အယူခံတရားလို မောင်ဟန်ညွန့်သည်၊ တက္ကသိုလ်ဝင်တန်း ကျောင်းသားတဦး ဖြစ်ပြီး၊ အယူခံတရားလို မောင်အောင်ကြည်မှာ၊ နဝမတန်းကျောင်းသားဖြစ်သည်။ ၎င်းတို့သည် ခင်မင်ရင်းနှီးသည့် သူငယ်ချင်းများဖြစ်ကြသည်။ မမေ်နီ (လိုပြ-၁)မှာ ဦးဘိုနီ၊ ဒေါ်သိန်းတင် (လိုပြ-၃)တို့၏ သမီးဖြစ်ပြီး၊ ရန်ကုန်မြို့ ကျောက်မြောင်း အစိုးရ အထက်တန်းကျောင်း၌ ပဥ္စမတန်းတွင် ပညာသင်ကြားနေသည့် အသက် ၁၅ နှစ် အရွယ်ကျောင်းသူတဦးဖြစ်သည်။မမေ်နီသည် မောင်ဟန်ညွန့်နှင့် သမီးရည်းစား ဖြစ် ခဲ့၏။သို့ရာတွင် အခင်းမဖြစ်မီ တရက်က အဆက်အသွယ်ဖြတ်ကြသည်ဟုအဆိုရှိသည်။

လွန်ခဲ့သည့် ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် ၆ နာရီခွဲအချိန်တွင် မမေ်နီသည် ကျောင်းသို့ရောက်လာပြီး၊ကျောင်းဝင်းအတွင်းရှိ မုန့်စားနေစဉ်၊ မောင် အောင်ကြည်ရောက်လာပြီး "မအုန်းသန်းနှင့် သက်ဘွင်းစရာရှိသည် လိုက်ခဲ့ပါ" ဟုပြောခေါ်သဖြင့်၊ မမေ်နီသည် မောင်အောင်ကြည်နှင့် လိုက်သွားသည်။ မောင်အောင်ကြည်သည် မမေ်နီအား ရွှေတိဂုံဘုရားသို့ခေါ်သွားသည်၊ ဘုရားတွင် မအုန်းသန်းကိုမတွေ့ဘဲ မောင်ဟန်ညွန့်ကိုသာတွေ့သည်။ ထို့နောက် မမေ်နီသည် ဘုရားမှကျောင်းသို့ ခြေလျှင်ပြန်လာရာ၊ အယူခံတရားလိုတို့နှစ်ဦးလည်း လိုက်ပါ လာသည်။ ဗိုလ်ချုပ်ပန်းခြံသို့ ရောက်သောအခါ ဗိုလ်ချုပ်ကြေးရုပ် နောက်ဘက်ရှိ လူပြတ်သောနေရာတွင် ဝင်နားကြသည်။ ယင်းသို့နားနေခိုက် မောင်အောင်ကြည်က ရှောင်ပေးသဖြင့်၊ မောင်ဟန်ညွန့်က မမေ်နီအား သားမယားတကြိမ်ပြုကျင့်သည်။

ခဏအကြာတွင် မောင်အောင်ကြည် ပြန်ရောက်ပါသည်၊မမေ်နီက ၎င်း၏အိမ်သို့ မပြန်လိုထော့ကြောင်း ပြောသဖြင့်၊ မောင်အောင်ကြည်နှင့် မောင်ဟန်ညွန့်တို့သည် မမေ်နီအား မောင်ဟန်ညွန့်၏ မိခင်အိမ်သို့ခေါ်သွားသည်။ မောင်ဟန်ညွန့်၏မိခင်က မမေ်နီအား တာမွေရဲတပ်စခန်းသို့ မောင်ဟန်ညွန့်ကိုပါခေါ်ပြီး အပ်ပေးလိုက်သည်။

မမေ်နီ၏ အတန်းပိုင်ဆရာမ ဒေါ်ခင်ခင်သန်း (လိုပြ-၄)သည် မမေ်နီ၏ လွယ်အိတ်ကိုသာ အတန်းထဲ၌ တွေ့ရသဖြင့်၊ မမေ်နီ၏မိခင်ထံသို့ ကျောင်းသားတဦး စေလွှတ်ပြီး အကြောင်းကြားခဲ့၏။ ထို့ကြောင့်မမေ်နီ၏မိခင်သည် သမီးဖြစ်သူအား လိုက်လံရှာဖွေနေစဉ်၊ တာမွေရဲတပ်စခန်းမှ လာရောက်အကြောင်းကြားသဖြင့်၊ သမီး အားရဲတပ်စခန်း၌ သွားရောက်တွေ့ဆုံပြီး တိုင်ချက်အဖွင့်ခိုင်းသည့်အလျောက် ဤအမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

အယူခံတရားလိုတို့က၊ မောင်ဟန်ညွန့်သည် မမေ်နီအပေါ် မောင်စိုးသိန်းဆိုသူနှင့် သက်ဘမကင်းရှိသဖြင့် ဖြတ်စာပေး၍ မမေ်နီကဖြေရှင်းရန်၊ မောင်အောင်ကြည်အား ချိန်းဆိုခိုင်းသည့်အလျောက်၊ မောင်အောင်ကြည်က မောင်ဟန်ညွန့်နှင့် ချိန်းဆိုပေးရ ခြင်းသာဖြစ်ကြောင်း ထုချေကြသည်။

၁၉၆၆

မောင်ဟန်ညွန့်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ယခုအမှုတွင် မမော်နီသည် မောင်အောင်ကြည်နှင့် မောင်ဟန်ညွန့်၏နောက်သို့ မိမိသဘောအတိုင်း လိုက်သွားသည်ဆိုခြင်းမှာ သက်သေထွက်ချက်နှင့် အခြားအထောက်ထားများအရ ယုံမှားဘွယ်မရှိပေ။ သို့ရာတွင် မမော်နီသည် ၎င်း၏မွေးဖွါးလက်မှတ် (သက်သေခံ-က)အရ အသက် ၁၄ နှစ်ကျော်ကျော်သာ ရှိသေးသဖြင့် ၎င်း၏သဘောတူညီချက်ပင်ရှိလင့်ကစား၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ သဘောတူညီချက်မရှိဘဲ၊ ခေါ်ဆောင်သွားကြခြင်းဖြစ်၍ ရာဇသတ်ပုဒ်မ ၃၆၃ အရ ပြစ်မှုမြောက်သည်ဆိုသော အောက်ရုံး၏ကောက်ယူချက်မှာ မှန်ကန်သည်။

မမော်နီအား အယူခံတရားလို မောင်အောင်ကြည်သည်၊ မအုန်းသန်းနှင့် လိုက်ရှင်းပါဟု လိမ်လည်ပြီးခေါ်သွားသည်။ ရှေ့တိုက်ဘုရားတွင် အယူခံတရားလို မောင်ဟန်ညွန့်နှင့်တွေ့ပြီး မောင်ဟန်ညွန့်က ဗိုလ်ချုပ်ပန်းခြံသို့ ခေါ်သွားသည်။ ဗိုလ်ချုပ်ပန်းခြံမှ တဆင့် ၎င်း၏မိခင်အိမ်သို့ ခေါ်သွားခဲ့၏။ ထိုအချက်တို့ကို ပေါင်းစပ်ကြည့်ရှုလျှင် အယူခံတရားလိုတို့သည် မမော်နီ၏ဥပဒေအရ အုပ်ထိန်းသူဖြစ်သည့် ဒေါ်သိန်းတင်၏ အုပ်ထိန်းမှုအတွင်းမှ ဒေါ်သိန်းတင်၏ခွင့်ပြုချက်မရရှိဘဲ ခေါ်ဆောင်သွားကြကြောင်း သံသယမရှိနိုင်ပေ။

ပညာသင်ကြားနေစဉ်အခါမှာ ငယ်ရွယ်သည့် ကျောင်းသားကျောင်းသူများသည် ဆရာမိဘတို့၏ နောက်ကွယ်တွင် သမီးရည်းစားထားခြင်း၊ ချိန်းဆိုတွေ့ဆုံခြင်း စသည့် အပြုအမူများမှာ ၎င်းတို့၏ပညာရေးကိုသာမက ကိုယ်ကျင့်တရားနှင့်ကျောင်းစည်းကမ်းများကိုပါ ထိခိုက်နိုင်သည့်ကိစ္စဖြစ်၍ ထိုကဲ့သို့ပြုမူသည့် ကျောင်းသားများအား အသိပညာပေးသည့် အနေဖြင့်ဝင်း၊ အခြားကျောင်းသူ ကျောင်းသားများအဖို့ စံနမူနာဖြစ်စေရန် ရည်ရွယ်ချက်ဖြင့်ဝင်း သင့်လျော်သည့်အပြစ်ဒဏ်များချမှတ်ပေးရန် တရားရုံးများအနေဖြင့် တာဝန်ရှိပေသည်။ ယခုအမှုတွင်အယူခံတရားလိုတို့သည် ငယ်ရွယ်သည့် ကျောင်းသားများဖြစ်ကြပြီး၊ မိမိတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် လေးလေးကျောင်ကျော် အကျဉ်းခံရပြီးဖြစ်ရာ၊ ၎င်းတို့အဖို့ လုံလောက်သောသင်ခန်းစာ ရရှိပြီးဖြစ်သည်ဟု ယူဆသည်။

အထက်ပါ အကြောင်းရပ်များကြောင့် အယူခံတရားလိုတို့အပေါ် ရာဇသတ်ပုဒ်မ ၃၆၃ အရ အပြစ်ရှိသည်ဆိုသော အောက်ရုံး၏ဆုံးဖြတ်ချက်ကို အတည်ပြုပြီး၊ ၎င်းတို့အပေါ် ကျခံပြီး ထောင်ဒဏ်သာ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ အယူခံတရားလိုတို့အပေါ် အခြားပြစ်မှုများအတွက် ချုပ်နှောင်ထားရန်မရှိလျှင် လွှတ်ရန်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

မောင်အောင်မောင်း(ခေါ်) မောင်ထွန်းရှိန် (အယူခံတရားလို) † ၁၉၆၆
နိုဝင်ဘာလ
၂၅ ရက်။
နှင့်

ဂိုဟန် ပါ ၂ (အယူခံတရားခံများ)*

ဒီကရီကိုဇာရီပြုလုပ်ရန်လျှောက်ထားခြင်း—ဘရားမကျင့်ထုံးအမိန့် ၂၁ နည်းဥပဒေ ၂—တရားနိုင် က ဒီကရီငွေကို အပြေအလည် ရရှိပြီးကြောင်း ရုံးတော်သို့လျှောက်ထားရန်မှာ အချိန်ကာလ စည်းကမ်းသတ် ရှိ မရှိ—ခုံးတော်သို့ အသိ အမှတ် ပြုပေးရန် လျှောက်လွှာ တင်သင်းရန်လို မလို။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၂ အရ၊ တရားနိုင်ကဒီကရီငွေကို အပြေအလည်ရရှိပြီးကြောင်း ရုံးတော်သို့လျှောက်ထားရန်မှာ အချိန်ကာလ စည်းကမ်းသတ်မရှိ။ တရားနိုင်ဖြစ်သူက ဒီကရီငွေများကို ရရှိပြီးကြောင်း ရုံးတော်သို့ အသိအမှတ်ပြုပေးရန် လျှောက်လွှာ တင်သွင်းရန် မလို။ ဇာရီမူဇွင့်ပြီးသည့်နောက်ပင်ထိုအကြောင်းကို ရုံးတော်သို့ဖော်ပြနိုင်သည်။

ဂျီတီပရာဆပ် နှင့် အခြား နှင့် ဆရီချန် နှင့် အခြား A.I.R. 1928 All., p. 629 (F.B.) ဒေါ်ရွှက် နှင့် ဦးထင့် ပါ ၁ ဦး 8 Ran. p. 310 ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးစံသိန်း။

အယူခံတရားခံများအတွက်။ ။ဦးကြင်ထုံး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံ တရားခံများ ဖြစ်သူ ဂိုဟန်နှင့် မခင်ညွန့်တို့အပေါ်၊ ဟင်္သာတမြို့၊ နယ်ပိုင် တရားမ တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ တွင်၊ အမ်၊ဇွဲ၊အာရ်၊အမ် မူတူးရာမလင်ကန်က ၎င်း၏

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၃၀။

† ၁၉၆၄ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၁၇ တွင် ဟင်္သာတမြို့၊ ခရိုင်တရားမဲ့ တရားသူကြီး ရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၆

မောင်အောင်မောင်း (ခေါ်) မောင်ထွန်းရှိန်နှင့် ဂိုဟန် ပါ။ ၂။

ကိုယ်စားလှယ် နာလာမူတူးဖြင့် ဩဒီမန်စာချုပ်အရ ငွေ ၃,၉၀၁ ကျပ် ရရှိရန် တရားစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိခဲ့လေသည်။

ထိုဒီကရီနှင့် ပတ်သက်၍ တရားနိုင်၏ အခြားကိုယ်စားလှယ် တဦးဖြစ်သူ ရှီဗါလင်ဂန်က ဒီကရီကို မောင်ထွန်းရှိန် (ခေါ်) မောင်အောင်မောင်းသို့ ၁၉၅၈ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့က လွှဲပြောင်းပေးလိုက်သည်ဆိုသည်။ ထိုသို့ လွှဲပြောင်းရရှိသည့်အတိုင်း မောင်ထွန်းရှိန် (ခေါ်) မောင်အောင်မောင်းက ၁၉၆၀ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင်၊ ဟင်္သာတမြို့၊ နယ်ပိုင် တရားမရုံး၌ ၎င်းဒီကရီကို ဇာရီပြုလုပ်ရန် လျှောက်ထားရာ တရားရှုံးများဖြစ်သူ အယူခံ တရားခံတို့က ဒီကရီငွေများကို ငွေ ၃,၀၀၀ ကျပ်နှင့် တရားစွဲဆိုသူ တရားလိုဏ်ကိုယ်စားလှယ်နာလာမူတူးသို့ ၁၉၅၈ ခု၊ ပြီလ ၂ ရက်နေ့က အပြေအကြေ ပေးဆပ်ပြီး ဖြစ်သဖြင့်၊ ဒီကရီကို ထပ်မံ၍ ဇာရီပြုခွင့် မရှိတော့ပါဟု ကန့်ကွက်ခဲ့လေသည်။ ထိုသို့ ကန့်ကွက်သည်ကို ရုံးမှလက်ခံပြီး မောင်ထွန်းရှိန်၏ ဇာရီလျှောက်လွှာကို ပလပ်လိုက်ရာ၊ မောင်ထွန်းရှိန်က မကျေနပ်၍ ခရိုင်တရားမရုံးသို့ အယူခံသည်တွင် ခရိုင်တရားမ တရားသူကြီးက၊ အောက်ရုံးမှ အမိန့်ကို ပယ်ဖျက်လိုက်လေသည်။ ထိုနောက် တရားရှုံးများဖြစ်သူ ဂိုဟန်နှင့် မခင်ညွန့်တို့က ဤရုံး ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၇ တွင် အယူခံဝင်သည်တွင်၊ အယူခံကို ကြားနာခဲ့သည့် တရားသူကြီး ဦးစောဘသိန်းက တရားရှုံးများ တင်ပြသည့်အတိုင်း တရားနိုင်၏ ကိုယ်စားလှယ် နာလာမူတူးက တရားရှုံးများထံမှ ဒီကရီငွေကို အပြေအကြေ လက်ခံရရှိပြီးခဲ့ခြင်းရှိ မရှိ ဆိုသည်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးထားခြင်း မရှိသောကြောင့်၊ အမှုကို တိကျစွာဆုံးဖြတ်နိုင်ရန် ခဲယဉ်းနေသည်ဟု ပြဆို၍ ထိုအချက်နှင့် ပတ်သက်ပြီး မူလရုံးမှ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ ဥပဒေအရ ဆက်လက် ဆုံးဖြတ်နိုင်ရန်၊ အောက်ရုံးများမှ ချမှတ်ခဲ့သည့် အမိန့်များကို ပယ်ဖျက်၍ အမှုတွဲကို မူလရုံးသို့ ပြန်လည် ပေးပို့ခဲ့လေသည်။

ထိုအမိန့်အရ မူလရုံးမှ လိုအပ်သည့် စုံစမ်းမှုများ ပြုလုပ်ရာဝယ်၊ တရားနိုင်၏ ကိုယ်စားလှယ် နာလာမူတူး က တရားရှုံးများထံမှ ဒီကရီငွေများ အတွက် ငွေ ၃,၀၀၀ ကျပ် နှင့် အကြေအပြေရယူပြီးဖြစ်ကြောင်း ရုံးသို့လျှောက်ထား အစစ်ခံသဖြင့်၊ ရုံးမှ အယူခံ တရားလိုဏ်၏ ဇာရီလွှာကို စရိတ်နှင့် ပလပ်လိုက်လေသည်။ အယူခံ တရားလိုက ဟင်္သာတမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၇ တွင် အယူခံဝင်သော်လည်း ခရိုင်တရားမ တရားသူကြီးက အောက်ရုံး၏ ဆုံးဖြတ်ချက်နှင့် သဘောတူညီပြီး အယူခံမှုကို ပလပ်လိုက်သဖြင့်၊ အယူခံတရားလိုက ယခု ဒုတိယ အယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုအယူခံရာဝယ် အယူခံတရားလို၏ ပညာရှိရွှေနေကြီး က မူလရုံးနှင့် အောက် အယူခံ ရုံးနှစ်ရုံးတို့မှ၊ တရားရှုံးဖြစ်သူ အယူခံ တရားခံတို့သည် ဒီကရီ ငွေများကို တရားနိုင်၏ ကိုယ်စားလှယ် နာလာမူတူးသို့ အပြေအကြေ ပေးဆပ်ပြီး ဖြစ်ကြောင်းမှာ မှန်ကန်သည်ဟု သဘောတူညီ ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မိမိက ထပ်မံ အယူခံရန် အခွင့်အရေး မရှိကြောင်းကို ဝန်ခံပေသည်။ သို့သော် အယူခံ တရားလို၏ ပညာရှိ ရွှေနေကြီးက ဒီကရီငွေများကို တရားရှုံးဖြစ်သူ အယူခံ တရားခံတို့က တရားနိုင်သို့ ပေးဆပ်သည်နှင့် ပတ်သက်၍ ရုံးတော်တွင် တရားနိုင် ကသော်၎င်း၊ တရားရှုံးကသော်၎င်း တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၂ (၁) နှင့် (၂) အရ၊ လျှောက်ထားခဲ့ခြင်း မရှိသဖြင့်၊ အမိန့် ၂၁ နှင့် နည်းဥပဒေ ၂ (၃) အရ၊ ထိုသို့ပေးဆပ်သည် ဆိုခြင်းကို ရုံးတော်မှ ဥပဒေအရ အသိအမှတ် ပြုရန် အခွင့် အရေး မရှိသောကြောင့်၊ အောက်ရုံးများမှ ချမှတ်ခဲ့သည့် အမိန့်မှာ ဥပဒေအရ မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေသဖြင့် ပယ်ဖျက်သင့်ပါသည်ဟု ပြဆို လေသည်။

(တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၂ အရ၊ တရားနိုင်က ဒီကရီငွေကို အပြေအလည်ရရှိပြီးကြောင်း ရုံးတော်သို့ လျှောက်ထားရန်မှာ အချိန်ကာလ စည်းကမ်းသတ် မရှိ) ကြောင်းကို **ကျိုတီပရာဆပ်နှင့် အခြား** နှင့် **ဆရီချန်နှင့် အခြား** (၁) စီရင်ထုံးတွင် အောက်ပါအတိုင်း ပြထားပေသည်။

> "There is no period of limitation applicable to a decree-holder certifying a payment under O. 21, R. 2, Sub-R. (1).
>
> A certificate of payment given by the decree-holder to the Court is a mere intimation to it that he has received a certain sum of money from the judgment-debtor. It is not an 'application,' and Art. 181, Limitation Act, will not apply to it. The decree-holder has not to make a prayer to the Court, to which he certifies the alleged payment or adjustment, that the same should be recorded. His duty is finished as soon as he has given the intimation to the Court. After an intimation has been given, it would be the duty of the Court to make a record of the fact that an adjustment or payment has been made."

အထက်ပါ စီရင်ထုံးပါ ပြဆိုချက်များအရ၊ (တရားနိုင်ဖြစ်သူက ဒီကရီငွေများကို ရရှိပြီးကြောင်း) တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၂ အရ (ရုံးတော်သို့

(1) A.I.R. 1928 Allahabad, p. 629 (F.B.).

၁၉၆၆

မောင်အောင် မောင်း (ခေါ်) မောင်ထွန်းရှိန် နှင့် ကိုဟန် ပါ ၂။

အသိအမှတ်ပြုပေးရန် လျှောက်လွှာ တင်သွင်းရန် မလို၊) စည်းကမ်းသတ် အချိန်လည်းမရှိ (ဇာရီမှဖွင့်ပြီးသည့်နောက်ပင် ထိုအကြောင်းကို ရုံးတော်သို့ ဖေါ်ပြနိုင်) ကြောင်းကို အတိအလင်း ပြဆိုထားပေသည်။ တဖန် ဒေါ်ရွှက် နှင့် ဦးတင့် ပါ ၁ ဦး (၂) စီရင်ထုံးတွင် အောက်ပါအတိုင်း ပြထားလေသည်။

"That the decree-holder's application for certification of payment under the decree may be made at any time after payment.

That such certification even if made after an application for execution will suffice to support the application for execution."

သို့ဖြစ်ရကား အောက်ရုံးများမှ စုံစမ်းမှု ပြုလုပ်သောအခါ တရားနိုင် ကိုယ်စားလှယ်ဖြစ်သူ နာလာမူတူးက ဒီကရီငွေများကို တရားရုံးဖြစ်သူ အယူခံ တရားခံများထံမှ ၁၉၅၈ ခု၊ ဧပြီလ ၂ ရက်နေ့က အကြေအလည် ရရှိပြီးကြောင်း လျှောက်ထားအစစ်ခံခဲ့သည်ကို အောက်ရုံးမှ အသိအမှတ်ပြုခဲ့ခြင်းမှာ၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၂ (၃) အရ၊ ဆောင်ရွက်ခြင်းသာ ဖြစ်သည်ဟု ယူဆရန်ရှိသဖြင့် ထိုသို့ပြဆိုခြင်းကို အသိအမှတ်ပြုပြီး၊ ဇာရီပြုလုပ်သည့် ဒီကရီအတွက် ငွေများကို တရားရုံးများက တရားနိုင်သို့ အကြေအပြေ ပေးဆပ်ပြီး ဖြစ်ကြောင်းမှာ ထင်ရှားသည်ဆိုပြီး၊ အယူခံ တရားလို၏ ဇာရီလွှာကို ပလပ်လိုက်ခြင်းမှာ ဥပဒေအရ မည်သို့မျှ မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေသည်ဟု မဆိုနိုင်တော့ပေ။ ထို့ကြောင့် ယခုအမှုကို အယူခံတရားလို ကိုးကားသည့် ဥပဒေအချက်အလက်မှာ မှန်ကန်လက်ခံနိုင်စရာရှိသည်ဟု မဆိုနိုင်သော်ကြောင့်၊ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ပညာရှိ ရှေနေကြီး စရိတ်အဖြစ် ၃၄ ကျပ် သတ်မှတ်သည်။

---

(၃) 8 Rangoon, p. 310.

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

မိုဟာမက်ဟူစိန် (ဆောင်း) ပါ ၂ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ နိုဝင်ဘာလ ၁၀ ရက်။

ဝင်ကုန်ထွက်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၃) အရ၊ မူပြင်ထင်ရှား စီရင်ခြင်း—ဆန်စပါးများကို နိုင်ငံတော် ကောက်ပဲသီးနှံ အဖွဲ့၏ခွင့်အမိန့် မရှိဘဲ နိုင်ငံခြားသို့ ထုတ်ယူခြင်း မပြုရဟု တားမြစ်ထားခြင်း—အဆိုပါ ဥပဒေ ပုဒ်မ ၃ (၂) အရ၊ ပင်လယ် အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၉ အရ တားမြစ်ထားသည့်ကုန်ပစ္စည်းအဖြစ် အဓိပ္ပါယ် ကောက်ယူရမည်ဖြစ်ခြင်း—ပင်လယ် အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ အော်၊ အရ၊ ပစ္စည်းများအား အခွင့် အမိန့် မရှိဘဲ နိုင်ငံခြားသို့ ခိုးထုတ်ရန် ကြံစည် အားထုတ်ခြင်း မပြုကြောင်း သက်သေ ထင်ရှားအောင် ပြသရန် တာဝန် ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဆန်စပါးများကို နိုင်ငံတော်ကောက်ပဲသီးနှံ အဖွဲ့၏ အခွင့် အမိန့် မရှိဘဲ နိုင်ငံခြားသို့ ထုတ်ယူခြင်း မပြုရဟု နိုင်ငံတော်အစိုးရက ဝင်ကုန် ထွက်ကုန် (ယာယီ) ဥပဒေ ပုဒ်မ ၃ (၁) အရ တားမြစ်ထားသည်။ ယင်းသို့တားမြစ်ထားသည့် ကုန်ပစ္စည်းများမှာ အဆိုပါ ဥပဒေ ပုဒ်မ ၃ (၂) အရ ပင်လယ် အကောက်တော်အက်ဥပဒေ ပုဒ်မ ၁၉ အရ၊ တားမြစ်ထား သည့် ကုန်ပစ္စည်းအဖြစ် အဓိပ္ပါယ်ကောက်ယူရမည် ဖြစ်ရာ ထိုကဲ့သို့သော ကုန်ပစ္စည်းများနှင့် အတူ ဖမ်းဆီး ရမိသည့် တရားခံတဦးသည် ပင်လယ်အကောက်တော်အက်ဥပဒေ ပုဒ်မ ၁၆၇ အော်၊ အရ၊ထိုကုန်ပစ္စည်းများအား အခွင့်အ မိန့် မရှိဘဲ နိုင်ငံခြားသို့ ခိုးထုတ်ရန် ကြံစည်အားထုတ် ခြင်းမပြုကြောင်း သက်သေ ထင်ရှားအောင် ပြသရန် တာဝန် ရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဝင်ကုန် ထွက်ကုန် ကြီးကြပ်ရေး(ယာယီ)ဥပဒေသည်၊ ၁၉၄၇ ခုနှစ် တွင် ပြဋ္ဌာန်းသည့်အထူး ဥပဒေ တရပ်ဖြစ်သည်။ ပြစ်မှုကျူးလွန်သောလူငယ်များ အက်ဥပဒေ မှာ ၁၉၃၀ ခုနှစ် ကတည်းက ပြဋ္ဌာန်းထားသော ဥပဒေတရပ် ဖြစ်၍၊ ဝင်ကုန် ထွက်ကုန် ကြီးကြပ် ရေး (ယာယီ) ဥပဒေပါ အပြစ်ဒဏ်နှင့် ပတ်သက်သည့် အတိ အလင်းပြဋ္ဌာန်းချက်ကို လွှမ်းမိုး

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၈၆။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅၁ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့စွဲပါ၊ စစ်တွေမြို့၊ မြို့မရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

ခြင်းမပြုနိုင်။ သို့ဖြစ်ရာ အယူခံတရားလိုအပေါ် ဝင်ကုန် ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅ (၃) နှင့် (၂) အရ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်အပြင် ကြိမ်ဒဏ် ၁၀ ချက်ပါ ခံယူစေရန် အမိန့်ချမှတ်ခဲ့သော အောက်ရုံး၏ စီရင်ချက်မှာ ဥပဒေက ညွှန်ကြားထားသည့်အတိုင်း ကိုက်ညီနေသည်။

အယူခံတရားလိုအတွက် ။ ။ ဦးဘရွှန်း။

အယူခံတရားခံအတွက် ။ ။ အစိုးရရှေ့နေကြီး ဦးကျော်ဂေါင်း။

တရားသူကြီးဦးသက်ဖေ ။ ။အယူခံတရားလိုအပေါ် ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၃) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ကျခံစေရန်နှင့် ကြိမ်ဒဏ် ၁၀ ချက်စီ ခံယူစေရန် အမိန့်ချမှတ်ခဲ့သော စစ်တွေမြို့၊ မြို့မရာဇဝတ် တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ နိဝင်ဘာလ၊ ၁၃ ရက်နေ့ညနေတွင် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ဦးမျိုးအောင် (လိုပြ-၂)၊ စစ်ထောက်လှမ်းရေးဌာနမှ ဦးစောလွင် (လိုပြ-၃)၊ အကောက်တော်ဌာနမှ ဦးသန်းညွှန့်နှင့် ဦးကာလီတို့သည် စစ်တွေမြို့ တစ်ဖက်ကမ်းရှိ ပေါက်တောမြို့အပိုင် အနောက်ရိုင်းရွာ ကမ်းစပ်တစ်ဝိုက်၌ ပါကစ္စတန်ပြည်သို့ ဆန်စပါးခိုးထုတ်မည့် လှေသမ္ဘာန်တို့ကို ဖမ်းဆီးရန် မော်တော်ဖြင့် ထွက်လာကြပြီး မြေငူကျွန်းနှင့် ဆင်တက်မော်ကျွန်းကြားတွင် ကျောက်ချကာ စောင့်နေကြသည်။ ည ၉ နာရီကျော်ကျော်အချိန်တွင် လှေတစ်စင်းသည် ပင်လယ်ဝဘက်သို့ ရွက်တိုက်လျက် ထွက်သွားသည်ကို တွေ့ရ၍ မော်တော်ဖြင့် လိုက်ဖမ်းရာ ဆင်တက်မော်မြစ်ဝကို ကျော်၍ မြေငူကျွန်းရှိ အုန်းတောအနီးတွင် ထိုလှေကို မိသည်။ လှေပေါ်၌ ဆန်အိတ် ၂၉ အိတ်ကို တွေ့ရပြီး အယူခံတရားလိုများ အပြင် ရော်ချီအာမောက်နှင့် မာမက်ကာဆိမ်းဆိုသူတို့ကိုပါ ဖမ်းဆီးမိသည်။

အယူခံတရားလိုအား ပင်လယ်ဝအနီး ကုလားတန်မြစ်အတွင်း ဖမ်းမိသည့်အပြင် ဖမ်းမိသည့်အချိန်က ရေတက်ဖြစ်သော်လည်း ပင်လယ်ဘက်သို့ လှေကို ရွက်တိုက်၍ သွားနေသဖြင့် နိုင်ငံခြားသို့ ဆန်အိတ်များကို သယ်ယူသွားရန် ကြံစည်သည်ဟုဆိုကာ ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅ (၃) အရ တရားစွဲဆိုရာ အယူခံတရားလိုတို့နှင့် ၎င်းတို့အဖော်များဖြစ်ကြသည့် ရော်ချီးအာမက် နှင့် မာမက်ကာဆိမ်းတို့က ၎င်းတို့သည် စစ်တွေမြို့သို့ ကျောက်သယ်၍ လာရောင်း ကြောင်း ကျောက်ရောင်းပြီးနောက် အနောက်ရိုင်းရွာသို့ အပြန်တွင် အခြားကျောက်လှေ ၂၉ စင်းကတစ်စင်းလျှင်ဆန်တစ်အိတ်စီ ရွာသို့ခရီးကြုံပါးလိုက်၍ယူသွားရခြင်းသာ ဖြစ်

ကြောင်း ထိုဆန်အိတ်များကို ပါကစ္စတန်နိုင်ငံသို့ ခိုးထုတ်ရန် ကြံစည်ခြင်းမဟုတ်ကြောင်း ထုချေကြသော်လည်း အောက်ရုံးပညာရှိ တရားသူကြီးသည် ၎င်းတို့၏ ထုချေချက်များကို လက်မခံဘဲ အယူခံတရားလိုတို့အား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

၎င်းတို့၏အဖော်များဖြစ်ကြသည့် ရော်ချီးအာမက်နှင့် မာမက်ကာဆိမ်းတို့မှာ အသက် ၁၆ နှစ်အောက် ငယ်ရွယ်သူများ ဖြစ်ကြ၍ ၎င်းတို့အပေါ် ပြစ်မှုကျူးလွန်သော လူငယ်များ ဥပဒေပုဒ်မ ၁၆ (၈) အရ ကြိမ်ဒဏ် ၁၅ ချက်စီသာ အရိုက်ခံရန် အမိန့် ချမှတ်လိုက်၏။ ထိုအမိန့်ကို ၎င်းတို့ကသော်လည်းကောင်း နိုင်ငံတော် အစိုးရကသော် လည်းကောင်း အယူခံဝင်ခြင်းမရှိသဖြင့် ထိုအမိန့်နှင့် ပတ်သက်၍ အထူး ဝေဖန်ရန် မလိုတော့ပေ။

အယူခံတရားလိုတို့အား ဆန်အိတ် ၂၉ အိတ်တင်ထားသည့် လှေပေါ်တွင် ညဉ့်အချိန်မတော် ဖမ်းမိခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ၎င်းတို့၏ လှေသည် ပင်လယ်နှင့် တစ်မိုင်ခန့်ဝေးသည့် ကုလားတန်မြစ်အတွင်း ပင်လယ်ဝသို့ ဦးတည်ကာ ရွက်တိုက် လျက်သွားနေသည်။ အချိန်မှာ ရာသီဥတုကောင်းမွန်သောအချိန်ဖြစ်၍ အယူခံတရားလိုတို့အနေဖြင့် ဆန်များကို ပါကစ္စတန်နိုင်ငံသို့ ခိုးထုတ်ရန် ကြံစည်အားထုတ်ခဲ့ကြောင်း ပေါ်ပေါက်နေသည်။

ဆန်စပါးများကို နိုင်ငံတော် ကောက်ပဲသီးနှံအဖွဲ့၏ အခွင့်အမိန့်မရှိဘဲ နိုင်ငံခြားသို့ ထုတ်ယူခြင်းမပြုရဟု နိုင်ငံတော်အစိုးရက ဝင်ကုန်ထွက်ကုန် (ယာယီ) ဥပဒေပုဒ်မ ၃ (၁) အရ တားမြစ်ထားသည်။ (နိုင်ငံတော်အစိုးရ၏ ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေး ဌာန၏ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁၁၄ ကို ကြည့်ပါ။)

ယင်းသို့ တားမြစ်ထားသည့် ကုန်ပစ္စည်းမှာ အဆိုပါဥပဒေပုဒ်မ ၃ (၂) အရ ပင်လယ်အကောက်တော်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသည့် ကုန်ပစ္စည်း အဖြစ် အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ရာ ထိုကဲ့သို့သော ကုန်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံတစ်ဦးသည် ပင်လယ်အကောက်တော်ဥပဒေပုဒ်မ ၁၆၇ အေ အရ ထိုကုန်ပစ္စည်းများအား အခွင့်အမိန့် မရှိဘဲ နိုင်ငံခြားသို့ ခိုးထုတ်ရန် ကြံစည်အားထုတ်ခြင်း မပြုကြောင်း သက်သေထင်ရှားအောင် ပြသရန်သာတာဝန်ရှိသည်။ ခုအမှုတွင် နိုင်ငံတော်အစိုးရက အခွင့်အမိန့်မရရှိဘဲနိုင်ငံခြားသို့ ယူထုတ်ခြင်းမပြုရဟု တားမြစ်ထားသော ဆန်များကို ပင်လယ်ဝအနီး၌ အယူခံတရားလိုတို့၏ လှေထဲတွင် တွေ့ရသဖြင့် ၎င်းတို့အား ထိုဆန်များကို နိုင်ငံခြားသို့ အခွင့်အမိန့်မရှိဘဲ ထုတ်ယူရန် အားထုတ်သည်ဟု စွဲဆိုလာသည့်အမှုဝယ် ထိုကဲ့သို့ ထုတ်ယူရန် အားထုတ်ခြင်း မဟုတ်ကြောင်း သက်သေထင်ရှားအောင် ပြသရန်တာဝန်မှာ အယူခံတရားလိုတို့အပေါ် ကျရောက်နေလေသည်။

၁၉၆၆

မိုဟာမက်ဟူစိန် (ဆောင်း)ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုတို့က ကျောက်တင်သည့်လေ့ ၂၀ စင်းက တစင်းလျှင် ဆန်တအိတ်စီရှာသို့ ယူသွားရန် လူကြုံပါးလိုက်ပြီး၊ မိမိတို့ကိုယ်တိုင်ကလည်း ဆန်တအိတ်ဝယ်လာသဖြင့်၊ မိမိတို့၏လေ့ပေါ်၌ ဆန်အိတ် ၂၉ အိတ်ရှိနေခြင်း ဖြစ်သည်ဆိုသောထုချေချက်မှာ ယုံတမ်းစကားမျှသာဖြစ်သည်။ အခင်းဖြစ်နေ့က စစ်ဘွဲ့မြို့၌အယူခံတရားလိုတို့လေ့အပြင် အခြားကျောက်တင်သည့်လေ့ ၂၀ စင်းရှိသည်ဆိုခြင်းမှာသက်သေအထောက်အထားမရှိ မည်သည့်အတွက် အခြားလေ့များက အယူခံတရားခံတို့၏လေ့တွင် လေ့ကြုံပါးလိုက်ရသည်ဟုလည်း အကြောင်းပြထားခြင်းမရှိ၊ ယခင်ယခင်က ထိုကဲ့သို့လူကြုံပါးခြင်းမျိုးလည်း မရှိခဲ့ဘူးကြောင်း ဝန်ခံထားကြသည်။ ညအချိန်တွင် ပင်လယ်နှင့်တမိုင်ခန့်ဝေးနေရာတွင် ပင်လယ်ဘက်သို့ရွက်တိုက်၍ သွားနေစဉ်ဘမ်းမိခြင်း ဖြစ်သည့်အလျောက်၊ အယူခံတရားလိုတို့သည် ဆန် ၂၉ အိတ်ကို အခွင့်အမိန့်မရှိဘဲ နိုင်ငံခြားသို့ထုတ်ယူရန် အားထုတ်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေသည်၊ ထို့ကြောင့်၎င်းဘို့သည် ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ (၃) နှင့် (၂) အရအပြစ်ရှိသည်ဆိုသော အောက်ရုံး၏ကောက်ယူချက်မှာ မှန်ကန်သည်။

အပြစ်ဒဏ်နှင့်ပတ်သက်၍ အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီး ဦးဘရွှန်းက အယူခံတရားလို မိုဟာမက်ဟူဆောင်သည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အကြားရှိလူငယ်တယောက်ဖြစ်ပြီး၊ အယူခံတရားလို မိုဟာမက်ဆီရော့(တ်)မှာ အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ကြားရှိလူငယ်တယောက်ဖြစ်ကြောင်း ဆရာဝန်ဦးထွန်း (ရှုံးခေါ်သက်သေ)၏ထုတ်ချက်အရ ထင်ရှားနေသဖြင့်၊ ပြစ်မှုကျူးလွန်သောလူငယ်များ ဥပဒေပုဒ်မ ၂၅(၁) အရ၊ ဘော်စတယ် အကျင့်စာရိတ္တပြုပြင်ရေးကျောင်းသို့ပို့ရန် အမိန့်ချမှတ်သင့်ကြောင်း၊ ငယ်ရွယ်သူများအပေါ် ထောင်ဒဏ်နှင့်ကြိမ်ဒဏ်များ ချမှတ်ထားခြင်းမှာ မသင့်လျော်ကြောင်း တင်ပြလာသည်။

၁၉၄၇ ခုနှစ်၊ ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅(၂)မှာ လိုသလောက်ကိုဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည်။

> **"Notwithstanding anything contained in any other law for the time being in force, if the contravention of any such order is in respect of paddy or rice or rice products, the offender shall be punishable with transportation for life or with imprisonment for a term which shall not be less than seven years, and with whipping * * *"**

ထိုပုဒ်မအရဆိုလျှင် အခြားဥပဒေတခုခုတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ စပါး၊ ဆန် သို့မဟုတ် ဆန်ထွက်ပစ္စည်းနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ခဲ့လျှင် ပြစ်မှု

ကျူးလွန်သူအား တသက်တကျွန်းဒဏ်၊ သို့မဟုတ် အနည်းဆုံးထောင်ဒဏ် ၇ နှစ် အပြင်၊ ကြိမ်ဒဏ်လည်းချမှတ်ရမည်ဖြစ်သည်။ ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) ဥပဒေသည် ၁၉၄၇ ခုနှစ်တွင် ပြဋ္ဌာန်းသည့် အထူးဥပဒေတရပ်ဖြစ်သည်။ ပြစ်မှု ကျူးလွန်သောလူငယ်များ ဥပဒေမှာ ၁၉၃၁ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားသော ဥပဒေတရပ်ဖြစ်၍၊ ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) ဥပဒေပါ အပြစ်ဒဏ်နှင့် ပတ်သက်သည့် အတိအလင်းပြဋ္ဌာန်းချက်ကို လွှမ်းမိုးခြင်းမပြုနိုင်ဟု ကျွန်ုပ်ယူဆသည်။ အယူခံတရားလိုတို့ကဲ့သို့သော ငယ်ရွယ်သူများကို ယခုကဲ့သို့ကြီးလေးသော ထောင်ဒဏ်နှင့်ကြိမ်ဒဏ်များကို ချမှတ်သင့် မသင့်ဆိုသောကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်အနေနှင့် မဝေဖန်လိုပေ၊ ဝေဖန်ခွင့်လည်းမရှိပေ၊ တရားသူကြီးတဦးအနေဖြင့် ဥပဒေတခု၏ ကောင်းကျိုးဆိုးကျိုးကို ရှာဖွေစီစစ်ရန်မဟုတ်ဘဲ၊ ဥပဒေပါပြဋ္ဌာန်းချက်ကို အဓိပ္ပါယ်ဖွင့်ဆိုပြီး၊ ထိုအဓိပ္ပါယ်အတိုင်း အကောင်အထည်ဖော်ပေးရန်သာဖြစ်ပေသည်၊ သို့ဖြစ်ရာ အယူခံတရားလိုအပေါ် ဝင်ကုန် ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅ (၃)နှင့် (၂)အရအလုပ်နှင့်ထောင်ဒဏ် ၇ နှစ်အပြင် ကြိမ်ဒဏ် ၁၀ ချက်ပါခံယူစေရန် အမိန့်ချမှတ်ခဲ့သော အောက်ရုံး၏ စီရင်ချက်မှာ ဥပဒေက ညွှန်ကြားထားသည့် အတိုင်းကိုက်ညီနေသည့်အလျောက်၊ ကျွန်ုပ်အနေဖြင့် ပြင်ဆင်လျော့ပေါ့ခြင်းမပြုနိုင်ပေ၊ အထက်ပါအကြောင်းများကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့စွဲပါ ဆာကြူလာအမှတ် ၄ ၏ အပိုဒ် ၆ အရ ပြင်ဆင်ထားသည့် တရားရုံးများလက်စွဲ အပိုဒ် ၇၆၄ တွင်၊ ထောင်ဒဏ်တနှစ်ထက်ပို၍ ကျခံရမည့် အသက် ၁၉ နှစ်မပြည့်သေးသော အကျဉ်းသားများအား၊ မိတ္ထိလာထောင်သို့ပို့ရမည်ဟု ညွှန်ကြားထားရာ ထိုညွှန်ကြားချက်ကိုလိုက်နာရန် ပျက်ကွက်နေသဖြင့် အောက်ရုံးပညာရှိ တရားသူကြီးအား ထိုညွှန်ကြားချက်ကို လိုက်နာရန် ညွှန်ကြားလိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

†၁၉၆၆

နိုဝင်ဘာလ ၂၈ ရက်။

မိုက်စ (ခေါ်) ပေါက်စ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ၊ မူပြစ်ဆင်ရှာ ဓိရင်ခြင်း—ခြေရာနှိုင်းယှဉ်သည့် အာသာရပ်—ခြေချောင်းများနှင့် ခြေတဝါး၏ အနေ အထားတို့ကို နှိုင်းယှဉ်ခြင်း—အမှားအယွင်း မရှိနိုင်အောင် တိကျ မှန်ကန်သည်ဟု ဆိုနိုင် မဆိုနိုင်—တရားရုံးအနေဖြင့် လက်ခံသင့် မသင့် ဆိုခြင်းကို အမှုတွင် ပေါ်ပေါက်လျက် ရှိသော အကြောင်းခြင်းရာ များနှင့် တကွ ဆက်စပ်၍ အဆုံးအဖြတ် ပေးရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ခြေရာနှိုင်းယှဉ်သည့် အာဘော်ပညာသည် လက်ဗွေ နှိုင်းယှဉ်သည့် အတတ်ပညာလောက် တိကျမှန်ကန်ခြင်း မရှိသေးပေ။ လက်ဗွေနှိုင်းယှဉ်သည့် ကိစ္စတွင် လက်ဗွေများ၏ အနေအထား အသေးစိတ်တို့ကို နှိုင်းယှဉ် ကြည့်ရှုရသဖြင့် အလွန်ပင် မှားယွင်းခဲသော်လည်း ခြေရာနှိုင်းယှဉ်ရာ၌ ဗွေများ၏ အနေအထားကို နှိုင်းယှဉ်ခြင်း မဟုတ်ဘဲ၊ ခြေချောင်းများနှင့် ခြေဘဝါး၏ အနေအထားတို့ကို နှိုင်းယှဉ်ခြင်း ဖြစ်၍၊ အမှားအယွင်း မရှိနိုင်အောင် တိကျမှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ တို့ကြောင့် ခြေရာကောက် ပါရဂူ၏ ထွက်ချက်ကို တထစ်ချ မှန်ကန်သည်ဟု ယူဆခြင်း မပြုနိုင်ချေ။ တရားရုံးအနေဖြင့် လက်ခံသင့် မခံသင့်ဆိုခြင်းကို အမှုတွင် ပေါ်ပေါက်လျက် ရှိသော အကြောင်းခြင်းရာများနှင့် တကွ ဆက်စပ်၍၊ အဆုံးအဖြတ် ပေးရမည် ဖြစ်သည်။

အမ်ဂေါင်ဒင်တို့အမှု၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၃၇၊ မဒရပ် ၈၅၁။ **ဘီပူလေးရားတို့အမှု**၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၁၊ မဒရပ် ၈၈။ **ဖါကာချန်နှင့်နိုင်ငံတော်**၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၅၅ အမ်၊ ဘီ၊ (စုံညီခုံ) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေကြီး ဦးဇင်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၄၀၃။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၆၅ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့စွဲပါ သရက်မြို့၊ ဒုတိယ အထူးတရားသူကြီး၏ အမိန့်ကို အယူခံမှု။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်မိုက်စ (ခေါ်) ပေါက်စ အပေါ် ရုဇသတ်ပုဒ်မ ၃၁၂ (၂) အရ၊ တသက်တကျွန်းအပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ သရက်မြို့၊ ဒုတိယ အထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့်၊ အယူခံဝင်သော အမှုဖြစ်သည်။

လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ညနေတွင်၊ သရက်ခရိုင်၊ရွာသစ်ကြီးရွာနေ သေသူမောင်ညီငယ်သည်၊ ၎င်း၏ ယောကျ်ားမဖြစ်သူ မောင်သောင်းတင် နွားကျောင်းရာမှပြန်လာရာ၊ နွားတကောင်မပါလာသဖြင့်၊ ရွာပြင်သို့နွားရှာရန်တယောက်တည်းထွက်သွားသည်။ ည ၇ နာရီအချိန်အထိ မောင်ညီငယ်မှာ အိမ်သို့ ပြန်မရောက်လာသဖြင့် ဇနီး မသန်းမြ က မောင်ညီငယ်၏အစ်ကို မောင်သာစိန် (လို့ပြ-၁) အားအကြောင်းကြား၍၊ မောင်သာစိန်သည် ဆွေမျိုးနီးစပ်သူ ၁၀ ယောက်ခန့်နှင့်အတူ၊ ရွာ၏ အနောက်ဘက်သို့ လိုက်လံရှာဖွေသော်လည်း မတွေ့ရချေ။ ထိုကြောင့် ရွာသို့ပြန်လာပြီး သူကြီး ဦးဘိုးရွှေ (လို့ပြ-၉) အားသွားရောက်တိုင်ကြားရာ ဦးဘိုးရွှေက နံနက်ကျမှ ရှာရန်အကြံပေးသည်။

နံနက်ဘွင် ရွာသားအားလုံးလိုလိုပင်ထွက်၍ ထပ်မံရှာဖွေကြရာ၊ မွန်းလွဲ ၁ နာရီအချိန်၌၊ ပျောက်ဆုံးနေသော မောင်ညီငယ်၏ အလောင်းကို မောင်ထွန်းသိန်းဆိုသူ၏ယာအနီးတွင် ဦးစံသိုက် (လို့ပြ-၄) ကတွေ့ရသည်။ ဆက်လက်ရှာဖွေရာ၊ နွားတွေ့သည့်နေရာနှင့် မနီးမဝေး၌ ဒါးဒဏ်ရာ ၂ ချက်နှင့်သေဆုံးနေသော မောင်ညီငယ်အားတွေ့ရ၏။ အလောင်းတွေ့သည့် နေရာနှင့် ပေတရာခန့်အဝေးတွင် လတ်ဆတ်ထင်ရှားသော လူတဦး၏ခြေရာများကို တွေ့ရလေသည်။

မောင်ညီငယ်၏ အလောင်းကို သရက်မြို့၊ ပြည်သူ့ဆေးရုံ သို့ ပို့လိုက်၍၊ဆရာဝန် ဦးတင်ငွေက စစ်ဆေးကြည့်ရှုရာ၊ လည်ဂုတ်နှင့် လည်ပင်းတို့တွင် ဒါးဒဏ်ရာ ၂ ချက်တွေ့ရ၏။ လယ်ဂုတ်မှ ဒဏ်ရာမှာ သဘာဝအားဖြင့် သေစေမည့် ဒဏ်ရာတခုဖြစ်ပြီး လည်ပင်းမှဒဏ်ရာမှာ မုချသေစေမည့်ဒဏ်ရာဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးထားသည်။

၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဒု-လုံခြုံရေးမှူး ဦးလှမောင် (လို့ပြ-၁၃) သည်၊ အခင်းဖြစ်ပွားရာအရပ်သို့ ရောက်သွားပြီး၊ မောင်ညီငယ်၏အလောင်းတွေ့သောနေရာမှပေ ၂၁၀ အကွာတွင်တွေ့ရသည့် လက်ဝဲဘက်လူခြေရာတခုကို ဖယောင်းပုံလောင်းချယူခဲ့၏။ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အလောင်းတွေ့သောနေရာမှ ပေ ၁၀၀ ခန့်အဝေးတွင် တွေ့ရသည့် လက်ျာဘက်လူခြေရာတခုကို ဖယောင်းပုံလောင်းကာယူခဲ့သည်။ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင်၊ အယူခံတရားလိုအား ဘမ်းဆီးလိုက်ပြီး၊ ၎င်း၏ထွက်ဆိုချက်အရ၊ သေသူ၏ယောကျ်ားမ

၁၉၆၆

မိုက်စ(ခေါ်)
ပေါက်စ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မောင်သောင်းတင်အား ဘမ်းလိုက်သည်။ ထိုနောက် အယူခံတရားလို၏ အမမှာ ပေါ်ပလင်အပြာရောင် ရှပ်အင်္ကျီတထည်၊ ချည်ပုဆိုးစိမ်းတထည်နှင့် ဂျတ်ခုတ်လွယ်အိတ်ဘလုံးကို သိမ်းဆီးလိုက်သည်။ မောင်သောင်းတင်၏ နေအိမ်မှ ၂ နံစပ်လုံချည်တထည်၊ မြန်မာယက်ဖျင်ဖြူ ရှပ်အင်္ကျီတထည်၊ ချည်လုံချည်ကွက်စိမ်းတထည်နှင့် ကိုင်းခုတ်ဒါးတချောင်းကို သိမ်းဆီးခဲ့၏။ အယူခံတရားလိုအား မဘမ်းမီ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ကပင်၊ အယူခံတရားလိုက ပြုပြင်ပေးရန် အပ်ထားသည့် အရိုးမပါဒါးတချောင်းကို ညောင်ရွာနေ ပန်းဘဲဆရာ မောင်သန်း (လိုပြ-၁၀) ထံမှ သိမ်းဆီးခဲ့၏။

၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အယူခံတရားလို၏ ခြေရာပုံစံနမူနာများကို သက်သေ မောင်ညွန့်မောင် (လိုပြ-၁၂) ရွေတွင်ယူပြီး၊ မောင်ညီငယ်၏ အလောင်းအနီးတွင် တွေ့ရှိခဲ့သောဖယောင်းခြေရာပုံများနှင့်အတူ တိုက်ဆိုင်စစ်ဆေးရန်၊ အင်းစိန်မြို့၊ လောကခါတ်ဌာနသို့ ပို့ခဲ့၏။

လောကခါတ်ဌာနမှ လုံခြုံရေးမှူး ဦးဘသန်း (လိုပြ-၁၈) သည်၊ အယူခံတရားလို၏ ခြေရာပုံစံနမူနာများကို ဖယောင်းခြေရာပုံတို့နှင့် နှိုင်းယှဉ်ကြည့်ပြီးနောက်၊ လက်ဝဲဘက်ဖယောင်းခြေရာမှာ အယူခံဘရားလို၏လက်ဝဲဘက်နမူနာခြေဘဝါးပုံနှင့် တူညီကြောင်း၊ လက်ျာဘက်ဖယောင်းခြေရာမှာ ပီသစွာမထင်သဖြင့် နှိုင်းယှဉ်၍မရကြောင်း ထင်မြင်ချက်ပေးသွားသည်။

အထက်ပါ သက်သေ အထောက်အထားများအရ၊ အယူခံ တရားလိုနှင့် မောင်သောင်းတင်တို့အား လူသတ်မှုဖြင့် ရုံးတင်တရားစွဲဆိုရာ၊ အောက်ရုံး ပညာရှိ တရားသူကြီးသည်၊ မောင်သောင်းတင်အား တရားသေလွှတ်ခဲ့၏။ ထိုတရားသေလွှတ် သောအမိန့်ကို နှိုင်ငံတော် အစိုးရက အယူခံဝင်ခြင်း မရှိသဖြင့်၊ မောင်သောင်းတင်နှင့် ပတ်သတ်၍ ဝေဖန်ရန် မလိုတော့ပေ။ အယူခံတရားလိုက မောင်ညီငယ်ကို မသတ်ရကြောင်း ငြင်းဆိုပြီး၊ အခင်းဖြစ်ပွါးသည့်နေ့က အိမ်၌ရှိနေကြောင်း ထုချေသော်လည်း၊ အောက်ရုံးပညာရှိ တရားသူကြီးသည် ၎င်း၏ထုချေချက်ကို လက်မခံဘဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် သေသူ မောင်ညီငယ်အား၊ အယူခံတရားလိုကသတ်ဖြတ်ခဲ့သည် ဆိုသောစွပ်စွဲချက်နှင့်ပတ်သက်၍ မျက်မြင်သက်သေမရှိပေ၊ အောက်ရုံး ပညာရှိတရား သူကြီးက ပတ်ဝန်းကျင် သက်သေအထောက်အထားများအရ၊ ၎င်းအပေါ် အပြစ်ပေးခဲ့ခြင်းဖြစ်၍၊ ထိုသက်သေအထောက်အထားများသည် အယူခံတရားလိုအပေါ် အပြစ်ပေးနိုင်အောင် ခိုင်လုံသည့် သက်သေအထောက်အထားများ ဟုတ် မဟုတ် ဆိုခြင်းကို ဆန်းစစ်ရပေမည်။

တရားခံတဦးအပေါ် တိုက်ရိုက်သက်သေထွက်ချက်မရှိစေကာမူ၊ လုံလောက်သော ပတ်ဝန်းကျင် သက်သေအထောက်အထားရှိလျှင် အပြစ်ပေးနိုင်ပေသည်။ သို့ရာတွင် ယင်းပတ်ဝန်းကျင် သက်သေအထောက်အထားမှာ၊ တရားခံ အပြစ်ရှိကြောင်းတထစ်ချ ကောက်ယူရမည့် သက်သေခံချက်ဖြစ်ရန်လိုပေသည်။ ထိုကဲ့သို့ တထစ်ချ ကောက်ယူခြင်းမပြုနိုင်လျှင်၊ တရားခံအား အပြစ်ပေးနိုင်အောင် ခိုင်လုံသည့် သက်သေအထောက်အထားဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။ တနည်းဆိုသော် ပတ်ဝန်းကျင်သက်သေ အထောက်အထားများသည်၊ တရားခံအပြစ်ရှိသည်ဟု ယူဆရအောင် ကွင်းဆက် အပြည့်ပါရှိသော သက်သေခံချက်များ ဖြစ်ရပေမည်။ **ဘင်ဂျမင်ဇေးမီးယား နှင့် ပြည်ထောင်စု** (၁)၊ အယူခံတရားလိုအပေါ် ပေါ်ပေါက်လျက်ရှိသော ပတ်ဝန်းကျင် သက်သေအထောက်အထားများမှာ (က) မောင်ညီငယ်၏ အလောင်းတွေ့သည့် နေရာနှင့် ပေ ၂၁၀ အကွာတွင် တွေ့ရသော လက်ဝဲခြေရာမှာ အယူခံတရားလို၏ လက်ဝဲခြေရာနှင့်တူနေခြင်း၊ (ခ) အယူခံတရားလိုထံမှ သိမ်းဆီးသွားသည်ဆိုသော ရှပ်အင်္ကျီတွင် လူသွေးစွန်းနေသည်ကိုတွေ့ရခြင်း၊ (ဂ) မောင်ညီငယ် ပျောက်ဆုံးပြီးနောက်နေ့တွင်၊ အယူခံတရားလိုသည် ပဲ့နေသော ၎င်း၏ကိုင်းခုတ်ဒါးကို ပန်းဘဲဆရာ မောင်သန်းထွဋ်ပြုပြင်ရန်အပ်ပေးခဲ့ခြင်း နှင့် (ဃ) အခင်းဖြစ်ပွါးပြီးနောက် အယူခံတရားလိုသည် အမူအရာပျက်နေခြင်းတို့ပင်ဖြစ်သည်။

အောက်ရုံး ပညာရှိ တရားသူကြီးက အလောင်းအနီးတွင် တွေ့ရှိ သာ လက်ဝဲခြေရာမှာ၊ အယူခံတရားလို၏ လက်ဝဲခြေရာပင်ဖြစ်သည်ဆိုသော လုံခြုံရေးမှူး ဦးသန်း၏ထွက်ဆိုချက်ကို ဝေဖန်ဆန်းစစ်ခြင်းမပြုဘဲ၊ လက်ခံခဲ့သည်။ ခြေရာနှိုင်းယှဉ်သည့် ဘာသာရပ်ကိုလေ့လာထားသော ပုဂ္ဂိုလ်တဦးက၊ အခင်းဖြစ်နေရာတွင် တွေ့ရှိသည့် ခြေရာနှင့်တရားခံ၏ခြေရာမှာ မည်သည့်အတွက်ကြောင့် တူညီသည်ဟု ထွက်ဆိုလျှင်၊ တရားရုံးအနေဖြင့်၊ ထိုထွက်ဆိုချက်သည် လက်ခံသင့် မသင့်၊ မည်သည့်အတွက် လက်ခံသည်၊ မည်သည့်အတွက် လက်မခံဟုအမှုတွင်ပေါ် ပေါက်လျက်ရှိသောအကြောင်းခြင်းရာများနှင့်တကွ ဆက်စပ်၍ အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ (ခြေရာနှိုင်းယှဉ်သည့် အတတ်ပညာသည် လက်ဗွေနှိုင်းယှဉ်သည့် အတတ်ပညာလောက် တိကျမှန်ကန်ခြင်း မရှိသေးပေ၊ လက်ဗွေနှိုင်းယှဉ်သည့် ကိစ္စတွင် လက်ဗွေများ၏ အနေအထား၊ အသေးစိတ်ဘို့ကို နှိုင်းယှဉ် ကြည့်ရှုရသဖြင့်၊ အလွန်ပင် မှားယွင်းခဲသော်လည်း၊ ခြေရာနှိုင်းယှဉ်ရာ၌ ဗွေများ၏ အနေအထားကို နှိုင်းယှဉ်ခြင်း မဟုတ်ဘဲ၊ ခြေချောင်းများနှင့် ခြေဘဝါး၏ အနေအထားတို့ကို နှိုင်းယှဉ်ခြင်း ဖြစ်၍၊ အမှားအယွင်းမရှိနိုင်အောင် တိကျမှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

(၁) ၁၉၅၅ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၁၄၆ (တရားလွှတ်တော်)။

ထို့ကြောင့် ခြေရာကောက်ပါရဂူ၏ ထုတ်ချက်ကို တထစ်ချမှန်ကန်သည်ဟု ယူဆခြင်းမပြုနိုင်ချေ။) တရားရုံးအနေဖြင့် လက်ခံသင့် မသင့်ဆိုခြင်းကို ဝေဘန်ချင့်ချိန်ရမည်ဖြစ်သည်။ **အမ်ဂေါင်ဒင်တို့အမှု** (၂)။ **ဘီပူလေရားတို့အမှု** (၃) နှင့် **ဖါကာဗျန် နှင့် နိုင်ငံတော်** (၄) တို့စီရင်ထုံးများကိုကြည့်ပါ။

ယခုအမှုတွင် မောင်ညီငယ်၏ အလောင်းအနီးမှ ယူခဲ့သည့် ဖယောင်းပုံခြေရာကို ဤအယူခံရုံးသို့ တင်ပို့ခဲ့ခြင်းမရှိ၍၊ ထိုခြေရာသည် အယူခံတရားလို၏ နမူနာခြေရာနှင့် တူသည် မတူသည်ဆိုခြင်းကို ကျန်ုပ်အနေနှင့် နှိုင်းယှဉ်ကြည့်ရန် အခွင့်အရေးမရခဲ့ပေ။ အကယ်၍ တူသည်ဟုဆိုစေကာမူ (အယူခံတရားလို၏ ခြေရာကိုအလောင်းတွေ့သည့်နေရာနှင့်ပေ ၂၁၀ အကွာတွင် တွေ့ရသည့်အပြင်၊ ထိုကဲ့သို့တွေ့သောနေရာမှာ လူအများသွားလာနိုင်သည့်နေရာဖြစ်သောကြောင့်ထိုခြေရာကို တွေ့ကာမျှဖြင့် အယူခံတရားလိုသည် မောင်ညီငယ်အား သတ်သည့်လက်သယ် ဖြစ်ရမည်၊ သို့တည်းမဟုတ် မောင်ညီငယ်အား သတ်စဉ်က၊ အယူခံတရားလိုသည်အနီး၌ရှိရမည်ဟု တထစ်ချကောက်ယူခြင်းမပြုနိုင်ပေ။) အလောင်းအနီးတွင် တွေ့ရသည့်ခြေရာများမှာ မထင်ရှားသဖြင့်၊ ဖယောင်းပုံမယူနိုင်၍၊ မည်သူ၏ခြေရာများဖြစ်သည်ဟု မပြောနိုင်ချေ။

အယူခံတရားလို၏ အိမ်မှပေါ်ပလင်အပြာရောင်ရှပ်အင်္ကျီတထည်ကို၊ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့က ရှာဖွေပုံစံ "ဂ" အရသိမ်းဆည်းခဲ့၏။ ဓါတုဗေဒဝန်ထမ်းအစီရင်ခံစာ (သက်သေခံ-၌) ၏နောက်ကျောပါရေးသားချက်ရှိ အမှတ် ၆ မှာ အစိမ်းရောင် ဖျော့ရောင် ရှပ်အင်္ကျီကို အိန္ဒိယပြည်ရှိ သွေးစစ်ဆေးကြည့်ရှုသူထံသို့ ပေးပို့ခဲ့ရာ၊ ထိုအင်္ကျီတွင် လူသွေးတွေ့ကြောင်း သက်သေခံ "၌" အရပြန်ကြားခဲ့သည်ကိုတွေ့ရသည်။ လူသွေးတွေ့သော အင်္ကျီမှာ အစိမ်းဖျော့အရောင်ရှိသည့် ရှပ်အင်္ကျီဖြစ်ပြီး၊ သက်သေခံရှာဖွေပုံစံ "ဂ" အရအယူခံတရားလိုထံမှ သိမ်းဆည်းခဲ့သည့် ရှပ်အင်္ကျီမှာအပြာရောင် ရှပ်အင်္ကျီဖြစ်သည့်အတွက် အယူခံတရားလို၏ အင်္ကျီ၌ လူသွေးတွေ့သည်ဆိုသော အချက်မှာ ထင်ရှားသည်ဟု မဆိုနိုင်ချေ။

ပန်းဘဲဆရာ မောင်သန်းထံတွင် ကိုင်းခုတ်ဒါးကို ပြုပြင်ပေးရန် အပ်သည်ဆိုသောအချက်မှာ အယူခံတရားလိုသည် မောင်ညီငယ်အား သတ်သည့်တရားခံပင်ဖြစ်သည်ဟုယူဆခြင်းမပြုနိုင်ပေ။ အယူခံတရားလိုသည် တောင်သူ လယ်သမား တဦးဖြစ်ရာ၊ ကိုင်းခုတ်ဒါးကို တောင်သူလယ်သမား တဦး၏လုပ်ငန်းကို လုပ်ကိုင်ရာ၌၊

---

(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၇ ခု၊ မဒရပ် ၉၅၁။
(၃) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၁ ခု၊ မဒရပ် ၈၈။
(၄) အေ၊အိုင်း၊အာ(ရ်)၊ ၁၉၅၅ ခု၊ အမ်ဘီ ၁၁၉(စုံညီခုံ)။

ရိုးရိုးသားသား ခုတ်ထွင်ရင်းပဲ့သားခြင်းလည်းဖြစ်နိုင်သည်။ လူကိုခုတ်၍ပဲ့ရသည်ဟု တထစ်ချယူဆခြင်းမပြုနိုင်ပေ။

အခင်းဖြစ်ပွါးပြီးနောက် အယူခံတရားလို၏ အမှုအရာပျက်နေသည် ဆိုသော်လည်း၊ ယင်းသို့အမှုအရာပျက်နေကာမျှဖြင့်၊ ၎င်းသည် လူသတ်သမားဖြစ်ရမည်ဟု စွပ်စွဲခြင်းမပြုနိုင်ပေ။ အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အယူခံတရားလိုအပေါ် ပေါ်ပေါက်လျက်ရှိသော ပတ်ဝန်းကျင် သက်သေ အထောက်အထားများမှာ အယူခံတရားလိုအပြစ်ရှိကြောင်း တထစ်ချကောက်ယူနိုင်သည့် သက်သေခံချက်များမဟုတ်ကြောင်း ထင်ရှားသည်။ နိုင်ငံတော် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့်အစိုးရရှေ့နေကြီး ဦးဇင်က၊ ထိုအဘိုင်းပင် ယူဆကြောင်းရိုးသားစွာဝန်ခံသွား၏။

ထို့ကြောင့် အောက်ရုံးစီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ပယ်ဖျက်ကာ၊ အယူခံတရားလိုအား၊ ဤအမှုနှင့်ပတ်သက်၍ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆

ရှော်ဖီရော်မာန် ပါ ၂ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

နိုဝင်္ဘာလ ၁ ရက်။

ဝင်ကုန်ထွက်ကုန် ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၅ (၂) အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။ဆန်စပါးမှာ မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည်။ ဆန်စပါးခိုး ထုတ်ခြင်းမှာ နိုင်ငံတော်၏ စီးပွါးရေးကို ကမောက်ကမ ဖြစ်စေနိုင်သည့် ကိစ္စဖြစ်၍၊ ထိုကဲ့သို့သော ပြစ်မှုကျူးလွန်သူများအား နောင်ကြဉ်လောက်အောင် ထိရောက်စွာ စံပြအနေဖြင့် အပြစ်ပေးသင့် ပေသည်။ သို့မှသာ အလားတူ ပြစ်မှု ကျူးလွန်ရန် ကြံရွယ်သူများအား အဟန့် အတား ဖြစ်စေမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးဘကျော်။

အယူခံတရားခံအတွက်။ ။(အစိုးရရှေ့နေကြီး။) ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ရှော်ဖီရော်မန်၊ ဇော်ဟီးရာမောက် နှင့် နှူရူဟောက်ဘို့အပေါ် ပင်ကုန်ထွက်ကုန် ကြီးကြပ်ရေး ဥပဒေပုဒ်မ ၅ (၂) အရ၊ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်စီကျခံစေရန်နှင့် ကြိမ်ဒဏ် ၁၅ ချက်စီအရိုက်ခံရန် အမိန့်ချမှတ်ခဲ့သော မောင်းတောမြို့၊ တွဲဘက်ခရိုင် ရာဇဝတ် တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် (၁၉၆၅ ခု၊ ဇန်နဝါရီလ ၁၂ ရက်)နေ့ညနေ ၇ နာရီခန့် အချိန်တွင် မေယုခရိုင် မောင်းတောမြို့အပိုင်၊ မင်္ဂလာကြီးစခန်းရှိ သေနတ်ကိုင်တပ်ရင်း (၂)၊ တပ်ခွဲ (၁) မှ ဒုတပ်ကြပ် စောလမွန်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၇နှင့် ၂၁၀။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ မေလ ၁၉ရက် နေ့စွဲပါ မောင်းတောမြို့၊ တွဲဘက်ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံဝင်မှု။

(လိုပြ-၁) ၏ ညွှန်ကြားချက်အရ၊ အကောက်ခွန်ဌာန အမှုထမ်း မောင်ဘဉီး (လိုပြ-၃) သည် ရဲဘော် မြင့်နိုင် (လိုပြ-၂)၊ ရဲဘော် အိုက်ဆန် ရဲတပ်သား အဒူလာလီ (လိုပြ-၄) တို့နှင့်အတူ၊ အေဘာဒူလာ (လိုပြ-၅)၊ ဖေါ်ဇော်လာမတ် (လိုပြ-၆) တို့၏ လှေဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ပါကစ္စတန် နိုင်ငံတို့၏ နယ်စပ်ဖြစ်သော နတ်မြစ်အတွင်း၌ ကင်းလှည့်နေစဉ်၊ ရေတွင်းကျန်း ချောင်းပေါက်သို့ ရောက်သောအခါ၊ လှေတစင်းသည် ပါကစ္စတန်ကမ်းဘက်သို့ ဦးတည်လှော်ခတ်သွားနေသည်ကို တွေ့ရသဖြင့်၊ လိုက်ဖမ်းရာ၊ အယူခံ တရားလိုသုံးဦးအား လုံးတီးဆန်အိတ် ၁၁ အိတ်နှင့် ဖမ်းဆီးရမိ၏။ ယင်းသို့ ဖမ်းဆီးလိုက်ပြီးနောက် များမကြာမီ လှေတစင်းသည် ထိုချောင်းမှပင် ထွက်လာပြီး ပါကစ္စတန်ဘက်သို့ လှော်ခတ်သွား၍ ရပ်တန့်ခိုင်းရာ ရပ်မပေးသည့်အပြင် ကင်းသမားတို့လှေကို ဦးတိုက်လာသောကြောင့်၊ တပ်သား ရဲဘော်များက သေနတ်ကို အပေါ်သို့ ထောင်၍ပစ်ဖောက်လိုက်၏။ သို့ရာတွင် ထိုလှေသည် ရပ်တန့်ခြင်းမရှိဘဲ အရှိန်နှင့် ဝင်လာသဖြင့်၊ ရဲဘော် ၂ ဦးက ထပ်မံ၍ သေနတ်တချက်စီ ပစ်ဖောက်လိုက်၍၊ လှော်တက်ကိုင်ပြီး ရပ်လျက်လိုက်ပါလာသူအား သေနတ်ကျည်ဆံ ထိမှန်ကာလဲသွားသည်။ ထိုလှေပေါ်ရှိကျန်လူ ၄ ဦးမှာ ထွက်ပြေး လွှတ်မြောက် သွားကြသည်။ ထိုလှေပေါ်တွင် လုံးတီးဆန်အိတ် ဂ အိတ်ကိုတွေ့ရလေသည်။

ကင်းသမားများသည် အယူခံ တရားလိုတို့ကိုငင်း၊ နောက်လှေမှ လူသေအလောင်းကိုငင်း ဖမ်းဆီးရမိသော ဆန်အိတ်များနှင့်တကွ ဖောင်းတောရဲတပ်စခန်း၌ အပ်ပေးလိုက်၏။ သေဆုံးသောသူမှာ အယူခံတရားလိုတို့ နေထိုင်သည့် ရေတွင်းကျန်းရွာသား ဒူဒူများ ဖြစ်ကြောင်း သိရသည်။ ဖမ်းဆီးရမိသော ဆန်များကို ချိန်တွယ်ကြည့်ရာ၊ အယူခံတရားလိုတို့၏လှေမှ တွေ့ရှိသည့် ဆန် ၁၁ အိတ်မှာ ပေါင် ၅၆၀ ရှိပြီး၊ သေဆုံးသူ ဒူဒူများ၏လှေမှ တွေ့ရှိသည့်ဆန် ဂ အိတ်မှာ ပေါင် ၁,၁၂၀ ရှိသည်ကို ဦးထွန်းတင် (လိုပြ-၇) က တွေ့ရှိလေသည်။

အထက်ပါ သက်သေ အထောက်အထားများအရ၊ အယူခံ တရားလိုတို့အပေါ် ပါကစ္စတန်ပြည်သို့ဆန်ခိုးထုတ်သည်ဟု ဆိုကာ၊ ဝင်ကုန် ထွက်ကုန် ကြီးကြပ်ရေး ဥပဒေပုဒ်မ ၅ (၂) အရ၊ တရားစွဲဆိုရာ အယူခံတရားလိုတို့က ၎င်းတို့သည် ဆန်ခိုးထုတ်ခြင်း မပြုရကြောင်း၊ အခင်းဖြစ်ညက ၎င်းတို့သည် ဦးရှဉ်ကျချောင်းအနီးရှိ ချောင်းငယ်တခု၌ ငါးထောင်နေကြကြောင်း၊ ၎င်းတို့လှေများ အနီးတွင် သစ်ခုတ်သွားမည့်လှေ ၂ စင်းလည်း ရှိကြောင်း၊ သစ်ခုတ်သွားမည့် လှေများပေါ်၌ ဖေါ်ဇီဇာမောက် (ခံပြ-၄)၊ ဟာဆူ (ခံပြ-၅)၊ ကာဒိရ်ဘောက်ရှူး (ခံပြ-၆) နှင့် ဟာဆူများ (ခံပြ-၇) တို့ရှိနေကြကြောင်း၊ ည ဂ နာရီခန့် အချိန်တွင် ၎င်းတို့၏

၁၉၆၆

ချော်ဖီရော်မန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အနောက်ဘက်မှ သေနတ်သံ ၂ ချက်ကြားရကြောင်း၊ **ခဏမျှအကြာတွင်** နောက်ထပ် သေနတ်သံ ၂ ချက်ကြားရပြီးနောက်၊ ရဲသား ၂ ယောက် ရောက်လာကြောင်း၊ ထိုရဲသားများက ၎င်းတို့အား ခေါ်၍ လိုက်သွားရပြီး၊ ဦးရွှင်ကျော်ခြောင်း **အနီးရှိ** လေ့တစင်းပေါ် သို့ ဟက်ခိုင်းကြောင်း၊ ထိုလေ့ထဲတွင် **ဆန်အိတ်**များကို တွေ့ကြောင်း၊ **အခြားလေ့တစင်းပေါ်** ၌လူသေအလောင်း **တလောင်းနှင့်** ဂုံနီအိတ်အချို့ကိုမြင်ကြောင်း၊ ထိုနောက် ရဲသားများသည် မိမိတို့အား **မင်္ဂလာကြီး** စခန်းသို့ ခေါ်သွားကြကြောင်း၊ **ဆန်အိတ်**များနှင့် **ဆန်အိတ်**တွေ့သောလေ့သည် **မိမိတို့၏** ပစ္စည်း မဟုတ်ကြောင်း ထုချေကြသော်လည်း အောက်ရုံးပညာရှိ တရားသူကြီးသည် အယူခံ တရားလိုတို့၏ ထုချေချက်ကို လက်မခံဘဲ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလိုတို့၏ ပညာရှိဖွေနေကြီး ဦးဘကျော်က အယူခံတရားလိုတို့အား မည်သည့်နေရာမှ ဖမ်းမိသည်ဆိုသော အချက်မှာ ကွဲလွဲနေကြောင်း၊ အယူခံတရားလိုတို့သည် ဆန်ဒိုးထုတ်သူများ မဟုတ်ဘဲ၊ ချောင်းဝဲ၌ ငါးဖမ်းနေကြသူများသာ ဖြစ်ကြောင်း၊ ကင်းလှည့်သူများသည် ဒုဒ္ဒုများဆိုသူအား သေနတ်နှင့် ပစ်သတ်ခဲ့မိသဖြင့်၊ မိမိတို့၏ ပြစ်မှုကို ဖုံးကွယ်ရန် အလို့ငှါ၊ အယူခံ တရားလိုတို့အား ငါးဖမ်းသော နေရာမှ လာရောက် ခေါ်ဆောင်သွားခြင်းသာ ဖြစ်ကြောင်း၊ အယူခံတရားလိုတို့၏ လေ့မှ ရမိသည်ဆိုသော ဆန်အိတ် ၁၁ အိတ်မှာ အလေးချိန် ၅၆၀ ပေါင်သာ ရှိပြီး၊ ဒုဒ္ဒုများ၏ လေ့မှတွေ့ရှိသည်ဆိုသော ဆန် ဂ အိတ်မှာ ၁,၁၂၀ ပေါင်ရှိသည်ဆိုသော အချက်မှာလည်း ယုတ္တိမရှိကြောင်း၊ ထို့ကြောင့် အယူခံ တရားလိုတို့အား တရားသေ လွှတ်သင့်ကြောင်း တင်ပြလာ၏။

အယူခံတရားလိုတို့အား လုံးတီးဆန်အိတ် ၁၁ အိတ်နှင့်အတူ ရေတွင်းကျွန်း ချောင်းဝအလွန် နတ်မြစ်အတွင်း ဖမ်းဆီးရမိသည်ဟု ရဲဘော် မြင့်နိုင်၊ မောင်ဘဦးနှင့် အဒုလာလီတို့က ထွက်ဆိုခဲ့ကြပြီး၊ အေဘာဒုလာနှင့် ဖေါ်ဇော်လာမောက်တို့ကမူ၊ ဦးရွှင်ကျော်ခြောင်းဝ အလွန်တွင် ဖမ်းဆီးခဲ့သည်ဟု ပြောဆိုခဲ့သည်မှာ မှန်၏။ အယူခံတရားလိုတို့အား **ဖမ်းဆီး**သော အချိန်မှာ ညအချိန်ဖြစ်၍ ကင်းလှည့်သွားသူများအနေဖြင့် ချောင်းတခုနှင့် တခုမှားပြီး ထွက်ဆိုခဲ့ကြဟန် လက္ခဏာရှိသည်။ မည်သို့ပင်ဖြစ်စေ ထိုသက်သေအားလုံးက အယူခံ တရားလိုတို့သည် နတ်မြစ်အတွင်း လေ့တစင်းဖြင့် ပါကစ္စတန်ပြည်ဘက်သို့ ဦးတည်ကာ လော်ခတ်နေ၍ လိုက်လံဖမ်းဆီးခဲ့ရကြောင်း၊ ၎င်းတို့၏ လေ့ပေါ်မှ လုံးတီးဆန်အိတ် ၁၁ အိတ်တွေ့ရကြောင်း **တညီတညွတ်တည်း** ထွက်ဆိုသွားကြသဖြင့်၊ ၎င်းတို့သည် ပါကစ္စတန်ပြည်သို့ ဆန်များ ခိုးထုတ်စဉ် ဖမ်းဆီးရမိခဲ့ကြောင်း ပေါ်လွင်သည်။

အယူခံ တရားလိုတို့က ကင်းလှည့်သူများသည်၊ ဒုဒူများအား သေနတ်နှင့် ပစ်သတ်ခဲ့ပြီးနောက်၊ မိမိတို့၏ ပြစ်မှုကို ဖုံးကွယ်ရန်အလို့ငှါ ၎င်းတို့အား ငါး ဖမ်းသည့်နေရာမှ လာခေါ်သွားခြင်းသာ ဖြစ်သည်ဆိုသော ထုချေချက်မှာ နောက်မှ လုပ်ကြံတင်ပြသည့် ထုချေချက်သာ ဖြစ်သည်။ အယူခံ တရားလိုတို့က မိမိတို့အား ရဲတပ်သား ၂ ဦးက လာခေါ်စဉ် ၎င်းတို့လေ့များ အနီး၌ သစ်ခုတ်လေ့ ၂ စင်း ရှိပြီး ထိုလေ့များပေါ်၌ ဖေါ်ဇီဇာမောက်၊ ဟာဆူ၊ ကာဒိရ်၊ ဘောက်ရှူးနှင့် ဟာဆူများတို့လည်း ရှိကြသည်ဟု ဆိုရာ၊ ထိုကဲ့သို့ ရှိနေသည်ဆိုခြင်းကို ရဲသား များအား စစ်ဆေးစဉ်ကသော်၎င်း၊ ရဲသားများ စီးနင်းလာသည့် လေ့သမားကို စစ်ဆေးစဉ်ကသော်၎င်း၊ မေးခွန်းတုတ်ခဲ့ခြင်း မရှိသည့်အပြင်၊ ရဲသားများ အနေနှင့် အယူခံ တရားလို သုံးဦးကိုသာ ရွေးချယ်ပြီး ဖမ်းဆီးခဲ့ရန် အကြောင်းမရှိ၊ ဖမ်း ခြင်းဖမ်းလျှင် ၎င်းတို့သုံးဦးနှင့် ထင်းခုတ်လေ့မှ ၎င်းတို့၏ သက်သေလေးဦးကိုပါ ဖမ်းဆီးခဲ့ရန်အကြောင်းရှိပေသည်။ ထို့ပြင်၊ ကင်းလှည့်သူများ အနေဖြင့် ဒုဒူများအား သေနတ်နှင့် ပစ်သတ်ခဲ့သည့်အတွက် အယူခံ တရားလိုတို့အား ဖမ်းဆီးရန်အကြောင်း မပေါ်ပေါက်နိုင်ပေ။ အယူခံ တရားလိုတို့သည် ဒုဒူများအား သေနတ်နှင့်ပစ်သော သူများကို ညအချိန်ဖြစ်၍ သိရှိနိုင်မည် မဟုတ်၍ ကင်းသမားများ အနေဖြင့် အယူခံ တရားလိုတို့ကို မတရား ဖမ်းဆီးပြီး ဆန်ခိုးထုတ်သည်ဟု လီဆယ်ကာ စွပ်စွဲရန် အကြောင်းမရှိပေ။ အယူခံ တရားလိုတို့၏ သက်သေများက အခင်းဖြစ် ညက မှောင်မိုက်နေသည်ဟု ဆိုထားကြရာ၊ ထိုနေ့မှာ ပြာသိုလဆန်း ၁၀ ရက်နေ့ ဖြစ်ပြီး၊ အချိန်မှာ ည ၈ နာရီဖြစ်၍၊ လရောင်ရှိနေမည်ဆိုခြင်းမှာ ယုံမှားဘွယ် မရှိ၊ သို့ဖြစ်ရာ အယူခံတရားလို သက်သေများ အနေဖြင့် အခင်းဖြစ်စဉ်က ရှိနေ ကြသည်ဆိုခြင်းမှာ များစွာ သံသယရှိနေလေသည်။

အယူခံ တရားလိုတို့၏ လေ့တွင် တွေ့ရှိသောဆန် ၁၁ အိတ်၏ အလေးချိန်မှာ ဒုဒူများ၏လေ့၌ တွေ့ရှိသည့်ဆန် ၈ အိတ်၏အလေးချိန်ထက် နည်းနေသည်မှာမှန်၏။ သို့ရာတွင်ထိုလေ့ ၂ စီးပေါ်တွင် တွေ့ရှိခဲ့သော ဆန်အိတ်များမှာ တရုတ်တစားတည်း ရှိသည်ဟု မည်သည့် သက်သေကမှ ထွက်ဆိုခဲ့ခြင်း မရှိသဖြင့်၊ အယူခံတရားလိုတို့၏ လေ့တွင်တွေ့ရှိသော ဆန်အိတ်များမှာ အရွယ်အစားအားဖြင့် ဒုဒူများ၏ ဆန် အိတ်များထက် ငယ်သည့်အတွက် အိတ်ဦးရေများသော်လည်း အချိန်မှာ လေ့၌ နည်းနေဟန်လက္ခဏာရှိသည်။ အထက်ပါ အကြောင်းရပ်များကြောင့် အယူခံတရားလို တို့သည် ပါကစ္စတန်ပြည်သို့ ဆန်ခိုးထုတ်ကြစဉ် ဖမ်းဆီးခံရသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

၁၉၆၆

ရှော်ဖီရော်မန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံ တရားလို ဇော်ဟီးရာမောက်နှင့် နူရူဟောက်တို့က အောက်ရုံးဥ္စ အစစ် ခံစဉ်၊ ၎င်းတို့၏ အသက်ကို ၁၆ နှစ်ဟုပေးခဲ့သော်လည်း၊ ၎င်းတို့သည် ရဲအရာရှိများ ဖမ်းဆီးစဉ်က အသက်ကို ၂၅ နှစ်နှင့် ၂၃ နှစ်ဖြစ်သည်ဟု အသီးသီးပေးခဲ့ကြသဖြင့်၊ ၎င်းတို့သည် သက်သာရာ သက်သာကြောင်း ရုံးချွန့် အသက်ကို လျှော့ပေါ့ပြော ဆိုခဲ့ကြောင်း ထင်ရှားသည်။

ယခုကိစ္စမှာ မြန်မာပြည်နှင့် ပါကစ္စတန်ပြည် နယ်စပ်ဖြစ်သည့် နတ်မြစ်မှ ဆန် ခိုးထုတ်သည့် ကိစ္စဖြစ်သည်။ (ဆန်စပါးမှာ မြန်မာနိုင်ငံ၏ အသက်သွေးကြော ဖြစ်သည်။ ဆန်စပါး ခိုးထုတ်ခြင်းမှာ နိုင်ငံတော်၏ စီးပွါးရေးကို ကမောက်ကမ ဖြစ်စေနိုင်သည့် ကိစ္စဖြစ်၍၊ ထိုကဲ့သို့သော ပြစ်မှုကျူးလွန်သူများအား နောင်ကျဉ် လောက်အောင် ထိရောက်စွာ စံပြအနေဖြင့် အပြစ်ပေးသင့်ပေသည်။ သို့မှသာ အလားတူ ပြစ်မှု ကျူးလွန်ရန် ကြံရွယ်သူများအား အဟန့်အတား ဖြစ်စေမည် ဖြစ်သည်)။ ထို့ကြောင့်ပင်လည်း၊ ဥပဒေက ဆန်စပါး ခိုးထုတ်သူအား အနည်းဆုံး ထောင်ဒဏ် ၇ နှစ်နှင့် ကြိမ်ဒဏ်ပါ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့်၊ အယူခံတရားလိုတို့၏ အယူခံမှုကို ပလပ် လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးသက်ဖေတို့ ရှေ့တွင်

သည်အမေရိကန် အင်တာနေရှင်နယ် အင်ရှူးဝါးရင့် (စ်) ကုမ္ပဏီ လီမိတက် [၎င်း၏ကိုယ်စား အမေရိကန် အင်တာနေရှင်နယ် အန်ဒါရိုက် တား (စ်) ဘားမားလီမိတက်](အယူခံတရားလို) † ၁၉၆၆ နို၀င်ဘာ ၁၀ ရက်။

နှင့်

မက်ဆား (စ်) သည်ဘားမိ (စ်) အီကော်နော်မက် (စ်) ဘဏ် လီမိတက် (ပြည်သူ့ဘဏ် အမှတ် ၂၁) ပါ ၂ (အယူခံတရားခံ)*

မီးအာမခံ ပေါ်လီစီအရ၊ အာမခံ ထားငွေများကို ရလိုကြောင်း၊ တရားစွဲဆိုမှု—ရှေ့ပြည်အေး ဆန်စက် မီးလောင်ကျွမ်းခြင်း—သက်သေပြရန် တာဝန် ဆိုသည့်စာတွေ့သဘောတရား—နှစ်ဘက်စလုံးက သက်သေ အထောက်အထားများကို တင်ပြခြင်း—သက်သေ အထောက အထားများ အပေါ် စီစစ်၍ အဆုံးအဖြတ် ပြုရန်သာ ဖြစ်ခြင်း—သောင်းကျန်းမှုနှင့် ရွှန်းရင်း ဆန်ခတ်မှုတို့ ကွာခြားခြင်း—ရွှန်းရင်းဆန်ခတ်မှု ရှိ မရှိဆိုခြင်းမှာ ဥပဒေ ပြဿနာသာ မက အကြောင်းခြင်းရာပြဿနာပါ ပူးတွဲ စဉ်းစားရခြင်း—အယူခံရုံး၌ ပဌမ အကြိမ် အနေဖြင့် တင်ပြခြင်း ပြုနိုင် မပြုနိုင်။

"ရှေ့ပြည်အေး" ဆန်စက်နှင့်တကွ စက်အဘွင်းရှိ ဆန်စပါး၊ ဆန်ထွက်ပစ္စည်း၊ ဂုံနီနှင့် ဂုံနီကြိုး စသည်တို့ကို အယူခံတရားလို အာမခံ ကုမ္ပဏီတွင် မီးအာမခံထားရာ ၎င်းတို့မီးလောင်ကျွမ်းသဖြင့် အာမခံထားငွေများ ရလိုကြောင်း တရားစွဲဆိုသည်။ အယူခံတရားလိုက ဆန်စက်မီးလောင်ကျွမ်းရခြင်းမှာ သောင်းကျန်းမှုကြောင့် ဖြစ်သည့်အတွက် မီးအာမခံငွေများကို လျော်ရန် တာဝန် မရှိဟု ထုချေလာပြီး မီးအာမခံ ပေါ်လီစီစာချုပ်၏အပိုဒ် ၆ ကို ကိုးကားသည်။ ဆုံးဖြတ်ချက်။ ။မီးအာမခံပေါ်လီစီ အပိုဒ် ၆ အရ၊ မီးလောင်ကျွမ်းသဖြင့် ဆုံးရှုံးရခြင်းမှာ သောင်းကျန်းမှုကြောင့် မဟုတ်ကြောင်း၊ အာမခံထားသူများက သက်သေ ထင်ရှားအောင် ပြသရန် တာဝန်ရှိပေသည်။ သို့ရာတွင် သက်သေပြရန်တာဝန်ဆိုသည့် စာတွေ့သဘောတရားမှာ အမှုဌာ ပေါ်ပေါက်ခြင်း မရှိဟုယူဆသည်။ အဘယ်ကြောင့်ဆိုသော် တရားလို တရားခံတို့ နှစ်ဦး

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၆၂။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၀ တွင် ၁၉၆၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ တရားရုံးချုပ် မူလဘက် ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆

သည် အမေရိကန် အင်တာနေရှင်နယ် အင်ရှ်ူးဝါးရင့်(စ်) ကုမ္ပဏီလိမိတက် [ၵင်း၏ ကိုယ်စား အမေရိကန် အင်တာနေရှင်နယ်အန်စ၀ါရိုက်တား(စ်) ဘားမားလိမိတက်] နှင့် မက်ဆား(စ်) သည်ဘားမိ(စ်) အီကော်နော်မက်(စ်)ဘဏ်လိမိတက် (မြည်သူ့ဘဏ် အမှတ် ၂၁) ပါ ၂။

နှစ်ဘက်စလုံးက သက်သေ အထောက် အထားများကိုတင်ပြခဲ့သဖြင့်၊ တရားရုံးအနေနှင့် ထိုသက်သေ အထောက် အထားများ အပေါ် စီစစ်၍ အဆုံးအဖြတ် ပြုရန်သာ ဖြစ်ပေသည်။

Samuel L. levy ၀. Assicurazioni Generali အေ၊ အိုဗီ၊ အာ (ရှ်)၊ ၁၉၄၀၊ (ပီ၊စီ) ၁၉၉။ **။နမ်ကရိရှားနားဆပ်** နှင့် **ဂိုပေါဆပ်**၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၀ (ပီ၊စီ) ၉၃။ ။ **။ဟာမင်း** နှင့် **ဟင်ဆင်း**၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၆ (ပီ၊စီ) ၁၅၆။ **။ဗူဂါပရာဆပ်** နှင့် **ဂျီဒတ်** အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၀ (ပီ၊စီ) ၂၁၀။ **။စီကိရှိး** နှင့် **စီစင်ဒီအက်စတိတ်**၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၉ (ပီ၊စီ) ၂၀၇။ **။မင်နကားနှင့် မာဒါရောင်း**၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၅၀ (ပီ၊စီ) ၂၅။ **။မောင်ရေး** နှင့် **မမယ်တင်**၊ ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး ၃၀၄.....ရည်ညွှန်းသည်။

သောင်းကျန်းမှု နှင့် ရုန်းရင်းဆန်ခတ်မှုတို့မှာ မိုးနှင့်မြေမက ကွာခြားလှပေသည်။ ရုန်းရင်းဆန်ခတ်မှု ရှိမရှိ ဆိုခြင်းမှာ ဥပဒေပြဿနာသာမက အကြောင်းခြင်းရာပြဿနာပါ ပူးတွဲ စဉ်းစားရမည် ဖြစ်၍၊ အယူခံတရားလို အာမခံ ကုမ္ပဏီသည် ထိုကိစ္စကိုအယူခံရုံး၌ ပဌမအကြိမ် အနေဖြင့် တင်ပြခြင်းမပြုနိုင်ပေ။

အယူခံ တရားလို အတွက်။ ။မစ္စတာ အင်စီဆင်းနှင့် ဦးမြင့်တင်။

အယူခံတရားခံ ၁ အတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် (ကိုယ်စား) အစိုးရ ရှေ့နေကြီး မစ္စတာ အက်(စ်)၊ကော၊ ဂို(ရှ်)။

အယူခံတရားခံ ၂ အတွက်။ ။ဦးဗကျမ်း။

တရားသူကြီး ဦးသက်ဖေ။ ။မြောင်းမြခရိုင်၊ မော်လမြိုင်ကျန်းမြို့ ဇာဘက်ကမ်းရှိ "ရှေပြည်အေး" ဆန်စက်မှာ ၁၉၆၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ညတွင် မီးလောင်ကျမ်းခြင်းခံရသည်။ အမှတ် ၁ အယူခံ တရားခံ ဖြစ်သည့် မြန်မာ့စီးပွါးရေးဘဏ် (ယခုပြည်သူ့ဘဏ် အမှတ် ၂၁) က ထိုစက်အတွင်းရှိ ဆန်၊ စပါး၊ ဆန်ထွက်ပစ္စည်း၊ ဂုံနီနှင့် ဂုံနီကြိုးများနှင့် ပတ်သက်၍ မီးအာမခံ ပေါ်လီစီ အမှတ် အိုင်၊အင် ၃၃၃၀၀၃ အက်ဖ် အရ၊ ကျပ်ငွေခြောက်သိန်းဖြင့်ငင်း၊ ထိုစက်၏ ဘွိုင်လာနှင့် စက်အစိတ်အပိုင်းများနှင့် ပတ်သက်၍ မီးအာမခံ ပေါ်လီစီ အမှတ် အိပ်ချ၊အေ၊အက်ဖ် ၅၉၀၁၂၅၀ အရ၊ ကျပ်ငွေနှစ်သိန်းဖြင့်ငင်း၊ အမှတ် ၂ အယူခံ တရားခံဖြစ်သည့် ဆန်စက်ပိုင်ရှင် ဦးဝင်းမောင်က ထိုစက်၏ အဆောက်အဦနှင့် ဂိုဒေါင်များနှင့်ပတ်သက်၍ မီးအာမခံ ပေါ်လီစီ အမှတ် အိုင်၊အင် ၃၃၃၉၃၉ အက်ဖ် အရ၊ ငွေကျပ်တသိန်းဖြင့်ငင်း အယူခံ တရားလို အာမခံ ကုမ္ပဏီတွင် အသီးသီး မီးအာမခံထားခဲ့သဖြင့်၊ ယင်း အာမခံထားငွေများကို ရလိုကြောင်း၊ ဤရုံးမူလဘက်၏ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၀၀၊ ၁၀၁ နှင့် ၁၁၀ တို့တွင် တရားစွဲဆိုရာ၊

စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်၍၊ ဤအယူခံမှုများ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ဤအယူခံမှုများတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်း ခြင်းရာနှင့် ဥပဒေ ပြဿနာများမှာ ထပ်တူထပ်မျှ ဖြစ်၍၊ ဤစီရင်ချက်သည် အယူခံမှုအားလုံး အတွက်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

"ရွှေပြည်အေး" ဆန်စက် အဆောက်အဦများ၊ စက်ကိရိယာများ၊ ဆန်စက် အတွင်း သိုလှောင်ထားသည့် ဆန်၊ စပါး၊ ဆန်ထွက်ပစ္စည်း၊ ဂုံနီနှင့်ဂုံနီကြိုး အားလုံးမှာ လုံးဝ မီးလောင် ကျွမ်းခဲ့သဖြင့်၊ သာမန်အားဖြင့်ဆိုလျှင်၊ အယူခံ တရားလို အာမခံ ကုမ္ပဏီသည် မီးအာမခံငွေများကို ပေးလျော်ရန်သာ ရှိပေသည်။ သို့ရာတွင် "ရွှေပြည်အေး" ဆန်စက် မီးလောင်ကျွမ်းရခြင်းမှာ သောင်းကျန်းမှုကြောင့် ဖြစ်သည့်အတွက်၊ မိမိတို့တွင် မီးအာမခံငွေများကို ပေးလျော်ရန် တာဝန်မရှိကြောင်း အယူခံ တရားလို အာမခံ ကုမ္ပဏီက ထုချလာပြီး၊ မီးအာမခံ ပေါ်လီစီ စာချုပ်၏ အပိုဒ် ၆ ကို ကိုးကားခဲ့သည်။ အဆိုပါအပိုဒ် ၆ ၏ လိုရင်းစာသားများမှာ အောက်ပါ အတိုင်းဖြစ်သည်။

"This insurance does not cover any loss or damage occasioned by or through or in consequence, directly or indirectly, of any of the following occurrences, namely :—

(*a*) * * *

(*b*) * * *

(*c*) * * *

(*d*) Mutiny, riot, military or popular rising, insurrection, rebellion, revolution, military or usurped power,

* * * *

Any loss or damage happening during the existence of abnormal conditions (whether physical or otherwise) which are occasioned by or through or in consequence, directly or indirectly, of any of the said occurrences shall be deemed to be loss or damage which is not covered by this insurance, except to the extent that the Insured shall prove that such loss or damage happened independently of the existence of such abnormal conditions.

In any action, suit or other proceeding where the Company alleges that by reason of the provisions of this condition any loss or damage is not covered by this insurance, the burden of proving that such loss or damage is covered shall be upon the Insured."

၁၉၆၆

သည် အမေရိကန် အင်တာနေရှင်နယ် အာ့ရှ်ူးဝါးရင့်(စ်) ကုမ္ပဏီ လီမိတက် [၎င်း၏ ကိုယ်စား အမေရိကန် အင်တာနေရှင်နယ် အန်ဒါရိုက်တား (စ်) ဘားမား လီမိတက်] နှင့် ဖက်ဆား(စ်) သည့်ဘားမိ(စ်) အီကော်နော်မက်(စ်) ဘဏ် လီမိတက် (ပြည်သူ့ဘဏ်အမှတ် ၂၁) ပါ ၂။

ပညာရှိမူလဘက် တရားသူကြီးသည်၊ နှစ်ဘက်သက်သေများကို စစ်ဆေးကြား နာပြီးနောက် "ရွေပြည်အေး" ဆန်စက်အား မီးရှို့ခဲ့သော သူများမှာ သောင်းကျန်းသူများ ဖြစ်သည်ဟု သက်သေ အထောက်အထား မခိုင်လုံကြောင်း၊ မီးအာမခံ ပေါ်လီစီ စာချုပ်၏ အပိုဒ် ၆ ၌ မီးလောင်ကျမ်းသဖြင့် ဆုံးရှုံးရခြင်းမှာ သောင်းကျန်းမှုကြောင့် မဟုတ်ဟု သက်သေထင်ရှားအောင် ပြသရန် တာဝန်ကို အာမခံထားသူ အပေါ် ချထားသော်လည်း၊ သက်သေခံ ဥပဒေပုဒ်မ ၁၀၂ အရ၊ ထိုတာဝန်မှာ အာမခံ ကုမ္ပဏီအပေါ်၌ ရှိကြောင်း၊ အာမခံ ကုမ္ပဏီ အနေဖြင့် ဆန်စက် မီးလောင်ကျမ်းရခြင်းမှာ သောင်းကျန်းမှုကြောင့် ဖြစ်သည်ဟု ထင်ရှားအောင် ပြသရန် တာဝန်ကို မကျေပွန်ခဲ့ကြောင်း အဆုံးအဖြတ်ပြုကာ၊ ဘဏ်နှင့် စက်ပိုင်တို့၏ အမှုများကို ဒီကရီ ချမှတ်လိုက်ခြင်း ဖြစ်သည်။

အယူခံ တရားလို အာမခံ ကုမ္ပဏီ၏ ပညာရှိ ရွှေနေကြီး မစ္စတာ ဆင်းက၊ သက်သေထင်ရှားအောင် ပြသရန် တာဝန်နှင့် ပတ်သက်သည့် မူလဘက် ပညာရှိ တရားသူကြီး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းချတ်ချေ် နေကြောင်း တင်ပြလာ၏။ သက်သေခံ ဥပဒေပုဒ်မ ၁၀၁၊ ၁၀၂ နှင့် ၁၀၃ ပါ ပြဋ္ဌာန်းချက်များမှာ တရားရုံးသို့ ရောက်သောအခါ အမှုသည်များ အနေဖြင့် မည်သို့မည်ပုံ သက်သေထူရမည်ဟု သတ်မှတ်ချက်များသာ ဖြစ်သည်။ အမှုစစ်ဆေးရာ၌ မှန်မှန်နှင့် မြန်မြန် ပြီးစီးနိုင်စေရန်အလို့ငှါ ရည်ရွယ်၍ ပြုလုပ်ထားသော ပြဋ္ဌာန်းချက်များ ဖြစ်၏။ ထို ပြဋ္ဌာန်းချက်များသည် တရားစီရင်ရာ၌ လုပ်နည်းလုပ်ဟန်နှင့် ပတ်သက်သော သတ်မှတ်ချက်များသာ ဖြစ်သည်။ အမှုသည် တဦးဦး၏ ပြောင်းလဲခြင်း မပြုနိုင်သည့် သီးခြားတည်ရှိသော အခွင့်အရေးများ ဖြစ်သည်ဟု မဆိုနိုင်ချေ။ ဥပဒေက အတိအလင်း တားမြစ်ထားသည့် ကိစ္စရပ်လည်း မဟုတ်သည့် အပြင်၊ လုပ်သားပြည်သူ အကျိုးပြုသောမူအား ဆန့်ကျင်သည့် ကိစ္စလည်း မဟုတ်သောကြောင့် တရားလို တရားခံတို့ အနေဖြင့် သက်သေထင်ရှားအောင် ပြသရန် တာဝန်ကို နှစ်ဦးသဘောတူလျှင် မည်သူ့အပေါ်၌မဆို ချထားနိုင်ခွင့် ရှိပေသည်။ ယင်းသို့ တာဝန်ချထားခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ ဤကိစ္စနှင့် ပတ်သက်၍ ပရီဗီကောင်စီ၏ ဖြတ်ထုံးဖြစ်သော ***Samuel L. Levy*** **v.** ***Assicurazioni Generali*** (၁) အမှုပါ အောက်ပါ ဆုံးဖြတ်ချက်ကိုသာ ကျွန်ုပ်တို့ ရည်ညွှန်းလိုသည်။

> **"In fire insurance as a matter of agreement between parties the onus of proof of any particular fact or of its non-existence may be placed on either party in accordance with the agreement made between them."**

(၁) အေးအိုင်းအာ(ရ်)၊ ၁၉၄၀ (ပီ၊စီ) ၁၉၉။

ထို့ကြောင့် (မီးအာမခံ ပေါ်လီစီ အပိုဒ် ၆ အရ၊ မီးလောင်ကျွမ်းသဖြင့် ဆုံးရှုံးရခြင်းမှာ သောင်းကျန်းမှုကြောင့် မဟုတ်ကြောင်း၊ အာမခံသူများက သက်သေထင်ရှားအောင် ပြဿနာ တာဝန်ရှိပေသည်။ သို့ရာတွင် သက်သေပြရန် တာဝန်ဆိုသည့် စာတွေ့ သဘောတရားမှာ ဤအမှုဌ ပေါ်ပေါက်ခြင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ အဘယ်ကြောင့်ဆိုသော် တရားလို တရားခံတို့ နှစ်ဦးနှစ်ဘက် စလုံးက သက်သေ အထောက် အထားများကို တင်ပြခဲ့သဖြင့်၊ တရားရုံးအနေနှင့် ထိုသက်သေ အထောက်အထားများ အပေါ် စိစစ်၍ အဆုံးအဖြတ် ပြုရန်သာ ဖြစ်ပေသည်။) အငြင်းပွါးလျက်ရှိသည့် ပြဿနာနှင့် ပတ်သက်၍ လုံးဝသက်သေ အထောက်အထား မရှိသည့် အမှုမျိုး၊ သို့တည်းမဟုတ် နှစ်ဦးနှစ်ဘက် တင်ပြထားသည့် သက်သေ အထောက်အထားများမှာ အပြိုင်အဆိုင် ဖြစ်နေ၍ တရားရုံးအနေဖြင့် အဆုံးအဖြတ် ပေးရာ၌ ဝေခွဲ၍ မရနိုင်သည့် အမှုမျိုးတွင်မူ၊ သက်သေပြ ရန် တာဝန်သည် အရေး တကြီး စဉ်းစားရမည့် ကိစ္စတရပ် ဖြစ်ပေလိမ့်မည်။ အဆိုပါအမှုမျိုးတွင်မူ သက်သေ ပြရန်တာဝန်ရှိသူ အနေဖြင့် မိမိ၏ တာဝန်ကို မကျေပွန်ဟု ဆိုရမည်ဖြစ်ပြီး၊ ၎င်းအား အလျှော်ပေးရန် အကြောင်း ပေါ်ပေါက်မည် ဖြစ်သည်။ နှစ်ဦးနှစ်ဘက်စလုံးက သက်သေ အထောက်အထားများကို တင်ပြခဲ့လျှင် ထိုသက်သေ အထောက်အထားများ အပေါ် မူတည်၍ ဆုံးဖြတ်ရမည် ဖြစ်ရာ၊ သက်သေပြရန် တာဝန်ဆိုသော ပြဿနာမှာ အရေးတကြီး စဉ်းစားရန် မလိုတော့ပေ။ ။**နမ်ကရိရှားနားဆပ်နှင့် ဂိုပေါဆပ်** (၂)၊ **ဟာမင်း** နှင့် **ဟင်ဆင်း** (၃)၊ **ဒူဂါပရာဆတ်နှင့် ဂျီဒတ်** (၄)၊ **စီကိရှီး** နှင့် **စီစင်ဒီ အက်စတိတ်** (၅)၊ **မင်နကားနှင့် မာဒါရောင်း** (၆) နှင့် **မောင်ရေး** နှင့် မမယ်တင် (၇) တို့အမှုမှာ အလားတူ ကောက်ယူထားသည့် ဖြတ်ထုံးအချို့ဖြစ်သည်။

အယူခံတရားခံ ဘဏ်နှင့် စက်ပိုင်တို့က "ရွှေပြည်အေး" ဆန်စက် မီးလောင် ရသည့် ကိစ္စနှင့် ပတ်သက်၍၊ မီးလောင်စဉ်က ဆန်စက်ထဲ၌ ရှိနေကြသူများ၊ မီးလောင် ပြီးနောက် နာရီပိုင်းအတွင်း မီးလောင်ပြင်သို့ ရောက်သွားကြသူများနှင့် မီးလောင် သည့်ကိစ္စအား ကိုယ်တိုင်ကိုယ်ကျ စုံစမ်း စစ်ဆေးခဲ့ရသူများကို သက်သေထူဖြစ် စစ်ဆေးခဲ့ကြသည်။ မောင်ပု(လိုပြ-၁)မှာ ဆန်စက် မီးလောင်စဉ်က ဆန်စက်တွင်

၁၉၆၆

သည် အမေရိကန် အင်တာနေ **ရှင်နယ် အင်ရှူး** ဝါးရင့်(စ်) ကုမ္ပဏီ လီမိတက် [၎င်း၏ ကိုယ်စား အမေ ရိကန် အင်တာ နေရှင်နယ် အန် ဒါရီကိတား (စ်) ဘားမား လီမိတက်] **နှင့်** မက်ဆား(စ်) သည်ဘားမီ(စ်) အီကော်နော် မက်(စ်)ဘဏ် လီမိတက် (ပြည် သူ့ဘဏ်အမှတ် ၂၁) ပါ ၂။

(၂) အေးအိုင်၊အာ(ရ်)၊ ၁၉၄၀ (ပီ၊စီ) ၉၃။
(၃) အေးအိုင်၊အာ(ရ်)၊ ၁၉၄၆ (ပီ၊စီ) ၁၅၆။
(၄) အေးအိုင်၊အာ(ရ်)၊ ၁၉၄၈ (ပီ၊စီ) ၂၁၀။
(၅) အေးအိုင်၊အာ(ရ်)၊ ၁၉၄၉ (ပီ၊စီ) ၂၀၇။
(၆) အေးအိုင်၊အာ(ရ်)၊ ၁၉၅၀ (ပီ၊စီ) ၂၅။
(၇) ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး ၃၀၄။

၁၉၆၆

သည် အမေရိကန် အင်တာနေရှင်နယ် အင်ဒျူးဝါးရင့်(စ်) ကုမ္ပဏီလိမ်တက် [ၫင်း၏ ကိုယ်စား အမေရိကန် အင်တာနေရှင်နယ် အန်စါရိုက်တား(စ်) ဘားမား လိမ်တက်] နှင့် မက်ဆား(စ်) သည် ဘားမိ(စ်) အိကော်နော်မက်(စ်) ဘဏ် လိမ်တက် (ပြည်သူ့ ဘဏ် အမှတ် ၂၁) ပါ ၂။

လက်ထောက်တန်ဒယ်(လ်)ဖြစ်ပြီး၊ ကိုညွန့်မောင် (လိုပြ-၂)မှာ ထိုစဉ်က ၎င်း၏ စပါးများကို ဆန်ကြိတ်နေသဖြင့် စက်ထဲ၌ ရှိနေသည်။ ၎င်းတို့က ညဉ့်သန်းခေါင် ကျော် နံနက် ၁ နာရီခန့်အချိန်တွင် ဆန်စက်ထဲသို့ လက်နက်ကိုင် အရပ်ဝတ်အရပ်စား လူဆိုးသုံးယောက် ဝင်လာပြီး၊ ကိုညွန့်မောင်ကို လူဆိုးတယောက်က သေနတ်နှင့် ချိန်၍ စက်အပြင်သို့ ခေါ်ထုတ်သွားကြောင်း၊ ကျန်လူဆိုးများက စက်ကို မီးတင်ရှို့ကြောင်း၊ဆန်စက် မီးစွဲပြီးနောက် လူဆိုးများသည် သေနတ် ၂ ချက်၊ ၃ ချက်ဖောက်ပြီး ထွက်သွားကြကြောင်း ထွက်ဆိုကြသည်။ ဆန်စက်နှင့် ပေ ၅၀ အကွာတွင် နေထိုင်သည့် အကြော်သည် ဦးသန်းမောင် (လိုပြ-၃)ကလည်း ဆန်စက်မီးလောင်ပြီး ၁၀ မိနစ်၊ ၁၅ မိနစ်ခန့်ကြာမှ သေနတ်သံ ၃၊ ၄ ချက်ခန့်ကြားကြောင်း ထောက်ခံ ထွက်ဆိုသွား၏။ ဆန်စက်နှင့် ပေ ၃၀၀ ခန့်အကွာတွင် နေထိုင်သည့် လက်သမား ဦးလှ (လိုပြ-၁၅) ကလည်း မီးလောင်ပြီးမှ သေနတ်သံတချက် ကြားရပြီး တိုက်ပွဲ ဖြစ်ပွါးခြင်း မရှိကြောင်း ထွက်ဆိုသွားလေသည်။

ထိုကဲ့သို့ "ရွှေပြည်အေး" ဆန်စက် မီးလောင်သော အချိန်က မော်လမြိုင်ကျန်းရဲတပ်စခန်းတွင် စခန်းမှူးမှာ ဦးသောင်းခင် (ခံပြ-၁၉) ဖြစ်သည်။ "ရွှေပြည်အေး" ဆန်စက် မီးလောင်သည်ကို မြို့ဘက်ကမ်းမှ တွေ့မြင်ရသဖြင့် ဦးသောင်းခင်သည် ဒုလုံခြုံရေးမှူး ဦးရဲသေး (လိုပြ-၁၆)၊ ရဲတပ်ကြပ်ကြီး ဦးလှထွန်း (လိုပြ-၁၇) နှင့် ရဲတပ်သား ၁၅ ယောက်တို့အား တိုက်ကင်းဖွဲ့ပြီး စုံစမ်းရန် မော်တော်ဖြင့် လှတ်လိုက်ရာ မီးအရှိန်မှာပူ ပြင်းလွန်း၍ စက်ဆိပ်၌ မော်တော် မကပ်နိုင်သည့် အတွက် စက်နှင့် ၂ မိုင်ခဲ့ခန့်ဝေးသည့် မယ်ဇလီရွာအရောက် မော်တော်ကို ခုတ်မောင်းသွားရသည်။ မယ်ဇလီရွာသို့ ရောက်သောအခါ ကမ်းပေါ်မှ အမျိုးအမည်မသိ လူအချို့က သေနတ်နှင့် ပစ်သောကြောင့် ရဲမော်တော်ပေါ်မှလည်း သေနတ်နှင့် အချက်ပေါင်းများစွာ ပြန်လည်ပစ်ခတ်ခဲ့၏။ ထိုကဲ့သို့ တဘက်နှင့်တဘက် ပစ်ခတ်ရာတွင် တဦးနှင့်တဦး တွေ့မြင်ကြရ၍မဟုတ်ဘဲ အသံကြားရာဘက်သို့ မှန်းခြေဖြင့် ပစ်ခတ်ကြခြင်းသာ ဖြစ်သည်။ ထိုနောက် ရဲမော်ဘော်သည် မီးလောင်နေသည့် စက်အနီးရှိ ဆင်မင်း သစ်စက်ဆိပ်သို့ ကပ်ပြီး ဦးရဲသွေးတို့လူစု ဆင်းကြည့်ရာ မီးသတ်ရဲဘော်နှင့် အခြားလူများက မီးလောင်နေသောစက်ကို မီးငြိမ်းသတ်ရန် ကြိုးစားနေကြသည်ကို တွေ့ရလေသည်။ အထက်ပါ အကြောင်းခြင်းရာများကို ထောက်ရှုလျှင်၊ ဆန်စက် မီးလောင်သည့် ညက ရဲအဖွဲ့နှင့် အမျိုးအမည်မသိ လူတစုတို့ အပြန်အလှန် ပစ်ခတ်ကြခြင်းမှာ ဆန်စက်အနီးအနားတွင် မဟုတ်ဘဲ ဆန်စက်နှင့် ၂ မိုင်ခဲ့ခန့်ဝေးသည့် မယ်ဇလီရွာဘက်တွင် ဖြစ်ကြောင်း ပေါ်လွင်သည်။ ဆန်စက်ကို မီးရှို့သည့် သောင်းကျန်းသူများနှင့် ရဲအဖွဲ့ဝင်တို့ တိုက်ပွဲဖြစ်ပွါးသည်ဆိုသော သတင်းစာများ၌ ရေးသားကြသည့် သတင်းများမှာ မဟုတ်

မမှန်ကြောင်း ပေါ်လွင်နေသည်။ အမှန်မှာ ရဲအဖွဲ့အား မယ်ဇလီရွာဘက်မှ သေနတ်နှင့် ပစ်ခတ်ကြသော သူများမှာ သောင်းကျန်းသူများ ဖြစ်သည်ဆိုသော သက်သေအထောက်အထားပင် မရှိချေ။

ရဲတပ်စခန်းမှူး ဦးသောင်းခင်က ဒု-လုံခြုံရေးမှူး ဦးရဲသွေးတို့ ပြန်လာပြီး အစီရင်ခံချက်အရ၊ ခရိုင် ကြီးကြပ်ရေးမှူးထံသို့ ဆန်စက်ကို သူပုန်တို့က မီးဝင်ရှို့ သွားကြောင်း အစီရင် ခံလိုက်သည်မှာ မှန်ကြောင်း၊ သို့ရာတွင် ထိုစဉ်က မီးလောင်သည့် နေရာကို လည်းမရောက်၊ သက်သေ တစုံတယောက်ကိုမျှ မစစ်ဆေးဘဲ အစီရင် ခံလိုက်ခြင်းသာ ဖြစ်ကြောင်း၊ နောက်သက်သေ ၁၈ ယောက်ကို စစ်ဆေးကြည့်ရာ ဆန်စက်ကို သူပုန်များက မီးရှို့သည်ဆိုသော အထောက်အထား မတွေ့ရသဖြင့် ထိုအတိုင်းပင် ၁၉၆၁ ခု၊ ဇွန်လ ၉ ရက်နေ့တွင် အစီရင်ခံလိုက်ကြောင်း၊ စီးပွါးပြိုင်ဘက်ခြင်း မလိုမုန်းထား သောကြောင့် ရှို့သည်မီး ဖြစ်သည်ဟု စုံစမ်းချက်အရ တွေ့ရှိကြောင်း ဦးသောင်းခင်က ထွက်ဆိုသွားသည်။ ထို့ပြင် မီးလောင်မှု ဖြစ်ပွါးပြီးနောက်၊ များမကြာမီ စုံစမ်းစစ်ဆေးသည့် ခရိုင်မီးသတ်အရာရှိ ဦးချစ်မောင် (လိုပြ-၆)ကလည်း ဆန်စက် မီးလောင်ရခြင်းမှာ သောင်းကျန်းသူများနှင့် တစုံတရာ ဆက်သွယ်မှု မရှိကြောင်း တွေ့ရှိသည်ဟု ထွက်ဆိုသွားလေသည်။

အယူခံတရားလို အာမခံ ကုမ္ပဏီက သတင်းစာ အသီးသီးတွင် ပါသည့် သတင်းများ၊ ခရိုင်ဝန်နှင့် ခရိုင်ရဲဝန် ရုံးများမှ မည်သို့မည်ပုံ မီးလောင်ရသည်ဆိုသော အစီရင်ခံချက်များနှင့် မီးလောင်နေဆဲ စက်အနီးသို့ ရောက်သွားကြသည့် နယ်ပိုင်ဝန်ထောက်နှင့် အပေါင်းပါအချို့၏ ထွက်ချက်များကို ကိုးကား၍ ဆန်စက် မီးလောင်ကျမ်း ရခြင်းမှာ သောင်းကျန်းသူ တို့၏ လက်ချက်ကြောင့် ဖြစ်သည်ဟု ဆိုလာ၏။ "ရန်ကုန်"၊ "မြန်မာ့အလင်း"၊ "ဂါဒီယန်း" သတင်းစာများတွင် "ရွှေပြည်အေး" ဆန်စက်ကို သောင်းကျန်းသူများ မီးရှို့သွားကြောင်း သတင်းအဖြစ် ပါခဲ့သည်မှာ မှန်၏၊ သို့ရာတွင် ထိုသတင်းစာများ၏ တာဝန်ခံ အယ်ဒီတာများ ဖြစ်ကြသည့် ဦးတင်အေး (ခံပြ-၁)၊ ဦးစိုးမောင် (ခံပြ-၃)နှင့် ကိုမင်းသူ (ခံပြ-၈) တို့က ထိုသတင်းမှာ သတင်းထောက် အသီးသီးက ထည့်သွင်းသော သတင်းဖြစ်၍ မှန်မမှန် မပြောနိုင်ကြောင်း ဝန်ခံထားသဖြင့် သတင်းစာများပါ သတင်းသည် ဧကန်အမှန်ဖြစ်သည်ဟု မဆိုသာချေ။

မီးလောင်ဆဲ ရောက်ရှိခဲ့သည့် ဝါးခယ်မ နယ်ပိုင်ဝန်ထောက် ဦးဉာဏ်ရှိန် (ခံပြ-၉)၊ ဝါးခယ်မမြို့၊ လက်ထောက်မြို့ပိုင် ဦးထွန်းရှိန် (ခံပြ-၁၀)၊ ယစ်မူးမျိုး ဦးချစ်စိန် (ခံပြ-၁၁)နှင့် ဦးကျော်ဝင်း (ခံပြ-၁၂)တို့၏ ထွက်ချက်များကို ကြည့်ရှုလျှင်၊ ထိုနေ့ညက ၎င်းတို့သည် ရွှေလောင်းရွာမှ ဒေါ်တော်ဖြင့် ထွက်လာရာ မော်လမြိုင်ကျန်းဘက်မှ မီးတောက် တက်လာသည်ကို မြင်ရသောကြောင့် မော်တော်ကို တနာရီကျော်ကျော်

၁၉၆၆

သည် အမေရိကန် အင်တာနေရှင်နယ် အင်ရှူးဝါးရင့်(စ်) ကုမ္ပဏီ လီမိတက် [၎င်း၏ ကိုယ်စား အမေရိကန် အင်တာနေရှင်နယ် အန်ဒါရိုက်တား (စ်) ဘားမားလီမိတက်] နှင့် မက်ဆား(စ်) သည်ဘားမီ(စ်) အီကော်နေဘ် မက်(စ်)ဘဏ် လီမိတက် (ပြည်သူ့ဘဏ် အမှတ် ၂၁) ပါ ၂။

၁၉၆၆

သည် အမေရိကန် အင်တာနေရှင်နယ် အင်ရူးဝါးရင့်(စ်) ကုမ္ပဏီ လီမိတက် [ၫင်း၏ ကိုယ်စား အမေရိကန်အင်တာနေရှင်နယ်အန်ဒါရိုက်တား (စ်) ဘားမားလီမိတက်] နှင့် မက်ဆား(စ်) သည်ဘားမိ(စ်) အီကော်နော်မက်(စ်)ဘဏ် လီမိတက် (ပြည်သူ့ဘဏ် အမှတ် ၂၁) ပါ ၂။

စက်ကုန်ခုတ်မောင်းလာပြီးနောက်၊ ဆန်စက် မီးလောင်နေသည်ကို တွေ့ရသဖြင့် ဆန်စက်ဆိပ်၌ မော်တော်ကို ကပ်သောအခါ လူတယောက်က သူပုန်ရှိသည်ဟု ပြောသောကြောင့် မော်တော်ပေါ်သို့ ပြန်တက်ကာ မော်လမြိုင်ကျွန်းမြို့သို့ ထွက်ခွါခဲ့ကြောင်း ပေါ်ပေါက်နေသည်။ ဆန်စက်ကို မီးရှို့သော သူများမှာ သူပုန်များ ဖြစ်သည် မဖြစ်သည်ဆိုခြင်းကို ၎င်းတို့အနေဖြင့် ကိုယ်တိုင်သိရှိကြသူများ မဟုတ်ပေ။

ဦးဥာဏ်ရှိန်သည် မော်လမြိုင်ကျွန်းမြို့သို့ ရောက်သော အခါ မော်လမြိုင်ကျွန်းမြို့ပိုင်အား၊ ခရိုင်ဝန်နှင့် တိုင်မင်းကြီးထံသို့ ဆန်စက်ကို သူပုန်များ မီးရှို့သွားကြောင်း ချက်ခြင်း ကြေးနန်းအရိုက်ခိုင်းသည်။ ဦးဥာဏ်ရှိန် အနေဖြင့် ဆန်စက်ကို မီးရှို့သူများမှာ မည်သူမည်ဝါဖြစ်သည်ဟု အတိအကျ အသေအချာ မသိရှိဘဲ သူပုန်များ မီးရှို့သည်ဟု ထင်ကြေးနှင့် အစီရင်ခံခဲ့ကြောင်း ပေါ်လွင်နေသည်။

ထိုကဲ့သို့ မစုံစမ်း မဆင်ခြင်ဘဲ အဆောတလျင် ရိုက်ခဲ့သည့် ကြေးနန်း အစီရင်ခံစာကြောင့်ပင် ခရိုင်ဝန် အနေဖြင့် "ရွှေပြည်အေး" ဆန်စက်ကို သောင်းကျန်းသူများ မီးရှို့ ခဲ့သည်ဟု အထင်ရောက်ခဲ့ဟန်ရှိသည်။ ယင်းသို့ အထင်ရောက်သည့်အတိုင်း၊ အယူခံ တရားလို အာမခံ ကုမ္ပဏီက မေးမြန်းသော အခါ၌ သောင်းကျန်းသူ မီးရှို့သည်ဟု ပြန်ကြားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်။ ထိုအတိုင်းပင် ခရိုင်ရဲဝန် အနေဖြင့် ဦးသောင်းခင်၏ မူလ အစီရင်ခံစာတွင် မူတည်ပြီး ဆန်စက်ကို သူပုန်များ မီးရှို့သည်ဟု အာမခံ ကုမ္ပဏီသို့ ပြန်ကြားခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားသည်။ ခရိုင်ဝန် ဦးဘအေး (ခံပြ-၄)နှင့် ခရိုင်ရဲဝန် ဦးလှစိန် (ခံပြ-၅)တို့မှာ ဆန်စက်မီးလောင်စဉ်က မြောင်းမြခရိုင်၌ တာဝန်ကျခြင်း မရှိသေးသဖြင့် ၎င်းတို့အနေနှင့် မည်သို့မည်ပုံ ဆန်စက် မီးလောင်သည် ဆိုခြင်းကို ကိုယ်တိုင် သိရှိကြသူများ မဟုတ်သဖြင့် ၎င်းတို့၏ ထွက်ဆိုချက်များမှာ အယူခံတရားလို အာမခံကုမ္ပဏီအတွက် အကျိုးဖြစ်ထွန်းစေသည့် ထွက်ချက်များဖြစ်သည် မဆိုနိုင်ချေ။

အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေ အထောက်အထား အားလုံးကို ခြုံ၍ကြည့်လျှင်၊ "ရွှေပြည်အေး" ဆန်စက်အား၊ သောင်းကျန်းသူများက မီးရှို့သွားသည်ဆိုသော အချက်မှာ လုံးဝပေါ်လွင် ထင်ရှားခြင်း မရှိပေ။ အုပ်ချုပ်ရေးအပိုင်း အနေနှင့်ငင်း၊ ရဲကဏ္ဍ အနေနှင့်ငင်း မစုံစမ်း မစစ်ဆေးဘဲ သောင်းကျန်းသူတို့ကြောင့် ဖြစ်သည်ဟု အရင်စလို လွယ်လွယ်နှင့် အစီရင်ခံလိုက်ကြခြင်းသာဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရပေသည်။

အယူခံတရားလို အာမခံ ကုမ္ပဏီ၏ ပညာရှိ ရွှေနေကြီး မစ္စတာ ဆင်းက၊ ဆန်စက် မီးလောင်ရခြင်းမှာ သောင်းကျန်းမှုကြောင့် မဟုတ်ဟု ဆိုပါက ရှုန်းရင်းဆန်ခတ်မှု

ကြောင့် ဖြစ်သည်ဟု ယူဆသင့်ကြောင်း၊ မီးအာမခံ ပေါ်လိစီ၏ အပိုဒ် ၆ တွင် သောင်းကျန်းမှုသာမက ရုန်းရင်းဆန်ခတ်မှုကြောင့် မီးလောင် ဆုံးရှုံးပါမူ အာမခံကုမ္ပဏီ၌ လျော်ကြေးပေးရန် တာဝန်မရှိကြောင်း ဖေါ်ပြထား သဖြင့် ဘဏ်နှင့် စက်ပိုင်တို့ စွဲဆိုသော အမှုများကို ပယ်သင့်ကြောင်း ထပ်မံတင်ပြလာ၏။ မူလရုံး၌ အယူခံ တရားလို အာမခံကုမ္ပဏီ အနေဖြင့် ရုန်းရင်းဆန်ခတ်မှုကြောင့် လျော်ကြေးပေးရန် တာဝန်မရှိဟု ထုချေခြင်း မပြုခဲ့ပေ။ သောင်းကျန်းမှုကြောင့် လျော်ကြေးမပေးထိုက်ကြောင်းသာ ထုချေခဲ့သည်။ ထို့ကြောင့် မူလရုံးသည် သောင်းကျန်းမှုကြောင့် မီးလောင်ကျမ်း ခဲ့ပါသလောဟူသည့် ကောက်ချက် အမှတ် (၁) ကို ထုတ်နုတ်ခဲ့ခြင်းဖြစ်သည်။ (သောင်းကျန်းမှုနှင့် ရုန်းရင်းဆန်ခတ် မှုတို့မှာ မိုးနှင့်မြေမက ကွာခြားလှပေသည်။ ရုန်းရင်းဆန်ခတ်မှုရှိ မရှိဆိုခြင်းမှာ ဥပဒေ ပြဿနာသာမက၊ အကြောင်းခြင်းရာ ပြဿနာပါ ပူးတွဲစဉ်းစားရမည် ဖြစ်၍ အယူခံတရားလို အာမခံကုမ္ပဏီသည် ထို.ကိစ္စကို အယူခံရုံး၌ ပဋမအကြိမ် အနေဖြင့် တင်ပြခြင်း မပြုနိုင်ပေ)။ မည်သို့ပင်ဖြစ်စေ ယခုအမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများကို ဆင်ခြင်လျှင် ရုန်းရင်းဆန်ခတ်မှု ဖြစ်ပါး၍၊ ဆန်စက်မီးလောင်ရသည်ဆိုသောသက်သေ အထောက်အထား မရှိချေ။ အယူခံတရားလို၏ ပညာရှိ ရွေနေကြီး မစ္စတာဆင်းက လက်နက်ကိုင်လူဆိုး ၃၀ ခန့်သည် စက်ကို ဝိုင်းထားပြီးနောက်၊ သုံးယောက်ကဝင်၍ မီးရှို့သဖြင့် ထိုသုံးဦး၏ ပြုမူချက်မှာ လူဆိုးအားလုံး၏ ပြုမူချက် ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း ဆိုလာ၏။ လက်နက်ကိုင်လူဆိုး ၃၀ က ဆန်စက်ကို ဝိုင်းထားသည် ဆိုခြင်းမှာ သက်သေအထောက်အထား မရှိပေ။ လူသုံးဦးကသာ စက်ထဲသို့ ဝင်လာပြီး မီးတင်ရှို့သွားသည်ဆိုသော အချက်သာ ပေါ်လွင်နေသောကြောင့် ထိုလူသုံးဦး၏ ပြုမူချက်မှာ ရာဇသတ်ပုဒ်မ ၁၄၆ တွင် ပြဋ္ဌာန်းထားသည့် ရုန်းရင်းဆန်ခတ်မှု ဖြစ်သည်ဟု အဓိပ္ပါယ် မကောက်ယူနိုင်ချေ။

မူလရုံးအမှုတွဲတွင် ပေါ်ပေါက်လျက်ရှိသည့် သက်သေထွက်ချက်နှင့် **စာရွက်စာ**တမ်းများကို ကျန်ုပ်တို့သည် အလေးအနက် စဉ်းစားကြပြီးနောက်၊ "ရွှေပြည်အေး" ဆန်စက် မီးလောင်ကျမ်းရခြင်းမှာ သောင်းကျန်းမှုနှင့် တိုက်ရိုက် သော်၎င်း၊ သွယ်ဝိုက်၍ သော်၎င်း ဆက်စပ်ခြင်းမရှိဟု ယူဆကြသည့်အလျောက်၊ မူလရုံးစီရင်ချက်နှင့် ဒီကရီတို့ကို အတည်ပြုကာ အယူခံတရားလို အာမခံကုမ္ပဏီ၏ အယူခံမှုများကို တရား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

၁၉၆၆

သည် အမေရိကန် အင်တာနေရှင်နယ် အင်ရှူးဝါးရင့်(စ်) ကုမ္ပဏီ လီမိတက်၊ [၎င်း၏ ကိုယ်စား အမေရိကန်အင်တာနေရှင်နယ် အန်ဒါရိုက်တာ၊(စ်) ဘားမား လီမိတက်] နှင့် မက်ဆား(စ်) ညည်ဘားမီ(စ်) အီကော်နော်မက်(စ်)ဘဏ် လီမိတက် (ပြည်သူ့ဘဏ် အမှတ် ၂၁) ပါ ၂။

နိုင်ငံတော် တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆
ဒီဇင်ဘာလ
၃၀ ရက်။

အာမက်အီဘရာဟင် မဒါး (တရားလို)

နှင့်

အမ်၊ချယ်လာ ဆွာမိဆာဗေးနှင့် ၁၀ ဦး (တရားခံများ)*

ဝါကပ်ပိုင် ပစ္စည်းနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်း—ဝါကပ်အား၊ အုပ်ချုပ်သည့် ယုံမှတ်အပ်နှံခံရသူများ ရှိခြင်း—တရားလိုသည် မိမိတဦးတည်းအမှုကို စွဲဆိုခြင်းပြုနိုင် မပြုနိုင်—မဟာမေဒင် ဥပဒေအရ ဝါကပ် ပစ္စည်းအား ထိန်းသိမ်းစောင့်ရှောက်ရသည့် မိုတာဝါလီ၊ သို့မဟုတ် ယုံမှတ်အပ်နှံ ခံရသူမှာဝါကပ်ပစ္စည်းအပေါ် ပိုင်ဆိုင်ခွင့် ရှိမရှိ—ယုံမှတ် အပ်နှံခြင်း အက်ဥပဒေ တွင် ပြဋ္ဌာန်းထားသည့် ယုံမှတ်အပ်နှံ ခံရသူများနှင့် သက်ဆိုင်သော စည်းကမ်းများကို မဟာမေဒင် ဝါကပ်၏ မိုတာဝါလီ(ဝါ) ယုံမှတ် အပ်နှံခံရသူများ အနေနှင့် တိကျစွာ လိုက်နာရမည်ဟု ယူဆခြင်း ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။မဟာမေဒင် ဥပဒေအရ၊ ဝါကပ် ပစ္စည်းအား ထိန်းသိမ်းစောင့်ရှောက်ရသည့် မိုတာဝါလီ၊သို့မဟုတ် ယုံမှတ် အပ်နှံခံရသူသည်ယုံမှတ်အပ်နှံခြင်း အက်ဥပဒေ ပုဒ်မ ၃ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ယုံမှတ်အပ်နှံခံရသူနှင့် စင်စစ်အားဖြင့် တူညီခြင်း မရှိပေ။ မဟာမေဒင် ဥပဒေအရ၊ ဝါကပ်ပစ္စည်းကို ထိန်းသိမ်းရသည့် မိုတာဝါလီ၊သို့မဟုတ် ယုံမှတ်အပ်နှံခံရသူမှာ ဝါကပ် ပစ္စည်းအပေါ် ပိုင်ဆိုင်ခွင့် မရှိပေ။ ထို့ကြောင့် ယုံမှတ် အပ်နှံခြင်း ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ယုံမှတ်အပ်နှံခံရသူများနှင့် သက်ဆိုင်သော စည်းကမ်းများကို မဟာမေဒင် ဝါကပ်၏ မိုတာဝါလီ (ဝါ) ယုံမှတ် အပ်နှံခံရသူများ အနေဖြင့် တိကျစွာ လိုက်နာရမည်ဟု ယူဆခြင်း မပြုနိုင်ပေ။

တရားလိုမှာ မဟာမေဒင် ဘာသာဝင်တဦး ဖြစ်သည့်အပြင်၊ ယုံမှတ် အပ်နှံခံရသူလည်း ဖြစ်၍ ဝါကပ်ပစ္စည်း ဖြစ်ကြောင်း မြွက်ဟ၍ ချက်နှင့် လက်ရောက် ရလိုမှု စွဲဆိုနိုင်သည်။ ၎င်းပြင် တရားလို တဦးတည်းက ဝါကပ်ကိုယ်စား တရားခံ အမ်၊ချယ်လာဆွာမီ ဆာဗေး နှင့် ပဋိညာဉ် စာချုပ် ချုပ်ဆိုခဲ့ပြီး၊ ထို ပဋိညာဉ်စာချုပ်ကို မူတည်၍ တရားစွဲဆိုခဲ့ခြင်းဖြစ်ရာ၊ ကျန်မိုတာဝါလီ (ဝါ) ယုံမှတ် အပ်နှံခံရသူများကို တရားလိုများ အဖြစ် အမှုတွင် ထည့်သွင်းရန် လိုမည် မဟုတ်ပေ။

ဗေဒါကန်ဋီး နှင့် အနာဒါနချတရမ်၊ ၁၉၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၈၊ မဒရပ် ၉၈၂။ ။စင်ကာရာနာရာယန် နှင့် အစ်ပီဘုရားရှိခိုးကျောင်း၊ ၁၉၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၉၊ မဒရပ် ၇၂၁။ ။ဟာရွှင်အာဇ်ဘတ္တရား နှင့် အီဘရာဟင်အာရစ်အာရွာရက်၊ ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး

---

* ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀။

၂၅၁ (တရားလွှတ်တော်) ခြားနားပြသည်။ **။ရမ်စတန်နှင့် မော်လဝီမူဇတပ်၊** အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၁၊ ပရီဗီကောင်စီ ၁၀၅။ **။ဗီဒရူးဗါရူသီးနှင့် ဘာလူးဆွာမီ၊** အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၂၊ ပရီဗီကောင်စီ ၁၂၃ (၁၂၇)။ **။ဂျီဝန်ဒေါ့ (စ်) ဆဟူးအမူ**(၁၈၃၇) ၂ အမ်၊ အိုင်၊ အေ၊ ၃၉၀။ **။အလာရက်ခီး ၂နှင့် ရှားမိုဟာမက်၊**အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၄၊ ပရီဗီကောင်စီ ၇၇။ **။မိုဟာမက်အလီနှင့် အာမက်အလီ၊** အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅၊ အလာဟာဘတ် ၂၆၁၊ (စုံညီခုံ) ရည်ညွှန်းသည်။

တရားလိုအတွက်။ ။မစ္စတာ ဆူ ဘန်း။

တရားခံများအတွက်။ ။ဦးသန်းအောင်နှင့် ဦးကိုကိုကြီး (၃)။

တရားသူကြီး ဦးသက်ဖေ။ ။တရားလို အာမက်အီဘရာဟင်မဒါးက အီစမိုင် အာမက်မဒါးဝါကပ်၏ စီမံအုပ်ချုပ်သည့် ယုံမှတ်အပ်နှံခံရသူအဖြစ် တရားခံ အမ်၊ ချယ်လာဆာမိဆာဗေးနှင့် အခြား ၁၀ ဦးအပေါ် ရန်ကုန်မြို့၊ ၃၈ လမ်း၊ အမှတ် ၁၉၄/၁၉၆ ပေါ်ရှိ အဆောက်အဦမှာ ဝါကပ်ပိုင် ပစ္စည်းဖြစ်ကြောင်း မြွက်ဖော်ပေးရန်နှင့် လက်ရောက်အပ်ပေးရန် တရားစွဲဆိုရာ၊ ပဌမတရားခံ အမ်၊ ချယ်လာဆွာမိဆာဗေးနှင့် ဒုတိယတရားခံ ရမ်ပရာဆတ်တို့က အကြောင်းအမျိုးမျိုးပြ၍ခုခံကြသည်။ ကျန်တရားခံ ၉ ဦးနှင့် တရားလိုတို့သည် နားလည်မှု ရရှိကြသဖြင့် တရားလိုက ၎င်းတရားခံ ၉ ဦးတို့အား အမှုမှ နုတ်ပယ်ခဲ့သည့်အလျောက် ဤအမှုတွင် တရားလိုက တဘက်၊ တရားခံ အမ်၊ ချယ်လာဆွာမိဆာဗေးနှင့် ရမ်ပရာဆတ်တို့ကတဘက် အငြင်းပွါးမှုသာ ကျန်ပေတော့သည်။

တရားခံ အမ်၊ ချယ်လာဆွာမိဆာဗေး**၏** ပညာရှိရှေ့နေကြီးဦးသန်းအောင်က အီစမိုင်အာမက်မဒါးဝါကပ်အား အုပ်ချုပ်သည့် ယုံမှတ် အပ်နှံခံရသူများမှာ တရားလို သာမက၊ အခြားပုဂ္ဂိုလ် ၂ ဦးလည်း ရှိနေသည့်အလျောက်၊ တရားလိုသည် မိမိတဦးတည်း ဤအမှုကို စွဲဆိုခြင်း မပြုနိုင်ကြောင်း တင်ပြလာသဖြင့်၊ ကျနော်အရင် ပညာရှိ တရားသူကြီးက အောက်ပါပဿာမ ဥပဒေ ကောက်ချက်ကို ထုတ်ပေးခဲ့၍၊ ထိုကောက်ချက်အပေါ် နှစ်ဘက်ပညာရှိ ရှေ့နေကြီးများကို ကြားနာပြီးနောက်၊ ဤအမိန့်ကို ချမှတ်ရခြင်းဖြစ်သည်။

> "Whether the suit is maintainable as framed in view of the fact that only one of the several trustees has instituted the same ?"

အီစမိုင်အာမက် မဒါးဝါကပ်သည် အမျှားနှင့် သက်ဆိုင်သော ဝါကပ်တခု မဟုတ်ဘဲ ပုဂ္ဂလိကဝါကပ်တခု ဖြစ်သည်ဆိုခြင်းကို မငြင်းနိုင်။ ပုဂ္ဂလိကဝါကပ် ဖြစ်ကြောင်းကို

၁၉၆၆

အာမက်အီဘရာဟင်မဒါး နှင့် အမ်၊ချယ်လာဆွာမီဆာမေး နှင့် ၁၀ ဦး။

လည်း၊**ရစ္စတီဘီ** နှင့် **အာမက်အီဗရာဟင်မဒါး** (၁)တို့အမှုတွင် အဆုံးအဖြတ် ပြုထား ပြီးဖြစ်သည်။

တရားခံ၏ ပညာရှိ ရှေ့နေကြီး ဦးသန်းအောင်က ယုံမှတ်အပ်နှံခြင်း ဥပဒေ (**Trusts Act**)ပုဒ်မ ၄၄ တွင် ယုံမှတ်အပ်နှံ ခံရသူ တဦးထက်ပိုလျှင်၊ ယုံမှတ်အပ်နှံခြင်းကို အတည်ပြုလုပ်ရာ၌၊ ယုံမှတ်အပ်နှံခံရသူအားလုံး ပါဝင် ဆောင်ရွက် ရမည်ဟု အတိအလင်းပြဋ္ဌာန်းထားသောကြောင့် တရားလိုသည် စီမံအုပ်ချုပ်သည့် ယုံမှတ် အပ်နှံခံရသူ အနေဖြင့်၊ တဦးတည်းတရားစွဲဆိုခြင်း မပြုနိုင်ကြောင်း၊ ဝါကယ်ကိုအုပ်ချုပ် နေသည့်ယုံမှတ်အပ်နှံခံရသူအားလုံးက၊ တရားလိုမျှားအဖြစ် စွဲဆိုရမည်ဖြစ်ကြောင်း၊ ယင်းသို့စွဲဆိုခြင်းမပြုလျှင် ယုံမှတ်အပ်နှံခြင်းဥပဒေ ပုဒ်မ ၄၈ ကို ချိုးဖောက်ရာ ရောက်၍ အမှုကိုပလပ်ရမည်ဖြစ်ကြောင်း လျှောက်လဲကာ၊ **ဗေဒါကန်နူး** နှင့် **အနာဒါနချတရမ်** (၂) တို့အမှုကို ကိုးကားသွားလေသည်။ ထိုစီရင်ထုံးကို မဒရပ် တရားလွှတ်တော်မှပင် **စင်ကာရာနာရာယနန်** နှင့် **အစ်ပီဘုရားရှိခိုးကျောင်း** (၃) တို့အမှုဌ် ခုံညီခုံရုံးက အကြိုးအကျယ်ဝေဖန်ပြီး ပယ်ဖျက်ထားသည်ကို တွေ့မြင်နိုင် ပေသည်။ မည်သို့ပင်ရှိစေ၊ **ဗေဒါကန်နူး** နှင့် **အနာဒါနချတရမ်** (၂) တို့အမှုမှာ၊ ဟိန္နူဥပဒေအရ ယုံမှတ်အပ်နှံခြင်းကိစ္စနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးထားခြင်းဖြစ် ရာ၊ ယခုအမှုတွင်ပေါ်ပေါက်နေသည့် မဟာမေဒင် ဥပဒေအရ ဝါကပ်ပြဿနာကို စဉ်းစားရာ၌၊ ထပ်တူထပ်မျှအကျုံးဝင်သည်ဟု မဆိုနိုင်ပေ။

မဟာမေဒင် ဥပဒေအရ မဟာမေဒင်လူမျိုးတဦးသည်၊ ၎င်း၏ပစ္စည်းတစုံတခုကို ဘာသာရေးကိစ္စအတွက် ရည်ရွယ်၍ ဘုရားသခင်အား အပြီးအပိုင်လှူဒါန်းခဲ့ခြင်းကို ဝါကပ်ပြုလုပ်သည်ဟုဆိုသည်။ ဝါကပ်ပစ္စည်းကို ပိုင်ဆိုင်သူမှာ ဘုရားသခင်သာဖြစ် သည်။ ဝါကပ်ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်သူအား မိုတာဝါလီဟုခေါ်ခေါ်၊ ယုံမှတ်အပ်နှံခံရသူဟုခေါ်ခေါ်၊ ဘဏ္ဍာထိန်းဟုခေါ်ခေါ်၊ ၎င်းသည် ဝါကပ်ပစ္စည်း အပေါ်ပိုင်ဆိုင်ခွင့်လုံးဝမရှိပေ။ ဘုရားသခင်သာပိုင်ဆိုင်သူဖြစ်၍၊ မိုတာဝါလီမှာဘုရား သခင်၏ပစ္စည်းကို စောင့်ရှောက်ကြည့်ရှုရန်သာ အာဏာရှိပေသည်။ သို့ဖြစ်ရာ မဟာ မေဒင်ဥပဒေအရ ဝါကပ်ပစ္စည်းအား ထိန်းသိမ်းစောင့်ရှောက်ရသည့် မိုတာဝါလီ၊ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူသည်၊ ယုံမှတ်အပ်နှံခြင်းဥပဒေ ပုဒ်မ ၃ တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသည့် ယုံမှတ်အပ်နှံခံရသူနှင့် စင်စစ်အားဖြင့် တူညီခြင်းမရှိပေ။ ယုံမှတ် အပ်နှံခြင်းဥပဒေပုဒ်မ ၃ တွင် ဖော်ပြထားသည့် ယုံမှတ်အပ်နှံခံရသူသည် ယုံမှတ်

(၁) ၁၉၅၃ ခု၊ မြန်မာပြည်စီရင်ထုံး ၁၆(တရားလွှတ်တော်)။
(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၈ ခု၊ မဒရပ် ၉၈၂။
(၃) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၉ ခု၊ မဒရပ် ၇၂၁။

အပ်နှံသည့်ပစ္စည်းအား ပိုင်ဆိုင်သူဖြစ်သည်။ မဟာမေဒင်ဥပဒေအရ ဝါကပ်ပစ္စည်းကို ထိန်းသိမ်းရသည့် မိုတာဝါလီ၊ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူမှာ ဝါကပ်ပစ္စည်းအပေါ် ပိုင်ဆိုင်ခွင့် မရှိပေ။ ထိုကိစ္စနှင့်ပတ်သက်၍ ပရီဗီ ကောင်စီလွှတ်တော်က **ရပ်စဟန်နှင့် မော်လဝီမူစတပ်** (၄) တို့အမှုတွင်၊ အောက်ပါအတိုင်း အဆုံးအဖြတ်ပြုထား၏။

> "The *Mutwallis* are more closely allied to Receivers and Managers appointed over property than to trustees in whom the property is absolutely vested."

ဗီဒရူးဗါရူသီး နှင့် ဘာလူးဆွာမီ (၅) တို့စီရင်ထုံးဥဒ္ဒါလည်း အောက်ပါအတိုင်း မိန့်မြွက်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

> "The manager of the *wakf* is the *Mutwalli* the governor, superintendent, or curator. In *Jewan Doss Sahu's* case (6) the Judicial Committee call him 'procurator'. It related to a *Khankha*, a Mahommedan institution analogous in many respects to a *Mutt* where Hindu religious instruction is dispensed. The head of these *Khankhas*, which exist in large numbers in India, is called a *sajjadanashin*. He is the teacher of religious doctrines and rules of life, and the manager of the institution and the administrator of its charities, and has in most cases a larger interest in the usufruct than an ordinary *Mutwalli*. But neither the *sajjadanashin* nor the *Mutwalli* has any right in the property belonging to the *wakf*; the property is not vested in him and he is not a 'trustee' in the technical sense."

အလာရက်ဒီး နှင့် ရှားမိုဟာမက် (၇) တို့အမှုဒဏ်လည်းအောက်ပါအတိုင်း အတည်ပြုခဲ့သည်။

> "*Mutwalli* or *Sajjadanashin* is merely a manager of the *wakf* property, the ownership of which vests in God Almighty. *Mutwalli* or *Sajjadanashin* is not a trustee as

---

(၄) အေးအိုင်းအာ(ရ်)၊ ၁၉၂၁၊ ပရီဗီကောင်စီ ၁၀၅။
(၅) အေးအိုင်းအာ(ရ်)၊ ၁၉၂၂၊ ပရီဗီကောင်စီ ၁၂၃ (၁၂၇)။
(၆) (၁၀၃၇) ၂ အမ်းအိုင်းအေ၊ ၃၉၀။
(၇) အေးအိုင်းအာ(ရ်)၊ ၁၉၃၄၊ ပရီဗီကောင်စီ ၇၇။

understood in the English system and under S.10 as it stood before the amendment."

မိုဟာမက်အာလီနှင့် အာမက်အာလီ (၈) တို့အမှုတွင်လည်း အလားတူ ဆုံးဖြတ်ထား လေသည်။

"A *Mutwalli* is not trustee in the strict sense of the word and the *wakf* property does not vest in him."

သို့ဖြစ်ရာ၊ မဟာမေဒင်ဝါကပ်၏ ဘဏ္ဍာထိန်း(ဝါ) မိတာဝါလီ(ဝါ) ယုံမှတ်အပ်နှံခံရသူသည် ယုံမှတ်အပ်နှံခြင်းဥပဒေနှင့် အကျုံးဝင်သည့် ယုံမှတ်အပ်နှံခံရသူနှင့် တူညီခြင်းမရှိကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် ယုံမှတ်အပ်နှံခြင်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် ယုံမှတ်အပ်နှံခံရသူများနှင့် သက်ဆိုင်ရာ စည်းကမ်းများကို မဟာမေဒင်ဝါကပ်၏ မိတာဝါလီ(ဝါ) ယုံမှတ်အပ်နှံခံရသူများအနေဖြင့် တိကျစွာလိုက်နာရမည်ဟု ယူဆခြင်းမပြုနိုင်ပေ။ **ဟာရွှင်အာဇံဘတ္တာရားနှင့် အီဘရာဟင်အာရစ်အရွာရက်**(၉)တို့အမှုတွင် ယုံမှတ်အပ်နှံခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် မဟာမေဒင်ဝါကပ်နှင့် ပတ်သက်၍ ဆန့်ကျင်ခြင်းမရှိလျှင် ထိုပြဋ္ဌာန်းချက်ကိုပါ လိုက်နာကျင့်သုံးရမည်ဟု စီရင်ထုံးဖွဲ့ထားသည်မှာ မှန်၏။ သို့ရာတွင် အထက်၌ ဝေဖန်ခဲ့သည့်အတိုင်း မဟာမေဒင်ဝါကပ်ပစ္စည်းအား ထိန်းသိမ်းရသည့် မိတာဝါလီ(ဝါ) ယုံမှတ်အပ်နှံခံရသူသည် ယုံမှတ်အပ်နှံခြင်းဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ယုံမှတ်အပ်နှံခံရသူ မဟုတ်ကြောင်း ထင်ရှားနေသဖြင့် ထိုအချက်နှင့်ပတ်သက်၍ မဟာမေဒင်ဝါကပ်ဥပဒေသည် ယုံမှတ်အပ်နှံခြင်းဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိဟု မဆိုနိုင်သည့်အလျောက်၊ အဆိုပါ တရားလွှတ်တော်ချုပ်၏ စီရင်ထုံးသည် ဤအမှုနှင့် သက်ဆိုင်ခြင်း မရှိဟု ယူဆသည်။

သုခမိန်ဒီး၊ အက်ဖ်မူလာပြုစုသည့် မဟာမေဒင်ဥပဒေ (၁၀) ကျမ်းစာအုပ်၏ အဝိုဒ် ၁၉၅ တွင်၊ ပစ္စည်းတစ်စုံတစ်ခုသည် ဝါကပ်ပစ္စည်းဖြစ်ကြောင်း၊ ထိုဝါကပ်ပစ္စည်းတွင် စိတ်ဝင်စားသူ မဟာမေဒင်ဘာသာဝင် တစ်ဦးဦးက စွဲဆိုနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့မြင်နိုင်သည်။ တရားလိုမှာ မဟာမေဒင်ဘာသာဝင် တစ်ဦးဖြစ်သည့်အပြင် ယုံမှတ် အပ်နှံခံရသူလည်းဖြစ်၍ ဝါကပ် ပစ္စည်း ဖြစ်ကြောင်း မြွက်ဖော်ချက် နှင့်

(၈) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅ ၊ အလာဟာဘတ် ၂၆၁ (စုံညီခုံ)။
(၉) ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၂၅၁ (တရားလွှတ်တော်ချုပ်)။
(၁၀) ၁၄ ကြိမ်မြောက် ထုတ်ဝေခြင်း စာ ၁၇၉ ။

လက်ရောက်ရလိမ့မူ စွဲဆိုနိုင်သည်ဟု ဖြေဆိုရမည်ဖြစ်ပေသည်။ ၎င်းပြင် ယခုအမှုမှာ တရားလို တစ်ဦးတည်းက ဝါကပ်ကိုယ်စား တရားခံ အမ်ချယ်လာဆွာမိဆာဗေးနှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ပြီး၊ ထိုပဋိညာဉ် စာချုပ်ကို မူတည်၍ တရားစွဲဆိုခဲ့ခြင်းဖြစ်ရာ ကျွန်မိုတာဝါလီ(ဝါ) ယုံမှတ် အပ်နှံခံရသူများကို တရားလိုများအဖြစ် အမှုတွင်ထည့်သွင်းရန် လိုမည် မဟုတ်ပေ။

အထက်ပါအကြောင်းများကြောင့် တရားလိုသည် ၎င်းတစ်ဦးတည်း ဤအမှုကို စွဲဆို နိုင်ကြောင်း ကျွန်ုပ်အဆုံးအဖြတ်ပေးလိုက်သည်။ ဤ ကိစ္စနှင့်ပတ်သက်၍ တရားခံ အမ်ချယ်လာဆွာမိဆာဗေးသည် တရားလို၏ တရားစရိတ်ကို ပေးဆောင်ရမည်။ ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အသေးအဖွဲ

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

အမ်၊အေ၊ မာမွန်း (လျှောက်ထားသူ)

နှင့်

အေ၊ ဒီ၊ မာမွန်း ပါ ၅ (လျှောက်ထားခံရသူများ)*

၁၉၆၆

ဧပြီ ၁၈

၂၂ ရက်။

လူမဲ့အဖြစ် တရားစွဲဆိုရန်လျှောက်ထားခြင်း—တရားမ ကျင့်ထုံး ပုဒ်မ ၁၄၁ အရ၊ လူမဲ့အဖြစ် တရားစွဲဆိုခွင့် တောင်းသည့် တရားမသေးအမှုဥလည်း သက်သေကို ကော်မရှင်ဖြင့် စစ်ဆေးရန် လျှောက်ထားခွင့်ရှိခြင်း—သက်သေ တဦးဦးအား ကော်မိရှင် ထုတ်၍ စစ်ဆေးခွင့် ပြုသင့် မပြုသင့်ဆိုသော ပြဿနာမှာ ရုံး၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ဆုံးဖြတ်ရသည့် ကိစ္စ ဖြစ်ခြင်း။ ။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး ပုဒ်မ ၁၄၁ တွင် တရားမရုံး၏ စီရင်ပိုင်အာဏာအတွင်း စစ်ဆေးသည့် အမှုအားလုံးကို တရားမ ကြီးမှုမျှားတွင် လိုက်နာကျင့်သုံးသည့် လုပ်နည်း လုပ်ဟန် ကျင့်ထုံးအတိုင်း လိုက်နာကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားသဖြင့် လူမဲ့အဖြစ် တရားစွဲဆိုခွင့် တောင်းသည့် တရားမသေးအမှုဥလည်း တရားမကြီးမှုမျှား နည်းတူ သက်သေကို ကော်မီရှင်အဖြစ် စစ်ဆေးရန်လျှောက်ထားခွင့်ရှိပေသည်။

သက်သေတဦးဦးအား၊ကော်မီရှင် ထုတ်၍ စစ်ဆေးခွင့် ပြုသင့် မပြုသင့်ဆိုသော ပြဿနာမှာ ရုံး၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ဆုံးဖြတ်ရသည့် ကိစ္စဖြစ်သည်။အမှုသည် အနေဖြင့် တောင်းဆိုပိုင်ခွင့်ရှိသည့် ကိစ္စ တရပ် မဟုတ်ချေ။ရုံးအနေဖြင့် ထိုကိစ္စကို စဉ်းစားရာ၌ ယင်းသို့ လျှောက်ထားခြင်းသည် သဘောရိုးနှင့်မဟုတ်၊ ထိုသက်သေ၏ ထွက်ချက်သည် အမှုအား အဆုံးအဖြတ် ပေးရာ၌ အရေးကြီးသည့် သက်သေခံချက် ဟုတ် မဟုတ် ဆိုသည့် အချက်အလက်များအပေါ် မူတည်၍ စဉ်းစားရမည် ဖြစ်သည်။

လျှောက်သူအတွက်။ ။ဦးမောင်မောင်။

လျှောက်ခံရသူများအတွက်။ ။ဦးမြင့်စိုး။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ၊ အမ်၊အေ၊ မာမွန်းက ၎င်း၏ ဘခင် အေ၊ဒီ၊ မာမွန်းနှင့် အခြားလူ ၄ ဦးအပေါ် ၎ငွေ ၂,၄၀,၀၀၀ ကို ရလိုသဖြင့်

* ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲ့မှုအမှတ် ၈၀၊ လူမဲ့အဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာ။

(လူမဲ့အဖြစ် တရားစွဲဆိုရန် လျှောက်ထား) ရာ၊ လျှောက်ထားသူသည် လူမဲ့လျှောက်လွှာကိုမတင်မီ ၆ လခန့်အရင်က ဖီယက်မော်တော်ကား စ/၃၂၀၇ ကို မန္တလေးမြို့မှ ဒေါ်ခင်ခင်ဆိုသူအား ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သဖြင့်၊ မည်သည့် အတွက် ရုံးခွန်တော်ငွေ ၇,၅၀၀ ကို ထမ်းဆောင်ရန် အင်အားမရှိဟု ဆိုနိုင်ပါသနည်း ဆိုသော ပြဿနာကို စုံစမ်းစစ်ဆေးပြီး ပြန်လည်တင်ပြရန် မူလဘက် အတွင်းဝန်ထံသို့ပေးပို့ခဲ့၏။

လျှောက်ထားသူက ဖီယက်မော်တော်ကား အမှတ် စ/၃၂၀၇ မှာမိမိ၏နာမည် နှင့်ပင်ရှိခဲ့သော်လည်း၊ အမှန်မှာ ထိုမော်တော်ကားသည် မိမိ၏ မိတ်ဆွေ ဝိုင်၊အီး၊ မာဂျူး၏ ပစ္စည်း ဖြစ်ကြောင်း၊ ဒေါ်ခင်ခင်အား ထိုမော်တော်ကားကို ဝိုင်၊အီး၊ မာဂျူး ကိုယ်စား ရောင်းချခဲ့ပြီး ရောင်းရငွေကို ပိုင်ရှင်အား ပေးခဲ့ကြောင်း၊ ပညာရှိမူလဘက် အတွင်းဝန်ထံ၌ တင်ပြကာ သက်သေထူခဲ့၏။ လျှောက်ထားခံရသူများကလည်း၊ ထိုမော်တော်ကားသည် လျှောက်ထားသူ၏ ပစ္စည်းဖြစ်ကြောင်း ထင်ရှားအောင် သက်သေပြသခဲ့သည်။ ထိုနောက် ပညာရှိမူလဘက် အတွင်းဝန်သည် ၁၉၆၆ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင်၊ လျှောက်ထားသူအား နစ်နာစေမည့် အစီရင်ခံစာကို ရေးသားပြီး ရုံးရှေ့သို့ တင်လိုက်လေသည်။ ထိုအခါ ၁၉၆၆ ခု၊ အောက်တိုဘာလ ၇ ရက်နေ့၌ လျှောက်ထားသူက ပါကစ္စတန် ပြည်တွင်နေထိုင်သည့် ဝိုင်၊အီး မာဂျူးနှင့် ၎င်း၏သား၊ အီး၊ဝိုင်၊မာဂျူးတို့အားကောင်မရှင်နှင့် သက်သေများအဖြစ် စစ်ဆေးပေးရန် လျှောက်လွှာ တစောင် တင်သဖြင့်၊ ထိုလျှောက်လွှာအပေါ် ဤအမိန့်ချမှတ်ရခြင်းဖြစ်သည်။

လျှောက်ထားခံရသူတို့၏ ပညာရှိရှေ့နေကြီး ဦးမြင့်စိုးက တရားမကျင့်ထုံး အမိန့် ၂၅၊ နည်းဥပဒေ ၄ အရ၊ တရားမကြီးမှုများ၌သာ သက်သေကို ကော်မီရှင်ဖြင့် စစ်ဆေးရန် အာဏာပေးထားသဖြင့်၊ လူမဲ့အဖြစ် တရားစွဲဆိုခွင့်ပြုသင့် မသင့်ဆိုသည့် တရားမ အသေးမှုတွင် သက်သေကို ကော်မီရှင်ဖြင့် စစ်ဆေးရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ကြောင်း တင်ပြလာ၏။

(တရားမကျင့်ထုံး ပုဒ်မ ၁၄၁ တွင် တရားမရုံး၏ စီရင်ပိုင် အာဏာအတွင်း စစ်ဆေးသည့် အမှုအားလုံးကို တရားမကြီးမှုများတွင်လိုက်နာကျင့်သုံးသည့် လုပ်နည်းလုပ်ဟန် ကျင့်ထုံးအတိုင်း လိုက်နာကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားသဖြင့်၊ လူမဲ့အဖြစ် တရားစွဲဆိုခွင့် တောင်းသည့် တရားမသေးအမှု၌လည်း၊ တရားမကြီးမှုများနည်းတူ သက်သေကို ကော်မီရှင်ဖြင့် စစ်ဆေးရန် လျှောက်ထားခွင့်ရှိပေသည်။)

(သက်သေတဦးဦးအား၊ ကော်မီရှင်ထုတ်၍ စစ်ဆေးခွင့်ပြုသင့် မပြုသင့်ဆိုသော ပြဿနာမှာ ရုံး၏ ဆင်ခြင်တုံတရားလက်ကိုင်ထားကာ ဆုံးဖြတ်ရသည့် ကိစ္စဖြစ်

၁၉၆၆

အမ်၊အေ၊ မာမွန်း နှင့် အေ၊ ဗီ၊ မာမွန်း ပါ ၅။

သည်။ အမှုသည် အနေဖြင့်၊ တောင်းဆိုပိုင်ခွင့် ရှိသည့် ကိစ္စတရပ် မဟုတ်ချေ။ ရုံးအနေဖြင့် ထိုကိစ္စကို စဉ်းစားရာ၌၊ ယင်းသို့ လျှောက်ထားခြင်းသည်၊ သဘောရိုး နှင့် မဟုတ်၊ ထိုသက်သေ၏ ထွက်ချက်သည် အမှုအား အဆုံးအဖြတ်ပေးရာ၌ အရေးကြီးသည့် သက်သေခံချက်ဟုတ် မဟုတ် ဆိုသည့် အချက်အလက်များအပေါ် မူတည်၍ စဉ်းစားရမည်ဖြစ်သည်။)

ယခုအမှုတွင် လျှောက်ထားသူက၊ ဝိုင်၊အီး၊မာဂျူးအပေါ် ကော်မီရှင်ဖြင့် စစ်ဆေးပေးရန် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလက၊ လျှောက်လွှာတင်ခဲ့သော်လည်း၊ ကျွန်ုပ်အရင် ပညာရှိတရားသူကြီးက မြန်မာပြည်တွင်ရှိနေသည့် သက်သေများကို စစ်ဆေးပြီး လိုအပ်မှသာ၊ ကော်မီရှင်ထုတ်ကာ စစ်ဆေးသင့်ကြောင်း ပြောကြားသဖြင့်၊ ထို လျှောက်လွှာကို ပြန်လည်ရုပ်သိမ်းခဲ့ရကြောင်း တင်ပြလာ၏။ ကျွန်ုပ်အရင် ပညာရှိ တရားသူကြီးက ထိုကဲ့သို့ ညွှန်ကြားခဲ့ပါလျှင်၊ လျှောက်ထားသူသည် ပညာရှိမူလ ဘက်အတွင်းဝန်ထံ၌ မြန်မာပြည်ရှိ သက်သေများကို စစ်ဆေးပြီးနောက် မဆိုင်း မတွဲ့ကော်မီရှင် လျှောက်လွှာကို တင်သွင်းခဲ့သင့်ပေသည်။ ပညာရှိမူလဘက် အတွင်းဝန်က ၎င်းအား နစ်နာစေမည့် အစီရင်ခံစာ တင်သွင်းပြီးမှသာ ကော်မီရှင် လျှောက်လွှာကို တင်သွင်းခဲ့သဖြင့်၊ ထိုလျှောက်လွှာမှာ လျှောက်ထားသူက မိမိ ရုံးနိုမ့်မည့် အရေးကို အကာအကယ်ယူသည့် အနေနှင့် တင်သွင်းသည့် လျှောက်လွှာ ဖြစ်သည်ဟု ယူဆရန် အကြောင်း ပေါ်ပေါက်နေလေသည်။ သို့ဖြစ်ရာ လျှောက်ထား သူ၏ တရားမကျင့်ထုံး အမိန့် ၂၈၊ နည်းဥပဒေ ၄ အရ၊ လျှောက်လွှာမှာ သဘောရိုး ဖြင့် လျှောက်ထားခြင်း မဟုတ်ဟု ကျွန်ုပ် ယူဆသည်။ ထို့ကြောင့် ၎င်း၏ လျှောက် လွှာကို တရားစရိတ်နှင့် တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၁၇ သတ်မှတ်သည်။

ပညာရှိမူလဘက် အတွင်းဝန်၏ ၁၉၆၆ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့စွဲပါ အစီရင်ခံစာကို ဆက်လက်ကြားနာမည်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

ဦးကျော်မြင့် (လျှောက်ထားသူ)

နှင့်

ဌါးရမ်းခကြီးကြပ်ရေး ဝန် ပါ ၃ (လျှောက်ထားခံရသူများ)*

၁၉၆၆

ဖေဖော်ဝါလ ၁၄ ရက်။

အမှုခေါ် စာချုပ်တော်—မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၃(၂)—ဌါးရမ်းခ ကြီးကြပ်ရေးဝန်က အခန်းမှ ဖယ်ရှားပေးရန် အမိန့်ချမှတ်ခြင်း—မူလကတည်းက တရားဝင် အိမ်ငှါးမဟုတ်ခြင်း—တော်လှန်ရေးအစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ—အမိန့်ကို ဌါးရမ်းခ ကြီးကြပ်ရေးဝန်က ချမှတ်နိုင် မချမှတ်နိုင်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည်၊ မူလကတည်းက တရားဝင် အိမ်ငှါးမဟုတ်။ ထို အခင်းဖြစ် အခန်းကို ဦးထွန်းညွန့် ဆိုသူက နေထိုင်ခဲ့၍ ဦးထွန်းညွန့်ထံမှ တဆင့် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရရှိဘဲ နေထိုင်ခဲ့သဖြင့် ကျူးကျော်သူတဦး ဖြစ်သည်ဟု ယူဆရမေ မည်။ လျှောက်ထားခံရသူ အမှတ် ၂ နှင့် ၃တို့က ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံတွင် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄)အရ၊ လျှောက်ထားသူ အပေါ် အရေးဆိုကြ ရာတွင်၊ လျှောက်ထားသူက အမှုကို မထူချေလိုပါ။ အခင်းဖြစ် အိမ်ခန်းကိုလည်း လျှောက်ထား ခံရသူအမှတ် ၂ နှင့် ၃တို့ထံသို့ ပြန်လည်ပေးအပ်ပြီး ဖြစ်ပါကြောင်း။ ငှါးရမ်းခ ကြီးကြပ်ရေးဝန် ထံ အစီရင်ခံထားသည်။ထိုကဲ့သို့ အစီရင်ခံခြင်းသော်လည်း လျှောက်ထားသူသည် ထိုအခန်းတွင် ဆက်လက်နေထိုင်နေသဖြင့် လျှောက်ထားခံရသူ အမှတ် ၂ နှင့် ၃ တို့က ငှါးရမ်းခ ကြီးကြပ်ရေး ဝန်ထံ တဖန် အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၃(၂)အရ အရေးယူဆောင်ရွက်ပေးပါရန် လျှောက် ထားကြလေသည်။ ထိုသို့လျှောက်ထားခဲ့သည့်အတိုင်း ငှါးရမ်းခ ကြီးကြပ်ရေးဝန်က လျှောက် ထားသူသည်၊ ၁၉၆၆ ခုနှစ်၊အောက်တိုဘာလ ၁၅ရက်နေ့၊ သို့မဟုတ် ၎င်းနေ့မတိုင်မီ အခင်းဖြစ် အိမ်ခန်းမှ ၎ပြောင်း ဖယ်ရှားပေးရမည်ဟု အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ထိုကဲ့သို့ ချမှတ်သော အမိန့်သည် တော်လှန်ရေး အစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် ဆန့်ကျင်ခြင်း မရှိ ကြောင်း တွေ့ရှိရသည်။ယင်းကဲ့သို့သော အမိန့်ကို ဌါးရမ်းခ ကြီးကြပ်ရေးဝန်က ချမှတ် နိုင်သည်။ သို့သော် ကိုယ်ထိလက်ရောက် ဆောင်ရွက်ရာတွင် တော်လှန်ရေးအစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် ကိုက်ညီသည် မကိုက်ညီသည်ကိုသာ စဉ်းစားရန် အကြောင်းရှိသည်။

ဒေါ်ကျင်မိုပါ ၂ နှင့် ဌါးရမ်းခ ကြီးကြပ်ရေးဝန် ပါ ၂၊ ၁၉၆၂ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ (တရားရုံးချုပ်) စာ ၅၄၃ ရည် ညွှန်းသည်။

15B

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၆၃၊ အမှုခေါ် စာချုပ်တော်။

၁၉၆၆ **လျှောက်ထားသူအတွက်။** ။ဒေါက်တာ ဘတင်။

ဦးကျော်မြင့်နှင့် ဌါးရမ်းခကြီးကြပ်ရေးဝန်ပါ ၃။ **လျှောက်ထားခံရသူများအတွက်။** ။(၁) လက်ထောက် နိုင်ငံတော် ရှေနေချုပ် ဦးဘကျော်။
(၂-၃) ဦးလှဖေ (၂)။

တရားသူကြီးဦးချစ်။ ။ဤအမှုတွင် လျှောက်ထားသူဦးကျော်မြင့်က၊ ရန်ကုန်မြို့ ဌါးရမ်းခကြီးကြပ်ရေးဝန်ရုံး၊ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁(၄) (၇) အရ၊ ထုတ်ဆင့်သော အကြောင်းကြားစာ အမှုတွဲအမှတ် စီ-၁/၆၄ တွင် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့စွဲဖြင့် ချမှတ်သောအမိန့်ကို (အမှုခေါ် စာချုန်တော်) ဖြင့်ဆင့်ခေါ်၍ အတည်မပြုဘဲ ပယ်ဖျက်ပေးပါရန် လျှောက်ထားလေသည်။

ရန်ကုန်မြို့၊ လမ်း ၁၃၀၊ အိမ်အမှတ် ၄၂ သည် မဟာမက်ဝါဇင် ဆိုသူပိုင်ဆိုင်ခဲ့သည်။ ၎င်းအိမ်၌အခန်း ၄ ခန်းရှိသည်။ အခန်းအမှတ် ၄ တွင်လျှောက်ထားသူ ဦးကျော်မြင့်က ၁၉၅၉ ခုနှစ် ကစ၍ တလလျှင် အိမ်လခ ကျပ် ၃၀ ပေးပြီးနေထိုင်ခဲ့သည်ဟုဆို၏။ အိမ်လခဖြတ်ပိုင်းတွင် ဦးထွန်းညွှန့်ဆိုသူ၏ အမည်ပေါ်လွင်နေ၏။ ထိုအိမ်ကို ၁၉၆၃ ခုနှစ်လောက်က လျှောက်ထားခံရသူ စိန့်မဟာမက်နှင့် ၎င်း၏ဇနီး မခင်ခင်စိန်တို့ကဝယ်ယူကြ၏။ ထိုသို့ဝယ်ယူပြီးနောက်၊ လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့က လျှောက်ထားသူ ဦးကျော်မြင့်သည် ဌါးရမ်းခကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်နေထိုင်သူ ဖြစ်သဖြင့် မြို့ပြဆိုင်ရာဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) အရ အရေးယူဆောင်ရွက်ပေးပါရန် ရန်ကုန်မြို့ ဌါးရမ်းခကြီးကြပ်ရေးဝန်ရုံးအမှုတွဲအမှတ် အာ(ရ)၊ စီ-၁/၆၄ တွင် လျှောက်ထားခဲ့လေသည်။ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လျှောက်ထားသူ ဦးကျော်မြင့်က ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံသို့ စာရေးအကြောင်းကြားသည်မှာ၊ ၎င်းသည်အခင်းဖြစ်အခန်းတွင် နေထိုင်သူဖြစ်ပါသည်။ ထိုအခန်းအတွက် ၎င်းက မထုခေါ် မခေါပလိုကြောင်းဖြစ်သည်။ ထို့နောက် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လျှောက်ထားသူ ဦးကျော်မြင့်က ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံသို့ အကြောင်းကြားစာပေးပို့ရာတွင်၊အခင်းဖြစ်အခန်းကို ပိုင်ရှင်ဖြစ်သောစိန့်မဟာမက်(ခေါ်)ဦးဟန်သိန်းနှင့် မခင်ခင်စိန်တို့အား ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှစ၍ ပြန်လည်ပေးအပ်ပြီးဖြစ်ကြောင်း အကြောင်းကြားလေသည်။ ယင်းကဲ့သို့ အကြောင်းကြားပြီးနောက် လျှောက်ထားသူ ဦးကျော်မြင့်က အိမ်ရှင်များအား အိမ်ခန်းကို ပြန်လည်မပေးဘဲဆက်လက်၍ နေထိုင်သောကြောင့် အိမ်ရှင်များက [မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၃ (၂)] အရ၊ အရေးယူဆောင်ရွက်ပေးပါရန်လျှောက်

ထားလေသည်။ ဌ်းရမ်းခ ကြီးကြပ်ရေးဝန်က လျှောက်ထားသူ ဦးကျော်မြင့်သည် ယခုတိုင် ၎င်းအခန်းမှ ဖယ်ရှားပေးခြင်းမရှိသေးသဖြင့် ဦးကျော်မြင့်နှင့်တကွနေထိုင်သူ အားလုံးတို့သည်၊ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၊ သို့မဟုတ် ထိုနေ့ မတိုင်မီ အမြန်ပြောင်းရွှေ့ ဖယ်ရှားပေးရန် အမိန့်ချမှတ်လေသည်။ ထို့ကြောင့် ဤလျှောက်လွှာ ပေါ်ပေါက်လာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိ ရွှေနေကြီး ဒေါက်တာ ဘတင်က ဌ်းရမ်းခ ကြီးကြပ်ရေးဝန်သည် မိမိတွင် စီရင်ပိုင်ခွင့်အာဏာ မရှိဘဲလျက် ချမှတ်သောအမိန့်မှာ လွန်စွာများယွင်း၍ သိသိသာသာကြီး တရားမျှတမှုမရှိသောကြောင့်ယင်းအမိန့်ကို ဤရုံးက အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ပေးရန် ဖြစ်ပါသည်။ တော်လှန်ရေး အစိုးရက္ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့စွဲဖြင့် တရားရုံးများသို့ ညွှန်ကြားထားသည့် စာအမှတ် ၅၁၂/၂၀-၁၅၃ (၆၃) တွင် မည်သူတဦးတယောက်ကိုမျှ အိမ်ဥပစာများမှ နှင်ထုတ်ခြင်းကိုမပြုလုပ်ရဟု ပေါ်ပြထားပါသည်။ ယင်းစာ၏မိတ္တူကိုလည်း ဌ်းရမ်းခ ကြီးကြပ်ရေးဝန်ထံသို့ ပို့ထားပြီးဖြစ်ပါသည်။ ဌ်းရမ်းခ ကြီးကြပ်ရေးဝန်သည် ထိုညွှန်ကြားချက်အတိုင်း မဆောင်ရွက်ဘဲဆန့်ကျင်ဖီလာပြုလုပ်၍ ယခုကဲ့သို့လျှောက်ထားသူ ဦးကျော်မြင့်အား အခင်းဖြစ်အခန်းမှ ဖယ်ရှားရန် အမိန့်ထုတ်ပါသည်ဟု လျှောက်လဲသွားသည်။ လျှောက်ထားခံရသူ အမှတ် (၁) ဌ်းရမ်းခ ကြီးကြပ်ရေးဝန်အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ လက်ထောက် အစိုးရရှေ့နေချုပ် ဦးဘကျော်က ဌ်းရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်သည် တရားဝင်ပါသည်၊ ၎င်း၏ စီရင်ပိုင်ခွင့် အာဏာအတွင်းမှ ပြုလုပ်ခြင်းဖြစ်ပါသည်၊ ၎င်းပြင် ထိုအမိန့်မှာ မှားယွင်းချွတ်ချော်၍ ချမှတ်သော အမိန့်မျိုးမဟုတ်ပါ၊ မြို့ပြဆိုင်ရာ ဌ်းရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၃ (၂) အရ ဌ်းရမ်းခ ကြီးကြပ်ရေးဝန်သည် အမိန့်ချမှတ်နိုင်ပါသည်။ ထိုအမိန့်ကို လျှောက်ထားသူ ဦးကျော်မြင့်က လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ကြီးကြပ်ရေးဝန်သည် ၎င်းအား အခင်းဖြစ်အခန်းမှ နှင်ချရန်ဆောင်ရွက်နိုင်ပါသည်၊ ထိုကဲ့သို့ ကိုယ်ထိလက်ရောက်နှင်ချသောအခါမှသာလျှင်၊ ယင်းသို့ ပြုလုပ်ခြင်းသည် တော်လှန်ရေး အစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် ညီ မညီကို ထိုအချိန်အခါမှ စဉ်းစားရန် ဖြစ်ပါသည်ဟု တင်ပြသွားသည်။ လျှောက်ထားခံရသူ အမှတ် ၂ နှင့် ၃ တို့အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရွှေနေကြီး ဦးလှဖေ (၁) က ဌ်းရမ်းခ ကြီးကြပ်ရေးဝန်၏ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့စွဲနှင့်ထုတ်ပြန်သောအမိန့်သည် တရားဝင်အမိန့်ဖြစ်ပါသည်၊ တော်လှန်ရေးအစိုးရက ထုတ်ထားသော ညွှန်ကြားချက်နှင့်မဆန့်ကျင်ပါ၊ ၎င်းပြင် လျှောက်ထားသူသည်မူလ အိမ်ပိုင်ရှင်ထံမှ အိမ်ခန်းကို ဌ်းယူသူမဟုတ်ပါ၊ အခင်းဖြစ်အခန်းတွင် မူလနေထိုင်သူမှာ ဦးထွန်းညွန့်

ဖြစ်ပါသည်၊ ဦးထွန်းညွှန့်ထွက်သွားပြီးမှ လျှောက်ထားသူ ဦးကျော်မြင့်သည် ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ တက်ရောက်နေသဖြင့်၊ ၎င်းသည် အိမ်ဌါးတဦး၏ အခြေအနေမျိုး မဟုတ်ဘဲ ကျူးကျော်သူ တယောက် ဖြစ်နေပါသည်။ ထို့ကြောင့်ပင် လျှောက်ထားခံရသူ အမှတ် ၂ နှင့် ၃ တို့က ၎င်းအပေါ် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) အရ အရေးယူဆောင်ရွက်ပေးပါရန် လျှောက်ထားခြင်း ဖြစ်ပါသည်။ ဦးကျော်မြင့်က ထိုအခင်းဖြစ်အခန်းမှ ဖယ်ရှားမပေးသဖြင့် ဌါးရမ်းခ ကြီးကြပ်ရေးဝန်သည် ဦးကျော်မြင့်နှင့်တကွ နေထိုင်သူ အားလုံးတို့အား ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၊ သို့မဟုတ် ၎င်းနေ့ မတိုင်မီ အမြန်ပြောင်းရွှေ့ဖယ်ရှားပေးရန် အမိန့်ချမှတ်ခြင်းဖြစ်ပါသည်၊ ထိုသို့ချမှတ်သည့်အမိန့်မှာ ကြီးကြပ်ရေးဝန်၌ ချမှတ်နိုင်ရန် အာဏာရှိပါသည်၊ ထို့ကြောင့် ယင်းအမိန့်ကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်ပေးရန် အကြောင်းမရှိပါဟု တင်ပြသွားလေသည်။

ကျွန်ုပ်တို့သည်ဤအမှုကို အသေးစိတ် သုံးသပ်ကြသည်။ လျှောက်ထားသူ (ဦးကျော်မြင့်)သည် မူလကတည်းက တရားဝင် အိမ်ဌါးမဟုတ်၊ ထိုအခင်းဖြစ်အခန်းကို ဦးထွန်းညွှန့်ဆိုသူကနေထိုင်ခဲ့၍ ဦးထွန်းညွှန့်ထံမှတဆင့် ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရရှိဘဲ နေထိုင်ခဲ့သဖြင့် ကျူးကျော်သူတဦးဖြစ်သည်ဟု ယူဆရပေမည်။ လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့က ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံတွင် မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) အရ လျှောက်ထားသူ (ဦးကျော်မြင့်) အပေါ် အရေးဆိုကြရာတွင် လျှောက်ထားသူကအမှုကို မထုချေလိုပါ၊ အခင်းဖြစ်အိမ်ခန်းကိုလည်း လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့ထံသို့ ပြန်လည်ပေးအပ်ပြီးဖြစ်ပါကြောင်း ဌါးရမ်းခကြီးကြပ်ရေးဝန်ထံ အစီရင်ခံထားသည်။ ထိုကဲ့သို့ အစီရင်ခံခြင်းသော်လည်း လျှောက်ထားသူသည် ထိုအခန်းတွင် ဆက်လက်နေထိုင်နေသဖြင့်လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့က ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံမှတဖန်၊ အဆိုပါ အက်ဥပဒေပုဒ်မ ၂၃ (၂) အရ အရေးယူဆောင်ရွက်ပေးပါရန် လျှောက်ထားကြလေသည်။ ထိုသို့လျှောက်ထားခဲ့သည့်အတိုင်း၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ကလျှောက်ထားသူ (ဦးကျော်မြင့်)သည် ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၊သို့မဟုတ် ၎င်းနေ့မတိုင်မီအခင်းဖြစ်အိမ်ခန်းမှ ရွှေ့ပြောင်းဖယ်ရှားပေးရမည်ဟု အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ချမှတ်သော အမိန့်သည် (လျှောက်ထားသူ၏ ပညာရှိရွှေ့နေကြီး တင်ပြသည့်အတိုင်း) တော်လှန်ရေးအစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် ဆန့်ကျင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ ပညာရှိ လှက်ထောက် အစိုးရရွှေ့နေချုပ် တင်ပြသွားသည့်အတိုင်း (ယင်းကဲ့သို့သော အမိန့်ကို ဌါးရမ်းခ

ကြီးကြေပ်ရေးဝန်က ချမှတ်နိုင်သည်။ သို့သော် ကိုယ်ထိလက်ရောက် ဆောင်ရွက်ရာတွင် တော်လှန်ရေးအစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် ကိုက်ညီသည် မကိုက်ညီသည်ကိုသာ စဉ်းစားရန်အကြောင်းရှိသည်။)

ထိုကဲ့သို့ ဒုံးရမ်းခ ကြီးကြေပ်ရေးဝန် ချမှတ်သောအမိန့်သည် ၎င်းတွင် အာဏာမရှိဘဲချမှတ်သော အမိန့်မျိုးသော်၎င်း၊ ၎င်းပြင် ရှိသောအာဏာထက်ကျော်လွန်၍ ချမှတ်သောအမိန့်မျိုးသော်၎င်း၊ ၎င်းကမှားယွင်းချွတ်ချော်၍ ချမှတ်သောအမိန့်သော်၎င်း၊ ထိုအမိန့်ကို ကြည့်လိုက်ရုံနှင့် မှားယွင်းချွတ်ချော်နေသည့် အမိန့်မျိုးသော်၎င်း ဖြစ်သည်ဟု မတွေ့ရှိရသဖြင့်၊ ယင်းအမိန့်ကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်ရန် အကြောင်းမပြင်ပေ။ **ဒေါ် ကျင်မိုပါ ၂** နှင့် **ဒုံးရမ်းခကြီးကြေပ်ရေးဝန်၊ ရန်ကုန်မြို့ပါ ၂** တို့အမှု (၁) ကိုကြည့်ပါ။

ထို့ကြောင့် လျှောက်ထားသူ ဦးကျော်မြင့်၏ လျှောက်လွှာကို စရိတ်နှင့်ပလပ် လိုက်သည်။

ရွှေနေကြီးမျာ၏ စရိတ်မှာ ၃၄ စီဖြစ်စေရမည်။

(၁) ၁၉၆၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားရုံးချုပ်) စာ ၅၄၃။

နိုင်ငံတော် တရားရုံးချုပ်

တရားမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆

ဒီဇင်ဘာလ ၉ ရက်။

ဦးခင်မြင့် ပါ ၂ (အယူခံတရားလိုများ)

နှင့်

မအုန်းအုန်း ပါ ၂ (အယူခံတရားခံများ)*

အော်ဒီမံစာချုပ်အရ ငွေရင်းနှင့် အတိုးငွေ ရလိုကြောင်း တရားစွဲဆိုမှု—လွဲပြောင်းနိုင်သည့် စာချုပ်လက်မှတ် အက်ဥပဒေ (Negotiable Instruments Act) ပုဒ်မ ၄ အော်ဒီမံ စာချုပ်၏ အဓိပ္ပါယ်—အော်ဒီမံစာချုပ် ချုပ်ဆိုသည့် အချိန်၌ ၎င်းနှင့် ပတ်သက်၍ အခြားစာချုပ် တခု ပြိုင်တူ ချုပ်ဆိုခြင်း—မူလ စာချုပ်မှာ အော်ဒီမံ စာချုပ်အဖြစ်ဖြင့် ရပ်တည်ခြင်း ရှိ မရှိ။

အယူခံတရားလို အမှတ် (၁)က အယူခံတရားခံများ၏ နာမည်ဖြင့် အော်ဒီမံစာချုပ် ချုပ်ဆိုပေး၏။ အော်ဒီမန် စာချုပ် ချုပ်ဆိုသည့်နေ့မှာပင် အယူခံတရားလိုက ကတိ စာချုပ်ကို ပြိုင်တူ ချုပ်ဆိုပေးပြန်သည်။

ဆုံးဖြတ်ချက်။ ။လွဲပြောင်းနိုင်သည့် စာချုပ် လက်မှတ် ဥပဒေ (Negotiable Instruments Act) ၏ ပုဒ်မ ၄ အရ၊ အော်ဒီမံ စာချုပ် ဆိုသည်မှာ ငွေတစုံတရာကို လူတဦးတယောက်သို့ ဖြစ်စေ၊ ထိုသူက လွှဲအပ်သူသို့ ဖြစ်စေ၊ သို့မဟုတ် ထိုလက်မှတ် ယူလာသူ သို့ဖြစ်စေ၊ စည်းကမ်းချက် တစုံတရာ မထားဘဲ ပေးချေရန် တာဝန် ယူကာ လက်မှတ် ထိုးထားသည့် စာချုပ်ပင် ဖြစ်သည်။ စာချုပ် တခုသည် အော်ဒီမံစာချုပ် ဟုတ် မဟုတ်ဆိုသော ပြဿနာကို စဉ်းစားရာတွင် အဝိုက အရေးကြီးသည့် အချက်မှာ ငွေကို ပေးချေရန် တာဝန် ယူရာ၌စည်းကမ်းချက် တစုံတရာ သတ်မှတ်ထားခြင်း မရှိရန် လိုပေသည်။ အကယ်၍ ငွေပေးချေရန် တာဝန်နှင့် ပတ်သက်၍ စာချုပ်၌ စည်းကမ်းချက် တစုံတခု ရှိနေလျှင် ထိုစာချုပ်ကို အော်ဒီမံ စာချုပ်ဟု ခေါ်နိုင်မည် မဟုတ်ပေ။ နောက်တဆင့် စဉ်းစားရမည့်အချက်မှာ အကယ်၍ စာချုပ် တခုသည် အော်ဒီမံစာချုပ်ပင် ဖြစ်လင့်ကစား ထိုစာချုပ်အား ချုပ်ဆိုသည့်အချိန်၌ထိုစာချုပ်နှင့်ပတ်သက်၍ အခြား စာချုပ်တခုကို ပြိုင်တူ ချုပ်ဆိုခဲ့လျှင်ထိုစာချုပ်မှာအော်ဒီမံစာချုပ် အဖြစ် ရပ်တည်ခြင်း ရှိ မရှိ ဆိုခြင်းပင် ဖြစ်၏။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၅။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၉၉ တွင် ရန်ကုန်မြို့တော် တရားမ တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အကယ်၍ တခါနှိပ်တည်းတွင် ချုပ်ဆိုခဲ့သည့်ပြိုင်တူစာချုပ်ပါ သဘောတူညီချက်များအရ၊ မူလစာချုပ်ကို အော်ဒီမံ စာချုပ်ဟုပင် ဖေါ်ပြထားလင့်ကစား ထိုစာချုပ်ကို နှစ်ဦး နှစ်ဖက်စလုံးက အော်ဒီမံစာချုပ် တခုဖြစ်သည်ဟု မရည်ရွယ်ကြောင်း ပေါ်လွင် ထင်ရှားလျှင် ထိုစာချုပ်အား အော်ဒီမံစာချုပ်အဖြစ် လက်ခံယူဆခြင်း မပြုနိုင်ပေ။ သို့ရာတွင်ပြိုင်တူစာချုပ်ပါ သဘောတူညီချက်တို့သည် အော်ဒီမံစာချုပ် စည်းကမ်းများအား ထိခိုက်ဆန့်ကျင်ခြင်း မရှိပါမူ၊ထိုစာချုပ်နှစ်ခုမှာ သီးခြား ကတိများ အဖြစ် ယှဉ်တွဲကာရပ်တည်နိုင်သည့် စာချုပ်များဖြစ်သည်ဟု ယူဆရမည် ဖြစ်သည့် အလျောက်၊ အော်ဒီမံစာချုပ်သည်၊ အော်ဒီမံ စာချုပ် အဖြစ်နှင့်ပင် သီးခြား ရပ်တည်နိုင်မည် ဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။လွှဲပြောင်းနိုင်သည့် စာချုပ်လက်မှတ် အက်ဥပဒေ ပုဒ်မ ၇၉ အရ၊ အော်ဒီမံ စာချုပ် ချုပ်ဆိုသူသည် အော်ဒီမံ စာချုပ် ချုပ်ဆိုသည့် နေ့ကစ၍ အတိုးပေးရမည်။

အယူခံတရားလိုမျှားအတွက်။ ။ဦးစောလွင်။

အယူခံတရားခံမျှားအတွက်။ ။ဦးဘဇ။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့မဟာဗန္ဓုလလမ်း၊ အမှတ် ၈၁၇ နေ ဦးဘဇ္ဇေနှင့် ဒေါ်မမကြီးတို့တွင်၊ သားသမီး ၃ ယောက် ထွန်းကားခဲ့၏။ ၎င်းတို့မှာ ဒေါ်အေးကျင်၊ ဒေါ်ရင်မေနှင့် ဦးမောင်ကို (ခေါ်) ဦးအောင်ခင်တို့ပင် ဖြစ်သည်။ ဒေါ်အေးကျင်မှာ အယူခံတရားခံ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့၏မိခင်လည်း ဖြစ်ပြီး၊ ဤအမှုတွင် ၎င်းတို့၏ နီးစပ်ရာ မိတ်ဆွေလည်းဖြစ်သည်။ ဒေါ်ရင်မေမှာ အယူခံတရားလို အမှတ် ၁ ဖြစ်ပြီး၊ အယူခံ တရားလိုအမှတ် ၂ ဦးခင်မြင့်၏ ဇနီးဖြစ်သည်။

ဒေါ်မမကြီးသည် ဦးဘဇ္ဇေအရင် ကွယ်လွန်သည်။ ၁၉၆၀ ခုနှစ်တွင် ဦးဘဇ္ဇေ အနိစ္စဆောက်သဖြင့်၊ ဒေါ်အေးကျင်က ညီမဖြစ်သူ ဒေါ်ရင်မေနှင့် မောင်ဖြစ်သူ ဦးမောင်ကိုတို့အပေါ်၊ မိဘများ၏ ပစ္စည်းအရပ်ရပ်ကို အမွေခွဲဝေပေးရန် တရားစွဲဆိုရာ၊ ဦးလေး တော်စပ်သူ ဦးပြုံး (ခံပြ ၁) နှင့် ဦးကိုကိုလေးတို့၏ ဖြန်ဖြေစေ့စပ်ချက်အရ၊ နှစ်ဦးနှစ်ဘက် ကြေးအေးလိုက်ကြပြီး၊ အမွေမှုကို ရုပ်သိမ်းလိုက်သည်။ ယင်းသို့ ကြေအေးရာတွင် ဒေါ်ရင်မေက ဒေါ်အေးကျင်အား ငွေ ၇၀,၀၀၀ ပေးရန်နှင့် ဒေါ်အေးကျင်က မိဘများ၏ ပစ္စည်းအရပ်ရပ်အပေါ် ပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်ရန် သဘောတူကြသည်။ ထိုသဘောတူညီချက်အရ၊ ဒေါ်အေးကျင်က သက်သေခံ "၁" စွန့်လွှတ်စာချုပ်ကို ချုပ်ဆိုခဲ့၏။ ဒေါ်ရင်မေက ငွေ ၇၀,၀၀၀ ပေးရန်ရှိသော်လည်း၊ ငွေ ၃၀,၀၀၀ သာ လက်ငင်းပေးနိုင်ပြီး၊ ကျန်ငွေ ၄၀,၀၀၀ အတွက် အော်ဒီမံစာချုပ် ၂ စောင်ကို၊ ဒေါ်အေးကျင်၏ သားသမီးများ၏

၁၉၆၆ ဦးခင်မြင့် ပါ ၂ နှင့် မအုန်းအုန်း ပါ ၂။

နာမည်ဖြင့် ချုပ်ဆိုပေးခဲ့၍၊အော်ဒီမံစာချုပ် တစောင်လျှင် ငွေ ၂၀,၀၀၀ စီဖြစ်ပြီး၊ တစောင်က၊ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့၏ နာမည်နှင့် ဖြစ်ပြီး၊ ကျန်တစောင်မှာ မအုန်းအုန်း၊ မသန်းသန်းနှင့် မောင်သန်းထွန်းတို့၏ နာမည်နှင့် ဖြစ်သည်။ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့ နာမည်ဖြင့် ချုပ်ဆိုခဲ့သည့် အော်ဒီမံစာချုပ်မှာ သက်သေခံ "က" ပင်ဖြစ်သည်။

ထိုကဲ့သို့ စွန့်လွှတ် စာချုပ်နှင့် အော်ဒီမံ စာချုပ်များကို ချုပ်ဆိုသည့်နေ့၌ပင်၊ သက်သေခံအမှတ် ၂ ကတိစာချုပ်ကို၊ ဒေါ်အေးကျင်၊ဒေါ်ရင်မေနှင့် ၎င်း၏ခင်ပွန်း ဦးခင်မြင့်တို့သည် ချုပ်ဆိုခဲ့ကြသည်။ ထိုကတိစာချုပ်အရဆိုလျှင်၊ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့ နာမည်များဖြင့် ချုပ်ဆိုထားသည့် ငွေများကို ၁၉၆၂ ခု၊ ဇန္နဝါရီလ ၃၁ ရက်နေ့တွင်၎င်း၊ မအုန်းအုန်း၊ မသန်းသန်းနှင့် မောင်သန်းထွန်းတို့၏ နာမည်များဖြင့် ချုပ်ဆိုထားသည့် ငွေများကို ၁၉၆၂ ခု၊ ဇွန်လ ၁၅ ရက်နေ့တွင်၎င်း ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့က ပေးဆပ်ရန်နှင့် ထိုနေထိုရက်များတွင် ပေးဆပ်က အတိုးမယူရန်နှင့် ပျက်ကွက်က၊ အော်ဒီမံ စာချုပ်တွင် ဖော်ပြထားသည့် အတိုး ငွေကိုပေးဆောင်ရန် သဘောတူညီခဲ့ကြလေသည်။

ဒေါ်ရင်မေနှင့် ဦးခင်မြင့်ထို့သည်၊ အော်ဒီမံ စာချုပ်များပါ ငွေများကို ချိန်း ဆိုထားသည့် နေ့ရက်များ၌ ပေးဆောင်ခြင်း မပြုကြသဖြင့်၊ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့က၊ ၎င်း၏မိခင်နှင့် နီးစပ်ရာ မိတ်ဆွေ ဒေါ်အေးကျင်မှ တဆင့် အော်ဒီမံ စာချုပ် "က" အရ၊ငွေရင်း ၂၀,၀၀၀ နှင့် အတိုးငွေ ၄,၈၀၀ ကို ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့ထံမှ ရလိုကြောင်း၊ ရန်ကုန်မြို့၊ တရားမရုံးတွင် တရား စွဲဆိုလေသည်။ ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့က အော်ဒီမံစာချုပ်ပါ ငွေများကို၊ ပေးဆပ်ရန်အချိန် တန့်စ်ပေးခဲ့သည့် ကတိစာချုပ် (သက်သေခံ ၂) ကို အော်ဒီမံ စာချုပ်ချုပ်ဆိုသည့်နေ့၌ပင် ချုပ်ဆိုခဲ့သဖြင့်၊တရားစွဲဆိုသည့် အော်ဒီမံ စာချုပ်သည်၊ လွဲပြောင်းနိုင်သည့် စာချုပ်လက်မှတ် ဥပဒေတွင် အကျုံးဝင်သည့် အော်ဒီမံစာချုပ် မဟုတ်၍ တရားမစွဲနိုင်ကြောင်း၊ အော်ဒီမံ စာချုပ်ပါ ငွေများကို မပေးရန် ဒေါ် အေးကျင်က စာရေးသား တားမြစ်ခဲ့သည့်အတွက်၊ အတိုးငွေကို မရသင့်ကြောင်း ထုချေထားလေသည်။

ရန်ကုန်မြို့၊ တရားမရုံး၏ ပညာရှိ တရားသူကြီးချုပ်သည် နှစ်ဘက် သက်သေ အထောက်အထားများကို စစ်ဆေးကြားနာပြီးနောက် သက်သေခံ အမှတ် "က" စာချုပ်မှာ အော်ဒီမံ စာချုပ် ဖြစ်ကြောင်း၊အော်ဒီမံစာချုပ်ပါငွေ ၂၀,၀၀၀ ကို ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့က ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဒေါ်အေးကျင်က အော်ဒီမံပါ ငွေများကို မပေးရန် တားမြစ်ခဲ့သည့် အတွက်၊ အတိုးငွေကိုပေးရန်

မလိုကြောင်း အဆုံးအဖြတ်ပြုကာ ၎င့် ၂၀,၀၀၀ အပေါ်တွင်သာ ဒီကရီချမှတ်ခဲ့၏။ အတိုးငွေ ၄,၈၀၀ ကိုမူ ခွင့်မပြုခဲ့ပေ။ ထိုဒီကရီကို ဒေါ်ခင်မေနှင့် ဦးခင်မြင့်တို့က မကျေနပ်သဖြင့်၊ ဤရုံးသို့ အယူခံဝင်လာခြင်း ဖြစ်သည်။ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့ကလည်း၊ အတိုးငွေ ၄,၈၀၀ ခွင့်မပြုသည့်အတွက်၊ အယူခံလွှာတခု အပြိုင်အဆိုင် တင်သွင်းလာသဖြင့်၊ ထိုအယူခံမှု နှစ်မှုစလုံးကို တပြိုင်နက်ကြားနာခဲ့သည့် အလျောက်၊ ဤစီရင်ချက်သည် ထိုအမှုနှစ်ခုစလုံးအတွက်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

၁၉၆၆

ဦးခင်မြင့် ပါ ၂ နှင့် မအုန်းအုန်း ပါ ၂။

လွဲပြောင်းနိုင်သည့် စာချုပ်လက်မှတ် ဥပဒေ (Negotiable Instruments Act)၏ ပုဒ်မ ၄ အရ၊ အော်ဒီမံ စာချုပ်ဆိုသည်မှာ၊ ငွေတစုံတရာကို လူတဦး တယောက်သို့ဖြစ်စေ၊ ထိုသူကလွဲအပ်သူသို့ ဖြစ်စေ၊ သို့မဟုတ် ထိုလက်မှတ် ယူလာသူသို့ ဖြစ်စေ၊ စည်းကမ်းချက် တစုံတရာမထားဘဲ ပေးချေရန် တာဝန်ယူကာ လက်မှတ်ထိုးထားသည့် စာချုပ်ပင် ဖြစ်သည်။ စာချုပ် တခုသည် အော်ဒီမံ စာချုပ်ဟုတ် မဟုတ်ဆိုသောပြဿနာကို စဉ်းစားရာတွင်၊ အဓိက အရေးကြီးသည့် အချက်မှာ ငွေကိုပေးချေရန် တာဝန်ယူရဲခြင်း၊ စည်းကမ်းချက် တစုံတရာ သတ်မှတ်ထားခြင်း မရှိရန်လိုပေသည်။ အကယ်၍ ငွေပေးချေရန် တာဝန်နှင့် ပတ်သက်၍ စာချုပ်၌ စည်းကမ်းချက် တစုံတခုရှိနေလျှင်၊ ထိုစာချုပ်ကို အော်ဒီမံ စာချုပ်ဟု ခေါ်နိုင်မည် မဟုတ်ပေ။ နောက်တဆင့် စဉ်းစားရမည့် အချက်မှာ အကယ်၍ စာချုပ်တခုသည် အော်ဒီမံစာချုပ်ပင် ဖြစ်လင့်ကစား၊ ထိုစာချုပ်အား ချုပ်ဆိုသည့် အချိန်၌ ထိုစာချုပ်နှင့်ပတ်သက်၍ အခြား စာချုပ်တခုကိုပြိုင်တူ ချုပ်ဆိုခဲ့လျှင်၊ ထိုစာချုပ်မှာ အော်ဒီမံစာချုပ်အဖြစ် ရပ်တည်ခြင်းရှိ မရှိဆိုခြင်းပင်ဖြစ်၏။

အကယ်၍ တချိန်တည်းတွင် ချုပ်ဆိုခဲ့သည့်ပြိုင်တူ စာချုပ်ပါသဘောတူညီချက်များအရ၊ မူလစာချုပ်ကို အော်ဒီမံစာချုပ်ဟုပင် ဖော်ပြထားလင့်ကစား၊ ထိုစာချုပ်ကို နှစ်ဦးနှစ်ဘက်စလုံးက အော်ဒီမံစာချုပ်တခု ဖြစ်သည်ဟု မရည်ရွယ်ကြောင်းပေါ်လွင်ထင်ရှားလျှင်၊ ထိုစာချုပ်အား အော်ဒီမံ စာချုပ်အဖြစ် လက်ခံယူဆခြင်းမပြုနိုင်ပေ။ သို့ရာတွင် ပြိုင်တူ စာချုပ်ပါ သဘောတူညီချက်တို့သည်၊ အော်ဒီမံစာချုပ် စည်းကမ်းများအား ထိခိုက်ဆန့်ကျင်ခြင်း မရှိပါမူ၊ ထိုစာချုပ်နှစ်ခုမှာ သီးခြားကတိများအဖြစ် ယှဉ်တွဲကာ ရပ်တည်နိုင်သည့် စာချုပ်များဖြစ်သည်ဟု ယူဆရမည်ဖြစ်သည့်အလျောက်၊ အော်ဒီမံ စာချုပ်သည် အော်ဒီမံစာချုပ်အဖြစ်နှင့်ပင် သီးခြားရပ်တည်နိုင်မည်ဖြစ်ပေသည်။

ယခုအမှုတွင် အော်ဒီမံစာချုပ် (သက်သေခံ က) အား ချုပ်ဆိုစဉ်က၊ တချိန်တည်းချုပ်ဆိုခဲ့သည့် ပြိုင်တူစာချုပ်(သက်သေခံ ၂) ၌ ငွေ ၂၀,၀၀၀ ကို ၁၉၆၂ ခု၊

၁၉၆၆

ဦးခင်မြင့် ပါ၂ နှင့် မအုန်းအုန်း ပါ ၂။

ဇန္နဝါရီလ ၃၁ ရက်နေ့မတိုင်မီ ပေးဆပ်က အတိုးပေးရန်မလိုဘဲ၊ ပျက်ကွက်က အတိုးပေရမည်ဟု နှစ်ဦးနှစ်ဘက် သဘောတူညီခဲ့ကြသည်။ ထိုကဲ့သို့ ငွေပေးရန် အချိန်ပေးခြင်း၊ ခွင့်ပြုသည့် အချိန်အတွင်း၌ ငွေပေးဆပ်က အတိုးယူခြင်းမှ ကင်း လွတ်ခွင့်ပြုခြင်းစသည့် သဘောတူညီချက်များသည်၊ အော်ဒီမံ စာချုပ်ပါ အရေး ကြီးသည့် ငွေပေးချေရန် တာဝန်စည်းကမ်းချက်ကို ထိခိုက်ဆန့်ကျင်သည်ဟု မဆို နိုင်ချေ။ (သက်သေခံ က) နှင့် (၂) တို့မှာ သီးခြားရပ်တည်နိုင်သည့် ပဋိညာဉ် များဖြစ်သည်။ သို့ဖြစ်ရာ ပြိုင်တူ ဂတိစာချုပ် (သက်သေခံ ၂) ကို ချုပ်ဆိုခဲ့ခြင်း ကြောင့်၊ (သက်သေခံ က) အော်ဒီမံစာချုပ်သည် ပျက်ပြယ်သည်ဟု မယူဆ နိုင်ပေ။ လွှဲပြောင်းနိုင်သည့် စာချုပ်လက်မှတ် ဥပဒေ ပုဒ်မ ၄ အရ၊ အော်ဒီမံ စာချုပ်အဖြစ် ရပ်တည်လျက် ရှိသည်ဟု ယူဆရမည် ဖြစ်သည်။

(သက်သေခံ က) အော်ဒီမံ စာချုပ်ကို၊ လူကြီးများက အတင်းအကျပ် ချုပ်ဆိုခိုင်းသည့် အတွက်ကြောင့်၊ ချုပ်ဆိုခဲ့ရခြင်းဖြစ်၍ ပျက်ပြယ်သည်ဆိုသော အယူခံတရားလို၏ ပညာရှိရှေ့နေကြီး ဦးစောလွင်၏ တင်ပြချက်မှာ အခြေအမြစ် ရှိသည့် တင်ပြချက် မဟုတ်ပေ။ အယူခံ တရားလို ဦးခင်မြင့်၏ ထွက်ချက်အရငင်း၊ စာချုပ်များကို ချုပ်ဆိုစဉ်က လူကြီးအဖြစ် ရှိနေကြသည့် ဦးလှတင် (လိုပြ ၁)နှင့် ဦးပြူး (ခံပြ ၁) တို့၏ ထွက်ချက်များအရငင်း၊ အယူခံ တရားလိုတို့သည် အော်ဒီမံ စာချုပ်ကိုမိမိတို့သဘောအတိုင်း ချုပ်ဆိုခဲ့ကြကြောင်း ယုံမှားဘွယ်မရှိပေ။ သို့ဖြစ်ရာ အယူခံ တရားလိုတို့သည် အော်ဒီမံစာချုပ် (သက်သေခံ က) ပါငွေ ၂၀,၀၀၀ ကို ပေးဆပ်ရန် တာဝန်ရှိသည် ဆိုသော အောက်ရုံး၏ ဆုံးဖြတ်ချက်မှာမှန်ကန်သည်။

အော်ဒီမံ စာချုပ် ချုပ်ဆိုကာ ပေးဆပ်ရန် တာဝန်ယူထားသည့်ငွေ အပေါ် ကျသင့်သည့် အတိုးငွေနှင့် ပတ်သက်၍ ဒေါ်အေးကျင်သည် အယူခံ တရားလိုအား ထိုငွေကို မပေးရန် စာရေးကာ တားမြစ်ထားသောကြောင့်၊ တရားစွဲဆိုသည့်နေ့ အထိအတိုးငွေ မရသင့်ကြောင်း၊ အောက်ရုံး ပညာရှိ တရားသူကြီးက ကောက်ယူ ခဲ့သည်။ အော်ဒီမံ စာချုပ်ပါ ငွေများကို အမွေခဲ့ဝေရာ၌ ဒေါ်အေးကျင်သည် ဒေါ်ရင်မေနှင့်ဦးခင်မြင့်ထံမှရရန်ရှိသည်။ယင်းတို့ရရန်ရှိသောငွေများကို ဒေါ်အေးကျင် ကငင်း၏ သားသမီးများဖြစ်ကြသည့် မောင်အောင်ဆန်းအေးနှင့် မအုန်းအုန်းတို့အား မေတ္တာဖြင့် ပေးကမ်းခဲ့သည့် အလျောက်၊ ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့သည် မောင် အောင်ဆန်းအေးနှင့် မအုန်းအုန်းတို့၏ နာမည်ဖြင့်၊ အော်ဒီမံ စာချုပ် ချုပ်ဆို ပေးခဲ့ရ၏။ သို့ဖြစ်ရာ အော်ဒီမံစာချုပ်ပါ ငွေများမှာ ဒေါ်အေးကျင်၏ ငွေမဟုတ် တော့ဘဲ၊ မောင်အောင်ဆန်းအေးနှင့် မအုန်းအုန်းတို့၏ ငွေများသာ ဖြစ်ပေသည်။ ထိုငွေများကို မောင်အောင်ဆန်းအေးနှင့် မအုန်းအုန်းတို့က တောင်းခံလာလျှင်၊

ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့သည် ပေးဆပ်ရန် တာဝန်ရှိပေသည်။ ပျက်ကွက်လျှင် ကတိအတိုင်း အတိုးပေးရမည် ဖြစ်သည်။ ဒေါ်အေးကျင် အနေဖြင့် ငွေများကို မပေးရန် တားမြစ်နိုင်သည့် အခွင့်အရေး မရှိပေ။

လွဲပြောင်းနိုင်သည့် စာချုပ် လက်မှတ် ဥပဒေပုဒ်မ ၇၉ အရ၊ ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့သည် အော်ဒီမံစာချုပ် ချုပ်ဆိုသည့်နေ့ကစ၍ အတိုးပေးရမည်ဖြစ်ရာ၊ မအုန်းအုန်းနှင့်မောင်အောင်ဆန်းအေးတို့စွဲဆိုသည့်အတိုင်းအတိုးငွေ ၄,၈၀၀ ကျပ်ကို ငင်းတို့ထံမှရသင့်ပေသည်။

အထက်ပါ အကြောင်းရပ်မျှားကြောင့်၊ ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့၏ အယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်ပြီး၊ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့၏ အပြန်အလှန် အယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုလိုက်သည်။ တနည်းဆိုရသော်၊အောက်ရုံးဒီကရီတွင် ခွင့်ပြုခဲ့သော ငွေ ၂၀,၀၀၀ ကျပ်အစား၊ မူလစွဲဆိုသည့် အတိုင်းငွေ ၂၄,၈၀၀ ကျပ်အပေါ် တရားစရိတ်အားလုံးနှင့်ဒီကရီချမှတ်ပေးလိုက်သည်။ ထိုငွေအပေါ် အောက်ရုံး၌ တရားစွဲဆိုသည့်နေ့မှစ၍ ငွေရသည့်နေ့အထိ ရုံးကခွင့်ပြုသော အတိုးကိုလည်း ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့က ပေးဆောင်ရမည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

အထူး ရာဇဝတ် အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး၊ တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

† ၁၉၆၆ မိတ်ဘဝ ၂၁ ရက်။

ဦးစုရ (အယူခံတရားလို)

နှင့်

တော်လှန်ရေးအစိုးရ (အယူခံတရားခံ)*

အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်—အဖွဲ့မှဒွေများကို အလွဲသုံးစားပြုလုပ်သည် ဟူသော စွဲဆိုချက်—နာယကနှင့် အလုပ်အမှုဆောင် အချို့တို့က ကြေအေးလိုကြောင်း လျှောက်ထားခြင်း—ကော်မိတီသည်၊ အသင်းသား အားလုံးကို ကိုယ်စားပြု မပြု—အသင်းသား အားလုံး၏ အများစုက သဘောတူကြေအေးသောကြောင့် ကြေအေးရန် လျှောက်လွှာကို တင်သွင်းကြခြင်း ဖြစ်မဖြစ်—ကြေအေးခွင့် လျှောက်လွှာသည်၊ ကိုယ်တိုင် ထိခိုက်နစ်နာသူ အသင်းသားများ၏ အများစု သဘောတူ၍ တင်သွင်းသော လျှောက်လွှာဖြစ် မဖြစ်။

အယူခံ တရားလိုအပေါ် အမရပူရ ရက္ကန်းလုပ်ငန်း ပိုင်ရှင်များ အဖွဲ့မှ ဒွေများကို အလွဲသုံးစား ပြုလုပ်သည်ဟူသော စွဲဆိုချက်ဖြင့် တရားစွဲဆိုထားသည်။ အမှုကို စစ်ဆေးနေစဉ် အဖွဲ့အသင်းသား များဖြစ်ကြသော နာယကနှင့် အလုပ် အမှုဆောင် အချို့တို့က ကြေအေး လိုကြောင်း လျှောက် ထားသည်။ စွဲဆိုသော ပြစ်မှုတို့သည်၊ အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် အတွင်း ကျ ရောက်သည်။ အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို အဓိပ္ပါယ် ဖွင့်ဆို ပေးရန် လိုအပ်သဖြင့် အယူခံဝင်ရန် အခွင့်ထူးပေးခြင်းဖြစ်၏။

ဆုံးဖြတ်ချက်။ ။ကျေးရွာ အသင်းသားများနှင့် တရွာလျှင် ကိုယ်စားလှယ် တယောက်ကျ တိုက်ရိုက် ရွေးကောက် တင်မြှောက်ကြသည့် ကိုယ်စားလှယ်များ၊ ထို့ပြင် အလုပ်အမှုဆောင်များ ဟူ၍ သုံးဆင့် ပေါင်းသဖြင့် စုစုပေါင်း ရှိသော ၄၈ ဦး ကော်မိတီက အသင်းသားများ ကိုယ်စား ပြု မပြုဟူသော အကြောင်းအချက်ကို အမှုစစ်ရုံး၏အမှုတွဲများကို ဖတ်ရှုလေ့လာသည်။ ထိုအချက် နှင့် ပတ်သက်၍ တိတိလင်းလင်း တင်ပြထားခြင်း မရှိသော်လည်း အသင်းသားများ၊ အမှုဆောင် များ၏ ထွက်ဆိုချက်တို့အရ၊ ကော်မိတီသည်၊ အသင်းသား အားလုံးကို ကိုယ်စားပြုသည်ဟု

* ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ် အယူခံမှုအမှတ် ၅။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၄ (ခ)၊ ၄၀(ခ) တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ၊ မန္တလေးမြို့၊ ရုံးထိုင် တရားရုံးချုပ်၏ အမိန့်ကို အယူခံမှု။

တွေ့ရှိရသည်။ ကော်မီတီသည် အသင်းသား အားလုံးကို ကိုယ်စား ပြုသည်သာမက အမှုကိုကြေအေးခွင့် လျှောက်ထားကြပြီးနောက် မည်သည့် အသင်းသား တဦး တယောက်ကမျှ မိမိကမူ မကျေနပ်ပါ၊ အမှုကို ဆက်လက် စစ်ဆေး စေလိုပါသည်ဟု လျှောက်ထားခဲ့သည်ကို မတွေ့ရချေ။ ထို့ကြောင့် အသင်းသား အားလုံး၏ အမျှားစုက သဘောတူ ကြေအေးသောကြောင့် ကြေအေးရန် လျှောက်လွှာကို တင်သွင်းခဲ့ကြခြင်း ဖြစ်သည်ဟု ယူဆရန်ရှိသည်။

နိုင်ငံတော် တရားရုံးချုပ်နှင့် အထူး ထုဇဝတ်ရုံး အယူခံ အဖွဲ့တို့က အထွေထွေ လွှတ်ငြိမ်းခွင့် အမိန့်ကို လိုအပ်သလို အဓိပ္ပါယ် ဖွင့်ဆိုခဲ့ကြသည်။ ထိုသို့ ဖွင့်ဆိုခဲ့ရာတွင် အထွေထွေ လွှတ်ငြိမ်းခွင့် အမိန့်၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို အောင်မြင်နိုင်စေရန် အဓိကထားခဲ့ကြသည်။ ထို အဓိပ္ပါယ် ရည်ရွယ်ချက်ဖြင့် အမှုတွင်လည်း ဖြစ်ပျက်ခဲ့သော အခြေ အနေတွင်အဖွဲ့၏ ဖွဲ့စည်းပုံ နှင့် လုပ်ထုံး လုပ်နည်းများ အရ၊ ကော်မီတီ၏ အမျှားစုက တင်သွင်းခဲ့သောကြေအေးခွင့် လျှောက်လွှာသည် ကိုယ်တိုင် ထိခိုက် နစ်နာသူ အသင်းသားများ၏ အမျှားစုက သဘောတူ၍ တင်သွင်းခဲ့သော လျှောက်လွှာ ဖြစ်သည်ဟု ယူဆသည်။

အယူခံတရားလိုအတွက်။ ။ဦးမြစိန်။

အယူခံတရားခံအတွက်။ ။လှက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ဤအမှုမျှားနှင့် ဆက်စပ်၍ အဓိပ္ပါယ်ဖွင့်ဆိုပေးရန် လိုသည်ဟုတွေ့ရှိရသောကြောင့်၊ အယူခံဝင်ရန် အခွင့်ထူးပေးခဲ့ခြင်းဖြစ်သည်။

အယူခံ တရားလိုအပေါ် အမရပူရ ရက္ကန်းလုပ်ငန်းပိုင်ရှင် မျှားအဖွဲ့မှ ငွေမျှားကို အလဲသုံးစား ပြုလုပ်ခဲ့သည်ဟူသောစွဲဆိုချက်ဖြင့် မန္တလေးမြို့၌တရားစွဲဆိုထားသည်။ စွဲဆိုသောပြစ်မှုတို့သည်၊ ၁၉၆၃ ခုနှစ်၊ ဧပြီလမတိုင်မီက ဖြစ်ခဲ့၍၊ ကာလအားဖြင့် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အတွင်း ကျရောက်သည်။ အမှုကို စစ်ဆေးနေစဉ် အဖွဲ့အသင်းသားမျှားဖြစ်ကြသော နာယကနှင့် အလုပ်အမှုဆောင် အချို့တို့က ကြေအေးလိုကြောင်း လျှောက်ထားခဲ့ကြသည်။ ထိုသို့လျှောက်ထားသူမျှားသည် ကိုယ်တိုင်နစ်နာကြသော အသင်းသားအမျှားစု၏ဆန္ဒကို ဖေါ်ပြကြရာရောက်မရောက် ပြဿနာပေါ် ပေါက်ခဲ့သည်။ အကယ်၍ အသင်းသား အမျှားစုတို့၏ ဆန္ဒကိုဖေါ်ပြသည်ဟုယူဆနိုင်က၊ ကြေအေးရန် လျှောက်လွှာအရ အမှုပိတ်ရန်ဖြစ်သည်။

အမှုစစ်ဆေးသော တရားသူကြီးက အရေအတွက်အားဖြင့် အမှုဆောင်အမျှားစုက ကြေအေးရန် လျှောက်ထားသည်ဟု မဆိုနိုင်၊ လျှောက်ထားသူမျှားအနက် အချို့သောအမှုဆောင်မျှားသည် အစည်းအဝေး တက်ရောက်ရန် စည်းကမ်းပျက်ကွက်ခဲ့ကြသောကြောင့် အမှုဆောင် အဖြစ်မှ ရပ်စဲပြီးဖြစ်သည်။ တရားဝင် အမှု

ဆောင်အဖြစ် တည်ရှိနေသူများသည် အမှုဆောင် လူနည်းစုများသာ ဖြစ်သည်ဟု ဆုံးဖြတ်၍ ကြေအေးရန် လျှောက်လွှာကို လက်မခံခဲ့ချေ။ လျှောက်ထားသူတို့က မန္တလေးမြို့ရုံးထိုင် နိုင်ငံတော် တရားရုံးချုပ်သို့ပြင်ဆင်မှုဖြင့် တက်ရောက်ခဲ့ ကြသည်။ ပညာရှိတရားသူကြီး ဦးစိန်သင်းက အကြောင်းအချက်တို့ကို သုံးသပ်ပြီးလျှင် ကြေအေးရန် လျှောက်ထားခဲ့ကြသော အမှုဆောင် အချို့သည်၊ အမှုဆောင် အဖြစ်မှ ရပ်စဲခဲ့ကြပြီး ဖြစ်သည်ဟု အထောက်အထား အခိုင်အလုံမရှိ၊ ထို့ကြောင့် လျှောက်ထားသူများသည် အမှုဆောင် အများစုဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် အမှုကို ကြေအေးရန် လျှောက်ထားရာတွင် အမှုဆောင် အများစု၏ ဆန္ဒသာမက အဖွဲ့၏အကျိုးကို ထိခိုက်နစ်နာစေသဖြင့် ကိုယ်တိုင် ထိခိုက်နစ်နာကြသော အသင်းသားများ၏ အများစုက ဆန္ဒပြုရမည်။ ထိုသို့ အသင်းသား အများက ဆန္ဒပြုကြောင်း မပေါ်လွင်သဖြင့်၊ ကြေအေးရန် လျှောက်လွှာသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ အမှုကို ပိတ်စေနိုင်သော လျှောက်လွှာမဟုတ်ဟု ဆုံးဖြတ်ကာ ပြင်ဆင်မှု လျှောက်လွှာကို ပလပ်ခဲ့သည်။

လျှောက်ထားသူများ၏ပညာရှိရှေ့နေကြီးဦးမြစိန်ကအမှုကိုကြေအေးရန်လျှောက်ထားကြသူများသည် အမှုဆောင်များ၏ အများစုသာမဟုတ်ပါ၊ ကျေးရွာ အသင်းသားများနှင့် တရွာလျှင် ကိုယ်စားလှယ် တယောက်ကျ တိုက်ရိုက် ရွေးကောက်တင်မြှောက်ခဲ့ကြသည့် ကိုယ်စားလှယ်များ၊ ထို့ပြင် အလုပ်အမှုဆောင်များဟူ၍ သုံးဆင့်ပေါင်းသဖြင့် စုစုပေါင်းရှိသော ၄၈ ဦးအနက်၊ အများစုဖြစ်သည့် ၂၅ ဦးသာဖြစ်ပါသည်၊ အများစုက ကြေအေးရန် လျှောက်ထားခြင်း ဖြစ်သည်ဟု ယူဆရပါမည်။ အသင်း၏ ဖွဲ့စည်းပုံအရ အသင်းသား အားလုံးကို အစည်းအဝေး ခေါ်၍ အဆိုပြုရန် ဆုံးဖြတ်ရန် မဖြစ်နိုင်ပါ။ ဖော်ပြခဲ့ပြီးသော ၄၈ ဦးတို့သည် အဖွဲ့၏ နေ့စဉ်မှတ်တမ်းများအပြင် မူဝါဒကိုပါ ဆုံးဖြတ်ဆောင်ရွက်ရသူများ ဖြစ်ပါသည်။ ကျေးရွာကိုယ်စားလှယ်များက ကျေးရွာမှ အသင်းသားများနှင့်အမြဲ ဆက်သွယ်နေရသောကြောင့်၊ ဆုံးဖြတ်ချက် လုပ်ငန်းဆောင်တာတို့ကို အသင်းသား အများက သိရှိသဘောတူညီကြပြီးဖြစ်သည်ဟု ယူဆရပေမည်။

ထို့ပြင် ၁၉၆၄ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအရ အချိန်မီ မှတ်ပုံတင်ခြင်း မပြုခဲ့သောကြောင့်၊ အဖွဲ့သည် ဖျက်သိမ်းပြီး ဖြစ်နေပါသည်။ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ ခန့်ထားခြင်းလည်းမရှိပါ။ အဖွဲ့၏ရုံးပုံဌေ စသည်တို့လည်း မရှိပါ၊ ထို့ကြောင့် အဖွဲ့၏ ကိစ္စရပ်များတွင် စိတ်ဝင်စားသော အသင်းသားများဟူ၍လည်း ယခုအခါတွင် မရှိတော့ပါ၊ ၎င်းတို့အား

အစည်းအဝေးခေါ်ယူလျှင် တက်ရောက်ကြမည် မဟုတ်ပါ။ ဥပဒေအရ ခေါ်ယူရန် လည်းမဖြစ်နိုင်တော့ပါ။

အထက်ပါအကြောင်းတို့ကြောင့် အမှုစစ်ရုံးတွင် တင်သွင်းခဲ့သော ကြေအေးခွင့် လျှောက်လွှာသည် အသင်းသား အများစု၏ ဆန္ဒကို ဖော်ပြသော လျှောက်လွှာ ဖြစ်သည်ဟု ဆုံးဖြတ်၍ အမှုကို အထွေထွေ လုတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ပိတ်ရမည်ဟု ဆုံးဖြတ်သင့်ပါကြောင်း ဦးမြစိန်က တင်ပြသည်။

ပညာရှိ လက်ထောက် နိုင်ငံတော် ရှေနေချုပ် ဦးတကျော်က၊ ဦးမြစိန်တင်ပြ ခဲ့သည့်အတိုင်း ၄၈ ဦး ကော်မီတီသည် အသင်းသားများ၊ကျေးရွာများကိုကိုယ်စား ပြုသည်ဟု တွေ့ရှိရလျှင်၊ ထို ၄၈ ဦး အနက်မှ အများစု၏ ဆုံးဖြတ်ချက်သည် အသင်းသားအားလုံး၏ အများစုက ဆုံးဖြတ်ချက် ဖြစ်သည်ဟု တရားဝင်ယူဆ နိုင်ပါသည်။ အဖွဲ့ကို ဥပဒေအရ ဖျက်သိမ်းပြီးဖြစ်၍ အသင်းသားများကို အစည်း အဝေးခေါ်ရန် မဖြစ်နိုင်တော့ပါ။ ဤအခြေအနေတွင် ယခင်က တင်သွင်းခဲ့သော ကြေအေးခွင့် လျှောက်လွှာကို လက်ခံပါက အထွေထွေ လုတ်ငြိမ်းခွင့် အမိန့်၏ အနှစ်သာရနှင့်လည်း ကိုက်ညီဘွယ်ရာ ရှိပါသည်ဟု တင်ပြသည်။

ပညာရှိ တရားသူကြီး ဦးစိန်သင်းရှေတွင် ကော်မီတီ၏ အများစုက ဆန္ဒ ပြုခဲ့ခြင်းဟုတ် မဟုတ်ကို အဓိကထား၍ တင်ပြခဲ့ပါသည်။ ထိုကော်မီတီသည် အသင်း သားအားလုံးကို အဆင့်ဆင့်ဖြင့် ကိုယ်စားပြုသည် ဖြစ်ကြောင်းကိုမူ ထိထိရောက် ရောက် တင်ပြခဲ့ခြင်း မပြုမိပါဟု ဦးမြစိန်က ဝန်ခံသည်။အကယ်၍သာထိုသို့တင်ပြ နိုင်ခဲ့လျှင် ပညာရှိ တရားသူကြီး ဦးစိန်သင်းကလည်း ကြေအေးရန် လျှောက် လွှာသည် အသင်းသား အများ၏ ဆန္ဒကို ဖော်ပြသော လျှောက်လွှာ ဖြစ်သည်ဟု ယူဆခဲ့ပေလိမ့်မည်။

အမှုကို ကြန့်ကြာခြင်း မရှိစေခြင်းငှါ၊ ကျွန်ုပ်တို့သည် (၄၈ ဦး ကော်မီတီက အသင်းသားများက ကိုယ်စားပြု မပြုဟူသော အကြောင်း အချက်ကို အမှုစစ် ရုံး၏ အမှုတွဲများကို ဘတ်ရှလေ့လာခဲ့သည်။ ထိုအချက်နှင့် ပတ်သက်၍ တိတိ လင်းလင်း တင်ပြထားခြင်း မရှိသော်လည်း အသင်းသားများ၊ အမှုဆောင်များ၏ ထွက်ဆိုချက်တို့သည်) ဦးမြစိန်တင်ပြချက်ကို ထောက်ခံကြသည်ဟု တွေ့ရှိရသည်။ (ကော်မီတီသည် အသင်းသား အားလုံးကို ကိုယ်စားပြုသည်သာမက၊ အမှုကို ကြေအေးခွင့် လျှောက်ထားကြပြီးနောက် မည်သည့် အသင်းသား တဦးတယောက် ကမျှ မိမိကမှု မကျေနပ်ပါ၊ အမှုကို ဆက်လက် စစ်ဆေးစေလိုပါသည်ဟု လျှောက် ထားခဲ့သည်ကို မတွေ့ရချေ။ ထို့ကြောင့် အသင်းသား အားလုံး၏ အများစုက

သဘောတူ ကြေအေးသောကြောင့်၊ ကြေအေးရန် လျှောက်လွှာကို တင်သွင်းခဲ့ကြခြင်းဖြစ်သည်ဟုယူဆရန်ရှိသည်)။

(နိုင်ငံတော် တရားရုံးချုပ်နှင့်အထူးရာဇဝတ်ရုံး အယူခံ အဖွဲ့တို့က အထွေထွေလွတ်ငြိမ်းခွင့်အမိန့်ကို လိုအပ်သလို အခိုပါယ်ဖွင့်ဆိုခဲ့ကြသည်။ ထိုသို့ဖွင့်ဆိုခဲ့ရာတွင် အထွေထွေလွတ်ငြိမ်းခွင့် အမိန့်၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို အောင်မြင်နိုင်စေရန် အဓိကထားခဲ့ကြသည်။ ထို အဓိက ရည်ရွယ်ချက်ဖြင့် ဤအမှုတွင်လည်း ဖြစ်ပျက်ခဲ့သော အခြေအနေတွင် အဖွဲ့၏ ဖွဲ့စည်းပုံနှင့် လုပ်ထုံး လုပ်နည်းများအရ ကော်မီတီ၏ အများစုက တင်သွင်းခဲ့သော ကြေအေးခွင့် လျှောက်လွှာသည် ကိုယ်တိုင်ထိခိုက်နစ်နာသူ အသင်းသားများ၏ အများစုက သဘောတူ၍ တင်သွင်းခဲ့သော လျှောက်လွှာဖြစ်သည်ဟု) ကျွန်ုပ်တို့ ကောက်ယူ ဆုံးဖြတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ဦးစံတင် (အယူခံတရားလို)

နှင့်

ဦးထီ (အယူခံတရားခံ)*

† ၁၉၆၆ နိုဝင်ဘာလ ၂၉ ရက်။

ဥပစာမှနှင့်ထုတ်ပေးရန် တရားစွဲဆိုမှု—အိမ်ငှါးမဟုတ်ကြောင်း ငြင်းဆိုခြင်း—အိမ်ငှါးဖြစ်ကြောင်း ထင်ရှားအောင် တရားလိုက သက်သေထူရန် တာဝန် ရှိခြင်း—ခိုင်လုံသော ထုချေချက်ကိုအိမ်ငှါးကတင်ပြခြင်း မရှိစေကာမူ တရားလိုအား အရှုံးပေးရမည်သာ ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဥပစာတခုမှ နှင့်ထုတ်ရန် စွဲဆိုသည့်အမှုတွင် တရားခံက မိမိသည် တရားလို၏ အိမ်ငှါးမဟုတ်ကြောင်း ငြင်းဆိုလာသောအခါ တရားလိုက တရားခံသည် ၎င်း၏ အိမ်ငှါး ဖြစ်ကြောင်း ထင်ရှားအောင် သက်သေထူရန် တာဝန် ရှိပေသည်။ ထိုကဲ့သို့ ကျရောက်သော တာဝန်ကို ကျေပြန်အောင် ထမ်းဆောင်ခြင်း မပြုနိုင်လျှင် တရားခံ အနေနှင့် ခိုင်လုံသော ထုချေချက်ကို တင်ပြခြင်း မရှိစေကာမူ တရားလိုအား အရှုံးပေးရမည်သာ ဖြစ်၏။

လပ်ချမီးနာရိမ်း နှင့် **လမ်ချမီးနာရိမ်း၊** အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၈၊ အောက် ၁၃၉။ **မာဒူဓုန်လာ(လ်)** နှင့် **ဆေးလင်ဒရာကီရွိး၊** အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၀၊ ပတ္တနာ ၃၅၉။ **အမ်အမ်ဘီကက်သလီကိုး** နှင့် **အမ်မီအသနစီပုပ်၊** အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၅၄ (တရားလွှတ်တော် ချုပ်) စာ ၅၂၆ (၅၃၈) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တံဆိပ်ခေါင်း စက္ကူ၏ နောက်ကျောတွင် မှန်ကန်စွာ ရေးသား ရန် တာဝန်မှာ ရောင်းသူ၏ တာဝန်သာ ဖြစ်ပေသည်။ တံဆိပ်ခေါင်း စက္ကူဝယ်ယူသုံးစွဲသည့် လုပ်သား ပြည်သူများ၏ တာဝန်မဟုတ်ပေ။ သို့ဖြစ်ရာ အငှါးစာချုပ် ရေးသားထားသည့် တံဆိပ်ခေါင်း စက္ကူစာရွက်နောက်တွင် နံပါတ်မှားယွင်းကာ ရေးသား ထားမိကာမျှဖြင့် ထိုအငှါး စာချုပ်သည် ပျက်ပြယ်သည့် စာချုပ်၊ လုပ်ကြံတင်ပြသည့် စာချုပ် ဖြစ်သည်ဟု မဆိုနိုင်ချေ။

အယူခံတရားလိုအတွက်။ ။ဦးဘိုးသာ။

အယူခံတရားခံအတွက်။ ။ဦးသန်းမောင်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၈၅။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၆၁ တွင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့စွဲဖြင့် ရန်ကုန်မြို့တော် ဘရားမရုံး တရားသူကြီး ချမှတ်သော ဒီကရီကို အယူခံမှု။

တရားသူကြီး ဦးသက်ဖေ။ ။ဤအယူခံမှုကို ၁၉၆၅ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၈၆/၈၇/၈၈ တို့နှင့်အတူ နှစ်ဘက်ပညာရှိလွှေနေကြီးများ၏ သဘောတူညီချက်အရ ကြားနာခဲ့သဖြင့်၊စီရင်ချက်များသည် တခုနှင့်တခု ဆက်စပ်လျက်ရှိပေသည်။

အယူခံတရားခံ ဦးထီက၊ အယူခံတရားလို ဦးစံတင်သည်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ လှည်းတန်းထိပ်ရှိ တိုက်အမှတ် ၅၂၇(က)၏ အောက်ထပ်အခန်းတခန်းကို တလလျှင် ငှါးရမ်းခငွေ ၁၃၅ ကျပ်ဖြင့်ငှါးရမ်း၍ ဆိုင်ဖွင့်ခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွက် ငှါးရမ်းခများကိုပေးရန် ပျက်ကွက်ခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ငှါးရမ်းခြင်းကိုရပ်စဲခဲ့သော်လည်း၊ ထွက်ခွါရန် ငြင်းဆိုနေကြောင်း အဆိုပြုကာ၊ အခင်းဖြစ်ဥပစာမှ နှင်ထုတ်ပေးရန်၊ ရန်ကုန်မြို့ တရားမရုံးတွင် တရားစွဲဆိုခဲ့၏။

အယူခံတရားလို ဦးစံတင်က၊ ၎င်းသည်အခင်းဖြစ်ဥပစာကို အယူခံတရားခံ ဦးထီထံမှ ငှါးရမ်းနေထိုင်ခြင်းမဟုတ်ကြောင်း၊ ကြက်ဆင်ဖဲထီးတိုက်ပိုင်ရှင် ဦးသန်းမောင်ထံမှ ငှါးရမ်းနေထိုင်ခဲ့ခြင်းဖြစ်၍၊ ၎င်းအပေါ် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်းထုချေသဖြင့်၊ အခင်းဖြစ်တိုက်ခန်းကို အယူခံတရားလိုသည် အယူခံတရားခံထံမှ ငှါးရမ်းနေထိုင်ခဲ့ပါသလော ဆိုသည့်ကောက်ချက်သာ ပေါ်ပေါက်ခဲ့၏။ အောက်ရုံးပညာရှိတရားသူကြီးသည်၊ နှစ်ဘက်သက်သေ အထောက်အထားများကို ကြားနာပြီးနောက်၊ အယူခံတရားလိုသည် အယူခံတရားခံ၏အိမ်ငှါးဖြစ်သည်ဟု ကောက်ယူကာ၊ အယူခံတရားခံစွဲဆိုသည့်အတိုင်း ဒီကရီချပေးလိုက်သည်၊ ထိုဒီကရီကို မကျေနပ်သဖြင့်၊ ဤအယူခံမှုပေါ် ပေါက်လာခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားခံဦးထီက အယူခံတရားလို ဦးစံတင်သည်၊ မိမိ၏အိမ်ငှါးဖြစ်သည်ဟုအဆိုရှိပြီး၊ အယူခံတရားလို ဦးစံတင်ကမူ မိမိသည် ကြက်ဆင်ဖဲထီးတိုက်ပိုင်ရှင် ဦးသန်းမောင်၏ အိမ်ငှါးဖြစ်သည်ဟုအဆိုရှိသောကြောင့်၊ ထိုအဆိုနှစ်ခုအနက် မည်သူ၏အဆိုက မှန်ကန်သည်ဆိုခြင်းကို ချင့်ချိန်နိုင်ရန်အလို့ငှါ၊ အခင်းဖြစ်ဥပစာပေါ် ပေါက်လာရသည့် နောက်ကြောင်းရာဇဝင် အတိုချုပ်ကို ဖော်ပြရန်လိုပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ ကမာရွတ်လှည်းတန်းထိပ်ရှိ မြေချိန်ဒသမ ၉၅၅ ကေရှိသောမြေကွက်ကို ၁၉၅၄ ခုနှစ်၊ပြေလ ၉ ရက်နေ့တွင်၊ အယူခံတရားခံ ဦးထီ၊ ဦးသိန်း(၁၉၆၅ ခုနှစ် တရားမအယူခံမှုအမှတ် ၈၆ မှအယူခံတရားခံ) ဒေါ်ညွန့်(၁၉၆၅ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၈၈ မှအယူခံတရားခံ) တို့အပါအဝင်ပုဂ္ဂိုလ် ၂၁ ဦးက မူလပိုင်ရှင် လင်စွန်တိတ်(ခေါ်)ဦးချစ်စိန်ထံမှငွေ ၁၈,၀၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့၏။

ထိုကဲ့သို့ဝယ်ယူခဲ့ပြီးနောက်၊ မြေပေါ်ရှိ အဆောက်အဦးများသည် ၁၉၅၇ ခုနှစ်၊ ဧပြီလတွင် မီးလောင်ကျွမ်းပျက်စီးသွားသည်။ ထိုအခါ ဗိုလ်မှူးအောင်နှင့်ဗိုလ်ရဲလှတို့ အမှူးရှိသော ဗဟိုမီးဘေးကယ်ဆယ်ရေးအဖွဲ့က အဆိုပါမြေကွက်ကို ပိုင်ရှင်ဖြစ်ကြသော ပုဂ္ဂိုလ် ၂၁ ဦးအား ပြန်လည်ခွဲဝေပေးခဲ့သဖြင့် အယူခံတရားခံ ဦးထီသည် မြေချိန် ဒဿမ ၀၃၁ ဧကရှိသော ဦးပိုင် ၃ (ဃ) အမည်ရှိသောမြေကွက်ကို ရရှိခဲ့သည်။ ကျန်ပုဂ္ဂိုလ် ၂၀ မှာလည်း၊ အလားတူမြေကွက်အသီးသီး ရရှိခဲ့၏။

မီးလောင်ပြင် နေရာတွင်လည်း အဆောက်အဦ ဆောက်လုပ်ရန်ပြုသောအခါ၊ သက်ဆိုင်ရာအာဏာပိုင်များက ထိုနေရာသည် ပြည်လမ်းမကြီးပေါ် တွင်ရှိပြီး၊ နိုင်ငံခြားသားဧည့်သည်တော်ကြီးများ မကြာခဏဖြတ်သန်းသွားလာသောနေရာဖြစ်၍၊ ပုံစံတူ တိုက်လှလှဆောက်လုပ်ရန် လိုလားကြသည်။ သို့ရာတွင် မြေကွက်ပိုင်ရှင်များဖြစ်ကြသည့် ဦးထီ၊ ဦးသိန်း၊ ဒေါ်ညွှန့်တို့အပါအဝင်ပုဂ္ဂိုလ် ၂၁ ဦးမှာ ငွေကြေးမပြည့်စုံကြသဖြင့်၊ ထိုအခါက ဖ-ဆ-ပ-လ အစိုးရကို ကူညီထောက်ခံနေသူဖြစ်သော ကြက်ဆင်ဖဲထီးတိုက် ပိုင်ရှင်ဦးသန်းမောင်အား ထိုသူများကို အကူအညီပေးရန် မီးဘေးကယ်ဆယ်ရေးအဖွဲ့က ကမ်းလှမ်းခဲ့လေသည်။ ပိုင်ရှင် ၂၁ ဦးအနက် နောက်ဖေးဘက်တွင် မြေကွက်ရရှိသူ ၁၀ ဦးမှာ တိုက်ဆောက်ရန်မလိုသဖြင့်၊ ကျန် ၁၁ ဦးနှင့်သာ တိုက်ဆောက်ရန်စကားပြောကြသည်၊ ထိုကဲ့သို့စကားပြောကြသည့်ပုဂ္ဂိုလ် ၁၁ ဦးအနက် ၇ ဦးသာ ကြက်ဆင်ဖဲထီးတိုက်ပိုင်ရှင် ဦးသန်းမောင်၏အကူအညီကိုယူပြီး တိုက်ဆောက်ရန် သဘောတူညီကြသည်။ ထိုသူ ၇ ဦးတို့အတွက် ဦးသန်းမောင်သည် တိုက် ၆ လုံး ဆောက်ပေးခဲ့သည်။ ၎င်းတို့မှာ အယူခံတရားခံ ဦးထီကတတိုက်၊ ဦးသိန်းကတတိုက်၊ မည္သန်ကတတိုက်၊ ဦးပုကတတိုက်၊ အာသောကကတတိုက်၊ မည္ဂို နှင့် မမြတ္တိကတတိုက် ဖြစ်သည်။ ၎င်းတိုက် ၆ လုံးမှာ တပုံစံတည်းဖြစ်သည်။ တိုက်ဆောက်လုပ်ရသည့် ကာလမှာ ၁၉၅၇ ခုနှစ်၊ ဇွန်လမှ ၁၉၅၉ ခုနှစ်၊ နှစ်ဦးပိုင်းအထိ ၁၈ လခန့်ကြာမြင့်ခဲ့သည်။

ယင်းသို့ဆောက်လုပ်ခဲ့သောတိုက်မှာ နှစ်ထပ်တိုက်ဖြစ်၍၊ အလယ်တွင်လှေကားရှိပြီး၊ လှေကား၏တဘက်တချက်တွင် အပေါ်ထပ်တခန်း၊ အောက်ထပ်တခန်းရှိသဖြင့်၊ တိုက်တတိုက်တွင် အခန်းလေးခန်းရှိသည်၊ တိုက်များသည် အရှေ့ဘက်သို့မျက်နှာမူနေသဖြင့်လှေကား၏တောင်ဘက်တွင် ၂ ခန်း၊လှေကား၏မြောက်ဘက်တွင် ၂ ခန်းရှိသည်၊ အယူခံတရားခံ ဦးထီသည်၊ မိမိအတွက်ဆောက်လုပ်ပေးသည့် တောင်ဘက်အခန်း ၂ ခန်းတွင် နေထိုင်လျက်ရှိသည်၊ မြောက်ဘက်အခန်း ၂ ခန်းအနက် အောက်ထပ်အခန်းမှာ ယခုအခင်းဖြစ်ပွါးလျက်ရှိသည့် ဥပစာပင်ဖြစ်သည်။

ဥပစာတခုမှနှင့်ထုတ်ရန် စဲ့ဆိုသည့်အမှုတွင် တရားခံက မိမိသည် တရားလို၏ အိမ်ဦးမဟုတ်ကြောင်း ငြင်းဆိုလာသောအခါ၊ တရားလိုက တရားခံသည်၎င်း၏အိမ်ဦးဖြစ်ကြောင်းထင်ရှားအောင် သက်သေထူရန် တာဝန်ရှိပေသည်၊ ထိုကဲ့သို့ကျရောက်သောတာဝန်ကို ကျေပြန်အောင်ထမ်းဆောင်ခြင်း မပြုနိုင်လျှင်၊ တရားခံအနေနှင့် ခိုင်လုံသောထုချေချက်ကို တင်ပြခြင်းမရှိစေကာမူ၊ တရားလိုအား အရှုံးပေးရမည်သာ ဖြစ်၏။ **လပ်ချမီးနာဂိမ်း** နှင့် **လမ်ချမီးနာရိမ်း**(၁)၊ **မာဒူဓုဒန် လာ(လ်)**နှင့် **ဆေးလင် ဒရာကိရှိုး**(၂)၊ **အမ်အမ်ဘီကက်သလီကိုး** နှင့် **အမ်မီအသနစီပုပ်**(၃)။

၁၉၆၆

ဦးစံတင် နှင့် ဦးထီ။

ယခုအမှုတွင် အယူခံတရားလိုသည်၊ အခင်းဖြစ်ဥပစာ၌ ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ လောက်ကစ၍ ဝင်ရောက်နေထိုင်ခဲ့ပြီး၊ ထိုဥပစာအတွက် စပေါ်ငွေ တသောင်းကျပ် ပေးခဲ့ရသည့်အပြင်၊ အခန်းလခ တလလျှင် ၁၃၅ ကျပ်နှုန်းဖြင့် ပေးနေရသည်ဆိုသော အချက်များမှာ အငြင်းမပွါးပေ။ အယူခံတရားခံ ဦးထီက အယူခံတရားလို ဦးစံတင်သည် မိမိ၏အိမ်ဦးဖြစ်ကြောင်း ထင်ရှားအောင် စာချုပ် (သက်သေခံ-၁) အား တင်ပြပြီး၊ ဦးဖြူ (လိုပြ-၂)၊ဦးသိန်း (လိုပြ-၃)၊ ဦးအောင်တင် (လိုပြ-၄)၊ဇိုလ်သန်းမြင့် (လိုပြ-၅) နှင့် ဦးပု (လိုပြ-၆) တို့အား သက်သေထူခဲ့သည်။ သက်သေခံ "၁" စာချုပ်မှာ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ချုပ်ဆိုထားသည့် စာချုပ်တခုဖြစ်ပြီး၊ စာချုပ်အား မင်ဖြင့် ကြက်ခြေခတ်၍ ဖျက်သိမ်းထားသည်ကိုတွေ့ရသည်။ ထိုစာချုပ်၏ ထိပ်တွင် ယာယီအိမ်ဦး ကတိစာချုပ်ဟု ရေးသားထားသော်လည်း၊စာချုပ်ပါ စာသားများကို သေချာစွာ လေ့လာလျှင်၊ အယူခံတရားခံ ဦးထီက အိမ်ခန်းပြီးစီးလျှင် အယူခံတရားလိုအား စပေါ်ငွေ ဂ,၀၀၀ ကျပ်အပြင် အခန်းခ တလ ၁၁၅ ကျပ်ဖြင့် ဦးရမ်းနေထိုင်ရန် သဘောတူသည့်အလျောက်၊စုစုပေါင်း စပေါ်ငွေ ၅,၀၀၀ ကျပ်ရပြီးကြောင်း ဦးထီက လက်မှတ်ထိုးထားသည့် စာရွက်သာဖြစ်သည်၊ ယင်းသို့ စပေါ်ငွေအချို့ကို ရကြောင်းလက်မှတ်ထိုးသည့်စာရွက်မှာ သာမန်အားဖြင့် အိမ်ဦးသူ အယူခံတရားလို ထံ၌ ရှိရမည်ဖြစ်သည်။ ယခုမူ ထိုစာရွက်သည် အိမ်ဦးသူ၏လက်တွင်မရှိဘဲ အယူခံတရားခံ ဦးထီထံသို့ ပြန်ရောက်နေပြီး ထိုစာရွက်အား မင်ဖြင့်ဖျက်ထားသည်ကို ထောက်ရှုလျက်၊ ဦးထီနှင့် ဦးစံတင်တို့၏ အခင်းဖြစ် ဥပစာနှင့်ပတ်သက်သည့် မူလ ပဋိညာဉ်မှာ ဆက်လက်၍ အတည်မပြုကြဘဲ ဖျက်သိမ်းခဲ့ကြောင်း ပေါ်လွင်နေသည်၊ ထို့ပြင် မူလက စပေါ်ငွေ ဂ,၀၀၀ ကျပ်နှင့် အိမ်လခ ၁၁၅ ကျပ်သာ သဘောတူခဲ့သော်လည်း၊ အယူခံတရားလိုသည် စပေါ်ငွေ ၁၀,၀၀၀ ကျပ်ပေးခဲ့ရပြီး လခ ၁၃၅ ကျပ်ပေးနေရကြောင်း

---

(၁) အေးအိုင်၊အာ(ရှ်)၊ ၁၉၄၈ ခုနှစ်၊ အောက် ၁၃၉။

(၂) အေးအိုင်၊အာ(ရှ်)၊ ၁၉၅၀ ခုနှစ်၊ ပတ္တနာ ၂၅၉။

(၃) အေးအိုင်၊အာ(ရှ်)၊ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ချုပ် စာ ၅၂၆ (၅၃၈)။

အခြင်းမထွက်သဖြင့်၊ မူလပဋိညာဉ်ကို ဖျက်သိမ်းကာ ငှါးရမ်းခြင်းကို နောက်ထပ် ပဋိညာဉ်ပြုလုပ်၍ ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားသည်။

ယင်းသို့မူလ ပဋိညာဉ်ဖျက်သိမ်းပြီး ငှါးရမ်းခြင်း အသစ်ပြုလုပ်ခဲ့ကြောင်းကိုလည်း၊ ဦးထီ၏ အောက်ပါဝန်ခံချက်အရ ကောင်းစွာကောက်ယူနိုင်မည်ဖြစ်သည်။ ဦးထီက ကြက်ဆင်ဖထီးတိုက်ပိုင်ရှင် ဦးသန်းမောင်သည်၊ ငွေစိုက်ထုတ်၍တိုက်မျှားကို လေးလနှင့် အပြီးဆောက်ပေးရန် တာဝန်ယူခဲ့သော်လည်း၊ ၁၈ လတိုင်အောင် အပြီးမသတ်နိုင်ခဲ့ကြောင်း၊ ထိုကာလအတွင်း၊ ဦးသန်းမောင်သည် တိုက်ဆောက်ခြင်းကိုရပ်ဆိုင်းထားကာ၊ နောက်စာရင်းရှင်းလင်းရာ၌ ပေးဆပ်စရာကျန်သည့်ငွေများအတွက် စိတ်ချရအောင် မြေတခြမ်းကို ၎င်းအားအရောင်းစာချုပ်ပြုလုပ်ထားပေးရန် အကြပ်ကိုင်ခဲ့ကြောင်း။ ထိုစဉ်ကမိမိတွင် တိုက်ဆောက်ရန် ငွေကြေးမပြည့်စုံ၍ ဦးသန်းမောင်အကြပ်ကိုင်သည်ကို မလွန်ဆန်နိုင်ဘဲ မြေတခြမ်းနှင့်တိုက်တခြမ်းကို ဦးသန်းမောင်အား ရောင်းကြောင်း စာချုပ်တခုချုပ်ပေးခဲ့ရကြောင်း ဝန်ခံခဲ့သည်၊ ထိုကဲ့သို့ မြေတခြမ်းနှင့် တိုက်တခြမ်းကို ရောင်းချသည့် စာချုပ်စာတမ်းအား မှတ်ပုံတင်ထားခြင်းမရှိသဖြင့်၊ အောက်ရုံးမှသက်သေခံအဖြစ် လက်ခံရန်ငြင်းဆိုခဲ့၏၊ အောက်ရုံးအမှုတွဲ၌ ထိုစာချုပ်စာတမ်းပင်မရှိလင့်ကစား၊ ဦးထီ၏ဝန်ခံချက်အရ မြေတခြမ်းနှင့်တိုက်တခြမ်းကို ဦးသန်းမောင်အား လွှဲအပ်ခဲ့ရကြောင်း ထင်ရှားသဖြင့်၊ ဦးသန်းမောင်သာလျှင် ထိုကဲ့သို့ လွှဲအပ်ပေးသည့် တိုက်တခြမ်းရှိ အိမ်ခန်းများကို အငှါးချထားမည်ဆိုခြင်းမှာ သဘာဝပင်ဖြစ်ပေသည်။

ဦးဖြူနှင့်ဦးပုတို့သည် အယူခံတရားလိုနှင့် အယူခံတရားခံတို့ အငှါးစာချုပ်ချုပ်ဆိုကြခြင်းကို ကိုယ်တိုင်သိရှိသူများမဟုတ်ပေ၊ ဦးသိန်းသည် စပေါ်ငွေရကြောင်း ဦးထီက လက်မှတ်ထိုးသည့်သက်သေခံ "က" စာချုပ်တွင် သက်သေခံအဖြစ် လက်မှတ်ထိုးရသူသာဖြစ်သည်၊ ဦးအောင်တင်နှင့် ဗိုလ်သန်းမြင့်တို့မှာလည်း၊ ထိုစာချုပ်ချုပ်ဆိုကြောင်း သိရှိသူများသာဖြစ်သည်။ ၎င်းတို့၏ထွက်ချက်များသည် ဖျက်သိမ်းပြီးဖြစ်သည့် မူလပဋိညာဉ်နှင့်သာ ပတ်သက်သဖြင့်၊ အယူခံတရားခံအတွက် အကျိုးဖြစ်ထွန်းစေမည့် သက်သေခံချက်များဖြစ်သည်ဟု မဆိုနိုင်ချေ။

အယူခံတရားလိုက မိမိသည်အခင်းဖြစ် ဥပစာကို ဦးသန်းမောင်ထံမှ ငှါးရမ်းခဲ့ကြောင်းထုချေပြီး၊ ဦးသန်းမောင်နှင့်ချုပ်ဆိုထားသည့် အငှါးစာချုပ် (သက်သေခံ-၁) အားတင်ပြခဲ့သည်၊ အောက်ရုံးပညာရှိတရားသူကြီးက ထိုအငှါးစာချုပ်၏ နှစ်ကျပ်တန် တံဆိပ်ခေါင်းစာရွက်၏ နောက်ကျောဘွဲ့ တံဆိပ်ခေါင်းရောင်းသောသူမှာ ဦးအေး၊ နံပါတ်စဉ်မှာ ၇၉၄၄၊ နေ့စွဲမှာ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့၊ ဝယ်သူမှာ တင်မြဟု ဖေါ်ပြထားသော်လည်း၊ တံဆိပ်ခေါင်းရောင်းသူ ဦးအေး၏တံဆိပ်ခေါင်းများ မှတ်ပုံ

တင်စာရင်းစာအုပ် (သက်သေခံ-ဘ) တွင်မူ အမှတ်စဉ် ၇၉၄၄၄ စာချုပ်ကို ရောင်းသောနေ့မှာ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ဖြစ်ပြီး ဝယ်သူမှာ တင်လှိုင်ဟု ဖေါ်ပြထားသောကြောင့်၊ ထိုတံဆိပ်ခေါင်းစာရွက်မှာ တရားစွဲဆိုကာနီးမှ ကြံဖန်လိမ်လည်ကာတင်ပြသည့် စာချုပ်ဖြစ်သည်ဟု ကောက်ယူထား၏။ သက်သေခံ "တ" ကိုသေချာစွာကြည့်ရှုပါမူ၊ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့စွဲဖြင့် တင်မြဆိုသူ ဝယ်ယူသည့် နှစ်ကျပ်တန်တံဆိပ်ခေါင်း စာရွက်မျှား၏ နံပါတ်စဉ်မှာ ၅၉၄၁၇ မှ ၅၉၄၄၆ အထိဖြစ်သည်ဟု ဖေါ်ပြထားရာ၊ အောက်ရုံးပညာရှိတရားသူကြီး ရည်ညွှန်းသွားသည့် တံဆိပ်ခေါင်းစာရွက်၏နံပါတ်မှာ ၅၉၄၄၄ ဖြစ်ဟန်လက္ခဏာရှိသည်၊ နံပါတ်စဉ်ကို ၅၉၄၄၄ ရေးရမည့်အစား ၇၉၄၄၄ ဟုမှားယွင်းပြီး ရေးသားခဲ့ဟန်လက္ခဏာရှိသည်၊ မည်သို့ပင်ဖြစ်စေ (တံဆိပ်ခေါင်းစက္ကူ၏နောက်ကျောတွင် မှန်ကန်စွာရေးသားရန်တာဝန်မှာ ရောင်းသူဦးအေး၏ တာဝန်သာဖြစ်ပေသည်။ တံဆိပ်ခေါင်းစက္ကူဝယ်ယူသုံးစွဲသည့် လုပ်သားပြည်သူများ၏ တာဝန်မဟုတ်ပေ၊ သို့ဖြစ်ရာ အငှါးစာချုပ်ရေးသားထားသည့် တံဆိပ်ခေါင်းစက္ကူစာရွက်နောက်တွင် နံပါတ်မှားယွင်းကာ ရေးသားထားမိကာမျှဖြင့် ထိုအငှါးစာချုပ်သည် ပျက်ပြယ်သည့်စာချုပ်၊ လုပ်ကြံတင်ပြသည့် စာချုပ်ဖြစ်သည်ဟု မဆိုနိုင်ချေ)။

အယူခံတရားလိုသည် အိမ်ခန်း၌နေထိုင်ရန်အတွက်စပေါ်ငွေ ၁၀,၀၀၀ ကျပ်ကိုပေးခဲ့ရသည့်အပြင်၊ အခန်းလခ ၁၃၅ ကျပ်ကိုလည်း မှန်မှန်ပေးနေရသည်။ ၎င်းသည် အိမ်ငှါးတဦးအနေနှင့် လခမှန်မှန်ပေးပြီး၊ အခန်းတွင်အေးအေးဆေးဆေး နေထိုင်လိုမည်ဖြစ်ပြီး၊ မနေလိုသည့်တနေ့တွင် ပေးထားသောစပေါ်ငွေကို ပြန်ရလိုမည်သာဖြစ်သည်၊ အိမ်ခန်းကို ဦးထီပိုင်စေ၊ ဦးသန်းမောင်ပိုင်စေဆိုသော စိတ်စေတနာရှိရန် အကြောင်းမရှိနိုင်ပေ၊ အိမ်ခန်းကိုမည်သူကပိုင်ပိုင်၊ ၎င်းအတွက်ပို၍ အကျိုးမျှားစရာအကြောင်းမရှိချေ။ ယခုအမှုတွင် အကယ်၍ အယူခံတရားလိုသည် အခင်းဖြစ်အိမ်ခန်းတွင်မနေလိုသည့်တနေ့၌ စပေါ်ငွေကိုပြန်တောင်းမည်ဆိုပါက၊ ဦးသန်းမောင်ထံမှသာပြန်တောင်းနိုင်ရန် အထောက်အထားရှိသည်။ ဦးထီထံမှပြန်တောင်းရန် သက်သေခံစာရွက်စာတမ်း လုံးဝမရှိချေ။ ထိုအချက်သည်ပင်လျှင် ဦးထီသည် အယူခံတရားလိုး၏ အိမ်ရှင်မဟုတ်ကြောင်း ကောင်းစွာညွှန်ပြလျက်ရှိပေသည်။

အမှုတခုလုံးကိုခြုံ၍ကြည့်လျှင်၊ ဦးထီသည်အယူခံတရားလိုအား တိုက်ဆောက်၍ မပြီးမီ အိမ်ခန်းငှါးရန်သဘောတူကာ၊ စပေါ်ငွေအချို့ယူခဲ့ပြီးနောက်၊ ဦးသန်းမောင်က မြေတခြမ်းနှင့် အိမ်တခြမ်းကိုလွဲပေးမှ တိုက်ကိုအပြီးသတ်ဆောက်ပေးမည်ဟု ပြောဆို ချက်အရ၊ ဦးထီသည် ဦးသန်းမောင် တောင်းဆိုသည့်အတိုင်း လွဲပေးလိုက်ရသည့်

အလျောက်၊ အယူခံတရားလိုသည် ဦးသန်းမောင်၏အိမ်ငှါးအဖြစ် အငှါးစာချုပ်အသစ် ချုပ်ဆိုပြီး နေထိုင်ခဲ့ကြောင်းပေါ်လွင်သည်။ ဦးထီသည် ဦးသန်းမောင်အား မြေတခြမ်း အိမ်တခြမ်း လဲပေးရသည့်ကိစ္စနှင့်ပတ်သက်၍၊ မှတ်ပုံတင် စာချုပ်စာတမ်း မရှိသော်လည်း ယခုအမှုတွင် မည်သူသည် အယူခံတရားလိုဏ အိမ်ရှင်ဖြစ်သည်ဆိုသော ပြဿနာတွင်ထိုကဲ့သို့လဲပေးသည်ဆိုသောအချက်ကိုထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်သည်။ ဦးထီကငင်းသည် အယူခံတရားလိုဏအိမ်ရှင်ဖြစ်ကြောင်း သက်သေအထောက်အထားများအရသော်၎င်း၊ မူဖြစ်အကြောင်းခြင်းရာများအရသော်၎င်း၊ထင်ရှားအောင်ပြသနိုင်ခြင်းမရှိ၍ အောက်ရုံးဏစီရင်ချက်နှင့် ဒီကရီတို့မှာ မှားယွင်းနေကြောင်းထင်ရှားသည်။

အထက်ပါအကြောင်းများကြောင့် အောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ပြီး [အယူခံတရားခံ (မူလတရားလို)ဏ အမှုကို] တရားစရိတ်နှင့်တကွ ပလပ်ရန်အမိန့် ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆

ဒီဇင်ဘာလ ၁၅ ရက်။

ဦးစိန်သာဇံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဒေါ်ကြည်ကြည် ပါ ၂ (ပြင်ဆင်ရန် လျှောက်ထားခံရသူများ)*

ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ တရားစွဲဆိုခြင်း—မည်သူမဆို ပစ္စည်းကို၊ သို့မဟုတ် ပိစ္စည်း စီမံခန့်ခွဲပိုင်ခွင့်ကို တနည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းဖြစ်သည်ဟု ရာဇသတ်ကြီး ပုဒ်မ ၄၀၅ အရ ဆိုခြင်း—မိမိပိုင် ပစ္စည်းကို တိုက်ရိုက် ယုံကြည် အပ်နှံခြင်း မပြုလုပ်စေကာမူ ၎င်း၏ ကိုယ်စားလှယ်မှတဆင့် ယုံကြည် အပ်နှံခြင်း—သက်သေ ထွက်ချက်များအရ၊ စွဲချက်တင်နိုင်လောက်အောင် အထောက်အထားရှိခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၄၀၅ အရ ဆိုလျှင် မည်သူမဆို ပစ္စည်းကို၊ သို့မဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တနည်းနည်းဖြင့် ယုံကြည် အပ်နှံခြင်း ဖြစ်သည်။ မည်သူမဆိုဟု ဆိုထား ရာတွင် လျှောက်ထားသူသည် လျှောက်ထား ခံရသူများအား တိုက်ရိုက် မိမိပိုင် ပစ္စည်း ဖြစ်သော မြကျောက်ကို ယုံကြည် အပ်နှံခြင်း မပြုလုပ်စေကာမူ ၎င်း၏ ကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါ်မြဦးနှင့် ဒေါ်စံမြတို့မှတဆင့် ယုံကြည် အပ်နှံသည်ဟု ယူဆရန် အကြောင်း ရှိပေသည်။ ထို့သို့ ယုံကြည် အပ်နှံခြင်းမှာလည်း တနည်းနည်းဖြင့် ယုံကြည် အပ်နှံခြင်းဟု ယူဆရပေမည်။

တရားလို့နှင့်တကွ တရားလိုပြ သက်သေ ထွက်ချက်များကို ခြုံ၍ ကြည့်လျှင်၊ လျှောက်ထား ခံရသူများအပေါ် စွဲချက်တင်နိုင်လောက်အောင် အထောက် အထားရှိသည်ဟု တွေ့ရှိရသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးဘကျော်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးသန်းနိုင်၊ အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၄၆ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၃ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ မေလ ၆ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့၊ ရာဘက် စက်ရှင် တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

တရားသူကြီး ဦးချစ်။ ။ရန်ကုန်မြို့၊ စတုတ္ထ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၄၀ တွင်၊ တရားလို ဦးစိန်သာဇံက တရားခံ များဖြစ်ကြသော ဒေါ်ကြည်ကြည်နှင့် ခင်မောင်ဦးတို့ အပေါ်၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ တရားစွဲဆိုခဲ့သည်။ ထိုရုံးက တရားလိုပြ သက်သေများကို စစ်ဆေးပြီး တရားခံများ အပေါ်တွင် ရာဇဝတ်ပြစ်မှုနှင့် စွဲချက်တင်နိုင်ရန် အကြောင်းမရှိဟု ယူဆကာ တရားခံများ အပေါ် စွဲချက်မတင်ဘဲ တရားရှင်လွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို ဦးစိန်သာဇံက မကျေနပ်သဖြင့်၊ ရန်ကုန်မြို့၊ ရာဘက် စက်ရှင် တရားသူကြီး ဦးကျော်လှိုင် ရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၃ တွင် ပြင်ဆင်လွှာတင်သွင်းခဲ့သည်။ ပညာရှိ ရာဘက် စက်ရှင်တရားသူကြီးက ထိုအမှုကို ပြန်လည်သုံးသပ်ပြီး အောက်ရုံးအမိန့်အတိုင်း အတည်ပြု၍ ပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်လေသည်။

လျှောက်ထားသူ ဦးစိန်သာဇံက အောက်ရုံးအမိန့်များကို မကျေနပ် သဖြင့် ယခု ဤရုံးသို့ တဖန် ပြင်ဆင်လွှာ တင်သွင်းလာသည်။

အမှုအကြောင်းခြင်းရာ အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ လျှောက် ထားသူ ဦးစိန်သာဇံသည် မိမိပိုင် မြကျောက်တလုံးကို ရောင်းချပေးရန် ဒေါ်မြဦး (လိုပြ ၃) သို့ အပ်နှံသည်။ ၎င်းက ဒေါ်စံမြ (လိုပြ ၄) သို့ တဖန် အပ်နှံပြန်သည်။ ဒေါ်စံမြကတဖန် လျှောက်ထားခံရသူ ခင်မောင်ဦးကို ရောင်းချပေးရန် အပ်နှံပြန် သည်။ ခင်မောင်ဦးသည် လျှောက်ထားခံရသူ ဒေါ်ကြည်ကြည်၏သား ဖြစ်၍ အတူတကွနေထိုင်ကြသည်။ ထိုသို့ကျောက်ကို ပေးအပ်ပြီးသည့်နောက် တပတ်ကြာ သောအခါ ဒေါ်ကြည်ကြည်က ဒေါ်စံမြထံလာ၍ အပ်နှံထားသော ကျောက်မှာ ပျောက်ဆုံးသွားကြောင်း ပြောလေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဦးစိန်သာဇံက ၅ ဦးကော်မီတီသို့ တိုင်တန်းရာတွင် ဖြန်ဖြေ၍ မရသဖြင့်၊ ဦးစိန်သာဇံက ဒေါ်ကြည်ကြည် နှင့် ခင်မောင်ဦးတို့ အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ၊ ဦးတိုက်လျှောက်၍၊ တရားစွဲဆိုလေသည်။ အောက်ရုံး ၂ ရုံး စလုံးက ဦးစိန်သာဇံ စွဲဆိုသောအမှုမှာ ရာဇဝတ်မှု မဖြစ်နိုင်၊ တရားမမှုသာလျှင် ဖြစ်နိုင်သောကြောင့် စွဲဆိုထားသော ရာဇဝတ်မှုတွင် တရားခံများ အပေါ် စွဲချက်မတင်ဘဲ တရားရှင် လွှတ်လိုက်ခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး ဦးဘကျော်က ယခုအမှုသည် တရားမမှု မျိုးမဟုတ်ပါ၊ ရာဇဝတ်မှုသာ ဖြစ်ပါသည်။ ဦးစိန်သာဇံသည် မိမိပိုင် မြကျောက်ကို ရောင်းချပေးရန် ဒေါ်မြဦးထံ အပ်နှံရာတွင် ဒေါ်မြဦးကတဆင့် ဒေါ်စံမြသို့အပ်နှံ၍ ဒေါ်စံမြကတဆင့် လျှောက်ထားခံရသူ ခင်မောင်ဦးထံသို့ အပ်နှံလေသည်။ ထို

ကျောက်ကို ခင်မောင်ဦး၏ အမေ ဒေါ်ကြည်ကြည်က ပျောက်ဆုံးသွားပြီဟုပြောဆို ခြင်းဖြစ်ပါသည်။ ရာဇသတ်ကြီး ပုဒ်မ ၄၀၅ အရဆိုလျှင် မည်သူမဆို ပစ္စည်းကို၊ သို့မဟုတ် ပစ္စည်း စီမံခန့်ခွဲပိုင်ခွင့်ကို တနည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းဖြစ်ပါသည်။ ယခုအမှုတွင် ဦးစိန်သာဇံ၏ အချင်းဖြစ် ပစ္စည်းကို ဒေါ်မြဦးနှင့် ဒေါ်စံမြတို့မှ တဆင့် ခင်မောင်ဦးထံတွင် တနည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်း ဖြစ်ပါသည်။ ယုံကြည်အပ်နှံခြင်းသည် ပစ္စည်းနှင့်သာလျှင် သက်ဆိုင်ပါသည်။ ထိုယုံကြည်အပ်နှံသော ပစ္စည်းကို ခင်မောင်ဦးနှင့် ၎င်း၏မိခင် ဒေါ်ကြည်ကြည်တို့က ပျောက်ဆုံးသွားပြီဖြစ်ကြောင်း ပြောခြင်းမှာ အခြေအမြစ် မရှိဘဲ ပြောခြင်း ဖြစ်သောကြောင့်၊ ၎င်းတို့နှစ်ဦးသည် ထိုပစ္စည်းကို အလဲသုံးစား ပြုလုပ်ရာကျရောက်ပါသည်။ ထိုအချက်သည် ဒေါ်ကြည်ကြည်နှင့် ခင်မောင်ဦးတို့ အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ စွဲချက်တင်နိုင်လောက်အောင် လုံလောက်သည့် အချက် ဖြစ်ပါသည်။ ၎င်းတို့အပေါ် စွဲချက်မတင်ဘဲ တရားရှင်လွှတ်ခြင်းမှာ မှားယွင်းနေပါသည်ဟုတင်ပြသွားလေသည်။

လျှောက်ထားခံရသူများ၏ ပညာရှိ ရွှေနေကြီးက လျှောက်ထားသူ ဦးစိန်သာဇံသည် လျှောက်ထားခံရသူများသို့ အချင်းဖြစ် မြကျောက်နှင့် ပတ်သက်ပြီး တိုက်ရိုက်ယုံကြည် အပ်နှံမှု မရှိပါသဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၄၀၅ တွင် အကျုံးမဝင်ပါ၊ အောက်ရုံးများ၏ ယူဆချက်မှာ မှန်ကန်ပါသည်ဟု လျှောက်လဲသည်။

အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော ပညာရှိ ရွှေနေကြီး ဦးမျိုးထွန်းလင်းက ဤအမှုတွင် လျှောက်ထားခံရသူများ အပေါ် စွဲချက်တင်နိုင်လောက်အောင် သက်သေအထောက်အထားများရှိပါသည်။ လျှောက်ထားခံရသူများကို စွပ်စွဲချက်ကိုပြန်လည်ချေပရန် လိုနေပါသည်။ ထို့ကြောင့် ၎င်းတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ စွဲချက်တင်သင့်ပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်သည် ဤအမှုကို အသေးစိတ် လေ့လာသုံးသပ်သည်။ ရာဇသတ်ကြီး ပုဒ်မ ၄၀၅ အရဆိုလျှင် မည်သူမဆိုဟု ဆိုထားသည်။ ထိုမည်သူမဆိုဟု ဆိုထားရာတွင်၊ ဦးစိန်သာဇံသည် လျှောက်ထားခံရသူများအား တိုက်ရိုက် မိမိပိုင်ပစ္စည်းဖြစ်သော မြကျောက်ကို ယုံကြည်အပ်နှံခြင်း မပြုလုပ်စေကာမူ၊ ၎င်း၏ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်မြဦးနှင့် ဒေါ်စံမြတို့မှတဆင့် ယုံကြည်အပ်နှံသည်ဟု ယူဆရန်အကြောင်းရှိပေသည်။ ထိုသို့ယုံကြည်အပ်နှံခြင်းမှာလည်း တနည်းနည်းဖြင့်ယုံကြည်အပ်နှံခြင်းဟု ယူဆရပေမည်။ ယုံကြည်အပ်နှံခြင်းသည် ပစ္စည်းနှင့်သာလျှင်ဆိုင်လေသည်။ လျှောက်ထားခံရသူများက အပ်ထားသော ပစ္စည်းသည် ပျောက်ဆုံးသွားပြီဟုဆိုခြင်းမှာ ၎င်းတို့၏ သက်သေခံချက်မရှိဘဲ တရားလို သက်သေများက ပြောကြားရာ၌၊ တဆင့်စကားသာ ဖြစ်သဖြင့်၊ သက်သေခံ မဝင်သောကြောင့်၊

အောက်ရုံးများက လျှောက်ထားခံရသူများ၏ ပြောပြချက်ကို သက်သေခံအဖြစ် လက်ခံထားပြီး အဆုံးအဖြတ် ပေးထားခြင်းမှာ၊ တရားဥပဒေအရ မှားယွင်းနေသည်ဟုတွေ့ရှိရသည်။

(တရားလိုနှင့်တကွ တရားလိုပြ သက်သေထွက်ချက်များကို ခုံရုံးကြည့်လျှင်၊ လျှောက်ထားခံရသူများ အပေါ် စွဲချက်တင်နိုင်လောက်အောင် အထောက်အထားရှိသည်ဟု တွေ့ရှိရသည်) လျှောက်ထားခံရသူများ အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ စွဲချက်တင်ရန် လိုအပ်ခြင်းမှာ လျှောက်ထားခံရသူများက ၎င်းတို့ထံ အပ်နှံထားသော အချင်းဖြစ် မြကျောက်သည် အမှန်တကယ် ပျောက်ဆုံးသွားကြောင်း အထောက်အထားနှင့်တကွ ပြဆိုရန် အခွင့်အရေး ပေးခြင်းမျိုးသာလျှင် ဖြစ်သည်။

လျှောက်ထားခံရသူများ၏ ရှေ့နေကြီး တင်ပြသော **ဆရာဆွာတီပရာဆပ်** (၁) အမှုသည် ဤအမှုနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ထိုအမှုတွင် တရားခံအား အပြီးသတ် စစ်ဆေးပြီး၍ တရားခံအား အပြစ်ပေးရာ၌ တရားခံက အယူခံသော အမှုဖြစ်သည်။ ယခုအမှုမှာ အမှုပြီးစီးအောင် မစစ်ဆေးရသေး၊ တရားလိုပြသက်သေများကိုသာလျှင် စစ်ပြီးဖြစ်သည်။

အောက်ရုံး ၂ ရုံးစလုံးက တသဘောတည်း ချမှတ်သော အမိန့်မှာ သိသိသာသာမှားယွင်း၍ တရားမျှတမှု ကင်းမဲ့နေသည်ကို တွေ့ရှိရသည်။ ယင်းသို့ဖြစ်ရကား ဤရုံးက ပြင်ဆင်မှု ရုံးအနေနှင့် ဝင်ရောက်စွက်ဖက်နိုင်သည်။ **မောင်ထွန်းစိန်နှင့် မြည်ထောင်စု မြန်မာနိုင်ငံ** (၂) အမှုကိုကြည့်ပါ။

အထက်ဖော်ပြပါ အကြောင်းများအရ၊ အောက်ရုံး ၂ ရုံး စလုံးက ချမှတ်သော အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ ဤအမှုကို စစ်ဆေးသော ရာဘက်တရားသူကြီး ဦးသန်းစိန်မှာ အခြားတနေရာသို့ ပြောင်းရွှေ့သွားပြီး ဖြစ်သဖြင့်၊ ဤအမှုကိုယခု လက်ရှိ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးက ဤအမှုနံပါတ်အတိုင်းဆက်လက်၍ စစ်ဆေးသွားရန်အမိန့်ချမှတ်လိုက်သည်။

07A

(၁) အေးအိုင်၊အာ(ရှ်)၊ ၁၉၄၉ ခု၊ အလာဟာဘတ်၊ စာ ၄၁၂။
(၂) ၁၉၅၄ ခု၊ မြန်မာ့ပြည် စီရင်ထုံး၊ ဓာတုးလွှတ်တော်၊ စာ ၂၉၃။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးချစ် ရှေတွင်

† ၁၉၆၆

ဒီဇင်ဘာလ
၁၃ ရက်။

ဦးညိပု (အယူခံတရားလို)

နှင့်

ဒေါ်အုန်းတင် ပါ ၂ (အယူခံတရားခံ)*

အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေ—ရုံးက ကလေးများ၏ အကျိုးအတွက် အဓိက ထား၍ စဉ်းစားရန် ရှိသော အချက်—စိတ်ချမ်းသာ၍ ၎င်းတို့၏ အကျိုးစီးပွါး ဖြစ်ထွန်းနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ရုံးက ကလေးများ၏ အကျိုးအတွက် အဓိကထား၍ စဉ်းစားရန် ရှိသော အချက်မှာ မည်သူ့ထံတွင် ကလေးများ ထားရှိက ကလေးများ စိတ်ချမ်းသာ၍ ၎င်းတို့၏ အကျိုးစီးပွါးဖြစ်ထွန်းနိုင်မည်မနိုင်မည်ဖြစ်ပေသည်။ ကလေးများ၌ ပထွေးလည်းရှိသည်။ မိထွေးလည်းရှိသည်။ ပထွေးနှင့်အတူ နေထိုင်ရစေကာမူ ကလေးများကို ကြည့်ရှု စောင့်ရှောက်ရန် အဘိုးနှင့် အဘွား ရှိကြပေသည်။ ကလေးများမှာ မိထွေးနှင့် နေလိုသော စိတ်ထား မရှိသည်မှာ ပေါ်လွင်သဖြင့် ကလေးများ၏ အကျိုးနှင့် တကွ ကလေးများ၏ ဆန္ဒကိုသာလျှင်ရုံးမျှားက အရေးထား၍ သုံးသပ်ရမည်။

မောင်အောင်ခင် နှင့် **မစောလှ**၊ ၁၉၅၈ ခု၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်) စာ ၃၁၁။ **ဦးစိန်ဝင်း** နှင့် **မသန်းတင်** နှင့် **ဦးစောခိုင်**၊ ၁၉၆၀ ခု၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်) စာ ၄၃၇။ **မတင်ညွန့်** နှင့် **ကိုအောင်သိန်း**၊ ၁၉၆၃ ခု၊ မြန်မာပြည်စီရင်ထုံး (တရားရုံးချုပ်) စာ ၂၇၆။ **ဦးအေးမောင်** နှင့် **ဒေါ်အေးအေးရွှေ**၊ တရားရုံးချုပ်၊ ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၄၉။ **မောင်ကျော်ဝင်း** နှင့် **မလှကြည်**၊ ၁၉၆၄ ခု၊ တရားမအသေးအဖွဲမှုအမှတ် ၇၄ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ (၁)။

အယူခံတရားခံအတွက်။ ။ဦးကိုကိုကြီး (၃)။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၁၇။

† ၁၉၆၃ ခုနှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၁၄ တွင် ၁၉၆၆ ခု၊ ဇန္နဝါရီလ ၁၂ ရက်နေ့စွဲပါ၊ မကွေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှာ အယူခံတရားလို ဦးညီပုက မကွေးမြို့၊ ခရိုင်တရားမတရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၂၄ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်သောအမှုဖြစ်သည်။

အမှုအကြောင်းခြင်းရာ အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ လျှောက်ထားသူ ဦးညီပုနှင့် လျှောက်ထားခံရသူအမှတ် (၂) ဒေါ်စောခင်တို့မှာ အကြင်လင်မယား ဖြစ်ခဲ့၍ သားသမီး ၆ ယောက် ထွန်းကားလာခဲ့သည်။ ၎င်းတို့မှာ (၁)မောင်စိုးမြင့်၊(၂)မောင်ထွန်းအောင်၊(၃)မောင်သန်းထွန်း၊(၄)မသန်းသန်းအေး၊ (၅)မတင်ထွေးနှင့် (၆)မရီရီမြင့်တို့ဖြစ်ကြသည်။ ဒေါ်စောခင်ကို ဦးညီပုက ညှဉ်းပန်းနှိပ်စက်သဖြင့် ဆက်လက်၍ မပေါင်းသင်းနိုင်သောကြောင့် တောင်တွင်းကြီးမြို့၊ မြို့နယ်တရားမတရားသူကြီးရုံး ၁၉၅၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇ တွင် ကွာရှင်းလိုမှုတရားစွဲဆိုခဲ့ရာ၊ ဒေါ်စောခင်က ဒီကရီရခဲ့သည်။ ယင်းသို့ ဒီကရီအရ ကွာရှင်းပြီးနောက် တကွဲတပြားစီနေထိုင်ခဲ့ရာ ကလေးများမှာ ဦးညီပုနှင့်အတူ ဆက်လက်နေထိုင်ကြသည်။ ဦးညီပုသည် နောက်ထပ်အိမ်ထောင်ပြုသည်။ ထိုနည်းတူ ဒေါ်စောခင်ကလည်း နောက်ထပ်အိမ်ထောင်ပြုသည်။ ဒေါ်စောခင်သည် ၎င်း၏မိဘများ ဖြစ်ကြသော ဦးပန်းခိုင်နှင့် အယူခံ တရားခံ အမှတ်(၁)ဒေါ်အုန်းတင်တို့နှင့်အတူ နေကြလေသည်။ ဒေါ်အုန်းတင်က ဦးညီပုထံမှ မြေးများကို ခေတ္တခေါ်ယူထားရာမှ မြေးများကို ဦးညီပုထံသို့ ပြန်လည်မပို့ဟု အဆိုရှိသည်။ ဦးပန်းခိုင်သည် မြေးများအတွက် စားစရိတ်ကို တရားရုံးတွင် လျှောက်ထားရာ၊ အောက်ရုံးက ကလေးများအတွက် စားစရိတ်အမိန့်ချသော်ငြားလည်း စက်ရှင်ရုံးက ထိုအမိန့်ကို အတည်မပြုပယ်ဖျက်လိုက်သည်။ ထိုနောက် ဒေါ်စောခင်က ၎င်း၏သားသမီးများအတွက် စားစရိတ်ရရှိရန်နောက်ထပ်၍ တရားတထုံးစွဲဆိုရာ၊ မူလရုံးက ဦးညီပုအား ကလေးများအတွက် စားစရိတ်တလ ၆၀ ပေးစေရန်အမိန့်ချမှတ်ခဲ့သည်။ ဦးညီပုက ထိုအမိန့်ကို မကျေနပ်သဖြင့် စက်ရှင်ရုံးတွင် အယူခံဝင်ခဲ့ရာ မအောင်မြင်ခဲ့ပေ။ ဤတွင် ဦးညီပုက တရားရုံးချုပ် ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၈ (ခ) တွင် ပြင်ဆင်လွှာတင်သွင်းခဲ့ရာ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ပညာရှိတရားသူကြီးချုပ်က ယင်းပြင်ဆင်မှုလွှာကို လက်ခံရန်အကြောင်းမရှိသဖြင့် အကျဉ်းနည်းဖြင့် ပလပ်လိုက်သည်။ ယင်းကဲ့သို့ အရေးရုံးနိမ့်ပြီးလျှင် ဦးညီပုက အယူခံတရားခံများထံတွင်နေထိုင်လျက်ရှိနေကြသော ကလေးများကိုပြန်ခေါ်၍ အုပ်ထိန်းလိုသဖြင့် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေ ပုဒ်မ ၂၅ အရ မကွေးမြို့၊ ခရိုင်တရားမတရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ကရားမသေးမှုအမှတ် ၂၄ တွင် တရားစွဲဆိုလေသည်။ ပညာရှိခရိုင်တရားမ

တရားသူကြီးက ဦးညီပု တင်ပြသော သက်သေများနှင့်တကွ ဒေါ်အုန်းတင်နှင့် ဒေါ်စောခင်တို့အပြင် အရွယ်မရောက်သေးသောသားသမီး ၅ ယောက်ကိုခေါ်ယူ၍ စစ်ဆေးပြီး ဦးညီပု၏ လျှောက်ထားချက်ကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ထို့ကြောင့် ဤအယူခံမှုပေါ် ပေါက်လာရသည်။

အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီး ဦးလှဖေ(၁)က ကလေးများသည် ယခု အခါ အယူခံ တရားခံများ၏ လက်ထဲတွင် ဆင်းဆင်းရဲရဲ ဖြစ်နေကြပါသည်။ သမီး အကြီးဆုံးသည် အပျိုကလေး ဖြစ်လာသဖြင့် ဒေါ်စောခင်၏ နောက်အိမ်ထောင် ပထွေးနှင့် အတူနေရန် မသင့်ပါ၊ ကလေးများသည့် မူလက ဦးညီပုနှင့်အတူ ချမ်းချမ်းသာသာ နေထိုင်နေရာမှ ဒေါ်အုန်းတင်က ခေတ္တခဏ ခေါ်ယူသွားပြီးနောက် ပြန်မပို့ဘဲ ကလေးစရိတ်များ ရရှိရေးနှင့် ပတ်သက်၍ အတန်တန်လျှောက်ထားခဲ့ပါသည်။ ယခု ဦးညီပုမှာ နောက်ထပ်အိမ်ထောင်နှင့်နေရာကလေးများမှာ မိထွေးနှင့်မသင့်မြတ်စရာ အကြောင်းမရှိပါ၊ ကလေးများ၏ စိတ်ချမ်းသာမှုနှင့် ပြည့်စုံမှု ရရှိစေရန် ဦးညီပု ကသာလျှင် ပြုလုပ်ဆောင်ရွက်နိုင်ပါသောကြောင့် ဦးညီပုသည်၊ ထိုကလေးများကို အုပ်ထိန်းသူ ဖြစ်သင့်ပါသည်ဟု လျှောက်လဲသွားသည်။

အယူခံ တရားခံများ၏ ပညာရှိရှေ့နေကြီး ဦးကိုကိုကြီး(၂)က၊ ဦးညီပုတွင် နောက်အိမ်ထောင် ပြုထားသဖြင့် ကလေးများမှာ မိထွေးနှင့် မနေနိုင်ကြပါ၊ ဒေါ်စောခင်ကလည်း နောက်အိမ်ထောင် ပြုသဖြင့် ကလေးများသည် ပထွေးနှင့် ဖြစ်နေစေကာမူ အဘိုးအဘွားများနှင့် တအိမ်တည်း နေထိုင်ကြသဖြင့် အဘိုးအဘွားများ၏ အစောင့်အရှောက် အကျွေးအမွေးကိုခံပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် နေထိုင်ပြီးလျှင် ကလေးများကလည်း မိခင်နှင့် နေလိုပါသည်ဟု တရားရုံးတွင် ဆန္ဒပြုပါသဖြင့် ၎င်းတို့၏ဆန္ဒကို ရုံးတော်က အလေးအစား ပြုသင့်ပါသည်။ ထို့ကြောင့် အယူခံ တရားလို၏လျှောက်လွှာကို အောက်ရုံးက ပလပ်ခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြသွားသည်။

ဤအမှုကို ကျွန်ုပ်သည် အသေးစိတ်လေ့လာသုံးသပ်သည်။ ပညာရှိခရိုင်တရားမတရားသူကြီး ယူဆသည့်အတိုင်း ဦးညီပုသည် ယခုကဲ့သို့သော ကလေးများကို အုပ်ထိန်းမှုရရှိလိုရေး လျှောက်ထားခြင်းမှာ ရုံးက ကလေးစရိတ်ပေးရန် ချထားခြင်းကို မရှိးသားသောစိတ်ဖြင့် လွဲဖိရန်သဘောဖြင့် လျှောက်ထားသည်ဟု ကျွန်ုပ်ယူဆသည်။ ကလေးများမှာ မူလက ဦးညီပုနှင့်နေထိုင်ခဲ့သော်ငြားလည်း ယခုအခါတွင် အသက်အရွယ်များလည်း ရရှိကြပြီဖြစ်၍ အဘိုးအေ အဘွားအေများနှင့်တကွမိခင်နှင့် အတူနေထိုင်ရခြင်းမှာ စိတ်ပျော် ရွှင်မှုရရှိနေသည်ဟုယူဆသည်။အောက်ရုံးက ကလေး

များကို စစ်ဆေးရာ၌ ကလေးများကငင်းတို့သည် မိခင်နှင့်သာလျှင် နေလိုကြပါသည်ဟု ဆန္ဒပြု၍ ထွက်ဆိုသွားကြသည်။

ယခု(ရုံးက ကလေးများ၏အကျိုးအတွက် အဓိကထား၍ စဉ်းစားရန်ရှိသော အချက်မှာ မည်သူ့ထံတွင် ကလေးများ ထားရှိက, ကလေးများ စိတ်ချမ်းသာ၍ ၎င်းတို့၏ အကျိုးစီးပွါး ဖြစ်ထွန်းနိုင်မည်၊ မနိုင်မည် ဖြစ်ပေသည်။ ကလေးများ၌ ပထွေးလည်းရှိသည်၊ မိထွေးလည်းရှိသည်၊ ပထွေးနှင့်အတူ နေထိုင်ရစေကာမူ ကလေးများကို ကြည့်ရှုစောင့်ရှောက်ရန် အဘိုးနှင့်အဘွား ရှိကြပေသည်၊ ကလေးများမှာ မိထွေးနှင့်နေလိုသော စိတ်ထား မရှိသည်မှာ ပေါ်လွင်သဖြင့် ကလေးများ၏ အကျိုးနှင့်တကွ ကလေးများ၏ ဆန္ဒကိုသာလျှင် ရုံးများက အရေးထား၍ သုံးသပ်ရမည်) ဖြစ်ကြောင်း နှင့်ပတ်သက်ပြီး **မောင်အောင်ခင်** နှင့် **မစောလှအမှူ** (၁)၊**ဦးစိန်ဝင်း**နှင့် **မသန်းတင်**နှင့် **ဦးစောခိုင်အမှူ**(၂)၊ **မတင်ညွှန့်**နှင့် **ကိုအောင်သိန်းအမှူ** (၃)၊ **ဦးအေးမောင်** နှင့် **ဒေါ်အေးအေးလွှေအမှူ**(၄)နှင့် **မောင်ကျော်ဝင်း** နှင့် **မလှကြည်အမှူ** (၅) တို့တွင် ရှင်းလင်းပြတ်သားစွာ အဆုံးအဖြတ်ပြုထားသည်။

ထို့ကြောင့် ပညာရှိခွေနေကြီး ဦးလှဖေ(၁)၏ တင်ပြချက်ကို လက်ခံရန် အကြောင်း မရှိပေ။ သို့ဖြစ်၍ အောက်ရုံးက ချမှတ်သော အမိန့်ကို အတည်ပြုပြီး ဤအယူခံမှုကို စ ရိတ် နှင့်တကွ ပလပ်လိုက်သည်။ ခွေနေစရိတ်မှာ ၅၀ ဖြစ်စေရမည်။

---

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) စာ ၃၁၁။
(၂) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) စာ ၄၃၇။
(၃) ၁၉၆၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားရုံးချုပ်) စာ ၂၇၆။
(၄) တရားရုံးချုပ်၊ ၁၉၆၄ ခုနှစ်၊ တရားမအသေးဖွဲ့မှုအမှတ် ၄၉။
(၅) ၁၉၆၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် ၇၄။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတင်

† ၁၉၆၆

နိုဝင်ဘာလ ၄ ရက်။

ဦးထွန်းမြင့် (အယူခံတရားလို)

နှင့်

ဦးသက်ရှည် (အယူခံတရားခံ)*

ပဋိညာဉ် စာချုပ်မှာပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၅၆ အရ၊ ပျက်ပြယ်ပြီဟု မြွက်ဟရန်နှင့် ဇာတ်ကား ထုတ်လုပ်ရာတွင် အနှောက် အယှက် မပြုရန် တားဝါရမ်း ထုတ်ပေးစေလိုမှု—တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၃ အရ၊ အကြောင်းကြားစာ မထုတ်ဘဲ ယာယီ တားဝါရမ်း ထုတ်ပေးရန် အာဏာရှိခြင်း—အောက်ခုံးအမိန့်တွင် တဖက်သို့ အကြောင်းကြားစာ မထုတ်ဆင့်ဘဲရွတ်ခြည်းယာယီ တားဝါရမ်းထုတ်ပေးရအောင် အရေးကြီးသည့် အကြောင်းကိစ္စ ပေါ် ပေါက်နေသည်ဟု ဖေါ်ပြ မထားခြင်း—အကြောင်းကြားစာ မထုတ်ဘဲ တဖက်သတ် တားဝါရမ်းထုတ်ဆင့်ခြင်းမှာ တရားဥပဒေ အရ မှားယွင်း ချွတ်ချော်ခြင်း ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၃ အရ၊ အကြောင်းကြားစာ ထုတ်ဆင့်ခြင်းအားဖြင့် ကြန့်ကြာမှု ဖြစ်ကာ၊ ယာယီ တားဝါရမ်း လျှောက်ထားခြင်း၏ ရည်ရွယ်ချက်ကို အဟောသိက ဖြစ်စေမည့် အမှုများတွင်တရားရုံးအနေဖြင့် တဖက်သို့ အကြောင်းကြားစာ မထုတ်ဘဲ ယာယီ တားဝါရမ်း ထုတ်ပေးရန် အာဏာရှိသည်။ ထိုကဲ့သို့ အမှုမျိုး မဟုတ်လျှင် ယာယီ တားဝါရမ်း ထုတ်ပေးခြင်း မပြုမီ တဖက်သို့ အကြောင်းကြားစာ ထုတ်ပေးရန် တာဝန် ရှိသည်။ ထိုကဲ့သို့ အကြောင်းကြားစာ ထုတ်ပေးရမည်ဟုလည်း ဥပဒေက အတိ အလင်း ပြဋ္ဌာန်းထားသည်။

အောက်ခုံးအမိန့်တွင် တဘက်သို့ အကြောင်းကြားစာ မထုတ်ဆင့်ဘဲ ရုတ်ခြည်း ယာယီ တားဝါရမ်းကို ထုတ်ပေးရအောင် အရေးကြီးသည့် အကြောင်း ကိစ္စ ပေါ် ပေါက်နေသည်ဟု ဖေါ်ပြထားခြင်းမရှိပေ။ ယာယီ တားဝါရမ်းကို တဘက်သတ် ထုတ်ပေးရန် လျှောက်ထားသည့် အယူခံ တရား၏ လျှောက်လွှာနှင့် ပူးတွဲ တင်ပြထားသော ကျမ်းကျိန်လွှာများတွင်လည်း ထိုကဲ့သို့ အရေးကြီးသည့် အကြောင်း ကိစ္စရှိသည်ဟု စွပ်စွဲတင်ပြထားခြင်း မရှိပေ။ သို့ဖြစ်ရာ အောက်ခုံးအနေဖြင့် ယာယီ တားဝါရမ်းကို တဘက်သို့ အကြောင်းကြားစာမထုတ်ဘဲ တဘက်သတ် ထုတ်ဆင့်ခဲ့ခြင်းမှာ တရား ဥပဒေအရ မှားယွင်း ချွတ်ချော်ကြောင်း ပေါ် လွင်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၃၃။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂၂ တွင် ရန်ကုန်မြို့တော် တရားမရုံး တတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

အမိုလက်ရမ် နှင့် ဆာဟ်ဆင်း၊ အတွဲ ၇၊ အလာဟာဘတ်၊ စာ ၅၅၀။ **။ဟာရီ နှင့် အိန္ဒိယ နိုင်ငံအတွင်းရန်၊** အတွဲ ၂၇၊ ဘုံဘော၊ စာ ၄၂၄။ **။ဂိုရိုဒတ်ဘိုကလား နှင့် ဆိုရပ်ရှော၊** အတွဲ ၂၊ အောက်မြန် မာပြည် စီရင်ထုံး၊ စာ ၂၂၂။ **။ဘီ၊ အို၊ စီ၊ ကုမ္ပဏီ နှင့် ဆင် (မ်) ဆင်၊** အတွဲ ၁၃၊ ဘားမားလောတိုင်း၊ စာ ၂၂၇ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ **။ဦးဘရွှန်း။**

အယူခံတရားခံအတွက်။ **။ဦးထွန်းအောင် (၂)။**

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံ ဦးသက်ရှည်သည် မဟာဗေဓိ ရပ်ရှင်ကုမ္ပဏီ ပိုင်ရှင်ဖြစ်သည်။ ဦးသက်ရှည်သည် "မေတ္တာလမ်းက ပြန်ခဲ့ပါ" ဇာတ်ကားကို ရိုက်ကူးရာတွင် ငွေရေးကြေးရေး အခက်အခဲ ရှိသဖြင့် အယူခံတရားလို ဦးထွန်းမြင့်ထံ၌ အကူအညီတောင်းခံရာ ထိုဇာတ်ကား ရိုက်ကူးရန်အတွက် ငွေ ၃၀,၀၀၀ အကူအညီပေးရန် သဘောတူသည်။ ဦးသက်ရှည်ကလည်း အပြန်အလှန် သဘောအနေဖြင့် "မေတ္တာလမ်းက ပြန်ခဲ့ပါ" ဇာတ်ကားကို မြန်မာတပြည်လုံးရှိ ရုပ်ရှင်ရုံပိုင်ရှင်နှင့် ရုပ်ရှင်ပြသည့် ကန်ထရိုက်တာများအား ဦးထွန်းမြင့် ဆန္ဒအတိုင်း အငှါးချထားခြင်းကို သဘောတူညီခဲ့သည်။ ယင်းသို့ နှစ်ဦးသဘောတူညီသည့် ပဋိညာဉ်ကို ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့တွင် စာချုပ်ချုပ်ဆိုကာ နှစ်ဦးစလုံး လက်မှတ်ရေးထိုးခဲ့သည်။ ထိုကဲ့သို့ စာချုပ် ချုပ်ဆိုပြီးနောက် "မေတ္တာလမ်းက ပြန်ခဲ့ပါ" ဇာတ်လမ်းကိုရိုက်ကူးခဲ့ရာ အတော်ပင် ပြီးစီးခဲ့၏။

၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကမ္ဘာအေးရပ်ကွက်ကို မီးလောင်ကျွမ်းရာ ဦးသက်ရှည်က ကမ္ဘာအေး စံပြရပ်ကွက် အမှတ် ၇၂၀ တွင်ထားသော ဖလင်လိပ်များသည် မီးထဲသို့ပါသွားကြောင်း၊ ဦးထွန်းမြင့်အား အဆိုပါ ဇာတ်ထုပ်ကိုဆက်လက် ရိုက်ကူးရန် နောက်ထပ် ငွေအကူအညီတောင်းရာ မကူညီနိုင်ဟု ဆိုသည့်အပြင်၊ အခြားငွေကြေး ထုတ်ပေးသူများနှင့် ဆက်လက် လုပ်ကိုင်နိုင်သည်ဟု ပြန်ကြားခဲ့ကြောင်း။ သို့ရာတွင်အခြားငွေကြေး ထုတ်ပေးသူများနှင့် ဆက်သွယ်ရန် ကြိုးပမ်းသောအခါ ဦးထွန်းမြင့်သည် အမျိုးမျိုး အနှောက်အယှက် ပေးနေကြောင်း။ ၁၉၆၆ ခု၊ ဇန္နဝါရီလ ၁၇ ရက်နေ့စွဲပါ ပဋိညာဉ်စာချုပ်မှာ ပဋိညာဉ်ဥပဒေပုဒ်မ ၂၆ အရ၊ ပျက်ပြယ်နေပြီဖြစ်ကြောင်း။ "မေတ္တာလမ်းက ပြန်ခဲ့ပါ" ဇာတ်လမ်းကို ဦးထွန်းမြင့် ၏ အနှောက်အယှက် မရှိမှသာ ဖြစ်မြောက်အောင်မြင်အောင် ထုတ်လုပ်နိုင်မည်ဖြစ်၍ ဦးထွန်းမြင့်အပေါ် တားဝါရမ်း ထုတ်ပေးရန်လိုကြောင်း ဖော်ပြကာ ရန်ကုန်မြို့၊ တရားမရုံးတွင် ၁၉၆၆ ခု၊ ဇန္နဝါရီလ ၁၇ ရက်နေ့စွဲပါ စာချုပ်မှာ ပဋိညာဉ်ဥပဒေ

၁၉၆၆

ဦးထွန်းမြင့်နှင့် ဦးသက်ရွှေး

ပုဒ်မ ၅၆ အရ ပျက်ပြယ်ပြီဟု မြွက်ဟရန်နှင့် ဇာတ်ကားထုတ်လုပ်ရာတွင် အနှောက်အယှက်မပြုရန် တားဝါရမ်း ထုတ်ပေးစေလိုမှု တရားစွဲဆိုလေသည်။

ထိုကဲ့သို့ တရားစွဲဆိုသည့် ၁၉၆၆ ခု၊ ဇွန်လ ၂၇ ရက်နေ့၌ပင် ဦးသက်ရွှေးက ဦးထွန်းမြင့်အပေါ် ယာယီ တားဝါရမ်း ထုတ်ဆင့်ပေးရန် လျှောက်ထားရာ၊ ပညာရှိ တတိယ တရားသူကြီးသည် ဦးထွန်းမြင့်အပေါ် အကြောင်းကြားစာ မထုတ်ဘဲ ယာယီတားဝါရမ်းကို ချက်ခြင်းပင် တဘက်သတ် ထုတ်ပေးလိုက်လေသည်။ ထိုကဲ့သို့ ယာယီတားဝါရမ်းကို တဘက်သတ် ထုတ်ပေးခဲ့သည်ကို ဦးထွန်းမြင့်က မကျေနပ်၍ ဤအယူခံ တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီး ဦးဘရွှန်းက၊ ယာယီတားဝါရမ်းကို တဘက်သတ် ထုတ်ပေးခဲ့သော အောက်ရုံးပညာရှိ တရားသူကြီး၏ အမိန့်မှာ ဥပဒေနှင့် ဆန့်ကျင်နေကြောင်း တင်ပြလာ၏။ (တရားမကျင့်ထုံးအမိန့် ၃၉၊ နည်း ၃ ဥပဒေ ၃ အရ၊ အကြောင်းကြားစာ ထုတ်ဆင့်ခြင်းအားဖြင့် ကြန့်ကြာမှုဖြစ်ကာ ယာယီတားဝါရမ်း လျှောက်ထားခြင်း၏ ရည်ရွယ်ချက်ကို အဟောသိက ဖြစ်စေမည့် အမှုမျှားတွင် တရားရုံးအနေဖြင့် တဘက်သို့ အကြောင်းကြားစာ မထုတ်ဘဲ ယာယီတားဝါရမ်း ထုတ်ပေးရန် အာဏာရှိသည်။ ထိုကဲ့သို့ အမှုမျိုးမဟုတ်လျှင် ယာယီတားဝါရမ်း ထုတ်ပေးခြင်းမပြုမီ တဘက်သို့ အကြောင်းကြားစာ ထုတ်ပေးရန် တာဝန်ရှိသည်။ ထိုကဲ့သို့ အကြောင်းကြားစာ ထုတ်ပေးရမည်ဟုလည်း ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားသည်)။ တနည်းဆိုသော် ရုတ်ခြည်းထုတ်ပေးခြင်း မပြုပါက ကုစား၍မရနိုင်အောင် ဆုံးရှုံးနစ်နာမှု ကြုံတွေ့ရမည့် အမှုမျိုးတွင်သာတဘက်သို့ အကြောင်းမကြားဘဲ တဘက်သတ် ယာယီတားဝါရမ်း ထုတ်ဆင့်ခွင့် ရှိပေသည်။ **အမိုလက်ရမ်** နှင့် **ဆာဟ် ဆင်း** (၁)၊ **ဟာရီ** နှင့် **အိန္ဒိယနိုင်ငံ အတွင်းဝန်** (၂)၊ **ဂိုရှိဒတ်ဘိုကလား** နှင့် **ဆိုရပ်ရွော** (၃)၊ **ဘီ၊ အိုး၊ စီ၊ ကုမ္ပဏီ** နှင့် **ဆင်(မ်)ဆင်**(၄)။

သို့ဖြစ်ရာ အောက်ရုံးပညာရှိ တရားသူကြီး အနေဖြင့် တဘက်သို့အကြောင်းကြားစာမထုတ်ဘဲ ယာယီတားဝါရမ်းကို ထုတ်ပေးရန် ခိုင်လုံသောအကြောင်းရှိ မရှိဆိုခြင်း

---

(၁) အတွဲ ၇၊ အလာဟာဘတ်၊ စာ ၅၅၀။

(၂) အတွဲ ၂၇၊ ဘုံဘေ၊ စာ ၄၂၄။

(၃) အတွဲ ၂၊ အောက်မြန်မာပြည် စီရင်ထုံး၊ စာ ၂၂၂။

(၄) အတွဲ ၁၃၊ ဘားမားလောဘိုင်း၊ စာ ၂၂၇။

ကို ဆန်းစစ်ရန် လိုပေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အောက်ရုံးပညာရှိ တရားသူကြီးသည် ၎င်း၏အမိန့်တွင် အောက်ပါအတိုင်း အကြောင်းပြထားသည်။

> ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် လှတ်တော်ရှေ့နေကြီး ဦးထွန်းအောင် (၂)ရောက်ရှိ၊ လျှောက်ထားသူဘက်မှ တင်သွင်းသောကတိသစ္စာပြုလွှာများမြင်ပြီး၊ တရားမကြီးမှုအလို့ငှါ၊ တရားလိုအားထားတင်ပြသောစာရွက်စာတမ်းများမြင်ပြီး။ဦးထွန်းအောင်(၂)၏လျှောက်လဲချက်ကြားနာပြီး၊ "မေတ္တာလမ်းကပြန်ခဲ့ပါ" ဇာတ်ကားရိုက်ကူးရာတွင် ငွေကြေးကိစ္စနှင့်ပတ်သက်၍ ဦးထွန်းမြင့် တာဝန်ယူထားကြောင်း၊ ရိုက်ပြီးသားဖလင်များ၊ က မ္ဘာအေးရပ်ကွက်မီးလောင်ရာတွင် ပါသွား၍ ဆုံးရှုံးထားကြောင်း၊ ဦးထွန်းမြင့် ထုတ်ပေးထားသော ငွေမှာ ၃၀,၀၀၀ ကျော်ခန့်ရှိကြောင်း ဆက်လက်ရိုက်ကူးရန် ဦးသက်ရှည်က၊ ဦးထွန်းမြင့်အား ငွေထပ်တောင်းကြောင်း၊ ဦးထွန်းမြင့်က ငွေကိစ္စနှင့်ပတ်သက်ပြီး အခြားသင့်တော်သူထံမှ ရယူပြီး ဆောင်ရွက်နိုင်ကြောင်း သဘောမျိုးသက်ရောက်သည့်၊ ၁၉၆၆ ခုနှစ်၊ဇွန်လ ၂၃ ရက်နေ့စွဲပါစာကိုတွေ့ရ၍တကြောင်း၊ လျှောက်ထားသူ၏ဇာတ်ကားဆက်ရိုက်ရန်မှာ ဦးထွန်းမြင့်သော်၎င်း၊ အခြားသူတဦးတယောက်ကသော်၎င်း ငွေအားဖြင့် ပါဝင်ကူညီမှုသာလျှင် ဇာတ်ကားပြီးမြောက်နိုင်မည်၊ ဇာတ်ကားရုံတင်နိုင်မှ ငွေရမည်၊ ငွေရမှ ပေးရန်တာဝန်ငွေများကို ပေးဆပ်နိုင်မည်၊ ဇာတ်ကားမပြီးပါက ပေးရန် တာဝန်ရှိသော ငွေအတွက် ပေးဆပ်ရန်ဆန္ဒပင်ရှိလင့်ကစား မပေးနိုင်မည့်အရေးမှာ မကုစားနိုင်သည့် ဆုံးရှုံးမှုမျိုးဖြစ်သည် ဟု ကျွန်ုပ်ယုံကြည်၍ လျှောက်လွှာကို ယာယီအားဖြင့် ခွင့်ပြုသည်၊ အကြောင်းကြားစာနှင့် တားဝါရမ်း (ယာယီ) ထုတ်၊ ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်။

အဆိုပါ (အမိန့်တွင် တဘက်သို့ အကြောင်းကြားစာမထုတ်ဆင့်ဘဲ ရုတ်ခြည်း ယာယီတားဝါရမ်းကိုထုတ်ပေးရအောင် အရေးကြီးသည့် အကြောင်းကိစ္စပေါ် ပေါက်နေသည်ဟု ဖော်ပြထားခြင်းမရှိပေ။ ယာယီတားဝါရမ်းကို တဘက်သတ်ထုတ်ပေးရန် လျှောက်ထားသည့် အယူခံတရားခံ၏ လျှောက်လွှာနှင့် ပူးတွဲတင်ပြထားသော ကျမ်းကျိန်လွှာများတွင်လည်း ထိုကဲ့သို့အရေးကြီးသည့်အကြောင်း ကိစ္စရှိသည်ဟု စွပ်စွဲတင်ပြထားခြင်းမရှိပေ။ သို့ဖြစ်ရာ၊ အောက်ရုံးအနေဖြင့် ယာယီတားဝါရမ်းကို တဘက်သို့ အကြောင်းကြားစာမထုတ်ဘဲ တဘက်သတ် ထုတ်ဆင့်ခဲ့ခြင်းမှာ တရားဥပဒေအရ မှားယွင်းချတ်ချေ်ကြောင်း ပေါ် လွင်သည်)။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီး ဦးဘရွှန်းက၊ အယူခံတရားခံက အောက်ရုံး တွင်စွဲဆိုသောအမှုမှာ လုံးဝလက်ခံထိုက်သောအမှုမဟုတ်သဖြင့်ထိုအမှုအပေါ် မူတည်၍၊ ယာယီတားဝါရမ်းမထုတ်ပေးနိုင်ကြောင်းထပ်လောင်းတင်ပြလာသည်။ အယူခံတရား လိုနှင့်အယူခံတရားခံတို့နှစ်ဦးသဘောတူချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်မှာ ဖလင် လိပ်များမီးလောင်သဖြင့် ပဋိညာဉ်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သည်ဟု မြင်ဟ ပေးရန် စွဲဆိုသော အယူခံတရားခံ၏ အမှုမှာ တရားဥပဒေအရ လက်ခံရမည်လော၊ ပယ်ရမည်လော ဆိုသည့်ပြဿနာကို ကျွန်ုပ်အနေဖြင့် ယခုအချိန်တွင် ဆုံးဖြတ်ရန် မဟုတ်ချေ။ ထိုပြဿနာကို အောက်ရုံးခ်ဳသာ တင်ပြရမည်ဖြစ်ပြီး၊ အောက်ရုံးကသာ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် အောက်ရုံးမှ ဆုံးဖြတ်ရမည့်အမှုကို ကြိုတင်ဆုံးဖြတ်ခြင်းမပြုနိုင်ပေ။ သို့ဖြစ်ရာ အယူခံတရားခံ စွဲဆိုသော အမှုမှာ တရား ဥပဒေအရ လက်ခံသင့်သည့် အမှုတခုဟုတ် မဟုတ်ဆိုခြင်းနှင့်ပတ်သက်၍ ဝေဖန်ခြင်း မပြုလိုပေ။

ယာယီတားဝါရမ်းထုတ်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ၊ တရားခံ၏ ပြုမူ ချက်ကြောင့် တရားလိုတွင် ကုစားရှိမရနိုင်သည့် နစ်နာမှုပေါ် ပေါက်ခြင်းမှ အကာ အကွယ်ပေးရန်ဖြစ်ပေသည်။ ပဋိပက္ခမပေါ် ပေါက်မီက လက်ရှိဖြစ်သည့် တရားလို တရားခံအသီးသီးတို့၏ အခွင့်အရေး၊ ပိုင်ဆိုင်ခွင့် စသည်တို့ကို "ပိုနေမြဲ ကျားနေမြဲ" ဆိုသကဲ့သို့ ထားရှိရန်ပင်ဖြစ်သည်။ ထိုရည်ရွယ်ချက်များကို စိတ်ဝယ်ထား၍၊ ယခု အမှုတွင် ယာယီတားဝါရမ်းထုတ်ပေးရန် အလို၌၊ လုံလောက်သော အကြောင်းရှိ မရှိဆိုခြင်းကို စီစစ်ရပေမည်။

ဦးသက်ရှည်က ဖလင်လိပ်များ မီးလောင်သွားပြီးနောက် ဇာတ်ကားကို ဆက် လက်ရိုက်ကူးရန်ကိစ္စနှင့်ပတ်သက်၍၊ ဦးထွန်းမြင့်အား နောက်ထပ် ငွေထုတ်ပေးပါ မည့်အကြောင်း ပြောဆိုသောအခါ၊ မပေးနိုင်ကြောင်း ပြောသည့်အပြင်၊အခြား ငွေထုတ်ပေးမည့်သူများနှင့် စီစဉ်နိုင်ကြောင်း စာပြန်ခဲ့သော်လည်း၊ အခြားငွေထုတ် ပေးမည့်သူများနှင့် အစီအစဉ်ပြုလုပ်ရာတွင် ဦးထွန်းမြင့်က ဝင်ရောက်နှောက်ယှက် နေသဖြင့် ၎င်းအပေါ် တားဝါရမ်းထုတ်ပေးမှသာ "မေတ္တာလမ်းကပြန်ခဲ့ပါ" ဇာတ် ကားကို အပြီးအပိုင် ရိုက်ကူးနိုင်မည်ဟု ဆို၏။ ဦးထွန်းမြင့်နှင့် ဦးသက်ရှည်တို့သည်၊ "မေတ္တာလမ်းကပြန်ခဲ့ပါ" ဇာတ်ကားကို စပ်တူရိုက်ကူးရန် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့တွင် နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့၏။ ထိုစာချုပ်အရ ဇာတ်ကား ထုတ်လုပ်ရာတွင် ကုန်ကျမည့် ငွေ ၃၀,၀၀၀ ကို ဦးထွန်းမြင့်က ထုတ်ပေးရန် ဖြစ်သည်။ ထိုသဘောတူညီချက်အရ ငွေ ၃၀,၀၀၀ ကို ဦးထွန်းမြင့်ထံမှ အလီလီ ထုတ်ယူသုံးစွဲပြီးဖြစ်သည်။ ယင်းသို့ စိုက်ထုတ်ထားရသည့်ငွေအတွက် ဦးထွန်းမြင့်

က ထိုဇာတ်ကားအား မိမိသဘောအတိုင်း အငှါးချထားခွင့်ကို ဦးသက်ရွှည်သည် အဆိုပါ စာချုပ်၌ လွှဲပေးထားပြီးဖြစ်သည်။ ဦးထွန်းမြင့်အနေဖြင့် မိမိစိုက်ထုတ်သုံးစွဲထားပြီးဖြစ်သည့် ငွေများကို ပြန်လည်ရလိုမည်မှာ ဓမ္မတာပင် ဖြစ်၏။ ထိုကဲ့သို့ စိုက်ထုတ်သုံးစွဲပြီး ငွေများကိုပြန်လည်ရလိုလျှင် ဦးထွန်းမြင့်သည် "မေတ္တာလမ်းက ပြန်ခဲ့ပါ" ဇာတ်ကားကို မပြီးပြီးအောင် ဆောင်ရွက်ရန်သာရှိသည်။ ဇာတ်ကား မပြီးနိုင်က ငွေပြန်ရရန်လမ်းရှိမည်မဟုတ်သောကြောင့်၊ ဦးထွန်းမြင့်သည် ဦးသက်ရွှည်ကဲ့သို့ပင် အဆိုပါ ဇာတ်ကားအား ဆောလျင်စွာ ပြီးစီးသည်ကို မြင်လိုမည်မှာ ဧကန်ဖြစ်သည်။ သို့ဖြစ်ရာ ဦးထွန်းမြင့်သည် "မေတ္တာလမ်းကပြန်ခဲ့ပါ" ဇာတ်ကား ပြီးစီးအောင် ထုတ်လုပ်ရာ၌ အနှောက်အယှက်ပေးနေသည် ဆိုခြင်းမှာ ယုတ္တိမရှိပေ။ ဦးသက်ရွှည်က ၎င်း၏ ကျမ်းကျိန်လွှာ၌ ဇာတ်ကားရိုက်ကူးရာတွင် ငွေကြေးအကူအညီပေးရန်သဘောတူကြသည့် ဦးစံသိန်းနှင့် ဦးသာကျော်တို့သည် ဦးထွန်းမြင့်၏ နှောက်ယှက်မှုကြောင့် နောက်ဆုတ်သွားကြသည်ဟု ဆိုထားသော်လည်း၊ ဦးစံသိန်းနှင့် ဦးသာကျော်တို့၏ ကျမ်းကျိန်လွှာများကိုတင်သွင်းခဲ့ခြင်းမရှိပေ။ ထို့ပြင်ဦးထွန်းမြင့်အနေဖြင့် ဇာတ်ကားပြီးစီးမှ ၎င်း၏ငွေများကို ပြန်လည်ရရှိမည်ဖြစ်ရာ ဇာတ်ကားပြီးစီးအောင် အကူအညီပေးသူများကို အကူအညီမပေးရန် တားမြစ်နှောက်ယှက်သည်ဆိုခြင်းမှာ သဘာဝမကျပါ။ အထက်ပါအကြောင်း ရပ်များကြောင့် ယခုအမှုတွင်၊ ဦးထွန်းမြင့်အပေါ် ယာယီတားဝါရမ်း ထုတ်ပေးရန် လုံလောက်သော အကြောင်းရှိသည်ဟု မဆိုနိုင်ပေ။

အယူခံတရားခံ၏ ပညာရှိရှေ့နေကြီး ဦးထွန်းအောင်က ယာယီတားဝါရမ်း ထုတ်ပေးသောကိစ္စမှာ မူလရုံး၏ ဆင်ခြင်တိုင်းထွာမှုအာဏာအတွင်း ထုတ်ပေးသည့် အမိန့်ဖြစ်၍၊ ဤအယူခံရုံးအနေဖြင့် ဝင်ရောက်ဖက်စွက်ခြင်း မပြုသင့်ကြောင်း တင်ပြကာ၊ **ဂျိုဂယ်အဟီး** နှင့် **ဘာဘူဆမာရတ်ဆင်း** (၅) တို့အမှုကို ကိုးကားသွား၏။ ယာယီတားဝါရမ်းထုတ်ပေးသင့် မသင့် ဆိုသောကိစ္စသည်၊ မူလရုံး၏ဆင်ခြင်တိုင်းထွာခွင့်အာဏာအတွင်းကျရောက်သည့် ပြဿနာတခုဖြစ်၍၊ မူလရုံးအနေဖြင့် ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး ထိုပြဿနာအပေါ် အမိန့်ချမှတ်ခဲ့လျှင်၊ အယူခံရုံးအနေဖြင့် မူလရုံး၏ အမိန့်ကိုဝင်ရောက်ဖက်စွက်ခြင်းမပြုနိုင်ပေ။ သို့ရာတွင် မူလရုံးအနေဖြင့် ယင်းကိစ္စ၌ ထင်ရာစိုင်းသည့် သဘောဖြင့် ပြုလုပ်ခဲ့ပါမူ၊ အယူခံရုံးက ထိုအမိန့်အား မှန်ရာသို့ ရောက်အောင် ပြင်ဆင်ပေးရန်တာဝန် ရှိပေသည်။ ပြင်ဆင်ရန်အာဏာ ရှိသည်ဆိုခြင်းကိုလည်း မငြင်းနိုင်ပေ။

(၅) ၁၉၆၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၇၀၊ တရားလွှတ်တော်။

၁၉၆၆

ဦးဆွန်းမြင့်နှင့် ဦးသက်ရှည်း

ဤအမှုတွင် မူလရုံးသည် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၃ က အထူး အကြောင်းရပ်မရှိပါကယာယီတားဝါရမ်းလျှောက်ထားခြင်းကို တဘက်သို့ အကြောင်းကြားစာမထုတ်ဘဲခွင့်မပြုရဟု ပြဋ္ဌာန်းထားပါလျက်၊ ထိုပြဋ္ဌာန်းချက်အား လိုက်နာခဲ့ခြင်းမရှိ၊ ယာယီတားဝါရမ်းထုတ်ပေးရန် လျှောက်ထားသည့် ဦးသက်ရှည်၏လျှောက်လွှာပါ အကြောင်းပြချက်မှာ ဖြစ်တတ်သော ဓမ္မတာသဘောနှင့် ဆီလျော်ခြင်းမရှိသည်ဆိုသောအချက်ကိုလည်း မစဉ်းစားခဲ့ပေ။ သို့ဖြစ်ရာ မူလရုံး၏အမိန့်သည် ဆင်ခြင်တုံတရားလက်ကိုင်ထားပြီးချမှတ်ထားသော အမိန့်ဖြစ်သည်ဟု မဆိုနိုင်ပေ။

အထက်ပါ အကြောင်းရပ်များကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး၊ အယူခံတရားလို အပေါ် တဘက်သတ်ယာယီတားဝါရမ်းထုတ်ပေးခဲ့သော ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့စွဲပါ အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အယူခံတရားခံသည် ဤအယူခံမှုအတွက် တရားစရိတ်များကို အယူခံတရားလိုအားပေးဆောင် ရမည်ဖြစ်သည်။ ရှေ့နေကြီး စရိတ်မှာ ငွေ ၃၄၀ သတ်မှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရှေတွင်

ဦးပိုက် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဒီဇင်ဘာလ ၁၅ ရက်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က)—သက်သေခံကားကို အာမခံဖြင့် ပြန်ပေးရန် လျှောက်ထားခြင်း—အထူးရာဇဝတ်ရုံး ဥပဒေနှင့် နည်းဥပဒေများသည် အထူးဥပဒေ ဖြစ်ခြင်း—သက်သေခံပစ္စည်းနှင့် ပတ်သက်၍ မည်သို့မည်ပုံ ပြုလုပ်ရမည် ဆိုသည့် အကြောင်းနှင့် စပ်လျဉ်း၍ အထူးဥပဒေတွင် ဖော်ပြထားခြင်း မရှိခြင်း—သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ထုခွဲရာတွင် ရာဇဝတ်ကျင့်ထုံးနှင့် အညီ ပြုလုပ်ရခြင်း။

ဆုံးဖြတ်ချက်။ ။အထူးရာဇဝတ်ရုံး ဥပဒေနှင့် နည်းဥပဒေများသည် အထူး ဥပဒေ ဖြစ်၍၊ ရာဇဝတ် ကျင့်ထုံးမှာ ယေဘုယျဥပဒေ ဖြစ်သည်။ သို့ရာတွင် ထိုဆိုခဲ့ပြီးသော နည်းဥပဒေ အရ၊ သက်သေခံပစ္စည်းကို လက်ခံထိန်းသိမ်းရမည်ဟူ၍သာ ဆိုသည်။ ထိုသက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ မည်သို့ မည်ပုံ ပြုလုပ်ရမည်ဆိုသည့် အကြောင်းနှင့် စပ်လျဉ်း၍ အထူးဥပဒေတွင် ဖော်ပြထားခြင်းမရှိပေ။ ယင်းသို့ ဖော်ပြထားခြင်း မရှိသည့် အတွက် သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍၊ ထုခွဲရာတွင် ရာဇဝတ်ကျင့်ထုံးနှင့် အညီ ပြုလုပ်ရပေမည်။ သက်သေခံ ပစ္စည်း ထုခွဲခြင်းသည် အဆိုပါ နည်းဥပဒေတွင် ဖော်ပြထားသော အမှုစစ်ဆေးခြင်းမျိုး မဟုတ်ပေ။ အထူးရာဇဝတ်ရုံးတွင် အမှုစစ်ဆေးရောက်ရှိနေစေကာမူ နည်းဥပဒေ အပိုဒ် ၂၃ အရ၊ ထိုဥပဒေတွင်အခြားနည်း အတိုအလင်း ပြဋ္ဌာန်း ထားခြင်း မရှိလျှင်၊ ထိုအထူးရာဇဝတ်ရုံးသည် တရားစစ်ဆေး စီရင်ရာတွင် ရာဇဝတ် ကျင့်ထုံးပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။ ထိုမျှမကသေး နည်းဥပဒေ အပိုဒ် ၃၀ (ငါ) တွင် သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အထူးရာဇဝတ် ရုံးကဖြစ်စေ၊ အတည်ပြု အာဏာပိုင်က ဖြစ်စေ၊ အမိန့်ချမှတ်မည့် သက်ဆိုင်ရာ စက်ရှင် တရားသူကြီးက သင့်လျော်သော အမိန့်ချမှတ်နိုင်သည်ဟုဟူ၍ပင် ပြဋ္ဌာန်းထားသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂၂၃ (ခ)။

† ရန်ကုန်မြို့၊ ၂-ရာဘက် ရာဇဝတ် တရားသူကြီးရုံး ရာဇဝတ် ကြီးမှုအမှတ် ၇၀၇ တွင် လျှောက်ထားသူက သက်သေခံ ဒေါ်ဂျစ်ကားကို အမှုအတောအတွင်း ပြန်လည် ပေးအပ်ထားရန် လျှောက်ထားရာ ဆိုင်ငံ့ထား၍ ရန်ကုန်မြို့၊ ရာဘက်စက်ရှင် တရားသူကြီးရုံးသို့ ထပ်မံ လျှောက်ထားရာ၊ ၁၉၆၆ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့က ပလပ်လိုက်သဖြင့် ထိုအမိန့်ကို မကျေနပ်၍ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၃၅ နှင့် ၄၃၉ အရ၊ လျှောက်ထားသော လျှောက်လွှာ။

၁၉၆၆

ဦးပိုက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမြင့်စိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရ ရှေနေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးချစ်။။ ။လျှောက်ထားသူ ဦးပိုက်နှင့်တကွ၊ အခြားတရားခံများဖြစ်ကြသော ဦးစစ်ဟန်၊ မောင်စိုး၊ မောင်လှမောင်နှင့် မောင်တင်ဆောင်တို့အပေါ် ရာဇသတ်ပုဒ်မ ၃၆၅/၁၀၉ အရ၊ အမှုစစ်ဆေးရန်၊ ရန်ကုန်မြို့၊ ဒုတိယရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၇၀၇/၆၆ တွင်၊ ကြည့်မြင်တိုင် ပြည့်သူရဲစခန်းမှ တင်ပို့ထားလေသည်။ ထိုရုံးတွင် လျှောက်ထားသူ ဦးပိုက်နှင့် မောင်စစ်ဟန်၊ မောင်လှမောင်နှင့် မောင်စိုးတို့က အာမခံ လျှောက်ထားကြလေသည်။ ထို့ပြင် လျှောက်ထားသူ ဦးပိုက်၏ သက်သေခံ ဒေါ်ဂျစ်ကားကိုလည်း လျှောက်ထားသူက ငင်းထံသို့ အာမခံဖြင့် ပြန်လည်ပေးပါရန်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆ (က) အရ၊ လျှောက်ထားလေသည်။ ထိုရုံးက ထိုအမှုကို အထူးရာဇဝတ်ရုံးနှင့် စစ်ဆေးရန် ပြင်ဆင်နေသဖြင့် အာမခံများနှင့်တကွ၊ သက်သေခံ ပစ္စည်း ဒေါ်ဂျစ်ကားကို၊လျှောက်ထားသူ ဦးပိုက်သို့ ပြန်လည်ပေးရန် အကြောင်းမရှိဟု အမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားသူ ဦးပိုက်နှင့်တကွ၊ မောင်စစ်ဟန်၊ မောင်စိုးနှင့် မောင်လှမောင်တို့သည်၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်သေးမှုအမှတ် ၉၃ တွင်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၈ အရ၊ အာမခံလျှောက်ကြပြန်ရာ၊ ပညာရှိ စက်ရှင် တရားသူကြီးက၊ ၎င်းတို့အား အာမခံပေးလိုက်ခြင်းဖြစ်သည်။ လျှောက်ထားသူ ဦးပိုက်သည် အာမခံရရှိပြီးနောက်၊ သက်သေခံ၎င်း၏ ဒေါ်ဂျစ်ကားကို အမှုအတောအတွင်း ၎င်းထံသို့ အာမခံနှင့် ပြန်လည်ပေးပါရန်၊ အောက်ရုံးတွင် လျှောက်ထားသော်ငြားလည်း၊ မရရှိသဖြင့်၊ ရန်ကုန်နှင့် ဟံသာဝတီ စက်ရှင် ခရိုင်ရာဘက် စက်ရှင်တရားသူကြီး (ဦးသိန်းအောင်) ရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၃ တွင် လျှောက်ထားလေသည်။ ပညာရှိ ရာဘက် စက်ရှင်တရားသူကြီးက၊ အထူးရာဇဝတ်ရုံး ဥပဒေကဲ့သို့ အာဏာတည် အကျိုးသက်ရောက်သော အထူးရာဇဝတ်ရုံး နည်းဥပဒေ အပိုဒ် ၃ (၄) တွင် ဖော်ပြထားသည့် "သက်သေခံပစ္စည်းပါလျှင်လည်း လက်ခံသိမ်းရမည်" ဟု ပြဋ္ဌာန်းချက်ကို ကိုးကား၍ အောက်ရုံးအမိန့်အတိုင်း အတည်ပြုပြီး၊ လျှောက်ထားသူ၏ လျှောက်လွှာကို ပလပ်လိုက်လေသည်။ ထို့ကြောင့် ဤပြင်ဆင်မှု ပေါ်ပေါက်လာလေသည်။

လျှောက်ထားသူ၏ ပညာရှိ ရှေနေကြီး ဦးမြင့်စိုးက၊ သက်သေခံ ဒေါ်ဂျစ်ကားသည် လျှောက်ထားသူပိုင် ဖြစ်ပါသည်။ ထိုဒေါ်ဂျစ်ကားဖြင့် လူခိုးမှုကျူးလွန်သည်ဟု စွပ်စွဲသော်ငြားလည်း၊ လျှောက်ထားသူသည် ပြစ်မှုကျူးလွန်သည်ဟု

စွပ်စွဲသည့်အချိန်တွင်၊ ကားပေါ်တွင်မရှိပါ၊ ကားအနီးမှာလည်း မရှိပါ။ ပြစ်မှုကျူးလွန်သည်ဆိုသည့် အကြောင်းကိုလည်း မသိပါ။ လျှောက်ထားသူကို ရာဘက်စက်ရှင် တရားသူကြီးရုံးကလည်း အာမခံပေးထားပါသည်။ ၎င်းပိုင် သက်သေခံ ဒေါ်ဂျစ် ကားကို၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆(က)အရ၊ ပြန်လည်တောင်းဆိုရာ၌၊ အောက်ရုံး ပညာရှိတရားသူကြီးက အမှုကို အထူးရာဇဝတ်ရုံးနှင့် စစ်ဆေးမည် ဖြစ်သဖြင့်၊ အထူး ရာဇဝတ်ရုံး နည်းဥပဒေ အပိုဒ် ၃ (၄) အရ၊ ယင်းသက်သေခံ ပစ္စည်းကို လက်ခံသိမ်းရမည်ဖြစ်သောကြောင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆(က) အရ၊ မဆောင်ရွက်နိုင်သည်ဟု ယူဆခြင်းမှာ မှားယွင်းပါသည်။ ထိုနည်းဥပဒေ အပိုဒ် ၃ (၄) အရ ဆိုလျှင်၊ အမှုကို စစ်ဆေးခြင်း မပြုဘဲ ဆိုင်းငံ့ထားရမည်ဟုသာ ဆိုပါသည်။ ထို့နောက် တရားခံသည် အချုပ်နှင့်ဖြစ်လျှင် ပုံစံ (၁) ဝရမ်းဖြင့် အကျဉ်းထောင်သို့ ပို့၍ချုပ်ထားရမည်။ သက်သေခံ ပစ္စည်းပါလျှင် လက်ခံထိန်းသိမ်းရမည်ဟူ၍ဖြစ်ပါသည်။ ထိုပြဋ္ဌာန်းချက်၏ အဓိပ္ပါယ်မှာ၊ တရားရုံးက အမှုကို စစ်ဆေးခြင်း မပြုဘဲ နေရပါသည်။ သို့သော် တရားခံကို ပုံစံ (၁) ဖြင့် အကျဉ်းထောင်သို့ ပို့ထားသော်ငြားလည်း၊ တရားခံက အာမခံ တောင်းဆိုလျှင် တရားရုံးက အာမခံ ပေးသင့် မပေးသင့်နှင့် ပတ်သက်၍ စဉ်းစားနိုင်ပါသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍၊ **မောင်ကျော်နှင့် မြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုတွင် ချမှတ်ပြီးဖြစ်ပါသည်။ ထိုနည်းတူ သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ လျှောက်ထားသူအား ပြန်လည် ပေးသင့်မသင့်မှာ၊ အမှုစစ်ဆေးခြင်း ပြုလုပ်မှုမဟုတ်ပါ၊ အာမခံ လျှောက်လွှာကို လက်ခံသည့်နည်းတူ၊ သက်သေခံ ပစ္စည်း ပြန်လည် တောင်းယူပါက၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၆(က) နှင့်အညီ ထုခွဲနိုင်ပါသည်။ အောက်ရုံးနှစ်ရုံးစလုံးမှ ယူဆချက်မှာ၊ ဥပဒေနှင့် ဖီလာဖြစ်နေသဖြင့်၊ အလွန်တရာမှ မှားယွင်း ချတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေသောကြောင့် ပယ်ဖျက်သင့်ပါသည်ဟု တင်ပြသွားသည်။

အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရ ရှေ့နေကြီး ဦးမျိုးထွန်းလင်းက၊ အောက်ရုံးများက ဤအမှုတွင် ဥပဒေယူဆချက်မှာ မှားယွင်းနေပါသည်။ အထူးရာဇဝတ်ရုံးဖြင့် စစ်ဆေးရန် ပြင်ဆင်နေသည့် အမှုတွင်၊ တရားရုံးက တရားခံကို အာမခံပေးရန် သင့်သောအမှုများတွင် အာမခံ ပေးထားသည်ကို တွေ့ရှိရပါသည်။ ထို့အတူ သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍လည်း တရားရုံးက လက်ခံသိမ်းထားရန် ပြဋ္ဌာန်းထားသော်လည်း လက်ခံသိမ်းထားပြီးနောက်၊ရာဇဝတ်ကျင့်ထုံး ပုဒ်မအရ ဆောင်ရွက်နိုင်ပါသည်ဟု တင်ပြသွားသည်။

---

(၁) တရားရုံးချုပ်၊ ၁၉၆၅ ခု၊ ရာဇဝတ်သေးမှုအမှတ် ၇။

၁၉၆၆

ဦးပိုက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပညာရှိရာဘက် စက်ရှင်တရားသူကြီး ယူဆသည့်အတိုင်း (အထူးရာဇဝတ်ရုံး ဥပဒေနှင့် နည်းဥပဒေများသည်၊ အထူး ဥပဒေဖြစ်၍၊ ရာဇဝတ်ကျင့်ထုံးမှာယေဘုယျ ဥပဒေ) ဖြစ်ကြောင်းမှန်သည်။ (သို့ရာတွင် ထိုဆိုခဲ့ပြီးသော နည်းဥပဒေအရ သက်သေခံ ပစ္စည်းကို လက်ခံထိန်းသိမ်းရမည်ဟူ၍သာဆိုသည်။ ထိုသက်သေခံ ပစ္စည်းနှင့်ပတ်သက်၍ မည်သို့မည်ပုံ ပြုလုပ်ရမည်ဆိုသည့်အကြောင်းနှင့် စပ်လျဉ်း၍ အထူးဥပဒေတွင် ဖော်ပြထားခြင်း မရှိပေ။ ယင်းသို့ ဖော်ပြထားခြင်း မရှိသည့်အတွက်၊ သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ ထုခဲ့ရာတွင်၊ ရာဇဝတ်ကျင့်ထုံးနှင့်အညီ ပြုလုပ်ရပေမည်။ သက်သေခံ ပစ္စည်း ထုခဲ့ခြင်းသည် အဆိုပါနည်းဥပဒေတွင် ဖော်ပြထားသောအမှု စစ်ဆေးခြင်းမျိုး မဟုတ်ပေ။ အထူးရာဇဝတ်ရုံးတွင် အမှုစစ်ဆေးရောက်ရှိနေစေကာမူ၊ နည်းဥပဒေ အပိုဒ် ၂၃ အရ၊ ထိုဥပဒေတွင် အခြားနည်းအတိုင်းအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ထိုအထူး ရာဇဝတ်ရုံးသည် တရားစစ်ဆေးစီရင်ရာတွင်၊ ရာဇဝတ်ကျင့်ထုံးပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထိုမျှမကသေး နည်းဥပဒေ အပိုဒ် ၃၀ (c) တွင်၊ သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ အထူးရာဇဝတ်ရုံးကဖြစ်စေ၊ အတည်ပြု အာဏာပိုင်ကဖြစ်စေ၊ အမိန့်ချမှတ်မည်၊ သက်ဆိုင်ရာ စက်ရှင်တရားသူကြီးက သင့်လျော်သောအမိန့် ချမှတ်နိုင်သည်ဟူ၍ပင် ပြဋ္ဌာန်းထားသည်။)

အထက်ဖော်ပြပါ အကြောင်းခြင်းရာများအရ၊ အောက်ရုံးများ၏ ယူဆချက်မှာ သိသိသာသာကြီး မှားယွင်း ချွတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေသည်ကို တွေ့ရှိရသဖြင့်၊ ဤရုံးအနေနှင့် ဝင်ရောက်စွက်ဖက်နိုင်သည်။ **မောင်ထွန်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၂) အမှုကိုကြည့်ပါ။

ထို့ကြောင့်၊ အောက်ရုံးများ၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ လျှောက်ထားသူ ဦးပိုက်၏ သက်သေခံ ပစ္စည်းကို၊ အမှုအတောအတွင်း အာမခံဖြင့် ပြန်လည်ရရှိရေးကို၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆(က)အရ၊ အောက်မူလရုံးက စုံစမ်းစစ်ဆေး၍ ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သည်။

---

(၂) ၁၉၅၄ ခု၊ မြန်မာပြည်စီရင်ထုံး၊- တရားလွှတ်တော်၊ စာ ၂၉၃။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

ဦးဘလှ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ နိုဝင်ဘာလ ၂၆ ရက်။

လက်နက် ဥပဒေ ပုဒ်မ ၁၉ (စ) အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—လိုအပ်သည့် အခွင့်အာမိန့်ကို ရန်ကုန် ရဲမင်းကြီးက ထုတ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်သည်မှာ ရန်ကုန်မြို့တွင် ဖြစ်သဖြင့်၊ ၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲ ဥပဒေ ပုဒ်မ ဂ (၅) အရ၊ လက်နက် ဥပဒေ ပုဒ်မ ၂၉ နှင့် ပတ်သက်၍၊ လက်နက် ဥပဒေ ပုဒ်မ ၁၉ (စ) အရ တရားစွဲဆိုသည့် အမှုများတွင် လိုအပ်သည့် အခွင့်အာမိန့်ကို ရန်ကုန် ရဲမင်းကြီးက ထုတ်ပေးနိုင်ကြောင်း အတိ အလင်း ပြဆိုထားသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ရွှေနေကြီး ဦးအေးမောင်။

ပြင်ဆင်ရန် လျှောက်ထား ခံရသူအတွက်။ ။အစိုးရရွှေနေကြီး ဦးထွန်းလွင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ လျှောက်သူ ဦးဘလှအား၊ ရန်ကုန်မြို့၊ စသုံးလုံးပဌမ အထူးတရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ တွင်၊ လက်နက်ဥပဒေ ပုဒ်မ ၁၉ (စ)အရ၊ တရားစွဲဆိုရာ၊ လျှောက်သူ ဦးဘလှသည် ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည်ဆို၍ ဒဏ်ငွေ ၁၀၀ ပေးဆောင်ရမည်ဟု ပြစ်ဒဏ်ချမှတ်ခြင်း ခံရလေသည်။ ထိုသို့ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်ချမှတ်ထားသည်ကို မကျေနပ်သဖြင့် ဦးဘလှက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉ အရ၊ ဤပြင်ဆင်မှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

အမှုကြောင်းရာ လိုရင်းကို ဖေါ်ပြရမူ၊ ၁၉၆၄ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့က လျှောက်သူ ဦးဘလှပိုင် ခင်ကမ္ဘာဇီတွင် နိုင်ငံခြားငွေများ ရှာဖွေရာမှ တဆက်တည်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၂၀ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ စွဲပါ၊ ရန်ကုန်မြို့၊ ပဌမ အထူး စသုံးလုံး တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

လိုပင် ဦးဘလှနေထိုင်သည့် အမှတ် ၁၂၊က၊ ယာဒင်လမ်းရှိအိမ်ကို သက်သေလူကြီးများ နှင့် ရှာဖွေရာအိပ်ခန်း မှန်တင်ခုံအံဆွဲထဲမှ ၁၂ ဘိုယမ်းတောင့် ၃၀ တောင့်ကို တွေ့ ရှိရသဖြင့် ဦးဘလှအပေါ် ရန်ကုန်ရဲမင်းကြီး၏အမိန့်ကို ရယူပြီးလက်နက်ဥပဒေပုဒ်မ ၁၉(စ) အရ၊တရားစွဲတင်ခဲ့ခြင်းဖြစ်သည်။

ဦးဘလှက သက်သေခံ ယမ်းတောင့် ၃၀ တောင့်ကို ၎င်း၏အိမ်မှ ဘမ်းဆီးရမိသည် ဆိုခြင်းကို မငြင်းဆိုပေ။ သို့ရာတွင်၎င်းက လက်နက်များနှင့် ခဲယမ်း မီးကျောက်များ ကို သိုလှောင်ရောင်းချရန် ခင်ကုမ္ပဏီအနေနှင့် ၂၁၊ ကရစ်လမ်းတွင်ပြုလုပ်ရန်လိုင်စင် ရရှိထားကြောင်း၊ ကရစ်လမ်းရှိ ခင်ကုမ္ပဏီတွင် စာရွက်စာတမ်းများ အနည်းငယ် ပျောက်ဆုံးသဖြင့် လက်နက်ခဲယမ်း မီးကျောက်များကို ထိုနေရာတွင် ထားရှိပါက လုံခြုံမှုရှိမည် မထင်၍ လက်နက်ပစ္စည်းများကို ရန်ကုန်မြို့၊ ရဲမင်းကြီးထံသို့ အပ်ခဲ့ ကြောင်း၊ သို့သော် အတိုအထွာနမူနာယမ်းတောင့် အကြွင်းအကျန်များကို နောက်ထပ် ရဲမင်းကြီးထံပို့ရန် အမိန့်မရသဖြင့် ခင်ကုမ္ပဏီတွင် ထားရှိရန်လည်း စိတ်မချသော ကြောင့် နေအိမ်သို့ ယူသွားမိခြင်းသာ ဖြစ်သည်ဟု ပြဆိုလေသည်။

မည်သို့ပင်ဖြစ်စေ ဘမ်းဆီးရမိသည့် ယမ်းတောင့်များကို ဦးဘလှသည် ၎င်း နေထိုင်သည့် အမှတ် ၁၂၊က၊ ယာဒင်လမ်းအိမ်တွင် ထားရှိရန် အခွင့်အမိန့် တစုံတရာ မရှိကြောင်းမှာ ထင်ရှားနေသဖြင့် ၎င်းသည် လက်နက်ဥပဒေ ပုဒ်မ ၁၉ (စ) အရ၊ အပြစ်ရှိကြောင်း ထင်ရှားသည်ဟု အောက်ရုံးမှ ဆုံးဖြတ်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့လေ သည်။

ယခုပြင်ဆင်မှု လျှောက်ထားရာဝယ် ဦးဘလှက အောက်ရုံးမှ ၎င်းအပေါ် ပြစ်မှု တွေ့ရှိပြစ်ဒဏ် စီရင်ထားခြင်းမှာ ဥပဒေအရ မှားယွင်း ချွတ်ချော်နေကြောင်း ပြဆို ရာတွင် လက်နက်ဥပဒေ ပုဒ်မ ၁၉ (စ) အရ၊ အမှုစွဲဆိုရာ၌ ပုဒ်မ ၂၉ အရ လိုအပ်သည့် ခရိုင်ဆရာတော် တရားသူကြီး၏ အခွင့်အမိန့် မပါရှိသောကြောင့် စစ်ဆေးချက်များမှာ တရားမဝင်ပါဟုငင်း၊ လျှောက်ထားသူသည် လက်နက် ခဲယမ်းမီးကျောက်များ ထားရှိ ရောင်းချရန် ၁၉၅၁ ခုနှစ်၊ လက်နက်နည်းဥပဒေ ပုံစံ (၉) အရ၊ အခွင့်အမိန့်ရရှိခဲ့ရာ၊ ထိုပုံစံ (၉)တွင် လက်နက်များကို မည်သည့်နေရာတွင် ထားရှိရမည်ဟု သတ်မှတ် ထားခြင်း မရှိသဖြင့် မိမိအိမ်မှ ဘမ်းဆီးမိသည့်အတွက် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည် မဆိုနိုင်ပါဟု ကိုးကားလျှောက်ထားလေသည်။

ပဌမအချက်ဖြစ်သည့် တရားစွဲဆိုခဲ့သည်မှာ ခရိုင်ဆရာတော် တရားသူကြီး၏ အခွင့် အမိန့် မရရှိသဖြင့် စစ်ဆေးချက်များမှာ ဥပဒေအရ တရားမဝင်ပါဟုဆိုသည့် ပြဆိုချက် နှင့် ပတ်သက်၍၊ အချင်းဖြစ်သည်မှာ ရန်ကုန်မြို့တွင် ဖြစ်သဖြင့် ၁၈၉၉ ခုနှစ်၊

ရန်ကုန်ရဲ ဥပဒေပုဒ်မ ဂ (၅)အရ၊ လက်နက်ဥပဒေပုဒ်မ ၂၉ နှင့် ပတ်သက်၍ လက်နက် ဥပဒေပုဒ်မ ၁၉ (စ)အရ၊ တရားစွဲဆိုသည့် အမှုများတွင် လိုအပ်သည့် အခွင့်အမိန့်ကို ရန်ကုန်ရဲမင်းကြီးက ထုတ်ပေးနိုင်ကြောင်း အတိအလင်း ပြဆိုထားသဖြင့် ၎င်း အချက်နှင့် ပတ်သက်၍ လျှောက်သူ၏ ပညာရှိရှေနေကြီး၏ ကန့်ကွက်ချက်ကို လက်ခံ နိုင်ရန်မဖြစ်ပေ။ ဒုတိယအချက်ဖြစ်သည့် လျှောက်သူ ဦးဘလှသည် လက်နက်များကို ထားရှိရောင်းချရန် လက်နက်နည်းဥပဒေပုံစံ ၉၊ ၁၂၊ ၁၃ တို့အရ၊ လိုင်စင်ရရှိသူဖြစ် သဖြင့် ပုံစံ ၉ တွင် လက်နက်များကို မည်သည့်နေရာတွင် ထားရှိရမည်ဟု သတ်မတ်ခြင်း မရှိသောကြောင့် သက်သေခံ ယမ်းတောင့်များကို လျှောက်သူ၏အိမ်မှ ဘမ်းဆီးရမိ သည်နှင့် လျှောက်သူသည် လက်နက်ဥပဒေ ပုဒ်မ ၁၉ (စ)အရ၊ ပြစ်မှုကျူးလွန်သည်ဟု မယူဆနိုင်ပါဆိုသည့် ပြဆိုချက်နှင့် ပတ်သက်၍၊ လျှောက်သူ၏ ပညာရှိရှေနေကြီး ရည်ညွှန်းသည့် နည်းဥပဒေ ပုံစံ ၉၊ ၁၂ အရ၊ လိုင်စင်ရရှိသူများအတွက် လက်နက်များ ထားရှိရန်နှင့် ပတ်သက်၍၊ ထုတ်ပေးသည့် အမိန့်မှာ ပုံစံ ၁၃ အရ၊ ဖြစ်ပေသည်။ ထိုပုံစံ ၁၃ တွင်လက်နက်များကို မည်သည့်နေရာတွင် ထားရှိရမည် ဖြစ်ကြောင်း အတိအကျ ပြဆိုသားပေသည်။ ထိုအချက်နှင့် ပတ်သက်၍ ဦးဘလှအား ထုတ်ပေးခဲ့ သည့် ပုံစံ ၁၃ အမိန့်ကို နိုင်ငံတော် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရ ရှေနေကြီးက ရုံးရှေသို့ တင်ပြခဲ့ရာ ၎င်းပုံစံတွင် လက်နက်များကို ထားရှိရန်နေရာမှာ နံပါတ် ၂၁၁၊ ကရစ်လမ်း၊ ရန်ကုန်မြို့ဟု အတိအလင်း ပြဆိုသားသည်ကို တွေ့ရှိရပေ သည်။ ထို့ကြောင့် လျှောက်သူ၏ ပညာရှိရှေနေကြီးက ပုံစံ ၉ ဖြစ်သည့် သက်သေခံ အမှတ် (က)တွင် ဦးဘလှသည် လက်နက်များကို မည်သည့်နေရာတွင် ထားရှိရမည်ဟု ဖေါ်ပြထားခြင်း မရှိသောကြောင့် အိမ်တွင် ထားရှိရုံနှင့် ပြစ်မှုမဖြစ်နိုင်ပါဆိုသည့် ကိုးကားချက်မှာ ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ထိုမှတပါး ယခုပြင်ဆင်မှုနှင့် ပတ်သက်၍ လျှောက်သူက အောက်ရုံးမှ ချမှတ်ခဲ့သည့် အမိန့်မှာ ဥပဒေအရ မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေသည်ဟုမည်သို့မျှ ပြဆိုနိုင်ခြင်း မရှိသဖြင့် ဤပြင်ဆင်မှုအလှာကို ခွင့်ပြုရန် အကြောင်းရှိသည်ဟု ကျွန်ုပ်တို့ မတွေ့ရှိရသဖြင့် ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးချစ်ရှေတွင်

†၁၉၆၆

ဦးမောင်ညို (အယူခံတရားလို)

နှင့်

အဘူး (ခ) မောင်အေးမောင် ပါ ၁၉ (အယူခံတရားခံများ)*

နိုဝင်ဘာလ ၈ ရက်။

ပစ္စည်းများကို ရုံးတော်က အုပ်ချုပ် စီမံခန့်ခွဲပြီး ခွဲဝေပေးရန် တရားစွဲဆိုမှု—သေသူများ၏ ပစ္စည်း အားလုံး သေသူထံမှ တိုက်ရိုက် အမွေဆက်ခံသူ တဦး မဟုတ်သူ၏ လက်တွင် ရောက်ရှိ နေခြင်း—၎င်းအား တရားခံ တဦး အနေဖြင့် ထည့်သွင်း၍ တရားစွဲဆိုနိုင် မနိုင်—တရားမ ကျင့်ထုံးအမိန့် ၁၊ နည်းဥပဒေ ၃ နှင့် နည်းဥပဒေ ၁၀ (၂)တို့ အရ၊ ထည့်သွင်း၍ တရားမစွဲ ဆိုဘဲ မဖြစ်ခြင်း—ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယားအမှတ် ၁၂၀—ရှေ့ပြောင်း နိုင်သော ပစ္စည်းများကို လက်ဝယ်သို့ ရောက်ရှိသည့် နေ့က စ၍ ၆ နှစ် အတွင်း တောင်းခံ ရခြင်း။

ဆုံးဖြတ်ချက်။ ။အမှုမှာ သေဆုံးသူ ဦးလယ်ဘဲနှင့် ဒေါ်ဂွန်းတို့၏ ကျန်ရှိရစ်သော ပစ္စည်း များကို အမွေဆိုင်များက တရားရုံးတော်၏ စီမံကွပ်ကဲ အုပ်ချုပ်မှုနှင့် ပစ္စည်းများခွဲဝေစေမှုကိုတောင်း ခံသော အမှုဖြစ်ရာ၊ ထိုကျန်ရှိရစ်ခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍ ရုံးတော်က စာရင်းရှင်းတမ်း ပြုလုပ်ပြီးလျှင် အမွေဆိုင်များကို အမွေခွဲဝေပေးရန်သာ ဖြစ်သည်။ သေသူများ၏ ပစ္စည်း အားလုံး တို့မှာ အယူခံ တရားလို၏ လက်တွင် ရောက်ရှိနေသဖြင့် ဤကဲ့သို့သော အမွေ ခွဲဝေမှုတွင် အယူခံ တရားလိုသည် သေသူထံမှ တိုက်ရိုက် အမွေ ဆက်ခံသူတဦး မဟုတ်သော်ငြားလည်း တရားခံ တဦး အနေဖြင့် ထည့်သွင်း စွဲဆိုနိုင်သည်။ ၎င်းပြင် တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၃ နှင့် နည်း ဥပဒေ ၁၀ (၂) တို့အရ၊ အယူခံ တရားလိုကို ထည့်သွင်း၍၊ တရားမစွဲဆိုဘဲ မဖြစ်နိုင်ပေ။ ၎င်းကို ထည့်သွင်း၍ တရားစွဲဆိုမှုသာလျှင် အမှုတွင် ဖြစ်ပေါ်လျက် ရှိသော ပြဿနာများ အားလုံးကို ရုံးတော်က လေးနက်စွာနှင့် ပြည့်စုံစွာ ဆုံးဖြတ် ပေးနိုင်ပေမည်။

မောင်သိန်း နှင့် **ဒေါ်ထွေး**၊ ၁၉၅၁၊ မြန်မာပြည် စီရင်ထုံး ၄၁၀၊ (တရားလွှတ်တော်) ခြား နားပြသည်။ ။**လိုဟာနာ** ဘူး (လ်) **ခီဒတ်** (စ်) **ဒူ** (ရ်) **ရပ်ဂျီ** နှင့် **တဦး** နှင့် **လိုဟာနာရှန်**

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၃၀။

† ၁၉၆၅ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁ တွင် မြောင်းမြမြို့၊ ခရိုင်တရားသူကြီးရုံးတော်၏ ၁၉၆၅ ခု၊ ဩဂုတ်လ ၉ ရက်နေ့စွဲပါ၊ ဒီကရီကို အယူခံဝင်မှု။

တီလာဟာရီဒတ် (စ်) နှင့် အများ၊ အေ၊ အိုင်၊ အာ (ရ်) (၃၉) ၁၉၅၂၊ ဆောရသျှတရာ၊ ၃၀ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရွှေပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်၍ ရှာရဘန် မည္ဆန့် နှင့် အယူခံတရားလိုတို့ လက်ဝယ်သို့ ရောက်ရှိနေသည့် နေ့ကစ၍၊ ၆ နှစ် အတွင်း ကာလ စည်းကမ်း သတ် အက်ဥပဒေဇယား ၁၂ အရ၊ တောင်းခံရန်သာ ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးမောင်မောင်ခင်။

အယူခံတရားခံအတွက်။ ။မစွတာ စီ၊အေ၊စူး(ရ်)မား။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှာ အယူခံတရားလို ဦးမောင်ညို၊ မြောင်းမြမြို့၊ ခရိုင်တရားမတရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့စွဲဖြင့် ချမှတ်သောစီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့်၊ ဤရုံးသို့ဒုတိယ အယူခံဝင်ရောက်လာသော အမှုဖြစ်သည်။

အမှုအကြောင်းခြင်းရာအတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဦးလယ်ဘဲနှင့် ဒေါ်ဂွန်းတို့တွင် သားသမီး ဂ ယောက်ပေါက်ဖွါးခဲ့သည်။ ထို ဂ ယောက်အနက် ဦးလယ်ဘဲ မသေခင်ကတည်းက သမီးမဖါတမာ သေဆုံးခဲ့သည်။ ဦးလယ်ဘဲသည် အနှစ် ၄၀ လောက်သေဆုံးခဲ့၍၊ လွန်ခဲ့သည့်အနှစ် ၂၀ လောက်က ဒေါ်ဂွန်း သေဆုံးသွားလေသည်။ သားသမီးများထဲမှ ရှာရဘန် (ခ) မည္ဆန့်တယောက် သာကျန်ရှိတော့သဖြင့်၊ ကျန်သောသားသမီးများမှာ အားလုံးသေကြေပျက်စီးကုန်လေသည်။ ၎င်းတို့မှပေါက်ဖွါးသော သားသမီးများ ကျန်ရှိခဲ့လေသည်။ ဒေါ်ဂွန်း သေဆုံးပြီးနောက် ၎င်းပိုင် မရွှေမပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေပြောင်းနိုင်သော ပစ္စည်းများမှာ ရှာရဘန် (ခ) မည္ဆန့်လက်ထဲတွင် ရောက်ရှိနေသည်။ ဒေါ်ဂွန်း မသေဆုံးမီကတည်းက၊ မူစလင်ဘာသာဝင် ရှာရဘန် (ခ) မည္ဆန့်သည် ဗုဒ္ဓဘာသာဝင် ဦးညို့နှင့် လက်ထပ်ထိမ်းမြားပြီးနောက်၊ ရှာရဘန် (ခ) မည္ဆန့်သည် တစတစနှင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းသွားလေသည်။ ၎င်းမသေမီ ၃ နှစ်လောက်က သိသိသာသာကြီး ဗုဒ္ဓဘာသာသို့ကူးပြောင်း၍ ဗုဒ္ဓဘာသာဝင်အဖြစ်နှင့်ပင် သေဆုံးသွားသဖြင့် ဦးလယ်ဘဲနှင့်ဒေါ်ဂွန်းပိုင် ရွှေပြောင်းနိုင်သောပစ္စည်းနှင့် မရွှေပြောင်းနိုင်သောပစ္စည်းများမှာ မည္ဆန့်လက်ထဲသို့ရောက်ရှိ၍ ၎င်းကအကျိုးခံစားပြီးနောက် ၎င်းသည်ဗုဒ္ဓဘာသာဝင် အဖြစ်နှင့်ပင် သေဆုံးသွားသဖြင့်၊ ထိုပစ္စည်းများမှာ ဦးညိုလက်ဝယ်သို့ သက်ဆင်းကျရောက်သွားလေသည်။ ဦးညိုသည် ထိုပစ္စည်းများကို လက်ဝယ်၌ထားပြီး၊ ဦးလယ်ဘဲနှင့်ဒေါ်ဂွမ်းတို့၏ သေဆုံးသွားကြသော သားသမီးများက မွေးသော ညီအစ်ကို

မောင်နှမများက၊ ၎င်းတို့ရပိုင်ခွင့်ရှိသော အမွေစုများကို တောင်းခံရာ၊ ဦးညိုက ငြင်းဆန်လိုက်သဖြင့်၊ အဘူး(ခ) မောင်အေးမောင်က တရားလိုပြုလုပ်၍၊ ၎င်း၏ ညီအစ်ကို မောင်နှမဘဝမ်းကွဲများအား တရားခံအမှတ် ၁ မှ ၁၈ အထိထားပြီးလျှင် ဦးညိုကို တရားခံအမှတ် ၁၉ အဖြစ်ထားရှိပြီး၊ ဦးလယ်ဘဲနှင့်ဒေါ်ဂွန်းပိုင် မရွှေမပြောင်းနိုင်သောပစ္စည်းနှင့် ရွှေပြောင်းနိုင်သော ပစ္စည်းတို့ကို စာရင်း (က) နှင့် စာရင်း (ခ) များပြုလုပ်၍၊ တရားရုံးတော်က အုပ်ချုပ်စီမံ ခန့်ခဲ့ပြီးလျှင် ခွဲဝေပေး ပါရန်၊ မြောင်းမြမြို့ရုံးထိုင် ဝါးခယ်မနယ်ပိုင် တရားမတရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင်တရားစွဲဆိုခဲ့လေသည်။

မူလရုံးက အဆိုအချေများပေါ်တွင်မူတည်၍ ကောက်ချက် ၉ ခုကိုထုတ်နုတ်ပြီး အမှုကိုစစ်ဆေးခဲ့ရာ၊ တင်ပြသောစာရင်းတွင် ဖေါ်ပြထားသော ရွှေပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေပြောင်းနိုင်သောပစ္စည်းများမှာ ဦးညိုပိုင်ပစ္စည်းများ ဖြစ်ကြသည်။ ထို့ပြင်၊ ရှာရဘန်(ခ) မည်သူနှင့် ဦးညိုတို့သည် မရွှေမပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍၊ အခြားအမွေစားအမွေခံဖြစ်သူတို့၏အကျိုးကိုဆန့်ကျင်ပြီး ၁၂ နှစ်ကျော် လက်ဝယ်ထားရှိခဲ့ခြင်းကြောင့်၊ အဘူးနှင့်တကွအခြားအမွေစား အမွေခံတို့မှာ တောင်းဆိုခွင့်မရှိတော့ပေ။ ရွှေပြောင်းနိုင်သော ပစ္စည်းများမှာလည်း၊ ရှာရဘန်(ခ) မည်သူနှင့်ဦးညိုတို့၏ပစ္စည်းများဖြစ်သဖြင့်၊ အမွေဆိုင်များနှင့် မသက်ဆိုင်ကြပေ။ ထို့ပြင် ရှာရဘန်(ခ) မည်သူသည် မူလမူဆလင်ဘာသာဝင်ဖြစ်သော်လည်း၊ ဗုဒ္ဓဘာသာဝင် ဦးညိုနှင့် အကြောင်းပါပြီးနောက်၊ ဗုဒ္ဓဘာသာဝင်ဖြစ်လာသဖြင့်၊ သေဆုံးသောအခါ တွင်လည်း ဗုဒ္ဓဘာသာဝင်အဖြစ်နှင့်သာ သေဆုံးသောကြောင့်၊ဦးညိုနှင့်မရှာရဘန်(ခ) မည်သူတို့၏ နှစ်ပါးစုံပစ္စည်းများသည်၊ ၎င်းတို့တွင် အမွေစားအမွေခံ ဆက်ခံမည့်သူ မရှိသဖြင့်၊ ရှာရဘန်သေဆုံးသောအခါ ဦးညိုတဦးတည်းသာလျှင် ရရှိကြောင်းစသည် ဖြင့်တွေ့ဆုံရပြီး၊ အဘူး (ခ) မောင်အေးမောင်၏အမှုကို စရိတ်နှင့်တကွ ပလပ်လိုက် လေသည်။

ထိုအမိန့်ကို အဘူး (ခ) မောင်အေးမောင်က မကျေနပ်သဖြင့်၊ မြောင်းမြမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် အယူခံဝင်လာခဲ့လေသည်။ ထိုအယူခံရုံးက အောက်ရုံးကယူဆခဲ့သည့်အတိုင်း၊ ရှာရဘန်(ခ) မည်သူသည် မူစလင်ဘာသာဝင်အဖြစ်မှ ဦးညိုနှင့်ရပြီးလျှင် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ပြောင်းလာပြီး၊ သေဆုံးသောအခါ၌လည်း၊ ရှာရဘန်သည်ဗုဒ္ဓဘာသာဝင်တဦးအနေနှင့် သေဆုံးသွားကြောင်းနှင့်ပတ်သက်၍၊ မူလရုံး၏ယူဆချက်နှင့် တသဘောတည်း ယူဆခဲ့လေသည်။ သို့ရာတွင်၊ အခြားအချက်အလက်များနှင့် ပတ်သက်၍ ယူဆချက်များ၌၊ အယူခံရုံးသည် မူလရုံးနှင့်သဘောချင်း မတိုက်ဆိုင်ခဲ့ပေ၊ ဦးလယ်ဘဲနှင့် ဒေါ်ဂွန်းတို့ပိုင်

မဇ္ဈမပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍၊ တင်သွင်းသောစာရင်းပါအမှတ် ၁ နှင့် ၂ တွင်ပြထားသောအိမ်မှာ၊ အမွေဆိုင်အိမ်ဟု လက်ခံထားပြီးလျှင် အမှတ် ၅ မှ ၉ တွင်ပြထားသော လယ်များမှာ၊ ယခုအခါအစိုးရက ပြည်သူပိုင်ပြုလုပ်ထားပြီးဖြစ်သည်။ ပြည်သူပိုင် မလုပ်မီကပင်ရသော လယ်ထောက်ခများကို ရှာရဘန်(ခ)မည္ဆန္ဒ်က မိမိနှင့် အမွေဆိုင် တူသားများအား အထောက်အပံ့အဖြစ် ပေးခဲ့လေသည်။ ထို့ပြင် အမှတ် ၁ နှင့် ၂ တွင်ဖော်ပြထားသော အမွေဆိုင်အိမ်တွင်၊ အမွေစားအမွေခံများက စာရင်းရောက်နေထိုင်ခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ထိုပစ္စည်းများနှင့်ပတ်သက်၍၊ ရှာရဘန်(ခ) မည္ဆန္ဒ်နှင့် ဦးညိုတို့မှာ၊ အခြားအမွေစားအမွေခံများ၏ အကျိုးကိုဆန့်ကျင်၍ လက်ဝယ်ထားရှိခြင်း မဟုတ်သောကြောင့်၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယားအမှတ် ၁၁၄ နှင့်မည်သို့မျှမသက်ဆိုင်ပေ။ ၎ပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍၊ ထိုပစ္စည်းများမှာ ရှာရဘန်(ခ) မည္ဆန္ဒ်နှင့် ဦးညိုတို့လက်ဝယ်တွင် ရောက်ရှိနေရကား၊ ထိုပစ္စည်းများနှင့်ပတ်သက်၍ တောင်းဆိုခြင်းမှာ၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယားအမှတ် ၁၂၀ အရ၊ အမွေစားအမွေခံများက၊ ၆ နှစ်အတွင်းစွဲဆိုတောင်းယူရမည်ဖြစ်ရာ၊ ယခုတောင်းဆိုသည်မှာ ၆ နှစ်ကျော်လွန်နေပြီဖြစ်သဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေအရ ပိတ်ပင်နေပြီးဖြစ်လေသည်။ ထို့ကြောင့် ထိုပစ္စည်းများမှာ၊ ယခုအခါဦးညို၏ပစ္စည်းများသာလျှင်ဖြစ်ပေသည်။ ထို့ပြင်၊ အမွေစားအမွေခံများ မည်မျှရထိုက်ကြောင်းနှင့် ပတ်သက်၍ မှတ်ချက်ချရာ၌၊ ဦးလယ်ဘဲမသေမီက သေဆုံးသွားသော မဖါတမာ၏ သားသမီးများဖြစ်ကြသည့်၊ မအစမွန်၊ မောင်ဂျလား၊ မစူးမားနှင့် ယခုဒုတိယအယူခံမှတွင် အယူခံတရားခံအမှတ် ၅၊ ၆၊ ၇ တို့သည် အမွေစုမရထိုက်ကြောင်း စသည်ဖြင့်ယူဆပြီး၊ အမွေစားအမွေခံများ၏အမွေများကိုခွဲဝေပေးရန်၊ ပဏာမဒီကရီကို ချမှတ်ပေးလိုက်သည်။ ယင်းသို့ချမှတ်ပေးရာ၌ အောက်ရုံးစီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပေးလိုက်သည်။ ထိုစီရင်ချက်နှင့်အမိန့်ကို မကျေနပ်သဖြင့်၊ ဦးညိုက ယခု ဒုတိယအကြိမ် အယူခံဝင်လာခြင်းဖြစ်သည်။ ထို့ပြင်၊ အယူခံတရားခံအမှတ် ၁၊ ၂၊ ၃၊ ၄၊ ၈၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ နှင့် ၁၉ တို့က ရှာရဘန်(ခ) မည္ဆန္ဒ်သည် မူစလင်ဘာသာဝင်ဖြစ်၍ ဗုဒ္ဓဘာသာဝင်မဖြစ်နိုင်၊ ဦးညိုနှင့်လည်း တရားဝင်လက်မထပ်နိုင်၊ ရှာရဘန်(ခ) မည္ဆန္ဒ်သည် မည်သည့်အခါကမှ မူစလင်ဘာသာကို စွန့်လွှတ်ခဲ့ခြင်းမဟုတ်၊ အောက်ရုံးများက၊ ၎ရှာရဘန်(ခ) မည္ဆန္ဒ်သည် ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီး၊ ဗုဒ္ဓဘာသာဝင် တဦးအနေနှင့် သေဆုံးသွားခြင်းကို လက်ခံနိုင်စရာအကြောင်း မရှိသဖြင့် မကျေနပ်သောကြောင့်၊ ဤဒုတိယအယူခံတွင် ပြန်လှန်၍ ကန့်ကွက်လွှာများတင်ကြသည်။

ယင်းသို့ပြန်လှန်ကန့်ကွက်ခြင်းနှင့်ပတ်သက်၍၊ အထက်တွင် ဖေါ်ပြခဲ့သော အယူခံတရားခံများ၏ ပညာရှိရွှေနေကြီး မစ္စတာ စီ၊အေ၊ စူး(ရ်)မား၊က၊ ရှာရဘန် (ခ) မည္ဆန့် သည်မူစလင်ဘာသာမှ ဗုဒ္ဓဘာသာသို့ကူးပြောင်းသွားခြင်း၊ ဗုဒ္ဓဘာသာ တဦးအနေဖြင့် သေဆုံးသွားခြင်းများမှာ၊ အမှုကြောင်းခြင်းရာနှင့်သာ ပတ်သက်သောကြောင့်၊ ထို အကြောင်းခြင်းရာပေါ်တွင်၊ မူလရုံးနှင့် ပဌမအယူခံရုံးတို့ကတသဘောတည်းတွေ့ရှိထားပြီးဖြစ်ရကား၊ ယခုဒုတိယအယူခံရုံးတွင် ၎င်း၏ပြန်လှန်ကန့်ကွက်လွှာကို၊ အားသွန်ခွန်စိုက် မလျော့ဘက်လဲလိုပါဟု တင်ပြသွားသည်။

ရှာရဘန် (ခ) မည္ဆန့်သည် ဦးညိုနှင့်ရပြီးသည့်နောက်၊ ဗုဒ္ဓဘာသာဝင်ဖြစ်လာ၍ ဗုဒ္ဓဘာသာဝင်တဦးအနေနှင့် သေဆုံးသွားခြင်းမှာ အောက်ရုံး ၂ ရုံးစလုံးက တသဘောတည်းယူဆသားပြီးဖြစ်သည်။ ထိုအကြောင်းခြင်းရာကို တသဘောတည်းယူဆထားချက်ကို၊ ကျွန်ုပ်အနေဖြင့်၊ ဤဒုတိယအယူခံတွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။ ထို့ကြောင့်၊ ထိုယူဆချက်ကို ကျွန်ုပ်လက်ခံရန်သာ အကြောင်းရှိသဖြင့် ပညာရှိရွှေနေကြီး မစ္စတာ စီ၊အေ၊ စူး(ရ်)မား တင်သွင်းသော ပြန်လှန်ကန့်ကွက်ချက်များကို ကျွန်ုပ်လက်မခံနိုင်သဖြင့်၊ စရိတ်မရှိ ပလပ်လိုက်သည်။

ယခုအဓိကအချက်အနေဖြင့် စဉ်းစားရန်ရှိသောပြဿနာမှာ၊ အဘူး (ခ) မောင်အေးမောင်က ဦးလယ်ဘဲနှင့် ဒေါ်ဂွန်းတို့၏ပစ္စည်းများကို အမွေဆက်ခံပိုင်ခွင့်ရှိသူများနှင့်အတူ၊ ဦးညိုကိုထည့်သွင်း၍ ယခုကဲ့သို့ ဦးလယ်ဘဲနှင့် ဒေါ်ဂွန်းတို့၏ကျန်ရစ်ခဲ့သောပစ္စည်းများကို တရားရုံးတော်က ကြီးကြပ်စီမံခန့်ခွဲအုပ်ချုပ်၍ ခွဲဝေပေးရန် စွဲဆိုသောအမှုဟု၊ ဦးညိုကို တရားခံအဖြစ် ထည့်သွင်းပြီး စွဲဆိုထားခြင်းမှာ၊ တရားဥပဒေအရ မှန်မမှန်ပင်ဖြစ်ပေသည်။

အယူခံတရားလို၏ ပညာရှိရွှေနေကြီး ဦးမောင်မောင်ခင်က၊ ယခုကဲ့သို့စွဲဆိုထားသောအမှုမျိုးတွင်၊ ဦးညိုသည် ဦးလယ်ဘဲနှင့် ဒေါ်ဂွန်းတို့၏ပစ္စည်းများကို အမွေဆက်ခံပိုင်ခွင့်ရှိသူတဦးမဟုတ်၊ တစိမ်းပြင်ပြင် တဦးသာဖြစ်သောကြောင့် ၎င်းကို တရားခံတဦးအဖြစ် ထည့်သွင်း၍ စွဲဆိုခြင်းမှာ တရားဥပဒေနှင့် ဆန့်ကျင်ပါသည်ဟု တင်ပြသွားပြီး **မောင်သိန်း** နှင့် **ဒေါ်ထွေး (ခ)** အမှုကိုတင်ပြသွားသည်။ ၎င်းအမှုတွင် ဤကဲ့သို့အဆုံးအဖြတ်ပေးထားသည်။

> "*Held*: That administration suit is really a suit for accounts as between members of the family of the deceased, *i.e.*, heirs to the estate of a deceased person as such. A person outside the family cannot be joined as a party although he may be in possession of a part of the estate ; the

(၁) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး ၄၁၀၊ (တရားလွှတ်တော်)။

proper course then is for the representative to file a separate suit for the recovery of such properties."

အယူခံတရားခံများ၏ ပညာရှိရွှေနေကြီး မစ္စတာ စီ၊အေ၊စူးမား(ရ်)က၊ ယခုကဲ့သို့ သောအမှုမျိုးတွင် ဦးညိုအား တရားခံအဖြစ်ထည့်သွင်း၍ စွဲဆိုထားခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။တဘက်ကပညာရှိရွှေနေကြီးတင်ပြသွားသောစီရင်ထုံးပါအမှုအဖြစ် အပျက်အကြောင်းခြင်းရာနှင့်ယခုအမှုအဖြစ်အပျက်အကြောင်းခြင်းရာတို့မှာမတူညီကြပါ။**မောင်ဆိန်း**၏အမှုတွင်၊ ဦးလင်ဂန်ဆိုသူကိုတရားခံအဖြစ်ထည့်သွင်း၍စွဲဆိုထားခြင်းမှာ အမွေဆိုင်ပစ္စည်းအချို့အဝက်တို့သည် ၎င်း၏လက်ဝယ်သို့ ရောက်ရှိနေသောကြောင့် ဖြစ်ပေသည်။ ယခုအမှုမှာ အမွေဆိုင်ပစ္စည်းအားလုံးသည်၊ ဦးညို၏လက်ထဲတွင် တည်ရှိနေပေသည်။ ဦးညိုကို ဤအမှုတွင်ထည့်သွင်း၍ မစွဲဆိုဘဲ ဖယ်ထားပါက၊ ယခုစွဲဆိုသောအမှုသည် မည်သို့မျှ အဓိပ္ပါယ်သက်ရောက်ခြင်း မရှိတော့ဘဲ၊ တရားရုံးတော်များက မည်သို့မျှတိကျမှန်ကန်သော အဆုံးအဖြတ်ပေးနိုင်မည်မဟုတ်ပေ။ တဘက်မှ ရွှေနေကြီး တင်ပြသွားသော စီရင်ထုံးတွင်၊ ဦးလင်ဂန်ကိုတရားခံတဦးအဖြစ်ထည့်သွင်း၍ ၎င်းကိုရုံးက တရားခံစာရင်းမှ ဖယ်ထုတ်ခြင်းအားဖြင့်၊ လက်ရှိအမှုကို မည်သို့မျှ ထိခိုက်နိုင်ခြင်းအကြောင်း မရှိပေဟု အောက်ပါအတိုင်း မှတ်ချက်ချမှတ်ထားသည်။

"The defendant-respondent Ulingan was merely joined because it was convenient to do so and the removal of his name from the array of defendants did not therefore have the effect of an adjudication, the integrity of the original claim namely that the plaintiff-appellant is the heir of U Belu's estate remaining unbroken."

၎င်းပြင်၊ **လိုဟာနာ ဘူး(လ်)ခီဒတ်(စ်) ဒူ(ရ်)ရပ်ဂျီ** နှင့် **တဦးနှင့် လိုဟာနာ ရွှန်တီလားဟာရိဒတ်(စ်)** နှင့် **အများ** (၂) အမှုတွင်လည်း၊ အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကိုညွှန်ပြသွားသည်။

"Any legatee under a will can file a suit for administration where it is necessary to take an account of the estate of the deceased and such a suit can be filed against a party who was during the life time of the deceased in posession and management of the property on behalf of the deceased. The mere fact that such party refutes the claim of the plaintiff does not alter the nature of the suit. The nature of the suit is to be

(၂) A.I.R. (29) 1952 Saurashila 30.

determined from the allegations in the plaint. Whether those allegations are substantiated or not will be a question to be decided in the case itself. The fact that the plaintiffs rely upon the will for getting their share in the property of the deceased makes little difference so far as the frame of the suit is concerned. It would be necessary in the plaintiff's case to ascertain what the estate of the deceased was, what debts had to be paid ; after the collection of the outstandings and other assets and payments of debts, the plaintiffs' share would be capable of ascertainment. Such a suit can be for an account of the administration of the estate of the deceased. Being a suit for accounts, it is open to the plaintiffs to put any valuation they please and pay *ad valorem* Court-fees thereon."

အထက်တွင်မြွက်ဟခဲ့သည့်အတိုင်း၊ [ယခုအမှုမှာသေဆုံးသူ ဦးလယ်ဘဲနှင့် ဒေါ်ဂွန်း တို့၏ ကျန်ရစ်ခဲ့သော ပစ္စည်းများကို၊ အမွေဆိုင်များက တရားရုံးတော်၏ စီမံကွပ်ကဲ အုပ်ချုပ်မှုနှင့် ပစ္စည်းများခွဲဝေမှုကို တောင်းခံသောအမှုဖြစ်ရာ၊ ထိုကျန်ရစ်ခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍၊ ရုံးတော်က စာရင်းရှင်းတမ်းပြုလုပ်ပြီးလျှင်၊ အမွေဆိုင် များကို အမှုခဲ့ဝေပေးရန်သာဖြစ်သည်။] ပစ္စည်းများမှာလည်း အမွေဆိုင်အချို့၏ လက် ဝယ်တွင်သာလျှင်တည် ရှိရပေမည်။ တင်ပြသွားသော **မောင်သိန်း**၏အမှုတွင်၊ အမွေ ဆိုင် ပစ္စည်းအချို့တို့မှာ ဦးလင်ဂန်ထံတွင်သာရှိသည်။ ထို့ကြောင့်ပင်လျှင်၊ တရား လွှတ်တော်ခုံရုံးက၊ ဦးလင်ဂန်ကို ထိုကဲ့သို့အမှုမျိုး၌တရားခံစာရင်းမှ ပယ်ထုတ်လိုက်ခြင်း ဖြစ်သည်။ ယင်းသို့ဖယ်ထုတ်သော်ငြားလည်း၊ အမွေခွဲဝေပေးသောအမှုတွင် မည်သို့မျှ အကျိုးနစ်နာမှုရှိမည်မဟုတ်ဟုယူဆခဲ့သည်။ယခုအမှုမှာ၊ (သေသူများ၏ ပစ္စည်းအား လုံးတို့မှာ ဦးညို၏လက်တွင်ရောက်ရှိနေသဖြင့် ဤကဲ့သို့သော အမွေခွဲဝေမှုတွင်၊ ဦးညို သည် သေသူထံမှ တိုက်ရိုက်အမွေဆက်ခံသူ တဦးမဟုတ်သော်ငြားလည်း၊ တရားခံ တဦးအနေဖြင့် ထည့်သွင်း၍စွဲဆိုနိုင်) ကြောင်းကို ပညာရှိရှေ့နေကြီး မစ္စတာ စီ၊အေ၊ စူး(ရ်)မား တင်ပြသွားချက်မှာ၊အနှစ်အရသာနှင့်ပြည့်စုံသည်ဟု ယူဆသည်။ [၎င်းပြင် တရားမကျင့်ထုံးအမိန့် ၁၊ နည်းဥပဒေ၃ နှင့်နည်းဥပဒေ ၁၁(၂) တို့] ကိုသေချာကျနစွာ လေ့လာရာ၌၊ ယခုကဲ့သို့သောအမှုမျိုးတွင် [ဦးညိုကိုထည့်သွင်း၍ တရားမစွဲဆိုဘဲ မဖြစ် နိုင်ပေ။ ၎င်းကိုထည့်သွင်း၍ တရားစွဲဆိုမှသာလျှင်၊ အမှုတွင်ဖြစ်ပေါ်လျက်ရှိနေသော ပြဿနာများအားလုံးတို့ကို၊ ရုံးတော်က လေးနက်စွာနှင့် ပြည့်စုံစွာ ဆုံးဖြတ်ပေးနိုင် ပေမည်။] ထို့ကြောင့် ယခုအမှုတွင် ဦးညိုအား တရားခံအဖြစ် ထည့်သွင်း၍ စွဲဆို ထားချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အမှုကြောင်းခြင်းရာနှင့်ပတ်သက်၍ စဉ်းစားဝေဖန်ရာ၌၊ အောက်အယူခံရုံးသည် မူလရုံး၏ယူဆချက်ဖြစ်သော၊ ရှာရဘန်(ခ) မည်သူသည် ဗုဒ္ဓဘာသာဝင်တဦးဖြစ်လာ၍ ဗုဒ္ဓဘာသာအနေနှင့်ပင် သေဆုံးသွားခြင်းကို လက်ခံသည်မှအပ၊ အခြားအချက်အလက်များတွင် သဘောတူညီမှုမရှိခဲ့ပေ။ ယခုဤရုံးအနေနှင့် ဒုတိယအယူခံမှုတွင်၊ အောက်မည်သည့်ရုံးက ယူဆချက်သည် မှန်ကန်သည် မမှန်ကန်သည်ကို ချင့်ချိန်၍ သုံးသပ်ရပေမည်။

ဦးလယ်ဘဲနှင့် ဒေါ်ဂွန်းတို့သေဆုံးသွားရာတွင်၊ အယူခံတရားခံအမှတ် ၁ (မူလတရားလို) အဘူး(ခ) မောင်အေးမောင်က၊ အဆိုနှင့်တကွတင်ပြသော မရွှေမပြောင်းနိုင်သော ပစ္စည်းစာရင်းတို့အရဖြစ်သည်။ ထိုပစ္စည်းစာရင်းများအနက် စာရင်းအမှတ် (က) မရွှေမပြောင်းနိုင်သော ပစ္စည်းစာရင်းများနှင့်ပတ်သက်၍၊ အမှတ် ၁ နှင့် ၂ တို့တွင်ပြထားသောအိမ်တို့မှာ၊ အောက်မူလရုံးက ဦးညိုပိုင် အိမ်များဟုယူဆထားသည်၊ သို့ရာတွင် အယူခံရုံးက ထိုပစ္စည်းများသည် ဦးညိုပိုင်အိမ်များမဟုတ်၊ ထိုအမွေဆိုင်အိမ်များပေါ်တွင်၊ တရားခံအမှတ် ၁၆ ဖြစ်သူ ပူကယ်က တက်ရောက်နေထိုင်ခြင်းမှာ ထင်ရှားသဖြင့်၊ ဦးညိုပိုင်ပစ္စည်းမဟုတ်ကြောင်း ထင်ရှားသောကြောင့်၊ အောက်ရုံး၏ ယူဆချက်ကို ပယ်ဖျက်လိုက်သည်။ ထိုစာရင်းအမှတ် ၃ နှင့် ၄ တွင်ဖေါ်ပြထားသော အိမ်များမှာ၊ အောက်ရုံးကယူဆသကဲ့သို့ ဦးညိုပိုင်အိမ်များဖြစ်ကြောင်း ယူဆထားသည်။ စာရင်းပါအမှတ် ၅ မှ ၉ အထိ ဖေါ်ပြထားသော လယ်မြေများမှာ၊ ယခုအခါ အစိုးရက ပြည်သူပိုင်ပြုလုပ်ထားပြီးဖြစ်သည်။ ထိုလယ်များအကြောင်းနှင့်ပတ်သက်၍၊ အောက်မူလရုံးက ထိုလယ်များသည် ဦးညို၏လက်ဝယ်တွင်ရှိ၍၊ ဦးညိုသာလျှင် အကျိုးခံစားပြီးတရားခံများကလည်း တောင်းဆိုခြင်းမရှိသဖြင့်၊ ၎င်းတရားခံများနှင့်ဆန့်ကျင်၍ ဦးညိုကလက်ဝယ်ထားရှိခြင်းမှာ၊ ၁၂ နှစ်ကျော်ပြီဖြစ်သောကြောင့်၊ တရားခံများက မတောင်းဆိုနိုင်တော့ဟု ယူဆထားရာတွင်၊ အယူခံရုံးက ထိုကဲ့သို့ယူဆချက်ကို လက်မခံခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်၊ ထိုလယ်မြေများမှရသောလယ်ထောက်ခများကို ရှာရဘန်(ခ) မည်သူမသေမီကတည်းက အနည်းငယ်ခဲ့ဝေပေးခဲ့ခြင်း၊ မည်သူသေဆုံးပြီးနောက် တရားလိုအဘူး(ခ) မောင်အေးမောင်က လယ်ထောက်ခအချို့ကို ရယူခြင်း စသည်တို့ကို တွေ့ရှိရသဖြင့်၊ ထိုလယ်များနှင့်ပတ်သက်၍၊ ဦးညိုက အယူခံတရားခံများနှင့်ဆန့်ကျင်လျက် ၁၂ နှစ်လက်ဝယ်ထားရှိခြင်းဆိုသည်မှာ မဟုတ်မမှန်ကြောင်း ယူဆသည်။ ထို့ပြင် ရှာရဘန်(ခ) မည်သူမသေဆုံးမီကတည်းကပင်၊ အမွေဆိုင်အိမ်များနှင့်တကွ လယ်များကို၊ တူ တူမများဖြစ်ကြသော အမွေစားအမွေခံများအား ခွဲဝေပေးလိုကြောင်း၊ ၎င်းတို့မှာငယ်ရွယ်ကြသေးသဖြင့် ခွဲဝေပေးလိုက်ပါက၊ ဖြုန်းတီးပစ်မည်စိုးရိမ်ရကြောင်း၊ ဦးညိုက ရှာရဘန်(ခ) မည်သူသေဆုံးပြီးနောက်၊ ထိုပစ္စည်း

B

များနှင့်ပတ်သက်၍ အမွေခွဲဝေပေးရန် စီမံသေးကြောင်း ဝန်ခံထားသည့်အပြင်၊ သက်သေခံအမှတ် (၄) ဖြစ်သော ရွှေနေနို့တစ်ပြန်စာအရ၊ လယ်များမှာ အမွေဆိုင်များအားလုံးပိုင်ဆိုင်သည်ဟု ဝန်ခံထားပြီးဖြစ်ရကား၊ အောက်မူလရုံး၏ယူဆချက်မှာ မှားယွင်းနေသည်ကိုတွေ့ရှိရသဖြင့် ၎င်းပစ္စည်းများနှင့်ပတ်သက်၍ အမွေစား အမွေခံများအားလုံး ပိုင်နိုင်ခွင့်ရှိကြောင်းနှင့် ဦးညိုသည် ထိုပစ္စည်းများကို အမွေဆိုင်များ၏အကျိုးကိုဆန့်ကျင်၍ ၁၂ နှစ်ကျော် လက်ဝယ်ထားရှိခြင်း မဟုတ်ကြောင်းဖြင့် မှတ်ချက်ချခဲ့လေသည်။ စာရင်းအမှတ် (ခ) တွင်ဖော်ပြထားသော ရွှေပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍လည်း၊ အောက်အယူခံရုံးက မူလရုံးနှင့် သဘောချင်းကွဲလွဲခဲ့လေသည်။ အောက်အယူခံရုံးက၊ ထိုရွှေပြောင်းနိုင်သော ပစ္စည်းများမှာ ရှာရဘန် (ခ) မည်နှစ်ပစ္စည်းများဖြစ်ကြောင်း သက်သေများထွက်ချက်အရ ထင်ရှားသဖြင့်၊ အခြားအမွေစား အမွေခံများနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း တွေ့ရှိထားလေသည်။ အယူခံရုံးက ထိုပစ္စည်းများနှင့်ပတ်သက်၍၊ ယင်းပစ္စည်းများမှာ ဦးလယ်ဘဲနှင့်ဒေါ်ဂွန်းတို့၏ ကျန်ရစ်ခဲ့သောပစ္စည်းများဖြစ်ခဲ့ပါမူ၊ ဒေါ်ဂွန်းသေဆုံးပြီးနောက် ထိုပစ္စည်းများကို၊ ကာလစည်းကမ်းသတ် အက်ဥပဒေဇယားအမှတ် ၁၂၀ အရ၊ ၆ နှစ်အတွင်းသာလျှင် တရားစွဲဆိုရမည်ဖြစ်သဖြင့်၊ ယခုထိုပစ္စည်းများကို တောင်းခံစွဲဆိုခြင်းမှာ၊ ၆ နှစ်ကျော်လွန်နေပြီဖြစ်သောကြောင့်၊ ကာလစည်းကမ်းသတ်မှာကျော်လွန်နေပြီဟု မှတ်ချက်ချခဲ့လေသည်။

အမှုတခုလုံးကိုခြုံ၍ ဆင်ခြင်စဉ်းစားရာတွင်၊ တွေ့ရှိရသောအချက်မှာ၊ ယခု ဦးညိုလက်ဝယ်တွင်ရောက်ရှိနေသော အမွေဆိုင်ပစ္စည်းများမှာ၊ ရှာရဘန် (ခ) မည်နှစ်ထံမှ ဦးညိုကဘဆင့်ရရှိသော ပစ္စည်းများဖြစ်သည်။ ယင်းသို့ ရရှိခြင်းအကြောင်းမှာလည်း၊ ရှာရဘန် (ခ) မည်နှစ်သည် ၎င်း၏ဇနီးဖြစ်၍၎င်း၊လက်ထပ်ကတည်းက မူစလင်ဘာသာမှ ဗုဒ္ဓဘာသာသို့ကူးလာပြီး၊ ရှာရဘန် (ခ) မည်နှစ်မသေမီ ၃ နှစ်လောက်တွင်၊ ၎င်းသည် ဗုဒ္ဓဘာသာဝင် လုံးလုံးလျားလျားဖြစ်သွားပြီး၊ သေဆုံးသောအခါ၌လည်း ဗုဒ္ဓဘာသာဝင်တဦးအနေနှင့် သေဆုံးသွားခြင်းကြောင့်၊ ၎င်းတို့မှာ သားသမီးများမရှိခဲ့သဖြင့်၊ ရှာရဘန် (ခ) မည်နှစ်က သေဆုံးသူမိဘများဖြစ်သော ဦးလယ်ဘဲနှင့်ဒေါ်ဂွန်းတို့ထံမှ အမွေစားအမွေခံအနေနှင့် ရရှိသောပစ္စည်းများမှာ၊ ဗုဒ္ဓဘာသာ ဓမ္မသတ်အရ ဦးညိုလက်ဝယ်သို့ ရောက်ရှိသွားရခြင်းဖြစ်သည်။ ထိုပစ္စည်းများနှင့်ပတ်သက်၍၊ ဦးလယ်ဘဲနှင့်ဒေါ်ဂွန်းတို့၏ မြေးများဖြစ်ကြသော၊ ဤအမှုတွင်ပါဝင်ကြသည့် မအစမွန်၊ မောင်ဂျလားနှင့် မဉ္ဇမာဘို့ကလွဲ၍၊ အခြားတရားခံများတို့သည် အမွေဆက်ခံခွင့်ရှိကြပေသည်။ ထိုကဲ့သို့သောတရားခံသုံးဦးတို့မှာ အမွေမဆက်ခံထိုက်ပေ။အဘယ်ကြောင့်ဆိုသော်၊ ၎င်းတို့၏မိခင်ဖြစ်သူ မဖါတမာသည်၊ ဦးလယ်ဘဲမသေခင်က သေဆုံးသွား

သောကြောင့်၊ ထင်းတရားခံသုံးဦးတို့မှာ အမွေမမှိကြပေ။ ထို့ပြင်၊ မရွှေမပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍၊ စာရင်းပါအမှတ် ၃ နှင့် ၄ တို့တွင်ဖေါ်ပြထားသော အိမ်တို့မှာ၊ ဦးညို နှင့် ရှာရဘန်(ခ) မည်သူ့တို့၏လက်ထက်ပွါး ပစ္စည်းများဖြစ်သည်ဟု အမှုတွဲတွင် အတိအလင်းပေါ်လွင်နေသည်။ ထိုမရွှေမပြောင်းနိုင်သော ပစ္စည်းစာရင်းတွင်ဖေါ်ပြထားသောအမှတ် ၅ မှ ၉ အထိပါရှိသော လယ်များမှာ၊ ယခုအခါ အစိုးရက ပြည်သူပိုင် ပြုလုပ်ထားခြင်းဖြစ်သည်။ ထို့ပြင်၊ ရွှေနေနို့တစ်ပြန်စာဖြစ်သော သက်သေခံအမှတ်(၄)အရ ဆိုလျှင်၊ ထိုလယ်များကိုလည်း ကျန်ရှိရစ်ခဲ့သော အမွေဆိုင်များက ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဖေါ်ပြထားခြင်းဖြစ်သည်။ ထို့ပြင်၊ သက်သေများထွက်ချက်အရ စာရင်းပါအမှတ် ၃ နှင့် ၄ အိမ်မှလွဲ၍၊အခြားအိမ်နှင့်ပတ်သက်၍သော်၎င်း၊ လယ်ယာမြေနှင့်ပတ်သက်၍သော်၎င်း၊အကျိုးခံစားခွင့်ကို အမွေစားအမွေခံများတွင်ရှိကြောင်းကို၊ ထိုလယ်များမှ အစိုးရမသိမ်းမီက ရရှိသော လယ်ထောက်ခများနှင့် အကျိုးခံစားခွင့်တို့ကို အမွေစားအမွေခံများဖြစ်ကြသော တူ တူမများကို ခွဲဝေပေးခဲ့ခြင်း၊တူ တူမများငယ်သေး၍ အမွေခွဲဝေမပေးသေးခြင်း၊ ငယ်ရွယ်သူများအား အမွေခွဲဝေပေးလိုက်ပါက ပစ္စည်းဖြုန်းမည်ကို စိုးရိမ်ခြင်း၊ ရှာရဘန်သေဆုံးပြီးနောက်၊ ဦးညိုက ထိုပစ္စည်းများကို အမွေခွဲဝေပေးရန် အစီအစဉ်ရှိခြင်း စသည့်အကြောင်းခြင်းရာများကို ထောက်ရှုခြင်းအားဖြင့်၊ ဦးညိုသည် ထိုပစ္စည်းများနှင့်ပတ်သက်၍ အမွေစားအမွေခံများဖြစ်သည့် အမှုသည်များ၏အကျိုးကို ဆန့်ကျင်ပြီး အကျိုးခံစားခွင့်ရှိနေကြောင်း မပေါ်လွင်ပေ။ ဤကဲ့သို့ အောက်အယူခံရုံးက ယူဆထားသည်မှာ မှန်ကန်ပေသည်။

(ခ) [စာရင်းပါရွှေပြောင်းနိုင်သောပစ္စည်းများ]နှင့်ပတ်သက်၍၊ အောက်အယူခံရုံး၏ယူဆချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော်၊ ထိုပစ္စည်းများမှာ[ရွှေပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့်အားလျော်စွာ၊ရှာရဘန်(ခ)မည်သူ့နှင့် ဦးညိုတို့လက်ဝယ်သို့ ရောက်ရှိသည့်နေ့မှစ၍၊ ၆နှစ်အတွင်း တောင်းခံရန်သာဖြစ်သည် ယင်းသို့လည်း မတောင်းခံခဲ့ဘဲ၊ကာလစည်းကမ်းသတ် အချိန်ကျော်မှ တောင်းခံခြင်းမှာနည်းလမ်းမကျ၍ မရနိုင်ပေ။]

အထက်ပါယူဆချက်ကို လက်ခံပြီးဖြစ်ရကား၊နောက်ဆုံးဖြေရှင်းရန်မှာ၊အမွေဆိုင်များသည်ပစ္စည်းမည်၍မည်မျှရထိုက်ကြသည်ဟုပင်ဖြစ်ပေသည်။ယင်းအကြောင်းအရာနှင့်ပတ်သက်၍၊ အောက်အယူခံရုံးကဦးလယ်ဘဲသေဆုံးပြီးနောက်၊ကျန်ရစ်ခဲ့သောစပ္စည်းများကို ဒေါ်ဂွန်းနှင့်တကွ ကျန်ရှိသော အမွေစားအမွေခံတို့က၊ မည်၍မည်မျှ ဝေစုရထိုက်သည်ကို ဖေါ်ပြထားပြီးဖြစ်သည်။ ၎င်းပြင်၊ဒေါ်ဂွန်းသေဆုံးပြီးနောက် ၎င်း၏ရခဲ့သောအမွေစုကိုကျန်အမွေဆက်ခံသူများက မည်သို့မည်ပုံ ဝေစုကိုရထိုက်ကြောင်းနှင့်ပတ်သက်၍ ဖေါ်ပြထားခြင်းဖြစ်သည်။ထို့ပြင်၊ ရှာရဘန်(ခ) မည်သူ့သည် မိမိရရှိရန်

၁၉၆၆

ဦးမောင်ညို နှင့် အဘူး(ခ) မောင်အေး မောင် ပါ ၁၉ ဦး

ရှိသော ဖအေစုနှင့် မအေစုတို့ကို၊ တဖန်ဗုဒ္ဓဘာသာဝင်ဖြစ်၍ ဗုဒ္ဓဘာသာဝင်တဦး အနေနှင့် သေဆုံးသွားသဖြင့်၊သားသမီးများလည်း မရှိဘဲ ဦးညီတဦးတည်း ကျန်ရှိသဖြင့်၊ ဗုဒ္ဓဘာသာဝင်မမှသတ်အရ ဦးညီသည် မည်မျှသော ပစ္စည်းအစုကို ရထိုက်ကြောင်းနှင့် ပတ်သက်၍လည်း၊ အဆုံးအဖြတ်ပြုထားပြီးဖြစ်သည်။ ထိုကဲ့သို့ချမှတ်ထားသော အမွေစုများနှင့်ပတ်သက်၍ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ကျွန်ုပ်လက်ခံသည်။အဆက်တွင်မြွက်ဆိုခဲ့သည့်အတိုင်း၊မဖါတမာမှာ ဦးလယ်ဘဲမသေမီကပင် သေဆုံးသွားသဖြင့်၊ ၎င်းကမွေးသော သမီး မအစမွန်၊ သားမောင်ကျကား၊ သမီး မစူးမားတို့မှာ၊ အမွေမရထိုက်ပေ။ ၎င်းပြင်၊ တင် ထားသောစာရင်း (က) နှင့် (ခ) တို့တွင်အမှတ် ၃ နှင့် ၄ ဖြစ်သော အိမ်တို့မပါဝင်ဘဲ ကျန်ပစ္စည်းများနှင့်ပတ်သက်၍၊ မဟာမေဒင်ဘာသာအရ၊ ဦးလယ်ဘဲ၏ အသုဘစရိတ်၊ဒေါ်ဂွန်း၏ အသုဘစရိတ်နှင့် အခြားတင်ရှိသောကြေးများနှင့် ရွှံးများ၏ထရားစရိတ်များကို ခုနှိမ်ရွှံမှအပ၊အမွေဆိုင်များ၏အမွေကို ခွဲဝေပေးရန်၊ အောက်ရုံးက ဆက်လက်ဆောင်ရွက်ရန်အလို့ငှါ ပဏာမဒီကရီချပေးလိုက်ခြင်းမှာ၊ မှားယွင်းကြောင်း မတွေ့ရှိရသဖြင့်ကျွန်ုပ်လက်ခံသည်။

ထို့ကြောင့်၊ အောက်မူလရုံးချမှတ်သော စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး၊ အောက်အယူခံရုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီတို့ကို စရိတ်မရှိအတည်ပြုလိုက်သည်။ ဤရုံး၏ဒုတိယအယူခံလွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဦးလှထွန်း (အယူခံတရားလို) †

နှင့်

ဦးထီ (အယူခံတရားခံ)*

† ၁၉၆၆ နိုဝင်ဘာလ ၂၉ ရက်။

ဥပဒေမှ နှင်ဆုတ်ပေးရန် တရားစွဲဆိုမှု—ကြုံကြိုက်သက်သေများ (Chance witness) ထွက်ချက်များကို သတိနှင့် လက်ခံရခြင်း။

ဆုံးဖြတ်ချက်။ ။ကြုံကြိုက် သက်သေများ (Chance witness) တို့၏ ထွက်ချက်များကို သတိနှင့် လက်ခံရမည် ဖြစ်သည်။ ကြုံကြိုက် သက်သေဘိုင်း မမှန် သက်သေ ဖြစ်သည်ဟု မဆိုနိုင် သော်လည်း ထိုသက်သေမျိုးတို့ ဒေလွယ်တကူနှင့် ပြသနိုင်သည့် အလျောက် ခြွင်းချက်မရှိ လက်ခံခြင်း မပြုနိုင်ပေ။

အီစမိုင်အာမက် နှင့် မိုမင်ဘီဘီ၊ အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၁ (ပရီဗီကောင်စီ) ၁၁ ရှည် ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘိုးသာ။

အယူခံတရားခံအတွက်။ ။ဦးသန်းမောင်။

တရားသူကြီး ဦးသက်ဖေ။ ။ဤအယူခံမှုကို ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှု၊ အမှတ် ၈၅၊ ၈၆၊ ၈၈ ဘို့နှင့်အတူ နှစ်ဘက်ပညာရှိရှေ့နေကြီးများ၏ သဘောတူညီချက် အရ ကြား နာခဲ့သဖြင့်၊ စီရင်ချက်အားလုံးသည် တခုနှင့်တခု ဆက်စပ်လျက်ရှိပေသည်။

အယူခံတရားခံ ဦးထီက၊ အယူခံတရားလိုဦးလှထွန်းသည် ရန်ကုန်မြို့၊ ပြည်လမ်း၊ လှည်းတန်းထိပ်ရှိ တိုက်အမှတ် ၅၂၇(က)၏အပေါ်ထပ်အခန်းတခန်းတွင် ၁၉၅၉ ခုနှစ်

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၈၇။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၀၁ တွင် ရန်ကုန်မြို့တော် တရားမ တရားသူကြီး ချုပ် ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ဇူလိုင်လ ၁ ရက်နေ့မှစ၍ မိမိ၏ ခွင့်ပြုချက်အရ နေထိုင်ခဲ့ရာ၊ ၃ လခန့်အကြာတွင် ထိုအခန်းမှထွက်ခွါသွားရန် တောင်းဆိုခဲ့သော်လည်း ငြင်းဆိုနေကြောင်းအဆိုပြုကာ၊ အခင်းဖြစ်ညပစာမှ နှင်ထုတ်ပေးရန် ရန်ကုန်မြို့၊ တရားမရုံး၌ တရားစွဲဆိုခဲ့၏။

အယူခံတရားလိုဦးလှထွန်းက မိမိသည်အယူခံတရားခံ ဦးထီး၏အခွင့်အမိန့်နှင့်အခင်းဖြာ်ညပစာ၌ နေထိုင်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ ကြက်ဆင်ဖဲထီးတိုက်ပိုင်ရှင် ဦးသန်းမောင်၏ခွင့်ပြုချက်အရ နေထိုင်ခြင်းဖြစ်၍၊ မိမိအပေါ် တရားစွဲဆိုရန် အကြောင်းမပေါ် ပေါက်ကြောင်း ထုချေသဖြင့်၊ အခင်းဖြစ်ညပစာကို အယူခံတရားလို၏ အခွင့်အမိန့်အရ နေထိုင်ခဲ့ပါသလောဆိုသည့် အဓိကကောက်ချက်ပေါ် ပေါက်ခဲ့၏။ အောက်ရုံးပညာရှိ တရားသူကြီးသည် နှစ်ဘက်သက်သေ အထောက်အထားများကို ကြားနာပြီးနောက်၊ အယူခံတရားလိုသည် အယူခံတရားခံ၏ ခွင့်မိန့်နှင့်နေထိုင်သူ ဖြစ်သည်ဟု ကောက်ယူကာ အယူခံတရားခံစွဲဆိုသည့်အတိုင်း ဒီကရီချပေးလိုက်သည်။ ထိုဒီကရီကို ဦးလှထွန်းကမကျေနပ်သဖြင့် ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားခံဦးထီက အယူခံတရားလိုဦးလှထွန်းသည် အခင်းဖြစ်ညပစာတွင် မိမိ၏အခွင့်အမိန့်နှင့် နေထိုင်သူဖြစ်သည်ဟု အဆိုရှိပြီး၊ အယူခံတရားလို ဦးလှထွန်းက ၎င်းသည်ကြက်ဆင်ဖဲထီး တိုက်ပိုင်ရှင် ဦးသန်းမောင်၏အခွင့်အမိန့်နှင့် နေထိုင်သူဖြစ်သည်ဟု အဆိုရှိသောကြောင့်၊ ထိုအဆိုနှစ်ခုအနက် မည်သူ၏အဆိုက မှန်ကန်သည်ဆိုခြင်းကို ချင့်ချိန်နိုင်ရန်အလို့ငှါ အခင်းဖြစ်ညပစာပေါ် ပေါက်လာရသည့် နောက်ကြောင်းရာဇဝင်ကို အတိုချုပ်ဖေါ်ပြရန်လိုပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ လှည်းတန်းထိပ်ရှိ မြေချိန်ဒဿမ ၉၅၅ ကေရှိသော မြေကွက်ကို ၁၉၅၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် အယူခံတရားခံ ဦးထီအပါအဝင် ပုဂ္ဂိုလ် ၂၁ ဦးကမူလပိုင်ရှင်လင်စွန်ဘိတ်(ခေါ်)ဦးချစ်စိန်ထံမှငွေ ၁၇,၀၁၀ ကျပ် ငွေဖြင့် ဝယ်ယူခဲ့၏။ ထိုကဲ့သို့ဝယ်ယူပြီးနောက် မြေပေါ် ရှိအဆောက်အဦများသည် ၁၉၅၇ ခုနှစ်၊ ဧပြီလအတွင်းတွင် မီးလောင်ကျွမ်းပျက်စီးသွားသည်။ ထိုအခါ ဗိုလ်မှူးအောင်နှင့် ဗိုလ်ရဲလှတို့အမှူးရှိသော ဗဟိုမီးဘေးကယ်ဆယ်ရေးအဖွဲ့က အဆိုပါမြေကွက်ပိုင်ရှင် ၂၁ ဦးအား ပြန်လည်ခွဲဝေပေးခဲ့သဖြင့် အယူခံတရားခံ ဦးထီသည် မြေချိန်ဒဿမ ၀.၃၁ ရှိသော ဦးပိုင် ၃(ဃ-၁၁) မြေကွက်ကို ရရှိခဲ့၏။ ကျန်ပုဂ္ဂိုလ် ၂၀ မှာလည်းအလားတူ မြေကွက်အသီးသီးရရှိခဲ့ကြသည်။

မီးလောင်ပြင်နေရာတွင် အဆောက်အဦ ဆောက်လုပ်ရန် ပြုသောအခါ၊ သက်ဆိုင်ရာ အာဏာပိုင်များက ထိုနေရာသည် ပြည်လမ်းမကြီးပေါ် တွင် ရှိပြီး နိုင်ငံခြားသံရုံးတော်ကြီးများ မကြာခဏ ဖြတ်သန်းသွားလာသော နေရာဖြစ်၍၊ ပုံစံတူ တိုက်လှလှဆောက်လုပ်ရန် လိုလားကြသည်။ သို့ရာတွင် ဦးထီ အပါအဝင်

မြေပိုင်ရှင်တို့မှာ ငွေကြေး မပြည့်စုံကြသဖြင့်၊ ထိုအခါက ဖ-ဆ-ပ-လ အစိုးရကိုကူညီ ဆောက်ခံနေသည့် ကြက်ဆင် ဖဲထီး တိုက်ပိုင်ရှင် ဦးသန်းမောင်အား၊ ထိုသူများကို အကူအညီပေးရန် မီးဘေးကယ်ဆယ်ရေး အဖွဲ့က ကမ်းလှမ်းခဲ့၏။ မြေပိုင်ရှင် ၂၁ ဦး အနက် နောက်ဖေးဘက်တွင် မြေကွက်ရရှိသူ ၁၀ ဦးမှာ တိုက်ဆောက်ရန် မလိုသဖြင့်၊ ဦးသန်းမောင်သည် ကျန် ၁၁ ဦးနှင့်သာ စကား ပြောရသည်။ ထိုသို့ စကား ပြောကြသည့် ပဂ္ဂိုလ် ၁၁ ဦးအနက် ၇ ဦးသာ ဦးသန်းမောင်၏ အကူအညီ ယူပြီး တိုက်ဆောက်ရန် သဘောတူကြသည်။ ထို ၇ ဦးတွင် ဦးထီ အပါအဝင်ဖြစ်သည်။ ဆောက်လုပ်မည့်တိုက်များမှာ ပုံစံတူ နှစ်ထပ်တိုက်များ ဖြစ်ပြီး၊ အပေါ်ထပ်တွင် ၂ ခန်း၊ အောက်ထပ်တွင် ၂ ခန်း၊ အလယ်၌ လှေကားရှိသည်။ အခင်းဖြစ် ဥပစာသည် အဆပေါ်ထပ်မှ အခန်းတခန်းပင် ဖြစ်၏။

ဥပစာတခုမှ နှင်ထုတ်ရန် စွဲဆိုသည့်အမှုတွင် တရားခံက မိမိသည်ဘရားလို့၏ အခွင့်အမိန့်နှင့် နေထိုင်သူမဟုတ်ကြောင်း ငြင်းဆိုလာသောအခါ၊ တရားလိုက တရားခံသည် ၎င်း၏ အခွင့်အမိန့်နှင့်နေသူ ဖြစ်ကြောင်း ထင်ရှားအောင် သက်သေထူရန် တာဝန်ရှိပေသည်။

အယူခံ တရားခံ ဦးထီက အယူခံ တရားလို ဦးလှသွန်းသည်၊ မိမိ၏ အခွင့် အမိန့်နှင့် နေထိုင်သူ ဖြစ်ကြောင်း ထင်ရှားအောင် ဦးမောင်မောင်ကြီး (လိုပြ-၁)၊ ကိုသောင်း (လိုပြ-၂)၊ ဦးပါလှိုင် (လိုပြ-၃)၊ ဦးထွန်းအောင် (လိုပြ-၄)၊ ဦးဖြူ (လိုပြ-၅) နှင့် မောင်ထွန်းမိုင် (လိုပြ-၆) တို့အား သက်သေထူခဲ့၏။ ဦးမောင်မောင်ကြီးက မော်တော်ကား ဘီးပေါက်၍ အယူခံ တရားခံထံရောက်စဉ် ဦးသန်းမောင်က ဦးလှထွန်းကို အဆပေါ်ထပ်၌ ခေတ္တထားရန် အယူခံ တရားခံအား ပြောသည်ကို ကြားရကြောင်း၊ ဦးပါလှိုင်က ဦးသိန်းသို့ ကိစ္စ တခုနှင့် ရောက်စဉ် ဦးလှထွန်း သည်၊ ဦးထီထံ၌ နေခွင့် တောင်းသည်ကို ကြားကြောင်း ထွက်ဆိုသွားကြသည်။ ထိုသက်သေတို့၏ ထွက်ချက်များကို ကြည့်လျှင် ၎င်းတို့သည် ကြုံကြိုက် သက်သေများ (***Chance witness***) သာ ဖြစ်ကြောင်း ပေါ်လွင်နေ၍၊ ၎င်းတို့၏ထွက်ချက်များကိုသတိနှင့် လက်ခံရမည် ဖြစ်သည်။ ကြုံကြိုက်သက်သေတိုင်း မမှန် သက်သေ ဖြစ်သည်ဟု မဆိုနိုင်သော်လည်း ထိုသက်သေမျိုးကို အလွယ်တကူနှင့် ပြဿနိုင်သည့် အလျောက်ခြင်းချက်မရှိလက်ခံခြင်းမပြုနိုင်ပေ။ **အီစမိုင်အာမက် နှင့် မိုမင်ဘီဘီ** (၁)။

ကိုသောင်းမှာ ဦးထီ၏ သားမက်ဖြစ်သည်။ ဦးထွန်းအောင်မှာ ကိုယ်တိုင် သိရှိသူမဟုတ်ဘဲ ဦးထီ၏ ပြောပြချက်အရ သိရသူဖြစ်၍၊ ၎င်း၏ ထွက်ချက်သည်

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၁၊ ပရီဗီကောင်စီ ၁၁။

ထိဆောက်မှု မရှိပေ။ ဦးဖြူနှင့် မောင်ထွန်းမြိုင်တို့သည်၊ တိုက်မပြီးမီက တိုက်အထက်ထပ်၌ နေဘူးသူများသာ ဖြစ်ပြီး၊ ဦးထီနှင့် ဦးလှထွန်းတို့ မည်သို့ မည်ပုံ အဆက်အသွယ်ရှိသည်ဆိုခြင်းကို သိရှိသူများ မဟုတ်ကြပေ။

သက်သေတို့ မည်သည် မည်သည့်မှန်သည့်အတိုင်းလည်း ထွက်ဆိုတတ်သည်။ အကြောင်းကြောင်းကြောင့် လိမ်လည်၍လည်း ထွက်ဆိုနိုင်သည်။ သို့ရာတွင်ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများမှာ မှာမူ လိမ်ညာ၍ မရနိုင်ပေ။ ယင်းသို့ ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများသည်၊ ပြဿနာကို ဖြေရှင်းရာ၌ အမှန်တရားကိုရွေးရှုနိုင်မည်ဖြစ်သည်။ ယခုအမှုတွင် ဦးထီက ကြက်ဆင်ဖဲထီးတိုက်ပိုင်ရှင် ဦးသန်းမောင်သည် ငွေစိုက်ထုတ်၍ တိုက်ကို လေးလနှင့် အပြီး ဆောက်ပေးရန် တာဝန် ယူခဲ့သော်လည်း ၁၈ လ ကြာခဲ့ကြောင်း၊ ထိုကာလ အတွင်း ဦးသန်းမောင်သည်၊ တိုက်ဆောက်ခြင်းကို ရပ်ဆိုင်းထားကာ၊ နောင် စာရင်းရှင်းသော အခါ၌ ပေးဆပ်ရန် ကျန်သည့်ငွေများ အတွက် စိတ်ချရအောင် မြေတခြမ်းနှင့် တိုက်တခြမ်းကို ၎င်းအားအရောင်းစာချုပ် ပြုလုပ် ထားပေးရန် အကျပ်ကိုင်ခဲ့ကြောင်း၊ ထိုစဉ်က မိမိ၌ တိုက်ဆောက်ရန် ငွေကြေး မပြည့်စုံ၍ ဦးသန်းမောင် အကျပ်ကိုင်သည်ကို မလွန်ဆန်နိုင်ဘဲ မြေတခြမ်းနှင့် တိုက်တခြမ်းကို ဦးသန်းမောင်အား ရောင်းသည်ဟုစာချုပ်တခု ချုပ်ပေးခဲ့ရကြောင်း ဝန်ခံထားသည်။ ထိုဝန်ခံချက်အရ၊ ဦးထီသည် ဦးသန်းမောင်အား၊ တိုက်တခြမ်းကို လွှဲပေးခဲ့ရကြောင်း ပေါ်လွင်နေရာ၊ ထိုကဲ့သို့ လွှဲအပ်ပေးရသည့် တိုက်တခြမ်းရှိ အိမ်ခန်းကို မိမိ၏ အလုပ်သမား ဖြစ်သူ ဦးလှထွန်းအား နေထိုင်ခွင့်ပြုထားသည် ဆိုခြင်းမှာ သဘာဝကျသည်ဟု ဆိုရမည် ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့် ဦးလှထွန်းသည်၊ ဦးထီ၏ အခွင့် အမိန့်နှင့် အခင်းဖြစ် ဥပစာတွင် နေထိုင်သည် ဆိုခြင်းမှာ မထင်ရှားဟု ကောက်ယူရမည် ဖြစ်သည်။ သို့ဖြစ်ရာအောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကို အတည်မပြုနိုင်၍၊ ပယ်ဖျက်ပြီး၊ အယူခံ တရားခံ ဦးထီ (မူလရုံးတရားလို) ၏ အမှုကို တရားစရိတ်များနှင့် တကွ ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမ အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ဦးလှထွန်း (အယူခံတရားလို)

နှင့်

ဦးအောင်စိုး (အယူခံတရားခံ)*

† ၁၉၆၆

နိုဝင်ဘာလ ၁၉ ရက်။

မော်တော်လေ်လီကားကိုဖြစ်စေ၊ ၎င်း၏ တန်ဘိုးကိုဖြစ်စေ၊ လက်ရောက်ရရှိရန် တရား စွဲဆိုမှု ရှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရောင်းချခြင်း—ရောင်းချသည့်ပစ္စည်း ဝယ်သူလက်ရောက် ရရှိခြင်း ဖြစ်မဖြစ်—စာချုပ် တခုတည်းပေါ်မှာ မူတည် စဉ်းစားရန် ဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ရှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရောင်းချသည်နှင့် ပတ်သက်၍ ရောင်းချသည့် ပစ္စည်းကို ဝယ်သူလက်ရောက်ရှိခဲ့ပြီး ဖြစ်မဖြစ် ဆိုသည်နှင့် ပတ်သက်၍ စဉ်းစားရန် စာချုပ် တခုတည်းပေါ်မှာ မူတည်စဉ်းစားရန်မဟုတ်၊ နှစ်ဦး နှစ်ဘက် ပဋိညာဉ် ပြုလုပ်သူများ၏ ရည်ရွယ်ချက်အပေါ် မူတည် စဉ်းစားရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ(၂)။

အယူခံတရားခံအတွက်။ ။ဦးမွန်စံလှိုင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားလို ဖြစ်သူ ဦးလှထွန်းက၊ ပေါင်းတည်မြို့၊ နယ်ပိုင်တရားမတရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ အယူခံတရားခံ ဦးအောင်စိုးအပေါ် မော်တော်လေ်လီကားအမှတ် ခ/၃၈၅၅ ကိုဖြစ်စေ၊ ၎င်း၏တန်ဘိုးငွေ ၅,၀၀၀ ကို ဖြစ်စေ၊ လက်ရောက်ရရှိရန် တရားစွဲဆိုသည်ကို မူလရုံးမှ စရိတ်နှင့်တကွ ဒီကရီချပေးလိုက်သည်။ ဦးအောင်စိုးက မကျေနပ်၍ ပြည်မြို့ ခရိုင်တရားမတရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် အယူခံဝင်ရောက်ရာ၊ အောက်ရုံးမှစီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး၊ ဦးလှထွန်း စွဲဆိုသည့်

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၁၉။

† ၁၉၆၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ၁၉၆၆ ခု၊ မတ်လ ၃၁ ရက် နေ့စွဲဖြင့် ပြည်မြို့ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အမှုကို နှစ်ရှုံးစလုံးက စရိတ်နှင့်တကွ ပလပ်လိုက်ခြင်းဖြစ်သည်။ ဦးလှထွန်းကမကျေနပ်သဖြင့် ယခု ဒုတိယအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

အမှုကြောင်းခြင်းရာများကို အောက်ရှုံးစီရင်ချက်များတွင် ပြည့်စုံစွာဖော်ပြထားပြီးဖြစ်လေသည်။ သို့သော် လိုရင်းကိုပြဆိုရမူ၊ အယူခံတရားလိုဖြစ်သူ ဦးလှထွန်းက ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ၊တရားခံဦးအောင်စိုးထံမှ ၎င်းပိုင် လော်လီကားအမှတ် (ခ) ၃၀၅၅ ကို၊ အဘိုးငွေ ၂,၅၀၀ ဖြင့်၊ သက်သေခံအမှတ် (က) ကတိစာချုပ်ကိုချုပ်ဆို၍ လက်ရှိရယူခဲ့ကြောင်း။ ထိုအခါက ဦးအောင်စိုးက မော်တော်ကားလိုင်စင်စာချုပ်တွင် ဘီးခွန်ထမ်းဆောင်သည့်လက်မှတ်ကိုပါ၊ တပါတည်းပေးအပ်ခဲ့သည်ဆိုကြောင်း။ ကားကိုဝယ်ယူပြီးနောက် ဦးလှထွန်းက တရားခံ ဦးအောင်စိုးသို့ ထိုကားကိုတလလျှင် ငွေ ၁၀၀ နှုန့် ပြန်လည့်ငှါးရမ်းရာ၊ တရားခံသည် ငှါးရမ်းခကို လုံးဝမပေး ကားကိုလည်းအကြိမ်ကြိမ်တောင်းဆိုသော်လည်း မအပ်ခဲ့သဖြင့် အမှုကို စွဲဆိုရခြင်းဖြစ်ပါသည်ဟု ပြဆိုလေသည်။

တရားခံ ဦးအောင်စိုးကလည်း၊ မိမိပိုင်မော်တော် လော်လီကားကို၊ အယူခံတရားလို ဦးလှထွန်းသို့ အဘိုးငွေ ၂,၅၀၀ နှင့် ရောင်းချခြင်းမဟုတ်၊ ထိုကားကိုလည်း တလလျှင် အခ ငွေ ၁၀၀ ဖြင့်ငှါးရမ်းခဲ့ခြင်းမဟုတ်ကြောင်း၊ အမှန်မှာ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ဦးလှထွန်းထံမှ ငွေ ၂,၅၀၀ ကိုတလလျှင် ငွေ ၁၁၀ ကို ၄ ကျပ် အတိုးနှုန်းဖြင့် လက်မှတ်ရေးထိုး ချေးခဲ့ခြင်းသာဖြစ်သည်။ ဤရင်း ၁,၀၀၀ နှင့်အတိုးငွေ ၁,၅၀၀ ကိုသက်သေခံစာချုပ်အမှတ် (၁) အရပေးဆပ်ပြီးပြီဖြစ်ကြောင်း၊ ဦးအောင်စိုးက ကားကိုရောင်းချစဉ်အခါက၊ မော်တော်ကားလိုင်စင်နှင့်ဘီးခွန်ပြေစာတို့ကိုပေးအပ်ခဲ့သည်ဆိုခြင်းမှာလည်း မမှန်၊ ယခု အမှုတရား မစွဲမီကလေးတွင်ပင်၊ တရားလို၏ ကားမောင်းသူ မောင်လေးက ၎င်း၏ဇနီးထံမှ ထိုစာရွက်စာတမ်းများကို လာရောက် တောင်းယူသွားခြင်းသာဖြစ်ပြီး၊ ပြန်မပေးသဖြင့် မိမိက ရာဇဝတ်မှုပင် စွဲဆိုခဲ့ကြောင်း။ လော်လီကားကို အချင်းမဖြစ်မီမကြာခင်ကပင် အဘိုးငွေ ၇,၅၀၀ နှင့်ဝယ်ယူထားပြီး၊ ကား၏ တန်ဘိုးမှာ ၅,၀၀၀ ထက်မနည်းတန်သောကြောင့် ငွေ ၂,၅၀၀နှင့်သာဦးလှထွန်းသို့ရောင်းချခဲ့သည်ဆိုခြင်းမှာမမှန်ပါဟု ချေပလာသည်။

ထိုချေပချက်နှင့်ပတ်သက်၍၊ တရားလိုဖြစ်သူ ဦးလှထွန်းက ပြန်လှန်ချေလွှာတင်သွင်းရာတွင်၊ ဦးအောင်စိုးက ၎င်းထံမှငွေ ၂,၅၀၀ ကိုတရာလျှင်တလ ၄ ကျပ် အတိုးနှုန်းနှင့်ချေးယူခဲ့ခြင်းမရှိ၊ မော်တော်လော်လီကားကိုသာ သက်သေခံအမှတ်(က) ကတိစာချုပ်အရ ငွေ ၂,၅၀၀ နှင့်အပိုင်ရောင်းချအပ်ပေးခဲ့ပြီးနောက် ကားကို ဦးအောင်စိုးအား ပြန်လည့်ငှါးရမ်းလိုက်ခြင်းသာဖြစ်သောကြောင့်၊ တရားစွဲဆိုသည့် အတိုင်း ဒီကရီရထိုက်ပါသည်ဟုပြဆိုလေသည်။

အဆိုပါနှင့် ချေလွှာများအရ မူလရုံးမှအမှုကို စစ်ဆေးနိုင်ရန် ကောက်ချက် ၈ ခု ထုတ်နုတ်ခဲ့လေသည်။ အရေးကြီးသော ပဌမကောက်ချက်မှာအောက်ပါအတိုင်းဖြစ်သည်။

"တရားခံသည် ကား:အမှတ် ခ/၃၈၅၅ ကိုတရားလို့သို့ အဘိုးငွေ ၂,၅၀၀ နှင့်ရောင်းချပြီးလိုင်စင်နှင့် ဘီးခွန်ပြေစာများကို တပါတည်း ပေးခဲ့သလား"

ပဌမကောက်ချက်နှင့် ပတ်သက်၍ မူလရုံး တရားခံဖြစ်သူ ဦးအောင်စိုးသည်၊ သက်သေခံအမှတ် (က) ကတိစာချုပ်အပေါ်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးကြောင်း သက်သေ ထင်ရှားသဖြင့် ဦးအောင်စိုးသည် အချင်းဖြစ်သည့် လော်လီကားကို ထိုစာချုပ်တွင် ပါရှိသည့်အတိုင်း၊ တရားလိုဖြစ်သူ ဦးလှထွန်းသို့ အတိုးငွေ ၂,၅၀၀ နှင့်ရောင်းချပြီး လိုင်စင်နှင့်ဘီးခွန်ပြေစာများကိုပါ ပေးအပ်ခဲ့သည်ဟု ဖြေဆိုလေသည်။ ကျန်ကောက်ချက်များနှင့်ပတ်သက်၍လည်း၊ မူလရုံးမှတရားလိုအတွက်သာ အသာပေးဖြေဆိုခဲ့သည့်အတိုင်း၊ တရားလိုစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်လေသည်။

အယူခံဝင်သောအခါ ပညာရှိ ခရိုင်တရားမတရားသူကြီးက အချင်းဖြစ် လော်လီကားကို၊ တရားခံ ဖြစ်သူ ဦးအောင်စိုးက ဦးလှထွန်းသို့ အပြီးအပိုင် ရောင်းချခဲ့ခြင်း ရှိ မရှိနှင့် ပတ်သက်၍ ဆင်ခြင်ရာ၌ ပဋိညာဉ် ပြုလုပ်သည့် နှစ်ဘက်သော သူများ၏ ရည်ရွယ်ချက်ကို အဓိက ဆုံးဖြတ်ရမည် ဖြစ်ကြောင်း၊ ယခင်တရားလွှတ်တော်က ဆုံးဖြတ်ထားသည့် စီရင်ထုံးများအရ ထင်ရှားနေသဖြင့်၊ ယခုအမှုတွင်လည်း နှစ်ဘက် ပဋိညာဉ်ပြုလုပ်ကြသည့် လူများ ချုပ်ဆိုသည့် စာချုပ်မှာ မည်သည့် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့ကြောင်းကို မူတည် ဆုံးဖြတ်ရမည်သာဖြစ်သည်ဟု သက်ဆိုင်သည့် တရားလွှတ်တော် စီရင်ထုံးများကို ကိုးကားပြဆိုခဲ့လေသည်။ ထိုပြင် စိုစာချုပ် စာတမ်းနှင့်ပတ်သက်၍ စာချုပ်ပါ စာသားများနှင့် ရည်ရွယ်ချက်တို့မှာ တူညီခြင်းရှိ မရှိနှင့်ပတ်သက်ပြီး သက်သေခံ အထောက်အထားများကို ချင့်ချိန်စဉ်းစားနိုင်ကြောင်း၊ ယခင် တရားလွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးများကို ရည်ညွှန်းခဲ့ပြန်သည်။ အထက်ပါ ပြဆိုချက်များအရ ယခုအမှုတွင် သက်သေခံချက်များကို လေ့လာသောအခါ၊ တရားလိုဖြစ်သူ အယူခံတရားလို ဦးလှထွန်းသည်ကားကို ဝယ်သည်ဆိုသော်လည်း၊ မည်သည့်အခါကမှကားကို လက်ရောက် မရရှိခဲ့၊ ကားမှာတရားခံဖြစ်သူ အယူခံတရားခံ ဦးအောင်စိုး လက်တွင်သာ အမြဲရှိနေသည်။ ကားလိုင်စင်မှာလည်း ဦးအောင်စိုးက မူလဝယ်ယူခဲ့သည့် ပိုင်ရှင်အမည်နှင့်သာရှိ၍ တရားလိုအမည်သို့ ပြောင်းလဲခဲ့ခြင်း မရှိသေး၊ ကားမှာ အချင်းမဖြစ်မီ မကြာခင်ကပင်

၁၉၆၆ ဦးလှထွန်းနှင့် ဦးအောင်စိုး။

ဌေ ဂ,၀၀၀ ကျော်နှင့် ဝယ်ယူသည့် ကားဖြစ်ကြောင်း ထင်ရှားနေသဖြင့် ထိုကားကို အယူခံတရားခံ ဦးအောင်စိုးသည် ဌေလိုနေ၍ ၂,၅၀၀ ထည်းနှင့်သာ ရောင်းချလိုက်ခြင်း ဖြစ်ပါသည်ဟု ဆိုခြင်းမှာ အထောက်အထားမရှိ၊ သက်သေခံအမှတ် (ဂ) ကားလိုင်စင်ကို တရားလိုဖြစ်သူ အယူခံတရားလို ဦးလှထွန်းအား အမည်ပြောင်းပေးမည်ဆိုပြီး၊ သက်သေ မောင်လေးမှတဆင့် အယူခံတရားခံ၏ ဇနီးထံမှ တောင်းယူသွားကြောင်း လျှောက်ထားခြင်းနှင့် ထိုလိုင်စင်ကို အယူခံတရားခံက ပြန်မရရှိ၊ အယူခံတရားလိုအား ပေါင်းတည်ရာဇဝတ်ရုံး၌ တရားစွဲဆိုထားသည်များကို စုပေါင်း ကြည့်ရှုသော်၊ သက်သေခံအမှတ် (က)ကတိစာချုပ် ပြုလုပ်ထားသည်မှာ ဟန်ပြအရောင်းအဝယ်သာဖြစ်ပြီး အမှန်မှာ အယူခံတရားခံ ချေပသည့်အတိုင်း ချေးငွေ ၂,၅၀၀ အတွက်တရာလျှင် တလ ၄ နှုန်းနှင့်တွက်မူ အတိုးသင့်ငွေမှာ တရာဖြစ်သည့်အတိုင်း ထိုငွေတရာနှင့် ကားကို ပြန်လည်ဂျီးရမ်းပါသည်ဟု တရားလိုက ပြဆိုခြင်းသာ ဖြစ်သည်ဟု ယူဆရန် အထောက်အထား ရှိသည့်အပြင်၊ ရောင်းခဲ့သည်ဆိုသည့် မော်တော် လော်လီကားကို ဝယ်ယူသည်ဆိုသူ အယူခံတရားလို ဦးလှထွန်းက မည်သည့်အခါကမှ လက်ရောက်ရရှိခဲ့ခြင်း မရှိသဖြင့်၊ အယူခံတရားလိုသည် ၎င်းပြဆိုသည့်အတိုင်းကားကိုငွေ ၂,၅၀၀ နှင့် ဝယ်ယူခဲ့သည်ဆိုသည်မှာ မမှန်ဟု ဆုံးဖြတ်ပြီး တရားလိုဖြစ်သူ အယူခံတရားလို ဦးလှထွန်းစွဲဆိုသည့်အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။

ယခု အယူခံဝင်ရုတွင် အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက ကားအရောင်းအဝယ်စာချုပ်သည် သက်သေခံအမှတ် (ဃ) ကတိစာချုပ်အရ ဖြစ်ရကား၊ ထိုစာချုပ်ကို တရားခံဖြစ်သူ အယူခံတရားခံ ဦးအောင်စိုးက လက်မှတ် ရေးထိုးခဲ့ကြောင်းကို ထင်ရှားနေသဖြင့် စာချုပ်တွင် ပါရှိသည့်အတိုင်း၊ ဦးအောင်စိုးက ကားကို ဦးလှထွန်းသို့ ရောင်းချလိုက်သည်ဟု ယူဆသင့်ကြောင်း အဓိကပြဆို လျှောက်ထားပေသည်။ သက်သေခံအမှတ် (က) ကတိစာချုပ်ကို လေ့လာလျှင် ၎င်းစာချုပ်မှာ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ချုပ်ဆိုသည့် စာချုပ်ဖြစ်သည်၊ စာချုပ်တွင် အချင်းဖြစ်ကားကို တန်ဘိုးငွေ ၂,၅၀၀ ဖြင့် အရောင်းအဝယ် ပြုလုပ်ထားပါသည်ဟုငင်း၊ ဦးအောင်စိုးပိုင် စာချုပ်စာတမ်း၊ ကားလိုင်စင်ပါ အပ်ထားပါကြောင်း ပြဆိုထားပြီး ကားကိုအပြီးအပိုင် ရောင်းချလိုက်ကြောင်း မည်သို့မျှ ဖော်ပြထားခြင်း မရှိချေ။ ကားကို ဦးအောင်စိုးက ကားပိုင်ရှင် ဒေါ်အဝ၁ဘီထံမှ ဝယ်ယူခဲ့သည့် သက်သေခံအမှတ် (ခ) စာချုပ်ကို ကြည့်ရှုမှု အချင်းဖြစ်ကားကို တရားလို ဦးအောင်စိုးသို့ မရောင်းချမီ နှစ်လခန့်က ၁၉၆၂ ခုနှစ်၊ ဇန္နဝါဝါရီလ ၁၃ ရက်နေ့က အထိုးငွေ ဂ,၅၀၀ နှင့်ဝယ်ယူခဲ့ကြောင်း ထင်ရှားနေသဖြင့် ထိုကားကိုပင် ဝယ်ပြီးနှစ်လအတွင်း အယူခံတရားလိုသို့ ၂,၅၀၀ နှင့်သာ မျှားစွာမှလျော့ပေါ့ပြီး ရောင်းချခဲ့သည်ဆိုသည်မှာ စဉ်းစားရန်

အချက်တရပ် ဖြစ်နေလေသည်။ တဖန် သက်သေခံအမှတ် (က)ကတိစာချုပ်တွင် အထက်က ပြဆိုခဲ့သည့်အတိုင်း အချင်းဖြစ်ကားကို ဦးအောင်စိုးက ဦးလှထွန်းသို့ ရောင်းချလိုက်သည်ကို တိကျစွာ ပေါ်ပြထားခြင်းမရှိ၊ အပ်ထားသည်ဟုသာ ပြဆိုထားသဖြင့် သက်သေခံအမှတ် (က)စာချုပ်အရ ကားအရောင်းအဝယ် ပြုလုပ်ခဲ့သည်ဆိုခြင်းမှာ မှန်ကန်သည်ဟု လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ ထို့မှတဆင့် ကားလိုင်စင်နှင့် ပတ်သက်၍ တရားလိုသက်သေ မောင်လေး (လို့ပြ-၄)၏ထွက်ဆိုချက်ကို ကြည့်ရှုမူ၊ အယူခံတရားလိုက ကားအမည် ပြောင်းပေးရန် ထိုလိုင်စင်စာအုပ်ကို ဦးအောင်စိုး ဇနီးထံမှ တောင်းယူသွားကြောင်း ထင်ရှားနေသဖြင့် သက်သေခံအမှတ် (က) ကတိစာချုပ် ချုပ်ဆိုစဉ်က လိုင်စင်စာအုပ် ပေးအပ်ခဲ့သည် ဆိုသည်မှာ မှန်ကန်သည်ဟု လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ မူလရုံးမှ ထုတ်နုတ်ခဲ့သည့် အမှတ် (၁)ကောက်ချက်ကို ကြည့်ရှုမူ၊ ထိုကောက်ချက်များအရ အယူခံတရားခံဖြစ်သူ ဦးအောင်စိုးက အချင်းဖြစ်ကားကို အယူခံတရားလိုသို့ တန်ဘိုးငွေ ၂,၅၀၀ နှင့် ရောင်းချလိုက်ပြီး လိုင်စင်နှင့် ဘီးခွန်ပြေစာများကို တပါတည်း ပေးခဲ့ပါသလားဟုသာ ထုတ်နုတ်ထား၍၊ အချင်းဖြစ်ကားကို သက်သေခံအမှတ် (က)ကတိစာချုပ်အရ ရောင်းချခဲ့ခြင်း ဟုတ် မဟုတ် ဆိုသည့် ကောက်ချက်ကို ထုတ်နုတ်ထားခြင်း မရှိပေ။ သို့ရာတွင် မူလရုံးက ဦးအောင်စိုးသည် သက်သေခံအမှတ်(က) ကတိစာချုပ်ကို ချုပ်ဆိုကြောင်း ပေါ်လွင်သဖြင့် ကားကို ရောင်းချလိုက်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ရာ၊ ထိုသို့ဆုံးဖြတ်ခြင်းမှာ ၎င်း ထုတ်နုတ်ခဲ့သည့်အမှတ် (၁) ကောက်ချက်နှင့် ပတ်သက်၍ ညီညွတ်သည်ဟု ဆိုနိုင်ရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ (ရွှေပြောင်းနိုင်သည့် ပစ္စည်းများကို ရောင်းချသည်နှင့် ပတ်သက်၍ ရောင်းချသည့်ပစ္စည်းကို ဝယ်သူလက်ရောက်ရရှိခဲ့ပြီး ဖြစ် မဖြစ်ဆိုသည်နှင့် ပတ်သက်၍ စဉ်းစားရန်လည်း စာချုပ်တခုတည်းပေါ်မှာ မူတည်စဉ်းစားရန်မဟုတ်၊ နှစ်ဦးနှစ်ဘက် ပဋိညာဉ် ပြုလုပ်သူများ၏ ရည်ရွယ်ချက်အပေါ် မူတည်၍ စဉ်းစားရမည်) ဖြစ်ကြောင်း စီရင်ထုံး အများအပြားတွင် ချမှတ်ထားလေသည်။ ထို့မူအရ၊ ယခုအမှုမှ အမှတ်(၁)ကောက်ချက်ကို စဉ်းစားသော် အောက်အယူခံရုံးမှ ပြဆိုခဲ့သည့် အချင်းဖြစ်ကားကို တရားခံ ဦးအောင်စိုးက ဦးလှထွန်းသို့ အတိုးငွေ ၂,၅၀၀ နှင့်သာ ရောင်းချသည်ဆိုသည်မှာ မှန်ကန် လက်ခံနိုင်စရာမရှိဟု ပြဆိုထားသည်မှာ အမှုတွင် ပေါ်လွင်သည့် အထောက်အထား သက်သေခံချက်များအရ၊ လက်ခံနိုင်စရာ မရှိပါဟု မည်သို့မျှ မဆိုနိုင်ချေ။ ထို့ကြောင့်ပင် အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေနေကြီးက ယခုအယူခံမှုကို သက်သေခံအမှတ် (က) ကတိစာချုပ်ပေါ် လုံးဝမူတည်အားကိုး လျှောက်လဲလေသည်။ သို့ရာတွင် အရောင်းအဝယ်နှင့် ပတ်သက်၍ ၎က်သေခံအမှတ် (က) ကတိ

၁၉၆၆

ဦးလှထွန်းနှင့် ဦးဆောင်စိုး။

စာချုပ် တခုတည်းအပေါ် မူတည်ဆုံးဖြတ်ရန် မဟုတ်ကြောင်း ပြဆိုထားပြီး ဖြစ်သဖြင့် အယူခံတရားခံက သက်သေခံအမှတ် (က) ကတိစာချုပ်ကို လက်မှတ်ရေးထိုး ပေးလင့်ကစား၊ အချင်းဖြစ်ကားနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက် အရောင်းအဝယ် ဖြစ်မြောက်ခြင်းရှိ မရှိနှင့် ပတ်သက်၍ ပဋိညာဉ် ပြုလုပ်သူများ၏ ရည်ရွယ်ချက်ကို သုံးသပ်ရမည် ဖြစ်သည့်အတိုင်း၊ ယခုအမှုတွင် ထိုသို့သုံးသပ်ပါက ကားအရောင်းအဝယ် ပြုလုပ်ခြင်း ဖြစ်သည်ဟု ယူဆနိုင်ရန် မရှိကြောင်း ထင်ရှားနေသည်ကို အယူခံတရားလိုဘက်မှ လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေနေကြီးကလည်း မငြင်းဆိုနိုင်ပေ။

ထို့ကြောင့် အယူခံတရားလို၏ ပညာရှိ ရှေနေကြီးက သက်သေခံ အထောက်အထားများအရ၊ အယူခံတရားလိုသည် အချင်းဖြစ်ကားကို ဒေ ၂,၅၀၀ နှင့်ဝယ်ယူရရှိခဲ့သည်ဟု မယူဆနိုင်မူ၊ အယူခံတရားခံကပင် အယူခံတရားလိုထံမှ ဒေ ၂,၅၀၀ ကို ချေးယူထားကြောင်းချေပခဲ့သဖြင့် ၎င်းဒေ ၂,၅၀၀ ကိုအယူခံတရားလိုသို့ ပြန်လည် ပေးဆပ်ရန် အမိန့်ချမှတ် ပေးသင့်ပါသည်ဟု ပြဆိုလေသည်။ သို့ရာတွင် ယခုအမှုတွင် အယူခံတရားလိုက အယူခံတရားခံ ဦးအောင်စိုးသို့ ငွေမည်သည့်အခါမှ ချေးငှါးခဲ့ခြင်း မဟုတ်ဟု ငြင်းဆိုထားပြီး၊ ထိုငွေများနှင့် ပတ်သက်၍ အယူခံတရားခံက ပေးဆပ်ခဲ့ပြီဆိုသည်နှင့် ပတ်သက်၍လည်း တိကျစွာ ဆုံးဖြတ်ခဲ့ခြင်း မရှိရကား၊ အယူခံတရားလို၏ ပညာရှိရှေနေကြီး တင်ပြသည့်အတိုင်း၊ အယူခံ တရားလိုသည် အချင်းဖြစ်ကားကို ဝယ်ယူသည်နှင့် ပတ်သက်၍ အရောင်းအဝယ် အထမြောက်ခြင်း မရှိပါက အယူခံတရားခံထံမှယူသည့်ငွေ ၂,၅၀၀ ကိုပြန်လည် ရသင့်ပါသည်ဟု ဆိုသော ပြဆိုချက်ကို လိုက်လျောနိုင်ရန် ခဲယဉ်းပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ယခုအမှုတွင် အယူခံ တရားလိုက အချင်းဖြစ်ကားကို အယူခံ တရားခံထံမှ ဒေ ၂,၅၀၀ နှင့်အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး အယူခံတရားခံသို့ ထိုကားကိုတလလျှင် တရာနှုန်း ပြန်လည်ငှါးရမ်းထားကြောင်း ပေါ်လွင်ခြင်းမရှိရကား၊ အောက်အယူခံရုံးမှ အယူခံတရားလို စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်းသည် ဥပဒေအရသော်၎င်း၊ အကြောင်းခြင်းရာ အရသော်၎င်း မှားယွင်းချွတ်ချော်ခြင်း ဖြစ်နေသည်ဟု မဆိုနိုင်သောကြောင့် ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဦးသန်းနိုင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၄ ဒီဇင်ဘာလ ၈ ရက်။

၁၉၆၃ ခုနှစ်၊ ဘများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ၊ **မှုပြစ်ထင်ရှားစီရင်ခြင်း— လူတဦးအား ပစ္စည်းဆေးတုခုကိုယုံကြည်အပ်နှံခြင်း—ပစ္စည်းအား မရိုးမဖြောင့်သော သဘောဖြင့် အလဲသုံးစားပြုခြင်း—ရာဇတ် မကင်းသည့် ယုံကြည် အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်ခြင်း—မတရား ဆုံးရှုံးရန် အကြံနှင့် ပြုလုပ်ခြင်း— ရာဇသတ်ကြီး ပုဒ်မ ၂၄ အရ၊ မရိုးမဖြောင့်သောအကြံဖြင့် ပြုလုပ်သည်ဟုဆိုနိုင် မဆိုနိုင်— လူတဦး၏ အကြံမှာ မည်သို့ မည်ပုံ ရှိသည် ဆိုခြင်းကို သူ၏ ပြုမူဆောင်ရွက်ချက်အပေါ် ခန့်မှန်း၍ အဆုံးအဖြတ် ပြုရခြင်း။**

ဆုံးဖြတ်ချက်။ ။လူတဦးအား ပစ္စည်းတစုံတခုကို ယုံကြည်အပ်နှံခဲ့ရာတွင် ထိုပစ္စည်းအား မရိုးမဖြောင့်သော သဘောဖြင့် အလဲသုံးစား ပြုလျှင်၊ ထိုသူသည် ရာဇတ်မကင်းသည့် ယုံကြည် အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်သည်ဟု ရာဇသတ်ပုဒ်မ ၄၀၅ က ပြဋ္ဌာန်းထားသည်။ တရားခံက လူတဦးတယောက်အပေါ် မတရား ဆုံးရှုံးရန် အကြံနှင့် ပြုလုပ်ခဲ့လျှင် တရားခံ၏ပြုမူချက်မှာ ရာဇသတ်ပုဒ်မ ၂၄ အရ၊ မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။ တရားခံသည်၊ လိမ်လည်လှည့်ဖြားရန် အကြံနှင့် ပြုလုပ်ရန် မလိုပေ။ လူတဦးတယောက် အပေါ် မတရား ဆုံးရှုံးရန် အကြံနှင့် ပြုလုပ်ခဲ့လျှင် ထိုပြုလုပ်ချက်သည် မရိုးမဖြောင့်သော သဘောနှင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။

လူတဦး၏ အကြံမှာ မည်သို့ မည်ပုံ ရှိသည်ဆိုခြင်းကို ပုထုဇဉ် ပုဂ္ဂိုလ်အနေဖြင့် သိရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် တရားခံ တဦး၏ အကြံသည် မည်သို့ ရှိသည်ဟု တိုက်ရိုက် သက်သေပြရန် မဖြစ်နိုင်ပေ။ ထိုသူ၏ ပြုမူဆောင်ရွက်ချက်အပေါ် ခန့်မှန်း၍ အဆုံးအဖြတ် ပြုရန်သာ ရှိပေသည်။ ပစ္စည်းတစုံတခုကို တရားခံ တဦးအား ယုံကြည် အပ်နှံထားပြီး တရားခံက ယင်းသို့ အပ်နှံထားသည့်

---

*၁၉၆၄ ခုနှစ်၊ ရာဇတ် အယူခံမှုအမှတ် ၁၉၃။

†၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ကြီးမှု အမှတ် ၂၈ တွင် ချမှတ်သော ၁၉၆၃ ခုနှစ်၊ မေလ ၂၅ ရက် နေ့စွဲပါ၊ ပုသိမ်မြို့၊ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ကို အယူခံဝင်မှု။

၁၉၆၆

ဦးသန်းနိုင်နှင့် ဖြည့်ထောင်စုမြန်မာနိုင်ငံ၊

ပစ္စည်းကို မြန်လည် ပေးဆပ်ခြင်း မပြုလျှင်သော်၎င်း၊ ပစ္စည်းနှင့် ပတ်သက်၍ လိမ်လည်သည့် ဆင်ခြေပေးလာလျှင်သော်၎င်း၊ ထိုအချက်သည် တရားခံက မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုခဲ့သည်ဟု ယူဆရန် အလွန်ခိုင်လုံသည့် သက်သေ အထောက် အထား တခုဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

အယူခံ တရားလိုအတွက်။ ။မစ္စတာ အင်၊ စီ၊ ဆင်း။

အယူခံ တရားခံအတွက်။ ။ အစိုးရ ရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို ဦးသန်းနိုင်အပေါ်၊ ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ပုသိမ်မြို့၊ ပဌမ အထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

အယူခံတရားလိုသည် ပုသိမ်မြို့၊ ငွေတိုက်အရာရှိဖြစ်သည်။ ၎င်းသည် ငွေတိုက်အရာရှိဝတ္တရားကို ၁၉၆၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှစတင်၍ ထမ်းဆောင်ခဲ့သည်။ ပုသိမ်မြို့ခရိုင်ဝန်သည် ၎င်းအား အစိုးရလုပ်ငန်းများကို ဆောင်ရွက်ရာ၌ သုံးစွဲရန်ခွဲဝေပေးထားသည့် ရံပုံငွေများအနက်၊ ရံပုံငွေ ၅ ရပ်မှ ရံပုံငွေများကို အယူခံတရားလိုအား ငွေတိုက်အရာရှိတယောက် အနေဖြင့် ယုံကြည်အပ်နှံခဲ့သည်။ ယင်းသို့အပ်နှံခဲ့သည့် ရံပုံငွေများမှ သုံးစွဲရန် အကြောင်း ပေါ်ပေါက်သောအခါ၊ ခရိုင်ဝန်သည် မြို့မဝန်ထောက်ကြီးမှတဆင့် အခါအားလျော်စွာ အယူခံတရားလိုထံမှ ထုတ်ယူသုံးစွဲခဲ့သည်။

"နိုင်ငံတော် အစိုးရက ကျပ်တရာတန်နှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေများ အဖြစ်မှ "ရပ်စဲလိုက်သောအခါ၊ အဆိုပါ တရားမဝင်သည့် ငွေစက္ကူများကို သက်ဆိုင်ရာ ငွေသိမ်းဆည်းရေး ကော်မီတီများသို့ အပ်နှံကြရန် သက်ဆိုင်ရာ အာဏာပိုင်တို့၏ ညွှန်ကြားချက်အရ၊ အယူခံ တရားလိုထံ၌ ယုံကြည်အပ်နှံထားသည့် ငွေများအနက်၊ တရားမဝင်သည့် ငွေစက္ကူ မည်ရွေ့မည်မျှရှိသည်ကို သိရှိရန် အလို့ငှါ၊ ခရိုင်ဝန် ဦးတင်ဦး (လိုပြ-၈) သည် မြို့မဝန်ထောက်ကြီး ဦးလှကျော် (လိုပြ-၂) အား ၁၉၆၄ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် သွားရောက်စစ်ဆေးစေ၏။

ခရိုင်ဝန်၏ညွှန်ကြားချက်အရ၊ ဦးလှကျော်သည် အယူခံတရားလိုထံသို့သွားရောက်စစ်ဆေးရာ အယူခံတရားလိုသည် ၎င်းအား ယုံကြည်အပ်နှံခဲ့သည့် ရံပုံငွေ ၅ ရပ်မှ အစုစုပေါင်းငွေ ၁၃,၆၇၆ ကျပ် ၆၀ ပြားကို တင်ပြနိုင်ခြင်းမရှိပေ။ ယင်းသို့တင်ပြခြင်း မပြုနိုင်သည့်ငွေများ၏ အသေးစိတ်စာရင်းမှာ (က) ပုသိမ်ခရိုင်အတွင်း ဆေးပေးခန်း

များဆောက်လုပ်ရန်ရံပုံငွေမှ ၂,၂၅၀ ကျပ်၊ (ခ) ပုသိမ်မြို့၊ စာကြည့်တိုက်ဆောက်လုပ်ရန်ယင်ကျေးမှု ဌာနမှခွင့်ပြုထားသည့် ရံပုံငွေမှ ၃၉၂ ကျပ်၊ (ဂ) ပုသိမ်မြို့၊ သံတဲအတွက်ပရိဘောဂများဝယ်ယူရန် ခွင့်ပြုထားသည့်ရံပုံငွေမှ ဂ,၅၀၀ ကျပ်၊ (ဃ) ပုသိမ်ခရိုင်၊ လှည်းဆိပ်နှင့် စက်ဒေါင့်ကြီး ကျေးရွာများတွင် ကျန်းမာရေးဌာနအဆောက်အဦဆောက်လုပ်ရန်ရံပုံငွေမှငွေ ၃၄ ကျပ်နှင့် (င) ပုသိမ်မြို့၊ ခရိုင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ၏ အမြဲတန်း ကြိုတင်အပ်ထားငွေမှ ၂,၅၀၀ ကျပ်တို့ပင်ဖြစ်သည်။

ဦးလှကျော်သည် မိမိ၏ စစ်ဆေးတွေ့ရှိချက်ကို ခရိုင်ဝန် ဦးတင်ဦးအား ချက်ခြင်းတင်ပြ အကြောင်းကြားသဖြင့် ဦးတင်ဦးသည် အယူခံ တရားလိုအား ခေါ်၍မေးမြန်းရာ၊ အယူခံ တရားလိုက ထိုငွေများကို သုံးစွဲပစ်လိုက်ပြီ ဖြစ်ကြောင်း ဝန်ခံပြီး၊ ထိုငွေများကို ရှာဖွေထည့်သွင်းရန်အချိန် ၅ ရက် ပေးပါရန် တောင်းပန်သည်။ သို့ရာတွင် ဦးတင်ဦးသည်တာဝန်ရှိသူ တဦးအနေဖြင့် အယူခံ တရားလို၏ မေတ္တာရပ်ခံချက်ကို မလိုက်လျောနိုင်သည့်အလျောက်၊ မြို့မဝန်ထောက်ကြီး ဦးလှကျော်အား၊ သက်ဆိုင်ရာ ရဲတပ်စခန်း၌ တိုင်ကြားရန် ညွှန်ကြားခဲ့၏။ ထိုညွှန်ကြားချက်အတိုင်း ဦးလှကျော်သည် အသည်းကြီး ရဲတပ်စခန်းသို့ အယူခံတရားလိုအပေါ် အရေးယူခန့်တိုင်ကြားစာ (သက်သေခံ-က)ကို ပေးပို့ခဲ့သဖြင့်၊ ယခုအမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

အယူခံ တရားလိုက မိမိအား ခရိုင်ဝန်က ရံပုံငွေ ၅ ရပ်ကို ယုံကြည်အပ်နှံခဲ့ပြီး၊ ထိုရံပုံငွေ ၅ ရပ်မှ လက်ကျန်ငွေ စုစုပေါင်း ၁၃,၆၇၆ ကျပ် ၆၀ ပြားကို တင်ပြနိုင်ခဲ့ခြင်း မရှိသည်ကို ငြင်းဆိုခြင်းမပြုပေ။ သို့ရာတွင် အယူခံတရားလိုက မိမိသည် သေချာသေရက် အသောက်လွန်သဖြင့် သတိလစ်ခြင်း၊ မေ့လျော့ခြင်း စသည့် ဝေဒနာစွဲကပ်ခဲ့၍ ယုံကြည်အပ်နှံထားသည့်ငွေများ မည်သို့မည်ပုံ ပျောက်ဆုံးသည်ကို မသိကြောင်း၊ ကိုယ်ကျိုးအတွက် မျိုးမဖြောင့်သော သဘောဖြင့် သုံးစွဲခဲ့ခြင်း မဟုတ်ကြောင်း၊ ခရိုင်ဝန် ဦးတင်ဦးအား၊ အပ်နှံထားသည့် ငွေများကို သုံးစွဲပစ်လိုက်ပြီဟု ဝန်ခံ ပြောဆိုခဲ့ခြင်း မပြုရကြောင်း ထုချေသော်လည်း၊ အောက်ရုံးပညာရှိ တရားသူကြီးသည် ၎င်း၏ထုချေချက်ကို လက်မခံဘဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

အယူခံ တရားလို၏ ပညာရှိရှေ့နေကြီး မစွတာ ဆင်းက၊ အယူခံတရားလိုသည် ခရိုင်ဝန် ဦးတင်ဦးအား ငွေများကို သုံးစွဲပစ်လိုက်ပြီဟု ဝန်မခံ ခဲ့ရကြောင်း၊ ထိုကဲ့သို့ ဝန်ခံခဲ့သည် ဆိုခြင်းကို ပဋမသတင်းချက် (သက်သေခံ-က)တွင် ဖော်ပြထားခြင်း မရှိ၍၊ လက်မခံသင့်ကြောင်း တင်ပြကာ၊ **မောင်မြအောင်** နှင့် **မြည်ထောင်စု** (၁)

(၁) ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)။ ၂၀ (၄၀)။

၁၉၆၆
ဦးသန်းနိုင်
နှင့်
မြည်ထောင်စု
ဖြန်မာနိုင်ငံ၊

တို့အမှုကို ကိုးကားသွား၏။ ထိုအမှုမှာ လူသတ်မှုဖြစ်ရာ မည်သူက မည်ကဲ့သို့ သတ်သည်ဆိုသော အချက်နှင့် ပတ်သက်၍ ပဌမသတင်းချက် တိုင်ကြားရာ၌ ဖေါ်ပြရန် အရေးကြီးပေသည်။ ထိုကဲ့သို့ အရေးကြီးသည့် အချက်အလက်ကို ပဌမ သတင်းဖျက်တွင် ဖေါ်ပြခြင်း မပြုခဲ့လျှင် နောက်မှပြုပြင်၍ ပြောဆိုခြင်းဖြစ်သည်ဟု သံသယဖြစ်စရာအကြောင်း ပေါ်ပေါက်နေမည် ဖြစ်ပေသည်။ ယခုအမှုမှာ လူသတ်မှုမဟုတ် အလွဲသုံးစားမှုဖြစ်ရာ၊ ပဌမ သတင်းချက်၌ အယူခံတရားလိုသည် ယုံကြည်အပ်နှံထားသော ငွေများကို အလွဲသုံးစား ပြုခဲ့၍၊ အရေးယူရန် ဖေါ်ပြခဲ့ခြင်းဖြစ်သည် အယူခံတရားလိုက မည်သူ့ထံတွင် မည်သို့မည်ပုံ အစစ်ခံခဲ့သည်ဟု ထိုပဌမသတင်းချက်၌ ထည့်သွင်းဖေါ်ပြရန် လိုမည်မဟုတ်ပေ။ ပဌမ သတင်းချက်ဆိုသည်မှာ တရားခံတဦးသည် ရာဇဝတ်ပြစ်မှု တခုခုကို ကျူးလွန်ခဲ့ကြောင်း ရဲ၊ သို့မဟုတ် အခြားအာဏာပိုင်တဦးဦးထံသို့ သတင်းပေးသည့် တိုင်တန်းချက်ဖြစ်သည်။ ထိုသတင်းပေးချက်မျိုးတွင် တရားရုံး၌ သက်သေထွက်ဆိုသကဲ့သို့ အကြောင်းခြင်းရာများ ပြည့်ပြည့်စုံစုံ အသေးစိတ်ပါနိုင်မည် မဟုတ်ပေ။သို့ဖြစ်ရာ သက်သေတဦး၏ ထွက်ချက်အရ၊ ပဌမ သတင်းချက်တွင် ဖေါ်ပြခဲ့ခြင်း မရှိကာမျှဖြင့် ထိုထွက်ချက်အား မဟုတ်မမှန် ထွက်ဆိုချက်ဖြစ်သည်ဟု ယူဆရန် အကြောင်းမရှိနိုင်ပေ။ ဤကိစ္စနှင့် ပတ်သက်၍ **မောင်စိန်ထွန်း** နှင့် **မြည်ထောင်စု** (၂)တို့ စီရင်ထုံးရှိ အောက်ဖေါ်ပြပါ ဆုံးဖြတ်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

> "A First Information Report usually does not contain a detailed account of every point in the case and the police officer who records it cannot go into the length of examining the information in the way a witness is examined in Court. Because a certain allegation as against an accused concerned has not been mentioned in the First Information Report although the main features of the case have already been incorporated therein, one cannot conclude that the witness (informant) is a false witness and that his evidence in Court should be rejected *in toto* on that account "

ယခုအမှုတွင် ခရိုင်ဝန် ဦးတင်ဦးအနေဖြင့် ၎င်းအား အယူခံတရားလိုက ငွေများကို သုံးစွဲပစ်လိုက်ပြီဟု ဝန်မခံဘဲ ဝန်ခံသည်ဟု မုသားထွက်ဆိုရန် အကြောင်းမရှိချေ။ ခရိုင်ကို အုပ်ချုပ်ရသည့် ခရိုင်ဝန် တဦးအနေဖြင့် မိမိ၏လက်အောက်ရှိ အရာရှိတဦးအပေါ် အကြောင်းမဲ့ မဟုတ်မတရား ထွက်ဆိုလိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံတရားလိုသည် ခရိုင်ဝန် ဦးတင်ဦးအား ငွေများကို သုံးစွဲပစ်လိုက်ပြီ ဖြစ်ကြောင်း

(၂) ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၁၁၅ (တရားလွှတ်တော်)။

ဝန်ခံကာ ငွေများကို စိုက်ထည့်ရန် အချိန် ၅ ရက်တောင်းခဲ့ကြောင်း ထင်ရှားသည် ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်ဟု ဆိုရမည်ဖြစ်သည်။

အယူခံတရားလို၏ ပညာရှိ ရှေနေကြီး မစွတာဆင်းကတဖန် အယူခံတရားလိုသည် အရက်အသောက်လွန်သဖြင့် သတိလစ်ခြင်း၊ မေ့လျော့ခြင်း စသည့် ဝေဒနာ ကပ်စဲနေ၍၊ ငွေများထည့်သည့် သေတ္တာသော့ကို မေ့လျော့ထားခဲ့ မိသည့်အလျောက် မသမာသူများ ခိုးယူသွားခြင်း ဖြစ်သည့်အတွက် မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုလုပ်ခဲ့သည်ဟု မယူဆနိုင်ကြောင်း တင်ပြကာ၊ **ဂျီ၊ ဂျေ၊ ဂျီးဇက်** (၃) အမှုအား ကိုးကားသွားသည်။ အယူခံ တရားလိုသည် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ခရိုင်ဝန် ဦးတင်ဦးအား ငွေများကို သုံးပစ်မိကြောင်း ဝန်ခံခဲ့သဖြင့်၊ ၎င်း၏ထုချခြက် မှာလက်ခံရန် အကြောင်းမရှိနိုင်ပေ။ ၎င်း၏ ပညာရှိရှေနေကြီး တင်ပြလာသည့် **ဂျီ၊ ဂျေ၊ ဂျီးဇက်** (၃)စီရင်ထုံးနှင့်လည်း အကျုံးမဝင်နိုင်တော့ပေ။

လူတဦးအား ပစ္စည်းတစုံတခုကို ယုံကြည်အပ်နှံခဲ့ရာတွင် ထိုပစ္စည်းအား မရိုး မဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလျင်၊ ထိုသူသည် ရာဇဝတ်မကင်းသည့် ယုံကြည်အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်သည်ဟု ရာဇသတ်ပုဒ်မ ၄၀၅ က ပြဋ္ဌာန်းထားသည်၊ တရားခံက လူတဦးတယောက်အပေါ် မတရား ဆုံးရှုံးရန်အကြံနှင့် ပြုလုပ်ခဲ့လျှင် တရားခံ၏ ပြုမူချက်မှာ ရာဇသတ်ပုဒ်မ ၂၄ အရ၊ မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ တရားခံသည် လိမ်လည်လှည့်ဖြားရန်အကြံနှင့် ပြုလုပ်ရန် မလိုပေ။ လူတဦးတယောက်အပေါ် မတရား ဆုံးရှုံးရန်အကြံနှင့် ပြုလုပ်ခဲ့လျှင် ထိုပြုလုပ်ချက်သည် မရိုးမဖြောင့်သော သဘောနှင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ယခုအမှုတွင် အယူခံ တရားလိုသည် ၎င်းအား အပ်နှံခဲ့သည့် နိုင်ငံတော် အစိုးရပိုင်ငွေပေါင်း တသောင်းကျော်ကို ပြန်လည်ပေးအပ် နိုင်ခဲ့ခြင်း မရှိပေ။ ယင်းသို့ ပြန်လည်ပေးအပ်ခြင်း မပြုနိုင်သည့် ကိစ္စတွင် အယူခံတရားလိုသည် နိုင်ငံတော် အစိုးရအပေါ် မတရားဆုံးရှုံးရန် အကြံနှင့် ပြုလုပ်ခဲ့ခြင်းရှိ မရှိဆိုသော ပြဿနာကိုလည်း ဆန်းစစ်ရန် လိုပေသည်။ အဘယ်ကြောင့်ဆိုသော် တရားခံတဦး အနေဖြင့် လူတဖက်သားအပေါ် မတရားဆုံးရှုံးအောင် အကြံနှင့် ပြုလုပ်ခဲ့မှသာ တရားခံ၏ပြုမူချက်သည် ရာဇဝတ်မကင်းသည့် အလွဲသုံးစားမှုဖြစ်ပြီး ရာဇဝတ်ကြောင်းအရ အရေးယူနိုင်မည်ဖြစ်သည်။ အကယ်၍ မတရားဆုံးရှုံးအောင် အကြံနှင့် ပြုလုပ်ခဲ့ခြင်းမဟုတ်ပါက၊ အလွဲသုံးစားမှုပင် ဖြစ်လင့်ကစား၊ ရာဇဝတ်ကြောင်းအရ အရေးမယူနိုင်ဘဲ၊ တရားမကြောင်းအရသာ အရေးယူရပေမည်။ အကယ်၍အယူခံတရားလို

(၃) အော၊ အိုင်၊ အာ(ရ်)၊ ၁၉၃၉ ခုနှစ်၊ မဒရပ်၊ စာ ၄၀၇။

သည် အစိုးရ၏ငွေများကို မတရား ဆုံးရှုံးအောင်အကြံနှင့် မဟုတ်ဘဲ လုံလောက်သည့် အကြောင်းကြောင့် သုံးစွဲခဲ့ပါမူ ရာဇဝတ် ပြစ်မှု မြောက်မည်မဟုတ်ပေ။

လူတဦး၏ အကြံမှာ မည်သို့မည်ပုံ ရှိသည်ဆိုခြင်းကို ပုထုဇဉ်ပုဂ္ဂိုလ် အနေဖြင့် သိရှိနိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် တရားခံတဦး၏ အကြံသည် မည်သို့ရှိသည်ဟု တိုက်ရိုက်သက်သေပြရန် မဖြစ်နိုင်ပေ။ ထို့သူ၏ ပြုမူဆောင်ရွက်ချက်အပေါ် ခန့်မှန်း၍ အဆုံးအဖြတ် ပြုရန်သာ ရှိပေသည်။ ပစ္စည်းတစုံတခုကို တရားခံတဦးအား ယုံကြည်အပ်နှံထားပြီး တရားခံက ယင်းသို့အပ်နှံတားသည့် ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း -မပြုလျှင်သော်ငင်း၊ ပစ္စည်းနှင့် ပတ်သက်၍ လိမ်လည်သည့် ဆင်ခြေပေးလာလျှင် သော်ငင်း ထိုအချက်သည် တရားခံက မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုခဲ့သည်ဟု ယူဆရန် အလွန်ခိုင်လုံသည့် သက်သေ အထောက်အထားတခု ဖြစ်သည် ဟုဆိုရမည်ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုသည် ၎င်းအား အပ်နှံထားသည့် အစိုးရပိုင်ငွေ ၁၃,၆၇၆ ကျပ် ၆၀ ပြားကို ပြန်လည်ပေးအပ် နိုင်ခဲ့ခြင်း မရှိသဖြင့်၊ ထိုကဲ့သို့ မပေးအပ်နိုင်သည့် အချက်သည် အယူခံ တရားလိုအပေါ် ရာဇဝတ်မကင်းသည့် အလွဲသုံးစားမှု ပြုခဲ့သည်ဟု ယူဆစရာ အကြောင်းတရပ်အဖြစ် ပေါ်ပေါက်နေပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်နေသော ယူဆချက်အား အယူခံ တရားလိုက ခရိုင်ဝန် ဦးတင်ဦးထွဋ် ငွေများကို သုံးစွဲမိကြောင်း ဝန်ခံချက်က ထောက်ခံနေသောကြောင့် အယူခံ တရားလို သည် အစိုးရပိုင် ငွေများကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုခဲ့ကြောင်း ထင်ရှားသည်ဆိုသော အောက်ရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေမှာ အောက်ပါအတိုင်းဖြစ်သည်။

> "မည်သူမဆို အများနှင့် သက်ဆိုင်သော ပစ္စည်းတခုခုနှင့် စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှု ကျူးလွန်လျှင် တသက် တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်း ခံရမည့်ပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည် "။

ဤအမှုဌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အယူခံ တရားလိုသည် အစိုးရပိုင် ငွေများကို အလွဲသုံးစား ပြုခဲ့ကြောင်း ထင်ရှားသည်၊ အစိုးရပိုင်ငွေ ဆိုသည်မှာ

လုပ်သားပြည်သူ အမျှားနှင့် သက်ဆိုင်သော ပစ္စည်းဖြစ်၍ အယူခံ တရားလိုသည် ၁၉၆၃ ခုနှစ် အမျှားနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ၊ ပြစ်မှုကျူးလွန်နေပေသည်။ ထိုပုဒ်မကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ် ကျခံရမည်ဖြစ်ရာ၊ အောက်ရုံးအနေဖြင့် အနည်းဆုံး ထောင်ဒဏ်ကို ချမှတ်ထားသည့် အလျောက်၊ အောက်ရုံး၏အမိန့်ကို ဝင်ရောက် စွက်ဖက်ရန်အကြောင်း မရှိ၍၊ ဤအယူခံမှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆ ခု နိုဝင်ဘာလ ၃၀ ရက်။

ဦးအေးမောင် (အယူခံတရားလို)

နှင့်

ကိုကျင်သိန်း (အယူခံတရားခံ)*

တရားမ ကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ စွဲဆိုမှု —တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားသော လျှောက်လွှာတွင် ချမှတ်သည့် အမိန့်ကို မကျေနပ်ခြင်း— သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ စွဲဆိုသောအမှုမျိုးဟုတ်မဟုတ်—သာမန် မြို့ကပ်ဟချက် ဒီကရီ ရလိုမှု စွဲဆိုနိုင် မစွဲဆိုနိုင်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ၊ လျှောက်ထားသော လျှောက်လွှာတွင် ချမှတ်သည့် အမိန့်ကို မကျေနပ်သဖြင့် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ စွဲဆိုသော အမှုမှာ သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ စွဲဆိုသော အမှုမဟုတ်၍ သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ ၏ ခြွင်းချက်နှင့် အကျုံးဝင်ငြိစွန်းခြင်း မရှိသည့် အလျောက် သာမန် မြို့ကပ်ဟချက်ဒီကရီ ရလိုမှုကို စွဲဆိုနိုင်သည်။

ဦးတော နှင့် **ချစ်တီးနတ်ဘဏ်**၊ ၁၉၅၅ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး ၃၆၈၊ (တရားလွှတ်တော်) ။ ။**ဦးဘိုးသိန်း** နှင့် **အို၊အေ၊အို၊ကေအာ၊** (ရ)၊ **အမ်ဖန်း** အဘွဲ့ ၅၊ ရန်ကုန်စီရင်ထုံး ၆၉၉။ **မောင်ထွန်းသိန်း** နှင့် **မောင်ဆင်း**၊ အတွဲ ၁၂၊ ရန်ကုန်စီရင်ထုံး ၆၇၀ (၆၇၃) ခြားနားပြသည်။ **ကြာခက်** နှင့် **ဘူးနွယ်**၊ အတွဲ ၄၊ အောက်မြန်မာပြည် စီရင်ထုံး ၈၈။ ။**ကာကာရန်** နှင့် **လီလိုက်**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၇ ရန် ကုန် ၁၃၃။ ။**မောင်ခင်ကြီး** နှင့် **ရဟင်အူလာခန်**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၇၊ ရန်ကုန် ၂၄၉။ ။**နာရာနရန်ဆင်** နှင့်**ဘတ်ချားဆာဟီ**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၈၊ မဒရပ် ၇၄၁။ ။**အင်ရာဂျာကူဝါး** နှင့် **ရမ်ဒါယာဆင်း**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၄၂၊ ပတ္တနား ၄၀၆ (၄၀၈) ရည်ညွှန်းသည်။

အယူခံ တရားလိုအတွက်။ ။ဦးလှသိန်း။
အယူခံတရားခံအတွက်။ ။မစ္စတာ ဘီ၊ ကေ၊ ဆင်း။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၃၇။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် ၁၉၆၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့စွဲဖြင့် ဖျာပုံမြို့၊ **ခရိုင်တရားမရုံးတော်၏** ချမှတ်သော အမိန့်ကို **အယူခံဝင်မှု**။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားခံ ကိုကျင်သိန်းသည်၊ ဖျာပုံမြို့၊ ခရိုင် တရားမရုံး၌ ဦးဘာဘူနှင့် ဒေါ်သန်း ဆိုသူတို့အပေါ် ကြေးငွေအတွက် တရားစွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သဖြင့် ဇာရီအမှုဖွင့်ပြီး၊ ဒေးဒရဲမြို့၊ အထက်ပိုင်း လမ်းမတော်လမ်းရှိ နှစ်ထပ်အိမ်ကို ဝါရမ်းကပ်ခဲ့၏။ ထိုအခါ အယူခံတရားလို ဦးအေးမောင်က၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ဝါရမ်းခွါလိုမှု လျှောက်ထားခဲ့သော်လည်း၊ အရေးနှိမ့်ကာ ပလပ်ခြင်း ခံရသောကြောင့်၊ နည်းဥပဒေ ၆၃ အရ၊ ဝါရမ်းကပ်ခြင်းခံရသောအိမ်မှာ၊ မိမိပိုင်ဆိုင်ကြောင်း မြို့ကဟချက်ဒီကရီ ချမှတ်ပေးရန် တရားစွဲဆိုရာ၊ အယူခံတရားခံ ကိုကျင်သိန်းက၊ ၎င်းသည် ထိုအိမ်၏ တစိတ်တဒေသတွင် နေထိုင်လျက် ရှိသဖြင့်၊ ၎င်းအားအိမ်မှ ဖယ်ဆင်းရန် တောင်းဆိုချက် မပါဘဲ၊ ပိုင်ဆိုင်ကြောင်း မြို့ကဟချက်ဒီကရီ ရလိုမူသက်သက် တရားမစွဲဆိုနိုင်ကြောင်း ထုချေခဲ့၏။ ထိုထုချေချက်နှင့် ပတ်သက်၍ အောက်ရုံးပညာရှိ တရားသူကြီးသည်၊ နှစ်ဘက်ပညာရှိ ရှေ့နေကြီးများကို ကြားနာပြီးနောက်၊ အယူခံတရားလိုသည် သာမန်မြို့ကဟချက်ဒီကရီ ရလိုမှု မစွဲဆိုနိုင်ကြောင်း၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ၊ လိုအပ်သော သက်သာခွင့်ကိုပါ တောင်းဆိုရမည် ဖြစ်ကြောင်း၊ ကောက်ယူကာ၊ အယူခံ တရားလိုအား ၎င်း၏အဆိုလွှာကို လိုအပ်သလို ပြင်ဆင်ရန် အချိန်ပေးလိုက်လေသည်။ သို့ရာတွင် အယူခံတရားလိုသည် အခွင့်ပြုထားသည့် အချိန်အတွင်း ၎င်း၏အဆိုလွှာကိုညွှန်ကြားသည့်အတိုင်းပြင်ဆင်ခြင်း မပြုသဖြင့် အောက်ရုံးပညာရှိ တရားသူကြီးသည် အယူခံ တရားလို၏ အမှုကို ပလပ်လိုက်၏။ ထိုကဲ့သို့ပလပ်လိုက်သော အမိန့်ဒီကရီကို မကျေနပ်သည့်အလျောက် ဤအယူခံမှု ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

တရားနိုင်တဦးက ဇာရီအမှုဖွင့်၍ ပစ္စည်းတစုံတရာကို ဝါရမ်းဘမ်းလျှင် ထိုပစ္စည်းအား လက်ရှိဖြစ်သူ၊ သို့မဟုတ် အခွင့်အရေးရှိသူသည်တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ၊ ဝါရမ်းခါပေးရန် လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားခြင်းကို ခွင့် မပြုလျှင်၊ ထိုသူသည် အဆိုပါပစ္စည်းအပေါ် မိမိအခွင့်အရေးနှင့်ပတ်သက်၍ မြို့ကဟချက် ဒီကခီကို ရလိုမှု စွဲရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၆၃ က၊ အတိအလင်း ပြဋ္ဌာန်းထားသည်။ သာမန်မြို့ကဟချက်ဒီကရီ ရလိုမှု စွဲဆိုနိုင်ကြောင်း ဥပဒေက ခွင့်ပြုထားသည့် ကိစ္စတွင် တရားရုံးအနေဖြင့် မြို့ကဟချက်ဒီကရီအပြင်၊ အခြားသက်သာခွင့်ကိုပါ တောင်းဆိုရမည်ဟု ညွှန်ကြားခြင်း မပြုနိုင်ပေ။ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ မြို့ကဟချက်ဒီကရီ ရလိုမှုစွဲဆိုသော အခါတွင်သာ၊ တရားလိုသည် အခြားသက်သာခွင့်ကိုပါ တောင်းခံရမည်ဟု ညွှန်ကြားခြင်း ပြုနိုင်သည် ဖြစ်သည်။ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ စွဲဆိုသောအမှုမှာ

၁၉၆၆

ဦးအေးမောင်
နှင့်
ကိုကျင်သိန်း။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ စွဲဆိုသော အမှုမဟုတ်၍၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်နှင့် အကျုံးဝင် ငြိစွန်းခြင်း မရှိသည့်အလျောက်၊ သာမန်မြွက်ဟချက်ဒီကရီ ရလိုမှုကို စွဲဆိုနိုင်သည်ဟု ကျွန်ုပ်ယူဆသည်။

အောက်ရုံးပညာရှိ တရားသူကြီး ကိုးကားသွားသည့် **ဦးတော** နှင့် **ချစ်တီးနတ်** ဘဏ် (၁) တို့အမှုမှာ၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ မြွက်ဟချက်ဒီကရီ ထောင်းဆိုသည့် အမှုတခုဖြစ်သည်။ ထိုအမှုကို စီရင်ဆုံးဖြတ်သည့် ပညာရှိ တရားသူကြီးများ၏ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃ နှင့် ပတ်သက်သော မှတ်ချက်မှာ ၎င်းတို့၏ကိုယ်ပိုင် မိန့်မြွက်ချက် များသာဖြစ်သည်။ အမှုကို စီရင်ရာ၌ တိုတ်ရိုက်ပတ်သက်သည့် ဆုံးဖြတ်ချက်တခု မဟုတ်ပေ။ အဆိုပါအမှုတွင် ပညာရှိ တရားသူကြီးများ ရည်ညွှန်းသွားသည့် ဦးဘိုးသိန်း နှင့် **အို၊ အေ၊ အို၊ ကေ၊ အာ(ရှ်)၊ အမ်ပန်း**၊ (၂)တို့စီရင်ထုံး၌ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ သာမန်မြွက်ဟချက်ဒီကရီ ရယူလိုမှု စွဲဆိုလိုပါမူ၊ နည်းဥပဒေ ၂၈ အရ၊ ဝါရမ်းခွါလိုမှု ကိုဦးစွာ စွဲဆိုရမည်ဖြစ်ကြောင်း၊ အကယ်၍ ဝါရမ်းခွါလိုမှုကို ဦးစွာမစွဲဆိုဘဲ၊ နည်းဥပဒေ ၆၃ အရ၊ တိုက်ရိုက်တရားစွဲဆိုလျှင် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ အခြားသက်သာခွင့်ကိုလည်း တောင်းဆိုရမည် ဖြစ်ကြောင်း။ ဆုံးဖြတ်ထားခြင်းသာ ဖြစ်သည်။ ဝါရမ်းခွါလိုမှု စွဲဆိုရာ၌ အရေးနိမ့် သူသည် သာမန် မြွက်ဟချက် ဒီကရီ ရလိုမှု စွဲဆိုခြင်း မပြုနိုင်ဟု စီရင်ထုံး ဖွဲ့ထားခြင်း မဟုတ်ပေ။ ထိုအချက်ကို အဆိုပါ စီရင်ထုံး၏ စာမျက်နှာ ၇၀၄ ပါ အောက်ပါဗိမိန့်မြွက်ချက်က ကောင်းစွာ ထင်ရှားနေစေသည်။

> "I am still of opinion that applicants were bound to make a claim or objection under Order 21, Rule 58 if they lesired to sue for a bare declaration under Order 21, Rule 63, and that although the provisions of Order 21, Rule 63, would not debar them, in case they failed to make a claim or objection under Order 21, Rule 58, from suing for any relief to which they might be entitled, their suit if it was a suit for a bare declaration, would be barred by the proviso to section 42 of the Specific Relief Act if they were able to seek further relief than a mere declaration and omitted to do so."

---

(၁) ၁၉၅၅ ခု၊ မြန်မာပြည်စီရင်ထုံး ၃၆၈ (တရားလွှတ်တော်)။

(၂) အတွဲ ၅၊ ရန်ကုန်စီရင်ထုံး ၆၉၉။

ယခင်တရားလွှတ်တော် တရားဝန်ကြီး မစ္စတာ ဒန်ကလေကလည်း၊ **မောင်ထွန်းသိန်း** နှင့် **မောင်ဆင်** (၃)တို့ အမှုတွင် အောက်ပါအတိုင်းမှတ်ချက် ပြုထားလေသည်။

> " . . . and it has been held, in the case of *U Po Thein and others* v. *O.A.O.K.R.M. Firm* (2), that when a claim or objection to attachment has been made under Order 21, Rule 58, a suit for a bare declaration, under Order 21, Rule 63, will lie, and with this decision I am in complete agreement."

တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ၊ လျော်ကထားသော လျော်ကာလွှဲတွင် ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည်၊ နည်းဥပဒေ ၆၃ အရ၊ သာမန်မြွက်ဟချက်**ဒီကရီ**ရယူလိုမှု စွဲဆိုနိုင်ကြောင်း၊သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ ၄၂ **၏** ခြွင်းချက်နှင့် အကျုံးမဝင်ကြောင်း၊ **ကြာခတ်** နှင့် **ဘူးနွယ်** (၄)၊ **တာကာရန်** နှင့် **လီလိုက်** (၅)၊ **မောင်ခင်ကြီး** နှင့် **ရဟင်အူလာခန်**(၆)၊ **နာရာနရန်ဆင်** နှင့် **ဘတ်ချားဆာဟီ** (၇)၊ **အင်ရာဂျာကူဝါး** နှင့် **ရမ်ဒါယာဆင်း** (၈)တို့အမှုများတွင် အတိုအလင်းဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

သို့ဖြစ်ရာ၊ အောက်ရုံးအနေဖြင့် အယူခံတရားလိုအား တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ စွဲဆိုမည့် အမှုတွင် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ **၏**ခြွင်းချက်အရ၊ လိုအပ်သည့် သက်သာခွင့် ထည့်သွင်းတောင်းဆိုရန် ညွှန်ကြားခြင်းမပြုနိုင်။ အယူခံတရားလိုက ထိုညွှန်ကြားချက်အား လိုက်နာရန် ပျက်ကွက်သဖြင့် ၄င်း**၏**အမှုကို ပလပ်ခဲ့သော အောက်ရုံး**၏** အမိန့်မှာ မှားယွင်းနေကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် အောက်ရုံး**၏** စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ အယူခံတရားလို**၏**အမှုအား မူလအမှုအမှတ်အတိုင်း ပြန်လည်လက်ခံ၍၊ တရားဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး စီရင်ရန် အမိန့်ချမှတ်ကာ အောက်ရုံးသို့ ပြန်ပို့လိုက်သည်။ ရုံးခွန်တော် ဥပဒေပုဒ်မ ၁၃ အရ၊အယူခံလွှာတွင် ထမ်းဆောင်ထားသည့် ရုံးခွန်တော်ကို အယူခံတရားလိုအား ပြန်ပေးရန် လက်မှတ်ထုတ်ပေးပါ။

---

(၃) အတွဲ ၁၂၊ ရန်ကုန် စီရင်ထုံး ၆၇၀ (၆၇၃)။
(၄) အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး ၈၈။
(၅) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၇ ရန်ကုန် ၁၃၃။
(၆) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၇ ရန်ကုန် ၂၄၉။
(၇) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၈ မဒရပ် ၇၄၁။
(၈) အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၂ မတ္တနား ၄၈၆ (၄၈၈)။